
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

8 SEP 2014

BURMESE CLASSIC


မဂ္ဂဇင်း

အတွဲ (၁၄) အမှတ် (၁၀)
၂၀၁၄ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ ဝနဝါသီနှင့်တစ်ဖက်တာဝန်
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
၆ သွေးကပြောသော ဘာသာစကား(၃)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၁ ဝေပုလ္လာရာမဆရာတော်ဘုရားကြီး မိန့်ကြားသောဓာတ်(၄)ပါးဂါထာတော်
**မြဝင်း(ဒဿန)**
၁၃ အတိုအထွာဓမ္မမှတ်စုများ
**အရှင်ဥဇ္ဇယ**
၁၇ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရား
**ကံဝင်း**
၂၇ ဘိုးမင်းခေါင်နှင့် အချုပ်အနှောင်မှ လွတ်မြောက်စေသည့်ဂါထာ
**မှူးဝေမြိုင်**
၂၉ မြစ်ခြေက လောကမုနိစေတီမှာ သီတင်းသုံးသည့် ဘိသိက္ကဂုရုရုပ်ပွားတော်
**အောင်သာကျော်**
၃၃ တောင်တန်းဆရာတော်ကြီး ဦးဥတ္တမသာရ
**ဝေစည်(ရွှေဘို)**
၃၉ အင်းဝမြို့က မြင်းမိုရ်တောင်ပုံစံစေတီများ
**ဗိုလ်ရှိတ်(ရတနာပူရ)**
၄၃ မဟာမြတ်မုနိစက်တော်ဝန်းကုန်း(၂)
**ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)**
၄၉ ထူးထူးခြားခြား ပွင့်ထွန်းတော်မူလာသော တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၅၄ ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**
၅၉ အမျှဝေ၍ သိုက်စောင့်ကျွတ်တမ်းဝင် ဂမ္ဘီရအဖြစ်အပျက်နှင့် သမိုင်းဝင်ရှေးဟောင်းစေတီ မော်စာတီ
**မောင်စိမ်းထွေး(ထားဝယ်)**
၆၆ ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ထွန်းစေဖို့ မျိုးဆက်သစ်လူငယ်များအတွက် သိမှတ်စရာများ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၆၈ အင်းဝခေတ်မှ ရေစကြိုသူမြတ်
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**
၇၀ ပထမံဝိဇ္ဇာခရ ထွက်ရပ်ပေါက်လောကီပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ (၂၂)
**ပထမံဆရာဦးအေးရွှေ**
၈၁ မြင်းခြံမြို့တွင် ရွှေကံကူ လေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များမှ ထူးခြားမှုများပေါ်ပေါက်ခြင်း
**ဘိုဘို(ရွှေကံကူ)**
၉၁ အဘဦးမိုးဟိန်းအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**
၁၀၂ ဝေဘူဆရာတော်ကြီးစျာန်ကြွသည်ကို ဖူးတွေ့ရသူတစ်ဦး၏ကိုယ်တွေ့မှတ်တမ်း (၁)
**ရီရီဌေး**
၁၁၃ နတ်ပြဂူ၊ ပန်းဒကာနဲ့ ဒြပ်မဲ့-ဒြပ်ရှိယဉ်ကျေးမှုများ
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**
၁၂၆ တရားအားထုတ်သူ တစ်ယောက်အကြောင်း(၁၃)
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**
၁၅၈ အဘအောင်မင်းခေါင်နှင့် တွေ့ဆုံခဲ့ရသော ရသေ့လေးအောင်စိုးအကြောင်း
**အဏ္ဏဝါလှိုင်း**


## သုတရသဆောင်းပါး


၁၆ ရှေးထုံးလည်းမပယ်နှင့်
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၂၅ မေတ္တာပို့လျှင်ရောက်သလား
**မောင်ကျော်တိုင်**
၆၅ လိပ်နှင့်မြွေခွေး
**ချောင်းဆုံအုန်းသွင်**
၈၉ ပေးကားပေး၏ မရ
**ရတနာဒေဝီ**
၉၈ ဆုံးမစာ၊ ဆုံးမစကား
**ရန်နိုင်**
၁၀၇ ရေတွင်းတူးသူနှင့်အုတ်တိုင်ထူသူ
**ချောင်းဆုံအုန်းသွင်**
၁၃၃ ကိုလိုနီခေတ် သင်္ချာအမြန်တွက်နည်းစာအုပ်
**တင်နိုင်တိုး**
၁၅၂ အာလူးဖျော်ရည်၏ ကျန်းမာရေးအကျိုးပြုမှုများ
**စွမ်းထက်နောင်**
၁၅၅ သမိုင်းဝင်အမှား
**လှျမ်းထက်**
၁၉၉ စာရေးချင်သောသူများသို့
**မောင်ပွင့်ဉာဏ်(မောရ)**


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မြဝင်း(ဒဿန)

## ဝေဘုလ္လာရာမဆရာတော်ဘုရားကြီးမိန့်ကြားသော ဓာတ်(၄)ပါးဂါထာတော်



ဝါဆိုဦး တစ်ညနေခင်းတွင် ဓမ္မမိတ်ဆွေတစ်ဦး ကျွန်တော့်အိမ်သို့ ရောက်လာပါသည်။ ကျွန်တော်နှင့် ဓမ္မမိတ်ဆွေတို့သည် အိမ်ရှေ့ရှိ ဝါးရုံရိပ်တွင် ကုလားထိုင်တစ်လုံးစီ၌ထိုင်လျက် အချိန်အတော်ကြာ စကားပြောဖြစ်ခဲ့ကြပါသည်။

ဓမ္မမိတ်ဆွေက ရှေးဦးစွာ စကားစပါသည်။

"လာမယ့် ဝါခေါင်လပြည့်နေ့ဆိုရင် ဝေဘုလ္လာရာမဆရာတော်ဘုရားကြီး အသက် (၇၀) ပြည့်တော့မယ်။ ဆရာတော်ဘုရားကြီးသာ သက်တော်ထင်ရှားရှိခဲ့ရင် ဆရာတော်ဘုရားကြီးရဲ့ (၇၀) ပြည့်ဝိဇာတမင်္ဂလာကို တပည့်ဒါယကာ၊ ဒါယိကာမတွေက တခမ်းတနားကျင်းပကြမှာပဲ"

"ဟုတ်ပါရဲ့ဗျာ၊ လာမယ့် ဝါခေါင်လပြည့်ဆိုရင် ဝေဘုလ္လာရာမဆရာတော်ဘုရားကြီး အသက် (၇၀) ပြည့်ပြီပေါ့"

"ဆရာ့အနေနဲ့ ဆရာတော်ဘုရားကြီးနဲ့ပတ်သက်လို့ အမှတ်တရဆောင်းပါးတစ်ပုဒ်လောက်တော့ ရေးသင့်တာပေါ့။ ရေးပါလို့လည်း ကျွန်တော် မေတ္တာရပ်ပါတယ်"

"ကျွန်တော်လည်း ရေးမလို့ပါဘဲဗျာ။အချက်အလက်တွေစုထားပါတယ်။ ဒါပေမယ့် မရေးဖြစ်သေးဘူးဗျာ။ အခုမိတ်ဆွေကမေတ္တာရပ်လာတော့ ရေးဖြစ်အောင် ရေးရတော့မှာပေါ့ဗျာ"

"ဒါ့ထက် ဆရာ့ကို မေးရဦးမယ်။ ဆရာ့ဆီမှာ ဆရာတော်ဘုရားကြီးရေးတဲ့ 'သုခသမ္ပတ္တိကျမ်း' ဆိုတာ ရှိသလား"

"ရှိပါတယ်ဗျာ၊ မိတ်ဆွေဖတ်ချင်လို့လား"

"ကျွန်တော့် မိတ်ဆွေတစ်ဦးက အဲဒီစာအုပ်ထဲမှာပါတဲ့ သုခသမ္ပတ္တိကို အပြည့်အဝပေးတဲ့ ဓာတ် (၄) ပါး ဂါထာတွေကိုလိုချင်လို့တဲ့ဗျာ။ ကျွန်တော့်ဆီမှာက အဲဒီစာအုပ်မရှိဘူးဗျ။ ဒါကြောင့် ဆရာ့ကို မေးရတာပါ"

"ကျွန်တော့်ဆီမှာရှိပါတယ်ဗျာ။ ဆရာတော်ဘုရားကြီးရဲ့သုခသမ္ပတ္တိကျမ်း လက်ရေးမူလည်းရှိတယ်။ ပုံနှိပ်ထားတဲ့ စာအုပ်လည်းရှိတယ်။ အဲဒီစာအုပ်နဲ့ပတ်သက်လို့ ဆရာတော်မိန့်တာက အဲဒီစာအုပ်က စိစစ်ရေးကဏ္ဍမှာ အတော်ကြာသတဲ့။ ချပေးတော့ တချို့ယကြာကဏ္ဍတွေပါမလာဘူးတဲ့"

"ဘယ်လိုယကြာတွေမို့လဲဗျာ"

"သဗ္ဗသုခသမ္ပတ္တိယကြာတွေတဲ့။ ရာဇသမ္ပတ္တိသင်္ဂဟယကြာတို့၊ နိုင်ငံတော်က ချီးမြှောက်မစမှုယကြာတို့ပါသတဲ့။ မိတ်ဆွေပြောတဲ့ ဓာတ် (၄) ပါးဂါထာတွေက အဲဒီယကြာတွေမတိုင်ခင်မှာလာပါတယ်"

"အခွင့်ကြုံတုန်း ဓာတ် (၄) ပါး ဂါထာတွေအကြောင်း အမြည်းသဘော



www.burmeseclassic.com

www.burmeseclassic.com

လောက် ပြောပြပါဗျာ"

"ဓာတ် (၄) ပါး ဂါထာတွေဆိုတာ မိတ်ဆွေသိပြီးသားဂါထာတော်တွေပါ။ တေဇောဓာတ်ဂါထာတော်၊ အာပေါဓာတ်ဂါထာတော်၊ ဝါယောဓာတ်ဂါထာတော်၊ ပထဝီဓာတ်ဂါထာတော်ဆိုပြီး ဂါထာ (၄) ဂါထာရှိတယ်လို့ ဆရာတော်ဘုရားကြီးကမိန့်ဆိုထားပါတယ်။ **တေဇောဓာတ်ဂါထာတော်**က ကျွန်တော်တို့ အမြဲ ရွတ်နေတဲ့ သမ္ဗုဒ္ဓေဂါထာပါ။

◆ *သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊ ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ၊ တေသံ ဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒရေန နမာမဟံ၊ နမက္ကာရ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော* - တဲ့။ မိတ်ဆွေ ရပါတယ်နော်"

"ရပါတယ်ဗျာ"

"**အာပေါဓာတ်ဂါထာတော်**ကတော့ ဘုရားဂုဏ်တော် (၉) ပါးပါ။

◆ *ဣတိပိသော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ* - တဲ့။

**ဝါယောဓာတ်ဂါထာတော်**ကတော့ တရားဂုဏ်တော် (၆) ပါးပါ။

◆ *သွာက္ခာတော ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ* - တဲ့။

**ပထဝီဓာတ်ဂါထာတော်**ကတော့ သံဃာ့ဂုဏ်တော် (၉) ပါးပါ။

◆ *သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသဘဂဝတော သာဝကသံဃော၊ အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ*- တဲ့။

"အဲဒီဂါထာတွေကို မိတ်ဆွေရပြီးသားဖြစ်မှာပါ"

"အဲဒီဂါထာတွေကို ကျွန်တော်ရပါတယ်။ ကျွန်တော့်မိတ်ဆွေကို ပြောပြပါ့မယ်။ ဒါထက်ဆရာ၊ အဲဒီဂါထာတွေကို ဘာဖြစ်လို့ တေဇောဓာတ်ဂါထာ၊ အာပေါဓာတ်ဂါထာ၊ ဝါယောဓာတ်ဂါထာ၊ ပထဝီဓာတ်ဂါထာလို့ ခေါ်ရတာလဲ ဆရာ"

"ကျွန်တော်လည်း အဲဒါကို သိချင်လို့ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က မေးလျှောက်ကြည့်ခဲ့ဖူးပါတယ်။ ဆရာတော်ဘုရားကြီးက အထူးအထွေမမိန့်ကြားဘူး။ ရှေးဆရာတော်ဘုရားကြီးများ၊ သူတော်ကောင်းကြီးများ လျှို့ဝှက်သတ်မှတ်ထားတဲ့ ဂါထာတွေလို့သာ မိန့်ကြားပါတယ်"

"ဂါထာတွေကို ရွတ်ဆိုရတဲ့အကျိုးတွေနဲ့ စပ်လျဉ်းလို့တော့ ဆရာတော်ဘုရားကြီးက ဘာတွေမိန့်ကြားသေးသလဲ ဆရာ"

"ဆရာတော်ဘုရားကြီး မိန့်ကြားတာကတော့ ဂါထာတွေက သူ့ဂါထာနဲ့ သူ့အကျိုးပေးပါသတဲ့။"

တေဇောဓာတ်ဂါထာတော်ဖြစ်တဲ့ သမ္ဗုဒ္ဓေဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ရင် တန်ခိုးကြီးတဲ့ သုခသမ္ပတ္တိအကျိုး၊ အာနုဘော်ကြီးတဲ့ သုခသမ္ပတ္တိအကျိုး၊ အန္တရာယ်ကင်းတဲ့ သုခသမ္ပတ္တိအကျိုး၊ အဲဒီအကျိုးတွေကိုရပါသတဲ့။

နောက် အာပေါဂါထာတော်ဖြစ်တဲ့ ဘုရားဂုဏ်တော်(၉)ပါးကို ရွတ်ဖတ်သရဇ္ဈာယ်ရင် အေးချမ်းငြိမ်းသက်တဲ့ သုခသမ္ပတ္တိအကျိုး၊ စည်းလုံးညီညွတ်မှုဆိုတဲ့ သုခသမ္ပတ္တိအကျိုး၊ ချစ်ခင်လေးစားမှုခံရတဲ့ သုခသမ္ပတ္တိအကျိုး၊ ရန်အန္တရာယ်များငြိမ်းစေတဲ့ သုခသမ္ပတ္တိအကျိုး၊ အဲဒီအကျိုးတွေကို ရမှာပါတဲ့။

နောက်ဝါယောဓာတ်ဂါထာတော်ဖြစ်တဲ့ တရားဂုဏ်တော် (၆) ပါးကို ရွတ်ဖတ်သရဇ္ဈာယ်ရင် လျင်လျင်မြန်မြန်ပြီးစီးခြင်းဆိုတဲ့ သုခသမ္ပတ္တိအကျိုး၊ လျင်လျင်မြန်မြန်ပြောင်းရွှေ့ရတဲ့ သုခသမ္ပတ္တိအကျိုး၊ လျင်လျင်မြန်မြန် ရာထူးတိုးရတဲ့ သုခသမ္ပတ္တိအကျိုး အဲဒီအကျိုးတွေကို ရမှာပါတဲ့။

နောက် ပထဝီဓာတ်ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရင် ဘယ်ကိုမှ မပြောင်းရဘဲ တစ်နေရာတည်းမှာ တည်တံ့ခိုင်မြဲစွာနေရတဲ့ သုခသမ္ပတ္တိအကျိုး၊ အရာရာသောကိစ္စများကို တည်တံ့ခိုင်မြဲခြင်းဆိုတဲ့ သုခသမ္ပတ္တိအကျိုးတွေ ရမှာပါတဲ့။

စပ်မိလို့ ပြောရဦးမယ်။ တစ်ခါက ကျွန်တော် ဆရာတော်ဘုရားကြီးဆီ ရောက်နေခိုက် တက္ကသိုလ်ဆရာမတစ်ဦး ရောက်လာတယ်။ သူက ထရန်စဖာတွေထွက်ခါနီးလို့ ဘယ်ကိုမှမပြောင်းချင်လို့ ဆရာတော်ဘုရားကြီး လာလျှောက်တာတဲ့။ အဲဒီတော့ ဆရာတော်ဘုရားကြီးက အခုနကပြောခဲ့တဲ့ ပထဝီဓာတ်ဂါထာတော်ဖြစ်တဲ့ သံဃာ့ဂုဏ်တော် (၉) ပါးကို ပုတီးစိပ်ခိုင်းပါတယ်။ ယုံယုံကြည်ကြည်နဲ့ စိပ်၊ နေစဉ်မှန်မှန်စိပ်။ စိပ်ပြီးတဲ့အခါတိုင်းမှာပဲ ပထဝီဂါထာတော်ကြီးကို တပည့်တော်ဘယ်နှခေါက်စိပ်ပြီးပါပြီ။ ဤမှန်ကန်သော သစ္စာစကားကြောင့် ဂါထာတော်မြတ်ကြီးရဲ့ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် တပည့်တော်မသည် ဘယ်ကိုမှ မပြောင်းရွှေ့ရဘဲ ဤအရပ်မှာပဲ တည်တံ့စွာနေရပါစေလို့ ဆုတောင်းတဲ့။ ဆရာတော်ဘုရားကြီးက အဲဒီလို မိန့်ပါတယ်"

"ကျွန်တော် သဘောပေါက်ပြီ ဆရာ။ ကျွန်တော့်မိတ်ဆွေမှာ သမီးတစ်ယောက်ရှိတယ်။ အဲဒီသမီးက တက္ကသိုလ်ဆရာမ။ အဲဒီသမီး ဘယ်မှ မပြောင်းရွှေ့ရရေးအတွက် ဓာတ် (၄) ပါးဂါထာကိုမေးတာနဲ့ တူပါရဲ့"

"အဲဒီဓာတ်(၄)ပါးဂါထာတော်နဲ့ ပတ်သက်လို့ ဆရာတော်ဘုရားကြီး ထပ်ပြီးမိန့်တာကတော့ အဲဒီဂါထာတွေဟာ အာစရိယပရမ္ပရ အဆက်ဆက်လျှို့ဝှက်စွာ ထိန်းသိမ်းလာခဲ့တဲ့ ဂါထာတွေတဲ့။ သုခသမ္ပတ္တိတရားကို အလိုရှိကြတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီဂါထာတွေကို ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲ ရွတ်ဖတ်သရဇ္ဈာယ်ရမှာပါတဲ့။ အားကိုးအားထားပြုရမှာပါတဲ့။ အဲဒီဂါထာတွေရဲ့ အကျိုးအာနိသင်တွေအကြောင်း အပြည့်အစုံရေးရရင် ကျမ်း (၁၀) အုပ် ထပ်ထုတ်လည်း ကုန်နိုင်မှာမဟုတ်ဘူးတဲ့"

"သဘောပေါက်သွားပါပြီ ဆရာ။ ကျွန်တော့်မိတ်ဆွေကို ရှင်းပြပါ့မယ်။ ဖြစ်နိုင်ရင်တော့ ဆရာ့ဆီမှာရှိတဲ့ သုခသမ္ပတ္တိကျမ်းကို ခဏငှားပါ ဆရာ"

"ရပါတယ်ဗျာ၊ ယူသွားပါ။ ဖတ်ပြီးရင်တော့ မှတ်မှတ်ရရပြန်ပေးပါဗျာ။ ဆရာတော်ကိုယ်တိုင် လက်မှတ်ထိုးပြီး အမှတ်တရပေးထားတဲ့စာအုပ်မို့လို့ပါ"

"စိတ်ချပါ ဆရာ။ ကျွန်တော် မှတ်မှတ်ရရ လာပို့ပါ့မယ်"

ထိုသို့ဆိုပြီးနောက် ထိုမိမိတ်ဆွေသည် သုခသမ္ပတ္တိကျမ်းကိုယူ၍ပြန်သွားပါသတည်း။

မြဝင်း (ဒသသ)



www.burmeseclassic.com

www.burmeseclassic.com

# အရှင်ဥတ္တမ

## အတိုအထွာမှတ်စုများ

**အရွယ်သုံးပါး တရားရှာပါ**

ပထမအရွယ်မှာ ပညာရှာပါ၊ ပညာရှာရင်း တရားရှာပါ။

ဒုတိယအရွယ်မှာ ဥစ္စာရှာပါ၊ ဥစ္စာရှာရင်း တရားရှာပါ။

တတိယအရွယ်မှာ တရားရှာပါ၊ တရားရှာရင်း တရားနဲ့သာပျော်နေပါ။

**ချမ်းသာ (၂) မျိုး**

ခံစားတဲ့ချမ်းသာ၊ ငြိမ်းအေးတဲ့ချမ်းသာ။

ခံစားတဲ့ ချမ်းသာမှန်သမျှ ဒုက္ခမကင်းတဲ့ ချမ်းသာချည်းပါပဲ။

သန္တိသုခ - ငြိမ်းအေးတဲ့ချမ်းသာဆိုတာ အိုနာသေဒုက္ခဘေးက ကင်းငြိမ်းတဲ့ချမ်းသာ ဖြစ်ပါတယ်။

**စည်းစိမ်**

ရောင့်ရဲခြင်းဟာ စည်းစိမ်တစ်မျိုးပဲ။

တော်ပြီ၊ ဘာမှမလုပ်တော့ဘူးဆိုတာ ရောင့်ရဲတာမဟုတ်ဘူးနော်။



**အမြတ်ဆုံး**

ဆွေမျိုးတွေ အများကြီးရှိကြတယ်။ ဘယ်ဆွေမျိုးက အမြတ်ဆုံးလဲ။

အကျွမ်းဝင်တယ်၊ ခင်မင်တယ်။ ဒီလိုဆွေမျိုးက အမြတ်ဆုံးဖြစ်ပါတယ်။

ချမ်းသာတွေ အများကြီးရှိကြတယ်။ ဘယ်ချမ်းသာကအမြတ်ဆုံးလဲ။

နိဗ္ဗာန်ချမ်းသာဟာ ချမ်းသာအားလုံးထဲမှာ အမြတ်ဆုံးချမ်းသာ ဖြစ်ပါတယ်။

**နိဗ္ဗာန်မှာ**

နိဗ္ဗာန်မှာ ရုပ်လည်းမရှိ နာမ်လည်းမရှိဘူး။ ဒုက္ခကင်းတဲ့ချမ်းသာ၊ ငြိမ်းအေးတဲ့ချမ်းသာ၊ ဆယ့်တစ်မီးငြိမ်းတဲ့ ချမ်းသာပဲ ရှိပါတယ်။

**နေ့ရေးနဲ့ သေရေး**

နေရေးထက် သေရေးခက်တယ်။

စိတ်ရွှင်ကိုယ်လန်းခန္ဓာစွမ်းတုန်းအချိန်မှာ တရားနာပါ၊ တရားကျင့်ပါ။

သူငယ်မပြန်ချင်ရင် တရားအားထုတ်ပါ။ နည်းနည်းအားထုတ်ရမှာ မဟုတ်ဘူး။ များများအားထုတ်ရမှာ။

အိုဘေး၊ နာဘေး၊ သေဘေးကို ဘယ်သူမှမကယ်တင်နိုင်ဘူး။ နေရေးကိုလည်း ကြိုးစားပါ။ သေရေးကိုလည်း ပြင်ထားပါ။

**လူနဲ့ကုသိုလ်**

လူမျိုးစေ့ကို ပြုတ်မစားနဲ့။ လူ့ဘဝဆိုတာ ကုသိုလ်ကံကြောင့် ရလာတာ။ ကုသိုလ်များများပြုပါ။

**အကျိုးပေးကြီးမားချင်ရင်**

ဆင်းတုတော်၊ စေတီတော်တွေကို သက်တော်ထင်ရှား ဘုရားကို လှူသလို အာရုံပြုလှူရင် အကျိုးပေးကြီးမားတယ်။

**နှလုံးသွင်းမှန်ပါစေ**

မဖြစ်လာသေးတဲ့ အကုသိုလ်တွေဟာ နှလုံးသွင်းမှားရင် ဖြစ်လာတတ်တယ်။

ဖြစ်နေဆဲ အကုသိုလ်တွေဟာ နှလုံးသွင်းမှားရင် ပိုပိုပြီးဖြစ်လာတတ်တယ်။

ယောနိသော မနသိကာရ - သင့်တင့်စွာ နှလုံးသွင်းခြင်းတဲ့။

နှလုံးသွင်းမှားရင် အကုသိုလ်ပွားတယ်။ နှလုံးသွင်းမှန်ရင် ကုသိုလ်ပွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ ဉာဏ်အမြင်။ ဒီဉာဏ်က နှလုံးသွင်းမှန်မှ ဖြစ်လာတယ်။

တရားကျင့်ရာမှာ နှလုံးသွင်းမှန်မှ အကျင့်မှန်တယ်။ တရားကျင့်တယ်ဆိုတာ အမှားကို အမှန်ဖြစ်အောင်ပြင်နေကြတာပါ။

အနိစ္စကို မြဲတယ်ထင်ရင် အမှားဝင်ပါတယ်။ အနိစ္စ- မမြဲတဲ့သဘောကို မြဲတယ်လို့ထင်နေရင် နှလုံးသွင်းမှားပါတယ်။

အနိစ္စကို မမြဲဘူးလို့မြင်မှ အမှားစင်ပါတယ်။

ဒုက္ခကို ချမ်းသာထင်ရင် အမှားဝင်ပါတယ်။ ဒုက္ခကို ဆင်းရဲတာပဲလို့ မြင်မှ အမှားစင်ပါတယ်။

အနတ္တကို အတ္တထင်ရင် အမှားဝင်ပါတယ်။အနတ္တဟာ အလိုသို့မလိုက်ဘူး။ အသက်၊ ဝိညာဉ်၊ အတ္တမဟုတ်ဘူးလို့မြင်မှ အမှားစင်ပါတယ်။

အသုဘကို သုဘ-တင့်တယ်တယ်လို့မြင်ရင် အမှားဝင်ပါတယ်။ အသုဘကို ရွံ့ဖွယ်မြင်မှ အမှားဝင်ပါတယ်။

**ဘယ်လိုစိတ်မျိုးနဲ့သေမှာလဲ**

လောဘနဲ့သေရင် ပြိတ္တာအရောက်များပါတယ်။

လောဘ - လိုချင်၊ တပ်မက်၊ နှစ်သက်၊ တွယ်တာတဲ့သဘော။

ဒေါသနဲ့သေရင် ငရဲပြည် အရောက်များပါတယ်။

ဒေါသ - စိတ်ဆိုး၊ စိတ်ပျက်၊ အမျက်ထွက်တဲ့သဘော။

မောဟနဲ့သေရင် တိရစ္ဆာန်အဖြစ်များပါတယ်။

မောဟ - မသိမှု၊ မိုက်မဲ၊ တွေဝေ၊ အမှောင်ဝင်ခြင်းသဘော။

လောဘကို အလောဘ - မလိုချင်၊ မတပ်မက်၊ မနှစ်သက်၊ မတွယ်တာတဲ့သဘောနဲ့ အစားထိုးပယ်သတ်နိုင်ပါတယ်။

ဒေါသကို စိတ်မဆိုး၊ စိတ်မပျက်၊ အမျက်မထွက်ခြင်း၊ မေတ္တာထားခြင်းနဲ့ အစားထိုး ပယ်သတ်နိုင်ပါတယ်။

မောဟကို သိခြင်း၊ လိမ္မာခြင်း၊ မတွေဝေခြင်း၊ အလင်းဝင်ခြင်း ဝိဇ္ဇာ ပညာနဲ့ အစားထိုးပယ်သတ်နိုင်ပါတယ်။

**သတိရှိပါစေ**

ဘဝဆိုတာ ခဏတွေ့ကြရတာပါ။ တွေ့တဲ့အခိုက်အတန့်မှာ ကုသိုလ်ရေးကို မမေ့အောင် ကြိုးစားကြပါ။

အခုခေတ်က ဆုတ်ကပ်ကာလဖြစ်ပါတယ်။ လူတွေရဲ့အသက်က တိုတောင်းလှပါတယ်။

မသွားဘဲနဲ့ နီးနီးလာတာ ဘာလဲသိလား။ မသိရင် မှတ်ထား၊ သုသာန်ပေါ့။

သွားနေပေမယ့်ဝေးနေတာ ဘာလဲသိလား။ မသိရင်မှတ်ထား နိဗ္ဗာန်တဲ့။

လာတုန်းက အဖော်ပါရဲ့လား၊ မပါဘူးနော်။ တစ်ယောက်တည်းပါ။

ပြန်တော့လည်း တစ်ယောက်တည်းပါပဲ၊ မပြန်ပါနဲ့လို့ တားပိုင်ခွင့်ရှိရဲ့လား။ မရှိပါဘူးနော်။

ကုသိုလ်ကံကပို့ပေးလို့ လူ့ဘဝရောက်လာခဲ့တာ။ ပြန်တော့လည်း ကုသိုလ်တွေ အများကြီးပါသွားအောင် ကြိုးစားသွားကြပါ။

လူတွေဟာ အသက်ကြီးလာတာနဲ့ ငယ်စဉ်ကနေခဲ့ရတဲ့ ပုခက်နဲ့ဝေးဝေးသွားခဲ့ပြီ။ နီးလာတာကော သတိထားမိရဲ့လား။ သုသာန်ပို့ပေးမယ့်ခေါင်းလေ။ ဒီခေါင်းနဲ့ ဝေးချင်ပေမယ့် ပြေးမရအောင် နီးနီးလာခဲ့ပြီ။ ဘယ်လိုပဲကြံကြံ မလွတ်နိုင်တော့ပါဘူး။

ဇာတိ - မွေးဖွားခြင်းရှိရင် စုတိ- သေခြင်းဆိုတာရှိတယ်။

ဇာတိရှိရင် ဘဝရှိတယ်။ ဘဝရှိရင် ခန္ဓာရှိတယ်။ ခန္ဓာရှိရင် ဒုက္ခရှိတယ်။ ဒုက္ခမရှိချင်ရင် သမုဒယ - တဏှာလောဘကို ပယ်နိုင်အောင် ကြိုးစားပါလေ။

လူ့ဘဝ လူ့ခန္ဓာကိုယ် ဆိုတာဟာ သေမင်းထံက ခဏငှားထားရတဲ့အရာပါ။ အချိန်ကျလို့ရှိရင် သေမင်းထံကို ပြန်အပ်ရတော့မယ်။

အငှားလူ့ခန္ဓာကိုယ်ကြီးကို လူတွေက အပိုင်ထင်ပြီး အမြင်လွဲနေကြတယ်။ မေ့နေကြတယ်။

ကိုယ်ပိုင်ဖြစ်ချင်ရင်တော့ သောတာပန်ဖြစ်အောင် ကြိုးစားကြပါ။

အို၊ နာ၊ သေ သက်သာချင်သလား။

မအိုခင်မှာ တရားရှာပါ။ အိုလာလို့ရှိရင် သက်သာပါတယ်။

မနာခင်မှာ တရားရှာပါ။ နာလာလို့ရှိရင် အနာသက်သာပါတယ်။

မသေခင်မှာ တရားရှာပါ။ သေချိန်ကျလို့ရှိရင် အသေသက်သာပါတယ်။

**လောကကြီးက တို့ဆရာ**

ကမ္ဘာလောကကြီးဟာ လူသားတွေကို အသိ၊ အလိမ္မာ၊ ဉာဏ်ပညာနဲ့ ပြည့်စုံအောင် သင်ကြားပေးနေတဲ့ ဆရာကြီးပဲ ဖြစ်တယ်။

ကမ္ဘာလောကကြီးကပေးတဲ့ပညာတွေကို ဉာဏ်ရှိတဲ့သူတွေက မြင်အောင်ကြည့်ပြီး ရအောင်ယူနေကြတယ်။

ပညာတတ်တဲ့သူ, မတတ်တဲ့သူ၊ ဆင်းရဲတဲ့သူ, ချမ်းသာတဲ့သူ၊ တရားကျင့်သူ, မကျင့်သူ ကွဲပြားခြားနားနေကြတယ်။ လောကကြီးကပေးနေတဲ့ ပညာတွေယူတတ်မှု၊ မယူတတ်မှုကြောင့် လူ့အလွှာမျိုးစုံဟာ ကွဲပြားသွားကြတယ်။

ကျလာတဲ့ မိုးရေပေါက်လေးတွေကို စုပြီးထား။ ပြီးတော့ အိုးထဲမှာထည့်။ ကြာလာတော့ အိုးထဲမှာ ရေတွေပြည့်လာတယ်။

အဲဒီလိုပဲ ပညာ၊ ဥစ္စာ၊ တရားတွေကို လေ့လာဖန်များ စုပါများ ကျင့်ပါများရင် ပါရဂူကြီး၊ သူဌေးကြီး၊ တရားထူးရတဲ့ ရဟန္တာဖြစ်သွားကြတယ်။

တစ်ဆင့်ပြီးတစ်ဆင့် ဘဝကိုမြင့်လာအောင် ကြိုးစားယူရတယ်။ ဆုတောင်းလို့ ရလာမှာ မဟုတ်ဘူး။

လောကကြီးက ပညာတွေပေးနေတယ်။ မြင်အောင်ကြည့်ပါ။ ရအောင်ယူပါ။

**သီလ**

သီလတရားက အမေ၊ အဖေနဲ့တူတယ်။ အမေ၊ အမေမရှိဘဲနဲ့ သားသမီးမရှိနိုင်သလို သီလမရှိဘဲနဲ့ နိဗ္ဗာန်မရှိနိုင်ဘူး။

သီလကစိတ်ကိုကျန်းမာစေတယ်။ ကိုယ်ကို ချမ်းသာစေတယ်။ နိဗ္ဗာန်ကိုရစေနိုင်တယ်။ လိုတာတ ရစေနိုင်တာ သီလပဲ။

ကုသိုလ်အားလုံးရဲ့အစဟာ သီလပဲ။ သီလဟာ အင်မတန်ခိုင်ခံ့တဲ့ကမ်းပါးကြီးနဲ့တူတယ်။

ကိလေသာတွေရဲ့ နှိပ်စက်ခြင်းဒဏ်ကခံနိုင်ချင်ရင် သီလလုံအောင် ကြိုးစားကြ။

ဘုရားရှင်တိုင်းရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကိလေသာတွေကို သီလရေနဲ့ ဆေးကြောခဲ့ကြတယ်။

သီလက ခေါင်းနဲ့တူတယ်။ သီလမရှိရင် သမထ၊ ဝိပဿနာ အားထုတ်လို့ မဖြစ်နိုင်ဘူး။

သီလစင်ကြယ်တဲ့ပုဂ္ဂိုလ်ဟာ သေရေးကိုတွေးပြီး ကြောက်စရာမလိုဘူး။ သေမင်းနဲ့ ရဲရဲရင်ဆိုင်ဝံ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ယဉ်ကျေးအောင်၊ ကိုယ်ယဉ်ကျေးအောင် သတိနဲ့စောင့်ထိန်းခြင်းဟာ သီလပါပဲ။

### အပြောနဲ့အလုပ်

ပြောတဲ့အတိုင်းလုပ်ပါ။ လုပ်တဲ့အတိုင်းပြောပါ။

### အကုသိုလ်ပြေပျောက်နည်း

ကုသိုလ်ရမယ့် ကိစ္စမှန်သမျှ အကုန်လုပ်ပါ။

ရေများတဲ့အထဲ ဆားတစ်ဆုပ်ထည့်ရင် အဲဒီရေမငန်ဘူး။ ရေနည်းရင် ငန်တယ်။

အကုသိုလ်တွေ ပြေပျောက်ဖို့အတွက် ကုသိုလ်များများလုပ်ပါ။

### အဆိပ်ပင်နဲ့တူတဲ့လူ့ခန္ဓာ

လူ့ခန္ဓာကိုယ်ကြီးဟာ အပြစ်များတယ်။ အဆိပ်ပင်ကြီးနဲ့တူတယ်။ ရောဂါတွေ စုဝေးတည်ရှိနေတဲ့ ခန္ဓာကိုယ်ကြီးပဲ။

မအိုချင်ဘဲအိုရတယ်။ မနာချင်ဘဲနာရတယ်။ မသေချင်ဘဲနဲ့ သေရတယ်။ ဒါဟာ အပြစ်များလို့ပဲ။

မျက်စိက လှတာကို ကြည့်ချင်တယ်။ ဒါ အဆိပ်တက်တာပဲ။

နားက ကောင်းတဲ့အသံကို နားထောင်ချင်တယ်။ ဒါဟာ အဆိပ်တက်တာပဲ။

လျှာကကောင်းတာစားချင်တယ်။ ဒါဟာ အဆိပ်တက်တာပဲ။

နှာခေါင်းက ကောင်းတဲ့၊ မွှေးတဲ့ ရနံ့ကိုလည်း နမ်းရှူချင်တယ်။ ဒါဟာ အဆိပ်တက်တာပဲ။

ကိုယ်က နူးညံ့တဲ့၊ နွေးထွေးတဲ့ အထိအတွေ့ကိုပဲ တွေ့ထိချင်တယ်။ ဒါဟာ အဆိပ်တက်တာပဲ။

စိတ်က ကောင်းတဲ့ အာရုံတွေပဲ စိတ်ကူးနဲ့တွေးပြီး ခံစားချင်တယ်။ ဒါဟာလည်း အဆိပ်တက်တာပါပဲ။

### ကိုယ်လိုတဲ့ဆုပြည့်စေတဲ့နည်း

ကောင်းမှုကုသိုလ် ပြုလုပ်တဲ့အခါ ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း ပြတ်ပြတ်သားသားလှူပါ။ ဒါမှ အကျိုးပေးကောင်းတယ်။ ပြတ်ပြတ်သားသား အကျိုးပေးတယ်။

ကိုယ်နှစ်သက်တာလှူပါ။ ကိုယ်နှစ်သက်တာ ရတယ်။

မိမိနှစ်သက်တာကိုလှူရင် မိမိနှစ်သက်တဲ့ဆုရတယ်။

သဒ္ဓါတရားမပျက်စေနဲ့။ သဒ္ဓါတရားကိုဖျက်တာ မစ္ဆရိယတရားဆိုးပဲ။ မစ္ဆရိယက နိဗ္ဗာန်ကို မရစေနိုင်ဘူး။

လှူရင်ပြန်ကြည့်မနေနဲ့။ လှူပစ်ပါ။

### ဘုန်းကြီးချင်ရင်

မိဘနှစ်ပါးကို ရိုရိုသေသေ လေးလေးစားစား မွန်မွန်မြတ်မြတ် ဦးထိပ်ပန်ဆင်ပြီးလုပ်ကျွေးရင်၊ စောင့်ရှောက်ရင် လုပ်ကျွေးစောင့်ရှောက်တဲ့ သားသမီးတွေဟာ ဘုန်းကြီးတယ်။

### ရခဲတဲ့သူနှစ်ဦး

လောကမှာ ရခဲတဲ့ပုဂ္ဂိုလ် (၂) ယောက်ရှိတယ်။ ထိုပုဂ္ဂိုလ်တွေကတော့ မြတ်စွာဘုရားရှင်နဲ့ ကျေးဇူးသိသူ။

ကျေးဇူးသိပါ၊ ကျေးဇူးဆပ်ပါ။

ဘုရားဖြစ်ဖို့မလွယ်ဘူး။

### အမေနို့ဖိုး၊ အဖေ့ချွေးဖိုး အကျေဆပ်နည်း

ရတနာသုံးပါး မကြည်ညိုတဲ့ မိဘနှစ်ပါးကို ကြည်ညိုလာအောင် တိုက်တွန်းပေးပါ။

သီလမဆောက်တည်ချင်တဲ့ မိဘနှစ်ပါးကို သီလဆောက်တည်ချင်လာအောင် တိုက်တွန်းပေးပါ။

မလှူချင်တဲ့ မိဘနှစ်ပါးကို လှူချင်လာအောင် တိုက်တွန်းပေးပါ။

တရားမနာချင်တဲ့ မိဘနှစ်ပါးကို တရားနာချင်လာအောင် တိုက်တွန်းပေးပါ။

သူတော်ကောင်းမှန်ရင် မိဘကျေးဇူးသိတယ်၊ ဆပ်တယ်။

### မကြောက်ကြနဲ့

ကုသိုလ်ပြုရမှာ မကြောက်ကြနဲ့။ ကုသိုလ်ပြုရမှာ ကြောက်တယ်ဆိုရင် ချမ်းသာတာကို ကြောက်နေတာနဲ့ တူတယ်။

ကိုယ်ချမ်းသာကို ဒါနနဲ့ သီလက ပေးတယ်။ စိတ်ချမ်းသာကိုတော့ ဘာဝနာကုသိုလ်ကပေးတယ်။

### ကြိုးစားပြီးလုပ်ပါ

လူတွေက မကောင်းတဲ့ အပြောအဆို၊ မကောင်းတဲ့အပြုအမူ၊ မကောင်းတဲ့ အကြံအစည်ကိုပြုရမှာ ဝန်မလေးကြဘူး။

ကောင်းတဲ့အပြုအမူ၊ အပြောအဆို၊ အကြံအစည်ကိုပေးပြီး ပြုလုပ်ပေးရတယ်။

### ကိုယ်ပိုင်ဥစ္စာနဲ့ဆွေမျိုး

သတ္တဝါတွေရဲ့ ကိုယ်ပိုင်ဥစ္စာဟာ ကံပဲ။ ကံဆိုတာ စေတနာကို ခေါ်တယ်။ စေတနာတွေ များများစုမိရင် ကိုယ်ပိုင်ဥစ္စာတွေများနေပြီ။ ကံကပေးတဲ့အမွေကို ခံစားကြရတယ်။

ကျန်းမာတာ၊ ချမ်းသာတာ၊ ဖြူတာ၊ မည်းတာဟာ ကံကြောင့်ဖြစ်လာတာ။ ကံကပေးတာ ခံစားရတယ်။

ကံက ဆွေမျိုး။ အစ်ကို၊ အစ်မ၊ အမေ၊ အဖေဆိုတာ ဆွေမျိုးမဟုတ်ဘူး။ သူတို့က ရုပ်နဲ့နာမ်ပဲ ဖြစ်တယ်။ တကယ်ရှိတာ မဟုတ်ဘူး။

ကိုယ့်မှာ ဒါနပြုချင်တဲ့ စေတနာ၊ သီလစောင့်ချင်တဲ့ စေတနာ၊ ဘာဝနာပြုချင်တဲ့ စေတနာတွေများနေပြီဆိုရင် ငါ့မှာ ဆွေမျိုးတွေများနေပြီလို့တွေးပါ။

ကိုယ်ပြုခဲ့တဲ့စေတနာက ဘဝအဆင့်တွေ အမြင့်၊ အနိမ့် ခွဲခြားပေးတယ်။

လောကမှာ ကုသိုလ်ပြုတဲ့သူ၊ အကုသိုလ်ပြုတဲ့သူမရှိဘူး။ ရုပ်နဲ့နာမ်ပဲရှိတယ်။ စေတနာက ဦးဆောင်ပြီးပြုတဲ့ ရုပ်နဲ့ နာမ်ပဲ ရှိတယ်။

ကုသိုလ်အကျိုးတရား၊ အကုသိုလ်အကျိုးတရားတွေကို ခံစားသူမရှိဘူး။ ရုပ်နဲ့ နာမ်ပဲရှိတယ်။

ပြုတဲ့သူလည်း ရုပ်နဲ့နာမ်၊ ခံတဲ့သူလည်း ရုပ်နဲ့နာမ်။ ကမ္မဝါဒအဆင့်မြင့်လာပြီ။

မိမိရဲ့ သန္တာန်မှာ ကုသိုလ်တွေ၊ စေတနာတွေ အားကြီးလာရင် အဲဒီစေတနာက ကောင်းတဲ့ ချမ်းသာတွေပဲ ဆောင်လာမယ်၊ ဖြစ်လာမယ်။

အရှင်ဥက္ကံသ

**ဝန်ခံချက်** -

ဒေါက်တာ အရှင်ပညာသာရရဲ့ 'နှလုံးသွင်းမှန်ဖို့အရေးကြီးတယ်'၊ ဓမ္မဒူတ အရှင်ပညာဝရရဲ့ 'နေရေးသေရေးတရားတော်'၊ အရှင်ခေမိန္ဒရဲ့ 'သတိရဲ့တန်ဖိုး'၊ မဂ္ဂိုမဂ္ဂဇင်းရှိ ဒေါက်တာ အရှင်ကောဝိဒရဲ့ 'တို့အားလုံး၏ဆရာ'၊ အရှင်ခေမိန္ဒရဲ့ 'သေမှာမကြောက် ထိုင်းယောက်၊ ဒေါက်တာအရှင်ကိတ္တိသာရရဲ့ 'ကုသိုလ်ဖြစ်အောင်နေ' စတဲ့ အသံတရားတော်များကို နာကြားပြီး 'အတို့အထွာဓမ္မမှတ်စုများ' ကို ရေးသားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ရှေးဆိုးလည်းမပယ်နှင့်

| | | | | |
|---|---|---|---|---|
| ရှင် → | | ကြီး | → | ထန်း |
| ↑ | ၁ အရှေ့မြောက် | ၂ အရှေ့ | ၃ အရှေ့တောင် | ↓ |
| ဝ | ၆ မြောက် | | ၄ တောင် | သီး |
| ↑ | ၈ ရာဟု | ၅ အနောက် | ၀ အနောက်တောင် | ↓ |
| ဤမှအစ → အင်း | | ဖတ် | ← | စုတ် |

**ဘုရားစေတီ၊ ကျောင်း၊ ဇရပ် မဆောက်ကောင်းသည့် ရှောင်ရန် ခုနစ်နေ့သားသမီးများ၏ မူလအရပ်များ**

ရှေးခေတ်အခါက ပညာရှိပုဂ္ဂိုလ်ကျော်များသည် ထုံးတမ်းစဉ်လာအရ အရပ်ရှစ်မျက်နှာတွင် မပြုလုပ်အပ်သော အစဉ်အလာတစ်ရပ်ကို ခုနစ်နေ့သားသမီးများ ရှောင်ကြဉ်နိုင်စေရန် ပညာပေး တားမြစ်ခဲ့ပေသည်။

- ဖော်ပြပါပုံ၌ အတွင်းအကွက်ရှိ ဂဏန်းများမှာ ရှောင်ရန်အရပ်များ ဖြစ်သည်။
- အပြင်အကွက်များမှာ ရှောင်ရမည့် နေ့သားများ ဖြစ်၏။
- ခုနစ်နေ့သားများ၏ မူလအရပ်အဆိုလင်္ကာ - **အင်းဝရှင်ကြီးထန်းသီးစုတ်ဖတ်** မူလအရပ်ဖြစ်၏။

**အင်း** - တနင်္ဂနွေသားသမီး၏ မူလအရပ်သည် ရာဟုထောင့်ဖြစ်သည်။ **ဝ**- ဗုဒ္ဓဟူးသားသမီး၏ မူလအရပ်သည် မြောက်အရပ် ဖြစ်၏။ **ရှင်** - ရာဟုသားသမီး၏မူလအရပ်သည် အရှေ့မြောက်အရပ် ဖြစ်သည်။ **ကြီး** - တနင်္လာသားသမီး၏မူလအရပ်မှာ အရှေ့အရပ်ဖြစ်သည်။ **ထန်း** - စနေသားသမီး၏ မူလအရပ်သည် အရှေ့တောင်အရပ်ဖြစ်၏။ **သီး** - သောကြာသားသမီးများ၏ မူလအရပ်သည် တောင်အရပ် ဖြစ်သည်။ **စုတ်** - အင်္ဂါသားသမီးများ၏ မူလအရပ်မှာ အနောက်တောင်အရပ်ဖြစ်၍ **ဖတ်**- ကြာသပတေးသားသမီးများ၏ မူလအရပ်မှာ အနောက်အရပ်ဖြစ်ပေသည်။

**အင်း**မှစ၍ လက်ယာရစ်ပတ်သွားပါက ခုနစ်နေ့သားများ၏ မူလအရပ်များကို သိရှိရပါလိမ့်မည်။ ခုနစ်နေ့သားသမီးများ၏ မူလအရပ်များမှာ လင်္ကာအရ 'အင်း၊ ဝ၊ ရှင်၊ ကြီး၊ ထန်း၊ သီး၊ စုတ်၊ ဖတ်' ဖြစ်၍ -

ရာဟုရပ်က၊ လှည့်ပတ်လက်ယာနံ့ဖီလာ၌၊ ရှောင်ခွာကုသိုလ်၊ မှတ်ကြောင်းဆိုသည်၊ နဂိုလူတို့လက်သုံးတည်း။

ရွာနေသည့်သူ၊ မှတ်ယူရွာနံ၊ အင်းဆုံးမှန်က၊ ရွာမှနောက်မြောက်၊ ကျောင်းဆောက်စသည်၊ ရွာတည်အမှု၊ မပြုလေရာ၊ မချမ်းသာကြ၊ ဝစသည်မှု အင်းနည်းတူမှတ်၊ ယူလေအပ်သည်၊ ရှစ်ရပ်ရှောင်ဖို့အမြဲတည်း။

အထက်ပါ လင်္ကာ၏ အဓိပ္ပာယ်မှာ - ..

**အင်း** - ရွာမှာနေသည့်သူ၏ နံ့သော် လည်းကောင်း၊ ရွာအမည်၏ နံ့သော် လည်းကောင်း 'တနင်္ဂနွေနံ' ဖြစ်လျှင် ရွာ၏ အနောက်မြောက် (ရာဟုထောင့်) ၌ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရွာတည်ခြင်း စသည်တို့ မပြုလုပ်အပ်။ 'ရှောင်ပါ'။

**ဝ** - ရွာမှာနေသည့်သူ၏နံ့သော် လည်းကောင်း၊ ရွာအမည်၏ နံ့သော် လည်းကောင်း၊ 'ဗုဒ္ဓဟူးနံ' ဖြစ်ပါမူ ရွာ၏ မြောက်ဘက်အရပ်၌ ဘုရားတည်ခြင်း၊ ကျောင်းဝင်းဆောက်ခြင်း၊ ရွာတည်ခြင်း စသည်များကို မပြုလုပ်အပ်။ 'ရှောင်ပါ'။

**ရှင်** - ရွာမှာနေသည့်သူ၏နံသည် လည်းကောင်း၊ ရွာအမည်နံသည် လည်းကောင်း 'ရာဟုနံ' ဖြစ်ပါက ရွာ၏အရှေ့မြောက် တနင်္ဂနွေထောင့်အရပ်တွင် ဘုရားစေတီတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရွာတည်ခြင်းစသည်တို့ကို မပြုလုပ်အပ်ပါ။ 'ရှောင်ပါ'။

**ကြီး** - ရွာမှာနေသည့်သူ၏နံ့သော် လည်းကောင်း၊ ရွာ၏ အမည်နံသည် လည်းကောင်း 'တနင်္လာနံ' ဖြစ်ပါလျှင် ရွာ၏အရှေ့ဘက်အရပ်၌ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရွာတည်ခြင်းအမှုကိစ္စများကို မပြုလုပ်အပ်ပေ။ 'ရှောင်ပါ'။

**ထန်း** - ရွာမှာနေသူ၏နံ့သော် လည်းကောင်း၊ ရွာ၏ အမည်နံသည် လည်းကောင်း 'စနေနံ' ဖြစ်မူ ရွာ၏ အရှေ့တောင်၊ အင်္ဂါထောင့်အရပ်၌ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းနှင့် ရွာတည်ခြင်းများ မပြုလုပ်အပ်ပေ။ 'ရှောင်ပါ'။

**သီး**- ရွာမှာနေသူ၏နံ့သော်လည်းကောင်း၊ ရွာ၏ အမည်နံသည် လည်းကောင်း 'သောကြာနံ'ဖြစ်ပါက ရွာ၏ တောင်ဘက် ဗုဒ္ဓဟူးထောင့်အရပ်တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်၊ ရွာတည်ခြင်း စသည်များကို မပြုလုပ်အပ်ပါ။ 'ရှောင်ပါ'။

**စုတ်** - ရွာမှာနေသူ၏နံ့သော် လည်းကောင်း၊ ရွာ၏ အမည်နံသည် လည်းကောင်း 'အင်္ဂါနံ' ဖြစ်ခဲ့ပါလျှင် ရွာ၏အနောက်တောင်ထောင့် (စနေအရပ်၌) ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရွာတည်ခြင်းများကို မပြုလုပ်အပ်ပေ။ 'ရှောင်ပါ'။

**ဖတ်** - ရွာမှာနေသူ၏နံ့သော် လည်းကောင်း၊ ရွာ၏အမည်နံသည် လည်းကောင်း 'ကြာသပတေးနံ'ဖြစ်ပါက ရွာ၏ အနောက်အက်အရပ် ကြာသပတေးထောင့်၌ ဘုရားတည်ခြင်း၊ကျောင်းဆောက်ခြင်း၊ ရွာတည်ခြင်းများ မပြုအပ်ပေ။ 'ရှောင်ပါ'။

မှတ်ချက် - ရွာအမည်နံကို ကောက်ယူရာတွင် 'ရွာနှင့်ဘုရား၊ သစ်ပင်များ၊ အဖျားယူလေပါ' ဆိုသည့်အတိုင်း ရွာ၊ ဘုရားအမည်၏ အဖျားနံကို ကောက်ယူရာ၏။

ဥပမာ သာယာဝတီရွာ = <u>သာ</u> = သောကြာနံ ဖြစ်၏။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

**စာကိုး** -

၁။ အဗျင်းဆရာတော်၏ ဗေဒမဏ္ဍုမာလာကျမ်း

၂။ မိမိမှတ်စုမှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတန်ခိုးတော်ကြီးမား လေးဆူဓာတ်ပုံ ဘုရားမြတ်ရွှေတိဂုံ စေတီတော်ကြီး တည်ထားတော်မူခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း (၂၆၀၀) ကျော်တိုင်ခဲ့ပါပြီ။ အထင်ကရတည်ထား ရွှေတိဂုံဘုရားကြီးသမိုင်းကို အစဉ်အဆက် ဘုရားလူကြီးများမှ သေချာစွာထိမ်းသိမ်းနိုင်ခဲ့သည်ဖြစ်၍ ဘုရားသမိုင်းများကို ယနေ့တိုင် မပျောက်မပျက် လေ့လာနိုင်ကြပြီ ဖြစ်ပါသည်။ ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ရေးသားကြသော သုတေသီများအတွက် တန်ဖိုးမဖြတ်နိုင်ဖြစ်ရပါသည်။



ဘိုးဘိုးဆိုင်းဘာဘာနှင့် အဘဘိုးမင်းခေါင်တို့ဦးထိပ်ထား မေတ္တာရှင်လေးအဖွဲ့မှလှူဒါန်းထားပုံ

သို့သော် ရွှေတိဂုံစေတီတော် ရင်ပြင်တော်မှ ထင်ရှားကျော်ကြားကြသော စေတီဘုရားများ၏သမိုင်းမှတ်တမ်းများကို များသောအားဖြင့် ယခင်အဆက်ဆက် တာဝန်ရှိသူများ ထိန်းသိမ်းစောင့်ရှောက်နိုင်မှု အားနည်းချို့ယွင်းခဲ့သည်ဟု ဆိုရပါလိမ့်မည်။ ရင်ပြင်တော်မှ မူလဘုရားဒါယကာ၊ ဒါယိကာမများ အမည်နာမများသည် များသောအားဖြင့် ပျောက်ခြင်းမလှပျောက်နေခဲ့ပါပြီ။ အသစ်မွမ်းမံပြင်သူများ၏ အမည်နာမများသာ တွေ့တွေ့နေခဲ့ရပါသည်။ ထို့ကြောင့် ဘုရားသမိုင်းများကို ရှာဖွေ၊ ဓမ္မမိတ်ဆွေများထံ ကြည်ညိုသဒ္ဓါပွားများရန် ဘာသာရေးဆောင်းပါး ကုသိုလ်ယူရေးသားနေသော စာရေးသူတို့အဖို့မှာ အလွန်တရာမှ အခက်အခဲတစ်ရပ်နှင့် ကြုံနေခဲ့ရပါသည်။

ကံ့ဝင်း

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

အမှတ်(၈)

ဝိဇ္ဇာကြီးများစည့်ဝေး

# ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရား



ဝိဇ္ဇာတန်ဆောင်းတွင်းမှ ပြည်လုံးချမ်းသာဘုရားဖူးမြော်သူများ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


စေတီဘုရားတစ်ဆူ၏ ဘုရားသမိုင်းသိရန်အရေးအတွက် ကွင်းဆက်များ စုံစမ်းမေးမြန်းရ၏။ ထေရ်ကြီးဝါကြီးဆရာတော်ကြီးတွေထံသွားရ၏။ လျှောက်ထားရ၏။ ရှေးမီနောက်မီလူကြီးတွေရှာမေးရ၏။ ဘုရားလူကြီးတွေထံလည်းရောက်ရ၏။ ဘုရားတစ်ဆူစေတီတော်များတွင် မူလအလှူရှင်၊ လှူဒါန်းသော ခုနှစ်၊ သက္ကရာဇ်၊ လှူဒါန်းရခြင်းအကြောင်းရင်းတွေပါမှ သမိုင်းအချက်အလက်အစုံ ရှုထောင့်မျိုးစုံမှ တင်ပြရကျိုးနပ်ပါလိမ့်မည်။


ရွှေတိဂုံစေတီတော်မြတ်ကြီးသည် သာသနာသမိုင်းမှာ လွန်စွာထင်ရှားတန်ခိုးကြီးမား စေတီတော်ကြီးဖြစ်ခြင်းကြောင့် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ပါး ပင့်ဆောင်လာသောဆံတော်များနှင့် ရှေးကပွင့်တော်မူပြီးသော နောင်တော်ဘုရားသုံးဆူမြတ်၏ ပရိဘောဂစေတီတော်များ အပါအဝင်ဌာပနာပြု လူတစ်ရစ်၊နတ်တစ်ရစ်စေတီတော်ကြီးတည်ထား သမိုင်းများသည် ဗုဒ္ဓဘာသာဝင်တိုင်း၏ နှလုံးသားမှာ စွဲစွဲထင်ထင် မှတ်တမ်းတင်ထားနိုင်ပြီဖြစ်၍ ရွှေတိဂုံစေတီတော်သမိုင်းသည် ကမ္ဘာတည်သရွေ့တည်ရှိနေမည်မှာ အမှန်ဖြစ်ပါသည်။

စာနိဒါန်းအစက စာရေးသူ တင်ပြထားသကဲ့သို့ ရင်ပြင်တော်မှာရှိ ဘုရားစေတီတော်များ၏ မှတ်တမ်းများသည် ရှေးမီနောက်မီလူကြီးများထံပါးမှ စုံစမ်းသိရှိသမျှကတော့ သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် လည်းကောင်း၊ မီးဘေးကြောင့် လည်းကောင်း တော်တော်များများမှတ်တမ်းများ ပျက်စီးသွားကြောင်း ဝမ်းနည်းဖွယ်ကြားခဲ့ရပါသည်။

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများအကြောင်း စာဖတ်သူများထံ စာရေးသူမှ ရှာဖွေတင်ပြပေးရန် တာဝန်တစ်ရပ်ဖြစ်ပေါ်လာသောအခါ စာရေးသူသည် ရွှေတိဂုံဘုရားကြီးရင်ပြင်တော်ပေါ်သို့ မကြာခဏအရောက်သွားရ၏။ သမိုင်းကွင်းဆက်ကို လိုက်ရ၏။ ရှေးမီနောက်မီအဘိုး၊ အဘွားတွေကို ရှာရ၏။ ဌာနဆိုင်ရာ ဝန်ထမ်းများထံ ချဉ်းကပ်မေးမြန်း၍ အမှန်ကန်ဆုံးဖြစ်စဉ်များကို စေတီဘုရားတစ်ဆူချင်း လစဉ် သူရဇ္ဇ


ခင်ရှင်မင်းသမီးကြီးဒေါ်ခင်ညွန့်လှူတော်မူသော ရုပ်ပွားတော်ကြီး


မင်းသားကြီးဦးတင်ငွေ၊ ဒေါ်သီတာခင်ထွေးတို့၏အလှူတော်


ဝိဇ္ဇာတန်ဆောင်းတွင်းမှ ယက္ကန်းစင်တောင်ဆရာတော်


ဝိဇ္ဇာတန်ဆောင်းတွင်းမှ မဟာဗြိဆရာတော်


ဝိဇ္ဇာတန်ဆောင်းတွင်းမှ သာမညဆရာတော်


ဝိဇ္ဇာတန်ဆောင်းတွင်းမှ ရှင်သီဝလိမထေရ်




www.burmeseclassic.com

www.burmeseclassic.com


ဘိုးတော်သိကြားမင်းပုံ


ဘိုးတော်သိကြားနှင့် ဝိဇ္ဇာရုပ်တုတော်များ


ဝိဇ္ဇာမိုရ်ဘိုးတော်ပုံ


အဘပထမံဘိုးဘိုးအောင်


သာသနာ့ရှေ့ဆောင် ဘမင်းခေါင်၏ပုံတော်


ဝိဇ္ဇာတန်ဆောင်းတွင်းမှ ဝိဋကမြမယ်တော်

မဂ္ဂဇင်းကြီးမှာ တင်ပြနိုင်ခဲ့ပြီဖြစ်ရာ ခုနစ်ဆူမြောက်အထိ ရေးသားနိုင်ခဲ့ပြီ ဖြစ်ပါသည်။

**ဘိုးဘိုးတွေ စုပေါင်းတဲ့ ဝိဇ္ဇာတန်ဆောင်း**

ကောဇာနှစ် ၁၂၇၅ ခုနှစ်လောက်က ဖြစ်၏။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အင်္ဂလိပ်အစိုးရကခန့်အပ်ထားသော ဘုရားလူကြီး (၀ါ) ဘဏ္ဍာတော်ထိန်းလူကြီးများက ထိန်းသိမ်းစောင့်ရှောက်စဉ်အခါကာလက ဖြစ်၏။ ရွှေတိဂုံစေတီတော်ကြီးတွင် တန်ဆောင်းများများ မရှိကြသေးပေ။ အာရုံခံမုခ်လေးမုခ်၊ တန်ဆောင်းလေးခုနှင့်အတူ စုစုပေါင်းတန်ဆောင်းများက ဆယ့်လေး၊ ငါးခုထက် မပိုကြ။ တန်ဆောင်းအမည်များလည်း အထင်ကရမရှိကြ။ ထိုစဉ်က မြောက်ဘက်ခြမ်း ထန်းပင်တန်းများအနီးတည်ရှိ စာရေးသူ၏မွေ့မိတ်ဆွေလမ်းမတော်သူဌေးသမီး ဒေါ်မြမြစိန်၏ အဘိုးအဘွားမိဘများတည်ထား စေတီတော်နှင့် အနီးဆုံးမှာ တည်ရှိသော တန်ဆောင်းတော်ကြီးတွင် ဝိဇ္ဇာမိုရ်ဘိုးဘိုးကြီးများ မကြာခဏ ဆုံစည်းကြ၏။ အဓိဋ္ဌာန်ပြုကြ၏။ စည်းဝေးတိုင်ပင်ကြ၏။ ထိုတန်ဆောင်းတော်ကြီးမှာ ဝိဇ္ဇာကြီးတွေ၊ အဘပထမံဘိုးဘိုးအောင်၊ သာသနာ့ရှေ့ဆောင် ဘမင်းခေါင်၊ ယက္ကန်းစင်တောင်ဆရာတော်နှင့် ထွက်ရပ်ပေါက်ဘိုးတော်ကြီးများ စုပေါင်းကြလျက် သံသေခေါင်းလောင်းတော်များ သွန်းလောင်းခဲ့ကြလေ၏။ ထိုစဉ်က သွန်းလောင်း သံသေခေါင်းလောင်းများမှာ (၆) လုံးပင် ရှိခဲ့ကြောင်း ကြားသိရပါ၏။

ထိုခေတ်ထိုအခါက ထွက်ရပ်ပေါက်ဘိုးဘိုးကြီးများ၊ ဝိဇ္ဇာမိုရ်ကြီးများ ပေါ်ထွန်းသောကာလဖြစ်သည့်အားလျော်စွာ ထွက်ရပ်ပေါက် ဘိုးဘိုးကြီးများသည် ဝိဇ္ဇာတန်ဆောင်းတွင် မကြာခဏ ဆုံတွေ့ကြ၏။ ပုဂံသာသနာတော်မှာထင်ရှား မှုဆိုးမပင် ဘုရားတည်နိုင်အောင်တန်ခိုးပြ ရွှေမိုးငွေမိုးရွာတော်မူသောရှင်အဇ္ဇဂေါဏမထေရ်မြတ်သည်လည်း ကြွရောက်ပြီး သီတင်းသုံးသည်ဟု သိရ၏။ အင်္ဂလိပ်နယ်ချဲ့အစိုးရလက်အောက်မှ မြန်မာတစ်ပြည်လုံး အေးချမ်းသာယာမှုရှိအောင် ဝိဇ္ဇာမိုရ်ဘိုးဘိုးကြီးများသည် ဝိဇ္ဇာဓရဂဏ္ဍိရ အစီအရင်များဖြင့် ဉာဏ်တော်(၆)တောင်ရှိ 'ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရား' ကိုတည်တော်မူခဲ့ကြောင်း ရှေးမီနောက်မီလူကြီးများပြောကြားစကားအရ သိရပါသည်။ ထိုရုပ်ပွားတော်တည်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com


၂၃၅ ရှင်မယ်နတ်၏သံယောဇဉ်
**ရွှေစိုး**
၂၆၅ နွားလေးဖက်နာနှင့်မှရိုးပင်အစွမ်း
**မျိုးတင့်(ညောင်လေးပင်)**
၂၈၂ အမှတ်တရကိုယ်ပျောက်ဝိဇ္ဇာ
**ကိုတိုး(ရန်ကင်း)**
၂၈၀ အီဘိုလာဗိုင်းရပ်(စ်)
ဘယ်လိုကာကွယ်ကြမလဲ
**ရွှေနဝင်း(ပုသိမ်)**
၃၁၆ သူကျွန်ဖြစ်ရန် ပို့ဆောင်ပေးခဲ့သော
ကျွန်းရွှေဝါ
**လှမိုး(ပညာရေး)**
၃၂၄ အဘိုးနှင့်အဘွားတို့ကျန်းမာစေဖို့
**မကျွေးဝင်းမြင့်**
၃၃၀ မိုးအကြောင်းသိကောင်းစရာ
**မောင်ဗဟိန်း(အင်းတော်)**
၃၅၀ ကိုယ့်နာမည်ကိုယ်ပေးသည့်
တိုက်လေယာဉ်မှူးလူဝင်စား
မောင်အောင်မြတ်သူ
**ရွှေချိုအောင်(ငပလီ)**
၃၅၀ မွန်ဒဂီါးနှင့်ပျူဒဂီါးနှိုင်းယှဉ်ချက်
**နိုင်ခင်မောင်လေး**
၃၇၀ ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**
၃၈၆ စိတ်ဝင်စားစရာ လူဝင်စားတချို့
**ဦးစန္ဒိမ(စလင်း)**
၃၉၄ ကွမ်းယာ၊ ဆေးလိပ်(၁)
**ချောင်းဆုံအုန်းသွင်**
၃၉၆ ကျောက်ကပ်ရောဂါနဲ့
ဆက်နွယ်နေသော ဂေါက်ရောဂါ
**ရီရီဌေး**

## သုရရှုတိုင်းရင်းဆေး

၁၅၀ တင်းတိပ်ညိုမည်းပျောက်စမြဲ
**နေမဝင်(နတ်မောက်)**
၁၇၇ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**
၁၁၁ ကြို့ထိုးပျောက်ချင်သလား
**မင်းတုန်းဘာသီ(သရက်)**
၁၅၅ ကျွဲနို့၊ ကြွက်နို့ပျောက်ဆေးနှင့်
ငါးမျက်စိ၊ ဒူလာ၊ လိပ်ခေါင်း၊
မြင်းသရိုက် အစရှိသော အနာပေါက်
ဆေးနည်း၊ အမျိုးသမီးဓမ္မတာကုထုံးများ
**ရောမြေ-ကျော်ဝေ**
၁၈၂ ခအောင်းပွင့်
**နေပြည်တော်ကျော်ကျော်စိုး**

၁၇၇ လေငန်းအတွက် ဆေးတစ်လက်
**မောင်လုယဉ်(မော်လမြိုင်)**
၂၆၃ နားရောဂါနှင့်ကြက်တူရွေးသစ်ခွ
**နေပြည်တော်ကျော်ကျော်စိုး**
၂၆၉ မမျှော်လင့်ဘဲ သွေးတိုးရောဂါသက်သာ
ပျောက်ကင်းခြင်း
**မင်းတုန်းဘာသီ(သရက်)**
၃၃၀ ငှက်ဖျားပျောက်ဆေး
**ဉာဏ်လွင်မြင့်**
၃၄၀ သူငယ်နာပန်းနာရင်ကျပ်ပျောက်
ဆေးနည်းကောင်း
**နေဝင်းဝင်း(လွန်ဆေး)**
၃၅၃ အဖုအကျိတ်
လွယ်လင့်တကူပျောက်ဆေး
**ဉာဏ်မြင့်(တောင်တွင်းကြီး)**
၃၇၂ ဆီး၊ ဝမ်း၊ လေအတွက်
အနေခက်သော်
**ကောင်းစံသာ(မင်းတုန်း)**
၃၉၃ သန်ကောင်၊တုတ်ကောင်ကျစေရန်
**တင်နိုင်ဝင်း(ထမင်းဈေးမြို့)**
၃၉၇ လိပ်ခေါင်းရောဂါနှင့်ဆင်စွယ်ဂမုန်း
**မောင်ပွင့်ဉာဏ်(မောရ)**

## သုရရှုဝတ္ထုတို

၇၇ ကုမရသည့်ရောဂါများ
**စိုးထွန်း(ဥပဒေ)**
၁၃၄ ရှာကိုမျှော်နှောင်ဝင်ခြင်းဆိုးကျိုးနှင့်
ဘိုးသြဘာ
**မင်းဟိန်းထိပ်**
၁၄၂ မော်ဝင်နေသောတောကြောင်သား
**ကိုဆောင်းဦး**
၁၄၆ ရိုးမရိပ်ကမေတ္တာရှင်
**ကျွန်းစဉ်မြေ-စာခက်**
**(အမျိုးသားစာပေဆုရ)**
၁၇၀ နတ်ဒေဝတာဆိုသည်မှာကား
**နီနီ(ကျောက်မဲ)**
၁၇၆ ဘယ်ရွေးဝင့်ယခင်တင်ခဲ့လေမှန်း
**ဒေါက်တာဒေါန**
**(တောင်ကြီး)**
၁၉၄ ဆန်းကြယ်တွေ့ရမှုဆိုးဘဝ
**မောင်မြင့်မား(ဘိုကလေး)**
၂၀၂ သဘက်ကြီးနှင့်သစ်ဆိမ့်ပင်
**ထက်ကောင်းလတ်(မင်းဘူး)**
၂၀၆ ဝေဘာတောင်ရွှေစေတီလေးဆီမှ
**နေဝန်းနီ**
၂၂၇ ထဖိုဇာပေါက် ထမလိပ်ပြာတောင်
**မောင်သင်းထုံ(ကျောက်မဲ)**





၂၃၄ သူတစ်ပါးသိုက်ရိပ်မြုံ
လောဘအဟုန်ကြောင့်ဖျက်မိလေရာ
**အာကာသ(သာစည်)**
၂၅၇ တောနက်ထဲက
ရှာမရသောနတ်ရွာကြီး
**ထွန်းတောက်**
၂၇၀ ဂမ္ဘီရဓာတ်လုံး၏လျှို့ဝှက်ချက်
**ကောင်းသော်**
၂၇၇ ပြောလိုက်ပါစန္ဒာရယ်
**သပိတ်ကျင်း-ကျော်ကျော်ထွန်း**
၂၈၀ စမတောင်တော်မှပုဂ္ဂိုလ်ထူး
**ဖေမောင်(ညောင်လေးပင်)**
၂၈၇ သူသေကိုယ်သေ
လင်းယုန်နှင့်လင်းမြွေ
**ရွှေပြည်စိုး(မိုးကုတ်)**
၃၁၀ အိပ်မက်လေလားဝေဝါးစိတ်မှာ
**ညွန့်ဇေယျာ**
၃၂၀ ငြိမ်း၍မရသောမီး
**မောင်စိန်ဝင်း(ရွှေမိုးညို)**
၃၂၆ လရောင်အောက်ကသွေးကွက်ကြီး
**ကိုဇော်ဝင်း(လှတော)**
၃၃၂ တစ်ခါတစ်ရံ၌အဖြစ်မှန်များသည်
**ခင်(တောင်ကြီး)**
၃၅၄ နတ်လူပျို့လှည့်သွားတာ
**ဝေယံလင်းခေါင်**
၃၆၆ ရေတံခွန်တောင်ပေါ်မှ
ထူးဆန်းသောရေတစ်ခွက်
**တင်တင်ဦး(ပေါင်းတည်)**


www.burmeseclassic.com

www.burmeseclassic.com

အတည်မပြုနိုင်သော အရပ်စကားအရ သံသေခေါင်းလောင်းတော်တစ်လုံးကို ပင် ဌာပနာထားတော်မူခဲ့သည်ဟု ဆိုကြပြန်၏။ ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်များနှင့် တည်တော်မူထား ထူးထူးခြားခြား ပြည်လုံးချမ်းသာ ဆုတောင်းပြည့် စေတီတော်ကြီးသို့ ဝိဇ္ဇာလိုင်းလိုက်စားသူတော်စင်များ၊ သံသရာခရီးလမ်းမှာ မပင်မပန်း အေးချမ်းစွာဖြင့် ရည်မှန်းချက်ကြီးစွာထား နောင်ပွင့်မည့် ဘုရားဖူး၍ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ စံမြန်းလိုသူကြများ၊ ဤဘဝဤကာလမှာ ဂုဏ်တော်(၉)ပါး ဦးထိပ်ထား၍ လာဘ်လည်းရွှင် ငွေလည်းဝင်ပြီး ကြီးမားသော အလှူဒါန အထင်ကရဖြင့် သာသနာ့အောင်ပန်းပွင့်လန်းလိုသူများ စသည်ဖြင့် ဒါနကို လက်ကိုင်ပြု၊ သီလကို ဆောက်တည်၊ ဘာဝနာပွားများ သူတော်ကောင်းများသည် 'ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရား'တည်ရာ ဝိဇ္ဇာတန်ဆောင်းသို့ အရောက်လာကြလျက် စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုနေကြလေ၏။


ယုံကြည်သဒ္ဓါကြီးမား ဝိဇ္ဇာမိုရ်ဘိုးဘိုးကြီးများနှင့် ဘဝပဋ္ဌာန်းဆက်ရှိသူများသည် ဝိဇ္ဇာတန်ဆောင်းသို့ ရောက်လာကြသောအခါ မျှော်လင့်မထား ဝိဇ္ဇာဘိုးဘိုးကြီး၏ လမ်းညွှန်မှုကြားမိန့်စကားတို့ဖြင့် ချမ်းသာကြွယ်ဝသွားသူများလည်းရှိကြ၏။ နာလန်မထူ၊ ကံမကူ၍ စီးပွားရေးအခွင့်အလမ်းခပ်နွမ်းနွမ်းဖြစ်နေသူများ ဝိဇ္ဇာတန်ဆောင်းမှာရှိ ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရားရှေ့သို့ အရောက်သွားပြီး သာသနာပွဲလှူ (ငါးဖီးပွဲ) -

"ပြည်လုံးချမ်းသာဘုရားကြီးသို့ ကွမ်း၊ လက်ဖက်၊ အုန်း၊ ငှက်ပျောနှင့် တံခွန်၊ ကုက္ကား အစုံအလင်ပါသော ဤသာသနာပွဲကို ကမ္ဘာစောင့်၊ သာသနာစောင့် နတ်မင်းကြီး (၄) ပါး အမှူးထား၍ အဘပထမံဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်၊ ယက္ကန်းစင်တောင်ဆရာတော်ဘုရားနှင့် ထွက်ရပ်ပေါက်ဘိုးဘိုးကြီးများ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဓမ္မဝိဇ္ဇာ၊ ဝိဇ္ဇာရှစ်သောင်း၊ ဇော်ဂျီပေါင်း ရှစ်သောင်းလေးထောင်၊ ရွှေတိဂုံဘိုးဘိုးကြီး၊ ဘိုးတော်သိကြားမင်း၊ ဆူးလေဘိုးဘိုးကြီးနှင့် ဝိဇ္ဇာတန်ဆောင်းစောင့်ကြပ် နတ်မြတ်နတ်ကောင်းနတ်အပေါင်း၊ သာသနာ့ကုန်းမြေစောင့်နတ်များ၊ နယ်ပယ်စောင့်နတ်၊ သာသနာစောင့်နတ်များ၊ တစ်ကျိပ်နှစ်ပါး ကိုယ်စောင့်နတ်များမကျန် သားတပည့်တော်/တပည့်တော်မတို့မှ ရိုသေစွာ ပင့်ဖိတ်တော်မူပါသည်။ ဤသာသနာပွဲမြတ်ကြီးကို သားတပည့်တော်/တပည့်တော်မတို့နှင့်အတူတကွ ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရားကြီးသို့ ကပ်လှူပေးတော်မူကြပါကုန်လော့။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးများနှင့် အတူတကွ ဆုတောင်းပြည့်လှသော ပြည့်လုံးချမ်းသာဘုရားကြီးသို့ သာသနာတော်ကန်တော့ပွဲမြတ်ကပ်လှူဒါန်းသော ယခုအချိန်မှစ၍ ဤနေ့ရာဤဌာနတွင် ပွဲတည်သကဲ့သို့ သားတပည့်တော်/တပည့်မတော်မတို့၏ စီးပွားရေးနှင့် ဝင်ငွေရလမ်းလုပ်ငန်းများသည် ပွဲတော်ကြီးကဲ့သို့ စည်ကားသိုက်မြိုက်စွာဖြင့် ရတနာတွေ လှည်းအစီးလိုက်၊ အသပြာငွေ လှည်းအစီးလိုက် အိမ်တော်မင်္ဂလာ၊ အိမ်ဂေဟာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါစေသော်၊ ရစေသော်"

အထက်ပါအတိုင်း နာလန်မထူ၊ ကံမကူ၍ စီးပွားရေးအဆင်မပြေသူများ လာရောက်၍ ယုံကြည်သဒ္ဓါ ပြင်းပြစွာဖြင့် ပွဲကပ်လှူဒါန်းမှုများ မကြာခဏ ပြုကြသူများသည် အဆင်ပြေချောမွေ့အောင်ဆုနှင့် ပြည့်ကြကုန်၏။

မှတ်ချက် - အားလုံးပြီးပါက လှူဒါန်အဖို့ဘာဂကို (၇)ရက်သားသမီးများနှင့် (၃၁)ဘုံသား ဝေနေယျတို့အား အမျှဝေရန် မမေ့ပါနှင့်။

ရှေးယခင်က တန်ဆောင်းများ နည်းပါးလှသော်လည်း ယခုအခါ တန်ဆောင်းပေါင်း(၉၀)နီးပါးခန့် ရင်မြင်



ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

တော်မှာ အခိုင်အမာ တည်ရှိနေပါပြီ။ ရှေးယခင်က တန်ဆောင်နည်းပါးမှုနှင့် အတူ တန်ဆောင်းအမည်နာမများ မပေါ်ထွန်းသေးပါ။ ထို့အတူ ဝိဇ္ဇာ တန်ဆောင်းဟု နာမည်ကျော်လာ တော်မူမည့် တန်ဆောင်းသည်လည်း နာမည်မရှိပါ။ ဝိဇ္ဇာကြီးများ၊ ဘိုးဘိုးကြီး များ မကြာခဏ ကြွရောက် သီတင်းသုံး၍ စုဝေးတိုင်ပင် ဆွေးနွေးအမိဋ္ဌာန်ပြု ဘာဝနာ လာရောက် ပွားများသည်ကို အကြောင်းပြု၍ 'ဝိဇ္ဇာတန်ဆောင်း' ဟူ၍ အမည်တွင်လာပါသည်။ ဝိဇ္ဇာ တန်ဆောင်းဟု နာမည်ကျော် လူသိများ လာမှုနှင့်အတူ ဝိဇ္ဇာတန်ဆောင်းတွင် ရှေးယခင်အချိန်မှစ၍ ယခုတိုင်စည်ကား နေသည်မှာ ထူးခြားချက်တစ်ခု ဖြစ်ပါ သည်။


စာရေးသူအနေဖြင့်လည်း နာမည် ကျော်ကြား၍ ထင်ရှားသော ဝိဇ္ဇာတန် ဆောင်းသို့ မကြာခဏရောက်ဖြစ်ပါ သည်။ ရောက်ရသောအကြောင်းရင်းက ရှင်းပါသည်။ ဘာသာရေးဆောင်းပါး များအရေးများသူမို့ ဝိဇ္ဇာတန်ဆောင်း သို့ ရောက်ရောက်လာတတ်သည်။ ထို ဝိဇ္ဇာတန်ဆောင်းတွင် ဆုတောင်းပြည့် 'ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရား ကြီး' အပြင် မဟာိဒ္ဓိဆရာတော်၊ မဟာိဒ္ဓိ သိဒ္ဓိပုဂ္ဂိုလ်ကျော်ကြီးများ၏ ရုပ်တုတော် များ တည်ရှိနေခြင်းကလည်း တစ်ခါ ရောက်ဖူးလျှင် ထပ်ပြီးရောက်ရောက် လာရတတ်ပါသည်။ အဘပထမံဘိုးဘိုး အောင်ရုပ်တု၊ သာသနာ့ရှေ့ဆောင် ဘမင်းခေါင်ရုပ်တု၊ ယက္ကန်းစင်တောင် ဆရာတော်၊ ရှင်အဇ္ဇဂေါဏမထေရ်၊ အမေသူရဿတီမယ်တော်၊ စကြာမင်း စသည်ဖြင့် ရုပ်ပုံရုပ်တုတော်များ ထုလုပ် ပူဇော်ထားသည်မှာ သက်ရှိထင်ရှားနှင့် မခြား ကြည်ညိုလှပါသည်။ ရှေးယခင် ကပုံတော်တွင် ဘွဲ့နံမည်ပါသော်လည်း ဆေးအထပ်ထပ်သုတ်၍လားမသိ။ ယခု အခါ ပုံတော်၊ ရုပ်တုတော်တချို့တွင် ဘွဲ့တော်အမည်များ မတွေ့ရတော့ပါ။ စာရေးသူအထင် စစ်ကွင်းဆရာတော် ကြီးရုပ်တုတော်ပင် ထုလုပ်ပူဇော်ထား သည်ဟု ထင်ပါသည်။ သာမညဆရာ တော်ရုပ်ပုံတော်ပင် ရွှေချ၍ထုလုပ်ထား သည်ကို ဖူးရပါသည်။ ထို့ကြောင့် မဟာိဒ္ဓိ၊ သိဒ္ဓိပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များနှင့် တွေ့ ဆုံလိုသော စာရေးသူတစ်ယောက် ဝိဇ္ဇာတန်ဆောင်းသို့ ရောက်ရောက် လာသည်မှာ အဆန်းမဟုတ်တော့ပါ။

**ရုပ်ရှင်မင်းသမီးကြီး ဒေါ်သီတာခင်ထွေး အလှူတော်**

တစ်နေ့သ၌ စာရေးသူသည် ဝိဇ္ဇာ တန်ဆောင်း၌ ရွှေတိဂုံဘုရားရဲအဖွဲ့မှ ဆရာဦးချစ်တိုးနှင့် နှစ်ယောက်သား




ဝိဇ္ဇာတန်ဆောင်းမုခ်ဝ



သင်ဝင်ဖူးပါ။ အမုန်တကယ်ထူးမည်



ဝိဇ္ဇာတန်ဆောင်းတွင်းမုခ်ဝမှ ဇော်ဂျီရုပ်တု



ဝိဇ္ဇာတန်ဆောင်းမုခ်ဦးဝမှ ထူးခြားသောအင်းတော်ကြီး



ဝိဇ္ဇာတန်ဆောင်းတွင်းမှ
ထူးထူးခြားခြား အဓိဋ္ဌာန်ဝင် သူတော်စင်



www.burmeseclassic.com


www.burmeseclassic.com




ဇော်ဂျီရုပ်တုနှင့်
စာရေးဆရာ



ဝိဇ္ဇာတန်ဆောင်းနှင့်ဆက်နွှယ်သောအကြောင်း
အရာများအားရှင်းပြနေသောဦးမောင်မောင်ထွေး



ရုပ်ရှင်မင်းသမီးကြီး ဒေါ်ခင်သီတာခင်ထွေး၏မောင်တော်သူ ဦးမောင်မောင်ထွေးမှ
စာရေးသူအား ရှင်းပြ



လားရှိုးမှရောက်လာ အဘဘိုးမင်းခေါင်၏တပည့်များနှင့် စာရေးသူ

စကားပြောဆိုနေကြစဉ် အသံဝဲဝဲနှင့် ဘုရားရှိခိုး အာရုံပြုနေသော နဖူးပြင်ကျယ်ကျယ်လူတစ်ယောက်ကို သတိထားမိလိုက်ကြ၏။ ဝိဇ္ဇာမိုရ်ဘိုးဘိုးကြီးများကို ရှိခိုးကန်တော့သောအသံကိုပါ သတိပြုမိ၏။ ထိုအသံဝဲဝဲ၊ နဖူးကျယ်ကျယ်လူ ဘုရားရှိခိုးပြီးသောအခါ စာရေးသူမှ မိတ်ဆွေဖွဲ့လိုက်၏။

သူ့အမည်က ဦးမောင်မောင်ထွေးဟုခေါ်၏။ နေသည်က ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှာနေလေ၏။ သူက ရန်ကုန်တွင်မွေး၍ ရှမ်းပြည်နယ်မှာ ကြီးပြင်းသူဟု ဆို၏။ သူနှင့်အတူ ဘုရားဖူးလာသူများလည်းရှိ၏။ သူ့အနီးတွင်တွေ့ရသည်က ဒေါ်နန်းအေးမွန်နှင့် ဒေါ်နန်းမြဦးဆိုသူ ရှမ်းအမျိုးသမီးနှစ်ဦး ဖြစ်၏။ သူ၏ဓမ္မမိတ်ဆွေများဟု သိရပါသည်။ ဦးမောင်မောင်ထွေးက မြန်မာလူမျိုးဖြစ်၍ ရှမ်းပြည်နယ်မှာ အနေကြာသောအခါ အသံဝဲနေလေ၏။ သူငယ်စဉ်ကလေးဘဝက လူကြီးများနှင့်အတူ ဝိဇ္ဇာတန်ဆောင်းသို့ ရောက်လာဖူး၏။ ဝိဇ္ဇာတန်ဆောင်းတွင် ယက္ကန်းစင်တောင်ဆရာတော်၊ အဘပထမံဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်တို့အား ဝိဇ္ဇာတန်ဆောင်းတွင် ဖူးတွေ့မြင်ဖူးသူ ဖြစ်၏။ ဘဝပဋ္ဌာန်းဆက်ကြောင့်ဟုထင်ရ၍ ထိုအခါမှစ၍ ယခုတိုင် ဂုဏ်တော်ပွားများပြီး ဘိုးဘိုးကြီးများအား ဦးထိပ်ပန်ဆင်ထားပါကြောင်း၊ ယခုလည်း အဘတို့ညွှန်ကြားမှုနှင့် ရွှေတိဂုံဘုရားလာဖူး ဝါဆိုသင်္ကန်း၊ ရွှေသင်္ကန်းလှူပြီးနောက် ယခု ဝိဇ္ဇာတန်ဆောင်းသို့ လာရောက်ပါကြောင်း၊ ရှေးယခင် ၎င်းငယ်စဉ်က ရုပ်ပွားတော်ကြီးတစ်ဆူသာရှိကြောင်း၊ နောင်မှာ တစ်ဆူပြီးတစ်ဆူ တိုးလာပါကြောင်း၊ ယခုရုပ်ပွားတော်များ အများကြီးဖူးရပါကြောင်း၊ တစ်ဆက်တည်း ဦးမောင်မောင်ထွေးက ဝိဇ္ဇာတန်ဆောင်းအဝင်အဝမှ ရုပ်ပွားတော်ကြီးတစ်ဆူထံ စာရေးသူအား လက်ဆွဲခေါ်လာပြီး -

"ဒါ ရုပ်ရှင်မင်းသမီး သီတာခင်ထွေးလှူတဲ့ဘုရား"

ဦးမောင်မောင်ထွေးပြသ၍ကြည့်လိုက်ရာ ကမ္ပည်းကျောက်ပြားကလေးက ပလ္လင်ခုံတွင် တွေ့လိုက်ရ၏။ 'ရုပ်ရှင်မင်းသားကြီး ဦးတင်ငွေနှင့် မင်းသမီး ဒေါ်သီတာခင်ထွေး' ဟူသော အလှူရှင်အမည်ကို ဖတ်ပြီးဖြစ်နေ၏။

"သီတာခင်ထွေးနဲ့ ကျွန်တော်က

www.burmeseclassic.com

မောင်နှမတော်တယ်ဗျ"

ဟု အစချီလျက် -

"သီတာခင်ထွေးတို့ကတော့ ဘိုးဘိုးကြီးတွေ မဖူးလိုက်ရဘူး။ ဒါပေမယ့် ဘိုးဘိုးကြီး သီတင်းသုံးခဲ့တဲ့ ဝိဇ္ဇာတန်ဆောင်းမှာ မှတ်မှတ်ရရ ဘုရားလှူမယ်ဆိုပြီး အဓိဋ္ဌာန်ပြု ဆုတောင်းတာ ဆုတောင်းပြည့်ပြီး နာမည်ကြီးလာ၊ ငွေဝင်လာလို့ ဆုတောင်းပြည့်တယ်ဆိုပြီး ဘုရားလှူဖြစ်ကြတယ်။ ရုပ်ရှင်မင်းသမီးကြီးဒေါ်ခင်ညွန့်လည်းလှူတယ်။ ဒီဘက်ဘုရားက မင်းသမီးကြီး ဒေါ်ခင်ညွန့် လှူတာ။ သေချာစွာ ရှိသေစွာ စိတ်ကြံသမှု အဓိဋ္ဌာန်ပြုကြပါ။ တကယ်ဆုတောင်းပြည့်ပါတယ်ဗျာ"

ဦးမောင်မောင်ထွေးရဲ့ ဝမ်းသာသော ဝမ်းမြောက်ဖွယ် ရင်ခေါင်းသံနှင့် စကားကြားလိုက်ရသည်မှာ စာရေးသူသည် ကြက်သီးမွေးညင်းထသည်အထိ ပီတိဖြစ်ရ၏။

**ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီးနှင့် ဝိဇ္ဇာတန်ဆောင်း**

ရှေးယခင်က ဤတန်ဆောင်းတော်ကြီးတွင် ဘိုးတော်ကြီးများ၊ မဟိဒ္ဓိဆရာတော်ကြီးများ အဓိဋ္ဌာန်ပြု မာတ်ပန္နက်ချ၊ ဝိဇ္ဇာရေဂမ္ဘီရလမ်းစဉ်များ၊ လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ကြခြင်း အကြောင်းပြု၍ ဝိဇ္ဇာတန်ဆောင်းတော်ကြီးတွင် ထွက်ရပ်ပေါက်လမ်းလိုက်သူများ၊ အဓိဋ္ဌာန်ဝင်သူများ၊ သမထ၊ ဝိပဿနာတရားပွားများ သူတော်စင်များ အစဉ်မပြတ် ကြွရောက်ကြလျက် ဘာဝနာပွားများနေကြလေ၏။ ဝိဇ္ဇာရေကျင့်စဉ်လမ်း အထက်တန်းသို့တက်လှမ်းလိုသူများသည် သမာဓိကို စုစည်း အဓိဋ္ဌာန်ဝင်ကြသောအခါ မမြင်ရသောလောကမှ အမှောင့်ပယောဂတို့က ဆိုင်းမဆင့်ဗုံမဆင့်ရောက်လာတတ်ကြလေ၏။ ချောမောလှပသော မာတုဂါမတို့နှင့် လိုရာဆွဲဆောင် အမှောင်အမြှက်တိုက်ကြ၏။ ထိုအခါ မိမိကိုးကွယ်အားထား ဘာသာတရားများကိုပင် အကြည်ညိုပျက်အောင် အာရုံကိုလှည့်စားကြ၏။ ကြောက်လန့်ဖွယ် ခြောက်လှန့်ကြ၏။ မိမိသမာဓိခိုင်အောင်ပြု၍ အခါတစ်ပါး ဘယ်ဆီမှမသွားပါဘဲ သတိပဋ္ဌာန်တရား လက်မလွှတ်သွားစေဘဲ ပွားများအားထုတ်ခြင်းဖြင့် အဖျက်အမှောင့်ရန်အန္တရာယ်မှ ကျော်လွှန်လွတ်မြောက်ချမ်းသာခြင်း အဓိဋ္ဌာန်ပြီးမြောက် ခရီးရောက်မည် ဖြစ်ပါသည်။

သာယာဝတီ ဆရာတော်ဘုရားကြီး အမိန့်ရှိတော်မူခဲ့သည့်အတိုင်း 'အလုံးစုံသိဒ္ဓိ အဆိပ်ရှိ' ဟူသကဲ့သို့ မဟိဒ္ဓိသိဒ္ဓိခရီးကား လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက် ခက်ခဲသောလုပ်ငန်း ဖြစ်၏။ (စိတ်ဓာတ်ကျရန်ညွှန်းဆိုခြင်း မဟုတ်ပါ။ ဖြစ်တတ်သောသဘောသဘာဝကိုပြောခြင်းဖြစ်ပါ၏။) လူတို့မှာ ဣဿာမစ္ဆရိယ ဆိုသည့် မနာလိုဝန်တိုခြင်း၊ သူတစ်ပါး မိမိထက်သာပါက, ချမ်းသာပါက, တိုးတက်ပါက အလိုလို မနာလို ဝန်တိုတတ်သကဲ့သို့ မမြင်ရသောလောကတွင်လည်း ၎င်းတို့မှာရှိ တန်ခိုးသိဒ္ဓိထက် ပိုမိုသာလွန်သော ဝိဇ္ဇာဓရဂမ္ဘီရအတတ်ပညာရပ်တစ်ရပ်အောင်မြင်ခါနီး၌ အခြေခံသိဒ္ဓိကလေးပင်ဖြစ်ငြားသော်လည်း မပေးလိုကြ။ နှောင့်ယှက် ဖျက်ဆီးကြ၏။ သမာဓိခိုင်မာအောင် မတည်ဆောက်ထားဘာဝနာပွား အဓိဋ္ဌာန်ဝင်သူများတချို့တို့မှာ စိတ်ကစဉ့်ကလျားလွင့်ပါးခြင်း၊ ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ခြင်း စသည်ဖြင့် လက်မြောက် အရှုံးပေးသွားသူများကများလှ၏။ သို့မို့ကြောင့် သာယာဝတီဆရာတော်ဘုရားကြီးက 'အလုံးစုံသိဒ္ဓိအဆိပ်ရှိ' ဟု သိဒ္ဓိလိုင်း၊ မဟိဒ္ဓိလိုင်းလိုက်စား ဘာဝနာပွားသူများကို သတိပေးစကား မိန့်ကြားခဲ့ခြင်း ဖြစ်လေ၏။

လောက၏သဘောသဘာဝအရ သမထလိုင်းပွားများ သူတော်ကောင်းများ ဝိဇ္ဇာတန်ဆောင်း၌ အဓိဋ္ဌာန်ဝင်ကြရင်း မမြင်ရသောလောကမှ အနှောင့်အယှက်များကင်းစွာ လိုရာပန်းတိုင်အရောက်လှမ်းနိုင်ရေးအတွက် ကျေးဇူးရှင် စစ်ကွင်းဆရာတော်ဘုရားကြီးဦးစန္ဒောဘာသအရှင်သူမြတ်ကြီးသည် ကျိုက်ထီးရိုးတောင်ဘုရားသနှင့် တိုင်ပင်သမှု စည်းဝေးပြုပြီးနောက် အတိုက်အခိုက် ရန်စွယ်အန္တရာယ်မှ ကျော်လွှန်လွတ်မြောက် ချမ်းသာခြင်းသို့ရောက်စေသော အင်းတော်ကြီးတစ်ချပ်ကို စီရင်၍ ဝိဇ္ဇာတန်ဆောင်းကြီးအဝင်အဝမုခ်ဦးထိပ်တွင် တင်လှူပူဇော်ထားရှိတော်မူပါသည်။

(မှတ်ချက် - စာရေးသူ၏ဘဝခရီးလမ်း သာသနာရေးလမ်းတစ်လျှောက် မြင်ဖူးသမျှ အင်းတော်များတွင် ထိုဝိဇ္ဇာတန်ဆောင်းမုခ်ဝထိပ်ဦးမှာ တည်ထားကြေးပြားအင်းတော်ကြီးသည် အကြီးမားဆုံး တွေ့ရခြင်းဖြစ်၍ တအံ့တသြဖြစ်မိပါသည်။ဓာတ္တာပေါ်တွင် အကြီးမားဆုံးအင်းတော်ကြီးဟု ထင်ရပါသည်။)

ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီးသည် ကျိုက်ထီးရိုးတောင် ဘုရားသနှင့် တိုင်ပင်သမှု စည်းဝေးပြု၍ ရေးဆွဲစီရင်အပ်သော အန္တရာယ်ကင်းအင်းတော်ကြီး ဝိဇ္ဇာတန်ဆောင်းမုခ်ဝထိပ်ဦးတွင် တင်လှူပြီးသောအချိန်မှစ၍ ဝိဇ္ဇာတန်ဆောင်းမှာတည်ရှိ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားကြီးတွင် အဓိဋ္ဌာန်ဝင်ကြသူများ၊ ဝိဇ္ဇာလိုင်းလိုက်စားသူများ၊ သမထ၊ ဝိပဿနာပွားများအားထုတ်ကြသူများ၊ ဥပုသ်သီလပြုသူများ၊ စိတ်ကြံသမှု အဓိဋ္ဌာန်ပြုကြသောအခါ လိုရာသာသနာခရီးလမ်းတွင် ဘဝအောင်ပန်းထွေပွင့်ကြလျက် အန္တရာယ်ကင်းကင်းဘေးတွေရှင်း လက်ငင်းကျန်းမာ စိတ်ချမ်းသာသောအကျိုးထူးတွေ လက်တွေ့စံစား ခံစားကြရပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဝိဇ္ဇာတန်ဆောင်းကြီးမှာ ပုတီးစိပ်ကြပါ**

ဓမ္မမိတ်ဆွေများအနေဖြင့် ယခုနေရထိုင်ရဘဝမှာ မရှင်မလန်း ခပ်နွမ်းနွမ်းဖြစ်နေကြပါလျှင် အဓိဋ္ဌာန် (၉) ရက်စခန်းဝင်၍ သွေးလွတ်သားလွတ်စား၊ ဂုဏ်တော်ပုတီးနှင့် ပွားများအားထုတ်ကြရပါလိမ့်မည်။

တချို့ အဓိဋ္ဌာန်ဝင်ကြသူများက တစ်နေ့ ဂုဏ်တော်ပုတီး (၉)ပတ်စိပ်၊ သွေးလွတ်သားလွတ်စားကာ မေတ္တာဘာဝနာပွားများကြ၏။ တချို့က ဝိဇ္ဇာတန်ဆောင်းမှာ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဂုဏ်တော် နေ့စဉ် (၁၀၀၀) ပုတီးစိပ်၍ စိတ်ကြံသမှု အဓိဋ္ဌာန်(၉)ရက်ပြုကြ၏။

ဂုဏ်တော်ပွားများ အဓိဋ္ဌာန်ဝင်သူများသည် လိုအင်ဆန္ဒပြည့်ဝခြင်း၊ စီးပွားတိုးတက်ခြင်း၊ ရာထူးတိုးခြင်း၊ စာမေးပွဲအောင်ကြခြင်း၊ ကျန်းမာရေးအထူး ကောင်းမွန်ခြင်း စသည့် ထူးထူးခြားခြား လောကီ၊ လောကုတ် နှစ်ဖြာသောအကျိုးတွေ ခံစားစံစားကြရသည်ဖြစ်၍ စာရှုသူများ ယခုပင်လျှင် အဓိဋ္ဌာန်ဝင်၊ လိုရာဆုတောင်းပြည့်ကြမှာ အမှန်ဖြစ်ပါကြောင်း စိတ်စေတနာကောင်းဖြင့် လမ်းညွှန်အပ်ပါသည်။

ဝိဇ္ဇာတန်ဆောင်းမှာ ပုတီးစိပ်ကြပါ။

မေတ္တာများစွာဖြင့်

ကံဝင်း



www.burmeseclassic.com

www.burmeseclassic.com

# မောင်ကျောက်တိုင်

## မေတ္တာပို့လျှင်ရောက်သလား



ဗုဒ္ဓဘာသာမြန်မာတိုင်း မေတ္တာပို့လေ့ရှိကြသည်။ ဘုရားရှိခိုးပြီးတိုင်း 'အဝေရာ ဟောန္တု' စသည်ဖြင့် မေတ္တာပို့လေ့ရှိသည်။ ဘုရားရှိခိုးခြင်း၏အစိတ်အပိုင်းတစ်ရပ်အနေဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း မေတ္တာပို့ကြသည်။ ပို့သောမေတ္တာရောက်ပါသလား။

ဤမေးခွန်းမှာ မေတ္တာ၏စွမ်းအားအား မယုံကြည်၍ထုတ်ခြင်းမဟုတ်။ ရိုးလာပို့နေကျအတိုင်းပို့နေသူများအတွက် မေတ္တာစွမ်းအားကို ပိုမိုယုံကြည်စေရန်နှင့် မေတ္တာပို့နည်းကို ပို၍တိကျသေချာစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ပိဋကတ်စာပေအနေဖြင့်လည်း မေတ္တာအာနိသင်ကို အပ်ကြောင်းချင်းထပ်နေအောင် ဘုရားရှင်က ဟောကြားခဲ့ပြီး ဖြစ်သည်။ အထူးသဖြင့် ဘုရားရှင်ကို နာဠာဂီရိဆင်ကြီးကလိုက်ရာတွင် (နာဠာဂီရိဆင်ကြီးနှင့်ရင်ဆိုင်ရာတွင်) လောကုတ္တရာဉာဏ်ဖြစ်သော မဂ်ဉာဏ်ကို အသုံးမပြုဘဲ မေတ္တာအစွမ်းဖြင့်သာ အောင်နိုင်ခဲ့သည်။ မေတ္တာ၏အာနိသင်မှာ သူနေရာနှင့်သူဆိုလျှင် မဂ်ဉာဏ်ထက်ပင် ထက်မြက်သည်။

ယခုခေတ်သည် သိပ္ပံခေတ် ဖြစ်လေသည်။ သိပ္ပံနည်းကျဆိုသော ဝေါဟာရမှာ အလွန်ခေတ်စားလှသည်။ ဗုဒ္ဓဘာသာကိုပင် သိပ္ပံနည်းကျဟုဆိုကြသည်။ သိပ္ပံနည်းကျဆိုသည်မှာ ကျိုးကြောင်းဆင်ခြင်တုံတရားဖြင့် လက်တွေ့သာဓကပြနိုင်ခြင်းကို ဆိုသည်ဟု စာရေးသူ ခံယူထားပါသည်။

အောက်ဆီဂျင်မြူ (၁) လုံးနှင့် ဟိုက်ဒရိုဂျင်မြူ (၂) လုံးကို ပေါင်းလျှင် ရေဖြစ်ကြောင်း ဓာတ်ခွဲခန်းထဲ၌လုပ်ကြသလို မေတ္တာအစွမ်းရှိကြောင်း၊ မေတ္တာကို ရုပ်ဝတ္ထုပစ္စည်းများကို ပေးပို့သလို ပေးပို့၍ ရကြောင်းကိုလည်း လက်တွေ့သာဓကပြရန်လိုသည်။ ထိုသို့ပြနိုင်မှလည်း မေတ္တာ၏အာနိသင်ကို ယုံကြည်လေးစားသူများလာမည်။

ဓာတ်၏ စွမ်းအင်၊ မေတ္တာ၏အာနိသင်ကို လက်တွေ့စူးစမ်းရှာဖွေ၍ လက်တွေ့သာဓကပြရန် ကြိုးပမ်းကြသော မနောသုတေသီတစ်စုရှိသည်။ စာရေးသူလည်း ဤအဖွဲ့တွင် အပါအဝင်ဖြစ်သည်။ မနောသုတေသီများသည် လပြည့်နေ့ညတိုင်းလိုပင် ရွှေတိဂုံဘုရားပေါ်တွင် တစ်ညလုံး မေတ္တာဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com

ပွားများ၍ ကမ္ဘာသူကမ္ဘာသားများနှင့် ပရလောကကြီးတစ်ခုလုံးအား မေတ္တာပို့ကြသည်။ မေတ္တာပို့ရာတွင် နှုတ်မှ အဝေရာ ဟောန္တုပို့ရုံ၊ ယသ္မာယနုဘာဝတော အစရှိသော မေတ္တာသုတ်ရွတ်ဖတ်ရုံဖြင့်သာမက ကမ္မဋ္ဌာန်းလေးဆယ် အပါအဝင်ဖြစ်သော မေတ္တာကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းကြသည်။

မေတ္တာ ဆိုသည်မှာ ကိုင်တွယ်ထိတွေ့မရသောနာမ်ပစ္စည်းဖြစ်လေရာ နာမ်ပစ္စည်းကို တစ်နေရာသို့ပို့လိုက နာမ်ဓာတ်ဖြစ်သော မနော (ဝါ) စိတ်ဖြင့်ပို့မှရမည်ဟု သုတေသီများက ယုံကြည်ကြသည်။

ထို့ကြောင့် မေတ္တာကိုရောက်အောင်ပို့လျှင် မေတ္တာကို သယ်ဆောင်သော ယာဉ်ရထားဖြစ်သည့်စိတ် (ဝါ) မနောကို အစွမ်းကောင်းအောင်၊ အားကြီးအောင်၊ မေတ္တာဝန်သယ်နိုင်အောင် ကြိုးပမ်းပြုပြင်ထားရန်လိုမည်။ အလေးချိန် (၅) တန်ရှိသော ကုန်ပစ္စည်းကို သုံးဘီးကားဖြင့် သယ်မရနိုင်။ (၅) တန်လော်ရီကားကြီးများဖြင့်ဆယ်မှသာ လိုရာရောက်သကဲ့သို့ မေတ္တာကို သယ်ဆောင်သော မနောယာဉ်ကလည်း အားကောင်းရန်၊ အစွမ်းရှိရန်လိုသည်။

ဤသို့ဖြစ်လျှင် စိတ် (ဝါ) မနောအားကောင်းအောင် မည်သို့လုပ်မည်နည်း။

သမ္မဋ္ဌာန်းလေးဆယ် စသော သမားရိုးကျနည်းများနှင့် မနောသိဒ္ဓိနည်းနှစ်နည်းစလုံးဖြင့် ပြုလုပ်ပေးနိုင်သည်။ ဤနည်းအားဖြင့် စိတ္တသမာဓိဖြစ်နေချိန်တွင် မိမိပို့လိုရာသို့ မေတ္တာပို့လျှင်ရောက်သည်ကို အောက်ပါအတိုင်း သာဓကပြနိုင်သည်။

မေတ္တာအပို့ခံရမည့် ပုဂ္ဂိုလ်သည် သက်သာစွာ (Relaxation) လုပ်၍ စိတ္တသမာဓိရအောင် တည်ငြိမ်စွာနေပြီးလျှင် ပေးပို့သော မေတ္တာကို ခံယူရန်စေတနာ ရှေ့ထား၍နေရမည်။

မေတ္တာပို့လိုသူတစ်ဦး သို့မဟုတ် အများက ဘေးမှနေ၍လည်းကောင်း၊ ရှေ့မှနေ၍ လည်းကောင်း မေတ္တာပို့နိုင်သည်။ ပို့သူများလျှင် ဘေးပတ်လည်ဝိုင်း၍ပို့နိုင်သည်။

မေတ္တာမပို့မီ ကြိုတင်ပြင်ဆင်မှုများမှာ -

က။ မေတ္တာပို့မည့်နေ့တွင် မေတ္တာပို့လိုသူများကို ရှောင်ကြဉ်ရမည်။

ခ။ မေတ္တာပို့ခံမည့်သူအား ကိုယ်ချင်းစာ၍မေတ္တာစေတနာထားရမည်။

ဂ။ မပို့မီ မိမိထက်သန်ရာနည်းလမ်းဖြင့် စိတ္တသမာဓိဖြစ်အောင် ပြုလုပ်ထားရမည်။

ဃ။ မေတ္တာပို့ခံရမည့်သူကို မည်သည့်ကိစ္စအတွက် မေတ္တာပို့ရမည်ကိုလည်း ရှင်းလင်း ပြတ်သားစွာ ရည်ရွယ်ချက်ရှိရပါမည်။ ဥပမာ ကျန်းမာရေးအတွက်လော၊ စီးပွားရေးအတွက်လော၊ ဝါးလုံးရှည်ဖြင့် သဗ္ဗေသတ္တာဟုမဆိုဘဲ ပို့လိုသူ ပုဂ္ဂလိဋ္ဌာန်သို့ပို့လိုသောအချက်၊ ပြေလည် အေးမြစေလိုသော အချက်ကိုသာ ပို့ရန်ဖြစ်သည်။

င။ ဆိတ်ငြိမ်သော ပတ်ဝန်းကျင်ရှိရမည်။

ပို့သောအခါ -

၁။ ကိုယ်ချင်းစာသော သဘောဖြင့် မိမိကိုယ်တိုင် ဒုက္ခမှလွတ်မြောက်သောအခါ ခံစားရသော ပီတိသန္တာန်မျိုးကို ပထမတွေးပါ။

၂။ ထိုလွတ်မြောက်သော သန္တာန်ပီတိအတိုင်း အပို့ခံမည့်သူ၏ သန္တာန်နှင့် သူ၏ ခံစားမှုပီတိကို ရုပ်လုံးပေါ်ပေါက်အောင် စိတ်ဖြင့် သရုပ်ဖော်ကြည့်ပါ။

၃။ ဤသို့ တစ်ကြိမ်ကြည့်ပြီး 'ချမ်းသာပါစေ၊ ကျန်းမာပါစေ'ဟု မေတ္တာပို့ချိန်မှာ အနည်းဆုံး စက္ကန့် (၄၀) ကြာရမည်။ (အာရုံတစ်ခုလျှင် စက္ကန့် (၄၀) ခန့် တည်မြဲစွာရှိမှ သမာဓိမြောက်သည်ဟု သိပ္ပံနည်းကျ သမာဓိစမ်းကိရိယာဖြင့် စမ်းသပ်ချက်အရ သိရသည်။)

၄။ ကိုယ်ချင်းစာ၍ တစ်ချက်ပို့တိုင်း လိုက်လံစွာ ခံစားမှုဖြင့် ပို့ရမည်။ ခံစားမှုမပါလျှင် မေတ္တာအရာမရောက်ဖြစ်တတ်သည်။

၅။ ဤသို့ မေတ္တာပို့ခိုက်တွင် မိမိစိတ်မပြန့်လွင့်စေရန် အမြဲသတိချုပ်၍ မေတ္တာပို့သူအား ကြင်နာသနားသော ကရုဏာမေတ္တာဓာတ်တို့ဖြင့် အစဉ်ပြည့်ဝနေရမည်။

ဤအချက်တို့အတိုင်း ကိုက်ညီအောင် မေတ္တာပို့ရာတွင် အပို့ခံရသူ၏ နှာသီးကို စိုက်၍ပို့လျှင် အပို့ခံရသူသည် သူ၏နှာရောင်ကြား၌ ထူးခြားသော ခံစားမှုများ သိသာစွာဖြစ်ပေါ်လာသည်။ ရင်ဝကိုစိုက်၍ပို့လျှင် နှလုံးအေးချမ်းကာ ဒန်းစီးရသကဲ့သို့ ခံစားရမည်။ ပို့သူက သူ့မေတ္တာကို လှိုင်းသဖွယ် တင်စား၍



မေတ္တာလှိုင်းပို့လျှင် အပို့ခံရသူသည် ငြိမ့်ခနဲ လှိုင်းစီးရသကဲ့သို့ ခံစားရမည်။ မေတ္တာပို့အားကောင်းလျှင် အပို့ခံရသူသည် နွေရာသီနေပူပူတွင် သမ္မတရုပ်ရှင်ရုံထဲဝင်လိုက်ရသလို စိမ့်ခနဲစိမ့်ခနဲခံစားရမည်။

လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးဒုက္ခများမှလွတ်သွားခြင်း၊ စီးပွားရေးပြဿနာများ ပြေလည်သွားခြင်း၊ ကျန်းမာလာခြင်း၊ သေဘေးမှလွတ်ကင်းခြင်း စသော သာဓကများကို မှတ်တမ်းတင်ထားပါသည်။ အထက်ဖော်ပြပါ အချက်များမှာ ၁၉၇၂ နှင့် ၁၉၇၃ ခုအတွင်း အကြိမ်ပေါင်း (၂၀) ကျော် စမ်းသပ်တွေ့ရှိချက်မှ ထွက်ပေါ်လာသောရလဒ်များ ဖြစ်ပါသည်။

မေတ္တာစွမ်းအင်ကို လက်တွေ့စမ်းသပ် ခံစားလိုသော ပုဂ္ဂိုလ်များကို လူမျိုး၊ ဘာသာမရွေး စမ်းသပ်ပို့သရန် မနောသုတေသီများအနေဖြင့် အသင့်ရှိကြသည်။

ဖော်ပြပါ မေတ္တာပို့နည်းအပြင် ဓမ္မမိတ်ဆွေများ၊ စုဝေး၍တစ်ချိန်တည်း တစ်နေရာတည်းသို့ မေတ္တာပို့နည်း၊ ဝိုင်းကြီးပတ်ပတ်မေတ္တာပို့နည်း၊ အနောဒိဿမေတ္တာပို့နည်း စသည်တို့ကိုလည်း အကြိမ်ကြိမ် လက်တွေ့ စမ်းသပ်၍ သုတေသနပြုထားပါသည်။

အကယ်၍ သင်သည် မေတ္တာပို့လျှင်ရမလားဟု သံသယဖြစ်ငြားက တစ်ခါလောက် မေတ္တာပို့ခံကြည့်စမ်းပါဟူ၍သာ ဖိတ်ခေါ်လိုပါသည်။

နောက်လတွင် မေတ္တာပို့လျှင် ရောက်ကြောင်း အဖြေထုတ်ပါမည်။

မောင်ကျောက်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ဘိုးမင်းခေါင်သည် လွန်ခဲ့သည့် နှစ် (၇၀) ကျော် ပုပ္ပားတောင်တွင် မြန်မာပြည်၏ သာသနာတွင် တစ်စိတ်တစ်ပိုင်း တာဝန်ယူခဲ့ဖူးသည်။ ထိုစဉ် အချိန်က မြန်မာပြည်သည် သူ့ကျွန်ဘဝကို ရောက်ရှိနေချိန်ဖြစ်ပြီး တခြားသော ဘာသာခြားများ၏သာသနာလွှမ်းမိုးနေချိန်လည်း ဖြစ်သည်။

၁၂၇၄ ခုနှစ် (အေဒီ-၁၈၈၅) မှာ အင်္ဂလိပ်တို့ မြန်မာပြည်ကို သိမ်းပိုက်ပြီးတဲ့အချိန်အခါမှာ သာသနာ့ဒါယကာ ဘုရင်မင်းအစိုးရတို့မရှိတော့ပေ။ သာသနာညှိုးမှိန်စရာဖြစ်လာတဲ့အတွက် ပြည်သူတွေက စိတ်အားညှိုးနွမ်းအားငယ်နေချိန်ပေါ့။ မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးသုံးနှစ်အကြာ ၁၂၅၀ ပြည့်နှစ်မှာ သာသနာတော်ကြီးကို ကာကွယ်ဖို့ ဝိဇ္ဇာတွေစည်းဝေးဆွေးနွေးခဲ့ကြသည်ဟု ဆိုလေသည်။ ရှင်မထီးဆရာတော်၊ ဆံရှည်ဆရာတော်ဦးကောဏ္ဍည၊ ပထမံဘိုးဘိုးအောင်၊ ရက်ကန်းစင်တောင်ဆရာတော်ကြီးနှင့် အဘဘိုးမင်းခေါင်တို့ စည်းဝေးတိုင်ပင်ပြီး ဗုဒ္ဓသာသနာတော်ကြီးကို ကာကွယ်စောင့်ရှောက်ချီးမြှင့်ဖို့ စီစဉ်ခဲ့ကြသည်။

# မျိုးဝေမြိုင်

## ဘိုးမင်းခေါင်နှင့် အချုပ်အနှောင်မှလွတ်မြောက်စေသည့်ဂါထာ



ထို့အတွက် အဘဘိုးမင်းခေါင်

www.burmeseclassic.com

သည် ပုပ္ပားတောင်တွင် စခန်းချကာ (၇) ရက်သားသမီးများကို အကြောက်တရားဖြင့် လည်းကောင်း၊ အသိဉာဏ်တရားဖြင့် လည်းကောင်း၊ တဘောင်စာများ ရွတ်ဆိုသတိပေးခြင်းဖြင့် လည်းကောင်း၊ မြန်မာပြည်သူတို့၏ အသိဉာဏ်အလင်းတံခါးကို ဖွင့်လှစ်ပေးခဲ့သည်။

ဝတ်ဆင်ထားပုံမှာ ပင်နီတိုက်ပုံအင်္ကျီကို ဝတ်ဆင်ထားပြီး အောက်တွင် ပုဆိုးအကွက်ကျဲကြီးဖြင့် အမြဲနေထိုင်လျက်ရှိ၏။ ရေချိုးခြင်းမရှိ၊ ရေသောက်ခြင်းမရှိ၊ ရေနွေးကြမ်းကိုသာ သောက်သည်။ ရေနွေးကြမ်းကိုလည်း ပူပူနွေးနွေး ခါးခါးသောက်၏။ တစ်ခါတလေ ကျွေးသူရှိက စား၏၊ ကျွေးမည့်သူမရှိလျှင် မစား။ တချို့တပည့်သားသမီးများပြောသည်က အသားငါးမစားဘဲ သက်သတ်လွတ်စားသည်ဟု ဆိုသည်။ တချို့က လည်း အဘသည် ဝက်သားအရမ်းကြိုက်သည်ဟု ဆိုသည်။ မည်သည်က အမှန်ကိုတော့ မသိ။

ဧရာဝတီမြစ်ထဲတွင် ရေပေါ်လမ်းလျှောက်ပြခြင်း၊ ငှက်ပျောရွက်ပေါ်တက်အိပ်ပြခြင်း၊ နွေရာသီ အလွန်ပူသည့်အချိန် သွပ်မိုးပေါ်မှာတစ်နေကုန်တက်အိပ်နေခြင်း၊ ဆောင်းရာသီအလွန်အေးတဲ့အချိန် တစ်နေ့လုံး ရေစိမ်နေခြင်း၊ ကိုယ်ခွဲရုပ်ခွဲများခွဲ၍ ကန်တော့ခံခြင်း၊ သူတစ်ပါးစိတ်အကြံအစည်ကို လျင်မြန်စွာသိခြင်း၊ လိုအပ်လာလျှင် ဧရာမကြီးမားတုတ်ခိုင်တဲ့သစ်ပင်ကြီးကို လက်တစ်ဖက်တည်းဆွဲနုတ်ပြခြင်း၊ ဝါးရုံပင်များကိုဆွဲနုတ်ပြခြင်း အစရှိသည့် တန်ခိုးသိဒ္ဓိထူးများကို ပြသတတ်သည်။

ထိုစဉ်အချိန်က အဘဘိုးမင်းခေါင်ကို မယုံကြည်သူကများ၏။ ထိုထဲတွင် လူသေလူဖြစ်စာကိုရေးသားခဲ့သည့် တောတွင်းကြီးမြို့နယ် နတ်မီတောရရှင်ဉက္ကဋ္ဌလည်း အပါအဝင် ဖြစ်သည်။

တစ်နေ့ ရှင်ဉက္ကဋ္ဌနှင့် လက်ပံတန်းမြို့နယ် အဘိဓမ္မာညဝါတက္ကသိုလ် ဒွါရဂိုဏ်းဝင် အဘိဇေမဟာရဋ္ဌဂုရု သဒ္ဓမ္မောဒယဆရာတော်တို့ကို ဂျပန်တို့က နိုင်ငံရေးပုဒ်မဖြင့် သာယာဝတီထောင်တွင် အကျဉ်းချခံနေရသည်။

ဆရာတော် သဒ္ဓမ္မောဒယဆရာတော်ကြီးက -

"ငါတို့ ဒီလောက် သာသနာတော်အကျိုးကိုဆောင်ရွက်နေတာမှန်ပါလျက်နဲ့ ခုလိုမတရားသဖြင့်ထောင်ချအကျဉ်းကျခံနေရတာနှစ်နာလွန်းလှတယ်။ ငါတို့ကိုကယ်ဆယ်မယ့်နတ်ကောင်းနတ်မြတ်တွေ မရှိကြတော့ဘူးလား။ နောက်ပြီး ပုပ္ပားတောင်ကလပ်မှာ အစွမ်းထက်မြက်တယ်ဆိုတဲ့ ဘိုးမင်းခေါင်လားဘာလား အဲဒီပုဂ္ဂိုလ်ကြီးကလည်း သာသနာပြုနေတယ်ဆိုပြီး ငါတို့ ခုလိုသာသနာပြုနေလျက်နဲ့ မတရားထောင်သွင်းအကျဉ်းချခံနေရတာ ဆွဲထုတ်မပေးနိုင်ကြဘူးထင်ပါရဲ့။ နေနိုင်ရက်ကြပါပေတယ်"

ဆိုပြီး ဆရာတော်ကြီးက ထောင်ထဲကနေပြီး ညည်းတွားမိသတဲ့။

ဆရာတော်ကြီး အဲလိုတပြီးညည်းတွားပေမယ့်လည်း ဘိုးမင်းခေါင်ကို တစ်ခါမှ မတွေ့ဘူး၊ မမြင်ဖူးဘူး။ သူ့ရဲ့အစွမ်းတွေကို ကြားဖူးပေမယ့်လည်း အယုံကြည်မရှိခဲ့ဘူးပေါ့။ သည်လိုပဲ အခက်အခဲကြုံတွေ့တော့ အားကိုးစရာမရှိတော့ မယုံကြည်ပေမယ့်လည်း ရွဲ့ညည်းညည်းလိုက်တဲ့သဘောပေါ့။

မကြာမီရက်ပိုင်းအတွင်းမှာ ဆရာတော်နှစ်ပါးဆီကို ညဉ့်နက်သန်းခေါင်ကျော်ချိန် အဘိုးကြီးတစ်ဦး ထောင်ထဲကို ရောက်လာပြီး နှုတ်ဆက်တယ်။

"ကိုယ်တော်နှစ်ပါး နေကောင်းကြရဲ့လား"

ဆရာတော်နှစ်ပါးကလည်း အံ့သြပြီး -

"ဒကာကြီး ထောင်ထဲကိုဘယ်ကနေဝင်လာတာတုံး။ ဒကာကြီးနာမည် ဘယ်လိုခေါ်သတုံး။ ဘယ်ကလာတာတုံး"

အစရှိတာတွေကိုမေးတော့ အဘိုးအိုမှ -

"ကိုယ်တော်တွေ ဒါတွေမေးမနေပါနဲ့။ ကိုယ်တော်တို့ခေါ်လို့ တပည့်တော်လာရတာပါ။ ကိုယ်တော်တို့ ဒီထောင်ထဲကနေမြန်မြန်လွတ်ချင်သလား။ လွတ်ချင်ရင် ရော့ - ဒီပုတီးကုံးကိုယူပြီး ဒီဂါထာကိုရွတ်ကြ၊ စိပ်ကြ။ တစ်ပတ်အတွင်း ကိုယ်တော်နှစ်ပါးလွတ်လိမ့်မယ်"

ဟု ပြောပြောဆိုဆိုနှင့် ဆရာတော်ကြီးနှစ်ပါး၏ ရှေ့မှောက်တွင် ပျောက်သွားလေတော့၏။

ဆရာတော်နှစ်ပါးလည်း အဘိုးအိုပေးသော ပုတီးနှင့် ဂါထာကိုရွတ်၍ ပုတီးစိပ်ကြရာ တစ်ပတ်အတွင်း သဒ္ဓမ္မောဒယဆရာတော်နှင့် ဦးဉက္ကဋ္ဌတို့ကို တရားသေလွှတ်ပေးလိုက်သည့် အမိန့်စာ ထွက်လာခဲ့လေသည်။

သဒ္ဓမ္မောဒယ ဆရာတော်သည် ရန်ကုန်ပြန်ရောက်ပြီး ကိုးကွယ်သည့်တပည့်သားမြေးများကို သာယာဝတီထောင်တွင် ဖြစ်ပျက်ခဲ့ပုံ၊ အချုပ်ခန်းအတွင်း အဘိုးအိုရောက်ရှိပြီး ဂါထာပေးခဲ့ပုံတို့ကို ပြောပြပြီး ဘိုးမင်းခေါင်ဓာတ်ပုံကို ရှာပေးရန် ပြောလေသည်။ ယင်းဒကာမများမှလည်း ၎င်းတို့အိမ်တွင် ဘိုးမင်းခေါင် ဓာတ်ခန်းဖွင့်ထားပါသည်။ ယင်းဓာတ်ပုံကိုကြည့်ပါဟုဆိုကာ ပြသလေလျှင် ယခု ဓာတ်ပုံထဲရှိ အဘိုးကြီးသည် ထောင်ထဲသို့လာပြီး ပုတီးနှင့်ဂါထာပေးသွားသော အဘိုးအိုဖြစ်ကြောင်း အံ့သြဝမ်းသာဖြစ်ခဲ့ရသည်ဟု ဆိုသည်။

သဒ္ဓမ္မောဒယ ဆရာတော်သည် မကြုံစဖူး ထူးကဲသော ဘိုးမင်းခေါင်၏ အစွမ်းသတ္တိများနှင့် ကိုယ်တွေ့ခံစားရသည့် ဖြစ်ရပ်ဆန်းများကို ရဟန်းပရိသတ်တို့၏အလယ်တွင် မကြာမကြာ ပြောလေ့ပြောထရှိသဖြင့် ရဟန်းတို့က ဝိဇ္ဇာရှူးရှူးသွားပြီဟု ကဲ့ရဲ့ခံရကာ ဒွါရဂိုဏ်းကြီးတစ်ခုလုံးရှိ ရဟန်းသံဃာထုကြီးကဝိုင်းပယ်ခြင်းကိုခံကြရလေသည်။ ထိုစကားတို့သည် သဒ္ဓမ္မောဒယဆရာတော် ၁၃၄၃ ခုနှစ်တွင် ပုပ္ပားတောင်တောင်ကလပ်အလယ် ဗောဓိပင်တိုက်တွင် ကြွရောက်သီတင်းသုံးစဉ်က မိန့်ကြားတော်မူခဲ့ခြင်းကို မှတ်တမ်းများမှ တစ်ဆင့်သိရှိခဲ့ခြင်း ဖြစ်သည်။

ယင်းဂါထာသည် အချုပ်အနှောင်လွတ်မြောက်စေရုံသာမက အခက်ခဲ၊ အကျပ်အတည်း၊ အကျဉ်းအကျပ်များနှင့် အတိုက်အခိုက်များအားလုံးကို အောင်မြင်စေနိုင်ပါသည်။ ယုံယုံကြည်ကြည် အဓိဋ္ဌာန်ပြီး ရွတ်ဖတ်ပူဇော်နိုင်ပါသည်။

**သာယာဝတီထောင်တွင်**
**ဆရာတော်ကြီးကို**
**အဘဘိုးမင်းခေါင်**
**လာရောက်ချီးမြှင့်ခဲ့သောဂါထာတော်**

- အမှာတံ စတုရောဝိဇ္ဇာ၊
  ဒီယာယုကာ မဟိဒ္ဓိကာ
  ပါလယန္တု သဟ သိဒ္ဓေဟိ
  သဗ္ဗ သမ္ပတ္တိကာ သိဒ္ဓိယာ။
- ဇိနော မေ ဒေတု ဣစ္ဆိတံ
  စိရံ တိဋ္ဌတု မေ အာယု
  လာဘော လာဘတုမေ သဒါ
  သောကော ရောဂါ ဝိနဿန္တု
  ဇေယျာ သုခါ ဘဝန္တုမေ။

မျိုးဇော်မြင့်

www.burmeseclassic.com

www.burmeseclassic.com

အောင်သာကျော်

# မြစ်ခြေက လောကမုနိစေတီမှာ သီတင်းသုံးသည့် ဘီသိက္ကာဂုရုရုပ်ပွားတော်

လွန်ခဲ့သည့် မတ်လအတွင်းက ဆရာမောင်ငြိမ်းအေး(မြစ်ခြေ)ဆိုသူနှင့် ခင်မင်ရင်းနှီးခွင့်ရဖြစ်ခဲ့ပါသည်။ သူရေးသားထားသည့် ပခန်းကြီးခရိုင် ဝန်မင်းကြီးဦးရိပ်နှင့် ပုဂံမြို့ဝန် စစ်ကဲကြီး ဦးမှုံတို့၏ 'ဘဝပုံရိပ်မှတ်တမ်း' အမည်ရှိ စာအုပ်နှင့် ဆက်စပ် ပတ်သက်ကာ ခင်မင်ရင်းနှီးခွင့်ရရှိခဲ့ခြင်းပင် ဖြစ်သည်။ စာပေဆိုင်ရာအချက်အလက်၊ သမိုင်းဆိုင်ရာအချက်အလက်များ မမောနိုင်မပန်းနိုင် အပြန်ပြန်အလှန်လှန် ပြောမိဖြစ်ခဲ့ရာမှ မြစ်ခြေနှင့် ပတ်သက်ဆက်နွယ်နေသောပုံရိပ်တို့နှင့် ပတ်သက်၍ အတော်လေး သိခွင့်ရလိုက်မိသည်တွင် ဆရာမောင်ငြိမ်းအေး (မြစ်ခြေ) နှင့် ဆက်စပ် ပတ်သက်မှုရှိနေသည့် ဘုရားနီခေါ် လောကမုနိဘုရားအထက် ဂန္ဓကုဋိတိုက်တွင် သီတင်းသုံးတော်မူသည့် ဘိသက္ကာဂုရုရုပ်ပွားဆင်းတုတော်မြတ်နှင့် ပတ်သက်သည့် အကြောင်းအရာများအား အများကြည်ညိုသဒ္ဓါပွားခွင့်ရရှိစေရန် ရေးသားတင်ပြလိုစိတ်ပြင်းပြမိဖြစ်ခဲ့ရပါသည်။

မြစ်ခြေမြို့သည် ပုဂံခေတ် အနော်ရထာဘုရင် လက်ထက်ကပင် အထင်အရှားတည်ရှိနေခဲ့သည့်မြို့ ဖြစ်သည်။ မြို့တည်နှစ်ကို အနော်ရထာဘုရင်လက်ထက်ကာလကပင် မှန်းဆကြည့်မည်ဆိုပါက နှစ်ပေါင်းတစ်ထောင်ကျော်ခဲ့ပြီပင် ဖြစ်သည်။ မြစ်ခြေအမည်တွင်လာခဲ့ရပုံကို သမိုင်းမတင်မီခေတ်



ဘီသက္ကာဂုရုရုပ်ပွားတော်





ဘုရားနီး (၁) လောကမုနိစေတီ




www.burmeseclassic.com

www.burmeseclassic.com







**ဘုရားနီး (ခ) လောကမုနိစေတီအား အနီးအဝေးပတ်လည်မြင်ကွင်းပုံများ**

ကာလ ရှေးလူကြီးသူမတို့ပြောပြခဲ့သည့် အိပ်ရာဝင်ပုံပြင်တွင် အထင်ကရ ကျယ်ပြန့်ခဲ့သည်မှာ ဘုရားပင်များ ပုဂံပြည်အနှံ့ ဖုံးလွှမ်းလျက်ရှိလေရာ ပျူစောထီးမင်းက ဘူးပင်ရိုင်းကြီးများကို ခုတ်ထွင်ရှင်းလင်းနှိမ်နင်းခဲ့ရသည်။ ထိုသို့ဘူးပင်ရိုင်းများကို ခုတ်ထွင်ရှင်းလင်းရာတွင် ဘူးပင်ကြီးများ၏ အမြစ်များသည် ဧရာဝတီမြစ်ကို ဖြတ်သန်းကာ မြစ်တစ်ဖက်ကမ်းတွင် အမြစ်အခြေစွဲနေခဲ့သဖြင့် ယခုတိုင် မြစ်ခြေဟု အမည်တွင်နေခဲ့ကြောင်းပင် ဖြစ်သည်။

မြစ်ခြေရွာဝန်းကျင်သည် မြတ်ဗုဒ္ဓသာသနာတော်ပွင့်ထွန်းရာရပ်ဝန်းပင် ဖြစ်သည်။ မြစ်ခြေဝန်းကျင်တွင် ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများ အများအပြားတည်ရှိလျက်ရှိနေသည်ကို ဖူးတွေ့ရသည်။ စေတီပုထိုးများစွာတည်ရှိသည့်အနက် မြစ်ခြေမြို့ရှိ လေးဆောင်ကျောင်းတိုက်ကျောင်းဝင်းအတွင်း၌တည်ရှိသည့် 'ဘုရားနီ' အမည်တွင်သော စေတီတော်မြတ်၏ဖြစ်တည်လာမှုသမိုင်းက လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ရပ်ရွာမှ အလွယ်တကူပင် 'ဘုရားနီ' ဟုခေါ်ကြသည့် စေတီတော်မြတ်ကြီးတစ်ဆူ တည်ရှိနေခဲ့သည်မှာ ရှေးနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော ကာလတစ်ခုကတည်းကပင် ဖြစ်ပါသည်။ မူလဒကာသည် ဘုရားနီကြီးအား အပြီးသတ်အောင် တည်ထားသွားနိုင်ခြင်းမရှိခဲ့ဟုသိရသည်။ ဘုရားနီကြီးဟုခေါ်ကြသည်မှာလည်း ဘုရားကြီးမှာ အုတ်စီထပ်သရွတ်ကိုင်တည်ထားပြီးပါသော်လည်း အင်္ဂတေပွတ်သပ်နိုင်ခဲ့ခြင်းမရှိသကဲ့သို့ ထီးတော် ဆက်ကပ် တင်လှူထားခဲ့ခြင်းလည်းမရှိသဖြင့် ဘုရားနီစေတီတော်ကြီးဟုတွင်နေခြင်းပင် ဖြစ်ပါသည်။


တည်ထားရာတွင် လိုဏ်နှစ်ဆင့်ခံစေတီတော်အဖြစ် တည်ထားခဲ့သည်။ အောက်ဆင့်လိုဏ်မှာ အဋ္ဌဂံပုံရှစ်မြောင့်သဏ္ဌာန်ရှိနေပြီး အရှေ့ဘက်မှလွဲ၍ ကျန်အရပ်မျက်နှာများတွင် ဝင်ပေါက်များဖောက်ထားလေရာ မုခ်ပေါက်ခုနစ်ပေါက်ရှိပြီး ထိုအပေါက်များမှ အောက်ခံမုခ်လိုဏ်အတွင်းသို့ ဝင်ရောက်၍ဖူးနိုင်သည်။ မုခ်လိုဏ်၏ အလယ်ဗဟိုတွင် အလယ်မဏ္ဍိုင် တည်ရှိသည်။ မဏ္ဍိုင်ကို ကျောကပ်ကာ ရှစ်မျက်နှာတို့သို့ မျက်နှာမူကာ သီတင်းသုံးတော်မူနေသည့် ရုပ်ပွားတော်ရှစ်ဆူ သီတင်းသုံးတော်မူလျက်ရှိနေသည်။

ထိုအဆင့်၏ အပေါ်ထပ်အဆင့်မှ စတုဂံပုစံ တည်ထားသည်။ အရပ်လေးမျက်နှာတွင် မုခ်ဦး၊ ပြာသာဒ်များ ရှိသည်။ ထိုအဆင့်၏ အထက်ဆင့်သို့ တက်လိုပါက အရှေ့ဘက်မှတက်ရပါသည်။ အရှေ့ဘက်တွင်ရှိသည့် လှေကားအတိုင်းတက်ပါက အထက်အဆင့်ရှိ လိုဏ်အတွင်းရောက်ရှိကာ လိုဏ်ဂူတော်အတွင်း သီတင်းသုံးနေတော်မူသည့် ဘိသက္ကဂုရုရုပ်ပွားဆင်းတုတော်မြတ်အား ဖူးတွေ့ခွင့်ရမည်ပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com





## သုရဿ ပညာရပ်


၁၆၅ အနောက်တိုင်းလူ့အဖွဲ့အစည်းမှ
အဂ္ဂိရတ်ပညာရှင်များ
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၁၉၀ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ
မြန်မာ့အင်းအမျိုးအစားများအား
လေ့လာခြင်း
**တိုရတနာ-ဆရာဗေယျာလင်း**

၂၁၂ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရော့သုတေသီ)**
**မိုးကောင်း**

၂၄၂ ကိန်းဂဏန်းများနှင့်သင်
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၄၆ နာမည်မြင်ကွင်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၂၅၁ ရတုခြောက်ခု ဥတုသုံးလီ
ရာသီဆယ့်နှစ်ပါး စားသင့်သည့်ကိုစား
**တက္ကသိုလ်ဝင်းမြင့်**

၂၅၅ ဒန်(ကြေးရည်)မျက်တောင်တစ်ချက်
ခတ်ချိန် သုဝဏ္ဏရွှေ
**ဦးမင်းဖင်(ရွှေနဝင်း)**

၂၆၆ ဗုဒ္ဓစာပေထဲက
ဂန္ဓာရီဆိုင်ရာမန္တန်များပုံရိပ်
**မင်းရှိန်အောင်**

၃၀၃ သင့်စွမ်းအင်သင့်ကိုယ်ခံအားကောင်း
စေမည့် ဖုန်းရွှေဗျူဟာ (၁၆၈)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၄၁ ကောသလမင်းအိပ်မက်
(၁၆)ချက်အဖွင့်
**မင်းရှိန်အောင်**

၃၄၇ သရောဒယခရီးသည်
**သရောဒယခရီးသည်**

၃၇၃ အလွယ်လေ့လာလက္ခဏာပညာ
**ဆရာမော်**

၃၈၃ ခုနစ်နေ့သားများနှင့်ဆိုင်ရာ
အရပ်ရှစ်မျက်နှာ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၃၉၀ နိမိတ်-ပြရှေ့မှအကာများ
**မင်းပြည့်**


## သုရဿလက်တွေ့အသုံးချ


၆၃ ထာကြီးစတုဂံစမ လာဘ်များရ
**ဘုန်းခေါင်**

၁၁၂ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
မနေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၁၄၀ လိုသူများသုံးစေဖို့
**မုဒိတာ(ကျိုက်လတ်)**

၁၄၁ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
အတွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဗေဒား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၁၆၄ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၂၃၃ ပြည်မြန်မာ၏ဘူရာသီပြောင်း
မန်ဒိုန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၂၄၀ ဂမ္ဘီရဆန်သော
မြန်မာ့အနန်းမောင်းအစီအမံများ
**ဉာဏ်မြင့်**

၂၇၅ ဘုန်းကြီးကံကောင်း
ကဏ္ဍပါဖိနပ်စီး ရွှေထီးဆောင်း
ဓာတ်အစီအရင်
**တိုရတနာ-ဆရာဗေယျာလင်း**

၃၆၄ ခုနစ်နေ့သားသမီးများအတွက်
လာဘ်အချိန်များ
**ဆရာဦးစိန်လှိုင်**
**(ကျိုက်လတ်)**

၄၀၀ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**

၄၀၂ အပူကူးခြင်းကင်းဝေးရအောင်
သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၀၇ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၁၀ ၂၀၁၄ ခုနှစ်၊ အောက်တိုလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင်
ဝေလဲ့လဲ့ထွဏ်း


**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
**B.A (Law);L.L.B**
လွှတ်တော်ချုပ်ရှုံးရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

မျက်နှာဖုံးနှင့်
အတွင်းသန်းချီ
စိုးအောင်
သုရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်မွန်ထွန်း၊ ဝင်းမြ၊ အိအိပိုင်
ရုံးအဖွဲ့
အေးအေးစန်း၊ စုမွန်၊ စုစုစံ၊
ကြူကြူခိုင်၊ တင်မိုးခိုင်၊
နှင်းနှင်း၊ နန
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
မန္တလေး
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကယား**-ဂရိနဒီ၊ မီလျံနှာ
**ပဲခူး**- သဇင်စာပေ
**ဟသ်ာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လူထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဖိုးနှုန်း ( ၂၇၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မှ တကူးတက သွားရောက်ထုချိန်းကြသည့် အလှူရှင်ကမ္ပည်းကျောက်စာ

သည်။

ယခုအခါ ထိုသို့တည်ရှိနေသည့် ဘုရားနီစေတီတော်ကြီးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့သော်လည်း အပြီးသတ် တည်ထားခြင်း ပြုပြင်မွမ်းမံမည့်သူမရှိတဲ့ ဘုရားအိုဘုရားပျက်အဖြစ်သာ တည်ရှိနေခဲ့သည်။ ယခုအသက်(၆၀)ကျော်ပြီဖြစ်သော စာရေးဆရာမောင်ငြိမ်းအေး (မြစ်ခြေ) ငယ်စဉ် ကလေးဘဝကတည်းက ကလေးသူငယ်ဘာဝဆော့ကစားရာ ဘုရားအိုဘုရားပျက်အဖြစ်ရှိနေခဲ့သည်ဟု သိရသည်။

ဘုရားနီကြီး ဘုရားအိုဘုရားပျက်အဖြစ်တည်ရှိနေခဲ့ရာမှ သာကေတမြို့ (၅) ရပ်ကွက်တွင် နေထိုင်လျက်ရှိသည့် မြစ်ခြေသား ဦးအောင်ဝင်းက ဘုရားကြီးပြုပြင်ရန် အကြောင်းဖန်လာခဲ့သည်။ ၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်နေ့ ည (၁၁) နာရီအချိန်ခန့် ၎င်း၏နေအိမ်တွင် အိပ်စက်နေစဉ် အိပ်မက်လိုလို၊ အမှန်တကယ်လိုလိုဖြင့် ဘုရားနီကြီးကို ဖူးတွေ့ရကြောင်း ထိုစဉ်မှာပင် စေတီတော်မြတ်ကြီး၏ လှေကားထစ်များပေါ်မှ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသည့်ပုဂ္ဂိုလ်တစ်ဦးဆင်းလာပြီး ၎င်းအား ဝင်ရောက်ပူးကပ်ပါတော့သည်။ ပူးကပ်ခံနေရစဉ် ဦးအောင်ဝင်းနှုတ်မှ မပီဝိုးတဝါး အသံများ ညည်းတွားသည့်အတွက် အိမ်သူအိမ်သားများ လန့်နိုးလာကြကာ ဦးအောင်ဝင်းအနီးသို့ ရောက်လာကြသည်။ ပူးကပ်သည့် ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်က 'အချိန်ကျပြီဖြစ်၍ ဘုရားကို ပြုပြင်လော့' ဟု မိန့်မှာစကားဆိုသည်။ ဦးအောင်ဝင်းက စေခိုင်းသည့်အတိုင်း ဆောင်ရွက်ပေးလိုစိတ် အပြည့်အဝရှိသော်လည်း ငွေကြေးမတတ်နိုင်သေးပါကြောင်း ပြန်ပြောဖြစ်ခဲ့သည်။

ထိုအဖြစ်အပျက် ဖြစ်ပေါ်ခဲ့ပြီးသည့် နောက် (၁၀) ရက်ခန့်အကြာတွင် ဦးအောင်ဝင်း စီးပွားရေးလုပ်ငန်းခွင်တစ်ခု အောင်မြင်သဖြင့် ငွေကျပ်သိန်းသုံးဆယ်ကျော်ပိုင်ဆိုင်ခွင့်ရသွားခဲ့သည်။ ဘုရားကြီးပြုပြင်ရန်အတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့က အမှန်တကယ် ချီးမြှင့်သည်ဟု မိသားစုကပါ ယုံကြည်သက်ဝင်မှု ပြင်းပြလာခဲ့သည်။

သို့ဖြင့် မိမိမက်ခဲ့သော အိပ်မက်ကို အကောင်အထည်ဖော်ရန် သကြ္ကန်မကျမီတစ်ရက်အလို၌ မိမိဇာတိဖြစ်သော မြစ်ခြေသို့ပြန်လာကာ လေးဆောင်မြောက်ကျောင်း ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဦးမဓမ္မလောက၊ သရက်တောကျောင်းဆရာတော် စသည့် ဆရာတော်များနှင့် တိုင်ပင်လျှောက်ထားကာ ၁၆-၄-၂၀၀၈ ခုနှစ်တွင် (ဗုဒ္ဓဟူးနေ့) မြစ်ခြေ မြို့မမြောက်ပိုင်းရှိ လူကြီး၊ လူငယ်၊ လူရွယ်ကျားမများ ပါဝင်လုပ်အားပေးစေလျက် ဘုရားအိုဘုရားပျက်၏ အပျက်အစီးများကို စတင်ရှင်းလင်းဖယ်ရှားခဲ့သည်။

၁၆-၄-၂၀၀၈ ဗုဒ္ဓဟူးနေ့မှ စတင်အကောင်အထည်ဖော်ခဲ့သည့် ဘုရားနီ ဘုရားကြီးအား ပြန်လည် မွမ်းမံ တည်ဆောက်သည့်ကိစ္စရပ်သည် (၈) လအကြာ ၁၇-၁၂-၂၀၀၈၊ ဗုဒ္ဓဟူးနေ့တွင် အောင်မြင်စွာ ရွှေထီးတော်တင်လှူနိုင်ခဲ့သဖြင့် မြစ်ခြေတွင် ယနေ့ထက်တိုင် ဘုရားနီစေတီတော်မြတ်ကြီး တည်ရှိနေခြင်းပင် ဖြစ်သည်။

ဘုရားနီခေါ် လောကမုနိစေတီတော်မြတ်ကြီး၏ အထက်ဆုံးမုခ်လိုဏ်အတွင်း သိတင်းသုံးတော်မူလျက်ရှိနေသော ဆင်းတုတော်မှာ ဘိသဂ္ဂဂုရုရုပ်ပွားဆင်းတုတော်မြတ်ပင် ဖြစ်သည်။ ဘိသဂ္ဂဂုရုဆင်းတုတော်မြတ်ထံပါး၌ ဆုတောင်းခြင်း၊ ဆုပန်ခြင်းများ ပြုလုပ်မည်ဆိုပါက ကျန်းမာသက်ရှည်သောဆု ပြည့်ဝနိုင်ကြမည် ဖြစ်သည်။ ရှေးအခါက ဆေးပညာသင်လိုသူများ ဆေးပညာလိုက်စားလိုသူများသည် ဘိသဂ္ဂဂုရုရုပ်ပွားဆင်းတုတော်ရှေ့ဝယ် ဆုပန်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများပြုပြီးမှသာ ဆေးပညာကို သင်ယူလိုက်စားခြင်းများ ပြုလုပ်လေ့ရှိကြသည်။ ဘိသဂ္ဂဂုရုရုပ်ပွားဆင်းတုတော်ထံပါး အဓိဋ္ဌာန်ဝင်ခြင်း၊ သစ္စာဆိုခြင်းများပြုလုပ်ပြီးမှ ဆေးပညာသင်ခြင်း၊ ဆေးကုသခြင်းပြုသူတို့ ဆေးစွမ်းထက်မြက်ကာ အောင်မြင်ကျော်ကြားသော သမားတော်များဘဝဖြင့် ရပ်တည်နိုင်ခွင့် ရရှိလေ့ရှိကြသည်။ ရုပ်ပွားတော်မြတ်ကို မြန်မာနိုင်ငံတွင် ၁၇၇၉ ခု အစပိုင်းကတည်းက တွေ့ရှိခဲ့ရခြင်းပင်။ ဘိသဂ္ဂဂုရုဘွဲ့အမည်မှာ ပါဠိကျွမ်းကျင်သော ဆရာတော်ကြီးများက သမုတ်တော်မူထားခဲ့ခြင်း ဖြစ်သည်။

ဘိသဂ္ဂဂုရုရုပ်ပွားဆင်းတုတော်မှာ ဘယ်လက်ဖဝါးအတွင်း အမြိုက်အိုး၊ ညာဘက်လက်ညှိုးနှင့် လက်မအကြား သစ်စေ့ကို ညှပ်ထားသည်။ ဘယ်လက်တော်ကို အခြားဆင်းတုတော်များကဲ့သို့ တင်ပလ္လင်ခွေထားသည့် ခြေဖဝါးအထက်တွင်ဖြန့်ထားပြီး လက်ဖဝါးပေါ်တွင် အမြိုက်အိုးကို တင်ထားသည်။ ညာလက်တော်သည် လက်ဖဝါးပြင်ကို ရှေ့ဘက်သို့လှည့်ထားပြီး လက်မနှင့် လက်ညှိုးအကြားတွင် ဗီဇခေါ် သစ်စေ့မျိုးစေ့ကို ကိုင်ထားသည်။ ရုပ်ပွားဆင်းတုတော်လက်ဝယ်တွင်ရှိနေသည့် အမြိုက်အိုးနှင့် သစ်စေ့တို့ တပေါင်းတည်းရှိနေခြင်းသည် လွန်စွာကောင်းပါသည်။ အိုးနှင့် သစ်စေ့နှစ်မျိုးပေါင်းထားမှုအား အဓိပ္ပာယ်ပြန်ဆိုကြရာတွင် ပြန်လည်နုပျိုစေခြင်း၊ အသက်ရှည်စေခြင်း၊ အနာကင်းစေခြင်း၊ ရှင်သန်ပေါက်ပွားမှု၊ စီးပွားလာဘ်လာဘတိုးတက်ကောင်းမွန်စေမှုတို့ကိုဖြစ်စေနိုင်သည်ဟု အဓိပ္ပာယ်ရရှိလေသည်။

ရုပ်ပွားတော်၏အသေးစိတ်ပုံစံကို လေ့လာ ကြည့်ရှုမည်ဆိုပါက ရုပ်ပွားတော်၏ ဦးသျှောင်တော်အထက်တွင် သဗ္ဗညုတဉာဏ်တော်ကို ရည်မှန်းပြီး မီးတောက်မီးလျှံတို့ကဲ့သို့ ထုဆစ်ပုံဖော်ထားသည်ကို တွေ့ရမည်ပင် ဖြစ်သည်။ ထို့ပြင် ဆံတော်လက်လေးသစ်အကျန်ကို ပြလိုသည့်အတွက် ဥဏ္ဏှိသမို့မောက်နေသည့်အသွင် ထုဆစ်ထားသည်။ ဆံတော်ကို ဖော်ပြခြင်းအဖြစ် အစင်းကြောင်းလေးများအပြင် ပုတီးလုံးလေးများ စီထားပုံမျိုးနှင့် ပုံဖော်ထားသည်။ မျက်လုံးတော်ကိုမူ မျက်လွှာချကာ ဈာန်ဝင်စားနေသည့်အသွင် ဖူးတွေ့ရသည်။ နှုတ်ခမ်းတော်ခပ်စူစူ၊ ပါးစောင်မို့မို့ဖြင့် အပြုံးလွင်ပုံကလည်း ထင်ရှားလှသည်။ ကိုယ်လုံးတော်တွင် သင်္ကန်းတော်ပတ်ထားသည်မှာ (၉) ပတ်ခန့် အထပ်ထပ် ပတ်ထားပုံကို တွေ့ရှိရသည်။ ဆင်းတုတော်၏ခြေဖဝါးတော်အစုံမှာ ဈာနသနပုံစံအဖြစ် ခြေဖဝါးတော်နှစ်ဖက်စလုံးအပေါ် လှန်လျက်အနေအထားတွင်ရှိနေသည်။

ထိုသို့သော အချက်အလက်များနှင့် ပြည့်စုံနေသည့် ဘိသဂ္ဂဂုရုရုပ်ပွားတော်မြတ်မှာ မြန်မာနိုင်ငံတော်တွင် ၁၇၇၉ ခုနှစ် အစပိုင်းကတည်းက တွေ့ရှိဖူးတွေ့ခွင့်ရရှိခဲ့ကြပြီး ၁၉ ရာစုနှစ်အထိ ထုဆစ် ကိုးကွယ်ခဲ့ကြသည်။ အိန္ဒိယ ရုပ်ပွားတော်သမိုင်းတွင် အထူးထင်ရှားသည်။ ဘွဲ့တော်မှာ ဘဲဂဇ္ဇဂုရု ပါဠိလို အခေါ်မှာ ဘေသဇ္ဇဂုရုဟု ထင်ရှားခဲ့သည်။ နောက်တွင် ပါဠိကျွမ်းကျင်သော ဆရာတော်ကြီးများက ဘိသဂ္ဂဂုရုဟုခေါ် သင့်ကြောင်းဆုံးဖြတ်ကာ အတည်ပြုထားခဲ့ကြရာမှ ယနေ့တိုင် ဘိသဂ္ဂဂုရုဟု တွင်နေခဲ့ခြင်းပင် ဖြစ်သည်။ အဆိုပါဆင်းတုတော်မျိုးကို ဂျပန်နိုင်ငံတွင် ယကုရှိညောရဲ (YAKUSHI NYO RAI) ဟု အမည်တွင်ပါသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့ ယောတာစုဂိမချိမှာနေသည့် ဝဲန်ဇောဇမဆီတွင် ကြေးဆင်းတုတော်တစ်ဆူရှိသည်။ ပလ္လင်တော်၏ နောက်ကျောတွင် မြန်မာစာ (၆) ကြောင်း ရေးထားချက်နှင့် ထုလုပ်ပုံလက်ရာတို့ကို လေ့လာကြည့်သည့်အခါ မြန်မာ့အနုပညာလက်ရာဖြစ်နေသည်ကို တွေ့ရသည်။

ဘိသဂ္ဂဂုရုရုပ်ပွားတော်မြတ်မှာ နှစ်ပေါင်းများစွာ ဘုရားနီခေါ် လောကမုနိစေတီတော်မြတ် အပြိုအပျက်ကာလတစ်လျှောက်လုံး ဘုရားပြိုဘုရားပျက်၏ အထက်ဆုံးမုခ်လိုဏ်တွင်ပင် သိတင်းသုံးနေတော်မူခဲ့သည်။ စေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြင်ဆင်ရန် ဝိုင်းဝန်းရှင်းလင်းကြစဉ် ဦးဝင်းငွေကျော် (စာရေးဆရာ မောင်ငြိမ်းအေး - မြစ်ခြေ) မှ ဘိသဂ္ဂဂုရုရုပ်ပွားတော်မြတ်အား တွေ့ရှိခဲ့ရသည်။ လက်တော်အတွင်းမှ ဆေးအိုး(အမြိုက်အိုး) အနည်းငယ် ကွဲအက်နေသဖြင့် ပြန်လည်ပြုပြင်မွမ်းမံကာ ယခုလက်ရှိ ဘုရားနီခေါ် လောကမုနိစေတီတော်၏ မူလနေရာဖြစ်သော စေတီတော်အထက်ဆုံးရှိ မုခ်လိုဏ်တွင်ပင် ပြန်လည် သိတင်းသုံးရန် ပြင်ဆင်ပေးအပ်ထားခဲ့ခြင်းပင် ဖြစ်သည်။

ဆင်းတုတော်ထံပါး ဝင်ရောက်ဆုတောင်းမည်ဆိုက လောကီ၊ လောကုတ္တရာအကျိုးထူးများ အလျင်အမြန် ရရှိခံစားနိုင်ကြသည်မှာ လာရောက်ဆုတောင်းဖူးသူအတော်များများ သိရှိခံစားနေကြရကြောင်း လူသတင်း လူချင်းဆောင်လျက်ရှိနေပါသည်။

အထူးသဖြင့် ဘိသဂ္ဂဂုရုရုပ်ပွားဆင်းတုတော်ထံပါး ဆေးပညာလေ့လာလိုက်စားလိုသူများ၊ ဆေးဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ အရောက်သွားကာ အဓိဋ္ဌာန်ဝင်ခြင်း၊ ဆုပန်ခြင်းများ ပြုလုပ်ပါက ဆေးစွမ်းထက်၍ ဆေးလိုက်ကာ သူနာအပေါင်းတို့၏ရောဂါဘယများကို အလွယ်တကူ ဖယ်ရှားကုသပေးနိုင်သောစွမ်းအား ရရှိနိုင်ကြမည်ဖြစ်ပေရာ သမားဘဝဖြင့် ရပ်တည်လိုသူများ မကြာမကြာ လာရောက် ဆုပန်ကြမည်၊ အဓိဋ္ဌာန်ဝင်ကြမည်ဆိုပါက သင့်တော်မည်ဖြစ်ပါသည်။

ဘိသဂ္ဂဂုရုရုပ်ပွားတော်ထံပါး
အရောက်လှမ်းခွင့်ကြုံနိုင်ကြပါစေ

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com

ဝေစည်(ရွှေဘို)

# တောင်တန်းဆရာတော်ကြီး ဦးဥတ္တမသာရ

၂၀၁၃ ခု၊ နိုဝင်ဘာလ ၁၃ ရက်နေ့ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းတို့တွင် 'တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ တည်ထားခဲ့သည့် ဖလမ်းမြို့ ဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးအတွက် ဆုငွေများ ပါဝင် လှူဒါန်းရန် နှိုးဆော်' ဟူသော သတင်းတစ်ပုဒ်ပါရှိပါသည်။


ချင်းပြည်နယ် ဖလမ်းမြို့ ကျင်မွလ်ရပ်ကွက်၌ တည်ထား ကိုးကွယ်သောရန်ပြေမာန်ပြေ နိုင်ငံအေးအောင်တော်မူ ဓာတ်ပေါင်းစုဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား တောင်တန်းသာသနာပြု ဆရာတော် ဦးဥတ္တမသာရက ၁၉၉၃ ခုနှစ်တွင် စတင်တည်ထားခဲ့ရာ ၁၉၉၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။

၂၀၀၉ ခုနှစ်တွင် စေတီတော်၏ အရှေ့မြောက်ထောင့်ရင်ပြင်တော် မြေသားကျွံကျခဲ့ရာမှ ယခုအခါ စေတီတော်၏ ရင်ပြင်အောက်ခံပလ္လင်နှင့် လုံးပတ်တော်တို့ အက်ကွဲကြောင်းများ ဖြစ်ပေါ်လာသဖြင့် အမြန်ပြုပြင်မွမ်းမံရန်လိုအပ်လျက်ရှိပြီး အချိန်မီ ပြုပြင်မွမ်းမံနိုင်ခြင်းမရှိပါက စေတီတော်ကြီးပျက်သွားနိုင်ကြောင်း သိရသည်။

စေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ကျွမ်းကျင်သူအဖွဲ့က တွက်ချက်ခဲ့ရာ ကုန်ကျငွေ သိန်း (၂၅၀) ခန့်ရှိမည်ဖြစ်ကြောင်းသိရှိရပြီး လက်ရှိတွင် စေတီတော် ပြန်လည် ပြုပြင်ရေးကော်မတီကို ဖွဲ့စည်းခဲ့ရာ အလှူငွေကျပ် သိန်း (၃၀) ခန့် ရရှိထားကြောင်း၊ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဖလမ်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ဆရာတော် ဖုန်း ၀၇၀-၄၀၀၄၃ နှင့် ၀၉-၂၁၀၀၈၇၇ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဤသတင်းကိုဖတ်ပြီး ဆရာတော်ကြီး ဦးဥတ္တမသာရအား အထူးအောက်မေ့တသ သတိရမိပါသည်။ ဆရာတော်ကြီးအား စာရေးသူက ၁၉၇၀ ပြည့်နှစ်မှစ၍ ကိုးကွယ်ဆည်းကပ်ခဲ့သူ ဖြစ်ပါသည်။ ထိုစဉ်က စာရေးသူမှာ လခ (၂၉၇) ကျပ်၊ (၇၅) ပြားသာရသော အထက်တန်းပြဆရာမတစ်ယောက် ဖြစ်ပါသည်။ လစဉ် ဆရာတော်ကြီးအား ချွေးနှဲစာမှ (၅၀) ကျပ်ကို နဝကမ္မအဖြစ် ပေးပို့လှူဒါန်းခဲ့ပါသည်။ စာရေးသူက သိလိုသောအချက်များရှိလျှင် စာရေးပြီးမေးလျှောက်ပါသည်။ စာရေးသူ၏ စာများ (၁၀) စောင်ခန့်ရောက်ရှိသွားလျှင် ဆရာတော်ကြီးက တစ်စောင်ခန့်ပြန်ရေးလေ့ရှိ၏။ တိုရှင်းလိုရင်းပြန်ကြားခဲ့ပါသည်။ ဆရာတော်ကြီး၏လက်ရေးမူစာများကို ရှာကြည့်ပါသော်လည်း မတွေ့ရတော့ပါ။ အိမ်ကို မကြာခဏ ရှင်းလင်းရ





www.burmeseclassic.com

www.burmeseclassic.com

ဒီပစ္စည်းဟိုရွှေ့၊ ဟိုပစ္စည်းဒီရွှေ့၊ ခဏခဏလုပ်ရသဖြင့် ပျောက်ရှတာဖြစ်နိုင်ပါသည်။(စာရေးသူ၏အိမ်မှာ ဘော်ဒါဆောင်ဖြစ်သဖြင့် ပစ္စည်းများခဏခဏ ရှင်းရခြင်း ဖြစ်ပါသည်။)

ဒိုင်ယာရီဟောင်းများရှာကြည့်ရာ ၁၉၉၅ ခုနှစ်က ဆရာတော်ကြီးထံ ဝတ္တုငွေ (၅၀) ပို့ထားသောဖြတ်ပိုင်း (MO ဖြတ်ပိုင်း) လေးတစ်ခု တွေ့ရပါသည်။ စာရေးသူပို့ပေးလှူဒါန်းသောဝတ္တုငွေကို ဆရာတော်ကြီး၏ (တူမကမွေးသောမြေး) မြေး မောင်မြင့်နိုင်က အမြဲလက်မှတ်ထိုးပြီးထုတ်ယူပေးပါသည်။

တစ်ခါသော် ဆရာတော်ကြီးအတွက် သိုးမွေးခြုံထည်လေးကို ပါဆယ်ဖြင့် ပေးပို့လှူဒါန်းလိုက်ပါသည်။ ရောက်၊ မရောက် မသိရသော်လည်း ကိုယ့်ခွေးနဲ့စာဒါနလေးကို ကြည်နူးပီတိဖြစ်နေပါ သည်။

၁၉၉၂/၉၃ တွင် ဓောင်တန်း ဆရာတော်ကြီးအား ရွှေဘိုမြို့မှ ရတနာတူမောင်းဆရာတော်နှင့် ဦးငွေအောင်၊ ဒေါ်အုံးစိန်၊ ဆရာမ ဒေါ်လှသန်းနှင့် စာရေးသူတို့ ဦးဆောင်ပြီး ရွှေဘိုမြို့သို့ ပင့်ဆောင်ကြပါသည်။ စစ်ကိုင်းမြို့သို့ သွားပြီးပင့်ကြရပါသည်။ ဆရာတော်ကြီးအား စာရေးသူသည် မည်သူဖြစ်ပါကြောင်းလျှောက်ထားသောအခါ ဆရာတော်ကြီးမှ ပြုံးပြီးခေါင်းတညိတ်ညိတ်ဖြင့် သိုးမွေးစောင်လေးလှူလိုက်တာလည်းရပါရဲ့လို့ မိန့်ပါသည်။ ဆရာတော်ကြီးနှင့်အတူ ဆရာတော်ကြီး၏တူတော်သူ မုံရွာမြို့ မြို့မရွှေဂူတိုက်မှ ဦးဇောတိကလည်း လိုက်ပါလာပါသည်။


ဆရာတော်ကြီးသည် ဗင်ကားရှေ့ခန်းထဲမှ တစ်လမ်းလုံး ပရိတ်ရွတ်ပြီး မေတ္တာပို့လျက် လိုက်ပါလာသည်ဟု ကားမောင်းသူကပြောပါသည်။ ထိုဗင်ကားမှာ ယုန်စန္ဒာစတိုး (ရွှေတွင်းအောင်သူ) ဦးငွေအောင်၊ ဒေါ်အုံးစိန်တို့၏ကားဖြစ်ပါသည်။ စာရေးသူတို့အဖွဲ့က နောက်မှ ဒိုင်နာကားဖြင့် လိုက်ပါကြပါသည်။

ရွှေဘိုမြို့အဝင် အောင်မြေဆရာတော်ကြီး၏ အောင်မြေကျောင်းတိုက်အဝမှ မြို့လူထုက သောင်းသောင်းဖြဖြ ကြိုဆိုကြပါသည်။ လမ်းမတော်တစ်လျှောက်လုံး ဖူးမြော်သူများဖြင့် စည်ကားလှပါသည်။ ထိုနေ့ညက ရတနာတူမောင်းကျောင်းတိုက်တွင် တရားဟောပါသည်။


ဆရာတော်ကြီး၏ မေတ္တာသုတ်၊ ပရိတ်များနှင့် ဂုဏ်တော်ကွန်ချာတိပ်ခွေကိုလည်း အိမ်တိုင်းက ဖွင့်နေကြပါသည်။ တရားပွဲတွင် ဆရာတော်ကြီးကအားရပါးရဟောပါသည်။ တရား(၂)ညဟောပါသည်။ နေ့ခင်းတွင် ဆရာတော်ကြီးအား ပင့်ဖိတ်ထားသောအိမ်များသို့ ကြွရောက်ချီးမြှင့်ပါသည်။

စာရေးသူအား ဦးစားပေးအနေဖြင့် (တူမောင်းဆရာတော်မှ စီစဉ်ပေးပါသည်) ပထမဆုံးကြွပါသည်။ ဆရာတော်ကြီးအား ဖူးမြော်လိုသူ တစ်ရပ်တည်းနေသူများအား အကြောင်းကြားထားရာ တိုက်အိမ်အပေါ် ထပ်၊ အောက်ထပ်တင်သာမက အိမ်ခြံဝင်းထဲပါပြည့်သွားပါတော့သည်။ ပရိတ်တရားချီးမြှင့်ပြီးနောက် ဆရာတော်ကြီးမှ မေတ္တာပို့၊ အမျှဝေခြင်းများ ပြုလုပ်ပါသည်။ ဆရာတော်ကြီး စာရေးသူတို့ခြံထဲမှ ထွက်ကြွသွားလျှင် နောက်မှ ပရိသတ်ကြီးက လက်အုပ်ချီပြီး ကန်တော့ပန်းဆင်လျက် လိုက်ပါသွားကြပုံမှာ လွမ်းမောဖွယ်ဖြစ်ပါသည်။


ရွှေဘိုမြို့ ပျဉ်ဈေးရပ်ကွက်ရှိ ရတနာတူမောင်းကျောင်းတွင် ဆရာတော်ကြီး ဦးဥတ္တမသာရမှ တရားပွဲ ချီးမြှင့်ပါသည်။ ကျယ်ဝန်းသော ရတနာတူမောင်းကျောင်းဝင်းကြီးမှာ ပရိသတ်များလျှံနေပါသည်။ ဆရာတော်ကြီးမှ မေတ္တာအကြောင်း ဟောပြောပါသည်။ မေတ္တာပို့ပုံကို အကျယ်တဝင့် ဟောတော်မူပါသည်။



၁၉၉၅၊ ဇန်နဝါရီလက ငွေပို့သောဖြတ်ပိုင်း



ဆရာတော်ကြီးထံ နဝကမ္မငွေလှူ (M.O) ဖြတ်ပိုင်း



နဝကမ္မငွေများကို မောင်မြင့်နိုင်က ထုတ်ယူလှူရှိပါသည်



www.burmeseclassic.com

www.burmeseclassic.com

**မေတ္တာပို့ပုံ**

ဆရာတော်ကြီး ဦးဥတ္တမသာရမှ မေတ္တာပို့ရာတွင် အနန္တစကြဝဠာအနန္တ သတ္တဝါတို့ ဘေးရန် ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေလို့ အချိန်ရတိုင်း ရွတ်ဆိုပေးကြပါ။ ပထမရွတ်ဆိုခါစမှာတော့ စာဆိုသလိုဖြစ်နေလိမ့်မယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ ရင်ထဲနှလုံးသားထဲကလာတဲ့ မေတ္တာလာလိမ့်မယ်။ မေတ္တာပို့ရာမှာ ဆန့်ကျင်ဘက်လိင်ကိုမပို့ရဘူး၊ သေဆုံးသူကို မပို့ရဘူးလို့လည်း ဟောပြတော်မူပါသည်။

**ရေမေတ္တာပို့နည်း**

တစ်ယောက်မျက်နှာတစ်ယောက် မကြည့်နိုင်လောက်အောင်၊ မေတ္တာပို့လို့မရအောင်ဖြစ်နေကြသူများ၊ မုန်းတီးနေကြသူများ၊ အာဃာတရှိသူများလည်းရှိကောင်းရှိနေပါလိမ့်မည်တဲ့။ ထိုသူများကိုလည်း ဆရာတော်ကြီးက မေတ္တာပို့နိုင်ရန် အထူးသဖြင့် အောင်မြင်စွာ မေတ္တာပို့သရနိုင်ရန် ရေမေတ္တာပို့နည်းကို ဟောပြတော်မူပါသည်။ မိမိအားမုန်းနေသူ သို့မဟုတ် အကြောင်းတစ်မျိုးမျိုးကြောင့် မိမိက မုန်းတီးနေသူများကို ထိရောက်စွာ မေတ္တာပို့သနိုင်ရန်အတွက် ရေသန့်သန့်ကို ပုလင်းတစ်လုံး သို့မဟုတ် ခွက်တစ်ခွက်ထဲတွင်ထည့်ပါ။ ခွက်ထဲသို့ ပွတ်တိုက်ပြီးသန့်ရှင်းထားသောကျောက်ခဲ သို့မဟုတ် သစ်သားချောင်းလေးတစ်ချောင်းကို (ထိုမေတ္တာပို့ခံရမည့်သူကိုယ်စား) ထည့်ထားပြီး နေ့စဉ် ထိုရေပုလင်းထဲမှပစ္စည်း အေးမြနေသလို မေတ္တာပို့ခြင်းခံယူသည့်ပုဂ္ဂိုလ်လည်း ဘေးရန်ကြောင့်ကြဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့ပေးရပါမည်။ ရေများကို မကြာခဏ လဲလှယ်ပေးပါ။ စဉ်ဆက်မပြတ် မေတ္တာပို့ပေးပါ။ ပထမပိုင်းတွင် ခက်ခက်ခဲခဲကြီး မေတ္တာပို့ပေးရပါသော်လည်း တဖြည်းဖြည်းနှင့် မေတ္တာပို့သူကိုယ်တိုင်လည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလာမည်ဖြစ်သလို မေတ္တာအပို့ခံရသူ (ယခင်က တစောင်းစေးနှင့် မျက်ချေးပမာရှိခဲ့သူ) သည်လည်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့်ရှိနေပြီး ထိုသူနှစ်ဦးစလုံးသို့ မေတ္တာဓာတ်လွှမ်းခြုံပြီး မကြာမတင် ခင်မင်ရင်းနှီးခြင်းဘဝရောက်ရမည်မှာမလွဲပါဟု ဆရာတော်ကြီးမှ မိန့်မှာသည်။

**ကြွက်နို့ပျောက်ဆေး**

တရားဟောပြောရင်း ဆရာတော်ကြီးမှ ကြွက်နို့ပျောက်ဆေးနည်းကိုလည်း ပေးပါသည်။ ဆရာကြီးပေးသော ကြွက်နို့ပျောက်ဆေးနည်းမှာ ကြောင်တစ်ကောင်၏ နှုတ်ခမ်းမွှေးကို ဖြတ်ယူပါ။ (ပေါက်နေသော ကြွက်နို့အရေအတွက် မည်မျှပင်များပြားပါစေ)ပထမဆုံးပေါက်နေခဲ့သောကြွက်နို့ကို အပ်ဖြင့် သို့မဟုတ် ရှောက်ဆူးဖြင့်)ဖောက်ပြီး ထိုအပ်ပေါက်ထဲသို့ ကြောင်နှုတ်ခမ်းမွှေးကို ထိုးထည့်လိုက်ပါ။ သုံး၊ လေးရက်ခန့်ကြာလျှင် ထိုကြွက်နို့က အရင်ဆုံး ကြွေကျပါလိမ့်မည်။ ကျန်သော ကြွက်နို့များကလည်း တဖြည်းဖြည်း ကြွေကျပါလိမ့်မည်ဟု တရားဟောရင်းမှ ဆေးပညာဗဟုသုတ ပါပေးလိုက်ပါသည်။

**အတက်ရောဂါ**

အတက်ရောဂါကုနည်းကိုလည်း ပြောပြပါသည်။ မည်သူမဆို တတ်တတ်တဲ့ရောဂါ (အချို့က ဝက်ရူးပြန်ရောဂါဟု ခေါ်ကြ) ရှိပါက ထိုရောဂါဖြစ်သူအား မြတ်စွာဘုရားရှင်အား ကပ်လှူထားသော ဆွမ်းတော်ပွဲစွန့်ပြီး ကျွေးရပါသည်။ သတိထားရမည့်အချက်မှာ ဆွမ်းတော်တင်ကိုစွန့်ပြီး ကျွေးကြောင်းကို လူနာအား လုံးဝ အသိမပေးရန်ပင် ဖြစ်ပါသည်။ ဆရာတော်ကြီး ဦးဥတ္တမသာရကတော့ သေချာပေါက်ပျောက်ကင်းပါသည်ဟုဆိုပါသည်။

**ပုဂ္ဂိုလ်ထူးကြီးတဲ့**

ဆေးနည်းများကိုပြောပြရင်းက-

"ကဲ - အားလုံးမှတ်ထားပြီးကြပြီလား။ ဒီလိုထူးထူးဆန်းဆန်းဆေးနည်းတွေကိုပြောလို့များ ဘုန်းကြီးကို ပုဂ္ဂိုလ်ထူးကြီးလို့ ခေါ်ကြတာထင်ပါရဲ့"

ဟု ဟာသစွက်ပြီး ပြောလိုက်ပါသေးသည်။



**ဒုတိယအကြိမ်**

ဆရာတော်ကြီးသည် စာရေးသူတို့၏ ရွှေဘိုမြို့သို့ နောက်ထပ်တစ်ကြိမ်ကြွလာပါသည်။ ထိုအကြိမ်တွင် ဒီပဲယင်းမြို့၏ အနောက်ဘက် ကြခတ်ရွာအနီးမှ စောင့်ကြိုရပါသည်။ ရွှေဘိုမြို့အဝင်မှ ဆရာတော်ကြီးအား စည်တော် (ရွှေဘိုမခေါက်ဗျောနှင့် စည်တော်ကြီး) ဖြင့် ကြိုဆိုကြရန် စီစဉ်ကြပါသည်။

**ရေဦးတရားပွဲ**

ဆရာတော်ကြီး ဦးဥတ္တမသာရအား သွားရောက် ပင့်ဆောင်ကြသည့်အကြောင်းကို ရေဦးမြို့ ဇေတီကကုန်မာဆိုင်မှ တပည့်ကိုကျောက်ခဲအား စာရေးသူမှပြောပြလိုက်ပါသည်။ ကိုကျောက်ခဲမှ သက်န်းများဝယ်ပြီး ဆရာတော်ကြီးအား ဖူးမြော်ရန်နှင့် သင်္ကန်းကပ်လှူရန် စာရေးသူတို့အဖွဲ့နှင့် လိုက်ပါလာခဲ့ပါသည်။ ကြခတ်ရွာအနီးတွင် မုံရွာမှကြွလာသော ဆရာတော်ကြီး လိုက်ပါပို့ဆောင်ရေးအဖွဲ့နှင့် တွေ့ပါသည်။ ကိုကျောက်ခဲက သင်္ကန်းကပ်လှူပြီး ဆရာတော်ကြီးအား ဝတ်ဖြည့် (ခြေကိုဆုပ်နယ်ပေးခြင်း) ပေးပါသည်။

ရေဦးမြို့မှ ဆရာတော်ကြီး ဦးဥတ္တမသာရကြွလာသည်ဟုဆိုကြလေသဖြင့် မြို့လူထုက သောင်းသောင်းဖြဖြ ကြိုဆိုကြပါသည်။ ရေဦးမြို့ဈေး အရှေ့ထိပ်ရှိ ဘုန်းတော်ကြီးကျောင်းတွင် သီလပေးပြီး မေတ္တာပို့နည်းနှင့် ဂုဏ်တော်ကွန်ချာကို ရွတ်ဆိုပေးခဲ့ပါသည်။

**နိုင်းတိုင်းလုပ်မနေနဲ့တဲ့**

ဆရာတော်ကြီး ရွှေဘိုမြို့ ပျဉ်ဈေးရပ် ရတနာတူမောင်းကျောင်းရောက်ရှိပြီး ကန်တော့ကြ၊ အာလာပသလ္လာပ ပြောကြရင်းမှ -

"ဟိုတစ်လောက ညောင်ပင်အိုင်ဆရာတော်နှင့်တွေ့တော့ ဦးဥတ္တမသာရကြီး၊ မေတ္တာရှင်ဆရာတော်ကြီးဘာညာနဲ့ လူတွေက မြှောက်ပေးတိုင်းပင့်ပေးတိုင်း ကိုယ်တော်ကြီး ဦးဥတ္တမသာရ ကြွမနေချင်နဲ့ဗျ။ ကိုယ့်အသက်ကိုယ်လည်းထည့်တွက်ဦးနော်လို့ ပြောလိုက်သဗျာ"



www.burmeseclassic.com

www.burmeseclassic.com


ဟု မိန့်ပါသည်။

ယခင်အကြိမ် ကြွလာစဉ်ကကဲ့သို့ တစ်ဦးချင်း နေအိမ်များသို့ မကြွရောက်တော့ဘဲ တစ်မြို့လုံးကို မော်တော်ကားဖြင့်ပတ်ပြီး ပရိတ်ကြီး(၁၁)သုတ်၊ ဂုဏ်တော်ကွန်ချာ၊ မေတ္တာပို့၊ အမျှဝေပြုလုပ်ပေးခဲ့ပါသည်။ တရားပွဲကိုမူ တူမောင်းကျောင်းတိုက်တွင်ပင် ကျင်းပပြုလုပ်ကြပါသည်။ လှူဒါန်းရရှိငွေများကို မြို့ပေါ်ရှိ လိုအပ်သော ဘုန်းတော်ကြီးကျောင်းများကို လှူဒါန်းပါသည်။

**ဆရာတော်ကြီးနှင့်ချင်းတိုင်းရင်းသားများ**

ဆရာတော်ကြီးမှာ (စာရေးသူကိုမြို့တွင် တရားဟောရင်း) ချင်းပြည်နယ်တွင် သာသနာပြုရပုံကို ထည့်သွင်းဟောကြားပါသည်။ခန္တီးတောင်ကျောင်းသင်မ်းသို့ လာလာသမျှသော ချင်းတိုင်းရင်းသား၊ ဂေါ်ရခါးလူမျိုးများကို ဆရာတော်ကြီးမှ တရားဟောလေ့ရှိပါသည်။ အထူးသဖြင့် ညည်းထန်စွာရွာသွန်းသော မိုးထဲလေထဲတွင် သားကောင်လိုက်လံဖမ်းဆီးပစ်ခတ်သူများသည် ဆရာတော်ကြီး၏ ကျောင်းကလေးသို့ မိုးခိုနေကြလေရာ ဆရာတော်ကြီးမှ ကိုယ်ချင်းစာတရား(ပါဏာတိပါတာ)ကို ဟောပြောပါသည်။ မိမိအား ထိခိုက်နာကျင်အောင် စေလျှင် မိမိမကြိုက်နှစ်သကဲ့သို့ သူတစ်ပါးကိုလည်း ထိခိုက်နာကျင်အောင် အသက်သေအောင်မပြုသင့်ကြောင်း၊ မိမိ၏ပစ္စည်းဥစ္စာကို သူတစ်ပါးယူလျှင် မိမိမကြိုက်၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြင့်ကြုံရသကဲ့သို့ သူတစ်ပါးစိတ်ဆင်းရဲကိုယ်ဆင်းရဲမဖြစ်ရလေအောင် သူတစ်ပါးပစ္စည်းကိုလည်း မယူသင့် (မခိုးသင့်) ကြောင်း ငါးပါးသီလအခြေခံတရားကို ဟောပြောပါသည်။ မတိတ်တမ်းရွာနေသောမိုးကြောင့် အမဲလိုက်သူများမှာ အပြင်သို့ထွက်လို့လည်းမရတာကြောင့် ဆရာတော်ကြီး(သူတို့အခေါ်)သခင်ကြီး၏တရားကို နားထောင် (နာယူ)နေကြရပါသည်။

တရားပြီးဆုံးချိန်နှင့် မိုးတိတ်ချိန် အံကိုက်ဖြစ်သွားပြီ။ အမဲလိုက်သမားများ အမဲလိုက်ရန်ထွက်ခွာသွားကြပါသည်။ သို့သော် သူတို့သွားသည့်လမ်းကြော တောင်စောင်းကျဉ်းကျဉ်းလေးတွင် ကျားကြီးတစ်ကောင်ကစောင့်နေသဖြင့် ရှေ့မတိုးရဲတော့ဘဲ နောက်ကြောင်းပြန်လှည့်ကြရသည်ဟု ဆိုပါသည်။



သူတို့ရွာထဲရောက်လျှင်ကား -

"သခင်ကြီးက ငါတို့ သားကောင်ဖမ်းလို့ မရအောင်လို့ ကျားနဲ့တိုက်လွှတ်လိုက်တယ်"

ဟု သတင်းပျံ့နှံ့သွားပါတော့သည်။

ချင်းနှင့် ဂေါ်ရခါးရွာသားများမှာ အိမ်ခြေများများစားစားမရှိဘဲ တောင်ကုန်းလေးများပေါ်တွင် ဟိုတစ်အိမ် ဒီတစ်အိမ်ဖြစ်နေရကား တရားဟောသာသနာပြုရရှာသော ဆရာတော်ကြီး၏ ဆင်းရဲဒုက္ခခံပြီး ကြံ့ကြံ့ခိုင်လှသော စိတ်ဓာတ်ကို လေးစားကြည်ညိုကြည့်ကြပါစို့။

ရွာတစ်ရွာမှတစ်ရွာသို့ ဆရာတော် တစ်ပါးတည်း တောင်ဖွေးကို အဖော်ပြု၍ကြွသွားရပါသည်။ နေ့ခင်းတွင် အလုပ်လုပ်နိုင်သူအားလုံးက တောင်ယာတွင် ရောက်နေကြသဖြင့် လူစုံချိန်မှ တရားဟောရပါသည်။ ရပ်ရွာသားများ ပြန်ရောက်လျှင် ရွာသူကြီးက 'သခင်ကြီးလာပြီ' ဟု အသံပေးလိုက်၏။ သူတို့အရပ်ဒေသသုံး သစ်သားသို့မဟုတ် ကျောက်ဖြင့်ပြုလုပ်သော မောင်းဆုံကြီး မှောက်ထားပြီး ဆရာတော်ကြီးကား ထိုအပေါ်မှာထိုင်၍ သီတင်းသုံးရရာ တရားဟောပလ္လင်ဖြစ်ပါတော့သည်။ ရွာသူရွာသားများက ဆရာတော်ကြီးအား ဗဟိုပြု၍ အချို့က မြေကြီးပေါ်တွင် ခြေဆင်းထိုင်ကြပါ၏။ များသောအားဖြင့်တော့ ခြေဆင်းထိုင်ကြသည်များပါသည်တဲ့။ အချို့ကမတ်တတ်ရပ်သည်။ အချို့ကအောင်လောက်ပဲ (ပဲဒလက်စေ့) ပြုတ်စားလျက် ဆရာတော်ကြီးဟောသောတရားကို နာယူကြပါသည်။

ပြောင်းဖူးပေါသော အချိန်တွင် ဆရာတော်ကြီးအား ပြောင်းဖူးပြုတ်စေ့များကို ဝါးဆစ်ပိတ်ခွက်ထဲထည့်ပြီးပေးကြ(ကပ်လှူ)၏။ တစ်ရွာမှတစ်ရွာကူးလျှင် ပြောင်းဖူးပြုတ်ကို အဖူးလိုက်လှူကြ၏။ အနီးတွင် ချင်း၊ ငရုတ်သီးရောထောင်းထားသည့် ငရုတ်ဆုံကို ချပေးထားပါသည်။ ဆရာတော်ကြီးအလိုရှိသလောက် ချင်း၊ ငရုတ်သီးရောထောင်းကို ဘုဉ်းပေးသုံးဆောင်နိုင်ရန် ဖြစ်၏။

တစ်ခါသော် ဆရာတော်ကြီး အပြင်းအထန်ဖျားသည်ဟု ဆိုပါသည်။ အိပ်ရာထဲလှဲနေရ၏။ ဘာမှမစားချင်။ ရေသောက်လို့ပင်အရသာမရှိ။တစ်ချက်တစ်ချက်သတိလစ်၍သွားသေး၏။ ချင်းလူငယ်ကလေးနှစ်ယောက်က လာကြည့်၏။ 'သခင်ကြီးသေတော့မှာပဲ' လို့ တစ်ယောက်က ပြော၏။ တစ်ယောက်က 'မသေသေးဘူးကွ' ဟု ပြောနေကြသံကို ဆရာတော်ကြီး ကြားနေရသော်လည်း သေချင်လည်းသေပါစေတော့ဟု ဝင်လေ၊ ထွက်လေကို အာရုံပြုနေရ၏ဟု ဆိုပါသည်။

ဆရာတော်ကြီးကျန်းမာလာသော အခါ ရွာထဲမှ ရွာလူကြီးရောက်လာပြီး 'သခင်ကြီးမသေနဲ့ဦးနော်' ဟု ဆိုကာ သူ့တောင်ယာထွက်အသီးအနှံလေးများ လှူသွား၏။

နတ်ဆေးဂမုန်းသည် ဆေးဖက်ဝင်သဖြင့် ဆရာတော်ကြီးက အမြဲစုဆောင်းထား၏။ မြန်မာပြည်အောက်ပိုင်းမှ တပည့်ဒါယကာများထံ လူကြုံဖြင့်ပို့ပေး၏။ ဆရာတော်ကြီးထံ ဖလမ်းမြို့ရှိ မြန်မာဝန်ထမ်းများမကြာခဏရောက်လာပြီး ဆေးဝါးနှင့် မုန့်ပဲများလှူသည်လည်းရှိပါ၏။

**ပဲလှော်ဖိုးတဲ့**

ဆရာတော်ကြီး ဦးဥတ္တမသာရအား သံဃာအချင်းချင်းမှ အလှူခံကြပါသည်။ ရေတွင်းရေကန်ပြုပြင်ရန်၊ ကျောင်းပြင်ရန် စသည်ဖြင့် အလှူခံကြလေရာ၊ ဆရာတော်ကြီး ဦးဥတ္တမသာရမှ ပြန်၍လှူခဲ့ပါသည်။ တစ်ခါတစ်ရံတွင် ဆရာတော်ကြီးအလှူခံရရှိသည့်၊ လှူကြသည့် နဝကမ္မဝတ္ထုငွေများနှင့် ဝေငှ၍ မလောက်ငနိုင်သည်လည်း ရှိပါသည်။

ထိုအခါ ဆရာတော်ကြီးမှ -

"ဘုန်းကြီးက ဘုန်းမကြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ပဲလှော်ဖိုးလောက်ပဲ အလှူခံရတာ။ ဒါလေးပဲ ဝေမျှလှူနေရတာပါ"

ဟု မိန့်တော်မူပါသည်။

**စန္ဒီပရဆေးတိုက်အပေါ်ထပ်**

စာရေးသူ ရန်ကုန်ရောက်ခိုက် စန္ဒီပရဆေးတိုက်တွင် ဆရာတော်ကြီး သီတင်းသုံးနေသည်ဟု ကြားသိရသဖြင့် ရန်ကုန်မြို့တွင်နေသော အစ်ကိုနှင့် ညီမတို့အားခေါ်ပြီး ကုန်ဈေးတန်းလမ်းရှိ စန္ဒီပရဆေးတိုက်အပေါ် ဆုံးထပ်သို့ တက်ရောက်၍ ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ကြ၊ လှူဒါန်းကြပါသည်။

ဆရာတော်ကြီးမှ စာရေးသူအား ကောင်းစွာ မှတ်မိသဖြင့် အလွန်ဝမ်းသာရပါသည်။ စာရေးသူတို့မှာ ပန်းထုပ်ဖက်သည်ပင် ပန်းရနံ့မွှေးဆိုသလို မေတ္တာရှင် ဆရာတော်ကြီး၏ မေတ္တာဓာတ်ကူးသည်ဟုခံစားကြရပါသည်။ ဆရာတော်ကြီးမှာ ခရီးဆက်ရန် (မီးရထားနှင့်လား၊ လေယာဉ်နှင့်လား မမှတ်မိတော့ပါ။) ရှိသဖြင့် ဆရာတော်ကြီးထိုင်သောကုလားထိုင်ကို စန္ဒီပရဆေးမှအားကောင်းမောင်းသန်အမျိုးသားများ ချီမပြီး အောက်ထပ်သို့ ပင့်ဆောင်ကြပါသည်။

ကုန်ဈေးတန်းလမ်းပေါ်တွင် ဆရာတော်ကြီးအား ဖူးမြော်ကြသူများပြည့်နေပါသည်။ စာရေးသူ ဆရာတော်ကြီး ကားပေါ်ကြွသည်အထိ ကန်တော့နေရာ -

"ကဲ၊ ကဲ - ဆရာမလည်း ပြန်ပေတော့"

ဟု ဆိုပါသည်။

**သက်တော် (၈၀) ပြည့်မွေးနေ့**

ဆရာတော်ကြီး၏ သက်တော် (၈၀) ပြည့်မွေးနေ့ကို ဆရာတော်ကြီး၏ ဇာတိရွာဖြစ်သော ငွေတွင်းကုန်းရွာ (အရပ်အခေါ် အိုင်ယား) ရွာတွင် ကျင်းပပြုလုပ်ပူဇော်ကြပါသည်။ ဆရာတော်ကြီးက သက်တော်(၈၀)နှစ်ပြည့်မွေးနေ့ပွဲမှာ ၁၃၅၃၊ တပို့တွဲလပြည့်နေ့၊ တနင်္ဂနွေနေ့ဖြစ်ပါသည်။

**ရွှေဘို၊ ရေဦး၊ ငွေကွင်းကုန်း**

ရွှေဘိုမြို့မှ ယုန်စန္ဒာစတိုးဆိုင်ရှင် ဦးဌေးအောင်၊ ဒေါ်အုံးစိန်၊ ရွှေဘို အ-ထ-က(၁)မှ ဆရာမကြီးဒေါ်အုံးမြိုင်၊ ဆရာမ ဒေါ်လှသန်းနှင့် စာရေးသူတို့ လိုက်ပါကြပါသည်။ ဗင်ကားတစ်စီးနှင့် ဟိုင်းလက်တစ်စီးဖြစ်ပါသည်။

စာရေးသူတို့သည် ရွှေဘိုမှ ခင်ဦး၊ ရေဦး၊ ဒီပဲယင်းမြို့များကိုဖြတ်ပြီး အုတ်ရှစ်ကျေးရွာတူးမြောင်းပေါင်တစ်လျှောက်မောင်းကြရသည်။ လမ်းတွင် နွားကျောင်းသားအုပ်စုလေးများတွေ့ရာ ချိုချဉ်ထုပ်လေးများ ဝေခဲ့ကြပါသည်။

စာရေးသူမှာ ရေဦးတွင်ရှိသော လမ်းသင့်သည့် အသိမိတ်ဆွေများ၊ ဒီပဲယင်းရှိ အသိမိတ်ဆွေများနှင့် စိုင်ပြင်ကြီးရွာတွင်ရှိ ဆွေမျိုးသားချင်းများကိုပါ နှုတ်ဆက်ရ၍ဝမ်းသာရပါသည်။

**ထန်းတပင်**

တူးမြောင်းပေါင်တစ်လျှောက် ကိုင်းကံရွာ၊ မကျီးအုပ်ရွာ၊ ထန်းတစ်ပင်ရွာများကို ဖြတ်ရပါသည်။ ထန်းတပင်ရွာအဝင် (ရွာစည်းရိုးအရှေ့ဘက်)ရှိ ဘုရားစေတီများကိုဖူးကြရပါသည်။ ထိုဘုရားစေတီများ၏ ဌာပနာတိုက်ထဲတွင် ဓာတ်တော်များကို သပိတ်များနှင့်ထည့်၍ စေတီတည်ထားသည်ဟု ဆရာတော်ကြီး ဦးဥတ္တမသာရမှ မိန့်ဖူးသဖြင့် ဓာတ်တော်အစစ်ဌာပနာဘုရားများကို ဖူးရလေပြီဟု ကြည်နူးခဲ့ပါသည်။

ကိုင်းကံရွာမှ ကမ္မဋ္ဌာန်းပြဆရာတော်ကြီး ဦးသုမင်္ဂလအား အောက်မေ့မိပါသည်။ စာရေးသူ၏ဖခင်က ဆရာတော်ကြီး ဦးသုမင်္ဂလတောရကျောင်းတွင် တရားထိုင်သောကြောင့် ၁၉၇၀ ပြည့်နှစ်များက ထိုတောရကျောင်းသို့ ဖခင်နှင့်အတူ ရောက်ဖူးပါသည်။

**အုတ်ရှစ်ကျေးရွာ**

ငွေကွင်းကုန်းရွာသွားလမ်းသည် အုတ်ရှစ်ကျေးရွာထဲမှဖြတ်သွားရပါသည်။ ထိုရွာထဲမှ အစ်မဝမ်းကွဲဒေါ်ကြည်လင်တို့အိမ်သို့ ခေတ္တဝင်ရောက်နှုတ်ဆက်ရပါသည်။ ထိုမှ အိုင်ယားရွာဟု အရပ်ခေါ်ခေါ်ကြသည်။ ဆရာတော်ကြီး ဦးဥတ္တမသာရ၏ဇာတိ ငွေတွင်းကုန်းရွာသို့ ရောက်ပါတော့သည်။

ဆရာတော်ကြီး သီတင်းသုံးသည့်ကျောင်း (ကျောင်းအမည်မမှတ်မိတော့ပါ) ထဲသို့ ကားများအားလုံး ဝင်ရောက်ရပ်နားကြပါသည်။ ရောက်သည်နှင့် ဆရာတော်ကြီးအား ကန်တော့ကြ၊ လှူကြပါသည်။

**မျောက်လိုပဲ**

ဆရာတော်ကြီး သီတင်းသုံးနေသော အုတ်တိုက်လေးထဲတွင် ဖူးမြော်ကန်တော့သူများပြည့်နေပါသည်။ လှူဖွယ်ဝတ္ထုအစုစုကို ဦးပဥ္စင်းလေးတစ်ပါးနှင့် ဆရာတော်ကြီး၏တူ ကိုပိန်တို့က သိမ်းဆည်းကြပါသည်။ ကိုပိန်မှာ သွက်သွက်လက်လက်ဖြင့် လုပ်ကိုင်ပါသည်။ ဧည့်ပရိတ်သတ်ကြားလမ်းလျှောက်ရမှာကို အားနာသဖြင့် တိုက်ကျောင်းလေးကို ဟိုပေါ်တက်၊ ဒီပေါ်ကျော်ဖြင့် သွားနေလေရာ ဆရာတော်ကြီးက 'ငပိန်ရယ်၊ နင့်လည်း မျောက်လိုပါလား' ဟု မိန့်ပါသည်။

**မေတ္တာရေကန်**

ငွေကွင်းကုန်းရွာသည် ရေးက ရေအလွန်ရှားပါသည်။ ဆရာတော်ကြီး ဦးဥတ္တမသာရမှ အဓိဋ္ဌာန်ပြု ပရိတ်ရွတ်ပြီး ပရိတ်ရေများဝေလှူကျသည်မှ ပရိတ်ရေများကို ကန်အတွင်းသို့ လောင်းဖြည့်ပေးလိုက်သည်ကစ၍ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးသုံးစွဲလောက်ပြီး ရေအနက် (၅) ပေခန့် အမြဲရှိနေပါ သည်။ ယခင်က နွေရာသီတွင် ရေခန်းသော်လည်း ယခုလုံးဝမခန်းတော့ပါ။

**မဌေးတင့်**

ညနေပိုင်းတွင် ငွေကွင်းကုန်းရွာသူ လူပျိုဖြူများ ရေခပ်ကြပါသည်။ ကျောင်းအတွက် ချက်ပြုတ်ကျွေးမွေးရန်အတွက်ပါ ရေခပ်လှူကြခြင်း ဖြစ်ပါသည်။ ထိုလူပျိုများထဲမှ ကလေးမလေးတစ်ယောက်က ဆရာမ၊ ဆရာမဟုခေါ်လေရာ ဆရာမက (၃) ယောက်ဖြစ်နေသဖြင့် မည်သူကမျှ မထူးကြပါ။ နောက်လှည့်မိတော့မှ လွန်ခဲ့သော (၁၀) နှစ်ခန့်က စာရေးသူ တာဝန်ထမ်းဆောင်ခဲ့သော မူးကမ်းကြီးအ-လ-ကမှ သူငယ်တန်းကျောင်းသူလေး မဌေးတင့်ဖြစ်နေပါသည်။ ယခုတော့ (၁၅) နှစ်အရွယ် အပျိုကြီးဖားဖားဖြစ်နေပါပြီ။

**မှိုချက်**

အောက်အရပ်ဒေသက ငါးဟင်းဟုခေါ်ပေမယ့် စာရေးသူတို့အညာမှာ ငါးချက်ဟု ခေါ်ပါသည်။ ထိုနေ့ညနေက ဧည့်ပရိသတ်များကို သက်သတ်လွတ်ဟင်းဖြင့်ကျွေးပါသည်။ (ဆရာတော်ကြီး ဥတ္တမသာရသည် အသက်ထက်ဆုံး သက်သက်လွတ်ဆွမ်းဟင်းကိုသာ ဘုဉ်းပေးပါသည်။)

စာရေးသူတို့အဖွဲ့ထဲတွင် အမျိုးသားများက အရင်ဆုံးစားကြပါသည်။ စာရေးသူတို့အဖွဲ့ထဲမှာ (၇) နှစ်သားလေးတစ်ယောက်ပါလာသည်။ သူက ထမင်းစားပြီးနေပါပြီ။ စာရေးသူက



www.burmeseclassic.com

www.burmeseclassic.com

'သားဘာဟင်းနဲ့စားခဲ့တာလဲ' ဟု မေးရာ 'မှိုချက်ဗျ' ဟု ပြောသဖြင့် အလိုလေး တပို့တွဲလဆန်း ၁၄ ရက်နေ့ဖြစ်နေပြီး ဆောင်းတွင်းကြီး ဘယ်ကမှိုပါလိမ့်မလဲ။ အေးလေ ကောက်ရိုးမှိုဖြစ်မယ်ထင်ပါရဲ့ လို့ တွေးပြီး -

"အမျိုးသမီးများ ထမင်းစားကြွကြပါဗျို့"

ဆိုတာနှင့် စာရေးသူတို့ ကြွကြရပါသည်။ မြေတလင်းမှာ ယိုင်ပတ်တွေခင်းပြီး အဲဒီပေါ်မှာ စားပွဲခုံဝိုင်းလေးတွေနှင့်စားကြရမှာပါ။ သားလေးပြောတဲ့ မှိုဟင်းဆိုတာကြည့်လိုက်တော့ အသံထွက်ပြီးမရယ်မိအောင် မနည်းဘရိတ်အုပ်လိုက်ရပါသည်။

အကြောင်းကတော့ ပဲဟင်းချိုု ပဲငပိနှင့် ငရုတ်သီးနည်းနည်း၊ ကြက်သွန်နီများများဖြင့် ကြော်ထားသော အငန်ကြော်၊ ပဲချဉ်သုပ်တို့ ဖြစ်ပါသည်။ ဖိုးသားလေးပြောသလိုပါပဲ ပဲဟင်းချိုထဲကို မှိုပွင့်၊ ကျောက်ပွင့်များထည့်ချက်ထားတာမှာ မှိုပွင့်ကို ကတ်ကြေးနှင့်ကိုက်ဖြတ်ခြင်းမပြုဘဲ (အချိန်မရလို့လည်း ဖြစ်ပါလိမ့်မည်) ထည့်လိုက်တော့ မှိုပွင့်ကြီးတွေက နူးညံ့ပွပြန့်ကားပြီး ပန်းကန်ထဲမှာ ပြည့်နေတော့တာ ဖြစ်ပါသည်။ သို့သော် အားလုံးသောပရိသတ်တွေက ဆာနေကြတာကြောင့် ရွှေဥဒေါင်းရေးသလို အလွန်မြိန်လှသော မမေ့နိုင်သည့် ထမင်းတစ်နပ်အဖြစ် မှတ်သားလိုက်ရပါသည်။

**ဆွေမျိုးသားချင်းများ**

စာရေးသူတို့ကို ရွာထဲက အိမ်တွေမှာ အိပ်ဖို့လည်း အိပ်ရာတွေပြင်ထားကြပါသည်။ သို့သော် တစ်အိမ်လျှင် လေးယောက်၊ ငါးယောက်သာ အိပ်စရာရှိသဖြင့် ကျောင်းကြီးပေါ်မှာပဲ အိပ်ကြပါသည်။

ည (၁၂) နာရီခန့်တွင် -

"ရွှေဘိုကအဖွဲ့ထဲက ဆရာမရှိသလား"

ဟု ဦးပဥ္စင်းတစ်ပါးကမေးသဖြင့် ဆရာမ(၃)ယောက်စလုံး ကပျာကယာထပြီး အောက်ဆင်းလိုက်ပါသည်။ မေတ္တာရှင်ဆရာတော်ကြီး၏မေတ္တာရိပ်အောက်ရောက်နေပါသော်လည်း ဘာမှန်းမသိ၍ စိတ်တထင့်ထင့်ဖြင့်ဆင်းလာကြရာ နွားလှည်းငါးစီးကျောင်းဝင်းထဲရောက်နေပါသည်။ နွားလှည်းများသည် မူးကမ်းကြီးရွာမှ စာရေးသူ၏အစ်မအရင်းနှင့် ဆွေမျိုးသားချင်းများ ဖြစ်နေပါတော့သည်။ သူတို့က ကျောင်းကြီးအောက်ထပ်မှာ နေရာယူကြပါသည်။


**မုန့်ပန်းကန်လေးတွေ**

နံနက်အစောကြီး နိုးနေသဖြင့် မျက်နှာသစ် စသည်များ ပြုလုပ်ကြပါသည်။ ဘုရားကန်တော့ကြပြီး ဆရာတော်ကြီးရှိရာ အုတ်ကျောင်းလေးထဲသွားကာ ကန်တော့ကြပါသည်။ စာရေးသူတို့ ကန်တော့နေကြစဉ် မုန့်ပန်းကန်ပြားလေးတွေကိုယ်စီကိုင်ပြီး ဆရာတော်ကြီးထံ လာရောက် လှူကြပါသည်။ ပဲပြုတ်နှင့် ကောက်ညှင်းကြော်ထားသောမုန့်များ ဖြစ်ပါ၏။ စာရေးသူတို့အဖွဲ့က ဘေးဖယ်ပေးကြရပါသည်။ ထိုမုန့်များကို ဘုရားဆွမ်းတော်ကပ်လှူ သံဃာများက ဘုဉ်းပေးပြီး ပိုသမျှကို လာလာသမျှသော အဝေးဧည့်သည်များကို ကျွေးပါသည်။

**ဆရာတော်ကြီးတူမ မဆန်း**

ဆရာတော်ကြီးအား မုန့်လာလှူကြသောအဖွဲ့ထဲတွင် ဆရာတော်ကြီး၏တူမဖြစ်သူ မဆန်းလည်း ပါရှိပါသည်။ မဆန်းမှာ ဆရာတော်ကြီး၏မိခင်ကြီး ဝင်စားသူ ဖြစ်သည်ဟု ဆရာတော်ကြီးက ဘဝနေနည်းစာအုပ်တွင် ရေးခဲ့ပါသည်။ မဆန်းသည် ဆရာတော်ကြီး ပြောဟောနေသည်ကို ကြည့်နေပုံမှာ အလွန်သဘောကျနှစ်ခြိုက်ပြီး ပီတိတွေဖြစ်နေမှန်း သိသာပါသည်။

ထို့နေက မွေးနေ့ပွဲကို ပင့်ဖိတ်ထားသော သံဃာများအား ဆွမ်း၊



သင်္ကန်း၊ သပိတ်၊ ထီး၊ ဖိနပ်၊ စောင်၊ ဝတ္ထုငွေများကို မွေးနေ့ရှင် ဆရာတော်ကြီး ဦးဥတ္တမသာရမှ လှူဒါန်းပါသည်။ သံဃာတော်များ ဆွမ်းကပ်ပြီး ဧည့်သည်များကို ကျွေးမွေးပါသည်။

ထိုနေ့ တရားပွဲမှာ နံနက် (၁၁) နာရီမှ (၁၂) နာရီအထိ ရေစက်ချတရားဟောပါသည်။ ယမန်နေ့ညက ဟောသော အကိတ္တိရသေ့အကြောင်းကိုပင် ဆက်ပြီး ဟောတော်မူပါသည်။

**အင်းရွာ၊ ကသာ**

ဆရာတော်ကြီး ဦးဥတ္တမသာရသည် အင်းရွာ၊ ကသာတို့သို့လည်း ကြွရောက်တော်မူပါသည်။ ကသာမြို့ လေးထပ်ကျောင်းကြီးတွင် တရားဟောစဉ် ရေတွင်းထဲမှရေများပါ ဆူပြီးဝေနေသည်ဟု ဆိုပါသည်။

အင်းရွာတွင် မြစ်ကမ်းပါးများ မကြာခဏပြိုသဖြင့် ဆရာတော်ကြီးမှ ပရိတ်ချီးမြှင့်ခဲ့ရာ ကမ်းပါးဆက်ပြီး မပြိုတော့ဟု သိရပါသည်။

**နောက်ဆုံးခရီး**

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆရာတော်ကြီး ဦးဥတ္တမသာရ ပျံလွန်တော်မူပါသည်။ ဆရာတော်ကြီး၏ ကျန်းမာရေးမကောင်းသဖြင့် လေယာဉ်ဖြင့် ပင့်ဆောင်စဉ် ဆရာတော်ကြီးမှ ခန္တီန်ဆောင်ကြီးကို လေယာဉ်ဖြင့် သုံးပတ်ပတ်ပြီး ပရိတ်ရွတ်၊ မေတ္တာပို့ခဲ့ကြောင်း သိရပါသည်။

ဆရာတော်ကြီး၏ရုပ်ကလာပ်ကို မုံရွာမြို့ မြို့မ ရွှေဂူကျောင်းတိုက်တွင် ထားရှိပြီး အပူဇော်ခံပါသည်။ ဆရာတော်ကြီးအား မီးသဂြိုဟ်ပြီး ပြာများကို ညနေ နေဝင်ရီတရော (ဆည်းဆာချိန်) ချိန်တွင် ချင်းတွင်းမြစ်အတွင်းမျှောသည်ကို ချင်းတွင်းမြစ်ကမ်းဘေးမှ စာရေးသူတို့ မျက်ရည်များကြားမှ နောက်ဆုံးဖူးမြော်ကန်တော့လိုက်ရပါတော့သည်။

*အနန္တစကြဝဠာ အနန္တသတ္တဝါတို့*
*ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍*
*ကိုယ်၊ စိတ်နှစ်ဖြာ ချမ်းသာကြပါစေ*

ဦးဥတ္တမသာရ

မာတ်ပေါင်းစေတီတော်အတွက် ငွေလှူဒါန်းလိုပါက ၀၇၀-၄၀၀၄၃၊ ၀၉-၂၁၀၀၈၇၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

ဝေစည် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com


ဟံသာဝတီမင်းကောင်းမှု မြင်းမိုရ်တောင်စေတီကို
တောင်ဘက်မျက်နှာမှ ဖူးတွေ့ရစဉ်

# အင်းဝမြို့က
# မြင်းမိုရ်တောင်ပုံစံစေတီများ

ဗိုလ်ရှိတ်(ရတနာပူရ)

မြင်းမိုရ်တောင် ဟူသော အမည်ကို မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင်များ အဖို့ ကလေးမှစ၍ သက်ကြီးရွယ်အိုအထိ ရင်းနှီးနေသော အမည်တစ်ခု ဖြစ်သည်။ ပျို့၊ ကဗျာလင်္ကာများ၊ ဆုံးမစာများတွင်လည်း မြင်းမိုရ်တောင်၏ဂုဏ်အင်နှင့်ပမာပြု၍၊ ခိုင်းနှိုင်း၍ မြင်းမိုရ်တောင်အကြောင်းကို ထည့်သွင်းဖွဲ့ဆိုခဲ့ကြပါသည်။ စကားပြောဆိုကြရာတွင်လည်း မြင်းမိုရ်တောင်လောက်ကြီးတယ်၊ မြင်းမိုရ်တောင်လောက်မြင့်တယ်စသဖြင့် ခိုင်းနှိုင်းပြောဆိုကြပါသည်။ ဤမျှထိ ကျွန်တော်တို့ မြန်မာလူမျိုးများသည် မြင်းမိုရ်တောင် ဟူသော အမည်ဖြင့် ရင်းနှီးကြပါသည်။

ရှေးစာဆိုကြီးများ ဖွဲ့ဆိုခဲ့သော ကဗျာလင်္ကာများမှ မြင်းမိုရ်တောင် အမည်ပါသောစပ်ထုံးများကို အနည်းငယ် ထုတ်ဖော်ပြရလျှင် -

◆ *စကြဝဠာ၊ သန်္ဍာရံဝန်း၊ မြင်းမိုရ်ထွန်းသား၊ လေးကျွန်းထိပ်မော်၊ ကမ္ဘာပေါ်က . . .*

(မင်းတရားရွှေထီးချောင်း)

◆ *ခေါင်ပွေ့မှန်ဘူး၊ မြင်းမိုရ်ဦးဝယ်၊ ပျော်မြူးစံမှန်း၊ ဝေယန်နန်း၌ . . .*

(မင်းရဲသိခ်သူချောင်း)

◆ *ရှစ်သောင်းလေးထောင် အမြင့်ဆောင်သား၊ တောင်မြင်းမိုရ်ရှိ ဂုဏ်ကြီးဘိသည် . . .*

(ရှင်မဟာရဋ္ဌသာရ)

◆ *ထက်ဝန်းရံကာ၊ မြင်းမိုရ်ချာနိုက်၊ သူဇာလှထွား၊ မိဖုရားနှင့် . . .*

(ရှင်ကာရဝိက)

ယခု ဖော်ပြခဲ့သည်မှာ မြင်းမိုရ်တောင် အမည်ပါသော စပ်ထုံးအနည်းအကျဉ်းကိုသာ ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာစာပေနယ်ပယ်တွင် မြင်းမိုရ်တောင် အမည်ပါသော အခြားစာပေစပ်ထုံးများစွာ ရှိပါသေးသည်။

မြင်းမိုရ်တောင် ဟူသော အမည်သည် ကဗျာလင်္ကာများတွင်သာမက ရှေးခေတ် မြန်မာဘုရင်များလက်ထက်က စေတီပုထိုးများတည်ရာတွင်လည်း ‘လေးကျွန်းတစ်မြင်းမိုရ်’ အယူအဆအတိုင်း တည်ခဲ့သည်များလည်း ရှိပါသည်။ အလယ်ကောင်တွင် စေတီကြီးတစ်ဆူတည်၍ ဘေးတွင် စေတီလေးဆူရံကာတည်သောပုံစံများပင် ဖြစ်သည်။ သို့သော် အချို့မင်းများလက်ထက်၌ လေးကျွန်းတစ်မြင်းမိုရ်ပုံစံသာမကတော့ဘဲ မြင်းမိုရ်တောင်ပုံစံအတိုင်း တည်


ဟံသာဝတီမင်းကောင်းမှု မြင်းမိုရ်တောင်စေတီကို ရှေးမူမပျက်
ပြန်လည်ထိန်းသိမ်းနေစဉ် နောက်ဘက်မှ ဖူးတွေ့ရပုံ






www.burmeseclassic.com


www.burmeseclassic.com




တောင်ဘီလူရပ်ကွက်အတွင်းရှိ မြင်းမိုရ်တောင်ပုံစံစေတီမှ
နေရထားယန်းတော့ထက်ရာများကို ရှေးမူမပျက် တွေ့ရစဥ်



မြစ်သာရပ်ကွက်ရှိ ဉာဏ်တော်အသေးဆုံး
မြင်းမိုရ်တောင်ပုံစံစေတီကို
မြောက်ဘက်မှဖူးရစဉ်



မြစ်သာရပ်ကွက်ရှိ ဉာဏ်တော်အသေးဆုံး
မြင်းမိုရ်တောင်ပုံစံစေတီကို
အနောက်ဘက်မျက်နှာမှဖူးတွေ့ရစဉ်



တောင်ဘီလူရပ်ကွက် နတ်စိမ်းကျောင်းရှေ့ရှိ
ဒုတိယဉာဏ်တော်အမြင့်ဆုံး မြင်းမိုရ်တောင်ပုံစံစေတီ

သောစေတီများရှိလာပါသည်။ စေတီများ၏ဘွဲ့ကိုပင် မြင်းမိုရ်တောင်စေတီဟူ၍ပင် ဘွဲ့ကမ္ပည်းတင်လာကြပါသည်။

ထင်ရှား၍ အသိများ မြင်းမိုရ်တောင်စေတီများမှာ အင်းဝမြို့ဟောင်းရှိ မြင်းမိုရ်တောင်စေတီ၊ မင်းကွန်းကျေးရွာရှိ မြသိန်းတန်စေတီများပင် ဖြစ်သည်။ အမရပူရမြို့ဟောင်း အနောက်တောင်ထောင့် မြို့ထောင့်စေတီအနီးရှိ စေတီငယ်လေးတစ်ဆူသည်လည်း မြင်းမိုရ်တောင်စေတီဟု ဆိုနိုင်ပါသည်။

မြင်းမိုရ်တောင်ပုံစံစေတီများကို ပုဂံမြို့ဟောင်း၌လည်း မတွေ့ရပေ။ ၎င်း အတူ ပုဂံခေတ်နောက်ပိုင်းကာလများ

www.burmeseclassic.com

www.burmeseclassic.com

## ဝနဝါသီနှင့် တစ်မက်တာဝန်

- ဝနဝါသီ ထိုငါသည်ကား
လှည့်လည်ကျက်စား တောတောင်များ၌
တရားလည်းဝင် မှတင်လည်းဆောင် နှစ်ဖက်
ခြောင်ကို
ချောင်ကာပိတ်ဆည်း တစ်ပါးတည်း
ဖြည့်ဆည်းနေဆဲပင်။
- ထိုသို့ထီးထီး
ကိုယ့်တွက်ချည်းသာ ဖြည့်ဆည်းပါကြောင့်
ဒကာစုံးစား နောက်လိုက်များအား
တရားဟောခြင်း ပြသခြင်း
လွတ်ကင်းနေချေပြီ။
- ထိုသည့်လွတ်ကွက် တာဝန်ပျက်ကို
ပေးဆပ်ကာထာ စာများစွာဖြင့်
သည်ဟာသည်လို သည်ဆိုသည်သို့
သည်မြို့သည်နား လမ်းပြမြားကို…။
- ပုဏ္ဏားနှင့်မျောက်
ချောက်မှအတက် လမ်းပြချက်ကို
သွေးစက်ချကာ ပြသပါသို့
ငါ့မှာလည်းပဲ တာဝန်ခွဲ
ပြုပွဲလုပ်ရပြီ။
- ထိုဤကာထာ ရေးပြရာ၌
  - ဆွမ်းခံပြန်ချိန် ဝမ်းမပြီမ်
  ရေးချိန်အဖြစ် တာဝန်ပေး။
  - ဆွမ်းစားပြီးချိန် ဝမ်းပွေလိမ်
  ရေးချိန်အဖြစ် တာဝန်ပေး။
  - အထိုင်နားချိန် စိတ်အားချိန်
  ချင့်ချိန်၍ပင် တာဝန်ပေး။
- သို့ဖြင့်ပင်လျှင်
အုပ်စဉ်မြောက်မြား စာစကား
ပေါက်ဖွားခဲ့ချေသည်။
- ဆိုပြီးစကား သင်လေးစားလျှင်
ပေးထားအမွေ ဤစာပေကို
ရွှေလိုလည်းသို ငွေလိုလည်းထား
အစားလိုချစ် သုံးဆောင်ရစ်
လွှင့်ပစ်မထားနှင့်…။
- အကယ်၍များ
မစားမသုံး လုံးလုံးပစ်ပယ် သင်လက်ဖယ်သော်
ရွှေနှယ်လည်းစု ငွေနှယ်စုဖြင့်
လုရအချိန် စိမ်ရစိတ်တွေး
ရေးပေးစာသား လုံ့လထားကား
သဲကြားရေသွန် တပြေကျွံ
နွံ့ဝယ်ရွှေနှစ် ဖြစ်တော့မည်။
- သင့်ဖို့ရေးသား စာစကား
အလကားသက်သက် မဖြစ်သင့်…။
- ငါ့ဖို့ရာထား အချိန်များ
အလကားသက်သက် မဖြစ်သင့်…။

(၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်၊ ပဋ္ဌပတ်တောစခန်း)



www.burmeseclassic.com

ဖြစ်သည့် မြင်စိုင်း၊ မကွေးရာ၊ ပင်လယ်၊ စစ်ကိုင်း စသည့်မြို့ဟောင်းများ၌လည်း မတွေ့ရပေ။ သို့သော် အင်းဝမြို့ဟောင်း၌ကား မြင်းမိုရ်တောင်ပုံစံ စေတီသုံးဆူ တွေ့ရပါသည်။ စေတီသုံးဆူတွင် အစော ဆုံးစေတီ၏ခေတ်လက်ရာမှာ ညောင် ရမ်းခေတ်လက်ရာဖြစ်ပါသည်။ ယင်းကို ကြည့်ပါက မြင်းမိုရ်တောင်ပုံစံစေတီကို ပထမဆုံးစတည်သောခေတ်မှာ ညောင် ရမ်းခေတ်ဟု ယာယီအားဖြင့် သတ်မှတ် နိုင်ပါသည်။ ကုန်းဘောင်ခေတ်ရောက် သောအခါတွင် ညောင်ရမ်းခေတ်အမွေ ကိုဆက်ခံသည့်အနေဖြင့် မြင်းမိုရ်တောင် စေတီများတည်လာကြပါသည်။ သို့ရာ တွင် အရေအတွက်မှာ မများလှဟု ဆိုရ ပါမည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမရပူရမြို့ဟောင်း၌တစ်ဆူ၊ မင်းကွန်း၌တစ်ဆူ၊ အင်းဝမြို့ဟောင်း၌ သုံးဆူ သာတွေ့ရပါသည်။ ဤငါးဆူအရေအ တွက်မှာ လက်လှမ်းမီသမျှ ရောက်ဖူး သမျှနေရာများမှာ အရေအတွက်သာ ဖြစ်ပါသည်။ ကျွန်တော်အလှမ်းမမီသော နေရာများတွင် မြင်းမိုရ်တောင်ပုံစံစေတီ များထပ်မံတွေ့ရှိပါက ဖြည့်စွက်ရေးသား ကြပါရန် သုတေသီတို့ကို တောင်းဆို ချင်ပါသည်။

ယခုအခါ အင်းဝမြို့ဟောင်း၌ရှိ သော မြင်းမိုရ်တောင်ပုံစံစေတီသုံးဆူကို အင်းဝမြို့သို့လာရောက်ကြသော ဘုရား ဖူးများ၊ သမိုင်းသုတေသီများ ဝင်ရောက် ဖူးမြော် ကြည့်ရှုလေ့လာနိုင်ရန်အတွက် လမ်းညွှန်ဖော်ပြလိုပါသည်။ ထိုသို့ဖော်ပြ ရာတွင်လည်း မြင်းမိုရ်တောင်ပုံစံမှာ မည်သို့ပုံစံဖြစ်သည်ကို သိရန်လိုအပ်လာ ပါသည်။ သို့ဖြစ်သောကြောင့် ဗုဒ္ဓစာပေ ကျမ်းဂန်များ၌လာသည့် မြင်းမိုရ်တောင် ပုံစံကို အရင်ဦးစွာ ဖော်ပြပါမည်။

ဗုဒ္ဓစာပေကျမ်းဂန်များ၌ မြင်းမိုရ် တောင်သည် ရေအတွင်း၌ ယူဇနာရှစ် သောင်းလေးထောင်၊ ရေပေါ်၌ ယူဇနာ ရှစ်သောင်းလေးထောင်မြင့်သည်ဟု ဆို၏။ တောင်မှာ လေးထောင့်ပုံစံမဟုတ် ဘဲ အလုံးအဝန်းပုံစံဖြစ်ပြီး မုရိုးစည် တဲ့သို့ အလယ်တွင်ပူ၍ အထက်နှင့် အောက်သို့ တရွေ့ရွေ့ရှူးသွားသည်ဟု ဖော်ပြထား၏။ မြင်းမိုရ်တောင်ခါးပန်း စွန်းတွင် အာလိန်ငါးဆင့်ဟု ဆိုသော အဆင့်ငါးဆင့်ရှိ၏။ ပထမအာလိန်သည် ရေပေါ်တစ်ဝက်၊ ရေအောက်တစ်ဝက် ဖြစ်၍ နဂါးမင်းတို့ နေကြ၏။ ဒုတိယ အာလိန်၌ ဂဠုန်မင်းတို့ နေကြ၏။ တတိယအာလိန်၌ ကုမ္ဘဏ်ဘီလူးတို့နေ ကြ၏။ စတုတ္ထအာလိန်၌ ဘီလူးရက္ခိုသ် တို့နေကြ၏။ ပဉ္စမအာလိန်၌ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရအမည်ရသော နတ်မင်းကြီးလေးပါးတို့နေရာ စတုမဟာ ရာဇ်နတ်ပြည် ဖြစ်၏။

ထို့ပြင် မြင်းမိုရ်တောင်၏ ဘေး ပတ်လည်တွင် ယုဂန္ဓရတောင်၊ ဣသန္ဓရ တောင်၊ ကရဝိကတောင်၊ သုဒဿန တောင်၊ နေမိန္ဓရတောင်၊ ဝိနတ္ထက တောင်၊ အဿကဏ္ဏတောင် ဟူ၍ တောင်စဉ်ခုနစ်ထပ် ဝန်းရံလျက်ရှိပြီး တောင်စဉ်များကြား၌ သီဒါခုနစ်တန် ဟုခေါ်သော သမုဒ္ဒရာခုနစ်စင်းသည် ရစ်ခွေပတ်၍စီးဆင်းနေသည်။ မြင်းမိုရ် တောင်ခါးပန်း ယုဂန္ဓရတောင်အမြင့်နှင့် ညီမျှသောအရပ်တွင်လည်း နေနှင့် လ တို့သည် အထက်၊ အောက်တစ်ယူဇနာ ခြားလျက် မြင်းမိုရ်တောင်ကို လက်ယာ ရစ်ပတ်၍ လည်နေကြ၏။ မြင်းမိုရ် တောင်ထိပ်တွင်မူ သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်ရှိ၍ စူဠာမဏိ စေတီ၊ ပင်လယ်ကသစ်ပင်၊ ဝေဇယန္တာ ပြာသာဒ်များ အထင်ကရ တည်ရှိကြ သည်။ ဤမျှဆိုလျှင် မြင်းမိုရ်တောင်၏ ပုံစံသိသာလောက်ပြီထင်ပါသည်။ ယခု ဖော်ပြခဲ့သည့်မြင်းမိုရ်တောင်အကြောင်း မှာ သမန္တစက္ခုဒီပနီကျမ်း၊ စွယ်စုံကျော် ထင်ကျမ်း၊ ပဏ္ဍိတဝေဒနီယကျမ်းများ မှ ထုတ်နုတ်၍ ဖော်ပြခဲ့ခြင်း ဖြစ်ပါ သည်။

ယခုဆက်၍ အင်းဝမြို့အတွင်းရှိ မြင်းမိုရ်တောင်စေတီများအကြောင်းကို ဆိုပါဦးမည်။ အင်းဝမြို့ရှိ မြင်းမိုရ်တောင် စေတီသုံးဆူတွင် ဉာဏ်တော်အမြင့်ဆုံး နှင့် လက်ရာဆန်းကြယ်၍ အထင်ရှား ဆုံးစေတီမှာ အပြင်မြို့ကြီးအတွင်း ဗားကရာကျောင်းတော်ကြီး၏အနောက် ဘက်ရှိ မြင်းမိုရ်တောင်စေတီပင် ဖြစ် သည်။ ဤစေတီမှာ ဗားကရာကျောင်း တော်ကြီးနှင့် သိပ်မဝေးပါ။ ဗားကရာ ကျောင်း ရှေ့မှ နောက်သို့ မြေသားလမ်း အတိုင်း အနည်းငယ်မျှသာ သွားရပါ သည်။မန္တလေးအပြန်နှင့်တွက်၍ပြောမည် ဆိုပါက ဗားကရာကျောင်းကြီးနှင့် တစ်ပြခန့်သာ ဝေးပါသည်။ မြင်းမိုရ် တောင်စေတီကို ယခုမျက်မှောက်ခေတ် မြင်တွေ့နေရသော အနေအထားကို ခဏထားပြီး မြန်မာရာဇဝင်များ၌ မှတ် တမ်းတင်ထားသည့် အမှတ်အသားများ ကို အရင်လေ့လာကြည့်သင့်ပါသည်။ သို့မှသာလျှင် စာပေ၌ တွေ့ရသော အမှတ်အသားနှင့် ယခုမြင်တွေ့ရသော အနေအထား ယှဉ်ကြည့်လို့ရမည် ဖြစ် သည်။

မြင်းမိုရ်တောင်စေတီမှာ ညောင် ရမ်းခေတ်က တည်ထားခဲ့သော စေတီ တစ်ဆူ ဖြစ်သည်။ မြန်မာနှစ် ၁၀၉၅ ခုနှစ်၌ နန်းတက်သော မဟာဓမ္မရာဇာ ဓိပတိခေါ် ဟံသာဝတီရောက်မင်းတရား ကြီး၏ကုသိုလ်တော် ဖြစ်သည်။ မြင်းမိုရ် တောင်စေတီအကြောင်းကို လက်ဝဲ နော်ရထာ ပြုစုသော ဦးကုလားနောက် ဆက်ရာဇဝင်၌ ‘ခမည်းတော်ဘုရား သချိုင်းရာ၌ မြင်းမိုရ်တောင်သဏ္ဌာန် တည်လုပ်သောစေတီတော်’ ဟူ၍သာ မှတ်တမ်းတင်ထားပါသည်။ တွင်းသင်း ရာဇဝင်သစ်နှင့် မှန်နန်းရာဇဝင်တော်ကြီး တို့တွင် ဟံသာဝတီရောက်မင်းတရား၏ ကုသိုလ်တော်စာရင်းကို ဖော်ပြရာ၌ မြင်းမိုရ်တောင်စေတီမပါဘဲ ကျန်ခဲ့ပါ သည်။

ထိုသို့ ရာဇဝင်ကြီး၊ ရာဇဝင်သစ်၊ မှန်နန်းရာဇဝင်တော်တို့တွင်ချန်၍ဖော်ပြ ခဲ့သော မြင်းမိုရ်တောင်စေတီအကြောင်း ကို ဒုတိယမုံရွေးဆရာတော်ဘုရားပြုစု သော ‘ရာဇိန္ဒရာဇဝရမဏ္ဍနီ’ အမည်ရှိ မုံရွေးရာဇဝင်ကျော်၌ ပြည့်စုံစွာ ဖော်ပြ ထားပါသည်။ မုံရွေးရာဇဝင်ကျော်မှာ လည်း ပထမတွဲနှင့် ဒုတိယတွဲသာ ပုံနှိပ် မှုအဖြစ်ရှိသော်လည်း မြင်းမိုရ်တောင် စေတီအကြောင်းပါသည့်တတိယတွဲမှာ ပေမူအဖြစ်သာရှိနေပါသည်။ ပေမူကို ကြည့်ရှုလေ့လာရန် အခွင့်မသာခဲ့ပါ။ သို့သော် ဖြေသိမ့်စရာတစ်ခုတော့ရှိပါ သည်။ ဆရာဒေါက်တာတိုးလှ၏ ‘မုံရွေး ရာဇဝင်ကျော်ကို လေ့လာခြင်း’ ဟူသော ဆောင်းပါး၌ ဟံသာဝတီရောက်မင်း၏ ကောင်းမှုတော် မြင်းမိုရ်တောင်စေတီ အကြောင်းကို ပေမူမှထုတ်နုတ်၍ မူရင်း အတိုင်းဖော်ပြထားသည်။ ထိုဆောင်းပါး မှတစ်ဆင့် မြင်းမိုရ်တောင်စေတီ အကြောင်းကို လေ့လာခွင့်ရခဲ့ပါသည်။

ဆရာဒေါက်တာတိုးလှ၏ဆောင်း ပါးမှ ထုတ်နုတ်၍ မြင်းမိုရ်တောင်စေတီ အကြောင်းကို ဖော်ပြရလျှင် ဤသို့ဖြစ် ပါသည်။

◆ *မြင်းမိုရ်တောင်သဏ္ဌာန်ကိုလည်း တောင်စဉ်ခုနစ်ထပ်၊ သီဒါခုနစ်တန်၊ အာလိန်ငါးဆင့်တို့၌ နဂါး၊ ကလုန်၊ ကုမ္ဘာန်၊ ယက္ခ၊ မဟာရာဇ်နတ်မင်းတို့*



www.burmeseclassic.com

www.burmeseclassic.com

*နေဟန်၊ မြင်းမိုရ်ထိပ်တွင် ဝေဇယန္တာပြာသာဒ်၌ သိကြားမင်းစံနေဟန်၊ မြင်းမိုရ်ခါးတွင် နေဗိမာန်၊ လဗိမာန်တို့သည် လေးကျွန်းလုံးကို လှည့်လည်၍ ထွန်းပဟန်တို့ကို စက်ယန္တရားနှင့်ထားရ၏။*

အထက်ပါ ရေးသား ဖော်ပြချက်များကိုကြည့်ပါက မုံရွေးဆရာတော်ဘုရားကြီး၏ မှတ်တမ်းသည် ပြည့်စုံသည်ဟု ဆိုနိုင်ပါသည်။ မြင်းမိုရ်တောင်စေတီပုံစံကို အသေးစိတ် မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။ မုံရွေးဆရာတော်ဘုရားကြီးမှတ်တမ်းတင်ထားသောပုံစံနှင့် ယခုမျက်မှောက်ခေတ်မြင်တွေ့နေရသောပုံစံကို နှိုင်းယှဉ်၍ ကြည့်နိုင်ပါသည်။

ယခု မြင်တွေ့ရသော မြင်းမိုရ်တောင်စေတီပုံစံမှာ ပီပါပုံးကို ထောင်ထားသကဲ့သို့ရှိပြီး အပေါ်တွင် စူဠာမဏိစေတီနှင့် ဝေဇယန္တာပြာသာဒ်တို့ရှိပါသည်။ တောင်ဘက်မျက်နှာ၌ နတ်လမ်းလှေကားသုံးခုပါရှိသည်။ ထိုလှေကားသုံးခုသည် မြတ်စွာဘုရားရှင် တာဝတိံသာမှ သင်္ကာသနဂိုရ်ပြည်သို့ စောင်တန်းသုံးသွယ်ဖြင့်ဆင်းသည်ကိုရည်၍ ပြုလုပ်ထားသည်ဟု ထင်ပါသည်။ လှေကားသုံးခုတွင် အလယ်လှေကားသည် စေတီကြီး၏ဖိနပ်တော်မှ အပေါ်ဆုံးစူဠာမဏိစေတီအထိတက်နိုင်သော်လည်း ဘေးလှေကားနှစ်ခုမှာ အလယ်လှေကားကဲ့သို့ အပေါ်ဆုံးသို့ တောက်လျှောက်တက်မရဘဲ စေတီကြီး၏အတွင်းသို့ လိုဏ်ကဲ့သို့ပတ်ဝင်ပြီးမှ အပေါ်သို့တက်ရပါသည်။

စေတီအောက်ခြေတွင် ပန်းတင်ခုံပါရှိပါသည်။ ပန်းတင်ခုံအထက်၌ အဝိုင်းပတ် ပစ္စယာ(၇)ဆင့်ပါရှိပါသည်။ ထိုပစ္စယာ (၇) ဆင့်သည် တောင်စဉ် (၇) ထပ်ကိုရည်၍ ပြုလုပ်ထားသည်ဟု ယူဆရပါသည်။ ထို့ပြင် ထိုပစ္စယာ (၇) ဆင့်သည် အာလိန်(၅)ဆင့်သဘောလည်း သက်ဝင်သည်ဟုထင်ပါသည်။ အောက်ဆုံးပစ္စယာတွင် မုခ်ဝ(၄)ခု အချိုးကျပါရှိ၍ အထက်ဆုံး သတ္တမပစ္စယာတွင် ပြာသာဒ်မုခ် (၁၅) ခု၊ ဆဋ္ဌမပစ္စယာတွင် ပြာသာဒ်မုခ် (၁၄) ခု အသီးသီးပါရှိကြပါသည်။ ထိုမုခ်ပြာသာဒ်များသည် မုံရွေးရာဇဝင်ကျော်၌ဆိုသလို နဂါးမင်း၊ ဂဠုန်မင်း၊ မဟာရာဇ်နတ်မင်းတို့နေရာများမှာ ယခုအခါ တစ်ရုပ်မှမရှိတော့ပါ။ မသမာသူတို့၏ လက်ချက်ကြောင့် ပျောက်ကွယ်ပျက်စီးခဲ့ပါသည်။ ထို့အတူ မြင်းမိုရ်တောင်ခါးပန်းတွင်ရှိသော နေဗိမာန်၊ လဗိမာန်များမှာလည်း တစ်ခုမှ မတွေ့ရတော့ပါ။ ထိုကဲ့သို့ မုံရွေးဆရာတော်ဘုရားကြီးညွှန်းခဲ့သော နဂါး၊ ကလုန်၊ ကုမ္ဘာန်၊ မဟာရာဇ်နတ်မင်းရုပ်များတစ်ခုမှမရှိသော်လည်း စေတီကြီးမှာ ရှေးမူလလက်ရာမပျက် ကျန်ရှိနေသည်ကတစ်ကြောင်း၊ တည်ထားသည့်ပုံစံ ဆန်းကြယ်သည်ကတစ်ကြောင်း စသည်တို့ကြောင့် မြင်းမိုရ်တောင်စေတီသို့ လာရောက် ဖူးမြော်ကြသူများမှာ နေ့စဉ်နှင့်အမျှရှိနေပါသည်။ ထို့အပြင် စေတီကြီး၏လက်ရာဆန်းကြယ်မှုသည် ရှေးဟောင်းသုတေသီတို့ကို လာရောက်ကြည့်ရှုလေ့လာရန် ဖိတ်ခေါ်နေသကဲ့သို့ ရှိပါသည်။ ဤမျှဆိုလျှင် မဟာဓမ္မရာဇာဓိပတိခေါ် ဟံသာဝတီရောက်မင်းတည်ခဲ့သော မြင်းမိုရ်တောင်စေတီအကြောင်း ပြည့်စုံပြီဟု ထင်ပါသည်။ နောက်ထက်ကျန်ရှိနေသောမြင်းမိုရ်တောင်ပုံစံစေတီနှစ်ဆူကို ဆက်၍ဖော်ပြပါဦးမည်။

အင်းဝမြို့ တောင်မျက်နှာတွင် တောင်ဘီလူးရပ်ကွက်နှင့် မြစ်သာရပ်ကွက် ဟူ၍ ရပ်ကွက်ကြီးများရှိပါသည်။ တောင်ဘီလူးရပ်ကွက်အတွင်းရှိ နတ်စိမ်းဘုန်းကြီးကျောင်းရှေ့၌ မြင်းမိုရ်တောင်ပုံစံစေတီတစ်ဆူရှိပါသည်။ မြင်းမိုရ်တောင်စေတီသုံးဆူတွင် ဒုတိယဉာဏ်တော်အမြင့်ဆုံးစေတီ ဖြစ်ပါသည်။ အောက်ခြေတွင် အာလိန်ငါးဆင့်ပါရှိ၍ အပေါ်တွင် ပီပါပုံးထောင်ထားသကဲ့သို့ ရှိပါသည်။ မုခ်များအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်လေးဆူ ကိန်းဝပ်လျက်ရှိပါသည်။ အထွတ်စေတီမှာ စူဠာမဏိစေတီကို ရည်၍ မုခ်များအတွင်းရှိ ရုပ်ပွားတော်လေးဆူမှာ ပွင့်တော်မူပြီးကုန်သော ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရားများကို ရည်သည်ဟု ထင်ပါသည်။ ဟံသာဝတီရောက်မင်းကုသိုလ်တော် မြင်းမိုရ်တောင်စေတီကဲ့သို့ နတ်လမ်းလှေကားများ၊ ဝေဇယန္တာပြာသာဒ်များမပါရှိပါ။ ထုထည်မှာလည်း သိပ်မကြီးလှပါ။ သို့သော် မြင်းမိုရ်ခါးပန်းတွင် ဟံသာဝတီရောက်မင်း၏ကုသိုလ်တော်တွင် မတွေ့ရတော့သော နေရထား၊ လရထားပန်းတော့လက်ရာများ ထင်ရှားစွာတွေ့ရပါသည်။ ဤမြင်းမိုရ်တောင်ပုံစံစေတီ၏ ဒကာကို သမိုင်းမှတ်တမ်းများ၌ မတွေ့ရပါ။ ခေတ်လက်ရာကိုကြည့်၍ ကုန်းဘောင်ခေတ်အလယ်ပိုင်းလက်ရာ ဟူ၍သာ မှန်းဆချင်ပါသည်။

နောက်ဆုံး မြင်းမိုရ်တောင်ပုံစံစေတီတစ်ဆူမှာ မြစ်သာရပ်ကွက်အတွင်း မဟာဇေယပထတ်တားကြီး၏ နောက်ဘက်၌ ကပ်လျက်တည်ရှိသည်။ ဉာဏ်တော်အနိမ့်ဆုံးစေတီဖြစ်သလို ထုထည်မှာလည်း အသေးဆုံးဖြစ်သည်။အထက်တွင်ဖော်ပြခဲ့သော စေတီနှစ်ဆူကဲ့သို့ နတ်လမ်းလှေကားများ၊ နေရထား၊ လရထားများ မပါရှိပါ။ အာလိန်ငါးဆင့်သဘောနှင့် အပေါ်တွင် အထွတ်စေတီသေးသေးတစ်ဆူ တင်ထားပါသည်။ သို့သော် ထူးခြားသည်မှာ ဤစေတီမြောက်မျက်နှာ၌ ဉာဏ်တော်နှင့်အညီ မုခ်ဝတစ်ခုပါရှိပါသည်။ မုခ်အတွင်း၌ ရပ်တော်မူရုပ်ပွားတော်တစ်ဆူရှိသည်။ မုခ်တံကဲများမှာ အတွေ့ရများသော တုရင်၊ ကျေးတွေး၊ စိုင်ပေါင်ပါ မုခ်တံကဲမျိုးမဟုတ်ဘဲ မကာန်းရုပ်မုခ်တံကဲ ဖြစ်ပါသည်။ဤစေတီဒကာ၏အမည်ကိုလည်း သမိုင်း၌ မတွေ့မိပါ။ လက်ရာကြည့်၍ ကုန်းဘောင်ခေတ်အလယ်ပိုင်းဟူ၍သာ ခန့်မှန်းချင်ပါသည်။

ဤတွင် အင်းဝမြို့ဟောင်း၌ရှိသော မြင်းမိုရ်တောင်ပုံစံ စေတီသုံးဆူ ပြည့်ပါပြီ။ စေတီသုံးဆူတွင် ပထမဆုံးဖော်ပြခဲ့သည့် ဟံသာဝတီရောက်မင်းကောင်းမှုတော်စေတီသာလျှင် ဘွဲ့အမည်နှင့် တည်ခဲ့သောဒကာကို သိရသော်လည်း နောက်စေတီနှစ်ဆူမှာ ဘွဲ့အမည်နှင့်ဒကာ၏အမည်ကို မသိ။ ထို့ကြောင့် စေတီ၏လက်ရာများကိုကြည့်၍ ခေတ်ကာလကို ခန့်မှန်းပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။ စေတီသုံးဆူတွင် သာဝတီပါမင်းကောင်းမှု မြင်းမိုရ်တောင်စေတီသာလျှင် အပေါ်သို့ တက်ရောက် ကြည့်ရှုနိုင်ရန် လှေကားများပါခြင်းကြောင့် အင်းဝမြို့ရှုခင်းကို မျှော်စင်သဖွယ် အပေါ်မှ ကြည့်ရှုနိုင်၍ သိသူများထင်ရှားနေပါသည်။ အခြားသောစေတီနှစ်ဆူမှာ ဉာဏ်တော်သေးသည်ကတစ်ကြောင်း၊ အပေါ်သို့ တက်ရောက်ကြည့်ရှုနိုင်ရန် နတ်လမ်းလှေကားများ မပါသည်ကတစ်ကြောင်း စသည်တို့ကြောင့် သိသူနည်း၍ ထင်ရှားမှုမရှိပါ။ ထိုသို့ ထင်ရှားမှုမရှိသော်လည်း အင်းဝမြို့ဟောင်းတွင် မြင်းမိုရ်တောင်ပုံစံစေတီဟူ၍ ဤသုံးဆူသာလျှင် ရှားရှားပါးပါး တည်ရှိသောကြောင့် သုတေသီတို့ ဝင်ရောက်ကြည့်ရှုလေ့လာ ဖူးမြော်နိုင်ရန်အတွက် စေတီများတည်ရှိရာနေရာနှင့်တကွ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဗိုလ်ရှိုင်း(ရတနာပူရ)




www.burmeseclassic.com

www.burmeseclassic.com







၂

# မဟာမြတ်မုနိစက်တော်ဝန်းကုန်း

## ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)


မဟာမြတ်မုနိစက်တော်ဝန်းကုန်းခေါ် ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-5) ကုန်းကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညိမ်းလွင် (ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်) ဒု-ကျောင်းအုပ်ကြီး ဦးဆောင်သည့် တူးဖော်ရေးအဖွဲ့သည် ၂၀၁၄ ခု၊ ဖေဖော်ဝါရီလတွင် တူးဖော်သုတေသနပြုလုပ်ခဲ့ပါသည်။

တူးဖော်တွေ့ရှိသည့် အထောက်အထားများကို မဟာမြတ်မုနိစက်တော်ဝန်းကုန်း (၁) ဆောင်းပါးတွင် ဖော်ပြရေးသားထားပါသည်။ ရေးသားမဖော်ပြဘဲ ကျန်ရှိသည့် အထောက်အထားလက်ရာများကို ဤမဟာမြတ်မုနိစက်တော်ဝန်းကုန်း (၂) ဆောင်းပါးတွင် ရေးသား ဖော်ပြလိုက်ရပါသည်။

ပုံ (၁၂) လက်ရာကို ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.5) မှ မတူးဖော်မီကပင် ရရှိထားသော ကြေးဆင်းတုတော်ကျိုးတစ်ဆူပင် ဖြစ်ပါသည်။ ရှေးဟောင်းသုတေသနပညာရှင်များက ဓညဝတီခေတ်လက်ရာဟု ဆိုကြပါ၏။ ဆင်းတုတော်မှာ ဦးတော် မတွေ့ရှိရပေ။ ပုံ (၁၂) ပုံဆွဲ လက်ရာမှာ ထိုကြေးဆင်းတုတော်ကို ကူးယူရေးဆွဲထားသောလက်ရာပင် ဖြစ်ပါသည်။ ပုံ (၁၂) ၏မူရင်း ကြေးဆင်းတုတော်အမြင့် (၁၅) cm ခန့်၊ အကျယ် (၁၄) cmခန့်နှင့် ဆင်းတုတော်ထုအထူ (၈) cm ခန့်ရှိပါသည်။

ဆင်းတုတော်၏ပခုံးနှစ်ဖက်တွင် နားပန်အပိုင်းအစများကိုတွေ့ရှိရပါသေးသည်။ လည်ပင်းတွင် ဆွဲကြိုးကို အဆစ်ကလေးများဖြင့် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင် ဘယက်တန်ဆာတစ်ခုလိုလည်း ဝတ်ဆင်ထားပါသည်။ ဘယက်အပေါ်တွင် ဖောင်းလုံးတစ်လုံးဖော်၍ ဖောင်းလုံးအောက်တွင် လက်ဝဲ၊ လက်ယာတို့တွင် ပွင့်ဖတ်ချွန်တစ်ဖက်ငါးဖတ်စီဖြင့် အလှဆင်ထားပါသည်။ ပွင့်ဖတ်များအလယ်တွင် မူလက ရောင်စုံကျောက်လေးများစီထားခဲ့ဟန် အရာများကို တွေ့ရှိရပါသည်။ လက်ဝဲ၊ လက်ယာပွင့်ဖတ်များအလယ်တွင် ပန်းဖူးတစ်ဖူးသဏ္ဍာန်ခပ်ချွန်ချွန်အဆင့်ဆင့် တွေ့ရှိရသည်။ ပန်းဖူးအရင်းတွင်လည်း ရတနာကျောက်မြှုပ်ထားခဲ့ဟန် တွင်းတစ်တွင်း တွေ့ရှိရပါသည်။


ဆင်းတုတော်ကို ခပ်သွယ်သွယ် ဓမ္မစကြာမုဒြာဟန်အနေအထားမျိုး ဖူးတွေ့ရပါသည်။ ဆင်းတုတော်များ၊






www.burmeseclassic.com

www.burmeseclassic.com




ညောဝတီတူးဖော်မှုကွင်းအမှတ် (DNW D.5) တောင်ဘက်မျက်နှာမြေလွှာဖြတ်ပိုင်းပုံဆွဲ




ညောဝတီတူးဖော်မှုကွင်းအမှတ် (DNW D.5) အနောက်ဘက်မျက်နှာမြေလွှာဖြတ်ပိုင်းပုံဆွဲ








www.burmeseclassic.com

www.burmeseclassic.com


ပုံ (၁၂)




ပုံ (၁၃)




ပုံ (၁၄)




မကိုင်ရှုဆောင်း ရာဇဘိသေကဆင်းတုတော်ဟန်အမျိုးအစားဖြစ်ဖွယ်ရှိသည်။ ညာဘက်လက်တော်မှာ လက်ကောက်ဝတ်မှကျိုးသွားသည်ကိုတွေ့ရှိရပါသည်။ ဘယ်ဘက်လက်တွင်လည်း လက်မကျိုးနေသည်ကိုတွေ့ရှိရပါသည်။ ဘယ်ဘက်လက်ဝါးပြင်ထက်တွင် အလုံးကလေးတစ်လုံးတွေ့ရှိရပါသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် သင်္ကန်းအရစ်၊ အတွန့်များ သေချာစွာဖော်ထားသည်ကို တွေ့ရှိရပါသည်။ နောက်ကျော လည်ပင်းတွင် ပုတီးရစ်တစ်ရစ်တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းတွင်လည်း သင်းပိုင်အရစ်အတွန့်များ အသေးစိတ်ဖော်ထားပါသည်။ သင်းပိုင်အောက်စကို အတွန့်လိပ်ကလေးများဖြင့် လှပစွာ ဖူးတွေ့ရပါ၏။ ခြေဖဝါးပြင်တစ်ဖက်စီအလယ်တွင် ထူးခြားစွာ အလုံးကလေးတစ်ဖက်တစ်လုံး တွေ့ရှိရပါသည်။ ခြေချောင်းကလေးများအဆစ်ကို အရစ်ကလေးများ ဖော်ပြထားပါသည်။ ခြေသေးများကိုလည်း အသေး စိတ်ဖော်ထားပါ၏။

ပလ္လင်တော်မှာ ကြာမှောက်၊ ကြာလန်၊ ကြာညှပ်၊ ကြာဖတ်လေးများဖြင့် အသေးစိတ် လက်ရာမြောက်စွာ အလှဆင်ထားပါသည်။ ပလ္လင်တော်ကြာဖတ်များကို အပေါ်ဖောင်း၊ အောက်ဖောင်းဖြင့် ညှပ်ထားပါသည်။ အပေါ်ဖောင်းကို အဆစ်ကလေးများဖြင့် အလှဆင်ထားပါသည်။ ကြာလန်အပေါ်ပွင့်ဖတ် (၂၀) ဖတ်နှင့် ကြားညှပ်ကြာဖတ်ငယ် (၂၀) ဖတ်ကို တွေ့ရှိရပြီး ကြာမှောက်အောက်ပွင့်ဖတ်(၂၀)နှင့် ကြားညှပ်ကြာဖတ်ငယ် (၂၀) ဖတ်တို့ဖြင့် ကြာပလ္လင်ကို အနုစိတ် လက်ရာမြောက်စွာ တွေ့ရှိရပါသည်။ ဤကြာပလ္လင်နှင့်ဆင်းတုတော်မျိုး မဟာမြတ်မုနိပြတိုက်တွင်လည်း ကျောက်ဆင်းတုတော် ဓညဝတီလက်ရာမှာ အနုစိတ်လက်ရာမြောက်သော ဓညဝတီခေတ် ဓမ္မစကြာမုဒြာဟန် ရာဇဘိသေကဆင်းတုတော်တစ်ဆူပင် ဖြစ်ပါသည်။ လက်ရှိကျောက်တော် မဟာမြတ်မုနိပြတိုက်တွင် ဖူးတွေ့နိုင်ပါသည်။

ပုံ (၁၃) ပုံဆွဲလက်ရာမှာ ဓညဝတီတူးဖော်မှုကုန်းအမှတ် (DNWD.5) B2 ကျင်းမှတူးဖော်တွေ့ရှိသော ကျောက်ဆင်းတုရင်အုပ်အပိုင်းအစတစ်ခုကို တူးယူ ရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ (၁၆) cm ခန့်နှင့် အထူ(၇)cmခန့်ရှိပါသည်။ ဤကျောက်ဆင်းတုရင်အုပ်ပိုင်းလက်ရာမှာ သေးမြို့ခေတ်လက်ရာဖြစ်သည်ဟု သိရှိရသည်။

ပုံ (၁၄) ပုံဆွဲလက်ရာသည်လည်း ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.5) B2 ကျင်းမှ တူးဖော်တွေ့ရှိရသော စေတီအစိတ်အပိုင်းဖြစ်သည့် ကျောက်ကြာဆုံအစိတ်အပိုင်းတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၁၅) cm ခန့်၊ အကျယ် (၁၇) cm ခန့်နှင့် အထူ (၉) cm ခန့်ရှိပါသည်။ စေတီကြာဆုံ



www.burmeseclassic.com

www.burmeseclassic.com


တစ်ခြမ်းအနေအထားမျိုး တွေ့ရှိရပြီး ပိန္နဲတိုင်တွင်းရာပါရှိသည်ကိုလည်း တွေ့ရှိရပါသည်။ သဲကျောက်ဖြင့် ထုဆစ်ထားသော လေးမြို့ခေတ်စေတီအပိုင်းလက်ရာတစ်ခုပင် ဖြစ်သည်ဟု သိရှိရပါသည်။

ပုံ (၁၅) ပုံဆွဲလက်ရာကို ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.5) $B_2$ ကျင်းမှ တူးဖော်တွေ့ရှိသော မြောက်ဦးခေတ် ကျောက်ဆင်းတုတော်ကျိုးအောက်ပိုင်းအစိတ်အပိုင်းတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆင်းတုတော်အောက်ပိုင်းအစိတ်အပိုင်းအမြင့် (၁၄)cm ခန့်၊ အကျယ် (၂၃) cm ခန့်နှင့် အထု (၆)cm ခန့်ရှိပါသည်။


ကျောက်ဆင်းတုတော်ကျိုးအောက်ပိုင်းမှာ လက်ချောင်း၊ ခြေချောင်းများနှင့် တင်ပါးပိုင်းကို တွေ့ရှိရပါသည်။ ပလ္လင်မှာ ရိုးရိုးသာ ဆုံသဏ္ဌာန် ခါးဝိုင်းဝိုင်းဖြင့် တွေ့ရှိရပါသည်။ ဤလက်ရာနှင့် ရိုးရိုးလေးရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၆) ပုံဆွဲလက်ရာမှာ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.5) $B_1$ $B_2$ ကျင်းပေါင်ထဲမှ တူးဖော်တွေ့ရှိရသော ကြေးရုပ်တုအပိုင်းအစလက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ မူရင်းကြေးရုပ်တုအပိုင်းအစအမြင့် (၆) cm ခန့်၊ အကျယ် ၆‡ cm ခန့်နှင့် အထု (၃)cm ခန့်ရှိပါသည်။ ဤကြေးရုပ်တုပိုင်းလက်ရာကို နတ်ရုပ်တုအပိုင်းအစလက်ရာဟု ခန့်မှန်းကြပါ၏။ ဓညဝတီခေတ်လက်ရာနတ်ရုပ်အပိုင်းအစဖြစ်သည်ဟု သိရှိရပါသည်။ ဤရုပ်တုအပိုင်းအစကို ရှေ့မျက်နှာ၊ ဘေးမျက်နှာ၊ နောက်မျက်နှာပုံဆွဲ သုံးမျက်နှာဖြင့် ရေးဆွဲဖော်ပြထားပါသည်။

ရုပ်တုကျိုး၏ညာဘက်ပခုံးထက်တွင် နားတောင်းတစ်ပိုင်းကျန်ရှိသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင် ဆွဲကြိုးတစ်ဆင့် ဘယက်တစ်ဆင့်ဖြင့် ဝတ်ဆင်ထားပါ၏။ ဆွဲကြိုးကို ဖောင်းနှစ်ဆင့်ကြားတွင် လေးထောင့်ကွက်ကလေးများဖြင့် အလှဆင်ထားပါ၏။ ဆွဲကြိုးနှင့် ဘယက်ကြားတွင် ရတနာကျောက်ကလေး မြှုပ်တင်သည့်သဏ္ဌာန်ဖော်ထားပါ၏။ ဘယက်ကြိုးကို ဖောင်းနှစ်ဆင့်ကြားတွင် ခပ်ရှည်ရှည်အဆစ်ကလေး



ပုံ (၁၅)




ပုံ (၁၆)

များဖြင့်အလှဆင်ထားပါသည်။ ဘယက်အောက်ပိုင်းကို ပွင့်ရှည်သဏ္ဌာန်(၅)ခုဖြင့် တွေ့ရှိရပြီး ပွင့်ဖတ်ရှည်ထဲတွင် အလယ်ပွင့်ဖတ်ရှည်သုံးခု၌ အလယ်ဝတ်ဆံကြောများဖော်ထားပြီး ဝတ်ဆံကြောကိုပတ်၍ အဆစ်လေးသဏ္ဌာန် ရွဲလုံးများဖြင့် အလှဆင်ထားပါသည်။ ပွင့်ဖတ်ရှည်ငါးခု၏လက်ဝဲ၊ လက်ယာအဆုံး ပွင့်ဖတ်နှစ်ခုထဲတွင် ဝတ်ဆံကြောပါရှိခြင်း မတွေ့ရှိရပါ။ ပွင့်ဖတ်ရှည်များအောက်နားကို ဖောင်းတွန့်များဖြင့် အဆုံးအနားသတ်ထားပါသည်။

လက်မောင်းရင်းနှစ်ဖက်တို့တွင်လည်း လက်မောင်းပတ်များဖြင့်တွေ့ရှိရပါသည်။ လက်မောင်းပတ်နှစ်ဖက်စလုံးထဲတွင် ဖောင်းနှစ်ဆင့်ကြား၌ ရွဲလုံးအဆစ်ကလေးများဖြင့် အလှဆင်ထားပါသည်။ ခါးတွင်လည်း ခါးပတ်ပါရှိပါသည်။ ခါးပတ်တွင် ရပ်စောက်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ ဤပုံ (၁၆) ပုံဆွဲလက်ရာမှာ အနုစိတ်လက်ရာမြောက်သော နတ်ရုပ်ပိုင်ဆင်းတုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၁၇) မှာ ဓညဝတီမြို့ဟောင်း တူးဖော်ရေးကုန်းအမှတ် (DNWD.5) B3 ကျင်းမှ တူးဖော်တွေ့ရှိသော မြေမီးဖုတ်ပန်းအိုးအပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်လက်ရာအမြင့်



ပုံ (၁၇)


၃ƒcm ခန့်ရှိပါသည်။ အကျယ် (၃) cm ခန့်နှင့် အနားအထူ (၁) cm ခန့်ရှိသည်။ အဝအချင်း ၁¾ cm ခန့်ရှိသည်။ အဝကျယ်ပြီး လည်ပင်းကျဉ်းကာ အပြင်တွင် ဖောင်းလေးတစ်ဆင့်ပါရှိသည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ်ပန်းအိုးအပိုင်းအစမူရင်းလက်ရာမှာ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ မြောက်ဦးခေတ်လက်ရာတစ်ခု ဖြစ်သည်ဟု သိရှိရပါ၏။


ပုံ (၁၈) ကို ရှေ့မျက်နှာ၊ နောက်မျက်နှာအထူတို့ကို ရေးဆွဲဖော်ပြထားပါသည်။ (DNWD.5) A2 ကျင်းမှ တူးဖော်တွေ့ရှိသော ရခိုင်ဒင်္ဂါးပြားလက်ရာကို ကူးယူရေးဆွဲထားသော ဒင်္ဂါးပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ ဒင်္ဂါးကို သတ္တုတစ်မျိုးဖြင့်သွန်းလုပ်ထားပါသည်။ မူရင်းဒင်္ဂါးပြားအချင်း ၂¾cm ခန့်နှင့် အထူ ၂¾cm ခန့်ရှိပါသည်။ မူရင်းဒင်္ဂါးရှေ့မျက်




www.burmeseclassic.com

www.burmeseclassic.com




နှာတွင် သက္ကရာဇ်ဂဏန်းတစ်ခုပျက်စီးနေပြီး ရှေ့အက္ခရာတွင် သဝေထိုးပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ နောက်ဘက်မျက်နှာတွင် ခခွေးအက္ခရာနှင့် ယပက်လက်က္ခရာ၊ ရာအက္ခရာတို့ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ဒင်္ဂါးမျက်နှာပြင်နှစ်ဖက်စလုံးတွင် ရခိုင်ဂဏန်း၊ ရခိုင်ရက္ခဝဏ္ဏအက္ခရာတို့ဖြင့် (၁၀၉၃-ရွှေနန်းသခင် စန္ဒသူရိယရာဇာ) ဟူ၍ ရေးသားထားသည်ကို တွေ့ရှိရပါသည်။ ဤဒင်္ဂါးပြားကို ကျောက်အရိုးအိုးပန္နက်ရာကျောက်စီဝင်းထဲမှ အရိုးစများ၊ အိုးခြမ်းကွဲများနှင့်ရော၍ တူးဖော်တွေ့ရှိရပါသည်။ ကျောက်အရိုးအိုးကျောက်စီဝင်းအချင်း (၄) ပေခန့်ရှိပါသည်။ (DNWD.5) တူးဖော်မှုကုန်းမှ ထွက်ရှိသော သာသနိကအဆောက်အအုံ ကျောက်ပန္နက်ကုန်း၏ အနောက်ဘက် ကိုးပေခန့်အကွာတွင် ကျောက်အရိုးအိုးဝင်းကို တွေ့ရှိရသည်။ ကျောက်အရိုးအိုးဝင်းထဲမှ မြောက်ဦးခေတ် ရခိုင်ဒင်္ဂါးကို တွေ့ရှိရပါသည်။ ကျောက်အရိုးအိုးဝင်းထဲမှ မြောက်ဦးခေတ် ရခိုင်ဒင်္ဂါးကို တွေ့ရှိရသဖြင့် အရိုးအိုးဝင်းအဆောက်အအုံမှာ မြောက်ဦးခေတ်လက်ရာဟု ပြောရမည်ပင် ဖြစ်ပါသည်။ ကျောက်အရိုးအိုးကြမ်းခင်းထက် သာသနိကအဆောက်အအုံကြမ်းခင်းက ပိုနိမ့်နေသည်ကို တူးဖော် တွေ့ရှိရသဖြင့် သာသနိကအဆောက်အအုံမှာ မြောက်ဦးခေတ်ထက် ရှေးကျသော မြောက်ဦးခေတ်မတိုင်မီကပင် တည်ဆောက်ခဲ့သည့် အဆောက်အအုံတစ်ခု ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

ပုံ (၁၉) လက်ရာသည်လည်း (DNWD.5) $C_2$ ကျင်းမှ တူးဖော်တွေ့ရှိရသော ကြေဝသုန္ဓရေရုပ်ကြွကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကြေးစလက်ရာအမြင့် (၃) cm ခန့်၊ အကျယ် (၅) cm ခန့်နှင့် အထူ (၃/၄) cm ခန့်ရှိပါသည်။ ရုပ်လုံးတစ်ခုမှပုံကျလာသော ကြေးစဖွဲ့လက်ရာတစ်ခု ဖြစ်ပါသည်။ ဤကြေးစလက်ရာတွင်ပါရှိသော ပန်းလက်ရာမှာ ဓညဝတီလက်ရာများတွင် တွေ့ရှိနိုင်ပါသည်။ ကျောချင်းကပ် ပန်းလိပ်လေးနှစ်လိပ်ပေါ်တွင် စံကားပွင့်ကလေးတစ်ပွင့်ကို မှောက်၍ဆောင်းထားသည့်ဟန် တွေ့ရှိရပါသည်။ ပန်းလိပ်ကလေးများလက်ယာဘက်တွင် အရစ်ကလေးငါးရစ်ပါရှိပါ၏။ ဤပုံ(၁၉)လက်ရာသည်လည်း လက်ရာမြောက်အနုစိတ်လှသော ဓညဝတီခေတ် လက်ရာတစ်ခုပင် ဖြစ်ပါသည်။


ပုံ (၂၀) ပုံဆွဲလက်ရာမှာ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.5)၊ $C_2$ ကျင်းမှ တူးဖော်တွေ့ရှိရသော ကြေးဝသုန္ဓရေရုပ်ကြွကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းဝသုန္ဓရေကြေးရုပ်ကြွအမြင့် (၄ ၃/၄)cm ခန့်နှင့် ရုပ်ကြွအထူ (၂) cm ခန့်ရှိပါသည်။ ဤဝသုန္ဓရေကြေးရုပ်ကြွကို ရှေ့မြင်၊ ဘေးမြင်၊ နောက်မြင်ပုံစံသုံးမျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ ဤဝသုန္ဓရေကြေးရုပ်ကြွမှာ ဆင်းတုတော်ပလ္လင်တစ်ခုမှ ပဲ့ထွက်လာဟန်တွေ့ရှိရပါသည်။ ဝေသာလီခေတ် ဆင်းတုတော် ပလ္လင်တချို့တွင် ဤကဲ့သို့ ဝသုန္ဓရေရုပ်ကြွများကို တွေ့ရှိရတတ်ပါသည်။ ဤကြေး ရုပ်ကြွဝသုန္ဓရေလက်ရာမှာလည်း ဝေသာလီခေတ်လက်ရာတစ်ခုဖြစ်သည်ဟု သိရှိရပါသည်။ ဝသုန္ဓရေရုပ်ကလေးမှာ မျက်ခုံး၊ မျက်လုံး၊ ပါးစပ်၊ နှာခေါင်းအရာပေါက်သာ တွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်၍ နားနှစ်ဖက်တွင် နားတောင်းလုံးကို ဝတ်ဆင်ထားပါသည်။ ဆံထုံးမှ ဆံစင်းမှာ ရှည်လျားပြီး ဦးခေါင်းညာဘက်မှချ၍ ရင်ဘတ်လောက်တွင် ညာလက်၊ ဘယ်လက်များဖြင့် ဆံစင်းကို ထက်၊ အောက်ကိုင်ကာ ဆံရေညှစ်ချနေဟန် တွေ့ရှိရပါသည်။ ဆံဖျားကို ဘယ်ဘက်ခြေဖျားနားတွင်ချထားပါသည်။ အောက်ပိုင်းတွင် ထဘီဝတ်ထားဟန်၊ ထဘီခေါက်ဖော်ပြီး ဒူးတုတ်ထိုင်ကာ ခြေဖျားနှစ်ဖက်ကို




www.burmeseclassic.com

www.burmeseclassic.com


ဘယ်ဘက်တွင်ထုတ်ထားသည်ကို တွေ့ရှိရပါသည်။ ဝသုန္ဒရေရုပ်မှာ လက်ရာမဆိုးလှောက်ပေ။ အချိုးအစားပြေပြစ်မှုရှိသည်ကို တွေ့ရှိရပါသည်။ ပုံ (၂၀) ဝသုန္ဒရေရုပ်လေးမှာ လက်ရာကောင်းရှေးလက်ရာတစ်ခုဖြစ်သည်ဟု ဆိုရမည်ပင် ဖြစ်ပါသည်။



ပုံ (၂၁)



ပုံ (၂၂)



ပုံ (၂၃)

ပုံ (၂၁) ပုံဆွဲလက်ရာမှာ မြေမီးဖုတ်အိုးကွဲလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.5) $D_2$ ကျင်းမှ တူးဖော်တွေ့ရှိသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၅) cm ခန့်၊ အကျယ် (၄ ၁/၄) cm ခန့်နှင့် အထူ(၁)cm ခန့်ရှိပါသည်။ မူရင်းလက်ရာမှာ မြေမီးဖုတ်ရောင်တောက်ပလျက်တွေ့ရှိရသည်။ မြေသားမှာ နွံမြေသားဖြစ်သော်လည်း ကျစ်လျစ်မှုရှိသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲမှာ တစ်ဖက်မျက်နှာအချော တွေ့ရှိရပြီး ကျန်တစ်ဖက်မျက်နှာပြင်မှာ အနားအထစ်တစ်ခုနှင့် ဖောင်းရစ်နှစ်ဆင့်ပါရှိသည်ကို တွေ့ရှိရသည်။ ဝေသာလီခေတ် အိုးခြမ်းကွဲလက်ရာတစ်ခုပင် ဖြစ်သည်ဟု သိရှိရပါသည်။

ပုံ (၂၂) ပုံဆွဲလက်ရာမှာ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.5) $B_2$ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်ဘိုးခြမ်းကွဲလက်ရာအပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲအပိုင်းအစအမြင့် (၅ ၁/၂) cm ခန့်၊ အကျယ် (၅ ၁/၂)cm ခန့်နှင့် အထူ (၁/၄) cm ခန့် ရှိပါသည်။ အိုးခြမ်းကွဲမှာ ပန်းအိုးအနားဟု ခန့်မှန်းရပါသည်။ အိုးခြမ်းကွဲအပြင် လည်ပင်းအရစ်သုံးရစ်ပါရှိပြီး အနားရစ်လည်းပါရှိပါသည်။ အတွင်းမျက်နှာပြင် အချောတွေ့ရှိရပါသည်။ ဝေသာလီနယ်မြေတွင် ဤကဲ့သို့ အိုးခြမ်းကွဲများ တွေ့ရှိရပါသည်။ ဤအိုးခြမ်းကွဲအပိုင်းအစသည်လည်း ဝေသာလီခေတ်လက်ရာ အိုးခြမ်းကွဲဟု သိရှိရပါသည်။

ပုံ (၂၃) သည်လည်း ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.5) $B_2$ ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၅ ၁/၄) cm ခန့်၊ အကျယ် (၆ ၃/၄) cm ခန့်နှင့် အထူ (၂/၄) cm ခန့် ရှိပါသည်။ အိုးခြမ်းကွဲမှာ အတွင်းအချောဖြစ်ပြီး အပြင်တစ်ရစ်တစ်ရစ်နှင့် ခပ်စောင်းစောင်းအစင်းကြောင်းလေးများဖြင့် အလှဆင်ထားပါသည်။ အိုးခြမ်းကွဲမှာ မြေမီးဖုတ်ရောင်တောက်ပပြီး လေးမြို့ခေတ်အိုးခြမ်းကွဲလက်ရာတစ်ခု ဖြစ်သည်ဟု သိရှိရပါသည်။

ဓညဝတီတူးဖော်မှုကုန်း အမှတ် (DNWD.5) မှတူးဖော်တွေ့ရှိသော သာသနိက အဆောက်အအုံအနေအထားမှာ အလယ်ဖို့ထားသော မြေသားလိုပတ်ပတ်လည်ကျောက်စီပြီး အလယ်မြေသားပေါ်တွင်ကျောက်ခင်ထားသည်ကို တွေ့ရှိရပါသည်။ ကြမ်းခင်းသဲကျောက်ပေါ်တွင် ပလ္လင်တင်ပြီး တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ တွေ့ရှိရသည့် သဲကျောက်တို့ အရွယ်အစားတချို့မှာ အလျား×အနံ×အထူ (၄၀) cm (၃၃ cm × ၂၃ cm × ၂၂cm) (၃၀ cm × ၂၀ cm × ၁၄ cm) နှင့် အခြား ပုံစံမတူ ကျောက်လုံးအရွယ်အစားများအသီးသီးကိုလည်း တူးဖော်တွေ့ရှိရပါသည်။ ဤ(DNWD.5)တူးဖော်မှုကုန်းမှ ခေတ်အဆက်ဆက်လက်ရာများကို တူးဖော်တွေ့ရှိရသည်။ သာသနိအဆောက်အအုံကိုလည်း ခေတ်အဆက်ဆက် ပြုပြင်တည်ဆောက်ခဲ့လိမ့်မည်ဟု ယူဆရပါသည်။ ထို့ကြောင့် ဤကုန်းမှ တူးဖော် တွေ့ရှိသော ပစ္စည်းများမှာ တစ်ခေတ်တည်းလက်ရာ မဟုတ်ဘဲ ခေတ်အဆက်ဆက်လက်ရာများ တွေ့ရှိရခြင်း ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**မှတ်ချက် -**

၁။ ကိုယ်တိုင်တူးဖော်မှုမှတ်စု
၂။ (DNWD.5) ကုန်းတူးဖော်မှုအစီရင်ခံစာ
၃။ ရမ်းပြဲတောင်ကျောင်းဆရာတော် အရှင်စန္ဒမာလာလင်္ကာရ ရခိုင်ရာဇဝင်သစ်ကျမ်း



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်း ညောင်ပင်ဇောက် ငယ်တိုးကျေးရွာများအနီး တမုတ်မြို့ဟောင်းမှ ပွင့်ထွန်းပေါ်ပေါက်တော်မူလာသော တမုတ်ရှင်ပင် ရွှေဂူကြီးမြတ်စွာဘုရား စေတီတော်ကြီး၏ သမိုင်းအကျဉ်းမှာ -


**လယ်တွင်း (၁၁) ခရိုင်**

ပထမ မြန်မာနိုင်ငံတော်ကြီးကို စတင် တည်ထောင်၍ ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်ကြီးကို မြန်မာနိုင်ငံတော်တွင် စတင် မျိုးစေ့ချ သာသနာပြုတော်မူခဲ့သော အနော်ရထာမင်းစောမင်းကြီးသည် မြန်မာနိုင်ငံတော်၏ စပါးကျီဒေသဖြစ်သည့် စမုံ၊ စမာ၊ ဇော်ဂျီ၊ ပန်းလောင်၊ ဒုဋ္ဌဝတီမြစ်တို့ ဖြတ်သန်းစီးဆင်းခဲ့ရာ ကျောက်ဆည်လွင်ပြင်၌ လယ်တွင်း (၁၁) ခရိုင်၊ ခံမြို့များကို ခိုင်ခိုင်မာမာ တည်ဆောက်ထားခဲ့သည်။ မြစ်သားမြို့နယ်အတွင်း၌ (၃) မြို့၊ ကျောက်ဆည်မြို့နယ်အတွင်းတွင် (၅) မြို့နှင့် စဉ့်ကိုင်မြို့နယ်အတွင်းမှာ (၃) မြို့ တည်ရှိခဲ့သည်။

လယ်တွင်း(၁၁)ခရိုင်တွင် တစ်မြို့အပါအဝင်ဖြစ်သော တမုတ်မြို့ဟောင်းသည် ပန်းလောင်မြစ်၏ အရှေ့ဘက် ကြောင်ပန်းကုန်းကျေးရွာအနီးတွင် တည်ရှိ၍ မြင်းခွာပုံသဏ္ဌာန်ရှိသောမြို့ရိုးကို တည်ဆောက်ခဲ့ကာ အကျယ်အဝန်း ဧရိယာ(၂၅)ဧကရှိပြီးလျှင် E-၆၉. ၁၅˚၊ N-၂၁. ၆၃၃˚ တွင် တည်ရှိသည်။

# ထူးထူးခြားခြားပွင့်ထွန်းတော်မူလာသော
# တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)





www.burmeseclassic.com

www.burmeseclassic.com




တမုတ်ရွှေဂူကြီးစေတီတော်မြတ်ကြီး၏ တည်နေရာမှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အနောက်ဘက် (၆) မိုင်ကွာ တံတားဦးကားလမ်းဘေး၊ ကြောင်ပန်းကုန်း၊ ညောင်ဖောက်နှင့် ငယ်တိုးကျေးရွာတို့၏အလယ်ဗဟို တမုတ်မြို့ဟောင်းကုန်း၏အတွင်းဘက် အရှေ့တောင်ထောင့်တွင် ကပ်လျက်တည်ရှိပါသည်။

လယ်တွင်း(၁၁)ခရိုင်မြို့များတွင် ပန်းလောင်မြစ်ရိုးတစ်လျှောက်၌ တည်ရှိသော ခံမြို့ကိုးမြို့အနီး၌ အနော်ရထာမင်းကြီးသည် ရွှေဂူစေတီတော်ကြီး (၉) ဆူကို တည်ဆောက်လှူဒါန်းခဲ့ရာ စော်ရဲရွာအနီး ခံလူးရွှေဂူကြီးစေတီတော်၊ ကြောင်ပန်းကုန်းရွာအနီးတွင် တမုတ်ရွှေဂူကြီးစေတီတော်၊ ပနန်ရွာအနီး ပနန်ရွှေဂူကြီးစေတီတော်၊ မကျီးတောရွာအနီး မြင်းခုံတိုင် ရွှေဂူကြီးစေတီတော်၊ မရှက်ရွာအနီး ရှာငုန်းရွှေဂူကြီးစေတီတော် စသည်အားဖြင့် ရွှေဂူကြီးကိုးဆူတွင် တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော် (ဂူဘုရားကြီး) မှာလည်း တစ်ဆူအပါအဝင် ဖြစ်ပေသည်။

ရွှေဂူကြီးကိုးဆူတွင် တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်ကြီးမှာ နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းလာသောကြောင့် ပုဂံခေတ်နှောင်း ၁၂ ရာစုအနောက်ပိုင်းလောက်တွင် ပျက်စီးယိုယွင်းလာသော ရှင်ပင်ရွှေဂူကြီးစေတီတော်ကြီးကို ထိန်းသိမ်းပူဇော်သည့်အနေဖြင့် အနော်ရထာမင်းစော၏ မြစ်တော် နရပတိစည်သူမင်းကြီးက မူလစေတီတော်ပုံ အထွတ်တင်တစ်ထပ်ဂူဘုရားငယ်ကို ကွန်းတောင်ပေါက် နှစ်ထပ်ဂူဘုရားအဖြစ် ပြောင်းလဲလိုက်သည့်အပြင် အတွင်းရှိ ဆင်းတုတော် ကြီး၊ ငယ်များကို အပြင်မှ အလွန်အနုစိတ်လှသော ကနုတ်ပန်းများ၊ တိရစ္ဆာန်ရုပ်ပုံမျိုးစုံ၊ ကျေးငှက်ရုပ်ပုံမျိုးစုံ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ကိန္နရာပေါင်းစုံတို့၏ အရုပ်များဖြင့် အလှဆင်ခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် ပင်းယခေတ် သက္ကရာဇ် ၆၈၄ ခုနှစ်၊ ဥစ္စနာ (ဥဇနာ) မင်းကြီးလက်ထက်တွင် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်တို့ကို ထပ်မံလွှမ်းငုံ၍ စေတီတော်အသစ် ထည်ထား ခဲ့ပါသည်။ ဥစ္စနာမင်းကြီး လွှမ်းငုံတည်ခဲ့သော ပုဂံရွှေစည်းခုံပုံတော်၏ ဖိနပ်တော်အလျား (၆၁) တောင်၊ (၉၁) ပေ၊ (၆) လက်မရှိသော အပြင်စေတီတော်ကြီးအတွက် လိုနေသော အုတ်ချပ်များကို တမုတ်မြို့ရိုးမှ တူးဖော်၍ သယ်ယူခဲ့ကြောင်း တွေ့ရ၏။

ထိုဘုရားကြီးအပြီး သက္ကရာဇ် ၇၁၈ ခုနှစ်တွင် ပင်းယဘုရင် ဆင်ဖြူရှင်ကျော်စွာမင်းသည် တမုတ်ဘုရားကြီးသို့ ဘုရားဖူးကြွရောက်လာပြီး ဘုရားဝတ္တကမြေများ၊ ဘုရားအတွက် အမှုလုပ်လူများ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်
တမုတ်ရှင်ပင်ရွှေဂူကြီးစေတီရင်ပြင်တော်ရှိ
တဝဂူစေတီမှပွင့်ပေါ်တော်မူလာသော
အဋ္ဌဂူဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com

## ၁။ သွေးပေရွေး၍ သီးသန့်မွေးထုတ်ခြင်း

သက္ကသာကီယခေါ် မြန်မာတို့၏ မူလမျိုးစပ်လုပ်ငန်းသည် တစ်ပါးမျိုး ဘက် မရောစွက်ကြဘဲ မိမိတို့သွေးချင်း ဖွား သားချင်းတူ မောင်နှမချင်း ပေါင်း ဖက်ရာမှ စတင်ခဲ့ကြသည်။


ယင်းတို့တွင် မိန်းကလေးက (၄) ယောက်၊ ယောက်ျားလေးက (၂) ယောက်ရှိနေကြရာ အကြီးဆုံး မိန်းကလေးကို အစ်မကြီး အမိရာ (အားလုံးသဘောတူ) ထားကြပြီး ကျန် သုံးဦးစီကို ရွယ်စဉ်လိုက်၍ အိမ်ထောင် ဖက်ကြပြီး ပြည်တည်ခဲ့ကြရာ ပြည် လည်း ကပ္ပိလဝတ်(ကပ္ပိလဝတ္ထု-ကပိလ ရသေ့ညွှန်ပြရာမြေ) ဟူ၍ ထီးထီးပေါ် လာစေခဲ့ကြပြီ။ လူမျိုးလည်း သာကီဝင် မင်းမျိုး ဟူ၍ တစ်သီးတခြား ပေါက်ဖွား လာစေခဲ့ကြပြီ။

ထိုမှနောက် ပြည်သူအဆက်ဆက်၊ ဘုရင်အဆက်ဆက် (ဤအတိုင်းချည်း တစ်ပါးသွေးခြားဆို ရိုးတူ၊ မျိုးကွဲ အခြား ဆွေစဉ်မျိုးဆက်များနှင့်ပင်မတွဲဘဲ) မိမိ တို့ ဘတူ၊မိကွဲချင်း လက်ဆက်၍ မျိုးစဉ် ဆွေဆက်ကို လက်မပျက်ထိန်းသိမ်းလာ ခဲ့ကြသည်။

ထိုမှနောက် ဘုရင်များတွင် ကိုယ်ဘုန်းမဟုတ်၊ ဘိုးဘွားမိဘတို့၏ ဘုန်းဖြင့်ပင် ဘုရင်လုပ်လာသူ၊ ပြည်သူ များတွင် အတည်ရှင် မိဘဖွားမဟုတ်၊ အရှင်မိဘနှစ်ပါးတို့မှ ဖွားမြင်လာသူ ထိုကောက်သင်းကောက်ဘုရင်နှင့် ဣန္ဒြေ ပျက်သားသမီးတို့လက်ထက် ရောက် သောအခါ -



ဘုရင်လည်း မြင်မြင်သမျှ တော် တိုင်းချည့် ကောက်ယူပေါင်းသင်းနေ တော့ရာ မင်းသွေး၊ မင်းဆက်က နည်း နည်း၊ အချို့ သူဌေးသမီး၊ အချို့ဆီးသီး သည်၊ အချို့ အကြော်သည်မ၊ ယင်းတို့ အား ချပေးသမျှ သန္ဓေသွေး စပ်ကြား ကလေးများချည်း မွေးလာနေတော့ သည်။

ပြည်သူများဘက်ကလည်း နီးလွန်း လျှင်စပ်၊ ကပ်မိလျှင် မခွာ၊ တဏှာဆွဲရာ စိတ်ယောင်ပါလျက်က မျိုးခြား၊ ရိုးခြား၊ ဘာသာခြားများကိုပါ လက်ခံပေါင်းသင်း လာကြတော့ရာ တစ်ဖက်ကဖျော် အပျော် မိ မွေးဖွားပေးရာကျ တစ်ဖက်အရည် လည့်ချည်း ဖြစ်သွားကြတော့သည်။ သို့နှင့်ပင် ယနေ့အောက်ပြည်အောက် ရွာများ၌ အချို့မည်သည့်အမျိုးပါဟူ၍




www.burmeseclassic.com


www.burmeseclassic.com


**တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်အစမှ ယခု ပွင့်ထွန်းလာသည်အထိ အဆင့်ဆင့်ပုံတော်များ**





တို လျှုဒါန်းခဲ့ကြောင်းကိုလည်း ကျောက်စာတစ်ချပ် ပေါ်ထွက်လာခဲ့သည်။

ပင်းယဉ္စနာမင်းကြီး လွှမ်းခြုံတည်ထားခဲ့သော အပြင်စေတီတော်ပင်လျှင် ပင်းယမြို့ပျက်သည်နှင့် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မည့်သူ ကင်းဝေးကာ သဘာဝရာသီဥတုဘေးဒဏ်တို့ကြောင့် ဆွေးမြည့် ပျက်စီး ပြိုကျ၍ အုတ်ပုံကြီးအဝသို့ရောက်ရှိကာ စေတီတော်ကြီးနှင့် (၁၃. ၆၂)ဧကရှိသည့် ဘုရားကုန်းတော်မြေတစ်ခုလုံး တောချုံနွယ်မြက်များဖြင့် ဖုံးလွှမ်းနေခဲ့ပါသည်။

၁၂၇၇ ခုနှစ်တွင် ကျောင်းပန်းကုန်းရွာမှ ဘုရားဒါယကာ ဦးစံထွားက ပြိုကျပျက်စီးနေသော စေတီတော်ကြီး၏ ထိပ်မျက်နှာပြင်တွင် စိန်ဖူးတော်အထိ ဥဏ်တော် (၂၁) ပေရှိသည့် ကိုးတောင်ပြည့်စေတီငယ်တစ်ဆူကို တည်ထား ပူဇော်ခဲ့သည်။

၁၃၅၂ ခုနှစ်သို့ရောက်သည့်တွင် (၁၉၉၃ ခုနှစ်) ကျောက်ဆည်မြို့နယ် သံဃာ့နာယကဆရာတော်ကြီးများ၏ တာဝန်ပေးအပ်ခြင်း၊ ဂေါပကအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများနှင့် ရယကအဖွဲ့ဝင်များ၏ ပင့်လျှောက်ချက်အရ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းမှ အရှင်စန္ဒောဘာသာ (ငယ်တိုးရွာဇာတိ) ဆရာတော်ကြွရောက် သီတင်းသုံးနေခဲ့ပါသည်။

ထိုသို့ ပေါ်ထွက်လာသော ရှေးဟောင်းဘုရား ရှင်ပင်ရွှေဂူကြီး မြတ်စွာဘုရားနှင့် မြန်မာမှုပညာရှေးဟောင်းပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဌာနခွဲနှင့် မြန်မာမှုဗိသုကာပညာရှင်ကြီး တမ္ပဝတီ ဦးဝင်းမောင်တို့ကို ဖိတ်ခေါ်ပြသ၍ ၎င်းပညာရှင်ပုဂ္ဂိုလ်တို့၏ ခွင့်ပြုချက်၊ လမ်းညွှန်ချက်များကိုရယူပြီး ဆက်လက်ရှင်းလင်းခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### သုံးထပ်ဆင့်ဆင်းတုတော်များ

ပင်းယခေတ် အပြင်လွှမ်းငုံစေတီတော်ကြီးကို ဖယ်ရှားလိုက်သည့်အခါ ပုဂံခေတ်နှစ်ထပ်ဂူဘုရားကြီးပေါ် ထွက်လာသည်။ ဂူဘုရားကြီး၏ အနောက်မြောက်ထောင့်တွင် အနောက်ဘက်သို့ လှည့်ထားသော အုတ်ရိုးဆင်းတုတော်ကြီးတစ်ဆူ၊ ဝဲ-ယာဆင်းတုတော်ငယ်နှစ်ဆူပါရှိသော သိမ်တော်ကြီးတစ်ဆောင်၊ ဂူဘုရားကြီး၏ အနောက်တောင်ထောင့်တွင် အလျား (၃၆) ပေ၊ အနံ(၁၂)ပေခန့်ရှိသောအုတ်ရိုးအတွင်း၌ ကျောချင်းကပ်အုတ်ရိုးဆင်းတုတော်ငယ်နှစ်ဆူ ပေါ်ထွက်လာခဲ့သည်။ ဤအဆောက်အအုံများ၏ ကြမ်းပြင်မှာ လက်ရှိမြေပြင်အောက် (၅) ပေအနက်မှာ ရှိနေကြ၏။

ထိုနေရာနှစ်ခုစလုံးကို အသေးစိတ် တူးဖော်ရာတွင် ဆင်းတုတော်များသည်လည်းကောင်း၊ အောက်ခံကြမ်းပြင်များသည်လည်းကောင်း သုံးဆင့်သုံးထပ်စီရှိနေသည်ကိုတွေ့ရသည်။ အတွင်းသုံးထပ်သည် ဘ ရာစု ပုဂံခေတ်လယ်၊ ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ ထီးလိုမင်းလိုမင်းတို့၏ခေတ်နှင့် သက်ဆိုင်သည်။ အပြင်ဆုံးအထပ်ထပ်သည် ၁၃ ရာစု ပုဂံခေတ်နှောင်းပိုင်းကာလနှင့် သက်ဆိုင်နေကြောင်း တွေ့ရှိရ၏။

ထိုဆင်းတုတော်များ၏ အတွင်းဆုံးအထပ်၊ ပလ္လင်တော်ထက်ရှိ ကြာမှောက်၊ ကြာလန်အုတ်ရိုးပလ္လင်တော်အုတ်စီထားပုံမှာ ပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက်တော် ပန်းရန်အုတ်စီပုံအတိုင်း အုတ်များကို ကြာဖတ်များပုံသဏ္ဌာန် အခုံးအခွက်ပေါ်အောင် အုတ်ကို စိတ်ရှည်စွာနှင့်ပညာသားပါပါ ခုတ်ထွင်းထုဆစ်၍ စီထားသော ရှားပါးသည့်လက်ရာမျိုး ဖြစ်သည်။

စနေထောင့်ရှိ အနောက်ဘက်လှည့်သည့် ရုပ်ပွားတော်မှာ ၁၃ ရာစု ပုဂံခေတ်နှောင်းမှ လက်ရာဖြစ်သော်လည်း ဆင်းတုတော်အောက်ခြေရှိပလ္လင်တော်အောက်၌ ရှေးကျသောပလ္လင်တော်နှစ်ဆူရှိနေသေးသည်။ ပလ္လင်တော်များမှာ အရွယ်တူ၊ အမြင့်တူဖြစ်၍ ပထမခေတ်၏ဆင်းတုတော်ကို ဒုတိယခေတ်ပလ္လင်တော်ကငုံပြီး တည်ထားကာ ဒုတိယခေတ် ဆင်းတုတော်ကို နောက်ဆုံးခေတ်ပလ္လင်တော်က ငုံ၍တည်ထားခဲ့ကြောင်း သဲလွန်စများကို တွေ့ရသည်။

အထင်ရှားဆုံးမှာ အရှေ့ဘက်လှည့်ဆင်းတုတော် ဖြစ်သည်။ အတွင်းဆုံး၌ အနော်ရထာမင်းလက်ထက် ဂုတ္တခေတ်ဟန် ၁၁ ရာစု ဆင်းတုတော်ရှိပြီး အလယ်၌ ပါလခေတ်ဟန် ကျန်စစ်သားမင်းကြီးနှင့် စောလူးမင်းတို့လက်ထက် ၁၂ ရာစုနှောင်းလက်ရာဖြစ်သည်ဟု တွေ့ရှိရသည်။ အပေါ်ဆုံးဆင်းတုတော်မှာ ၁၃ ရာစု လက်ရာဖြစ်သော်လည်း ၁၂ ရာစုလက်ရာများအချို့ပါဝင်နေသေးသည်။ ဆင်းတုတော်များအားလုံး၌ မြေမီးဖုတ်ခရုခွေဆံတော်များ စိုက်ထားသည်ကို တွေ့ရှိရသည်။ (သုံးထပ်ဆင့်ဆင်းတုတော်များ ဖြစ်၏။)

ဤအချက်အလက်များသည် မန္တလေးမြို့မှ တိုင်းသိပြည်ကျော် မြန်မာ့ဗိသုကာပညာရှင်ကြီး တမ္ပဝတီ ဦးဝင်းမောင်၏ စူးစမ်းရှာဖွေရှင်းလင်းလေ့လာရေးသား ဟောပြောချက်များကို ဖတ်ရှုလေ့လာကာ အများပြည်သူများ ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန်ဖော်ပြပါသည်။

### အန္တဂူရုပ်ပွားဆင်းတုတော်

ဤဆင်းတုတော်ကို ၂၆-၁၁-၂၀၁၀ နေ့တွင် ရှင်ပင်ရွှေဂူကြီးဘုရား၏ အရှေ့တောင် အဂ္ဂိထောင့်ရှိ တစ်ဝဂူကို တူးဖော်ရာမှ တွေ့ရှိရသည်။ အန္တဂူဆင်းတုတော်၏အရွယ်အစားမှာ အမြင့် (၁၆) စင်တီမီတာ၊ ဖြက် (၉. ၃) စင်တီမီတာနှင့် ထု(၅)စင်တီမီတာမျှသာရှိပြီး ဘုရားဆင်းတုတော်များ အပါအဝင် အရုပ်ပေါင်း (၇၀) ခန့် ပါရှိသည်။

သေးငယ်သော အန္တဂူကျောက် (Dolomite stone) ကို ဗုဒ္ဓဝင်ရှစ်ခန်း အပါအဝင် အနုစိတ်သေးငယ်လှသော ဗုဒ္ဓဝင်ခန်းများ ထုလုပ်ထားသော ပုဂံခေတ် ၁၂ ရာစု ရှားပါးကျောက်ဆစ်ပန်းတမော့လက်ရာ ဖြစ်သည်။

အန္တဂူကျောက်ဆစ်ရုပ်ပွားတော်ကို ဗုဒ္ဓဝင်ရှစ်ခန်းကို ထုလုပ်ထားတတ်ကြသည်။

၁။ အလယ်တွင် ကြာပလ္လင်ပေါ်၌ ဘူမိဖဿမုဒြာဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို အောင်မြင်တော်မူခန်း ဆင်းတုတော်ကြီးတစ်ဆူရှိ၏။ ဆင်းတုတော်၏ နောက်ကျောတွင် ဟင်္သာနှစ်ကောင်ပါရှိသော နောက်ခံတံကဲနှင့် ဆင်းတုတော်၏အထက်၌ ဗောဓိပင်နှင့် မာရ်စစ်သည်များပါရှိပြီး ဝဲ၊ယာနှစ်ဖက်၌ အဝလောကိတေသွာရဘုရားလောင်းနှင့် အရိမေတ္တေယျဘုရားလောင်းတော်ပုံများ ပါရှိသည်။ ဆင်းတုတော်သိတင်းသုံးရာ ကြာပလ္လင်အောက်၌ ကြာရိုးကြာစွယ်များနှင့် ကြာပလ္လင်ကို ပင့်ချီထားသော နဂါးလူလင်နှစ်ဦးတို့၏ပုံများပါရှိသည်။

၂။ အင်ကြင်းတော၌ ဘုရားအလောင်းတော် ဖွားမြင်တော်မူဟန် ဗုဒ္ဓဝင်ခန်းကို ဆင်းတုတော်ကြီး၏ ဝဲဘက်အခြေတွင် တွေ့ရှိရသည်။

၃။ ရဟန်းများကို ဆုံးမရန်ခက်ခဲ၍ မြတ်စွာဘုရားသခင် တစ်ပါးတည်း ပလ္လလဲတောသို့ ကြွသွားကာ ဝါဆိုတော်မူပုံဗုဒ္ဓဝင်ခန်းကို ဆင်းတုတော်ကြီး၏ ယာဘက်အခြေတွင် တွေ့ရ၏။

၄။ သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ ရေ မီးအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူပုံ ဗုဒ္ဓဝင်ခန်းကို ဆင်းတုတော်ကြီး၏ ဝဲဘက်အလယ်တွင် လည်းကောင်း။

၅။ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးပါးတို့အား တရားဦး ဓမ္မစကြာဟောတော်မူပုံ ဗုဒ္ဓဝင်ခန်းကို ဆင်းတုတော်ကြီး၏ ယာဘက်တွင် လည်းကောင်း တွေ့ရှိရသည်။

၆။ နာဠာဂီရိဆင်ဆိုးကို အောင်တော်မူခန်းနှင့် -

၇။ တာဝတိံသာ နတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူခန်းဗုဒ္ဓဝင်များကို ဆင်းတုတော်ကြီး၏ ခေါင်းတော်နှင့်တည့်တည့် ဝဲ၊ယာတို့တွင် ထုလုပ်ထားသည်။

၈။ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူသော ဗုဒ္ဓဝင်ခန်းကို ဆင်းတုတော်ကြီး၏အပေါ်တည့်တည့်၌ ထုလုပ်ထားသည်။

ထို့ပြင် ပလ္လင်တော်အောက်ပိုင်း၌ ဆင်ရုပ်ခံသော ဂဇာသနပလ္လင်တော်၊ ခြသေ့ရုပ်ခံသောသီဟာသနပလ္လင်၊ ကြာပန်းခံသော ပဒုမာသနပလ္လင်တော်တို့ အပြင် ဆင်ရုပ်၊ ခြသေ့ရုပ်၊ ကြာပင်ပုံများကိုလည်း ဒုတိယအဆင့်ပလ္လင်၏ ခုံနန်းချိုးများတွင် ထည့်သွင်း ထုလုပ်ထားသည်။ အောက်ဆုံးအဆင့်ပလ္လင်တော်တွင် စကြာမင်း၏ ရတနာ (၇) ပါး ဖြစ်ကြသော စစ်သူကြီး၊ သူဌေးကြီး၊ မိဖုရားကြီး၊ ပတ္တမြား၊ စကြာရတနာ၊ ဆင်ပျံ၊ မြင်းပျံရတနာများကိုပါ ထည့်သွင်းထုလုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

**ရွှေဂူကြီးဘုရားဝန်းကျင်ရှိ သာသနိက အဆောက်အအုံများ**

တမုတ်ရှင်ပင်ရွှေဂူဘုရားကြီးသည် ပုဂံခေတ်က နှစ်ထပ်ဂူဘုရားငယ်တစ်ဆူ ဖြစ်သည်။ ဤနေရာသည် သာသနာတော်၏ဘူမိနက်သန်မှန်ကန်သောနေရာ ဖြစ်ခဲ့၍ ပုဂံခေတ်အခါကပင် သာသနိက အဆောက်အအုံများ ဝန်းရံလျက် စည်ကားသိုက်မြိုက်စွာ တည်ရှိခဲ့ပေသည်။

**(က) သိမ်တော်ကြီး**

ရွှေဂူကြီးစေတီတော်၏အနောက်မြောက် ရာဟုထောင့်တွင် ရှေးဟောင်းဆင်းတုတော် သုံးဆူတွဲပါရှိသော သိမ်တော်ကြီးတစ်ဆောင်ရှိသည်။ ဤသိမ်တော်ကြီးသည် မူလက ရွှေဂူတော်ကြီးနှင့် သီးခြားစီဖြစ်သော်လည်း ပင်းယခေတ်အပြင် စည်းခုံစေတီကြီးက လွှမ်းငုံလိုက်သောအခါ စေတီတော်အတွင်းသို့ ရောက်ရှိသွားပြီး လိုဏ်ဂူဖောက်ထားသည်။ မြောက်ဘက်နှင့် အနောက်ဘက်မှ ဝင်ရောက်ဖူးမြော်နိုင်သည်။ ပုဂံခေတ် ၁၂ ရာစုလက်ရာ သိမ်နိမိတ်တိုင်နှင့် ပင်းယခေတ်မှ ကျောက်စာတစ်ချပ်ကို ဤသိမ်အတွင်းမှရရှိသည်။

ပုဂံခေတ်ဦး ၁၁ ရာစု၊ ပုဂံခေတ်လယ် ၁၂ ရာစု၊ ပုဂံခေတ်နှောင်း ၁၃ ရာစုနှင့် ပင်းယခေတ် ၁၄ ရာစုတို့တွင် ခေတ်အဆက်ဆက်၌ ဤသိမ်တော်ကြီးကို ပြုပြင်ခဲ့ကြသည်။

**(ခ) ဓမ္မသာလာတရားဇရပ်**

ရွှေဂူကြီးစေတီတော်၏အနောက်တောင်ထောင့်၌ မှန်ကွက်များပါရှိသော တြီအုတ်ခုံခံ သစ်သားအဆောက်အအုံ ဓမ္မသာလာတစ်ဆောင်၏ အောက်ခြေပန္နက်များ ပေါ်ထွက်လာခဲ့သည်။ မူလက အုတ်ခုံအသေးကို နှောင်းခေတ်တွင် အေးသို့တိုးချဲ့ထားသော ခေတ်နှစ်ခေတ် ဓမ္မသာလာ၏အုတ်ခုံ ဖြစ်သည်။

**(ဂ) တဝဂူကြီးစေတီတော်**

ရွှေဂူကြီးစေတီတော်ကြီး၏အရှေ့တောင်ထောင့်တွင် ဝင်ပေါက်မြောက်ဘက်လှည့်သော တစ်ဝဂူစေတီတော်တစ်ဆူ တည်ရှိသည်။ မူလစေတီတော်၏ ကြမ်းပြင်နှင့် အုတ်ရိုးတို့မှာ လက်ရှိမြေပြင်အောက် (၆) ပေ အနက်တွင် တည်ရှိပြီး နောက်တစ်ခေတ်တွင် အောက်ပိုင်းများကိုမြေဖို့၍ မူလကြမ်းပြင်ကို အထက်သို့(၅)ပေခန့်မြှင့်၍ ထပ်မံဆောက်လုပ်ခဲ့သည်။ အုတ်တံတိုင်းများမှာလည်း စေတီတော်၏ ပုံစံအတိုင်း ခိုနန်းချိုးများ ဖြစ်သည်။ ဤစေတီ၏ မဏ္ဍိုင်အတွင်းမှ ပုဂံခေတ် အန္တဂူဆင်းတုတော်တစ်ဆူပေါ် ထွက်လာခဲ့သည်။

**(ဃ) တဝဂူငယ်စေတီတော်**

ရွှေဂူစေတီတော်ကြီး၏ အရှေ့ဘက်တွင်တည်ရှိသော ဝင်ပေါက်မြောက်ဘက်လှည့်သည့် တစ်ဝဂူစေတီငယ် ဖြစ်၏။ ၁၄ ရာစုနှစ်၌ အပြင်လွှမ်းငုံစေတီတော်ကြီးကို တည်ဆောက်သောအခါ အင်္ဂတေဖျော်သောကန်အဖြစ် အသုံးပြုထားသည့် ရှေးဟောင်းအင်္ဂတေအကြွင်းအကျန်များကို တွေ့ရှိရသည်။ ကိုယ်ပိုင်တံတိုင်းခတ်ထားသည်။

**(င) နှောင်တော်ကြီးစေတီတော်**

ရွှေဂူကြီးစေတီတော်၏ အရှေ့မြောက်ဘက်ထောင့်တွင် တည်ရှိသည်။ ရွှေဂူကြီးစေတီတော်ကြီးကဲ့သို့ပင် ဝင်ပေါက်လေးပေါက်ရှိပြီး ဗဟိုမဏ္ဍိုင်ပတ်လည်တွင် ဆင်းတုတော်များ ပါရှိသည်။ ရွှေဂူကြီးစေတီ၏ တည်ဆောက်ထားပုံ ဗိသုကာစနစ်နှင့် တူညီနေ၍ လည်းကောင်း၊ အရွယ်သေးငယ်၍ လည်းကောင်း ရွှေဂူကြီးစေတီတော်၏ နှောင်တော်ကြီးစေတီ ဖြစ်နိုင်သည်ဟု ယူဆရသော်လည်း အဝင်မုခ်ပေါက်မှာ အနောက်သို့ လှည့်ထားသည်။

**ရှင်ပင်ရွှေဂူကြီးမြတ်စွာဘုရား၏ ထူးခြားချက်များ**

၁။ ပုဂံမြို့နှင့် မိုင် (၁၂၀) ကွာဝေးသော ကျောက်ဆည်ဒေသတွင် ပုဂံခေတ်လက်ရာ ဂူဘုရားတစ်ဆူအဖြစ် တည်ရှိနေခြင်း။

၂။ ပုဂံဒေသတွင် (၁) အရွယ်ကြီး၊ (၂) အရွယ်လတ်၊ (၃) အရွယ်ငယ်ဟူ၍ နှစ်ထပ်ဂူဘုရား အမျိုးအစားများစွာရှိသည်တွင် အရွယ်အစားသေးငယ်သော်လည်း ဗိသုကာအစိတ်အပိုင်းများအပြည့်အစုံထည့်သွင်းထားသော (Miniature) စေတီတော်ငယ်ဖြစ်ခြင်း။

၃။ ပုဂံမြို့ရှိဘုရားများတွင် ကနုတ်မပါ ပြောင်ထားသော အပြင်နံရံများတွင် ၁၂ × ၁၂ လက်မအရွယ် အနုစိတ်ကနုတ်ပန်းများနှင့် အရုပ်မျိုးစုံပါသဖြင့် ဤဘုရားသည် အပြောက်အမွမ်းအပြည့်အစုံပါသော ဂူပြောက်အမျိုးအစား ဖြစ်ခြင်း။

၄။ ပုဂံစေတီတော်များတွင် ရွှေစည်းခုံ၊ မင်္ဂလာစေတီ၊ ဓမ္မရာဇကစသော စည်းခံပုံစေတီတော်ကြီးများတွင် ငါးရာ့ငါးဆယ်စဉ့်ကွင်းဇာတ်တော်များ ပါရှိပြီး အာနန္ဒာစေတီတော်မှအပ ကျန်ဂူဘုရားများတွင် ငါးရာ့ငါးဆယ်ဇာတ်တော်များ ပါရှိလေ့မရှိသော်လည်း ဤရှင်ပင်ရွှေဂူဘုရားကြီးသည် ကွန်းတောင်ပေါက်ဂူဘုရားဖြစ်သော်လည်း ငါးရာ့ငါးဆယ်ဇာတ်တော်များပါရှိခြင်း။

၅။ ကျောက်ဆည်ဒေသရှိ ပုဂံခေတ်ဂူဘုရားများသည် ထိပ်တွင် စေတီပေါက်ဂူဘုရားများသာဖြစ်ပြီး ဤရှင်ပင်ရွှေဂူကြီးဘုရားကြီးသည် ထိပ်တွင် ကွန်းတောင်ပေါက်စေတီတော် ဖြစ်၏။

၆။ ပုဂံခေတ်တွင် ကျောက်စာ၊ ပေစာ၊ နံရံစာ၊ အုတ်ခွက်စာ၊ အုတ်ခဲစာ၊ ကြေးပြားစာ၊ ပိတ်စစာ ဟူ၍သာရှိရာ ဤရှင်ပင်ရွှေဂူကြီးဘုရားတွင် အင်္ဂတေစာပါရှိသဖြင့် မြန်မာနိုင်ငံတွင် တစ်ဆူတည်းသော အင်္ဂတေစာပါရှိသည့် စေတီတော်ဖြစ်ခြင်း။

၇။ ရှင်ပင်ရွှေဂူကြီးစေတီ ပုဂံခေတ်ဘုရားကြီးသည် ပင်းယခေတ် သက္ကရာဇ် ၇၀၀ ကျော်ခန့် အပြင်မှ ငုံ၍ တည်ထားသည့် နှစ်ထပ်စေတီတော်ဖြစ်ခြင်း။

၈။ အပြင်မှ စေတီတော်ငုံထားသဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၈၀၀)ခန့်က အခြေအနေအတိုင်း ပျက်စီးမှုနည်းပါးစွာဖြင့် အကောင်းပကတိ ပြည့်စုံစွာ ဖူးတွေ့နိုင်ခြင်း။

၉။ ဤဘုရားကြီးသည် အချို့သော ပုဂံဘုရားများကဲ့သို့ ထွက်ရပ်ပေါက်ပညာဖြင့် စီမံတည်ထားခဲ့သဖြင့် ဝင်ပေါက်သည် မြောက်ဘက်သို့ လှည့်နေသော ရှားပါးသည့် မြောက်လှည့်ဘုရားကြီးဖြစ်ခြင်း စသည့် ထူးခြားချက်များနှင့်ပြည့်စုံသော ရှေးဟောင်းဂူဘုရားကြီး ဖြစ်ပေသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

**စာကိုး -**

မြန်မာ့ ဗိသုကာ ပညာရှင်ကြီး (တမ္ဗဒီ) ဦးဝင်းမောင်၏ ရှင်းလင်းပြောပြချက်များ၊ ရေးသားဖော်ပြချက်များနှင့် မြန်မာ့အသံ၊ MRTV- 4 မှ တွေ့ဆုံမေးမြန်းချက်များ။



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ်၊ ဒသကနိပါတ်၊ နိဂြောဓဇာတ်တော်တွင် ပေါဋ္ဌကအမည်ရှိသော သာမညလူဆင်းရဲတစ်ယောက်အဖြစ်ဖြင့် အလောင်းတော် နိဂြောဓသူဌေးသားအား ဗာရာဏသီမြို့တော်၏ ထီးနန်းစည်းစိမ်ကို ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် ထက်သန်သော ကုသိုလ်ကံ၏အကျိုးပေးခွင့်မကြုံသဖြင့် သူဆင်းရဲမမိခင်တစ်ယောက်တွင် ပဋိသန္ဓေတည်နေခဲ့ရ၏။ မိခင်ဖြစ်သူသည် ကိုယ်ဝန်အရင့်အမာဖြင့် ကုန်သည်လှည်းတစ်စီး၌ ခရီးကြုံလိုက်လာခဲ့၏။ ကုန်သည်၏လှည်းသည် ညချမ်းအချိန်ရောက်သောအခါ တောလမ်းခရီးအကြားရှိ ညောင်ပင်ရိပ်မှာ ညအိပ်ရပ်နား၏။ ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ထိုည၌ ထိုညောင်ပင်ရင်းမှာပင် သားငယ်ကလေးကို အောင်မြင်စွာဖွားနိုင်၏။ ထိုမှ နံနက်လင်း၍ ကုန်သည်၏လှည်းက ခရီးဆက်ရန် ပြင်ဆင်သောအခါ ဖွားမြင်ခါစကလေးငယ်ကို ပြုစုလုပ်ကျွေးရန် မစွမ်းနိုင်သဖြင့် ကလေးငယ်ကို အနှီးနှင့်ထွေးကာ ညောင်ပင်ရင်းမှာပင်စွန့်ပစ်၍ထားခဲ့လေသည်။

ထိုနေ့နံနက်မှာပင် ရာဇဂြိုဟ်မြို့တော်မှ အခြားလှည်းတစ်စီးကလည်း ထိုညောင်ပင်အောက်သို့ ဆိုက်ရောက်လာ၏။ လှည်းပေါ်က အမျိုးသမီးမှာ မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်က သူဌေးကြီးတစ်ဦး၏ ချွေးမဖြစ်၏။ သူသည် ကိုယ်ဝန်အရင့်အမာဆောင်ထားသည့် မိခင်လောင်းအဖြစ်ဖြင့် လှည်းနှင့်ထွက်လာခဲ့၏။ သို့ရာတွင် သူ၏ကိုယ်ဝန်က အစစ်အမှန်မဟုတ်ပေ။ အမွေခံသားသမီး မွေးဖွားမပေးနိုင်သောအမှုကို ယောက္ခမသူဌေးကြီး၏ မိသားစုတစ်ခုလုံးက ပစ်ပယ်ထားခဲ့ကြသဖြင့် အကြံအဖန်ဖြင့် အယောင်ဆောင်ထားရခြင်းဖြစ်၏။ အယောင်ဆောင် မိခင်လောင်းအဖြစ်ဖြင့် မိဘအရပ်ဌာန၌သွား၍မွေးဖွားပါရစေဟု ခွင့်ပန်၍ လှည်းနှင့်ထွက်လာခဲ့ရာတွင် ညောင်ပင်အောက်မှအနှီးထဲတွင် ယက်ကန်ယက်ကန်ဖြစ်နေရရှာသော ကလေးကလေး နီတာထွေးကို တွေ့လိုက်ရသဖြင့် နှစ်ဦးလုံးအတွက် ဆုကောင်းလာဘ်ကောင်းနှင့် တွေ့ကြရပါတော့သည်။

ထို့ကြောင့် သူဌေးကြီး၏ ချွေး
သည် ဖွားမြင်ပြီးခါစ မီးနေသည့်ဟ
ယောက်၏ အသွင်အပြင်ဖြင့် သ
ကလေးကို ပွေ့ပိုက်ကာ ရာဇဂြိုဟ်မြို့
တော်သို့ ပြန်လာခဲ့၏။ အမွေခံသား
ကလေးတစ်ယောက် ပေါ်ပေါက်လာ
ရေးကို အလွန်အမင်း တောင့်တနေကြ



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ

# ဝဏ္ဏသိရိ

## ယယ်သူငယ်ချင်းသုံးယောက်ရှိလေသည်

သော ယောကျ်ာမကြီးတို့က သူတို့ သား အမိကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြ ၏။ သားကလေးတို့အတွက် အမည်မှည့် မင်္ဂလာပွဲ ကျင်းပကြသောအခါ ညောင် ပင်အောက်မှာ ဖွားမြင်ခဲ့သောကြောင့် မိသားစုအားလုံးက နိဂြောဓသတို့သား ဟူ၍ အမည်ပေးအပ်ကြလေသည်။

ထိုနေ့မှာပင် ထိုသူဌေးကြီး၏ လက်အောက်ခံ သူဌေးငယ်၏ ချွေးမ သည်လည်း မီးဖွားရန် မိဘရပ်ဌာန အပြန်လမ်းတွင် သစ်ခက်များပေါ်၌ သားငယ်ကို ဖွားမြင်၏။ ဖွားမြင်ရာ သစ်ခက်ကို အကြောင်းပြု၍ ထိုကလေး ငယ်ကို သာခသတို့သားဟု အမည်မှည့် ကြ၏။ ထိုသာခသတို့သားလေးသည် ကား ရှင်ဒေဝဒတ်၏ အလောင်းလျာ ဖြစ်ပေသည်။

ထို့အတူပင် သူဌေးကြီးထံမှာ မှီခို ၍နေရသော အပ်ချုပ်သမား၏ မယား ကလည်း ပုဆိုးနွမ်းတစ်ထည်၌ သားငယ် ကို ဖွားမြင်၏။ ဖွားမြင်ရာ ပုဆိုးနွမ်း ကို အကြောင်းပြု၍ ထိုသားငယ်ကို ပေါဠိကဟု အမည်ပေး၏။ ထိုပေါဠိက သတို့သားလေးသည်ကား ညီတော် အာနန္ဒာအလောင်းလျာ ဖြစ်ပေသည်။

ဘိုးအေဖြစ်သူ သူဌေးကြီးသည် မိမိ၏မြေးနှင့် တစ်နေ့တည်းဖွား သူငယ်



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်တို့ကိုလည်း မိမိအိမ်သို့ခေါ်ယူထားပြီးလျှင် နိဂြောဓသတို့သားနှင့် အတူ ပြုစုစောင့်ရှောက်ထား၏။

ဤသို့ဖြင့် အလောင်းလျာသူငယ် သုံးယောက်တို့သည် သူဌေးကြီး၏အရိပ်ကို ခိုလှုံ၍ အတူနေ၊ အတူစား၊ အတူတူ ဆော့ကစားရင်း ချမ်းချမ်းသာသာ ကြီးထွားလာခဲ့ကြရ၏။ အသက်အရွယ်ကလေးတွေရလာသည်နှင့်အမျှ သူတို့၏ ချစ်ခင်ရင်းနှီးမှုကလည်း တိုးတက်ခိုင်မာ၍လာခဲ့ပါပေသည်။

ငယ်သူငယ်ချင်း (၃) ယောက်တို့ အရွယ်ရောက်သောအခါတွင် ဘိုးအေသူဌေးကြီးက (၃) ယောက်စလုံးတို့ကို တက္ကသိုလ်မြို့တော်သို့ ပညာသင်ကြားရန် ပို့ဆောင်ပေး၏။ ငယ်သူငယ်ချင်း (၃) ယောက်တို့ ပညာစုံတတ်မြောက်သောအခါ ဒိသာပါမောက္ခဆရာကြီးကို ပန်ကြား၍ မိဘရပ်ဌာနပြန်လာခဲ့ကြ၏။ သူတို့သည် အပြန်ခရီး၌ ဘိုးအေသူဌေးကြီးရှိရာ ရာဇဂြိုဟ်မြို့တော်သို့ တိုက်ရိုက်မပြန်သေးဘဲ ကာသိတိုင်းကြီး၏ အချက်အချာဖြစ်သော ဗာရာဏသီမြို့တော်ဆီသို့ လျှောက်လာခဲ့ကြ၏။ ဗာရာဏသီမြို့တော်အနီးသို့အရောက်မှာပင် နေဝင်သွားပြီဖြစ်၍ သူတို့သည် နတ်ကွန်းတစ်ခုမှာ ညအိပ်ကြရပါတော့သည်။

ခရီးကြမ်းကြမ်းကိုလှမ်းခဲ့ရသည် ဖြစ်၍ မကြာမီမှာပင် နိဂြောဓသတို့သားနှင့် သာခသတို့သားတို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြ၏။ ပေါဋ္ဌိကသတို့သားမှာတော့ သူတို့နည်းတူ အိပ်၍မရနိုင်ပါ။ သူသည် နိဂြောဓသတို့သား၏ကျေးဇူးတို့ကို တွေးတောကာ အိပ်၍မပျော်နိုင်ဖြစ်နေရ၏။ မိမိမှာ သာမည သူဆင်းရဲတစ်ယောက်၏သားဖြစ်ပါလျက် သူဌေးသားနှင့်နည်းတူ ချမ်းချမ်းသာသာ ကြီးထွားလာခဲ့ရ၏။ အစားအသောက်၊ အဝတ်အထည်၊ အဆင်တန်ဆာမှစ၍ သူဌေးသားနိဂြောဓနှင့် ထပ်တူထပ်မျှ ရရှိလာခဲ့၏။ ထို့ပြင် သူဌေးသားနှင့် အတူတူ တက္ကသိုလ်မြို့တော်ကြီးသို့ လာ၍ ပညာသင်ကြားခွင့်ရလာ၏။

ဤအခွင့်အရေးများကိုပေးသူမှာ ဘိုးအေဖြစ်သူ သူဌေးကြီးဖြစ်၏။ သို့ရာတွင် အရင်းကိုစစ်လိုက်တော့ နိဂြောဓသတို့သားနှင့် တစ်ရက်တည်းဖွားမြင်ခဲ့၍သာ မင်္ဂလာယူသောသဘောဖြင့် ဘိုးအေသူဌေးကြီးက မြေးအရင်းနှင့် ထပ်တူထပ်မျှ ချီးမြှောက်ထားခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် ပေါဋ္ဌိကသတို့သားသည် အများနည်းတူ ခရီးပန်းလာခဲ့ပါလျက် အိပ်၍မပျော်နိုင်အောင်ဖြစ်နေရလေ၏။ မိမိအပေါ် မှာတင်ရှိလာခဲ့သော နိဂြောဓသတို့သား၏ ကျေးဇူးတို့ကို မည်ကဲ့သို့သောနည်းလမ်းဖြင့် ပြန်လည်ပေးဆပ်နိုင်ပါမည်နည်းဟု တွေးတော၍ နေမိ၏။

ထိုသို့ တွေးတောနေတုန်းမှာပင် နတ်ကွန်းအနီးက သစ်ပင်မှာ အိပ်တန်းတက်နေကြသော ကြက်များထံမှ အသံဗလံများ ကြားလာရ၏။

"ဟေ့-ဘယ်သူတုံးကွ။ ငါ့ကျောပေါ် ချေးပါချတာ"

အောက်ကိုင်းဆီက ထွက်လာသောအသံ ဖြစ်၏။ ထိုအသံနှင့် မရှေးမနှောင်းမှာပင် အထက်ကိုင်းဆီကလည်း တုံ့ပြန်လာ၏။

"ငါပါကွာ သူငယ်ချင်းရာ။ မင်းရှိနေမှန်းမသိလို့ ယိုချလိုက်မိတာပါ"

"အောင်မာ-ကြက်ပါးဝလို့။ မသိလို့ပါဆိုတိုင်း ငုံ့ခံနေရမှာလားကွ။ ငါ့ကိုယ်ကောင်တစ်ခုလုံးက မင်းချေးယိုစရာများအောက်မေ့နေသလား"

"ခက်များခက်ရချေရဲ့ကွာ။မတော်တဆယိုမိသူက အနူးအညွတ်တောင်းပန်နေတာတောင်မှ မင်းက မကျေနိုင်မချမ်းနိုင်ဖြစ်နေရသေးတယ်။ နေစမ်းပါဦး၊ အဲသလောက် မာနထောင်နေရအောင် မင်းအစွမ်းသတ္တိကဘာများရှိသလဲ"

"အေး - ကြားချင်ရင်နားထောင်။ ငါ့အစွမ်းသတ္တိကို မင်းကြားရရင် ဖျားတောင်သွားနိုင်တယ်။ တကယ်လို့များ လူတစ်ယောက်က ငါ့ကို အမိဖမ်းပြီး အသားကိုစားနိုင်ရင် နံနက်စောစောမှာပဲ ရွှေအိုးကြီးတစ်လုံးရနိုင်တယ်ကွ သိရဲ့လား"

"အံမာလေး - ဒါလောက်လေးနဲ့တော့ တို့ကပျင်းတောင်ပျင်းသေး။ ဒီမှာ သေသေချာချာမှတ်ထားစမ်း။ လူတစ်ယောက်က ငါ့ကို အမိဖမ်းပြီး ဆူဖြိုးတဲ့ ရင်အုပ်သားကို စားရရင် အဲဒီလူ နေ့ချင်းညချင်း မင်းဖြစ်တယ်ကွ။ ရိုးရိုးအသားကို စားရရင်တော့ စစ်သူကြီးဖြစ်မယ်ကွ။ နောက်ဆုံးကွာ အသားအတတ်အသတ်လေးတွေခြစ်ခြုပ်ပြီး အရိုးစုပ်ရင်တောင်မှလည်း ဘဏ္ဍာစိုး ရာထူးကို ရနိုင်တယ်ကွ"

သစ်ပင်ပေါ်က အထက်ကိုင်းနေ၊ အောက်ကိုင်းနေ ကြက်တို့၏ အတုံ့အပြန် ကိုယ်ရည်သွေးစကားတို့ကို ပေါဋ္ဌိကက အပြည့်အစုံကြားလိုက်ရ၏။နိဂြောဓသတို့သားအပေါ် ကျေးဇူးဆပ်လိုစိတ်ဖြစ်ပွားနေဆဲမှာပင် ကျေးဇူးဆပ်နိုင်မည့် အခွင့်အရေးကပေါ်လာပါပြီကော။

ထို့ကြောင့် ပေါဋ္ဌိကသည် ရနိုင်သမျှသော ကြယ်တာရာတို့၏ အရောင်မှိန်ပျပျကို အားကိုးလျက် သစ်ပင်ပေါ် တက်လာခဲ့၏။ ကြက်များမကြားနိုင်အောင် အထူးသတိထား၍ ဖြည်းဖြည်းချင်းတက်လာခဲ့ရ၏။ ကြက်များကတော့ သူတို့သဘာဝအတိုင်း နေဝင်ချိန်ရောက်ပြီဆိုပါက ကြက်မျက်သင့်နေကြပါပြီ။ အလင်းရောင်မှိန်မှိန်ရှိနေသော်လည်း သူတို့ဘာကိုမှမမြင်နိုင်ကြတော့ပါ။

ပေါဋ္ဌိကသည် ရွှေအိုးရနိုင်သည့် ကြက်ရှိရာ အောက်ကိုင်းသို့ ပထမဆုံးရောက်၏။ သို့ရာတွင် သူက ရွှေအိုးလောက်နှင့် လမ်းဆုံးမခံနိုင်ပါ။ သုံးဦးစလုံးအတွက် အကျိုးထူးကြီးကိုပေးနိုင်မည့် အထက်ကိုင်းအထိတက်လာခဲ့၏။ အထက်ကိုင်းက ကြက်ကိုမိလျှင်မိချင်းလည်လိမ်ချိုး၍သတ်ကာ အောက်သို့ဆင်းလာခဲ့၏။

မကြာမီမှာပင် အရှေ့လောကဓာတ်မှ ရောင်နီများသန်းလာပြီမို့ တောထဲက ရနိုင်သမျှ သစ်ချောင်း၊သစ်ခက်တို့ကိုခူ၍ မီးမွှေးလိုက်၏။ မီးရှိန်တက်အောင်စောင့်နေဆဲမှာ ကြက်၏ အမွေးအတောင်တို့ကို အပြောင်အစင်နုတ်လိုက်၏။ ထို့နောက် အရှိန်ကောင်းကောင်းရလာပြီဖြစ်သော မီးပုံတွင်ကြက်ကောင်ကို တံစို့ထိုး၍ကင်လိုက်လေရာ မကြာမီမှာပင် စားချင့်စဖွယ် ကြက်ကင်နံ့က သင့်ပျံ့၍လာပါတော့သည်။

ကြက်ကင်ကောင်းကောင်းကျက်သွားခါမှ ပေါဋ္ဌိကသည် ကျန်နှစ်ယောက်ကိုနိုးရ၏။ ပူပူနွေးနွေးကြက်ကင်မှ အဆီရွှဲနေသော ရင်အုပ်သားကို တရိုတသေဖဲ့၍ နိဂြောဓသတို့သားထံကမ်းလှမ်း၏။ အခြားအသားတို့ကို သာခသတို့သားအား ဝေစုပေး၏။ ကြွင်းကျန်ရစ်သော တောင်ပံသားနှင့် အရိုးကပ်အသားကပ်များကတော့ မိမိအတွက်သာဖြစ်ပါစေ။

ကြက်ကင်ကို စားမြိုးကြသောအခါ ပေါဋ္ဌိကက ကြက်ကင်နှင့်ပတ်သက်သမျှ ကြောင်းခြင်းရာတို့ကို ပြောပြ၏။ ထို့နောက် နံနက်ထိန်ထိန်လင်းနေပြီဖြစ်၍ ငယ်သူငယ်ချင်းသုံးယောက်တို့သည် နတ်ကွန်းမှ ထွက်ခွာလာပြီးလျှင် ဗာရာဏသီမြို့တော်တွင်းသို့ ဝင်လာခဲ့ကြ၏။ သူတို့ကံကောင်းနေလေတော့ ဗာရာဏသီမြို့တွင်းက ပုဏ္ဏား



www.burmeseclassic.com

တစ်ယောက်က သကာနှင့်ရောသော နို့သနုတ်ထမင်းကို ကျွေးမွေးညှော့ခံလိုက်၏။ ထို့နောက် သူတို့သည် ဗာရာဏသီမြို့တော်ထဲမှ ပြန်ထွက်လာခဲ့ကြ၏။ သူငယ်ချင်းသုံးယောက်တို့သည် ရှုချင့်စဖွယ် တင့်တယ်လှပစွာသော ဥယျာဉ်တော်ကြီးအတွင်း၌ လှည့်လည်ကြည့်ရှုကြပြီးလျှင် အစာဝဝနှင့် အိပ်ချင်စိတ်ပေါ်လွှမ်းလာသဖြင့် အိပ်စရာနေရာကိုရှာကြရ၏။

ဥယျာဉ်တော် ဗဟို၌ ပြည့်ရှင်မင်းကြီးထိုင်နေကျ မင်္ဂလာကျောက်ဖျာကြီးကိုတွေ့လိုက်ရသည်တွင် နိုဂြောဓသတို့သားက ကျောက်ဖျာကြီးပေါ်မှာ အိပ်လိုက်၏။ နေရောင်ခြည်များ မျက်စိမှာ စူးထင်မလာရအောင် ခြေဆုံးခေါင်းဆုံးခြုံဆိုးကို ခြုံထားလိုက်၏။ သာခသတို့သားနှင့် ပေါဋ္ဌိကသတို့သားတို့မှာမူ ကျောက်ဖျာနံဘေးမှာပင် အိပ်လိုက်ကြရပါပေသည်။

မကြာမီမှာပင် ဥယျာဉ်တော်၏ အပြင်ဘက်ဆီက အုတ်အုတ်ကျက်ကျက် အသံများ ထွက်ပေါ်လာကြ၏။ သို့ရာတွင် အိပ်နေသူတို့ကတော့ အိပ်ကောင်းကောင်းနှင့် အိပ်မြဲအိပ်နေကြ၏။ ဤသို့ဖြင့် ဥယျာဉ်တော်၏ အပြင်ဘက် အသံဗလံတို့သည် ဥယျာဉ်တော်အတွင်းသို့ ရောက်လာကြ၏။ ထိုအသံဗလံတို့မှာ ဗာရာဏသီရွှေနန်းတော်ကြီးက ဘုရင့်ပုရောဟိတ် ပုဏ္ဏားတော်ကြီး အမှူးရှိသော နန်းတွင်းအမှုထမ်းများဖြစ်ကြ၏။ သူတို့အားလုံးသည် ရှေ့ဆုံးက မြင်းခွာသံမှန်မှန်ဖြင့်ထွက်ခွာလာခဲ့သော ရထားတစ်စီးနောက်က တစုတရုံးကြီးလိုက်ပါလာခဲ့ကြ၏။ သိန္ဓောမြင်းကသော ရတနာရထားကြီးပေါ်တွင် မင်းမြောက်တန်ဆာငါးပါးကိုတင်ထား၏။ ထိုရထားမှာ ရထားထိန်းမပါပါ။ ရထားထိန်းမပါသော်ငြားလည်း ရထားသည် ဥယျာဉ်တော်ထဲသို့ တန်းတန်းမတ်မတ်ဝင်လာနိုင်၏။ ဥယျာဉ်တော်အတွင်းက မင်္ဂလာကျောက်ဖျာသို့ရောက်သောအခါ ရထားသည် သူ့အလိုလိုရပ်သွားကာ နောက်ဘက်သို့ပြန်၍လှည့်လိုက်ပြီးလျှင် ရထား၏ နောက်ဘက်အပေါက်မှ တက်လာနိုင်ရန် အသင့်အနေအထားဖြင့် ရပ်တန့်၍နေပါတော့သည်။

တကယ်တော့ဖြင့် ထိုရထားသည် ဖုဿရထားဖြစ်၏။ လွန်ခဲ့သည့် (၇)ရက်တုန်းက ဤဗာရာဏသီရွှေနန်းတော်၌ ထီးနန်းစိုးစံခဲ့သောမင်းသည် နတ်ပြည်စံသွားခဲ့၏။ နတ်ပြည်စံမင်းတရားကြီး၌ ထီးမွေနန်းရံ သားရတနာ မရှိခဲ့ပါချေ။ ထို့ကြောင့် ရှေးရှေးတုန်းက လိုက်နာကျင့်သုံးလာခဲ့ကြသော ထုံးတမ်းစဉ်လာအရ ထီးမွေနန်းမွေဆက်ခံနိုင်မည့် ဘုန်းသမ္ဘာရှင် မင်းလောင်းကို ရှာဖွေရန်စေလွှတ်ခဲ့ကြရ၏။ ယခုတော့ ထိုဖုဿရထားက ဘုန်းသမ္ဘာရှင် မင်းလောင်း၏ ခြေရင်းသို့ ဦးခိုက်၍နေပါပေပြီ။

ပုရောဟိတ်ပုဏ္ဏားတော်ကြီးသည် အလောင်းတော် နိုဂြောဓသတို့သား၏ ခြေထောက်အစုံကို အသာအယာဖွင့်၍ ကြည့်လိုက်ရာ -

"အလို - တကယ့်ဘုန်းသမ္ဘာရှင် ယောက်ျားကောင်း ယောက်ျားမြတ်ပါကလား။ ဒီလိုခြေဖဝါးလက္ခဏာနဲ့ ပြည့်စုံတဲ့သူဟာ ငါတို့ဗာရာဏသီမြို့တော်ကိုအသာထား ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခုလုံးတောင်မှ အုပ်စိုးနိုင်တယ်"

ဤသို့ တအံ့တသြချီးကျူးစကားမြွက်ကြားလိုက်ပြီးသည်တွင် အသင့်ပါလာကြသော တူရိယာအမှုထမ်းတို့ကလည်း တူရိယာငါးပါးကို တစ်ပြိုင်နက်တီးမှုတ်လိုက်ကြ၏။

ထိုအသံများကြောင့် နိုဂြောဓသတို့သားသည် အိပ်ရာမှနိုးလာ၍ ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ နံနက်စောစောတုန်းက ပေါဋ္ဌိကထံမှ ကြားခဲ့ရသောစကားက အဟုတ်တကယ် အကောင်အထည်ပေါ်လာပါပြီကောဟု သဘောပေါက်လိုက်၏။ သို့ရာတွင် သူက အလျင်စလို မထလိုက်သေးဘဲ အတန်ငယ် ပြန်အိပ်လိုက်သေး၏။ ရာဇက္ကန္ဓြေမပျက် အိပ်စက်ပြီးမှ ကျောက်ဖျာပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ၍ထိုင်နေလိုက်၏။

ဤတွင် ပုရောဟိတ်ပုဏ္ဏားတော်ကြီးက -

"အို - အရှင့်သား၊ အရှင်သားသည် ဤကာသိတိုင်းကြီးနှင့်တကွ ဗာရာဏသီမြို့တော်ကြီး၏ ရွှေထီးရွှေနန်းအရှင်သခင်ဖြစ်ပါပြီဘုရား"

ဤကဲ့သို့ လျှောက်တင်ပြီးလျှင် အသင့်ပါလာခဲ့သော မင်းမြောက်တန်ဆာငါးပါးတို့ကို ဆက်သ၏။ အလောင်းတော်သတို့သားကလည်း ထိုမင်းမြောက်တန်ဆာငါးပါးတို့ကို လက်ခံ၍ မကိုဋ်မြတ်တော်ကို ဦးခေါင်းထက်၌ ဆင်မြန်းလိုက်၏။ ဤတွင် ထီးသိမ်းနန်းသိမ်းပွဲကြီးပြီးမြောက်ကာ နိုဂြောဓမင်းတရားကြီးဟူ၍ တစ်ခဲနက်ဂုဏ်ပြုစကားမြွက်ကြားပါတော့သည်။

အလောင်းတော် နိုဂြောဓမင်းသည် ထိုကျောက်ဖျာထက်မှာ သာခသတို့သားအား စစ်သူကြီးအရာကို ပေးအပ်ချီးမြှင့်လိုက်၏။ ပေါဋ္ဌိကကိုတော့ မည်သည့်ချီးမြှောက်မှုကိုမျှမပြုဖြစ်သေးပေ။ အသစ်အဆန်းအာရုံများက ဖုံးလွှမ်းနေကြသဖြင့် ငယ်သူငယ်ချင်းတစ်ယောက်လုံးကို မျက်စိလျှံသလိုဖြစ်နေပါ၏။

ပေါဋ္ဌိကသတို့သားကတော့ မည်သို့မျှ စိတ်မကွက်ပါ။ မိမိမှာ သာခသတို့သားလို ချီးမြှောက်ခြင်းမခံရပါသော်လည်း မိမိကြည်ညိုလေးစားလာခဲ့ရသူက ထီးနန်းသခင် ရှင်ဘုရင်ကြီး ဖြစ်လာပြီမို့ ဝမ်းသာလျက်သာရှိနေ၏။ ထို့ကြောင့် ထိုရှင်ဘုရင်ကြီးက ထီးသိမ်းနန်းသိမ်းပွဲကျင်းပရန် ရွှေနန်းတော်ကြီးသို့ ဝင်ရောက်ရာတွင် မြို့တော်ထဲက သာမညအရပ်သားတစ်ယောက်အနေနှင့်သာ မထင်မရှားလိုက်ပါခဲ့ရပါပေသည်။

ဘာရာထူးမှမရသေးသော ပေါဋ္ဌိကသတို့သားက ခွင့်လွှတ်ကျေနပ်စိတ်မွေးမြူနိုင်သော်လည်း စစ်သူကြီးသာခကတော့ မကျေနပ်နိုင်ပါ။ သူသည် နိုဂြောဓမင်းအပေါ် စိတ်ပြစ်မှားမှုမပြုရဲသော်ငြားလည်း ပေါဋ္ဌိကသတို့သားကိုတော့ တွေးမိတိုင်း စိတ်နာနေမိ၏။ အကယ်၍ ထိုအချိန်တုန်းက အဆီတွေရွှဲရွှဲစိုနေသော ကြက်ရင်အုပ်သားကို မိမိစားခဲ့ရပါက ယခုဆို ပြည့်ရှင်မင်းကြီးဖြစ်နေရမည် မဟုတ်ပါလော။ ယခုတော့ ပေါဋ္ဌိကသတို့သား၏ မျက်နှာလိုက်မှုကြောင့် စစ်သူကြီးရာထူးနှင့်သာ ပြီးဆုံးရပါတော့မည်။

နိဂြောဓမင်းကတော့ မိမိစစ်သူကြီး၏ အတွင်းသဘောကို အာရုံမစိုက်နိုင်ပါ။ ထီးသစ်နန်းသစ်စိုးစံရသူပီပီ နန်းတွင်းရေးရာ၊ ပြည်တွင်းရေးရာ စီမံခန့်ခွဲဖွယ် ဟူသမျှတို့ကို ပုရောဟိတ်ကြီး၏ အကူအညီဖြင့် ထောင့်စေ့အောင်ဆောင်ရွက်လာခဲ့ရ၏။

ဤသို့ဖြင့် ထီးနန်းရေးရာအမှုကိစ္စများ အသားကျသွားသည်တွင် နိုဂြောဓမင်းသည် ရာဇဂြိုဟ်မြို့တော်မှာရှိနေရစ်ကြသော အဘိုးသူဌေးကြီးနှင့်တကွ မိဘဆွေမျိုးများကို သတိရလာ၏။ သတိရလာရာမှ လွမ်းဆွတ်လာရ၏။

ထို့ကြောင့် ရာဇဂြိုဟ်မြို့တော်က မိဘဆွေမျိုးများကို ခေါ်ဆောင်ရန်

www.burmeseclassic.com

## နေမဝင်(နတ်မောက်)

# တင်းတိပ်သိုမည်းပျောက်စမြဲ

တင်းတိပ်အညိုမည်းအကွက်များသည် အမျိုးသမီးများသာမက အမျိုးသားများ၏မျက်နှာတွင်ပါ အကြည့်ရဆိုး၊ အရုပ်ဆိုးအောင် ဖြစ်ပေါ်တတ်ပါသည်။

မျက်နှာတွင် နေရောင်အထိများ၍ ခရမ်းလွန်ရောင်ခြည်ဒဏ်ခံရခြင်း၊ ဝမ်းချုပ်ဝမ်းမမှန်ခြင်း၊ သွေးသားမသန့်ခြင်း၊ အမျိုးသမီးများ မီးယပ်မမှတာမမှန်ခြင်းတို့ကြောင့် တင်းတိပ်အညိုအမည်းအကွက်များဖြစ်ပေါ်ရခြင်း ဖြစ်သည်။ အသားအရေဖြူသူများဆိုလျှင် ပို၍သိသာပြီးအကြည့်ရဆိုးပါသည်။

သို့အတွက် တင်းတိပ်အညိုအမည်းအကွက်များ မဖြစ်ပေါ်ရအောင် နေရောင်ပူထဲသွားလျှင် ဦးထုပ်၊ ထီးများဆောင်းသွားပါ။ ဝမ်းမချုပ်အောင်၊ ဝမ်းမှန်အောင် ဂရုပြု ပြုပြင်ပါ။ ရေများများသောက်၊ အရည်ရွှမ်းသော အသီးအရွက်များများစားပေးပါ။ တတ်နိုင်ပါက စောင်းလျားသီးအဝါရောင်များ၊ ပန်းသီးများ များများစားပေးပါ။

အကယ်၍ အမျိုးသမီးများမမှတာသွေးထိမ်ခြင်း၊ ငုတ်ခြင်း၊ ကျန်ခြင်းများဖြစ်ပါက ချင်းအစိုနှင့် ထန်းလျက်ပြုတ်ကျိုသောက်ပေးပါ။ မှန်လာပါမည်။ သွေးသားသန့်ရှင်းကြည်လင်လာပါမည်။

တင်းတိပ်အညိုအမည်းကွက်များပျောက်ကင်းစေရန်အတွက် အောက်ပါအတိုင်း မိမိကိုယ်တိုင်ဆေးပြုလိမ်းပေးပါ။

ဖျော်ရည်အအေးဆိုင်များတို့တွင် ထောပတ်သီးဖျော်ရည်ရပါသည်။ ထိုဆိုင်များမှ ထောပတ်စေ့ကို တောင်းယူပါ။ ပရဆေးဆိုင်မှ ကျောက်ချဉ်ခဲ တစ်ကျပ်သားဝယ်ယူထားပါ။ ထောပတ်စေ့ကိုအစိုမသုံးရပါ။ အရိပ်ထဲမှာ သူ့အလိုလိုခြောက်သွေ့ပါစေ၊ ခြောက်မှသုံးပါ။

ညစဉ် ရေနှင့် ထောပတ်အစေ့အခြောက်ကိုသွေးပါ။ ကျောက်ချဉ်ကိုလည်း အနည်းငယ်ရောသွေးပါ။ တင်းတိပ်ညိုမည်းအကွက်များပေါ်သို့ ထိုဆေးကိုလိမ်းပေးပြီး ခြောက်မှအိပ်ပါ။ နံနက်တွင် ထိုဆေးများပြောင်အောင် မျက်နှာသစ်သန့်စင်ပါ။

ထိုကဲ့သို့ ညစဉ်မှန်မှန်လိမ်းပေးပါက တစ်ပတ်မှ တစ်လအတွင်း တင်းတိပ်အညိုအမည်းအကွက်များ မျက်နှာပေါ်တွင် ကင်းရှင်းသွားစေပြီး မူလအသားအရေအမှန်ပေါ်လာပါမည်။ ဆေးကို မျက်စိထဲ မဝင်စေနှင့်။

*ပြုံးအလှမျက်နှာပိုင်ရှင်များဖြစ်ပါစေ*

နေမဝင်(နတ်မောက်)

ပထမဦးစွာ သာခစစ်သူကြီးကို တာဝန်ပေး၏။ သာခစစ်သူကြီးကမူ ထိုတာဝန်ကို မထမ်းဆောင်လိုသဖြင့် အရေးကြီးသော စစ်ဘက်ဆိုင်ရာ အမှုကိစ္စကို အကြောင်းပြု၍ ငြင်းပယ်လိုက်၏။ ဤတွင်မှ ထိုတာဝန်သည် ပေါဋ္ဌိကသတို့သားထံသို့ ပခုံးပြောင်းကျရောက်လာလေရာ ပေါဋ္ဌိကသတို့သားကတော့ မဆိုင်းမတွ လက်ခံလိုက်ပေသည်။

ပေါဋ္ဌိကသတို့သားသည် ဗာရာဏသီမြို့တော်မှထွက်ခွာ၍ ရာဇဂြိုဟ်မြို့တော်သို့အရောက်လှမ်းလာခဲ့ပြီးလျှင် သတင်းစုံ ပြောကြား၏။ ထီးနန်းသခင် နိဂြောဓမင်းတရားကြီး၏ဖိတ်ကြားချက်ကို ပြောပြ၏။ ဤတွင် သုံးစုံသော မိဘတို့က ဗာရာဏသီမြို့တော်သို့မလိုက်လိုပါ။နေမြဲတိုင်းသာနေပါရစေဆိုကြသဖြင့် တမန်တော်ပေါဋ္ဌိကမှာ သည်အတိုင်းပြန်လာခဲ့ရပါတော့သည်။

ပေါဋ္ဌိကသတို့သားသည် ဗာရာဏသီမြို့တော်သို့ ပြန်ရောက်သောအခါ ငယ်သူငယ်ချင်း စစ်သူကြီးကို အထူးသတိရမိသဖြင့် ပထမဦးစွာ စစ်သူကြီးအိမ်ရှေ့သို့အရောက်လာပြီးလျှင် -

"အို-တံခါးမှူးတို့ သာခစစ်သူကြီးရဲ့ ငယ်သူငယ်ချင်း ပေါဋ္ဌိကရောက်လာပါပြီ။ ယခုချက်ချင်းတံခါးဖွင့်ပေးပါ"

ဟု အရေးဆိုလိုက်၏။

ဤတွင် တံခါးစောင့်အမှုထမ်းတို့က ချက်ချင်း ဖွင့်မပေးရဲသဖြင့် သာခစစ်သူကြီးထံ တစ်ဆင့်အကြောင်းကြားလေရာ -

"အောင်မာ-ပေါဋ္ဌိကဆိုတဲ့အစုတ်အနူတစ်ကောင်က ရာရာစစ သာခစစ်သူကြီးရဲ့ ငယ်သူငယ်ချင်းတဲ့။ သွားကြ၊ အခုချက်ချင်းသွားကြ။ အဲဒီပေါဋ္ဌိကဆိုတဲ့ကောင်ကို လူအားနဲ့ဝိုင်းပြီးရိုက်ကြ။ အားရအောင်ရိုက်ပြီးမှ လည်ပင်းဆွဲယူပြီး လွတ်ရာကျွတ်ရာပို့လိုက်ကြ"

ပေါဋ္ဌိကသတို့သားအပေါ် အငြိုးအတေးထားလာခဲ့သူပီပီ အခါအခွင့်ကြုံလာသည်နှင့် တစ်ပြိုင်နက် လက်စားချေလိုက်၏။ အမှုထမ်းတို့ကလည်း အရှင်သခင်၏ အမိန့်အတိုင်းပြုလိုက်ကြလေရာ ပေါဋ္ဌိကသတို့သားမှာ ဖူးရောင်စုတ်ပြတ်သောကိုယ်လက်မျက်နှာတို့ဖြင့် နိဂြောဓမင်းရှေ့မှောက်သို့ရောက်လာရတော့၏။

စစ်သူကြီးရာထူးကြီးကို ရထားပါလျက် မကျေနပ်နိုင်သေးဘဲ ကျေးဇူးရှင်အား ပြစ်မှားလိုက်သော သာခစစ်သူကြီးကို နိဂြောဓမင်းက သူ့အမှုနှင့်ထိုက်တန်အောင် သေပြစ်သေဒဏ်ကြီးချမှတ်လိုက်၏။ သို့ရာတွင် သာခစစ်သူကြီးမှာ သေပြစ်သေဒဏ်ကျခံရခြင်းမရှိပါ။ ငယ်သူငယ်ချင်း ပေါဋ္ဌိကသတို့သားက သူငယ်ချင်းစိတ်ဓာတ်အပြည့်ဖြင့် အသနားခံလျှောက်ထားသဖြင့် သေပြစ်သေဒဏ်မှ လွတ်ငြိမ်းခွင့်ရသွားပါ၏။ သို့ရာတွင် စစ်သူကြီးရာထူးကိုတော့ ပြန်မရနိုင်တော့ပါ။

ထိုစစ်သူကြီးရာထူးကို နိဂြောဓမင်းက ပေါဋ္ဌိကသတို့သားသို့ လွှဲပြောင်းပေး၏။ သို့ရာတွင် ပေါဋ္ဌိကသတို့သားက လက်မခံလိုသဖြင့် ဘဏ္ဍာစိုးရာထူးဖြင့် အစားထိုး၍ ချီးမြှောက်လိုက်ရပါတော့ပေသည်။

ဝဏ္ဏသိရိ



www.burmeseclassic.com

www.burmeseclassic.com

# အမျှဝေ၍ သိုက်စောင့်ကျွတ်တမ်းဝင်ဂုဏ်ရှိရအဖြစ်အပျက်နှင့်
# သမိုင်းဝင်ရှေးဟောင်းစေတီ မော်စာတီ

မောင်စိမ်းတွေး(ထားဝယ်)

**'မော်'ဟူသည်**

ထားဝယ်မြစ်မှ ဖြာထွက်သော ချောင်းမကြီးတစ်ခုသည် ထားဝယ်မြို့တောင်ဘက်၌ အနောက်မှ အရှေ့သို့ ဖြောင့်ဖြောင့်ကြီး စီးဝင်နေသည်ကို ယနေ့ အထင်အရှားတွေ့ရှိနိုင်ပါသည်။ အဆိုပါ ချောင်းမကြီးသည် ကြက်စားပြင်၊ ဒေါင်းငူ၊ တံငါ၊ ဘုမ္မော်၊ ကညွှဲရပ်တို့ကို ဖြတ်သန်း၍ တိုက်သစ်ကျောင်းအနောက်လယ်ကွင်းမှ မြို့အရှေ့ဘက် တရုပ်ပြင်၊ ရှုမ္မလည်ဆွဲရပ်အထိ ရောက်ရှိသွားသည်။ ချောင်းမကြီးတစ်လျှောက် တံတားနှစ်ပြား၊သံတံတားကြီး၊ပတ္တလားတံတား၊ တောင်ခွတံတားနှင့် သစ်သားတံတားကြီး၊ ငယ် စသည့် ချောင်းကူးတံတားများကို တွေ့ရသည်။

ရှေးအခါက ထိုချောင်းမကြီးသည် အလွန်ကျယ်ပြန့်ပြီး ရေကြောင်းသွားလာ ရွက်တပ်လှေကြီးများပင် ဝင်ရောက်နိုင်သည်ဟု ဆိုကြပါသည်။ ဒီရေအတက်၊ အကျရှိပြီး မြစ်ချောင်းကမ်းစပ်အနီး ပေါက်ပင်များဖြစ်သော ဓနိ၊ လမု၊ လမဲ့၊ တရော်၊ ခရာပင်နှင့် ညံသေးပင်တို့ကို စာရေးသူတို့ ငယ်စဉ်ကတွေ့မြင်ရသေးသည်။

နှစ်ကာလကြာမြင့်သည်နှင့်အမျှ ချောင်းမကြီးမှာ တဖြည်းဖြည်းကောရ၍ မြေဆန်လာသဖြင့် ချောင်းစပ်တွင် လူနေအိမ်ခြေများ တည်ဆောက် နေထိုင်ကြသည်။ ဘုမ္မော်ရပ်ကွက်ချောင်းနှင့် နီးသောနေရာအချို့၌ အိမ်ဆောက်ရန် မြေကြီးတူးသည့်အခါ ကျောက်ဆူးကဲ့သို့ ရွက်တပ်လှေများ၌ အသုံးပြုသော ပစ္စည်းများကို ယခုထိ မကြာခဏ တူးဖော်တွေ့ရှိနေဆဲပင် ဖြစ်သည်။

လက်ရှိဘုမ္မော်ရပ်ဖြတ်သန်းသွားသော ချောင်းမကြီးနှင့် ကိုက် (၁၅၀) အကွာခန့်လောက်တွင် မော်စာတီရှေးဟောင်းစေတီမြတ်အား ဖူးတွေ့နိုင်



မော်စာတီစေတီတော်မြတ်အား သပ္ပာယ်စွာ အစေမှုဖူးတွေ့ရပုံ




မော်စာတီစေတီတော်မြတ်အား အနီးကပ်ဖူးမြော်ကြည်ညိုရပုံ



www.burmeseclassic.com

www.burmeseclassic.com



အခြောက်အထုန့်များသည်ဆိုသော ရှေးသိမ်အတွင်း၊ ထိုင်တော်မူရုပ်ပွားတော်များ

ပါသည်။ (အချို့က မော်စာစီ ဟူ၍ အသံပြောင်း ခေါ်ဝေါ်သည်။) စေတီမြတ်မတည်မီက အဆိုပါ ချောင်းမကြီးသည် စေတီတည်ရာကုန်းမြေနှင့် ထိစပ်လျက်ရှိမည်ဟု မှန်းဆရပါသည်။ အဘယ်ကြောင့်ဆိုသော် စေတီမြတ်တည်ရာမြေသည် ကုန်းမြင့်တစ်ခုဖြစ်နေခြင်းနှင့် ပင်လယ်၊ မြစ်၊ ချောင်းရေပြင်ဘက်သို့ သဘာဝအလျောက် ထိုးထွက်တည်ရှိသော ကုန်းအငူအစွန်းကို ထားဝယ်က 'မော်' ဟု ခေါ်လေ့ရှိခြင်းတို့ကြောင့် ဖြစ်သည်။

ချောင်းမကြီးနှင့်ကပ်လျက်ရှိသော ကုန်းမြင့်မော်တွင်တည်သောစေတီဖြစ်၍ မော်စာတီစေတီဟု အလွယ်တကူ နှုတ်ကျိုးခဲ့ဟန်တူပါသည်။ စာတီမှာ ပေါရာဏစကားဖြစ်၍ စေတီကိုပင် ဆိုလိုသည်။

**ဘုံမော်မှဘုမ္မော်သို့**

မြန်မာနှစ် ၁၁၁၆ ခုနှစ် မြို့စားမင်း ဦးနဲလှ တည်ထောင်သည့် သာယာ



ဓေတ်ထက်ရာသိမ်အတွင်းမှ ရုပ်ပွားတော်မြတ်



www.burmeseclassic.com

www.burmeseclassic.com

သတ်သတ်မှတ်မှတ် ပြောစရာမရှိပြီ။ အထက်၌လည်း အပျော်အောက်ပျောက် နေကြသည်များ တစ်စတစ်စများပြားလာနေပြီ။

- မြန်မာ့သွေးအုပ် မျိုးခြားစုပ်၊ ငုတ်တုတ်ပျောက်ဖို့သေချာပြီ။
- ရုပ်လည်း ယိမ်းတိမ်း စိတ်ယိမ်းတိမ်း၊ ကိုယ်ပိုင်သိမ်းဖို့ ခက်လာပြီ။
- မျိုးကွဲ မျိုးပြား ချုပ်စပ်ကြား၊ ကပြားတစ်မျိုး တိုးလာပြီ။

သွေးသည် အသက်၊ သွေးဖြင့်ပင် ဘဝတိုမှ ဘဝရှည်ဖြစ်အောင် ဆက်ပေးနိုင်ကြပြီး ရင်၌ဖြစ်သော နှလုံးသွေးအတွင်း စိတ်ကစားရင်းနှင့်ပင် ယုံကြည်ရာ ဘာသာ ထွန်းကားလာစေသည်။

ယနေ့ ဖို၊ မ ချင်းတွဲ၍ မျိုးချင်းလွဲ၊ ဘာသာချင်းလွဲယူနေသူများ ဤအချက်ကို ကောင်းကောင်းကြီးတွက်ချက်တတ်ကြပြီ။ အပျော်မင်၊ အအေးကြိုက် တိုင်းရင်းသား မြန်မာမျိုးတို့ကား အိပ်ငိုက်၍ကောင်းတုန်း။

ငါတို့ ပျဉ်းမနားရောက်စက သမီးငယ်လေးတစ်ဦးနှင့် ဆုံခဲ့ရဖူး၏။ ထိုသမီးငယ်လေးကား မိခင်က ဗမာ၊ ဖခင်က မွတ်စလင်ဘာသာဝင် ကုလားမှ မွေးဖွားလာသူဖြစ်ပြီး သူ့အထက်၌ အစ်ကို၊ အစ်မ များစွာရှိသည် ဆို၏။ ယင်းကား အငယ်ဆုံး၊ အထွေးဆုံးဖြစ်သည် ဆို၏။

ယင်းတို့တွင် အထက် အစ်ကို၊ အစ်မအားလုံးကား မွတ်စလင်ဘာသာ၌သာ သက်ဝင်ယုံကြည်နေကြပြီး ယင်းကား ထူးထူးခြားခြား ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်နေ၏။ သို့နှင့် ထိုသမီးငယ်(ကျောင်းဆရာမလေး)၏မိဘများ အကြောင်း စပ်စုကြည့်မိလေရာ -

မိခင်ဖြစ်သူ ဗမာမသည် အစသော် ပျော်ရပြီးရောဖြင့် လင့်အလိုကြည်ဖြူ လင့်ဆန္ဒအားလုံး သဘောတူလိုက်ပါကာနေခဲ့သည် ဆို၏။ အသက်လေးဆယ်ကျော် သွေးအားများငြိမ်စပြုလာချိန်မှစ၍ ဘာသာရေး၌ စိတ်ဝင်ဆံ့လာခဲ့ရာ မူရင်း မိမိ၏ မိဘရိုးရာ ဗုဒ္ဓဘာသာသို့သာ စိတ်ပြန်လည်နေသည် ဆို၏။

သို့နှင့် လင်ဖြစ်သူအား ဗုဒ္ဓဘာသာကိုးကွယ်ခွင့်၊ ဘုရားနှင့် ပန်းအိုးများ အိမ်ဦး၌ထားခွင့်ဆန္ဒတောင်းခံရာ ကုလားကြီးကလည်း သဘောတော့တူသည်ဆို၏။ သို့သော် ပတ်ဝန်းကျင်က မွတ်စလင်ဝန်းကျင် ဖြစ်နေတော့သဖြင့် ဝန်းကျင်၏ဒဏ်မလွန်ဆန်နိုင်ရကား -

ဗုဒ္ဓဘာသာ ကိုးကွယ်လိုက ကိုးကွယ်ပါ။ သို့သော် ငါမသေခင် လူမြင်သူမြင်တော့ မလုပ်ပါနှင့်။ ဘုရားပန်းအိုးထိုးလိုက ထိုးပါ။ သို့သော် ငါမသေခင် လူမြင်ကွင်းမထားပါနှင့်။ ဤခြွင်းချက်များဖြင့် ခွင့်ပြုပြီး ဤခြွင်းချက်များအတိုင်းပင် နေထိုင်ကြသောဟူ၏။

ယင်းကို ကောက်ချက်ချကြည့်ကြရအောင်။

ထိုမိခင်သည် ဗုဒ္ဓဘာသာ၊ မြန်မာတို့၏အညာလွယ်တတ်သော သို့မဟုတ် မူလမျိုးရိုးကပင် မျိုးမစစ်သဖြင့် မျိုးမချစ်တတ်သော မျိုးညံ့ဖက်သဖြင့် ယုံကြည်ချက်မပြင်းထန်သောအလေ့ရှိသူပီပီ ချော့ပေါင်းလျှင် ကြည်ဖြူ အကြိုက်မိ ဘာမှမငြူစူဖြင့် မျက်စိဇွတ်မှိတ်၍ မျိုးခြားဆွဲတိုင်း ပျော်ပျော်ကြီး၊ မေ့မေ့ကြီး၊ မက်မက်ကြီးဖြင့် လက်ဆက်ခဲ့၏။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ၃

# သွေးကပြောသော ဘာသာစကား

(လောကဟိတဝတ္ထုတိုဝါဒကထာ)



သို့ကြောင့် ယင်းမှမွေးသော အထက်အထက်ကလေးများ သွေးများရာ အသက်ပါသွားခြင်းဖြစ်ပြီး ဤသမီးငယ်ကျသော် သွေးချင်းခွဲ မိမိဘက်မိမိ စိတ်မြဲလာခြင်းကြောင့် ထိုအဖြေများ ပေါ်လွင်၍လာ၏။ သွေးသည် အသက်ဆိုသောစကား၌ သက်သေခံချက်တစ်ပါးတည်း။


တစ်ဖန်လည်း ငါတို့ ဇင်းကျိုက်တောင်မှဆင်းလာခဲ့ပြီး ဖူးကြီး၊ သံသုမာတောင် (မိကျောင်းတစ်ကောင် ကျောစင်းနေသည့်သဖွယ်ဖြစ်၍ သံသုမာရတောင်) သို့ မသွားမီ တစ်လတိတိ ရန်ကုန်ရှိ ငါတို့၏ဥပဇ္ဈာယ်ဆရာ အဘ ဝိမလကျောင်း (ဘောက်ထော် သာသနာ့


www.burmeseclassic.com

www.burmeseclassic.com




မော်စာတီစေတီမြတ်တည်ရှိရာ ဘုမ္မော်ကျောင်းအဝင်မုခ်





ဘုမ္မော်ရပ်နှင့်ကြက်စားပြင်ရပ်ဆက်သွယ်ရေးချောင်းမကြီးကူးသံတံတားကြီးကို တွေ့ရပုံ

…မြို့ (ယခု ထားဝယ်မြို့) ၏ တောင် …ကတ် မြို့ရိုးနှင့် ကျုံးတို့မှ တောင်ယွန်း …န်း တစ်ခုသောကုန်းအငူမော်၌ မြို့ …ည်မိ နှစ်ပေါင်း(၃၀)ကျော်ခန့်ကပင် …ရှိသည်ဟု ထားဝယ်သမိုင်းက ဆို …သည်။

ကုန်းမြင့်မော်စွန်းစေတီအနီးအနားတွင် ရေကြည်ရာမြက်နုရာ ရှာဖွေစားသောက်ရင်း ဟိုမှသည်မှ ပြောင်းရွှေ့နေထိုင်ကြသဖြင့် လူနေအိမ်ခြေတဖြည်းဖြည်း တိုးပွားများပြားလာသည်ကို အစွဲပြု၍ 'ဘုံမော်ရပ်'ဟု တွင်ပြီး နောင်အခါ ဘုမ္မော်ရပ်ဟူ၍ ရေးသားလာကြသည်။

၎င်းမော်စွန်းအငူနေရာ ပတ်ဝန်းကျင်သည် ထိုစဉ်က ချောင်းမကြီးကမ်းနံဘေးနှင့်နီးကပ်၍ မြေဩဇာကောင်းသဖြင့် ဥယျာဉ်ခြံမြေစိုက်ပျိုးလုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုသူတို့နေထိုင်ကြသည်။ ထို့ပြင် ကျွဲ၊ နွားများစားကျက်လည်းဖြစ်ပေရာ စေတီမြတ်ကုန်းမြေသည် ကျွဲကျောင်းသား၊နွားကျောင်းသားတို့ ကလေးသဘာဝ ကစားသည့်နေရာလည်း ဖြစ်ပေသည်။

**ဂမ္ဘီရဆန်အဖြစ်အပျက်**

တစ်နေ့ -

ကျွဲကျောင်းသားနှစ်ဦးသည် ထိုမော်စွန်းအငူနေရာတွင် လိုက်တမ်းပုန်းတမ်း (လိုက်တို့ပူး-ဒေသအခေါ်) ကစားနေစဉ် အရွယ်တူသူစိမ်းတစ်ဦးရောက်ရှိလာပြီး အတူတူပါဝင်ကစားလိုကြောင်း ပြောသဖြင့် (၃) ဦးသား ကစားကြသည်။ လိုက်တမ်းပုန်းတမ်းကစားနည်းမှာ လက်ဦး၌ ရှာသူနှင့် ပုန်းသူကို ရွေးရသည်။ ရွေးနည်းမှာ ကစားသူ(၂)ဦး ဖြစ်လျှင် အလှည့်ကျသော် လည်းကောင်း၊ ကစားသူ (၃) ဦးနှင့်အထက်ဖြစ်လျှင် အနည်းလွတ်,အများလွတ်စနစ်ဖြင့်သော် လည်းကောင်း သဘောတူရွေးသည်။ ထိုသို့ ရွေးရာတွင် ရှုံးသူက ရှာသူအဖြစ်နှင့် ပုန်းသူကို လိုက်လံရှာဖွေစုံဖမ်းရသည်။ ပုန်းသူကို ဖမ်းမိလျှင် ထိုပုန်းသူသည် ရှာသူအဖြစ်ရောက်သည်။ ပုန်းသူအားလုံးကို ရှာတွေ့ဖမ်းပြီးက နောက်တစ်ပွဲအတွက် ရွေးနည်းအတိုင်း အလှည့်ကျရှာသူကို အသစ်တစ်ဖန် ရွေးရပြန်သည်။ ဤကစားနည်းတွင် တစ်ခါတစ်ရံ ကံမကောင်းအကြောင်းမလှပါက တစ်ပွဲပြီးတစ်ပွဲ ဆက်ကာဆက်ကာ ရှာသူအဖြစ်နှင့်သာ တဝဲလည်လည်အလှည့်ကျနေတတ်သည်။

တစ်ချီတွင် ပုန်းသူဖြစ်သော ကျွဲကျောင်းသားတစ်ဦးနှင့် သူစိမ်းတို့သည် ရှာသူ (နောက်ကျွဲကျောင်းသားတစ်ဦး) မျက်စိမှိတ်တာင်ဖက်လှည့်နေစဉ် လုံခြုံမည့်နေရာအသီးသီးတွင် ပုန်းကြပြီးနောက် 'တူး' ဟူ၍ အသံပေးသည်။ ရှာသူက သစ်ပင်ချုံပုတ်ကို အကာအကွယ်ပြု၍ ပုန်းနေသော ကျွဲကျောင်းသားကို ပထမအရင်ရှာတွေ့သော်လည်း သူစိမ်းအား ရှာမတွေ့ဖြစ်နေသည်။ အချိန်အတော်ကြာမှ တောင်ပို့တွင်းခေါင်း၌ ဝင်ပုန်းနေသည့် သူစိမ်း၏ ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com

ကိုမြင်၍ ကျောင်းသားနှစ်ဦးက တစ်ယောက်တစ်ဖက်ဆွဲကာ 'မိပြီ' ဟု ဝမ်းသာအားရ အော်ဟစ်ကြသည်။

သို့နှင့် သူစိမ်းက ရှာသူအလှည့်ကျသည့်အခါတွင် မိမိက အရှုံးပေးပါကြောင်း၊ မိမိမကစားလိုတော့ကြောင်း ပြောပြီး မှိုင်တွေလျက်ထိုင်နေသဖြင့် ကျောင်းသားတို့က ပျော်ပျော်ရွှင်ရွှင် ဆက်မစားရန်ပြောသည်။ ထိုအခါ သူစိမ်းက သူသည် လူသားစစ်စစ်မဟုတ်၊ သိုက်စောင့်ဖြစ်သည်။ သူဝင်ပုန်းနေသည့်တောင်ပို့အတွင်း ရွှေအိုးမြှုပ်ထားသည်။ အခြားသူများမသိအောင် တူးဖော်ယူပြီး ထိုတောင်ပို့နေရာတွင် ကစားခဲ့သည့်သုံးယောက်အထိမ်းအမှတ် သုံးမြှောင့်စေတီတစ်ဆူတည်၍ သူ့အား အမျှဝေပါ။ ထိုအခါမှ သူသိုက်စောင့်ဘဝ ကျွတ်လွတ်လိမ့်မည်ဟုပြောပြီး ပျောက်ကွယ်သွားသည်။

ကျောင်းသား (၂) ယောက်တို့သည် သူစိမ်းပြောသည့်အတိုင်း ၎င်းတို့၏မိဘများကိုပြောပြ၍ ညလူခြေတိတ်ချိန်တွင် တောင်ပို့နေရာကို တူးဖော်ကြရာ ရွှေအိုးကို ရရှိကြသည်။ သူစိမ်းမှာသည့်အတိုင်း ၎င်းနေရာတွင် သုံးမြှောင့်စေတီတည်ပြီး အမျှအတမ်းပေးဝေသဖြင့် သိုက်စောင့်သူစိမ်းကျွတ်တမ်းဝင်သွားကြောင်းဆိုပါသည်။

**စေတီမြတ်နှင့်ရောင်ခြည်တော်**

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ခန့်က စေတီအနီး ဘုမ္မော်ကျောင်းတွင် သီတင်းသုံးသော ဆရာတော် ဦးပဏ္ဍိတကြီးမှူး၍ ထားဝယ်မြို့မှ ရှမ္မလည်ဆွဲရပ်နေ ဦးနိုတိုး၊ ဒေါ်ရွှေမတို့က စေတီတော်မြတ်အားပြုပြင်ရာတွင် သုံးမြှောင့်ပုံတော်မှ ယခု ဖူးတွေ့ရသော ရိုးရိုးပုံတော်သို့ ပြောင်းလဲပြုပြင်ခဲ့ပြီး ထီးတော်မြတ်တင်လှူပူဇော်သည်။

စေတီတော် ဉာဏ်တော်အမြင့် အတောင် (၃၀) ရှိသည်။ စေတီပစ္စယံမှ တစ်ဖက်မုခ်ဖြင့် တောင်ဘက်သို့ မျက်နှာမူ လှေကားချထားသည်မှာ ရေးဆန်နေ၍ အောက်မေ့ဖွယ်ဖြစ်သည်။ ခေါင်းလောင်းပုံတော်အထိ ရွှေသင်္ကန်းကပ်လှူထားပြီး ဖြစ်သည်။

၁၉၉၅ ခုနှစ်တွင် ထီးတော်မြတ်မှ သုံးနေ့သုံးညတိုင်တိုင် ရောင်ခြည်တော်လွှတ်သည်ကို တောရောမြို့ဝါမကျန် လာရောက် ဖူးမြော်ကြည်ညိုကြသူများ ဘုမ္မော်ကျောင်းဝင်းအတွင်း ကြက်ပျံမကျ စည်ကားခဲ့သည်။



ရွက်တစ်ထေ့ကြီးများဝင်ရောက်နိုင်သောချောင်းမကြီးမှာ ယခုအခါချောင်းကောကြီးဖြစ်နေပေပြီ



သံတံတားကြီးပေါ်မှတွေ့မြင်ရသော ချောင်းမကြီးတစ်ပိုင်းတစ်စ

၂၀၀၃ ခုနှစ်တွင် ထီးတော်မြတ်ကို ဘုမ္မော်ကျောင်းဆရာတော် ဦးစန္ဒောဘာသ၏ ဩဝါဒနှင့်အညီ ရတနာသုံးပါးဝေယျာဝစ္စအဖွဲ့မှကြီးမှူး၍ အများပြည်သူ့အလှူဒါနဖြင့် ရွှေသင်္ကန်းကပ်ကာ ထပ်မံပြုပြင်တင်လှူပူဇော်မူသည်။

စေတီမြတ်အနီး ရှေးသိမ်နှင့် ခေတ်လက်ရာသိမ်တို့ကို တွေ့ရသည်။ စေတီတောင်ဘက်ရှိ ရှေးသိမ်သည် အခြောက်အလှန့်ရှိကြောင်း ပြောဆိုကြသည်။ တစ်ခါက ကလေးမိခင်တစ်ဦး သိမ်အတွင်း ဘုရားဝတ်ပြုပြီးသောအခါ ကလေးအား ရှာမတွေ့တော့ပေ။ သိမ်အတွင်း၊ အပြင်အနှံ့ မည်သို့မျှ ရှာမတွေ့သဖြင့် အရပ်လူကြီးများအကူအညီနှင့် ပုံတီးခတ်လှည့်ပတ်ရှာမှ သိမ်အတွင်း ရုပ်ပွားတော်နောက်မှ ကုပ်ကုပ်လေးထွက်လာသည်ကို တွေ့ရကြောင်း၊ ကလေးအား ချော့မော့မေးမြန်းသည့်အခါ တခြား အရွယ်တူကလေးနှင့် သူကစားနေကြောင်း သက်ကြီးတစ်ဦး၏ အပြောကိုလည်း ကြားရပါသည်။

ဂမ္ဘီရဆန်ဆန်အဖြစ်အပျက်ရှိနှင့်သော ရှေးဟောင်းစေတီအနီး ဂမ္ဘီရအဖြစ်အပျက်ဟူသော ကောက်ချက်ချရမည် ဖြစ်ပေသည်။

မော်စာတီစေတီတော်မြတ်သည် ထားဝယ်မြို့မတည်မီကပင် တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူဖြစ်ခြင်း၊ ရက်ကောင်းနေ့မြတ်များတွင် မကြာခဏ ဓာတ်တော်ကွန့်မြူးခြင်း၊ ရောင်ခြည်တော်လွှတ်ခြင်းတို့ကြောင့် တန်ခိုးကြီးမားသည်ဖြစ်ရာ ဘုရားဖူးသူ၊ ဒါနပြုသူ၊ အဓိဋ္ဌာန်ဝင်သူများအတွက် လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာ မလွဲဧကန်ပြည့်စုံမည် ဖြစ်ပေသတည်း။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

# ဇာကြီးစတုဂံစမ လာဘ်များရ

သတ္တလောက၊ သင်္ခါရလောက နှင့် ဩကာသလောကဟု ဆိုရသော လောကကြီးတွင် မူလဓာတ်ကြီးများ ဖြစ်ကြသည့် ပထဝီ၊ ဝါယော၊ အာပေါနှင့် တေဇောဓာတ်တို့လည်း ဖောက်ပြန်နေပါပြီ။ ဓာတ်လေးပါးတွင် ဆရာကြီးဖြစ်သောတေဇောဓာတ်ကြီးက လူ၊တိရစ္ဆာန်နှင့်သစ်ပင်များကို ကောင်းစွာပညာပြနေပါပြီ။

ကိုယ့်နိုင်ငံတွင်းမှာပင် မိုးခေါင်ရေရှားဖြစ်သော မြေလတ်ပိုင်းမှာပင် တိုအရင်နှစ်များကမူ မိုးနှောင်းဆိုပြီး မိုးရေမိုးစက်တစ်ပြိုက်တော့ကျပါသည်။ နှစ်သစ်ကူးကာလ မဟာသင်္ကြန်ဆိုလျှင်လည်း သင်္ကြန်မိုးနှင့် ပျော်ကြမြဲပါ။ နောက် မိုးဦးတွင်လည်း သဲသဲမဲမဲမရွာသည့်တိုင်အောင် မိုးဖွဲမိုးနုတ်ကတော့ ရွာချတတ်ပါသည်။

ဒီနှစ်မှာ အပူကလွန်စွာပင်ပြင်းနေလေသည်။ ဒီနေ့အပူကမလျှော့သေး၊ နောက်နေ့တွေမှာ ခရမ်းလွန်ရောင်ခြည် တဲ့ပြီး အပူဒီဂရီကတိုးလာနေပြန်တော့ အမိုးအကာနှင့် အရိပ်အာဝါသအောက်မှာပင် တစ်ကိုယ်လုံးချွေးတွေက ရေချိုးထားသလိုထွက်နေပါတော့သည်။ ကိုယ်တစ်ဦးတည်း ဖြစ်နေတာမှ မဟုတ်တာ။ အများနည်းတူ ဒီအပူတော့ခံရတော့မှာပေါ့။ ဒီလိုဆိုတော့လည်း သဗ္ဗေသတ္တာ ကမ္မသကာလို့ နှုတ်၊ စိတ်တွေနှင့်ခံနေရပါတော့သည်။

ကျွန်ုပ်သည် အိပ်ရာထပြီး နိစ္စဓူဝ ကျင့်ဝတ်နှင့် မဟာအမိဌာန်ကျင့်စဉ်တို့၏ နေ့စဉ်ဖြည့်ဆည်းဆောင်ရွက်ရသော ဝတ်များပြီးသည်နှင့် သားတစ်ယောက်က အမြဲတမ်း အကူအညီပေးသည့်အတွက် စောစောအပူရှိန်မမြင့်ခင် (၆း၄၅) နာရီလောက်မှ ရေချိုးလိုက်ပါသည်။ ရေဓာတ်ကြောင့် ကျွန်ုပ်စိတ်များ ကြည်လင်လန်းဆန်းနေပါသည်။

အလုပ်စားပွဲမှာထိုင်ပြီး ပြုမြဲ မေတ္တာသုတ်ရွက်နေပါသည်။ နောက် အဝေးမှကိစ္စများကို စာရေးပြီး အလုပ်အကြွေးကျန်များကို အပြီးလုပ်ရပါတော့သည်။ မနေ့က မြန်မာ့စီးပွားရေးဘဏ်ကို အငြိမ်းစားလစာသွားထုတ်ပါသည်။ ဒီလမှာ မနက် (၄) နာရီ လမ်းလျှောက်ထွက်ရင်းနှင့် (၉) ပင်စင်ကတ်ကိုထပ်ခဲ့ဖြစ်ပါသည်။ အဝေးသမားများနှင့် မြို့ပေါ်နေအငြိမ်းစား (၂) ဦး၊ (၃) ဦးက (၉)ကတ်များကို (၂၀)ကို တစ်မုံ စုစည်းပြီးလူစောင့်အဖြစ်နေကြပါသည်။ ကျွန်ုပ်မှာ နေမပူခင် မနက်(၉း၃၀) လောက်မှာ လစာထုတ်ခဲ့ရပါသည်။

ဘဏ်မှာ ငယ်သူငယ်ချင်းများနှင့် တွေ့ရသလို မိတ်ဆွေတချို့နှင့်လည်း ဆုံဖြစ်ခဲ့ပါသည်။ အတွေ့နည်းသူများနှင့် ကြုံရသဖြင့် သူတို့၏ အခက်အခဲများကို ရင်ဖွင့်ကြလေတော့သည်။ သို့နှင့် သူတို့၏ ဘဝရှေ့ရေးအတွက် စစ်ဆေးပေးရန် ကျွန်ုပ်အိမ်ကို လာရောက်မည်ဖြစ်ကြောင်း ပြောခဲ့ကြပါသည်။

ကျွန်ုပ်အလုပ်စားပွဲတွင် သူငယ်ချင်းတစ်ယောက်နှင့် မိတ်ဆွေ (၂) ယောက် စုစုပေါင်း (၃) ယောက်တို့ ရောက်ရှိနေပါပြီ။ အားလုံးကလည်း အတွင်းအချင်းသိကြသူများဖြစ်၍ အားလုံးရှေ့မှာပင် တစ်ဦးချင်းစီ၏ ဘဝရှေ့ရေး ဟောပြောသည်များကို အားမနာတမ်းနေခဲ့ကြပါသည်။

အားလုံး၏တူညီမှုကတော့ စီးပွားရေးပင် ဖြစ်ပါသည်။ အခြားအကြောင်းတွေက သားရေးသမီးရေး၊ လူမှုရေးနှင့် ကျန်းမာရေးတွေအတွက် ဆိုင်ရာဆိုင်ရာတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ကြစေရန်စီမံပေးလိုက်ပါသည်။

ဆုံညီကိန်းဖြစ်သော စီးပွားရေးအတွက်စီမံပုံမှာ ဝိဇ္ဇာဓရဂမ္ဘီရနည်းပညာဖြင့် ဆောင်ရွက်ရတာမို့ ကနဦးရှင်းပြရပါသည်။ နှစ်ယောက်က ဂမ္ဘီရပညာကို လက်ခံထားပါသည်။ တစ်ယောက်ကဆိုလျှင် နဂိုက လက်ဝဲသမားမို့ ကျွန်ုပ်မှာလည်း စေတနာထားပြီး အသေးစိတ်ပင် ရှင်းပြလိုက်ရပါတော့သည်။

ကျွန်ုပ်က သူငယ်ချင်းတို့ကို အခုဘာကြောင့် ဒီဝိဇ္ဇာဓရဂမ္ဘီရပညာဖြင့်စီမံပြီး ကူညီရခြင်းကို ရှင်းပြလိုက်ပါသည်။ ကောဇာနှစ် ၁၃၇၆ခုနှစ်၏ ဂမ္ဘီရစွမ်းအင်ကို ဘဏ်မှာတုန်းက ရှင်းပြခဲ့ပြီးသားပါ။ အစွမ်းထက်သူများအတွက် အခွင့်အလမ်းပေးတဲ့နှစ်ဖြစ်နေတာကို သိရှိရမည်။

သာသနာတော်နှစ်ကလည်း ၂၅၅၈ ခုနှစ်ကိုရောက်လာတော့ ‘ငွေပန်းမိုးရွာ’ ဟု ဆိုနိုင်ပါသည်။ ကောဇာနှစ်ရော သာသနာနှစ်ကိုပါ သင်္ချာနည်းနှင့် အရကောက်လိုက်လျှင် အဆင့် (၂)ဆင့်တွေ့ရမည်။ ဆယ်ကိန်းက ပထမအဆင့်နှင့် ခုကိန်းက ဒုတိယအဆင့်ဆိုတာ တွေ့ကြရမှာပါ။

ဦးစွာ ကောဇာနှစ် ၁၃၇၆ကို အရကောက်ပြီးပေါင်းတော့ ပေါင်းလဒ်သင်္ချာရေက (၁၇) ရသည်။ (၁၇) ကို ဓာတ်နိမိတ်ကောက်လိုက်ရင် အနှော ရတာပေါ့။ နောက်ပြီး တစ်လုံးတည်းကောက်လျှင် သင်္ချာ (၈) ကို ရနေပါသည်။ အင်္ဂါ (၈) ပါးနှင့် ပြည့်စုံနေပါပြီ။

သာသနာတော်နှစ်ကို ဆယ်ကိန်းကောက်ရာတွင် ၂၅၅၈ ဖြစ်၍ ပေါင်းလဒ်သည် (၂၀) ရပါသည်။ သင်္ချာဂဏန်း နှစ်နှင့် သုညဖြစ်နေခြင်းကြောင့် နဝင်းကိုက်နေပါသည်။ အံ့ဩစရာပါ။ သင်္ချာတစ်လုံးရအောင်ပေါင်းသော် (၂) ဂဏန်းဖြစ်နေပြန်ပါသည်။ အမိမေတ္တာသို့ အေးချမ်းခြင်း၊ စန္ဒလမင်းရောင်ကဲ့သို့ သာယာအေးမြခြင်း၊ ငွေကြေးတို့ ပြည့်စုံစေနိုင်ခြင်း စသည့်စသည့်ကောင်းခြင်းအဖြာဖြာမင်္ဂလာတို့နှင့် ပြည့်စုံစေပါသည်။

ဆတိုးကိန်းကို ရရှိပြီး ပြည့်ဝစေရန်အတွက် ပထမ်ပညာ ဗျည်းစမဖြစ်သော ဇာကြီးစတုရန်းနှစ်ထပ်စမကို ဆောင်ထိုက်ကြရမည် ဖြစ်ပါသည်။

ဇာကြီး စတုရန်း နှစ်ထပ်စမကို ဝေဖန်ကြည့်ရအောင်ပါ။ စမ၏အလယ်ဗဟိုတွင် မဟာဂန္ဓာရီကြီးများ၏ အာဏာအမိန့်တံဆိပ်တော် (အဲ) ကို တွေ့ရပါသည်။ နောက် ‘ဝ’ လုံးဖြင့် အာဏာအမိန့်တံဆိပ်တော်ကို ကာရံထားသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက် ဇာကြီးလေးလုံးတို့၏ အသွင်သဏ္ဌာန်သည် ဇာကြီးကွင်းဆက်ထားသည့် စတုရန်းဖြစ်နေသည်ကပင် ငွေကြေးနှင့် ပတ်သက်ပြီး တိုးတက်မှုမြန်ခြင်း၊ ရပြီးငွေကြေးများတည်တံ့ခြင်းကို ပြောနေပါသည်။

ဇာကြီးဇယားအပေါ်တွင် 'စဝပဝ' စမကြီးလေးလုံးကို အလှည့်မှန်မှန်ကန်ကန်ဖြင့် စီမံထားပါသည်။ ထိုမလုံးတို့အပေါ်၌ ဟန်ချက်ညီမျှစွာဖြင့် ဇာကြီးတစ်လုံးဆင့်ထားရှိပါသေးသည်။ ထိပ်တွင် နဝင်းစေတီအထွတ်တင်ထားရှိသောကြောင့် ငွေကြေးပြည့်စုံ၊ ဘုန်းတန်ခိုးအာဏာကြီးခြင်းတို့ကို ရစေနိုင်ကြောင်းကို ပြထားပြန်ပါသည်။

ထိုသို့ ကြီးပွားချမ်းသာမှုကို ရလိုပိုင်ဆိုင်လိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ခုနစ်နေ့သား၊ ခုနစ်နေ့သမီးတို့အနေဖြင့် သီလစင်ကြယ်ရခြင်း၊ မဂ္ဂင်ရှစ်ပါးဖြင့် သွားလာရခြင်း၊ ဝေနေယျများစွာ သတ္တဝါတို့အားလုံးကို မိခင်တစ်ယောက်၏ မေတ္တာစိတ်မျိုး ထားနိုင်ရပါမည်၊ထားရမည်ဟုဖော်ညွှန်းနေပါသည်။

ထိုစမကို အဆောင်စမအဖြစ်သုံးကြရမည်ဖြစ်ပြီး အဋ္ဌလက်ခွင်မှာကြည့်ပြီး နေ့သားတိုင်းတို့ မည်သည့်ရက်တွင်စ၍ မည်မျှအထိတာအထိ ဆောင်ရွက်ရမည်ကို ဆရာသခင်မှ ပြောပြခဲ့ပါသေးသည်။ 'ဇာကြီး စတုရန်း နှစ်ထပ်စမ' ပုံကို အောက်တွင် သီးခြားဖော်ပြပေးထားပါသည်။


အဋ္ဌလက်ခွင်နှင့် ရောက်လတို့ တွက်ပုံကို ဖော်ပြပါမည်။

**စမစီမံရခြင်းနှင့်ဆောင်ရွက်ရန်များ**

**၁။ စမစီမံရခြင်း**

ဆောင်ရွက်လိုသောအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် စမကို

| | | |
|---|---|---|
| တနင်္ဂနွေ ၆ | တနင်္လာ ၁၅ | အင်္ဂါ ၈ |
| သောကြာ ၂၁ | **အဋ္ဌလက်ခွင်** | ဗုဒ္ဓဟူး ၆ |
| ရာဟု ၁၂ | ကြာသပတေး ၁၉ | စနေ ၁၀ |



**စတုဂံဇာကြီးနှစ်ထပ်ချည်းစမ**

မိမိကိုယ်တိုင် ရေးကူးနိုင်ပါသည်။ မိမိကိုယ်တိုင် မဆောင်ရွက်နိုင်ပါက မိတ္တူဆိုင်များတွင် နှစ်သက်သလို ချုံ့ခြင်း၊ ချဲ့ခြင်းတို့ ပြုလုပ်စီမံ၍ကူးယူနိုင်ပါသည်။

၂။ ဆောင်ရွက်ရမည့်လ၏ လဆန်းနှင့် အဋ္ဌလက်မှ ခွင့်ပြုသောကာလကို နေ့သားတိုင်းအတွက် အောက်ပါ တနင်္ဂနွေနေ့သားဥပမာနှင့် လဆန်းရက်နမူနာတို့အရတွက်ချက်ပုံကို ဖော်ပြပေးထားပါသည်။

**နမူနာတွက်နည်း**

က။ ၁၃၇၆ ခု၊ ဝါခေါင်လဆန်း၁ရက်သည် တနင်္ဂနွေနေ့ ဖြစ်သည်။

ခ။ ဆောင်ရွက်မည့်သူလည်း တနင်္ဂနွေဆိုကြပါစို့။

ဂ။ အဋ္ဌလက်ခွင်တွင် တနင်္ဂနွေမှစပြီး လက်ဝဲရစ်လှည့်ရမည်။

ယခု နမူနာတွက်ပြရာတွင် စတင်ဆောင်ရွက်မည့် ဝါခေါင်လ၏ လဆန်း ၁ ရက်သည် တနင်္ဂနွေနေ့ဖြစ်နေခြင်းကြောင့် တနင်္ဂနွေအိမ်မှ လှည့်စရာမလိုတော့ပါ။

အဋ္ဌလက်ခွင်၌ တနင်္ဂနွေသည် သင်္ချာ (၆)၊ ဆောင်ရွက်မည့်နေ့သားတနင်္ဂနွေဖြစ်၍ (၆) ဖြစ်၍ နှစ်ရပ်ပေါင်း အဋ္ဌလက်ခွင် တနင်္ဂနွေသည် သင်္ချာ- ၆ ဆောင်ရွက်မည့်နေ့သား တနင်္ဂနွေဖြစ်၍ နှစ်ရပ်ပေါင်း (၁၂) ရပါသည်။

ထို (၂) ရပ်ပေါင်း သင်္ချာကို မိမိစတင်ဆောင်ရွက်ရသည့်နေ့၏သင်္ချာရေ (ဂြိုဟ်သက်)ပေါင်းထည့်ရဦးမည်။ စတင်ဆောင်ရွက်မည့်နေ့သည် အင်္ဂါနေ့ဖြစ်လျှင် ဂြိုဟ်သက်သင်္ချာ (၈) ကို ထပ်ပေါင်းလိုက်ပါ။ (၁၂ + ၈ =၂၀) ဖြစ်ပါသည်။ ထိုသင်္ချာရေ(၂၀)ကို ဆောင်ရွက်ရမည့် ရက်ကာလဟု သတ်မှတ်ရန် ဖြစ်ပါသည်။

နောက်တစ်ရက်ကို နမူနာကြည့်ရအောင်ပါ။ ဆောင်ရွက်မည့်နေ့သည် ဗုဒ္ဓဟူးနေ့ ဆိုကြပါစို့။

**ဗုဒ္ဓဟူးမနက်ပိုင်းတွက်ရပုံ**

မူလပေါင်းလဒ်သင်္ချာသည် (၁၂) ဖြစ်ပါသည်။ ဗုဒ္ဓဟူးနေ့နံနက်ပိုင်းတွင် ဆောင်ရွက်မည့်သူသည် (၁၂+၁၇=၂၉) ဖြစ်၍ (၂၉) ရက်ကာလအထိ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**ဗုဒ္ဓဟူးညနေပိုင်းတွက်ရပုံ**

မူလသင်္ချာ (၁၂) ဖြစ်သည်။ ဗုဒ္ဓဟူးညနေပိုင်းသည် (ရာဟု) ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆုံအုန်းသွင်

# လိပ်နှင့်မြွေခွေး

အခါတစ်ပါး၌ မြစ်ကြီးတစ်စင်း၏ ဘေး သဲသောင်ပေါ်သို့ ကုန်းတွင်းအစာ ရှာရန် ဇရာမလိပ်ကြီးတစ်ကောင်တက် လာသည်။ ထိုအချိန်တွင် တောတွင်း မှ မြွေခွေးတစ်ကောင်သည်လည်း သဲ သောင်ပြင်သို့ အစာရှာလာရာ လိပ်ကြီး အနားသို့ ရောက်လာသည်။

လိပ်သည် မြွေခွေးကိုမြင်သော် ပြေးမလွတ်နိုင်မှန်းသိသဖြင့် အမြီး (၁)၊ ခေါင်း (၁)၊ ခြေ (၂)၊ လက် (၂) တို့ကို ခန္ဓာကိုယ် (အခွံ) အတွင်းသွင်းပြီး ငြိမ် နေလိုက်သည်။

လိပ်က ကြီးသဖြင့် မြွေခွေးအဖို့ ကိုယ်လည်းမခွဲနိုင်၊ ချီလည်းမသွားနိုင် ရကား ခေါင်း၊ အမြီး၊ ခြေ၊ လက် ထွက် လာရာကို ကိုက်ဆွဲစားသောက်ရန် စိတ် ရှည်ရှည်ဖြင့် ထိုင်စောင့်နေလိုက်သည်။

လိပ်သည် စုံစမ်းသည့်အနေဖြင့် ပင် ခေါင်းပြူမကြည့်ဘဲ မြွေခွေစိတ်ပျက် ပြီး ထွက်သွားလောက်သည့်အချိန်အထိ အခွံအတွင်း လုံလုံခြုံခြုံနေလိုက်သည်။

ကြာသော် မြွေခွေးက အချိန်ကုန် သည်အထိ လိပ်ထွက်မလာလျှင် ငါ သည် လိပ်သားလည်းမစားရ၊ အခြား အစားအစာလည်းမရဖြင့် အချည်းအနှီး အချိန်ကုန်တော့မည်ဟု တွေးပြီး ထွက် သွားသဖြင့် လိပ်အဖို့ ချမ်းသာရာရသွား သည်။

တရားရှုမှတ်သော ယောဂီသည် လိပ်နှင့်တူ၏။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့သည် အမြီး၊ ခေါင်း၊ ခြေ၊ လက်တို့ ဝင်၊ ထွက်ရာကဲ့သို့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ တွေးတောစရာ တည်းဟူသော အာရုံ (၆) ပါးတို့ ဝင်ရောက်ရာ တံခါး (၆) ပေါက်နှင့်တူ၏။ ထိုအာရုံတို့သည် မြွေ ခွေးနှင့်တူ၏။ မျက်စိ၊ နား . . စသည့် မည်သည့်တံခါးပွင့်ပွင့် မြွေခွေးနှင့်တူ သောအာရုံသည် ပွင့်ရာတံခါးပေါက် မှဝင်ပြီး တရားရှုမှတ်ခြင်းအလုပ်ကို ဖျက်ဆီးပစ်ပေလိမ့်မည်။ ထို့ကြောင့် လိပ်သည် မြွေခွေးစိတ်ပျက်ပြီး ထွက် သွားသည်အထိ တံခါး (၆) ပေါက်ကို ပိတ်ထားသကဲ့သို့ အာရုံများငြိမ်ကျပြီး သမာဓိရသည်အထိ အာရုံဝင်ရာ တံခါး (၆) ပေါက်ကို သတိဖြင့် ဝီရိယစိုက်ကာ ထိန်းသိမ်း ပိတ်ဆို့ထားရမည် ဖြစ်ပေ သတည်း။

(နာဖူးသောတရားတစ်ပုဒ်မှ မှတ် မိသမျှ ကောက်နုတ်၍)

ချောင်းဆုံအုန်းသွင်

(၁၂+၁၂=၂၄) ဖြစ်ပါသည်။ ဗုဒ္ဓဟူးနေ့ ညနေပိုင်းဆောင်ရွက်သူသည် (၂၄) ရက်ကာလထိ ဆောင်ရွက်ရမည် ဖြစ်ပါ သည်။

(ယခုကဲ့သို့ နမူနာဖြင့် တွက်ပြ ထားသည့်အတွက် ဝါခေါင်လတွင် ဆောင်ရွက်လိုသူများ နေ့သားအလိုက် တွက်ချက် ဆောင်ရွက်နိုင်ကြမည်ဟု ယူဆပါသည် - စာရေးသူ)

၃။ မည်သည့်နေ့သားမဆို မိမိ စတင်ဆောင်ရွက်သည့် နေ့အလိုအား ဖြင့် မိမိနေထိုင်ရာအိမ်၏ နံသင့်ဘုရား တွင် ဆောင်ရွက်ကြရပါမည်။

ဥပမာ စနေနေ့ဆိုလျှင် မိမိနေ ထိုင်ရာအိမ်၏ စနေထောင့်အရပ်ရှိ ဘုရားတစ်ဆူတွင် ဆောင်ရွက်ရပါမည်။

**၄။ ဆောင်ရွက်ရမည့်နည်းလမ်းများ**

- က။ ဦးစွာ မိမိနှစ်သက်ရာပုဂ္ဂိုလ်များ ဖိတ်ထားပါ။
- ခ။ ဘုရားရှိခိုး၊ သီလခံယူ၊ ဆုတောင်း ခံခြင်းပြုလုပ်ပါ။
- ဂ။ စိန္တာမဏိဂါထာတော်ကို (၁၈) ခေါက် ရွတ်ဖတ်ပူဇော်ပေးပါ။

**စိန္တာမဏိဂါထာတော်**

စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။ ။

မှတ်ချက် -

ဆောင်ရွက်သော မိတ်ဆွေအနေ ဖြင့် ယခု စိန္တာမဏိဂါထာတော် (၃)ပုဒ် ကို ဂါထာတစ်ပုဒ်ကို ပုတီးတစ်လုံးချပြီး (၁၀၈) ဂုဏ်တော်ပုတီးတစ်ပတ်စိပ်လျှင် ပိုကောင်းပါသည်။

- ဃ။ ဝေနေယျများစွာတို့အား မေတ္တာ ပို့သပါ။ ကုသိုလ်အမျှပေးဝေပါ။
- င။ ဖိတ်ထားသူများ နေရပ်ပြန်ပို့ပါ။

အခုပြောခဲ့သည့်အတိုင်း သူငယ် ချင်းတို့လုပ်ကြပေတော့ဟု ပြောပြလိုက် ရပါတော့သည်။

သူငယ်ချင်းတို့ ဝမ်းမြောက်စွာပြန် သွားကြပါပြီ။ နှစ်သစ်ကာလသမယတွင် ပထမဗျည်းစမဖြစ်သော ဏကြီးစတုရန်း နှစ်ထပ် လာဘ်တွေရစမကို ဆောင်ရန်၊ စခန်းဝင်နိုင်ကြစေရန် ရေးသားလိုက်ရ ပါတော့သည်။

အရာရာကိုစိုးမိုးနိုင်ခြင်း၊ ပိုင်ဆိုင် ခြင်း၊ချမ်းသာခြင်း စသည်တို့ကို မိတ်ဆွေ ၏စွမ်းရည်အပေါ် မူတည်ပါသည်။ မိမိ ကိုယ်ကို ယုံကြည်စွာ ဆောင်ရွက်၍ တန်ဖိုးရှိသောအချိန်ကို အသုံးချနိုင်ကြ ပါစေ။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခေါင်

www.burmeseclassic.com

ယနေ့နံနက်စောစောနိုးနေသည်။ ကဆုန်လပြည့်နေ့ မြို့ပေါ်ရှိ နိဗ္ဗာန်ဆော် အသင်းသားတို့၏ ရပ်ကွက်အလိုက် ဘုရားကိုယ်တော်မြတ်ကြီးတို့အား အရုဏ်ဆွမ်း၊ ဆွမ်းတော်ကြီးပွဲများကို လာရောက်ဆက်ကပ် လှူဒါန်းကြပါရန် နှိုးဆော်သံများ ကြည်နူးချမ်းမြေ့ဖွယ်ရာ မင်္ဂလာရှိရှိ ကြားနေရသည်။

ကျွန်ုပ်လည်း ဝတ်မပျက် ဘုရားရှိခိုး၊ အမျှဝေ၊ မေတ္တာပို့ခြင်း စသည့် ကောင်းမှုများပြုလုပ်ပြီး နံနက်စောစော ပဲထမင်းနှင့် အကြမ်းရည် စားသောက်နေစဉ် ကျွန်ုပ်၏ ဓမ္မကျောင်းသား မောင်အေး စက်ဘီးနှင့်ပေါက်ချလာသည်။

ကျွန်ုပ်က -

"လပြည့်နေ့ စောစောစီးစီး ဘာစိတ်ကူးပေါက်ပြီးလာတာလဲ။ နံနက်လက်ဖက်ရည်ကော သောက်ပြီးပြီလား"

"ပြီးခဲ့ပါပြီ ဆရာ။ ဒီနေ့လပြည့် ဈေးပိတ်တယ်၊ ဆိုင်လည်းပိတ်တာမို့ ဆရာ့ထံမှာ ဒီမနက်ပိုင်း မသိတာတွေ မေးဖို့ စောစောလာခဲ့တာပါ"

ဆရာဦးဝိန်လှိုင်(ကျိုက်လတ်)

အမှတ် (၃)

# ဗုဒ္ဓမြတ်စွာသာသနာရောင်ဝါနေသို့ထွန်းစေဖို့

(မျိုးဆက်သစ်လူငယ်များအတွက်သိမှတ်ဖွယ်ရာများ)



"ဆရာကလည်း တစ်ယောက်တည်းသမားဆိုတော့ အားပါတယ်"

"မေးစရာက ဒီတစ်ခါနည်းနည်းများမယ်ဆရာ"

"သိသလောက်တော့ ပြောရမှာပေါ့ကွာ"

"ဒုလ္လဘတရား (၅) ပါးကိုသိချင်ပါတယ်"

ကျွန်ုပ်-

"ဒုလ္လဘဆိုတာက ဒု - ခဲခဲယဉ်းယဉ်း၊ လဘ - ရအပ်သော (တစ်နည်းအားဖြင့်)လောက၌ရနိုင်ရန်ခက်ခဲသော၊ ရနိုင်ရန် အလွန်ခဲယဉ်းလှသော တရားတစ်ပါး ဖြစ်တယ်။ ဒုလ္လဘတရား (၅) ပါးဆိုတာ-

က။ **ဗုဒ္ဓုပ္ပါဒ ဘာဝ ဒုလ္လဘ** - ဘုရားဖြစ်ရန် အလွန် ခဲယဉ်း၏။ ဘုရားသာသနာနှင့် ကြုံကြိုက်ရန် ခဲယဉ်း၏။

ခ။ **မနုဿတ္တဘာဝဒုလ္လ**-ဘုရားပွင့်ချိန်၌ လူဖြစ်ရန်အလွန်ခဲယဉ်း၏။

ဂ။ **သဒ္ဓါ သမ္ပတ္တိ ဘာဝ ဒုလ္လဘ** - ကံ၊ကံ၏အကြောင်းနှင့်အကျိုးကို မမှိတ်မသုန် ယုံကြည်သည့် စေတနာသဒ္ဓါတရားနှင့်ပြည့်စုံရန် အလွန်ခဲယဉ်း၏။

ဃ။ **ပဗ္ဗဇိတ ဘာဝ ဒုလ္လဘ**-ရဟန်းကောင်းရဟန်းမြတ်တစ်ပါးဖြစ်ရန် အလွန်ခဲယဉ်း၏။

င။ **သဒ္ဓမ္မ သဝန ဒုလ္လ** - ဘုရားအစရှိသော သူတော်ကောင်းတရားများကို ကြားနာသုံးဆောင်နိုင်ရန် အခဲယဉ်းတကာ့ အခဲယဉ်းဆုံး ဖြစ်ခြင်း။

မောင်အေးက -

ဒုလ္လဘတရားငါးပါးထဲမှာ ရဟန်းဘဝရရှိရန် အလွန်ခဲယဉ်းတယ်ဆိုထားပါတယ်။ ရဟန်းခံတဲ့သူတွေက တန်ခူး



www.burmeseclassic.com

www.burmeseclassic.com

သကြံန်ရက်တွေမှာ မြို့တိုင်းနယ်တိုင်းမှာ အနှံ့ပါပဲ ဆရာ"

"မင်းပြောတာမှန်ပေမယ့် ရဟန်းပြုရတဲ့ အကြောင်းတရားတွေရှိတယ်။ ခေါင်းတုံးတုံးပြီးသင်္ကန်းဆီးတာနဲ့ ရဟန်းကောင်းရဟန်းမြတ်ဖြစ်တာ မဟုတ်ဘူး။ ရဟန်းမြတ်တစ်ပါးဖြစ်ဖို့ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ ရဟန်းတို့ ကောင်းစွာ ကျင့်အပ်တဲ့သိက္ခာသုံးပါး၊ ရဟန်းအဖြစ်ကို ရောက်သည်မှစပြီး အကျဉ်းအားဖြင့် (၂၂၇) ပါးသော သိက္ခာပုဒ်များကိုလည်း ဆောက်တည်ထိန်းသိမ်းရတယ်။ ရဟန်းဝတ်ရတာကို မင်းက ဒုလ္လဘရဟန်းခံတာလောက်သိတာ။ ယောကျ်ားတွေ ရဟန်းဝတ်ကြတာမှာ အကြောင်းအရာအမျိုးမျိုးနဲ့ဝတ်ကြတယ်ဆိုတာကလည်း မင်းသိထား၊ မှတ်ထားဦး"

"ကောင်းတာပေါ့ ဆရာ၊ ကျွန်တော်မှတ်ထားပါ့မယ်"

**ရဟန်းပြုကြသောအကြောင်းတရားများ**

၁။ **သဒ္ဓါပဗ္ဗဇိတ** - ရတနာမြတ်သုံးပါးအပေါ် ယုံကြည်မှုသဒ္ဓါအားကောင်း၍ မြင့်မြတ်သောအကျိုးကို လိုသောကြောင့် ရဟန်းပြုခြင်း။

၂။ **ပညာပဗ္ဗဇိတ**-ဗုဒ္ဓတရားတော်များကို တတ်သိနားလည်လိုသော ဆန္ဒကို အခြေခံကာ ရဟန်းပြုလာသောပုဂ္ဂိုလ်။ ထိုပုဂ္ဂိုလ်သည် အစစ်အမှန် ကျမ်းဂန်ပိဋကတ်တော်များကို တတ်သိနားလည်လာသောအခါ သဒ္ဓါဆိုင်ရာကိုလည်းပြုတတ်၍ သဒ္ဓါ၊ ပညာ နှစ်ပါးစုံသောပုဂ္ဂိုလ်မြတ် ဖြစ်နိုင်၏။

၃။ **ဘယာပဗ္ဗဇိတ** - ရာဇဝတ်မှုကြောင့် မင်းဘေးကို ရှောင်လိုသောကြောင့် လည်းကောင်း၊ စားဝတ်နေရေး မချောလည်၍၊ ကြွေးမြီးမဆပ်နိုင်၍ ငတ်မွတ်ခေါင်းပါးမည့်ဘေးကို ရှောင်လိုသောကြောင့် လည်းကောင်း သာသနာဘောင်သို့ဝင်သောပုဂ္ဂိုလ်။ ထိုပုဂ္ဂိုလ်မျိုးသည် ဆရာကောင်းများထံမှာ မနေလိုသောကြောင့် သာသနာ၏ အသရေကိုဖျက်သောသူသာဖြစ်တတ်၏။

၄။ **မိရိုးဖလာပဗ္ဗဇိတ** - ယခုခေတ်တွင် ရှင်သာမဏေဘဝ၌ အတော်ကြာနေပြီးမှ အသက် (၂၀) ပြည့်လျှင် ရဟန်းပြုရိုးဖြစ်သော မိရိုးဖလာအတိုင်း ရဟန်းပြုသောပုဂ္ဂိုလ်ကိုခေါ်၏။

၅။ **ဒုလ္လဘပဗ္ဗဇိတ** - ယခုခေတ်၌ သာသနာ့ဘောင်ဝယ် ကြာရှည်နေလို့ မြည်ရွယ်ဘဲ ရနိုင်ခဲသောရဟန်းအဖြစ်ကို ရအောင်ရည်မှန်းပြီး သာသနာ့ဘောင်သို့ဝင်သောပုဂ္ဂိုလ်မျိုးကို ခေါ်၏။

"ကျွန်တော်က ဒုလ္လဘရဟန်းခံ၊ ရှင်ပြုရဟန်းခံတာလောက်ပဲ။ သိထားဆရာ"

"ရဟန်းအင်္ဂါအကြောင်းတရားငါးပါးဆိုတာရှိသေးတယ်။ အဲဒီတရားငါးပါးနဲ့ပြည့်စုံပါမှ ရဟန်းအင်္ဂါမြောက်ပြီး ရဟန်းဖြစ်တယ်"

"ရဟန်းစစ်ရဟန်းမြတ် ရဟန်းကောင်းတစ်ပါးဖြစ်ဖို့မလွယ်ပါလား"

**ရဟန်းအင်္ဂါအကြောင်းတရားငါးပါး**

ဎင်းတရားငါးပါးနှင့် ပြည့်စုံမှ ရဟန်းအင်္ဂါမြောက်သည်။

၁။ **ဝတ္ထုသမ္ပတ္တိ**

ရဟန်းခံမည့်သူသည် လူသားအစစ်ဖြစ်ရခြင်း၊ ယောကျ်ားအစစ်ဖြစ်ရ၏။ နပုန်းပဏ္ဍုက်မဖြစ်ရ၊ မိဘနှစ်ပါးက ခွင့်ပြုရခြင်း၊ ကူးစက်တတ်သောရောဂါမှကင်းရှင်းရခြင်း၊ သူတစ်ပါးကြွေးမြီကင်းရှင်းရခြင်း၊ မင်းမှုထမ်းအဖြစ်မှ ကင်းလွတ်ရခြင်းများနှင့် ပြည့်စုံရသည်။

၂။ **ဉတ္တိသမ္ပတ္တိ၊ ကမ္မဝါစာမ္ပတ္တိ**

သိမ်အတွင်း ရဟန်းတော်များက ဉတ္တကမ္မဝါစာကို အနက်အဓိပ္ပာယ်သိပြီး သဒ္ဒါနည်းမှန် ဌာန်၊ ကရိုဏ်းကျကျ ရွတ်ဆိုချီးမြှောက်ရခြင်း။

(ဌာန်၊ ကရိုဏ်းကျအောင် မရွတ်တတ်သောရဟန်းတို့ကား အကြိမ်များစွာ ရွတ်သော်လည်း ရဟန်းစစ်စစ်ဖြစ်အောင် မတတ်နိုင်ပေ။)

၃။ ရဟန်းလောင်းအား ကမ္မဝါဆရာက သိသင့်သိထိုက်သော လိုက်နာဖွယ်ရာများမှန်သမျှကို ကြိုတင်ဆုံးမညွှန်ပြထားရ၏။

၄။ **သီမသမ္ပတ္တိ**

ရဟန်းပြုရာ သိမ်တော်သည် သမုတ်အပ်သောသိမ်ဖြစ်လျှင် သီလ၊ သမာဓိ၊ ပညာ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည့် ကြီးမားမြင့်မြတ်သော ရဟန်းတော်များက စနစ်တကျ သမုတ်စီမံထားသောသိမ်ဖြစ်ရခြင်းနှင့် ပြည့်စုံရ၏။

၅။ **ပရိသာမ္ပတ္တိ**

ရဟန်းပြုရာသို့ ပြည့်စုံလုံလောက်သော သံဃာပရိသတ်အရေအတွက် ပြည့်စုံစွာတက်ရောက်ကြခြင်းနှင့် ပြည့်စုံရ၏။ (ရဟန်းစစ်စစ်ငါးပါးရှိလျှင် ထိုရဟန်းပရိသတ်ငါးပါးဖြင့် ရဟန်းခံခြင်းကိစ္စပြီးစေနိုင်၏။)

"သိက္ခာသုံးပါးနဲ့ ပြည့်စုံညီညွတ်တဲ့ ရဟန်းကောင်းရဟန်းမြတ်၊ ရဟန်းစစ်ရဟန်းမှန်တစ်ပါးဖြစ်ဖို့ ရဖို့လွယ်ပါလား ဆရာရယ်"

"ဟုတ်တာပေါ့၊ ၂၀၁၄ ခုနှစ် ဒသမ တိပိဋကဓရ ဆရာတော် အရှင်သုန္ဒရဩဝါဒမှ သာသနာတော်၏ အံ့ဖွယ်ရှစ်ပါးတို့မှာလည်း အစဉ်အတိုင်း -

၁။ သီလ၊သမာဓိ၊ပညာသိက္ခာသုံးပါးကို ကျင့်ရ၊ သိရခြင်း။

၂။ ဝိနည်းစည်းကမ်းကို မကျော်လွန်ခြင်း။

၃။ ရှုံ့ဖွယ်ဒုဿီလပုဂ္ဂိုလ်ကို ဖယ်ရှားခြင်း။

၄။ သာသနာ့ဘောင်သို့ ဝင်လာလျှင် ဘုရားသားတော်ဟုအမည်တစ်မျိုးတည်းသာဖြစ်ခြင်း။

၅။ ရဟန္တာများစွာတို့ ပရိနိဗ္ဗာန်စံဝင်ကြသော်လည်း နိဗ္ဗာနဓာတ်သည် လျော့လျှံမှုမရှိခြင်း။

၆။ ကိလေသာမှ ကျွတ်လွတ်မြောက်မှု ဝိမုတ္တိအရသာတစ်ခုသာရှိခြင်း။

၇။ ဗောဓိပက္ခိယတရား (၃၇)ပါးသော ရတနာများရှိခြင်း။

၈။ အရိယာရှစ်ပါးတို့ ပျော်စံရာဖြစ်ခြင်း ဟူ၍ ဖြစ်ပါသည်။

"တဲ - ဘယ်လိုလဲ မောင်အေး။ ဘုရားသားတော် သိက္ခာသုံးပါးနဲ့ပြည့်စုံညီညွတ်အောင် ကြိုးစားအားထုတ်ကျင့်ဆောင်နေထိုင်ဖို့ လွယ်ကူပါ့မလား"

"ဘယ်လွယ်ပါ့မလဲ ဆရာရယ်။ စောင့်ထိန်းရမယ့် ဝိနည်းသိက္ခာတွေကလည်းများမှများ။ ဒါကြောင့် ပဗ္ဗဇိတဘာဝဒုလ္လဘလို့ ဆိုရိုးရှိခဲ့တာကိုး"

"တဲ-မောင်အေး၊ ဒီအပတ်တော့ ဒီလောက်နဲ့ ရပ်လိုက်ကြရအောင်။ နောက်လာမယ့်အပတ်ကျမှ ရဟန်းကောင်းနဲ့ ရဟန်းဆိုး၊ ရဟန်းအတုအယောင်တွေအကြောင်း ဆွေးနွေးကြတာပေါ့"

"ကျွန်တော် ကန်တော့ပါတယ်"

ဟု ဆို၍ တည်ခြင်းငါးပါးနှင့် ကန်တော့သွားပါသည်။

"သာဓု၊ သာဓု၊ သာဓု"

မြတ်ဘုရားသာသနာ သန့်ရှင်းတည်တံ့စွာ ခိုင်မြဲစွာ ထွန်းကား ကြီးပွားတိုးတက်ပါစေသတည်း။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

အင်းဝခေတ် ပထမမင်းခေါင် (မြန်မာနှစ် ၇၆၂ - ၇၈၅ ခုနှစ်) ၏ မင်းဆရာတစ်ပါးအဖြစ် ကိုးကွယ်ခြင်းခံတော်မူရသော အရှင်ဇောတယန္တဘွဲ့ခံ စကြိုသူမြတ်သည် အင်းဝခေတ်၏ ဘာသာရေးနှင့် နိုင်ငံရေးနယ်ပယ်၌ သမိုင်းဝင် ထင်ရှားခဲ့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်သည်။

အင်းဝခေတ် မင်းကြီးစွာစော်ကဲ (မြန်မာနှစ် ၇၃၈ - ၇၆၂ ခုနှစ်) လက်ထက်တွင် စလေမြို့ ဆရာတော်အရှင်မဟာဃသမထေရ်၏ တပည့်ရင်း ဖြစ်သော ရှင်ပင်စွယ်ကြိုကျောင်း၌ သီတင်းသုံးနေတော်မူသည့် ရှင်ဇောတယန္တမထေရ်ကို မြို့လှမြို့စားသည် အင်းဝနေပြည်တော်သို့ ပင့်ဆောင်တော်မူခဲ့သည်။ မင်းကြီးစွာစော်ကဲက ဆရာတော်အဖြစ် ကိုးကွယ်တော်မူခဲ့သည်။ သားတော် ပထမမင်းခေါင်လက်ထက်၌ စကြိုသူမြတ်ဟူ၍ ထင်ရှားခဲ့သည်။ မင်းဆရာအဖြစ်ဖြင့် ဘာသာရေးနှင့် နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် စွမ်းစွမ်းတမံအားထုတ်ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့သည်။

အင်းဝခေတ် ပထမမင်းခေါင် လက်ထက်တွင် ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်မင်းနှင့် အနှစ်(၄၀)တိုင်တိုင် ပဒေသရာဇ်မင်းအချင်းချင်း အားပြိုင်သောစစ်ပွဲများဆင်နွှဲခဲ့ကြသည်။ မြန်မာနှစ် ၇၆၆ ခုနှစ်တွင် အင်းဝနေပြည်တော်သို့ ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်သည် ရေကြောင်းဖြင့် ချီတက်တိုက်ခိုက်ခဲ့သည်။ စစ်ကိုင်းမြို့အနီးရှိ ရေဝန်အရပ်၌ တပ်ချနားနေသည်။ ထိုအခါ အင်းဝဘုရင်မင်းခေါင်သည် မှူးမတ်များနှင့် နိုင်ငံတော်အတွင်း ထင်ရှားကျော်စောသော ရဟန်းပညာရှိများ၊ လူပညာရှိများကို ခေါ်ယူပင့်ဖိတ်၍ -

"ယခု မွန်ဘုရင် ရာဇာဓိရာဇ် ဆန်တက်လာ၍ ရေဝန် (စစ်ကိုင်းအရပ်) ၌ အခိုင်အလုံ တပ်စွဲလျက်နေသည်ကို နှလုံးရည်၊ လက်ရုံးရည် (၂) ပါးတို့တွင် မည်သည့်အရည်အချင်းဖြင့် အောင်မြင်အောင် စီရင်သင့်သနည်း"

ဟု မေးတော် မူ၏။

မည်သူမျှ မလျှောက်မတင် တိတ်ဆိတ်နေကြသောကြောင့် သက်တော် (၃၁) နှစ်၊ ဝါတော် (၁၁) ဝါရှိသော စကြိုသူမြတ်က -

"မွန်မင်းရာဇာဓိရာဇ်ကိုသာမဆိုနှင့်ဦး။ ဇမ္ဗူဒိပ်မြေပြင်ဝယ်ရှိသော မင်းအပေါင်းတို့ လာရောက်သော်လည်း နှုတ်ရေးဖြင့် ပြေလည်အောင် ငါစွမ်းနိုင်၏"

ဟူ၍ မိန့်တော်မူ၏။

ဘုရင်မင်းခေါင်လည်း အလွန်အားရတော်မူသောကြောင့် -

"ငါ့ဆရာ ရာဇဓိရာဇ်ကို နှုတ်ရေးဖြင့်ပြန်လေအောင် မိန့်တော်မူပါ"

ဟု ပင့်လျှောက်တောင်းပန်၏။


စကြိုသူမြတ်သည် ရှေးဦးစွာ ရာဇဓိရာဇ်ထံသို့ -

'စကြိုသူမြတ် နေ့၊ ညဥ့်မပြတ် မေတ္တာရည်ညွှန်း ပို့သွန်းအပ်သော သာသနဒါယကာ ဖြစ်တော်မူသော ဆင်ဖြူရှင်သခင် မဟာဓမ္မရာဇ်မင်းမြတ်၊ ငါ သည် အသက် (၃၁)၊ ပဉ္စင်းဝါ (၁၁) ဝါရှိပြီး နေ့ညဥ့်မပြတ် ပရိယတ္တိ၊ ပဋိပတ္တိ ဖြည့်သည့် ကုသိုလ်အကျိုးကို ခံတော်မူပါ။ သာသနဒါယကာ တရားမင်းမြတ်မျက်နှာတော်ကိုမြင်ချင်၍ ဟံသာဝတီရွှေမြို့တော်တိုင်အောင် စုန်ရောက်ပါမည် အကြံရှိသည်လည်း လေ့တက်



# အင်းဝခေတ်မှ စကြိုသူမြတ်

လှမြင့်(ရန်ကုန်တက္ကသိုလ်)





www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်သည်မပြီးသေးသောကြောင့် မရောက်ဘဲရှိရလေသည်။ မဟာဓမ္မရာဇ်မင်းမြတ်သည် သာသနာတော်မြတ်စီးပွားကို ရွက်ဆောင်တော်မူသော မင်းမြတ်ဖြစ်တော်မူသည်။ မျက်နှာတော်ကိုမြင်၍ သုစရိုက်၊ ဒုစရိုက်၊ ကုသိုလ်၊ အကုသိုလ်နှင့်ယှဉ်သောစကားကိုမပြောဟောရဘဲ အနိစ္စရောက်လေသော်လည်း ဒုဂ္ဂတိသို့သာလားရာလေသည်။ မျက်နှာတော်ကိုမြင်၍ ဒါနကထာ၊ သီလကထာအစရှိသော စကားတို့ကို ပြောဟောရမှ သေရခြင်းသည်ကား ကောင်းသောသုဂတိဘဝသို့ ဖြစ်ရလေသည်'

ဟူသော မေတ္တာစာကို ဆက်သွင်းခဲ့သည်။

မွန်မင်းရာဇာဓိရာဇ်သည် စကြိုသူမြတ်၏ မေတ္တာစာကို ကြားသိရသောအခါ-

"ငါသည် ဟံသာဝတီမြို့တော်က ဆန်ခဲ့သည်မှစ၍ မည်သည့်မြို့ရွာတွင်မျှသော်လည်း ရဟန်းတစ်ပါးမျှမမြင်။ ယခု ငါ့ကို တွေ့မြင်လိုသော ရဟန်းကို ပင့်၍ မဖူးမြင်ချေသည်ရှိသော် ရတနာသုံးပါးတွင် တစ်ပါးကိုငါမျက်နှာလွှဲသည် မည်ခြိမ့်မည်"

ဟူ၍ မိန့်ကြားခဲ့ပြီး -

"ငါ့ဆရာကို ငါလည်း ဖူးမြင်လို၏"

ဟု ဖိတ်ကြားတော်မူ၏။

စကြိုသူမြတ်သည် ရာဇာဓိရာဇ်မင်းနှင့် တွေ့ခွင့်ရရှိပြီဖြစ်ကြောင်းကို အင်းဝဘုရင်မင်းခေါင်ထံ အကြောင်းကြားသည်။

ဘုရင်မင်းခေါင်ကလည်း -

"ငါ့ဆရာ ပဏ္ဏာလက်ဆောင်ယူမည်ကို အလိုရှိသမျှ မိန့်တော်မူပါ။ စီရင်ပေးပါမည်"

ဟု လျှောက်တင်၏။

စကြိုသူမြတ်လည်း တရုတ်ပုဆိုး၊ ခင်းနှီး၊ ကတိုး၊ လက်ဖက်၊ သစ်သီး၊ ထန်းလျက်၊ သကာသည်များ လူသုံးရာခန့်လိုသည်ဟူ၍ မိန့်တော်မူ၏။ ဘုရင်မင်းခေါင်လည်း စကြိုသူမြတ် အလိုရှိတိုင်း စီရင်တော်မူစေ၍ ဆင်တော်၌ ရွှေတစ်တင်းတင်စေပြီး စကြိုသူမြတ်ကို ဆင်ထက်၌တင်ကာ စေတော်မူ၏။ ဆင်တော်ရှေ့တွင် အဝတ်ဖြူနှင့် သီတင်းသည်သုံးရာ၊ ဆင်တော်၏နောက်မှ သူအိုသုံးရာ လက်ဆောင်ကိုင်၍လိုက်ရ၏။ အင်းဝမြစ်ငယ်ကိုကူး၍ ရွှေကြက်ယက်မြောက် အိုးထိန်းတော်သို့ရောက်လျှင် ရာဇာဓိရာဇ်မင်းက ရွှေလောင်းနှင့်ကူး၍ ကြိုဆိုသည်။ စကြိုသူမြတ်သည် ရာဇာဓိရာဇ်စီးလာသော ရွှေဖောင်တော်ပေါ်သို့ရောက်တော်မူလျှင် ပါလာသော လက်ဆောင်သေတ္တာများကို ဆက်သသည်။ ရာဇာဓိရာဇ်မင်းက လက်ခံခဲ့သည်။

ရာဇာဓိရာဇ်က-

"ငါ့ဆရာ အဘယ်ကကြွတော်မူခဲ့သနည်း"

ဟု မေးတော်မူ၏။

စကြိုသူမြတ်က -

"မြင်တော်မူကတည်းကပင် ငါလာခဲ့သည်"

ဟု မိန့်တော်မူ၏။

မွန်မင်း ရာဇာဓိရာဇ်က -

"သူမြတ်နှင့် စကားပြောဟောရမည်ထင်ပါသည်"

ဟု လျှောက်သည်။

စကြိုသူမြတ်လည်း ဤသို့ ချောင်သာယာဆန်းကြယ်စွာသော စကားတို့ဖြင့် ရာဇာဓိရာဇ်မင်း၏ စိတ်နှလုံးနူးညံ့ပျော့ပျောင်းသွားစေရန် -

"ကေရာဇ်နှစ်ပါး မေတ္တာသက်၍ ခိုက်ရန်မဖြစ်ကြသည်သာဖြစ်မှ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ချမ်းသာသို့ရောက်လေရာသည်။ သတ္တဝါချမ်းသာသည်ဖြစ်မှ ပရိယတ္တိနှင့်အညီ ပစ္စုပ္ပန်သံသရာစီးပွားနှင့် ခပ်သိမ်းသောစကားဖြင့် ကေရာဇ်နှစ်ပါးတို့ကို မဟာမိတ်ဖြစ်အောင်၊ ခပ်သိမ်းသောသတ္တဝါအပေါင်းတို့ကိုလည်း ချမ်းသာလေအောင် ငါမေတ္တာရပ်ခံပါသည်။ ခွင့်ပြုတော်မူပါ။ ခွင့်ပြုတော်မူလျှင် အင်းဝတွင်ပျော်လည်း ငါသီတင်းသုံးမည်။ ဟံသာဝတီမှာပျော်လည်း ငါသီတင်းသုံးမည်။ နှစ်ပြည်ထောင် ရွှေတစ်ပြားတည်းကဲ့သို့ဖြစ်မည့်အကြောင်းကိုသာလျှင် ခွင့်ပြုတော်မူပါ"

ဟု မိန့်ကြား၏။

ရာဇာဓိရာဇ်မင်းကလည်း -

"ငါသည် အင်းဝကို လုပ်ကြံမည်ဟု လာသည်။ ငါ့ဆရာသည် ငါ့ကို တရားနှင့်အညီ ဟောကြားပေသည် ဖြစ်သောကြောင့် ငါပြန်တော်မူတော့မည်"

ဟု မိန့်သည်။

စကြိုသူမြတ်ကိုလည်း ပိတ်အုပ်၊ ရမထီအုပ်၊ သဟန်အုပ်၊ ခါသာအုပ်၊ ကော်ဇော၊ နံ့သာ၊ ကရမက်၊ အကျော်၊ စမွာ၊ နှင်းရည်၊ ဖုံးမသိန်၊ ငရုတ်၊ ကွမ်းသီး၊ ပရဆေးများစွာကို လှူတော်မူ၏။ ရွှေကြက်ယက်ဘုရားတွင် ကျွန်သီးတော်များကိုလည်း အပ်တော်မူ၏။

"ငါမူကား လေးရက်၊ ငါးရက်နေ၍ ရွှေကြက်ယက်တွင် ဇရပ်ဆောက်ပါဦးမည်။ မြစ်ညာတွင်ရှိသော ရဲမက်တော်များကိုလည်း ပြန်ခေါ်ပေဦးမည်"

ဟူ၍ မိန့်တော်မူပြီး စကြိုသူမြတ်နှင့် အခြွေအရံအပေါင်းတို့ကို အင်းဝသို့ ရွှေလောင်းနှင့်ပြန်၍ပို့တော်မူခဲ့သည်။

ထို့နောက် ရာဇာဓိရာဇ်မင်းသည် မိမိစီးသော ရွှေဖောင်ငါးဆက်ကို ဖျက်၍ ရွှေကြက်ယက်ဘုရားရင်ပြင်တော်၌ ဇရပ်ဆောက်၏။ ဇရပ်ပြီးလျှင် စကြိုသူမြတ်နှင့်တကွ သံဃာတော်တစ်ရာကို ပင့်၍ ဆွမ်းလုပ်ကျွေး၏။ ပိတ်အုပ်၊ ရမထီ၊ သဟန်၊ ဖန်ခန့်၊ ပတ္တူနီ၊ ခါသာ၊ ခင်းနှီး၊ နံ့သာ၊ ဖုံးမသိန်၊ ကရမက်၊ စမွာ၊ နှင်းရည်၊ ငရုတ်၊ ကွမ်းသီး၊ ပရဆေးစုံ လှူတော်မူ၏။ သာဓုခေါ်တော်မူပြီးလျှင် မိုးသောက်သည့်အခါတွင် စကြိုသူမြတ်ကိုပင့်၍ -

"ငါ့ဆရာ ငါ့ကို ပုဂံသို့ပို့ပါ"

ဟူ၍ ပန်ကြား၏။

စကြိုသူမြတ်လည်း ဇလာကပင် ရွှေလှေတော်တွင် ရွှေပြာသာဒ်ဖြင့်တင်ဆောင်၍ လိုက်တော်မူပို့ဆောင်ပေးခဲ့သည်။ ရာဇာဓိရာဇ်လည်း ဖောင်ဦးလှည့်၍ စုန်တော်မူခဲ့သည်။

အင်းဝခေတ် ပထမမင်းခေါင်လက်ထက် ပဒေသရာဇ်မင်းအချင်းချင်း၏ အာဏာပြိုင်ဆိုင်မှု စစ်ပွဲရှည်ကြီးတစ်ခုဖြစ်သော နှစ်လေးဆယ်စစ်ပွဲကာလတွင် ရာဇာဓိရာဇ်မင်းကဲ့သို့သော စစ်ရေးစစ်ဟန်တက်ကြွနေသည့် မင်းတစ်ပါးကို စကြိုသူမြတ်ဆရာတော်သည် နှုတ်မှစွမ်းရည်ဖြင့် စိတ်နှလုံးနူးညံ့ပျော့ပျောင်းစေခဲ့သည်။ စစ်ရေးတိုက်ပွဲအသွင်ကို ငြိမ်းချမ်းရေးအသွင်သို့ ရောက်ရှိကူးပြောင်းစေခဲ့သည်။ အင်းဝခေတ်တွင် စကြိုသူမြတ်သည် ဘာသာရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် လည်းကောင်း၊ ငြိမ်းချမ်းရေးသံတမန်အဖြစ်လည်းကောင်း ထင်ရှားခဲ့သော ဗုဒ္ဓဘာသာ သာသနာ့အာဇာနည်အဖြစ် သမိုင်းမော်ကွန်းထင်ရှားခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး** -

မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ)



www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်ဗိဇ္ဇာဂရု

ထွက်ရပ်ပေါက်လောကီပညာနှင့်



# ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး

မဟာမိတ်ဆရာဦးအေးရွှေ

ဝိဇ္ဇာတို့မည်သည် စည်းသောက်တိုင်း ထပ်ပြန်တလဲလဲမ,လေ့မရှိ

အချို့သော ပုဂ္ဂိုလ်တို့သည် ဒုက္ခအကျပ်အတည်းနှင့် တွေ့ကြုံလျှင် မည်သည့် ကတိကဝတ်မေးရသည်ဖြစ်စေ ထိုဒုက္ခမှ လွတ်မြောက်လျှင်ပြီးရောဟု သဘောထားလျက် အလွယ်တကူပေးရန် ဝန်မလေးတတ်ကြပေ။ သူတို့သည် နောက်ပိုင်း အဆင်ပြေသွားသော [illegible] သူတို့ပေးခဲ့သည့် ကတိကဝတ်များကို မေ့လျော့သွားကြတော့၏။ လုပ်ချင်တာလုပ်ကြ၏။ နေချင်သလိုနေကြ၏။ သူတို့၏စိတ်ထဲတွင်လည်း သူယခုကဲ့သို့ အဆင်ပြေနေခြင်းသည် သူတို့၏အရည်အချင်းကြောင့်ဖြစ်တာပဲဟုလည်း ထင်



www.burmeseclassic.com

www.burmeseclassic.com

ဗိမာန်ကျောင်း) သီတင်းလည်းသုံး၊ တရားဟောတရားပြဖြင့် ဓမ္မဒါနခန်းလည်းချ ဆောင်ရွက်နေစဉ် မေရီ ဆိုသော သမီးငယ်တစ်ဦးနှင့်ဆုံခဲ့ကြရ၏။

ယင်းကား အမေကား ကရင်ဗုဒ္ဓဘာသာ၊ အဖေကား အင်္ဂလိပ်လူမျိုးမှ ဖွားမြင်လာသူ သမီးငယ်လေးတည်း။

ထိုသမီးငယ်လေးကျ မွေးကတည်းက ဗုဒ္ဓဘာသာ၌သာ စိတ်ဝင်စားခဲ့သည် ဆို၏။ ဖခင်က ခရစ်ယာန်ဘာသာဝင်ဖြစ်စေလို၏။ မိခင်ကလည်း သဘောတူ၏။ သူဆိုင်ရာဝတ်ကျောင်းမှ ဖာသာကြီးနှင့် သာသနာပြု အမေရိကန်သီလရှင်များကလည်း လာရောက်စည်းရုံးကြသည် ဆို၏။

သို့သော် ဘယ်လိုစည်းရုံးစည်းရုံး စိတ်ကူးကြည့်၍ မရခဲ့ဆို၏။ ဘယ်လိုလက်ဆောင်များပေးပေး အားမကျ၊ ဘုရားရှိခိုးကျောင်းသို့ အတင်းအကျပ်ခေါ်သော်လည်း ခေါင်းခါ၊ နောက်ဆုံး ထိုဖာသာကြီးနှင့် အမေရိကန်သီလရှင်များ လက်လျှော့သွားကြရသည်ဆို၏။

သို့သော် ယင်းသမီးငယ်လေးကံမကောင်းသည်မှာ ဗုဒ္ဓဘာသာ မိခင်ကကွယ်လွန်သွားပြီး ခရစ်ယာန်ဘာသာဝင် ဖခင်ကြီးနှင့်သာ ယခုတိုင် အတူနေဖြစ်နေတော့ရာ. . . ။

ခရစ်ယာန်ဘာသာတရားနှင့် နီးကပ်လွန်းလှ၏၊ မစပ်။ ဗုဒ္ဓဘာသာတရားနှင့်လည်း ဝေးကွာလွန်းနေသဖြင့် မဟပ်မိ။ လမ်းခုလတ်စပ်ကြား၌ သောင်တင်၊ လူသက်လည်းမဝင်၊ လမ်းလည်းမမြင်နေရာတည်း။

ယင်းကို ကောက်ချက်ဆွဲကြည့်ကြရအောင်။

ထိုမိခင်သည် စကတည်းကပင် အချစ်နှင့် ဘာသာရေးခွဲခြား၍ မွေးမြူခဲ့ဟန်တူ၏။ တစ်ဖက်ကလည်း ခရစ်ယာန်တို့၏ယဉ်ကျေးသောဓလေ့အတိုင်း အတင်းရောအဓမ္မပါ သွေးချူ မူခွဲ၊ နှလုံးသွေးထဲ ဘာသာသွေး ဆွဲသွင်းမပေးခဲ့ခြင်းလည်းပါနိုင်၏။ သို့ကြောင့်လျှင် သွေးများရာ ဘာသာစကားပြော၊ သွေးသဘော သားသမီးများက စိတ်ဖြင့်ပင် လှစ်လှော်၍ ထုတ်ဖော်ပြောနေခြင်းတည်း။

ဤ ဆိုခဲ့ပြီး သာဓကနှစ်ခုတို့ကို ထောက်ဆ၍ ယနေ့ ဘာသာရေးကို လမ်းပြအရာထား၍ အခုဘဝချမ်းသာရုံလေးမျှဖြင့်အားမရ၊ နောင်ဘဝလုံခြုံရေးများအတွက်ပါ အင်အားပြလျက်က လည်းကောင်း၊ လောကီစည်းစိမ်ဇိမ်ခံရေးမျှဖြင့် အားမရ၊ လောကုတ္တရာ၏ အမြဲတမ်း ဇိမ်ကျ၊ အမြဲတမ်းလည်း ချမ်းသာရာရစေသော မဂ်ဖိုလ်တို့၏အရသာ၊ အစွဲလွတ်မြောက်ခြင်း၏ အရသာ လက်ပါဖြစ်ရေးအထိ အင်အားပြလျက်က လည်းကောင်း၊ အကြည့်များ၊ အမြင်များ၊ အသိများမဖက်၊ အကြည့်မှန်၊ အမြင်မှန်၊ အသိမှန် သုံးချက်တို့ဖြင့် အကွက်ရိုက် တစ်ကြောင်းတည်းလမ်းတန်းဆိုက်စေမည့် အကျင့်ခန်း မိဘရောသားသမီးတို့ပါ တန်းဝင်သာကြစေရန် -

ပျော်သွေးပေါ် ပျော်ပျော်ခံစားသို့သော် ပေးသွေး၊ ယူသွေး ဆန့်ကျင်ဘက် အရွေ့မများကြလေလင့်။ ကာမကိုကာမဖြင့်သာ ခံစား၊ ဓမ္မချင်း အလျော်အစားအထိ နယ်ကျွံမသွားကြလေလင့်။

- မျိုးချစ်ထက်သွေး သားကလေးမွေးပေးကြစမ်းပါ။
- မျိုးနစ် ပျက်သွေး အဖက်ပေးမွေးရေးရှောင်ကြပါ။
- ဘာသာစီးသွေး သမီးအေး၊ ရွေးမွေးကြစမ်းပါ။
- ဘာသာထုတ်ပေါင် သွေးထုတ်ပေါင် သုံးဆောင်မစားရာ။
- မျိုးချင်းယှဉ်ထုတ် သားမွေးအလုပ် ထုတ်လုပ်ပေးကြပါ။
- ဘာသာတူချင်း သွေးစီးဆင်း ယုံချက်ပြင်းမည့်အရင်းရှာ။

လူတို့၏ စိတ်သည် နှလုံးသွေးအကြည်၊ အနောက်လိုက်၍ ကြံဆတွေးတောခွင့်ရနေ၏။ နှလုံးသွေးသည်လည်း ဘဝင်လေပင့်ရိုက်အား၏ အပျော့၊အပြင်းလိုက်၍ ကြည်ရ၊ နောက်ရ၏။ ဘဝင်လေသည်လည်း စိတ်ကစားခြင်း၊ ကံထမ်းလော်မာခြင်း၊ ဥတုဖောက်ပြန်ခြင်း၊ အာဟာရက ဓာတ်မှန်မဆက်ခြင်း လေးပါးအတိုင်း လှုပ်ရှားတိုက်ခိုက်ပေးနေရပြန်၏။

သို့ဆိုသော် အရင်းသည် မိမိ၏ စိတ် ဆိုသည်အကြောင်း ကောင်းကောင်းကြီး သဘောပေါက်ထိုက်ကြပြီ။ စိတ်ဆန်းလျှင် ကံဆန်း၊ ဥတု၊ အာဟာရများကပါ လိုက်လံဆန်းလာနေသောကြောင့်တည်း။

စစ်ထဲဝင်လျှင် ကိုယ့်တပ်အကြောင်း ကိုယ်ကောင်းကောင်းသိရမည်။ ရှေ့တန်း၊ ထောက်ပို့၊ စက်ပြင် မိမိဘယ်၌ ဝင်ထားသည်ဆိုသည်ကို။ လက်နက်ကိုင်လျှင်လည်း ကိုယ့်လက်နက်အကြောင်း ကောင်းကောင်းသိနေရမည်။ လက်နက်၏အထာ၊ လက်နက်၏အစွမ်း၊ လက်နက်၏ကိရိယာအလုပ်ခန်းစသည်များကို။

သည့်ပမာ ဗုဒ္ဓဘာသာအဖြစ်ယုံကြည်၍ဖြစ်စေ၊ မိရိုးဖလာအရဖြစ်စေမည်သူမဆို မိမိဘာသာ၏အတွင်းခန်းထဲရှိပစ္စည်းများ၊ မိမိဘာသာ၏ပို့ပေးနိုင်အား သတ္တိ၊ မိမိဘာသာ၏ရန်သူဖျက်အား အစွမ်း ထိုသုံးချက် ကိုယ်တိုင်ကျင့်၊ ကိုယ်တွေ့မြင်၊ ကိုယ်တွေ့ပေါ်တွင် ဉာဏ်ဖြန့်တင်လျက်က သွေးဖက်သားမြုပ် သားသမီးများ မွေးထုတ်နိုင်ကြပါမူ။

သင် နောက်တစ်ခေါက် ဤလူပြည်လာခိုကိုး ဤအမျိုးက အသင့်စောင့်ကြိုနေပါမည်။ သင် နောက်တစ်ခေါက် ဤလူပြည်လာရောက် ဤဘာသာက အသင့် စောင့်ရှောက်မည်။

**၂။ အလေ့ချ၍ အထ ပုံသွင်းပေးခြင်း**

သီဟိုဠ်ပြည် မျိုးပျက်၍ ဘာသာအသက် မဆက်ဖြစ်နေချိန် သီဟိုဠ်ပြည်၏နေရာအားလုံးလိုလိုကို ကျေးကုလား(တမီလ်) များက သိမ်းပိုက်အုပ်စိုးထား၏။ သီဟိုဠ်ပိုင်အဖြစ်ကား ကလျာဏီမြစ်အနီးတစ်ကွေ့နှင့် ရောဟနတိုင်းငယ်လေးမျှသာကျန်တော့ရာ ကိုယ်ပိုင်ကားဆီးရွက်ပမာဏ၊ နိုင်ငံခြားသားပိုင်ကား ဗန်းစကောကြီး ပမာဏပင်။

ထိုအချိန် ကလျာဏီမြစ်ကွေ့နယ်ကျဉ်းလေးထဲ၌ 'ယဋ္ဌာလတိဿက' မင်းပြု၏။ ရောဟနတိုင်း မဟာဂါမဗဟိုထား၍ကား ကာကဝဏ္ဏတိဿကမင်းပြုအုပ်ချုပ်ကာ ဗုဒ္ဓဘာသာသီဟိုဠ်လူမျိုး သန့်သန့်ချည်း စုစည်းထိန်းချုပ်ပေးထားကြ၏။

ယဋ္ဌာလတိဿကား 'ဒေဝါနံပိယတိဿမင်း'၏ဆွေစဉ်မျိုးဆက်မင်းသွေး။ 'ကာကဝဏ္ဏတိဿ'လည်း ထိုယဋ္ဌာလတိဿမင်း၏တူတော် မင်းသွေး။

တစ်နေ့ နန်းတွင်းရေး အခြေပြု၍ ကလျာဏီပြည်ကြီး ရေဘေးအသင့်ခံရအံ့ဆဲဆဲ ယဋ္ဌာလတိဿသည် ပုဏ္ဏားအမတ်များ၏ စကားအရ သမီးတော် (၁၂) နှစ်ပြည့် ဒေဝီလေးအား ရေစာချသည်ဆိုကာ လှိုင်းဆင့်တက်လာသောရေလုံးကြီးများထဲ အိုးကြီးတစ်လုံးတွင်ထည့်၍မျှောလိုက်ရာ ထိုသမီးတော်ဒေဝီကား ဆိုက်ဆိုက်မြိုက်မြိုက် ကာကဝဏ္ဏတိဿမင်းထံ၌ဆိုက်သွားတော့၏။

အိုးတွင်းပါလာသော ရွှေပေလွှာအရ ယဋ္ဌာလတိဿ၏ သမီးတော်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

မှတ်သွားတတ်၏။

လူတို့မည်သည်မှာလည်း မိမိအဆင်မပြေစဉ်၊ ချို့တဲ့စဉ်၊ ဒုက္ခရောက်နေချိန်တွင် အရာရာတိုင်းကို သတိပြု၍ နေလေ့ရှိ၏။ မိမိလုပ်ချင်သော၊ ရံဖန်ရံခါ စိတ်လွတ်ကိုယ်လွတ်လုပ်ချင်တာလုပ်လိုက်ချင်သောစိတ်ကူးမျိုးပေါ်လာလျှင်တောင်မှ 'အင်း - အဲဒီလိုလုပ်လို့ဖြစ်မှာမဟုတ်ဘူး၊ ငါ့မှာငွေလည်းမရှိဘူး။ လုပ်ငန်းကလည်း အဆင်မပြေဘူး' စသည်ဖြင့် မိမိစိတ်ကို သတိဖြင့် ထိန်းချုပ်တတ်ခြင်းမျိုးရှိသေး၏။ သို့သော် အဆင်ပြေသွားပြီ၊ ချမ်းသာသွားပြီဆိုလျှင်ကား သတိတရားထိန်းချုပ်မှုလည်း အားနည်းသွားတတ်၏။

"အို- ဖြစ်ချင်တာဖြစ် ငါဟာချမ်းသာတဲ့လူတစ်ယောက်ဖြစ်နေပြီပဲ။ ဘာဂရုစိုက်စရာရှိတာမှတ်လို့။ နောင်ခါလာနောင်ခါချေး ဖြစ်သလိုကြည့်ရှင်းတာပေါ့"

ဟု သဘောထားတတ်ကြ၏။

ဤကိစ္စနှင့်ပတ်သက်၍ မိမိသည် ယခင်ကတည်းက မည်သူတစ်ဦးတစ်ယောက်ထံမှ အကူအညီယူခြင်း၊ ကတိစာဝတ်ပြုခြင်းမျိုးမရှိခဲ့လျှင် ပြဿနာတစ်စုံတစ်ရာမရှိသော်လည်း ထိုအဖြစ်မျိုးရှိခဲ့သည်ဆိုလျှင်ကား ပြဿနာရှိလာပြီ ဖြစ်၏။ ပေ့ါပေ့ါနေပေ့ါပေ့ါစား၍မရတော့ပေ။ အထူးသဖြင့် မိမိကတိကဝတ်ပြုခဲ့သူသည် ဝိဇ္ဇာပုဂ္ဂိုလ်မျိုးဖြစ်လျှင်ကား ပို၍ပင် အရေးကြီးပါသေး၏။

ဤအဖြစ်အပျက်အခြင်းအရာမျိုးနှင့် ပတ်သက်ပြီး စစ်ကွင်းဆရာတော်ဦးစန္ဒောဘာသ၏ အတွေ့အကြုံတစ်ရပ်ကို ဖော်ပြလိုပါသည်။

မသန်းစိန်၏ ပြင်းထန်လှသော ရှုပ်ထွေးသည့် ပယောဂဝေဒနာကို စစ်ကွင်းဆရာတော်ကြီးက ကုသပေးပြီးနောက်ပိုင်းတွင် မသန်းစိန်နှင့် မသန်းစိန်၏ မိဘများသည် ဆရာတော်ကြီးကိုလည်းကောင်း၊ ဆရာတော်၏ ပညာကိုလည်းကောင်း အထူးပင်ယုံကြည်လေးစားကြသဖြင့် ရာသက်ပန် ဆရာဒကာအဖြစ် ကိုးကွယ်ကြ၏။ မသန်းစိန်တို့မိသားစုနှင့်လည်း စစ်ကွင်းဆရာတော်ကြီးသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကြောင်းအခြင်းရာဖြစ်ပျက်မှုတို့နှင့် ပတ်သက်ပြီး မည်မျှပင်ကြိုတင်သိရှိထားစေကာမူ မိမိ၏လူရင်းများနှင့်ပတ်သက်ပြီး အကူအညီတောင်းလာသည့်အခါမျိုး၌ ငြင်းဆန်ခဲလှ၏။ မဖြစ်မနေသိလျက်နှင့်ပင် ပြုလုပ်ပေးလိုက်ရသည့် အခြေအနေမျိုးလည်းရှိ၏။ နောင်သောအခါ အခြေအနေနှင့် အချိန်အခါက အဖြေပေးလာလိမ့်မည်ဟု သဘောထားရခြင်းမျိုးလည်းရှိတတ်၏။

တစ်နေ့တွင် သာယာဝတီမြို့၌ရှိသော မသန်းစိန်၏ မိဘများနေအိမ်သို့ လက်ပံတန်းမြို့နေသူတို့၏ မိတ်ဆွေဟောင်းတစ်ဦး ရောက်ရှိလာခဲ့၏။ ထိုဧည့်သည်သည် မိတ်ရင်းဆွေရင်းများဖြစ်သဖြင့်လည်း လှိုက်လှိုက်လှဲလှဲ ခရီးဦးကြိုပြုပြီး ဧည့်ခံကြလေ၏။ ထို့နောက် သူတို့ ပတ်သက်ခဲ့သမျှသော အကြောင်းအရာတို့ကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မေးမြန်းပြောဆိုကြ၏။ ပြီးသောအခါ စီးပွားရေး၊ ငွေရေးကြေးရေး၊ အလုပ်အကိုင်ဆိုင်ရာ အကြောင်းအရာတို့အကြောင်းသို့ ရောက်ရှိသွားကြ၏။

အဆိုပါ မိတ်ဆွေသည် တစ်ချိန်က ထိုလုပ်ငန်းကို အကြီးအကျယ်လုပ်ပြီး စီးပွားရေးအတော်ပင်ဖြစ်ထွန်းခဲ့ ၏။ သို့သော် ယခုလက်ရှိ အခြေအနေကား အတော်ပင် ဆိုးရွားနေပြီ ဖြစ်၏။ ဘာလုပ်လုပ် အဆင်မပြေပေ။ လုပ်တိုင်းအရှုံးချည်းသာ ကြုံတွေ့နေရတော့၏။ ထို့ကြောင့် ရှိသမျှ ပေါင်နှံရောင်းချပြီး လုပ်သော်လည်း အဆင်မပြေပေ။ လုပ်တိုင်းရှုံးနေတော့၏။ ထို့ကြောင့် သူသည် မတတ်နိုင်တော့သည့်အဆုံး လက်ပံတန်းမှ သူနေထိုင်ရာအိမ်ကိုပင် ရောင်းချရလိုက်ပြီ ဖြစ်၏။ ထို့ကြောင့်လည်း သူ





www.burmeseclassic.com

www.burmeseclassic.com

၏ လက်ရှိအခြေအနေသည် များမကြာမီပင် လမ်းဘေးသို့ရောက်ရှိရတော့မည့်ကိန်းဆိုက်နေပြီ ဖြစ်၏။

ထိုသူ၏အကြောင်းကို ကြားသိလိုက်ရသောအခါ မသန်းစိန်၏ မိဘများသည် ခင်မင်ရင်းစွဲလည်းရှိပြန်၊ ကြီးစွာသော စိတ်မကောင်းခြင်းလည်းဖြစ်ပြန်၊ သနားကရုဏာလည်းသက်မိပြန်သဖြင့် မနေသာတော့ဘဲ စစ်ကွင်းဆရာတော်ကြီး ပတ်သက်သမျှသော အစွမ်းသတ္တိထက်မြက်မှုများ၊ လောကီပညာရပ်များတွင် ကျွမ်းကျင်ပိုင်နိုင်မှုများကို ပြောပြလိုက်တော့၏။ အကယ်၍ မိတ်ဆွေဖြစ်သူသည် ဆရာတော်ကြီးထံ သွားဖူးတွေ့လိုပါကလည်း အချိန်မရွေး လိုက်ပါပို့ဆောင်ပေးမည် ဖြစ်ကြောင်းကိုလည်း ကတိပေးလိုက်ပြန်တော့၏။

ထိုအခါတွင်ကား ဧည့်သည်ဖြစ်သူ မိတ်ဆွေသည်လည်း စိတ်အားတက်ကြွလာပြီး သူ့အား စစ်ကွင်းဆရာတော်ထံ လိုက်ပို့ပေးပါရန် ဆိုလာတော့၏။ ထိုအခါ အိမ်ရှင်ဖြစ်သူ မသန်းစိန်၏ မိဘများသည်လည်း မိတ်ဆွေ၏ ဒုက္ခကို ကူညီရန် ဆုံးဖြတ်လိုက်ကာ စစ်ကွင်းသို့ သွားကြရန် နေ့တစ်နေ့ကို ရက်ချိန်းပြုလိုက်ကြတော့၏။

◆

ရက်ချိန်းနေ့သို့ ရောက်သောအခါ မသန်းစိန်၏ မိဘများနှင့် မိတ်ဆွေဖြစ်သူတို့သည် စစ်ကွင်းမြို့ ကျွန်းတောသုသာန်အနီးရှိ ကျွန်းတောကျောင်းတွင် သီတင်းသုံးတော်မူသည့် စစ်ကွင်းဆရာတော်ကြီးထံ သွားရောက်ဖူးမြော်ကြလေ၏။

ထို့နောက် မသန်းစိန်၏ မိဘများနှင့် သူတို့၏မိတ်ဆွေတို့သည်လည်း ဖြစ်ပျက်ပုံ အကြောင်းခြင်းရာစုံကို လျှောက်ထားကြတော့၏။

ဆရာတော်လည်း အကြောင်းစုံကို သိပြီးနောက် -

"ဒါဆို အခုဖြစ်နေတဲ့ ငွေကြေး၊ အလုပ်အကိုင် အခက်အခဲတွေအတွက် အင်းဘုရားတစ်ဆူစီရင်ပေးမယ်။ ကိုးကွယ်နိုင်ပါ့မလား"

"ဖြစ်ပါတယ် ဆရာတော်။ ဘုရားကိုးကွယ်တဲ့ကိစ္စက ဘာမှမဖြစ်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူး"

"ဒကာကြီး၊ ဘုရားကိုးကွယ်တဲ့ကိစ္စဆိုပြီးတော့ အလွယ်တကူမထင်နဲ့ဦး။ ဒီအင်းဘုရားတွေကို အိမ်ကိုပင့်သွားပြီး ဘုရားကျောင်းဆောင်မှာ ပူဇော်ထားရုံနဲ့ ပြီးသွားပြီမထင်နဲ့"

"ဟင် - ဒါဆို ဘယ်လိုမျိုးလုပ်ရမှာပါလဲဘုရား။ အမိန့်ရှိပါဦးဘုရား"

"မင်းအနေနဲ့ကော စောင့်ထိန်းရမယ့်ကိစ္စတွေကို စောင့်ထိန်းနိုင်ပါ့မလား။ တကယ်စောင့်ထိန်းနိုင်မှ ဒီဘုရားကို ကိုးကွယ်လို့ရမှာနော်။ မဟုတ်လို့ကတော့ ဘာမှထူးမှာမဟုတ်ဘူး"

ဟု စစ်ကွင်းဆရာတော်က အမိန့်ရှိလိုက်သောအခါ ထိုသူလည်း ခေတ္တခဏမျှ တွေဝေသွား၏။ ထို့နောက်တွင်မှ ဆရာတော်အား-

"အရှင်ဘုရား၊ တပည့်တော် စောင့်ထိန်းရမယ့်အရာတွေ ဆိုတာက ဘာပါလဲဘုရား။ ဖြစ်နိုင်ရင် အဲဒီအချက်အလက်တွေကို အမိန့်ရှိပါဦးဘုရား"

ဟု လျှောက်ထား တောင်းပန်လိုက်၏။

ထိုအခါ ဆရာတော်က -

"ဒကာကြီး ဒီအင်းဘုရားတွေကို ကိုးကွယ်မယ်၊ ပူဇော်မယ်ဆိုရင် ထွေထွေထူးထူးတော့မဟုတ်ဘူး။ သစ္စာသုံးပါးကို စောင့်ထိန်းရမယ်။ အဲဒီသစ္စာသုံးပါးကတော့ နံပါတ်တစ်အချက် နွားရဲ့အသက်ကို မသတ်ရဘူး၊ နွားရဲ့အသားကို မစားရဘူး။ နံပါတ်နှစ်အချက် ဘုရား၊ တရား၊ သံဃာနဲ့ မိဘ၊ ဆရာသမားတွေရဲ့ ဂုဏ်ကျေးဇူးတွေကို မေ့လျော့ပေါ့ဆစေနိုင်တဲ့ အရက်သေစာသောက်စားခြင်း၊ မူးယစ်ခြင်းအမှုကိုမပြုရဘူး။ နံပါတ်သုံးအချက်ကတော့ ဒကာကြီးက ယောကျ်ားတစ်ယောက်ဖြစ်နေတဲ့အတွက် ကာမပိုင်ရှိတဲ့ သူတစ်ပါးရဲ့ ဇနီးမယားအား မိမိ၏ ဇနီးမယားအဖြစ်သော်လည်းကောင်း၊ ကာမဆက်ဆံမှုသော်လည်းကောင်းမပြုရဘူး။ အဲဒီအချက်သုံးချက်ကို စောင့်ထိန်းရမယ်"

ဟု မိန့်လိုက်သောအခါ ထိုပုဂ္ဂိုလ် ခေတ္တမျှ စဉ်းစားတွေးတောလိုက်ပြီးနောက် -

"ဆရာတော်ဘုရား၊ အဲဒီစောင့်ထိန်းရမယ်ဆိုတာတွေက ဘယ်လောက်ကြာအောင်စောင့်ထိန်းရမှာပါလဲ"

ဟု မေးလိုက်၏။

ထိုအခါ ဆရာတော်ယည်း ထိုသူကို သေသေချာချာစိုက်ကြည့်လိုက်ပြီး-

"ဒီမယ် ဒကာကြီး၊ သစ္စာပြုပြီး စောင့်ထိန်းမယ်ဆိုမှတော့ ဘယ်၍ဘယ်မျှ ကာလအပိုင်းအခြားရှိရဦးမှာလဲ၊ ရာသက်ပန်ပေါ့ ဒကာကြီးရဲ့။ ယောဒီရုပ်၊ ယောဒီနာမ်၊ ယောဒီခန္ဓာကြီးတည်နေသမျှကာလပတ်လုံးပဲပေါ့"

ဟု မိန့်လိုက်သောအခါ ထိုသူသည် မျက်တောင်များပုတ်ခတ်ပုတ်ခတ်လုပ်ကာ ဆရာတော်အား ငေးကြောင်ကြည့်နေတော့၏။ အတန်ကြာသောအခါတွင်မှ တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးဟန်ဖြင့် ထိုသူက

"အ. . . ရှင်. . . ဘု. . . ရားမိန့်တဲ့ စောင့်ထိန်းရမယ့်အချက် (၃) ချက်ကို တပည့်တော် စောင့်ထိန်းပါ့မယ်လို့ ကတိပြုပါတယ်ဘုရား"

"အင်း - ဒါဆိုကောင်းပြီ။ ဒကာကြီးအိမ်မှာကိုးကွယ်ဖို့ အင်းဘုရားစီရင်ပေးမယ်။ ဒါပေမယ့် ဒီအင်းဘုရားစီရင်တာက ကျန်တဲ့လုပ်ငန်းတွေနဲ့ မတူဘူး။ ငွေကုန်ကြေးကျများတယ်။ အခုစီရင်မယ့်ဘုရားက ဓနသိဒ္ဓိဘုရားပဲ။ သူသတ်မှတ်ထားတဲ့ပွဲတွေ ပြင်ရမယ်။ ပွဲတိုင်းမှာလည်း သတ်မှတ်ထားတဲ့ဝတ္ထုငွေကို လှူရမယ်။ ဒီအုန်းငှက်ပျောပွဲဆိုတဲ့နေရာ မှာ တစ်ပွဲ၊ နှစ်ပွဲ၊ သုံးပွဲလောက်ကို ပြောတာမဟုတ်ဘူးနော်။ (၃၆) ပွဲ လောက် ပြင်ရမှာကိုပြောတာ"

ဟု ထပ်မံပြီး မိန့်လိုက်ပြန်သောအခါ ထိုသူလည်း စိတ်ညစ်သွားဟန်ဖြင့် သူ၏ ခေါင်းကို တဖြင်းဖြင်းနေအောင် ကုတ်ပါတော့၏။ သူသည် လတ်တလောအခြေအနေတွင် စီးပွားပျက်လာသူ ဖြစ်၏။ သူပိုင်ဆိုင်သောငွေကြေးဆို၍ များများစားစားရှိသည် မဟုတ်။ ယခု ကန်တော့ပွဲပြင်ရန် ငွေအတော်အသင့် အကုန်အကျခံရမည်ဟု ဆိုသောအခါ တစ်ဖန်ခေါင်းခြောက်သွားရပြန်ပါတော့၏။

စစ်ကွင်းဆရာတော်အဖို့လည်း ဤမျှကန်တော့ပွဲများ များပြားစွာနှင့် ကန်တော့ငွေများ လှူခိုင်းခြင်းသည်လည်း သူတောင်းချင်လို့၊ ငွေများများလိုချင်လို့ လုပ်ခိုင်းခြင်းမျိုး မဟုတ်ပေ။ ရှေးအစဉ်အဆက် လမ်းစဉ်ဂဏပိုင်းဆိုင်ရာမှ ချမှတ်ထားသည့် မူဝါဒစည်းမျဉ်း၊ စည်းကမ်း၊ သတ်မှတ်ချက်များအတိုင်းလုပ်ခိုင်းရခြင်းဖြစ်၏။ ထိုအတိုင်း ဘောင်မဝင်လျှင် မည်သူ့ကိုမျှလုပ်ပေး၍မရပေ။ မိမိနှင့်အလွန်ရင်းနှီးသူ ခင်မင်သူဖြစ်ပါစေ မူဝါဒများကို လျှော့ပေါ့ပြီး လုပ်ပေး၍မရပေ။ ယုတ်စွအဆုံး သားအဖပင်ဖြစ်လင့်ကစား လျှော့လျှော့ပေါ့ပေါ့လုပ်ပေး၍မရပေ။ သူ့မူအရှိအတိုင်းသာ လုပ်ပေးရမည် ဖြစ် ၏။ အကယ်၍



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ရေး ခင်မင်ရင်းနှီးမှုကို အကြောင်းပြုပြီး အချို့ကိစ္စများကို အားနာပါးနာ လျှော့ပြီးလုပ်ပေးလိုက်ပါကလည်း စီရင်ပေးလိုက်သောပညာလမ်းစဉ်၏ ထူးခြားသောအစွမ်းသတ္တိတို့သည် အလဟဿ ဖြစ်သွားနိုင်သောကြောင့်ပင်ဖြစ်ပါသည်။

ထိုအတိုင်းစီရင်ကာ ကန်တော့ပွဲ အပြည့်ပြင်သည်ဆိုစေဦး၊ စီရင်ပြီးလျှင် ထိုကန်တော့ပွဲမှ ဝတ္ထုငွေအားလုံးကို ဆရာတော်ကြီးတစ်ဦးတည်းက ရသည် မဟုတ်။ သတ်မှတ်ထားသည့် ကန်တော့ပွဲအချို့မှငွေကိုသာ သုံးပိုင်ခွင့်ရှိ၏။ ထိုသုံးခွင့်ရှိသော ကန်တော့ပွဲများမှ ငွေများတို့မူ ဗုဒ္ဓကိစ္စ စသည်တို့နှင့် စပ်လျဉ်းသည်တို့တွင်သာ သုံးစွဲရမည် ဖြစ်၏။ ထို့ကြောင့်လည်း ဆရာတော်ကြီးသည် အင်းဘုရားများ စီရင်သည့်ကိစ္စနှင့်ပတ်သက်ပြီးပြုခဲလှ၏။ မိမိနှင့်မကင်းရာ မကင်းကြောင်းရှိသူများ၊ မဖြစ်မနေကြည့်ရှု စောင့်ရှောက်ရမည့်သူများနှင့် တွေ့ကြုံဆုံစည်းသောအခါတွင်မှ ပြုပေးလေ့ရှိ၏။ သို့ပါသောကြောင့် ယခုအခါ ဆရာတော်ကြီး စီရင်ပေးခဲ့သော အင်းဘုရားများသည် အရေအတွက်များစွာ မကျန်ခဲ့ရခြင်း ဖြစ်၏။

ဆရာတော်ကြီး၏ တပည့်ရင်း၊ လူရင်း၊ ဒကာရင်းဖြစ်ခဲ့သည့်ပုဂ္ဂိုလ်များနှင့်အဆက်အနွယ်များတွင်သာ ဟိုအချို့ ဒီအချို့ဖြင့် နည်းပါးသောအရေအတွက်ကို ဖူးတွေ့ရတော့မည် ဖြစ်၏။ ထိုသို့ ဆရာတော်ကြီး၏လက်ရာ အင်းဘုရားများ နည်းပါးစွာ ကျန်ခဲ့ရသည့်နောက် တစ်ကြောင်းမှာလည်း ဆရာတော်ကြီး စီရင်ပေးလိုက်သော အချို့သောပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ အချို့သော ဆက်ဆံသူတို့သည် လည်းကောင်း ဆရာတော်ဘုရားကြီး စီရင်ပေးသော အင်းဘုရားတို့၏ ကြီးကျယ်သော တန်ဖိုးကို တန်ဖိုးမှန်းမသိကြပေ။ အချိန်ကာလကြာမြင့်သည်နှင့်အမျှ မေ့မေ့လျော့လျော့ထားတတ်ကြ၏။ ပေါ့ပေါ့ဆဆလုပ်တတ်ကြ၏။ ထို့ကြောင့်လည်း ပျောက်ရှပျက်စီးကုန်ခြင်းဖြစ်၏။ ဘယ်ရောက်၍ရောက်ကုန်မှန်းပင် မသိကြတော့ပေ။ လွန်စွာမှပင် နှမြောဖွယ်ကောင်းလှပါသည်။

အဆိုပါ အင်းဘုရားတို့မည်သည် ရှိရိုးသေသေပြုကြမည်ဆိုလျှင် နှစ်ပေါင်းတာရှည်စွာ ကိုးကွယ်နိုင်မည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထူးကဲလှစွာသော ကြေးပြားကြီးများပေါ်တွင် စီရင်ထားသောကြောင့် ဖြစ်၏။ ထိုကြေးပြားများပေါ်တွင် သံကညစ်ဖြင့် ဗုဒ္ဓရုပ်စသည့် ပုံတော်များ၊ အရေးအကြောင်း၊ အက္ခရာ၊ ဗျည်း၊ သရ၊ သင်္ချာများ ရေးဆွဲရသည့်အလုပ်မှာလည်း ပေါ့သေးသေး မဟုတ်ပေ။ အားခွန်ဗလအတော်အားကောင်းသည့် ပုဂ္ဂိုလ်မျိုးများမှသာ ပြုနိုင်မည့်ကိစ္စ ဖြစ်၏။ ထို့ကြောင့်လည်း ဤလုပ်ငန်းမျိုးကို ပြုနိုင်သည့်ပုဂ္ဂိုလ်မှာ လမ်းစဉ်ဆိုင်ရာပညာရပ်ရော အားခွန်ဗလပါ အားကောင်းရန် လိုအပ်ပါသည်။ သို့ပါသောကြောင့်လည်း အင်းဘုရားတစ်ဆူဟု အလွယ်ပြောသော်လည်း ပြီးမြောက်စေရန် စီရင်ရမည့်အရေးမှာကား များပြားစွာသော ပရိကံလိုအပ်ချက်များကြောင့် ခက်ခဲသည်ဟုပင် ဆိုရမည် ဖြစ်ပါသည်။

ထို့နောက် ထိုသူလည်း မသန်းစိန်၏ မိဘများနှင့် တိုင်ပင်ပြီးနောက် မနသိဒ္ဓိအင်းဘုရားကို စီရင်ရန် သဘောတူလေတော့၏။ ပြီးလျှင် ကျသင့်သောငွေပမာဏကို တွက်ချက်ကာ ထားခဲ့လိုက်၏။ ထိုအခါ ဆရာတော်လည်း စီရင်ပြီးလောက်သည့်အချိန်ကိုတွက်ကာ ရက်ချိန်းပေးလိုက်လေ၏။

◆

ရက်ချိန်းစေ့သည့်နေ့တွင် ထိုသူသည် စစ်ကွင်းဆရာတော်ထံသို့ သွားရောက်ခဲ့၏။ ဆရာတော်ကြီးလည်း အင်းကို စီရင်ပြီးစီးသဖြင့် ထိန်းသိမ်းရမည့်ကံများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ထပ်မံ သတိပေး မိန့်ကြားလိုက်၏။ ထို့နောက် ထိုသူသည်လည်း ကတိကဝတ် ထပ်မံပြုပြီး မနသိဒ္ဓိအင်းဘုရားကို ပင့်သွားလေ၏။

ထိုသူသည် အင်းဘုရားကို လက်ပံတန်းသို့ ပင့်လာပြီးနောက် သူနေထိုင်ရာသို့ ရောက်သောအခါ ဆရာတော်မှာသည့်အတိုင်း အင်းဘုရားကို မီးပူဇော်ပြီး လိုရာဆုကို တောင်းလေတော့၏။ ဤသို့ဖြင့် သူသည် နေ့စဉ် ဝတ်မပြတ်ပြုလေ၏။ ထို့နောက် သူသည် ယခင်လုပ်ကိုင်ခဲ့ဖူးသော ကျွမ်းကျင်ရာ ထီလုပ်ငန်းကိုပင် ပြန်လုပ်ကိုင်ခဲ့၏။ သူသည် ထိုလုပ်ငန်းနှင့်ပတ်သက်၍ အဆက်အသွယ်များ၊ မိတ်သင်္ဂဟများလည်း အတော်များများပင်ရှိသဖြင့် ထိုလုပ်ငန်းကို လုပ်ကိုင်ပြီး လများစွာမကြာမြင့်မီမှာပင် လုပ်ငန်းပြန်ကောင်းလာတော့၏။ ထိုမှအစပြုပြီး ထိုသူသည်လည်း တဖြည်းဖြည်းနှင့် ပြန်၍ချမ်းသာကြွယ်ဝလာခဲ့တော့၏။

ဤသို့ဖြင့် လမှနှစ်သို့ ကူးပြောင်းလာခဲ့၏။ ဤသို့ဖြင့် နှစ်အနည်းငယ်ကြာသောအခါ ထိုသူသည် အတော်ပင် ချမ်းသာကြွယ်ဝသည့်အဆင့်သို့ ရောက်ရှိလာတော့၏။ ထိုအခါတွင် အဆိုပါ ပုဂ္ဂိုလ်၏ စိတ်အခြေအနေသည် တစ်စတစ်စနှင့် ပြောင်းလာတော့၏။ စိတ်အလိုလိုက်လာခဲ့၏။ မိန်းမနောက်တစ်ယောက်ကို ထပ်ယူလိုက်တော့၏။ သူ့ကိုယ်သူလည်း အထင်ကြီးလာခဲ့၏။ စိတ်ကြီးဝင်လာခဲ့၏။ ဘဝမြင့်လာခဲ့၏။ တစ်စတစ်စနှင့် စောင့်ထိန်းရမည့်ကံများကို မေ့လျော့လာခဲ့၏။ နေ့စဉ်ပြုရမည့်ဝတ်များကိုပင် ပြုချည်တစ်ခါ ပျက်ချည်တစ်လှည့် ဖြစ်လာခဲ့တော့၏။

နောက်ဆုံးတွင် သူသည် သူ့စိတ်ကို ထိန်းချုပ်နိုင်ခြင်းငှာမစွမ်းတော့ဘဲ စိတ်အလိုသို့ အကြီးအကျယ်လိုက်ခဲ့တော့၏။ မိန်းမများကိုလည်း စိစစ်ပိုင်းခြားခြင်းမပြုဘဲ တစ်ယောက်ပြီးတစ်ယောက်ယူလေတော့၏။

သူသည် ငွေရှိတိုင်း၊ စိတ်ထင်တိုင်းကြကာ ကာမဂုဏ်အာရုံများနောက်သို့ လိုက်စားလွန်းသဖြင့် စီးပွားရေးလုပ်ငန်းအပေါ်၌ အာရုံဝင်စားမှုနည်းလာခဲ့၏။ ထိုအခါ လုပ်ငန်းတွင် အမှားအယွင်းများ ဖြစ်ပေါ်လာခဲ့တော့၏။ ထိုသို့ မှားယွင်းခြင်း၊ ချွတ်ချော်တိမ်းပါးမှုဖြစ်ဖန်များလာသောအခါ စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးသည် ဆုတ်ယုတ်ပျက်ပြားလာခဲ့တော့၏။

ဤသို့ဖြင့် သူသည် နောက်ဆုံး၌ မူလဒုံရင်းဘဝသို့ ပြန်ရောက်ကာ ဆင်းရဲမွဲတေသွားရပြန်တော့၏။ ဤတစ်ကြိမ်ပြန်၍ စီးပွားပျက်ရခြင်းသည် ယခင်တစ်ကြိမ်ထက် ပိုဆိုးရွား၏။ ယခုတစ်ကြိမ်ကား ပြန်လည် ကြီးပွားစဉ် အရာအားလုံးကို မေ့လျော့ပြီး လုပ်ချင်တာလုပ်ခဲ့၏။ မိန်းမယူချင်တိုင်းယူခဲ့၏။ ထိုလုပ်ကိုင်မှုများ၏ နောက်ကွယ်တွင် ထက်ကြပ်မကွာ ပါလာတတ်သည်ကား ပြဿနာများပင် ဖြစ်၏။ ထိုပြဿနာများကို ပြေလည်အောင် ဖြေရှင်းနေရသဖြင့် ရှိသမျှသော လက်ကျန်စည်းစိမ်ဥစ္စာတို့၏ လျင်မြန်စွာ ကုန်ခန်းခြင်းကို ဖြစ်စေပြန်တော့သည်။ ဤသို့ဖြင့် သူသည် အတော်ပင် ဆင်းရဲသွားပြန်တော့၏။ ထိုအချိန်အထိ စစ်ကွင်းဆရာတော်ကြီး စီရင်ပေးထားသော မနသိဒ္ဓိအင်း



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကို သတိမရပေ။ သောကဒုက္ခတို့၏ ဖိစီးမှုလွှမ်းကဲနေသောကြောင့် ဖြစ်မည်ထင်၏။ သူ့ခေါင်းထဲတွင် ဘာကိုမှလဲ စဉ်းစားမရ၊ သတိရခြင်းမျိုးလည်း မရှိပေ။ သောကဒုက္ခတို့သာ ပတ်လည်ဝိုင်းနေတော့၏။

အချိန်ကာလ အတန်ကြာသော တစ်နေ့တွင်မှ သူသည် စစ်ကွင်းဆရာတော်ကြီးကို သွားသတိရမိ၏။ ထိုအခါတွင်မှ တစ်ဆက်တစ်စပ်တည်း ဆရာတော်ချီးမြှင့်ပေးထားသော မနသိဒ္ဓိအင်းဘုရားပုံတော်သည် သူ့အာရုံထဲတွင် ပေါ်လာတော့၏။ ထိုအခါတွင်မှ မနသိဒ္ဓိအင်းဘုရားကို သတိရမိသဖြင့် သူသည်ထိုင်ရာမှ ချက်ချင်းထကာ အိမ်ဦးခန်း ဘုရားကျောင်းဆောင်ရှိရာသို့ အပြေးအလွှား သွားရောက်ပြီး အင်းဘုရားကို ရှာဖွေ၏။ သို့သော် မတွေ့တော့ပေ။ ဘယ်လိုပင်ရှာဖွေသော်လည်း မတွေ့တော့ပေ။ သူသည် ဤကိစ္စနှင့်ပတ်သက်၍ မည်သို့မျှ စဉ်းစားမရပေ။ အင်းဘုရား ဘယ်ရောက်သွားနိုင်မည်နည်းကို အမျိုးမျိုးစဉ်းစားကြည့်၏။ စဉ်းစား၍မရပေ။ ထို့ကြောင့်လည်း မကျေနပ်သေးသဖြင့် အိမ်၏အခြားနေရာများတွင် လိုက်လံရှာကြည့်ပြန်၏။ သို့သော် အချည်းနှီးသာဖြစ်ခဲ့၏။ မည်သို့မျှ မတွေ့တော့ပေ။ ပျောက်ခြင်းမလှ ပျောက်သွားပေပြီ။

ထိုအခါတွင်မှ သူသည် အင်းဘုရားနှင့်ပတ်သက်ပြီး ပြန်၍စဉ်းစားမိ၏။ သူသည် အင်းဘုရားကို ဆီမီးထွန်းမပူဇော်ဖြစ်ခဲ့သည်မှာ နှစ်ကာလပင် အတန်ကြာခဲ့ပြီ ဖြစ်၏။ မီးမပူဇော်ဖြစ်ခဲ့သဖြင့် သူသည် အင်းဘုရားကို ရှိမှန်းမသိမှန်းပင် ဂရုမပြုဖြစ်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် အင်းဘုရားကို တစ်စုံတစ်ဦးက ပင့်သွားလေသလား ဒါမှမဟုတ် အခြားသော အကြောင်းတစ်စုံတစ်ရာကြောင့် ပျောက်သွားခဲ့ခြင်းလား ဝေခွဲ၍မရတော့ပေ။ စဉ်းစားလေဝေးလေပင် ဖြစ်တော့၏။ဤတွင်မှ သူသည် စစ်ကွင်းဆရာတော်ကြီး၏ မနသိဒ္ဓိအင်းဘုရား၏တန်ဖိုးကို သိမြင်လာတော့၏။

သူပြန်လည်၍ဆင်ခြင်သုံးသပ်မိသည်မှာ အဆိုပါ မနသိဒ္ဓိအင်းဘုရားကို စ၍ကိုးကွယ်သည့်နေ့ကစတည်းက သိသိသာသာထူးခြား၏။ အကျိုးပေးအင်းဘုရားပူဇော်ပြီး တစ်ပတ်ခန့်အတွင်းပင် သူ့လုပ်ငန်းပြန်စနိုင်ရန် ငွေထုတ်ပေးမည့်သူတစ်ဦး အိမ်တိုင်ရာရောက်ရောက်ရှိလာခဲ့၏။ ထိုသူက ထိုလုပ်ငန်းများကောင်းနေသဖြင့် ပြန်လုပ်ရန်တိုက်လည်းတိုက်တွန်းပြီး လိုအပ်သမျှသောရင်းနှီးမတည်ငွေကို တွက်ချက်စေကာ ထုတ်ပေးသွားခဲ့၏။ ထိုသူသည် သူနှင့်အလွန် ခင်မင်ရင်းနှီးသူတစ်ဦး မဟုတ်ပေ။ ရံဖန်ရံခါသာ တွေ့ဆုံရင်းနှီးဖူးသူဖြစ်၏။

ထို့အပြင် မနသိဒ္ဓိအင်းဘုရားပူဇော်ပြီးနောက်ပိုင်းတွင် ပြန်၍သတိပြုမိသည့်အချက်မှာ သူလုပ်သမျှ အဆင်ပြေ၏။ ပြောသမျှ အဆင်ပြေ၏။ သူပြောဆိုသမျှကိုလည်း လူအားလုံးက လက်ခံကြ၏။ သူ့အကူအညီတောင်းလျှင်လည်းပေးကြမြဲဖြစ်၏။

သူလုပ်သမျှလည်း အကောင်အထည်ဖော်လာခဲ့၏။ သူ၏ စီးပွားရေးနှင့်လုပ်ငန်းတိုးတက်မှုအခြေအနေကလည်း မနသိဒ္ဓိအင်းဘုရားကိုးကွယ်ပူဇော်ပြီးသည့်နေ့မှစ၍ သိသိသာသာပင် တရိပ်ရိပ် တိုးတက်လာခဲ့၏။ ငွေကြေးဥစ္စာ မနှင့်တကွ လိုအပ်သမျှ အရာရာတို့သည် ပေါကြွယ်ပြည့်စုံလာခဲ့၏။ လိုလေသေးမရှိ လက်ဖျားငွေသီးလာခဲ့တော့၏။ ငွေရှာခြင်း၊ စီးပွားရှာခြင်းနှင့်ပတ်သက်၍ အခက်အခဲ အဟန့်အတားဟူသည် မရှိသလောက်ပင် ဖြစ်နေတော့၏။ ထို့ကြောင့်လည်း သူသည် သူတော်တလျှင်မရတာ၊ သူကြံစည်လျှင် မအောင်မြင်တာမရှိဟူ၍ ထင်မြင်လာခဲ့၏။ စိတ်ကြီးဝင်လာခဲ့ခြင်းဖြစ်ပေမည်။

ယခုအခါတွင်မှ ဤကိစ္စများကို သူသည် ပြန်လည် စဉ်းစားကြည့်မိ၏။ ဤကဲ့သို့ လုပ်သမျှအောင်၊ ကြံသမျှပြီးခြင်း၊ လိုသမျှရ၊ တ,သမျှပြည့်နေခြင်းတို့သည် သူ၏အစွမ်းမဟုတ်။ မနသိဒ္ဓိအင်းဘုရား၏အစွမ်းဖြစ်ကြောင်း သဘောပေါက်ရတော့၏။ ထိုကိစ္စနှင့်ပတ်သက်ပြီး မနသိဒ္ဓိအင်းဘုရား ပင့်ဆောင်မည့်နေ့က စစ်ကွင်းဆရာတော်ကြီးအမိန့်ရှိခဲ့သောစကားကို ပြန်ကြားယောင်မိ၏။

'ဒီမယ် ဒကာ၊ မင်းအခုလိုအင်းဘုရားတစ်ဆူပူဇော်တာနဲ့ ပတ်သက်ပြီး ငွေတုန်ကြေးကျများလွန်းလို့ စိတ်ထဲနမြောနေလား၊ မနမြောပါနဲ့။ ဒီလိုအလုပ်မျိုးဆိုတာက သူ့ကိစ္စအလိုက်ထိုက်ထိုက်တန်တန်လုပ်မှရတယ်။ ငွေလိုချင်ငွေပင်စိုက်ရတယ်ကွယ့်မှတ်ထား'

ဟု ဆရာတော်ကြီး မိန့်ကြားခဲ့သည်ကို ပြန်လည် ကြားယောင်မိတော့၏။ ယခုတွင်မှ သူသည် သဘောပေါက်တော့၏။

သူသည် အစပိုင်းတွင် အင်းဘုရားကို ပုံမှန်မီးပူဇော်ခြင်း၊ ဝတ်ပြုခြင်းကို နေ့စဉ်နေ့တိုင်း မပျက်မကွက်ပြုခဲ့၏။ ထိုကာလများက အမှန်တကယ်ပင် ရွှေပင်ငွေပင်များပေါက်လာသည့်အလား အကျိုးပေးထက်သန်ခဲ့ပါသည်။ နောက်ပိုင်း အရာရာအဆင်ပြေသဖြင့် အင်းဘုရားကို မီးပင်မပူဇော်ဘဲ အမေ့မေ့အလျော့လျော့နှင့် နေခဲ့သောကြောင့် တဖြည်းဖြည်းနှင့် အစစအရာရာပျက်ပြား ဆုတ်ယုတ် ကုန်ခန်းလာခဲ့ခြင်းကိုလည်း ပြန်လည် ဆက်စပ် စဉ်းစားမိလာခဲ့၏။

လူ့ဘဝတစ်ခု၏ အခြေခံသည် စားဝတ်နေရေးဖြစ်၏။ စားဝတ်နေရေး အဆင်ပြေလျှင် အခြေခံလိုအပ်ချက်ပြည့်စုံနေသဖြင့် ကုသိုလ်ရေး၊ ဘာသာရေးတို့လုပ်နိုင်၏။ လုပ်ကိုင်ရန် အခွင့်အရေးရပြီ ဖြစ်၏။ ထို့ထက်ပို၍ အဆင့်မြင့်လာလျှင်ကား သီလ၊ သမာဓိ၊ ပညာလုပ်ငန်းများကို လုပ်ကိုင်လာနိုင်မည်ဖြစ်၏။ သီလလုပ်ငန်းဆိုသည်ကား ငါးပါးသီလ၊ ရှစ်ပါးသီလ စသည့် သီလတော်များ စောင့်ထိန်းနိုင်စေရမည် ဖြစ်၏။ သမာဓိလုပ်ငန်းဆိုသည်မှာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ပွားများခြင်း၊ ဂုဏ်တော် စသည်တို့ကို ရွတ်ဆိုပွားများခြင်း၊ မန္တန်၊ ဂါထာ၊ ပရိတ်တော်များ ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်း၊ တရားထိုင်ခြင်းပညာ လုပ်ငန်းဆိုသည်မှာ အသိဉာဏ်ပညာဆိုင်ရာတို့ ပွင့်လင်း တိုးတက်စေသော သမာဓိမှ တစ်ဆင့်မြင့်တက်စေသော အဆင့်မြင့်ကျင့်စဉ်များ လေ့ကျင့်အားထုတ်ခြင်း ဖြစ်၏။

စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသ၏ပညာလမ်းစဉ်မှာ နှစ်ကျိပ်ရှစ်ဆူမဟာပထမံပညာ ဖြစ်၏။ ထိုပညာ၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်မှာ နက်နဲသိမ်မွေ့သည့် ဝိဇ္ဇာမရလုပ်ငန်း ဖြစ်၏။ ဤနေရာ၌ ဝိဇ္ဇာမရလုပ်ငန်းဆို၍ သာသနာပလုပ်ငန်း မဟုတ်ပေ။ သာသနာတွင်းလုပ်ငန်းစစ်စစ်သာ ဖြစ်၏။ သာသနာတွင်းလုပ်ငန်းတွင်မှ တော်ရုံတန်ရုံ သာသနာတွင်းလုပ်ငန်းမျိုး မဟုတ်ပေ။ လေးလေးနက်နက် ပြင်းပြင်းထန်ထန် စွဲစွဲမြဲမြဲ နှစ်ရှည်လများ ကျင့်ကြံအားထုတ်ရသည့်လုပ်ငန်း ဖြစ်၏။ နှစ်ရှည်လများဆိုသည်မှာ (၄၅) နှစ်ကြာအောင်ကျင့်ရသည့်ကျင့်စဉ် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

၏။ ဆရာတော်၏ဆန္ဒမှာ ဤပညာရပ်ဖြင့် ဗုဒ္ဓဘာသာဝင်အပေါင်း တတ်စွမ်းနိုင်သမျှ ကူညီကယ်တင်စောင်မခြင်းဖြစ်၏။

ဤမနုသိဒ္ဓိအင်းဘုရားစသည်တို့ ပူဇော်ကိုးကွယ်နိုင်ကြစေရန် စီရင်ပေးရသည့် အကြောင်းအရင်းမှာလည်း ကူညီပေးခြင်း ဖြစ်၏။ အင်းဘုရား၏ အစွမ်းသတ္တိကြောင့် စီးပွားရေး၊ ငွေရေးကြေးရေး လုပ်ငန်းများ အဆင်ပြေလာမည် ဖြစ်၏။ အချို့လည်း ဤအင်းဘုရား ပူဇော်မိနှင့် ပူဇော်ပြီးအခြေအနေတို့ကို တတ္တားခြား၍နှိုင်းယှဉ်ကြည့်ပါက လွန်စွာပင် ကွဲပြားခြားနားကြောင်း ထင်ရှားစေနိုင်ပါသည်။ သို့သော်လည်း ပါရမီအကြောင်းတရားအလိုက်၊ ယုံကြည်မှုအလိုက်၊ ကျင့်ကြံအားထုတ်မှုအလိုက် ကြီးပွားတိုးတက်မှုခြင်းတွင် တစ်ဦးနှင့်တစ်ဦး အနည်းနှင့်အများတော့ ကွာခြားမှုရှိနိုင်ပါသည်။

ဤပညာလမ်းစဉ်ကား ဝိဇ္ဇာမရေလမ်းစဉ် ဖြစ်၏။ ဝိဇ္ဇာမရေလမ်းစဉ်ဟူသည် ဆုကြီးပန်လမ်းစဉ် ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် ဘုရားဆုပန်သော ပါရမီလမ်းစဉ်သာ များလေ၏။ သို့သော် အချို့သော ဝိဇ္ဇာမရေလမ်းစဉ်သို့လိုက်သည့် ပုဂ္ဂိုလ်များအနေဖြင့် အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူသည့်အချိန်တွင် ကျွတ်တမ်းဝင်ရန် ရည်မှန်းချက်ထားခြင်းမျိုးလည်း ရှိနိုင်ပါသည်။ များသောအားဖြင့် ဝိဇ္ဇာမရေလမ်းစဉ်သို့လိုက်သူအများစုသည် ဘုရားဆုပန်သည်သာ များ၏။

ဝိဇ္ဇာမရေလမ်းစဉ်သို့ လိုက်ဝါသည့်ပုဂ္ဂိုလ်အများစု၏ခံယူချက်မှာ ဗုဒ္ဓကျင့်ကြံအားထုတ်ခဲ့သည့် ပါရမီလမ်းစဉ်ကို ကြိုက်နှစ်သက်သဖြင့် လည်းကောင်း၊ ဤလမ်းစဉ်ဖြင့် အလုံးစုံကို အောင်မြင်စွာ မြောက်နိုင်မည်ဟု ယုံကြည်သဖြင့် လည်းကောင်း၊ မိမိနှင့်ပတ်သက်သော ပုဂ္ဂိုလ်အားလုံးကို မိမိနှင့်အတူ ကျွတ်တမ်းဝင်စေလိုသဖြင့် လည်းကောင်း၊ သတ္တဝါများအားလုံးအပေါ်၌ သနားကရုဏာသက်လွန်းသဖြင့် လည်းကောင်း၊ အများအကျိုးအတွက် ပရဟိတဆိုင်ရာ အကျိုးတို့ကို ဖြည့်ကျင့်လိုသဖြင့် လည်းကောင်း စသည့် အမျိုးမျိုးသော အကြောင်းတို့ကြောင့် ဤလမ်းစဉ်ကို ကျင့်ကြံအားထုတ်ကြခြင်း ဖြစ်၏။

ဤပညာလမ်းစဉ်ပါရမီလမ်းစဉ်ကို ဖြည့်ကျင့်ရာတွင်လည်း သတ္တဝါများ၏ လိုအပ်ချက်ကို လည်းကောင်း၊ အခက်အခဲကို လည်းကောင်း၊ ကူညီရန် လည်းကောင်း၊ လောကပါလတရားတို့ကို စောင့်ရှောက်ရန်အတွက် လည်းကောင်း၊ မိမိ၏ အမျိုး၊ ဘာသာ၊ သာသနာကို အမွှန်းရှည် တည်တံ့ခိုင်မြဲစေရန် လည်းကောင်း၊ လောက၌ ကုသိုလ်တရား ထွန်းကားပွားများစေရန်အတွက် လည်းကောင်း ရည်သန်၍ တန်ခိုးသိဒ္ဓိ၊ မဟိဒ္ဓိ၊ မယိဒ္ဓိများရရှိရန်၊ ဝိဇ္ဇာဓိုရ်ဖြစ်ရန်၊ ထိုအစွမ်းသတ္တိများကို လိုအပ်ပါက အထက်ပါလုပ်ငန်းများတွင် အသုံးပြုရန် ရည်ရွယ်၍ ကျင့်ကြံကြခြင်း ဖြစ်၏။

ပါရမီလမ်းစဉ်သည် မှားယွင်းမှု မရှိနိုင်သည့်လမ်းစဉ် ဖြစ်၏။ သေချာသောလမ်းစဉ် ဖြစ်၏။ ဤပါရမီလမ်းစဉ်သည် ရှည်လျားလွန်းလှသည်ဟု ဝေဖန်ရန်ရှိသော်လည်း မြန်မာဆိုရိုးစကားတွင် 'အလျင်လို လမ်းအိုလိုက်' ဟု ဆိုထားသကဲ့သို့ အချိန်ကြာမြင့်လျှင် ကြာမြင့်ပါ။ သေချာသည့် လမ်းစဉ်အတွက် ဦးစွာလှမ်းသော ခြေလှမ်းများအဖြစ် ရွေးချယ်လျှောက်လှမ်းကြခြင်း ဖြစ်ပါသည်။ သို့သော် သူတို့ကို လမ်းအိုလမ်းဟောင်းလိုက်သူများဖြစ်သဖြင့် ဗုဒ္ဓဝါဒနှင့်ပတ်သက်ပြီး ယောင်ဝါးဝါးသမားများ၊ အသိဉာဏ်နည်းပါးသူများအဖြစ် မထင်မှတ်သင့်ပေ။ သူတို့သည် ဗုဒ္ဓဝါဒနှင့်ပတ်သက်လျှင် အတွင်းကျကျသိသူများ၊ နက်နက်နဲနဲသိသူများဟု ဆိုရမည် ဖြစ်ပေသည်။

အချို့သူများအနေဖြင့် ဤပုဂ္ဂိုလ်များသည် သာသနာတော်နှင့် ကြုံကြိုက်နေပါလျက် ဤဘဝတစ်ဘဝတည်းနှင့် ပြတ်အောင် အားထုတ်လျှင် ဖြစ်နိုင်ပါလျက် မည်သည့်အတွက်ကြောင့် လမ်းသစ်၊ ဖြတ်လမ်းကိုမရွေးချယ်ဘဲ လမ်းအိုလမ်းဟောင်းကြီးကို ရွေးချယ်ခြင်းသည် မိုက်မဲရာမကျပေဘူးလားဟု စောကြော သုံးသပ် ဝေဖန်ကြသည်မှာလည်း ရှိကြ၏။

ဤကိစ္စသည်လည်း ပါရမီဆိုင်ရာ ကိစ္စပင်ဖြစ်၏။ ဝိဇ္ဇာမရေလမ်းစဉ်လိုက်သည့် ပုဂ္ဂိုလ်များအနေဖြင့် ပါရမီမရင့်ကျက်သေးလျှင် (ဝါ) ပါရမီမပြည့်သေးလျှင် မည်သို့မျှမဖြစ်နိုင်ဟု ခံယူသောကြောင့် ဖြစ်၏။ လောက၌ ပါရမီမပြည့်သူသည် လူများစု ဖြစ်၏။ ထိုလူများစုဟူသည်မှ တကယ့်လူများစု ဖြစ်၏။ မည်မျှအထိများသနည်းဟုမူ (၉၉. ၉၉) ရာခိုင်နှုန်းမျှများသည်ဟုဆိုရမလောက်ပင် ဖြစ်၏။ ထို့ကြောင့် လူများစုအတွက် တစ်ဘဝတည်းနှင့်ကိစ္စပြီးပြတ်ရေးသည် မည်သို့မျှ ဖြစ်နိုင်သောကိစ္စ မဟုတ်ပေ။ ထို့အတွက် နောက်နှစ်ဘဝလော၊ သုံးဘဝလော၊ဆယ်ဘဝလော၊ဘဝငါးဆယ်လော မည်သို့မျှ ကြိုတင်မျှော်လင့်၍ရစကောင်းသောကိစ္စ မဟုတ်ပေ။ အဓိကကျသည်မှာ ပါရမီသာ ဖြစ်၏။ ပုဂ္ဂိုလ်တိုင်း၊ အဆင့်တိုင်းအတွက် ပါရမီလို၏။ အချို့သော ပုဂ္ဂိုလ်အဆင့်အတွက် လေးသင်္ချေကမ္ဘာတစ်သိန်းလိုသကဲ့သို့၊ အချို့အတွက် နှစ်သင်္ချေ၊ အချို့အတွက် တစ်သင်္ချေ၊ အချို့အတွက် ကမ္ဘာတစ်သိန်း စသည်ဖြင့် အသီးသီးအတွက် လိုအပ်မြဲဖြစ်၏။ ပါရမီမရှိဘဲ မည်သည့်ပုဂ္ဂိုလ်မျှမဖြစ်နိုင်ပေ။ ဘုရားဆုပန်ရန်အတွက်ပါရမီလိုသလို၊ ရဟန္တာအတွက်လည်းလို၏။ ဝိဇ္ဇာအတွက်လည်းလို၏။

ဤနေရာ၌ စဉ်းစားရန်လိုသည်မှာ မိမိတွင် ပါရမီမည်မျှပါသနည်းကို သိရန် ဟူသည့်အချက်ပင် ဖြစ်၏။ မိမိ၌ ပါရမီမည်မျှရှိသနည်းဟူသည်ကို သိရန်ကား လွယ်ကူသောကိစ္စ မဟုတ်ပေ။ လက်တွေ့လုပ်ကြည့်မှသာသိနိုင်မည်ဖြစ်၏။ ဤနေရာ၌ သိနိုင်မည်ဆိုသည်မှာ အနုမာနအထောက်အထားပြုသိနိုင်မည့်နည်း ဖြစ်၏။ ထို့အတွက် ပါရမီဆိုင်ရာ အရေးပါသော ထောက်ဆနည်းကို ဖော်ပြလိုပါသည်။

**မိမိ၌ ပါရမီ မည်မျှ ရင့်, မရင့်သိနိုင်သော အနုမာနအထောက်အထားယူနည်း**

၁။ မိမိသည် မိမိပိုင်ဆိုင်မှုမှန်သမျှကို မည်မျှအထိစွန့်လွှတ်နိုင်ပါမည်နည်း။ လှူဒါန်းပေးကမ်းစွန့်ကြဲနိုင်ပါမည်နည်း (ဒါနပါရမီ)

၂။ မိမိသည် သီလဘယ်နှပါးကို ကာလမည်မျှအထိ မကျိုးမပေါက် မပြောက်မကြားအောင် စောင့်ရှောက်ထိန်းနိုင်ပါမည်နည်း။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်ဖြင့် လည်းကောင်း၊ နောက်ဆုံး (၂၂၇) သွယ်သော သီလသိက္ခာပုဒ်များကို မည်သည့်အဆင့်အထိ စောင့်ထိန်းနိုင်ပါမည်နည်း (သီလပါရမီ)

၃။ မိမိသည် ကာမဂုဏ်အာရုံများမှ မည်မျှအထိကင်းအောင်နေနိုင်ပါမည်နည်း။ ၎င်းကာမဂုဏ်အာရုံများမှ မည်မျှအထိ ထွက်မြောက်နိုင်ပါမည်နည်း။ လွတ်လွတ်စွန့်နိုင်ပါမည်နည်း (နေက္ခမ္မပါရမီ)



www.burmeseclassic.com

www.burmeseclassic.com

၄။ မိမိသည် မည်မျှအထိ ဉာဏ်ပညာတို့ တိုးပွားစေရန်၊ ရင့်ကျက်စေရန် ဖြည့်ကျင့်နိုင်ပါမည်နည်း (ပညာပါရမီ)

၅။ မိမိသည် သီလ၊ သမာဓိ၊ ပညာတို့နှင့်ပတ်သက်ပြီး မည်မျှအထိ ဇွဲ၊ လုံ့လ၊ ဝီရိယစွမ်းပကားကြီးမားစွာကျင့်နိုင်ပါမည်နည်း (ဝီရိယပါရမီ)

၆။ မိမိသည် အရာရာတိုင်းအပေါ်တွင် သည်းခံမှု၊ ခွင့်လွှတ်မှု၊ အနစ်နာခံနိုင်မှုတို့ကို မည်သည့်အတိုင်းအတာအထိပြုနိုင်ပါမည်နည်း (ခန္တီပါရမီ)

၇။ မိမိသည် ဟုတ်တိုင်းမှန်ရာကို ဟုတ်မှန်သည့်အတိုင်း မည်မျှအထိ ပြောဆိုဝံ့ပါသနည်း။ ထိုသို့ ပြောခဲ့သည်၊ ဆိုခဲ့သည်၊ ကတိပေးခဲ့သည့်အတိုင်း မည်သည့်အတိုင်းအတာအထိ လိုက်နာပြုကျင့်မှုသစ္စာကို စောင့်ထိန်းနိုင်ပါမည်နည်း (သစ္စာပါရမီ)

၈။ မိမိသည် မိမိကိုယ်တိုင် စိတ်ဆုံးဖြတ်ထားသည့်အတိုင်း ခိုင်မြဲစွာလိုက်နာကျင့်သုံးမှု၊ မပျက်မကွက်စေမှုတို့ကို မည်မျှအထိ လိုက်နာကျင့်သုံးနိုင်ပါမည်နည်း (အဓိဋ္ဌာနပါရမီ)

၉။ မိမိသည် သူတစ်ပါး၏ အကျိုးစီးပွား တိုးပွားရာတိုးပွားကြောင်းကို မည်မျှအထိ ပြုလုပ်ပေးနိုင်ပါမည်နည်း (မေတ္တာပါရမီ)

၁၀။ မိမိသည် အရာရာတိုင်းအပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းကင်းစွာဖြင့် ကောင်းဆိုးနှစ်တန်ကို မည်မျှအထိခံနိုင်ရည်ရှိပါမည်နည်း (ဥပေက္ခာပါရမီ)

ဤပါရမီ (၁၀) ပါးကို မူလပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီ ဟူ၍ (၁၀) ပါးစီထပ်ပွားကာ အပြား (၃၀) ရ၏။

ဤအချက် (၁၀) ချက်ဆိုင်ရာ ပါရမီရင့်ကျက်မှု အတိုင်းအတာကို အထောက်အထားပြု၍ မိမိ၏ ပါရမီအခြေအနေကို စိစစ်တွက်ချက်နိုင်ပါသည်။ မိမိ၏ ပါရမီမြင့်မားပါက ကြိုက်နှစ်သက်ရာလမ်းစဉ်သို့လိုက်နိုင်ပါသည်။ အကယ်၍ မိမိပါရမီသည် စိတ်ကျေနပ်ဖွယ်ရာမရှိသေးဟု ယူဆပါက ဤတစ်ဘဝ၊ နှစ်ဘဝတည်းနှင့် ဘဝအပြတ်ကိုစွပြီးသောလမ်းစဉ်သည် မည်သို့မျှမလွယ်ကူသေးကြောင်း သဘောပေါက်ရမည်ဖြစ်၏။

ထို့ကြောင့် ဝိဇ္ဇာဓရလမ်းစဉ်သည် လမ်းအို၊ လမ်းဟောင်း၊ ခရီးရှည်သော လမ်းစဉ် ဖြစ်၏။ လောက၏ သဘာဝမှာ ခရီးရှည်လေ ရိက္ခာထောက်သည် ပိုလိုအပ်လေ ဖြစ်၏။ အထူးသဖြင့် ရိက္ခာထောက်သည် ဤဘဝအတွက် မရှိမဖြစ် လိုအပ်၏။ ရိက္ခာထောက်ပြည့်စုံမှသာ သီလ၊ သမာဓိ၊ ပညာတို့ကို ကျင့်ကြံအားထုတ်နိုင်မည် ဖြစ်၏။ အကယ်၍ ရိက္ခာထောက် မပြည့်စုံသဖြင့် အသက်မွေးမှုအတွက်သာ တစ်ဘဝလုံးကုန်ခန်းရုန်းပြီးလုပ်နေရပါကလည်း မည်သို့မျှ အဆင်ပြေနိုင်တော့မည်မဟုတ်ပေ။ ဤဘဝအတွက် လူလာဖြစ်ရသည်ကပင်လျှင် မည်သည့်အကျိုးအတွက် လူလာဖြစ်ရပါသနည်း ဟူသော မေးခွန်းပင် ထုတ်ရတော့မည်ကဲ့သို့ဖြစ်ပေါ်လိမ့်မည်။

သို့ဖြစ်ပါသောကြောင့် စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသ၏ မနသိဒ္ဓိ စသည့်ပူဇော်ကိုးကွယ်သည့် အင်းဘုရားများ စီရင်ပေးသည့် ရည်ရွယ်ချက်မှာ ထိုက်တန်သည့် ပုဂ္ဂိုလ်များအတွက် ဤဘဝ၌ လိုအပ်မည့် ရိက္ခာထောက်ကို အချိန်များစွာပေးရန်မလိုဘဲ ပြီးပြည့်စုံစေရန်အတွက် ဖြစ်၏။ ရိက္ခာထောက်ပြည့်စုံသည်နှင့် သီလ၊ သမာဓိ၊ ပညာဆိုင်ရာတို့ကို အချိန်များများပေး၍ လုပ်ကိုင်နိုင်ပါစေကြောင်းဖြင့်လည်းကောင်း၊ ဘဝခရီးလမ်းကိုလည်း လွန်စွာ ခက်ခဲ၊ ပင်ပန်း၊ ကြမ်းတမ်းခြင်းမရှိဘဲ သက်သာလွယ်ကူစွာလျှောက်လှမ်းနိုင်စေအတွက် လည်းကောင်း၊ မိမိတို့၏ အမျိုး ဘာသာ သာသနာကို မနဥစ္စာပြည့်စုံသည်နှင့် အမျှ ထောက်ပံ့နိုင်စေရေးအတွက်ကို လည်းကောင်း ရည်ရွယ်၍လုပ်ကိုင်စီရင်ပေးခြင်း ဖြစ်ပါသည်။

ဤဇာတ်လမ်းတွင် ဖော်ပြထားသူသည် စစ်ကွင်းဆရာတော်ကြီး စီရင်ပေးသော မနသိဒ္ဓိအင်းဘုရားကို ပူဇော်ကိုးကွယ်ရာတွင် အထက်ဖော်ပြပါ ရည်ရွယ်ချက်မျိုးမထားဘဲ ကာမဂုဏ်စည်းစိမ်ခံရေးအတွက်သာ အသုံးပြုဖန်များသဖြင့် ဆန့်ကျင်ဘက် အကျိုးရလဒ်သို့သာ ဦးတည်သွားစေခြင်း ဖြစ်ပါသည်။ ထိုအချိန်တွင် အဆိုပါ ပုဂ္ဂိုလ်လည်း စစ်ကွင်းဆရာတော်ထံသို့ သွားရောက်ခဲ့တော့၏။ ဆရာတော်ထံ ရောက်သောအခါ ထိုသူက -

"အရှင်ဘုရား၊ တပည့်တော်ကို မှတ်မိပါလား ဘုရား။ တပည့်တော် မသန်းစိန်ရဲ့မိဘများနဲ့အတူလာပြီး မနသိဒ္ဓိအင်းဘုရားလုပ်သွားသူပါ ဘုရား"

"အေးအေး - မှတ်မိပါတယ်။ မတွေ့တာတောင် အတော်ကြာပြီ။ ဘာတွေ ဒီလောက်အလုပ်ရှုပ်နေတာလဲ"

"အရှင်ဘုရား၊ တပည့်တော် အလုပ်တွေအတော်ကိုရှုပ်သွားခဲ့ပါတယ် ဘုရား။ အခုလာရတဲ့အကြောင်းကတော့ အရှင်ဘုရား အရင်တစ်ခါလုပ်ပေးခဲ့တဲ့ မနသိဒ္ဓိအင်းဘုရားတစ်ဆူလောက် ထပ်လုပ်ပေးဖို့ပါပဲ ဘုရား"

ဟု လျှောက်လိုက်သောအခါ ဆရာတော်က -

"ဒကာကြီး၊ နောက်မနသိဒ္ဓိအင်းဘုရား ထပ်လုပ်ပေးဖို့ဆိုရင် အရင်က လုပ်ပေးထားတဲ့ မနသိဒ္ဓိအင်းကို ပြန်ယူလာရမယ်"

ဟု မိန့်လိုက်သောအခါ ထိုသူလည်း မျက်စိမျက်နှာပျက်ဖြစ်သွားပြီး -

"အရှင်ဘုရားအရင်လုပ်ပေးထားတဲ့ မနသိဒ္ဓိအင်းဘုရားကိစ္စကို အမှန်အတိုင်းဝန်ခံရရင် မရှိတော့ဘူး ဘုရား။ ပျောက်သွားခဲ့ပါတယ် ဘုရား"

ဟု လျှောက်တင်လိုက်သောအခါ ဆရာတော်ကြီးလည်း သူမနသိဒ္ဓိအင်းဘုရား စတင်ကိုးကွယ်သည်မှစပြီး စစ်ဆေးမေးမြန်းလေတော့၏။ ထိုအခါတွင် အဆိုပါပုဂ္ဂိုလ်လည်း ဆရာတော်ကို ကြောက်ပြီး ဆရာတော် မေးမြန်းစစ်ဆေးသမျှကို အမှန်အတိုင်း ဝန်ခံဖြေကြားကာ လျှောက်တင်ခဲ့၏။

ထိုအခါ ဆရာတော်က -

"မင်းဟာ တစ်ချိန်က ဘယ်လောက်ဒုက္ခရောက်ခဲ့သလဲ။ နောက်ပိုင်း အဆင်ပြေပြီး ချမ်းသာကြွယ်ဝလာတဲ့အခါ ကောင်းတဲ့ကိစ္စမလုပ်ဘဲ ပျော်ချင်တိုင်းပျော်ပါးခဲ့တယ်။ မိန်းမတွေတစ်ယောက်ပြီးတစ်ယောက်ယူခဲ့တယ်။ လွန်ကဲမှုတွေများခဲ့တယ်။ စောင့်ထိန်းရမယ့် စည်းတွေလည်း ပေါက်ခဲ့တယ်။ အဲဒါက အဆိုးဆုံးပဲ။ စည်းပေါက်သွားတဲ့ကိစ္စတွေကို ဘယ်လိုပြန်အဖတ်ဆယ်မလဲ။ ဘယ်လိုမှလုပ်လို့မရတော့ဘူး။ အဲဒါကြောင့် မနသိဒ္ဓိအင်းဘုရားထပ်လုပ်ပေးဖို့ရာ ဘယ်လိုမှလုပ်ပေးလို့မရတော့ဘူး"

ဟု မိန့်ကြားပြီး ထိုသူအား ပြန်ခိုင်းလိုက်တော့၏။

ထိုသူလည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် သူနေထိုင်ရာ လက်ပံတန်းမြို့သို့ ပြန်လာခဲ့ရ၏။ နောက်ဆုံးတွင် သူ၏ကျန်ဘဝတစ်လျှောက်လုံး ဆင်းရဲမွဲတေသောဘဝမျိုးနှင့်သာ ရင်ဆိုင်သွားခဲ့ရပါတော့သတည်း။

ပထမံဆရာဦးအေးမြွေ



www.burmeseclassic.com

www.burmeseclassic.com

## မဟာနွယ် (မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

*◆ ကတိသစ္စာတည်သောခါ ဩဇာ ဆေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်၏။*

မှန်ကန်သောသစ္စာစကား ဖြစ်ပါ၏။

ယခုတိုးတက်သော အင်တာနက် ခေတ်မှာ ရောဂါတို့သည် ပိုမိုများပြားလာကြ၏။ အထူးသဖြင့် ရောဂါမှာ သွေးချို၊ ဆီးချိုရောဂါဖြစ်လာကြ၏။

သွေးချို၊ ဆီးချိုရောဂါဖြစ်ပေါ်လာပါလျှင် နောက်ဆက်တွဲ လေဖြတ်ရောဂါဖြစ်ပေါ်လာရပါ၏။ လေဖြတ်ရောဂါကြောင့် လူနာမှာ ချက်ချင်းပင် ဒုက္ခရောက်သွားရလေ၏။

သွေးချို၊ ဆီးချိုရောဂါသည် အဘယ့်ကြောင့်ဖြစ်ပေါ်လာရပါသလဲ။ ငွေးစားစရာတစ်ရပ်ဖြစ်ပေါ်လာရပါ၏။ ဤရောဂါသည် ယခင်ခေတ်က လူသားများကို ဒုက္ခမပေးခဲ့ကြပါလား။ ဝေဖန်စရာဖြစ်လာရပါ၏။

ဤရောဂါသည် ယခင်ခေတ်ကလည်း လူသားများကို ဒုက္ခပေးခဲ့ပါ၏။ ယခုခေတ်လောက်မများ။ လူဦးရေ ထောင်မှာ တစ်ယောက်၊ သောင်းမှာ တစ်ယောက်ခန့်မျှသာ ရှိခဲ့ကြပေလိမ့်မည်။ ရှားပါး၏။ ယင်းကြောင့်လည်း တိုင်းရင်းမြန်မာသမားတော်များသည် သွေးချို၊ ဆီးချိုနှင့်ပတ်သက်သော ဆေးတို့ကို တွင်ကျယ်စွာဖော်စပ်ထားခြင်း မရှိခဲ့ပါ။

ရောဂါရှိလျှင် ဆေးရှိရာ၏။ ရောဂါအတွက် ဆေးတို့ကား အဆင်သင့်ပင်ရှိပါ၏။ တစ်ခါတစ်ရံမှာ ရောဂါကို သိသော်လည်း ဆေးချက်တို့ကိုချမှတ်သောအခါ တိကျစွာ ထိရောက်မှုအားနည်းချက်ရှိပါ၏။ အားနည်းချက်ရှိသော ဆေးတို့ကို သုံးစွဲရသော လူနာသည် ရောဂါချက်ချင်းမပျောက်ကင်းတော့ဘဲ သတ်သာရုံအဆင့်မျှသာရှိနေကြပါ၏။

ဆီးချိုရောဂါမှာ ဆီး၌ပုရွက်ဆိတ်တက်လာပြီဆိုလျှင် ရောဂါမှာ မြင့်မားလေ၏။ တစ်နည်းအားဖြင့်ဆိုရပါလျှင် ဆီးချိုရောဂါရှိသူသည် အမှတ်မထင် (အနာစိမ်း) အနာတစ်ခုရရှိခဲ့၏။ ထိုအနာသည် ချက်ချင်း မပျောက်ကင်း။ မကျက်တော့ပါချေ။ တချို့မှာ ထိုအနာမပျောက်ကင်းခြင်းကြောင့် ခြေ၊ လက်စသည်တို့ကို ဖြတ်ပစ်ရလေ၏။

ယင်းကြောင့်လည်း ဆီးချိုရောဂါကို လူတိုင်းက ကြောက်လန့်ကြ၏။ ထိတ်လန့်ကြ၏။ ရွံ့ကြောက်ကြ၏။ ရွံ့ရှာကြ၏။

ရောဂါဖြစ်ရခြင်းအကြောင်းရင်းကို ဆန်းစစ်ကြည့်သောအခါ ခေတ်ပေါ် အချိုရည်အမျိုးမျိုးကို စားသောက်မိခြင်း၊ အချိုအဆိမ့်အစားအစာတို့ကို အလွန်အကျွံစားသောက်မိခြင်း၊ ဘီယာစသော ယမကာအရည်တို့ကို သောက်စားမိခြင်း နေ့ခင်းနေ့လယ်အအိပ်များခြင်း၊ ရေချိုးသောအခါ ရေကို စိမ်ချိုးခြင်း စသည့် လက္ခဏာတို့ကို တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ လက္ခဏာနှင့် တိုက်ဆိုင်လာပါလျှင် ဆီးချိုရောဂါဖြစ်ရန် (၇၅) ရာခိုင်နှုန်း သေချာနေပါ၏။ ယင်းကြောင့် ကာလပေါ် အချိုရည်အမျိုးမျိုးကို သောက်ခြင်းမှ ရှောင်ကြဉ်ရပါမည်။ အချို၊ အဆိမ့်အရသာတို့ကို အလွန်အကျွံသောက်စားခြင်းတို့လည်း ရှောင်ကြဉ်ရပါမည်။ နေ့ခင်းနေ့လယ် အိပ်ခြင်း၊ ရေကိုစိမ်ချိုးခြင်းတို့ကို ရှောင်ကြဉ်သင့်ပါ၏။ အထူးသဖြင့် မှာကြားချင်တာက ဟင်းချက်သောအခါ အချိုမှုန့်ကို ထည့်ချက်ခြင်းကို အထူးရှောင်ကြဉ်သင့်ပါ၏။ အချိုမှုန့်ကို မစားသင့်ပါ။ ရှောင်ပါ။

အချိုမှုန့်ကို ဟင်းများမှာ ထည့်၍ချက်စားခြင်းကြောင့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါနှင့် ကျောက်ကပ်ရောဂါ ထိ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာနိုင်ပါ၏။ အထူး သတိပြုစရာကောင်းလှပါ၏။ ကြောက်စရာပင်။

အမှားကြာလျှင် အမှန်ဖြစ်တတ်ပါ၏။ အမှားကိုသိလျှင် အမှန်ကို ပြင်ဆင်ကြပါလို့ တိုက်တွန်းချင်ပါ၏။

ဆီးချို၊ သွေးချိုနှင့် အရိုးပွရောဂါတို့ကို ပျောက်ကင်းစေသော လက်တွေ့ဆေးတစ်နည်းကို တင်ပြသွားပါမည်။ လက်တွေ့ဖော်စပ်ပြီး သုံးဆောင်နိုင်ပါ၏။

ဆေးပင်ကတော့ ရဲယိုပင်ဆိုလျှင် လူတိုင်းသိရှိကြပေလိမ့်မည်။ အထူးတင်ပြရန်လိုမည် မထင်ပါ။ ရဲယိုပင်သည် စွယ်စုံရဆေးပင် ဖြစ်ပါ၏။

**ဆေးနည်းပြုလုပ်နည်း**

ရဲယိုပင်၏ပင်စည်အသား၊ အပွင့်၊ အသီး၊ အရွက်၊ အခေါက်၊ အမြစ် ပဥ္စငါးပါးကို (၁၀) ကျပ်သား ညီမျှအောင် ချိန်တွယ်ပြီး ရေသုံးပိဿာ သို့မဟုတ် နည်းလျှင် ရေသုံးပုလင်းမှာ တစ်ပုလင်းကျန်အောင်ကျိုပါ။ သုံးပိဿာမှာ တစ်ပိဿာတင်အောင်ကျိုပါ။ ဆိုလိုတာက သုံးခွက်တစ်ခွက်တင်အောင်ကျိုပါ။

**ဆေးရည်ကို**

သန့်ရှင်းစင်ကြယ်အောင် စစ်ယူပါ။ လေလုံသောပုလင်း၌ ထည့်၍သိမ်းဆည်းထားပါ။

**သုံးဆောင်ပါရန်**

ဆေးရည်ကို တစ်ခါသောက်ပါက သံမဏိဟင်းစားဇွန်းနှင့် သုံးဇွန်းသောက်ပါ။ တစ်နေ့ (၃) ကြိမ် နံနက်၊ နေ့လယ်၊ ညအိပ်ရာဝင်ချိန်မှာ သုံးဆောင်ပါ။

**ဆေးအကျိုးကျေးဇူး**

ဆီးချိုရောဂါ၊ သွေးချိုရောဂါနှင့် အရိုးပွရောဂါတို့ကို ပျောက်ကင်းစေပါသည်။ မယုံကြည်ပါက လက်တွေ့စမ်းသပ်နိုင်ပါ၏။ ဆေးကသက်သေခံပါလိမ့်မည်။

*အားလုံး ကျန်းမာချမ်းသာကြပါစေ။ တိုင်းရင်းဆေးပဟုသုတပြည့်ဝကြပါစေ။*

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# စိုးထွန်း(ဥပဒေ)

## ကုမရသည့်ရောဂါများ

ဆေးကုသရာတွင် ဆရာဝန်လက်လျှော့ရသည့် ရောဂါ (၂) မျိုးရှိပါသည်။ ပထမတစ်မျိုးက ဝဋ်နာကံနာ၊ ဒုတိယတစ်မျိုးက လူဝင်စားပြဿနာ။ ယခုတင်ပြလိုသည့် အမျိုးအစားမှာ လူဝင်စားနှင့်ဆိုင်သောကိစ္စသာ ဖြစ်ပါ၏။ ဆရာဝန်တစ်ယောက်အနေနှင့် လူဝင်စားရောဂါသည်အား ဆေးကုသနေချိန် ပစ္စည်းပေါင်းတစ်မျိုးမျိုးပေးမှ ကိစ္စပြီးသည့် ပြဿနာအား မသိပါကား ရှာလည်နေတော့သည်။

ဘယ်လိုဆေးနှင့်မှကု၍မရ။ ဓာတ်မှန်ရိုက်ကြည့်လည်း မထူးခြား။ သောက်ဆေး၊ လိမ်းဆေးတွေ ဘာတွေပြောင်းပြောင်း ရောဂါကတော့ လုံးဝမပျောက်။ တစ်နည်းအားဖြင့် ဆရာဝန်နာမည်ပျက်နိုင်သည့်ရောဂါမျိုးပင် ဖြစ်ပေသည်။ ယခုတင်ပြမည့် ကလေးမသည်လည်း ကုမရသည့်အစားထဲတွင်ပါနေ၏။

မိုးအကုန်ဆောင်းအဦး ထူးထူးခြားခြား မိုးနှင်းလေးများကျနေချိန် သူ့ကိုဖွားမြင်သောကြောင့် အတိတ်ဆောင်၍ ဟေမန်မိုးဟု နာမည်ပေးလိုက်သည်။ မွေးစက ခြေလက်အင်္ဂါစုံလင်တယ်ဟု လက်သည်အမေကြီးအပြောနှင့် မိဘတွေက ဝမ်းသာနေကြသည်။ ကလေးသဘာဝ နို့ဆာ၍ငိုသည်မှအပ ထူးထူးခြားခြားဘာမှမဖြစ်။ သည်လိုနှင့် သူ့လိုကိုယ်လို လူသားတစ်ယောက် လောကသစ်ထဲရောက်လာသည့် ရိုးစင်းသည့်ဖြစ်ရပ်။

ကလေးတို့မည်သည် စကားပြောတတ်သည့်အရွယ်တွင် လူဝင်စားဖြစ်ပါက ဘဝဟောင်းက အကြောင်းတွေကို စိတ်ကူးရသလို ပြောတတ်ကြပေသည်။ ယခု ဟေမန်မိုးကတော့ ပါပါ၊ မာမာနှင့် အခြားစကားတွေသာတတ်လာသည်။ လူဝင်စားဖြစ်ကြောင်း အရိပ်အမြွက်တောင်စကားမဟ။ ဒီတော့ လူကြီးတွေလည်း ဘယ်လာသိပါ့မလဲ။ ရိုးရိုးဖွားလာတဲ့ကလေးလို့ပဲ ယူဆထားကြတာပေါ့။

ဒါပေမယ့် သုံးနှစ်သမီးကျော်ချိန်တွင် ထူးခြားမှုကစလာသည်။ ဘယ်ဘက်မျက်ခုံအပေါ်ဘက်တွင် အနီဖုလေးတစ်ခု ထွက်လာ၏။ ယားခြင်း၊ နာခြင်းမရှိ သို့သော် အနီဖုကတဖြည်းဖြည်းကြီးလာသည်။ (၁၅) ရက်ခန့် ကြာသောအခါ သူ့အလိုလိုပေါက်၍ သွေးတွေထွက်လာပြန်သည်။ တော်တော်နှင့်သွေးမတိတ်။ သည်လိုနှင့် မေ့မေ့ပျောက်ပျောက်ရှိချိန်တွင် နောက်တစ်လုံးက ထပ်၍ပေါ်လာပြန်သည်။ အနာဆက်လို့လည်း ခေါ်လို့မရ။ သွေးစုနာလည်း မဟုတ်၊ မှဲ့လို့လည်းပြောလို့မရသည့် အဖုလေးတစ်ခုသာ ဖြစ်ပါ၏။

ဒုတိယတစ်လုံးထွက်လာတော့လည်း လူကြီးတွေက သတိမထားဖြစ်။ (၁၅) ရက်လောက်အကြာတွင် ဒီအလုံးကလည်း သူ့အလိုလိုပေါက်ပြန်သည်။ အနာတစ်ခုလို ပြည်ထွက်ခြင်းလည်းမဟုတ်။ ထူးခြားမှုက သွေးထွက်များခြင်းပင်။ တော်တော်နှင့်မတိတ်တော့။ နောက်ဆုံး ပလတ်စတာကပ်ထားမှ သွေးထွက်မှုကရပ်သွားသည်။

သုံးလုံးမြောက်ပေါ်ထွက်လာချိန်တွင် မိဘတွေက သတိထားစမိလာသည်။ ဘာဖြစ်လို့ ဘယ်ဘက်မျက်ခုံးအပေါ်ဘက်မှာ အခုလိုအနီဖုလေးကပေါ်လာရတာလဲ။ သွေးမတိတ်တာ သွေးကြောပေါ်ရောက်နေလို့လား။ ဘာရောဂါလဲ။ သမီးကိုဒုက္ခပေးနိုင်တဲ့ရောဂါလား။ ကင်ဆာရောဂါစတာလား



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် 'လား'ပေါင်းများစွာကိုအဖြေ ရှာကြည့်နေသည်။ အဖြေက မတွေ့။

အနာပျောက် ဆရာမောင်ထံ သွား၍ မိဘတွေကပြကြည့်ကြသည်။ သောက်ဆေး၊ လိမ်းဆေးတွေနှင့် ညွှန်ကြားချက်အတိုင်း ကုကြည့်၏။ ဆရာမောင်ကိုယ်တိုင်က သူ့ကို ဒီလိုအသေးအမွှားရောဂါ လာပြရသလားဟု အထင်သေးသည့်အကြည့်ဖြင့်ပင် အကြည့်ခံခဲ့ရ၏။ တကယ်ကုကြည့်ရာ အနိဖုလေး



www.burmeseclassic.com

www.burmeseclassic.com

(၅) လုံးထွက်သည်အထိ ဆေးကမထိုး။ အနာတခြားဆေးတခြား ဖြစ်နေသည်။ ကုရ၍မရသည့်အဆုံး ဆရာမောင်က -

"ဒါမျိုးက သွေးသားကြောင့်ဖြစ်တာ၊ အပျိုဖြစ်တော့ သူ့အလိုလိုပျောက်လိမ့်မည်"

ဟု (၁၀) နှစ်ခွာ၍ စောင့်ခိုင်းလိုက်တော့သည်။

မြန်မာဆရာနှင့် အဆင်မပြေဖြစ်ခဲ့သဖြင့် ကလေးအထူးကုဆရာဝန်ကို ပြောင်း၍ပြကြည့်သည်။ စားဆေး၊ ထိုးဆေး၊ လိမ်းဆေးများနှင့် ကြပ်ကြပ်မတ်မတ်ကုသော်လည်း အနီဖုက (၁၀) လုံးမြောက်အထိ အောင်ပွဲခံလို့ကောင်းနေဆဲ။ အထူးကုဆရာဝန်လည်း မထူးမခြားနားသီချင်းကြီးလိုဖြစ်နေ၏။

နောက်ဆုံး ဆရာဝန်ကကုမရ၍-

"ခင်ဗျားတို့သမီးကို အခုလို အနီဖု မထွက်စေချင်ရင် အဲဒီမျက်ခုံးနားက အသားကိုလှီးထုတ်၊ ပြီးတော့ သူ့ရဲ့ပေါင်သားကို ပြန်ဖြည့်။ ဒီနည်းနဲ့ပြောင်းလိုက်မှ အဖုမထွက်တော့မှာဗျ"

ဟု ကြီးကြီးကျယ်ကျယ်ပြောလာရာ မကြီးကျယ်သည့် အဖုလေးဖြစ်နေ၍ ဒီလိုတော့ ခက်ခက်ခဲခဲမလုပ်ချင်။ ဆရာဝန်အား မမေးရဲသည့် ရင်ထဲကစကားကလည်း ရင်ခေါင်းထဲတွင် တစ်လစ်လစ်။

'အခုလို အသားလှီးပြီး အသားအစားထိုး ကုသလိုက်ရင် အနီဖုက တကယ်မထွက်တော့ဘူးလို့ ခင်ဗျားအာမခံနိုင်လား။ တကယ်လို့ထွက်လာရင် ခင်ဗျားဘယ်လောက်လျော်ကြေးပေးနိုင်သလဲ'

ဟူသော စကားတွေကိုပြောချင်လိုက်တာမှ ပါးစပ်ကိုယားနေသည်။ သဘောမတူနိုင်သည့်အဆုံး ဆရာဝန်ဆီကထွက်လာကြသည်။အခုတော့ ရောဂါက သေးသေးယောင်နှင့်ကြီးနေသည်။အဖုကတော့ သေးသေးကလေး။ သို့သော် ဘယ်သူ့ကို အားကိုးရမှန်းမသိ ဖြစ်နေ၏။

တစ်ယောက်သော မိတ်ဆွေ၏ အကြံပေးချက်အရ နတ်ကတော်ဆီရောက်သွားသည်။ မိဘရှင်တွေက သုံးနှစ်ကျော်အရွယ်တွင် အနီဖုထွက်လာတာကစ၍ မြန်မာဆရာနဲ့ကုစဉ် အနီဖု ငါးလုံး၊ အင်္ဂလိပ်ဆရာဝန်နှင့်က အနီဖု ငါးလုံးထွက်မြဲထွက်နေကြောင်း၊ ဒါကြောင့် ဘာလုပ်သင့်ကြောင်း ညွှန်



ကြားပါလို့ ရင်ဖွင့်လိုက်ကြသည်။ နတ်ကတော်က အားလုံးပြောသည့်စကားများ နားထောင်ပြီး -

"ကလေးက အမေ့ဘက်ကအကြီးအကဲဝင်စားတာ။ ဒါမျိုးက ဆေးကုလို့မပျောက်ဘူး။ ဒီကလေးရဲ့ အဘွားသေတ္တာထဲက ရှေးဟောင်းပိုက်ဆံစေ့ တစ်စေ့ကိုရှာပြီး ရိုရိုသေသေ လက်နှစ်ဖက်နဲ့ပေး။ ပေးပြီးရင်လည်း ကလေးကိုယ်နဲ့မကွာအောင်လည်ပင်းမှာဖောက်ပြီး ဆွဲပေးထားလိုက်။ အနီဖုက သူ့အလိုလိုခြောက်ပြီး မှဲ့အဖြစ်ကျန်ခဲ့လိမ့်မယ်။ လူဝင်စားဟုတ်၊ မဟုတ် ညာဘက်ချိုင်းအောက်ကိုကြည့်လိုက်။ ငါးပြားစေ့လောက် အမှတ်မည်းလေးတစ်ခုတွေ့လိမ့်မယ်။ အဲဒါ ခိုင်လုံတဲ့ အထောက်အထားပဲ"

မိဘရှင်တွေက မြန်မာဆရာ၊ အင်္ဂလိပ်ဆရာ (၂) မျိုးစလုံးနှင့် ကုသပြီးခဲ့သောကြောင့် ဆေးကုလို့ မပျောက်ဘူးဆိုသည့် စကားကတော့ သွေးထွက်အောင်မှန်နေသည်။ ချိုင်းအောက်တွင် အမှတ်မည်းလေး ရှိ မရှိတော့ သတိမထားဖြစ်၍မကြည့်ရသေး။ အိမ်ပြန်ရောက်မှ သမီးကို စစ်ကြည့်ရဦးမည်။ အိမ်ရောက်၍စစ်ကြည့်ရာ တကယ်ပင် အမှတ်မည်းလေးကရှိနေသည်။ ဒီလိုဆိုလျှင် ဇနီးသည်ရဲ့မိခင် ဝင်စားတာသေချာသွားပြီ။ လင်မယားနှစ်ယောက် စိတ်အားတက်ကြွစွာ အပေါ်ထပ်ရှိ သေတ္တာဟောင်းထဲက အကြွေစေ့ကို ရှာလိုက်တော့ လွယ်လွယ်ကူကူတွေ့လိုက်သည်။

တွေ့ရှိသည့် အကြွေစေ့က ဆယ်ပြားစေ့။ ပစ္စည်းကိုတွေ့ပြန်တော့ ဘယ်လို ရိုရိုသေသေ ပေးရမလဲဟု အခက်တွေ့နေသည်။ ပေးရမယ့်ပုဂ္ဂိုလ်က သူတို့ရဲ့သမီးကလေး၊ ဘာပဲဖြစ်ဖြစ် သမီးကို ခုံပေါ်မှာထားပြီး တို့က အောက်ကပေးရင် ရိုရိုသေသေပေးတာဖြစ်မှာပေါ့ဟု ဆုံးဖြတ်ချက်ချပြီး အောက်ကိုဆင်းလာသည်။

အောက်ထပ်ရောက်ရာ သမီးငယ် ဟေမန်မိုးက ဘုရားကျောင်းဆောင်အောက်တွင် ဘိုးတော်အောင်မင်းခေါင်ထိုင်သလို တင်ပျဉ်ခွေ၍ထိုင်နေသည်။ မျက်နှာက မပြုံးမရယ်။ ထူးခြားသောမြင်ကွင်းကြောင့် မိဘနှစ်ပါးက ခုံပေါ်သို့တင်ပေးရန်မလိုတော့။ သူတို့က ဘုရားကျောင်းဆောင်ခြေရင်းဘက်တွင် ကျုံ့ကျုံ့ထိုင်၍ လက်နှစ်ဖက်နှင့် ဆယ်ပြားစေ့ကို ရိုရိုသေသေပေးလိုက်သည်။

ဟေမန်မိုးက လက်ထဲသို့ဆယ်ပြားစေ့ ရောက်သည်နှင့် ရှိုက်ကြီးတငင်ငိုပါတော့သည်။ နတ်ကတော်ကြီးက 'ကလေး ဘာပဲလုပ်လုပ် မဟန့်တားနဲ့။ သူ့အလိုလိုငြိမ်သွားတဲ့အထိ စောင့်ကြ။ ကလေးကို ပစ္စည်းဟောင်းပေးပြီးချိန်မှာ မထိနဲ့။ ပစ္စည်းဟောင်းယူတဲ့အချိန်မှာ ကလေးက တဒင်္ဂလူကြီးဖြစ်နေတယ်။ ထိမိတာနဲ့ လူကြီးကို မလေးမစား ဆက်ဆံသလိုဖြစ်တတ်တယ် ကြားလား' ဟု သတိပေးထားသဖြင့် မိဘနှစ်ပါးစလုံး ငြိမ်၍ကြည့်နေသည်။ အငိုရပ်သွားမှသာ-

"သမီးလေးလက်ထဲကဆယ်ပြားစေ့ကို ဆိုင်မှာ အပေါက်သွားဖောက်ကြမယ်။ သမီးကိုပါ ခေါ်သွားမယ်လေ။ အပေါက်ကလေးဖြစ်သွားတော့ သမီးလည်ပင်းမှာ ဆွဲကြိုးလေးလို ဆွဲပေးမယ် လုပ်မလား"

ဟု မေးရာ ဟေမန်မိုးက သူ့အဖေလက်သို့ ဖြည်းညင်းစွာထည့်လိုက်သည်။ ကလေး၏လည်ပင်းတွင် ဆယ်ပြားစေ့အပြားလေးအား ခမည်းအဖြစ်ဆွဲပြီးချိန်မှစ၍ အနီဖုလေးကမထွက်တော့။ မှဲ့နီသေးသေးလေးတစ်လုံးအဖြစ်သာ အပျိုဖြစ်သည့်အချိန်အထိ ထင်ထင်ရှားရှားရှိနေသည်။ မိဘနှစ်ပါးအနေနှင့် ဆေးဝါးပေါင်းစုံနှင့် ကုသနေကြသော်လည်း မပျောက်နိုင်ခြင်းမှာ ခမည်းလိုလို့ဟု နတ်ကတော်ကြီးပြောမှသာ သဘောပေါက်၍သွားကြသည်။

*(တပည့်ဖြစ်သူ ကိုကျော်ဇင်၏ သမီး ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။)*

စိုးထွန်း (ဥမ္မာ)



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းသိရပြီး ထိုကာကဝဏ္ဏတိဿကပင် မိဖုရားကြီးအရာမြောက်၏။ ဘာကြောင့် ချက်ချင်း တော်ကောက်ချက်ချင်းမြောက်သနည်း။ မိမိလည်း ဒေဝါနံပီယတိဿဆက်မင်းသွေးမျိုးထက်။ ဒေဝီလည်း ဒေဝါနံပီယတိဿဆက်မင်းသွေးမျိုးထက်။ နှစ်ဖက်စလုံးလျှင် ဘာသာတူ၊ မျိုးမကွဲ၊ ရိုးတစ်ရိုးတည်းဖြစ်နေကြခြင်းကြောင့်တည်း။

◆ သွေးတူ ဘေးတူ အယူမျှ
ချူမရ အညှာခိုင်။
◆ သီးဆိုင်တူ အကူမ
အတူတကွ သဒ္ဓါလှိုင်။
◆ ဘဝရဲ့မဏ္ဍိုင်
ကံခိုင်ခိုင် ရိုက်သွင်း. . . ။
◆ အရေးထား သွေးခြားထက် ယုံချက်ပြင်း၊
ထိုးဖောက်စစ်ဆင်ခြင်း၌ အလုံးအရင်း။

ထိုကာကဝဏ္ဏတိဿ၊ ဒေဝီတို့မှ သားတော် နှစ်ယောက် ဖွားမြောက်လာခဲ့၏။ အကြီးကား ဂါမဏိအဘယ၊ နောင်ဖခင် တော်ကား၍ ဒုဋ္ဌ နှစ်ခုပေါင်း ဒုဋ္ဌဂါမဏိအဘယ၊ အငယ်ကား သဒ္ဓါတိဿ၊ ယုံချက်ကကြီး၊ ဉာဏ်ပညာကလည်း မီးတောက်။ ထိုသားတော်နှစ်ပါး အကြီးကား ငါးနှစ်၊ အငယ်သုံးနှစ် အသက်ရလာချိန် . . .

ဤအချိန်ကား ရွှံ့၊ ဖယောင်းပမာ လိုရာရာပုံလောင်း၊ ကောင်းကောင်းရလာချိန် ထိုအချိန်တွင် သံဃာတော်များအား နန်းတော်သို့ နို့ယနာဆွမ်းပင့်ကျွေး၏။ သားတော်နှစ်ပါး၏ ထမင်းခွံ့မင်္ဂလာပွဲအတွက် ဖြစ်၏။ သံဃာတော်များဆွမ်းဘုဉ်းပေးပြီးသောအခါ သံဃာ့ဆွမ်းကျန်များကို ရွှေခွက်ထဲထည့်၍ ဝိဟာရဒေဝီကိုလည်း ကျွေး၏။ သားတော်နှစ်ပါးကိုလည်း ကိုယ်တော်တိုင်ကျွေး၏။

"ကဲ-သားတော်တို့လည်းစားကြ။ သည်နို့ယနာဆွမ်းကိုစားပြီး သာသနာတော်အား ပစ်ပယ်လျှင် ဤဆွမ်းသည် အဆိပ်သဖွယ်သင့်ပါစေ"

ဤသို့ သစ္စာဆို၍ ခွံ့၏။

သားတော် နှစ်ပါးတို့ကလည်း ကျေနပ်ကြည်ဖြူစွာဖြင့်ပင် လက်ခံစားသုံးကြသည်ဆို၏။ အသိဝင်လာစအချိန် သိစရာအဓိကကိုချိန်၍ လက်ဦးစွာထည့်သွင်းပေးထားလိုက်ခြင်းတည်း။

ထို့နောက် ထိုသားတော်နှစ်ပါး အကြီးကား(၁၂)နှစ်၊ အငယ်ကား(၁၀)နှစ်မြောက်ရောက်လာချိန် ဤအချိန်ကား ဘာဝသွေးပြည့်ကာစ (ကာလသားသွေးအရည်ပြည့်လာချိန်) အတိတ်၊ ကာမ၊ ကုသိုလ်စေတနာတို့က လက်ရှိကာမနှင့် စပ်သော ဝတ္ထု၊ အာရုံများ လက်ခံရန် နှိုးဆော်လာချိန်။

ထိုအချိန်တွင်လည်း အမြော်အမြင်ကြီးသော ကာကဝဏ္ဏတိဿမင်းကြီးသည် သံဃာတော်ငါးရာအား နန်းတော်သို့ ဆွမ်းပင့်ကျွေးပြန်၏။ ကျွေးပြီးသောအခါတွင် ထိုသံဃာ့ဆွမ်းကျန်များကို သားတော်တစ်ပါးတစ်ပါးအတွက် သုံးပန်းကန်စီထည့်လျက် ကိုယ်တော်တိုင်ပင် ကျွေးတော်မူ၏။

"ကဲ - သားတော်တို့ သည်ထမင်းကို သားတော်တို့ကိုယ်တိုင် သစ္စာဆိုစားကြရမယ်။ ကဲ - လိုက်ဆိုကြ။

ငါတို့သည် ဘိုးဘေးစဉ်လာမပျက် ဆင်းသက်ကိုးကွယ်လာသော သံဃာတော်အရှင်မြတ်များအား ဘယ်သောအခါမှ မျက်ကွယ်မပြုကြပါ။ ဂရုမမူ မကြည်ဖြူ မလှူဒါန်းဘဲလည်း မနေကြပါ။ အကယ်၍ နေမိခဲ့ပါမူ ဤထမင်းသည် အစာမကြေ အဆိပ်သဖွယ် ဖြစ်ပါစေသတည်း"

ဤသစ္စာစကားကို မင်းကြီးကရှေ့က တိုင်တည်ပေး၊ သားတော်နှစ်ပါးက နောက်ကလိုက်ဆို ပြီးသည်နှင့် ပထမ ထမင်းတစ်ပန်းကန်စီကို စားစေ၏။ သားတော်နှစ်ပါးလည်း ကျေနပ်ကြည်ဖြူစွာ သစ္စာဆိုလျက်က ထမင်းပန်းကန်ကို အကုန်အစင်စားသုံးပြကြ၏။

နောက် ဒုတိယတစ်ပန်းကန်။

"ငါတို့ညီတော်နောင်တော်နှစ်ပါး မည်သည့်အခါမျှ မသင့်မတင့်မဖြစ်ကြပါ"

ဤသစ္စာစကားကိုလည်း မင်းကြီးက ရှေ့ကနေ တိုင်တည်ပေးလိုက်ရာ သားတော်နှစ်ပါးလည်း နောက်ကလိုက်ဆိုကြပြီး ပြီးသည်နှင့် ဝမ်းသာအားရ အကုန်အစင် စားသုံးပြကြ၏။

ထို့နောက် တတိယတစ်ပန်းကန်။

ဤနောက်ဆုံး ထမင်းပန်းကန်ကား ကံစမ်းမဲပမာ သားတော်နှစ်ပါး၏ အလိုနှင့် စိတ်ဓာတ်များကို စမ်းသပ်ကြည့်သည့် ထမင်းပန်းကန်များဖြစ်ကြရာ -

"ငါတို့သည် ဝေလိဂင်္ဂါမြစ်၏ မြောက်ဘက်တစ်ခြမ်းရှိ သီဟိုဠ်တစ်ကျွန်းလုံးအား သိမ်းပိုက်အုပ်ချုပ်နေကြသော ကျေးကုလား (ကျေးကျွန်အရာတည် ဒမီဠမျိုး) များနှင့် ဘယ်သောကာလ မှ စစ်မတိုက်ကြပါ"

သည်အချိန်တွင်မူကား ဖခမည်းတော်ကြီးကသာ တိုင်တည်ပေးနေပြီး မည်သည့်သားတော်ကမျှ လိုက်မဆိုကြပြီ။ လိုက်မဆိုကြသည့်အပြင် အငယ်ကား ထမင်းပန်းကန်ကိုပင် လွှင့်ပစ်ပြီး ထသွားသည် ဆို၏။ အကြီးကား ပန်းကန်တွင်းနေ ထမင်းစေ့အားလုံးတို့ကို စိစိညက်ညက်ကျေသည်အထိ အားမာန်ပါပါ နှိပ်ချေထားခဲ့ပြီး ထသွားသည် ဆို၏။

ထသွားရုံမကသေး။ အကြီးသည် အိပ်ရာထက်တွင် ခြေမဆန့်လက်မဆန့် ခွေခွေခေါက်ခေါက်ကြီးအိပ်ကာ ဆန္ဒပြနေတော့သည် ဆို၏။ ထိုအချိန် မယ်တော်ဒေဝီဝင်လာပြီး -

"သားတော်ရယ်၊ အိပ်တာပဲ ကျကျနန စန့်စန့်ရန့်ရန့်ထားအိပ်ပါလားကွယ်"

ချော့မော့ပြောဆိုရာ -

"အို - မယ်မယ်ကလည်း၊ ဝေလိဂင်္ဂါမြစ်တစ်ဖတ်ကမ်းလုံးလည်း ကျေးကုလားတွေက အုပ်စိုးနေကြတယ်။ ပြီး ဂေါဠသမုဒ္ဒရာကြီးကလည်း အိမ်နားကပ်လို့၊ သည်လောက် ကျဉ်းကျဉ်းကျပ်ကျပ်လေးထဲ သားတော်ဘယ်လိုလုပ် ခြေဆန့်ပြီး အိပ်လို့ရပါ့မလဲ"

ပြောဆိုလိုက်၏။

မယ်တော်၊ ခမည်းတော်နှစ်ပါးတို့ သန္ဓေသွေး မွေးရာပါအဖြစ် ပေးလိုက်သော ဇာတိသွေးနှင့် ပတ်ဝန်းကျင် အတွေ့အကြုံ ပြုဝင်မလာမီ ငါးနှစ်သားက ပုံသွင်းပေးလိုက်သော မျိုးချစ်သွေးများက ချက်ချင်းပင် ထ၍ ဇပြလာကြခြင်းတည်း။

မိဘများပုံသွင်းပေးလိုက်ကြသော ဤဇာတိသွေး၊ မျိုးချစ်သွေးများကြောင့်ပင် နောင်သောအခါ (သားတော်ကြီး ဒုဋ္ဌဂါမဏိ အသက်(၂၀)ခန့်ရောက်လေသောအခါ) သီဟိုဠ်တစ်ကျွန်းလုံးနီးပါးမျှ အုပ်စိုးထားသော ကျေးကုလားများအား အပြီးအစီးချေမှုန်းနိုင်သည်အထိ အောင်ပွဲရသွားစေခဲ့သည်။ အသိဝင်ခါစ၊ အရွယ်ဝင်ခါစ မိမိတို့လိုရာ ပုံစံသက်အကွက်ချ၍ ပုံသွင်းပေးခဲ့ကြရာမှ ရလာသော အောင်ပွဲများပင်တည်း။

ယနေ့ကော သည်လိုလုပ်၊ သည်အတိုင်းမဖြစ်ဘူးလားမေး။

ရွှံ့မျိုး၊ ဖယောင်းမျိုးတို့၏သဘာဝ မည်သည့် ယခင်တစ်မျိုး၊ ယခုတစ်ဖုံ၊ နောင်ကျတစ်ခဲ့ မူကွဲသည်မရှိပမာ။



www.burmeseclassic.com

www.burmeseclassic.com



၁၉-၁၂-၂၀၁၃ နေ့တွင် စင်ကာပူနိုင်ငံမှ ပြန်လည်ကြွမြန်းလာသော ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရပုံ

## မြင်းခြံမြို့တွင် ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏

# ဓာတ်ပုံတော်များမှ ထူးခြားမှုများပေါ်ပေါက်ခြင်း

ဘိုဘို(ရွှေကံကူ)



၁၇-၉-၂၀၁၃ နေ့တွင် စဉ့်ကိုင်မြို့ အုန်းပင်ခြံရပ်
ဦးသောင်းဝင်း+ဒေါ်နှင်းနှင်းဦးတို့နေအိမ်တွင် ဖူးတွေ့ရပုံ


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက် မိခင်ကြီး အမေကောင်းနှင့် သားသမီးများဖြစ်ကြသော ဒေါ်နွဲ့နွဲ့အေး (ယခင်ပညာရေးဝန်ထမ်း၊ ယခုရွှေကံကူ သာသနာပြုအန်တီအေး)၊ ဒေါ်ခင်ထွေး (ယခင်ပညာရေးဝန်ထမ်း၊ ယခုရွှေကံကူ သာသနာပြုမယ်တော်ကြီး)၊ ဦးဘိုဘို (ယခင် ဘ/ကပညာရေး၊ ယခုရွှေကံကူ ဆရာဘိုဘို-စာရေးသူ)တို့နေအိမ်တွင် ၁၉၉၅ ခုနှစ်က မော်လိုက်မြို့ မောနင်း စတားကဖေး စာရေးသူ၏ အစ်ကိုကြီး ဖြစ်သူ ဦးမောင်မောင်-ဒေါ်ညွန့်ရီတို့မှ ပေးပို့ခဲ့သောဗုဒ္ဓရုပ်ပွားတော်မြတ်သည် ၉-၉-၁၉၉၉ ရက်နေ့မှ စတင်၍ ထူးခြားသော တန်ခိုးတော်တို့ကို လူအများတို့ သိရှိသွားကြပြီး လာရောက် ဖူးမြော် ကြည်ညိုခဲ့ကြပါသည်။

၂၀၀၁ ခုနှစ်တွင် ပင့်ဆောင် ပူဇော်လိုသူတို့ ပေါ်ပေါက်လာခဲ့ရာမှ တစ်စထက်တစ်စထက်သိရှိသူတို့ များပြားလာခဲ့ကာ ၂၀၀၆ ခုနှစ်မှ စတင်၍ တစ်နှစ်တာလုံး မြန်မာနိုင်ငံ အနှံ့အပြားမှ ပင့်ဆောင် ပူဇော်လာခဲ့ကြ၍ ဒေသစာရီခရီးများ မနားတမ်း ကြွမြန်းတော်မူခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ ကြွရောက်တော်မူပြီးနောက် သူရဇ္ဇမဂ္ဂဇင်းကြီးမှ စာရေးသူ၏ရွှေကံကူ ဆောင်းပါးများ အဆက်မပြတ်ပါရှိလာ



www.burmeseclassic.com

www.burmeseclassic.com



၁၉-၁၂-၂၀၁၄ နေ့တွင် စင်ကာပူနိုင်ငံမှ ပြန်လည်ကြွမြန်းလာသော ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရပုံ



၁၉-၁၂-၂၀၁၄ နေ့တွင် စင်ကာပူနိုင်ငံမှ ပြန်လည်ကြွမြန်းလာသော ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရပုံ



မြင်းခြံမြို့ ဒေါ်အမာကြည်ခေါက်ဆွဲဆိုင်တွင် ပူဇော်ထားရှိသော ရွှေကံကူပုံတော်မှ မျက်လုံးတော်၊ နှုတ်တော်တို့ ပွင့်တော်မူလာပုံ

သောအခါ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်များနှင့် အခြားသော ထူးခြားမှုအဖုံဖုံတို့ကို လူတို့ပြည့်စုံစွာသိရှိကြရသောအခါ ကြည်ညိုသူတို့ ပိုမိုများပြားလာခဲ့၍ ပင့်ဆောင် ပူဇော်လိုသူတို့ တိုးပွား၍လာခဲ့ရာ နိုင်ငံရပ်ခြားခရီးစဉ်များလည်း ထပ်မံပေါ်ပေါက်၍လာခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့မှာလည်း တစ်ကြိမ်တစ်ခါ တစ်နေရာမျှသာမဟုတ်ဘဲ ကြွရောက်တော်မူရာ နေရာဌာနတိုင်းမှာပင် လူတို့၏စိတ်ကူးစိတ်သန်းများဖြင့်လိုက်၍မမီနိုင်အောင် ဖူးတွေ့ကြရသောအခါ ဗုဒ္ဓဘာသာသည် အရှိတရား၊ အမှန်တရားဖြစ်ကြောင်း လက်တွေ့သိရှိကြရသောကြောင့် သက်တော်ထင်ရှား ဘုရားရှင်တို့ကို မဆိုထားနှင့် ဗုဒ္ဓကိုယ်စားရုပ်ပွားဆင်းတုတော်တို့သည်ပင်လျှင် ယုံကြည်ထိုက်၊ ကိုးကွယ်ထိုက်လှပေပြီ။ သက်တော်ထင်ရှား ဘုရားရှင်များဆိုလျှင် မည်မျှကြည်ညိုထိုက်၊ ယုံကြည်ထိုက်၊ ကိုးကွယ်ထိုက်လှပေမည်နည်းဟု ဗုဒ္ဓဘုရားရှင်တို့အပေါ် ပိုမိုကြည်ညိုစိတ်များဖြစ်ကြရပေသည်။

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည် သက်တော်ထင်ရှား ဘုရားရှင်တို့အားရည်မှန်း၍ သစ်သားကို ထုလုပ်ထားခြင်း ဖြစ်ပါ၏။ သို့သော် ဗုဒ္ဓအား ရည်မှန်းထုလုပ်ခြင်းဖြစ်၍ ဗုဒ္ဓဘုရားရှင်တို့၏ (၉)ပါးသော ဂုဏ်တော်ကို နှလုံးသွင်း၍ရှိခိုးပူဇော်ခြင်း၊ ကိုးကွယ်ခြင်းပြုသော် သက်တော်ထင်ရှား ဘုရားရှင်တို့နှင့်ခြားနားမည်မဟုတ်ပါ။ ထို့အတူ သစ်သား၊ ဝါး(နှီး)၊ ပန်း၊ ကျောက်၊ ကြေး၊ ရွှေ၊ ငွေ၊ စက္ကူ၊ ပလတ်စတစ်၊ မည်သည့်အရာဖြင့် ဗုဒ္ဓအားရည်မှန်း၍ ပူဇော်ထုလုပ်ပြီး တူမျှသော သဒ္ဓါစေတ်ဖြင့် ကိုးကွယ်ပူဇော်ကြလျှင် တူမျှသော အကျိုးတရားတို့ ရရှိမည်သာ ဖြစ် ပါ၏။

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည် ရုပ်ပွားတော်မြတ်ဖြစ်သကဲ့သို့ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တို့သည်လည်းကောင်း၊ အခြားသော ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီပုထိုးများ၏ ဓာတ်ပုံတော်များသည် လည်းကောင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်များသာဖြစ်ပါ၍ ဓာတ်ပုံတော်တွေပဲဟု ပေါ့ပေါ့တန်တန်သဘောမထားသင့်ဘဲ လေးလေးနက်နက် ကိုးကွယ်ပူဇော် ရှိခိုးကန်တော့ကြရမည်သာ ဖြစ်ပါ၏။

ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များမှ ထူးခြားမှုများ ဖြစ်ပေါ်ခဲ့သည့်အကြောင်းများ စာရေးသူ၏ ဆောင်းပါးများတွင် ဖော်ပြပါရှိခဲ့သောအခါ စာရေးသူထံသို့ ထိုကဲ့သို့ အလားတူဖြစ်ရပ်များ



www.burmeseclassic.com

www.burmeseclassic.com

ခင်းတို့လည်း ကြုံတွေ့ကြရပုံကို အနယ်နယ်အရပ်ရပ်မှ ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ပြောပြကြသူတို့ အများအပြားပင် ပေါ်ပေါက်လာခဲ့ကြပါသည်။


ထိုကဲ့သို့ ပြောပြကြသူများထဲမှ ဤတစ်ကြိမ်တွင် မြင်းခြံမြို့မှ ဖြစ်ပေါ်ခဲ့သော ထူးခြားမှုများကို ရွေးထုတ်တင်ဆက်သွားမည် ဖြစ်ပါသည်။

မြင်းခြံမြို့သည် စာရေးသူတို့၏ နေ့တိုင်မြို့နှင့် မိုင်(၁၀၀)ခန့်သာကွာဝေးပါသည်။ သို့သော်လည်း အချိန်အခါ မကျရောက်သေးသောအခါ ပင့်ဆောင်ပူဇော်မည့်သူတို့ မပေါ်ပေါက်သဖြင့် ရုပ်ရှင်တော်မြတ်သည် ၂၀-၈-၂၀၁၁ နေ့တွင် စင်ကာပူနိုင်ငံသို့ ကြွရောက်တော်မူပြီးသည့်တိုင် မြင်းခြံမြို့သို့ ကြွရောက်တော်မူခြင်းမပြုရသဲရှိနေပါသေးသည်။

၂၀၁၁ ခု၊ ဇွန်လတွင် စာရေးသူ၏ ပထမဦးဆုံး ရွှေကံကူရုပ်ရှင်တော်မြတ်အကြောင်း ရေးသားထားသော ဆောင်းပါး သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိလာခဲ့သည်။ ထိုအခါ သူရဇ္ဇမဂ္ဂဇင်း စာဖတ်ပရိသတ်များစွာတို့ ထိုဆောင်းပါးကို ဖတ်ရှုကြရသည်နှင့် ရုပ်ရှင်တော်မြတ်ကို သိရှိကြည်ညိုသွားကြပါသည်။ မြင်းခြံမြို့တွင်လည်း သူရဇ္ဇမဂ္ဂဇင်း ပရိသတ်တို့ များစွာရှိရာ ၎င်းတို့သည် ယခင်ကမကြားဘူးခဲ့ကြပါ။ အချို့လည်း ယခင်က သဲ့သဲ့မျှသာ ကြားဖူးခဲ့ကြပါသည်၊ ဂနသေချာစွာမသိရှိကြပါဟု ဆိုသာကြပြီး အောင်မြေသို့လာရောက်ခဲ့ကြပါသည်။

သို့ဖြင့် မြင်းခြံမြို့ ပြည်ကျော်ခဲကြော်လုပ်ငန်းမှ အမေနီ၊ သမီးမာယာတင်နှင့် မှူးရွှေရည်တို့ ရောက်ရှိလာကြပြီး ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်လိုကြောင်း ရက်ချိန်းတောင်းခံလျှောက်ထားခဲ့ကြသည်။ ထို့ကြောင့် ၃-၁၀-၂၀၁၁ တွင် မြင်းခြံမြို့သို့ ပထမဦးဆုံးအကြိမ်အဖြစ် ကြွရောက်တော်မူခဲ့ပါသည်။ မြင်းခြံမြို့သူမြို့သားတို့သည် တစ်ကြိမ်တစ်ခါမျှ ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ကြခြင်းမရှိသေးဘဲ သတင်းစကားသာ ကြားသိထားကြသူများဖြစ်ရာ ယခုကဲ့သို့ ပြည်ကျော်မိသားစုမှ ပင့်ဆောင်ပူဇော်လိုက်သောအခါ ဝမ်းသာအားရ လာရောက်ဖူးမြော်ကြသဖြင့် (၂)ရက်၊(၂)ညတိတိ ဧည့်ပရိသတ်တို့ အထူးစည်ကား ခဲ့ပြီး ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များကိုလည်း အများအပြား ပင့်ဆောင်ပူဇော်ကြပါသည်။

ထိုအချိန်မှစ၍ ပြည်ကျော်ပဲကြော် အမေနီမိသားစုတို့သည် စာရေးသူတို့မိသားစုနှင့် ဆွေမျိုးရင်းချာသဖွယ်ခင်မင်သွားကြပြီး ရုပ်ရှင်တော်မြတ် မြင်းခြံမြို့သို့ ကြွရောက်တော်မူသောအခါတိုင်းလည်း လာရောက်ဖူးမြော်၍ စဉ့်ကိုင်မြို့ စာရေးသူတို့နေအိမ် ရွှေကံကူအောင်မြေသို့လည်း အခါအားလျော်စွာ လာရောက်လျက်ရှိကြသည်မှာ ယနေ့တိုင်



ရွှေကံကူအောင်မြေမှ အလိုအလျောက်ပေါက်သော ဗောဓိပင်
(သပိတ်ကျင်းမြို့နယ် ခနီးတကူးကျေးရွာတွင် ရှင်သန်ကြီးထွားနေပုံ)



မြင်းခြံမြို့ စိန်ဝင်းကျော်အချိုရည်လုပ်ငန်းမိသားစုနေအိမ်တွင်
အလိုအလျောက်ပေါက်ရောက်လာသော ဗောဓိပင်များ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

ရှပ်ရှင်တော်မြတ်သည် မြင်းခြံမြို့ အမေနီတို့အိမ်မှပြန်လည်ကြွမြန်းတော်မူလာပြီးနောက် မန္တလေးမြို့ ပြင်ဦးလွင်နှင့် နေပြည်တော်သို့ ဆက်လက်ကြွမြန်းတော်မူရပြန်ပါသည်။ ၂၇-၁၀-၂၀၁၁ နှင့် ၂၈-၁၀-၂၀၁၁ ရက်နေ့များတွင် နေပြည်တော် ရာဇသင်္ဂဟအိမ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးမောင်မောင်အေး၊ ဇနီး ဒေါ်ဝါဝါသင်းတို့၏နေအိမ်မှ ပင့်ဆောင်ပူဇော်ပြီး ၃၀-၁၀-၂၀၁၁ နေ့တွင် မြင်းခြံမြို့ (၄) အိမ်တန်းရပ်ကွက် ဦးသိန်းထွန်း၊ ဒေါ်သိန်းမိသားစုနေအိမ်သို့ ဆက်လက်ကြွမြန်းတော်မူခဲ့ရပြန်ပါသည်။

ထိုမှဆက်လက်၍ ၁-၁၁-၂၀၁၁၊ ၂-၁၁-၂၀၁၁ ရက်နေ့များတွင် မြင်းခြံမြို့ (၈) ရက်ကွက် (၁၄) လမ်း အိမ်အမှတ် (၄၆) စိန်ဝင်းကျော်အချိုရည်အမျိုးမျိုးနှင့် ကုန်မျိုးစုံရောင်းဝယ်ရေး ဦးစိန်ဝင်းကျော်၊ ဒေါ်ခင်မာဌေး မိသားစုတို့မှ ပင့်ဆောင် ပူဇော်ခဲ့ကြပါသည်။ ဤမိသားစုသည် တရုတ်လူမျိုးများ ဖြစ်ကြပြီး သား (၂) ယောက်သာရှိပါသည်။ သားအကြီးမှာ စင်ကာပူနိုင်ငံတွင် သွားရောက်နေထိုင်ပြီး သားငယ် ပွမ်ပွမ်မှာ ပွဲရုံလုပ်ငန်းလုပ်ကိုင်၍ မိဘများနှင့်အတူနေထိုင်သည်။ ဒေါ်ခင်မာဌေး၏မိခင်နှင့် ဒေါ်ခင်မာဌေး၏ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်တို့လည်း အတူနေထိုင်ကြပါသည်။

ဤမိသားစုသည် တရုတ်လူမျိုးများဖြစ်ကြပြီး စီးပွားရေးသမားများဖြစ်ကြသောကြောင့် အပြင်ပန်းအားဖြင့်ကြည့်လျှင် ဘာသာရေး အခြေခံအားနည်းကြလိမ့်မည်ဟု ထင်မှတ်နိုင်ပါသည်။ သို့သော် ထိုသို့မဟုတ်ပါ။ သားကလေးနှစ်ယောက်မှာလည်း လိမ္မာရေးခြားရှိလှပြီး မိန်းကလေးများကဲ့သို့ အပြောအဆိုအနေအထိုင် သိမ်မွေ့လှပြီး ဘာသာတရား ရှိသေကိုင်းရှိုင်းသူများဖြစ်နေကြပါသည်။ ထိုနေအိမ်တွင် (၂) ရက်တိတိပူဇော်ခွင့်ရရှိရာ မိသားစုအားလုံးတို့သည် (၂) ညစလုံး အလင်းပေါက်ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်ကြီး(၁၁)သုတ်တို့ဖြင့် ပူဇော်လျက်ရှိကြ၍ မယ်တော်ကြီးနှင့် အန်တီအေးတို့လည်း ဝမ်းသာအားရနှင့် သာဓုခေါ် ဆိုကြပါသည်။

ရှပ်ရှင်တော်မြတ်ကိုလည်း ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲ၊ သစ်သီးပွဲ စုံလင်စွာဖြင့် သဒ္ဓါတရားထက်သန်စွာ ကပ်လှူကြပြီး အန်တီအေးနှင့် မယ်တော်ကြီးတို့ကိုလည်း မြင်းခြံမြို့၏ နာမည်ကြီး အစားအစာတစ်ခုဖြစ်သော ပလာတာသုပ်တို့ဖြင့် ကျွေးမွေးပြုစုပါသည်။ တစ်ခဏတာအတွင်း မယ်တော်ကြီးတို့နှင့် မိသားစုသဖွယ် ခင်မင်ရင်းနှီးသွားပါသည်။ (၂) ညအိပ်စေ့သော် ရှပ်ရှင်တော်မြတ်သည်လည်း စဉ့်ကိုင်မြို့သို့ ပြန်လည် ကြွမြန်းတော်မူပါသည်။

ထိုသို့ဖြင့် (၃) လတိတိ ကြာမြင့်သောညတွင် ဒေါ်ခင်မာဌေး၌ ထူးခြားသောအိပ်မက်မြင်မက်ပါသည်။ အိပ်မက်ထဲတွင် စိန်ဝင်းကျော်အချိုရည်ဒိုင်ကြီးမှာ မြင်းခြံမြို့တွင် နာမည်ကျော်ကြားလှ၍ နေ့စဉ် လက်လီ၊ လက်ကားဝယ်ယူသူ ဖောက်သည်များနှင့် အမြဲစည်ကားလျက်ရှိသည်။ ထိုအချိန်မှာပင် မယ်တော်ကြီးနှင့်အန်တီအေးတို့သည် ရှပ်ရှင်တော်မြတ်နှင့်အတူ မော်တော်ကားဖြင့် ဆိုင်ရှေ့သို့ ဆိုက်ရောက်လာပြီး -

'ဟေ့-ငါ့သမီးတို့ ဘုရားကြွလာပြီဟေ့။ ညည်းတို့အိမ် ညအိပ်သီတင်းသုံးမှာ'

ဟု အော်ပြောလိုက်ပါသည်။

မခင်မာဌေးနှင့် ကိုစိန်ဝင်းကျော်တို့လည်း မမျှော်လင့် မသိရှိထားဘဲ ရှပ်ရှင်တော်မြတ် ကြွရောက်တော်မူလာ၍ ဝမ်းသာလျက်ရှိနေကြပြီး ဆိုင်ရှေ့သို့ ကတိုက်ကရိုက်ထွက်လာကြကာ ရှပ်ရှင်တော်မြတ်အား ကန်တော့လိုက်ကြပြီး ဆိုင်အတွင်းသို့ ပင့်ဆောင်လိုက်ကြပါသည်။

ရှေးကကူ ရှပ်ရှင်တော်မြတ်သည် ပင့်ဆောင် ပူဇော်လိုလျှင်သော်မှ ရက်ချိန်းရရှိရန် မလွယ်ကူပါ။ နှစ်နှင့်ချီ၍ စောင့်ဆိုင်းကြရမည်ဖြစ်ပြီး ပင့်ဆောင်ခွင့်ရရှိလျှင်လည်း မိမိတို့၏ အစီအစဉ်ဖြင့်သာ အကုန်အကျခံ၍ ပင့်ဆောင်ပူဇော်ကြရမည် ဖြစ်ပါသည်။ ယခုမူ ထူးထူးခြားခြား မိမိတို့နေအိမ်သို့ အလိုအလျောက် ကြွရောက်တော်မူလာခြင်းမှာ မိမိတို့ကံထူးလှပါ၏။ သို့သော် မိမိတို့တွင် ရှပ်ရှင်တော်မြတ်အား ပူဇော်ထားရှိရန် ဘာမှအဆင်သင့်မရှိသေး၍ မယ်တော်ကြီးတို့ကို အားနာနေမိပါသည်။ အိပ်မက်မှာ ထိုမျှသာ ဖြစ်ပါ၏။

နံနက်လင်းသော် အိပ်မက်ကို ပြန်လည်သတိရမိပြီး မယ်တော်ကြီးနှင့် အန်တီအေးတို့ကို လွမ်းဆွတ်မိသည်။ ရှပ်ရှင်တော်မြတ်ကြီးကိုလည်း ပြန်လည်ဖူးတွေ့လိုစိတ်များ ဖြစ်ပေါ်လာမိသည်။ မယ်တော်ကြီးတို့ ကြွရောက်စဉ်က အန်တီအေးနှင့် မယ်တော်ကြီးတို့ ရွတ်ဖတ် ပူဇော်ထားသော တရားခွေလက်ဆောင်ပေးခဲ့သည်။ ထိုတရားခွေတွင် ပရိတ်ကြီး(၁၁)သုတ်၊ မဟာသမယသုတ်၊ ပဋ္ဌာန်းဥဒ္ဒေသ၊ မေတ္တာပို့ အစရှိသည်တို့ စုံလင်စွာ ပါရှိသဖြင့် တစ်ခွေပြီးဆုံးရန် (၃) နာရီကျော် ကြာမြင့်ပါသည်။ ထိုအခွေဖွင့်ခါစကဆိုလျှင် ရှပ်ရှင်တော်မြတ်နှင့် မယ်တော်ကြီးတို့ ကြွရောက်နေသည်ဟု လူတို့ထင်မှတ်လျက် မေးမြန်းခြင်းခံကြရပါသည်။မှန်ပါသည်။ ဒေါ်ခင်မာဌေးတို့သည်လည်း မယ်တော်ကြီး၊ အန်တီအေးနှင့် ရှပ်ရှင်တော်မြတ်အား အလွမ်းပြေအဖြစ် ဤအခွေကိုနေ့စဉ်ဖွင့်ဖြစ်နေခြင်း ဖြစ်ပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့၏ တရားစာများရွတ်ဖတ်သံတို့ထွက်ပေါ်နေ၍ မယ်တော်ကြီးတို့ ရောက်ရှိနေသကဲ့သို့ စိတ်တွင်ဖြစ်ပေါ်ခံစားရသည့်အပြင် ထိုတရားခွေဖွင့်သောနေ့တွင် သိသိသာသာ ဈေးရောင်းကောင်းသည်ကိုလည်း သတိပြုမိသဖြင့် နေ့စဉ်ဖွင့်ဖြစ်နေခြင်းလည်း ဖြစ်ပါသည်။ (ထိုခွေဖွင့်လျှင် လက်မလည်အောင် ဈေးရောင်းကောင်းကြသည်ဟု စာရေးသူတို့ထံ ပြန်လည် အကြောင်းကြားသူတို့ အများအပြားပင်ရှိကြပြီး တစ်ခွေပါး၍ဖွင့်မရတော့လျှင် နောက်ထပ်တစ်ခွေ လာရောက် ပူဇော်ကြလေ့ရှိပါသည်။ ထိုအခွေထဲတွင် ကံပွင့်၊ လာဘ်ပွင့် ဂါထာတော်တို့ များစွာပါဝင်ပါသည်။)

ဒေါ်ခင်မာဌေးသည် နေ့စဉ်နံနက်တိုင်း ပြုမြဲဖြစ်သည့် ရှပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်အား ဆွမ်း၊ ပန်း၊ ရေချမ်းတို့ ကပ်လှူပူဇော်ပြီး ရိုသေစွာရှိခိုးကန်တော့ပါသည်။ ထို့နောက် ဝတ်ရွတ်စဉ်များဖြင့်လည်း မြတ်စွာဘုရားရှင်အား ရည်မှန်းပြီး ပူဇော်ကန်တော့ပါသည်။ ထိုသို့ကန်တော့စဉ်မှာပင် ရှပ်ရှင်တော်မြတ်ကြွရောက်ခဲ့စဉ်က ပုံဖော်များထည့်ယူခဲ့သော ရိုသေစွာထားရှိခဲ့သည့် ဂျပ်ဖာကြီးအတွင်း၌ တစ်စုံတစ်ခုရောက်ရှိနေသကဲ့သို့အသံများ ထွက်ပေါ်လာသည်။ ထို့ကြောင့် ဒေါ်ခင်မာဌေးသည် ဦးစိန်ဝင်းကျော်ကို လှမ်းအော်ခေါ်လိုက်ပြီး ဂျပ်ဖာကြီးကို ဖွင့်ကြည့်စေပါသည်။

ထိုအခါ အလွန်တရာ ထူးခြားဆန်းကြယ်လှသောအဖြစ်ကို တွေ့ရှိလိုက်ကြရပါသည်။ ဂျပ်ဖာကြီးထဲတွင် ရွှေကံကူလေပျံသစ်တော်ရှပ်ရှင်တော်



www.burmeseclassic.com

www.burmeseclassic.com

မြွတ်၏ (၄) လက်မ၊ (၆) လက်မအရွယ် ဓာတ်ပုံတော်တစ်ဆူ ကြွမြန်းရောက်ရှိတော်မူနေသည်ကို ဖူးတွေ့လိုက်ကြရပါသည်။ ပို၍ ထူးခြားသည်မှာ ဓာတ်ပုံတော်သည် ဂျပ်ဖာနံရံကိုမှီလျက် ထောင်လျက်အနေအထားနှင့်ဖြစ်နေပါသည်။ ဒေါ်ခင်မာဌေးနှင့် ဦးစိန်ဝင်းကျော်တို့သည်လည်း မည်သို့မျှကြံစည်တွေးဆ၍ မရနိုင်သောကိစ္စဖြစ်နေ၍ အံ့ဩမဆုံးနိုင်အောင်ဖြစ်နေကြပြီး ဝမ်းသာမဆုံးဖြစ်ကြရကား စာရေးသူတို့ထံ ဖုန်းဆက်၍ အကြောင်းကြားပါသည်။

ဒေါ်ခင်မာဌေးတို့သည် ဤဂျပ်ဖာကြီးကို မယ်တော်ကြီးတို့ထံမှ လက်ခံစဉ်အခါက သေချာစွာ စစ်ဆေးခဲ့ကြပြီးဖြစ်သည်။ ဂျပ်ဖာကြီးထဲတွင် မယ်တော်ကြီးတို့၏ပိုက်ဆံ သို့မဟုတ် အရေးကြီးသော ဘောက်ချာစာရွက်တို့ ကပ်ညပ်ကျန်ရစ်မည်စိုးသောကြောင့်ဖြစ်ပါသည်။ ထိုစဉ်ကလည်း ဂျပ်ဖာကြီးထဲတွင် ဘာမှမကျန်ရစ်ပါ။ ရုပ်ရှင်တော်မြွတ်၏ဓာတ်ပုံတော်ကျန်ရစ်လျှင်လည်း ထိုစဉ်ကတည်းက တွေ့ရှိရမည် ဖြစ်ပါသည်။ ထိုစဉ်က ဘာမှမတွေ့ရဘဲ ယခုမှ ဤပုံတော်တွေ့ရှိခြင်းမှာ ထိုစဉ်ကကျန်ရစ်ခဲ့ခြင်းမဟုတ်သည်မှာ သေချာလှပြီး ဤပုံတော်ကိုတွေ့ရှိပုံမှာလည်း အမှတ်တမဲ့တွေ့ရှိခြင်းမျိုး မဟုတ်ပါ။ ညက ရုပ်ရှင်တော်မြွတ်သည် အိပ်မက်ထဲတွင် ကြွရောက်တော်မူလာသည်၊ တစ်နည်းပြောရလျှင် ပုံတော် ကြွရောက်မူလာမည့်အကြောင်းကို အိပ်မက်ပေးတော်မူခြင်းပင် ဖြစ်ပါသည်။ တစ်ဖန် အိပ်မက်ဆိုသည်မှာ အကြောင်းအမျိုးမျိုးဖြင့် မြင်မက်တတ်ခြင်းရှိပါ၍ အိပ်မက်ကို အတည်ယူ၍ မရပါဟုပြောနိုင်သော်လည်း အိပ်မက်မက်ပြီးနောက် တစ်နေ့နံနက်မှာပင် ဂျပ်ဖာကြီးအတွင်းမှအသံများထွက်ပေါ်လာပြီး လှုပ်ခါလာခဲ့သည်။ ဤသည်မှာ အိပ်မက်မဟုတ်ပါ။ ပကတိမျက်စိတို့ဖြင့် မြင်ရ၊ ကြားရခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးတော်မူပြီးမှ ဓာတ်ပုံတော်ကြွရောက်တော်မူလာခြင်းဖြစ်ပါ၍ ယုံမှားသံသယဖြစ်စရာမရှိတော့ပြီ။ ထို့ကြောင့် ဒေါ်ခင်မာဌေးတို့မိသားစုသည် ရုပ်ရှင်တော်မြွတ်အား နဂိုကပင် ယုံကြည်သူများဖြစ်ကြရာ ပိုမို၍ ယုံကြည်ကိုးကွယ်၍၊ ပူဇော်၍မဝအောင်ရှိကြပါတော့သည်။

ထိုသို့ဖြင့် ၂၀၁၃၊ ၈ လပိုင်းတွင်လည်း ဦးစိန်ဝင်းကျော်၊ ဒေါ်ခင်မာဌေးမိသားစုတို့မှ ရုပ်ရှင်တော်မြွတ်အား ပင့်ဆောင် ပူဇော်ကြပြန်ပါသည်။ ဤတစ်ကြိမ်တွင်တော့ တစ်နေ့တစ်ညတာသာ ပင့်ဆောင်ပူဇော်ခွင့်ရရှိကြပါသည်။ အန်တီအေးနှင့် မယ်တော်ကြီးတို့မှာ ရုပ်ရှင်တော်မြွတ်၏ ဒေသစာရီခရီးစဉ်များတွင် မနားတမ်း တောက်လျှောက်လိုက်ပါနေကြရ၍ ခရီးပန်းလျက်နေကြပြီ ဖြစ်သောကြောင့် စာရေးသူတစ်ယောက်တည်းသာ လိုက်ပါသွားခဲ့ပါသည်။ ဒေါ်ခင်မာဌေးတို့၏ သားကြီး မောင်ဝင်းမင်းမြွတ်လည်း စင်ကာပူနိုင်ငံမှ ခေတ္တပြန်လည် ရောက်ရှိနေခိုက်လည်း ဖြစ်ပါသည်။ ဦးစိန်ဝင်းကျော်၊ ဒေါ်ခင်မာဌေးနှင့် မောင်ဝင်းမင်းမြွတ်၊ မောင်ပွမ်ပွမ်တို့သည် စာရေးသူအား လိုလေသေးမရှိအောင် ကျွေးမွေးဧည့်ခံပြုစုကြပါသည်။

မှုံရွေရည်တို့ညီအစ်မ၊ ဒေါ်အမာကြည်ခေါက်ဆွဲမှ မစိုးစိုးတို့ လာရောက်ကြပြီး ၎င်းတို့ နေအိမ်များသို့ ဖိတ်ခေါ်သဖြင့် သွားရောက်ခဲ့ရပါသေးသည်။ ပခုက္ကူမြို့မှ မကြာသေးမီက ရုပ်ရှင်တော်မြွတ်အား ပင့်ဆောင် ပူဇော်ထားခဲ့ကြသော ဦးဇော်မင်းအောင်ခေါ် ဦးညို နှင့် ဒေါ်စန်းစန်းထူးတို့လည်း စာရေးသူအား လာရောက် နှုတ်ဆက် တွေ့ဆုံကြရင်း ရုပ်ရှင်တော်မြွတ်ကို ဖူးမြော်ကြည်ညိုကြပါသည်။

ရုပ်ရှင်တော်မြွတ်သည် ယခုတစ်ခေါက်တွင် တစ်ရက်တာသာ အချိန်ပေးနိုင်သဖြင့် ပြန်လည်ကြွမြန်းတော်မူရာ ဗိုလ်ချုပ်လမ်းမှ ဦးညီညီ (ဝင်း-မော်တော်ယာဉ်)မှ တောင်းပန်လျှောက်ထားသဖြင့် ထိုနေအိမ်တွင် (၁၅) မိနစ်မျှ ခေတ္တ ဝင်ရောက်ပေးရပါသေးသည်။ ရုပ်ရှင်တော်မြွတ်အား လာရောက် ပင့်ဆောင်စဉ်က မောင်ဝင်းမင်းမြွတ်နှင့် မောင်ပွမ်ပွမ်တို့ဖြစ်ပြီး ပြန်လည်ပို့ဆောင်ရာတွင် ဦးစိန်ဝင်းကျော်၊ ဒေါ်ခင်မာဌေးနှင့် ပြည်ကျော်ပဲကြော်မှ မမာယာတင်တို့ပါ လိုက်ပါခဲ့ကြပြီး လမ်းခရီးတွင် ဒေါ်ခင်မာဌေးမှ ဓာတ်ပုံတော်ကြွရောက်လာပုံကို စာရေးသူအား ပြန်လည်ပြောပြပြီး ရုပ်ရှင်တော်မြွတ်အား ပထမဦးဆုံး ပင့်ဆောင် ပူဇော်ချိန်မှစ၍ စီးပွားရေး၊ အလုပ်အကိုင်နှင့် ငွေရေးကြေးရေးကိစ္စတို့ အထူးအောင်မြင်မှုများရရှိခဲ့ကြောင်းတို့ကို ပြောပြပါသည်။

ထိုသို့ဖြင့် ဒေါ်ခင်မာဌေး (၀၆၆-၂၁၆၅၂) တို့၏ နေအိမ်မှ ရုပ်ရှင်တော်မြွတ် ပြန်လည် ကြွမြန်းတော်မူလာခဲ့ပြီး (၃) လခန့်အကြာ ၂၀၁၃၊ ၁၁ လပိုင်းတွင် ဒေါ်ခင်မာဌေးမှ စာရေးသူထံ ဖုန်းဆက်လာပါသည်။ ၎င်းတို့နေအိမ်မှ ပန်းအိုးထဲတွင် (ပန်းအိုးနှစ်လုံး) ဗောဓိညောင်ပင် အပင် (၄၀) ကျော် ပေါက်ရောက်နေကြောင်း၊ ၎င်းတို့ ဤနေရာတွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တစ်ခါမှ ဤကဲ့သို့ ဗောဓိပင်များမပေါက်ဘူးခဲ့ကြောင်း၊ ဤဗောဓိပင်များကို နုတ်လည်း မပစ်ရဲ၊ ကြီးထွားလာလျှင်လည်း မည်သို့ ဆောင်ရွက်ရမှန်း မသိပါ။ ဆရာဘိုဘိုမှ အကြံဉာဏ်နှင့် လမ်းညွှန်မှုပြုပါဟု ပြောပါသည်။

ယခင်ဆောင်းပါးများတွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း စာရေးသူတို့နေအိမ်ဝင်းနှင့် ရှေ့လမ်းမပါမကျန် အိမ်ဝင်းအတွင်းရှိ ပန်းအိုးများ၊ အုတ်ခဲများနှင့် နောက်ဆုံး သစ်ပင်တွင် ကပ်ထားသော သစ်ခွပင်မှ အုန်းဆံဖတ်ပါမကျန် ဗောဓိပင်များ ပေါက်ရောက်လာလေ့ရှိပြီး ထိုဗောဓိပင်များကို အနယ်နယ်အရပ်ရပ်မှ ပင့်ဆောင်ပူဇော်လိုသူများကို စာရေးသူတို့မှ ဒါနပြုပေးလျက်ရှိသည့်အပြင် မန္တလေးမြို့ တောင်စလင်းတိုက်သစ်မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် တောင်တန်းသာသနာပြုဝါခင်းကုန်းဆရာတော်ဘုရားကြီး ဦးတိက္ခအား အစဉ်လှူဒါန်းလျက်ရှိခဲ့ပါသည်။

ယနေ့အချိန်တွင် စာရေးသူတို့၏ ရွှေကံကူအောင်မြေတွင် စာရေးသူတို့ မူလပထမ ဆောက်လုပ် နေထိုင်ခဲ့ကြသောနှစ်ဆောင်ပြိုင်နံကပ်တစ်ထပ်တိုက်အဆောက်အအုံကိုဖြိုဖျက်၍ ထိုနေရာ၌ ဝိုင်းပြည့်အိမ်ပြည့်သုံးထပ်အဆောက်အအုံကြီး ဆောက်လုပ်နေပါသဖြင့် စာရေးသူတို့ဝင်းထဲတွင် မြေလွတ်မရှိသလောက်ဖြစ်သွားပြီး ကျန်ရှိသောမြေလွတ်နေရာလေးများမှာလည်း တည်ဆောက်ဆဲကာလဖြစ်၍ မြေစာများ၊ အုတ်ခဲများ၊ သစ်သားများဖြင့်ဖုံးနေခြင်း၊ အလုပ်သမားများ သွားလာလျက်ရှိခြင်းကြောင့် ဗောဓိပင်များမပေါက်နိုင်ဘဲဖြစ်နေရာ စာရေးသူတို့တွင် ဗောဓိပင်များ လှူဒါန်းစရာမရှိဖြစ်နေပါသည်။ ထို့ကြောင့် ဒေါ်ခင်မာဌေးအား ၎င်းတို့နေအိမ်တွင် အလိုအလျောက် ပေါက်ရောက်လာသော ဗောဓိပင်များကို မျိုးအိတ်များတွင် ရွှေ့ပြောင်းပြီး စာရေးသူထံ ပို့ဆောင်ပေးရန် ပြောကြားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအစီအစဉ်ကို ဒေါ်ခင်မာငွေးတို့လည်း နှစ်သက်ဝမ်းမြောက်စွာဖြင့် ဗောဓိပင်များကို စာရေးသူထံသို့ လာရောက် ပေးပို့ခဲ့ကြပါသည်။ စာရေးသူလည်း အောင်မြေတွင် ငါးပင်မျှသာချန်ထားရစ်ပြီး ဗောဓိပင် (၃၀) ကျော်ကို မယ်တော်ကြီးအား ကိုသန်းတင်၊ မခင်စိုးသူ (KTAဆောက်လုပ်ရေး) ရန်ကုန်မြို့မှ လှူဒါန်းထားသော SURF ကားကြီးဖြင့် မန္တလေးမြို့ တောင်စလင်းတိုက်သစ်သို့ ပို့ဆောင်လှူဒါန်းရာ ဆရာတော်ကြီး ဦးတိက္ခမှ ဝမ်းမြောက်စွာဖြင့် လက်ခံတော်မူပြီး ဆရာတော်ကြီးသည် ဗောဓိငါးထောင် သာသနာ့အောင်မြေ တည်ဆောက်လျက်ရှိပါ၍ ဗောဓိပင်တို့များစွာ လိုအပ်လျက်ရှိကြောင်းနှင့် နောက်ထပ် ဗောဓိပင်များ လာရောက် လှူဒါန်းပေးရန်မိန့်ကြားတော်မူပါသည်။ (ထို့ကြောင့် စာဖတ်ပရိသတ်အားလုံးတို့သည်လည်း ဗောဓိပင်များ ရရှိနိုင်မည်ဆိုပါက ဗောဓိငါးထောင်တွင် ပါဝင်လှူဒါန်းနိုင်ပါကြောင်း ဤနေရာမှ သတင်းကောင်းပါးအပ်ပါ၏။)

ဒေါ်ခင်မာငွေးတို့ လာရောက်ပေးပို့သော ဗောဓိပင်များမှာ ထူးခြားလှပါ၏။ အဘယ်ကြောင့်ဆိုသော် ရွှေကူအောင်မြေတွင် အလိုအလျောက်ပေါက်ရောက်လျက်ရှိသော ဗောဓိပင်များနှင့် လုံးဝတူညီလျက်ရှိသောကြောင့် ဖြစ်ပါသည်။ ဤနေရာတွင် သံသယဖြစ်လိုသူတို့အတွက် သံသယအတွေးဝင်မည်ဆိုလျှင် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူပြီးမှ ဗောဓိပင်များပေါက်လာရခြင်းမှာ ထိုနေအိမ်သို့ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူခိုက် စာရေးသူတို့မှ ဗောဓိပင်မျိုးစေ့များချထားခဲ့၍ ပေါက်ရောက်လေသလောဟု ထင်မြင်နိုင်ပါ၏။ ထိုသို့ထင်မြင်ချင်စရာလည်းကောင်းလှပါ၏။ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူပြီး ဗောဓိပင်များ ပေါက်ရောက်လာခြင်းမှာ ဤတစ်ကြိမ်တည်းမဟုတ်ပါ။ အိမ်တော်တော်များများမှာပင် ပေါက်ရောက်ခဲ့ပြီး ဖြစ်ပါသည်။

သို့သော်လည်း ကျောက်ပန်းတောင်းမြို့မှ မန္တလေးဆေးရုံကြီး လူမှုဆက်ဆံရေးအရာရှိ ဦးဝင်းကျော်မှ ၎င်း၏ မိခင်ကြီးနေထိုင်ရာ ကျောက်ပန်းတောင်းမြို့သို့ ပင့်ဆောင်ပူဇော်စဉ်က ရုပ်ရှင်တော်မြတ် မကြွရောက်မီ ဗောဓိပင် ကြိုတင်၍ ပေါက်ရောက်နေခဲ့ပြီး ထိုကဲ့သို့ ဗောဓိပင်တို့ ကြိုတင်ပေါက်ရောက်လျက်ရှိသော အိမ်တို့မှာလည်း အများအပြားပင်ရှိနေပြန်ရာ ထိုကဲ့သို့ ဗောဓိပင်တို့ ပေါက်ရောက်ရခြင်းမှာ ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်ကြောင့်သာဖြစ်ကြောင်း မှတ်ယူရန်သာ ဖြစ်ရပါတော့၏။

ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များမှ ထူးခြားမှုကြုံတွေ့ရသူ မြင်းခြံမြို့မှ နောက်တစ်ဦးမှာ ဒေါ်မာကြည်ခေါက်ဆွဲဆိုင် ဖြစ်ပါသည်။ ဒေါ်မာကြည်နှင့် တူ၊ တူမများသည် ဆီချက်၊ ပန်းသေးခေါက်ဆွဲဖြင့် မြင်းခြံမြို့တွင် နာမည်ကျော်ကြားလှပြီး တစ်ရက်ခရီးဖြင့် အရောက်ပေးပို့နိုင်သော မြို့ရွာများမှပင် မှာယူ စားသောက်ကြသည်အထိ လူကြိုက်များလျက်ရှိပါသည်။ ၎င်းတို့သည် ပြည်ကျော် ပဲကြော် အမေနီတို့နေအိမ်မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ်က လာရောက် ဖူးမြော်ကြပြီး ရုပ်ရှင်တော်မြတ်အား ၎င်းတို့မှလည်း ပင့်ဆောင်ပူဇော်လိုပါကြောင်း လျှောက်ထားခဲ့ကြသူများ ဖြစ်ပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ် မြင်းခြံမြို့သို့ ကြွရောက်တော်မူရခြင်းမပြုရသေးမီမှာပင် ရုပ်ရှင်တော်မြတ်ကို သူရဇ္ဇမဂ္ဂဇင်းတွင် ဖတ်ရှုကြည်ညိုနေကြသူများ ဖြစ်ပါသည်။

ဒေါ်အမာကြည်နှင့် တူ၊ တူမများတို့သည် ၃-၁၀-၂၀၁၁ နေ့တွင် ပြည်ကျော် ပဲကြော် အမေနီတို့၏ နေအိမ်၌ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူစဉ် လာရောက် လျှောက်ထားခဲ့ခြင်းဖြစ်သော်လည်း ၂၀-၈-၂၀၁၂ နေ့တွင်မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့် ရရှိကြခြင်း ဖြစ်ပါသည်။ ၎င်းတို့၏ နေအိမ်တွင် ပင့်ဆောင် ပူဇော်ခွင့် မရရှိမီကတည်းက ၎င်းတို့နေအိမ်တွင် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို ပူဇော်ထားရှိ၍ ထိုပုံတော်ကိုပင် သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ နေ့စဉ် ဆွမ်း၊ ပန်း၊ ရေချမ်းတို့ကို မပြတ်တမ်း လှူဒါန်းပူဇော်၍ ရှိခိုးကန်တော့၍နေခဲ့သူ ဖြစ်ပါသည်။ ၎င်းတို့ နေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ် ဖြစ်ပေါ်ခဲ့သော ထူးခြားမှုများမှာ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် တင်ဆက်ဖော်ပြခဲ့ပြီး ဖြစ်ပါ၍ ထိုအကြောင်းများကို ချန်လှပ်ခဲ့ပါသည်။

ဒေါ်အမာကြည်တို့၏ နေအိမ်တွင် (၂) ရက်တာ ကြွရောက်တော်မူခဲ့ပြီး ရုပ်ရှင်တော်မြတ်သည် မြင်းခြံမြို့ အေးချင်း (၃) ရက်ကွက် အိမ်အမှတ် (၃၇) ဦးထွန်းအောင်၊ ဒေါ်ခင်ရီတို့၏ နေအိမ်တွင် (၁) ရက်တာ သီတင်းသုံး စံပယ်တော်မူ၍ စဉ့်ကိုင်မြို့ အောင်မြေသို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပါသည်။ ထို့နောက်တွင် ရုပ်ရှင်တော်မြတ်သည် အခြားပင့်ဆောင်ပူဇော်ရာ နေရာဌာနများဆီသို့ အစဉ်အတိုင်း ဆက်လက်ကြွမြန်းတော်မူပါသည်။ စာရေးသူသည် ထိုအခေါက်များက မြင်းခြံမြို့သို့ လိုက်ပါသွားခြင်းမရှိပါ၍ ရုပ်ရှင်တော်မြတ်အား မြင်းခြံမြို့မှ ပြန်လည် ပင့်ဆောင် ပေးပို့သောအခါမှသာ ဒေါ်အမာကြည်နှင့်တကွ ဒေါ်အမာကြည်၏ တူ၊ တူမများနှင့်သိကျွမ်းရခြင်းဖြစ်ပါသည်။ ထို့နောက်တွင်တော့ ဒေါ်အမာကြည်မိသားစုသည် အခါအားလျော်စွာ အောင်မြေသို့ လာရောက်ကြခြင်း၊ ထူးခြားမှုများရှိပါက စာရေးသူထံ ဖုန်းဖြင့်ဆက်သွယ်ပြောဆိုခြင်းတို့ရှိလာပြီး စာရေးသူနှင့် ခင်မင်ရင်းနှီးလာခဲ့ကြခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် ၉-၁၂-၂၀၁၃ နေ့တွင် ဒေါ်အမာကြည်၏တူမ မစိုးစိုးမှ စာရေးသူထံ ဖုန်းဆက်လာပါသည်။ ၎င်းတို့နေအိမ်တွင်ပူဇော်ထားရှိခဲ့သော ရွှေကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်မှ မျက်လုံးတော်များ ဖွင့်တော်မူလာသည်၊ နှုတ်တော်များ ဖွင့်ဟတော်မူလာသည်။ မိမိတို့ မိသားစုတွင်သာ ဖူးတွေ့ကြရလျှင် စိတ်မှ ထင်ယောင်မြင်ယောင်ဖြစ်လာနေခြင်း၊ အကြည်ညိုလွန်ခြင်းများကြောင့်ဟု ယူဆနိုင်ပါ၍ နီးစပ်ရာ မိတ်ဆွေအချို့နှင့် ဈေးဆိုင်သို့ လာရောက်ကြသူများကိုပါ ဖူးတွေ့စေပြီး ဘာထူးခြားသလဲဟုမေးမြန်းကြည့်ရာ မျက်လုံးတော်ပွင့်နေသလိုပဲ၊ နှုတ်တော်ပွင့်လာနေတယ် ဟု တညီတညွတ်တည်း ဆိုကြပါသည်။ ထိုကဲ့သို့ သေချာအောင်စိစစ်ပြီးမှ စာရေးသူထံ အကြောင်းကြားခြင်း ဖြစ်ပါသည်။ ဓာတ်ပုံများလည်း ရိုက်ထားပါသည်။ စာလည်း ရေးသားမှတ်တမ်းတင်ထားပါသည်ဟု ပြောကြားပါသည်။ ခရီးကြုံသောနေ့တွင် ဓာတ်ပုံများနှင့်စာကို စာရေးသူထံ လာရောက်ပေးပို့ပါမည်ဟုလည်း ပြောကြားပါ သည်။

မစိုးစိုးထံမှ ဖုန်းမဝင်လာမီ အရင်တစ်နေ့မှာပင် မြင်းခြံမြို့မှ မစန္ဒာစိုးက (၂) ရက်အကြာတွင် အောင်မြေသို့ လာရောက်မည်ဖြစ်ကြောင်း စာရေးသူထံ ဖုန်းဆက်ထားသည်ဖြစ်၍ စာနှင့်ဓာတ်ပုံများကို မစန္ဒာစိုးနှင့် လူကြုံထည့်ပေးရန် ပြောကြားလိုက်ပါသည်။ မစန္ဒာစိုးသည်



www.burmeseclassic.com

www.burmeseclassic.com

သည်း မစိုးစိုး၏ မိတ်ဆွေသူငယ်ချင်း ဖြစ်ပါသည်။ မစိုးစိုးတို့၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ပြီးသည်မှ စ၍ ဤယနေ့တိုင် စွဲစွဲမြဲမြဲ ကိုးကွယ် ဆည်းကပ်ရှိသူ ဖြစ်ပါသည်။ ထို့အပြင် ရုပ်ရှင်တော်မြတ် အောင်မြေတွင် မရှိသော်လည်း မစန္ဒာစိုးသည် အောင်မြေသို့ ကြာခဏ လာရောက်ပြီး ပူဇော်ကန်တော့လေ့ရှိကာ ဆုတောင်းအဓိဋ္ဌာန်များ ပြည့်ပြည့်မြောက်သည်ဟုသိရပါသည်။ မစန္ဒာစိုးသည် ၎င်း၏ စီးပွားရေး၊ ငွေရေး ကြေးရေးကိစ္စများ ထူးထူးခြားခြား အောင်မြင်မှုများ ရရှိနေသောကြောင့် အောင်မြေသို့ လာရောက်နေခြင်း မဟုတ်ပါ။ ရုပ်ရှင်တော်မြတ်အား ကြည်ညိုလှသောကြောင့် လာရောက်နေခြင်း ဖြစ်ကြောင်း ပြောပြလေ့ရှိပါသည်။ မစိုးစိုးထံမှ ဖုန်းရရှိပြီး (၂) ရက် အကြာတွင် မစန္ဒာစိုး ရောက်ရှိလာခဲ့ရာ မစိုးစိုးသည့်ပေးလိုက်သော ဓာတ်ပုံများနှင့် စာတို့ စာရေးသူထံ ရောက်ရှိလာခဲ့ပါသည်။

မစိုးစိုး ရေးသား ရိုက်ကူး ပေးပို့လိုက်သောစာနှင့် ဓာတ်ပုံတော်များကို အောက်တွင် ဖော်ပြလိုပါသည်။ မစိုးစိုး၏ စာပါအကြောင်းအရာများမှာ-

**မြင်းခြံမြို့**
**ဒေါ်အမာကြည်(ခေါက်ဆွဲ)အိမ်၌**
**သက်ရှိထင်ရှား**
**ရွှေကံကူလေပုံသစ်တော်**
**ရုပ်ရှင်တော်မြတ်၏**
**ဓာတ်ပုံတော်မှထူးခြားချက်များ**

၁။ ရုပ်ရှင်တော်မြတ်၏ ဘယ်မျက်လုံးတော်သည် စတင် ပူဇော်သည့် ၂၀၁၁ နှစ်ကုန်အောက်မှစ၍ လုံးဝ ငြိမ်သက်ခြင်းမရှိဘဲ အနည်းငယ်ပွင့်နေသကဲ့သို့ လှုပ်ရှားနေပါသည်။

၂။ ယနေ့/ ယခု သတိထားမိသည့် ၄-၁၂-၂၀၁၃၊ ဗုဒ္ဓဟူးနေ့ ညအချိန်၌ ရုပ်ရှင်တော်မြတ်သည် ဘယ်၊ ညာ မျက်လုံးစုံပွင့်၍ မျက်အိမ်တော်ပင်မြင်ရသည်ဟု ထင်ယောင်ထင်မှားဖြစ်မိပါသည်။

၃။ ၅-၁၂-၂၀၁၃၊ ကြာသပတေးနေ့ ညအချိန်၌ ရုပ်ရှင်တော်မြတ်သည် နှာခေါင်းတော်မှ ရဟန္တာအသွင်၊ ပုဂ္ဂိုလ်အသွင်နှင့် မောင်ရင်ပေါ် ချောက်ဆရာတော်ကြီး ဦးဝါယမနှင့် နဂါးရုံဘုရားပုံဟု မှတ်ချက်ချလောက်အောင် ဖူးတွေ့ရပါသည်။ ထိုည၌ပင် ရုပ်ရှင်တော်မြတ်သည် မျက်လုံး (၂) ဖက်စလုံး သိသာစွာ ပွင့်၍ မျက်အိမ်တော်၊ မျက်ဆန်တော် မြင်ရသည်အထိ သိသာစွာ ပွင့်ပြီးလျှင် မငြိမ်သက်ဘဲ ဘယ်၊ ညာယမ်း၍ လှုပ်လှုပ်ရှားရှားဖြစ်နေပါသည်။ အိမ်ရှိ ကလေး၊ လူကြီးများ ထင်ယောင်ထင်မှားမဟုတ်ဘဲ သေချာစွာ ဖူးတွေ့ရပါသည်။

သို့ဖြင့် လက်ကိုင်ဖုန်းဖြင့် မှတ်တမ်းတင်လိုက်ရာ ဖုန်း၌ပင် ပို၍ထူးခြားစွာ နှုတ်ခမ်းတော်မှစ၍ စကားများပြောနေသယောင်၊ မိန့်ကြားသယောင် ထင်ထင်ရှားရှားတွေ့ရပါသည်။

ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်မှာ လုံးဝငြိမ်သက်ခြင်းမရှိဘဲ သက်ဝင်ခြင်းများ၊ ပြောင်းလဲမှုများနှင့် ထူးထူးခြားခြား ဖူးတွေ့ရပါသည်။

၄။ ၆-၁၂-၂၀၁၃၊ သောကြာနေ့ နံနက်၌ ဈေးဆိုင်သို့လာသော ကြုံလာသူ မိတ်ဆွေများအား ဖုန်းဖွင့်၍ဖူးမြော်ခိုင်းရာ ညက အတိုင်းပင် ဖူးတွေ့ကြရပါသည်။

၅။ ၆-၁၂-၂၀၁၃၊ နံနက် (၁၀) နာရီကျော်အချိန်တွင် ဖုန်းထဲ၌ ရုပ်ရှင်တော်မြတ်၏နဖူးသင်းကျစ်တော်အထက် မကိုဋ်အလယ် ရတနာ၏ ညာဘက်ဘေးမှ ရောင်ခြည်တော် အနည်းငယ်ကွန့်မြူးသည်ဟု မြင်ရလောက်အောင် ဖူးတွေ့ရပါသည်။ ရုပ်ရှင်တော်မြတ်ကြီးသည် ပါးချိုင့်ခွက်ကြီးကြီးများပေါ်သည်ထိ နှုတ်တော်ဖွင့်ဟပြုံးရယ်ပြနေသည်။ နှုတ်မြွက်စကားမိန့်ကြားနေသည်ဟု ထင်မှတ်မှားလောက်အောင် ထူးထူးခြားခြား ဖူးတွေ့ကြရပါသည်။

(မှတ်ချက် - ဦးဘို၊ ဘုရားဓာတ်ပုံများကို သေချာစွာကြည့်ပြီးလျှင် ဖြစ်နိုင်၊ မဖြစ်နိုင် ဝေဖန်ပိုင်းခြားပေးပါဦး။)

မြင်းခြံမြို့နှင့်ပတ်သက်၍ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များမှ ထူးခြားမှု ကြုံတွေ့ရသူ နောက်တစ်ဦးမှာ ဦးသောင်းဝင်း၊ ဒေါ်နှင်းနှင်းဦးနှင့် သားမောင်ဖိုးသားခေါ် မောင်ငြိမ်းဇော်တို့ ဖြစ်ပါသည်။ ဤမိသားစုသည် မြင်းခြံမြို့ ဇာတိအစစ်ဖြစ်သော်လည်း စက်မှုလယ်ယာအစိုးရဝန်ထမ်းများဖြစ်၍ စဉ့်ကိုင်မြို့သို့ တာဝန်ဖြင့်ပြောင်းရွှေ့လာခဲ့ကြပြီး အလုပ်မှထွက်ကာ စဉ့်ကိုင်မြို့ အုန်းပင်ခြံရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းမကြီးနံဘေးတွင် အခြေချနေထိုင်လျက်ရှိကြသူများ ဖြစ်သော်လည်း ယခင်က အကြောင်းဆက်စပ်မှုမရှိသဖြင့် စာရေးသူတို့မိသားစုနှင့် သိကျွမ်းခင်မင်ခြင်းမရှိခဲ့ကြပါ။ ၂၀၁၀ ပြည့်နှစ်တွင်မှ ရုပ်ရှင်တော်မြတ်အား သိရှိကြရပြီး စာရေးသူတို့နှင့် မိသားစုသဖွယ် ခင်မင်ရင်းနှီးခဲ့ကြသူများ ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင် ၎င်းတို့၏ အုန်းပင်ခြံရပ် နေအိမ်သို့ ပင့်ဆောင် ပူဇော်ခဲ့ကြပြီး ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဘုရင့်နောင်တပ်မတော်(ရေ)အရာရှိရိပ်သာတွင် နေထိုင်လျက်ရှိသော သမီးဖြစ်သူ ဗိုလ်ကြီးကျော်လင်းထွန်း၊ မဝေနွယ်ဝင်းတို့၏ နေအိမ်သို့လည်း ပင့်ဆောင်စေခဲ့ရာမှ ဗိုလ်ကြီးကျော်လင်းထွန်း၊ မဝေနွယ်ဝင်းတို့သည် ရုပ်ရှင်တော်မြတ်နှင့် မယ်တော်ကြီးတို့ကို အထူး ကြည်ညိုသွားခဲ့ကြပြီး နှစ်စဉ် ပင့်ဆောင်ပူဇော်ခဲ့ကြသကဲ့သို့ ဦးသောင်းဝင်း၊ ဒေါ်နှင်းနှင်းဦးတို့သည်လည်း ၂၀၁၃၊ ဇူ လိုင်၊ ၁၇ ရက်နေ့တွင် အုန်းပင်ခြံနေအိမ်သို့ ပင့်ဆောင် ပူဇော်ခဲ့ကြပါသေးသည်။

ဦးသောင်းဝင်း၊ ဒေါ်နှင်းနှင်းဦးတို့သည် ရုပ်ရှင်တော်မြတ်ကို သိရှိသောအချိန်မှစ၍ ရွှေကံကူရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို နေအိမ်တွင် ပူဇော်ထားရှိခဲ့ပါသည်။ ဦးသောင်းဝင်း၊ ဒေါ်နှင်းနှင်းဦးတို့သည် လယ်ထွန်စက်များ တည်ထောင်ထားရှိပြီး စက်မောင်းဆရာများနှင့် လယ်ယာများကို အငှားထွန်ယက်ပေးပါသည်။ ဤမိသားစုသည် ဆက်ဆံရေးနှင့် စေတနာပါ ကောင်းမွန်လှသောကြောင့် လယ်သမား၊ ယာသမား၊ ခြံသမား ဖောက်သည်မိတ်ဆွေများ ပေါများလှပါသည်။ ဦးသောင်းဝင်းသည် ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို နေအိမ်တွင် ပင့်ဆောင်ထားရုံသာမက လယ်ထွန်စက်မှန်တွင်လည်း ပုံတော်သေးသေးလေးကို ပူဇော်ထားရှိပါသေးသည်။ လယ်ထွန်စက်များမှာ မိုးထဲရေထဲ၊ ရွှံ့ဗွက်ထဲတွင် အမြဲလိုလိုမောင်းနှင်နေကြရသောကြောင့် တစ်နှစ်တစ်ရာသီကုန်ဆုံးလျှင် ထွန်စက်များကို သံချေးများပွတ်တိုက်ပြီး ဆေးပြန်မှုတ်လေ့ရှိပါသည်။

တစ်ခါတွင် ထိုကဲ့သို့ ထွန်စက်ကို ဆေးမှုတ်ရာ၌ ရုပ်ရှင်တော်မြတ်၏ ပုံတော်ကို ဖြုတ်ခွာထားရှိရန် မေ့လျော့ခဲ့ပါသည်။ ဆေးသုတ်ဆရာသည်လည်း



www.burmeseclassic.com

www.burmeseclassic.com

ထိုပုံတော်ကို ဂရုမပြုမိဘဲ တစ်ပြေးညီ ပန်းဆေးဘူးဖြင့် မှုတ်ချလိုက်ပါသည်။ ဆေးသုတ်ခြင်းကိစ္စ ပြီးစီးသောအခါမှ ဦးသောင်းဝင်း၏ သားငယ် မောင်ငြိမ်းမောင်မှ ဓာတ်ပုံတော်ကို သတိရမိပြီး ထွန်စက်ဆီသို့ အပြေးသွားရောက်ကြည့်ရှုရာ ထူးဆန်းလှသောအဖြစ်ကို တွေ့ရှိရပါတော့သည်။ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တစ်ခုလုံး ဆေးတို့ဖြင့် စွဲထင်လျက်ရှိသော်လည်း ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်၊ ကိုယ်လုံးတော်တို့မှာ ထွင်းဖောက်ထားသကဲ့သို့ ဆေးတို့ မစွန်းထင်းဘဲရှိနေသည်ကို အံ့သြဖွယ် တွေ့ရှိလိုက်ကြရ၍ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကို အံ့သြမဆုံးဖြစ်ကြရပါသည်။

ထို့နောက် ထိုလယ်ထွန်စက်ကို ကျောက်ဆည်မြို့နယ်အတွင်းရှိ ဘာသာခြားများချည်းသာနေထိုင်သောကျေးရွာမှ ငှားရမ်းပါသည်။ ညနေမိုးချုပ်သောအခါ ထွန်ယက်ရန် မြေကွက်များကျန်ရှိနေသေး၍ မနက်ဖြန် လာရောက် ထွန်ယက်ရဦးမည် ဖြစ်ပါသည်။ ဦးသောင်းဝင်း၏နေအိမ်နှင့် ထိုရွာမှာ (၁၀) မိုင်မျှကွာဝေးလျက်ရှိရာ အသွား၊ အပြန် မိုင် (၂၀) ခရီး ဖြစ်ပါ၏။ ထိုမိုင် (၂၀) ခရီးမှာ လယ်ထွန်စက်ကြီးတွင်မူ မောင်းနှင်မည်ဆိုပါက ဆီဂါလန်တော်တော်များများ ကုန်မည် ဖြစ်ပါသည်။ ထို့အပြင် အရှေ့တွင်ဆိုခဲ့သည့်အတိုင်း ဦးသောင်းဝင်း၊ ဒေါ်နှင်းနှင်းဦးတို့သည် ဆက်ဆံရေးကောင်းမွန်လှသောကြောင့် ရွာတိုင်းရွာတိုင်းတွင် မိတ်ရင်းဆွေရင်းများရှိပြီး ဦးသောင်းဝင်းတို့၏ ပစ္စည်းပစ္စယများကို ထိန်းသိမ်းပေးလျက်ရှိကြပါသည်။

ထို့ကြောင့် ယခုလည်း ထွန်စက်ကြီးကို ထိုရွာမှာပင် မြေကွက်ရှင်၏အထံ အပ်နှံခဲ့ပြီး ပြန်ခဲ့ကြပါသည်။ နောက်တစ်နေ့နံနက်တွင် ဦးသောင်းဝင်းတို့ ထိုရွာသို့ ပြန်လည်သွားရောက်ပြီး လယ်ထွန်စက်ကို ပြန်လည်ထုတ်ယူ၍ ကြည့်ရှု စစ်ဆေးသောအခါ မည်သည့်အရာဝတ္ထုမျှ ခြေရာလက်ရာပျက်ယွင်းခြင်း မရှိသော်လည်း ရုပ်ရှင်တော်မြတ်၏ ပုံတော်မှာ မတွေ့ရှိရတော့ပါ။ ဤအိမ်တွင် ထွန်စက်ပေါ် တက်ရောက် ဆော့ကစားမည့်ကလေးငယ်လည်းမရှိပါ။ အိမ်ရှင်တို့မှာလည်းရိုးသားပြီး ဦးသောင်းဝင်းတို့ကို အလွန်လေးစားကြသူများဖြစ်၍ ဤပုံတော်ကို ဖြုတ်ယူခြင်း မဖြစ်နိုင်ပါ။ အလွန်ပင် ထူးဆန်းလွန်းလှပါ၏။

ရှေ့ဆောင်းပါးများတွင် ဖော်ပြပါရှိခဲ့သည့်အတိုင်း ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တို့သည် အချို့သူများထံသို့ အလိုအလျောက် ကြွရောက်တော်မူလာသကဲ့သို့ ပင့်ဆောင် ပူဇော်သူများထံမှလည်း အလိုအလျောက် ပြန်လည်ကြွရောက်တော်မူသွားခြင်း ဖြစ်ပေမည်။ ထိုယူဆချက်မှာ မှန်ကန်ပါ၏။ အဘယ်ကြောင့်ဆိုသော် ၂၀၁၃ ခု၊ ၁၂ လပိုင်း၊ ၅ ရက်နေ့တွင် ပြင်ဦးလွင်မြို့မှ ဒေါ်အေးမြစမ်း ရောက်ရှိလာ၍ စကားစပ်မိရာ ပြောဆိုကြရင်း -

"ဆရာရယ်၊ ရွှေကံကူပုံတော်တွေက အလိုအလျောက် တခြားတစ်နေရာကို ကြွသွားတတ်တယ်နော်။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ကျွန်မ မိုးကုတ်ကို သွားခဲ့တယ်။ ကျွန်မကလည်း ထုံးစံအတိုင်းပေါ့။ ရွှေကံကူဓာတ်ပုံတော်တစ်ပုံကို သွားလေရာပင့်ဆောင်လေ့ရှိတဲ့အတိုင်း ပင့်သွားတာပေါ့။ ဟိုတယ်အိပ်ခန်းခေါင်းရင်းမှာ ညအိပ်ရာဝင်ခင် ပူဇော်ထားခဲ့တာ မနက်အိပ်ရာနိုးတော့ ဘုရားပုံတော်ကို ဖူးလိုက်တဲ့အခါ မရှိတော့ဘူး ဆရာရယ်။ ဟိုတယ်ခန်းက သန့်ပြန့်ရှင်းလင်းနေတာ ဘယ်နေရာမှကျစရာ၊ ညပ်စရာမရှိဘူး။ အခန်းထဲမှာလည်း ကျွန်မနဲ့ အဖော်ကောင်မလေးပဲ ရှိတာ။ ဘယ်လိုမှပျောက်စရာအကြောင်း မရှိဘူး ဆရာရဲ့။ နောက်မှကျွန်မစဉ်းစားမိတာ ဆရာပြောသလို ဓာတ်ပုံတော်က တခြားတစ်နေရာကို တန်ခိုးတော်နဲ့ကြွသွားတာရယ် ဒါမှမဟုတ် နတ်တွေက ပင့်ဆောင်ပူဇော်သွားတာရယ် တစ်ခုခုပဲဖြစ်ရမယ်လို့"

ဟူ၍ ပြောပြပါသည်။

ဒေါ်အေးမြစမ်းမှာ အခြားသူမဟုတ်ပါ။ တစ်ချိန်က ရုပ်ရှင်လောကတွင် နာမည်ကြီးခဲ့သော ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေသစ်၏ တူမအရင်းဖြစ်ပြီး ယနေ့ရုပ်ရှင်နှင့်ဗွီဒီယိုလောကတွင် ထိပ်တန်းသရုပ်ဆောင်ဖြစ်လျက် 'တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ' ရုပ်ရှင်ဇာတ်ကားကြီးဖြင့် အထူးအောင်မြင်ကျော်ကြားလျက်ရှိသော ရုပ်ရှင်၊ ဗွီဒီယိုသရုပ်ဆောင် နဝရတ်၏မိခင် ဖြစ်ပါသည်။ ဒေါ်အေးမြစမ်းသည် စာရေးသူ၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်ပြီး ကျန်းမာရေးအရ ပြင်ဦးလွင်တွင် နေထိုင်လျက်ရှိရာ ၂၀၁၂ ခုနှစ်၊ ၉ ရက်၊ ၉ လ ရွှေကံကူဗုဒ္ဓပူဇနိယ ပွဲတော်နေ့ မတိုင်မီတွင်မှ အောင်မြေသို့ စတင်ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ စာရေးသူထံတွင်လည်း ဆေးသိဒ္ဓိသစ္စာရေဖြင့် ဆေးကုသမှုခံယူရင်း စာရေးသူနှင့် ခင်မင်ရင်းနှီးခဲ့ရာမှ တစ်လတစ်ကြိမ်ခန့် အောင်မြေသို့ ပြင်ဦးလွင်ထွက်ဘုရားပန်းများစွာနှင့်အတူ ရောက်ရှိလာတတ်မြဲ ဖြစ်ပါသည်။

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်တို့သည်ကား နေ့စဉ်နှင့်အမျှ ပင့်ဆောင်ပူဇော်ကြသူတို့ရှိနေ၍ အရွယ်စုံ၊ ဆိုဒ်စုံ၊ ပုံတော်စုံ ဖျံ့နှံ့လျက်ရှိပါ၏။ ပုံတော်တိုင်းမှ ထူးခြားမှုတို့ မဖြစ်ပေါ်သော်လည်း၊ ပင့်ဆောင်ပူဇော်သူတိုင်းတွင် ထူးခြားမှုတို့ မကြုံရသော်လည်း - အချို့သောသူများတွင် ထူးခြားမှုများ ကြုံတွေ့ရဦးမည်သာ ဖြစ်ပါ၏။ ယခုလည်း စာရေးသူကို ပြန်လည်ပြောပြသူများ၏ အကြောင်းအရာများကိုသာ စာရေးသူ သိရှိ၍ ပြန်လည်ရေးသား ဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။ စာရေးသူ မသိရှိသော ထူးခြားမှုတို့များစွာ ကျန်ရှိနေမည်မှာ သေချာလှပါ၏။

အထက်ပါ အကြောင်းအရာတို့သည် ထူးခြားဆန်းကြယ်လှပါ၍ ဖြစ်နိုင်စရာ၊ ယုံကြည်နိုင်စရာအကြောင်း မရှိပါ။ သို့သော် တကယ်ဖြစ်ပေါ်လျက်ရှိကြခြင်းသာဖြစ်ပါ၍ ၂၃-၁-၂၀၁၃ရက်နေ့တွင် စဉ့်ကိုင်မြို့ပေါ်မှ ကျောင်းထိုင်ဆရာတော်ကြီးများအား ညဝတ်အနေ့ထည်များ လှည့်လည်ဆက်ကပ်လှူဒါန်းရင်းဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ မှုလမ္မာစရိယ ရွှေကျီးနားကျောင်းတိုက်ဆရာတော်ကြီး ဦးဝေပုလ္လအား မေးမြန်းလျှောက်ထားကြည့်ရာ -

"တို့ရဲ့ဘုရားက တန်ခိုးတော်အနန္တလို့ဆိုထားတယ်။ ဒါကြောင့် လူတွေ ကြံစည်စိတ်ကူးလို့ ဉာဏ်မမီနိုင်တဲ့ တန်ခိုးတော်တွေကို အခုလို တွေ့ကြုံရတာ ဖြစ်တယ်။ ယုံကြည်ရင် ယုံကြည်သလို ထူးခြားပြီး ချမ်းသာသုခတွေ ရရှိနိုင်တယ်။ ဒါကြောင့် ဆုတောင်းပြည့်တယ်ဆိုတာကလည်း မှန်တာပဲကွယ်"

ဟု မိန့်ကြားတော်မူပါသည်။

*(လူသားအပေါင်းတို့သည် ဗုဒ္ဓကိုတွေ့ရှိ၍ ဗုဒ္ဓကို အကြွင်းမဲ့ ကိုးကွယ်ယုံကြည်ကြသူများဖြစ်ကာ လောကချမ်းသာ၊ သံသရာချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေဟု ဆန္ဒပြုလျက်)*

ဘိုဘို (ရွှေကံ[illegible])

www.burmeseclassic.com

www.burmeseclassic.com



# ရတနာဒေဝီ

## ပေးကားပေး၏ မရ

'ပေးကားပေး၏၊ မရ' ဆိုသည့် စကားဆိုလေးတစ်ခုကို လူတိုင်းသိကြသည်ဟုယုံကြည်ပါသည်။ စာဖတ်သူတို့အတွက် ပေးတိုင်းမရသည့်အကြောင်းများကို သိရှိကြစေရန်ပါးလိုက်သော စာရေးသူ၏ လက်ဆောင်ဟုသာ မှတ်ယူလိုက်ကြပါ။

စည်းစိမ်ဥစ္စာအမွေအနှစ်ဟူသမျှသည် ပေးသူက မည်သို့ပင်ပေးပါစေ သတ်ခံသူနှင့် မထိုက်တန်လျှင် လက်ဝယ်ရောက်ရှိမလာပါ။ ဘိုးဘွားမိဘတို့၏ချမ်းသာခြင်းကို စံထိုက်သူ သားမြေးများတသာ ရရှိနိုင်ပါ၏။ မစံထိုက်လျှင်ဖြင့် ဥစ္စာတို့သည် စံထိုက်သူထံ ရောက်သွားရစမြဲ ဖြစ်ပါသည်။ ဆိုစကားကပင် အရှင်းကြီးဖြစ်နေပါသည်။မွေခံထိုက်စေမှတော့ပါလား။ ထိုက်မှသာ အမွေပုံကို ခံစားရမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပါ။

စာရေးသူငယ်စဉ်က ဆွေမျိုးများက ဥစ္စာစောင့်ဟု ခေါ်တတ်ကြပါသည်။ ခင်၏ အစ်မ အပျိုကြီးနှစ်ဦး၏ အမွေကို လက်ခံရမည့်သူမှာ ကျွန်မမှတစ်ပါး အခြားမရှိခဲ့ပါ။ သို့ငြားလည်း တံကြမ္မာမျက်စိမှောက်ကာ ပေးပြီးသား အမွေထုပ်ကို အဒေါ်ငယ်ကွယ်လွန်သည့် ရက်လည်နေ့မှာပင် ဒေါ်ကြီးက ပြန်တောင်းယူကာ မွေးဇာတိသို့ ပြန်သွားခဲ့ပါ၏။ ဒေါ်ကြီးပြန်လာသည့်အချိန်၌ ဝတ်စုံလေးနှစ်စုံမျှသာ ပါလာပါတော့သည်။ လျှုဒါန်းသင့်သမျှ အကုန်လှူဒါန်းကာ အမွေထုပ်ကြီးကျပျောက်ခဲ့ပြီဟုဆိုပါ၏။ ကျွန်မမှာ နာမည်ခံ ဥစ္စာစောင့်ကြီးဖြစ်ခဲ့ရပါသည်။

မိခင် ငယ်စဉ်က (၂၃) လမ်းရန်ကုန်တွင် ကြီးပြင်းခဲ့ပါသည်။ မေမေ့အဒေါ်ငယ်က အပျိုကြီးပါ။ အိပ်မက်မကြာခဏပေးကာ အိမ်နောက်ဖေးမန်ကျည်းပင်ကြီးအောက်လာခဲ့ရန် ပြောပါသည်။ တစ်ယောက်တည်းလာရန်ပြောပြီး ထိုအမျိုးသမီးသည် ရှေးနှန်းဝတ်နန်းစား ဖက်ဖူးရောင်ဝတ်စုံနှင့် ဆံပင်ရှည်ကြီးကို ဖားလျားချထားပါ၏။ မိဘများက တင်းကျပ်စွာ အုပ်ချုပ်ခဲ့၍ အိမ်ဝိုင်းအိမ်ထဲမှလွဲ၍ ဘယ်မှမသွားတတ်ပါ။ သွားလည်းမသွားဝံ့၍ အစ်မလတ်ကိုပြောပြမှ အစ်မက သွားလိုက်ပါဟု တိုက်တွန်း၍ ညနေစောင်း နောက်ဖေးခြံဝိုင်းတံခါးအပြင်ဘက်ရှိ မန်ကျည်းပင်အောက်သွားခဲ့ပါသည်။ ဖက်ဖူးရောင်အမျိုးသမီးကို ရိပ်ခနဲမြင်လိုက်ရပြီး မန်ကျည်းပင်အောက်၌ မြေအိုးလေးတစ်လုံးကို တွေ့ရပါတော့သည်။ နှုတ်ခမ်းမှဆွဲယူလိုက်ရာ အလွယ်တကူပင် ပါလာခဲ့ပါသည်။ မြေအိုးလေးယူပြီး အိမ်ထဲရောက်မှ အစ်မနှင့်အဖုံးလှပ်ကြည့်လိုက်ရာ မီးသွေးခဲများသာ တွေ့ရပါ၏။

ကြားဖူးနားဝဖြင့် မီးသွေးခဲများကို ကွမ်းအစ်ထဲ ထည့်ထားလိုက်ပါသည်။ နှုတ်စီးသူမှ 'ဘာလို့ ကွမ်းအစ်ထဲ ရွှေထည့်ထားသလဲ' ဟု မြင်တွေ့၍ပြောပါမှ မီးသွေးခဲများ ရွှေပြန်ဖြစ်သွားသည်ဟု ယုံကြည်ကြတာကိုး။ အဘွားတွေသာ ကွယ်လွန်သွားကြပါသည်။ မီးသွေးခဲကတော့ ရွှေပြန်မဖြစ်လာတော့ဟု သိရပါ၏။ သိနားလည်သူတို့က အိပ်မက်ရသူက မည်သူမျှမပြောဘဲ ကိုယ်တိုင်သွားယူမှ ပေးသည့်ပစ္စည်းကို အမှန်အကန်ရပါသည်တဲ့။

နောက်တစ်ဦးက အဘွား၏အစ်မ ပြည်မြို့၌နေသူပါ။

အိပ်မက်ထဲ-

"ကြေးဆင်းတုကြီးရှေ့ လာခဲ့ပါ။ ရွှေအိုးကို တူးယူပါ"

ဟု ဆိုပါသည်။

မြွေများမြင်လျှင်

"ခေါင်းခုခွေက ခေါင်းခုခွေလိုနေ၊ သစ်ကိုင်းခြောက်က သစ်ကိုင်းခြောက်လိုနေ"

ဟု အမိန့်ပေးလိုက်ပါတဲ့။ သတိပေးလိုက်သည်က ရွှေအိုးကို လက်ဝယ်ရပြီးလျှင် ကြေးဆင်းတုကြီးကို မော့၍မကြည့်မိပါစေနှင့်တဲ့။

ဘွားလေးက မကြောက်တတ်သူမို့ တူးရွင်းပြားလေးယူကာ ညနေဘက်ကြေးသွန်းဘုရားဘက်သွားခဲ့ပါသည်။ ဘုရားကြီးကိုဝတ်ပြုကာ တူးရွင်းငယ်ဖြင့်တူးဆွပါတော့သည်။ တစ်တောင်ခန့်ပင်မတူးလိုက်ရပါ။ မြေအိုးကြီးတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရပါသည်။ မြေအိုးပေါ်နှင့် မြေအိုးပတ်လည်တွင်မူ မြွေများလူးလွန့်၍သွားနေကြပါ၏။

အိပ်မက်အတိုင်း -

"ခေါင်းခုခွေက ခေါင်းခုခွေလိုနေ၊ သစ်ကိုင်းခြောက်က သစ်ကိုင်းခြောက်လိုနေ"

ဟု အမိန့်ပေးလိုက်ရာ မြေအိုးပေါ်ရှိမြွေများအစား ခေါင်းခုခွေတစ်ခုနှင့် သစ်ကိုင်းခြောက်များသာတွေ့ရပါတော့သည်။ မြေအိုးကို မ,ယူလိုက်ရာ အလွယ်တကူပင် ရပါသည်။ မြေအိုးကိုရပြီးခါမှ စိတ်ထဲတွင် ကြေးသွန်းဘုရားကြီးအား မော့ကြည့်လိုစိတ်ကို ထိန်းမရတော့၍မော့အကြည့် ဘုရားကြီးက တဟီးဟီးရယ်ပြပါတော့သည်။ လက်မှ မြေအိုးရော တူရွင်းကိုပါပစ်ချပြီး အိမ်ရောက်ရန် ဒုန်းစိုင်း၍ပြေးခဲ့ရပါပြီ။ 'ဖွတ်မရ မားအဆုံး' ဆိုသလို ရွှေအိုးမရလိုက်ဘဲ တူရွင်းလေးပါဆုံးရှုံးခဲ့ပါတော့သည်။

မိခင်က အဒေါ်အရင်းအချာအကြောင်း ပြောပြထားခဲ့၍ ငယ်စဉ်ကပင် ဥစ္စာပစ္စည်းများအပေါ် တပ်မက်စွဲလမ်းစိတ်မထားခဲ့ပါ။ ထိုက်လျှင်ရလိမ့်မည်ဟု တစ်ဘဝလုံး ကံယုံမင်းသမီးအဖြစ်နေတတ်လာခြင်းပါ။ ဥစ္စာစောင့်ပေးသည့်ပစ္စည်းပင်မဟုတ်၊ အမွေကိုပင်မရခဲ့တာ မည်သို့မျှခံစားခဲ့ခြင်းမရှိခဲ့ပါ။

နောက်တစ်ဦးက စာရေးသူတို့မြို့မှ တကယ့်အဖြစ်အပျက်တစ်ခုပါ။ သူဌေးသမီးက ကျပန်း ထင်းခွဲ၊ ရေခပ်ဆင်းရဲသားနှင့် ကြိုက်မိ၍ သေခန်းပြတ်ကာ အိမ်ပေါ်မှနှင်ချခံခဲ့ရပါသည်။ သမီးဦးလေးမွေးဖွားတော့ အားငယ်ခဲ့သည့်စိတ်၊ အာဟာရမပြည့်ခြင်းတို့ကြောင့် မီးတွင်းမှာပင် ကွယ်လွန်သွားရှာပါ၏။ ဘကြီးဒေါ်ကြီးများက နီတာရဲတူမလေးကို ဖခင်ထံမှ ခေါ်ယူသွားကြပါသည်။ ဖခင်ဖြစ်သူကလည်း ကျွေးမွေးပြုစုနိုင်စွမ်းမရှိ၍ ခေါင်းငုံ့ကာ ကျန်ခဲ့ရပါ၏။

မိခင်ကို မကျေနပ်သမျှ ကလေးငယ်အပေါ် ဒေါသများပုံချခြင်းခံခဲ့ရရာ ဝမ်းဝရုံကျွေး၍ အိမ်ကြီး၏တာဝန်ကို အခိုင်းအစေပမာ လုပ်ဆောင်ပေးရရှာပါ၏။ မျက်ရည်လည်ရွဲဖြစ်တိုင်း အိမ်နောက်ဖေးမှ မိန်းမချောချောတစ်ဦးက လက်ယပ်ခေါ်နေသည်ကို တွေ့ရပါသည်။ တစ်ရက်တော့ ခေါ်သူထံသွားလိုက်ရာ အများသွားသည့်လမ်းဘေး၌ ရေစည်ပိုင်းအခွေကြီးအလယ်၌ ကြေးအိုးလေးပစ်လုံးကို မြင်ရပါသည်။ ခေါ်သူက လက်ညှိုးညွှန်၍ ယူရန်ခြေဟန်လက်ဟန်ပြသဖြင့် ကြေးအိုးလေးကို မြေကြီးထဲမှဆွဲယူကာ အိမ်ပိုင်းထဲ ပြေးဝင်သွားပါသည်။ လမ်းမပေါ်မှ လူတစ်ဦးစနှစ်ဦးစက ထိုအဖြစ်ကို မြင်သွားကြပါ၏။ ဧည့်ခန်းတွင် ဧည့်သည်ရောက်နေသော်လည်း ငယ်ရွယ်သူဖြစ်၍ နားမလည်နိုင်ရှာဘဲ ဘကြီးနှင့် ဒေါ်ကြီးကို ကြေးအိုးလေး လှမ်းပေးလိုက်ပါသည်။

"ဒီအိုးကို နင်ဘယ်ကရလာတာလဲ"

ဟု မေးတော့မှ ညနေဘက် မင်းသမီးလို အစိမ်းရောင်အဝတ်အစားဝတ်ထားသူက ခေါ်နေ၍ သွားမိရာမှ တွေ့ရှိရကြောင်း၊ ခေါ်သူမှာ ဆံပင်ရှည်ကြီးကို ဖြန့်ချထားကြောင်း ပြောပြပါသည်။ အဒေါ်က အိုးထဲမှ ပစ္စည်းတစ်ခုကို ဆွဲယူ ပိုက်ပါသည်။ ပစ္စည်းများမှာ စိမ်းဖန့်ဖန့်ရေညှိများတက်နေပါ၏။ ရေညှိကို လက်သည်းနှင့်ကုတ်ကြည့်ရာ ဝင်းအိနေသည့် အဝါက်ရွှေကို မြင်လိုက်ရပါသည်။ ဧည့်သည်များရှေ့တွင် စကားလွဲကာ ရွှေအိုးကို အိမ်ထဲယူချသွားပါသည်။ အများစုကတော့ သေသူမိခင်က ဥစ္စာစောင့်ဖြစ်သွားပြီး သမီးကို ရွှေအိုးပေးလိုက်သည်ဟု ကျော်ကြားနေခဲ့ပါ၏။ ကလေးမလေးကတော့ မည်သည့်အမွေမျှ မရရှာပါ။ ဝမ်းဝခါးလှရုံသာ နေခဲ့ရပါသည်။ ကလေးမလေးမှာ ပေးသူကပေးသော်လည်း မထိုက်ရှာ၍ တစ်နည်းပြောရလျှင် ငယ်ရွယ်၍ နားမလည်သူမို့ ခံစားခွင့်မရှိခဲ့ခြင်းပါ။

မိုးကုတ်၌ တွင်းထွက်ရတနာများကို လူအများ တူးယူကြပါသည်။ တူးတိုင်းမရကြပါ။ ထမင်းဖိုးကျေရုံသာရှိသလို အရင်းဆုံးကြသူများလည်းရှိခဲ့ပါသည်။ အမှန်က ရထိုက်သူ၏ သူ့အစု၊ သူ့အပုံကို မမြင်အပ်သည့် ပုဂ္ဂိုလ်တစ်ဦးက စောင့်ရှောက်ထားခဲ့ပါသည်။ ပစ္စည်းအစု၌ ပိုင်ရှင်၏နာမည် ရေးမှတ်ထားရာ ပိုင်ရှင်တူးဖော်မှသာလျှင် စောင့်ရှောက်သူက ပစ္စည်းများကို လုပ်ကွက်၌ထားပေးရသည်ဟု သိရပါသည်။

လူကြီးများ၏ တစ်ဆင့်စကားအရ ဝိဇ္ဇာ၊ ဇော်ဂျီ၊ နတ်ကောင်းနတ်မြတ်နှင့် ဥစ္စာစောင့်များသည် ကူညီထိုက်သူအားဥစ္စာကိုပေးတတ်ကြပါသည်။ ထိုက်တန်သူသာရရှိ၍ မစံထိုက်သူမှာ ဘာမှမရနိုင်ပါ။ လူတစ်ဦး တောထဲသွားလျှင် မြေကြီးကိုသာ ငုံ့ကြည့်၍ သွားတတ်ပါသည်။ ထို့ကြောင့် မြေကြီးပေါ်၌ ရွှေအိုးကို ချပေးထားပါသည်။ ထိုနေ့တွင်မှ မြေကြီးကို မကြည့်တော့ပါဘဲ သစ်ပင်ကို မော့ကြည့်၍သွားခဲ့ပါသည်။ နောက်တစ်ရက် သစ်ကိုင်းထက် ရွှေအိုးကိုချိတ်ဆွဲထားပြန်သော်လည်း မြေကြီးသာ ငုံ့ကြည့်ပြီးသွားသဖြင့် ရွှေအိုးနှင့်လွဲခဲ့ရပါ၏။ ပေးတိုင်း မရယူနိုင်သည့် အဖြစ်ပါဘဲ။

ရွှေ ငွေဥစ္စာများသာမက ရာထူးဂုဏ်သိန် စသည်တို့ကလည်း နားထိုက်သူ့ထံနားကြခြင်း ဖြစ်ပါသည်။ စကားပုံပင် ရှိပါသေးသည်။

'မင်းဖြစ်မယ့်သူ ရာဇပလ္လင်ကပ်လေ။

လူသားအားလုံး လောဘသတ်၍ ထိုက်တန်သမျှ ရယူတတ်ပါမှ နှလုံးစိတ်ဝမ်းအေးချမ်းပါလိမ့်မည်။ မထိုက်တန်သည်ကို မျှော်လင့်နေခြင်းသည် မိုးပေါ်က လကို လိုချင်သည့် ကလေးငယ်ပမာ ငို၍သာနေရပါလိမ့်မည်။

ဘုရားဟော ဇာတ်တော်တစ်ခု၌ လုလင်ငယ်တစ်ဦး ဆင်းရဲဒုက္ခဖြစ်နေသည်ကို မကြည့်ရက်သည့် ဘဝဟောင်းက အဖေတော်ခဲ့ဖူးသူ သိကြားမင်းက လူ့ပြည်သို့ဆင်းလာကာ လိုတရသည့် မြေအိုးလေးတစ်လုံးကို ပေးအပ်ခဲ့ပါသည်။ အထူးသတိပြုရမည်မှာ မြေအိုးကလေးကွဲသွားလျှင် လိုအင်ဆန္ဒများ မပြည့်စုံနိုင်ခြင်းကိုပါ။ ပြည့်စုံလာသည်နှင့် အရက်သေစာသောက်စားကာ မသူတော်များနှင့်သာ ပေါင်းဖော်၍ ပျော်ပါးနေခဲ့ပါသည်။ သေရည်ရစ်ကာ မြေအိုးငယ်ကို လက်မှမြှောက်၍မြှောက်၍ ကစားရာမှ မြေအိုးလေး မြေကြီးပေါ်ကျကွဲသွားခဲ့ပါ၏။

ထို့ကြောင့်လည်း 'သိကြားမင်းနားကင်းကြီးနှင့် ဆင်းကယ်တောင်မရ' ဟု ဥပမာပြုကြခြင်း ဖြစ်ပါမည်။ နတ်တို့သနင်း သိကြားမင်းပင် ကယ်၍မရခဲ့ပါ။ စံထိုက်သည့်ကံမရှိ၍ ကယ်ဆယ်ပါသော်လည်း အရာမရောက်ဘဲ အဟောသိကံဖြစ်ခဲ့ရပါသည်။ ပုထုဇဉ်လူသာမန်တို့၏ ကုသိုလ်ကံသည် ထူ့မတိုင်း၊ ကယ်တင်တိုင်းရလာမည်မဟုတ်ဟု ယုံကြည်ပါ၏။

ပေးကား ပေးကြပါ၏။ မရနိုင်ခဲ့ကြပါ။

ရတနာဒေဝီ



www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်လေးများ၏ကလေးသဘာဝ မည်သည်လည်း မှုမကွဲကြပါ။ ကလေးသည် ကလေးသာဖြစ်ပြီး ကလေးသိသည်လည်း ကလေးသိမျှသာဖြစ်သည်။ ကလေးက လူကြီးကြီးလိုသိတတ်သည် (သိသည်တတ်သည်) ကား သောင်းပေါက်၍ တစ်ယောက်မရှိကြပါ။

ပုံစံပြရပါမူ ငါတို့ ရန်ကုန် (သယ်န်းကျွန်း) လူအဖြစ်နေစဉ်က ငါတို့၏ခြေရင်းဝယ် မွန်တိုင်းရင်းသား ဦးစံပွင့်နှင့် ပအိုဝ့်တိုင်းရင်းသား အအေးကြိုင်တို့ လာရောက်နေကြ၏။ ၎င်းတို့၌ ထိုစဉ်က သားသုံးယောက် ထွန်းကား၏။ သားကြီး အုံးမြင့်က သုံးနှစ်ခန့်၊ အလတ် ကုလားက နှစ်နှစ်၊ အငယ် လှစိုးက တစ်နှစ်ခန့် ရှိကြရာ အကြီးနှစ်ယောက်ကား အဘွားဖြစ်သူ(ဒေါ်အေးကြိုင်၏အမေ) ဒေါ်လှသွယ်နှင့် နေကြရ၏။ အိပ်တော့လည်း အဘွားနှင့်ပင် အိပ်ကြရ၏။

ထိုစဉ် အဘွားသည် အိပ်ရာမဝင်မီ ဘုရားရှိခိုးသောအလေ့သင်ပေး၏။ အဘွားသည် အိပ်ရာဝင်ပြီး မအိပ်မီ ပုံပြင်ပြော၍သိပ်ပေး၏။ ဘုရားရှိခိုးအလေ့ စိတ်၌အမြဲမွေ့နေစေရန်ကိုကား ဘုရားရှိခိုးပြီးတိုင်း မုန့်ကျွေး၏။ နံနက်ဈေးသွားရင်းကပင် တစ်ခုမဟုတ်တစ်ခု ကြိုတင်ဝယ်လာခဲ့၏။

ညစဉ် (၇) နာရီအချိန် အဘွားနှင့်အတူ မြေးနှစ်ဦးတို့ ဘုရားရှိခိုးကြပြီ။ အဘွားသင်ပေးတိုင်း လိုက်ဆိုပြီးသည်နှင့် ထိုမြေးနှစ်ဦး မုန့်စားကြရပြီ။

ထိုနည်းအတိုင်း တစ်နှစ်ခန့်ရှိလာသောအခါ ထိုမြေးနှစ်ယောက် ဘုရားရှိခိုးများလည်း အလွတ်ရနေကြပြီ။ ဘုရားရှိခိုးပုံအချိုးအစားလည်း ပုံသေလာကြပြီ။ ထိုအချိန် အဘွား မခိုင်းရပြီ။ အကယ်တိတိ အဘွားအလုပ်မအား၍ ဘုရားမရှိခိုးနိုင်လျှင်ပင် ထိုမြေးများက နှိုးဆော်ကြ၏။ကြာသော် မြေးများပူဆာသဖြင့် ထိုအဘွားလည်း မအားဘဲမနေသာတော့ပြီ။ မြေးတို့နှင့် အဘွား အပြန်ပြန်အလှန်လှန် ဝိုင်းကြီးချုပ် ထိန်းချုပ်ပြီးသားဖြစ်သွားကြပြီ။ အမွေပေးကောင်းသော အဘွားပေတည်း။

တစ်ဖန် မြေးများ အိပ်ရာဝင်လာကြပြီ။ အိပ်ကား မအိပ်ဖြစ်ကြသေး။ ထိုအချိန် ရှေးအခေါ် ရှေးစကားပြောမလေ့၊ ယခုအခေါ် ပုံပြောခြင်းဖြင့် စိတ်ဓာတ်ရေးရာပုံသွင်းပေးပြန်၏။ 'သူများမနာလို ကိုယ်အကျိုးထိ' ပုံပြသက်သေစကား။ 'အပျင်းထူလူပျက်၊ ဘဝစည်းစိမ်မတိုးတက်' ပုံပြသက်သေစကား။ 'စိတ်ထားကောင်း မင်းလောင်းခ ဘုရင့်ရွှေထီးရ' ပုံပြသက်သေစကား။

စသည် ကလေးများအားကျစရာ၊ အတုယူစရာ၊ လိုက်နာစရာ ပုံပြင်လေးများ တစ်ညတစ်မျိုး ပြောဆိုပေးလျက် ကသိပ်၏။ကြာသော် ထိုဓာလေးများ လူအသိလေ့ကျက်မိလာကြပြီ။ အထိန်းအကျောင်းကောင်းသောအဘွားပေတည်း။

ထိုမြေး၊ ထိုအဘွားများ ရံဖန်ရံခါ ရိုက်နှက်ဆုံးမရသည်အထိ ရန်ပွဲဖြစ်ပွားကြရ၏။ ထိုအခါ မြေးအုန်းမြင့်လက်သုံးစကားမှာ 'မရိုက်နဲ့ နာသွားမှာပေါ့'ဟူ၏။ ထိုစကား အဘွားလှသွယ်က ၎င်းအားရိုက်သည်ကို ကိုယ်ချင်းစာရန် သင်ပေးသည်သို့ရှိတော့သည်။

သည့်အတူ ထိုဦးစံပွင့်၊ ဒေါ်အေးကြိုင်တို့၏အိမ်ခေါင်းရင်းနေ ဦးလှဖေ၊ ဒေါ်လှညိုတို့၌လည်း သမီးကြီးကုလားမနှင့် သား အောင်မျိုး ဟူ၍ ထိုစဉ်က နှစ်ဦး (သုံးနှစ်၊ နှစ်နှစ်ခန့်) ရှိလေရာ အဘွားဖြစ်သူ ဒေါ်လှငယ် (ဦးလှဖေ၏မိခင် မိတ္ထီလာ ဝမ်းတွင်းနယ် ရှမ်းပင်ကုန်းရွာဇာတိ) က နည်းတူ အလေ့အကျင့်လုပ်ပေးရာ ကလေးများ ည (၇) နာရီလောက်ဆို 'အရှေ့တိုင်း စကြဝဠာနေကြတဲ့သတ္တဝါတွေ' အစချီကာ မေတ္တာပို့သံကြားနေကြရပြီ။ ကြားရသူများ ပီတိဖြစ်ကြရပြီ။ အလေ့ထကောင်းဖြင့် သွေးလောင်း၍ မွေးမြူပေးခြင်းတည်း။

မည်သည့် ပတ်ဝန်းကျင် အတွေ့အကြုံမျှမဝင်မီ၊ မည်သည့်အတွေးမျိုးမျှ မတွေးတတ်သေးမီ ကောင်းသောဓလေ့ဖြင့် အတွေ့သင် အတွေးသင်ပေးထားလျှင် ထိုအတွေ့ ထိုအတွေးမျိုးကား သေရာပါ အမာရွက်ကြီးများပမာ သေအထိ ခွာမသွားကြတော့ပြီ။

- ◆ မလေ့ရောထွေး မဝင်သေးမီ၊ ရှေ့ပြေးပုံချ အလေ့ပြုပါ။
- ◆ အသိယောက်ယက် ဉာဏ်မထွက်မီ၊ စားကျက်ဉာဏ်များ မွေးပေးထားပါ။

ငါတို့ပြည်၏ ယနေ့အခြေအနေသည် (သီဟိုဠ် စသည်များလည်း နည်းတူ) ဒုဋ္ဌဂါမဏိတို့ခေတ်ကလို ဝါလိဂင်္ဂါမြစ်၏ တစ်ဖက်ခြမ်းစာမျှပင် ဘာသာသီးသန့်၊ လူသီးသန့် မရှိကြတော့ပါ။ ဂါမဏိတို့လို ထိုးစစ်နေနေသာသာ ခံစစ်မျှပင်လုပ်ခွင့်မရ ခန်းစစ်မှ ခစစ်အထိ အရာကျနေကြပါပြီ။

ဤအချိန်သည် သားရှင်၊ သမီးရှင်များ၊ သားငယ်၊ သမီးငယ်လေးများအား အသိဝင်စအချိန်နှင့်အရွယ်ဝင်စအချိန်ဝယ် အလေ့ဖြင့် လမ်းကြောင်း၊ ကောင်းသွေးများ လောင်းထားပေးသင့်ကြပါသည်။ ဤအချိန်သည် သားရှင်၊ သမီးရှင်များ မွေးဖွားခြင်း၊ ကျွေးထားခြင်း တာဝန်နှစ်ခုနှင့်ပင် လမ်းမဆုံးစေဘဲ အန္တရာယ်ကြားမှ လမ်းမှန်သွားနည်းများကိုပါ လေ့ကျင့်ပေးထားသင့်ကြပါသည်။

ကာလသားမည်သည် ခေတ်ကာလပုံစံသစ်ကို အသားချပေးလေ့ရှိသူများ၊ ကာလသမီးမည်သည် ခေတ်ကာလပုံစံသစ်ကို အသီးအပွင့် ဆင့်ပေးလေ့ရှိသူများ။

မိမိ မိမိတို့ရှိ ထိုကာလသားငယ်၊ သမီးငယ်လေးများ အတန်းစုံတက်၊ ကန်းကုန်ပျက်ဖို့ လက်ထွက်မချကြသေးမီ ခေတ်ကာလကောင်းများချည်း ပုံသစ်ဆောင်းထွက်တတ်ကြစေရန်။

ယခင်က သားသမီးနေရာ နေခဲ့ကြဖူးသော ယနေ့မိဘများ မိမိ မိမိတို့ဘဝသက်တမ်း (အရွယ်မရောက်မီ၊ အရွယ်ဝင်စ၊ နောက်အရွယ်ရ၊ အိမ်ထောင်ကျအထိ) လာရာလမ်းကို ပြန်လည် တွက်ချင့်၍ သားသမီးများအား လမ်းကောင်းဖွင့်ပေးကြပါကုန်။ အတုမြင်ခြင်း၊ အတတ်သင်ခြင်း။

သားသမီးထွေး၊ ထိုကလေးများ၌ မျိုးရိုးဉာဉ်၊ ဗီဇဉာဉ်၊ ပင်ကိုဉာဉ်ဟူ၍ သုံးထပ်ကိန်းတည်ပြီးရှိနေကြရာ ယင်းကလေးများ၏ပင်ကိုဉာဉ်သို့ မျိုးရိုးဉာဉ်၊ ဗီဇဉာဉ်များ မိဘတို့က တင်မပို့ကြလျှင်၊ တင်ပို့သော်မှ နောက်ကျနေလျှင် ဝန်းကျင်၏မျိုးရိုးဉာဉ်၊ ဗီဇဉာဉ်များက သိမ်းသွင်းသွားကြပါတော့မည်။ကျောင်းသားကြီးတို့ညဉ် ကျောင်းသားလေးတို့မြင် မြင်ရာလု၍ အတုသင်။ ကျောင်းသူကြီးတို့ညဉ် ကျောင်းသူလေးတို့မြင် မြင်ရာလု အတုသင်။ နောင်သော် အတုသင်ရာမှ အတုဝင်၊ ထိုအတုကိုလျှင် မင်လာကြသောအခါ. . .

ဘာမဆို တပ်ရာအပ် (တပ်မက်ရာအပ်) တပ်ရာမင် အတတ်သင်ကြပေတော့မည်။ ဘာမဆို တပ်လာရာအပ်၊ တပ်လာရာဝင် လက်ထပ်ငင်ကြပေရော့မည်။ ထိုအခါကျမှ လုပ်ရက်လေခြင်းတ၊ သားသမီးတို့က ပြန်လည်၍ လှည့်ကြည့်ကြတော့မည်မဟုတ်ပြီ။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



ရွှေကမ္ဘာစေတီ
(ပဲခူးမြို့ စာကလေးကွင်းကျေးရွာ)

# အဘဦးမိုးဟိန်းအမှတ်တရ

## တင်အောင်(စက်မှုတက္ကသိုလ်)

၃-၃-၁၉၇၉ ခုနှစ်၊ အင်္ဂါနေ့၊ ညနေ (၃) နာရီ။

ကျွန်တော်သည် ရန်ကုန်စက်မှုတက္ကသိုလ်၊ ပဉ္စမနှစ်၊ ဓာတုအင်ဂျင်နီယာဘာသာရပ်တွင် တက်နေစဉ်စာသင်ခန်း ၁/၃-၃ ၌ ဆရာဦးတိုင်းအုပ် (စာရေးဆရာ ရင်မောင်) သင်ကြားနေသော (Unit Operation) ဘာသာရပ်ကို သင်ကြားနေသည်။ ကျွန်တော်တို့တက္ကသိုလ်တွင် စာသင်ခန်းခွဲပုံမှာ (၁/၃-၃) ၌ (၁) သည် အဆောက်အအုံအမှတ် ပထမ (၃) သည် သုံးထပ်၊ နောက် (၃) သည် စာသင်ခန်းအမှတ် ဖြစ်လေသည်။ ထိုစဉ် ကျွန်တော်၏နားထဲသို့ မီးသတ်ကားသံများ ဆူညံစွာ ကြားလာရသည်။ ကျွန်တော်သည် ဆရာ့ကို ခွင့်တောင်းပြီး စာသင်ခန်းအပြင်ထွက်ကာ ကျောင်း၏ခေါင်မိုးပေါ်သို့ ကြောင်အိမ်လှေကားဖြင့်တက်၍ မီးလောင်ရာနေရာသို့ လှမ်း



ဆရာစံရပ်ကွက်၊ ရဲဇာနည်ခြံရှိ
ရွှေစေတီပုံတော်




ရေသိမ်
တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅) ဒိုင်း (ကန်ဦးကျောင်းတိုက်အတွင်း)



www.burmeseclassic.com

www.burmeseclassic.com



ကျိုးမန်းစေတီ
မင်္ဂလာဒုံမြို့နယ်၊ ကျိုးမန်းတောင် (၃၀၁၇ တပ်အတွင်း)



အဘဦးမိုးဟိန်း
အသက် (၄၀) အရွယ်ပုံ



ပဲခူးမြို့ ဦးတင်ဝင်း၊ ဒေါ်သိန်းကြည်အိမ်ရှိ
အဘဦးမိုးဟိန်းဆီပုံတော်



အဘဦးမိုးဟိန်း
အသက် (၈၀) အရွယ်ပုံ

ကြည့်သည်။ ကျွန်တော်နေသည့် ရန်ကင်းဘက်မှ မီးခိုးလုံးကြီးများ တက်လာသည်ကို မြင်နေရသည်။ ကျွန်တော့်စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ဖြစ်ရခြင်းအကြောင်းမှာ ကျွန်တော်နေသည့် ရန်ကင်းနှင့် ကပ်လျက်တွင် ဂွတ္တလစ်ရပ်ကွက် (ယခုဆရာစံရပ်ကွက်) ကြီးရှိသည်။ ထိုရပ်ကွက်ရှိ ဦးချစ်မောင်လမ်းနှင့် မင်းလမ်းဆုံတွင် စာရေးဆရာကြီး ဆွေလှိုင်ဦးနေသည်။ ဆရာဆွေလှိုင်ဦးသည် ငပလီတွင် အပန်းဖြေနေစဉ် သူ၏ အိမ်သော့ကို ကျွန်တော့်ထံ အပ်ထားခဲ့သည်။ ကျွန်တော်သည် ဆရာ၏အိမ်သော့ကို အမြဲဆောင်ထားသည်။

ထို့နောက် ကျွန်တော်သည် ကျောင်းမှ အိမ်သို့ တချိုးတည်း အငှားကားဖြင့် ပြန်လာသည်။ ကြို့ကုန်းမှ ဂွတ္တလစ်အထိ ကားခ (၂၀) ကျပ်သာပေးရသည်။ ဂွတ္တလစ်လမ်းမကြီး ရေကူးကန်လမ်းဆုံအထိထ လူများ၊ ပစ္စည်းများ ပြည့်နေ၍ ကားဆက်သွား၍မရတော့ချေ။ ကျွန်တော်သည် ရေကူးကန်လမ်းဆုံတွင် ကားပေါ်မှဆင်းပြီး မင်းလမ်းရှိရာ ဆရာဆွေလှိုင်ဦးအိမ်သို့ အပြေးအလွှားလာခဲ့သည်။ ကျွန်တော်ရောက်သောအခါ ဆရာ့အိမ် မီးစွဲနေပြီဖြစ်၍ အိမ်သော့ကို မနည်းဖွင့်ပြီး ဆရာ၏ကားကို အပြင်သို့တွန်းထုတ်နိုင်ခဲ့သည်။ ရေကူးကန်မှ ဆရာ့အိမ်အသွား အာဇာနည်လမ်းထိပ်တွင် စေတီတစ်ဆူကို အမှတ်တရဖူးတွေ့ရသည်။ စေတီဘေးတွင် အမိုက်ပုံများနှင့် ကြည့်မကောင်းချေ။ ကျွန်တော်သည် ထိုစေတီအကြောင်းကို နောက်မှ စုံစမ်းမည်ဟု တေးမှတ်ထားပြီး မီးလောင်ပြင်သို့ အပြေးသွားခဲ့ရသည်။ ဂွတ္တလစ်ရပ်ကွက်မီးလောင်ရာတွင် အိမ်ခြေ (၃၀၀၀) ခန့် မီးထဲပါသွားပြီး မင်းလမ်း၊ မင်္ဂလာသိဒ္ဓိလမ်း၊ မဟာမြင့်မိုရ်လမ်း၊ ငွေလရောင်လမ်း (တစ်ခြမ်း) တို့ မီးလောင်ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဆရာဆွေလှိုင်ဦးသည် ထိုနှစ် ၁၉၇၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်တွင် ကွယ်လွန်ရှာသည်။ ကွယ်လွန်ချိန်တွင် အသက် (၄၄) နှစ်သာ ရှိသေးသည်။ နောက်တစ်ပတ်တွင် ကျွန်တော်သည် မီးသောင်ပြင်အနီးရှိ စေတီသို့ ပြန်သွားပြီး ထိုစေတီအနီးရှိ လူကြီးတစ်ယောက် ဦးအောင်ကို မေးကြည့်ရာ ထိုစေတီဘွဲ့မှာ အကျွတ်အလွတ်ရွှေစေတီဖြစ်ကြောင်း အဘဦးမိုးဟိန်းတည်ခဲ့ကြောင်း၊ ဆရာစံစေတီဟုလည်း ခေါ်ကြောင်းသိခဲ့ရပါသည်။ ထိုစေတီကို အစွဲပြု၍ ဂွတ္တာလစ်မ်းကွက်ကို ဆရာစံရပ်ကွက်ဟု အမည်ပြောင်းခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ ကျွန်တော်တက္ကသိုလ်နောက်ဆုံးနှစ်တွင် ကျမ်းစာပြုစုရန်အတွက် ကျွန်တော်နှင့် အတန်းဖော်သူငယ်ချင်း မင်းငွေသန်းအောင် (မုဒုံမြို့၊ ကမာဝက်ရွာ၊ အထက်တန်းကျောင်းအုပ်ကြီး ဦးငွေနေ၏သား) တို့သည် ရာဘာလုပ်ငန်းလေ့လာရန်အတွက် မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့သို့ လာခဲ့ကြသည်။ ချောင်းဆုံမြို့အနီး လမ်းမကြီးဘေးတွင် ဆရာစံဂူကြီးနှင့် ဘုရားစေတီကို ဖူးရပြန်သည်။ ထိုဘုရားကိုလည်း အဘဦးမိုးဟိန်းတည်ခဲ့ကြောင်း ကြားသိခဲ့ရသည်။ ထိုအခါ စိတ်သည် အတိတ်သို့ ပြန်ရောက်သွားသည်။

၁၉၇၄ ခုနှစ်၊ ဧပြီလ အဖေဦးရန်အောင်နှင့် ကျွန်တော်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့သို့ရောက်နေသည်။ နောင်ချိုမြို့နှင့် (၃) မိုင်အကွာ မက်ချည်းနုရွာတွင် ဆရာစံ ပုန်းခိုနေသော အိမ်သို့ ရောက်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် လယ်သမားဆရာစံသည် သာယာဝတီမှစ၍ အင်္ဂလိပ်ကို ပုန်ကန်ခဲ့ပြီး ၁၉၃၉ ခုနှစ်တွင် ဆရာစံကို အင်္ဂလိပ်က ဆုတော်ငွေ (၅) ကျပ်ဖြင့် ဖမ်းဝရမ်းထုတ်ခဲ့သည်။ ဆရာစံသည် နောင်ချိုမြို့နယ် မက်ချည်းနုရွာတွင် ပုန်းခိုနေစဉ် သူသည် အင်းပညာကို ဦးမိုးဟိန်းဆိုသူထံမှ တတ်မြောက်ခဲ့ကြောင်း ရွာရှိလူကြီးများကို ပြောပြခဲ့သည်။ ၁၉၈၈ ခုနှစ်ဝန်းကျင်တွင် ကျွန်တော်၏မိခင်ဒေါ်သန်းသန်းသည် တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅) ဝိုင်း၊ ကန်ဦးကျောင်းတိုက်အတွင်းနေရာ အမေနှင့်ကျွန်တော်သည် ညနေပိုင်း၌ လမ်းလျှောက်ရင်း ဘုရားဖူးထွက်ရာကျောင်းတိုက်အတွင်း ကြည်ညိုဖွယ်ကောင်းလှသော ပြည်တော်အေးစေတီ (ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ) နှင့် ကြီးကျယ်ခမ်းနားသောသိမ်နှင့် ရေသိမ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်တို့ကို ဖူးရလေသည်။ ထိုသာသနိကအဆောက်အအုံနှင့် စေတီဘုရားတို့ကို အဘဦးမိုးဟိန်းတည်ခဲ့ကြောင်း ကြားသိခဲ့ကြရသည်။ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလတွင် ကျွန်တော်သည်အင်းစိန်ထောင်ကျနေသည်။ ကျရခြင်းအကြောင်းမှာ ကျွန်တော်၏ဖခင် စာရေးဆရာကြီးဦးရန်အောင် (၉၁) နှစ်မှာ အသည်းအသန် နာမကျန်းဖြစ်နေ၍ အဖေက-

"ကိုတင်အောင် ရုံးကခွင့်ယူရရင်ယူပေးပါ"

ကျွန်တော့်မှာ လုပ်သက်ခွင့် (၃) လ ယာယီခွင့် (၁၀) ရက်ရှိ၍ အဖေ၏ဆေးလက်မှတ်ဖြစ် ခွင့်တောင်းရာမပေးချေ။ နောက်ဆုံး ကျွန်တော်အလုပ်မှထွက်ခွင့်တောင်းရာ ဌာနရှိလူကြီးက မပေးချေ။ ထိုအခါ ကျွန်တော်၏နုတ်ထွက်စာကို လူကြီးထံ တင်ပြရာ လူကြီးက မင်းကို ပြင်းထန်စွာ အရေးယူမယ်ဟု ပြောလေသည်။ ကျွန်တော်သည် နောက်လှည့်မကြည့်တော့ဘဲ အဖေ့ကို (၃၁) ရက် ပြုစုလိုက်ရသည်။အဖေ့ကို ပြုစုလိုက်သော ကုသိုလ်ကြောင့် အဖေဆုံးပြီး (၁၉) နှစ်ကြာသည့်တိုင် မတောင့်မတ မကြောင့်မကြနေထိုင်ရသည်။ ထိုအခါ ကျွန်တော်လုပ်ခဲ့သော ဗဟိုသုတေသနရုံးမှ ကျွန်တော်၏ကိုယ်ပိုင်ဝန်ထမ်းကတ်ကို အလုပ်မှထွက်သောအခါ အချိန်မီ ပြန်မအပ်နိုင်မှုဖြင့် တရားစွဲရာ ကျွန်တော် ထောင် (၁၄) ရက်ကျခဲ့ရသည်။ ယင်းအကြောင်းကို ဆရာဟိန်းလတ်ထုတ်ဝေသော သုခချမ်းသာမဂ္ဂဇင်း (၁၊ ၁၊ ၉၇) ထုတ်တွင် ဝင်္ကနှင့်ကြမ္မာမရှန်းသာ အမည်ဖြင့် ဆောင်းပါးရေးသားခဲ့သည်။ ထောင်ထဲတွင် ကျွန်တော်သည် အဆောင် (၁) ၌ နေရပြီး အဆောင်ဘေးတွင် စေတီတစ် ဆူတည်ရှိရာ အဘဦးမိုးဟိန်းတည်ခဲ့ကြောင်းကြားသိခဲ့ ရသည်။ ကျွန်တော်နားထဲတွင် အဘဦးမိုးဟိန်း အမည်သည် ပဲ့တင်ထပ်လျက်။

လောကီမဟိဒ္ဓိပညာရပ်တို့မည်သည့်ဘဝထိုထိုမှ ဆည်းပူးစုဆောင်းလာသော ပါရမီလုပ်ငန်းများကို အခြေခံ၍ လက်ရှိရောက်ရာဘဝတွင် သူမတူသော ဝင်္ကကြွေးများကို ပေးဆပ်ရင်းဖြင့် ဇွဲ လုံ့



ပဲခူးမြို့ဆင်ဖြူကျွန်းသုသာန်ရှိ အဘဦးမိုးဟိန်းအုတ်ဂူပုံ

www.burmeseclassic.com

လ၊ ဝီရိယ၊ စွန့်လွှတ်စွန့်စားဆောင်ရွက်ကြသည့်အခါတွင်ထူးချွန်ပေါက်မြောက်မြဲပင် ဖြစ်ပေသည်။ ကြီးမားသော ဇွဲ၊ လုံ့လ၊ ဝီရိယတို့သည် ပညာရပ်တို့၏အခြေခံလည်း ဖြစ်သည်။ ဥစ္စာစည်းစိမ်တို့၏မှီခိုရာလည်း ဖြစ်ပေသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယကင်းသောပညာတို့သည် နုန့်နဲ့ကုန်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယမပါဝင်ဘဲ ကုသိုလ်အကျိုးတို့ ဖြစ်မလာကြကုန်။ ဇွဲ၊ လုံ့လ၊ ဝီရိယတို့စွန့်ပစ်ထားသူအနီးတွင် ပါရမီအလုပ်ကို အမှီမပြုကြကုန်။ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် မထိန်းသိမ်းနိုင်သမျှ ဥစ္စာစီးပွားတို့ မတည်မြဲကြကုန်။ ဘဝထိုထိုက စုဆောင်းခဲ့သော ပါရမီအနုအရင့် မည်မျှပါဝင်သည်ကို သီလ၊ သမာဓိ၊ ပညာ၊ အခြေခံသုံးပါးကို ဝီရိယထူထောင်၍ မှတ်ကျောက်တင်ကြည့်ကြရမည်။

ထမင်းဆာလျှင် ဟင်းလာသည်၊ ဆိုလိုသည်မှာ ဆာလောင်မွတ်သိပ်နေတုန်း စားသောက်ရသော အာဟာရသည် အရသာရှိ၍ နှုတ်မြိန်လှစေသည်။ ထို့အတူပင် ပါရမီရင့်သန်သူတို့၏ကြိုးပမ်းအားထုတ်မှုအနီးတွင် မဟိဒ္ဓိ၊ သိဒ္ဓိတန်ခိုးတို့သည် အထူးထူး၊ အပြားပြားရှိကြကုန်သည်။ လောကီဂန္ဓာရီလမ်းတွင် ထူးခြားစွာ ခရီးပေါက်ခဲ့ဖူးသော သာသနာပြုပုဂ္ဂိုလ်တစ်ဦးသည် မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ပန်းအိုင်အနီး၊ ထန်းပေါက်ကုန်းကျေးရွာတွင် လွန်ခဲ့သောနှစ်ပေါင်း (၉၀) ကျော်လောက်ဆီက အမှန်ပင်ပေါ်ထွက်ခဲ့ဖူးပါသည်။ ထိုပုဂ္ဂိုလ်ကြီး၏ဂုဏ်သတင်းသည် တစ်ပြည်လုံးတွင် ပျံ့နှံ့ကျော်ကြားခဲ့သည်သာမက ပါရမီဖြည့်သားသမီး၊ တပည့်များစွာတို့သည်လည်း မြန်မာပြည်အနှံ့တွင် တည်ရှိခဲ့၊ တည်ရှိဆဲ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီး၏ဘဝဇာတ်လမ်းနှင့် ပါရမီကျင့်စဉ်တို့မှာ ထူးခြားဆန်းကြယ်၍ စိတ်ဝင်စားဖွယ်ရာကောင်းလှသည့်အပြင် ဝိဇ္ဇာသမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကြီး ပြုစုခဲ့သော သာသနာ့ပန္နက်သာသနာ့ဓာတ်ကွက်များမှာလည်း နေရာအနှံ့တွင် တည်ရှိကျန်ရစ်နေပေသည်။

သူ၏ကောင်းမှုများ ကျန်ရစ်နေခြင်းကပင် သူ၏ကောင်းမှုများကို ဆက်လက်ထိန်းသိမ်း၍ ပြုပြင်မွမ်းမံရင်း အမှတ်ထင်ထင်ရှိနေခြင်းကပင် သူသည် ဤလောကမှ ပျောက်ပျက်ခြင်းမရှိသေးကြောင်း ထင်ရှားစေသည်။ သူသည် ရုပ်ခန္ဓာကို စွန့်ခွာပြီးခဲ့သည်မှာ (၁၂) နှစ်ရှိပြီ မှန်သော်လည်း တကယ်ဆိုပါမူ သူသည်မသေခဲ့သူသာတည်း။ ကုသိုလ်ပါရမီရှင်တို့၏နှလုံးသားတွင် သူသည် မပါမပြီးသော အရေးပါသည့်နေရာတွင် အမြဲနေရာရရှိနေသူ။ ထို့ကြောင့် သူသည် ဂုဏ်သတင်း မသေခဲ့သူသာတည်း။ ထိုပုဂ္ဂိုလ်ကြီးသည်သာ အဖေကြီး ဦးမိုယ်းဟိန်း (ခေါ်) အဘဦးမိုးဟိန်းပင်တည်း။ အဘ၏အကြောင်းကို အဘဘိုးသံ (တောင်သုံးလုံး) ပြောစဉ်ကနာမည်တွင် (ဃ) ထည့်ပေါင်းကြောင်း ပြောခဲ့သည်။ အဖေဦးရန်အောင်ပြောခဲ့သည်မှာ ရွာသောမိုး စာလုံးပေါင်းအမှန်မှာ မာဃ-မိုဃ်းမှလာကြောင်း၊ နောက်လူများ (ဃ) ကို ဖြုတ်ပစ်၍ မိုးဖြစ်လာကြောင်း ပြောခဲ့သည်။

အဘဦးမိုးဟိန်းကို မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ပန်းအိုင်အနီး၊ ထန်းပေါက်ကုန်းကျေးရွာတွင် အဘဦးဖိုးငွေး၊ အမိဒေါ်ချစ်လယ်တို့မှ ၂၇. ၉. ၁၉၁၂။ သောကြာနေ့ နံနက် (၅) နာရီတွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်ဟိန်း ဖြစ်သည်။ ထန်းပေါက်ကုန်းရွာသည် အဘအောင်မင်းခေါင်၏ဇာတိ၊ ရွှေမန်ကျည်းတောရွာနှင့် ကပ်လျက်တည်ရှိသည်။ ထန်းပေါက်ကုန်းရွာနှင့် ပုပ္ပားသည် ငါးမိုင်ခန့်ဝေးသည်။ ငယ်စဉ်က ရွာနှင့်ပုပ္ပားတောင်ကို အသွား၊ အပြန်ခြေကျင်သွားပြီး ပုပ္ပားတောင်တွင် တရားအားထုတ်ခြင်း၊ ဗုဒ္ဓဝေယျာဝစ္စကိစ္စဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပြီးအပြန်တွင် သစ်တုံးကြီးများသယ်၍လာသည်။ ၎င်းသစ်များဖြင့် ရွာပြင်တွင် နတ်ကွန်းများ တည်ဆောက်လေ့ရှိသည်။ နတ်စင်တစ်ရာ၊ နှစ်ခါပြန်မယ်ဟု ကြွေးကြော်ခဲ့သည်။ နတ်များသည် သာသနာပြုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဓိကပွဲကိုင်ရှင်များ ဖြစ်သည်။ ဒါကြောင့် သာသနာစောင့်နတ်မင်းကြီးလေးပါးကို မြတ်စွာဘုရားထားခဲ့သည်ဟု အဘဟိန်းအမြဲပြောလေ့ ရှိသည်။ ရွာအနီးရှိ ညောင်ပင်တွင်လည်းကောင်း၊ ဇရပ်များတွင်လည်းကောင်း၊ ဂူများတွင်လည်းကောင်း အဘဟိန်းသည် စရဏတရား ကျင့်ကြံအားထုတ်ခဲ့ပါသည်။

၁၉၆၀ ပြည့်ဝန်းကျင်နှစ်များတွင် အဘဟိန်းကို ရန်ကုန်ဝန်းကျင်တစ်ဝိုက်၌ ရသေ့ဝတ်နှင့်တွေ့ဖူးခဲ့ကြပါသည်။ ထိုစဉ်က အဘဟိန်းသည် အဘဘိုးသံကို ဂန္ဓာရီဝိဇ္ဇာတတ်ပညာကို သင်ကြားပေးခဲ့သည်။ သင်ကြားပေးခဲ့သောနေရာမှာ မင်္ဂလာဒုံမြို့နယ်၊ ကျိုးမနိုးတောင်တော် ဖြစ်ပါသည်။ ယင်းကျိုးမနိုးတောင်တော်တွင် အဘဟိန်း၊ အဖေကြီး ဦးအောင်ချမ်းသာ၊ အဘဘိုးသံစသော ပုဂ္ဂိုလ်ထူးကြီးများ တရားအားထုတ်ခဲ့သည်။

မင်္ဂလာဒုံမြို့နယ်အတွင်း (ယခုတံတားကြီးရပ်ကွက်၊ ကြံခင်းစုရပ်ကွက်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်) များရှိ လှိုဏ်မြောင်ကြီးများ၊ သစ်ပင်များ၊ ချုံကြီးများတွင် တစ်ကိုယ်လည်း နေထိုင်ကျင့်ကြံသွားလာခဲ့ပါသည်။ ထို့နောက် လူသူတော်စင်အဖြစ်နှင့် ပြောင်းလဲနေထိုင်ကာ သတ္တဝါကယ်ဆယ်ခြင်းလုပ်ငန်းများ ပြုလုပ်ခဲ့ပါသည်။

အဘဦးမိုးဟိန်း၏သာသနာပြုသတ္တဝါကယ်ဆောင်ရွက်ချက်များမှာ-

အဘဦးမိုးဟိန်းသည် လူဝတ်ကြောင်ဘဝတွင် ဦးခေါင်း၌ သျှောင်ထုံးသေးသေးထုံးထားတတ်ပါသည်။ သူကို ယုံလျှင် ယုံသလို၊ မယုံလျှင် မယုံသလို လုပ်ပြတတ်ပါသည်။ ၁၉၆၅ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ သွားရောက်၍ စစ်တွေမြို့၊ ရှင်မဟာဗုဒ္ဓဃောသကျောင်းတွင် သတ္တဝါကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ ထိုနေရာတွင် ကိုးထောင်ပြည့် စေတီတစ်ဆူတည်ခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်တွင် ကရင်ပြည်နယ်သို့ သွားရောက်၍လည်း ဦးကောက်ရ အမည်ဖြင့် သာသနာပြုစခန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကော့ကရိတ်မြို့၊ တောင်ကုန်းပေါ်တွင် စေတီတစ်ဆူ (ယခုသစ်ပင်ထူးဆန်းရှိသောနေရာ) နှင့် ကျုံဒိုးမြို့ အဝင်တို့တွင် စေတီတစ်ဆူတည်ခဲ့ပါသည်။ ထိုနေရာ၏အလယ်တည့်တည့်တွင် လူတစ်ထိုင်စာ စက်ဝိုင်းကို ဘယ်လက်ဖြင့် တုတ်ကိုင်ပြီးဆွဲသည်။ ထိုစက်ဝိုင်းအထဲတွင် အင်းတစ်ဆူကို ရေးဆွဲသည်။ ထိုအင်းအပေါ်တွင် ကျားသားရေချပ်ကိုခင်းထိုင်ပြီး အဘသည်မြောက်ဘက်သို့ မျက်နှာမူပြီး (၁၀၈) လုံး ပုတီးကို ထိုင်ရာမတမ်းစိပ်လေသည်။ ပုတီးစိပ်သူ၏အရှေ့၌ အရက်ပုလင်းပုံစံပုလင်း ကိုးလုံးကို အဖုံးဖွင့်ထားသည်။ ထိုပုလင်းများအနားတွင် မြန်မာငွေ (အဘအခေါ် ဒေါ်လာ) အချို့ကို ချထားသည်။ ပုဂ္ဂိုလ်ထူးကြီးများသည် မြန်မာငွေကို ဒေါ်လာဟု အခေါ်များလေ့ရှိသည်။ ပုတီးစစိပ်သည်မှစ၍ (၃၁) နာရီကျော်လျှင် စေတီတည်ရန်အတွက် အုတ်ခဲများ၊ ဘိလပ်မြေများ တခဲ့ခွဲ



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာကြ၊ လာလှူကြသည်။ (၃၁) နှစ်ကြာလျှင် စေတီတည်၍ပြီးလေသည်။ ၁၉၇၉ ခုနှစ်တွင် အဘသည် မြစ်ကြီးနားမြို့၊ မြစ်ဆုံများသို့ သွားရောက်၍ သတ္တဝါကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ပါသည်။ မြစ်ကြီးနားမြို့၊ တမ်းနားလမ်းတွင် ဆုတောင်းပြည့်စေတီတစ်ဆူ၊ မြစ်ဆုံတွင် စေတီတစ်ဆူတို့ကို တည်ခဲ့ပါသည်။

၁၉၇၉ ခုနှစ်တွင် အမှတ် (၃၄)၊ ဘာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့နေအိမ်၌ (၅) နှစ်တိတိနေထိုင်ပြီး သတ္တဝါကယ်၊ သာသနာပြုလုပ်ငန်းအဖြစ် ဆက်နန်းတည်ဆောက်သာသနာပြုခဲ့သည်။ ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် အခြားမိုးဟိန်းသာသနာပြုခဲ့နေရာများကို ယနေ့တော် လက်လှမ်းမီသမျှတင်ပြပါမည်။ ၁၉၆၃ ခုနှစ်တွင် (ယခုမင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သစ္စာလမ်း) ၌ မြစိမ်းရောင်စေတီကို တည်ထားခဲ့ပါသည်။ မြေနေရာကို တပည့်များက ဝယ်ယူလှူဒါန်းကြပါသည်။ အဆိုပါ မြစိမ်းရောင်ဘုရားတွင်ပင် ဂူ (၂) ဂူပြုလုပ်ကျင့်ကြံနေထိုင်ခဲ့ပါသည်။ ၁၉၆၅ ခုနှစ်တွင် (ယခုမင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မြတောင်ညိုဘုရားလမ်း) ၌ မြတောင်ညိုစေတီတော်ကို ရသေ့ဦးဘမောင်၊ ရသေ့မဒေါ်ပညာတို့နှင့် တပည့်များပူးပေါင်း၍ တည်ထားပါသည်။ တစ်ချိန်တည်းမှာပင် မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ် (၂) ရှေ့၊ ခေမာသီလမ်းမပေါ်တွင် မြစေတီတော်ကို ဓမ္မာရုံ၌ တည်ထားခဲ့ပါသည်။ ယင်းဓမ္မာရုံ၌ ခေတ်လ (၂) ရက်ရှေ့၊ ခေမာသီလမ်းပေါ်တွင် မြစေတီတော်ကို ဓမ္မာရုံ၌ တည်ထားခဲ့ပါသည်။ ယင်းဓမ္မာရုံ၌မတ်လ (၂) ရက်နေ့တိုင်း စာရေးဆရာကြီးဒေါက်တာဆွေ အမှတ်တရအခမ်းအနားကို ဆရာသုဝဏ္ဏကျော်စိန်မှ ဦးဆောင်၍ နှစ်တိုင်းကျင်းပလေသည်။

၁၉၆၇ ခုနှစ်တွင် သာကေတမြို့နယ် လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ မိုးကောင်း၊ မိုးနှောင်း စေတီတော် နှစ်ဆူကို တည်ထားခဲ့ပါသည်။ ထို့ပြင် ဒဂုံမြို့သစ်တောင်ပိုင်း၊ တွေ့မကျေးရွာ (၂၂) ရပ်ကွက်၊ ဘုရားလေးကျောင်းအတွင်း၌ မိုးသက်စေတီတစ်ဆူကို တည်ထားခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ ကျောက်ကြီးကျောင်းတိုက်အတွင်း (ယခု ဇဝနရပ်ကွက်၊ မဟာဝိသုတာရာမစာသင်တိုက်) ၌ ဆုတောင်းပြည့်ရွှေစာရံစေတီတော်နှင့် ရုပ်ပွားတော်သုံးဆူကို တည်ထားပူဇော်ခဲ့ပါသည်။

မင်္ဂလာဒုံမြို့နယ်၊ ကျိုးမနိုးတောင်တော်တွင် ကျိုးမနိုးစေတီတော် (ယခု ၃၀၁၇ တပ်အတွင်းကို တည်ထားပါသည်။ အဘဟိန်းသည် ကျိုးမနိုးတောင်တော်တွင် (၄၅) ရက်တရားကျင့်ပြီး ဂန္ဓာရီဝိဇ္ဇာလမ်းတို့၏ထုံစခန်းတစ်ခုကို ပေါက်မြောက်ခဲ့သည်။ ကျိုးမနိုးတောင်တော်အနီး စမတောင်ပေါ်တွင်လည်း ရန်မျိုးအောင်စေတီတော်ကို တည်ထားခဲ့ပါသည်။ သင်္ဃန်းကျွန်းမြို့နယ်၊ သံသုမာလမ်းရှိ အောင်မင်းခေါင် ကမ္ဘာ့ချမ်းသာရစေတီကို တပည့်တစ်ဦးအား တာဝန်ပေး၍ ပြုပြင်မွမ်းမံခဲ့ပါသည်။

မင်္ဂလာဒုံမြို့နယ်၊ မိုက်ဦးကျောင်းတိုက်အတွင်း၌ စေတီတော် (၁) ဆူတည်ထားခဲ့ပါသည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း မင်္ဂလာဒုံမြို့နယ်အတွင်း မြတောင်ညိုစေတီတော်အနီး စွယ်တော်လမ်း၌ တပ်တော်ဦးဘုရား (၂) ဆူတည်ထားခဲ့ပါသည်။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက္ကသာရွာအနီး၊ ကျော့စံကျေးရွာရှိ ဓာတ်ပေါင်းစုဘုရား၊ မုခ်ဘုရား၊ ကပ်ကျော်စေတီတို့တွင် ထီးတော်တင်လှူပူဇော်ခဲ့ပါသည်။ ကျိုက္ကသာရွာမှအပြန် မြစိမ်းရောင်စေတီပရဝုဏ်အတွင်း မဟာပိန္နဲရုပ်ကို တည်ထားခဲ့ပေသည်။

ရန်ကုန်-ထောက်ကြံ့လမ်းမပေါ်တွင်ရှိသော ငွေယားတောင်စခန်းတွင်လည်း စေတီ (၂) ဆူကို ပြုပြင်မွမ်းမံခဲ့ပေသည်။ ငွေယားတောင်အနီးတွင် အမေကြီး ဦးအောင်ချမ်းသာ ရုပ်တလာပ်



ကို ဂူသွင်းမြှုပ်နှံပေးခဲ့သည်။ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅) ဝိုင်း၊ ကန်ဦးကျောင်းတိုက်အတွင်း ရေသိမ်တော်တွင်လည်း ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတည်ထားခဲ့၍ ပြည်တော်အေးစေတီတစ်ဆူကိုလည်း ထားခဲ့ပြီး၊ (၉)မ, စခန်းအမည်ဖြင့် သာသနာပြုသတ္တဝါကယ်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။

ရန်ကုန်တိုင်း၊ ရဲမွန်စံပြကျေးရွာတွင် နေထိုင်ခဲ့ပြီး၊ ပဲခူးမြို့အဝင် လာဘ်မိုးစွေဘုရားတွင်လည်း စေတီတော်တင်လှူခြင်း၊ ပြန်လည်ပြုပြင်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဗဟန်းမြို့နယ်၊ ဂွတ္တာလစ်မအက္ခရာကုန်း (ယခုနဝဒေးတပ်တွင်း၊ ရတနာလမ်းထိပ်၊ ဆရာစံရပ်ကွက်) တွင် ရတနာဒီပကမ္ဘာအေး ကပ်ကျော်စေတီတော်ကို တပည့်ဖြစ်သူ ဦးမောင်ကိုအား ညွှန်ကြား၍ တည်ထားခဲ့ပါသည်။ မင်္ဂလာဒုံမြို့နယ် Myanmar Life ဟိုတယ်ဝန်အနီး၌လည်း နဂဝိဇ္ဇာစေတီတစ်ဆူ တည်ထားပူဇော်ခဲ့ပါသည်။ မြောက်ဒဂုံမြို့ကနယ်ရှိ တိုးချောင်ကြီးကျေးရွာတွင် တည်ရှိသော ငါးကြီးမာရ်အောင်ရုပ်ရှင်တော်မြတ်ကို ပြုပြင်မွမ်းမံခဲ့ပါသည်။ ဦးထွန်းချစ်အား ဦးစီး၍ စေတီတစ်ဆူ တည်ထားခဲ့ပါသည်။

ထို့နောက် ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ အာဇာနည်လမ်း၊ ဦးမောင်ကို၊ ဒေါ်ထွေးတို့၏အိမ်ရှေ့၌ အကျွတ်အလွတ်ရွှေစေတီကို တပည့်များအား တည်ထားစေခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ရွှေပြည်သာမြို့နယ်၊ လိန်ကုန်းကျေးရွာတွင် စေတီတစ်ဆူကို တပည့်များအား ညွှန်ကြား၍ ပြုပြင်စေခဲ့ပြီး ရွှေလဝင်းစေတီတော်ကို ရွှေသင်္ကန်းကပ်လှူစေခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ပဲခူးမြို့၊ ဘုရားသုံးဆူကျေးရွာတွင် စူဠာမဏိစေတီတော်ကို တည်ထားခဲ့ပါသည်။ ဇရပ်၊ ကျောင်းများစွာ တည်ဆောက်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်တွင် ပဲခူးမြို့နယ်၊ ဘုရားသုံးဆူကျေးရွာတွင် ရန်ကုန်-ဖဲခူးလမ်းဘေးရှိ အောင်ဗောဓိစေတီတော်ကို ပြုပြင်မွမ်းမံခဲ့ပါသည်။ ဥသာတောရကျောင်းတိုက်အတွင်း တည်ရှိပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ပဲခူးမြို့က၊ ဓာတ်လေးကွင်းတွင် ရွှေကမ္ဘာစေတီတော်ကို ပြုပြင်မွမ်းမံခဲ့ပါသည်။

၁. ၁. ၂၀၁၄ ဗုဒ္ဓဟူး (ကရင်နှစ်သစ်ကူးနေ့) နံနက် (၉) နာရီ။

ထိုနေ့တွင် ဂွတ္တာလစ် (ဆရာစံရပ်



www.burmeseclassic.com

www.burmeseclassic.com

ကွက်၊ ငွေလရောင်လမ်း၊ ဘင်္ဂလားအဝကျောင်းတိုက်၊ ဆယ်တော်မှူဆရာတော် ဦးဥတ္တမသည် ဆွမ်းခံထွက်ရင်း အာဇာနည်လမ်းထိပ် (ရဲဇာနည်ခြံ) ထဲရှိ အဘဦးမိုးဟိန်းတည်ခဲ့သော ရွှေစေတီအနီးသို့ ရောက်လာသည်။ စေတီနံဘေးတွင် အမှိုက်ပုံများနှင့် ကြည့်မကောင်းချေ။ ကျွန်တော် တက္ကသိုလ်တက်စဉ်က တွေ့ခဲ့ရသော စေတီနေရာပတ်ဝန်းကျင်သည် ကျယ်ပြန့်သော်လည်း ယခုအခါ အိမ်များနှင့် ပြည့်ကျပ်နေပြီး အမျိုးသမီးများသည် စေတီပရဝုဏ်၌ ရေချိုးနေကြသည်။ ထိုအခါ ဆရာတော်သည် စေတီပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်ပြီး စေတီတော်ကို ရောင်တော်ဖွင့်၊ ထီးအသစ်တင်လှူမည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုရက်အတောအတွင်း ဆရာတော်၏ ကျောင်းတွင် ကျွန်တော်သည် မမင်းမင်းသန်း (ဆရာစံရပ်ကွက်၊ ဦးအောင်ကျော်ဖြူလမ်း၊ အမှတ်-၃၅) တွင်နေသူနှင့် ဆုံဖြစ်သည်။ သူမသည် အဘဦးမိုးဟိန်းကို အိပ်မက်ထဲတွင်မကြာခဏဖူးရကြောင်း၊ အဘသည် သူ့ထံကြွလာလျှင် ထမင်းကြော်ကျွေးခိုင်းကြောင်း သိရသဖြင့် ကျွန်တော်သည် အဘကို သိမီလိုက်သူများကို စုံစမ်းကြည့်သောအခါ အဘသည် ထမင်းကြော် (သက်ကယ်လွတ်) ကို စားသုံးလေ့ရှိကြောင်း သိရပါသည်။

၂၇. ၅. ၂၀၁၄ နေ့တွင် စေတီတော်တွင် တင်လှူမည့်ထီးတော်၊ စိန်ဖူးတော်များကို ရွှေတိဂုံဘုရား၊ ဗိုလ်တစ်ထောင်ဘုရား၊ ရွှေဘုန်းပွင့်ဘုရားတို့သို့ လှည့်လည်အပူဇော်ခံသည်။ ထီးတော်များနှင့်အတူ အစ်မတော် မြနန်းနွယ်ရုပ်ပွားတော်လည်း ပါသည်။

၁၃၇၆ ခု၊ နယုလဆန်း (၂) ရက် (၃၀. ၅. ၂၀၁၄) သောကြာနေ့နံနက် (၅) နာရီ (၄၀) မိနစ်တွင် အဘဦးမိုးဟိန်း၏ရွှေစေတီတော်တင်ပွဲကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ ဘုရားထီးတော်တင်ပွဲတွင် ရွတ်ဆိုကြသောအောင်ဆုတောင်းမေတ္တာပို့မှာ-

၁။ ဤသို့ပြုရ မြတ်ပုညကြောင့် အမတနိဗ္ဗာန်ရည် စိတ်သန်အမှန်ရ၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၂။ တိကဝဇနနှင့် ဂမ္ဘီရဟန်သတင်းစုံ၊ ဉာဏ်မျိုးစုံအကုန်ရ၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၃။ ပုတုပုည ဤနှစ်ဖြာမကွာရ၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၄။ ပိဋကတ်သုံးပုံ နှုတ်ဝယ်ငုံအကုန်ရ၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၅။ ကိုးဆယ့်ခြောက်ဖြာ ဘေးဘယာဝေးကွာကင်း၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၆။ ရန်သူငါးပါး၊ ကပ်သုံးပါး ဖယ်ရှားကင်း၍အောင်စေသော်ဝ်၊ အောင်ကြပါစေသော်။

၇။ မိုးမင်းသည်းထံ ဤနိုင်ငံပြည့်လျှံဖြိုး၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၈။ လူတို့သနင်း ပြည့်ရှင်မင်း ကျင့်ခြင်းမှန်၍ အောင်စေသော်ဝ်၊ အောင်ကြပါစေ်သော်ဝ်။

၉။ တိုင်းသူပြည်သား လူအများတရားထား၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၁၀။ စည်ပင်ပြန့်ပွား၊ ရပ်ရွာများ စည်ကားပြိုး၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၁၁။ ပြည်ထဲအရေး၊ ဘယာဘေး၊ ရန်ဘေးကင်း၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၁၂။ အကျွန်ုပ်တို့တစ်တွေ များဝေနေ မေတ္တာပေး၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်။

၁၃။ ချမ်းသာစေကြောင်း ဆုမွန်တောင်း၊ အပေါင်းဝေနေ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၁၄။ အောင်စေအောင်ကြောင်း၊ မေတ္တာလောင်း အောင်မောင်းတီး၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

၁၅။ ကောင်းမြတ်မင်္ဂလာအဖြာဖြာ မြန်စွာသာ၍ အောင်စေသော်ဝ်၊ အောင်ကြပါစေသော်ဝ်။

သာဓု သာဓု သာဓုပါဘုရား။

ထီးတော်တင်လှူပွဲတွင် မုန့်ဟင်းခါး (သက်ကယ်လွတ်) အချိန် (၉၀) ပိဿာကျွေးမွေးရပါသည်။ ဘုရားထီးတော်တင်ပွဲ ကုန်ကျစရိတ်များကို ဆယ်တော်မှူဆရာတော်နှင့် ဒကာ၊ ဒကာမများက ကျခံခဲ့သည်။ ဘုရားထီးတင်ပွဲကျင်းပနေစဉ် ကျွန်တော်၏ နားထဲမှာ ကြားယောင်လာသည့်မှာ-

'ဘုရားလေးငယ်ငယ်၊ ကိုးတောင်ပြည့်တည်၊ ငယ်သာငယ်၊ ကယ်ဆယ်မယ့်ဘုရား၊ ဓာတ်ကောလီ၊ စုံညီအုပ်တယ်၊ အောင်ကြစေသား၊ နောင်ကောင်းစေသား'

ဘုရားထီးတင်ပွဲကျင်းပနေစဉ် ကောင်းကင်ယံ၌ တိမ်မှ နဂါးရုပ်ပုံဖြစ်ပေါ်နေသည်။ ကျွန်တော်၏ကိုယ်တွင်လည်း ကြက်သီးတဖြန်းဖြန်းထနေသည်။ သံဃာတော် (၇) ပါးကို ပင့်ဖိတ်၍အနေကဇာတင်ပြီး သက်န်း၊ ထီး၊ ဖိနပ်စသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းခဲ့လေသည်။ ဂေါတမမြတ်စွာဘုရား၏ညီတော် အရှင်အာနန္ဒာသည်ပထမအကြိမ် သင်္ဂါယနာတင်ပွဲ၌ မိန့်ခဲ့သည်မှာ ဘုရားအိုးဘုရားဟောင်း၊ကျောင်းအိုးကျောင်းဟောင်းများပြုပြင်သောအလုပ်သည် အလှူတကာ့အလှူတို့တွင် အမြတ်ဆုံးအလှူဖြစ်ပြီး ဘုရားရှင်အဆက်ဆက် ချီးမွမ်းတော်မူသည်ဟု ကျွန်တော်အိန္ဒိယနိုင်ငံ၊ နာလန္ဒာတက္ကသိုလ်စာကြည့်တိုက်တွင် ဖတ်ခဲ့ရသည်။

ထီးတင်ပွဲပြီးနောက် ကျွန်တော်သည် ဤဆောင်းပါးကို ရေးရန် အဘဦးမိုးဟိန်းနောက်ဆုံးသာသနာပြုခဲ့သည့် ပဲခူးမြို့သို့ ဆယ်တော်မှူဆရာတော်နှင့်အတူ နှစ်ခေါက်သွားခဲ့သည်။ ဆယ်တော်မှူဆရာခတ်သည် ၂၀၀၀ ပြည့်နှစ်က အဘဦးမိုးဟိန်းကို မြစိမ်းရောင်စေတီ၌ တွေ့ဖူးကြောင်းပြောပြသည်။ ထိုစဉ်က အဘဦးမိုးဟိန်းနောက်လိုက်တပည့်သောင်းနှင့်ချီ၍ ရှိလေသည်။ ကျွန်တော်တို့သည် အဘဦးမိုးဟိန်းပြုပြင်မွမ်းမံခဲ့သော ရွှေကဗျာစေတီ (ပဲခူးမြို့အဝင်စာကလေးကွင်း) သို့ ဝင်ခဲ့ကြသည်။ ကျွန်တော်တို့ ရောက်ပြီးမရှေးမနှောင်းပင် ဆိုင်ကယ်တစ်စီးနှင့် လူတစ်ယောက်ဝင်လာသည်။ ကျွန်တော်တို့သည်ထိုလူကိုအဘဦးမိုးဟိန်းအကြောင်းမေးမိရာ ထိုသူသည် ဦးတင်ဝင်းဖြစ်ကြောင်း၊ သူ၏အိမ်တွင်ပင် အဘဟိန်းခန္ဓာချသွားကြောင်းကို အကျယ်တဝင့်ပြောပြလေသည်။ ထို့ပြင် သာသနာပြုကျေးဇူးရှင် အဘဟိန်း၏ထေရုပ္ပတ္တိ အကျဉ်းစာအုပ်ကိုလည်းပေးသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အဘဟိန်းသည် ပဲခူးမြို့၌ အနေများသည်။ အဘဟိန်းနောက်တွင် လူသုံးဆယ်လောက်အမြဲလိုက်နေရာ ထိုစဉ်က မြန်မာပြည်စစ်အုပ်ချုပ်ရေးကာလဖြစ်၍ လူငါးယောက်ထပ် ပိုမစုရ ဥပဒေကို ငြိ၍ အဘဟိန်းအင်းစိန်ထောင်ကျခဲ့သည်။ တရားသူကြီးက အဘဟိန်းကို ထောင် (၂) နှစ်ချရာ



www.burmeseclassic.com

www.burmeseclassic.com

အဘက (၂) နှစ်နည်းတယ်၊ (၄) နှစ်ချထွာဟု ပြော၍ (၄) နှစ်ကျခဲ့သည်။ အင်းစိန်ထောင်ထဲတွင် အဘဟိန်းစေတီတစ်ဆူတည်ခဲ့သည်။ အဘသည်ထောင်ထဲတွင်သာနေသော်လည်း ရုပ်ပြောင်းစာမ်ခွာနည်းဖြင့် အပြင်သို့ မကြာခဏ ရောက်နေ၍ ထောင်မှူးများ အလုပ်ရှုပ်ခဲ့ရသည်။ ဦးတင်ဝင်းသည် ပဲခူးမြို့ အဝေးပြေးကားဝင်းကြီးနှင့် မျက်နှာချင်းဆိုင်တွင်နေကာ ဒေါ်ကြည်ထမင်းဆိုင်ဖွင့်ခဲ့သည်။ အင်္ဂါသားသီးတင်ဝင်းနှင့် အဘဟိန်းမင်းသားဝတ်နှင့် ကနေသော ရုပ်ပုံကို တွေ့ရသည်။ ကနေသော ရုပ်ပုံ၏နောက်ခံပိတ်ကားပေါ်တွင် ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ၊ မင်းသားရွှေမန်းတင်မောင်ကျော်၊ သားရွှေမန်းတင်မောင်၊ မင်းသမီးကြီး စိန်မြကြည်ဟူသောစာတမ်းရေးထားသည်။ ဝိဇ္ဇာနည်းအရ လောကဇာတ်ခုံပင် ဖြစ်သည်။ အဘဟိန်းသည် ဦးတင်ဝင်းကိုဒီဇယ် (၂) ဂါလံတစ်ထိုင်တည်းနှင့်တိုက်ခဲ့သည်။ ဦးတင်ဝင်းက သေရမည်ကို မကြောက်ကြောင်း ပြောပြသည်။ ဦးတင်ဝင်းသည် အဘဟိန်းအကြောင်းပြန်ပြောလျှင် အသံပြောင်းသွားသည်ကို သတိပြုမိသည်။ ကျွန်တော်တို့သည် မျှော်စင်ကြီးရှိသော စူဠာမဏိစေတီတော်သို့လည်း ရောက်ခဲ့သည်။

ယင်းဘုရားတွင် အဘဟိန်းဝတ်စားခဲ့သော အဝတ်အထည်များ၊ အသုံးအဆောင်များကို တွေ့ရသည်။ ယင်းဘုရားတွင် ဆယ်တော်မှူဆရာတော်က ရွှေတိဂုံဆယ်တော်မှူပုံတူ ရုပ်တုတစ်ဆူလှူဒါန်းထားသည်ကို ဖူးတွေ့ရသည်။ ရွှေကဗျာစေတီတွင် အဘဟိန်းကွယ်လွန်သည့်နေ့တိုင်းဘုရားပွဲကျင်းပလာခဲ့သည်မှာ (၁၂) နှစ်တိုင်တိုင်ရှိခဲ့ပြီ။ ကျွန်တော်တို့သည် ပဲခူးမြို့၊ ဆင်ဖြူကျွန်း၊ သုသာန်သို့နေလယ် (၁၂) နာရီတွင်ရောက်သည်။ သုသာန်မှာ သန့်ရှင်း၊ သာယာ၊ လှပပြီး သုသာန်တွင် တစ်နာရီနေသော်လည်း သင်္ဂြိုဟ်မည့်သူတစ်ဦးမျှ မတွေ့ရ၍ ပဲခူးမြို့မှာ လူအသေအပျောက်နည်းကြောင်း သတိပြုမိသည်။ သုသာန်တွင် အဘဟိန်း၏အုတ်ဂူကို ကျွန်တော်နှင့် ဆယ်တော်မှူဆရာတော်တို့ ခွဲ၍ ရှာကြရာ ကျွန်တော်က အဘဟိန်း၏အုတ်ဂူကို ကိုးမိနစ်နှင့် ရှာတွေ့လေသည်။ အဘဟိန်း၏ အုတ်ဂူပေါ်တွင် စေတီတစ်ဆူတည်ရှိပြီး အုတ်ဂူပေါ်တွင် ကျောက်ထက်အက္ခရာတင်ထားပုံမှာ ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရဟန်းဒကာကြီးသာသနာပြု အဘဦးမိုးဟိန်း အသက် (၉၀) နှစ်၊ ၁၃၆၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅) ရက်၊ ၂၆. ၉. ၂၀၀၂ ကြာသပတေးနေ့တွင် ခန္ဓာချုသွားသည်။

အဘအောင်မင်းခေါင်နှင့် ကွယ်လွန်သောရက်မှာ (၃) ရက်သာ ကွာခြားသည်။

ကျွန်တော်သည် အဘဟိန်း၏ အုတ်ဂူကို ကြည့်ရင်း အဘ၏ဆုံးမစကားများ ကြားယောင်လာသည်။

ကံကို ဉာဏ်နှင့် ဖြတ်မယ်၊

ငါ့ကို ယုံလျှင်လည်း မွဲမယ်၊ မယုံလျှင်လည်း လွဲမယ်၊

ရွှေစစ်လျှင် ငရဲမီးစားခံရဲရမယ်၊ ပါရမီရှင်စစ်လျှင် ဘဝကို စွန့်စားနိုင်ရမယ်၊

လိုချင်လျှင် ကျင့်ယူ၊ သိချင်လျှင် ချင့်ယူနိုင်ရမယ်၊

ရွှေကဗျာစေတီတွင် အဘဟိန်းရေးခဲ့သောစာများမှာ-

သံသရာဘဝအစကတည်းက၊ တင်လာသမျှ အပြစ်တွေကို ခွင့်လွှတ်ကာ အဖေရယ် ပြုလိုက်မယ်၊ ယနေ့ကစ သားသမီးတွေ ညီကြ၊

အဆိပ်တက်ပြန်တော့ ထိပ်တက်မှာဝေတေမတေ မဖြေနိုင်ဖိစီး၊

အကျိုးအပလိမ်း မျှော်၊ မိုးဟိန်းကိုနော် အထင်မမှားကြလေနဲ့၊

သတ္တဝါရင်ဝယ်သားလိုပ၊ သံသရာမှာ ကယ်ဆယ်တာများခဲ့ပေါ့၊

အပါယ်ရွာအလွယ်နဲ့မသွားရအောင်၊ အဘရဲ့ဆုတောင်း။

အဘဟိန်းရဲ့ ဆုံးမစကားတစ်ခုက မှတ်လောက်သားလောက်ပါ။ အကြွေးကင်းအောင်နေကြပါတဲ့။

လူ့ဘဝမှာ အကြွေးလေးမျိုးကို အမြဲရင်ဆိုင်ကြုံတွေ့ရပါတယ်။ အကြွေးကင်းမှလည်းစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံမှာပါ။ အကြွေးလေးမျိုးမှာ-

၁။ ကျေးဇူးကြွေး၊
၂။ ပစ္စည်းကြွေး၊
၃။ အလှူကြွေး၊
၄။ ဝဋ်ကြွေး။

တို့ ဖြစ်ပါသည်။

၁။ ကျေးဇူးကြွေးဆိုတာ မိဘ၊ ဆရာတွေရဲ့ ကျေးဇူးကို ပြောတာပါ။ အဖေကို လက်ယာပခုံး၊ အမေကို လက်ဝဲပခုံးပေါ်တင်ပြီး နှစ်တစ်ရာပတ်လုံး ပြုစုလုပ်ကျွေးပေမယ့် မိဘကျေးဇူးတွေဟာ ဆပ်လို့မကုန်နိုင်ပါဘူး။ ဒါ့ကြောင့် မိဘတွေ့ကို ကြွေးဟောင်းဆပ်အနေနဲ့ ပြုစုလုပ်ကျွေးပါ။ ယုတ်မြတ်မရွေး သက်ကြီးရွယ်အိုတွေကို ပေးကမ်းလှူဒါန်းပြီး ရွှေအိုးမြှုပ်နှံထားပါ။ ဒါနရွှေအိုး၊ သီလရွှေအိုး၊ သမာဓိရွှေအိုး၊ ပညာရွှေအိုးဆိုပြီး ကုသိုလ်အိုးကြီးလေးလုံးရှိတယ်။

၂။ ပစ္စည်းကြွေးဆိုတာ သူတစ်ပါးပစ္စည်း ချေးငှားပြီး ပြန်မပေးရင်၊ ပြန်မဆပ်ရင် ပစ္စည်းကြွေးတင်နေတာပါပဲ။ အဲဒီကြွေးကို မဆပ်ဘဲ သေသွားခဲ့ရင် ကြွေးရှင်ထံမှာ ကျွဲ၊ နွား၊ ကျွန်တွေ သွားဖြစ်ကြရပြီး သူတစ်ပါးခိုင်းသမျှ ပေးဆပ်ရမှာက ကြွေးယူခြင်းရဲ့အကျိုးဆက်ပါပဲ။ လူမုန်းလျှင် ပုန်းလို့ရပေမယ့် ကံမုန်းလျှင် ပုန်းလို့မရပါ၊ ဒီဘဝ သူတစ်ပါးပစ္စည်းယူထားပြီး ပြန်မဆပ်ဘဲ လူချင်းမုန်းပြီး ပုန်းရှောင်နေလို့ရပေမယ့် ကံတရားကို ပုန်းရှောင်လို့မရပါဘူး။ ပြန်ကိုဆပ်ရမှာနော်။

၃။ အလှူကြွေးဆိုတာကိုတော့ လူတွေအသိနည်းကြပါလိမ့်မယ်။ လှူပါမယ်လို့ကတိခံထား၊ ဝန်ခံထားပြီးတော့ မလှူဖြစ်ရင် အဲဒါအလှူကြွေးတင်နေတတ်ပါတယ်။ ဒါနကြွေးတင်နေတာပေ့ါ။ ကောင်းမှုဒါမျိုးစေ့မရှိရင် စီးပွားရှာလို့ မအောင်မြင်နိုင်ပါ။ လုပ်သမျှ အရှုံးနဲ့ချည်းပဲ ရင်ဆိုင်ရတတ်ပါတယ်။ ဖိတ်ကြားရည်မှန်း၊ မလှူဒါန်း၊ ကုန်ခမ်း စီးပွားပျက်တတ်သည်။

၄။ ဝဋ်ကြွေးဆိုတာ ဘဝအဆက်ဆက်က မိမိကိုယ်တိုင်ပြုလုပ်ပြစ်မှားမိခဲ့သော အပြစ်ပါပဲ။ မပြစ်မှားထိုက်သော ကျေးဇူးရှင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများကို ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် ပြစ်မှားခြင်းပါပဲ။ မိမိထက်သာလွန်သော သီလ၊ သမာဓိ၊ ပညာရှိသော သူတော်စင်များ၊ ကျင့်ကြံအားထုတ်နေသော အရိယာလောင်းများကို မိမိစိတ်သန္တာန်တွင် ပေါ်လွင်သော ပုထုဇဉ်စိတ်၊ လောဘ၊ ဒေါသ၊ မောဟစိတ်များဖြင့် ပြစ်မှားမိလျှင်လည်း ခန္ဓာရှိသမျှဘဝဆက်တိုင်း ရောဂါများနှင့် စိတ်ဆင်းရဲရခြင်း၊ တရားထူးမရခြင်းများ ဖြစ်တတ်သည်။ အထူးသတိပြုရှောင်ကြဉ်ရမည် ဖြစ်ပေသည်။

*(၃၁) ဘုံသား အားလုံးအကြွေးကင်း၍ ကျန်းမာချမ်းသာကြပါစေ။*

**တင်အောင် (စက်မှုတက္ကသိုလ်)**

*ဤဆောင်းပါးဖြင့် အဘဦးမိုးယံဟိန်းနှင့် အဖေဦးရန်အောင်တို့ကို ဦးခိုက်လျက်*



www.burmeseclassic.com

www.burmeseclassic.com

# ရန်နိုင်

## ဆုံးမစာ၊ ဆုံးမစကား



ခေတ်အဆက်ဆက် လူကြီးသူမများက နောင်လာနောက်သား ငယ်ရွယ်သူလူငယ်များအတွက် စေတနာကောင်းဖြင့် သွန်သင်ဆုံးမ လမ်းညွှန်ပြသည့်စာကို ဆုံးမစာဟု ဆိုသည်။ ရှေးခေတ်ကာလများက ဆုံးမစာများကို စာသင်သားတို့ အလွတ်ကျက်မှတ်ခဲ့ကြရသည်။ လိုက်နာခဲ့ကြရသည်။ ဆုံးမစာများမှ တစ်ဆင့် ခေတ်တစ်ခေတ်၏ အခြေအနေကို စူးစမ်းလှမ်းမျှော်ကြည့်မြင်နိုင်သည်။

ဆုံးမသူနှင့် ဆုံးမခံရသူတို့၏ အနေအထားကိုလည်း သတိပြုမိနိုင်သည့် အခွင့်အရေး။

ဆုံးမစာသည် လိုက်နာဆောင်ရွက်သင့်သော စည်းကမ်း သို့မဟုတ် နည်းလမ်းများကို ပြဆိုသည်။ ချို့ယွင်းချက်ကြောင့်သော် . လည်းကောင်း၊ လိုအပ်ချက်ကြောင့်သော် လည်းကောင်း ဆုံးမရခြင်းဟု ရှုမြင်နိုင်သည်။ တစ်ဖက်မှ မည်သည့်ချွတ်ချော်မှားယွင်းမှုများရှိခဲ့လေသနည်း။ ကျန်တစ်ဖက်တွင် မည်သည့်အချက်များ လိုအပ်နေသနည်း စသည်တို့ကို ဆုံးမစာမှတစ်ဆင့် သုံးသပ်ဖော်ထုတ်နိုင်မည် ထင်သည်။

ဆုံးမစာတွင် အပိုင်းနှစ်ပိုင်းပါဝင်သည်။ တစ်ပိုင်းက လိုက်နာရန်၊ နောက်တစ်ပိုင်းက ရှောင်ကြဉ်ရန်။ ဆုံးမစာအများစုကို ကဗျာလင်္ကာသင်္ကာန်ဖြင့် ရေးဖွဲ့သီကုံးထားသဖြင့် ဖတ်၍ကောင်းသည်။ မှတ်သားရလွယ်ကူသည်။ နှုတ်တိုကျက်မှတ်၍ အဆင်ပြေသည်။ ရှေးယခင်က ဘုန်းတော်ကြီးသင်ပညာရေးများဖြစ်သဖြင့် စာသင်သားကျောင်းသားလူငယ်များ၊ သာမဏေငယ်များ၊ စာသင်သားသံဃာများအား ဦးတည်ဆုံးမလေ့ရှိသည်ကို တွေ့ရသည်။

ဆုံးမစာကို ပြုစုသူတို့သည် များသောအားဖြင့် ဆရာတော်များနှင့် သက်ကြီးရွယ်အိုလူကြီးသူမများဖြစ်ပါသည်။ ထို့ကြောင့် အချို့သောဆုံးမစာများသည် ကလေးသူငယ်များအတွက်သာမကဘဲ လူလတ်ပိုင်းအရွယ်များအတွက်ပါ ရည်ရွယ်ထားသည်ကိုလည်း သတိထားမိနိုင်သည်။

ဥပမာအားဖြင့် အောက်ပါ ဆုံးမစာများကို စုစည်း တင်ပြအပ်ပါသည်။

- *ထန်းရည်၊ အရက်၊ တစ်ချက်ကိုကင်း၊ ဘိန်းဘင်းကစော်၊ လှော်စာသောက်စားပြုသူများ၊ စီးပွားပျက်မည်သိ။*
- *မလုပ်မကိုင်၊ မှိုင်တွေငေးကာ၊ နေရာကျောခင်း၊ ပျင်းရိဖင့်စားပြုသူများ၊ စီးပွားပျက်မည်သိ။*
- *လူသွမ်းလူသောင်း၊ လူဘူးတောင်းဟု မကောင်းမိတ်ဖက်၊ လူသူပျက်နှင့်၊ ပေါင်းလျက်လှည့်သွားပြုသူများ၊ စီးပွားပျက်မည်သိ။*
- *အစာနှင့်ခိုင်း၊ ဝမ်းကိုတိုင်း၊ ဝင်တိုင်းမစားနှင့်။*
- *ဆင်ခြင်တွေးတော၊ သူ့သဘော၊ ပြောတိုင်းမယုံနှင့်။*
- *မိတ်ဆွေတို့မှာ ဖြောင့်မှန်စွာ၊ သစ္စာမဖောက်နှင့်။*
- *မလေးမစား သူတစ်ပါး၊ လှည့်ဖြားမလိမ်နှင့်။*
- *မိတ်ဆွေဖော်သင်း၊ လူချစ်ချင်း၊ သတင်းမပျက်နှင့်။*
- *အမှားမလိုက်၊ အမှန်ကြိုက်၊ စရိုက်ကောင်းဓအောင်ကျင့်ရမည်။*
- *မှီကောင်းဆရာ၊ ဆုံးမခါ၊ စိတ်မှာစွဲမှတ်နာရမည်။*
- *မပြုခင်က၊ စဉ်းစားကြ၊ ကိစ္စအသွယ်သွယ်။*
- *အမှားကိုပစ်၊ အမှန်ချစ်၊ စင်စစ်ချမ်းသာဖွယ်။*
- *အမှားကိုချစ်၊ အမှန်ပစ်၊ စင်စစ်ဆင်းရဲမယ်။*
- *သေနှင့်အရက်၊ စီးပွားပျက်ကို တစ်စက်ကယ်မျှ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရည်။ ။*

(ရှင်မဟာရဋ္ဌသာရ)

◆ သူ၏ဥစ္စာသူ့ဘဏ္ဍာကို၊ မေတ္တာမရှေး၊ သူမပေးက၊ ဆေးတစ်စုံအိုးမျှ၊ မယူကြနှင့် ရှောင်ကြပါလေ။ ကာမေမိစ္ဆာ၊ သူ့အိမ်ရာကို၊ မြင်ခါခဏ၊ သူသတ်ကြူးသည့်၊ ဘီလူးမသို့၊ စိတ်ကမသွေ့ထင်မိစေ။

(ရှင်မဟာရဋ္ဌသာရ)

◆ *ရုပ်သူ့ရွာသား၊ သူကောင်းများအား၊ နားမှာမဆုံ့၊ မခံ့မလေး၊ သူမုန်းဆေးလျှင်၊ ဆဲရေးညစ်ညမ်း၊ ကိုယ်လက်နွမ်းအောင်၊ အသွမ်းမကျင့်ကြလေနှင့်။*

(ရှင်မဟာရဋ္ဌသာရ)

လူမှုရေး ပေါင်းသင်းဆက်ဆံရေး နယ်ပယ်တွင် သတိထားဆင်ခြင်စရာများ ဖြစ်သည်။ ဤသို့သော စာမျိုးသည် လူ့ဘဝအတွက် တစ်သက်တာမှတ်သား လိုက်နာသင့်သော ဆုံးမစာများဟု ဆိုနိုင်ပါသည်။

◆

ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရ ပညာရှင်နှစ်ပါးက ယှဉ်ပြိုင်မှုအားကြီးသည်။ တစ်ဦးနှင့်တစ်ဦး ရှုမြင်



www.burmeseclassic.com

www.burmeseclassic.com

ခံ၊ အရှုံးမပေး။

ရှင်မဟာရဋ္ဌသာရဆရာတော်၏ 'လက်သစ်တောင်တာ' အစချီ ဆုံးမစာနှင့် ရှင်မဟာသီလဝံသဆရာတော်၏ 'တိလောက' အစချီ ဆုံးမစာတို့သည် မြန်မာစာပေနယ်တွင် ထင်ရှားသည်။

◆ သာမဏေကာ၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင်အမြဲသွတ် -

ဟု အစချီသည်။

ဘုန်းတော်ကြီးကျောင်းပညာရေးတို့ မြင်ယောင်စေသည်။ ဆရာတော်ဘုန်းတော်ကြီး ရဟန်းသံဃာများဖြင့် စည်ကားနေသောကျောင်းများ၊ အတူနေသာ မဏောငယ်များ၊ စာသင်သားဘုန်းကြီးကျောင်းသားများဖြင့် ဆူဆူညံညံအသံများကို ကြားနေရသလိုလို၊ လှုပ်လှုပ်ရှားရှားပုံရိပ်များကိုပင် မြင်နေရသလိုလို။ ကလေးများကို ထိန်းသိမ်းအုပ်ချုပ်ရသည်မှာ လွယ်ကူလှသည်မဟုတ်။

ကျောင်းသားဆိုသည်က မမြဲ။ အသစ်အသစ်ကလေးများကလည်း ဝင်ချည်၊ ထွက်ချည်။ စာလည်းသင်ပေးရသည်။ စားစရာလည်း မျှမျှတတ ကျွေးမွေးရသည်။ စည်းကမ်းသေဝပ်အောင်လည်း စီမံရသည်။ အစပိုင်းက ဆုံးမစာရှိမည်မဟုတ်။ ဖောက်ဖျက်မှုပေါင်းအကြိမ်များလာမှ သွန်သင်ဆုံးမရဟန်ကူသည်။ ကလေးသဘာဝ စည်းကမ်းမရှိစားသောက်လေ့ရှိသည်ကို -

◆ *မိဘ ဆရာ၊ ထားသည့်ဟာကို မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ၊ တောင်းပါကြ -*

ဟူ၍ လည်းကောင်း။

◆ *မိဦး၊ ဖဦး၊ ဆရာဦးကို၊ ခူး၍ အလျှင်မစားချင်နှင့် -*

ဟူ၍ လည်းကောင်း ဆုံးမစာဖြင့် အားမြစ်ဖော်ထုတ်ပြလိုက်သလို -

ထိုအချိန်ကာလ သာမဏေများ၊ ကျောင်းသားငယ်များ လုပ်ဆောင်ရသည့် တာဝန်ဝတ္တရားများကိုလည်း -

◆ *ရေခပ်သွားလည်း ကစား၍သာ မနေနှင့်၊ ရေမှာကြာသော်၊ သဲဒဏ်ရေအဏ်ပေးရမှန်သည်၊ ခံမည်ကြံလော၊ မင်းတို့ကျော။*

ဟု ဆုံးမစာက ပီပီပြင်ပြင်သရုပ်ပြသည်။ ဆုံးမစာကိုဖတ်ရုံဖြင့် ရှေးခေတ်သူငယ်တို့၏ဘုန်းတော်ကြီးကျောင်းသားဘဝကို ကွက်ကွက်ကွင်းကွင်း ထင်သာမြင်သာ သောက်ရေ၊ သုံးရေခပ်ရင်း ကစားပျော်ပါးနေကြသော ကလေးငယ်များ၊ ဆရာတော်၏ သဲဒဏ်၊ ရေဒဏ်ခတ်ခံနေရပုံများကို စိတ်မျက်စိတွင် မြင်ယောင်လာသည်။

ရှေးခေတ်က ဆရာ၊ မိဘအပေါ် ပြုစုရပုံ၊ ကျောင်းတလင်းတွင် မြက်ရှင်းရပုံ၊ နံနက်စောစော အိပ်ရာသိမ်းနေကြသည့်ကလေးငယ်များ၊ ဆရာအား ခြေဆုပ်လက်နယ် ဝတ်ကြီးဝတ်ငယ်ပြုရပုံ၊ မိဘ၊ ဆရာထံပါး ကိုယ်လေးကိုင်းညွတ်ညွတ်တွား သွားလာရပုံများက ရုပ်ရှင်ကားပမာ ထင်ထင်ရှားရှား။ ကလေးများ၏ ပျော်စရာသဘာဝကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသလို ကြည်နူးစရာလည်းကောင်းသည်။

◆

စာပေပညာ လေ့လာသင်အံ့မှုနှင့် စပ်လျဉ်း၍ -

◆ *ငါကား သည်စာ၊ သည်ဂါထာကို၊ မြစ္စာကြပ်မတ်၊ ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တင်လည်းရွက်၊ လျင့်လျင့်ရအောင် ကြိုးစားကျက်။*

(ရှင်မဟာသီလဝံသ)

◆ အချိန်တန်၍၊ စာအံဆိုလျှင် မရွှင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ၊ ကြီးစွာဖန်၍၊ မအံတစ်ခါ၊ အံတစ်ခါနှင့်၊ မျက်နှာတစ်ပါး၊ စာတံခြားလည်း၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော၍လည်းမနေနှင့်။

(ရှင်မဟာသီလဝံသ)

◆ *မပြတ်အသံ၊ တည်ညံ့သည်၊ စာအံစာဖတ်၊ ကြပ်ကြပ်မြဲမြဲ၊ သည်လည်းညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထွေ ပီလှစေ။*

(ရှင်မဟာသီလဝံသ)

◆ *သင်ပုန်းထန်းရွက်၊ ပေထက်စီကာ၊ ရေးသောခါလည်း၊ အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်းလှတတ်စေ*

(ရှင်မဟာသီလဝံသ)

◆ *မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဥ့်နက်၊ သင်ကျက်သမျှ၊ စစကုန်ပေ၊ နေ့ကိုအလွတ်ရွတ်နိုင်စေ။*

(ရှင်မဟာသီလဝံသ)

◆ *ဗဟုသုတ၊ တတ်ပချင်လျှင်၊ သင်သာခိုက်ကို၊ သင်လိုက်ကြ။*

(ရှင်မဟာသီလဝံသ)

◆ အတတ်ပညာ၊တတ်မှသာလျှင်၊ ကျောင်းမှာနေကျိုးနပ်မည်ပ။

ပညာမရှု လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ။

(ရှင်မဟာသီလဝံသ)

◆ *နောက်လိုက်ဝန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှမဝပါ။*

(ရှင်မဟာသီလဝံသ)

◆ *ငါ၏စိတ်တွင်၊ ထင်ခဲ့မလွဲ၊ လိပ်ခဲတည်းလည်း၊ မှန်းဆမယုတ်၊ ဟုတ်၏ကောန်၊ မှန်သည်တစေ၊ မရှိချေက၊ မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။*

(ရှင်မဟာရဋ္ဌသာရ)

◆ *ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ မိုက်မှားခဲ့စွာ၊ မလိမ်မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်။*

(ရှင်မဟာရဋ္ဌသာရ)

လူငယ်တို့၏သဘာဝကို အနုစိတ်အသေးစိတ်ရှုမြင် လေ့လာလျက် ဆုံးမထားသည်ကို တွေ့ရသည်မှာ အားရစရာ။ စာပေပညာကို အပတ်တကုတ်ကြိုးစားသင်ယူနေကြသည့် ကျောင်းသားသူငယ်၊ သာမဏေငယ်များ၏ သူ့ထက်ငါ အပြိုင်အဆိုင် စာအံသံတညံညံကိုလည်း နားတွင်ကြားယောင်လာသည်။

◆

သင်္ဂဇာဆရာတော်၊ ဆရာတော်ဦးပုဓ်၊ တောင်ဖီလာဆရာတော် အစရှိသည့် ပုဂ္ဂိုလ်အကျော်အမော်များ၏ ဆုံးမစာများသည်လည်း မြန်မာစာပေနယ်တွင် ကျော်ကြားသည်။ လူမှုကျင့်ဝတ်များ၊ အကျိုးအပြစ်များ၊ ခက်ခဲခြင်း၊ ဖျက်ဆီးခြင်းသဘာဝများကို အကြောင်းပြချက်အခိုင်အမာဖြင့် ပြဋ္ဌာန်းအပ်သောဆုံးမစာပေများ ဖြစ်သည်။

ဆရာတော်ဦးပုဓ်ဆိုလျှင် နှုတ်မှုရေးရာ စကားပြောရာတွင် တုတ်ထိုးအိုးပေါက်။ သို့သော် သူ၏ ဆုံးမစာပေများကမူ ချောချောမွေ့မွေ့ ထိထိရောက်ရောက်။

ဆရာတော်များ၏ ဆုံးမစာများသည် ယနေ့ထက်တိုင် မြန်မာလူမျိုးများအတွက် အကိုးအကား။ ဥပမာအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သင်္ဂဇာဆရာတော်၏ 'သိင်္ဂါလောဝါဒဆုံးမစာ'တွင် လူမှုကျင့်ဝတ်များနှင့် ပတ်သက်၍ -

◆ *ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။*

ထိုဆုံးမစာသည် သားသမီးတို့လိုက်နာရမည့်၊ ကျင့်ကြံရမည့် တာဝန်ဝတ္တရား။

◆ *မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။*

ထိုဆုံးမစာသည် မိဘတို့ ကျင့်ကြံရမည့် တာဝန်ဝတ္တရား။

◆ *ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။*

ထိုဆုံးမစာသည် တပည့်တို့ ကျင့်ကြံရမည့် တာဝန်ဝတ္တရား။

◆ *အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပွမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။*

ထိုဆုံးမစာသည် ဆရာသမားတို့ ကျင့်ဆောင်ရမည့် တာဝန်ဝတ္တရား။

◆ *မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင့်ကျင့်ရာ။*

ထိုဆုံးမစာသည် လင်ယောကျ်ားတို့ ကျင့်ကြံရမည့် တာဝန်ဝတ္တရား။

◆ *အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။*

ထိုဆုံးမစာသည်လည်း မိန်းမဇနီးမယားတို့ကျင့်ကြံရမည့် တာဝန်ဝတ္တရား။

ထိုမျှသာမက မိတ်ဆွေကျင့်ဝတ်၊ သခင့်ကျင့်ဝတ်၊ကျွန်ကျင့်ဝတ်၊ဒါယကာကျင့်ဝတ်၊ ရဟန်းကျင့်ဝတ် စသည့် ဆုံးမစာများကို ယနေ့ထက်တိုင် မြန်မာလူမျိုးတို့ လိုက်နာကျင့်သုံးကိုးကားစောင့်ထိန်းကြဆဲ။

◆

ဆရာတော် ဦးဗုဓ်ကလည်း 'ဂိဟိဝိနယဆုံးမစာ' ကို အောက်ပါအတိုင်း ရေးဖွဲ့ခဲ့သည်။

◆ *သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှင့်သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖွဲ့၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။*

ထိုဆုံးမစာသည် စီးပွားဥစ္စာပျက်ကြောင်းတရား (၆) ပါးကို ပြဆိုသည်။

◆ *ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာအပြစ်တည်း။*

ထိုဆုံးမစာသည် အရက်သေစာသောက်စားခြင်း အပြစ် (၆) ပါးကို ထောက်ပြသည်။

◆ *အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါးကြွေအန်အပြစ်တည်း။*

ထိုဆုံးမစာသည် လောင်းကစားသူတို့ ကြုံတွေ့ကြရသည့် အပြစ် (၆)ပါးကို ထုတ်ဖော်သည်။

◆ *ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤခြောက်ခုကား၊ ကြီးသူကျင့်ရာ တရားတည်း။*

ထိုဆုံးမစာသည် အကြီးအကဲတို့၏ ကျင့်ဝတ် (၆) ပါးကို ပြဋ္ဌာန်းသည်။

ဆရာတော်သည် စာပေတွင်လုံးဝနှစ်မြှုပ်ဝင်စားသော်ငြားလည်း လောကီရေးရာနှင့် မျက်ခြည်မပြတ်ခဲ့။ အရက်သောက်သူ၏ ဘဝကိုလည်း ပီပီပြင်ပြင်နီးနီးကပ်ကပ်။ လောင်းကစားသမားတစ်ယောက်၏သောကကိုလည်း ထဲထဲဝင်ဝင် ပေါ်ပေါ်လွင်လွင်။ ထို့အပြင် အချိန်အခါမဲ့သွားလာခြင်းမှ ဖြစ်ပေါ်လာနိုင်သောအပြစ်များ၊ သဘင်ပွဲလမ်းသွားရောက်ကြည့်ရှုခြင်းကြောင့် ရရှိနိုင်သော အပြစ်များကိုလည်း တိတိကျကျထောက်ပြနိုင်သည်။

လူမှုဆက်ဆံရေးနယ်ပယ်ထဲတွင် မထားသင့်သော မိတ်ဆွေပျက် (၆) ဦး၊ ကိုယ်ကျိုးကိုသာကြည့်တတ်သော တစ်ကိုယ်ကောင်းသမား(၄)ဦး၊ နှုတ်ဖြင့်သာတန်ဆောင်လေ့ရှိသောခင်ပွန်းတု(၄)ဦး၊ ချစ်ဖွယ်ကိုသာဆိုတတ်သော မိတ်ဆွေတု(၄) ဦးတို့ကို ထောက်ပြချက်ကလည်း အားမနာစတမ်း။ ကျေးဇူးသိတတ်သော မိတ်ဆွေကောင်း၊ မစွန့်ခွာမပစ်ပယ်တတ်သော မိတ်ဆွေစစ်၊ အကျိုးကိုလိုလားသောမိတ်ဆွေ၊သနားကြင်နာတတ်သော အဆွေခင်ပွန်းတို့၏ အကြောင်းကို လမ်းညွှန်လိုက်သည်မှာ ထောက်ထောက်ခံခံ ပြတ်ပြတ်သားသား။

◆

တောင်ဖီလာဆရာတော်၏ ဆုံးမစာများကို 'ဖျက်စု'၊ 'ခက်စု' ဟုလည်း မှတ်သားကြသည်။ ဆရာတော်၏ ဆုံးမစကားများအနက် အသုံးတွင်ကျယ်ခြင်းကြောင့် စကားပုံ၊ ဆိုရိုးစကားများသို့ ပြောင်းလဲသွားသည်များရှိသည်။

ဥပမာ 'ဖျက်စု' ဆုံးမစာများထဲမှ -

◆ *မင်းပင်ကောင်းလျက် အမြှောင်ဖျက်သည်။*

◆ *ကုတ္တိယမူ ရှုပကောင်းလျက် ဆံထုံးဖျက်၏။*

◆ *မြစ်မရေနက် သောက်ပြင်ဖျက်သည်။*

◆ *ဘောဇဉ်ငါးပါး ပျားအရသာကောင်းပါပေလျက် ဆားငန်ဖျက်သည်။*

တို့ဖြစ်သည်။

အလားတူ ခက်စုဆုံးမစာများထဲမှ -

◆ *ညှော်သည်ညဥ့်နက် အအိပ်ခက်။*

◆ *သားမြေးဆိုးလျက် အစွန့်ခက်။*

◆ *လာခဲ့ခေါ်လျက် အနှင်ခက်။*

◆ *ခရီးညွှန်ထက် အသွားခက်။*

◆ *ထွေးပြီးပြန်လျက်အမျိုခက်။*

◆ *အသားမည်းနက် အဆင်ခက်။*

တို့သည် စကားပုံ ဆိုရိုးစကားများ အသွင်သို့ကူးပြောင်းသွားကြောင်း သတိထားမိနိုင်သည်။

ဆရာတော်သည် 'ဖျက်စု'၊ 'ခက်စု' များအပြင် 'ခဲစု'၊ 'မမြဲစု' များဖြင့်လည်း ဆုံးမစာများကို အုပ်စုခွဲစုစည်းပေးခဲ့သည်။ နောင်လာနောက်သားများအတွက် ခူးပြီးခပ်ပြီး စားသုံးရုံအဆင်သင့်။ ရှေးလူကြီးသူမပညာရှိများ၏ ကျေးဇူးကားကြီးမားလှသည်။

◆

ဆရာတော် ဘုန်းတော်ကြီးများသာမက လူပုဂ္ဂိုလ်ပညာရှိများကလည်း ဆုံးမစာများ သီကုံးခဲ့ကြသည်။ စာတော်ပြင်ဆရာကြီး ဦးပညာက 'သားရွှေဥ ဆုံးမစာ'များကို ရေးစပ်ခဲ့သည်။ မိဘက သားကို တဖွဖွသွန်သင်ညွှန်ပြနေဘိသကဲ့သို့ ကဗျာကာရန် အချိတ်အဆက်မိမိ၊ ဝေါဟာရအသုံးအနှုန်းက နူးနူးလှလှ၊

◆ *သားရွှေဥ မျက်ရှုဒါလီ ပုလဲသီသို့*

◆ *သားရွှေဥ မျက်ရှုခမည်း မှတ်နာ သည်းလော့၊*

◆ *သားရွှေဥ မျက်ရှုနားဝင် ကြံဆင်ခြင် လော့၊*



www.burmeseclassic.com

www.burmeseclassic.com

• သားရွှေဥ မျက်ရှုထုံပေါင်း လက်ရေးကောင်းက၊
• သားရွှေဥ မျက်ရှုထုံသင်း နှလုံးသွင်းလော့၊
• သားရွှေဥ မျက်ရှုလှုလှု မောင်နားကျလော့၊
• သားရွှေဥ မျက်ရှုရတနာ မှတ်သားပါလော့၊
• သားရွှေဥ မျက်ရှုပျောင်းအိ မပျင်းရိနှင့်၊
• သားရွှေဥ မျက်ရှုသည်းခေါင် မောင်နားထောင်လော့၊
• သားရွှေဥ မျက်ရှုသက်ထား ဆိုစကားကို၊
• သားရွှေဥ မျက်ရှုကြည့်မှန် အစွဲသန်လော့၊
• သားရွှေဥ မျက်ရှုကုမုဒ် အမိယုတ်တာ -

စသည်ဖြင့် အစချီပုံကလေးများက တစ်မူထူးခြားတွဲကွဲပြားပြား နုနုရွရွ ဝေါဟာရလည်း ကြွယ်ဝသည်။ အနက်အဓိပ္ပာယ်လည်း ပြည့်စုံသည်။ သားတစ်ယောက်ကို ရွှေသား၊ ရွှေဥ၊ ရွှေတုံးကလေးနှင့် ထပ်တူပြုသည်။ ဒါလီလည်ဆွဲ ပုလဲကုံးကလေးများနှင့် တင်စားသည်။ ရှေးခေတ် ပေါရာဏခမည်းအသုံးအနှုန်းလေးဖြင့်လည်း ကွန့်ညွှန့်သည်။ ရတနာတိုးပါးသည်လည်း သားကို ရည်ညွှန်းစရာ။ အသည်း၊ အသက်၊ ကုမုဒြာ ကြာပန်းကလေးများကလည်း ခိုင်းစရာ၊ နှိုင်းစရာ၊ ကြေးမုံမှန်သားပြင်သဖွယ် အရိပ်တကြည့်ကြည့်။

ဆုံးမစာအပိုဒ်တိုင်း 'ရတနာမျက်ရှု သားရွှေဥ' စာချိုးကလေးများဖြင့် အဆုံးသတ်သည်။ တစ်နည်းအားဖြင့် သားရွှေဥဖြင့် နှုတ်ဆက်အစချီ၍ သားရွှေဥဖြင့်ပင် နှုတ်ဆက်အဆုံးသတ်ထားသည်က လိုက်လျောညီထွေ။

သားရွှေဥဆုံးမစာသည် ပုံပြင်ဇာတ်လမ်းဖြစ်စဉ်လေးများဖြင့် တန်ဆာဆင်သည်။ ဆရာသမား၊ လူကြီးသူမ မြင့်မြတ်သူများရှေ့တွင် ရှေ့၊ နောက်၊ ဘယ်၊ ညာ၊ အနီး၊ အဝေး ရွေးချယ်နေထိုင်သင့်သည့် နည်းစနစ်များကို အနုစိတ် သွန်သင်ဆုံးမသည်။ မိမိထက် အသက်ကြီးသူ၊မြင့်မြတ်သူ ဆရာများကို ရှိခိုးဦးချပုံ -

• နှစ်ခုဖဝါး၊ အညီထားမှ၊ နှစ်ပါးသောဒူး၊ မျှအောင်ပူးလျက်၊ နဖူးလက်စုံ ခိုက်စေတုံလော့။

အကြောင်းစုံကို အသေးစိတ် သီကုံးသည်။

တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်သက်၍ -

• ပုပန်စိုစွတ်၊ ကိုယ်အဝတ်ကို၊ မချွတ်မလှန်း၊ ခပ်ထန်းထန်းကြောင့်၊ သန်းဥသန်းဖျ၊ ရွရွလည်းတက်၊ ခေါ်ငက်ညှီနံ၊ ဦးဆံမသိမ်း၊ ဆီမလိမ်းဘဲ၊ ချမ်းငြိမ်းရေမိုး၊ မချိုးမသွန်း၊ မတွန်းကြေးနှစ်၊ အညစ်ညစ်နှင့်၊ ပစ်စလက်ခတ်၊ ရှိရာတတ်သည် -

ဟု သွန်သင်ဆုံးမသည်။

စာပေဆိုင်ရာ သတ်ပုံအရေးအသားများနှင့် ပတ်သက်၍လည်း စိစစ်ဆုံးမသည်။ 'သစ်စေး' လိုသော်လည်း 'သစ်စည်း' ဟု အရေးမှားပုံ၊ 'စာထုတ်ပါ' ဟု အမှာစကားကို 'စာထုပ်ပါ' ဟု အမှားရေးသဖြင့် လိုရာမရောက်ပုံ။

• နှုတ်လျှင်ချိုငြား၊ သျှိုတစ်ပါး -

စကားပုံဖြစ်သွားသော ဆုံးမစာဖြစ်စဉ်ကလေးက နွားကောင်းသည်ပင်လျှင် ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းသဖြင့် -

သခင်ကိုမုန်း၊ မရုန်းဘဲနေ၊ လောင်းကြေးငွေကုန်' ခဲ့ရသည့် ဖြစ်ရပ်ကလေးများ သာဓကထားဆုံးမသည်။

ဆုံးမစာတွင် စကားပုံအချိုးကလေးများဖြစ်ကြသော -

• တောင်တိုင်းမသိ၊ များစာရှိလည်း၊ မဏိရတနာ၊ မတည်ပါခဲ့။
• အတောတော၌၊ စိတ်ဇောရှင်ရာ၊ နှံ့သာကြိုင်မြူး၊ စန္ဒကူးမရောက်။
• ကျွမ်းဂန်ပါဠိ၊ မသင်မိ၍၊ မသိသသူ၊ အယူတိမ်းပါး၊ အမှားမှားလျှင်။
• ပညာအတတ်၊ ကျေးဇူးမြတ်နှင့်၊ ဂုဏ်သတ္တိမှာ၊ ဘယ်ဥစ္စာမျှ၊ နှိုင်းရာမတူ၊ ခိုးသားမူလည်း၊ မယူနိုင်ရာ။

စသည်တို့က စိတ်ဝင်စားစရာ။

◆

တွင်းသင်းမင်းကြီး၏ 'ကြောက်ကြီးကိုးလုံး' ဆုံးမစာကလည်း လောကီနယ်ပယ်တွင် အရေးပါသည်။ 'မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာမရှိ' ဟူသော အဆိုကို ထောက်ခံ သွန်သင် ဆုံးမထားသောစာ ဖြစ်သည်။ မင်းပြစ်မင်းဒဏ်ဆိုင်ရာ အတွေ့အကြုံများကို အရင်းတည်ရေးဖွဲ့ထားကြောင်း သိသိသာသာ။ အလွန်လက်တွေ့ကျသော ကြောက်ရွံ့စရာ ရှောင်ကြဉ်စရာများကို မြင်သာသည်။

• မျက်ကွယ်မျက်မြင်၊မဆင်ခြင်၊ လူရှင်သိမည် ကြောက်။
• မေတ္တာကုန်ခန်း၊ စိတ်မချမ်း၊ ညှိုးနွမ်းမည်ကို ကြောက်။
• သစ္စာမမြဲ၊ အကျင့်လွဲ၊ ပါယ်ထဲရောက်မည် ကြောက်။
• ကိုယ်နှင့်မတန်၊ စကားလွန်၊ မင်းဒဏ်သင့်မည် ကြောက်။
• မင်း၏ဥစ္စာ၊ အနည်းသာ၊ ပြစ်ဆာရောက်မည် ကြောက်။
• ရန်သူငါးချက်၊ အခင်းဖျက်၊ သေပျက်မည်ကို ကြောက်။
• လွန်ကျူးသမျှ၊ မိုက်နောင်တ၊ ရှိရမည်ကို ကြောက်။
• သေနှင့် အရက်၊ လူကိုဖျက်၊ အရှက်ရမည် ကြောက်။
• မဟုတ်မလျား၊ သူလှည့်ဖြား၊ မှောက်မှားမည်ကို ကြောက်။

◆

လက်လှမ်းမီသမျှ ဆုံးမစာပေများကို စုစည်းတင်ပြလိုက်ခြင်း ဖြစ်သည်။ လူငယ်များအတွက် အကျိုးပြုနိုင်သော စာပေများကို ရှာဖွေရခြင်းမို့ မမောနိုင် မပန်းနိုင်။ သည်စာစုစဉ်ကလေးများကို လူငယ်များအတွက် အသုံးချနိုင်မည်ဆိုပါက ကျေနပ်ဝမ်းသာမှုသည် အတိုင်းထက်အလွန်။

လေ့လာစရာစကားပုံ၊ စကားထာ ဆုံးမစာ၊ သံပေါက်၊ မေတ္တာစာ များစွာသည် မြန်မာစာပေတွင်ရှိနေပါသည်။ ဤစာစုသည် ပြီးပြည့်စုံသည်ဟု မဆိုသာ။ စာမြည်းသဖွယ် စာလမ်းညွှန်မျှသာ သဘောထားပါသည်။

ဤစာစုကို ဖတ်ရှုသူ လူငယ်များအား ကျေးဇူးတင်ပါသည်။

ရန်နိုင်

ကျမ်းကိုးစာရင်း -


၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၃)
၂။ မြန်မာကဗျာလက်ရွေးစင် အဋ္ဌမတန်း (ပညာရေးဝန်ကြီးဌာန)
၃။ မြန်မာ့ရိုးရာကျေးလက်မြန်မာမှုဓလေ့များ အတွဲ (၁၊၂) (ဆင်ဖြူကျွန်းအောင်သိန်း)
၄။ ဗုဒ္ဓဘာသာ အခြေခံ လက်စွဲဆယ်စောင်တွဲ (ဦးမောင်မောင်-ဟံသာဝတီ)
၅။ တရားသုံးဖြာဆုံးမစာ (အရှင်ဇနကာဘိဝံသ)




www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ ဘုရားဖူးယောဂီအဖွဲ့သည် ပြင်ဦးလွင်မြို့၌ တည်ထားကိုးကွယ်ထားသည့် မဟာအံ့ထူးကံသာဘုရားကြီးအား ဖူးမြော်ရန် မန္တလေးမြို့မှ ထွက်ခွာခဲ့ရာ (၂၁) မိုင်စခန်းသို့ ရောက်ရှိလာခဲ့သည်။

(၂၁) မိုင်စခန်းတွင် စားသောက်ဆိုင်များရှိသဖြင့် ထိုဆိုင်ခန်းတစ်ခု၌ ဝင်ရောက်နားခိုခဲ့သည်။ ထိုနေရာမှ လှမ်းမျှော်ကြည့်သော် ပြာရီမှိုင်းနေသည့် တောင်တန်းကြီးကို တွေ့မြင်ရသည်။ ထိုတောင်တန်းကြီးမှာ မှိုင်းညို့ညို့ ရှမ်းတောင်တန်းကြီးနှင့် တစ်ဆက်တည်းဖြစ်သည်။ တောရိပ်တောင်ရိပ်သည် တိတ်





www.burmeseclassic.com

www.burmeseclassic.com



# ရိရိငွေး ၁

## စေတီသရာတော်ကြီးချာန်ကြွသည့်ကို ဖူးတွေ့ရသူတစ်ဦး၏ကိုယ်တွေ့မှတ်တမ်း

ဆိတ်ပြီး အေးမြပေသည်။ ထိုတောင်တန်းများသည် တရားရှာသည့် သူတော်စင် အများအပြား ကိန်းအောင်းရာနယ်မြေလည်း ဖြစ်သည်။ ထိုဆိုင်ခန်း၌ လက်ဖက်ရည်သောက်ပြီး မုန့်စားခဲ့သည်။ ထို့နောက် အာလာပသလ္လာပစကား ပြောဆိုခဲ့စဉ် ဆိုင်ရှင်ဦးလေးကြီးမှ -

"ဆရာမတို့ ဒီနေ့မှရောက်လာတာ တစ်ရက်နောက်ကျသွားတယ်"

"ဘာဖြစ်လို့လဲ ဦးလေး"

"မနေ့ညနေက ဟောဟိုတောင်တန်းက ရဟန္တာသုံးပါးကြွလာတာ ဒီမှာရှိတဲ့လူတွေ အကုန်ဖူးလိုက်ရတယ်"

"ဟုတ်လား ဦးလေး၊ ကျွန်မတို့လည်း ရဟန္တာကိုဖူးချင်လိုက်တာ"

"ဦးလေးတို့တော့ ရဟန္တာကြွလာတာ သုံးကြိမ်လောက်မြင်လိုက်ရတယ်"

"ဒါဆို ဦးလေးက ကံထူးတာပေါ့"

"ဟုတ်မယ် တူမရယ်၊ ဦးလေးထင်တာတော့ ဟောဟိုတောင်တန်းကြီးထဲမှာ တရားထူးရပြီးရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်ထူးတွေရှိမယ်ထင်တာပဲ"

"ဘာကြောင့်လဲ ဦးလေး"

"ရဟန္တာတွေ ချာန်ကြွလာတာ အဲဒီတောင်တန်းဘက်ကလို့ပဲထင်တယ်"

"ဖြစ်နိုင်ပါတယ်၊ ဦးလေးရယ်။ တောရိပ်တောင်ရိပ်မှာ သူတော်စင်တွေ တရားရှာတာနေမှာပေါ့"

စာရေးသူနှင့် ဆိုင်ရှင်ဦးလေးကြီးတို့ စကားလက်ဆုံကြနေစဉ် ယောဂီ



www.burmeseclassic.com

www.burmeseclassic.com



# ရိုရိုဌေး ၁

## ဝေဘူဆရာတော်ကြီးချာန်ကြွသည့်ကို ဖူးတွေ့ရသူတစ်ဦး၏ကိုယ်တွေ့မှတ်တမ်း

ဆိတ်ပြီး အေးမြပေသည်။ ထိုတောင်တန်းများသည် တရားရှာသည့် သူတော်စင် အများအပြား ကိန်းအောင်းရာနယ်မြေလည်း ဖြစ်သည်။ ထိုဆိုင်ခန်း၌ လက်ဖက်ရည်သောက်ပြီး မုန့်စားခဲ့သည်။ ထို့နောက် အာလာပသလ္လာပစကား ပြောဆိုခဲ့စဉ် ဆိုင်ရှင်ဦးလေးကြီးမှ -

"ဆရာမတို့ ဒီနေ့မှရောက်လာတာ တစ်ရက်နောက်ကျသွားတယ်"

"ဘာဖြစ်လို့လဲ ဦးလေး"

"မနေ့ညနေက ဟောဟိုတောင်တန်းက ရဟန္တာသုံးပါးကြွလာတာ ဒီမှာရှိတဲ့လူတွေ အကုန်ဖူးလိုက်ရတယ်"

"ဟုတ်လား ဦးလေး၊ ကျွန်မတို့လည်း ရဟန္တာကိုဖူးချင်လိုက်တာ"

"ဦးလေးတို့တော့ ရဟန္တာကြွလာတာ သုံးကြိမ်လောက်မြင်လိုက်ရတယ်"

"ဒါဆို ဦးလေးက ကံထူးတာပေါ့"

"ဟုတ်မယ် တူမရယ်၊ ဦးလေးထင်တာတော့ ဟောဟိုတောင်တန်းကြီးထဲမှာ တရားထူးရပြီးရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်ထူးတွေရှိမယ်ထင်တာပဲ"

"ဘာကြောင့်လဲ ဦးလေး"

"ရဟန္တာတွေ ချာန်ကြွလာတာ အဲဒီတောင်တန်းဘက်ကလို့ပဲထင်တယ်"

"ဖြစ်နိုင်ပါတယ်၊ ဦးလေးရယ်။ တောရိပ်တောင်ရိပ်မှာ သူတော်စင်တွေ တရားရှာတာနေမှာပေါ့"

စာရေးသူနှင့် ဆိုင်ရှင်ဦးလေးကြီးတို့ စကားလက်ဆုံကြနေစဉ် ယောဂီ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သန်းက ပါဝင်ဆွေးနွေးခဲ့သည်။

"လွန်ခဲ့တဲ့ လေးလလောက်တုန်းက ကျွန်မဟာ မိသားစုနဲ့အတူ ကျိုက်ထီးရိုးဘုရားကိုသွားဖူးခဲ့တယ်။ အဲဒီမှာ ကောင်းကင်ယံမှာ လက်လက်လက်လက်နဲ့ရွှေနေတဲ့ အရာဝတ္ထုလေးတစ်ခုကို တွေ့မြင်ရတယ်။ အစတုန်းကတော့ ဘာမှန်းမသိလို့ကြည့်ရင်းနဲ့ တော်တော်နီးနီးကိုရောက်လာတော့ ရဟန္တာတစ်ပါး ရှာန်ကြွပြီး ကျိုက်ထီးရိုးဘုရားကို လာဖူးတာဖြစ်နေတယ်"

"ဟုတ်လား၊ ဆက်ပြောပါဦး"

ဒေါ်ဒေါ်သန်းကလည်း အံ့ဩပြီး လှမ်းကြည့်နေတုန်း ဘေးနားက အဘတစ်ယောက်က -

"သမီး၊ သမီး ရဟန္တာကိုဖူးပြီးလိုရာ ဆုတောင်း"

လို့ ပြောလိုက်တယ်။

ဒါနဲ့ ဒေါ်ဒေါ်သန်းက ရဟန္တာကို ဖူးပြီး သိန်းထီပေါက်ပါစေလို့ ဆုတောင်းလိုက်တယ်။ ပြီးတော့ ကျိုက်ထီးရိုးက ထီဆိုင်မှာထီထိုးခဲ့တယ်။ ထီဖွင့်တော့ ဒေါ်ဒေါ်သန်းလည်း အမှတ်မဲ့နေလိုက်တာ အဲဒီဆိုင်က ဖုန်းဆက်ပြီး ဒေါ်ဒေါ်သန်း ထီတစ်သိန်းဆုဝင်တယ်လို့ပြောလို့ ကျိုက်ထီးရိုးကို တစ်ခေါက်သွားပြီး ရွှေသင်္ကန်းကပ်ခဲ့တယ်"

"ဒါဆို ဒေါ်ဒေါ်သန်းက တယ်ဟုတ်ပါလား"

"အေးကွယ်၊ ရဟန္တာရှာန်ကြွတာနဲ့ကြုံရင် ရဟန္တာကိုဖူးပြီး ဆုတောင်းရတယ်။ ဆုတောင်းပြည့်တာတော့ ဒေါ်ဒေါ်သန်းကိုယ်တွေ့ပဲ"

ဒေါ်ဒေါ်သန်းပြောတာကို နားထောင်နေစဉ် ဒေါ်မြမြခင်ကလည်း သူမရဲ့ ကိုယ်တွေ့ဖြစ်ရပ် ရဟန္တာရှာန်ကြွစဉ် ဖူးမြော်ရကြောင်း ပြောပြခဲ့ပါသည်။ သူမတွေ့ဖူးရသည့် ရဟန္တာမှာ 'ဝေဘူဆရာတော်ဘုရားကြီး'ကိုယ်တိုင် ဖြစ်နေသဖြင့် စာရေးသူတို့အုပ်စုမှာ လွန်စွာအံ့ဩဘနန်းဖြစ်ကြရပါသည်။

ဆရာတော်ကြီးအား ရဟန္တာဟု သမုတ်သော်လည်း ဆရာတော်ကြီးသည် လွန်စွာသိုသပ်လျှို့ဝှက်လွန်းသဖြင့် ထင်ကြေးဖြင့်သာ မှန်းဆခဲ့ရပါသည်။ သို့သော် ဆရာတော်ကြီး၏ဖြစ်စဉ်မှာ ထူးခြားလွန်းသဖြင့် စာရေးသူ သိထားသမျှ တင်ပြလိုက်ရပါသည်။

ဆရာတော်အလောင်းအလျာကို ခမည်းတော် ဦးလူဖေ၊ မယ်တော် ဒေါ်ကြင်ဥတို့မှ ၁၂၅၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ တနင်္လာနေ့ နံနက် (၄) ချက်တီးကျော်အချိန် ရွှေဘိုမြို့ အင်ကြင်းပင်ရွာ၌ ဖွားမြင်ခဲ့ပါသည်။

၁၂၇၇ ခုနှစ်တွင် ရဟန်းဘဝသို့ ရောက်ရှိပြီး မန္တလေးမြို့ရှိ မစိုးရိမ်ဆရာတော်ထံ၌ ပညာများသင်ကြားခဲ့သည်။ ၁၂၈၅ ခုနှစ်တွင် ဇာတိရပ်ရွာ အင်ကြင်းပင်ရွာ၌ သီတင်းသုံးခဲ့သည်။

တစ်နေ့သော် -

ဝေဘူဆရာတော်လောင်းလျာနှင့် မိတ်ဆွေ စာချရဟန်းတစ်ပါးတို့သည် စကားစမြည်ပြောရင်း -

"ဦးပဥ္စင်းရေ ကျုပ်တို့စာချရတာ ကုသိုလ်တော့ရပါရဲ့။ နိဗ္ဗာန်တော့မရနိုင်ဘူးဗျ။ အဲဒီတော့ နိဗ္ဗာန်ရောက်ကြောင်း တရားထူးတရားမြတ်ရှာကြရင် ပိုပြီးကောင်းမယ်ထင်တယ်"

ဤသို့တိုင်ပင်ပြီး ရဟန်းနှစ်ပါးသည် တရားထူးတရားမြတ် ရှာဖွေရန် သဘောတူခဲ့ကြပါသည်။

ထိုသို့ဖြင့် ရွှေဘိုမြို့မြောက်ဘက်ရှိ အင်ကြင်းပင်ရွာစာသင်တိုက်ကြီးမှ စာချခြင်းကို ခေတ္တနားကာ သပိတ် တစ်လုံး၊ သင်္ကန်းသုံးထည်နှင့် တောရဆောက်တည်ရန် ထွက်ခွာလာခဲ့ကြပါသည်။

ရောက်သည့် မြို့တတာ၊ နယ်တကာတွင် ဆွမ်းခံ၍ သင့်တော်ရာဌာနများတွင် သီတင်းသုံးကာ တရားကျင့်ခဲ့ကြပါသည်။ ထိုသို့ဖြင့် ညောင်လေးပင်မြို့သို့ ရောက်လာခဲ့သည်။ ထိုမြို့သို့ ရောက်စဉ် နာမကျန်းဖြစ်ပြီး ရောဂါမှာ ပိုပြီးပြင်းထန်လာရာ ညောင်လေးပင်မြို့ ဘူတာရုံတွင်းရှိ ခုံတန်းတစ်ခုပေါ်တွင် လဲလျောင်းကာ တရားရှုမှတ်နေခဲ့သည်။

နံနက်လေးနာရီခန့်အချိန်တွင်-

ဆရာတော်အနီးသို့ လူသူတော်စင်တစ်ဦး ရောက်ရှိလာပြီး -

"ဆရာတော်ဘုရား ကျောက်ဆည်မြို့သို့သွားဖို့ တပည့်တော် ပထမတန်းခရီးသွားလက်မှတ်တစ်စောင်လှူဒါန်းပါတယ်။ အခု မိုးလင်းရင် ရန်ကုန်မှ စာပို့ရထားကြီးလာပါလိမ့်မယ်။ ရထားကြီးရဲ့ ပထမတန်းမှစီးပြီး ကျောက်ဆည်မြို့ကိုကြွတော်မူပါ။ ကျောက်ဆည်မြို့ကိုရောက်တဲ့အခါမှာ ရွှေသာလျောင်းတောင်တော်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ဝေဘူချောင်းလို့ခေါ်တဲ့ ချောင်းကလေးတစ်ခုရှိပါတယ်။ ဆရာတော်ဟာ အဲဒီ ရွှေသာလျောင်းတောင်ခြေမှာ သီတင်းသုံးတော်မူပါ။ ဝေဘူချောင်းကရေများကို သောက်သုံးတော်မူပါ။ ဆရာတော်ရဲ့ အဖျားရောဂါများလည်း ပျောက်ကင်းပြီး အဲဒီအရပ်မှာ သာသနာပြုနိုင်ပါလိမ့်မယ် ဘုရား"

ဟု လျှောက်ထားခဲ့သည်။

ထိုပုဂ္ဂိုလ်လည်း ဆရာတော်အား မီးရထားလက်မှတ်တစ်စောင် လှူဒါန်းပြီးနောက် ထွက်ခွာသွားခဲ့သည်။ ထိုလူသည် မည်သူမည်ဝါဟုပင် ဆရာတော် မသိခဲ့ပေ။ သို့သော် ထိုပုဂ္ဂိုလ်၏ ထူးခြားသော ဒါနကုသိုလ်ကြောင့် ဆရာတော်သည် ကျောက်ဆည်မြို့သို့ ရောက်ရှိခဲ့သည်။ ထိုပုဂ္ဂိုလ်ပြောသည့်အတိုင်း ရှာဖွေခဲ့ရာ ဝေဘူချောင်းနှင့်တကွ ရွှေသာလျောင်းတောင်တော်ကိုပါ တွေ့ရှိခဲ့သည်။

ထို ရွှေသာလျောင်းတောင်တော်၏အရှေ့ဘက်တောင်ခြေရှိ သစ်ပင်တစ်ပင်ကို ကျောင်းသခမ်းပြုကာ သီတင်းသုံးရင်း ဝေဘူချောင်းရေကို မှီဝဲသုံးဆောင်ခဲ့သည်။ မကြာမီ အဖျားရောဂါပျောက်ကင်းပြီးနောက် ထိုနေရာ၌ တရားရှုမှတ်ခြင်းအလုပ်ကို မနားမနေ ကြိုးစားအားထုတ်ခဲ့သည်။ ဆရာတော်သည် နှစ်ရှည်လများစွာ တရားကျင့်ခဲ့ရာ သင်္ကန်းများ ပေါက်ပြဲစုတ်ပြတ်လာခဲ့သည်။ သို့သော် ချုပ်စရာ အပ်နှင့် အပ်ချည်မရှိသဖြင့် စုတ်ပြဲသည့်နေရာများကို ချည်နှောင်ထုံးဖွဲ့ထားခဲ့သည်။

ဆရာတော်သည် ဆွမ်းကိစ္စအတွက် မြို့ထဲသို့ဆွမ်းခံရာ သင်္ကန်းမှာစုတ်ပြဲနေသဖြင့် အချို့က ရဟန်းကောင်းဟု မထင်မိကြပေ။ သို့သော် တစ်နေ့သော အခါတွင် ဒါယကာကြီးတစ်ယောက်သည် ဆရာတော်ဆွမ်းခံကြွစဉ် သေချာစွာကြည့်ရှုပြီး ထူးခြားမည့်ပုဂ္ဂိုလ်ဟု သိမြင်သွားကာ -

"ရှင်မရေ မနက်ဖြန် နံနက်စောစော ဆရာတော်ကြီးထံ ယာဂုဆွမ်းကပ်ရင် မကောင်းဘူးလား"

"ကောင်းတာပေါ့တော်၊ ကျွန်မ မနက်စောစော ယာဂုကျိုပွဲမယ်။ အတူတူ ယာဂုဆွမ်းသွားကပ်ကြတာပေါ့"

ထိုသို့ပြောဆိုပြီး နောက်တစ်နေ့ နံနက်(၄)နာရီခန့်တွင် ၎င်းတို့ဇနီးမောင်နှံ နှစ်ဦးတို့သည် ဆရာတော်ကြီးထံ ယာဂုဆွမ်းကပ်ရန်ကျောင်းဆီသို့ ထွက်လာကြသည်။

ထိုသို့ဖြင့် ကျောင်းတံခါးဝ



www.burmeseclassic.com

www.burmeseclassic.com

ရောက်မိ ပေ (၃၀၀) ခန့်အကွာသို့ အရောက်တွင် -

"မောင်ကြီးရေ၊ ဟောဟို ရွှေသာ ကျောင်းတော်ထိပ်မှာ အလွန်ဝင်းထိန်တဲ့ မီးလုံးကြီးတစ်လုံးပါလား"

"မှန်းစမ်း၊ ငါကြည့်လိုက်ဦးမယ်"

"ဟောဟိုမှာတွေ့လာလား"

"ဟုတ်ပ၊ ရှင်မရယ်၊ ဝင်းထိန်နေတဲ့ မီးလုံးကြီးပါလား။ ဟောဟော. . . ဖြည်းဖြည်းနဲ့ တောင်အောက်ကိုရွေ့လာ ပြီ"

"ဟုတ်ပါ့တော် ဟုတ်ပါ့၊ မီးလုံး ကြီးက ကျောင်းရှေ့မှာရပ်သွားပြီ"

ထိုမီးလုံးကြီးသည် ဆရာတော်၏ ကျောင်းဝသို့ရောက်သောအခါ ပျောက် ကွယ်သွားပြီး ဆရာတော်ဘုရားကြီး ကျောင်းဝ၌ ရပ်လျက်သား ဖူးတွေ့ရ သည်။

"ဟာ - မီးလုံးကြီးပျောက်သွားပြီး ဆရာတော်ကြီးဖြစ်သွားပြီ"

"ဒါဆို ရှင်မရေ၊ ဆရာတော်ကြီး ဟာ ဈာန်အဘိညာဉ်ရတဲ့ ရဟန္တာကြီး ပေါ့"

"ဟုတ်ပါ့တော်၊ ဟုတ်ပါ့"

၎င်းတို့ လင်မယားနှစ်ဦးသည် ရှန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဆရာ တော်ကြီးအား ယာဂုဆွမ်းကပ်ခဲ့ကြ သည်။ ၎င်းတို့နှစ်ဦးသည် ကျောင်းမှပြန် လာပြီး ရွာသို့ရောက်သောအခါ ရွာသူ ရွာသားများအားပြောပြရာ ထိုသတင်း မှာ တောမီးပမာပျံ့နှံ့သွားခဲ့သည်။

နောက်ထူးခြားမှုတစ်ခုမှာ -

ဆရာတော်ကြီးသည် ဒါယကာ များ၏ ပင့်ဖိတ်လျှောက်ထားချက်အရ ရွှေဘိုမြို့၌ ခေတ္တသီတင်းသုံးနေခဲ့သည်။ ရွှေဘိုမြို့တွင် မီးအကြီးအကျယ်လောင် ကျွမ်းတော့မည်ကို ကြိုတင်သိမြင်တော် မူခဲ့သည်။ ထို့ကြောင့် မြို့သူမြို့သားများ က ရေတွင်းရေကန်များ အပူတပြင်း တူး ဖော်စေခဲ့သည်။ တချို့လူများက အား ကိုးတိတ်၍ ရေတွင်းရေကန်များတူးသော် လည်း တချို့သူများက အချောင်ခိုကာ မတူးကြပေ။

၁၃၁၂ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ ၁၉၃၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ရွှေဘိုမြို့၌ မီးအကြီးအကျယ်လောင်ခဲ့ သည်။ မီးလောင်ကျွမ်းရာ၌ ရေတွင်းရေ ကန်တူးထားသည့်ရပ်ကွက်မှာ ရေရရှိ သဖြင့် အိမ်ခြေအမြောက်အမြားမီးဘေး မှ သက်သာရာရခဲ့သည်။ ရေတွင်းတူးရ မည်ကို ပျင်းရိသော ကျန်တစ်ခြမ်းမှာမူ မီးဘေးသင့်ခြင်းကို ခံစားခဲ့ရသည်။

ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဝေဘူဆရာတော်ကြီးမှ -

"သတ္တဝါတွေဟာ တယ်ချင်တိုင်း တယ်လို့မရဘူးဗျ။ သူတို့ကို ကံကောင်း အောင် ဖေးမပေးမယ့် တစ်ဝက်လောက် ပဲ ဖေးမလို့ရတာ"

ဟူ၍ မိန့်ကြားခဲ့ပါသည်။

ထို့နောက် ဆရာတော်ကြီးသည်-

"မြန်မာပြည်ကြီး သာယာဝပြော မည်။ ပဋိသမ္ဘိဒါမဂ်ရဟန္တာများပေါ် ထွန်း မည်။ နောက်ထပ်ရဟန္တာတွေအများ ကြီး ပွင့်ထွန်းပေါ်ပေါက်လိမ့်မည်။ ကမ္ဘာ အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များ မြန်မာ ပြည်သို့လာရောက်၍ ဝိပဿနာတရား အားထုတ်ကြလိမ့်မယ်"

ဟု မိန့်ကြားခဲ့ပါသည်။

ထို့အပြင် -

"ရှေးကကောင်းလို့ အခုကောင်း ပါပြီ။ ခုကောင်းလျှင် နောင်ကောင်းပါ လိမ့်မည်"

ဟူသည့် မိန့်မှာစကားကိုလည်း မကြာခဏ မိန့်ကြားတော်မူပါသည်။ ဆရာတော်ကြီး၏ ဂုဏ်သတင်းကား မြန်မာပြည်အနှံ့အပြားသို့ ပျံ့နှံ့ကျော် ကြားခဲ့ပါသည်။

ထိုစဉ် ဒေါ်မြမြခင်၏ဖခင်ဖြစ်သူ ဝန်ထောက်မင်းသည် ပင်စင်ရပြီးနောက် သားနှင့် သမီးကိုခေါ်ကာ သူငယ်ချင်း ရဲမှူးကြီးရှိရာ ကျောက်ဆည်မြို့သို့ အလည်အပတ်ရောက်ရှိခဲ့သည်။

ရဲမှူးကြီးမှာ တာဝန်နှင့် ခရီးထွက်



နေသဖြင့် ရဲမှူးကြီးမိန်းမမှ ဧည့်ခံကျွေး မွေးခဲ့သည်။ ထိုနေ့က ဥပုသ်နေ့ဖြစ် သဖြင့် ရဲမှူးကြီးမိန်းမမှ-

"ဝန်ထောက်မင်း၊ ဝေဘူဆရာ တော်ကြီးဟာ ရဟန္တာလို့ သမုတ်တယ်၊ ရောက်တုန်းသွားဖူးမလား ကျွန်မလိုက်ပို့ ပါ့မယ်"

"အိမ်း-ကောင်းသားပဲ၊ ကျုပ်လည်း ဆရာတော်ကို ဖူးချင်တာနဲ့ အတော်ပဲ"

ထို့နောက် ရဲမှူးကြီး၏အိမ်၌ ရောက်နေသော ရဲမှူးကြီး၏အစ်ကိုဖြစ် သူမှာ ဆရာတော်အား လွန်စွာကြည်ညို သူဖြစ်ပြီး ရဟန္တာနှင့်ပတ်သက်ပြီး သူ သိသမျှ ရှင်းပြခဲ့သည်။

"ဆရာတော်ကြီးမှာ ထူးခြားဆန်း ကြယ်တဲ့ ဖြစ်ရပ်ဆန်းတွေရှိတယ်။ ဈာန် အဘိညာဉ်ရတယ်လို့ ဒကာ၊ဒကာမတွေ က ယုံကြည်ကြတယ်။ အရဟတ္တမဂ်နဲ့ ကိလေသာတို့ကို အကြွင်းမဲ့ပယ်လိုက်တဲ့ အတွက် ကိလေသာအာသဝတို့ လုံးဝ ကင်းရှင်းစင်ကြယ်ပြီး လောကမှာ မြတ် သောအလှူကို ခံထိုက်သူဟာ ရဟန္တာ ပုဂ္ဂိုလ်မည်တယ်။ ရဟန္တာပုဂ္ဂိုလ်ကို လှူ ဒါန်းပူဇော်ခြင်းရဲ့အကျိုးဟာ အထက်သန် ဆုံး အမြတ်ဆုံးဖြစ်တယ်။ ဒါ့ကြောင့် ရဟန္တာပုဂ္ဂိုလ်ကို 'အဂ္ဂဒက္ခိဏေယျ' လို့ ခေါ်တယ်"

ဒေါ်မြမြခင်၏ မိသားစုသုံးဦးနှင့် အတူ ရဲမှူးကြီး၏ အစ်ကိုဖြစ်သူ ဦးလှ မောင်ပါ ဝေဘူဆရာတော်ကြီးအား ဖူးမြော်ရန် ဂျစ်ကားဖြင့် ခရီးစတင်ခဲ့ သည်။ မကြာမီ ဆရာတော်ကြီး၏ ကျောင်းသို့ ရောက်ရှိလာခဲ့ပါသည်။

ဆရာတော်ကြီးထံ လာရောက် ကန်တော့ကြသူ အများအပြားတွေ့ရှိရ သည်။ ဒေါ်မြမြခင်တို့အုပ်စုလည်းပါလာ သည့်လှူဖွယ်ပစ္စည်းများဖြင့် ဆရာတော် ကြီးအား လှူဒါန်းခဲ့ရာ ဆရာတော်ကြီး က -

"ဘယ်အရပ်ကလာကြသလဲ"

"တပည့်တော်တို့က ရန်ကုန်က လာကြတာပါဘုရား။ ရဲမှူးကြီးဦးတင်ငွေ ရဲ့မိတ်ဆွေတွေပါ ဘုရား"

"အိမ်း - ကောင်းပါတယ်"

ဆရာတော်ကြီးသည် ထိုသို့ပြော ဆိုပြီးနောက်တရားဟောခဲ့သည်။ တရား ဟောအပြီးတွင် အောက်ပါအတိုင်းဆုံးမ စကားပြောဆိုခဲ့သည်။

"တို့ဘုရားသာသနာက နေပူ အောင်လည်းလုပ်လို့ရတယ်။ မိုးရွာ



www.burmeseclassic.com

www.burmeseclassic.com

အောင်လည်းလုပ်လို့ရတယ်။ လူမလာ အောင်လည်းလုပ်လို့ရတယ်။ လူလာ အောင်လည်းလုပ်လို့ရတယ်။ မင်းတို့ ဘုရားကြည်ညိုတာက မတည့်တဲ့သူငယ်ချင်းအိမ်လာလည်သလောက်မှမကြည်ညိုကြတာ။ ဒီတော့ မင်းတို့မှာ ဘာမှ အကျိုးထူးခံစားရမှာမဟုတ်ဘူး။ ဘုရားကို ဆွမ်းတော်မှန်မှန်မတင်ချင်ဘူး၊ ဆွမ်းတော်တင်ထားပြန်တော့လည်း မွန်းလွဲတာနဲ့ ဆွမ်းတော်ပွဲမချကြဘူး။ တစ်နေကုန်ပစ်ထားကြတယ် မဟုတ်လား။ မြတ်စွာဘုရားကို သက်ရှိထင်ရှားပုဂ္ဂိုလ်လို့ သဘောထားပြီးကြည်ညိုရင် မင်းတို့ ဒီလောက်ဒုက္ခမရောက်ဘူး"

ဟူ၍ ဘုရားကို ယုံကြည်စွာကြည်ညိုရန် ဆုံးမစကား မိန့်ကြားခဲ့ပါသည်။

ဆရာတော်ကြီးသည် တရားဓမ္မများကို ကျင့်ကြံသည်သာမက တောင်ပေါ်၌ ဘောဘောကြီး၊ ပြည့်ပြည့်ကြီးဘွဲ့အမည်ရှိ ဘုရားနှစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့ပါသည်။ ထိုဘုရားနှစ်ဆူသည် ဆုတောင်းပြည့်သည်ဟု အဆိုရှိပြီး ဆရာတော်ကြီးထံ လာရောက် ဖူးမြော်ကြသည့် ဒကာ၊ ဒကာမများကို တောင်ပေါ်ရှိ ဘုရားနှစ်ဆူအား သွားရောက်ဖူးမြော်ရန် မိန့်ကြားခဲ့ပါသည်။

ထိုအချိန်တွင် ဆရာတော်ကြီးထံသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ရောက်ရှိလာပြီး ကျောင်းတစ်ခုလုံး၌ ပြည့်ကျပ်နေပါသည်။

ဤတွင် ဆရာတော်ကြီးမှ -

"ကဲ- ရန်ကုန်ကလာတဲ့ ဒကာကြီးနဲ့အဖွဲ့ ဒီကပြီးရင် တောင်ပေါ်မှာ တည်ထားတဲ့ ဘောဘောကြီးဘုရားနဲ့ ပြည့်ပြည့်ကြီးဘုရားကို သွားရောက်ဖူးမြော်ပါ။ ဦးပဉ္ဇင်းတစ်ပါးလိုက်ပို့ပါလိမ့်မယ်"

"တင်ပါ့ဘုရား"

ဆရာတော်ကြီးသည် ၎င်းထံသို့ လာရောက်ဖူးမြော်သူများအား တောင်ပေါ်ဘုရားနှစ်ဆူသို့ သွားရောက်ဖူးမြော်ရန် မိန့်ကြားခဲ့ပါသည်။

ဒေါ်မြမြခင်တို့အုပ်စု ဦးပဉ္ဇင်းတစ်ပါး ဦးဆောင်မှုဖြင့် တောင်ပေါ်သို့ စတင်တက်လာခဲ့ပါသည်။ တောင်တက်လမ်းမှာ တောလမ်းကလေးဖြစ်ပြီး လမ်းကျဉ်းကာ အနိမ့်၊ အမြင့်မညီညာချေ။ တောင်တက်ခရီးဖြစ်၍ တက်ရသည်မှာ မလွယ်ကူလှပေ။

အတက်ကြမ်းကြမ်း ခရီးလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများ၊ ချုံပင်နွယ်ပင်များဖြင့် ပြည့်နှက်နေသည်။ ထိုနေရာဒေသသည် ယခင်က တောကြီးတောင်ကြီးဖြစ်၍ ဝါးပင်ကြီးများလည်း ပေါက်ရောက်လျက်ရှိပြီး အပေါ်၌ အကိုင်းများယှက်နေသဖြင့် နေပြောက်ပင်မထိုးချေ။ ဝါးပင်ဝါးရိပ်များကြောင့် အေးမြလှပါသည်။

သို့သော် အပျိုပေါက်အရွယ် မြမြခင်မှာ ရန်ကုန်သူဖြစ်ပြီး မိဘအသိုင်းအဝိုင်းမှာ ချမ်းသာကြွယ်ဝသဖြင့် ကိုယ်ပိုင်ကားနှင့်သာ သွားလာသူဖြစ်သည်။ ဤကဲ့သို့ အတက်ကြမ်းကြမ်းခရီးလမ်းကို တစ်ခါမျှမသွားဘူးသဖြင့် ပင်ပန်းလှပေသည်။

သူမသည် အတက်ခရီးကို ကြိုးစားပြီးတက်ရာ ပင်ပန်းလွန်း၍ နဖူးမှ ချွေးသီးချွေးပေါက်များပင်ကျလာသည်။ ဖခင်ကြီးနှင့် အစ်ကိုဖြစ်သူတို့မှာ ဝေဘူကျောင်းမှ ရဟန်းတော်နှင့် စကားတပြောပြော တောင်တက်နေရာ သူမသည် နောက်မှအမီလိုက်ခဲ့ရသည်။

"ဒယ်ဒီ၊ သမီးကိုခဏစောင့်ပါဦး။ သမီးမတက်နိုင်တော့ဘူး"

ဤသို့ လှမ်းပြောလိုက်ရာ ရဟန်းတော်မှ -

"ဒကာကြီး နားလိုက်ပါ၊ ဦးပဉ္ဇင်းစောင့်ပါ့မယ်"

"သမီးကလည်း၊ ဦးပဉ္ဇင်းကို အားနာစရာကြီး"

"အားတော့နာပါတယ်၊ သမီးရှေ့ဆက်မသွားနိုင်တော့ဘူး"

"အေး - ဒါဖြင့် ခဏနားလိုက်ဦး"

ထိုသို့ဖြင့် သူမတို့သည် သစ်ပင်ကြီးတစ်ပင်အောက်၌ ခေတ္တနားနေစဉ် ထိုသစ်ပင်ကြီးနှင့် လွတ်ရုံကလေးစွာန်ကြွသွားသည့် ပုဂ္ဂိုလ်တစ်ပါးကို ဖူးတွေ့လိုက်ရသည်။

"ဒယ်ဒီ သစ်ပင်ထိပ်ဖျားက ဘုန်းကြီးတစ်ပါးပျံသွားတယ်"

"ဟဲ့သမီး၊ အဲဒီလိုမပြောရဘူး။ ရဟန္တာတစ်ပါးစွာန်ကြွသွားတယ်လို့ပြောရတယ်"

ဖခင်ကြီးက ဤသို့ပြောလိုက်သည့်အတွက် သူမလည်း ကြောက်လန့်သွားပြီး-

"သမီးမသိလို့ပြောမိတာပါ ခွင့်လွှတ်တော်မူပါဘုရား"

ထိုသို့ တောင်းပန်လိုက်သည်။

ထိုစဉ် သူမတို့နှင့်အတူ ပါလာသည့် ရဟန်းတော်မှ -

"အဲဒါ ဝေဘူဆရာတော်ကြီးပဲ။ အခုလို စွာန်ကြွချိန်မှာ လိုရာဆုတောင်းပါ။ ဆုတောင်းပြည့်တယ်"

ဤသို့ သတိပေးစကား မိန့်ကြားလိုက်မှ သူမလည်း သတိရသွားပြီး -

"အန္တရာယ်ကင်းဝေးပါစေ၊ အန္တရာယ်ဖြစ်ပါက ကယ်မယ့်သူ အမြန်ဆုံးပေါ်ပြီး ကယ်တင်ပါစေ"

သူမလည်း သူမ၏ စိတ်ထဲတွင် ပေါ်လာသည့်အတိုင်း ဆုတောင်းလိုက်ပါသည်။ သူမ၏ ဖခင်ကြီးနှင့် အစ်ကိုဖြစ်သူမှာ မည်သို့ဆုတောင်းသည် မသိချေ။ သူမသည် ဤသို့ ဆုတောင်းပြီး တောင်တက်ခရီးကိုတက်ခဲ့ရာ မမောမပန်းဘဲ တောင်ပေါ်သို့ရောက်လာခဲ့သည်။

တောင်ပေါ်သို့ အရောက်တွင် ဘောဘောကြီးဘုရားရင်ပြင်၌ အသင့်စောင့်နေသော ဝေဘူဆရာတော်ဘုရားကြီးကို ဖူးတွေ့လိုက်ရပါသည်။

"ဒယ်ဒီ ဟိုမှာ ဆရာတော်ဘုရားကြီးက အရင်ရောက်နေတယ်"

"အေး- ဒယ်ဒီလည်းတွေ့ပါတယ်။ ဒါဟာ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ အဘိညာဉ်စွာန်တန်ခိုးကြောင့်ပေါ့ကွယ်။ လာ၊ လာ ဆရာတော်ကြီးကို သွားဖူးရအောင်"

ယခင်က မြမြခင်မှာ အဘိညာဉ်စွာန်ဆိုသည့်စကားရပ်ကို နားမလည်သော်လည်း မိမိတော်ပေါ်မတက်မီက တောင်ခြေရှိ ကျောင်းကလေး၌ ဒကာ၊ ဒကာမများအား တရားဟောပြီးကျန်ခဲ့သည့် ဝေဘူဆရာတော်ကြီးသည် ယခုအခါတွင် တောင်ပေါ်သို့ ရောက်နေသည်ကို မျက်မြင်ဒိဋ္ဌတွေ့ရှိခဲ့ရသည့်အတွက် စွာန်အဘိညာဉ်ဆိုသည်တို့ သဘောပေါက်ခဲ့သည်။

သူမသည် ဖခင်ကြီးအား ဘာစကားမှပြန်မပြောတော့ဘဲ စွာန်ရသည့် ဝေဘူဆရာတော်ကြီးအား ထိခြင်းငါးပါးဖြင့် ရှိခိုးကန်တော့ခဲ့ပါသည်။ သူမ၏ တစ်သက်တာတွင် ဝေဘူဆရာတော်ကြီး စွာန်ကြွစဉ် ဖူးမြော်ခဲ့ရသည့်အဖြစ်ကို ပီတိဖြာဝေရင်း မည်သည့်အခါမှ မေ့ပျောက်၍မရသောအမှတ်တရအဖြစ် ရှိနေပါတော့သည်။

ဤသည်မှာ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခုဖြစ်၍ ကာယကံရှင်မှာ ယခုတိုင် သက်ရှိထင်ရှားရှိနေဆဲပင်။

ခိုင်



www.burmeseclassic.com

www.burmeseclassic.com

သာသနာ့တက္ကသိုလ် ပါမောက္ခ ... ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ ...

"လောကမှာ မကောင်းမှုပြုသူနဲ့ ...ကောင်းမှုပြုသူတို့ဟာ ရေတွင်းတူးသူ၊ ...တိုင်ထူသူတွေနဲ့တူတယ်။ ရေတွင်း...ဟာ တူးသလောက် တွင်းနက် ... တွင်းနက်သလောက် တူးသူက ... လိုက်ပြီးနစ်သွားရတယ်။

ဒီလိုပဲ မကောင်းမှုပြုသူဟာ ပြု...တာ အပါယ်တွင်း၊ ငရဲတွင်းမှာ ...တက်နစ်ပြီး နောက်ဆုံး အဝီစိ ...ကျသွားရတော့တာပဲ။

အုတ်တိုင်ထူသူဟာ အုတ်လှာ ...သလောက် တိုင်ကမြင့်မြင့်တက် ...တယ်။ တိုင်မြင့်သလောက် ထူသူ ...ည်း လိုက်ပြီးမြင့်မြင့်တက်သွား ...

ဒီလိုပဲ ကောင်းမှုပြုသူဟာလည်း ...လောက်မြင့်တဲ့၊ သည့်ထက်မြင့်တဲ့ ...ဘုံတွေကို တစ်ဆင့်ပြီးတစ်ဆင့် ...ရှိခံစားရပြီး နောက်ဆုံး နိဗ္ဗာန် ... ရောက်ရှိသွားရတယ်"

...နှင့်အုတ်တိုင်ထူသူ

...အုန်းသွင်

အဖိုးတန်စကား မိန့်ကြားသည်ကို ကြားနာရဖူးပါသည်။ ထိုအဖိုးတန်စကားကို ကျွန်တော် လောကီနယ်ပယ်တွက် ထင်ဟပ်ချင်ပါတယ်။

"လူဟာ ကိုယ်ရောက်ရှိနေတဲ့ အဆင့်နဲ့လျော်ညီတဲ့ သုံးစွဲ၊ နေထိုင်၊ စားသောက်မှုများကိုပြုမယ်ဆိုရင် ဒီလူဟာ လက်ရှိဘဝထက် မြင့်မလာသည့်တိုင်အောင် နိမ့်ကျမသွားဘူး။ တကယ်လို့ မိမိရောက်ရှိနေတဲ့အဆင့်ကို ကျော်ပြီး သုံးစွဲ၊ နေထိုင်၊ စားသောက်မယ်ဆိုရင် နိမ့်ကျတဲ့ဘဝကို အနေးနဲ့အမြန် မလွဲမသွေရောက်သွားမှာပဲ။

တကယ်လို့ မိမိရောက်ရှိနေတဲ့ အဆင့်မှာ သုံးစွဲ၊ နေထိုင်၊ စားသောက်နိုင်တာထက် အသင့်အတင့် လျှော့ပြီး သုံးစွဲ၊ နေထိုင်၊ စားသောက်ကာ အပိုအလျှံလေးများကို စုဆောင်းနိုင်မယ်ဆိုရင် သည့်ထက်ပိုမိုမြင့်တဲ့အဆင့်ကို အနေးနဲ့အမြန်မလွဲမသွေရောက်ရှိမှာပဲ"

ဟု ကျွန်တော် (၁၅) နှစ်သားတွင် ရှင်လိုင်ပြန်ပြီး မိဘနှင့်အတူပြန်နေစဉ်တွင် အမေက အထက်ပါအတိုင်း ဆုံးမစကားပြောပါတယ်။ အကြောင်းတိုက်ဆိုင်လို့ပြောခြင်း ဖြစ်ပါတယ်။ တိုက်ဆိုင်ပုံက -


"ဖိနပ်စီးပြီး ထီးနဲ့သွားဟဲ့၊ ဖိနပ်စီးပြီး ထီးနဲ့သွားဟဲ့"

တစ်နေ့ ညနေ ညစာစားပြီး မိသားစု ထိုင်စကားပြောနေစဉ် တစ်ဖက်ခြံက ဒေါ်လှအေး၏ အထက်ပါ အော်သံကို ကျယ်လောင်စွာ ကြားရပါတယ်။

ဖြစ်ပုံမှာ -

ကျွန်တော်တို့ဒေသတွင် အဓိကအားဖြင့် လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းတို့နဲ့ အသက်မွေးကြပါတယ်။ လယ်ယာလုပ်ငန်းမှာ ကောက်စိုက်ချိန်၊ စပါးရိတ်ချိန်တို့မှာ နေ့စားများနဲ့ စိုက်ရ၊ ရိတ်ရပါတယ်။ ပျံကျအလုပ်သမားများနဲ့ ဥယျာဉ်ခြံမှအလုပ်သမားအချို့လည်း လုပ်ကြပါတယ်။ လုပ်ခ ယောကျ်ားက တစ်နေ့ (၁) ကျပ်နဲ့ မိန်းမက (၃)မတ်ရပါတယ်။

တစ်ဖက်ခြံမှခြံရှင်ဟာ ရွာပိုင်းမှာ နေပြီး ခြံစောင့်အဖြစ် ဒေါ်လှအေးနဲ့ မောင်ခွေးတို့ မုဆိုးမသားအမိကို ထားပါ





www.burmeseclassic.com

www.burmeseclassic.com

တယ်။ ခြံလည်းစောင့်၊အလုပ်လည်းလုပ်ပေါ့။ လခပေးပါတယ်။ သားအမိနှစ်ယောက် အချောင်လည်ကြီးမဟုတ်ပေမယ့် မကျပ်တည်းလှပါ။

တစ်ရာသီကုန်ရက်ဆက်ကောက်စိုက်ရရင် (၃၀)၊ (၃၅) ရက်အထိ စိုက်ရပါတယ်။ မောင်ခွေးက (၃၅) ရက် စိုက်ရပြီး ငွေ (၃၅) ကျပ် ရခဲ့ပါတယ်။ မော်လမြိုင်မြို့တက်ပြီး အဝတ်အစားဝယ်မလို့ မောင်ခွေးက သူ့အမေကိုပြောပြီး မနက်ပိုင်းက မြို့တက်သွားပါတယ်။ ညနေပြန်လာတော့ ဒေါ်လှအေးက -

"ဘာတွေဝယ်လာသလဲ"

လို့ သူ့သားကို မေးပါတယ်။

သူ့သားက -

"တို့ပေါ်ပလင်ရှပ်အင်္ကျီတစ်ထည်ဝယ်တယ်။ နှစ်ကျပ်ခွဲပေးရတယ်။ ဘွတ်ဖိနပ်တစ်ရန်ဝယ်တယ်။ သုံးဆယ်ပေးရတယ်။ ကျန်တာ လမ်းစရိတ်နဲ့ ထမင်းဝယ်စားလို့ ကုန်တယ်"

လို့ ပြန်ဖြေတယ်။

ဒီတော့ ဒေါ်လှအေးက -

"အင်္ကျီနဲ့ ဖိနပ်ပဲဝယ်ပြီး ပုဆိုးမဝယ်ခဲ့ဘူးဆိုတော့ လမ်းသွားရင် ဖိနပ်စီးပြီး ထီးနဲ့သွားဟဲ့၊ ဖိနပ်စီးပြီး ထီးနဲ့သွားဟဲ့"

လို့ အော်ပါတော့တယ်။

'ထီး' ဆိုတာ 'အသံတူ' ပါ။

အဲဒီကဆက်ပြီး အမေက တကယ်ဖြစ်ရပ်တစ်ခုကို ပြောပြပါတယ်။ ကျွန်တော်တို့ တကူကနာရွာဟာ ရွာပိုင်း၊ အလယ်ပိုင်း၊ ခြံပိုင်း ဆိုပြီး သုံးပိုင်းရှိပါတယ်။ နတ်မှော်-ရွာလွတ်ကားလမ်းနှစ်ဖက်နှစ်ချက်ကို မျက်နှာမူပြီး အိမ်ချင်းဆက်လုနီးပါးရှိတဲ့ ရွာပိုင်း၊ ခြံပိုင်းကိုဝင်တဲ့ လှည်းလမ်းနှစ်ဖက်နှစ်ချက်ကို မျက်နှာမူကာ အိမ်ချင်းသိပ်မဝေးဘဲရှိတဲ့ အလယ်ပိုင်းနဲ့ လူသွားလမ်းမျှရှိပြီး သုံးဧကမှ လေး၊ ငါးဧကအထိရှိတဲ့ ခြံများမှာ တစ်ခြံတစ်အိမ်နဲ့နေကြတဲ့ခြံပိုင်းတို့ဖြစ်ပါတယ်။ ကျွန်တော်တို့ခြံက သုံးဧကခွဲရှိပြီး ရွာရဲ့အရှေ့စွန်းဖြစ်ပါတယ်။ ခြံပြင်မှာ ထင်းခွေ၊ ကြိုးခွေရာ၊ တွဲနွားလွှတ်ကျောင်းရာ စားကျက်တောရှိပါတယ်။ တစ်ပိုင်တစ်နိုင် တောင်ယာလုပ်စားလို့လည်း ရပါတယ်။ တဲထိုးနေလို့လည်း ရပါတယ်။

အမေ ပြောတဲ့အဖြစ်က -

"တို့ခြံပြင် တောစပ်က မြေကွက်လပ်ကလေးမှာ တို့အမေတို့ငယ်စဉ်က ကိုသာအောင်နဲ့ မငွေသောင်ဆိုတဲ့ လင်မယားနှစ်ယောက် တဲထိုးနေကြတယ်။ (အဘွားက အမေ့ကိုပြောပြခဲ့ခြင်းပါ။) သူတို့က ဟိုကလို့(ဘီလူးကျွန်းအနောက်ဘက်အစွန်) ဘက်ကလို့ ပြောတယ်။ ဘာကြောင့်မသိဘူး။ အဲဒီမှာနေမဖြစ်လို့ ထွက်လာကြတာတဲ့။ အသက်က အစိတ်ပတ်ဝန်းကျင်ပေါ့။ မောင်ခွေးတို့အရွယ်ပေါ့။ သူတို့မှာ ဂျီး (ကြေး) အထပ်ထပ်၊ ချုပ်ရာအထပ်ထပ်နဲ့ အဝတ်ဟောင်းတစ်စုံစီ၊ ထသွားထလာလို့ရတဲ့ အဝတ်ဟောင်းကတစ်စုံစီ၊ ဓားမနှစ်ချောင်း၊ အိုးနှစ်လုံး၊ သံပန်းကန်နှစ်ချပ်၊ ဇွန်းတစ်ချောင်းပဲ ပါတယ်။

တောက အခုလိုမပြောင်သေးဘူး။ ခြေသလုံးလောက်အထိ သစ်ပင်တွေရှိသေးတယ်။ကြခတ်ဝါးရုံတွေလည်းရှိတယ်။ သစ်သားတိုင်၊ ကြခတ်ဝါးအခြင်ပေါင်းကွပ်၊ ဆင့်၊ သစ်ရွက်တွေကို ဆက်သီထား၊ အမိုးအကာနဲ့ ခြောက်ပေပတ်လည်လောက် နေဖြစ်ရုံတဲထိုးနေကြတယ်။ အဲဒီ မတိုင်ခင် သုံး၊ လေးနှစ်ကမင်းတို့ အခု ဘောလုံးကန်နေကြတဲ့ ရွှေလူပြောင်မှာ ဦးရွှေလူ ဆိုသူက တောင်ယာလုပ်ခဲ့ဖူးတယ်။ သူရှင်းထားတဲ့အပြောင်ဖြစ်လို့ ရွှေလူပြောင်လို့ခေါ်ကြတာ။ အဲဒီမှာ ပျံ့ကျလိုက်ပြီးအလုပ်လုပ်တဲ့ ကိုသာအောင်ဟာ ဦးရွှေလူဆီမှာ အလုပ်လုပ်ခဲ့ဖူးတယ်။ ဒါကြောင့် ဒီကိုလာကြတာ။

တောင်ယာလုပ်လို့ ခဏနေတာပဲဖြစ်ဖြစ်၊ အမြဲနေတာပဲဖြစ်ဖြစ် တောထဲမှာနေတဲ့သူက ဘယ်သူမှဂရုမစိုက်ကြဘူး။ ရွာသားစာရင်းထဲမပါတဲ့အတွက် လူခွန်လည်းမဖေးရဘူး။ (နယ်ချဲ့ဗြိတိသျှအစိုးရလက်ထက်က လူခွန် နှစ်စဉ်ဆောင်ရပါတယ်။ လူလွတ် (၅) ကျပ်၊ အိမ်ထောင်သည် (၂)ကျပ်ခွဲ မပေးနိုင်ရင် လက်ထိတ်ခတ် ဖမ်းခေါ်သွားပြီး ထိုစဉ်ကအခေါ် ဂါတ်တဲရှေ့ လူမြင်ကွင်းမှာ ထားပါတယ်။ ဆွေမျိုးတွေက ပိုက်ဆံစုပြီးသွားရွေးကြရပါတယ်။ မရွေးနိုင်ရင် ထောင်ကျပါတယ်။)

ကိုသာအောင်တို့ လင်မယားဟာ တောင်ယာမလုပ်ဘူး။ အရင်းအနှီးဆိုလို့ ဓားမနှစ်ချောင်းပဲရှိလို့ ထင်းခုတ်ရောင်းကြတယ်။ ရွာပိုင်းကဝယ်ကြတယ်။ အရင်းပိုင်းက ကျပ်လုံးနီးပါး၊အလယ်နဲ့အဖျားကတော့ သေးတာပေါ့။ အရှည်တစ်တောင့်ထွာရှိတဲ့ အပိုင်းတစ်ရာပါ ထင်းတစ်စည်းကို (၁) ပဲ ရတယ်။ နေ့စဉ်နှစ်စည်းရောင်းရတယ်။

ဆန်တစ်ပြည်က (၁) မူး၊ တစ်နေ့ပြည်ဝက် (၄) ဘူး ကုန်တယ်။ စိမ်းစားငါးပိ (၂)ပြားဖိုး၊ ကြက်သွန်နီ (၁)ပြားဖိုး၊ ဆား (၁)ပြားဖိုးဝယ်ပြီး၊ ငါးပိဖုတ်၊ တဲရှေ့က မိုးမျှော်ငရုတ်သီးငါးပိထောင်းလုပ်၊ ငါးပိနည်းနည်းနဲ့ ကြက်သွန်၊ ဆား၊ ရေနဲ့ ထင်းခုတ်ရင်း ခူးလာကောက်လာတဲ့ ဟင်းချိုရွက်၊ စင်ပြွမ်းသီး၊ ပိန္နဲစေ့ရှိရင် ထုထည့်လိုက်ရင် ဟင်းချိုတစ်ခွက် ဖြစ်တယ်။ တညင်းသီးတို့၊ ကြက်ပေါင်သီးတို့က တို့စရာပေါ့။ ဒီလိုစားကြရတယ်။

သောက်ရေအိုး မဝယ်နိုင်ဘူး။ ဘူးသီးခွံအခြောက်ကို သောက်ရေအိုးလုပ်ရတယ်။ နွေမှာ အလွန်အေးတယ်။ 'ဘူးခါးရေနဲ့ ကြမ်းကြားလေ' ဆိုတာကြားဖူးတယ် မဟုတ်လား။ အေးတယ်။ သူများလွှင့်ပစ်ထားတဲ့ ငရုတ်ဆုံနှုတ်ခမ်းပဲ့နဲ့ ကျည်ပွေ့ကို သုံးရတယ်။

အဲဒီလိုနေတုန်း တစ်နေ့မှာ မျက်နှာစိမ်းခရီးသည်တစ်ယောက် သူတို့ တဲကိုရောက်လာတယ်။ နေ့လယ်နေပူတုန်းပေါ့။ ခရီးသည်က ရေတောင်းသောက်တယ်။ ဘူးခါးရေတိုက်လိုက်တာပေါ့။ သောက်ရေခွက်က အုန်းမှုတ်ပဲပေါ့။ ခရီးသည်ဟာ ဘူးခါးရေသောက်ပြီး ကြမ်းကြားလေကြောင့် အမောပြေသွားတယ်။ သူတို့က -

"ထမင်းစားပြီးပြီ လား"

လို့ မေးတော့ -

ခရီးသည်က ပြန်မဖြေဘဲ ပြုံးနေလိုက်တယ်။ သူတို့က အားနာလို့ဆိုတာ သိလို့ ညနေစာကို ချက်ချင်းချက်လိုက်တယ် (ထိုစဉ်က ကျွန်တော်တို့ဒေသမှာ ထမင်း၊ ဟင်းကို မနက်တစ်ခါ၊ ညနေတစ်ခါချက်စားပါတယ်။ ညနေစာထမင်းကိုပိုချက်ပြီး မနက်သရေစာအဖြစ်ထမင်းကြမ်းကို စားကြပါတယ်။) ခါတိုင်းလို မနက်ထမင်းကြမ်းအတွက်ပါဆိုတော့ ဧည့်သည်ကိုပါ ကောင်းကောင်းကျွေးနိုင်တာပေါ့။ ငါးပိထောင်း၊ တညင်းသီးဖုတ်၊ ဟင်းချိုရွက်၊ စင်ပြွမ်းသီး၊ ပိန္နဲစေ့ ဟင်းချိုနဲ့ ဧည့်သည်က အားရပါးရစားတယ်။

စားပြီးတော့ ဧည့်သည်က -

"ကဲ - ကျွန်တော်လည်းခရီးဆက်ရဦးမယ်။ နားနေလို့မဖြစ်တော့ဘူး။ မိုးချုပ်သွားမယ်။ ဒီက နောင်တော်တို့ကို အလွန်အမင်း ကျေးဇူးတင်ပါတယ်။ မြင်းမိုရ်တောင်လောက်ကျေးဇူးကို ဆီးစေ့လောက်ပြန်ဆပ်တယ် သဘောထားပြီး ဒါကလေးကို လက်ခံပေးပါ'



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး အဝတ်ရှုံ့အိတ်နဲ့ ထည့်ထားတဲ့ ပိုက်ဆံထုပ်ကိုပေးပြီး နှုတ်ဆက်ထွက်သွားတယ်။ (ရှေးလူများ ပိုက်ဆံကို အဝတွင် ကြိုးတပ်ပြီး ကြိုးဆွဲပိတ်ထို့ရတဲ့ အဝတ်ရှုံ့အိတ်နဲ့ပဲ ပိုက်ဆံထည့်လေ့ရှိပါတယ်။ ပြီးတော့ ထိုခေတ်က ငွေစက္ကူမရှိဘူး။) ပိုက်ဆံကို သူတို့ရေကြည့်တော့ ငွေဒင်္ဂါး ကျပ်ပြား (၅၀) တိတိပါတယ်။ တစ်သက်မှာ တစ်ခါမှမမြင်ဘူးတဲ့ ငွေပမာဏ ဆိုတော့ ဝမ်းသာလုံးဆို့နေကြတာပေါ့။ သိကြားမင်း လူယောင်ဖန်ဆင်းပြီး ဆင်းမ,သွားသလားမသိဘူး။ (သိကြားမင်းဆင်းမ,ပုံကို ဒီဇာတ်လမ်းကြီးမှာ ဖော်ပြပါ့မယ်။)

ဒီတော့ ကိုသာအောင်က အကြံပေါ်လာတယ်။ သူပေါ်တဲ့အကြံကို မငွေသောင်ကို ပြောပြတယ်။ သူပြောတာက -

"ငွေသောင်၊ တို့ဘဝမှာဒီလောက်ပိုက်ဆံ တစ်ခါမှမမြင်ဖူးဘူး။ တစ်သက်တစ်ခါ လူဖြစ်ရကျိုးနပ်အောင် ကြားဖူး၊ မြင်ဖူးပြီး၊ မစားဘူး၊ မဝတ်ဘူးတဲ့ အစားအစာတွေကို တစ်ခါလောက် တစ်ဝစားကြမယ်။ အဝတ်အစားလည်း ဝယ်ဝတ်မယ်"

လို့ ပြောတယ်။

မငွေသောင်က ဘာစဉ်းစားတတ်မလဲ၊ မစားဘူးတာစားရ မဝတ်ဘူးတာဝတ်ရရင်ကောင်းတာပဲ ဆိုပြီး -

"ကောင်းတာပေါ့"

လို့ သဘောတူလိုက်တယ်။

ဒါနဲ့ နောက်နေ့နံနက်မှာ ထင်းခုတ်တော့ဘဲ လင်မယားနှစ်ယောက် မော်လမြိုင်တက်ဖို့ ရွာလမ်းမကိုထွက်ခဲ့ကြတယ်။ ကားလမ်းမကြီးနဲ့ ခြံထဲဝင်တဲ့လမ်းဆုံရာ လမ်းခွမှာ မော်လမြိုင်သွားဖို့ နတ်မျှော်သွားတဲ့ ဒေါက်ကပ်ခေါ် (မော်လမြိုင်မြို့အခေါ် ဘုံပြတ်) မြင်းလှည်းစောင့်နေကြတယ်။ အဲဒီလမ်းခွမှာ မုန့်တီ (မုန့်ဟင်းခါး) ဆိုင်တစ်ဆိုင် ရှိတယ်။ အဲဒီဆိုင်မှာ လူနှစ်ဦးမုန့်တီစားနေကြတယ်။ ခိုးတတ်၊ တိုက်တတ်သူတွေပဲ။

ဒေါက်ကပ်လာတော့ သူတို့က တားပြီး တက်စီးသွားကြတယ်။ လူဆိုးနှစ်ယောက်က ဒီလင်မယား ထူးခြားတယ်။ ဘယ်သွားပြီး၊ ဘာလုပ်တယ် မသိဘူး။ အပြန်ကို စောင့်ကြည့်ရအောင် ဆိုပြီး စောင့်ကြည့်ကြတယ်။

ကိုသာအောင်တို့က မော်လမြိုင်ရောက်တော့ ဈေးကြီးဈေးထဲသွားပြီး အဝတ်အစားဝယ်ကြတယ်။ ကိုသာအောင်က ခရုတံဆိပ် ပလေကပ်လုံချည် (အိန္ဒိယမှ လာပါတယ်။) တစ်ထည်၊ ရွှေတောင်လုံချည် (ပိုးလုံချည်) တစ်ထည်၊ တွီပေါ် ပလင်ရှပ်အင်္ကျီနှစ်ထည်နဲ့ မငွေသောင်က သရက်ထည်ပွင့်ရိုက်ထဘီနှစ်ထည်၊ ရှန်အင်္ကျီနှစ်ထည်၊ ဗိတ်ချော ရှင်မီး (ချွေးခံဘော်လီ)နှစ်ထည်၊ လေယာဉ်ပျံဖိနပ် (ခြေညှပ်ဖိနပ်) နှစ်ရန် စီဝယ်ကြတယ်။

ပြီးတော့ ဟိုတယ်လို့ ရေးထားတဲ့ (ကိုသာအောင်က ဘုန်းတော်ကြီးပညာရေးကျောင်းနေဖူးတော့ စာတတ်ပါတယ်။) တရုတ်စားသောက်ဆိုင်ကြီးကို ဝင်စားကြတယ်။ အထည်ဝယ်တဲ့ဆိုင်မှာပဲ အဝတ်အစားအသစ်ကို လဲဝတ်ကြတယ်။ အဟောင်းကိုတော့ ဆိုင်ကပေးတဲ့ စက္ကူအိတ်နဲ့ထည့်ပြီး ပြန်ယူလာခဲ့ကြတယ်။ ပြီးတော့ ညနေသဘောနဲ့ ပြန်လာခဲ့ကြတယ်။

ဒေါက်ကပ်တွေက တစ်စင်းပြီး တစ်စင်းသွားနေကြတော့ ရွာပိုင်းကလူတွေက လုံးဝသတိမထားမိကြဘူး။ သူတို့က ခြံပိုင်းအဝရောက်တဲ့အထိ ဒေါက်ကပ်ကို ပို့ခိုင်းတယ်။ အလယ်ပိုင်းအိမ်တွေကတော့ တစ်စင်းထဲသာ ဝင်လာလို့ ထူးထူးခြားခြား ကြည့်ကြတယ်။ ဒါပေမယ့် သူတို့လို့ ဘယ်ထင်မလဲ။ ခြံပိုင်းက ဘယ်သူ့အိမ်ကို ဧည့်သည်လာတယ် မသိဘူးလို့ဘဲ မှတ်ချက်ချကြတယ်။ ဒါပေမယ့် ခြံထဲပိုင်းဝင်တဲ့ လမ်းဝရောက်လို့ ဒေါက်ကပ်ရပ်ပြီး သူတို့ဆင်းတော့ လမ်းဘေးက ဆွမ်းလောင်း တဲကလေးမှာထိုင်နေတဲ့ လူဆိုးနှစ်ယောက်ကတော့ သူတို့ကို ကောင်းကောင်းမြင်သွားတွေ့သွားတယ်။

သူတို့ကခြံပိုင်းကိုဖြတ်ပြီးလျှောက်သွားပေမယ့် လမ်းနဲ့ အိမ်တွေက ဝေးတော့ မတွေ့ကြဘူးထင်ပါရဲ့။ တွေ့ရင်လည်း သူတို့မှန်းဘယ်သိမလဲ။ တစ်အိမ်အိမ်ရဲ့ ဧည့်သည်ပဲလို့ပဲ ထင်မှာပေါ့။ ရွာပြင်မှ သူတို့တဲကိုရောက်တော့ အဝတ်အစားကို အရင်လဲကြတယ်။ သွားတုန်းက ထရံမှာလှန်းထားတဲ့ ထင်းခုတ်ဓားနဲ့ အိမ်နေအဝတ်ဟောင်းနဲ့ပဲ လဲလိုက်ကြတယ်။ အဝတ်အသစ်ကိုရော မနက်က ဝတ်သွားတဲ့ အဝတ်ကိုပါ အထည်ဆိုင်ကပေးလာတဲ့ စက္ကူအိတ်ကြီးထဲပဲထည့်ထားလိုက်တယ်။ ပိုက်ဆံအိတ်ကိုလည်း အဲဒီအိတ်ထဲပဲ ထည့်လိုက်တယ်။ ပိုက်ဆံက (၃၀) ကုန်ပြီး (၂၀) ကျန်တယ်။ ပြီးတော့ မြို့ကဝယ်လာတဲ့ ခေါက်ဆွဲကြော်ထုပ်ကိုခင်းပြီး ညစာစားကြတယ်။ ပြီးတော့ စိတ်အေးလက်အေးအိပ်ကြတာပေါ့။

"မဲသေချင်ရင် လုံးဝအသံမထွက်နဲ့။ ညနေကဝတ်လာတဲ့အဝတ်အစားတွေ ဘယ်မှာလဲ။ ပိုက်ဆံရော ဘယ်လောက်ရှိသလဲ။ဘယ်မှာဝှက်ထားသလဲ"

ဟု မျက်နှာအဝတ်စည်းထားတဲ့ လူဆိုးနှစ်ယောက် ဓားမိုးပြီးငေါက်မေးလိုက်တယ်။ သူတို့ပြောစရာတောင်မလိုပါဘူး။ သူတို့ ခေါင်းအုံးအစုတ်ဘေးမှာချထားတဲ့ စက္ကူအိတ်အသစ်ကလွဲပြီး တခြားဘာပစ္စည်းမှမရှိတော့ ထင်းထင်းကြီး တွေ့သွားတာပေါ့။ လူဆိုးတွေက အဝတ်တွေလည်းတွေ့၊ ပိုက်ဆံအိတ်လည်းတွေ့တော့ ဘာမှဆက်မမေးတော့ဘဲ ယူပြီးထွက်သွားကြတယ်။ ထင်းပို့သွားဝတ်တဲ့ တစ်ခွမ်းအဝတ်အစားလေးတွေပါ ပါသွားတယ်။ ဧည့်သည်ပေးသွားတဲ့ပိုက်ဆံ ဗိုက်ထဲက မစင်အဖြစ်နဲ့ဘဲကျန်ခဲ့တယ်။

သိကြားမ,လို့ မရသူအကြောင်း ပြောပါမယ်။ ကြားဖူးသူများရှိပါမယ်။ ထုံလွန်း အလွန်းသူတစ်ယောက်ကို အခြားသူများက မင်းဟာ -

"သိကြားမင်း မ,တောင် ကြီးပွားမယ့်သူမဟုတ်ဘူး"

လို့ ပြောကြတယ်။

သိကြာမင်း ကြားသွားတော့ မခံချင်ဖြစ်ပြီး အဲဒီလူသွားတဲ့လမ်းမှာ ငွေတစ်ထောင်ထုပ်ချထားတယ်။ အဲဒီလူက အဲဒီရောက်တော့ သစ်ပင်ကိုမော့ကြည့်ပြီးသွားလို့ မတွေ့လိုက်ဘူး။ သိကြားမင်းက သစ်ကိုင်းမှာ တစ်ခါသွားချိတ်ပြန်တယ်။ အဲဒီရောက်တော့ ငုံ့သွားလို့ မတွေ့ပြန်ဘူး။

ဒီတော့ သိကြားမင်းက ကိုယ်ထင်ပြပြီး -

"မောင်မင်း၊ ခြေဆင်းထိုင်ပြီး (မလွဲအောင်ပေါ့) ပေါင်ကိုထိအောင် လက်ဝါးနဲ့ ပုတ်နိုင်ရင် ငွေတစ်ထောင်ပေးမယ်"

လို့ ပြောတယ်။

ဒီတော့ ဒီလူက ဝမ်းသာအားရနဲ့-

"တကယ်လား"

ဆိုပြီး ခြေဆင်းထိုင်ပြီး ပေါင်ကို အားရပါးရပုတ်လိုက်တာ မတော်ရာကို ပုတ်မိပြီး သေရောတဲ့။ အဲဒါက ဒဏ္ဍာရီပါ။ အခု ကိုသာအောင်တို့ လင်မယားလည်း သိကြားမ,သလို အမ,ခံလိုက်ရတာ၊ အသက်မဆုံးပေမယ့် ထင်းရောင်း



www.burmeseclassic.com

www.burmeseclassic.com

ထွက်တဲ့ အဝတ်နှစ်စုံ ဆုံးသွားတယ်”

အမေက ဆက်ပြောပြန်ပါတယ်-

“တကယ်လို့ သူတို့ဟာ ဒီငွေကို ဘယ်သူမှမသိအောင် ကျစ်ကျစ်ထုပ်ပြီး ဆင်းရဲသားများစားတဲ့ ငါးမန်းခြောက်၊ ငါးရောင်ခြောက်များ မီးဖုတ်ဆီဆမ်းစား၊ ငါးသလောက်၊ ငါးပိကောင်ကို မန်ကျည်းရည်နဲ့ ပျစ်ပျစ်ချက်စား၊ အစားအဆင့်နည်းနည်းမြင့်ပေမယ့် ဘယ်သူမှ သတိထားမိမှာမဟုတ်ဘူး။ ဖျင်ကြမ်းအင်္ကျီ၊ ပုဆိုးကြမ်း၊ ထဘီတစ်စုံစီလောက် ထပ်ဝယ်၊ ထင်းပို့သွားတော့ဝတ်၊ လက်ရှိဟာကို စိုတော့လဲဖို့လုပ်။

နောက် လင်ပန်းတစ်ချပ်ဝယ်၊ အရင်းနည်းတဲ့ကွမ်းကို ဖောက်သည်ယူပြီး သူများလို ကွမ်းရောင်းလို့ရတဲ့ရွာတွေမှာ လှည့်ရောင်း။ (၈) နာရီလောက်ဆိုပြန်ရောက်တယ်။ဒီတော့ ထင်းရောင်းလည်း မပျက်ဘူးပေါ့။ ဘေးလူလည်း သိပ်သတိမထားမိဘူးပေါ့။

အိမ်ကိုလည်း မလုပ်မဖြစ်တဲ့အမိုးနဲ့ အကာကို ဓနိမိုး၊ ကာလိုက်။ နောက်တော့ အရင်းနည်းနည်းပိုတဲ့ ဟင်းသီးဟင်းရွက်ယူရောင်း တစ်ပဲခြောက်ပြားမြတ်ရာကနေ တစ်မူး၊ သုံးပဲ မြတ်လာတယ်။ လူတွေကလည်း ရိုးသားပြီးကြိုးစားကြတယ်။ ကြီးပွားမှာပဲလို့ မြင်ကြမယ်။ ဒီလိုနဲ့ သုံး၊လေးနှစ်ကြာတော့ ငွေလေး၊ ငါးဆယ်လောက် ထပ်စုမိတယ်။ ဒီခြံပိုင်းမှာပဲ မအေးရင်တို့လို တစ်ဧက၊ ဧကဝက် ပိုင်းရောင်းသူတွေ ရှိတယ်။ တစ်ဧက တစ်ရာလောက်ရှိတယ်။ နိုင်သလောက်ဝယ်ပြီး ဆက်လုပ်စား၊ ကိုယ့်အဆင့်နဲ့ တန်သလောက် ဝတ်၊ စား။ အဲဒါဆိုရင် ကြီးပွားသထက် ကြီးပွားလာမှာပဲ၊ တစ်လလောက်ကြာတော့ပျောက်သွားကြတယ်။ သူတို့လာလည်း လူမသိ၊ သူတို့ပြန်လည်း လူမသိပေါ့။

အခု မောင်ခွေးကိုကြည့်။ သူဝယ်လာတဲ့ဖိနပ်က သူဌေးသား၊ ကောလိပ်ကျောင်းသား၊ မြို့ပိုင်၊ နယ်ပိုင်တွေ၊ ကတ္တရာလမ်း၊ သံမံတလင်းပေါ်မှာစီးတဲ့ ဖိနပ်မျိုး။ ဒီမှာက မိုးတွင်းဗွက်ထူ၊ နွေဖုန်ထူတဲ့နေရာ ဘယ်မှာသွားစီးမလဲ။ စီးသွားတော့ လူချီးမွမ်းမလား၊ ကဲ့ရဲ့မလား။ ကဲ့ရဲ့မှာသေချာတယ်။ အမေပြောတာမှတ်ထား။ ကိုယ့်အဆင့်နဲ့တန်ရုံနေထိုင်ဝတ်စား၊ သုံးစွဲ၊ အတိတ်ကံမရှိလို့ မချမ်းသာရင်တောင် မဆင်းရဲဘူး” တဲ့။

ကျွန်တော် အလွတ်ပညာသင်ကျောင်းမှာနေတော့ သင်္ချာဆရာ ဦးအုန်းလှိုင်နှင့် တစ်နေ့မှာ တွေ့ရာလေးပါးပြောရာက စကားစပ်သဖြင့် ကျွန်တော်က -

“ဆရာ၊ ရှပ်စကင်အင်္ကျီ (ပိုးသားလိုနူးညံ့ကောင်းမွန်ပြီး အရောင်အသွေးတောက်ပပါတယ်) ဝယ်ဝတ်ပါလား”

လို့ ပြောတော့ ဆရာက -

“မလုပ်ပါဘူးကွာ၊ ဝန်ကြီးချုပ်ကို သနားပါတယ်”

လို့ ပြန်ဖြေလာတယ်။

ကျွန်တော်က -

“ဘာဆိုင်လို့လဲ ဆရာ”

လို့ ဆိုတော့ -

“ဝန်ကြီးချုပ်က ငါ့ထက် အဆင့်တစ်ရာလောက်မြင့်တယ်။ ငါ ရှပ်စကင်ဝတ်ရင် သူက ဒါ့ထက်အဆင့်တစ်ရာမြင့်တဲ့အင်္ကျီဝတ်ရမယ်။ သူ့လခဘယ်ကျန်တော့မလဲ။ သနားပါတယ်ကွာ၊ မလုပ်ပါရစေနဲ့”

လို့ ပြန်ဖြေပါတယ်။

“တန်ရာတန်ရာလုပ်ပါ”

လို့ ဆုံးမလိုက်ခြင်း ဖြစ်ပါတယ်

ကျွန်တော့်စိတ်ကူးနှင့် လူတွေကို (၁) ဆင်းရဲသား၊ (၂) လူလတ်တန်းစား၊ (၃) လူချမ်းသာ ဆိုပြီး သုံးစားခွဲလိုက်ပါတယ်။ တစ်စားတစ်စားဆီမှာလည်း အောက်၊ အလယ်၊ အထက်ဆိုပြီး သုံးစားစီခွဲပြန်ပါတယ်။

‘ကိုးတန်းစား’ပေါ့။ အဲဒါ လူတိုင်းသူ့အတန်းနှင့်သူ မျှတစွာလိုက် လျောညီထွေရှိအောင် ဝတ်၊ စား၊သုံးစွဲ၊ နေထိုင်မယ်ဆိုရင် ဒီလူဟာ ဝင်ငွေ၊ ထွက်ငွေမျှနေတဲ့အတွက် ပုံမှန်မဟုတ်တဲ့ အဆိုး (နာဖျား၊ မတော်တဆမှု)၊ အကောင်း (ထီပေါက်) မပေါ်ရင် ရေတွင်းတူးသူလည်းမဖြစ်၊ အုတ်တိုင်ထူသူလည်းမဖြစ်ဘဲ မြေပြင်ပေါ် ရပ်နေသူသာ ဖြစ်ပါမယ်။ အကယ်၍ မမျှမတဖြစ်အောင် ပိုမိုသုံးစွဲမိရင် ပိုရင်ပိုသလောက် နက်အောင်ရေတွင်းတူးသူ ဖြစ်သွားပါတယ်။ တကယ်လို့ တတ်နိုင်သလောက်စုဆောင်းနိုင်မယ်ဆိုရင် စုဆောင်းနိုင်သလောက် မြင့်အောင်အုတ်တိုင်ထူသူ ဖြစ်သွားပါတယ်။

ကိုယ့်ထက်အဆင့်မြင့်မြင့်နေထိုင်သုံးစွဲနိုင်သူကို အားကျတာ လူ့မမှုတာပါပဲ။ အားကျတဲ့အတိုင်း ကြိုးစားလို့မိတဲ့အခါ မီသလိုသုံးစွဲရင် ကိစ္စမရှိလှပေမယ့် မမီဘဲမီသလို သုံးစွဲရင်တော့ မုချဒုက္ခရောက်မှာပဲ။ တစ်ချိန်က အ မျိုးသမီးလောကမှာ နိုင်လွန်ဆိုတာ အဝတ်အသစ်အဆန်းအနေနဲ့ ပေါ်ခဲ့ဖူးတယ်။ အဆင့်မီသူကမီသလိုဝယ်ဝတ်ကြတယ်။ မမီသူကလည်း အားကျမခံလိုက်ဝယ်ကြလို့ နိုင်လွန်ကြောင့် ဘဝပျက်သွားတဲ့ အမျိုးသမီးအများအပြားရှိခဲ့ကြောင်း ထိုခေတ်ကို ကောင်းကောင်းမိသူများ မှတ်မိပါတယ်။

ရေးသူ၊ ဆိုသူ မမှတ်မိ။ အပြည့်အစုံ မမှတ်မိပေမယ့် နည်းနည်းပါးပါး မှတ်မိနေတဲ့သီချင်း ရှိပါတယ်။ မှတ်မိသလောက်(လုံးစေ့မှန်၊မမှန်မသိ)ကတော့ -

သနားစရာဘိုင်တွန်သူမှာ၊ မယားက နိုင်လွန်ပူဆာ××× ကြွေးကအလွန်ထူတာ×××အတိုးရော အရင်းရောအားလုံးပေါင်းရင်×××လူပါရောင်းရမှာ×××

ဟူ၍ ဖြစ်ပါတယ်။

အခုပေါ်နေတဲ့ (စား၊ ဝတ်၊ နေ၊ သုံး) အသစ်အဆန်းတွေနဲ့စာရင် ဟိုခေတ်ကပေါ်တာ မပြောပလောက်ပါဘူး။ အဲဒီလောက်နဲ့တောင် ဘဝပျက်သူများရှိခဲ့တယ်ဆိုရင် ခုခေတ်မှာတွေးသာကြည့်ပေတော့။ အသစ်အဆန်းတွေမှာ ဆိုးကျိုးနှစ်မျိုးရပါတယ်။ တစ်မျိုးက ပိုက်ဆံပိုကုန်တာ၊ နောက်တစ်မျိုးက အဆိပ်အတောက်ဖြစ်တာ။ ပူတဲ့အစားအစာ၊ တာရှည်ထားတဲ့ အစားအစာကို ပလတ်စတစ်အိတ်၊ ဘူးနဲ့ထားလည်း အဆိပ်ဖြစ်တယ်ဆိုပေမယ့် အခု မုန့်ဟင်းခါး၊ လက်ဖက်ရည်ဝယ်ရင် ပလတ်စတစ်အိတ်နဲ့ပဲ ထည့်ပေးကြတယ်။ ဆားတို့၊ ငါးပိတို့၊ ငံပြာရည်တို့လည်း ပလတ်စတစ်ဘူး၊ ပုလင်းနဲ့ပဲထည့်ကြတယ်။ အပေါ်စားဆေးဆိုးတော့ အဆိပ်ဖြစ်တယ်။ ဆေးသွားဓာတ်ပြုပြီး အဆိပ်ဖြစ်တယ်။ ကုရလို့ ပိုကုန်ပြန်သေးတယ်။

လူအားလုံးနီးပါးမှာ မိမိအဆင့်ထက် တစ်ဆင့်၊ နှစ်ဆင့်၊ သုံးဆင့်တို့ထက်မက လွန်ပြီးသုံးစွဲနေတာ တွေ့ရပါမယ်။အဆင့်ကျော်ရင်ကျော်သလောက် ဒုက္ခရောက်ပါမယ်။ အကြမ်းအားဖြင့် ဆိုးကျိုးနှစ်မျိုးရနိုင်ပါတယ်။ တစ်မျိုးက အကြွေးနွံထဲနစ်သွားခြင်းနဲ့ နောက်တစ်မျိုးက ဘဝပျက်သွားခြင်းတို့ပါပဲ။ အမျိုးသမီးများက သူနည်းသူ့ဟန်နဲ့ ဘဝပျက်ပြီး အမျိုးသားများက လိမ်၊ ခိုး၊ လုစသည်တို့ဖြင့် ဘဝပျက်တတ်ကြပါတယ်။ ဝန်ထမ်းဆိုရင်လည်း လာဘ်စား၊ အလွဲသုံးစားပေါ့။ ဒီအတွက် တချို့လည်း အသက်ပေးသွားကြရပါတယ်။ ကမ္ဘာမှာ စက္ကန့် (၄၀) မှာ တစ်ယောက်နှုန်းနဲ့ သက်သေနေကြတယ်လို့ သတင်းတွေမှာ ဖော်ပြကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကြို့ထိုးပျောက်ချင်သလား

စာရေးသူ လွန်ခဲ့တဲ့ (၃)၊ (၄) လလောက်က ရွှေဘိုကို သွားခဲ့ပါတယ်။ ရွှေဘိုမှာက သမီးအရင်းလို ချစ်ရတဲ့ ကောင်မလေး မသီတာမိသားစုရှိပါတယ်။

စာရေးသူရောက်တော့ မသီအိမ်က မသီရဲ့တူကလေး ကြို့ထိုးနေတာ (၂)ရက်ရှိပြီ ပျောက်အောင်ဘာလုပ်ရမလဲအဘလို့ စာရေးသူကို မေးပါတယ်။

စာရေးသူလည်း ပြောရိုးပြောစဉ်အတိုင်း အသက်အောင့်ပြီး ရေသောက်လိုက်လို့ ပြောလိုက်ပါတယ်။ လုပ်ပါတယ်၊ မပျောက်ပါ။ ဆက်ထိုးမြဲထိုးနေပါတယ်။

အိမ်ပြန်ရောက်တော့ တစ်နေ့မှာ စာရေးသူကိုယ်တိုင် ကြို့ထိုးပါတယ်။ တစ်နံနက်လုံးဖြစ်ပါတယ်။ ထုံးစံအတိုင်း အသက်အောင့်ပြီး ရေသောက်ပါတယ်။ မပျောက်ပါ။

သားအငယ်ဆုံးကောင် ဇော်ထူးက -

"ဖေဖေ၊သကြားမျိုလိုက်ပါလား"

လို့ ပြောပါတယ်။

စာရေးသူလည်း ဒီကောင်၊ဘာသိတာမှတ်လို့။ အထင်သေးပြီး မသောက် မမျိုပါဘူး။

ကြို့ထိုးတာ မသက်သာဘဲ ပိုဆိုးလာပါတယ်။ နံနက် (၁၀) နာရီခွဲ ထမင်းစားချိန်အထိ မသက်သာပါ။ ရင်များအောင့်ပြီးမောလာပါတယ်။ ထမင်းကလည်း စားတော့မယ်။ ကြို့ထိုးကလည်း မပျောက်ဖြစ်နေပါတယ်။

ဒါနဲ့ စာရေးသူလည်း ကြံရာမရ ဘာလုပ်ရမှန်းမသိဖြစ်နေပါတယ်။ ဒီလိုနဲ့ ကြံရာမရ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သားဇော်ထူးပြောတဲ့ သကြားပဲမျိုကြည့်ရကောင်းမလား။ ဟုတ်ရင် အမြတ်၊ မဟုတ်ရင် အရင်းပဲဆိုပြီး သကြားကို စားပွဲဇွန်းနဲ့တစ်ဇွန်းခပ်ပြီး ပါးစပ်ထဲထည့် ရေနဲ့မျိုချလိုက်ပါတယ်။

စာဖတ်ပရိသတ်များ ခင်ဗျား။ ချက်ချင်းပါပဲဗျာ၊ အံ့ဩဖို့ကောင်းလောက်အောင် ပျောက်ကင်းသွားပါတယ်။ ဒီတော့မှ ကျွန်တော့်သား အငယ်ဆုံးကောင် ဇော်ထူးကို ကျေးဇူးတင်မိပါတယ်။ ကြို့ထိုးရပ်ပြီး ထမင်းလည်း ကောင်းကောင်းမွန်မွန်စားလို့ကောင်းသွားပါတယ်။

ဒီလိုနဲ့ စာရေးသူ ကြို့ထိုးတိုင်း သကြားစားပွဲဇွန်းနဲ့တစ်ဇွန်းမျိုပါတယ်။ မျိုတိုင်းပဲ ပျောက်ကင်းတာ တွေ့ရပါတယ်။

ဒါကြောင့် စာဖတ်သူ ပရိသတ်များခင်ဗျား၊ ကြို့ထိုးရင် သကြားစားပွဲဇွန်းတစ်ဇွန်းကို ပါးစပ်ထဲထည့်၊ ရေနဲ့မျိုချပါ။ကြို့ထိုးသေချာပေါက်လုံးဝပျောက်ကင်းသွားကြောင်း စာရေးသူကိုယ်တွေ့မို့ ဗိဟိတဒါနပေးလှူလိုက်ပါတယ်။

*စာပေဖတ်မိတ်ဆွေများအားလုံး ကြို့ထိုးခြင်းဝေဒနာမှကင်းဝေးကြပါစေ*

မင်းတုန်းဘသီ (သရက်)

---

တစ်ဖက်က လောင်းကစားကလည်း အလွန်ကြီးထွားလာပါတယ်။ အရင်ကလို ဖဲရိုက်၊ ကြက်တိုက်တင် မဟုတ်တော့ပါဘူး။ နှစ်လုံး၊ သုံးလုံးနဲ့ ဘဝဆုံးသူတွေ အများအပြားရှိနေပါတယ်။ အဲဒါကို ဥပဒေနဲ့ ထိန်းနိုင်ပေမယ့် ကြွေးတင်ကျွန်ဖြစ်၊ ဘဝပျက်အောင် မတန်တဆ သုံးစွဲနေကြတာကိုတော့ ဥပဒေနဲ့ ထိန်းကွပ်လို့ မရပါဘူး။ ကိုယ်တိုင်အသိနဲ့ ထိန်းသိမ်းရပါတယ်။

သူဌေးပိုက်ဆံချေးတော့ သုံးကျပ်တိုး၊ လစာနည်းဝန်ထမ်းနဲ့ ပျံကျဆင်းရဲသားများ ပိုက်ဆံချေးတော့ 'မတ်တိုး'တဲ့။ မတ်တိုးဆိုတာ (၂၅) ကျပ်တိုးကို ပြောတာ။ အဲဒါ အတိုးကို အရင်နုတ်ထားတော့ (၁၀၀) ကျပ်ချေးရင် (၇၅) ကျပ်ပဲရတယ်။ သူဌေးချေးတဲ့ပိုက်ဆံက လုပ်ငန်းလုပ်ဖို့ဆိုတော့ အကျိုးအမြတ်ရလို့ ပွင့်ပွားစေ့ကို ရေစိမ်သလိုပဲ လက်မလောက်စိမ်ရင် ဖန်ခွက်တစ်လုံးပြည့်လာတယ်။ ဆင်းရဲသားချေးတဲ့ပိုက်ဆံက ဆားခဲကို ရေကန်ထဲချလိုက်သလို လုံးဝအစရှာမရတော့ဘူး။

ရှေးအခါက တောင်သူလယ်သမားများကို အမတော်ကြေး အစိုးရက ထုတ်ချေးပါတယ်။ လုပ်ငန်းခွင်အရင်းအနှီးအတွက်ပေါ့။ ဒါပေမယ့် လုပ်ငန်းခွင်ထဲ လေးပုံတစ်ပုံရောက်တာ နည်းပါတယ်။ တခြားမှာ သုံးပစ်ကြတာပဲ။ ပြီးတော့ ပြန်မဆပ်နိုင်ကြဘူး။ ဥပဒေအရ အရေးယူရင်လည်း ပိုဆိုးမှာမို့ သုံးနှစ်တစ်ခါလောက် လျှော်ပစ်နေရတယ်။ ဒီတော့ အမတော်ကြေးဆိုတာ ပြန်ဆပ်ရတယ်လို့ကို မသိကြတော့ဘူး။

တိုင်းပြည်ချမ်းသာတယ် ဆိုတာ ပြည်သူတွေ ချမ်းသာတာကို ပြောတာ။ ပြည်သူတွေက မိမိတို့ရပ်တည်ရာအဆင့်ကနေ နည်းမှန်လမ်းမှန် (ရိုးသား၊ ကြိုးစား) နဲ့တစ်ဆင့်ပြီးတစ်ဆင့် မြင့်သထက်မြင့်အောင် အုတ်တိုင်ထူရပါတယ်။ အခုအချိန်မှာ ကျွန်တော့်အမြင်ကတော့ သုံးနိုင်၊ ဖြုန်းနိုင်သူများ (ဘယ်ပုံဘယ်နည်းနဲ့မသိ) က ငွေကို သဲထဲရေသွန်သလို သုံးနေ၊ ဖြုန်းနေကြပြီး မနိုင်သူကလည်း အားကျကာ ဖြစ်သလို နိုင်သလောက် လိုက်တုနေကြတာကို တွေ့ရပါတယ်။

အရေးကြီးတာက မျိုးဆက်သစ် လူငယ်တွေပဲ မကြာခင် သူတို့လက်ထဲ တိုင်းပြည်အပ်ခဲ့ရမှာ။ သူတို့ကို ကြည့်လိုက်တော့ အတော်များများဟာ ကျွန်တော့်အမြင်မဟုတ်ဘဲ လူငယ်တစ်ယောက်ရဲ့အမြင်နဲ့ ပြောပြပါမယ်။

မကြာခင်က စာစောင်တစ်စောင် Health for All လို့ ထင်ပါတယ်။ စင်ကာပူက ကျောင်းပြီးပြန်လာတဲ့ လူငယ်အဆိုတော် ဇော်ဝင်းထွဋ်ရဲ့သားကို အယ်ဒီတာက -

"စင်ကာပူကလူငယ်တွေနဲ့ ဒီကလူငယ်တွေကို ဘယ်လိုခွဲခြားပြီး မြင်ပါသလဲ"

လို့ မေးတော့ လူငယ်က -

"စင်ကာပူက လူငယ်တွေက သူတို့ရဲ့ဘဝရှေ့ရေးအတွက် လေးနက်ကြပါတယ်။ ဒီကလူငယ်တွေကတော့ ပျော်ပျော်ပဲနေတတ်ကြပါတယ်"

လို့ ဖြေသွားပါတယ်။

အင်မတန်အဖိုးတန်တဲ့ မေးခွန်းနဲ့ အဖြေပါ။ လက်လွှဲပေးခဲ့ရမယ်၊ ကျွန်တော်တို့အားလုံးနဲ့ လက်ဆင့်ကမ်းယူကြရမယ့် လူငယ်အားလုံး အထူးအလေးထားရမယ့်အချက် ဖြစ်ပါတယ်။ ဒီအတိုင်းသွားရင်တော့ အိမ်နီးချင်းနိုင်ငံများကိုတောင် 'မောင်ပန်းမွှေး ယုန်လိုက်' (မောင်ပန်းမွှေး ယုန်လိုက်တယ်၊ ပွဲကျောင်းဘုန်းကြီး မြင်လိုက်တယ်။ လိုက်ကြပါလား တပည့်များ၊ လိုက်လို့မမီ ပြေးပြန်ပြီ - မောင်ပန်းမွှေးကဗျာမှ) ဖြစ်နေမှာပဲ။ ဒါ့ကြောင့် မိမိအကျိုးရောတိုင်းပြည်အကျိုးပါ အလေးအနက်ထားပြီး -

လူတိုင်းလူတိုင်း အုတ်တိုင်ထူကြပါ။ ရေတွင်းမတူးကြပါနဲ့။ တူးနေသူများ အမြန်ဆုံးရပ်ကြပါလို့။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)


ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လင်္ဂဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ၎င်း အခါသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာရွတ်ဖတ်ခြင်း၊အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန် အပါအဝင် ဓနံလာဘံဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများမည်ဆိုလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ဤကာလ၌ ၄-၁၀-၂၀၁၄ နေ့၊ ညနေ (၅း၁၅) နာရီမှ ၅-၁၀-၂၀၁၄ နေ့၊ ညနေ (၃း၃၀) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သည် စန်းနှင့်ယှဉ်နေမည် ဖြစ်ပါသည်။ ၄-၁၀-၂၀၁၄ နေ့ (၁၄း၄၇း၂၆) နာရီမှ (၁၅း၃၄း၃၄) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်သည် လင်္ဂဖြတ်ကျော်မည်ဖြစ်ပြီး ၄-၁၀-၂၀၁၄ နေ့ (၂၀း၃၂း၃၂) နာရီမှ (၂၁း၃၃း၄၁) နာရီအတွင်း မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ခွာချိန် | ရက် | စဝင်ချိန် | စထွက်ခွာချိန် |
| ၁ | ၁၄း ၅၉း ၁၄ | ၁၅း ၄၆း ၂၂ | ၁ | ၂၀း ၄၄း ၂၀ | ၂၁း ၄၅း ၂၉ |
| ၂ | ၁၄း ၅၅း ၁၈ | ၁၅း ၄၂း ၂၆ | ၂ | ၂၀း ၄၀း ၂၄ | ၂၁း ၄၁း ၃၃ |
| ၃ | ၁၄း ၅၁း ၂၂ | ၁၅း ၃၈း ၃၀ | ၃ | ၂၀း ၃၆း ၂၈ | ၂၁း ၃၇း ၃၇ |
| ၄ | ၁၄း ၄၇း ၂၆ | ၁၅း ၃၄း ၃၄ | ၄ | ၂၀း ၃၂း ၃၂ | ၂၁း ၃၃း ၄၁ |
| ၅ | ၁၄း ၄၃း ၃၀ | ၁၅း ၃၀း ၃၈ | ၅ | ၂၀း ၂၈း ၃၆ | ၂၁း ၂၉း ၄၅ |
| ၆ | ၁၄း ၃၉း ၃၄ | ၁၅း ၂၆း ၄၂ | ၆ | ၂၀း ၂၄း ၄၀ | ၂၁း ၂၅း ၄၉ |
| ၇ | ၁၄း ၃၅း ၃၈ | ၁၅း ၂၂း ၄၆ | ၇ | ၂၀း ၂၀း ၄၄ | ၂၁း ၂၁း ၅၃ |
| ၈ | ၁၄း ၃၁း ၄၂ | ၁၅း ၁၈း ၅၀ | ၈ | ၂၀း ၁၆း ၄၈ | ၂၁း ၁၇း ၅၇ |
| ၉ | ၁၄း ၂၇း ၄၆ | ၁၅း ၁၄း ၅၄ | ၉ | ၂၀း ၁၂း ၅၂ | ၂၁း ၁၄း ၀၁ |
| ၁၀ | ၁၄း ၂၃း ၅၀ | ၁၅း ၁၀း ၅၈ | ၁၀ | ၂၀း ၀၈း ၅၆ | ၂၁း ၁၀း ၀၅ |
| ၁၁ | ၁၄း ၁၉း ၅၄ | ၁၅း ၀၇း ၀၂ | ၁၁ | ၂၀း ၀၅း ၀၀ | ၂၁း ၀၆း ၀၉ |
| ၁၂ | ၁၄း ၁၅း ၅၈ | ၁၅း ၀၃း ၀၆ | ၁၂ | ၂၀း ၀၁း ၀၄ | ၂၁း ၀၂း ၁၃ |
| ၁၃ | ၁၄း ၁၂း ၀၂ | ၁၄း ၅၉း ၁၀ | ၁၃ | ၁၉း ၅၇း ၀၈ | ၂၀း ၅၈း ၁၇ |
| ၁၄ | ၁၄း ၀၈း ၀၆ | ၁၄း ၅၅း ၁၄ | ၁၄ | ၁၉း ၅၃း ၁၂ | ၂၀း ၅၄း ၂၁ |
| ၁၅ | ၁၄း ၀၄း ၁၀ | ၁၄း ၅၁း ၁၈ | ၁၅ | ၁၉း ၄၉း ၁၆ | ၂၀း ၅၀း ၂၅ |
| ၁၆ | ၁၄း ၀၀း ၁၄ | ၁၄း ၄၇း ၂၂ | ၁၆ | ၁၉း ၄၅း ၂၀ | ၂၀း ၄၆း ၃၀ |
| ၁၇ | ၁၃း ၅၆း ၁၈ | ၁၄း ၄၃း ၂၆ | ၁၇ | ၁၉း ၄၁း ၂၄ | ၂၀း ၄၂း ၃၅ |
| ၁၈ | ၁၃း ၅၂း ၂၂ | ၁၄း ၃၉း ၃၀ | ၁၈ | ၁၉း ၃၇း ၂၈ | ၂၀း ၃၈း ၃၉ |
| ၁၉ | ၁၃း ၄၈း ၂၆ | ၁၄း ၃၅း ၃၄ | ၁၉ | ၁၉း ၃၃း ၃၂ | ၂၀း ၃၄း ၄၃ |
| ၂၀ | ၁၃း ၄၄း ၃၀ | ၁၄း ၃၁း ၃၈ | ၂၀ | ၁၉း ၂၉း ၃၆ | ၂၀း ၃၀း ၄၇ |
| ၂၁ | ၁၃း ၄၀း ၃၄ | ၁၄း ၂၇း ၄၂ | ၂၁ | ၁၉း ၂၅း ၄၀ | ၂၀း ၂၆း ၅၁ |
| ၂၂ | ၁၃း ၃၆း ၃၈ | ၁၄း ၂၃း ၄၆ | ၂၂ | ၁၉း ၂၁း ၄၄ | ၂၀း ၂၂း ၅၅ |
| ၂၃ | ၁၃း ၃၂း ၄၂ | ၁၄း ၁၉း ၅၀ | ၂၃ | ၁၉း ၁၇း ၄၈ | ၂၀း ၁၈း ၅၉ |
| ၂၄ | ၁၃း ၂၈း ၄၆ | ၁၄း ၁၅း ၅၄ | ၂၄ | ၁၉း ၁၃း ၅၂ | ၂၀း ၁၅း ၀၃ |
| ၂၅ | ၁၃း ၂၄း ၅၀ | ၁၄း ၁၁း ၅၈ | ၂၅ | ၁၉း ၀၉း ၅၆ | ၂၀း ၁၁း ၀၇ |
| ၂၆ | ၁၃း ၂၀း ၅၄ | ၁၄း ၀၈း ၀၂ | ၂၆ | ၁၉း ၀၆း ၀၀ | ၂၀း ၀၆း ၁၁ |
| ၂၇ | ၁၃း ၁၆း ၅၈ | ၁၄း ၀၄း ၀၆ | ၂၇ | ၁၉း ၀၂း ၀၄ | ၂၀း ၀၂း ၁၅ |
| ၂၈ | ၁၃း ၁၃း ၀၂ | ၁၄း ၀၀း ၁၀ | ၂၈ | ၁၈း ၅၈း ၀၈ | ၁၉း ၅၈း ၁၉ |
| ၂၉ | ၁၃း ၀၉း ၀၆ | ၁၃း ၅၆း ၁၄ | ၂၉ | ၁၈း ၅၄း ၁၂ | ၁၉း ၅၄း ၂၃ |
| ၃၀ | ၁၃း ၀၅း ၁၀ | ၁၃း ၅၂း ၁၈ | ၃၀ | ၁၈း ၅၀း ၁၆ | ၁၉း ၅၀း ၂၇ |
| ၃၁ | ၁၃း ၀၁း ၁၄ | ၁၃း ၄၈း ၂၂ | ၃၁ | ၁၈း ၄၆း ၂၀ | ၁၉း ၄၆း ၃[illegible] |



www.burmeseclassic.com

www.burmeseclassic.com







ကောင်းခါးရွာ နတ်ပြဂူနဲ့ ဘုရားစေတီများ

# ကောင်းခါးရွာက
# နတ်ပြဂူ၊ ပန်းဒကာနဲ့
# မြစ်မဲ့-မြစ်ရှိယဉ်ကျေးမှုများ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)




နတ်ပြဂူအတွင်းမှာတွေ့ခဲ့ရတဲ့ ရှေးဟောင်းဆင်းတုတော်

နှင်းမြူတွေခပ်ပါးပါးဆိုင်းထားတဲ့ လားရှိုးရဲ့ နွေမနက်ခင်းမှာတော့ သုံးထပ် မြင့်တဲ့ ပြတိုက်အဆောက်အအုံကြီးရဲ့ ရှေ့ ခြံစည်းရိုးအုတ်တံတိုင်းမှာ နှင်းဆီ ပွင့်ရောင်စုံတွေ၊ ရွှေဒင်္ဂါးပန်းတွေက ဝေလို့ပါ။ လက်ဖက်ရည်ပန်းကန်ပြား လောက်ကြီးတဲ့ နှင်းဆီပန်းကြီးတွေ နွေခေါင်ခေါင်မှာ ကားကားစွင့်စွင့် ပွင့်လန်းနေတာကို တအံ့တဩရှုရသလို အလှချင်းပြိုင်နေတဲ့ ရှမ်းတိုင်းရင်းသား မျိုးနွယ်စုတွေကိုလည်း ရင်သပ်ရှုမော ဖြစ်ရပါတယ်။

မတ်လကုန်လုပြီ ဖြစ်ပေမယ့် လားရှိုးမြို့ရဲ့နွေရက်တွေဟာ နေသာ ထိုင်သာရှိလှပါတယ်။ ရန်ကုန်မှာ ပူလှ ချည်ရဲ့လို့ အော်ညည်းနေရပေမယ့် လားရှိုးမှာတော့ အေးအေးမြမြနဲ့ အဆင်ပြေလှရဲ့။ အေးစိမ့်စိမ့်တောင် ပေါ် ရာသီဥတုကြောင့်ချည်းမဟုတ်ဘဲ ကိုယ့်အဖို့ ပိုပြီးရင်ထဲထိအောင် ချမ်းမြ နေရတာကတော့ တိုင်းရင်းသားတွေရဲ့ အပြုံးတွေ ကူးစက်နေရလို့ပါ။

သူငယ်ချင်း ဒေါ်နုမြဇံက လားရှိုး မှာ တိုင်းရင်းသားယဉ်ကျေးမှုပြတိုက်ဖွင့် ပွဲရှိတယ်လို့ သတင်းပို့တာရယ်၊ လက်ရှိ အဲဒီပြတိုက်ရဲ့ တာဝန်ရှိသူတစ်ဦးဖြစ် တဲ့ ညီမငယ်ဒေါ်မာလာအောင်ကလည်း အရင်တစ်နှစ်ကျော်ကတည်းက ပြတိုက် ဖွင့်ပွဲကိုလာခဲ့ပါလို့ ဖိတ်ခေါ်ထားတာ ရယ်နဲ့ တတ်သည့်ပညာ မနေသာဆို သလို ကိုယ်လည်း တတ်နိုင်သမျှကူညီဖို့



ကောင်းခါးရွာ နတ်ပြဂူနဲ့ ဘုရားစေတီများ




www.burmeseclassic.com


www.burmeseclassic.com











ကောင်းခါးရွာ နတ်ပြဂူနဲ့ ဘုရားစေတီများ

ရှမ်းပြည်နယ်မြောက်ပိုင်းကို လာခဲ့ပါတယ်။ ဒေါ်နုမြဇံဟာ မြန်မာပြည်တစ်နံ့တစ်လျားက ပြတိုက်ပေါင်းစုံကို ခင်းကျင်းပြသလာတဲ့ ပြတိုက်ခင်းကျင်းရေးပညာရှင်မို့ သူ့လက်ရာကို လေ့လာဖို့ စိတ်ဝင်စားတာရယ်၊ မာလာအောင်ကို ပြတိုက်ဘွဲ့လွန်သင်တန်းနဲ့ ရှေးဟောင်းသုတေသနမဟာဝိဇ္ဇာတန်းက သူငယ်ချင်းအဖြစ် အားဖြည့်ချင်တာရယ်ကြောင့် လားရှိုးကိုသွားဖြစ်အောင် အရောက်သွားခဲ့တာပါ။

**အလှဝေဆာတိုင်းရင်းသားတို့ရဲ့ယဉ်ကျေးမှုကမ္ဘာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရဲ့ လက်အောက်မှာရှိတဲ့ 'ယဉ်ကျေးမှုပြတိုက်နှင့်စာကြည့်တိုက်-လားရှိုး' ကို ၁၃/၆၄၊ ပေါ်ပြူလာလမ်း ရပ်ကွက် ၁၂ လားရှိုး-မူဆယ်လမ်းမကြီး



www.burmeseclassic.com

www.burmeseclassic.com


ရှမ်းပြည်နယ်မှာ ၂၃ - ၃ - ၂၀၀၄ နေ့ နေ့တုန်းက အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီလားရှိုးယဉ်ကျေးမှုပြတိုက်ကြီးကို ၂၀၁၁ ခုမှာ စတင်အစပျိုးထူထောင်ခဲ့ပြီး ခုမှ အစအဆုံး ပြီးမြောက် ပြည့်စုံသွားကာ တရားဝင်ဖွင့်လှစ်နိုင်ခဲ့တာပါ။ တိုင်းရင်းသားပြခန်း (၈) မျိုးပါပြီး မြေညီထပ်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိတ်ဆက်ပြခန်း၊ ရှမ်းယဉ်ကျေးမှုပြခန်း၊ (အအောင်း) ပလောင်ယဉ်ကျေးမှုပြခန်း၊ ဝယဉ်ကျေးမှုပြခန်း၊ ပထမထပ်မှာ ကချင်ယဉ်ကျေးမှုပြခန်း၊ ကိုးကန့်ယဉ်ကျေးမှုပြခန်း၊ မြောင်ဇီး(မှုန့်) ယဉ်ကျေးမှုပြခန်း၊ လားဟူယဉ်ကျေးမှုပြခန်းနဲ့ လီဆူးယဉ်ကျေးမှုပြခန်းတွေပါပါတယ်။ အပေါ်ဆုံးထပ်မှာတော့ ခေတ်မီကွန်ပျူတာတွေနဲ့ အီးဘွတ်(ခ်)စာကြည့်တိုက်ရှိပါတယ်။ ပြခန်းအသီးသီးအတွက် တိုင်းရင်းသားတွေက သူတို့ရဲ့ယဉ်ကျေးမှုအမွေအနှစ် ရိုးရာအသုံးအဆောင်၊ အဝတ်အထည်တွေ၊ မှတ်တမ်းမှတ်ရာတွေကို ပေးလှူခဲ့ကြပါရဲ့။ သုံးထပ်ပြတိုက်ကြီးရဲ့ ဧရိယာအကျယ်အဝန်းဟာ (၁.၃၂၉) ဧကရှိလို့ အတော်လေး အဆင်ပြေပါတယ်။

တစ်ခုပဲ အဆင်မပြေလှတာက တည်နေရာဟာ လမ်းမကြီးပေါ်မှာ မဟုတ်ဘဲ လမ်းကြားလေးကနေ အထဲကို အနည်းငယ်ဝင်ရလို့ပါ။ လမ်းထိပ်မှာတော့ အပြာနုရောင်ယဉ်ကျေးမှုဌာန ဆိုင်းဘုတ်ကြီးတော့ စိုက်ထူလျက် အထင်အရှားရှိနေပါရဲ့။ ဒါပေမယ့် သတိမမူ ဂရုမပြုမိရင်တော့ မမြင်တဲ့လေ။


ပြတိုက်ဝင်ကြေးကတော့ ပြည်တွင်း လူကြီး (၂၀၀)၊ ကလေး (၁၀၀)၊ သံဃာ-သီလရှင် အခမဲ့၊ ကျောင်းသူကျောင်းသား အခမဲ့ဖြစ်ပြီး နိုင်ငံခြားသား (၂၀၀) ကျပ်ဖြစ်ပါတယ်။ ကိုယ်တို့ပြင်ပနိုင်ငံတွေက ပြတိုက်တွေကို သွားရောက် လေ့လာရင်းပေးခဲ့ရတာတွေနဲ့ ယှဉ်ရင်တော့ ဒါဟာ အသေးအမွှားဝင်ကြေးပါပဲ။

ဒေါ်နုမြင့်ကတော့ -

"လူတွေလာကြည့်ဖို့ပဲလိုချင်တာပါ။ ကျွန်မအနေနဲ့ကတော့ ဒီပေါ်ပြူလာလမ်းဆိုတဲ့အမည်ဟာ ဘာအနက်အဓိပ္ပာယ်ရှိနေလဲမသိပေမယ့် နောက်ဆို ပြတိုက်လမ်းဆိုပြီးတွင်သွားရင်ကောင်းမှာလို့ တွေးနေမိတယ်။ ရန်ကုန်မှာ ဝီလ်ချပ်ပြတိုက်လမ်းဆိုပြီးတွင်သွားသလိုလေ။ ဒါမှဧည့်သည်ပိုလာမှာပေါ့"









ကောင်းခါးရွာ နတ်ပြဂူနဲ့ ဘုရားစေတီများ

www.burmeseclassic.com







ကောင်းခါးကျေးရွာက ဆရာတော်လေးရဲ့ကျောင်းမှာ ပလောင်တိုင်းရင်းသားများနဲ့

လို့ လောဘတက်နေသေးရဲ့။

သူတို့ ခင်းကျင်းပြသ အပင်ပန်းခံထားရတာကို လူတွေ သိစေ၊ မြင်စေချင်တာပေါ့လေ။

ရှမ်း၊ (တအာင်း) ပလောင်၊ 'ဝ'၊ ကချင်၊ ကိုးကန့်၊ မြောင်ဇီး(မူန့်)၊ လားဟူနဲ့ လီဆူး စတဲ့ လားရှိုးမှာ အများဆုံးနေထိုင်ကြတဲ့ တိုင်းရင်းသားတွေက ရိုးရာအကတွေနဲ့ (၅) မိနစ်စီ ကပြမိတ်ဆက်ကြရဲ့။ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးရဲ့ ရိုးရာဝတ်စုံတွေဟာ အရောင်အသွေးစုံပြီး ထူးခြားလှပလှနေလို့ ကြည့်မဝနိုင်အောင်ပါဘဲ။ ကိုယ့်တိုင်းပြည်မှာ ဒီလောက် အရောင်စုံ အဆင်ဆန်းတဲ့ အလှပန်းတွေ ပွင့်လန်းနေခဲ့တာကို မကြာခဏဂုဏ်ယူရပေမယ့် ခုလိုတော့ တစ်ခါမှ တဝကြီး အနီးကပ် တွေ့ဆုံခွင့်မရခဲ့ပါဘူး။ နှစ်စထောင်ခေါင်းပေါင်းလေးတွေနဲ့ ရှမ်းဝတ်စုံဟာ လှပသလို နဖူးထိပ်ကနေ နဂါးအမောက်ကြီးလို ချွန်းထွက်နေတဲ့ မြောင်ဇီးသူလေးတွေရဲ့ ခေါင်းပေါင်းနက်ကြီးကလည်း ထူးဆန်းလှပါတယ်။ ဆံပင်တွေကို ဦးခေါင်းရှေ့ပိုင်းမှာတင်းနေအောင်စုထုံးပြီး တဘက်အနက်ရှည်ရှည်ကြီးကို ပတ်ပြီးပေါင်းရလို့ ခေါင်းနာလှပြီး နေရထိုင်ရလည်း ခက်တယ်လို့ မြောင်ဇီးသူလေးက ရယ်ပြီးပြောပါတယ်။ သူတို့က ဖြူဖြူနုနု ခေတ်သမီးပျိုကလေးတွေမို့ တစ်ခါတလေ ပွဲလမ်းရှိမှ ဒီလိုခေါင်းပေါင်းပေါင်းတာမို့ အနေမကျပေမယ့် ကျေးရွာတွေမှာ ပုံမှန်




ဘုရားကျောင်းသစ်အေးက
ရှေးဟောင်းဘုရားဆောင်နဲ့စာတိုက်




www.burmeseclassic.com


www.burmeseclassic.com



နတ်ပြဂူ




နတ်ပြဂူကျောင်းဆရာတော်



နတ်ပြဂူနဲ့နတ်ပြဂူကျောင်းရဲ့ယခင်က မြင်ကွင်းများ




နေထိုင်ကြသူတွေအတွက်တော့ ရိုးနေပြီး နေသားကျကာ လုံလုံခြုံခြုံရှိလှပါတယ်လို့ အတူပါလာတဲ့ အုပ်ထိန်းသူ အမျိုးသမီးကြီးက ရယ်ရင်းပြောပါတယ်။ မြောင်ဇီးတွေကို 'မှန့်' လို့လည်း ခေါ်တာကိုတော့ ခုမှပဲ ကိုယ်လည်း ကြားဖူးတာပါ။ ဥရောပက ကာနီဗယ်ပွဲတော်တွေမှာများ ဝင်ရောက်ဆင်နွှဲရရင်ဖြင့် အရောင်အသွေးစုံလင်လှတဲ့ ကိုယ့်တို့ 'မှန့်' တွေကို ဘယ်သူမှမီမှာမဟုတ်ပါဘူး။ မြောင်ဇီးသူလေးတွေရဲ့အောက်ပိုင်းမှာဝတ်ထားတဲ့ ဂါဝန်ဖြူနှစ်နှစ်ကားကားလေးဟာ စက်တွန့်သားလို ဒေါင်လိုက်လှိုင်းတွန့်တွေနဲ့ပါ။ (အဲဒီဂါဝန်ကို ဆေးခြောက်ပင်က အမျှင်တွေနဲ့ ရက်လုပ်ထားတာလို့ မာလာအောင်က ရှင်းပြလို့ အတော်အံ့ဩပြီး စိတ်ဝင်စားသွားမိပါရဲ့)။ ကမ္ဘာမှာ ယနေ့ ရေးကြီးခွင့်ကျယ်ပြောဆိုနေကြတဲ့ သဘာဝ(Fiber)တွေနဲ့ ထုတ်လုပ်ပြီး သဘာဝဆိုးဆေး (Naturaldyes)တွေနဲ့ဆိုးထားတဲ့ အလွန်ခေတ်စားလှတဲ့ဝတ်စုံတွေနဲ့ ယှဉ်နိုင်ပါတယ်။

ကိုးကန့်သမီးငယ်လေးတွေရဲ့ ပန်းနုရောင်ဝတ်စုံနဲ့ အကကလည်း ချယ်ရီပွင့်ရေလေးတွေ ဖူးပွင့်လှုပ်ယမ်းနေသလိုပါပဲ။ ချယ်ရီရင့်ရောင်ပဝါလေးတွေ ဝှေ့ယမ်းပြီးကတော့ အိမ်နီးနားချင်းနိုင်ငံက အကတွေနဲ့ဆင်နေရဲ့။ ယဉ်ကျေးမှုဆိုတာ ပန်းဝတ်မှုန်တွေလိုပဲ လေနဲ့အတူ လွင့်ပါး ကူးယှက်နိုင်တာပါပဲလေ။ 'ဝ' တိုင်းရင်းသားတွေဟာ အထိမ်းအမှတ်တစ်ခုခုပြုလုပ်တဲ့အခါ ခေါင်ရည်စုပေါင်းသောက်သုံးကြရင်း ပျိုမေများ၊ လူပျိုများ၊ အဘိုး၊ အဘွား အသက်အရွယ်မရွေး စုပေါင်းပြီး သီချင်းဆိုကခုန်ကြသတဲ့။ 'ဝ' တိုင်းရင်းသူကလေးတွေရဲ့ ထင်ရှားတဲ့ ကကွက်တစ်ခုမှာတော့ ပျိုမေများဟာ ခေါင်ရည်သောက်ပြီး ရှည်လျားသော ဆံပင်များကိုယမ်းလို့ လှပစွာ ကခုန်ကြခြင်း ('ဝ',ရိုးရာဆံပင်ယမ်းအက-"Wa" Traditional moving hair from side to side Dance) ဖြစ်တယ်လို့ ပြခန်းထဲမှာ ပြထားတော့ အဲဒီအကများပါမလားလို့လည်း စိတ်စောရပါတယ်။ ဒါလည်း



www.burmeseclassic.com

www.burmeseclassic.com













ကောင်းခါးရွာ နတ်ပြဂူနဲ့ ဘုရားစေတီများ


ကမ္ဘာကို ထိုးဖောက်နိုင်တဲ့ အကဆန်း တစ်ခုပဲလေ။

ကချင်တိုင်းရင်းသူကလေးတွေရဲ့ ငွေပြားတွေတချွင်ချွင်နဲ့ အနီရောင်၊ အနက်ရောင်ရောစပ်တဲ့ ဝတ်စုံအဆင် ဟာလည်း ဘယ်ခါကြည့်ကြည့် မရိုးနိုင်တဲ့ ဒီဇိုင်းနဲ့ပါ။ လီဆူးမောင်မယ်တွေရဲ့ အမဲလိုက်အပြန် ကကွက်တွေဟာလည်း တက်ကြွမှုအပြည့်နဲ့မို့ ကိုယ်တောင်ကြည့်ရင်း ကိုယ်ကို ဘယ်၊ ညာယိမ်းခါနေမိသလိုရှိရဲ့။ လားဟူတိုင်းရင်းသားတွေရဲ့ ပန်းပေါက်ပွဲအကကိုလည်း စိတ်ဝင်စားမိပေမယ့် ဒီနေ့တော့ဖြင့် သူ့အခါသူ့ရာသီ မဟုတ်လို့ပါမယ်မထင်ပါဘူး။ ဒါပေမယ့် ဒီနေ့ ကပြသွားတဲ့အကွက်တွေကလည်း အတော်ကောင်းပါတယ်။ ပိုလို့ဘဝင်ကျမိတာက တိုင်းရင်းသားအမျိုးသားကြီးတွေကပါ တကယ့်အစစ်သောတူရိယာတွေနဲ့ ပါဝင်တီးမှုတ်သီဆိုသွားခြင်းပါပဲ။ သူတို့သုံးသွားတဲ့ ရိုးရှင်းလှတဲ့ တူရိယာပစ္စည်းတွေကို ပြခန်းတွေမှာ ပြသထားတာလည်း အနီးကပ် လေ့လာနိုင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com





ကောင်းခါးကျေးရွာက ဆရာတော်လေးရဲ့ကျောင်းမှာ ပလောင်တိုင်းရင်းသားများနဲ့

**ရိုးရာယဉ်ကျေးမှုကို**
**တစ်နိုင်တစ်ပိုင် ထိန်းသိမ်းကြသူများ**

နောက်ဆုံး ပွဲသိမ်းအကကိုတော့ အားရှိနယ်က တိုင်းရင်းသားမျိုးနွယ်စုတွေမှာ အကြီးဆုံး၊ အများဆုံးဖြစ်တဲ့ ရှမ်းတိုင်းရင်းသားတွေရဲ့ ကိန္နရာမောင်နှံအကနဲ့တင်ဆက်ပါတယ်။ ရွှေမှုန်ငွေမှုန်တွေကြဲပက်ထားတဲ့ကိန္နရာတောင်ပံတွေကို ဖြန့်ကားရင်း ဝဲကာဝေ့ကာကပြတာဟာ အလွန်ပဲထည်ဝါခံ့ညားပြီးတင့်တယ်လှပါရဲ့။ ရှမ်းကိန္နရာအကဟာ ကြီးမားလှတဲ့ တောင်ပံကြီးတွေရဲ့အလှကို အသားပေးရတာမို့ သွက်လက်ဖျတ်လတ်ခြင်း မရှိလှပေမယ့် ကြွခြံအပြည့်နဲ့ ငြိမ့်ငြိမ့်လေးက,ရတဲ့အကမို့ မဟာဆန်လှပါတယ်။ ဒီကိန္နရီကိန္နရာဝတ်စုံအပြင် ရှမ်းတိုင်းရင်းသားတွေရဲ့ပြခန်းမှာပြထားတဲ့ စိုင်းလှကျော်ရဲ့လက်ရာ တိုးနှရားရုပ်ကြီးကိုလည်း ပြေးမြင်မိပြန်တယ်။ နှုတ်ခမ်းမွေးကုပ်ကုပ်ကြီးနဲ့ စိုင်းလှကျော်ဟာ တကယ့်တိုင်းရင်းသားအနုပညာရှင်ကြီးပဲ သူ့အိမ်မှာ ရှမ်းအိုးစည်တွေထွင်းထုတယ်၊ ရှမ်းရိုးရာအကဝတ်စုံတွေ ဖန်တီးပေးတယ်။ ရှမ်းစကားပြောဗီဒီယိုတွေကို ကျရာအခန်းကနေ ကိုယ်တိုင်ဝင်ရောက်သရုပ်ဆောင်ပြီးရိုက်ကူးနေတယ်။ ပြခန်းထဲက သူလှူဒါန်းထားတဲ့ တိုးနှရားရုပ်ကြီးရဲ့ကိုယ်ထည်ကအမွေးတွေကို ဒေသထွက် မိုင်းကိုင်စက္ကူတွေနဲ့ပြုလုပ်ထားတာဟာ လက်ရာမြောက်လှသလို ရိုးရာလည်းစစ်လှရဲ့။ ဒါပေမယ့် ခေတ်သစ်တီထွင်မှုတွေကိုလည်းလုပ်တတ်တဲ့ စိုင်းလှကျော်ဟာ တိုးရုပ်ကြီးရဲ့ မျက်လုံးတွေကို ဘက်ထရီတပ်ပြီးလည်း တဖျပ်ဖျပ်လင်းလက်စေပါသေးတယ်။

**ကိုလက်စထရောနည်းလှတဲ့**
**ကျန်းမာရေးအစားအစာများ**

တနောင်နောင်တီးနေတဲ့ မောင်းသံလေးတွေ၊ လေးတွဲ့တွဲ့ ထုံပြင်းပြင်းအိုးစည်သံတွေကို နားဆင်ရင်း ပြတိုက်နောက်က တောင်ကြောကို လှမ်းကြည့်တော့ မြူခိုးတွေတသိသိဝေ့နေပေါ့။ တကယ့်လွှမ်းစရာပါပဲ။ နက်ဖြန်ဆိုရင်ဖြင့် လွှမ်းမောဖွယ် တိုင်းရင်းသားတို့ရဲ့ ဒီမြေကိုထားရစ်ပြီး ပြန်ရမှာတောင် နှမြောစရာပါ။ ပိုလို့လွှမ်းစရာဖြစ်ရတာကတော့ ပြတိုက်ဖွင့်ပွဲအပြီးမှာ ကျွေးမွေးတဲ့ ဒေသခံစစ်စစ် တိုင်းရင်းသားရှစ်မျိုးရဲ့ နေ့လယ်စာပါပဲ။ (တအာင်း) ပလောင်တွေရဲ့ တောထဲတောင်ထဲကလတ်လတ်ဆတ်ဆတ် ရှာဖွေခူးပြီးချက်ပြုတ်ထားတဲ့ ဝက်သားနဲ့ မျှစ်ချဉ်ဟင်း၊ ကချင်တိုင်းရင်းသားတွေရဲ့ ငှက်ပျောရွက်နဲ့ထုပ်ပြီး ပေါင်းထားတဲ့ အငွေ့တလူလူ သစ်ရွက်နံ့တသင်းသင်းနဲ့ ဟင်းပေါင်းထုပ်၊ 'ဝ'တွေရဲ့ တထုတ်ထုတ်နဲ့ ဝါးလို့ကောင်းလှတဲ့ ညိုတိုတိမှိုသုပ်၊ လားဟူတွေရဲ့ ကြက်သားသုပ်စတဲ့ တကယ့်ဒေသအစားအစာအစစ်တွေပါပဲ။ ဟင်းအားလုံးနဲ့ လိုက်ဖက်စွာ ရှမ်းတိုင်းရင်းသားတွေရဲ့ နာမည်ကျော်ဆေးခါးဟင်းချိုကိုလည်း အအီပြေထည့်ထားပါရဲ့။ ခရမ်းချဉ်သီးကျောက်စိမ်းရောင်တွေ အကွင်းလိုက် လှပစွာ လှီးထည့်ထားတဲ့ သောက်လိုက်တိုင်း ခါးမလိုလိုနဲ့ ချိုချိုသွားတဲ့ ဟင်းချိုပါ။ ဆီလည်း မသုံးထားလို့ ကိုလက်စထရောကျစေတာ ကျန်းမာရေးနဲ့လည်းညီပြီး အစပ်အဟပ်တည့်လှပါတယ်။ ဒါမှတကယ့်တိုင်းရင်းသားအစုံရဲ့ 'ပြည်ထောင်စုဟင်း' ပါပဲ။ ရိုးရာဝတ်စုံအစစ်တွေကိုယ်စီဝတ်ပြီး ဧည့်သည်တွေစားသမျှ ဝမ်းသာအားရနဲ့ တင်းပွဲ၊ ထမင်းပွဲလိုက်ဖြည့်နေတဲ့ တိုင်းရင်းသူလေးတွေရဲ့စကားကို နားမလည်ပေမယ့် စေတနာအမှန်ကိုတော့ မြင်နေရပါရဲ့။ သုံးထပ်ပြတိုက်ကြီးရှေ့က ကွက်လပ်နေပူပူမှာ စားပွဲတွေခင်းပြီး စားနေရပေမယ့် နေ့လယ်မွန်းတည့်ခါနီးနေရောင်ဟာလည်း မပြင်းမရှဘဲ အေးမြလို့ပါ။ တိုင်းရင်းသားတွေရဲ့ အေးမြတဲ့ မေတ္တာရိပ်ပေါ့။

စားသောက်လို့ပြီးတဲ့အခါ ပွဲပြီးဖျာသိမ်းပေါ့။ မာလာအောင်တို့ အလုပ်ရှုပ်နေတာကို ကူညီပွဲသိမ်းပေးမိပါတယ်။ တိုင်းရင်းသားမောင်မယ်အသီးသီးတို့ကလည်း ရိုးရာဝတ်စုံတွေတကားကားနဲ့ ညီညီညာညာကူသိမ်းလိုက်ကြတာ ခဏလေးနဲ့ ကွင်းပြင်ဟာ ရှင်းလင်းသွားပါတယ်။ ဩော်- ညီညွတ်ခြင်းရဲ့အင်အားပေပဲလို့ ကြည်နူးရပါတယ်။ ကိုယ်လည်းပါလာတဲ့ မီဒီယာလက်နက်တွေအကုန်သုံးပြီး ဓာတ်ပုံတွေ စုရိုက်လိုက်၊ ဗွီဒီယိုမှတ်တမ်းတင်လိုက်နဲ့ မမောနိုင်အောင်ပါပဲ။ ဒီလို တိုင်းရင်းသားအစစ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

ရိုးရာဝတ်စုံအစုံအလင်နဲ့ ရိုက်ရ၊ မှတ်တမ်းတင်ရတဲ့အခွင့်အရေးဟာ ရခဲပါဘိခြင်း။

အင်း-လွန်ခဲ့တဲ့သုံးနှစ်လောက်က နောက်ဆုံးကျင်းပသွားခဲ့တဲ့ မြစ်ကြီးနားက ကချင်မနောပွဲတော်ကျင်းပရာကွင်းမှာတုန်းကလည်း ဒီလိုခံစားမှုမျိုး ရခဲ့ဖူးပါရဲ့။ နောက်တစ်ကြိမ် ဘယ်ခါများမှ မနောပွဲကြီး ပြန်လည်ကျင်းပခွင့်ရဦးမှာလဲ။

**ကောင်းခါးကျေးရွာက နတ်ပြဂူသို့**

နေ့လယ်ဘက်မှာတော့ ဒေသခံ (တအာင်း) ပလောင်တိုင်းရင်းသားကြီး ဦးမိုင်း(မိုင်းဝဏ္ဏ)ရဲ့ကားနဲ့ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု ကောင်းခါးကျေးရွာက နတ်ပြဂူကို သွားကြပါတယ်။ လားရှိုးတိုင်းရင်းသားယဉ်ကျေးမှုပြတိုက်ကြီးရဲ့ မြေညီထပ်မှာ 'ရှမ်းပြည်နယ် (မြောက်ပိုင်း) မိတ်ဆက်' ဆိုတဲ့ ပြခန်းတစ်ခန်းလည်း ပါဝင်နေခဲ့တယ်။ အဲဒီမှာ ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားမျိုးနွယ်စုတို့နေထိုင်မှုပြမြေပုံနဲ့ ဒေသတွင်း သဘာဝပေါက်ပင်၊ တောတွင်းတိရစ္ဆာန်များရဲ့ပုံတွေကို ပြသထားတဲ့ မြေပုံကြီးတွေရှိတယ်။ လားရှိုးမြို့ဝန်းကျင်မှာတွေ့ခဲ့ရှိခဲ့ရတဲ့ ငါးကျောက်ဖြစ်ရုပ်ကြွင်း၊ နတ်ပြဂူနဲ့ကျောက်ခက်ပန်းဆွဲတွေကိုလည်း တကယ့်အစစ်အတိုင်း မှန်ပုံးနဲ့ ပြသထားတယ်။ အဲဒီထဲက နတ်ပြဂူ ဆိုတာကို စိတ်ဝင်စားပြီး သွားချင်နေခဲ့တာပါ။ ပြတိုက်ထဲက ဓာတ်ပုံနဲ့တကွ ပြသထားတဲ့ အညွှန်းစာမှာတော့ -

နှစ်သန်းပေါင်း (၂၄၈) သန်းခန့်သက်တမ်းရှိနတ်ပြဂူမှရရှိသောကျောက်စက်ပန်းဆွဲ(Stalictite found from Nat Pya Cave, about 248 million of years of age.

သီပေါကျောက်နီလွှာ၏ သဲမှုန်ဆန်သော ထုံးကျောက်လွှာတွင် တွေ့ရှိခဲ့ရသည့် အမျိုးအမည်ခွဲခြားမရသေးသော ကျောက်ဖြစ်ရုပ်ကြွင်း (Unidentified fossil in Silty Limestone of Hsipaw Redbeds Formation) လို့ ဖော်ပြထားရဲ့။

နတ်ပြဂူနဲ့ ရှေးဟောင်းဂူတွေကိုလည်း ဒီလိုဖော်ပြထားပါတယ်။

**လားရှိုးမြို့နယ်ရှိ ရှေးဟောင်းဂူများ**

(Ancient caves in Lashio Township)

**တည်နေရာ**

လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု ကောင်းခါးကျေးရွာတွင် 'နတ်ပြဂူ' နှင့် 'လင်းနို့ဂူ' ခေါ် ရှေးဟောင်းဂူများ ရှိကြပါသည်။ နတ်ပြဂူသည် ကောင်းခါးကျေးရွာ၏ အရှေ့ဘက်တွင်ရှိပြီး လင်းနို့ဂူမှာ နမ့်ခိုက်ကျေးရွာအနီးတွင်တည်ရှိပါသည်။

**Location**

Ancient caves, such as 'Nat Pya cave'&'Lin Noe (Bat) cave'are situated near 'Kaung Hkar' village and 'Nam Hkite' village in 'Mae Han' village tract in Lashio Township. Nat Pya cave is situated in the eastern part of Kaung Hkar village & Lin Noe cave is situated near Nam Hkite village.


**အကျယ်အဝန်း**

လင်းနို့ဂူ၏အကျယ်အဝန်းမှာ-ပေ (၁၂၅၀) ရှိပြီး အမြင့်ပေ (၄၀) မှ (၅၀)၊ အကျယ် (၈) ပေ၊ အချို့နေရာတွင် (၃) ပေမှ ပေ (၂၀)၊ အကျယ်ဆုံး ပေ (၆၀) ရှိသည်။

နတ်ပြဂူ၏ အကျယ်အဝန်းကို အတိအကျ မသိရပါ။ အဝင်အဝ ဂူအကျယ် (၁၂) ပေ၊ အမြင့် (၈) ပေမှ (၁၀) ပေအထိ ရှိသည်။ ဂူအတွင်း အရှည်ဆုံးလမ်းကြောင်းမှာ ပေ (၆၀၀) ခန့်ရှိသည်။

**ဘူမိဗေဒအမြင်ဖြင့် ဖွဲ့စည်းဖြစ်ပေါ်ပုံလေ့လာချက်**

နတ်ပြဂူအဝသည် တောင်ဘက်သို့ မျက်နှာမူထားသည်။ ဂူအတွင်း၌ ဒေါင်လိုက်အက်ကြောင်း (Vertical Joint) တစ်လျှောက် တိုက်စားမှုများသောအခါ ဘေးတိုက်ကျဉ်း၍ ဒေါင်လိုက်ကျယ်သောပုံစံ ဖြစ်လာသည်။ ဂူကြမ်းပြင်၌ ကျောက်စက်မိုးမျှော်နှင့် ကျောက်စက်တိုင်များကို တွေ့ရသည်။ နတ်ပြဂူဖြစ်ပေါ်လာပုံမှာ မိုးရွာသောအခါ မိုးရေနှင့် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်($CO_2$)တို့ ပေါင်းစပ်ကာ အားပျော့သော ကာဗွန်နစ်အက်စစ် ($H_2CO_3$)ဖြစ်လာကြောင်း၊ $CO_2$ ပျော်ဝင်နေသော မိုးရေနှင့် ကုန်းပြင်မြင့်ထုံးကျောက် (Plateau Limestone) တို့ ထိတွေ့သောအခါ ထုံးကျောက် ($CaCO_3$) သည် ကယ်စီယမ်ဘိုင်ကာဗွန်နိတ် $Ca(HCO_3)_2$ သို့ ပြောင်းလဲကာ ရေတွင်







www.burmeseclassic.com

www.burmeseclassic.com

ပျော်ဝင်လျက်ရှိကြောင်း သိရသည်။ ထိုဖြစ်စဉ်ကြောင့် ကုန်းပြင်မြင့်ထုံးကျောက်ရှိ အက်ကွဲကြောင်းများ (Fractures)နှင့် အက်ပြိုင်များ (Joints) တဖြည်းဖြည်းကျယ်ဝန်းလာခဲ့ရာမှ လိုဏ်ဂူဖြစ်လာခဲ့ခြင်း ဖြစ်သည်။ နတ်ပြဂူမှာ (Mesozoic) (သက်လယ်ကပ်) ကာလတွင် (Jurassic period) ကာလ၌ လွန်ခဲ့သော နှစ်သန်းပေါင်း (၂၄၈) သန်းခန့် သက်တမ်းရှိကျောက်များဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

လင်းနို့ဂူမှာ သိပေါကျောက်လွှာစုတွင် ပါဝင်ဖွဲ့စည်းထားသည့် (Limestones) များ၊ (Dolomite) များဖြစ်ပြီး (Mesozoic) (သက်လယ်ကပ်) ကာလတွင် (Jurassic period) ကာလ၌ လွန်ခဲ့သောနှစ်ပေါင်း(၁၄၂)သန်းခန့်အတွင်းဖွဲ့စည်းခဲ့သော ကျောက်လွှာစုတွင် ပါဝင်ကြောင်း သိရှိရပါသည် - လို့ဖြစ်ပါတယ်။

**လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု ကောင်းခါးကျေးရွာ**


နတ်ပြဂူရှိရာ ကောင်းခါးကျေးရွာနဲ့ နီးလာတော့ ရှမ်းအိုးစည်သံတွေကို ကြားရပြန်ပေါ့။ ရွာအဝင်ဆိုင်းဘုတ်နားမှာ ကားတွေရပ်လိုက်တာနဲ့ အသင့်စောင့်နေကြတဲ့ ရိုးရာဝတ်စုံတွေနဲ့ တိုင်းရင်းသူတွေက တီးမှုတ်ကြိုဆိုနေကြရဲ့။ ဪ - မနက်က ပြတိုက်ဖွင့်ပွဲမှာတွေ့ခဲ့ရတဲ့ အပြာရောင်နဲ့အနီရောင်ရောစပ်ထားတဲ့တိုင်းရင်းသားဝတ်စုံနဲ့သူတွေကိုး။

သူတို့ရဲ့လည်ပင်းမှာတော့ ငွေပြားဆွဲကြိုးအရှည်ကြီးတွေနဲ့ပါ။ ခါးမှာလည်း ငွေခါးပတ်ပြားကြီးတွေကို အပြားလိုက်၊ အခွေလိုက်ဝတ်ထားကြပါတယ်။ဪ- ပလောင်တိုင်းရင်းသားတွေရဲ့ရွာပေကိုး။

လားရှိုးမြို့မှ (၈) မိုင်ခန့်အကွာရှိ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စုက ဒီပလောင်ရွာလေး ကောင်းခါးကျေးရွာဟာ အိမ်ခြေ (၆၇) ရွာရှိတဲ့ ရွာလေးပါ။ ပလောင် (၆၄) အိမ်၊ ကချင် (၂) အိမ်နဲ့ မြန်မာ (၁) အိမ် ရှိပါတယ်။ လူဦးရေ ၃၂၀ (ကျား-၁၆၇၊ မ-၁၅၄) ဦးရှိပြီး အများစုက တောင်သူတွေဖြစ်ပါတယ်။ ဗုဒ္ဓဘာသာနဲ့ ခရစ်ယာန်ဘာသာတွေကို ကိုးကွယ်ကြပါတယ်။

**အေးချမ်းသာယာ နတ်ပြဂူကျောင်းတိုက်**

ရွာထိပ် နတ်ပြဂူရှိရာ ကျောက်တောင်အရင်းမှာတော့ အေးချမ်းသာယာ နတ်ပြဂူကျောင်းတိုက်ရှိပါတယ်။








လားရှိုးယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲမှာ တိုင်းရင်းသားတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com





ထားရိုးယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲမှာ တိုင်းရင်းသားတွေနဲ့



'ဝ'တိုင်းရင်းသူများရဲ့ ရိုးရာဆံပင်ယမ်းအက

အတော်လေး သစ်လွင်ကောင်းမွန်တဲ့ ခေတ်မီအုတ်တိုက်ကျောင်းကလေးပါ။ သာသနာတော်နှစ် ၂၅၅၅ ခု၊ ခရစ်နှစ် ၂၀၁၁ ခု၊ မဟာသက္ကရာဇ် ၁၃၇၃ ခုတွင် ဒီကျောင်းကို စတင်တည်ထောင်ပါတယ်။ တကယ့်တိုင်းရင်းသားနတွေရဲ့ အလှူစစ်စစ်ဖြစ်ကြောင်း စိုက်ထူထားတဲ့ ကမ္ပည်းစာက သက်သေပြုနေပါရဲ့။ ဖခင်ကြီး ဦးလိုင်းခမ်း၊ မိခင်ကြီးဒေါ်အေးအိုင်တို့ကို အမှူးထား၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအိုက်စိန်၊ ဇနီး ဒေါ်အေးလင်းမိသားစု - (၁. ၅) ဧကခန့် ဆိုတဲ့ အမည်များကိုသာ ရေးထိုးထားပါတယ်။

ခုဒီနတ်ရေကန်ကျောင်းတိုက်ခွဲမှာတော့ သာမဏေများကို စာဝါများပို့ချခြင်း၊ ကျေးရွာရှိ လူငယ်များကို ဓမ္မစကြာဝတ်အသင်းများဖွဲ့စည်း၍ သင်ကြားပေးခြင်း၊ နွေရာသီ ကျောင်းပိတ်ရက်များမှာ ကျေးရွာရှိ ကလေးသူငယ်များကို ယဉ်ကျေးလိမ္မာသင်တန်းများ ပို့ချပေးခြင်းများကို ပြုလုပ်လျက်ရှိပြီး ရဟန်း၊ သာမဏေ (၂၅) ပါးနဲ့ သာသနာပြုတာဝန် ထမ်းဆောင်လျက် ရှိပါတယ်။ ကျောင်းတိုက်သစ်ရဲ့ဘေးကဝါးထရံကာတဲတန်းမှာတော့ 'ဗုဒ္ဓဝံသပါလ'ကူညီစောင့်ရှောက်ရေး၊ ဗုဒ္ဓမေတ္တာအခမဲ့ဆေးပေးခန်း ဆိုတဲ့ ဆိုင်းဘုတ်လည်းရှိရဲ့။

ကျောင်းဘေးမှာတော့ ရွာသူကြီးပြောင်းခင်းကျယ်ကြီးရှိပြီး ပြေပြေလေးမြင့်တက်သွားတဲ့ တောင်စောင်းတစ်လျှောက် စိုက်ပျိုးဖို့ မြေပြင်ထားတာလည်းတွေ့ရပါတယ်။ ဆောက်လုပ်ပြီးသိမ်တော်၊ ဆွမ်းစားဆောင်၊ ဆရာတော်သီတင်းသုံးလျက်ရှိသောကျောင်းဆောင်၊ မီးဖိုဆောင် ဆိုတဲ့ အဆောင်ဆောင်အခန်းခန်းတွေကလည်း ကျောင်းဝင်းအတွင်းမှာ အစီအရီနဲ့ပါ။ ဆွမ်းချက်ဆောင်မှာတော့ ထင်းတုံးကြီးတွေကို ဖြတ်တောက်ပြီး စုပုံထားတာ တွေ့ရတယ်။ လောင်စာရယူမှုကလည်း ကိုယ်တို့ရဲ့သစ်တောတွေကိုပြုန်းတီးစေလို့ လောင်စာစိုက်ခင်းတွေမှ ရှိရဲ့သားလို့လည်း တွေးလိုက်မိပါသေးတယ်။ ဒါပေမယ့် ကျောင်းထိုင်ဆရာတော်က တက်ကြွပြီး ခေတ်အမြင်ရှိတဲ့ကိုယ်တော်မို့ သိပ်စိတ်မပူမိပါဘူး။

## ခြံမြစ်ရှိယဉ်ကျေးမှုနဲ့ ခြံမြစ်မဲ့ယဉ်ကျေးမှုများ

ကျောင်းရဲ့အတွင်းဘက် ဘုရားဆောင်နဖူးစည်းက အလှူရှင်စာတန်း



www.burmeseclassic.com

www.burmeseclassic.com









ကျောင်းခါးကျေးရွာက ဆရာတော်လေးရဲ့ကျောင်းမှာ ပလောင်တိုင်းရင်းသားများနဲ့

ကြည့်ရင်း အတော်ဝမ်းသာသွားပါတယ်။ ဆရာကြီး ဘုရားဒါယကာ အမ္ဘောဇခင်လှိုင်နဲ့ ဘုရားဒါယကာမ ဒေါ်ခင်ရီတို့ရဲ့ကောင်းမှု ဆိုပါလား။ ဆရာဝန် စာရေးဆရာဘဝနဲ့ ရှမ်းတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေ၊ ချစ်စရာသဘာဝတွေကို ဖော်ထုတ်ရင်း ဆေး ပညာပေးဇာတ်လမ်းတွေကို ရေးခဲ့တဲ့ ဆရာကြီးပေါ့။

ကိုယ်တို့ရဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုကျော်ဦးလွင်က ဘုန်းတော်ကြီးကျောင်းက ဘုရားခန်းမှာပဲ ဒေသခံတိုင်းရင်းသားတွေအတွက် ဘုရားဆင်းတုတော်တွေကို ပြန်လည်ခွဲတမ်းချပြီး ပေးလှူပါတယ်။ ထိုင်းနိုင်ငံက လှူဒါန်းလိုက်တဲ့ဆင်းတုတော်တွေမို့ တော်တော်လက်ရာကောင်းပြီး လှပတင့်တယ်လှရဲ့။ ပြတိုက်အတွက် ပေးပို့သူကပေးခဲ့ပေမယ့် ပြတိုက်မှာပြလောက်အောင် ခေတ်တစ်ခေတ်ခေတ်ကို ကိုယ်စားပြုနေတဲ့ ရှေးဟောင်းဆင်းတုတော်တွေ တော့တဲ့ ဈေးကွက်ဝင် ယနေ့ခေတ် ထုတ်လုပ်တဲ့ ဆင်းတုတော်တွေမို့ ကိုးကွယ်သူ ဗုဒ္ဓဘာဝင်တွေလက်ထဲကို ပြန်လည်ပေးလှူခဲ့တာပါ။

ဆင်းတုတော်တွေကို တိုင်းရင်းသားတွေလက်ထဲခွဲတမ်းချပေးလှူအပြီးမှာတော့ တစ်ဆက်တည်းမှာပဲ ကိုကျော်ဦးလွင်က ပလောင်တိုင်းရင်းသားတွေကို ယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းစောင့်ရှောက်ဖို့ ပညာပေးဟောပြောပါတယ်။ သူ့ဟောပြောချက်တွေကို ပလောင်တိုင်းရင်းသားတွေ နားမလည်မှာစိုးလို့ ပလောင်တိုင်းရင်းသား ကိုယ်တို့ရဲ့ဘော်ဒါကြီး ဦးမှိုင်းက ပလောင်လို ဘာသာပြန်ပြီး ရှင်းပြပါတယ်။ ကိုကျော်ဦးလွင်ပြောပြတဲ့အထဲမှာ ဆင်းတုတော်တွေ၊ စေတီပုထိုးတွေ၊ ဂူလိုဏ်တွေ၊ တိုင်းရင်းသားရိုးရာဝတ်စုံတွေ၊ အသုံးအဆောင်၊ အဝတ်အစားတွေနဲ့ ပုတီးလည်ဆွဲတွေ၊ ခေါင်းဆောင်းအဆင်တန်ဆာ၊ ဦးထုပ်၊ လက်ကျပ်လက်စည်းနဲ့လွယ်အိတ်တွေ၊ အိုးစည်၊ ဗုံ၊ လင်းကွင်း၊ ပလွေနဲ့မောင်းတွေကို ထိကိုင်စမ်းသပ်လို့ရတဲ့ယဉ်ကျေးမှု (ဒြပ်ရှိယဉ်ကျေးမှု) ဖြစ်ကြောင်း ပါပါတယ်။ တစ်ဖန် အဲဒီ ပစ္စည်းတွေကို ထုဆစ်၊ ရက်လုပ်တဲ့ အတတ်ပညာ၊ တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ရိုးရာ အစဉ်အလာတွေ၊ တေးသီချင်းတွေနဲ့ အကတွေကိုတော့ ကိုင်စမ်းထိတွေ့လို့မရတဲ့ယဉ်ကျေးမှု (ဒြပ်မဲ့ယဉ်ကျေးမှု) တွေ ဖြစ်ကြောင်းလည်း ပြောပါတယ်။ အဲဒီလို လေးနက်တဲ့ ယဉ်ကျေးမှုတွေကို ကိုကျော်ဦးလွင်က ကျောင်းနံရံမှာလည်း ပရိုဂျက်တာနဲ့ အရုပ်တွေပါထိုးပြပြီး ဟောပြောခဲ့တာပါ။ ဒါပေမယ့် ယဉ်ကျေးမှုကိစ္စတွေဆိုတော့ ဘာသာစကားတူတဲ့သူချင်းကို

www.burmeseclassic.com

www.burmeseclassic.com

တောင် မနည်းနားလည်အောင် ရှင်းပြရမှာပါ။ စကားမပေါက်တဲ့သူတွေကို နားလည်အောင်လုပ်ဖို့ကတော့ ပိုခက်တာပေါ့။ ကိုကျော်ဦးလွင်က ဖြည်းဖြည်းနဲ့ နည်းနည်းချင်းပြောပြပါတယ်။အဲဒါတွေကိုမှ ပလောင်တိုင်းရင်းသား တောင်သူလယ်လုပ် ကျေးရွာသူကျေးရွာသားတွေ နားလည်တဲ့အထိ ဦးမိုင်းက ဖြည့်စွက်ချဲ့ထွင်ပြီးလည်း ပြောပြနိုင်လို့ အတော်အဆင်ပြေပါတယ်။ သူ့ပလောင်စကားကို နားမလည်ပေမယ့် လက်ဟန်ခြေဟန်နဲ့ပါသူပြောနေတာနဲ့ နားထောင်သူတွေကလည်း ရယ်ကြမောကြပြုံးကြစသဖြင့် တုံ့ပြန်မှုရှိလေတော့ ဟုတ်နေပါရဲ့။

## နတ်ပြဂူဆိုတာ

နောက်တော့ နတ်ပြဂူထဲကို ကိုယ်တိုင်ဝင်ကြည့်ကြတယ်။ ဂူအဝင်မှာ ရွာသူ ပလောင်မကြီးတစ်ယောက်က သခြေလို ပန်းခက်စိမ်းစိမ်းတွေနဲ့ ဘုရားလှူဖို့ဝင်သွားတာ တွေ့လိုက်ရပါတယ်။ ရှေးဟောင်း ထုံးကျောက်ဂူကြီးဖြစ်ပြီး အထဲမှာ နွေရာသီဖြစ်တဲ့တိုင် အတော်ကို အေးစိမ့်နေရဲ့။ ဂူကြီးရဲ့တစ်နေရာမှာ ရှေးဟောင်းဆင်းတုတော်တစ်ဆူကိုလည်း တွေ့ရှိရပြီး ခုတော့ လားရှိုးမြို့ပေါ်မှာ ထိန်းသိမ်းထားတယ်လို့ ဆရာတော်လေးက ပြောပြပြီး အယ်လ်ဘမ်နဲ့ ထည့်ထားတဲ့ဆင်းတုတော်ရဲ့ဓာတ်ပုံကို ပြပါတယ်။ ဆင်းတုတော်ဟာ ပလ္လင်တော်ခပ်မြင့်မြင့်နဲ့အတူ ဘူမိဖဿမုဒြာဟန်နဲ့ ရှေးကျတဲ့ ဆင်းတုတော်တစ်ဆူပါ။ ဦးခေါင်းတော်ထက်မှာလည်း ဉာဏ်တော်ရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ ကြာဖူးပုံအချွန်အတက်နဲ့ပါ။ ဓာတ်ပုံထဲမှာမို့ ဘယ်လိုပစ္စည်းနဲ့ ထုလုပ်ထားတယ်ဆိုတာတော့ မသိနိုင်ပါဘူး။ ဂူထဲမှာ လေဝင်၊ လေထွက်ကောင်းပြီး အသက်ရှူလည်းမကျပ်ပါဘူး။ နတ်ပြဂူဆိုတာ နတ်လိုဖြူစင်သောစိတ်ထားနဲ့ သစ္စာသမာဓိရှိတဲ့ သူတော်စင်ပုဂ္ဂိုလ်တစ်ယောက်ယောက်ကလမ်းညွှန်ပြလို့ ဒီဂူကိုတွေ့ခဲ့ရတာဖြစ်တယ်လို့ ဆရာတော်က ခေတ်မီစွာ ရှင်းပြပါတယ်။ ဂျပန်ခေတ်ကလည်း ဂျပန်တွေ ဒီဂူထဲမှာ ခိုအောင်းနေထိုင်ခဲ့ဖူးတယ်လို့ သိရပေမယ့် ဘာအထောက်အထားမှ မတွေ့ရသေးပါဘူးတဲ့။

ဂျပန်တွေကျန်ရစ်တဲ့သတ္တုတံဆိပ်ပြားတို့၊ လက်နက်သေတ္တာတို့ စသဖြင့် တွေ့ခဲ့ရင်လည်း ဂူရဲ့သမိုင်းတန်ဖိုးဟာ



နတ်ပြဂူ



ကောင်းခါးရွာ




ပန်းအကာ ဦးဆောင်ပြီး ဘုရားဆောင်မှာ ဆင်းတုတော်များကိုကပ်လှူနေပုံ



www.burmeseclassic.com

www.burmeseclassic.com



...စ်မျိုးတက်လာမှာပေါ့။ ဒါကြောင့်
...ည်း ဒီအနီးတစ်ဝိုက်မှာနေတဲ့ တိုင်း
...သားတွေ၊ ဂူသန့်ရှင်းရေး ဂူပြုပြင်
...န်းသိမ်းရေးလုပ်တဲ့တိုင်းရင်းသားတွေ
... ရှေးဟောင်းသုတေသနအမြင်တွေ
...သာအောင် ညွှန်ချုပ် ကိုကျော်ဦးလွင်
...ာပြော သတင်းပေးခဲ့တာတွေက
...ကျိုးရှိလှပါတယ်။

ဂူထဲကလမ်းတွေကို လျှောက်သာ
...သာတက်သာဖြစ်အောင် ရှင်းလင်း
...ပြင်ပေးထားပြီး ဖြည့်စွက် အင်္ဂတေ
...တားထစ်တွေနဲ့လက်ရန်းတွေလည်း
...ပ်ထားလို့ သွားရလာရအဆင်ပြေလှ
...တယ်။ လျှပ်စစ်မီးလည်း ရနိုင်သ
...ာက် သွယ်တန်းထားရဲ့။ ဂူရဲ့အတန်
...သင့်တျယ်တဲ့နေရာတိုင်းမှာတော့ ဗုဒ္ဓ
...သာ မြန်မာတို့ထုံးစံအတိုင်း တည်
...ကြတဲ့ ယနေ့ခေတ် ဆင်းတုတော်
...လည်း အတော်နေရာယူထားကြပါ
...း
...ဒကာ

ဒီကောင်းခါးရွာသားအများစုဟာ ဗုဒ္ဓဘာသာဝင်တွေမို့ နတ်ပြဂူကျောက်တောင်အထက်မှာလည်း ဘုရားစေတီတွေ တည်လာကြပေါ့။ ကျောက်တောင်ပေါ်က စေတီတော်ကိုလည်း အသင့်လုပ်ထားတဲ့ နတ်လမ်းအသစ်နဲ့ တက်ပြီးသွားဖူးခဲ့ကြပါတယ်။ ဝါးပင်သစ်ပင်တွေကြားကနေ တောင်အောက်ကို လှမ်းကြည့်တော့ အတော်ဝေးဝေးအထိမြင်ရတယ်။ ရွာသူကြီးပြောင်းခင်းကိုလည်း ဘုရားပေါ်ကနေ လှမ်းတွေ့ရတယ်။ ရှမ်းပြည်နယ်ရဲ့ မြေသားနီနီဟာ အတော့်ကိုကြည့်ကောင်းလှပါတယ်။ တောင်ပေါ်ကဘုရားကိုလည်း ရွှေရောင်ဆေးသုတ်ထားလို့ ရွှေပြောင်ပြောင် တောင်ပေါ်ကဘုရားလို့ပဲ ဆိုကြပါစို့။ နတ်ပြဂူတောင်ပေါ်ကအဆင်းမှာ ပလောင်တိုင်းရင်းသားတွေ အိုးစည်ဗုံမောင်းတီးပြီး နှုတ်ဆက်နေပြန်တာနဲ့ ဓာတ်ပုံတွေ စုရိုက်ကြပြီး ကောင်းခါးရွာက ထွက်ခွာခဲ့ကြပါတယ်။

ရှေးဟောင်းသုတေသနဌာန ညွှန်ချုပ် ကိုကျော်ဦးလွင် တစ်ဆင့်လှူဒါန်းခဲ့ဝေပေးလိုက်တဲ့ ဆင်းတုတော်တွေကို တိုင်းရင်းသားတွေက ရွာအသီးသီးကို ပင့်ဆောင်သွားကြတယ်။ ရွာတိုင်းကပဲ ပန်းဒကာလို့ခေါ်ကြတဲ့ ဒေသခံပုဂ္ဂိုလ်က ဦးဆောင်ပြီး ရွာကျောင်းအသီးသီးက ဆရာတော်တွေဆီ ပင့်သွားကြ၊ ဆရာတော်တွေက အနေကဇာချက်ချင်းတင်ကြနဲ့ ရှမ်းတောင်တန်းတွေမှာ အိုးစည်သံ၊ မောင်းသံနဲ့ ဘုရားစာရွတ်သံတွေ ဝေစည်လို့နေပေါ့။ ပန်းဒကာ ဆိုတာ ဘုရားတင်လှူဖို့ပန်းတွေကို ဗျပ်ကလေးနဲ့ထည့်ပြီး သယ်ဆောင်သွားခွင့်ရှိသူ၊ ဦးဆောင်ရွတ်ဆိုဆုတောင်းပေးခွင့်ရှိသူလို့ တောင်ကြီးပြတိုက်က နန်းလောင်ဟိန်းက ရှင်းပြပါတယ်။ ချစ်စရာနာမည်လေးမို့ မှတ်သားလိုက်ရပေါ့။ 'တစ်မူးရလို့ တစ်ပဲလှူ' ဆိုတဲ့ ရှမ်းတွေနဲ့ အခြားသော တိုင်းရင်းသားမျိုးနွယ်စုတွေက ဗုဒ္ဓသာသနာတော်ကြီးကို ရိုးသားစွာ၊ စိတ်အားထက်သန်စွာ စောင့်ထိန်းနေတာကဖြင့် အားရကျေနပ်စရာပါ။

မကြာခင်မှာ ညွှန်ချုပ် ကိုကျော်ဦးလွင် ဝေမျှလှူဒါန်းလိုက်တဲ့ဆင်းတုတော်တွေကို အနေကဇာတင်နေတဲ့ နမ့်ခမ်းကျေးရွာကို ရောက်သွားပြန်တယ်။ ပန်းဒကာ ဦးဆောင်ပြီး တိုင်းရင်းသားပလောင်တွေက ရွာကျောင်းဆရာတော်ကို ဆင်းတုတော် ဆက်ကပ်ပါတယ်။ ဒါဟာ မိတ်ဆွေကြီး ဦးမှိုင်းရဲ့ ဇာတိရွာလည်းဖြစ်ရဲ့။ ဦးမှိုင်းက ဘယ်လိုများ အရေးပေါ် ကျိတ်စီမံလိုက်သလဲ မသိပါဘူး။ ခဏအတွင်းမှာ အကျွေးအမွေးတွေ၊ ညှော်ခံကြိုဆိုရေးတွေက ဖောဖောသီသီ ဝေဝေဆာဆာပါ။ တောင်ကြီးမြို့ကလာတဲ့ နန်းလောင်ဟိန်းသမီးလေးနဲ့ သားလေးကတော့ တိုင်းရင်းသားတွေနဲ့ အမှတ်တရဓာတ်ပုံတွေ ရိုက်နေကြရဲ့။ ကလေးတွေကို ကိုယ့်ရိုးရာဓလေ့တွေ၊ ကိုယ့်တိုင်းရင်းသားတွေကိုချစ်ခင်မြတ်နိုးဖို့ အထူးမလှုံ့ဆော်ရပါဘဲလား။ ရန်ကုန်မြို့ကြီးက ကလေးတွေကိုလည်း ပြည်နယ်နဲ့ တောင်တန်းတွေဆီကို လေ့လာရေးခရီးတွေ အပြန်အလှန်ပို့ပေးနိုင်ရင် ကောင်းမှာပဲလို့ စဉ်းစားမိရဲ့။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆက်လက် တည်ဆောက် ထိန်းသိမ်းသွားရမှာက ဒီကလေးတွေပဲလေ။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)



www.burmeseclassic.com

www.burmeseclassic.com

**ဂန္ဓာရီလမ်းမှတန်ခိုးအမျိုးမျိုး**


ပုထုဇဉ်တို့၏ သဘောသဘာဝမှာ ဆန်းကြယ်သောတန်ခိုးအမျိုးမျိုးကို အားကျ၏။ ထူးထူးဆန်းဆန်းလုပ်ပြနိုင်သော အောက်လမ်း၊ အထက်လမ်း စသည့်မှော်အတတ်၊ စုန်းကဝေအတတ် ပညာတို့ကို တန်ခိုးဟု မှတ်ယူအားကျနေကြသည်လည်းရှိ၏။ မှော်အတတ်ကို အသုံးချပြီး သူတစ်ပါးတို့ မိမိကို အထင်ကြီးအောင်၊ စိတ်ညွတ်အောင်၊ စိတ်ဝင်စားအောင်လုပ်သော အတတ်ပညာများ လောကမှာရှိ၏။

အောက်လမ်း၊ အထက်လမ်းကဲ့သို့သော ပညာများသာမက လက်လှည့်၊ မျက်လှည့်၊ ပဥ္စလှည့် စသောအတတ်တို့ကို အသုံးချပြီး လူတို့စိတ်ကို ဆွဲဆောင်ခြင်း၊ တုန်လှုပ်ချောက်ချားစေခြင်း၊ ပြောသမျှ နာယူအောင်လုပ်ခြင်း စသော အတတ်တို့လည်းရှိလေသည်။

ထိုသို့သော လောကီတန်ခိုး တစ်မျိုးမျိုးမှမရှိဘဲ ဆန်းဆန်းပြားပြား လိမ်ညာနည်းများကို အသုံးချပြီး တစ်ပွဲတိုး လိမ်ညာလှည့်ဖြားစားသောက်နေကြသော အတုအယောင်တွေလည်း များစွာရှိ၏။ မျက်လှည့်ပညာတတ်သူက မှော်အတတ်ကို သူ၏ မျက်လှည့်ပွဲမှာ အသုံးပြုပြီး ပရိသတ်ကို ဆွဲဆောင်၏။ အချို့ ဂိုဏ်းဆရာများ၊ ဘိုးတော်ဆိုသူများ၊ ရေမန်းတိုက်၍ အင်းချပ်ကို ပြာချပြီး ရေဖျော်တိုက်၍ သူတို့၏ တပည့်အဖြစ် ရောက်ရှိအောင် သိမ်းသွင်းယူ၏။

လောက၌ ဂန္ဓာရီဝိဇ္ဇာအတတ်၊ မဏိစိန္တာအတတ်၊ ဣဒ္ဓိဝိဓတန်ခိုးအမျိုးမျိုးတို့အပြင် အောက်လမ်းပညာ၊ အထက်လမ်းပညာ၊ မှော်ပညာ စသည်တို့လည်း သူ့အစွမ်းနှင့်သူရှိနေကြသည်။

ပွင့်လင်းစွာဆိုရပါက အရှင်ဝိဝေက၏ ဆရာအရှင်ကိုယ်တိုင်ပင်



(မြောင်)

# ထုံးတောင်-အရှင်ဓမ္မပီယ

## တရားအားထုတ်သူတစ်ယောက်အကြောင်း - ၁၃



www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရီဝိဇ္ဇာလမ်းကို နှစ်ပေါင်း(၅၀)ကျော် အဆက်မတ်မတ် လေ့လာ လိုက်စားခဲ့သော ဆရာတော်ကြီးတစ်ပါး ဖြစ်၏။ အရှင်ဝိဝေကကိုလည်း သူတို့၏လမ်းစဉ်ကို လိုက်မည်ဆိုပါက 'အင်း' တိုက်ပြီး သင်ပေးမည်။ မလိုက်လိုပါကလည်း သာသနာတရားကို ပြတ်ပြတ်သားသား အားထုတ်ရန် တိုက်တွန်း၏။ သူတို့၏ ဂန္ဓာရီလမ်းကိုလိုက်ရမည်ဟု အတင်းအကျပ်တိုက်တွန်းတော်မမူချေ။ သို့ဖြစ်၍ အရှင်ဝိဝေကမှာ ရဟန်းဖြစ်ကတည်းက ဂန္ဓာရီလမ်းများနှင့် ရင်းနှီးကျွမ်းဝင်ရှိပြီး ဖြစ်၏။


ဆရာအရှင်မှာ ဂန္ဓာရီလမ်းစဉ်ကို လိုက်စားခဲ့သူဖြစ်သော်လည်း ဝိနည်းအရာ၌ အလေးထားသော သံဃာဂိုဏ်းကြီးတစ်ဂိုဏ်းမှအစဉ်အဆက်ဆင်းသက်လာသော တပည့်ကြီးတစ်ပါး ဖြစ်၏။ သင်္ချိုင်း၌ သာမဏေဘဝကပင် စည်းကမ်းတင်းကျပ်သော စာသင်တိုက်ကြီးများမှာ နေခဲ့ရပြီး ဗုဒ္ဓပိဋကတ်ကို ပါဠိလိုလေ့လာသင်ကြားခဲ့သူ ဖြစ်၏။ ဓမ္မာစရိယတန်း အောင်မြင်ပြီးနောက် စာချဘုန်းကြီးအဖြစ်နှင့် ဘာသာရေးစာပေများစွာရေးသားခဲ့ဖူးသူလည်း ဖြစ်၏။ နောင်တွင် နိုင်ငံကျော် ဓမ္မကထိကတစ်ပါးအဖြစ် နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်ခံခဲ့ရသေးသည်။

ဆရာအရှင်နှင့် ဂန္ဓာရီလမ်းကို အတူတကွ လိုက်စားခဲ့ကြသော ငယ်သူချင်း ဆရာတော်တစ်ပါးလည်း ရှိ၏။ ထိုဆရာတော်မှာ ရန်ကုန်မြို့မှာပင် သီတင်းသုံးပြီး ထွက်ရပ်ပေါက်လမ်းကို ကြွသွားသူဟု အထင်ကရ နာမည်ကြီးပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်။ ထိုဆရာတော်၏ ထွက်ရပ်ပေါက် အတွေ့အကြုံအချို့ကို တင်ပြမည်။

အရှင်ဝိဝေက ရဟန်းဖြစ်ပြီးနောက် ဆရာအရှင်၏နောက်ပါးမှ ပစ္စသမဏအဖြစ် နေရာတော်တော်များများကို လိုက်ပါခွင့်ရသည်။ တစ်နေ့မှာ ဆရာအရှင်က သူ၏ ငယ်သူငယ်ချင်း ဆရာတော်တစ်ပါး၏ သိက္ခာထပ်ကို ခေါ် ဆောင်သွား၏။ အရှင်ဝိဝေက ထိုဆရာတော်၏ကျောင်းကို မကြာခဏ ရောက်ခဲ့ဖူးပါသည်။ ယခုတစ်ခါတော့ ထူးခြားသော အကြောင်းအရာများ တွေ့ရနိုင်သည်ဟု ဆရာအရှင်က မိန့်ပြီး ခေါ် ခဲ့ခြင်း ဖြစ်၏။

ထိုဆရာတော်မှာ ဂန္ဓာရီလမ်းကို ပြီးမြောက်အောင်ကျင့်နိုင်ခဲ့ပြီဟုလည်း အများက အထင်ရှိနေကြသူဖြစ်သည်။ အရှင်ဝိဝေက မှာ ဆရာတော်၏ တပည့်သံဃာ၊ ဆွေမျိုးရင်းချာများနှင့်ပါ ရင်းနှီးကျွမ်းဝင်သူဖြစ်သည့်အတွက် ဆရာတော်၏ ထူးဆန်းတွေလာလုပ်ပြတတ်တာတွေကို မကြာခဏတွေ့ရတတ်လေ့ရှိသည်။

ဥပမာ မင်္ဂလာဆောင်မှ ရရှိလာသော စီးကရက်နှစ်လိပ်ကို စားပွဲခုံ ဟိုဘက်စွန်း၊ ဒီဘက်စွန်းမှာတင်ထားပြီး





www.burmeseclassic.com

www.burmeseclassic.com

မန်းမှုတ်လိုက်သည်နှင့် စီးကရက်နှစ်လိပ်မှာ သူ့အလိုလို လိမ့်လာပြီး ပူးကပ်သွားတာမျိုး။

နောက်ပြီး ဘူးရှက်အညွန့်များမှာ ပါသော ဘူးနွယ်လေးများကို သူ့လက်နှင့်ကိုင်ပြီးမန်းလိုက်ပါက သူ၏လက်ညှိုးကို ဘူးနွယ်လေးများက သူ့အလိုလို ရစ်ပတ်တာမျိုး စသည်ဖြင့် အစွမ်းပြတာ တွေမြင်ဖူး၏။ အချို့တပည့်များကိုတော့ လိုချင်သောပစ္စည်း စာရွက်ပေါ်မှာဆွဲခိုင်းပြီး လက်ထဲသို့ ရုတ်တရက် ရောက်လာတာမျိုးတွေပင် တွေ့ကြုံရသည် ဆို၏။

ထိုဆရာတော်၏ ကျောင်းသို့ အရှင်ဝိဝေကတို့ ဆရာတပည့်နှစ်ပါး ရောက်ရှိသွားတော့ ပရိသတ်များ၊ ကျောင်းဒါယကာ၊ ဒါယိကာမများကို ခါတိုင်းထက် စုံစုံလင်လင် တွေ့ရှိရသည်။ ရဟန်းသံဃာတော်တော်များများလည်း ပင့်ထားတာတွေ့ရ၏။ ဆရာတော်အား သိက္ခာထပ်ကံဆောင်ပေးမည့် နိုင်ငံခြားပြန်ဆရာဝန်မကြီးကိုလည်း တွေ့ရ၏။ အရှင်ဝိဝေကမှာတော့ သိက္ခာထပ်ကံဆောင်ရာမှာ ပါဝင်ခွင့်ရသည်မဟုတ်။ ဆွမ်းစားရုံသက်သက်မျှသာဖြစ်၍ ဘေးပတ်ဝန်းကျင်ပရိသတ်ကို စူးစမ်းလေ့လာခွင့်ရနေသည်။ သိက္ခာထပ်ကံဆောင်ကြမည့် သံဃာတော်များ သိမ်အတွင်းဝင်သွားသည်နှင့် အရှင်ဝိဝေက ရဟန်းအမ ဆရာဝန်မကြီးနှင့် စကားပြောရင်း လေ့လာစူးစမ်းကြည့်မိသည်။

ဆရာဝန်မကြီးက မျက်နှာမကောင်းစွာနှင့် သူမ၏ ဆရာတော်ဘုရား ထွက်ရပ်လမ်းကို မြန်းကြွတော့မည်ဖြစ်ကြောင်း၊ ယခုပြုလုပ်သောပွဲမှာ ဆရာတော်၏ နောက်ဆုံးနှုတ်ဆက်ပွဲပင် ဖြစ်ကြောင်း၊ သူ၏ဗိမာန်ကိုလည်း ကျောင်းခေါင်းရင်းမှာ ဆောက်လုပ်ပြီးပြီဖြစ်ကြောင်းများ ရှင်းပြနေ၏။ အရှင်ဝိဝေကမှာတော့ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် နားထောင်နေရင်း ဆရာဝန်တစ်ယောက်ဖြစ်ပြီး ဒီလောက်တောင် အတွေးအခေါ် နည်းရကောင်းလားဟု စိတ်ထဲမှ အပြစ်တင်နေမိသေး၏။

သို့သော် များမကြာမီ အရှင်ဝိဝေက၏ဆရာအရှင် သိမ်ထဲမှခပ်သုတ်သုတ် ပြန်ထွက်လာတာ တွေ့လိုက်ရ၏။ ဆရာ၏နောက်မှ သံဃာအချို့ လိုက်ပါလာကြသည်။ ကံဆောင်ပွဲပြီးချိန်မတန်သေးဘဲ သံဃာများ ပြန်ထွက်လာတာတွေ့ရသောကြောင့် သိမ်ဆင်းလောင်းလှူဖို့ စောင့်နေကြသော ပရိသတ်များသို့လောသို့လော ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။

ဆရာအရှင်က အရှင်ဝိဝေကတို့ ရှိရာသို့ လျှောက်လာပြီး မျက်နှာမကောင်းစွာနှင့် သူ၏ငယ်သူငယ်ချင်း ဆရာတော်ကို ငယ်ငယ်က လူနာမည်ခေါ်ပြီး "×××တော့ ×××သွားပြီကွာ" ဟု ရေရွတ်သည်။ အရှင်ဝိဝေကတို့လည်း နားမလည်နိုင်စွာ သေချာစေ့ငု မေးမြန်းကြည့်တော့မှ -

ထိုဆရာတော်မှာ ကမ္ဗဝါစာရွတ်ဖတ်သည့် သံဃာတော်တို့ ဥပသမ္ပဒကမ္ဗဝါစာကို ရွတ်ဖတ်ပြီးလျှင်ပြီးချင်း လက်အုပ်ချီလျက် အနေအထားနှင့် ဘေးတစ်ဖက်သို့ ဖြည်းညင်းစွာလဲကျသွား၏။ ကျန်သံဃာများက အထိတ်တလန့်ဖြစ်ပြီး စမ်းသပ်ကြည့်ကြသောအခါ အသက်မရှုတော့ကြောင်း တွေ့ကြရသည်ဟု ဆို၏။ ဆရာဝန်မကြီးကိုယ်တိုင် သိမ်တွင်းသို့ အပြေးအလွှားဝင်ရောက်ပြီး စမ်းသပ်ကြည့်သောအခါမှာလည်း ပျံလွန်သွားပြီ ဖြစ်ကြောင်း တွေ့ရလေသည်။ ထိုဆရာတော်၏ ရုပ်အလောင်းကို ဈာပနပွဲ ကြီးကျယ်စွာ မကျင်းပရပါ။ ကြိုတင်ဆောက်လုပ်ထားသော ဂူဗိမာန်အတွင်းသွင်းပြီး ဘိလပ်မြေနှင့် အသေပိတ်ပေးထားဖို့ မှာကြားခဲ့သည်။ သူပြန်လာမည့်နှစ်ကိုတော့ အသိပေးမည်ဟု ရဟန်းအမဖြစ်သူ ဆရာဝန်မကြီးကို မှာသွားခဲ့သည်ဟု ဆိုလေသည်။

အရှင်ဝိဝေကမှာတော့ သတိပဋ္ဌာန်ဝိပဿနာတရားသက်သက်ကိုသာ အားထုတ်နေသူဖြစ်သောကြောင့် ဂန္ဓာရီလမ်းစဉ်၌ မယုံတစ်ဝက်ယုံတစ်ဝက်နှင့် အားကျမှု အလျှင်းမရှိသော်လည်း ထူးခြားသော အကြောင်းတရားများကို မကြာခဏတွေ့ရတတ်လေ့ရှိရာ ဝိဇ္ဇာလမ်းစဉ်နှင့် ပတ်သက်ပြီး ဆရာအရှင်ကို ဂဃနဏ မေးမြန်းကြည့်တတ်သည်။ ဆရာအရှင်၏ ထွက်ရပ်ပေါက်လမ်းစဉ်နှင့်ပတ်သက်၍ မိန့်ဆိုရှင်းလင်းချက်များအား **ညောင်လေးပင်ဆရာတော်အရှင်ဓမ္မိက**၏အပ္ပမာဒမဂ္ဂဇင်းပါ ဆောင်းပါးမှ အချက်များနှင့် နှီးနှော၍ဖော်ပြလိုက်ရပေသည်။

ဆရာအရှင်က -

ထွက်ရပ်ပေါက်လမ်းစဉ် ဆိုတာ ဗောဓိပက္ခိယတရားကို ပြောတာပါပဲ။ ပထမအရေးကြီးဆုံးက အပါယ်ပိတ်ဖို့၊ အပါယ်ဘေးမှလွတ်တဲ့ ထွက်ရပ်ပေါက်ဖြစ်ဖို့ပဲ။ အပါယ်ဘေးမှ လွတ်ဖို့ဆိုတာ သောတာပန်ပုဂ္ဂိုလ်ဖြစ်ပြီး ပထမနိဗ္ဗာန်ကို ဝင်နိုင်ဖို့လိုတယ်။ သို့သော် လူသောတာပန်မှာ ဓာတ်ကြီးလေးပါးနဲ့ ဆက်စပ်နေရပြီး အကြမ်းစားအာဟာရတွေကို မှီဝဲစားသုံးနေရတာကြောင့် အိုမှု၊ နာမှုတွေ မသေမီခံကြရတယ်။ ပြီးတော့ နောက်ထပ် ခုနစ်ဘဝ၊ ခုနစ်ကြိမ်တော့ သေကြရဦးမှာပဲ။ ထွက်ရပ်လမ်းကိုကျင့်သွားကြတဲ့ ဘိုးဘိုးအောင်တို့၊ ဘိုးမင်းခေါင်တို့၊ ယက်ကန်းစင်တောင် ဆရာတော်တို့လို ဓာတ်လေးပါးကိုပြီးမြောက်သွားတဲ့ပုဂ္ဂိုလ်များမှာတော့ အိုရတဲ့၊ နာရတဲ့ ဒုက္ခငြိမ်းပြီး တစ်ခါပဲသေတဲ့ဒုက္ခကို ရင်ဆိုင်ဖို့ရှိတော့တယ်။ သာသနာနှစ် (၅၀၀၀) မကုန်မီ အကြိမ်ကြိမ်သေရမယ့်ဘေးကလွတ်သွားတယ်။

အနာဂါမ်အဆင့်ကိုရောက်ပြီးတဲ့ အရိယာနတ်၊ ဗြဟ္မာတွေမှာလည်း အိုရနာရတဲ့ဒုက္ခ တစ်ခါသာရင်ဆိုင်ရပြီး နိဗ္ဗာန်ကိုဝင်ရမှာပဲ။ ရောင်တော်ပြန်ဘုရားပွင့်ရင်လည်း လူအဖြစ်နဲ့ တစ်ယောက်မှ ဖူးခွင့်မရ။ နတ်တွေ၊ ဗြဟ္မာတွေနဲ့ အရိယာဝိဇ္ဇာတွေအဖြစ်နဲ့ သာစောင့်ပြီးဖူးခွင့်ရကြမှာ၊ ကျွတ်တမ်းဝင်ကြမှာ ဖြစ်တယ်။

ဒီတော့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဆိုတာ ဘာခေါ်တာလဲ။ သိသူ အင်မတန်နည်းတယ်။ တချို့ တကယ်တမ်းမသိဘဲ ယောင်ဝါးဝါးညာနေကြတာပဲများတယ်။ ဘိုးဘိုးအောင်တို့၊ ဘိုးမင်းခေါင်တို့ကို ထွက်ရပ်ပေါက်ဝိဇ္ဇာလို့ ခေါ်နေကြတာ ဘာကြောင့်လဲဆိုတာ အမှန်မသိကြဘူး။

တကယ်တော့ ဘိုးဘိုးအောင်ဆိုတာ နာမည်မဟုတ်ဘူး။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် (၆၃) ပါးမှာ (၁၄) ပါးက မသေဘဲ အရှင်ထွက်ဖြစ်တယ်။

အဲဒီထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေထဲက သီလအစင်ကြယ်ဆုံးပုဂ္ဂိုလ်ဖြစ်လို့ ဘဝတစ်လျှောက် သီလဝိသုဒ္ဓိအဖြစ်ဆုံးပုဂ္ဂိုလ်ဖြစ်လို့ ဝိဇ္ဇာလောကဘွဲ့ထူးပေးထားတာဖြစ်တယ်။ ဖြူစင်သောဝတ်နဲ့ကိုဝတ်ပြီး ဗုဒ္ဓသာသနာမှာ တကယ်တမ်းကျင့်တဲ့ပုဂ္ဂိုလ်တွေကို အကူအညီပေးလေ့ရှိတယ်။ဘိုးမင်းခေါင်လည်း တကယ်ကျင့်ပြီး တကယ်အကူအညီလိုရင် လိုက်ပြီး စောင့်ရှောက်ကူညီပေးတယ်။

ဘိုးဘိုးအောင်အစစ်နဲ့ ဘိုးမင်းခေါင်အစစ်တို့က ငှက်ပျောပွဲ၊ အုန်းပွဲတွေနဲ့ မကန်တော့ခိုင်းဘူး။ အဲဒါ[illegible]



www.burmeseclassic.com

www.burmeseclassic.com

စရဏမှန်ရင် စောင့်ရှောက်တယ်။ ခြေချော်လက်ချော်တိမ်းသွားရင် တည့်မတ်ပေးတဲ့ ပုဂ္ဂိုလ်တွေပဲ၊ အကျင့်စရဏနဲ့ မပူဇော်ဘဲ ကန်တော့ပွဲနဲ့ပူဇော်မှ လာတဲ့သူဟာ နာမည်ခံအတုတွေမှတ်ပါ။အစစ်ကမလာပါဘူး။ နောက်ပြီး အရိယာဝိဇ္ဇာတွေဟာ တစ်ဦးကောင်းတစ်ယောက်ကောင်း အစွန်းထွက်အစွမ်းပြတာမျိုး လုပ်လေ့မရှိပါဘူး။ အားလုံးစုဝေးဆွေးနွေးကြပြီးမှ တာဝန်ကျပုဂ္ဂိုလ်ကသာ သူတာဝန်ယူထားတဲ့အတိုင်း ကူညီစောင့်ရှောက်ခြင်း ဖြစ်တယ်။

(အနည်းဆုံး ခြောက်လလောက် တောထဲတောင်ထဲမှာ ဥပုသ်ရက်ရှည်စောင့်ပြီးကျင့်ကြည့်ပါ။ ကျင့်ဖူးသူတွေ တွေ့တတ်ကြပါတယ်။)

ထိုကဲ့သို့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များဟာ လူသာမန်တို့ကျင့်နိုင်ခဲ့တဲ့ အရိယာဝိဇ္ဇာပညာရပ်တွေကို ကျင့်ကြံအားထုတ်ပြီးမှ ဗုဒ္ဓရှင်တော်ဂေါတမ၏ သာသနာတော်ကြီးကိုတစ်ဖက်တစ်လမ်းမှ စောင့်ရှောက်နေကြသော အရိယာပုဂ္ဂိုလ်အစစ်ကြီးများဖြစ်တယ်။ ဟိုနေရာမှာ ဘိုးမင်းခေါင်၊ ဒီနေရာမှာ ဘိုးမင်းခေါင်ဆိုသလိုမျိုးတွေ့တွေ့နေတတ်တာ တကတော့ လမိုင်းတွေ၊ ရက္ခစိုးတွေ၊ သိုက်တွေက နာမည်တပ်ကြတာပါ။ တကယ့်အစစ်မဟုတ်ပါဘူး။ တကယ့်အစစ်က ဗောဓိပက္ခိယတရားကို အကျယ်ဟောတတ်တယ်။ မဂ္ဂင်လမ်းကို ကောင်းကောင်းလျှောက်တတ်တယ်။ လျှို့ဝှက်(စမ)လေးလုံးကို အဓိပ္ပာယ်အကျယ်တဝင့် သိပြီးသားပါ။ ကိုယ်ကျင့်အဘိဓမ္မာကို ကောင်းကောင်းဟောနိုင်ပါတယ်။

တကယ်တော့ သားရေး၊ သမီးရေး၊ စီးပွားရေးတွေပြောတဲ့ပုဂ္ဂိုလ်ဟာ ဘိုးမင်းခေါင်မဟုတ်ဘူး။ ပြီးတော့ လူကြားထဲမှာလည်း ကြာကြာမနေပါဘူး။ သောတာပန်မဖြစ်သေးဘဲ တရားဟောတဲ့ပုဂ္ဂိုလ်၊ ဘုရားတည်တဲ့ပုဂ္ဂိုလ်တွေဆိုရင် အန္တရာယ်တွေ၊ ဒဏ်တွေထိမှာစိုးလို့ သောတာပန်ဖြစ်အောင် အရင်ကျင့်ခိုင်းပါတယ်။ လမ်းညွှန်ပြီးကူညီစောင့်ရှောက်ပေးပါတယ်။

ဒီတော့ အရိယာဝိဇ္ဇာကြီးများအကြောင်း တကယ်မသိရင်၊ ကိုယ်တိုင်လည်း ဘာမှဟုတ်တိပတ်တိ မကျင့်ဘူးသေးရင် ဝစီကံတွေတတ်နိုင်သလောက် ထိန်းဖို့လိုပါတယ်။ တရားကျင့်ရင်နဲ့ သက္ကာယဒိဋ္ဌိခွာတတ်လို့ အနုသယကိလေသာမာန်လေး နည်းနည်းမှတက် မယ်မကြံနဲ့၊ အရိယာဝိဇ္ဇာမိုရ်ကြီးတွေ လာသတိပေးတာကြုံရမှာပါ။ ကျင့်ကြည့်ပါ။

ကျင့်တာမှန်လို့၊ ဉာဏ်ရတာမှန်လို့ သူတို့အသိအမှတ်ပြုပြီဆိုရင်လည်း ဘယ်တောဘယ်တောင်သွားသွား စားဖို့ နေဖို့ ပူစရာမလိုဘူး၊ အားလုံးအဆင်ပြေနေတာတွေ့ရမှာပါ။ ဒါဟာ ဂမ္ဘီရပညာနဲ့ပတ်သက်လို့ အကြားအမြင် ဗဟုသုတတစ်စိတ်တစ်ပိုင်းပဲရှိပါသေးတယ်။

(ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ၏ အဆိုမှာ ဘုရားရှင်တစ်ဆူတစ်ဆူတွင် ကျွတ်တမ်းဝင်ရမယ့်ပုဂ္ဂိုလ် (၂၄)သင်္ချေ၊ ကုဋေ(၆၀)၊ ဗိုလ်ခြေ(၁)သိန်းဖြစ်သော်လည်း ဂေါတမမြတ်စွာဘုရားရှင်မှာတော့ သက်တမ်းတိုတော်မူသည့်အတွက် သာသနာနှစ်ငါးထောင်အတွင်းမှာ ၎င်းအရေအတွက်ပြည့်အောင် အရိယာဝိဇ္ဇာ၊ ဘိုးတော်သိကြားတို့၏အကူအညီဖြင့် ရောင်တော်ပြန်ပွဲအမီချွတ်ရမည်ဟု ဆိုတတ်ကြသည်။)

### ဘာသာရေးအသိအမြင် ကြည်လင်စေချင်

**မေး။ ထွက်ရပ်ပေါက်နှင့် ဝိဇ္ဇာမိုရ် တူပါသလား။**

**ဖြေ။** ဝိဇ္ဇာမိုရ်=ဝိဇ္ဇာ+ဓရ(အသိပညာ၊ အတတ်ပညာ + ဆောင်သူ)

ထွက်ရပ်ပေါက် = သံသရာမှ ထွက်၊ ဆင်းရဲတွေရပ်ပြီး နိဗ္ဗာန်လမ်းကို ပေါက်မြောက်အောင် ကျင့်ကြံသော ဝိဇ္ဇာမိုရ်။

၁။ ထွက်ရပ်ပေါက်ဟာ သာသနာတွင်းမှာပဲရှိပြီး ဝိဇ္ဇာမိုရ်ကတော့ သာသနာတွင်း၊ သာသနာပ ဘယ်ခေတ် ဘယ်ကမ္ဘာမဆိုရှိနိုင်ပါတယ်။



၂။ ထွက်ရပ်ပေါက်အစစ်တွေ ကတော့ သိဒ္ဓိရပြီးတဲ့အပြင် နိဗ္ဗာန်ရောက်ကြောင်းတရားအားထုတ်တဲ့ သူတော်ကောင်းချည်းသာဖြစ်ပြီး ဝိဇ္ဇာမိုရ်ကတော့ သူတော်ကောင်းရှိသလို သူယုတ်မာ၊ သူသတ်၊ ကြာခိုး၊ ကာမဂုဏ်ခံစားသူများလည်းရှိတယ်။

**မေး။ သူတို့ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေလဲ။**

**ဖြေ** - ဝိဇ္ဇာ ဆိုတာ အဋ္ဌာရသ (၁၈)ပါးအတတ်နှင့်တကွသော (၁၀)ပါးသောသိဒ္ဓိကိုဆောင်တယ်။ လောကုတ္တရာဝိဇ္ဇာ = အရိယာဝိဇ္ဇာ = မဟာဂန္ဓာရီဝိဇ္ဇာနှင့် လောကီဝိဇ္ဇာ ဆိုပြီး နှစ်မျိုးရှိတယ်။

ဥပမာ -

အင်ဝိဇ္ဇာ(မိုရ်) = ဆေးဝိဇ္ဇာ၊မန္တန်ဝိဇ္ဇာ၊ သုတပြာစားဝိဇ္ဇာ (သုံးမျိုး)

ဇော်ဂျီဝိဇ္ဇာ = ဆေးမျက်လှည့်ဝိဇ္ဇာ၊ မန္တန်စုပ်ဝိဇ္ဇာ (နှစ်မျိုး)

တပသီဝိဇ္ဇာ = ပြဒါးသေကိုင်၍ပျံသောဝိဇ္ဇာ။

သေဝဝိဇ္ဇာ = သံကိုင်၍ပျံသောဝိဇ္ဇာ၊ မန္တန်ဆေးစုပ်ဝိဇ္ဇာ(နှစ်မျိုး)

မဏိကာဝိဇ္ဇာ=စိတ်ဟောအတတ်။

အင်းဝိဇ္ဇာ၊ နက္ခတ်ဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပထမံဝိဇ္ဇာ = ဂုဏ်တော်ကိုးပါးပွားပြီး ပထမံ၊ ဆေး၊ အင်း၊ မန္တန်တို့ဖြင့် ကျင့်ဆောင်သောအတတ်။

အဓိပတိဝိဇ္ဇာ = အဋ္ဌာရသ (၁၈) ပါးနှင့် သိဒ္ဓိ (၁၀) ပါးဆောင်သူ။

မဇ္ဈိမဂန္ဓာရီဝိဇ္ဇာ= ကတော်ခုနစ်ပါး၊ အတွင်းအပြင် (၃၇) မင်းတို့ရဲ့ နတ်အတတ်။

စူဠဂန္ဓာရီဝိဇ္ဇာ=ဖုတ်(၄၀)၊ ဇော်ဂနီ(၄၀)၊ ဇာဂနီလေးဖော်တို့ရဲ့ အောက်လမ်းအတတ်။

ဒီလိုကျင့်စဉ်အလိုက် ဝိဇ္ဇာအမျိုးမျိုးရှိသလို လူမျိုးဘာသာအလိုက် မြန်မာဝိဇ္ဇာ၊ တရုတ်ဝိဇ္ဇာ၊ ဟိန္ဒူဝိဇ္ဇာ၊ တိဗက်ဝိဇ္ဇာ၊ အင်္ဂလိပ်ဝိဇ္ဇာတွေလည်းရှိကြတယ်။

မွတ်စလင်ဘာသာမှာတော့ ဝိဇ္ဇာအတတ်မရှိလို့ မွတ်စလင်ဝိဇ္ဇာမရှိဘူး။

ဝိဇ္ဇာတွေဟာ ကျင့်စဉ်အလိုက် တန်ခိုး (သိဒ္ဓိ) အနည်း၊ အများရှိကြတယ်။ ပြဒါးဝိဇ္ဇာထက် သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းမန္တန်တွေက အဆင့်ဆင့်ပိုပြီး တန်ခိုးကြီးကြတယ်။ အချို့ဝိဇ္ဇာတွေက သိဒ္ဓိဆယ်ပါးစလုံး မအောင်မြင်ဘူး။ နှစ်ပါး၊ သုံးပါးအောင်မြင်ပြီးမှ ဆက်အားထုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာလို့သုံးလိုက်တာနဲ့ ဝိဇ္ဇာမိုရ်၊ ထွက်ရပ်ပေါက်၊ ဇော်ဂျီ၊ တပသီ၊ ဘိုးတော်၊ မယ်တော်အားလုံး အကျုံးဝင်သွားတယ်။

ဝိဇ္ဇာလောကမှာ အထက်ဆရာတော်ကြီးလေးပါးနဲ့ ပေါက်ဆရာတော်ကြီး(၉၆)ပါးရှိတယ်။ ဝိဇ္ဇာအားလုံးဟာ မိမိ၊ သူတစ်ပါးမှာဖြစ်တဲ့ ရောဂါဝေဒနာတွေကို ကုနိုင်စွမ်းရှိကြပြီး ဘုရားတစ်ဆူနဲ့တစ်ဆူကြားအသက်ရှည်နိုင်ကြတယ်။

(ဝိဇ္ဇာအစစ်များသာ)

လေထဲက ပစ္စည်းတစ်ခုကို ယူပြရုံနဲ့ ဝိဇ္ဇာမမည်သေးဘူး။ အစစ်တစ်ခု အတုတစ်ထောင်၊ အယောင်တစ်သိန်း၊ အပလိန်းအနန္တဆိုသလို ဝိဇ္ဇာအတု၊ အလိမ်၊ အကျင့်ပျက်တွေ များလာပြီ။

သူတို့ဟာ သာသနာတော်ကို ခုတုံးလုပ်ပြီး လူပြိန်းအကြိုက် မက်လုံးအမျိုးမျိုးပေးကာ ကိုယ်ကျိုးရှာနေကြတယ်။ လူပြိန်းတွေကလည်း အပြောကောင်းပြီး အထူးအဆန်းပြကွက်တွေ ပြနိုင်တဲ့ လူလိမ်ကိုမှ အထင်ကြီး ပူဇော်ကြတယ်။ 'လိမ်မယ့်သူသာလိုနေတာ။ အလိမ်ခံမယ့်လူတွေ နေရာတိုင်းမှာရှိတယ်'ဆိုတဲ့စကားအတိုင်း လူပြိန်းစာရင်းထဲ ကိုယ်မပါရအောင်၊ အတုနဲ့ အစစ် ခွဲခြား ဝေဖန်နိုင်အောင် အတွေ့အကြုံ ဗဟုသုတရှိဖို့လိုတယ်။

**မေး ။ ။ ဘာဘုံသားတွေလဲ။**

**ဖြေ ။ ။** ဝိဇ္ဇာလောကသားအားလုံးဟာ လူ့ဘုံသားတွေပဲ။ သာမန်လူသားတော့ မဟုတ်ဘူး။ တန်ခိုးရှိတဲ့ လူသားတွေ။ အသေထွက်၊ အရှင်ထွက်၊ ရုပ်ပြောင်းနာမ်ခွာ၊ နာမ်ပြောင်းရုပ်ခွာတွေဆိုတာ တန်ခိုးသုံးလိုက်တာပဲ။ တခြားဘုံဘဝကိုရောက်သွားတာ မဟုတ်ဘူး။ တန်ခိုးနဲ့ ကိုယ်ဖျောက်နိုင်လို့လည်း ပရလောကသားလို့ မဆိုအပ်ဘူး။

**မေး ။ ။ ဘယ်မှာနေပြီး ဘာတွေ လုပ်ကြတာလဲ။**

**ဖြေ ။ ။** ကာမဂုဏ်ခံစားတဲ့ အဂ်ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများက လူသူမနီးတောထဲမှာနေပြီး လူသေမိန်းမ (သူယောင်သီး) ကို အသက်သွင်း၍လည်းကောင်း၊ နတ်မိစ္ဆာ၊ နတ်မိန်းမတို့နှင့် လည်းကောင်း၊ လူသေ၊ အရိုး၊ ကျောက်၊ သစ်သား၊ ရွှံ့တို့ကို အလိုရှိတဲ့ အရုပ်လုပ်ပြီး အသက်သွင်းပြီး ပျော်ပါးကြတယ်။ အလိုရှိတိုင်း ရွှေ ငွေဖြစ်နိုင်တယ်။ ဟိမဝန္တာသူယောင်တောမှာတော့ သေသဝိဇ္ဇာ တစ်မျိုးတည်း နေတယ်။ သူယောင်သီးတွေကို ပညာ (တန်ခိုး) နဲ့ အသက်သွင်းပြီး ပျော်မွေ့ကြတယ်။ သူယောင်သီးဟာ အသက် (၁၅) နှစ် မိန်းမပျိုသဏ္ဌာန်ရှိတယ်။ သူယောင်ပွင့်လို့လည်း ခေါ်ကြတယ်။

သေသဝိဇ္ဇာဟာ အသက်သွင်းထားတဲ့ သူယောင်မယ်နဲ့ ခုနစ်ရက်ပျော်ပါးပြီးရင် သူယောင်မယ်သေတယ်။ သေရင် လူပုပ်စော်နံတယ်။ သူယောင်မယ်အသေကို ဆဒ္ဒန်ဆင်မျိုးတွေလာစားကြတယ်။ ကာမဂုဏ်ခံစားတဲ့ ဆေး၊ အင်း၊ မန္တန် စတဲ့ ဝိဇ္ဇာတွေရဲ့ ထွက်ရပ်ပေါက်များကတော့ သုဒဿနတောင်၊ နေမိန္ဓရတောင်၊ ကေလာသတောင်၊ ယုဂန္ဓိုရ်တောင်တွေမှာနေထိုင်ပြီး ဆိုင်ရာကျင့်စဉ်များကိုလုပ်ရင်း သမထ၊ ဝိပဿနာ အားထုတ်ကြတယ်။

ဝိဇ္ဇာတွေဟာ ကျင့်စဉ်အလိုက်သော် လည်းကောင်း၊ လူမျိုးဘာသာအလိုက်သော် လည်းကောင်း နှစ်သက်ရာ အုပ်စုဖွဲ့ပြီးနေကြတယ်။ လစဉ်ဝိဇ္ဇာအစည်းအဝေးလုပ်ပြီး အပြစ်ပေးသင့်သူကို အပြစ်ပေး၊ ဂုဏ်ပြုသင့်သူကိုဂုဏ်ပြု၊ တာဝန်ပေးသင့်သူကို တာဝန်ပေးကြတယ်။

**မေး ။ ။ သူတို့ရဲ့ ရည်ရွယ်ချက်က ဘာလဲ။**

**ဖြေ ။ ။** ဝိဇ္ဇာအမျိုးမျိုးရှိသလို ရည်ရွယ်ချက်လည်း အမျိုးမျိုးရှိကြတယ်။ သူတော်ကောင်းထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ် (အစစ်) တွေရဲ့ ရည်ရွယ်ချက်ကတော့ အရိမေတ္တေယျဘုရားရှင်ပွင့်တော်မူသည်အထိ အသက်ရှည်အောင် ကျင့်ဆောင်ကြပြီး ကျွတ်တမ်းဝင်ကြမယ်။ ဒီအတောအတွင်းမှာတော့ သမထ၊ ဝိပဿနာ အားထုတ်ရင်း သာသနာနဲ့ ကယ်သင့်တဲ့ သတ္တဝါတွေကို စွမ်းအားရှိသလောက် ကူညီပံ့ပိုးကယ်တင်ကြမယ်။

**မေး ။ ။ ဝိဇ္ဇာနဲ့နတ်တို့ကို ရှိခိုးပူဇော် ကိုးကွယ်ရင် သရဏဂုံပျက်သလား။**

**ဖြေ ။ ။** ဒီနေရာမှာ 'အားကိုး' နဲ့ 'ကိုးကွယ်' တို့ရဲ့ အဓိပ္ပာယ်ကို ကွဲကွဲပြားပြား နားလည်ဖို့လိုတယ်။

အားကိုး=လောကီအကျိုးအတွက် ရှိခိုးပူဇော်ဆည်းကပ်ခြင်း။

ကိုးကွယ် = လောကုတ္တရာ သံသရာအတွက် ရှိခိုးပူဇော်ဆည်းကပ်ခြင်း။

ဘုရားလောင်း ဥဒေါင်းမင်းဟာ လောကီအတွက် နေကို ရှိခိုးပြီး လောကုတ္တရာအတွက် ဘုရားရှင်နဲ့ တရားတော်ကို ရှိခိုးတာဟာ သရဏဂုံ မပျက်ကြောင်း သံပြေကန့်ပရိတ်ကြီး နိဿယမှာ ပါရှိပါတယ်။ ဒါကြောင့် ဝိဇ္ဇာနဲ့ နတ်တို့ကို အားကိုးရုံနဲ့ သရဏဂုံမပျက်ပါဘူး။ ကိုးကွယ်မှသာ သရဏဂုံပျက်ပါတယ်။ အားကိုးရာမှာလည်း ရတနာသုံးပါးနဲ့တန်းတူ (သို့) လွန်ကဲပြီးပူဇော်ရင် သရဏဂုံပျက်တယ်။ သူတို့ကို ခမ်းခမ်းနားနား ပူဇော်စရာမလိုဘူး။ မေတ္တာပို့၊ အမျှဝေရင် ကိုယ့်ကို ကူညီမစကြပါလိမ့်မယ်။ အခုခေတ် နတ်ကနားပေးတာဟာ နတ်ပြည်ခြောက်ထပ်ဝင် နတ်အစစ်တွေကို ပူဇော်ရာမရောက်ဘူး။ နတ်ကတဲ့အဖွဲ့နဲ့ ပြိတ္တာဘုံသားတွေကိုသာ ပူဇော်ရာရောက်နေတယ်။ အိမ်ထဲမှာရှိတဲ့ ဝိဇ္ဇာ၊ နတ်ဆိုင်ရာကန်တော့ပွဲတွေကို မေတ္တာရပ်ခံ ဖယ်ရှားလိုက်ရင် အိမ်လည်းရှင်းသွားမယ်၊ ရတနာသုံးပါးအတွက်လည်း အချိန်ပိုပေးနိုင်မယ်။

**မေး ။ ။ ဝိဇ္ဇာနဲ့ နတ်တို့ကို ယုံတာ သဒ္ဓါအတုလား။**

**ဖြေ ။ ။** ဟုတ်တယ်။ ရတနာသုံးပါးကို ယုံကြည်မှ သဒ္ဓါအစစ်ဖြစ်တယ်။ ဒါပေမဲ့ လောကမှာ ဝိဇ္ဇာနဲ့ နတ်တို့လို တန်ခိုးရှင်တွေရှိတယ်လို့ယုံတာ အပြစ်မရှိပါဘူး။ တကယ်ရှိတဲ့ ဝိဇ္ဇာနဲ့နတ်တို့ကို ယုံတာ အဓိမောက္ခစေတသိက်၊ သူရဿတီလို တကယ်မရှိတာကိုယုံတာ မိစ္ဆာစေတသိက်။

**မေး ။ ။ ဝိဇ္ဇာနဲ့ နတ်တွေဟာ ကိုယ့်ကို မ,စကယ်တင်နိုင်တယ်လို့ ယုံတာ ကံ, ဉာဏ်, ဝီရိယနဲ့ ကံ, ကံရဲ့အကျိုးကို ပစ်ပယ်တာလား။ တကယ်ကော ကယ်တင်နိုင်ရဲ့လား။**

**ဖြေ ။ ။** မ,စကယ်တင်နိုင့်တယ်လို့ ယုံကြည်ရုံနဲ့ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ကံ,ကံရဲ့အကျိုးကို ပစ်ပယ်ရာမရောက်ပါဘူး။ မ,စကယ်တင်လိမ့်နိုးနိုး မျှော်ကိုးပြီး ဘာမှမလုပ်ဘဲနေမှ ပစ်ပယ်ရာရောက်တယ်။ (ငါးရှင့်ငါးဆယ်၊ သံခ်ဇာတ်မှာ မဏိမေခလာမြစ်စောင့်နတ်သမီးက ရေနစ်သူကို ကယ်တင်တာ၊ ပလာသဇာတ်မှာ ရက္ခစိုးနတ်ကို ဂရုစိုက်မေးမြန်းလို့ ခြံဝင်းထဲမှာ ရွှေအိုးလာမြုပ်ပေးတာ၊ မန္တဒွါနဇာတ်မှာ မြစ်စောင့်နတ်ကို အမျှဝေလို့ မြစ်ထဲကျသွားတဲ့ ငွေထုပ်ပြန်ရတာ၊ သုရာယဋ္ဌဇာတ်မှာ ဘုရားလောင်းတော် သိကြားမင်းက ဘဝဟောင်းက သားကို ရွှေအိုးပေးတာတွေရှိတယ်။ ရာဇဝင်မှာလည်း ကျန်စစ်သားကို နတ်က အကြိမ်ကြိမ်ကယ်တင်တာ မှတ်တမ်းရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာတွေလည်း တန်ခိုးရှိကြလို့ သူတို့တတ်နိုင်သလောက် မ,စကယ်တင်နိုင်တယ်။ တချို့ ဝိဇ္ဇာတွေက နတ်ထက်တန်ခိုးကြီးတယ်။ ပုဂ္ဂိုလ်တစ်ဦးဟာ သူလိုချင်တာကို မမ,စနိုင်လို့ ဝိဇ္ဇာတွေကို ပုတ်ခတ်တာကတော့ သိမ်ငယ်လွန်းပါတယ်။ 'လူ့အလို နတ်မလိုက်နိုင်' ဆိုတဲ့ စကားရှိသားပဲ။ မ,စတယ်ဆိုရာမှာ တစ်ဖက်က တန်းခိုးအနည်း၊ အများနဲ့ ကိုယ့်ဘက်က ကုသိုလ်အနည်း၊ အများ အပေါ် မူတည်တယ်။ နေရာတကာ တော့ မ,စလို့ဘယ်ရမလဲ။

**မေး ။ ။ ရတနာသုံးပါးကို အကြွင်းမဲ့ ယုံကြည်ကိုးကွယ်ပူဇော်တဲ့ ကုသိုလ်ကံ စေတနာတွေကလည်း ကိုယ့်ကိုမ,စကယ်တင်နိုင်တယ် မဟုတ်လား။ ဝိဇ္ဇာနဲ့ နတ်တွေကို မေတ္တာပို့၊ အမျှဝေဖို့ လိုသေးလား။**

ဖြေ ။ ။ လိုတာပေါ့။ ဘယ်လိုကွာခြားသလဲဆိုတော့ မိဘနှစ်ပါးသာရှိတဲ့ ကလေးထက် မောင်နှမဆွေမျိုးသားချင်းများများရှိတဲ့ကလေးက မုန့်ဖိုးနဲ့ အကူအညီတွေပိုရသလိုပဲ။

**မေး ။ ။ ဝိဇ္ဇာတွေဟာ အသက်ရှည်အောင် ကျင့်ဆောင်ပြီး ဘုရားရှင်ရဲ့အနုတ္တဝါဒကို အတ္တဝါဒဖြစ်အောင် သာသနာဖျက်နေကြတယ်ဆိုတာ မှန်သလား။**

ဖြေ ။ ။ ဒါကတော့ အမြင်ကျဉ်းသူတွေရဲ့ ထင်မိထင်ရာစွပ်စွဲချက်ပါ။ ဘယ်သူတော်ကောင်းအစစ်ကမှ 'ဘုရားရှင်ရဲ့ အနတ္တဝါဒကို အတ္တဝါဒပြောင်းပစ်မယ်' လို့ မကြွေးကြော်ကြပါဘူး။ သာသနာမဖျက်တဲ့အပြင် စွမ်းနိုင်သလောက် ပံ့ပိုးပေးနေကြပါတယ်။ သာသနာတော်ကို ခုတုံးလုပ်၊ လူပြိန်းကြိုက်မက်လုံးတွေပေးပြီး ကိုယ်ကျိုးရှာနေကြတဲ့ ဝိဇ္ဇာအတု၊ အလိမ်၊ အကျင့်ပျက်တွေကိုတော့ သတိထားပေါ့။ အကျင့်ပျက်သံဃာအချို့ကြောင့် သံဃာအားလုံးကို မပြစ်မှားသင့်သလို အကျင့်ပျက်ဝိဇ္ဇာတချို့ကြောင့် သူတော်ကောင်းဝိဇ္ဇာတွေ နာမည်ပျက်ရတာပါ။

**မေး ။ ။ အိန္ဒိယမှာ သာသနာကွယ်တာ ဝိဇ္ဇာတွေကြောင့် ဆိုတာ မှန်သလား။**

ဖြေ ။ ။ ပျက်စီးချိန်တန်ရင် ဝိဇ္ဇာပြောနဲ့ အရိယာသိကြားမင်းတောင် တယ်နိုင်ဘူး။ နောင်ပွင့်လာမယ့် ဘုရားရှင်အတွက် ယခုဘုရားရှင်ရဲ့သာသနာတော်ဟာ တဖြည်းဖြည်းယိုယွင်းမှေးမှိန်ပျောက်ရမှာ ဓမ္မတာပါပဲ။ အနတ္တကို အတ္တလုပ်ရင် ကိုယ်ပဲဆင်းရဲလိမ့်မယ်။

**မေး ။ ။ ဝိဇ္ဇာတွေဟာ အရိယာလို့ အထင်ခံလိုကြပေမယ့် ဝိဇ္ဇာနဲ့ အရိယာဆိုတာ ဘယ်လိုမှမအပ်စပ်တဲ့အရာဘဲလို့ ပြောတာ မှန်သလား။**

ဖြေ ။ ။ ဒါကတော့ စဉ်းစားကြည့်ပါ။ နိဗ္ဗာန်ဆိုတာ လိုချင်စရာကောင်းကြောင်း၊ ချမ်းသာအစစ်ဖြစ်ကြောင်း သာမန် ဗုဒ္ဓဘာသာဝင်တွေတောင် နားလည်ကြသေးတာပဲ။ လူသာမန်တွေ ထက်ပိုပြီး အသိဉာဏ်ရှိကြတဲ့ ဝိဇ္ဇာတွေ မသိဘဲနေမလား။ တိဟိတ်မို့လို့လည်း တန်ခိုးရကြတာပေါ့။ ဒီလိုတိဟိတ်တန်ခိုးရှင်ဝိဇ္ဇာတွေဟာ နိဗ္ဗာန်ရောက်ကြောင်း မကျင့်ဘဲရှိပါ့မလား။ အရိယာမဖြစ်ဘဲ နေပါ့မလား။ သံဃာတွေထဲမှာတောင် ရှင်ဒေဝဒတ်တို့လို တန်ခိုးအလွဲသုံးစားလုပ်လို့ အပါယ်ငရဲကျသူတွေရှိသေးတာပဲ။ ဝိဇ္ဇာတွေထဲမှာလည်းရှိကြမှာပါ။ ဒီလောက်ဆို နားလည်သဘောပေါက်လောက်ပါပြီ။

**မနောတန်ခိုးနှင့်နာမ်ခွာခြင်း**

ကိုးကွယ်ရာဘာသာအသီးသီးမှာ စိတ်တန်ခိုး၊ စိတ်စွမ်းအင်နှင့် ပတ်သက်၍ နည်းလမ်းအသီးသီးကိုထုတ်ဖော်ညွှန်ပြကြ၏။ ယခုခေတ် စိတ်တန်ခိုးပညာရှင်များကလည်း နည်းအမျိုးမျိုးကို လက်တွေ့ စမ်းသပ်လေ့လာ ညွှန်ပြနေသည်များရှိ၏။

ဂန္ဓာရီပညာသည်လည်း မနောတန်ခိုး၊ စိတ်စွမ်းအား(သမထ)ကို အခြေခံသည် ဖြစ်သောကြောင့် ဂန္ဓာရီပညာအစဉ်တွင် မနောတန်ခိုးလမ်းများကို အတွေ့များလေသည်။ သို့ဖြစ်လေရာ ကာလကြာလာသည်နှင့်အမျှ ဂန္ဓာရီပညာက မနောတန်ခိုးလမ်းစဉ်ကို ငုံလိုက်သလို ဖြစ်လာခဲ့၏။

သာမန်လူများအဖို့ မနောတန်ခိုးလမ်းကို သီးခြားဟုမထင်မှတ်ကြတော့ချေ။ မနောတန်ခိုးနှင့် ဂန္ဓာရီလမ်းစဉ်ကို ရောထွေး၍ ယူဆလာကြသည်။

စင်စစ်မှာ ဂန္ဓာရီလမ်းစဉ်နှင့် မနောတန်ခိုး (သမထလမ်း) လမ်းသည် ကွဲပြားခြားနား၏။ ဂန္ဓာရီအစသည် သမထ (မနောတန်ခိုး) နှင့် စခဲ့သော်လည်း နောက်ပိုင်းတွင်ကား သီးခြားအစိတ်အပိုင်းများ ပါဝင်လာသည်။ မနောလမ်းစဉ်ကား အစမှအဆုံး မည်သည့်အစိတ်အပိုင်းမျှ မရောယှက်ဘဲ သီးသန့်မနောတန်ခိုးသက်သက်နှင့်သာ စခန်းသွား၏။

ဂန္ဓာရီလမ်းစဉ်မှာ လူတိုင်းလိုက်လုပ်၍မရ။ အလွန်လျှို့ဝှက်၍ အယူသီးမှုကို ဖြစ်စေ၏။ ထို့ပြင် ဂန္ဓာရီလမ်းစဉ်က ရရှိမည့်အကျိုးများကို အလွန်အကျွံ အာမခံချက်ပေးတတ်ကြရာ ထိုအကျိုးကျေးဇူးများက သဘာဝလွန်တန်ခိုးတွေ ဖြစ်သွားတတ်ကြ၏။

မနောတန်ခိုးသက်သက်မှာကား ထိုသို့မဟုတ်။ လူတိုင်းမှာ စိတ်တန်ခိုးအနည်းနှင့်အများရှိကြ၏။ ယင်းမနောတန်ခိုးကို စနစ်တကျ ချဉ်းကပ်ပြီး သိပ္ပံနည်းကျ ဖော်ထုတ်သုံးစွဲနိုင်စွမ်းရှိ၏။ လျှို့ဝှက်ဖုံးကွယ်ထားစရာမလိုဘဲ အားကစားလေ့ကျင့်မှုတစ်ရပ်လို လေ့ကျင့်မှုများများလုပ်ဖို့သာလို၏။ လေ့လာလိုက်စားလေ့ကျင့်သူများအဖို့ အယူသီးစရာမလိုပေ။

ဥပမာ ဂန္ဓာရီပညာက ပြဿဒါးရက်ကို မကောင်း၊ ရက်ရာဇာကို ရက်ကောင်းသည်ဟုဆိုရာ သာမန်လူများအဖို့ ဘာကြောင့်ကောင်း၊မကောင်းမှန်းမသိရပါဘဲ ရမ်းသန်းအယူသီးမိနေတာမျိုး ဖြစ်၏။

မနောလမ်းစဉ်ကား စိတ်မတည်ကြည်သူ ဒုစရိုက်သမားနှင့် မပေါင်းနှင့်ဟု ဆို၏။ ထိုအဆိုပြုချက်နှင့်တွဲလျက် စိတ်မှထွက်ပေါ်တတ်သော ဓာတ်လှိုင်းများအကြောင်းကို သင်ပြ၏။ သို့ဖြစ်ရာ ဒုစရိုက်သမားနှင့်ပေါင်းသင်းရာမှ ဖြစ်ပေါ်လာနိုင်သည့် မကောင်းကျိုးများကို သိရပြီး ကြိုတင်ရှောင်ရှားနိုင်၏။ မလွှဲသာ၍ပေါင်းမိလျှင်လည်း ထိုဓာတ်လှိုင်းများရိုက်ခတ်မှုကို ကာကွယ်နိုင်ရန်အတွက် လေ့လာသင်ယူပြီး လေ့ကျင့်ရုံသာရှိ၏။ အကြောင်းမှန်ကို မသိရဘဲ အယူသီးမှုမျိုးမရှိပေ။

မနောတန်ခိုး (သို့မဟုတ်) စိတ်စွမ်းအားသည် လူတိုင်းမှာရှိပြီး ဖြစ်၏။ မနောလမ်းစဉ်ကား မိမိတို့မှာရှိပြီးဖြစ်သော ကိုယ့်တန်ခိုးကို ကိုယ့်ဘာသာ ဖော်ထုတ် အသုံးပြုရန်အတွက် နည်းလမ်းရှာခြင်းဖြစ်၏။ မနောတန်ခိုး (သို့) စိတ်စွမ်းအားကိုရဖို့အတွက် တခြားသူများကို အားကိုးရန်မလို။ ကိုယ့်အားကိုကိုယ်အားကိုးရခြင်းဖြစ်ရာ သူတစ်ပါးကို မှီခိုနေစရာမလိုသောကြောင့် သန့်ရှင်း၍ တန်ခိုးရှိ၏။ ဝီရိယအပေါ်မှာ မှီခိုရသောကြောင့် စိတ်စွမ်းအားရှိသလောက် မနောထန်ခိုးထက်၏။

သို့သော် မနောလမ်းစဉ်ကို ဂန္ဓာရီက ခုတုံးလုပ်ပြီး 'ရုပ်ပြောင်းနာမ်ခွာ



www.burmeseclassic.com

www.burmeseclassic.com

အတတ်' များကို အထူးကျင့်ကြံလာကြ၏။ သို့ဖြစ်ရာ မနောတန်ခိုး (သို့) စိတ်စွမ်းအားသက်သက်ဖြင့် နာမ်ခွာခြင်းကိစ္စများ ဆောင်ရွက်နိုင်ကြောင်း ဖော်ပြခြင်းဖြစ်၏။

နာမ်ခွာခြင်းအတတ်မှာ မနောတန်ခိုးသက်သက် ဖြစ်၏။

မနောသုတေသီ(စိတ်ပညာရှင်)တို့ တညီတညွတ်တည်း လက်ခံထားသော အယူအဆမှာ လူတိုင်း၌ ခန္ဓာနှစ်မျိုးရှိ၏။ ယင်းနှစ်မျိုးမှာ (က) ကိုယ်ခန္ဓာ (ခ) နာမ်ခန္ဓာတို့ ဖြစ်သည်။

ကိုယ်ခန္ဓာ ဆိုသည်မှာ မိမိတို့ သာမန်မျက်စိဖြင့် ထိတွေ့ကိုင်တွယ်နိုင်သော မျက်စိ၊ နား၊ နှာခေါင်း၊ ဦးခေါင်း၊ ခြေလက် စသည်တို့ ဖြစ်၏။

နာမ်ခန္ဓာကတော့ မမြင်နိုင်၊ မတွေ့နိုင်၊ မထိနိုင်သောခန္ဓာတစ်မျိုးဖြစ်၏။ ပုံပန်းအားဖြင့် ကိုယ်ခန္ဓာမျိုးလည်းဖြစ်တတ်၏။ အာရုံကောင်းသူတချို့ တစ်ခါတစ်ရံ မြင်တွေ့တတ်သော နာမ်ခန္ဓာမှာ ပါးလွှာ၍ ထုတ်ချင်းပေါက်မြင်နိုင်စွမ်းရှိသည်ဟု ဆိုကြ၏။

စင်စစ် နာမ်ခန္ဓာမှာလည်း ရုပ်ခန္ဓာတစ်မျိုးသာဖြစ်ပြီး ကိုယ်ခန္ဓာက ရုပ်ကြမ်းသဘောဆောင်၍ နာမ်ခန္ဓာက ရုပ်နု၏။ ရုပ်နုယ်ပယ်က လွတ်မြောက်နေသောခန္ဓာတော့ မဟုတ်ချေ။ နူးညံ့သော ရုပ်တစ်မျိုးဖြစ်၍ ထိတွေ့သိမြင်နိုင်ခြင်းမရှိပေ။

မြန်မာစကားမှာ ပါဠိစကားများ ဝင်ရောက် မရောပြွမ်းမီက ယင်းနာမ်ခန္ဓာကို 'လိပ်ပြာ' ဟု ခေါ်ဝေါ်ခဲ့ကြ၏။

နာမ်ခန္ဓာ၊ နာမ်ခွာခြင်းနှင့်ပတ်သက်၍ သုတေသီတို့၏အဆိုကို တင်ပြနေခြင်းသာ ဖြစ်သည်။

လူတိုင်းမှာ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ နှစ်မျိုးရှိ၏။ တစ်ခါတစ်ရံ အကြောင်းတစ်ခုခုကြောင့် နာမ်ခန္ဓာသည် ကိုယ်ခန္ဓာမှခွာသွားနိုင်၏။ ဤသို့ ခွာသွားသောအခါမျိုးမှာ နာမ်ခန္ဓာတွင် အသိတရားများအားလုံးပါသွားပြီး ကိုယ်ခန္ဓာ အိပ်ပျော်ကျန်ရစ်၏။

နာမ်ခန္ဓာသည် ထွက်ခွာခါစတွင် ကိုယ်ခန္ဓာမှအနေအထားတိုင်း ထွက်ခွာတတ်သည်။ ဥပမာ အိပ်လျက်မှထွက်ခွာလျှင် အိပ်လျက်အနေအထားဖြင့် ထွက်ခွာပြီး အတော်မြင့်သောနေရာရောက်မှ မတ်မတ်ထောင်၏။ နာမ်ခန္ဓာမှ ပြန်လှည့်ကြည့်ပါက မိမိ၏ကိုယ်ခန္ဓာကို မြင်တွေ့နိုင်၏။ နာမ်ခန္ဓာမှာ အမှောင်



တွင်းမှာလည်း သွားလာနိုင်၏။ အမှောင်၊ အလင်း၊ အရောင်အဆင်းများသည် နာမ်ခန္ဓာမှကြည့်လျှင် ကွဲပြားခြားနားစွာတည်ရှိ၏။ ခြေလက်အင်္ဂါများ မလှုပ်ရှားဘဲ သွားလာနိုင်၏။ အနေး၊ အမြန်မှာကား ကျင့်သားရမှုအပေါ်တွင် တည်ရှိသည်။

နာမ်ခန္ဓာ၏နောက်စေ့မှ 'ငွေကြိုး' ကလေးသည် ကိုယ်ခန္ဓာနှင့်အမျှင်တန်းဆက်သွယ်လျက်ရှိသည်ဟု ဆိုသည်။ အလင်းရောင်ရှိပြီး ဖြူဆွတ်နေသောကြောင့် (**ငွေကြိုး** - Silver chord) ဟု ဆိုရသော်လည်း ငွေသတ္တုစစ်စစ်မဟုတ်ပါ။

အကြောင်းတစ်စုံတစ်ရာ ဖြစ်ပေါ်သောအခါ ယင်းငွေကြိုးတို့၍ နာမ်ခန္ဓာသည် ကိုယ်ခန္ဓာအတွင်းသို့ အရှိန်ပြင်းစွာနှင့် ဝင်ရောက်တတ်သည်။ ထိုအခါ လူသည် အိပ်ရာမှကြောက်လန့်တကြားနိုးလာသလိုမျိုးဖြစ်၍ နာမ်ခန္ဓာမြင်တွေ့ခဲ့ရသည်များလည်း မေ့ပျောက်သွားတတ်သည်။ အချို့သောအိပ်မက်များမှာ နာမ်ခန္ဓာထွက်သောအိပ်မက်များဖြစ်နိုင်သော်လည်း ယင်းအိပ်မက်မျိုး အလွန်ရှားပါးသည်။

အနောက်နိုင်ငံအချို့၌ မိမိခန္ဓာကိုယ်မှ နာမ်ခန္ဓာထွက်ခြင်း(Astral projection) အတတ်ကို လေ့ကျင့်ကြ၏။ မိမိ၏ အလိုအတိုင်း မိမိနှစ်သက်သည့်အချိန်မှာ နာမ်ခန္ဓာကို ကိုယ်ခန္ဓာမှထွက်ခွာစေခြင်း ဖြစ်သည်။

ဤအတတ်သည် ဂန္ဓာရီအတတ်မဟုတ်ပါ။ မနောတန်ခိုးနှင့် မနောလမ်းစဉ်သက်သက်ဖြစ်လေ၏။ လေ့ကျင့်သူတိုင်း အနည်းနှင့်အများ အောင်မြင်ကြ၏။ ကိုယ်တိုင်လေ့ကျင့်နည်းစာအုပ်များလည်း ဘာသာအတော်များများနှင့် ထွက်ပေါ်လာပြီ ဖြစ်၏။

နာမ်ခန္ဓာထုတ်ခြင်းမှာ အန္တရာယ်ရှိ မရှိကိုတော့ သုတေသီတို့ကြားမှာ အငြင်းပွားဆဲဖြစ်သည်။ အချို့ကတော့ အန္တရာယ်မရှိဟု ဆိုကြ၏။ တချို့ကတော့မူ 'ငွေကြိုး' ကလေးပြတ်သွားပါက နာမ်ခန္ဓာသည် ကိုယ်ခန္ဓာဆီပြန်မရောက်တော့ဘဲ လူသေဆုံး၍ဘဝကူးသွားနိုင်သည်ဟု ဆိုကြသည်။

တစ်ခါတစ်ရံ နာမ်ခန္ဓာသည် အိပ်ပျော်စဉ်မှာ ထွက်ခွာတတ်၏။ လေ့ကျင့်ထားသူများကမူ တမင်ထုတ်လွှင့်၍ထွက်ခွာတတ်သည်။ ထို့ပြင် သတိမေ့လျော့သူများလည်း နာမ်ခန္ဓာထွက်တာတွေ့ရလေ့ရှိသည်။ ကိုယ်ခန္ဓာသို့ ပြန်လည်ဝင်လာလျှင်၊ သတိပြန်ရလာလျှင် တချို့ကိစ္စရပ်များ အသေးစိတ်မှတ်မိနေတာလည်းရှိတတ်၏။ လုံးဝမမှတ်မိသည်လည်းရှိ၏။ နာမ်ခန္ဓာထွက်ခြင်းကို မြန်မာတို့က 'လိပ်ပြာလွင့်တယ်' လို့ ဆိုကြသည်။

ဂန္ဓာရီလမ်းစဉ်မှာ မနောတန်ခိုးကို အခြေခံသော်လည်း သဘာဝလွန်ဖြစ်ရပ်များ၊ အလွန်အကျွံတန်ခိုးများကို တောင်းဆိုလာသောကြောင့် လူတွေ၏ စိတ်ထဲမှာလည်း မနောတန်ခိုးကို သဘာဝလွန်တန်ခိုးများအဖြစ် ရှုမြင်လာကြသည်။

သို့ဖြစ်ရာ မယုံကြည်သူများက ဂန္ဓာရီကို လက်တွေ့မပါ၊ သိပ္ပံနည်းမကျဟု ရှုတ်ချရင်းဖြင့် မနောတန်ခိုး (သမထ) အကျင့်ကိုပါ ရောထွေးပါသွားတော့၏။

ဂန္ဓာရီဆရာယောင်ယောင်များ၏ လိမ်လည်လှည့်ဖြားမှုကြောင့် ဂန္ဓာရီပညာ၏ သဘာဝလွန်တန်ခိုးများကို လူအများက မယုံမကြည်ဖြစ်လာကြတာနှင့်အမျှ မနောတန်ခိုးကို အခြေခံသော သမထကျင့်စဉ်များကိုပါ အမြင်တစ်မျိုးဖြစ်လာကြ၏။ သို့ဖြစ်ရာ မနောတန်ခိုး၊ သမထကျင့်စဉ်များကို ဘာသာရေးလမ်းစဉ်များနှင့်နှီးနှောပြီး တတ်အားသရွေ့ မှန်မှန်ကန်ကန် လေ့လာသင့်၏။

မနောတန်ခိုးလမ်းစဉ်၏ အခြေခံအချက်အလက်များကို သိရှိ လေ့ကျင့်ထားပါက အရာရာမှာ အယူမစောင်းခြင်း၊ ကြောင်းကျိုးဆင်ခြင်တတ်ခြင်း၊ လူသား၏စိတ်တန်ခိုးစွမ်းအင်မှာ များစွာသော ပရလောကသမားတို့တွင်ရှိသည်ဆိုသောတန်ခိုးထက် သာလွန်သည်ကို ကိုယ်တိုင်သိမြင်ရခြင်း စသော အကျိုးကျေးဇူးများရနိုင်၏။ မိမိတို့ကိုးကွယ်ရာဘာသာအသီးသီးမှာရှိသော ဒေသနာပြဋ္ဌာန်းချက်များကို ရှင်းလင်းစွာသဘောပေါက်လွယ်ခြင်းတို့ကို ဖြစ်စေနိုင်လေသည်။

(ဆက်ရန်)

ထုံးတောင်-အရှင်ဓမ္မပီယ (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

# ကိုလိုနီခေတ်သင်္ချာအမြန်တွက်နည်းစာအုပ်



ဂဏန်းသင်္ချာ ဟူ၍ ပေါ်ပေါက်လာခဲ့ပြီးနောက်ပိုင်း လူသားတို့သည် သင်္ချာအမြန်တွက်နိုင်ရန် စဉ်းစားလာကြသည်ဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် အခြေခံအကျဆုံးဖြစ်သောဂဏန်းပေါင်းခြင်းကို အလျင်အမြန် တွက်ချက်နိုင်ဖို့ စဉ်းစားခဲ့ကြဟန်ရှိသည်။ ပေသီးတွက်ခုံသည် ဂဏန်းအပေါင်း၊ အနုတ်လွယ်ကူရေးအတွက် တီထွင်ကြံဆလာခဲ့သည့် အရိုးစင်းဆုံးကိရိယာ ဖြစ်လေသည်။ ထို့နောက် အပေါင်း၊ အနုတ်ကိုသာမက အမြှောက်၊ အစားကိုပါ ပေသီးတွက်ခုံဖြင့် တွက်ချက်လာနိုင်ကြသည်။

အနောက်နိုင်ငံများတွင် သင်္ချာအမြန်တွက်နိုင်ရန် ဂဏန်းတွက်စက်များ တီထွင်ခဲ့ကြသည်။ ဂဏန်းတွက်စက်သည် ယနေ့ခေတ် ကွန်ပျူတာများ၏ အခြေခံဖြစ်ပါသည်။ ကင်းဝန်မင်းကြီး ဦးကောင်း အင်္ဂလန်သို့သွားရောက်စဉ်က ဂဏန်းတွက်စက်ကို တွေ့ခဲ့ရသေး၏။ ဇူ၊ စက်တင်ဘာ၊ ၁၈၇၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ နယူးကာတ်ဆယ်သို့ ရောက်ရှိစဉ် တွေ့မြင်ခဲ့ရခြင်း ဖြစ်သည်။ ကင်းဝန်မင်းကြီး ဦးကောင်းအဖို့ မြန်မာပြည်တွင် ဂဏန်းသင်္ချာသင်ယူစဉ်က 'နောဇကေနော' လက်ဖြင့်သာ သင်ယူခဲ့ဖူးရာ ဂဏန်းတွက်စက်ကို တွေ့ရသောအခါ အထူးအံ့ဩသွားခဲ့ဟန်ရှိပါသည်။

ကင်းဝန်မင်းကြီးက သူ၏ နေ့စဉ်မှတ်တမ်းတွင် -

◆ *ကပ္ပတိန်နိုးက သဘောဉာဏ်နှင့် ထိုးထွင်းကြံစည်လုပ်ဆောင်သည့် ဂဏန်းစက်ကိုပြသည်။ ၎င်းစက်နှင့် ဂဏန်းကိုးလုံးကိုထည့်၍ ဂဏန်းကိုးလုံးနှင့်မြှောက်နိုင်သည်။ အလိုရှိသမျှ စားနိုင်သည်။ အလိုရှိသမျှ ပေါင်းနိုင်သည်။ အမြှောက်၊ အနှော၊ အစား၊ အနုတ် အလွန်မှန်သည်များကို တွက်ချက်ပြသကြည့်ရှုရသည်။ အလွန်ထူးဆန်းအံ့ဩဖွယ်ရှိလှပေသည်။*

ဟူ၍ ရေးသား ဖော်ပြထားပါသည်။

အင်္ဂလန်တွင် ကင်းဝန်မင်းကြီး ဦးကောင်း တွေ့မြင်ခဲ့ရသည့် ဂဏန်းတွက်စက်မျိုးက မြန်မာပြည်သို့ အချိန်အတန်ကြာ ရောက်ရှိလာခဲ့ဟန် မတူပေ။ သို့တည်းမဟုတ် သာမန်အရပ်သုံးအဖြစ် မရောက်ရှိခဲ့ခြင်းလည်း ဖြစ်ပေလိမ့်မည်။ တရုတ်နွယ်ဖွား စီးပွားရေးလုပ်ကိုင်သူများကတော့ ပေသီးတွက်ခုံကိုသာ အလေးထား သုံးစွဲခဲ့ကြသည်။ ကိုလိုနီခေတ်ဦးကာလတွင် ဂဏန်းတွက်ချက်နည်းကို သမားရိုးကျမဟုတ်ဘဲ လွယ်ကူမြန်ဆန်လာအောင်တီထွင်ခဲ့သူက ဦးကျော်ရန်ဖြစ်မည်ဟု ထင်ပါသည်။

ဦးကျော်ရန်ကို ပညာရှိတစ်ဦးအဖြစ်အသိအမှတ်ပြုကြသည်။ ဦးကျော်ရန်သည် ၁၉၀၆ခုနှစ်က 'လထပ်ရက်ငင်အကျဉ်းတွက်ပုံ' စာအုပ်ကို ရေးသားပြုစုသကဲ့သို့ 'အင်္ဂလိပ်နှင့်မြန်မာလက်ချိုးပြက္ခဒိန်တွက်ပုံစာ' ကိုလည်း ၁၉၀၉ ခုနှစ်တွင် တီထွင်ရေးသား ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်တန်းကျောင်းနေဖူးပြီး ဂဏန်းသင်္ချာသင်ထားသောလူငယ်များအတွက် မြန်မာပြက္ခဒိန်တွက်နည်းကို ရေးသားထားခြင်း ဖြစ်ပါသည်။

ဦးကျော်ရန်၏ လက်ချိုးပြက္ခဒိန်က စိတ်ဝင်စားဖွယ်ဖြစ်သည်။ မြန်မာ ခု၊ လ၊ ရက်၊ အင်္ဂလိပ် ခု၊ လ၊ ရက်ကို မည်သည့်နေ့တွင် ကျရောက်ကြောင်း အလွယ်တကူသိရှိနိုင်စေရန် တီထွင်ထားခြင်းဖြစ်သည်။ သို့သော် မည်သို့မည်ပုံ တီထွင်တွက်ချက်ထားသည်ကိုမူ မသိရပေ။ ဥပမာအဖြစ် မင်း၊ မိဖုရားများ၊ မင်းသားများ၏ မွေးနေ့ရက်စွဲများကို တွက်ချက်ပြထားပြီး ခရစ်နှစ်ပိုင်းတွင်လည်း အက်ဒွပ်ဘုရင်၏မွေးနေ့ကို တွက်ချက်ပြထားပါသည်။

သင်္ချာအမြန်တွက်နည်းနှင့် ပတ်သက်၍ ၁၉၂၆ခုနှစ်ကလည်း စာအုပ်တစ်အုပ် ပေါ်ထွက်ခဲ့ဖူးပါသည်။ ယင်းစာအုပ်ကိုရေးသားပြုစုသူက ပုဇွန်တောင်နေရှင်နယ်ဟိုက်စကူးကျောင်းဆရာကြီး ဦးမောင်မောင်၏သမီး မဇကြွယ်ဆိုသူဖြစ်ပါသည်။ အမျိုးသမီးတစ်ဦးက တီထွင်တွက်ချက်ကာ စာအုပ်ထုတ်ဝေထားခြင်းကလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ ယင်းစာအုပ်အမည်ကို ထိုခေတ်ကာလထုံးစံအတိုင်း ခံ့ခံ့ညားညား ပါဠိဘာသာဖြင့် 'ဇဝနသမ္ဘနသင်္ချာ' ဟု အမည်ပေးထားပါသည်။ တိုက်ရိုက်အဓိပ္ပာယ်ဖြင့်ဆိုပါလျှင် သင်္ချာအမြန်ပေါင်းနည်းဟု ဆိုနိုင်မည်ထင်ပါသည်။

၂၄- ၇- ၁၉၂၆ ရက်စွဲပါ ဒီးဒုတ်ဂျာနယ်မှာ စာအုပ်ကြော်ငြာထည့်သွင်းခဲ့ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**ထူးဆန်းသောစာအုပ်အကြောင်း**

◆ *ကျပ်၊ ပဲ၊ ပိုင် သို့မဟုတ် ကျပ်၊ မတ်၊ မူး၊ ပဲ၊ ပြားတို့ကို ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေတိုင်စာရင်းဖတ်၍ဆုံးသည်နှင့်တစ်ပြိုင်နက် ပေါင်းနိုင်သော 'ဇဝနသမ္ဘနသင်္ချာ' စာအုပ်ကို ရိုက်နှိပ်ရာ ပထမစာပုံနှိပ်တိုက်နှင့်က မကျေနပ်ဖွယ်သော အမှုကိစ္စကိုပြုလုပ်တဲ့အတွက် အခြားတိုက်၌ တစ်ဖန်အလီလီရိုက်နှိပ်ရသဖြင့် ဤကဲ့သို့ ကြန့်ကြာနေရခြင်းများကို အထူးသဖြင့် လေးမြတ်စွာ တောင်းပန်၍ ဇွန်လ ၁၄ ရက်နေ့ကစ၍ မှာထားသောမိတ်ဆွေတို့ထံ အဆောတလျင် တင်ပို့ပါမည်။*

*ဤစာအုပ်ကို ပုဇွန်တောင်နေရှင်နယ်ဟိုက်စကူးကျောင်း မြန်မာပညာရှိပရိုဖက်ဆာ ဆရာကြီးဦးမောင်မောင်၏ သမီး (မဇကြွယ်) စီရင်ရေးသားပါသည်။*

*ယခု ပထမအကြိမ်၌ စာအုပ်ရေ (၁၀၀၀၀) ရိုက်နှိပ်သော်လည်း အနည်းငယ်လောက်သာ ကြွင်းကျန်လိမ့်မည်ဖြစ်ပါသည်။*

ဟူ၍ ဖြစ်သည်။

စာအုပ်ကြော်ငြာအရ ဒေါ်ဇကြွယ် ရေးသားစီရင်သည့်စာအုပ်က အုပ်ရေ (၁၀၀၀၀) ပင် ရောင်းမလောက်ခဲ့ဟန်ရှိရာ အလွန်ရောင်းကောင်းသော စာအုပ်တစ်အုပ်ဟု ဆိုနိုင်ပါသည်။ သူ့ခေတ်သူ့ခါအလျောက် ခေတ်မီစာအုပ်တစ်အုပ်ဟုဆိုနိုင်ပါသည်။ နောက်ပိုင်းခေတ်တွင် ထွာတင်ဘတ်၏သင်္ချာအမြန်တွက်နည်း စာအုပ်မျိုးပေါ်ထွက်လာခဲ့သည်။ တီထွင်သူက အလွယ်တကူ တီထွင်ခဲ့ရခြင်းမျိုးတော့ မဟုတ်ပေ။ အကျဉ်းစခန်းအတွင်း အကျဉ်းသားအဖြစ်နေခဲ့ရစဉ်က တီထွင်ခဲ့ခြင်းဖြစ်သည် ဆိုသည်။

ယခု ဒေါ်ဇကြွယ် ရေးသားသည့် စာအုပ်က ကိုလိုနီခေတ်ကပင် တီထွင်တွက်ချက် ရေးသားခဲ့သည့် စာအုပ်မို့ ချီးမွမ်းဖွယ်ဖြစ်ပါသည်။ သို့သော် ယင်းစာအုပ်ကို ကြော်ငြာမှလွဲ၍ မတွေ့ဘူးသေးသဖြင့် မည်သို့တွက်ချက်သည်ကိုမူ မသိရပေ။

တင်နိုင်တိုး

**ကျမ်းကိုး -**

၁။ ဒီးဒုတ်ဂျာနယ်(၂၄-၇-၁၉၂၆)ပါ စာအုပ်သတင်း

၂။ ကင်းဝန်မင်းကြီး၏ လန်ဒန်သွားနေ့စဉ်မှတ်စာတမ်း



www.burmeseclassic.com

www.burmeseclassic.com

# မင်းဟိန်းထိုက်

## ရွာကိုမျောက်နှောင်ဝင်ခြင်းဆိုးကျိုးနှင့် ဘိုးညိဘာ



ဤနေ့သည်ကား မောင်အေးချမ်းတို့ရွာကိုလောင်မီးကျသကဲ့သို့ မကောင်းကျိုးကို စတင်၍ပေးသောရက်ဆိုးကြီးတစ်ရက်ဟု ဆိုနိုင်လေသည်။ ပြုပြင်ရန်ခက်သော ဆိုးကျိုးကြီးပင် ဖြစ်သည်။ ထို့ကြောင့် အသည်းတထိတ်ထိတ်ရင်တဖိုဖိုဖြင့် နားမလည်နိုင်လောက်အောင်လည်းဖြစ်ခဲ့ကြရသည်။ ရွာသူရွာသားများ တစ်ယောက်ပြီးတစ်ယောက်သေဆုံးကုန်ကြသဖြင့် ရွာကိုစွန့်ခွာရန်ဆုံးဖြတ်ပြီး တချို့ သားသမီးများကိုပင်ဆွေမျိုးများရှိသောရွာသို့ တိတ်တဆိတ်ပို့သူကပို့ကြကုန်ပြီ။ ထို့ကြောင့် တစ်ရွာလုံးချောက်ချားလျက်ပင်ရှိနေလေသည်။

တချို့ အကြောင်းမသိသော ဆွေမျိုးများ၊အသိမိတ်ဆွေများ ရွာကိုရောက်လာလျှင်ပင် ချွေးမတိတ်မီ ချက်ချင်းပြန်သွားကြရန်ကို (တီးတိုး) ပြောပြီးလွှတ်လိုက်ကြ၏။ ရှေးအခါက ထိုမျှအထိကြောက်မက်ဖွယ်ကောင်းသော အဖြစ်ဆိုးကြီးကို တစ်ကြိမ်တစ်ခါမျှပင် မခံစားခဲ့ကြဘူးပေ။ ထို့ကြောင့်လည်း အထိန်းမဲ့ကြောက်လန့်နေကြခြင်း ဖြစ်၏။

ထိုအဖြစ်ဆိုး၏ နိဒါန်းသည်ကား ဤသို့ပင် စခဲ့လေသည်။

ထိုနေ့က မောင်မြင့်ဆွေ (ယခုကွယ်လွန်) သည် လောက်လေးတစ်လက်ဖြင့် ငှက်ချောင်းရန် နတ်တောင်ကိုသွားသည်။ နတ်တောင် ဟူသည်မှာ တောရွာတို့၏ သဘာဝအလျောက် ရွာစောင့်အရှင်အဖြစ် ကိုးကွယ်ထားကြသောနတ်ပင်ကြီးရှိနေ၍ပင် နတ်တောင်ဟု ခေါ်ကြခြင်းဖြစ်သည်။

နတ်တောင်သည် မားလွယ်ခွသဖွယ် လယ်တစ်ကွင်းခြားပြီး ရွာတည်ထားကြသောအောက်ရွာ၏တောင်ဘက်၊ အထက်ရွာ၏အရှေ့မြောက်ထောင့်တွင်တည်ရှိ၏။ နှစ်ရွာလုံးနှင့်လည်း လောက်လေးတစ်ကမ်းမျှသာလှမ်း၏။

မောင်မြင့်ဆွေသည် ငှက်ချောင်းရင်း ချုံပုတ်ထဲတွင် မျောက်နှောင်တစ်ကောင်ကို တွေ့သည်။ မျောက်နှောင်ဟူသည်မှာ ကိုယ်လုံးလက်သီးဆုပ်ခန့်၊ အရှည်တစ်ထွာခန့်နှင့် အမြီးလက်တစ်ဆစ်ခန့် ဖွဲနုရောင်ရင့်ရင့် ဖြစ်၏။

မောင်မြင့်ဆွေသည် မျောက်နှောင်ကို မြင်သည်နှင့် လောက်လေးဖြင့်ပစ်လေ၏။ မောင်မြင့်ဆွေသည်ကား လောက်လေးပစ်၍ အလွန်လက်ဖြောင့်၏။ ထို့ကြောင့် မျောက်နှောင်ကို ပစ်တိုင်းထိ၏။ သုံး၊ လေးချက်ထိသော်လည်း အောက်သို့ မျောက်နှောင် ပြုတ်မကျပေ။

သားကောင်များစွာတို့အထဲတွင် မျောက်နှောင်နှင့် လင်းရှဉ့် (ရှဉ့်ငပေါ) တို့သည် အသက်အပြင်းဆုံးဟု ထင်၏။ လောက်စာသီး အချက်နှစ်ဆယ်၊ အစိတ်ခန့်လောက်ထိသော်လည်း သစ်ပင်ပေါ်မှမျောက်နှောင်ပြုတ်မကျသလို လင်းရှဉ့်သည်လည်း ထိုနည်းလည်းကောင်းသာ ဖြစ်၏။ အလွန်မာဂုဏ်မြင့်ပြီး အသက်ပြင်းသောသားကောင်မျိုး ဖြစ်၏။

ထို့ကြောင့် ယခု လောက်စာသီးသုံးချက်ထိသော်လည်း အောက်သို့ပြုတ်မကျသဖြင့် မောင်မြင့်ဆွေအံ့ဩမလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သွား၏။ ထို့နောက် လောက်လေးဖြင့် ဆက်ပစ်၏။ ထို့ကြောင့် လောက်စာသီး မျောက်နှောင် တွယ်နေသောကိုင်းကိုပါ ထိသဖြင့် ကိုင်းပြတ်ကာ မျောက်နှောင် အောက်သို့ပြုတ်ကျလေ၏။

ထိုအခါ မျောက်နှောင်သည် ချုံဖြင့် မျောက်နှောင်လိုက်ပစ်နေသည်ကို မြင်လျှင် ရွာဦးမှခွေးများတစ်ကောင်ပြီး တစ်ကောင် ထွက်လာကြပြီး ဆူဆူညံညံဖြင့် ဝိုင်းဟောင်ကြလေသည်။ မျောက်နှောင်ကို မြေးဆွဲသောခွေးများလည်းဆွဲကြသည်။ မျောက်နှောင်ကလည်း ပြန်ကိုက်သည်။



ပေါ်ကို ပြန်မတက်ဘဲ အထက်ရွာဘက်ကိုသာ မနေ့မမြန်သွားနေလေသည်။ (မျောက်နှောင်များကား ပြေးလေ့မရှိ) မောင်မြင့်ဆွေက လောက်လေးဖြင့် တဖြောက်ဖြောက်လိုက်ပစ်၏။ နတ်တောင်နှင့် အထက်ရွာသည်လည်း လောက်လေးတစ်ကမ်း (လယ်လေးသုံး၊ လေးကွက်၊ တစ်ဖာလုံ) မျှသာ လှမ်း၏။

မောင်မြင့်ဆွေက လောက်လေးမာဂုဏ်မြင့်သော မျောက်နှောင်က ခွေးကိုက်သည်ကို သိပ်ပြီးမဖြုံသော်လည်း မျောက်နှောင်ပြန်ကိုက်သောခွေးမှာ တဂိမ်ဂိမ်အော်ပြီး ချာချာလည်သွားတတ်လေသည်။

အထက်ရွာတောင်ခြေအနားသို့ရောက်လျှင် ခွေးတစ်ကောင်က မျောက်နှောင်၏ခါးကို တအားကိုက်ပြီး ဆွဲယမ်းလိုက်သဖြင့် မျောက်နှောင်သည် ခွေးပါးစပ်မှ ပြုတ်ကာ မြောက်တက်သွားပြီး ရွာဦးက ဒေါ်အေးမြ၏ခြံထဲသို့ ဖုတ်ခနဲ ကျသွားလေသည်။

ထိုအချိန်၌ ရွာထဲမှ လောက်



www.burmeseclassic.com

www.burmeseclassic.com

လေးကိုင် ကာလသားသုံး၊ လေးယောက် ရောက်လာကြ၏။ ထို့ကြောင့် အတော် လေးပင် ဆူညံသွား၏။ ဒေါ်အေးမြ၏ ခြံထဲသို့ ပြေးဝင်သော လူငယ်များက လည်း ဝင်ကြ၏။

ဒေါ်အေးမြကလည်း မျောက် နှောင်ဝင်လျှင် ရွာပျက်တတ်သည်၊ လူ သေတတ်သည်ဟုကြားဖူးထား၍ သူ့ခြံ ထဲမှ မျောက်နှောင်ကို မောင်းထုတ်ပေး ရန် အတင်းအော်ပြောသဖြင့် လူငယ် များက ဝါးလုံးဖြင့် မျောက်နှောင်ကို ကော်ထုတ်လိုက်ကြရာ မျောက်နှောင် ရွာပြင်က လယ်ကွင်းထဲသို့ ကျသွားပြန် လေသည်။

ထို့နောက် ဒေါ်အေးမြ၏ခြံဘက် သို့ မျောက်နှောင်မလာနိုင်အောင် ရိုက် ပုတ်၊ ကော်ထုတ်၊ မောင်းလွှတ်ကြသဖြင့် မျောက်နှောင်သည် အောက်ရွာဘက်သို့ သာ ဦးတည်ပြီးသွားပြန်လေသည်။

ထိုမျှအထိ လောက်လေးဖြင့်ပစ်၊ ခွေးကိုက်၊ ရိုက်ပုတ်နေကြသော်လည်း မျောက်နှောင်သည် မသေသည့်အပြင် လဲပင်မလဲဘဲ ကုန်းကွကုန်းကွဖြင့် အောက်ရွာဘက်ကိုသာ ဦးတည်ပြီး ခပ်နှေးနှေးသွားနေလေသည်။

အောက်ရွာနှင့် အထက်ရွာသည် ထိုနေရာမှ နှစ်ဖာလုံနီးပါးခန့်လှမ်းသည့် လယ်ကွင်းပြင်ဖြစ်သည်။ မျောက်နှောင် သည် ထိုလယ်ကွင်းကိုဖြတ်ပြီး အောက် ရွာက ဒေါ်ငယ်မ၊ မောင်အေးချမ်းတို့ ဘွားလေး (ယခုကွယ်လွန်) ခြံထဲသို့ ဝင် သွားပြန်လေသည်။

ထိုအခါ ဒေါ်ငယ်မသည်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် ကုန်း အော်လေ၏။ ဒေါ်ငယ်မ၏ခြံသည် ငှက် ပျောခြံဖြစ်ပြီး ခြံ၏အစပ်နှင့် အိမ်နားမှာ သား သရက်ပင်၊ ပိန္နဲပင်လေး၊ ငါးပင် ရှိသည်။ထိုအပင်များကို တက်ခွင့်မရ အောင်ဆီးရိုက်ထားကြ၍ မျောက်နှောင် သည် ဒေါ်ငယ်မ၏ ငှက်ပျောခြံကိုဖြတ် ကာ ကိုအေးချမ်းဦး (ယခုကွယ်လွန်) ၏ ကွမ်းသီးခြံထဲသို့ ဝင်သွားလေ၏။

ညနေပိုင်းသို့ရောက်လာ၍ လယ် တော၊ ယာတော နွားကျောင်း၊ ကျွဲ ကျောင်းမှပြန်လာကြသော လူငယ် ကာလသား အတော်များများတို့သည် လည်း စုဝေးရောက်လာနေကြ၏။

ထို့ကြောင့် လောက်လေးဖြင့် ဝိုင်း ပစ်ကြရာ ကွမ်းသီးရွက်ပြတ်တောက်ပြီး မျောက်နှောင်သည် ခြံအစပ်မှစမ်းချောင်း အိုင်ထဲသို့ ကျသွားလေ၏။လောက်လေး သမားများကလည်း မျောက်နှောင်ကို ချောင်းထဲမှ ပြန်တက်ခွင့်မပြုကြတော့ ပေ။ လောက်လေးဖြင့် ဝိုင်းပစ်၊ ခဲ နှင့်ပေါက်၊ ဝါးလုံးများဖြင့် ထိုးနှစ် တစ်အောင့်ကြာအောင်လုပ်လိုက်ကြမှ မျောက်နှောင်သေသွားလေသည်။

မျောက်နှောင်သေသွားပြီးမှ ဝါး လုံးဖြင့် ထိုးကော်ကာ ကမ်းစပ်သို့ ဆယ် ယူပြီးဝိုင်းကြည့်ကြ၏။ မျောက်နှောင် အသက်ပြင်းသည့်အကြောင်းကိုပြောပြီး လည်း တဟားဟားဖြင့်ရယ်ကြ၏။

ထိုအချိန်မှာပင် အရပ်လူကြီး အချို့နှင့် ကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော် (ယခုကွယ်လွန်)တို့ ရောက်လာကြ၏။ ရွာလူကြီးများ မျက်လုံးပြူးသွားကြလေ သည်။ ထို့နောက် မျောက်နှောင်ကို သတ်လိုက်ကြသော လူငယ်ကာလသား များအား အကြီးအကျယ် ဆူဆဲကြိမ်း မောင်းကြလေသည်။

မျောင်နှောင် ရွာကိုဝင်လျှင် လူ သေတတ်သည့်အကြောင်း၊ ရွာပျက် တတ်သည့်အကြောင်း၊ ရွာကိုဝင်သော မျောက်နှောင်အားသတ်လျှင် ပို၍ပင် ဆိုးတတ်သည့်အကြောင်း၊ ထို့ကြောင့် လွန်ခဲ့သော အချိန်တစ်ခုက ဦးလှကျော် (ယခုကွယ်လွန်)၏ အိမ်ခြံထဲသို့ မျောက် နှောင်ဝင်ရာ ရွှေရေ၊ ငွေရေ လောင်းပြီး သာ တောထဲကို ပြန်လွှတ်လိုက်သည့် အကြောင်း၊ ထို့ကြောင့် ဦးလှကျော် စီးပွားတက်သည့်အကြောင်း၊ ယခုရွာ ကိုဝင်သော မျောက်နှောင်ကိုသတ်လိုက် ကြသောကြောင့် ဖီးကျ (ဘေးဆိုးဒဏ် ဆိုး၊ အန္တရာယ်ဆိုးများကျ) ရောက်တော့ မည် ဖြစ်ကြောင်းများကို ပြောဆိုကာ မျောက်နှောင်ကို သတ်လိုက်ကြသော လူငယ် ကာလသားများအား မရိုက်ရုံ တမည် ဆူပူကြိမ်းမောင်းကြလေသည်။

သို့သော် ဦးလှကျော်၏ အိမ်ခြံ ထဲကို မျောက်နှောင်ဝင်သောအချိန်က ယခု ဆူပူကြိမ်းမောင်းနေသော အုပ်စု ကောင်စီဥက္ကဋ္ဌဖြစ်နေသည့် ဦးထွန်း ကျော်သည်ပင် ကျောင်းသားကြီးအရွယ် မျှသာရှိသေး၍ ယခုမျောက်နှောင်ကို သတ်လိုက်ကြသောလူငယ်ကာလသား များမှာမူ တစ်ယောက်မျှပင် မမွေးသေး ပေ။

ထို့ကြောင့်လည်း မျောက်နှောင် ကိုသတ်လျှင် ဆိုးကျိုးပေးတတ်သည့် အကြောင်းကို မသိ၍ပင် အုပ်စုဖွဲ့ပြီး မသေသေအောင် သတ်လိုက်ကြခြင်း ဖြစ်သည်။ မျောက်နှောင်ရွာကိုဝင်လျှင် ဆိုးကျိုးပေးတတ်သည်၊ လူသေတတ် သည်ဟု ကြားဖူးနေကြသောကြောင့် လည်း ကြောက်ကြောက်ဖြင့်တမင်သတ် လိုက်ကြ ခြင်းဖြစ်၏။

ယခုမှ ဘာမှမတတ်နိုင်တော့။ ရွာလူကြီးများမှာ သုတကာရ ဗိသုကာရ ကြီးဟု တင်စားရမလောက် အသိဉာဏ် ကြီးသော သက်တော်ရှည် ဘိုးသြဘာ ကြီးဆီကိုသာ ပြေးကြရလေသည်။ ဤ ကိစ္စကို ရွာသူရွာသားများ ဘေးဥပဒ် မကျရောက်အောင် ငြိမ်းချမ်းသောနည်း ဖြင့် ဖြေရှင်းပေးနိုင်မည့် ပုဂ္ဂိုလ်မှာ ဘိုးသြဘာမှတစ်ပါး အခြားမရှိနိုင်ဟု လည်း ယုံကြည်အားကိုးကြသည်။

သို့သော်လည်း ကံကားမကောင်း ကြပေ။ ဘိုးသြဘာကို မတွေ့ရဘဲ ဖိုရုံ လေး၏ရှေ့တွင် ထင်းခွဲနေသော မုဆိုး ဟောင်း စိုင်ဘောင်ချင်းအမျိုးသားကြီး ဦးကိုလေးကိုသာ တွေ့ကြရသည်။

ဦးကိုလေးကို မေးမြန်းကြည့်ရာ တွင်လည်း ဘိုးသြဘာသည် ဆေးမြစ် ရှာ၊ ဆေးပေါင်းဖမ်းရန်အတွက် မြင် မတိမ်တောင် (မြင်းကုန္ဒေတောင်) ကို ထွက်သွားသည်ဟုသာ ပြောပြ၏။

မည်မျှကြာမည်ဟူ၍လည်း မခန့် မှန်းနိုင်ကြပေ။ ဘိုးသြဘာလည်း ခရီး သွားလျှင် ပြန်ရောက်မည့်ရက်ကို မည် သည့်အခါမျှ ပြောထားခဲ့လေ့မရှိတော့။ ထို့ကြောင့် ရွာလူကြီးများမှာ များစွာ အကျပ်ရိုက်သွားကြလေ၏။ မျောက် နှောင်၏ ဆိုးကျိုးကို ကြားဖူးထားကြ၍ လည်း အကြောက်ကြီးကြောက်နေကြ လေသည်။

ထိုညမှာပင် သုသာန်ဘက်က ဝါကျိုးလေ၏။ ဝါကျိုးသည်ဟုဆိုခြင်းမှာ ငှက်ဆိုးထိုးခြင်းပင် ဖြစ်၏။ ကြက်မတမ်း ခန့်ရှိ ကိုယ်လုံး အနီ၊ အနီနက်နှင့် လည် ပင်းဖြူသော ချိုးသိမ်းကြီး(ငှက်ဆိုး)အော် ခြင်းပင်ဖြစ်၏။အသံသည် အလွန်အမင်း ကြောက်ဖွယ်ကောင်း၏။ ကလေးသူငယ် များ၏လည်ပင်းကိုအညှစ်ခံရ၍ မချိမဆံ့ အော်သောအသံမျိုး ဖြစ်၏။ ကြားရသူ တိုင်း ကြက်သီးမွေးညင်းထမိကြ၏။

ဝါကျိုးသံကိုကြားရလျှင် ပက်လက် အိပ်နေသူများအား တစောင်းလုပ်ပေးရ ၏။ သို့မဟုတ်လျှင် လိပ်ပြာနုတ်တတ် သည် ဟု ဆိုကြ၏။ သုသာန်ဘက်က ဝါကျိုးလျှင် ရွာမှာ လူနာရှိက သေဆုံး တတ်၏။ လူနာမရှိလျှင်လည်း ရွာကို ပရိတ်နာပစ်ရ၏။ ဝါကျိုးသံသည် ထိုမျှ အထိပင် ကြောက်ခမန်းလိလိဖြစ်ရ၏။

ယခုတွင်မူ ရွာထဲသို့ဝင်သော မျောက်နှောင်တစ်ကောင်ကို သတ်ထား ကြ၏။ ထို့ကြောင့် တစ်ရွာလုံး တုန်လှုပ် ချောက်ချားနေကြသည့်အထဲတွင် ည သန်းခေါင်မတိုင်မီအချိန်၌ သုသာန် ဘက်က ဝါကျိုးသံကို ကြားကြရ၏။ ရွာ

www.burmeseclassic.com

www.burmeseclassic.com

ထဲတွင်လည်း ရွှေတင်မ အမည်ရှိသော အမျိုးသမီးတစ်ယောက် နေထိုင်မကောင်းဖြစ်၍ရှိ၏။

ရွှေတင်မ နေထိုင်မကောင်းဖြစ်နေသည်မှာကြာခဲ့ပြီ။ အမျိုးသမီးရောဂါတစ်မျိုးဖြစ်သည့် ကိုယ်ဝန်ဖျက်ကျရာမှ မကြာခဏ သွေးဆင်းသောရောဂါကို ခံစားနေရ၏။ ထိုညကုန်၍ တစ်မိုးသောက်လာရာ ညနေသုံးနာရီကျော်အချိန်မှာပင် ရွှေတင်မ ကွယ်လွန်သွားလေသည်။ ထို့ကြောင့် မျောက်နှောင်ဆိုးကျိုးပေးပြီ ဟူ၍ပင် ယူဆလိုက်ကြသည်။

ဤသည်မှာ ယခင်ကပင် ရှာ၌နေထိုင်မကောင်းဖြစ်နေသော ရွှေတင်မက စတင်၍ ကွယ်လွန်သွားခြင်း ဖြစ်၏။ ထို့ကြောင့် ရွာသားများသည် အတော်လေးပင် တုန်လှုပ်နေကြလေ၏။

နောက်ညတွင် သုသာန်ဘက်က ဝါကျွီးသံများကို ပိုမိုကြားလာရ၏။ မိုးချုပ်သည်နှင့် သုသာန်ဘက်က ဝါကျွီးသံကို စတင်ကြားလာရပြီး ဝါကျွီးသံသည် အဆက်မပြတ်တော့ဘဲ သုသာန်တောင်ကုန်းမှကြားလိုက်၊ သုသာန်တောင်ကုန်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော အစိမ်းသေများကိုမြှုပ်နှံသင်္ဂြိုဟ်ကြသည့် ဘိုးလယ်တောင်ကကြားလိုက်၊ ဘိုးလယ်တောင်နှင့် ဆက်စပ်နေသည့် ကြိမ်ဖုတ်တောင်ကကြားလိုက်၊ သုသာန်တောင်ကုန်းနှင့် ရွာအကြား၊ ရွာမြီးဘက်နှင့် တစ်ဖာလုံခန့်သာလှမ်းသည့် ဂါရာတောင်က ကြားလိုက်၊ ဂါရာတောင်နှင့် လယ်လေးနှစ်ကွက်နှင့် ရေတွင်းတစ်တွင်းမျှသာခြားသည့် စေတီတော်က ကြားလိုက်နှင့် မိုးလင်းပေါက် ဝါကျွီးသံများကိုသာ အဆက်မပြတ်ကြားနေကြရလေသည်။

ဂါရာတောင်မှာ လယ်ကွက်များပတ်လည်ဝိုင်းနေသည့်တောင်ကုန်းတန်းလေးဖြစ်၏။ယခင်က အိမ်ခြေတစ်ဆယ်ကျော်ဖြင့် စည်စည်ပင်ပင်ရှိခဲ့ကြ၏။ ထို့နောက် ဓားပြတိုက်၍ ရွာပျက်သွား၍ ယခုအခါ ရွာပျက်ကုန်းသာဖြစ်နေလေ၏။ စေတီတောင်ဟူသည်မှာလည်း ယခင်ကဘိုးဘွားများတည်ထားကိုးကွယ်ခဲ့ကြသည့် စေတီလေး၊ ငါးဆူရှိ၏။ သို့သော်လည်း ကာလညောင်းလာခဲ့ပြီဖြစ်၍ ထိုစေတီတော်များနှင့် မူလဒါယကာ၊ ဆွေမျိုးများကိုပင်မသိနိုင်ကြတော့ဘဲ ပြုပြင်မည့်သူကင်းလျက် စေတီအိုဟောင်းများချည်းဖြစ်ကာ တချို့မှာအုတ်ပုံအိုဟောင်းများသဖွယ်ပင် ဖြစ်နေကြလေပြီ။

ယခု ဝါကျွီးသံသည် သုသာန်သချိုင်းကုန်းမှ ရွာပျက်၊ ဘုရားအိုဘုရားပြိုများဖြင့် ခြောက်ချားဖွယ်ဖြစ်နေသော ဂါရာတောင်နှင့် စေတီတောင်များအထိ ရွာနှင့်နီးလာကာ ကျယ်လောင်စွာဖြင့် ကြောက်ဖွယ်လိလိ ကြက်သီးထဖွယ်ဖြစ်သော အသံဆိုးကြီးဖြင့် အော်မြည်နေလေသည်။

နောက်ညတွင် ဝါကျွီးသံသည် ထိုထက်တိုး၍လာလေ၏။ နေဝင်စမိုးမချုပ်မီအချိန်ကပင် သုသာန်ဘက်မှစ၍ ယခင်ညများက ကျွီးခဲ့သည့်နေရာများကိုလည်း၍ကျွီးလေသည်။ ထို့နောက် ရွာဦးမှ သုံးဖာလုံခန့်မျှလှမ်းသည့် စစ်ပင်ကြီးမှကျွီးသည်။ ထို့နောက် အထက်ရွာ၏ ရွာဦး၊ အောက်ရွာ၏ တောင်ဘက်၊ မောင်အေးချမ်းတို့ အိမ်နောက်ဘက်လယ်နှစ်ကွက်မျှခြားသော ကျောင်းတော်ဟောင်း ပျဉ်းကတိုးပင်ကြီး ထိပ်ဖျားက ကျွီးလာပြန်၏။ ထို့နောက် ကျွီးရင်းဖြင့် ရွာကိုလည်း ဖြတ်၍ပျံသန်း၏။

ထိုညမှာပင် မျောက်နှောင်စတင်ခြံထဲကို ဝင်ရောက်ခဲ့သော ဒေါ်အေးမြငွေ့ငွေ့ကလေးမျှဖျားပြီး ကွယ်လွန်သွားလေသည်။ ထို့နောက် ဒုတိယ ခြံထဲကို မျောက်နှောင်ဝင်ခဲ့သော ဒေါ်ငယ်မကွယ်လွန်သွားပြန်သည်။ ဒေါ်ငယ်မကွယ်လွန်သွားပြီးနောက် မစောတင်ကွယ်လွန်သည်။ မစောတင်မှာ မျောက်နှောင် နောက်ဆုံး (တတိယ) ဝင်ခဲ့သော ကွမ်းသီးခင်းပိုင်ရှင် ကိုအေးချမ်းဦး၏ မိန်းမ ဖြစ်သည်။

ဤသုံးယောက်သည်ကား နှစ်ရက်ခြား ကွယ်လွန်သွားကြခြင်း ဖြစ်သည်။ ပြောလောက်သောရောဂါဟူ၍လည်း မဖြစ်ခဲ့ကြပေ။ မဆိုစလောက် ငွေ့ငွေ့လေးမျှဖျားပြီး ကွယ်လွန်သွားကြခြင်းသာ ဖြစ်သည်။ မစောတင် ကွယ်လွန်တုန်းကဆိုလျှင် ရွာသူရွာသားများ မယုံကြည်နိုင်လောက်ပင်ဖြစ်သွားကြ၏။

ဒေါ်ငယ်မ၏ အသုဘတုန်းက ချက်ရေးပြုတ်ရေးကိစ္စများကို မစောတင် အစအဆုံး ကူညီလုပ်ကိုင်ပေးလျက်ပင် ရှိသေး၏။ မစောတင်ကား တက်တက်ကြွကြွလည်းရှိ၏။ ထို့ကြောင့် တစ်နေကုန် ချက်ပြုတ်ကျွေးမွေး၍ ဝင်ပန်းနေရာမှ သူ့အိမ်ကို ခေတ္တပြန်ပြီး ရေချိုးဖြီးလိမ်းပြင်ဆင်ပြန်လာရာ ရေကို ခေါင်းကဆွတ်ချိုးလာခဲ့၍ ဆံပင်မခြောက်သေးသောကြောင့် မထုံးဘဲ ပခုံးတစ်ဖက်သို့ ဖြန့်ချထားသဖြင့် ရေတစ်စက်တစ်စက်ကျနေသည်ကို ယနေ့အချိန်ထိ မောင်အေးချမ်း မြင်ယောင်နေသေးသည်။

သို့သော် နောက်နေ့တွင် မစောတင်သေပြီ ဟူ၍သာ ကြားလိုက်ကြရသည်။ခေါင်းကိုရေဆွတ်ချိုးမိ၍ အအေးမိသလိုဖြစ်ကာ ချမ်းစိမ့်စိမ့်ဖြစ်လာရာမှ အဖျားဝင်ပြီး သေဆုံးသွားခြင်း ဖြစ်၏။ ပြောလောက်အောင်လည်း ဘာရောဂါမှမဖြစ်ခဲ့။ မစောတင်မှာ ပြောလောက်အောင် ဘာရောဂါမှမဖြစ်ခဲ့သလို ဒေါ်အေးမြ၊ ဒေါ်ငယ်မတို့သည်လည်း ထိုနည်းလည်းကောင်း ပြောလောက်အောင် ဘာရောဂါမှမဖြစ်ခဲ့ဘဲ ငွေ့ငွေ့ကလေးမျှ ဖျားပြီးသေဆုံးသွားကြသည်ချည်း သာ ဖြစ်၏။

မျောက်နှောင်ဝင်ခဲ့သော အိမ်၊ ခြံသုံးခုစလုံးမှ လူသုံးယောက် သေဆုံးပြီးဖြစ်၍ အေးချမ်းသွားလိမ့်မည်၊ ပြီးဆုံးသွားပြီဟု ထင်ခဲ့ကြသော်လည်း ထင်သလိုကား မဟုတ်ပေ။ ထိုနေ့ညနေမှာပင် မောင်အေးချမ်းတို့အဘိုး ဦးထွန်းမြအောင်သည် နေထိုင်မကောင်း ဖြစ်လာလေသည်။

ဒေါ်ငယ်မမှာ အဘိုး၏ ဝမ်းကွဲအစ်မလေး တော်စပ်၏။ အဘိုးသည် သူ့အစ်မလေးကို အလောင်းချခါနီးတွင် ကွမ်းတစ်ယာယာ၍ဝါး၏။ ထိုကွမ်းယာသည် ရင်ထဲတွင် နင်တင်တင်ဖြစ်နေသည်ဟု ဆို၏။ အလောင်းမြေချပြီးနောက် အိမ်သို့ပြန်လာရာတွင်လည်း ခေါင်းထဲက မရှင်းသလိုဖြစ်နေ၍ အဘိုးသည် ညနေစာပင် ထမစားဘဲ အိပ်ရာထဲမှာသာ ထိုးအိပ်နေ၏။ ထိုငွေ့ငွေ့လေးမျှသာဖျားပြီး အဘိုးသတိလစ်သွားလေ၏။ရွာထဲမှာ ထိုမျှအထိ တစ်ယောက်ပြီးတစ်ယောက် သေဆုံးနေကြသော အဖြစ်ဆိုးကြီး ကျရောက်နေချိန်ဖြစ်၍ အဘိုး၏အသက်ကို ပြန်ရလိမ့်မည်ဟု တစ်ယောက်မျှ မထင်ကြတော့ပေ။

သို့သော်လည်း ရလိုရငြား လက်လှမ်းမီရာ ထိုးဆေး၊ သောက်ဆေးများကို ပင့်ခေါ်ပြီးကုသကြ၏။ ကုသရင်းကပင် အဘိုး ဇက်ကျိုးလာပြီး နောက်နေ့ (မစောတင်ကို သင်္ဂြိုဟ်သောနေ့) ညနေသုံးနာရီအချိန်တွင် အဘိုးကွယ်လွန်သွားလေသည်။

ထို့နောက် ငကျိုင်း၊ အောင်စိုး လူပျိုနှစ်ယောက် တစ်ရက်စီခြား၍ ကွယ်လွန်သွားကြပြန်သည်။ ထို့ကြောင့် ရွာသူရွာသားများမှာ ယခင်ကထက်ပို၍ပင် တုန်လှုပ်ချောက်ချားသွားကြလေသည်။ လူပျိုနှစ်ယောက် ဆက်တိုက်ဆိုသလို သေဆုံးသွားကြ၍ လူပျိုမိဘများကသာ၍ပင် ကြောက်လန့်နေကြလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုအချိန်က မောင်အေးချမ်း၏ အစ်ကို (ယခုကွယ်လွန်) သည်လည်း လူပျိုဖြစ်၏။ထို့ကြောင့် အမေက အစ်ကို့အားခေါ်ပြီး တိုးတိုးပြော၏။

"သားကြီး၊ အမေ မင်းကို အိမ်မှာ မထားရဲတော့ဘူး။ တို့ရွာကအခြေအနေ အတော်ကြီးဆိုးလာနေပြီ။ အခုဆိုရင် လူကြီးတွေအပြင် လူပျိုတွေတောင် တစ်ယောက်ပြီးတစ်ယောက် အပျက်အစီး ရှိလာနေပြီ။ ဒီတော့သား ဘွားလေးတို့ရဲ့ ကင်းခြေရွာကိုသွားနေလိုက်ပါ။ တို့ရွာ အခြေအနေကိုလည်း သားရဲ့ ဘွားလေး တို့ကို ပြောပြ။ အမေတို့တောင် ချက်ချင်းကြီး ထလိုက်လို့မကောင်းတတ်လို့ သာ။ အဲလိုသာမဟုတ်ရင် အခုချက်ချင်း ကြီးတောင် သားနဲ့အတူပြောင်းလိုက် သွားချင်တယ်။ အခုဆိုရင် ရွာထဲမှာ လူပျိုတစ်ယောက်တောင် မရှိကြတော့ ဘူး။ မိဘတွေက ဆွေမျိုးတွေရှိတဲ့ရွာ တွေကို ပြောင်းပို့ကုန်ကြပြီ။ မနေ့ကပဲ စံထွန်းအောင်ကို သူ့အမေရဲ့ဇာတိ ဖက်ချောင်းရွာကို ပို့လိုက်ပြီတဲ့။ အေးဖြူ အောင်ကိုလည်း သူ့မိဘတွေက ဆင်ကျုံးကို ပို့လိုက်ကြပြီလို့ ဆိုတယ်"

"ဒါဆိုရင် သားလည်း ဆင်ကျုံးကိုပဲ သွားနေလိုက်မယ်လေ"

အမေ သက်မတစ်ချက်ချလိုက်၏။ ထိုအချိန်က နွေရာသီကိုရောက် တိုင်း မောင်အေးချမ်းတို့ တန်းတင်ရွာသားများ ဆင်ဖမ်းလေ့ရှိကြသည်။ (ထိုအချိန်က နှစ်စဉ်ဆင်ဖမ်းချိန်) အမ်းမြို့နယ်၌ ဆင်ဖမ်းလေ့ရှိသောရွာမှာ မောင်အေးချမ်းတို့ တန်းတင်တစ်ရွာတည်းသာ ရှိသည်။ အခြားရွာသားများက တစ်နှစ်တလေသာဖမ်းလေ့ရှိပြီး မောင်အေးချမ်းတို့ တန်းတင်ရွာသားများမှာ နှစ်စဉ်နွေရာသီကိုရောက်တိုင်း ဆင်ဖမ်းကြမြဲ ဖြစ်သည်။

"သားသဘောပဲ၊ ဆင်ကျုံးကို သွားနေချင်လည်းနေ။ ဒါပေမယ့် ဆင်ရှာ၊ ဆင်ဖမ်းသွားကြတဲ့လူတွေနောက် တော့ လိုက်မသွားနဲ့။ အန္တရာယ်များတယ်။ ကဲမှာကျန်နေခဲ့။ ဆင်သံကြားရင်လည်း သစ်ပင်ပေါ်တက်ပြီးသာနေ"

ထို့နောက် ကိုကိုသည် အဝတ်ထုပ်လေးကို ပိုက်ကာ ဆင်ဖမ်း၍ရှိနေကြသော တိုက်ချောင်းတောထဲသို့ သွားလေသည်။

◆

ထိုနေ့ညနေ မိုးမချုပ်မီလေးတွင် အဖေ ဆင်ကျုံးမှ ပြန်ရောက်လာ၏။ အဖေ အပါအဝင် ဆင်ကျုံးသမားများမှာလည်း ဆင်ဖမ်းခြင်းအလုပ်ကို ဖြောင့်ဖြောင့်မလုပ်နိုင်ကြပေ။ ရွာမှာ နာရေးဖြစ်တိုင်း အလှည့်ကျပြန်လာကြရမြဲ ဖြစ်သည်။

သို့သော်လည်း ယခု အဖေလာသည်မှာ ရွာအခြေအနေသည် တစ်နေ့တစ်မျိုးဆိုသလို ဆိုးသည်ထက်ဆိုးလာနေ၍ ရွာမှာဆက်လက်နေထိုင်ရန်သင့်၊ မသင့် ရှေ့ခရီးအဘယ်သို့ဆက်ကြရမည်ကို အမေနှင့်တိုင်ပင်ရန်လာခြင်းသာ ဖြစ်သည်။

ဒီတစ်လောတွင်လည်း သုသာန်ဘက်နှင့် ရွာပတ်လည်ကကို အဆက်မပြတ် ဝါကျွီးနေသည့်အပြင် ရွာကိုလင်းတများ ဝဲလာကြပြန်သည်။ ထို့ကြောင့် ရွာသူရွာသားများ၏ ကြောက်စိတ်လန့်စိတ်ကို သာ၍ပင်ကဲစေလေသည်။ လူတိုင်းလိုလိုပင် ရွာကို စွန့်ခွာပြောင်းပြေးရန်အထိပင် ဖြစ်လာကြလေသည်။

ထိုနေ့ညနေမှာပင် ဦးမောင်ပိန်သေဆုံးပြန်လေသည်။ ထို့ကြောင့် ဦးမောင်ပိန်၏အလောင်းကို သင်္ဂြိုဟ်ပြီးလျှင် ရွာကို စွန့်ခွာသူများစွန့်ခွာနိုင်သလို ကျန်လိုသူများလည်း ကျန်နိုင်သည် စသည်ဖြင့် အပြီးတိုင်ပင်၍ ဆုံးဖြတ်ချက်ချကြတော့မည်ဟု ရွာလူကြီးများထံမှ တီးတိုးသတင်းထွက်လာလေ၏။

သို့သော် ထိုအခိုက်မှာပင် ဘိုးသြဘာကြီး ရောက်လာလေသည်။ ဘိုးသြဘာသည် ဆေးမြစ်ရှာ၊ ဆေးပေါင်းဖမ်းရာ တောထဲမှ ပြန်ရောက်သည်နှင့် ဖိုရုံကျောင်းစောင့်အဖြစ် ကျန်နေခဲ့သော ဦးကိုလေးက ရွာ၏အဖြစ်စနစ်ဆိုးများကို ပြောပြလိုက်၍ ဘိုးသြဘာသည် ဖိုရုံကျောင်းလေးမှာ ခြေးတိတ်အောင်ပင် မနားခဲ့ဘဲ ရွာထဲကို တန်းလာခြင်းဖြစ်၏။

ရွာထဲကိုရောက်သည်နှင့် ငမောင်းထု လူစုခေါ်ပြီး အပြစ်ပြောရုံနှင့်မနေဘဲ လူကြီးလူငယ်တစ်ရွာလုံးကို သိမ်းကျုံးပြီး ပြောဆိုလေတော့သည်။

"မင်းတို့ကွာ အဲလောက်ထိ . . . တောက် . . ။ နွားလိုနေ၊ နွားလိုစား၊ နွားလိုကျင့်လုပ်လိုက်ကြတော့ အခုတစ်ရွာလုံး ညက်ညက်ကြေကုန်ကြပြီး မဟုတ်လား။ နွားထက်အဖြစ်ဆိုးကုန်ကြပြီမဟုတ်လား။ မင်းတို့ရွာမှာလူတွေကော့ရှိကြသေးရဲ့လား၊အားလုံးချိုပေါက်ကုန်ကြပြီလားကွ"

ရွာလူကြီးများ တုတ်တုတ်မျှ မလှုပ်ရဲကြပေ။ အားလုံးခေါင်းငိုက်စိုက်ချပြီး မြေပြင်ကိုသာစိုက်ကြည့်နေကြလေသည်။ ထို့ကြောင့် ဘိုးသြဘာသည် မျက်နှာကြီးတင်းလျက် ရွာသားများအား စိုက်ကြည့်နေရာမှဆက်ပြောသည်။

"လှကျော် (ယခုကွယ်လွန်) အိမ်ခြံထဲကို မျောက်နှောင်ဝင်တုန်းက ငါဘာပြောလိုက်သလဲ။ မင်းတို့က မျောက်နှောင်ကို ဘာလုပ်ခဲ့ကြသလဲဆိုတာကို ပြန်မစဉ်းစားကြဘူးလား။ လှကျော်အိမ်ခြံထဲကို မျောက်နှောင်ဝင်တုန်းက ရွှေရေ၊ ငွေရေလောင်းပြီး တောထဲပြန်လွှတ်ပေးလိုက်လို့ အိမ်သူအိမ်သားတွေလည်း ဘာမှမဖြစ်၊ ရွာဟာလည်း ငြိမ်းငြိမ်းချမ်းချမ်း၊ အိမ်ရှင်ဖြစ်တဲ့ လှကျော်က စီးပွားတောင်တက်လိုက်သေးတယ်။ ငါက နောက်ကြောင်းပြန်ပြီး ဒီလိုပြောလိုက်တော့ မင်းတို့က လှကျော်အိမ်ကိုမျောက်နှောင်ဝင်တဲ့အဖြစ်ဟာကြာခဲ့ပြီ။ဒါကြောင့်မေ့လျော့နေတယ်။ အမှတ်တမဲ့ဖြစ်နေတယ်ဆိုပြီး ဆင်ခြေပေးကြမလို့လား။ ဟင် - ပြောကြလေကွာ"

ရွာသားများထဲက ဘုရားဒကာကြီး ဦးသာမြသည် မရဲတရဲဖြင့် ဘိုးသြဘာအားကြည့်၏။ ထို့နောက် လည်ချောင်းကိုရှင်းပြီးပြောပြလိုက်သည်။

"ဘိုးပြောရင်လည်းခံရမှာပဲ။ ပြောရုံတင်မက ရိုက်ရင်လည်းခံကြမှာပဲ။ ဒါပေမယ့် အဲဒီနေ့က ထွန်းတင် (ယခု ကွယ်လွန်) သားအငယ်ကောင် မောင်မြင့်ဆွေ(ယခုကွယ်လွန်)က မျောက်နှောင်ကို စတွေ့ပြီး သူတို့လူငယ်တွေ ဝိုင်းသတ်ကြလို့ မျောက်နှောင်သေပြီးမှ လုပ်ခင်းယာကပြန်လာကြတဲ့ ကျွန်တော်တို့လူကြီးတွေသိကြတာပါ။ ဖြစ်ချင်တော့လည်း အဲဒီအချိန်က ရွာထဲမှာ ကျွန်တော်တို့လူကြီးတွေ တစ်ယောက်မှရှိမနေကြဘူးလေ။ ဒါကြောင့်လည်း အဲဒီလို မဖြစ်သင့်တာတွေဖြစ်သွားရတာပါ ဘိုးရယ်။ လူကြီးတွေသာရှိရင် အဲဒီလို ဘယ်အဖြစ်ခံမလဲ။ လှကျော် (ယခုကွယ်လွန်) ခြံထဲကို မျောက်နှောင်ဝင်တုန်းက ဘိုးပြောဆိုသင်ပြထားတဲ့အတွေ့အကြုံတွေရှိနေတာပဲ။ ကလေးတွေက အဲဒီအကြောင်းကို မသိကြပါဘူး။ ဒါကြောင့်မို့ပါ"

"အေးလေ - ရွာမှာ လူကြီးတွေရှိရှိမရှိရှိ ဖြစ်ပြီးတာကိုတော့ ပြန်ပြင်လို့လည်း ရနိုင်ဖွယ်မရှိတော့ပါဘူး။ နောက်ဆက်မဖြစ်အောင်သာ ပြုပြင်ရတော့မှာပါ။ ဒီတော့ မင်းတို့အထဲက အကြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com

သုံးကောင် ငါ့နောက်လိုက်ခဲ့ကြ"

ဟု ပြောပြီး ဘိုးပြဲဘာသည် ချာခနဲ လှည့်ထွက်သွားလေ၏။ ထို့ကြောင့် ဦးသာမြ၊ ဦးဖြူတောင်နှင့်အုပ်စု ဥက္ကဋ္ဌ (တိုက်သူကြီး) ဦးထွန်းကျော်တို့ ဘိုးပြဲဘာနောက်ကို တန်းလိုက်ကြလေသည်။ (ယခုအခါ ထိုလူသုံးယောက် စလုံးသည်လည်း သက်ရှိထင်ရှားမရှိကြတော့ပေ။)

(ဦးသာမြ ဟူသည်မှာ ဘိုးပြဲဘာ အကြောင်းကို ရေးသားတိုင်း မကြာခဏ ပါဝင်နေကျဖြစ်သော ဦးမောင်ပုချေ၏ ညီအငယ်ဆုံးဖြစ်၏။ တိုက်သူကြီး ဦးကျွန်းကျော်မှာလည်း ဦးမောင်ပုချေ၏ညီ၊ ဦးသာမြ၏အစ်ကို၊ ဦးလူဆန်း၏ သား ဖြစ်သည်။)

ဘိုးပြဲဘာသည် ဖိုရုံကျောင်းလေးကိုရောက်သည်နှင့် တစ်ဦးတစ်ယောက်ကိုမျှ စကားမပြောဘဲ ကောင်းကင်ကိုသာ အကြာကြီးမော့ကြည့်နေလေသည်။ ဘိုးပြဲဘာသည်ကား ကောင်းကင်နက္ခတ်နှင့် စိုင်သီးခတ်ကို အလွန်အမင်းပိုင်နိုင်၏။

(စိုင်သီးခတ်ကို တချို့အရပ်၌ ကတိဆင်ဟုလည်း ခေါ်ကြ၏။ ယုံကြည်စွာ ပြုလုပ်လျှင်လည်း ထမြောက်အောင်မြင်သည်ချည်းသာ ဖြစ်၏။)

ဘိုးပြဲဘာသည် ကောင်းကင်ကို အတော်ကြီးကြာအောင်မော့ကြည့်နေလိုက်ပြီးနောက် မီးသွေးခဲဖြင့် ကျောက်တုံးမှာ ရေးခြစ်၏။ ထို့နောက် ဖိုရုံကျောင်းလေးပေါ် တက်သွားပြီး ကညစ်ဖြင့် ပေရွက်မှာရေးကာ လူသုံးယောက်တွင် အသက်အကြီးဆုံးဖြစ်သော ဦးဖြူတောင်အားခေါ်၍ ပြောလည်းပြော၊ ထိုပေရွက်ကိုလည်း ပေးလိုက်လေသည်။

◆

ထုံးစံအတိုင်း နေမွန်းတိမ်းလျှင် ဦးမောင်ပိန်အလောင်းကို အိမ်ပေါ်မှချ၍ ရွာပြင်သို့ရောက်လျှင် စလွန်း၊ တလားဆင်ကြ၏။ ထိုနေရာမှ အစဉ်အတိုင်း သယ်ယူပြီး သင်္ချိုင်းကုန်းတောင်ခြေက လယ်ကွင်းကြီးကိုရောက်လျှင် လူငယ်ကာလသားများ၊ မင်းကျွန်များ၊ ကြိုးသီချင်းကို သံပြိုင်သီဆိုပြီး အသုဘလောင်းကိုထမ်းကာ သိုင်းနင်း (တလားကစား၊ တလားတိုး) ကြ၏။ ဆိုင်းဝိုင်းကြီးကလည်း ငြိမ့်ညောင်းစွာဖြင့် တီးမှုတ်ပေးထားကြ၏။

တောရွာများတွင် ရှေးကပင် ဤကဲ့သို့ အသုဘချတိုင်း တလားကစားကြမြဲဖြစ်၏။ နေမွန်းစောင်းမှလည်း အသုဘကိုချရ၏။ နေမွန်းမစောင်းဘဲ အသုဘချလေ့မရှိပေ။ အသုဘချသည်မှ နေညိုသည်အထိ တလားကစားပြီး မြေမြှုပ်၊ မီးသဂြိုဟ်လေ့ရှိကြသည်။

ထိုအချိန်၌ ဦးမောင်ဖြူတောင်သည် ဘိုးပြဲဘာသင်ပြပြောဆိုရေးပေးလိုက်သည့် အကြောင်းအရာများကို ရွာသားများအား စုခေါ်ပြီး တိုးတိုးပြောဆိုသင်ပြလေ၏။ ထို့နောက် ရွာသားများကိုလည်း ယခု ဦးမောင်ပိန်အသုဘဖြစ်သောတစ်ဖွဲ့နှင့် ကျန်သောရွာသားများကို တစ်ဖွဲ့ဟု နှစ်စုနှစ်ဖွဲ့ ခွဲခြားပေးလိုက်ပြီး အသုဘဖြစ်သောအဖွဲ့ကို သင်္ချိုင်းကုန်းတောင်ခြေမှာနေစေကာ ကျန်သောအဖွဲ့ကို တုတ်ဓားများဖြင့် သင်္ချိုင်းကုန်းပေါ်သို့ ပို့လွှတ်ပြီး စောင့်စေလေသည်။

ထို့နောက် နေညိုလာသဖြင့် တောင်အောက်မှာ ကျန်နေခဲ့သောအဖွဲ့ လူကြီးများက အသုဘသဂြိုဟ်ရန် သိုင်းနင်းကစားနေကြသော လူငယ်များကို ပြောဆိုကာ အသုဘအလောင်းကိုထမ်းပြီး သင်္ချိုင်းကုန်းပေါ်သို့ တက်လာကြလေသည်။

ထိုအခိုက်မှာပင် သင်္ချိုင်းကုန်းပေါ်က အသင့်စောင့်နေကြသော လူစုများဆီမှ ခပ်ငေါက်ငေါက်အသံများ ပေါ်လာလေသည်။

"ဟေး - မင်းတို့ အသုဘသဂြိုဟ်ဖို့ လာကြပြန်ပြီလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ အသုဘသဂြိုဟ်ဖို့လာကြတာပါ"

ဟု အသုဘကိုထမ်းပြီး ဦးဆောင်လာကြသည့်အထဲမှ လူများက ပြောကြ၏။

"မင်းတို့အသုဘကို တို့သင်္ချိုင်းက လက်မခံဘူး။ ပြန်သွားကြစမ်း"

"ဗျာ. . ."

အကြောင်းကို မသိသေးသော အသုဘထမ်းလာကြသည့်သူများ တအံ့တသြဖြစ်ပြီး မျက်လုံးပြူးသွားကြ၏။ သင်္ချိုင်းထဲမှာ အသုဘသဂြိုဟ်ရန်လာကြသည်ကိုပင် အဘယ်ကြောင့် ပိတ်ပင်တားဆီးနေကြပါလိမ့်ဟု တွေးပြီးလည်း နားမလည်နိုင်ဖြစ်သွားကြလေသည်။ ထို့ကြောင့် နားလည်နေကြသော လူကြီးများက ဤကဲ့သို့ ဘိုးပြဲဘာ (စိုင်သီးခတ်) လုပ်ခိုင်းသည်ကို လက်တို့ပြီး တိုးတိုးပြောပြလိုက်သည်။ ထို့ကြောင့် အားလုံးသူ သဘောပေါက်နားလည်သွားကြပြီးနောက် အသုဘသဂြိုဟ်ရန် လာနေကြသောအဖွဲ့ကပင် ပြန်ပြောကြသည်။

"အလောင်းကို သင်္ချိုင်းကုန်းမှာ မသဂြိုဟ်ရင် ဘယ်မှာသဂြိုဟ်ရမှာလဲဗျ"

"ဟ - မင်းတို့သဂြိုဟ်လာကြတာများနေပြီလေ။ ဒီတော့ တို့ကဘယ်လက်ခံတော့မှာလဲ။ ဒါကြောင့် ပြန်သွားကြ။ တို့လက်မခံတော့ဘူး"

"လက်မခံရင်လည်း သဂြိုဟ်ရမှာပဲဗျ။ လူသေအလောင်းကို သင်္ချိုင်းမှာ မသဂြိုဟ်ရင် ဘယ်မှာသွားပြီး သဂြိုဟ်မှာလဲ။ ဟိုက်ကောင်တွေ လာကြကွာ။ အလောင်းကို သယ်လာခဲ့ကြ"

ဟု ပြောပြီး ရှေ့ကိုတိုးလာကြလေသည်။

"ဩော် - မင်းတို့က ဒီလိုလား။ ဟေး - ငါ့အကောင်တွေ၊ မလာနဲ့ဆိုလို့ အတင်းတိုးလာရင် ရှင်းပစ်လိုက်ကြကွာ"

ဟု ခေါင်းဆောင်လုပ်သူက အော်ပြောလိုက်၍ လူ(၂၀)ခန့်တို့သည် တုတ်၊ ဓားများကိုကိုင်ပြီး ဝုန်းခနဲထကာ လခြမ်းသဏ္ဌာန် ဝိုက်လိုက်သွားကြပြီး ဓားနှင့်ဆီးခုတ်သူကခုတ်ပြီး တုတ်နှင့်ရိုက်သူများကလည်း ဆီးရိုက်ကြလေသည်။

သို့သော် လူများကိုမဟုတ်ဘဲ မြင်းဖောင် (အလောင်းစင်) နှင့် တလားများကိုသာ ဆီးခုတ်ရိုက်ကြခြင်း ဖြစ်သည်။ထို့ကြောင့် အလောင်းထမ်းသမားများလည်း နောက်သို့ဆုတ်ပြေးကြ၏။ ဆီးခုတ်ဆီးရိုက်ကြသူများသည်ကား သင်္ချိုင်း၏ နယ်နိမိတ်အပြင်ဘက်ကို ထွက်မလိုက်ကြပေ။

အလောင်းထမ်းသမားများလည်း အတော်လေးပင် မောဟိုက်နေကြလေပြီ။ ချွေးများလည်းနစ်နေကြပြီ။ မိုးလည်းချုပ်သွားလေပြီ။ ထို့ကြောင့် အလောင်းကို ခေတ္တခဏချထားပြီး အမောဖြေကာ ပြန်ပြောကြ၏။

"ကျုပ်တို့က လူသေအလောင်းကို သင်္ချိုင်းကုန်းမှာ မသဂြိုဟ်ရင် ဘယ်မှာ သဂြိုဟ်ရမှာလဲလို့ ပြောပြီးပြီနော်။ အဲဒါ ခင်ဗျားတို့က တုတ်၊ ဓားတွေကိုင်ပြီး အတင်းတားဆီးနှောင့်ယှက်နေကြတာ မလွန်ဘူးလားဗျာ"

"ငါတို့က မလွန်ဘူးကွ။ မင်းတို့က သာတစ်လောင်းပြီးတစ်လောင်းသဂြိုဟ်ချင်တိုင်းသဂြိုဟ်ပြီး လွန်ချင်တိုင်းလွန်နေကြတာ။ ဒါကြောင့် အခုလိုပိတ်ပင်နေရတာကွ။ လုံးဝသဂြိုဟ်ခွင့်မပြုတော့ဘူး။ ဒါပဲ"

အလောင်းကို သဂြိုဟ်ကြမည့်လူများ ခြေပစ်လက်ပစ်ထိုင်ကာ စဉ်းစားနေ



www.burmeseclassic.com

www.burmeseclassic.com

## လိုသူများသုံးစေဖို့
# လဆန်းဖွား၊ လဆုတ်ဖွား
## မုဒိတာ(ကျိုက်လတ်)

ရှေးအစဉ်အလာအရ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ရာခိုင်နှုန်းများများ များသောအားဖြင့် မိဘနှစ်ပါးမှ သားသမီးများမွေးဖွားလာပါက ပထမဆုံး ကလေး၏ မွေးချိန်၊ မွေးနေ့၊ မွေးလ၊ ခုနှစ်နှင့် မွေးရပ်မြေဒေသတို့ကို အရင်ဆုံး မှတ်သားထားကြသည်။ ရက်ချုပ်ဟုလည်း ခေါ်သည်။ အချို့မိဘတို့က ဗေဒင်ပညာရှင်များထံတွင် ထန်းဖူးဇာတာများပြုလုပ်ထားကြသည်။ အချို့က စာအုပ်ထဲမှာ ရေးမှတ်ထား၏။ အချို့က အိမ်ခေါင်းရင်းနံရံမှာ ရေးမှတ်ထားသည်။ ယနေ့ခေတ်တွင် ကွန်ပျူတာနှင့်ရိုက်ပြီးမှတ်ထား၏။ မည်သို့ပင်ဖြစ်စေ ကာယကံရှင်ပုဂ္ဂိုလ်များသည် မိမိတို့၏ မွေးရက်၊ မွေးလ၊ မွေးသက္ကရာဇ်တို့ကို သိကြသူများပါသည်။ ၁၉၅၇ ခုနှစ်က မြန်မာနိုင်ငံတွင် အမျိုးသားမှတ်ပုံတင်ကို စတင်ပြုလုပ်ခဲ့ရာ ထိုအမှတ်အသားအချက်အလက်များ ပါဝင်သောကြောင့် မိမိတို့အတွက် မွေးရက်များမှာ အခက်အခဲ မရှိတော့ပါ။

ရှေးပညာရှင်ကြီးများက လဆန်းရက်ဖွား၊ လဆုတ်ရက်ဖွားများ၏ ဘဝရွေ့ရေးများနှင့် စရိုက်လက္ခဏာများကို ဗေဒင်ပညာ အင်ဂိုဇ္ဇာပညာရပ်များဖြင့် စူးစမ်းလေ့လာ မှတ်သားခဲ့ကြ၏။ ရာခိုင်နှုန်းများများလည်းမှန်ပါသည်။ မိမိတို့မွေးသည့် လဆန်းရက်၊ လဆုတ်ရက်များနှင့် ချိန်ဆကြည့်နိုင်ရန်နှင့် ရှေးဟောင်းပညာရှင်ကြီးများ၏ အဖိုးတန် ပညာရပ်များ မပျောက်ကွယ်စေရန် ရှာဖွေဖော်ပြလိုက်ပါသည်။

မုဒိတာ (ကျိုက်လတ်)

| လဆန်းဖွားများအဖို့ | |
| --- | --- |
| လဆန်း ၁ ရက်ဖွား | ကြမ်းတမ်းယုတ်မာတတ်၏။ |
| လဆန်း ၂ ရက်ဖွား | ငယ်ကဆင်းရဲ ကြီးမှချမ်းသာတတ်၏။ |
| လဆန်း ၃ ရက်ဖွား | ရဟန်းသံဃာဖြစ်တတ်၏။ |
| လဆန်း ၄ ရက်ဖွား | ချမ်းသာကြွယ်ဝတတ်၏။ |
| လဆန်း ၅ ရက်ဖွား | ပဒေသာတမျှကြွယ်ဝတတ်၏။ |
| လဆန်း ၆ ရက်ဖွား | ချမ်းသာတတ်သည်။ |
| လဆန်း ၇ ရက်ဖွား | ဥစ္စာပွားများတတ်၏။ |
| လဆန်း ၈ ရက်ဖွား | မိုက်မဲတတ်၏။ |
| လဆန်း ၉ ရက်ဖွား | ညှိုးငယ်တတ်၏။ |
| လဆန်း ၁၀ ရက်ဖွား | ခန္ဓာကိုယ်ဝဖြိုးတတ်၏။ |
| လဆန်း ၁၁ ရက်ဖွား | ထင်ရှားကျော်စောတတ်၏။ |
| လဆန်း ၁၂ ရက်ဖွား | စလွယ်ရတတ်သည်။ |
| လဆန်း ၁၃ ရက်ဖွား | ကျွဲ၊ နွားပေါများတတ်၏။ |
| လဆန်း ၁၄ ရက်ဖွား | ကုန်သည်ဖြစ်တတ်၏။ |
| လဆန်း ၁၅ ရက်ဖွား | ပျင်းရိတတ်သည်။ |

| လဆုတ်ဖွားများအဖို့ | |
| --- | --- |
| လဆုတ် ၁ ရက်ဖွား | ညံ့ဖျင်း၏။ |
| လဆုတ် ၂ ရက်ဖွား | ဥစ္စာပစ္စည်းပေါများအံ့။ |
| လဆုတ် ၃ ရက်ဖွား | မကျော်စောလှ။ |
| လဆုတ် ၄ ရက်ဖွား | ပူပန်ဆင်းရဲတတ်သည်။ |
| လဆုတ် ၅ ရက်ဖွား | မိခိုရာဖြစ်တတ်၏။ |
| လဆုတ် ၆ ရက်ဖွား | ကြီးပွားချမ်းသာတတ်၏။ |
| လဆုတ် ၇ ရက်ဖွား | သူတော်ကောင်းဖြစ်တတ်၏။ |
| လဆုတ် ၈ ရက်ဖွား | တောထွက်တတ်၏။ |
| လဆုတ် ၉ ရက်ဖွား | ဆင်းရဲနွမ်းပါးတတ်၏။ |
| လဆုတ် ၁၀ ရက်ဖွား | တရားနှင့်ပြည့်စုံတတ်သည်။ |
| လဆုတ် ၁၁ ရက်ဖွား | ခရီးသွားရတတ်၏။ |
| လဆုတ် ၁၂ ရက်ဖွား | ကြွယ်ဝချမ်းသာတတ်၏။ |
| လဆုတ် ၁၃ ရက်ဖွား | ထင်ပေါ်ကျော်စောတတ်၏။ |
| လဆုတ် ၁၄ ရက်ဖွား | အဆင်းလှပတတ်၏။ |
| လဆုတ် ၁၅ ရက်ဖွား | ရုပ်အဆင်းကောင်းတတ်၏။ |

ကြ၏။ တီးတိုးပြောဆိုပြီးလည်း တိုင်ပင်ကြ၏။ ထို့နောက် ခေါင်းဆောင်လုပ်သူတစ်ယောက်ထလာကာ အင်္ကျီကိုချွတ်၍ ကိုယ်ကချွေးများကို သုတ်သပ်ပြီး အင်္ကျီဖြင့်တဖျတ်ဖျတ်ယပ်ခတ်ကာပြော၏။

"ဒီလိုဆိုရင်လည်းဗျာ၊ ဒီတစ်လောင်းတော့ သင်္ဂြိုဟ်ခွင့်ပြုကြပါ။ နောက်နောင်လည်းမလာတော့ပါဘူး"

"ဟိုက်ကောင်တွေ ပြောပြီးနော်။ တို့သင်္ချိုင်းမှာ လုံးဝသင်္ဂြိုဟ်ခွင့်မပြုဘူးလို့၊ ပြန်သွားကြကွ"

"ဒီတစ်လောင်းတည်းပဲလေဗျာ"

"တစ်လောင်းတစ်လောင်းနဲ့ မင်းတို့ စည်းမဲ့ကမ်းမဲ့ဘယ်နှလောင်းတောင် သင်္ဂြိုဟ်လာခဲ့ကြပြီလဲ။ အခုလည်းလာကြပြန်ပြီ။ သွားကြကွာနော်။ သွားဆိုလို့ မသွားရင် ဒီတစ်ခါပိုဆိုးသွားလိမ့်မယ်ဒါပဲ"

အတော်လေးပင်မိုးချုပ်သွားလေပြီ။ ည (၉) နာရီပင် ကျော်သွားလေပြီ။ တစ်ဖက်က တောင်းပန်ကြသော်လည်း တစ်ဖက်က လုံးဝသင်္ဂြိုဟ်ခွင့်မပြုကြပေ။ အသုဘသင်္ဂြိုဟ်ရန်လိုက်လာကြသော လူအုပ်ကြီးထဲမှလည်း တစ်ယောက်မျှ မပြန်ကြပေ။ သင်္ဂြိုဟ်မည့်ဘက်က ခေါင်းဆောင်ကြီးကလည်း ပြန်ခွင့်မပြု။ ထို့ကြောင့် မှောင်နှင့်မည်းမည်း လယ်ကွင်းကြီးထဲတွင် ထိုင်စောင့်၍နေကြလေသည်။

သင်္ဂြိုဟ်မည့်အဖွဲ့က သင်္ဂြိုဟ်ခွင့်ပြုပါရန် တောင်းပန်ကြပြန်သည်။ သို့သော် ထိုဘက်ကလည်း ခွင့်မပြုပေ။ ခွင့်မပြုဘဲ အတင်းအလောင်းကိုသယ်ပြီး တက်လာကြပြန်လျှင်လည်း ရှေးနည်းအတိုင်း ဓားနှင့်ဆီးခုတ်၊ တုတ်နှင့်ဆီးရိုက်ခြင်းကိုခံရ၍ပြန်ပြေးကြရပြန်သည်။

ဤသို့ဖြင့် ည (၁၀) နာရီကျော်သွားလေသည်။ ထို့နောက် သင်္ဂြိုဟ်ကြမည့်အဖွဲ့က ခေါင်းဆောင်ကြီးအပြင် အသုဘရှင်၏ ဆွေမျိုးများ၊ ရပ်ဝေးမှ သင်္ဂြိုဟ်ရန်လိုက်လာကြသည့် လူကြီးများကပါဝိုင်းဝန်းတောင်းပန်ကြမှ နောင်သင်္ဂြိုဟ်ရန် လုံးဝမလာတော့ကြောင်း၊ အသုဘကိုချယူလာကြသည့်လမ်းကိုပါ ပိတ်ပင်ပေးရမည်ဖြစ်ကြောင်း၊ ရွာကိုလည်း ဘုန်းကြီးများအားပင့်ပြီး ပရိတ်ကမ္မဝါစာဖတ်ပေးရမည် ဖြစ်ကြောင်း ခိုင်မာသောကတိကိုတောင်းပြီးမှသင်္ဂြိုဟ်ခွင့်ပြုလိုက်ကြလေသည်။ သို့မှ မြေတွင်းတူး (ကြိုတင်တူးမထားရ) ပြီး ဦးမောင်ပိန်၏ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြလေသည်။

ထိုနေ့ထိုရက်မှစ၍ ဝါကျွီးခြင်း၊ လူသေခြင်းစသော မကောင်းမှုအနိဋ္ဌာရုံများ အလုံးစုံကင်းပျောက်သွားသဖြင့် ရွာသူရွာသားများမှာ 'စိုင်သီးခတ်'လုပ်ပေးသော ဘိုးသြဘကြီးအား ရှိခိုးဦးတင်၍မဆုံးအောင်ပင်ဖြစ်နေကြသည်။

မင်းဘိန်းထိုင်



www.burmeseclassic.com

www.burmeseclassic.com

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရား ပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသောအခန်းတဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်၊ နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | သီတင်းကျွတ်လဆန်း | ၄ဟူး | ၁၉<br>၂၀ | ၂၁း၄၂း၅၁ | * သိဒ္ဓိ<br>□ ဝရ |
| ၂ | ၉ | ၅ကြာ | ၂၀<br>× | ၁၄း၅၁း၂၆ | △ ကာဏ<br>* အမြိတ္တ |
| ၃ | ၁၀ | ၆ကြာ | ×<br>၂၁<br>၂၂ | ၀၂း၁၅း၀၀<br>၁၉း၀၇း၃၀ | □ ဝရ<br>△ ဥပါဒ်<br>△ မိတ္တု |
| ၄ | ၁၁ | စနေ | ၂၂<br>၂၃ | ၁၇း၂၁း၁၄ | * လာဘ<br>* သိဒ္ဓိ |
| ၅ | ၁၂ | ၁နွေ | ၂၃<br>၂၄ | ၁၅း၄၅း၀၀ | △ မိတ္တု<br>△ ကာဏ |
| ၆ | ၁၃ | ၂လာ | ၂၄<br>၂၅ | ၁၄း၁၅း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၇ | ၁၄ | ၃ဂါ | ၂၅<br>၂၆ | ၁၂း၄၅း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၈ | ○ ၁၅ | ၄ဟူး | ၂၆<br>၀ | ၁၁း၂၅း၄၃ | □ ဝရ<br>△ ဥပါဒ် |
| ၉ | လဆုတ် ၁ | ၅တေး | ၀<br>၁ | ၁၀း၂၇း၀၆ | * အမြိတ္တ<br>* လာဘ |
| ၁၀ | ၂ | ၆ကြာ | ၁<br>၂ | ၀၉း၄၀း၃၉ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၁ | ၃ | စနေ | ၂<br>၃ | ၀၉း၁၂း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၁၂ | ၄ | ၁နွေ | ၃<br>၄ | ၀၉း၂၁း၂၁ | △ မိတ္တု<br>△ ကာဏ |
| ၁၃ | ၅ | ၂လာ | ၄<br>၅ | ၁၀း၀၆း၁၉ | * သိဒ္ဓိ<br>□ ဝရ |
| ၁၄ | ၆ | ၃ဂါ | ၅<br>၆ | ၁၁း၂၂း၀၆ | △ ကာဏ<br>* အမြိတ္တ |
| ၁၅ | ၇ | ၄ဟူး | ၆<br>၇ | ၁၂း၅၁း၂၆ | □ ဝရ<br>△ ဥပါဒ် |
| ၁၆ | ၈ | ၅တေး | ၇<br>၈ | ၁၄း၅၀း၁၁ | * အမြိတ္တ<br>* လာဘ |

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁၇ | ၉ | ၆ကြာ | ၈<br>၉ | ၁၇း၂၀း၀၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၈ | ၁၀ | စနေ | ၉<br>၁၀ | ၂၀း၀၀း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၁၉ | ၁၁ | ၁နွေ | ၁၀<br>၁၁ | ၂၂း၄၀း၀၀ | △ မိတ္တု<br>△ ကာဏ |
| ၂၀ | ၁၂ | ၂လာ | ၁၁ | မပြောင်း | * သိဒ္ဓိ |
| ၂၀ | ၁၃ | ၃ဂါ | ၁၁<br>၁၂ | ၀၀း၅၂း၂၂ | △ မိတ္တု<br>△ ကာဏ |
| ၂၂ | ● ၁၄ | ၄ဟူး | ၁၂<br>၁၃ | ၀၃း၀၃း၁၆ | * သိဒ္ဓိ<br>□ ဝရ |
| ၂၃ | တန်ဆောင်မုန်းလဆန်း ၁ | ၅တေး | ၁၃<br>၁၄ | ၀၅း၀၃း၀၉ | △ ကာဏ<br>* အမြိတ္တ |
| ၂၄ | ၂ | ၆ကြာ | ၁၄<br>၁၅ | ၀၆း၁၂း၂၅ | □ ဝရ<br>△ ဥပါဒ် |
| ၂၅ | ၃ | စနေ | ၁၅<br>၁၆ | ၀၆း၅၄း၅၅ | * အမြိတ္တ<br>* လာဘ |
| ၂၆ | ၄ | ၁နွေ | ၁၆<br>၁၇ | ၀၇း၁၉း၁၉ | △ ဥပါဒ်<br>△ မိတ္တု |
| ၂၇ | ၅ | ၂လာ | ၁၇<br>၁၈ | ၀၇း၂၈း၃၁ | * လာဘ<br>* သိဒ္ဓိ |
| ၂၈ | ၆ | ၃ဂါ | ၁၈<br>၁၉ | ၀၆း၅၁း၂၆ | △ မိတ္တု<br>△ ကာဏ |
| ၂၉ | ၇ | ၄ဟူး | ၁၉<br>၂၀<br>× | ၀၅း၄၂း၅၁<br>၂၂း၅၁း၂၆ | * သိဒ္ဓိ<br>□ ဝရ<br>△ ဥပါဒ် |
| ၃၀ | ၈ | ၅တေး | ×<br>၂၁ | ၁၀း၁၇း၀၉ | * အမြိတ္တ<br>* လာဘ |
| ၃၁ | ၉ | ၆ကြာ | ၂၁<br>၂၂ | ၀၃း၁၉း၂၃ | △ ဥပါဒ်<br>△ မိတ္တု |

၂၀-နက္ခတ် = ၄၅ ယဉ္ဇီ
×- နက္ခတ် = ၃၀ ယဉ္ဇီ ⎬ ဖြင့်
၂၁ -နက္ခတ် = ၄၅ ယဉ္ဇီ

* = အဝင်နက္ခတ်　　○ = လပြည့်နေ့
□ = ခပါဒ်နက္ခတ်　　● = လကွယ်နေ့
△ = အထွက်နက္ခတ်

၈-၁၀-၂၀၁၄ ညနေ ၁၇း၄၉း၀၅ နာရီ၌ လပြည့်သည်။

*အသုံးတည့်နိုင်ကြပါစေ*

ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

မရောက်တာကြာပြီ ဖြစ်သော ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်ရောက်လာရသဖြင့် ရင်ထဲတွင် လန်းဆန်းတက်ကြွနေသည်။ငယ်စဉ်က ဆော့ကစားခဲ့သောနေရာလေးများကို ပြန်တွေ့ရသဖြင့် သတိရဖွယ်ရာ၊ လွမ်းဆွတ်ဖွယ်ရာများကို ပြန်သတိရလာခဲ့သည်။

"ဟော့ - စိန်သောင်း၊ ဘယ်တုံးက ရောက်သလဲ"

"ကျွန်တော် အခုပဲ ရောက်တယ် ကိုကြည်ဝင်း။ ဒွေးလေးတို့ နေကောင်းလား"

"ကောင်းတယ် စိန်သောင်းရေ၊ မင်းဒွေးလေးက မာမှမာပဲ"

"မိကောက်ကြီးကော ဘယ်သွားနေလဲ"

"မင်းနှမလား၊ ရေတွင်းကုန်းနဲ့ ကျောင်းစုရွာတွေမှာ ဈေးသွားရောင်းတယ်"

"အလုပ်အကိုင်တွေကော အဆင်ပြေကြရဲ့လား"

"ပြေတယ်လို့တော့မဟုတ်ပါဘူး စိန်သောင်းရယ်။ လက်လုပ်လက်စားတွေဆိုတော့ လုပ်လုပ်စားစားပါပဲ။ လယ်ပိုင်၊ နွားပိုင်၊ ကျွဲပိုင်တွေမှ အဆင်ပြေတာ။

မင်းဦးလေးတွေတော့ အဆင်ပြေပကွာ. ရွာတောင်ပိုင်းမှာတော့ သူဌေးပေါ့ကွာ"

"ဌေးမောင်နဲ့ မောင်ထွေးတို့ကော ဘာလုပ်နေကြသလဲ"

"မောင်ထွေးကတော့ လှေတစ်စီးနဲ့ မြစ်ထဲမှာကွန်ပစ်ငါးရှာတာပေါ့ကွာ။ သူ့အစ်ကိုလှမောင်ကြီးက လယ်(၅)ဧကလောက် လုပ်ကိုင်နေတော့ စားရရုံသောက်ရရုံတော့ရှိတာပေါ့ကွာ"

ကိုစိန်သောင်းတို့ရွာသည် ရန်ကုန်မြို့ကြီးနှင့်လည်း မဝေးပါဘဲနှင့် ရေတစ်တန်၊ ကုန်းတစ်တန်သွားရသော ရွာတစ်ရွာဖြစ်နေသည်။ ရန်ကုန်မှ မှော်ဘီကားစီးပြီး မှော်ဘီဈေးရှေ့မှ မြို့ချောင်းရွာ စက်လှေဆိပ်သို့ ကားတစ်ခါပြန်စီးကာ မြို့ချောင်းရွာကမ်းနားမှ စက်လှေဖြင့် ရွာသို့ (၁) နာရီလောက်မောင်းမှရောက်ပါသည်။ အလိန်လည်ကျေးရွာသည် အိမ်ခြေ (၇၀၀) မှ (၁၀၀၀) နီးပါးရှိသော ရွာကြီး ဖြစ်သည်။ ရွာဝိုင်းကြီးဖြစ်ပြီး ရွာလယ်လမ်းက ယခင်က ကျောက်များခင်းပြီး ယခုဆိုလျှင် ကွန်ကရစ်လမ်းများ

# ကိုသောင်းဦး

## မှော်ဝင်နေသော တောကြောင်သား





www.burmeseclassic.com

www.burmeseclassic.com

ဝင်ခင်းပြီးနေပြီ ဖြစ်သည်။ အလီန်လည်ရွာတွင် တဲ့ဖက်အထက်တန်းကျောင်းရှိပြီး ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းရှိသည်။ ယခင်ခေတ်က နာမည်ကြီးခဲ့သော အငြိမ့်မင်းသမီးကြီး ရွှေနှင်းဆီ တောင်ညွန့်၏ ဇာတိရွာဖြစ်သည်။ ကိုစိန်သောင်း၏ငယ်သူငယ်ချင်း မောင်စိန်မြင့်ကြီးသည် အငြိမ့်မင်းသမီးကြီး မတင်ညွန့်၏ တူတစ်ယောက်ဖြစ်သည်။ တောရွာရောက်လျှင် ရွာဓလေ့အတိုင်း အိမ်တိုင်းမှ ထမင်းခေါ်ကျွေးကြသည်။ မြို့ကြီးတွေမှာကဲ့သို့မဟုတ်ဘဲ တောရွာလေးတွေမှသူတွေက စေတနာကောင်းကြသည်။ ညနေသည်လာလျှင် အိမ်အောက်တွင်ရှိသော ကြက်တွေ၊ ဘဲတွေ ချက်ခုံးလှုပ်နေတော့သည်။

ကိုစိန်သောင်းလည်း ရွာတောင်ပိုင်း ဦးလေးအိမ်တွင် တစ်ညအိပ်သည်။ ဟိုဘက်ရွာတွင် ဝက်ပေါ်၍ ဝက်သားတောခုတ်သားတွေ လာရောင်းသဖြင့် ဒေါ်လေးက ဝက်သားတစ်တွဲ ဝယ်ယူလိုက်သည်။ အဲဒီနေ့က ဝက်သားဆီပြန်၊ လယ်သရက်ကင်း၊ လယ်တူ၊ မှိုနားတို၊ ဖလံတောင်ဝှေး၊ လယ်ကန်စွန်း စသည့် အတို့အမြုပ်နှင့် ဘောလည်ငါးပိမွှေးမွှေးဖြင့် စားရသဖြင့် အတော်လေးစားဖြစ်လိုက်သည်။ ထမင်းစားသောက်ပြီးတော့ အိမ်ရှေ့ ကနားဖျင်းအောက်တွင်ရှိသော ကွပ်ပျစ်ပေါ်တွင် ဦးလေးနှင့် ညီအစ်ကိုမောင်နှမများ ထန်းလျက်နှင့် ရေနွေးကြမ်းဝိုင်းဖွဲ့ပြီး ရွာအကြောင်း၊ လယ်အကြောင်း၊ နွားအကြောင်း၊ ရွာကထိန်ပွဲအကြောင်းတွေပြောပြီး ည(၉) နာရီထိုးတော့ အိပ်ရာဝင်ခဲ့သည်။

နံနက်လင်းတော့ မျက်နှာသစ်၊ ရေမိုးချိုးပြီး အဒေါ်ကြော်ထားသော ထမင်းကြော်စားကာ ခြံထွက်နွားနို့ပူပူလေးသောက်ရသည်။ (၁)နာရီလောက်ကြာတော့ ရွာလယ်ပိုင်းမှ အစ်မဝမ်းကွဲလာခေါ်သဖြင့် အစ်မဝမ်းကွဲအိမ်သို့ လိုက်သွားသည်။

"ဟော့ကောင်ကြီး စိန်သောင်း၊ မင်းရောက်နေတယ်ဆိုလို့ ငါလိုက်ရှာနေတာ။ မင်းကွာ နေနိုင်လိုက်တာ။ ငါတို့အိမ်ဘက်တောင်လျှောက်မလာဘူး"





www.burmeseclassic.com

www.burmeseclassic.com

ညီအစ်ကိုဝမ်းကွဲလည်းတော်ကာ ငယ်သူငယ်ချင်းလည်းဖြစ်သော မူလတန်းကျောင်းအုပ်ဆရာ လောစံကြီးက သူ့ကို လာမတွေ့ရကောင်းလားဆိုပြီး အပြစ်တင်နေသည်။

"ဟေ့ကောင် စိန်သောင်း၊ ညကျရင် မင်းဘယ်မှာအိပ်မှာလဲ"

"ငါ့အစ်မ မစန်းရီတို့အိမ်မှာ အိပ်မှာ"

"အဲဒါဆို အတော်ပဲ။ မင်းအစ်မ ထမင်းကျွေးရင် ညနေစာကို နည်းနည်းပဲစား သိလား။ ငါတို့ မင်းကို ဧည့်ခံဖို့ အောင်မြင့်တို့အိမ်မှာစီစဉ်ထားတယ်"

အောင်မြင့်က သူ့ညီမဝမ်းကွဲ၏ ယောကျ်ား ဖြစ်သည်။ အိမ်တွင် အအေးဆိုင်လေးနှင့် ကုန်စုံဆိုင်လေးဖွင့်ထားသည်။ ရာသီအလိုက် ကုန်မျိုးစုံလည်း ရောင်းသည်။ ရွာကိုရောက်လျှင် ငယ်သူငယ်ချင်းများ၊ ညီအစ်ကိုတော်စပ်သူများ၊ ယောက်ဖတော်စပ်ကြသူများက ရင်းရင်းနှီးနှီးဖြစ်စေရန်နှင့် ငယ်စဉ်က အဖြစ်အပျက်များကို ပြန်ပြောင်းပြောကြရန်အတွက် စားပွဲသောက်ပွဲစီစဉ်ကြသည်။ အစ်မအိမ်တွင် ညနေစာကို အနည်းငယ်သာစားသောက်ပြီး ညနေ (၅) နာရီထိုးတွင် မောင်မျိုး လာခေါ်သဖြင့် လိုက်သွားသည်။

"မောင်လေး၊ လောစံတို့နဲ့ ဒီည သွားစားသောက်မှာမဟုတ်လား။ ညဉ့်မနက်စေနဲ့နော်"

ရွာမြောက်ပိုင်းတွင်ရှိ အောင်မြင့်တို့အိမ်သို့ ဓာတ်မီးတစ်လက်နှင့် ထွက်လာခဲ့သည်။ အောင်မြင့်တို့အိမ်ရောက်တော့ စားပွဲပေါ်၌ ကျေးရွာများတွင် ခေတ်စားနေသော OP ခေါ် အရက်နှစ်လုံး၊ ချိုးကြော်၊ ကြက်ကြော်တစ်ကောင် အလယ်တွင် ပန်းကန်အကြီးကြီးနှင့် ထည့်၍ချထားသည်။ ကြက်ခြေထောက် ကြက်ခေါင်းကို ခွေးတောက်ရွက်နှင့် ပြုတ်ပြီး ဟင်းချိုလုပ်ထားသည်။

"ကဲ - လာကြဟေ့၊ ဝိုင်းကြရအောင်"

နောက်ဖေးဘက်မှ ထွက်လာ ကိုကြီးစိန်က စားသောက်ရန်ခေါ် လိုက်သည်။

"ဟင်-ကိုကြီးစိန်လည်းရောက်နေတယ်"

"အေးလေ၊ ငါညနေစက်လှေနဲ့ ပါလာတာ။မင်းရောက်နေတာနဲ့အတော်ပဲဆိုပြီး မော်ဘီဈေးထဲက တစ်လုံးဆွဲလာတယ်။ မော်ဘီကားဂိတ်မှာကတည်းက ရွာမှာမင်းရောက်နေတယ်လို့ အေးသိန်းက ပြောတယ်"

"ကဲ၊ ကဲ - ဝိုင်းလိုက်ကြရအောင်။ လောစံကြီးစကွာ၊ ဒီဝီစကီပုလင်းကိုပဲ အရင်ဖောက်ကြတာပေါ့။ စိန်မြင့်ကြီး လာကွာ။ မင်းတို့ကလည်း ဧည့်သည်တွေကျနေတာပဲ"

"အာ - ကိုကြီးစိန်တလည်း၊ အားနာလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့က အိမ်ရှင်တွေပဲ၊ ဧည့်သည်မှမဟုတ်တာ၊ အထူးရှယ်ဟင်းတစ်ခွက် ချက်နေလို့ စောင့် နေတာ"

"ဟေ့ကောင် စိန်သောင်း ချလေကွာ"

"နေဦး၊ ကိုကြီးစိန်။ အောင်မြင့် ဘာတွေချက်နေသလဲသွားကြည့်ဦးမယ်"

မီးဖိုပေါ် တင်ထားသော အိုးကြီးသည် ပွတ်ပွတ်ဆူပြီးအငွေ့တထောင်းထောင်းနှင့်ဖြစ်နေသည်။ အိုးကြီးအားဆွဲဖွင့်လိုက်သောအခါ မျက်လုံးကြီးပြူးကြည့်နေသောကြောင်ခေါင်းကြီးကိုတွေ့လိုက်ရသည်။ နီညိုရောင်ကြောင်ကြီးဖြစ်လိမ့်မည် ဖြစ်သည်။ မျက်လုံးအစုံက ဖျတ်ခနဲ မျက်စိမှိတ်သွားသဖြင့် ကိုစိန်သောင်းလည်းလန့်သွားသည်။

"အောင်မြင့်၊ မင်းကြောင်ခေါင်းကြီးက မျက်တောင်ခတ်နေတယ်။ ငါ့ကိုလည်း မျက်လုံးပြူးပြီးကြည့်နေတယ်"

"ဟာ - မဟုတ်တာဘဲ၊ ကိုစိန်သောင်းကလည်း။ ကျွန်တော်ချက်တာပဲ နှစ်ရေခန်းပြီးသွားပြီ။ ဒီရေခန်းရင်ချတော့မှာ"

"ကဲ-ဒါဆိုပြန်ဖွင့်ကြည့်ရအောင်။ ဘယ်မှာဖွင့်လို့လဲ။ ကိုစိန်သောင်း အကြည့်မှားတာနေမှာပါ"

"ဟင် - အခုတော့ သူမဟုတ်သလိုဘဲ။ ငါဖွင့်တုန်းက မျက်စိပွင့်ပြီး ပြူးတောင်ကြည့်နေတယ်။ အောင်မြင့်၊ ငါမစားဘူးနော်"

"ကိုစိန်သောင်းရာ မစားဘူးသေးလို့ပါ။ စားဖူးရင်လျှာလည်သွားမှာပါ"

"ဒါဘယ်ကြောင်လဲကွ။ မင်းတို့ ဘယ်ကရလာတာလဲ"

"အစ်ကိုကြီးစိန်ရဲ့ ဒီကြောင်က ကျွဲခတ်သောင်တောထဲက မောင်ညိုတို့ ခွေးနဲ့လိုက်လို့ရလာတာပါ။ မောင်ညိုကို ငါးရာပေးပြီး ယူထားလိုက်တာ"

"ဟေ့အေး၊ ငါတော့ ကြောင်သားဟင်းမစားဘူး။ ဒီမှာရှိတဲ့ ကြက်ကြော်နဲ့ ချိုးကြော်ပဲ စားတော့မယ်"

ကိုစိန်သောင်းတို့၊ ကိုကြီးစိန်တို့လည်း ကြက်သားကြော်စားလိုက်၊ ခွေးတောက်ဟင်းချိုသောက်လိုက်၊ ထမင်းစားလိုက်၊ ဝီမော့လိုက်နှင့် အလုပ်ရှုပ်နေတော့သည်။ တစ်ခဏကြာတော့ မောင်စိန်မြင့် ဇလုံကြီးနှင့်တစ်လုံး အငွေ့တထောင်းထောင်း၊ မဆလာနံ့သင်းသင်းနှင့် ကြောင်သားဟင်းကို ဝိုင်းအလယ်တွင်လာချလိုက်သည်။ ကိုစိန်သောင်းလည်း ကြောင်သားဟင်းခွက်ကို လက်မနှိုက်ဘဲ ကြက်ကြော်၊ ချိုးကြော်၊ ငါးခူဆီပြန်ဟင်းနှင့်ခွေးတောက်ဟင်းချိုတို့သာ နှိုက်သည်။ ထမင်းစားလိုက်၊ သောက်လိုက်နှင့် ဝီတစ်လုံးလည်းကုန်ရော ထွေလာတော့သည်။ အောင်မြင့် အဖုံးကိုဖွင့်လိုက်ပြီး သူ့မတ်ခွက်ထဲထည့်၍ မော့ချလိုက်သည်။

"အား - အခုမှပဲ အဝထိတော့တယ်။ မင်းတို့ဝီစကီက ငါတို့ ပါးစပ်တွေနဲ့ အလုပ်မဖြစ်ပါဘူးကွာ"

အောင်မြင့်က ပြောပြောဆိုဆိုပင် ကြောင်သားတစ်တုံးနှိုက်စားလိုက်သည်။ (OP)တစ်လုံးကုန်တော့ တော်တော်လေး ထွေနေကြပြီ ဖြစ်သည်။ ကြက်ကြော်၊ ချိုးကြော်၊ ငါးခူဆီပြန်ဟင်းတွေလည်း ကုန်သလောက်ရှိသွားပြီ ဖြစ်သည်။ ဇလုံထဲတွင် တောကြောင်သားတွေ ကျန်နေသေးသည်။ အောင်မြင့်က နောက်ဖေးဝင်သွားပြီး အိုးထဲမှ ကြောင်သားများ ထပ်ခပ်လာပြီး ဇလုံကြီးထဲ ထပ်ဖြည့်လိုက်သည်။ ကိုစိန်သောင်းလည်း ပြင်းလှသော (OP)အရက်တစ်ခွက်မော့လိုက်ပြီး အမြည်းနှိုက်လိုက်တော့ အောင်မြင့်က ကြောင်သားဟင်းခွက်ကြီးကို ရှေ့သို့ ပေးလိုက်သဖြင့် ကိုစိန်သောင်းလည်း မူးမူးနှင့် ကြောင်သားဟင်းတွေစားမိသွားတော့သည်။ ကြောင်သားစားကောင်းသလား၊မကောင်းသလားကို စိန်သောင်း မသိပါ။ နောက်ထပ်ဖောက်သော (OP) တစ်လုံးပါထပ်ကုန်သွားသဖြင့် အတော်လေးထွေနေကြပြီ ဖြစ်သည်။ ဝီစကီတစ်တောင့် (OP) နှစ်လုံးလည်းကုန်ရော အားလုံးလည်း ရေချိန်ကိုက်ကုန်ကြသည်။ ညဉ့်လည်းနက်လာသဖြင့် အောင်မြင့်တို့အိမ်မှ အစ်မဝမ်းကွဲရှိရာအိမ်သို့ မောင်မျိုး လိုက်ပို့သဖြင့် ပြန်လာခဲ့သည်။

ည(၉)နာရီထိုးပြီဖြစ်သဖြင့် တောရွာတွေ၏ထုံးစံအတိုင်း အိပ်မောကျနေကြပြီဖြစ်သည်။ အိမ်သော့ယူလာသဖြင့် အစ်မနှင့်တူမလေးတွေကို မနှိုးတော့ဘဲ သော့ဖွင့်ပြီး အိမ်ရှေ့ခန်းတွင် ထောင်ထားသော ခြင်ထောင်ထဲတွင် ဝင်အိပ်



www.burmeseclassic.com

www.burmeseclassic.com

…သည်။ မှန်အိမ်မီးကို မှိန်မှိန်လေး …ထားသဖြင့် အိမ်ရှေ့ခန်းတစ်ခန်း … မှိန်ပျပျလေးလင်းနေသည်။ ည …နာရီ (၃၀) မိနစ်လောက်တွင် အိပ် …သွားတာ နံနက်(၄) နာရီလောက် … နိုးနေတော့သည်။ ညက စောစော …ထားသဖြင့် နံနက်အစောကြီးနိုးနေ …တော့သည်။ ကိုစိန်သောင်းနေသော …မြို့မှာဆိုလျှင် ည (၁၂) နာရီ …လောက်မှ အိပ်ရာဝင်သဖြင့် နံနက် (၇) …နာရီလောက်မှနိုးသည်။ ယခု အိပ်ရာ …စောဝင်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ် …လိုက်ရသဖြင့် လန်းလန်းဆန်းဆန်း … နိုးနေတော့သည်။ အိပ်ရာထရ …သည်း စောနေသေးသဖြင့် အိပ်ရာ …ပေါ်မှာပင် အိမ်တွင်းဘက်ကို မျက်နှာပေး … အိပ်နေလိုက်သည်။ အိပ်နေရာမှ …ကောင်းလာသဖြင့် တစ်ဖက်သို့လှည့် …လိုက်သည်။ မှန်အိမ်မီးရောင်ကြောင့် …ရှေ့ခန်းတစ်ခုလုံး လင်းနေသဖြင့် …ဝန်းကျင်မှာရှိသောအရာဝတ္ထုများ … ထင်ရှားစွာမြင်နေရသည်။ တစ်ဖက် …လှည့်လိုက်တော့ ခြင်ထောင်ဘေးတွင် …လိုကြောင်လိုလိုလူတစ်ပိုင်းကြောင် …ပိုင်းအကောင်တစ်ကောင် ဒူးတုပ်၍ …နေသည်။ နားရွက်တွေက ယုန်နား …တွေလို အရှည်ကြီးဖြစ်ပြီး အပေါ်ကို …ထောင်နေသည်။ မျက်နှာက လူလိုလို …ကြောင်လိုလိုဖြစ်နေပြီး တစ်ကိုယ်လုံးမှီ …ရောင်အမွေးနုလေးတွေဖြင့် ဖုံးအုပ် …နေသည်။ ရုပ်ရည်က ရည်ရည်မွန်မွန် …ယဉ်ကျေးကျေးဖြစ်သည်။

"ဆရာ ဆရာ၊ ဆရာ့ကို ကျေးဇူး …ဆပ်ချင်လို့ လိုချင်တာကိုပြောပါခင်ဗျာ။ …ကျွန်တော် ဆရာခိုင်းတာကို လုပ်ပေး …မယ်"

"ဒါနဲ့နေပါဦး၊ မင်းကဘယ်သူလဲ"

"အာ - ဆရာ ညတုန်းကတောင် …အိုးထဲမှာ ကျွန်တော့်ကို တွေ့လိုက် …တယ် မဟုတ်လား။ ကျွန်တော် …ကောင် ဆရာ့ကိုပြန်ကြည့်လိုက်သေး …တယ်လေ။ ဆရာခိုင်းစရာရှိရင်ခိုင်းပါ။ …ဆရာ့ကျေးဇူးကိုဆပ်ပါရစေ"

"ငါက ဘာလုပ်ပေးလို့ မင်းက …ကျေးဇူးတင်နေရတာလဲ"

"ကျွန်တော် တောတောင်ထဲမှာ …ကျင်းကျင့်စဉ်ပွားပြီး လူတစ်ပိုင်း၊ …တိရစ္ဆာန်တစ်ပိုင်းဘဝရောက်ခဲ့ရပါတယ်။ …ဘဝဆိုးကြီးထဲမှာ ကျွန်တော်တော် …ကြာခဲ့ပါပြီဆရာရယ်။ ကျန်ခဲ့တဲ့နှစ် …မှ ကျွန်တော့်ဆရာရောက်လာပြီး -

'မင်းဝဋ်ကျွတ်တော့မယ်။ မင်းဝဋ်ကျွတ်ခါနီးရင် မြို့ကလူတစ်ယောက် ရောက်လာမယ်။ အဲဒီအချိန်မှာမင်းသေရလိမ့်မယ်။ မင်းအသားကိုသူစားပစေ။ အဲဒါဆိုရင် မင်းဝဋ်ကျွတ်သွားပြီ'လို့ ပြောသွားတယ်။ ဒါကြောင့် ဆရာ့ကိုကျေးဇူးတင်ပါတယ်။ ကျေးဇူးဆပ်ပါရစေ။ ဒီလူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းဘဝကြီးမှာ တစ်ရက်မှ စိတ်ချမ်းသာတယ်ဆိုတာမရှိခဲ့ပါဘူးဆရာရယ်။ အခုဆို ဆရာနဲ့ ကျွန်တော်နဲ့ အထုံရေစက်ကကုန်သွားပါပြီ။ နောက်ဆုံး သွားခါနီး နှုတ်ဆက်ရင်း ကျေးဇူးဆပ်ခဲ့ချင်ပါတယ်"

"အာ-နေပါစေ၊ ဘာကျေးဇူးတွေမှ ဆပ်မနေပါနဲ့တော့။ မင်းသွားလိုရာကို သွားပါတော့ကွာ။ အခုမင်းလွတ်လပ်သွားပါပြီ"

"ဒါဆိုရင်လည်း ကျွန်တော်သွားတော့မယ် ဆရာ"

ကြည့်နေရင်းကြည့်နေရင်း လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းအကောင်သည် တဖြည်းဖြည်းနှင့် မှုန်မှုန်ဝါးဝါး ပျောက်ကွယ်သွားတော့သည်။ ထူးဆန်းသောအဖြစ်အပျက်ကို ကိုစိန်သောင်းလက်တွေ့မျက်ဝါးထင်ထင် မြင်လိုက်ရသဖြင့် အံ့သြနေမိသည်။ မနက်ကျတော့ အောင်မြင့်တို့အိမ်ဘက် ထွက်လာပြီး သွားကြည့်သည်။

"ကိုစိန်သောင်းရေ ခင်ဗျားတို့ ပြန်တော့ အိမ်ရှေ့ သရက်ပင်ကြီးပေါ်ကနေ ကြောင်အော်သံကြားရတယ်။ ကြောင်အော်သံကြီးကတော်တော်ကျယ်တယ်။ ဒါနဲ့ ကျွန်တော်လည်း လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်တော့ ကြောင်လိုလိုအကောင်ကြီးတစ်ကောင် လွှားခနဲဆိုဟိုဘက်ကုက္ကိုပင်ကြီးပေါ် ကူးသွားတယ်။ ကျွန်တော် သရဲခြောက်တယ်ထင်လို့ အိပ်ရာထဲဝင်ပြီးအိပ်လိုက်တယ်"

"ကျွန်မတော့ မကြားလိုက်ပါဘူး။ အရက်နံ့တွေကြောင့် ခေါင်းမူးပြီး အိပ်ပျော်သွားတာ ဘာမှတောင်မသိလိုက်ဘူး"

"အေးလေ - ကြောင်သားစားတဲ့သူတွေကြောင်အော်သံကြားရတာတော့ သိပ်အဆန်းပါဘူးလို့ ထင်တာဘဲ"

ညီမတော်သူ မစန်းစန်းဝင်းက သူ့ယောကျ်ားကို ငေါ့တော့တော့ ပြောပြီး နောက်ဖေးဘက်ဝင်သွားသည်။

"ငါလည်း အိပ်ပျော်သွားတော့ သေသေချာချာမသိဘူး။ ဒါဆိုရင် ဒီကြောင်ကြီးက ကြောင်စုန်းကြီးဖြစ်မယ် ထင်တယ်"

"ဒါနဲ့ ညက ကြောင်ခေါင်းကြီး ဘယ်ရောက်သွားလဲ၊ မင်းစားလိုက်လား အောင်မြင့်"

"ညက ဟင်းအိုးမွှေရင်းနဲ့ ကြောင်ခေါင်းကြီး အိမ်အောက်ပြုတ်ကျသွားတယ်။ အောက်မှာက ဗွက်တွေနဲ့အညစ်အကြေးတွေနဲ့ဆိုတော့ ပြန်မကောက်တော့ဘူး"

"ဟာ - ဒါဆိုသွားကြည့်ရအောင်"

အိမ်အောက်တွင် တွေ့သော ကြောင်ခေါင်းမှာ အရိုးချည်းသာကျန်တော့သည်။ အသားတွေ၊ နားရွက်တွေ၊ မျက်လုံးတွေ တစ်ခုမှမရှိပါ။ အရိုးမှ အရိုးဖြူဖြူစစ်စစ်သာကျန်တော့သည်။ ဘာအသားစမှရှိမနေတော့ပါ။

"နာတာပဲကွာ၊ ညကသာသိခဲ့ရင် ကြောင်မျက်ရှင်ရမှာကွ"

"ကျွန်တော်ပြောသားပဲ၊ မျက်လုံးဖွင့်ကြည့်ပါတယ်ဆို။ ဒီကောင် အောင်မြင့်ပေါ့၊ မဟုတ်ပါဘူးဆိုပြီး ဖွတ်ငြင်းနေတာ"

"ဒီလိုဖြစ်မယ်မှန်း ငါလည်းဘယ်သိပါ့မလဲကွာ"

"အေးလေ၊ ဒါမထိုက်လို့ဘဲခေါ် ရမှာပေါ့"

ကိုစိန်သောင်းလည်း ညကဖြစ်ခဲ့တာကိုမပြောတော့ပေ။ သဘာဝကြီးထဲ၌ ဆန်းကြယ်သော အဖြစ်အပျက်တွေ ဘယ်လောက်များပင်ရှိနေသည်ကို မသိရပါ။ ယခုအဖြစ်အပျက်ပင် အတော့်ကို ထူးခြားနေသည်။ ထိုအချိန်မှစ၍ တိရစ္ဆာန်များကို သိပ်အထင်မသေးရဲတော့ပါ။ သူတို့အကြောင်းကို ဘုရားမှတစ်ပါး အခြားသူတွေမသိနိုင်ပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သံသရာကြီးဟာ လည်ပတ်နေပါလား။ ဖြစ်လိုက်၊ ပျက်လိုက်နှင့် အနမတဂ္ဂ မရေတွက်နိုင်အောင် ကျွတ်တမ်းမဝင်နိုင်သေးသော လူ၊ နတ်၊ သတ္တဝါ၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်တို့သည်လည်း သံသရာကြီးတစ်လျှောက်မှာ ကုသိုလ်အကုသိုလ်တွေနှင့်ရောပြွမ်းပြီး ဘဝတွေဆက်တိုက်ဖြစ်ပြီး သံသရာကြီးလည်နေဦးမှာပါလား။

*သတ္တဝါများ*
*ကျန်းမာချမ်းသာကြပါစေ*

ကိုဘောင်းဦး



www.burmeseclassic.com

www.burmeseclassic.com

(ဆုရိုးသားအားပေးဆုရ)

# ကျွန်းစဉ်မြေ-တောခက်

ရိုးမရိပ်က မေတ္တာရှင်



နွယ်ချိုဖိုးခေါင် ရိုးမတောင်မှ ရစ်ခွေစီးဆင်းနေကြသည့် တောင်ကျချောင်းနံဘေးတွေတစ်လျှောက် လယ်ကွင်း၊ ကိုင်းခင်း၊ ဥယျာဉ်ခြံမြေလေးတွေနဲ့ စိမ်းစိုမြလှလည်းလှရဲ့။ တောင်နွယ်တောင်တန်း၊ တောင်ခါးပန်းတွေမှာ ပေါက်ရောက်ရှင်သန်နေကြသည့် သစ်ဝါးကြိမ်နွယ်တွေကလည်း ပေါမှပေါ။ တို့နိုင်ငံရဲ့သယံဇာတတွေရယ်လေ။

◆

နွေမနက်ခင်းလေးကတော့ လေနုအေးလေးအသွေးမှာ နွေမြူခိုးလေး ခပ်ပါးပါးနှင့်သာယာနေသည်။ မနက်ခင်း၏ ရှင်းသန့်သည့်ရှစ်ခွင်တွင်းမှာပဲ စက်လှေကလေးတစ်စီးမှာ ရခိုင်ရိုးမတောင်ကျချောင်းကလေးအတိုင်း ခုတ်မောင်းဝင်လာသည်။ ချောင်းအဆုံးမှာတော့ ရေငန်တား တမံရိုးကြီးတစ်ခုကို ပက်ပင်းတိုးသည်။

“ကဲ - ရောက်ပြီ၊ ရောက်ပြီ။ ကမ်းတက်ကြတော့”

တင်မောင်ညွန့် စကားဆုံးလျှင် လှေသားတွေ ကမ်းသို့တက်လိုက်ကြသည်။ တင်မောင်ညွန့် တမံရိုးပေါ်တက်ပြီး ပတ်ဝန်းကျင်တစ်ခွင်ဝေ့ယမ်းကြည့်လိုက်သည်။ ရိုးပြတ်တောကြီးအတိပြီးသည့် လယ်ကွင်းပြင်ကြီး၏ အနားသတ်အဆုံးမှာတော့ ပင်ကြီးပင်ငယ်ရိပ်ထီးချမ်းမြတို့ရိုးမ။ လက်ယာဘက် ခပ်လှမ်းလှမ်းမှာတော့ ရွာလေးတစ်ရွာ။ ရွာပြင်လယ်ကွင်းအစပ်မှာ ငှက်ပျောခင်း၊ သရက်ခင်းတွေနဲ့စိမ်းလို့စိုလို့။ ရွာထဲက လွင့်ပျံထွက်ပေါ်လာသည့် မီးခိုးတန်းလေးများက နွေမြူခိုးနှင့်မိတ်ဖွဲ့ကာ လေနုအေးနှင့်လွင့်မျောပါနေကြလေရဲ့။

လူတစ်ယောက်နှင့် နွားတစ်အုပ် ရွာဘက်ကနေလာနေတာကို လှမ်းမြင်နေရသည်။ တင်မောင်ညွန့် စိုက်ကြည့်လိုက်သည်။ သိပ်တောင်မကြာ အနားသို့ရောက်လာသည်။

“ညီလေး၊ ညီလေး”

ကောင်လေးကလှမ်းကြည့်သည်။

“သာစည်ရွာဘယ်နားလဲဟင် ညီလေး”

“ကျွန်တော်ထွက်လာတာ သာစည်ရွာပဲ”

“ဟုတ်ပြီ၊ ဟုတ်ပြီ။ ရွာမှာ ကိုအောင်ညွန့်ရှိလားဟင် ညီလေး”

“ရှိတယ်၊ ရှိတယ်။ ခုပဲတွေ့ခဲ့သေးတယ်။ တောင်တက်မလားမသိဘူး၊ ဓားတစ်လက်နဲ့ပဲ”

“ကျေးဇူးပဲ ညီလေး၊ ကျေးဇူးပဲနော်”

တင်မောင်ညွန့်တို့အဖွဲ့နှင့် နွားကျောင်းသားလေးတို့ ကျောခိုင်းပြီး တရွေ့ရွေ့ခွာလိုက်ကြသည်။ တာလမ်းတစ်လျှောက် သစ်ပင်ချုံနွယ်တို့တွင်



www.burmeseclassic.com

www.burmeseclassic.com

ဒူးပုရစ်တို့ မြူးသစ်ထိန်ဝေနေကြရာ နှလုံးစိတ်ဝမ်း အေးချမ်းလှပါပေ၏။ တင်မောင်ညွှန့်တို့ ငှက်ပျောခင်းနံဘေး တစ်ရွာထဲသို့ လှမ်းဝင်လိုက်ကြသည်။

"ဟာ - ကိုအောင်ညွှန့်ဘယ်သွား မလို့လဲ"

"ကိုတင်မောင်ညွှန့်အတွက် ဧရာ တုံးသွားလှဲမလို့လေ။ ခုပဲတောင်တက်ဖို့ ထွက်လာတာ။ တင်နုနဲ့ လှညွှန့်တို့လည်း လာကြမှာ"

"အဲလိုဆို ကိုအောင်ညွှန့်တို့ မသွားကြနဲ့ဦး၊ ကျွန်တော်နဲ့ အစီအစဉ် လေးတွေလုပ်ကြရအောင်"

"ဟုတ်ပြီ၊ ဟုတ်ပြီ"

ရွာခံ အောင်ညွှန့်မှာ တင်မောင် ညွှန့်တို့ကိုခေါ်ပြီး အိမ်ဘက်သို့ပြန်လှည့် လာခဲ့၏။ အိမ်ရှေ့ကွပ်ပျစ်လေးတွင်ပဲ ထိုင်လိုက်ကြသည်။

"ဧရာတုံးကတော့ ရိုးထဲမှာအပင် ရှာထားပြီးပြီ။ စည်ဟုန်းပင်ကြီးပဲ။ (၉) လံ၊ (၂) တောင်ကတော့ အေးအေးဆေး ဆေးပဲရတယ်"

တင်မောင်ညွှန့်မှာ အောင်ညွှန့် ပြောသည့်စကားကို နားထောင်နေ၏။

"သစ်က တောင်ကမ်းပါးယံမှာ ဆိုတော့ ခုတ်လှဲချလိုက်တာနဲ့ ချောက် ထဲကျသွားနိုင်တယ်။ နွေပိုင်းဆိုတော့ ချောင်းရေလည်းမရှိဘူး။ တုံးချတာတော့ နည်းနည်းခက်မယ်"

"ကျွဲနဲ့ချရင်ကောမရနိုင်ဘူးလား"

"ခက်တယ်ဆိုတာ အဲဒါပြောတာ





www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ သစ်ဆွဲတဲ့ကုမ္ပဏီတွေတော့ ကိုင်းတိုင်းမှာရှိကြတယ်။ ဒါပေမယ့် ကျောက်လုံးကြီးတွေကြားကနေဆွဲရမှာဆိုတော့ သိပ်လွယ်မှာမဟုတ်ဘူး"

"အဲလိုဆို ဘယ်လိုလုပ်ကြမှာလဲဗျာ"

"သရဲရွာမှာ ဆင်မတစ်ကောင်တော့ရှိတယ်။ အဲဒါသွားပြောကြည့်ရအောင်လေ"

"ကိုယ့်မှာ လိုအပ်နေပြီပဲ။ သွားကြမယ်လေ"

တင်မောင်ညွှန့်ဖျတ်ခနဲမတ်တတ်ရပ်လိုက်၏။

"နေပါဦးလေ၊ ကိုတင်မောင်ညွှန့်တို့မနက်စာမစားရသေးဘူးမဟုတ်လား။ ဒီကထမင်းလေးဘာလေးစားပြီးမှ ဆက်သွားကြတာပေါ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

အောင်ညွှန့်မှာ အမ်းမြို့နယ်တောင်စဉ်ကမ်း သာစည်ရွာတွင် အခြေချနေထိုင်သူ ဖြစ်သည်။ မိန်းမနှင့်ကွဲနေပြီး ထမင်းဟင်းကိစ္စကို သူ့ညီမလေး ထွေးခင်ကပဲ အစစစီစဉ်ပေးနေရသည်။ ရခိုင်ရိုးမတောတန်းကြီး၏ အနောက်ခြမ်း အမ်းမြို့နယ်တောင်ခြေလမ်းတစ်လျှောက်တွင် ဒုတ္တ၊ ရှူး၊ မဂ္ဂမ်း၊ သာစည်၊ တာဖျား၊ သရဲ၊ မြင်၊ လုတ်၊ ရေပုတ်၊ ငရုတ်တောင်၊ တပ်တောင် စသောရွာများ တည်ရှိကြသည်။ တပ်တောင်မှ တစ်ဆင့် အမ်းမြို့သို့ထိ ခြေကျင်လမ်း အတိုင်းသွားလာနိုင်သည်။

အောင်ညွှန့်မှာ သစ်ခုတ်ခြင်း၊ သစ်ခွဲခြင်းတို့ဖြင့် ဘဝ၏လိုအပ်ချက်ကို မမှီတမှီဖြည့်တင်းနေရသူ ဖြစ်လေ၏။ အိမ်ပေါ်မှာ မိအိုဖအိုနှင့်ညီမလေးတစ်ယောက်ရှိ၏။ အောင်ညွှန့်တို့အလုပ်က လွယ်သည်တော့မဟုတ်ပေ။ ရဲနှင့်လိုက်တမ်းပြေးတမ်းကစားနေကြရသည်သို့ ရှိ၏။ ရွှေရွာရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များမှာ မနက်အိပ်ရာထသည်ဆိုရင်ပဲ ရိုးမတောင်ခြေလမ်းတစ်လျှောက် ခြေချင်းလိမ်နေပေတော့သည်။ ပါမစ်မဲ့သစ်ထုတ်၊ ဝါးခုတ်နေသူတွေကို တောင်မကျန်မြောင်မကျန် ဖားရှာနေသလို လိုက်ရှာနေကြ၏။ ကိုအောင်ညွှန့်တို့လို ပေမမီ ဒေါက်မမီလုပ်ကိုင်စားသောက်နေကြသူတွေအတွက် ကြီးစွာဒုက္ခကိုဖြစ်စေ၏။

လူဖြစ်လာရတစ်ခဏမှာ မစားဘဲနေလို့မရ၊ မဝတ်ဘဲနေလို့မရ၊ နေစရာမရှိဘဲ ရပ်တည်နေလို့မရ။ သည်တော့ သဘာဝပတ်ဝန်းကျင်က ပေးသည့် အခွင့်အရေးကို တွယ်ဖက်ရုန်းကန်ကြရတာကလား။

◆

နွေလယ်နေ့လယ်ခင်းကြီးမို့ သူရိန်မင်းက ပူရှိန်ပြင်းနေပေ၏။ ရိုးပြတ်တောကို ဝေ့ဝိုက်တိုက်ခတ်လာသော လေပူတစ်ချက်ကြောင့် တင်မောင်ညွှန့်တို့ ပိုပြီးမောဟိုက်သွားကြသည်။ ကျောက်တုံးနှင့် ဆူးချုံဆိုပတ်၊ ချောင်းကွေ့ဆိုဖြတ်ကာ ခရီးနှင်ခဲ့ကြ၏။ အောင်ညွှန့်မှာ ကျွန်းစဉ်သားပီပီ ခြေလှမ်းမြန်သည်၊ ခြေနှုတ်သွက်သည်။ တင်မောင်ညွှန့်က ကျွန်းစဉ်သားဆိုတော့ ခြေချခြေနှုတ်သိပ်မမြန်။ ကျွန်းစဉ်ဒေသဆိုတာ နွားလှည်းတစ်မောင်းစာတောင် မြေပြန့်မရှိ၍ ယနေ့ထိတိုင် နွားလှည်းတစ်စီးတလေတောင်မရှိသည့်အရပ်ဒေသ။

တင်မောင်ညွှန့်တို့ ကျွန်းစဉ်သားတွေမှာ မြစ်၊ ချောင်းပေါသည့် အရပ်ဖြစ်၍ ရေလမ်းခရီးကို အားကိုးပြုကာ လှေသမ္ဗန်ကြီးတွေနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုပြုကြသည်။ ဒေသထွက်ကုန် ခနိ၊ ထင်း၊ ငါးပိ၊ ငါးခြောက်တွေကို အဓိကထားလုပ်ကိုင်ကြ၏။ ယခုလည်း ကိုတင်မောင်ညွှန့်မှာ (၉)လုံး (၂)တောင် အရှည်ထားပြီး လှေကြီးတစ်စီးဆင်မှာမို့ သစ်ဝါးပေါသည့် တောင်စဉ်ကမ်းတွင် ဇရာတုံးလာရှာခြင်း ဖြစ်သည်။

စပ်တင်လှေကြီးစပ်လျှင် လှေကြီး၏ ကျောရိုးဗဟိုတွင် ဇရာတုံးဆိုသည်ထည့်ပေးရ၏။ စတုရန်းကွက်ဗိတုံးချပြီး အခြေတည်ရသည်။ ဇရာတုံးချပြီးမှသာ စပ်ပျဉ်တွေကို ဘယ်၊ ညာတစ်ချပ်ချင်းစပ်ပြီးအပေါ်သို့စပ်တင်ယူရသည်။ ဇရာတုံးမှာ လှေကြီးဟန်ချက်ညီအောင် မလွဲမသွေထည့်ပေးရသောအရာ ဖြစ်သည်။

"နေကလည်း ပူလိုက်တာဗျာ ဟူး. . . ."

"လာ၊ လာ၊ လာ - မိုးမချုပ်ခင် ကိုယ့်ရွာပြန်ရောက်ဖို့လိုတယ်"

ခရီးသွားနှစ်ယောက်၏ကိုယ်တွေမှာ ချွေးတွေယိုစီးကျနေကြပေပြီ။

"အဲဒီမှာ သရဲရွာနှစ်ရွာရှိတယ်။ တစ်ရွာမှာ ရခိုင်တွေနေကြပြီး တစ်ရွာမှာ ချင်းတွေနေကြတာလေ"

"တို့ကဘယ်ရွာသွားရမှာလဲ"

"ချင်းရွာပဲသွားရမှာပေါ့။ ချင်းရွာမှာပဲ ဆင်ရှိတာလေ"

"သြော် - ဟုတ်ကဲ့"

တင်မောင်ညွှန့်မှာ တစ်ညလုံး စက်လှေနှင့်လာခဲ့ရရာ တစ်ရေးမှမအိပ်ရသေး။ မနက်လင်းတာနှင့် နေပူကျဲကျဲအောက်မှာ ခြေကျင်ခရီးတစ်ခါသွားရပြန်ရာ ပိုပြီးနွမ်းနယ်နေသည်။ မွန်းလွဲပိုင်းလောက်တွင် သရဲချင်းရွာသို့ရောက်ရှိကြသည်။ တင်မောင်ညွှန့်မှာ ရောက်သည်ဆိုရင်ပဲ အိမ်ရှေ့မှသောက်ရေအိုးစင်က ရေတစ်ခွက်ခပ်သောက်ပြီး ကွပ်ပျစ်ပေါ် လှဲချလိုက်သည်။

"ဗျို့ - ကိုဘဇံ"

"ဗျို့ - အိမ်ရှင်တို့"

အောင်ညွှန့်မှာ အိမ်ရှင်တို့ကိုလှမ်းခေါ်လိုက်သည်။

"လာပြီဗျို့၊ လာပြီ"

မည်းမည်းပျပ်ပျပ်နှင့် ခပ်ညက်ညက် လူတစ်ယောက် အိမ်နောက်ဘက်မှ လှမ်းထွက်လာသည်။

"ဟာ - ကိုအောင်ညွှန့်ပါလား"

"ဟုတ်တယ်ဗျ။ ကိစ္စရှိလို့ ကိုဘဇံဆီလာခဲ့တာပဲ"

"အဲသလိုဆိုလာ လာ၊ ဟိုဘက်ကမ်းသွားရအောင်"

ဤမျှပြောလျှင်ပင် အောင်ညွှန့်သဘောပေါက်သွားပေပြီ။ အောင်ညွှန့်မှာ ချင်းတွေနှင့် လက်ပွန်းတတီးနေလာခဲ့သူဆိုတော့ သူတို့အထာကိုသိသည်။ ဘဇံက ရှေ့ကသွားသည်။ အောင်ညွှန့်က တင်မောင်ညွှန့်ကို လက်ဆွဲပြီးနောက်ကနေလိုက်သည်။ သူတို့မှာ ရွာအိမ်ခြေက ခပ်ကျဲကျဲ။ ဟိုနားတစ်အိမ်သည်နားတစ်ဆောင်။ နွေလယ်နေ့ခင်းဆို လူတွေက ရွာထဲမှာသိပ်မရှိကြ။ ကိုင်းသွားသူသွား၊ တောင်တက်သူတက်သွားနေကြသည်။ အချို့အိမ်တွေမှာ အိမ်စောင့်ရှိသည်။ အချို့မှာ အိမ်စောင့်မရှိကြ။ သစ်လုံးလှေကားကို မှောက်ထောင်ပြီးထွက်သွားကြသည်။ ဝင်းမဲ့ခြံမဲ့လွှတ်မွေးထားကြသည့် ကြက်တွေ၊ ဝက်တွေကိုတော့ ဟိုနားတစ်ကောင်သည်နားတစ်အုပ်တွေ့ကြရသည်။

ရေလေး မဖြစ်စလောက် စီးဆင်းနေသောချောင်းကို ဖြတ်ထိုးထားသော ဝါးတံတားလေးကို ဘဇံဖြတ်ကျော်လိုက်သည်။ အောင်ညွှန့်တို့လည်း နောက်ကနေလိုက်ကြ၏။ ခြေတံရှည်ဝါးအိမ်ကလေးတစ်လုံးရှေ့သို့အရောက်တွင် ဘဇံ အိမ်ပေါ်သို့ မော့ကြည့်လိုက်သည်။ ပရဲထိုး သင်တိုင်းဝတ် ချင်းအမျိုးသမီးကြီးတစ်ဦး အိမ်ပေါ်မှ လှမ်းကြည့်နေသည်ကို တွေ့လိုက်ရသည်။ ကိုဘဇံနှင့် သူတို့ဘာသာစကားနှင့် ပြောလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဘဇံက အောင်ညွှန့်တို့ကို မေးဆတ်ပြကာ အိမ်ပေါ်သို့ တက်သွားကြ၏၊ ညည်ခံအလယ်တွင် ပလူတံစွပ်ပြီး သောက်ရန် အဆင်သင့်ဖြစ်နေသော နွားရာခေါင်ရည်အိုးတစ်လုံး။ ချင်းရွာတွေကို ဧည့်သည်ရောက်လာလို့ရှိလျှင် သူတို့တွေမှာ အဓိက အရေးတကြီးလုပ်တာက ခေါင်ရည်ဖြင့်ဧည့်ခံခြင်းပင်။

အောင်ညွှန့်တို့ ခေါင်ရည်အိုးကို ဝိုင်းပတ်ထိုင်လိုက်ကြ၏။ သင်တိုင်းဝတ်တိုင်းရင်းသူ အဘွားအိုကပါ ဝင်ထိုင်လိုက်ရာ ခေါင်ရည်ဝိုင်း၌ လေးယောက်ဖြစ်သွားသည်။ ခေါင်ရည်တစ်အိုးဖွင့်လျှင် အိမ်ပေါ်မှာရှိသူတိုင်း ဝင်သောက်ရသည်။ ဤသည်မှာ သူတို့ဓလေ့ပင်ဖြစ်သည်။

"ဒီခေါင်ရည်က လရင့်လို့ ဆန်ပုပ်နေပြီ၊ လောက်ကောင်တွေတောင်ကျနေပြီ၊ အရမ်းကောင်းတယ်တဲ့ဗျ"

တင်မောင်ညွှန့်တို့မှာ တစ်ငုံစီစုပ်သောက်ရင်း ရွာခံ ဘဇံ၏အပြောကို ခေါင်းညိတ်လိုက်ကြသည်။

"ကိုအောင်ညွှန့်ပြောတဲ့ အရေးကြီးကိစ္စဆိုတာ ဘာလဲဗျ"

"ဒီလိုပါ ကိုဘဇံ၊ ဒါကကျွန်တော့်မိတ်ဆွေကိုတင်မောင်ညွှန့်ပဲ။ မြေပုံမြို့နယ် ကျွန်းစဉ်ဒေသကနေလာခဲ့တာ။ အဓိကကတော့ ဧရာတုံးအတွက်ပဲ"


"ဟုတ်ကဲ့"

"ဧရာတုံးကလည်း ချောင်းဖျားမော်ကြီးကွေ့ကနေချရာမှာဆိုတော့ ကျွဲလောက်နဲ့ မရနိုင်ဘူးလေ။ အဲဒါ ကိုဘဇံဆင်များရမလားလို့ အားကိုးပြီးလာခဲ့တာပဲဗျ"

"မဖြစ်နိုင်တော့ဘူး ထင်ပါတယ်ဗျာ။ ဆင်မက ဇီးရင့်နေပြီဗျ။ အလုပ်ကြမ်းလည်း လုပ်ခိုင်းလို့ မသင့်တော်တော့ဘူးလေ"

"ခင်ဗျားမှာ ဆင်ထီးမှမရှိတာ။ ဆင်မမှာဘယ်လိုလုပ်ဇီးရှိမှာတုံး"

"ဟာဗျာ -ကိုအောင်ညွှန့် ဒုံးဝေးလှချေလား။ ဆင်မ မြိုင်ပေါ်လာရင်



လွှတ်ပေးရတာလေ။ အဲဒါ သူတို့ချင်းဘယ်နေရာရှိတယ်ဆိုတာသိကြတယ်လေ။ ဆင်မက တောဆင်ထီးရှိတဲ့နေရာချက်ချင်းရောက်သွားတာလေ"

"ဩော် - အံ့ဩစရာပဲနော်"

"ဟုတ်တယ်"

"ကိုဘဇံရယ်၊ ကူညီပါဦးဗျာ။ ကျွန်တော့်မိတ်ဆွေက ခရီးဝေးကနေ တကူးတကလာရတာလေ။ ခုလည်း ကြည့်ပါဦး။ သူ့ခမျာ ခင်ဗျားဆင်ကို အားကိုးပြီးလိုက်လာတာ နွမ်းဖတ်နေပြီ"

လူလူချင်း ညှာတာမှုအသိသည် ချင်းအမျိုးသား ကိုဘဇံ၏အသိအိမ်ထဲ တန်းခနဲဝင်သွားသလားမသိ ဖွာလန်ကြနေသော ဆံပင်တိုနန့်နန့်လေးကို လက်ဖြင့် ခပ်ကြမ်းကြမ်းကုတ်ခြစ်ပစ်လိုက်သည်။

"ဘယ်လိုလုပ်မလဲဗျာ။ ဒါဆိုရင်လည်း ဒီတစ်ချီတော့လိုက်ပေးလိုက်မယ်လေ။ ဒါပြီးရင် ဆင်မကို အနားပေးရတော့မှာ။ ဘယ်သူလာငှားငှားမလိုက်တော့ဘူး"

"ဟာ-ကျေးဇူးကြီးပါပေတယ်ဗျာ"

နေထိပန်းဖြစ်နေသော တင်မောင်ညွှန့်၏မျက်နှာပြင်မှာ ရေတွေ့ကြာလို ရွှင်လန်းသွားခဲ့လေပြီကော။

◆

ဆင်ကျောကုန်းပေါ်တွင် စီးနင်းလိုက်ပါလာသောဘဇံကို အဝေးကလှမ်းကြည့်လျှင် မျောက်အကြီးစားတစ်ကောင်နှင့်ဘာမှမခြား။ တောင်ပေါ်သို့ တအိအိယိမ်းထိုးလှုပ်ခါလျက်ရှိရာ သစ်ပင်ခုတ်လှဲထားသော ချောင်းဖျားမော်ကြီးကွေ့သို့ရောက်လာ၏။

အောင်ညွှန့်၊ တင်နုနှင့် လှညွှန့်တို့မှာ သစ်ပင်ကြီးကို ခုတ်လှဲထားရုံမက ခက်လက်ကိုင်းဖျားတွေကိုပါ ခုတ်ဖြတ်ပြီး လေးထောင့်ဗီချထားရာ လှေကြီးဧရာတုံးမှာ အကြမ်းအဆင့်သို့ ရောက်ရှိနေလေပြီ။ ဆင်ဦးစီးက ဆင်မ၏နားရွက်နောက်နားသို့ ခြေထောက်ဖြင့်ဆောင့်ကာဆောင့်ကာကန်ရင်း လိုအပ်သလိုဖြစ်လာရန် အမိန့်ပေးနေ၏။ ဆင်မလေးသည် ဧရာတုံးကြီးအထက် တောင်ကမ်းပါးယံတွင် လက်နှစ်ချောင်းကို တံတောင်ဆစ်အောက်ထောက်ကာ ဧရာတုံးကြီးကို ဆောင့်တွန်းလိုက်၏။

"ဂလွမ်း. . . လွမ်း. . . လွမ်းဗိုင်း"

ဧရာတုံးကြီးမှာ လင်းမြွေကြီးတစ်ကောင်ဆင်းသွားသလိုမျိုး ရှောခနဲ တန်းဆင်းသွား၏။ သို့သော် ခက်သည်က ချောင်းထဲရှိ ကျောက်လုံးကြီးများကြားတွင်သွားညှပ်နေပြီး အဖျားပိုင်းမှာ ကင်းမြီးကောက်ထောင်သလိုဖြစ်နေခြင်းပင်။ .

"အမှန်က ဒီတုံးကြီးကို ဒီချောင်းအတိုင်း ရေနဲ့မျှောယူရင် ဘာမှမခက်ဘူး"

"ဟုတ်တယ်ဗျ။ ခုက နွေဆိုတော့ ရေစစ်ပြီလေ"

"သိပ်လည်း မစိုးရိမ်ကြပါနဲ့။ ကျွန်တော်ကြိုးစားပေးမယ်"

ဆင်ဦးစီး ဘဇံ၏ စကားကြောင့် တင်မောင်ညွှန့်၏ စိုးရိမ်မှုရာနှုန်းအနည်းငယ်လျော့သွားသည်။

"တဲ - ကိုအောင်ညွှန့်၊ သံကြိုးကို တုံးနဖားပေါက်မှာချိတ်ပေးပါ"

အောင်ညွှန့်က သံကြိုးကို တုံးနဖားပေါက်တွင် သွားချိတ်လိုက်ပြီး နောက်တစ်စကို ဆင်မလေးကိုယ်ပေါ်ကကြိုးတွင် ချိတ်ထားလိုက်သည်။ ဆင်မလေးမညွှန့်ကတော့ သူ့သခင်တာဝန်ပေးသည့်အတိုင်း ဆောင်ရွက်ရန် အဆင်သင့်။

"သမီး မညွှန့်၊ အဖျားကို တောင်ပေါ် ပြန်ဆွဲတင်ရမှာနော်"

ဆင်မပလေးခမျာ တုံးကြီးကို တောင်ကမ်းပါးယံသို့ ဆွဲတင်နေရပြန်ပြီ။ တုံးကြီးက တော်တော်နှင့်မလှုပ်။ ဆင်မမညွှန့် အားစိုက်ပြီးဆွဲ၏။ လည်ပင်းတွင်စွပ်ထားသောကြိုးကြီးမှာ အသားထဲနစ်ဝင်သွားပြီလားဟု ထင်နေရ၏။ ဆင်မလေးတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ၏။

"တဲ - သမီး၊ ရုန်းပေး ရုန်းပေး"

တင်မောင်ညွှန့်မှာ ဆင်မလေးတုံးဆွဲပြီဆိုကတည်းက အရပ်ရှစ်မျက်နှာကို ရှိခိုးပြီး ဗုဒ္ဓဘုရားရှင်ကို အာရုံထဲထားကာ အန္တရာယ်ကင်းဂါထာကို ရွတ်နေပေတော့သည်။ တင်မောင်ညွှန့်မှာ အသက် (၁၈) နှစ်သားအရွယ်ကစပြီး ဘုရား၊တရား၊သံဃာရတနာမြတ်သုံးပါးကို ဦးထိပ်မှာထားကာ မနက်၊ ညအိပ်ရာဝင် အိပ်ရာထ ငါးပါးသီလခံယူပြီး အန္တရာယ်ကင်းဂါထာတော်တွေကို ရွတ်ဖတ်လေ့ရှိသည်။ အထူးသဖြင့် 'နမောတေ' အစချီဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်သည်။

www.burmeseclassic.com

၁။ နမောတေ ဗုဒ္ဓ ဝီရတ္ထု
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နောသ္မိ
တဿ မေ သရဏံ ဘဝ။
၂။ တထာဂတံ အရဟန္တံ
စန္ဒိမာ သရဏံ ဂတော
ရာဟု စန္ဒံ ပမုဉ္စဿု
ဗုဒ္ဓါလောကာ နုကမ္ပကာ။

ဆင်ဦးစီးကလည်း သူ့ဆင်မလေးကိုတာဝန်ပေးသည်။ ရှုန်းစေသည်။ ဆင်မလေးကလည်း အားစိုက်ပြီးရုန်း၏။ ကြိုးစား၏။ တင်မောင်ညွန့်ကလည်း ဘုရားဟော အန္တရာယ်ကင်း နမောတေဂါထာကို ရွတ်၏။ အောင်ညွန့်တို့သစ်ခုတ်သမားတွေကလည်း လိုအပ်သည်တို့ကို ပြုပြင်ကူညီပေးကြ၏။

ဟော - ဧရာတုံးကြီးမှာ တောင်ကမ်းပါးယံပေါ်သို့ ပြန်ရောက်သွားပြီး တောင်အောက်သို့လျှောဆင်းရန် အသင့်အနေအထားဖြစ်နေပြန်၏။ ဆင်မလေးမညွန့်မှာ တော်တော်ပင်ပန်းသွားပုံရသည်။ အသက်ပြင်းပြင်းရှူနေ၏။ ဇိုးကရင့်နေပြီဆိုတော့ ပိုဆိုးသည်။

"ကဲ - ဖေ့သမီးကြီး၊ ဒီတစ်ခေါက်တုံးကြီးကို အောင်းချမယ်နော်"

ဆင်မလေးမှာ နားလည်လွန်းလှသည်။ နှာမောင်းကို တုံးကြီးအောက်တွင်တည်းပြီး တွန်းလိုက်၏။ တုံးကြီးရွေ့နေပေပြီ။ တဖြည်းဖြည်းနိမ့်ဆင်းလာ၏။ သစ်ခုတ်သမားတွေက လမ်းကြောင်းရှင်းပြီးသားမို့ သည်တစ်ခေါက် သိပ်အခက်အခဲမရှိ။

"ဂလွမ်း. . . လွမ်း. . . လွမ်းဂလွမ်း"

ပြေးလမ်းကြောင်းအဆုံးတွင် ဧရာတုံးကြီးမှာ ချောင်းထဲသို့ ရောက်သွားပြန်သည်။ သည်တစ်ချီတွင်တော့ ချောင်းထဲတွင် ကျောက်လုံးကြီးများကို မတွေ့ရတော့ပေ။ ကျောက်လုံးကလေးများသာ စီခင်းထားသလိုမျိုးရှိသဖြင့် လူတွေနှင့်အတူ ဆင်မလေး မညွန့် ပျော်သွားပုံရသည်။ နှာမောင်းကြီးကို အပေါ်သို့ မြှောက်တင်လိုက်သည်ကို တွေ့လိုက်ရ၏။ အောင်ညွန့်က အနိမ့်ပိုင်းဘက်သို့ ရောက်နေသော ဧရာတုံးရှိ နှာခေါင်းပေါက်တွင် သံကြိုးကို သွားချိတ်လိုက်ပြန်၏။

"ကဲ - သမီး၊ ကြိုးစားပေးဦးဟေ့"

သခင်၏တာဝန်ပေးမှုအောက်တွင် ဆင်မလေးတာဝန်ထမ်းဆောင်လိုက်ရာ ဧရာတုံးကြီးမှာ ဆင်မလေးနောက်က ပြေးလိုက်နေပေတော့သည်။ အနည်းအကျဉ်းသော ကျောက်တုံးထိုးထိုးထောင်ထောင်များမှာလည်း ဆွဲအားရှန်းအားပြင်းပြင်းအောက်တွင် ငြိမ်သက်စွာ ကျန်ခဲ့ကြ၏။ ဆင်မလေးမညွန့်မှာ ချောင်းရိုးဆွဲပြီးလျှင် ကုန်းကမူလေးပေါ် ဆွဲဝင်ပြီး ဖြတ်လမ်းက ကျော်ချ၏။ တောင်ခြေတောလမ်းလေးမှအထွက်တွင် ရိုးပြတ်တောလယ်ကွင်းပြင်ကြီးမှာ နေရောင်ခြည်ပြင်းပြင်းအောက်တွင် အဖွေးသားပေါ်နေ၏။ ဆင်မလေးတစ်ထောက်နားလိုက်သည်။

နာရီဝက်ခန့်ပဲ ကြာလိမ့်မည်ထင်သည်။ ဆင်မလေးမှာ နှာမောင်းကြီးကို အပေါ်သို့ မြှောက်တင်ပြီး မြေကြီးပေါ်ပြန်ချလိုက်သည်။ ဆင်မလေးဘာလုပ်တာပါလိမ့်။ ကောင်းကင်နှင့် မြေကြီးကို တိုင်တည်ပြီး လူသားကောင်းကျိုးအတွက် ဆောင်ရွက်နေမှုကို အသိအမှတ်ပြုပေးဖို့ တောင်းဆိုလိုက်သလားမှ မသိတာ။

ဆင်မလေး တုံးကြီးကို ဆက်ဆွဲပြန်သည်။ တုံးကြီး ဆင်မလေးနောက်က လိုက်ပါနေသည်မှာ မီးရထားကြီးခုတ်မောင်းနေသလိုပါပဲ။ လယ်ကန်သင်းတွေကိုလည်း မစဉ်းစားဘူး။ အတင်းဆောင့်ဆွဲတာ လယ်ကန်သင်းတွေကျိုးပေါက်ပြီး ဖွာလန်ကြကျန်ခဲ့ကြသည်လေ။ ဆင်မလေး၏ ပြေးလမ်းနောက်က ဖုန်တွေ၊ အမှိုက်တွေ၊ ကောက်ရိုးမျှင်ရိုးပြတ်ငုတ်တိုလေးတွေ လေထဲတွင် ပလူပျံကျန်ခဲ့ကြသည်။

ဟော-လယ်ကွင်းပြင်ရိုးပြတ်တောကြီးဆုံးသွားပေပြီ။ ရှေ့မှာတွေ့နေရသည့်ကျွဲကျော်လမ်းလေးက ရေငန်တားတမံရိုးကြီးပေါ်မှာ သွားကြီးကျိုးပဲ့နေ



သလိုမျိုးဟောင်းလောင်းကြီး။ ဆင်ဦးစီးကလည်းကျွမ်းသည်လေ။ ဆင်မလေးကို တမံပေါက်အား ကျော်ဆင်းခိုင်းလိုက်၏။ ဧရာတုံးကြီးကလည်း တမံပေါက်မှတစ်ဆင့် ဒီရေရောက်ချောင်းထဲသို့ ရောက်သွားခဲ့ပေပြီ။ မရှေးမနှောင်းမှာပင် တင်မောင်ညွန့်နှင့် သစ်ခုတ်သမားအဖွဲ့လည်းရောက်လာကာ ဆင်မလေးနှင့် တုံးကြီးကို ဆက်သွယ်ထားသော သံကြိုးကြီးကို သံယောဇဉ်ဖြတ်လိုက်၏။

ဆင်မလေးမှာ အလုပ်ကြမ်းလုပ်လိုက်ရသည့်အတွက် ဘယ်လောက်တောင် ရေဆာနေသလဲမသိ သံကြိုးကြီးဖြုတ်လိုက်တာနှင့် ချက်ချင်းပဲ အနီးရှိ ရွှံ့အိုင်ထဲမှ ရေငန်ကို အငမ်းမရသောက်နေပေတော့သည်။ အခုလိုနွေရာသီဆို ပင်လယ်ရေတွေ ဒီဂရီတိုးပြီး ပိုပြီးဆားငန်ချိန်ဖြစ်၏။ ဆင်မလေးမှာ ဆားငန်ရေတွေကို ရေအိုင်တစ်ဝက်လောက်ကုန်အောင် သောက်ပစ်လိုက်သည်။

"ကျွန်တော် အစ်ကိုတို့ကို ခရီးဝေးကလာကြတဲ့လူတွေမို့လို့ အားနာနာနဲ့ လုပ်ပေးတာပါဗျာ။ ကျွန်တော့်သမီးလေးကိုယ်ဝန်အရင့်အမာကြီးနဲ့ ဒီလိုအလုပ်ကြမ်းကြီးလုပ်လိုက်တာ ဇီးလျှောသွားနိုင်တယ်လေ"

ဆင်ကမလေး မညွန့်ကတော့ ဟောဟဲလိုက်နေ၏။သို့သော် နှာမောင်းကလေးတယမ်းယမ်းနှင့် ကောင်းကင်နှင့် မြေကြီးကို တိုင်တည်ပုံလေးလုပ်ပြလိုက်ပြန်၏။ သူ့တာဝန်ကျေပြီဖြစ်ကြောင်း တိုင်တည်လိုက်ပုံရသည်။ ဆင်မလေးကတော့ နှာမောင်းကလေးတယမ်းယမ်းနှင့် လူ့သားတွေကို နှုတ်ဆက်နေလေရော့ထင့်။ လာလမ်းအတိုင်း တအိအိလှမ်းကာ ဆင်မလေးမညွန့် ပြန်သွားခဲ့ပြီလေ။

◆

တင်မောင်ညွန့်တို့အဖွဲ့မှာ မနက်ပိုင်းကတည်းက စက်လှေမောင်းထွက်လာခဲ့ကြရာ တဖြည်းဖြည်းနှင့် သာစည်မြစ်ဝကျယ်ဘက်ရောက်လာခဲ့ကြသည်။ မြေပုံမြို့နယ်နှင့် အမ်းမြို့နယ်မှာ မြို့နယ်ချင်း နယ်နိမိတ်စပ်ဒေသများ ဖြစ်သည်။ တင်မောင်ညွန့်တို့မှာ ပုံမှန်အတိုင်းဆိုလျှင် ကျွန်းစဉ်ဒေသသို့ တစ်နေ့နှင့်တစ်ညမောင်းရပေမည်။ သို့သော် စက်လှေကလေးမှာ ကူဘိုတာ (၅×၆) စက်ကလေးနှင့်မို့ အသွားနှုန်းက သိပ်မမြန်



www.burmeseclassic.com

www.burmeseclassic.com

ခုဆို ဧရာတုံးကြီးကို တွဲချည်ထားရာ ပိုခက်ခဲသည်။

"ဟိုက် - ဒုက္ခပဲ"

"ဘာလဲဟ ခင်သန်းမောင်"

"ဟိုမှာတွေ့လား။ ဟိုဘက်ကမ်းနားမှာ စက်လှေတစ်စီး"

"ဟုတ်တယ်ဟ။ တို့လှေမြင်လို့လားမသိဘူး၊ ဒီဘက်လှည့်လာပြီ။ ရဲတွေဖြစ်ဖို့များတယ်ဟ"

"ဒုက္ခပဲကွာ"

တင်မောင်ညွှန့်၏ စိုးရိမ်မှုစိတ်အစဉ်မှာ ထိပ်ဖျားသို့ရောက်နေခဲ့ပေပြီ။ သည်မြစ်ကြောင်းတစ်လျှောက်တွင် လူနေရပ်ကွက် ကျေးရွာအုပ်စုဟူ၍မရှိဘဲ ဒီရေရောက်တောကြီးများကသာ မင်းမူနေကြသည်။ လူသူလေးပါး အသွားအလာလည်း နည်းလှ၏။ ရိုးမအဆွယ်မှ သစ်ဝါးကြိမ်နွယ်ခိုးထုတ်သူများကို ဖမ်းဆီးကြသည့်ရဲတွေသာ တစ်ခါတလေ တင်းလှည့်ရောက်လာတတ်ကြသည်။

မြစ်တစ်ဖက်ကမ်းမှ ခုတ်မောင်းလာသော စက်လှေမှာ တင်မောင်ညွှန့်တို့အနားသို့ ပိုမိုနီးကပ်လာသည်။ သည်အတိုင်းဆိုလျှင် သူတို့အတွက် မလွယ်သည်က ဧကန်။ တင်မောင်ညွှန့်မှာ စိတ်ကိုငြိမ်အောင်ထားလိုက်၏။ ရတနာမြတ်သုံးပါးကို အာရုံမှာထည့်ပြီး မိမိရွတ်ဖတ်နေကျ 'နမောတေ'အစချီအန္တရာယ်တင်းဂါထာကို အကြိမ်ကြိမ်ရွတ်၏။

"ဟေ့ - ရပ်လိုက်ကြ"

အခြေအနေကို နားလည်ပြီးသားမို့ ပဲ့ကိုင် ခင်သန်းမောင်က စက်ကို လျှော့ခိုင်းပြီးသား ဖြစ်သည်။ တစ်ဖက်စက်လှေအနားသို့အရောက်တွင် သူတို့စက်လှေပေါ်က ကြိုးကို မြှောက်ကမ်းပေး၏။

"ဟာ - သစ်တုံးကြီးလည်းတွဲလို့၊ ခင်ဗျားတို့ သစ်ခိုးထုတ်လာကြတာပဲ"

"ကျွန်တော်တို့အရပ်မှာ လှေတစ်စီးရှိရင် ထမင်းစားရပါတယ်။ ဒါကြောင့် ဘဝရပ်တည်ရေးအတွက် ရှာရဖွေရလွယ်အောင်လို့ လှေအတွက် ဧရာတုံးလာရှာတာပါ"

တင်မောင်ညွှန့်မှာ စိတ်ကိုတည်ငြိမ်စွာထားပြီး ဖြည်းဖြည်းချင်း ပြောပြလိုက်သည်။

"ဒါကတစ်ပိုင်းပဲလေ၊ ခုခင်ဗျားတို့ပြစ်မှုကို ကျူးလွန်နေကြပြီ။ ဘယ်လိုလုပ်ကြမလဲ"

တင်မောင်ညွှန့် အိတ်ကပ်ထဲတွင် ရှိသောပိုက်ဆံကို ရဲသားအား လှမ်းပေးလိုက်၏။

"ဒီ-ပိုက်ဆံနှစ်ထောင်က ဘာလုပ်လို့ရမှာလဲ။ တော်တော်ဒုံးဝေးတဲ့လူပဲ"

"ကျွန်တော့်မှာ ဒါပဲကျန်ပါတော့တယ်"

"ကဲ - အဲလိုဆို ခင်ဗျား ကျုပ်တို့စက်လှေပေါ်တက်ပါ။ ခင်ဗျားတို့ စက်လှေလည်း ဘယ်မှသွားလို့မရဘူး။ ကျုပ်တို့နောက်လိုက်ခဲ့ပါ"

တင်မောင်ညွှန့်ကိုယ်လုံးတွင် ချွေးတွေ ဖြိုင်ဖြိုင်စီးကျနေပေပြီ။ သို့သော် ရတနာသုံးပါးကိုကား အာရုံမပျက်။ နမောတေအစချီ အန္တရာယ်ကင်းဂါထာကိုလည်း ရွတ်မြဲရွတ်၏။

"ဟေ့ကောင်တွေ မလုပ်ကြနဲ့ဟေ့၊ မလုပ်ကြနဲ့"

တဒင်္ဂအတွင်း ထူးထူးဆန်းဆန်း အသံတစ်ခုပေါ်လာ၏။

အသံလာရာဘက်သို့ တင်မောင်ညွှန့် လှမ်းကြည့်လိုက်သည်။ အသားညိုညို ခန္ဓာကိုယ်ခပ်တောင့်တောင့်နှင့် ယူနီဖောင်းဝတ်ရဲတစ်ဦး။ သူက စက်လှေနောက်ဘက်မှ တင်မောင်ညွှန့်တို့ဆီသို့ လှမ်းလာနေသည်။ ပခုံးတွင် ကြယ်ပွင့်လေးနှစ်ပွင့်နှင့်ရဲအုပ်တစ်ဦးပါပဲ။ အဖြစ်အပျက်က ပဥ္စလက်ဆန်လွန်းလှသည်။

"ကိုတင်မောင်ညွှန့်ဘယ်လိုဖြစ်တာလဲဗျာ။ ဟေ့ကောင်တွေမင်းတို့သွားကြ၊ ဘာမှမလုပ်ကြနဲ့။ ကိုတင်မောင်ညွှန့်ဟာ ငါ့သူငယ်ချင်းကွ။ ကျောက်ဖြူမှာ ကျောင်းအတူနေခဲ့ကြတာ"

ရဲအရာရှိမှာ ဦးတင်မောင် (ဗိုလ်ကြိမ်လုံး) ပင် ဖြစ်သည်။ ဦးတင်မောင်မှာ ကျောက်ဖြူ ပိုက်ဆိပ်ကျောင်း အ-လ-က(၁)၊ ယခု အ-ထ-က(၂)တွင် တင်မောင်ညွှန့်နှင့်အတူ ကျောင်းတက်ခဲ့ကြသည်။ သူက မာန်အောင်ဇာတိ၊ တင်မောင်ညွှန့်က မြေပုံမြို့နယ်သား။ ကျောင်းတော်မြေတွင် ဆုံတွေ့ခဲ့ကြခြင်း ဖြစ်ပါသည်။

ကျောင်းမှထွက်ခဲ့ကြပြီး လူ့ဘဝနယ်ပယ်တွင် ရှန်းကန်လှုပ်ရှားကြချိန်တွင် ဦးတင်မောင် (ဗိုလ်ကြိမ်လုံး) မှာ တင်မောင်ညွှန့်တို့ တိုက်နယ် ကမ်းထောင်းကြီးရဲစခန်း၌ စခန်းမှူးတာဝန်ဖြင့် ရောက်လာခဲ့သည်။ ကင်းလှည့်ခရီးထွက်တိုင်း သရက်တောင်ရွာသို့ရောက်လျှင် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူ တင်မောင်ညွှန့်တို့အိမ်မှာ တည်းခိုနေထိုင်ကြသည်။ ထမင်းချက်လျှင် ကိုယ်တိုင်ချက်ရမှ ကျေနပ်တတ်သည်။ မီးဖိုချောင်ကို သူပဲဝင်ပြီးချက်သည်ပြုတ်သည်၊ ကြော်လှော်သည်။

ယခု ရဲအုပ်တင်မောင်မှာ အမ်းမြို့နယ် တပ်တောင်ရဲစခန်းတွင် စခန်းမှူးတာဝန်ဖြင့်ရောက်နေကြောင်း ပြောပြ၏။ ညီလိုအစ်ကိုလို ခင်မင်ခဲ့ရသော ကျောင်းနေဖက် သူငယ်ချင်းတစ်ဦး၏ ဘဝအခက်အခဲတစ်ခု မိမိရှေ့မှောက်ရောက်ရှိနေချိန်မျိုးတွင် ကူညီနိုင်လျှင် ကူညီတတ်ကြသည်မှာ လူ့ယဉ်ကျေးမှု လောကပါလတရားပဲ မဟုတ်ပါလော။

◆

တင်မောင်ညွှန့် အမြဲရွတ်ဖတ်နေသော နမောတေ အချီ ဂါထာသည် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့သောဂါထာဖြစ်ကြောင်း မှတ်သားရပါသည်။ တစ်ချိန်တစ်ခါက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လေယာဉ်ပျံသန်းစဉ် လမ်းခရီးတွင် စက်ချို့ယွင်းပြီး ခရီးသည်များ အသက်အန္တရာယ်နှင့် ကြုံကြိုက်ခိုက်တွင် ဗုဒ္ဓဘာသာဝင်တစ်ဦးက ရှင်တော်မြတ်ဘုရားကို အာရုံပြုပြီး နမောတေဂါထာကို ယုံယုံကြည်ကြည် ရွတ်ဖတ်သရဇ္ဈာယ်လိုက်ရာ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ရခိုင်ရိုးမတောင်ကြီးပေါ်မှ (၉)လံ၊ (၂) တောင်အရှည်ရှိသော ဧရာတုံးကြီးကို ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်နေသော ဆင်မလေး မညွှန့်၏ လုပ်အားဖြင့် ခက်ခဲကြမ်းတမ်းသည့် ခယောင်းလမ်းကို ဖြတ်ကျော်ပြီး ချောင်းရေစီးထိရောက်အောင်ချပေးနိုင်ခြင်း၊ ရဲခံတွင်းဝင်နေပြီး အချုပ်ထောင်နှုတ်ခမ်းဝနားရောက်နေစဉ် မမျှော်လင့် မရည်ရွယ်ဘဲ ကျောင်းနေဖက်သူငယ်ချင်း ရဲအရာရှိကို တွေ့ရှိခြင်းတို့မှာ ရတနာသုံးပါးကို ကြည်ညိုခြင်းနှင့် ဂါထာမန္တန်တို့၏ အစွမ်းသတ္တိကြောင့်ဟု နှလုံးပိုက်မိပေတော့။

(တင်မောင်ညွှန့်မှာ ယခု ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၂၃) အခြေခံပညာ မူလတန်းလွန်ကျောင်း (အလယ်တန်းကျောင်းခွဲ) တွင် ကျောင်းအုပ်တာဝန် ထမ်းဆောင်လျက်ရှိပါသည်။)

ကျွန်းစဉ်မြေစောခက်
(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# အာလူးဖျော်ရည်၏ ကျန်းမာရေးအကျိုးပြုမှုများ

စွမ်းထက်နောင်

အာလူးသည် လူများအတွက် ထင်ရှားကျော်ကြားသည့်အရသာရှိသော အစားအစာဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း စိုက်ပျိုးကြပြီး လူအများ၏ကျန်းမာရေးကို အကျိုးပြုကြောင်းသိရှိကြပြီးဖြစ်ပါသည်။ အိမ်သုံးမီးဖိုချောင်သုံးပစ္စည်းဖြစ်သည့် အာလူးသည် ရောဂါများစွာကို ကုသရာတွင် အသုံးဝင်ပါသည်။

အာလူးတွင် အရေးကြီးသော အာဟာရများဖြစ်သည့် ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်ဘီ၊ ဖော့စဖရပ်၊ ကယ်လ်စီယမ်၊ သံဓာတ်၊ ပိုတက်စီယမ်၊ အမျှင်ဓာတ်များ ပါဝင်သည်။ အာလူးဖျော်ရည်ကို အခြားဖျော်ရည်များဖြစ်ကြသော သံပရာရည်၊ ပျားရည်များဖြင့် ရောစပ်၍ သောက်သုံးနိုင်ပါသည်။ လူအများအတွက် အာလူး၏ သဘာဝက ပေးအပ်သောအလွန်အံ့ဩစရာကောင်းလောက်သည့် အကျိုးပြုမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အရေပြားအတွက်အကျိုးပြုမှုများ**

အရေပြားလောင်ကျွမ်းခြင်း၊အရေပြားရောဂါများအတွက် (Burns, rashes and other skin irritations) အရေပြားပေါ်တွင် အာလူးရည် (သို့) ပါးပါးလှီးပြီး အာလူးအစိတ်ကလေးများကို ကပ်ပေး၊ လိမ်းကျံပေးနိုင်ပါသည်။ အာလူးရည်သည် အရေပြားချောမွေ့ပြီး အရေပြားရောဂါများမဖြစ်ပွားရန်နှင့် အရေပြားချွေးပေါက်များပိတ်ဆို့မှုများကို ဖယ်ရှားပေးနိုင်သည့်အရည်အသွေးရှိ၏။ အရေပြားလောင်ကျွမ်းခြင်း၊ ပွန်းပဲ့ခြင်း၊ နီရဲခြင်း၊ ယားယံခြင်းနှင့် အရေပြားရေဓာတ်ချို့တဲ့၍ ခြောက်သွေ့မှုကိုကုနိုင်၏။

၁။ နေလောင်ခံရခြင်းနှင့် အရေပြားပျက်စီးမှုများကို အာလူးဖျော်ရည်လိမ်းကျံခြင်းဖြင့် ပျောက်ကင်းကုသနိုင်၏။

၂။ နေ့စဉ် မျက်နှာပေါ်လိမ်းကျံပါက အရေပြားတွန့်ခြင်းကင်းဝေးစေ၍ အရေပြားပျော့ပျောင်းစေပြီး အလှ တိုးစေ၏။

၃။ အာလူးဖျော်ရည်ကို မျက်ကွင်းညို သည့်နေရာတွင် လိမ်းကျံပါက ပျောက်ကင်းစေ၏။

၄။ မျက်နှာနှင့် မျက်လုံးပတ်ဝန်းကျင် တွင် လိမ်းကျံပါက အရေပြားတွဲ ကျခြင်းပျောက်စေ၏။

၅။ မျက်နှာရောင်ရမ်းမှုကို လျော့စေ ပြီး မျက်နှာဝင်းပစေ၏။

၆။ သံပရာရည်နှင့် ရောလိမ်းပါက သဘာဝအရ အရေပြားဝင်းပစေ ၏။

၇။ ဒိန်ခဲဖြင့် ရောစပ်ပါက မျက်နှာ အရေးအကြောင်းများ ပပျောက် စေ၏။ အရွယ်နုပျိုစေ၏။

၈။ သခွားသီးနှင့် ရောစပ်လိမ်းကျံပါ က မျက်နှာအရေပြား ဝင်းပစေ၍ မျက်စိမှ အခိုးအငွေ့များကိုထွက် စေနိုင်သည်။

၉။ သံလွင်ဆီနှင့် ရောစပ်လိမ်းကျံပါ က အရေပြားတွန့်ခြင်း၊ အမည်း စက်များကို ပပျောက်စေ၏။

၁၀။ အသားအရေ ခြောက်သွေ့ပြီး (Dry Skin) လိမ်းဆေးများဖြင့် ကု သ၍မရနိုင်သူများ နေ့စဉ်တစ်ခါ ခွက်သောက်ပါ။ ခန္ဓာကိုယ်တွင် အဆီပ်အတောက်ဖြစ်ပေါ်မှုနှင့် အရေပြားခြောက်သွေ့မှုတို့ကို ကာ ကွယ်ပေးပါသည်။



အာလူးဖျော်ရည်



အာလူးနှင့်ဖျော်ရည်



www.burmeseclassic.com

www.burmeseclassic.com

**အသည်းရောင်ရောဂါ (Hepatitis)**

အာလူးဖျော်ရည်သည် အသည်းနှင့် သည်းခြေအိတ်မှ အညစ်အကြေးများနှင့် အဆိပ်များကင်းစင်ရန် ကူညီပေး၏။ ဂျပန်နိုင်ငံတွင် အသည်းရောင်ရောဂါကို အာလူးဖျော်ရည်ဖြင့် ကုသ၏။

**ရောင်ရမ်းခြင်းလျော့နည်းစေခြင်း (Reduces Inflammation)**

အာလူးဖျော်ရည်သည် အဆစ်ရောင်ရောဂါ (Arthritis) အဆစ်အမြစ်နှင့် နောက်ကျောနာကျင်ခြင်းအတွက် အလွန်ကောင်းမွန်ပါသည်။ အဆစ်ရောင်ရမ်းခြင်းနှင့် လေးဖက်နာရောဂါကို ယခုခေတ် ဇီဝဗေဒဆိုင်ရာကုသခြင်းများတွင် အာလူးစိမ်းဖျော်ရည်ဖြင့် ကုသခြင်းသည် အလွန်အောင်မြင်သည့် ဆေးဝါးအဖြစ် ထင်ရှားပါသည်။ အာလူးဖျော်ရည်ကို ဆေးဝါးအဖြစ် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက လက်ခံအသုံးပြုခဲ့ကြပါသည်။ အစာအိမ်တွင် အစာမရှိ၊ မနက်ခင်းတွင်သောက်ပါက အလွန်အကျိုးရှိကြောင်းဟု ဆိုပါသည်။

**ကင်ဆာ (Cancer)**

ဗုဒ္ဓရဟန်းတော် ဂျပန်လူမျိုး မစ္စတာတိုမီဇာဝသည် လတ်ဆတ်သော အာလူးဖျော်ရည်ဖြင့် ကင်ဆာရောဂါကို ကုသခဲ့ပါသည်။ အစာအိမ်နာ (Gastric Ulcer)ကျောက်ကပ်ရောဂါ၊နှလုံးရောဂါ၊ ဆီးချို၊ သွေးတိုး၊ ကင်ဆာ၊ အသည်းရောဂါ၊ ကျောနာခါးနာရောဂါ (Lumbago)၊ ပခုံးနာကျင်ရောဂါများကို နေ့စဉ် အာလူးစိမ်းဖျော်ရည် (၁)ခွက်မှ (၂)ခွက်အထိ သောက်သုံးခြင်းဖြင့် ပျောက်ကင်းခဲ့ပါသည်။

**ကျောက်ကပ်ရောဂါ**

အာလူးစိမ်းဖျော်ရည်ဖြင့် ပန်ကရိယနှင့် ကျောက်ကပ်၊ ဆီးချို၊ သွေးတိုးရောဂါများကို ကုသနိုင်သည့်အပြင် ဆီးလမ်းကြောင်းတွင် ကယ်လ်စီယမ်ကျောက်ဖွဲ့စည်းဖြစ်ပေါ်မှုကို ကာကွယ်နိုင်ပါသည်။

*Potato juice prevents the formation of calcium stones in urinary tract.*

**နောက်ကျောတက်ရောဂါ (Sciatica)**

အာလူးစိမ်းဖျော်ရည်သည် နောက်ကျောတက်ရောဂါအတွက် အလွန်ကောင်းမွန်သည့်ဆေးဝါးဖြစ်၍ ကျန်းမာသောခန္ဓာကိုယ်ကို တည်ဆောက်ပေးနိုင်၏။

**ကိုလက်စထရော (Cholesterol)**

အာလူးစိမ်းဖျော်ရည်ကို ကိုလက်စထရောကျစေပြီး ကျန်းမာရေးကောင်းမွန်၏။

**ဆံပင်**

ဆံပင်သန်ဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ အာလူးဖျော်ရည်ထဲတွင် ကြက်ဥအကာနှင့် ပျားရည်အနည်းငယ်ရော ဆံပင်တွင်လိမ်းကျံကာ (၂) နာရီထားပြီး ခေါင်းလျှော်ပါ။

**လေးဖက်နာရောဂါ (Gout)**

သဘာဝအယ်ကာလိုင်းဖြစ်သော အာလူးစိမ်းဖျော်ရည်သည် အစာအိမ်လမ်းကြောင်းမှ ပိုနေသော အက်စစ်များကို ပယ်ပျောက်စေ၏။ ဂေါက်ရောဂါသည် အရက်၊ ဘီယာ စသည့် ပြူရင်းဓာတ်ပါဝင်သော အစားအသောက်နှင့် အဆီများကြောင့် ဖြစ်ပွားရသောရောဂါဖြစ်၏။ အာလူးစိမ်းဖျော်ရည်ကို တစ်နေ့တစ်ခွက်သောက်ခြင်းဖြင့် ဂေါက်ရောဂါနှင့်အစာအိမ်နာပျောက်ကင်း၏။ အဆစ်ရောင်ရောဂါ (Arthritis Rheumatism) ခံစားနေရပါက အာလူးဖြင့် ကုသနိုင်၏။ အာလူးတွင် သတ္တုဓာတ်များဖြစ်သည့် ပိုတက်စီယမ် (Potassium) နှင့် အော်ဂဲနစ်ဆားများ (Organic salt) ပါဝင်သည့်အတွက် အာလူးသည် ရောင်ရမ်းနာကျင်သော အခြေအနေကို ဆန့်ကျင်သည့် အကောင်းဆုံးအစားအစာ (Anti-inflammatory food) ဖြစ်၏။ အာလူးတစ်လုံးကို ပါးပါးလှီးပြီး ရေခွက်တစ်ခွက်တွင် စိမ်ထား၍ မနက်စာမစားမီ သောက်နိုင်ပါသည်။

**အဆစ်အမြစ်ကိုက်ခဲခြင်း (Rheumatism)**

အာလူးဖျော်ရည်သည် အဆစ်အမြစ်ကိုက်ခဲခြင်းအတွက် အလွန်ကောင်း၏။ အဆိပ်အတောက်ဖြစ်ပေါ်မှုများကို ဆန့်ကျင်စေ၏။ အာလူးသည် ခန္ဓာကိုယ်အတွင်းမှ အဆိပ်အတောက်များကို ဖယ်ရှားကင်းရှင်းစေ၏။

**နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါများ (Cardiovascular disease)**

အာလူးစိမ်းဖျော်ရည်သည် နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါများနှင့် ကင်ဆာရောဂါများကို ကာကွယ်၏။ နှလုံးလေဖောက်ခြင်း (Heart Attack)၊ သွေးလွှတ်ကြောပိတ်ဆို့ခြင်းနှင့်အကျိတ်ကင်ဆာတို့ကို ကုသနိုင်၏။

**သွေးအားနည်းရောဂါ (Anemia)**

အာလူးတွင် အလွန်ကောင်းမွန်သည့် သံဓာတ်နှင့် ဖောလစ်ဓာတ်များပါဝင်သောကြောင့် ခန္ဓာကိုယ်အတွက်လိုအပ်နေသော သွေးနီဥ (red blood cell) ထုတ်လုပ်မှုကို အကျိုးပြု၏။ ထို့ကြောင့် အာလူးသည် သဘာဝအားဖြင့် သွေးအားနည်းရောဂါကို ကြိုတင်ကာကွယ်ကုသနိုင်၏။

**ဝမ်းချုပ်ခြင်းနှင့်လိပ်ခေါင်းရောဂါ (Constipation and Haemorrhoids)**

အာလူးပြုတ် (သို့) ရေနွေးငွေ့ဖြင့်ပေါင်းထားသည့် အာလူးသည် ဝမ်းချုပ်သည့်စမြင်းကိုကျစေ၏။ လိပ်ခေါင်းရောဂါကို ကုစားနိုင်သည်။ အစာအိမ်လမ်းကြောင်းတွင် ဖွဲ့စည်းဖြစ်ပေါ်နေသည့် အစာမကြေသောအစာများ စုဝေးဖြစ်ပေါ်မှုများကို ပျော့ပျောင်းစေသည်။ လိပ်ခေါင်းရောဂါကိုပါ ပျောက်ကင်းစေပါသည်။ ထို့ကြောင့် အာလူးကို ရောဂါကိုပျောက်အောင် ကုစားသည့် (Remedy) သဘာဝအစားအစာအဖြစ် တင်စားခေါ်ဆိုကြပါသည်။ ဝမ်းချုပ်ခြင်းနှင့် အစာအိမ်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ပြဿနာများ၊ အစာအိမ်အနာဒဏ်ရာဖြစ်စေခြင်းကိုပါပျောက်ကင်းစေပါသည်။ အာလူးသည် အလွယ်တကူ အစာကြေညက်စေ၏။ အာလူး၏ အာဟာရများသည် အသက်အရွယ်မရွေး ကလေး၊ လူကြီးအားလုံးအတွက် သင့်တော်၏။ ထိုအာဟာရများသည် ဆီးရှင်စေ၏။ ဆီးလမ်းကြောင်းချောမွေ့စေ၏။ ပုံမှန်မဟုတ်သည့်ကာလများခြား၍ဖြစ်ပျက်နေသော ဝမ်းချုပ်ခြင်း၊ အစာမကြေခြင်းများကို ကူညီပေး၏။

အာလူးစိမ်းဖျော်ရည်သည် အစာအိမ်ရောဂါနှင့် အစာအိမ်အနာဖြစ်မှု (Gastritis and gastric ulcers)၊ လေထိုးလေအောင့်နာ (Colitis) များကို ပျောက်ကင်းစေရန် ကုသနိုင်ပါသည်။ အစာအိမ်အနာဖြစ်စေသည့်အစာအိမ်မှထွက်ရှိသည့် အက်စစ်ကိုခြေဖျက်စေသည့် အာနိသင်ရှိ၏။ ရောဂါခံစားနေရသူများအနေဖြင့် အကျိုးရှိစွာ သုံးစွဲရန်မှာ အာလူးဖျော်ရည်ကို တစ်လအနည်းဆုံးခန့် တစ်နေ့ကို ဖန်ခွက်တစ်ဝက် (၃)



www.burmeseclassic.com

www.burmeseclassic.com

ကြိမ်မှ (၄) ကြိမ် သောက်ရပါမည်။

**သွေးတိုးရောဂါ (High blood pressure)**

အာလူးတွင် ပိုတက်စီယမ်ဓာတ် ပါဝင်ခြင်းကြောင့် သွေးတိုးရောဂါကို လျော့နည်းပပျောက်စေ၏။ နေ့စဉ်မှန်မှန်သောက်သုံးပါက အဆစ်အမြစ်နှင့် အခြားနာကျင်ခြင်းများ၊ (Joint and other types of pain) လေးဖက်နာနှင့် ခေါင်းကိုက်ခြင်းရောဂါများကို ပျောက်ကင်းစေသည်။

**မျက်စိညောင်းညာခြင်း (Tired eyes)**

မျက်စိညောင်းညာမှုတို့အတွက် အာလူးစိတ်ကို မျက်ခွံပေါ် တစ်နေ့ (၂) ကြိမ်ကပ်ပေးနိုင်၏။


**အလေးချိန်ကျစေခြင်း (Weight loss)**

အာလူးကြော်များသည် အလေးချိန်ပိုစေ၏။ အာလူးဖျော်ရည်သည် အလေးချိန်ကျစေပြီး ကလိုရင်းဓာတ်နည်းပါးစေသည့် အကောင်းဆုံး အစားအစာဖြစ်ပါသည်။

**ကောင်းမွန်သည့်အာဟာရများ**

အာလူးတွင် ကော်ဓာတ်၊ ကစီဓာတ်၊အရေးပါသည့်အဆီဓာတ်၊ကိုလက်စထရောပါဝင်သည့် အာဟာရဓာတ်များ ပါဝင်၏။ ဗီတာကယ်လိုရင်း၊ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်ဘီကွန်ပလက်များဖြစ်သော $B_1$, $B_2$, $B_6$ နှင့် ဖောလစ်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်၊ ဖော့ဖရပ်စ်၊ ဆာလဖာ၊ ကြေးနီဓာတ်နှင့် အမျှင်ဓာတ်များ ပါဝင်၏။ အထက်ပါ အာဟာရများသည် ကောင်းမွန်သော၊ ကျန်းမာသော အစားအစာဖြစ်ပြီး ကိုလက်စထရောကို ပုံမှန်ဖြစ်စေ၍ အထွေထွေကျန်းမာရေးကောင်းမွန်စေ၏။ အာလူးဖျော်ရည်တွင် အယ်ကာလိုင်းဆားများ (Alkaline Salt) ပါဝင်၏။ ထိုဆားများသည် ရောဂါပိုးမွှားများကို ဆန့်ကျင်သည့် ဂုဏ်သတ္တိရှိပြီး နှလုံးကျန်းမာရေးအတွက် အလွန်ကောင်းမွန်ပြီး ကိုလက်စထရောကျစေ၏။ အကောင်းဆုံး သောက်သုံးရန်အချိန်မှာ အာလူးဖျော်ရည်ကို မနက်၊ နေ့လယ်၊ ညစာ အစားအစာ မစားမီ မိနစ် (၃၀)မှ (၆၀) မိနစ် ကြိုတင်၍ သောက်သုံးသင့်ပါသည်။

အာလူးအနေတော်တစ်လုံးသည် အလေးချိန် (၂.၅) ဂရမ်ရှိပါသည်။ အရေးကြီးသော အာဟာရများသည် 



အာလူး၏အပေါ်ခွံနှင့် အတွင်းသားများတွင်ပါဝင်သဖြင့် ဖျော်ရည်ပြုလုပ်ရာတွင် အခွံပါသင့်၏။ အသစ်ပေါ်သောအာလူးတွင် အာဟာရများအပြည့်အဝပါဝင်၏။

**သုံးစွဲရာတွင်သတိပြုသင့်သည့်အချက်များ (Consumption tips)**

အာလူးကို ရွေးချယ် အသုံးပြုရာတွင် အစို့အညှောက်ထွက်နေသည်နှင့် အစိမ်းရောင်သန်းနေပါက အသုံးမပြုသင့်ပါ။ သေးငယ်သော်လည်း ရာသီပေါ် အာလူးအသစ်ကိုသာ အသုံးပြုသင့်သည်။ အာလူးများကို သိုလှောင်ရာတွင် အမှောင်ခန်းအတွင်း ခြောက်သွေ့ပြီး အေးသည့်နေရာတွင် ထားရပါမည်။ အစိုဓာတ်ရှိသည့်နေရာတွင် မထားရပါ။ ရေခဲသေတ္တာတွင် မသိုလှောင်သင့်ပါ။ အာလူးများကို ကြက်သွန်နီနှင့်အတူထားပြီး မသိုလှောင်သင့်ပါ။ သိုလှောင်ထားသည့်အာလူးများ အစို့အညှောက်ထွက်ရှိ မရှိ စစ်ဆေးပါ။ ပျက်စီး၊ ခြောက်သွေ့သည့် အာလူးများကို မသုံးသင့်ပါ။

သတိပြုရန်မှာ အာလူးသည် လူသားများ၏ အစားအစာဖြစ်သော်လည်း တစ်ခါတစ်ရံ ပိုးမွှားများ၊ ဓာတ်မြေသြဇာများ ကပ်ငြိနေတတ်၏။ ထို့ကြောင့် ရှလကာရည် (သို့) ဆားရည်ဖြင့် စိမ်ထားပြီးမှ သွားပွတ်တံဖြင့် သေချာစွာ ပွတ်တိုက်ဆေးကြောပြီး အသုံးပြုသင့်ပါသည်။ အာလူးကို ဖုတ်ခြင်းနှင့် ပြုတ်ခြင်းဖြင့် ကယ်လိုရီဆုံးရှုံးစေပါသည်။ အာလူးကိုဖုတ်ခြင်းဖြင့် ကစီဓာတ်ပိုမိုပြီး အတွင်းဘက်ခြောက်စေ၏။

အလင်းရောင်ဖြင့် (Light Therapy helps skin) ကုသသော ခရုသင်းရောဂါဖြစ်ပွားနေသူများ နေ့စဉ် အာလူးဖျော်ရည်ကို သောက်သုံးသင့်ပါသည်။ လေ့လာမှုအသစ်အရ ကင်ဆာဆဲလ်များကို ဆန့်ကျင်နိုင်ကြောင်းနှင့် အာလူးဖျော်ရည်ကို နေ့စဉ်သောက်သုံးပါက အစာကြေစေကြောင်းတွေ့ရ၏။ အစာအိမ်နာတာရှည်ရောဂါ (Chronic Indigestion) များကို တစ်ပတ်အတွင်း လူနာ (၁၀) ဦးတွင် (၈) ဦး ကုသပျောက်ကင်းကြောင်း တွေ့ရသည်။ လတ်ဆတ်သော အာလူးဖျော်ရည်ကို ရိုးရာတိုင်းရင်းဆေးအဖြစ် အစာအိမ်နှင့် ပတ်သက်သော ရောဂါများကို ကုသခဲ့၏။ ဂျာမနီနှင့် ဩစတေးလျနိုင်ငံများ၏ တက္ကသိုလ်လေးခုမှ စမ်းသပ်သုတေသနပြုခဲ့ပါသည်။ အစာအိမ်ရောဂါရှင် လူကြီး(၄၀) ဦးကို (၁၂) ပတ်ကြာ အာလူးဖျော်ရည် (၁၀၀) မီလီလီတာ (100ml) နံနက်နှင့် ညစာမစားမီ (၃၀မိနစ်မှ ၁နာရီ) အလိုတွင် သောက်ခိုင်းခဲ့၏။ သုံးပုံနှစ်ပုံသော လူနာများ သက်သာ ပျောက်ကင်းစေပြီး (၂၀) ရာခိုင်နှုန်းသည် လုံးဝပျောက်ကင်းသွား၏။ အာလူးတွင်ပါဝင်သော အယ်ကာလွိုက် (Alkaloids Antacid) ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

သဘာဝ အစားအစာအာဟာရများနှင့် ရောဂါများကို ကာကွယ်ခြင်း၊ ကုသခြင်းများသည် နိုင်ငံတကာတွင် ကျယ်ပြန့်စွာအသုံးပြုနေကြပါသည်။ ကာယ၊ စိတ်၊ ဉာဏ၊ အာဟာရ ဟူသော လူများ၏ကျန်းမာရေးအခြေခံအကြောင်းတရားများတွင် အာဟာရသည်လည်း အရေးပါ အရာရောက်ပါသည်။ ပြည်သူများ၏ ကျန်းမာရေးပညာအသိရှိမှုသည် ကျန်းမာခြင်း၏ အခြေခံပင်ဖြစ်သဖြင့် လေ့လာတွေ့ရှိမှုများကို ဗဟုသုတ အဖြစ်သော် လည်းကောင်း၊ ရောဂါဖြစ်ပွားခံစားနေသူများအတွက် တစ်စုံတစ်ခု အကျိုးပြုနိုင်မည်ဟု ထင်မြင်ယူဆ၍ လည်းကောင်း ရေးသားအပ်ပါသည်။

စွမ်းထက်နောင်

**ကိုးကား -**

အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၅ ခုနှစ်၊ ဧပြီလ တတိယ ရက်သတ္တပတ်ဖြစ်သည်။ ဆောင်းရာသီ နှုတ်ဆက်ခဲ့ပြီဖြစ်သော်လည်း နံနက် စောစောဖြစ်သဖြင့် မြူနှင်းများကျဆင်း လျက်ရှိရာ ရာသီဥတုမှာ အေးစိမ့်လျက် ရှိနေသည်။ ထိုနေ့နံနက်စောစော ထုတ်လွှင့်သွားသော ဘာလင်အသံလွှင့် ဌာန၏ သတင်းအရ အချိန်အခါမဲ့ မိုး သက်မုန်တိုင်းသည် ဘာလင်မြို့တော် ခရိုင်အား ဖြတ်သန်းတိုက်ခတ်မည်ဟု ဆိုထားရာ ထိုနေ့အဖို့ ဘာလင်မြို့တော် သူမြို့တော်သားများအဖို့ မဟာမိတ်ဗုံး ကြဲလေယာဉ်ပျံများ၏အန္တရာယ်မှ စိုးရိမ် စရာမရှိတော့ဟု မှတ်ယူထားကြသည်။



# သမိုင်းဝင်အမှား

## လျှမ်းထက်

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစ ပထမနှစ်တွင်မူ မဟာမိတ်တို့ ဗုံးကြဲ တိုက်ခိုက်ခြင်းမှာ ရက်သတ္တပတ်တစ်ပတ် လျှင် တစ်ကြိမ်၊ နှစ်ကြိမ်သာကြခဲ့သော် လည်း ၁၉၄၅ ခု နှစ်ဆန်းမှစ၍ ဘာလင် မြို့တော်အား မဟာမိတ်တို့သည် နေ့စဉ် ရက်ဆက်ဗုံးကြဲတိုက်ခိုက်ကြ၏။ ဗုံးကြဲ တိုက်ခိုက်ရာတွင် အလှည့်ကျကြကြ၏။ အမေရိကန်ပြည်ထောင်စုလေတပ်မတော် က နေ့ပိုင်းတွင် ဗုံးကြဲတိုက်ခိုက်ပြီး ဗြိတိသျှဘုရင့်လေတပ်မတော်က ည အချိန် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ မှန်ပါ သည်။ တစ်ချိန်က နာဇီတို့၏ ဟိုးဟိုး ကျော်၍အင်အားကြီးမားသော တတိယ ဂျာမနီနိုင်ငံတော်ကြီးမှာ ဘာမှမကျန် တော့။ ဘာလင်မြို့တော်အရှေ့ဘက် မိုင်အနည်းငယ်အကွာဝေးတွင် အင်အား ကြီးမားသော ဆိုဗီယက်ပြည်ထောင်စု (ယနေ့ရုရှား) တပ်နီတော်မှ တပ်မတော် နှစ်တပ်သည် ချီတက်လာခဲ့ပြီ ဖြစ်၏။

ဘာလင်မြို့တော်၏ အနောက် ဘက်တွင်မူ အမေရိကန်ပြည်ထောင်စု နှင့် ဗြိတိသျှတပ်မတော်ကြီးများသည် အယ်(လ်)ဘီမြစ်ရိုးတစ်လျှောက် တပ်စွဲ ထားနိုင်ခဲ့ကြပြီ ဖြစ်သည်။ မဟာမိတ် အာဏာပိုင်များ၏ သဘောတူညီချက် အရ ဘာလင်မြို့တော်ကိုမူ မဟာမိတ် တပ်များက သိမ်းပိုက်မည် မဟုတ်ပေ။ ဆိုဗီယက် (ရုရှား) တပ်နီတော်ကသာ သိမ်းပိုက်မည် ဖြစ်၏။ ဆိုဗီယက်တပ်နီ တော်၏ အမြောက်ကြီးအလက်ပေါင်း နှစ်သောင်းတို့သည် တတိယဂျာမနီ နိုင်ငံတော်၏မြို့တော်ဖြစ်သော ဘာလင် အား စိစိညက်ညက်ကြေအောင် ပစ်ခတ် ကြတော့မည် ဖြစ်သည်။ ဒုတိယကမ္ဘာ စစ်ကြီး၏ ဇာတ်သိမ်းခန်းရောက်ခဲ့ပြီဖြစ် ၏။ဤကဲ့သို့ အခြေအနေအရပ်ရပ်အမှန် ကို ခေါင်းဆောင်ကြီးဟစ်တလာ၏ ဌာန ချုပ်မှ နာဇီတပ်မတော်ဗိုလ်ချုပ်ကြီးများ သည် အသေးစိတ်သိထားကြပြီး ဖြစ် သည်။ သို့သော် ခေါင်းဆောင်ကြီး ဟစ်တလာ၏အမိန့်အရ တစ်ယောက် ကျန်သည်အထိ ခုခံတိုက်ခိုက်ရမည်ဖြစ် သဖြင့် အခြေအနေအရပ်ရပ် အဖြစ်မှန် ကို နားလည်သိရှိခြင်းမရှိဟန် ကြိုးစား၍ ဟန်ဆောင်နေကြသည်။

ဟစ်တလာ၏ ဘာလင်ဌာနချုပ် ၏ အရေးပါအရာရောက်သော ပုဂ္ဂိုလ် များမှာ ဂျိုးဇက်ဂိုးဘယ်(လ်)၊ ဟစ်တလာ ၏ ကိုယ်ရေးအတွင်းဝန်နှင့် ဘဏ္ဍာရေး တာဝန်ခံ မာတင်ဘောမင်း၊ ဂျိုချင်၊ ဗွန်ရစ်ဘင်တရုတ်နှင့် စက်မှုပစ္စည်း ထုတ်လုပ်ရေးနှင့် သိပ္ပံနည်းပညာရေး ရာဝန်ကြီးအယ်(လ်)ဘတ်စပီးယား၊ နာဇီ ပါတီထိပ်သီးခေါင်းဆောင် ဟင်းမလား တို့ ဖြစ်ကြသည်။ ဟင်းမလားမှာ အက်(စ်)အက်(စ်)ဂက်စတာပိုအထူးတပ် များ၏စစ်ဦးစီးချုပ် ဖြစ်သည်။ ထိုကာလ ကသတင်းများအရ ၁၉၄၅ ခု ဧပြီလ ဆန်းမှစတင်၍ ဟင်းမလာသည် ဆွီဒင် ကြက်ခြေနီအဖွဲ့ခေါင်းဆောင် ဘာနာ ဒေါ့နှင့် လျှို့ဝှက်တွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံခဲ့ခြင်းမှာ အနောက်မဟာမိတ် များနှင့် တိတ်တဆိတ် စစ်ပြေငြိမ်းရန် ဖြစ်၏။ ဤသို့ အနောက်မဟာမိတ်များ နှင့် စစ်ပြေငြိမ်းရေးဆွေးနွေးခြင်းကို နာဇီ ခေါင်းဆောင်ကြီး ဟစ်တလာက ရိပ်မိ ခြင်းမရှိဟု ဆိုသည်။ ဟင်းမလားသည် ဟစ်တလာနှင့် တွေ့သည့်အခါတွင် တတိယဂျာမနီနိုင်ငံကြီးနှင့် သူ့အပေါ်








www.burmeseclassic.com

www.burmeseclassic.com

တွင် သစ္စာရှိသူဟု အထင်ရောက်စေရန် ဟန်ဆောင်ကောင်းသူတစ်ယောက်ဟု နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏ ဌာနချုပ်မှ ထိပ်တန်းအရာရှိများက မှတ်ယူထားကြသည်။

ဧပြီလဒုတိယပတ်တွင် ဘာလင်မြို့တော်ရှိ ဟစ်တလာ၏ စစ်ဌာနချုပ် ၌ကျင်းပသည့် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်သူများက စစ်ရေးအခြေအနေအရပ်ရပ်ကို အမှန်အတိုင်း ဖွင့်ပြောကြသည်။ ဆိုဗီယက် တပ်နီတော်ကြီးမှာ ဘာလင်မြို့တော် နယ်နိမိတ်သို့ ဝင်ရောက်လာပြီဖြစ်၍ ရက်ပိုင်းအတွင်း ဘာလင်မြို့တော်မှာ ဆိုဗီယက် တပ်နီတော်လက်အတွင်းသို့ ကျရောက်သွားမည်ဟု အတိအလင်း ပြောကြသည်။ ခေါင်းဆောင်ကြီး ဟစ်တလာအနေဖြင့် ဘာလင်မှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသင့်သည်ဟုလည်း အကြံပေးကြသော်လည်း နာဇီတပ်မတော် တပ်မှူးချုပ်ကြီးအနေဖြင့် ခေါင်းဆောင်ကြီး ဟစ်တလာသည် တစ်ဦးတည်းကျန်သည်အထိ ဆက်လက်တိုက်ပွဲဝင်မည်ကို သိထားသည်။

ဤအစည်းအဝေးတက်ရောက်သူများတွင် အထက်ဆောင်းပါးတစ်နေရာ၌ ဖော်ပြခဲ့သော ဝန်ကြီးအယ်(လ်)ဘတ် စပီးယားမှာမူ အသက်အရွယ်အငယ်ဆုံးနှင့် ပြောရဲဆိုရဲသတ္တိရှိသူတစ်ဦးဟု ယူဆထားကြသည်။ မှန်ပါသည်။ စပီးယားသည် တတိယဂျာမနီနိုင်ငံတော်ကြီး၏ နာဇီအစိုးရအဖွဲ့တွင် အထက်မြက်ဆုံး ဗိသုကာတစ်ယောက် ဖြစ်သည်။ ၁၉၃၃ ခုနှစ် နာဇီပါတီအာဏာရစဉ်ကပင် နာဇီခေါင်းဆောင်ကြီး ဟစ်တလာနှင့် ရင်းရင်းနှီးနှီး ခင်မင်ခဲ့လေသည်။ ခေါင်းဆောင်ကြီး ဟစ်တလာသည် စပီးယား၏ အရည်အချင်းကို လေးစားသူဖြစ်ရာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားပြီး (၂) နှစ်အကြာ ၁၉၄၂ ခုတွင် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဝန်ကြီး ဖြစ်လာပြီး တတိယဂျာမနီအစိုးရအဖွဲ့တွင် ဟစ်တလာပြီးလျှင် တန်ခိုးထွားသူဟု အများက ယူဆထားကြသည်။ဝန်ကြီးအဖွဲ့အစည်းအဝေးများတွင် ဂိုအာရင်း၊ ဟင်းမလား၊ ဂိုးဘဲ(လ်)တို့ထက် ပြောရဲဆိုရဲရှိသူဟု လည်းဆိုကြသည်။

နာဇီခေါင်းဆောင်ကြီးဟစ်တလာနှင့် စပီးယားတို့သည် တေးဂီတနားထောင်ရန် အထူးဝါသနာတူကြသည်။ ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားခဲ့သည်မှ ၁၉၄၁ ခုနှစ်ကုန်ဆုံးသည်အထိ နာဇီဂျာမနီနိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးအား အောင်ပွဲခံရန် သေချာသလောက်ဖြစ်ခဲ့သည်။ နာဇီဂျာမန်တပ်မတော်ကြီး၏ လျှပ်တစ်ပြက်စစ်ဆင်ရေးနှင့် နာဇီဂျာမန်တို့၏ ပင်ဇာသံချပ်ကာကား တပ်မတော်၏နည်းဗျူဟာများကို နိုင်ငံတကာမှ စစ်ရေးအကဲဖြတ်သူများက တအံ့တသြဖြစ်ကြရ၏။ ပြင်သစ်နိုင်ငံကဲ့သို့ အစဉ်အလာကြီးမားသောနိုင်ငံမှာ ရက်သတ္တပတ် (၆) ပတ်အတွင်း လက်နက်ချခဲ့ရသည်။ ဥရောပတိုက်ရှိ လူဇင်ဘတ် စသော နိုင်ငံငယ်ကလေးများမှာ (၂၄) နာရီအတွင်း နာဇီဂျာမန်တပ်မတော်ထံ ခြွင်းချက်မရှိ လက်နက်ချခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်၊ ဇွန်နဝါရီလ ၂၅ ရက်နေ့တွင်မူ ပြင်သစ်နိုင်ငံတော်သည် လက်နက်ချခဲ့ရ၏။ ဤလက်နက်ချပွဲသို့ ခေါင်းဆောင်ကြီးဟစ်တလာနှင့် ထိပ်တန်းစစ်အရာရှိများ၊ နာဇီပါတီမှပြောရေးဆိုခွင့်ရှိသူများနှင့် ဟစ်တလာ၏ လက်ရုံးဟုဆိုရမည်ဖြစ်သော စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဝန်ကြီး လယ်(လ်)ဘတ်စပီယား လိုက်ပါလာခဲ့ရသည်။

ဟစ်တလာသည် ထိုစဉ်ကာလက ကမ္ဘာ့ထိပ်တန်းမြို့တော်ကြီးဟု နိုင်ငံတကာက ယူဆထားသော ပါရီမြို့ရှုခင်းများကို စပီးယားနှင့်အတူ လှည့်၍စစ်ဆေးကြည့်ရှုမည် ဖြစ်သည်။ သူ့ရည်ရွယ်ချက်မှာ တတိယဂျာမနီနိုင်ငံတော်ကြီး၏ မြို့တော်ဖြစ်သော ဘာလင်မြို့အား ပြင်သစ်နိုင်ငံ ပါရီမြို့ထက် ကြီးကျယ်ထင်ရှားစေရန် တည်ဆောက်မည်ဟု ရည်မှန်းထားပြီး စစ်လက်နက်ထုတ်ဝေရေးဝန်ကြီး ဗိသုကာ စပီးယားအား ဘာလင်မြို့တော်သစ်တည်ဆောက်ရေး ပုံစံငယ်တစ်ခုကို ထုတ်လုပ်ထားပြီး ဖြစ်၏။ ဟစ်တလာအဖို့ ဘာလင်မြို့တော်သစ်ကြီးသည် သမိုင်းအစဉ်အလာကြီးမားသော ပြင်သစ်နိုင်ငံ ပါရီမြို့ထက် ကြီးကျယ်ထင်ရှားရန် ရည်မှန်းထားသည်။ နိုင်ငံတကာမှ ဘာလင်မြို့တော်အား ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ဟု သတ်မှတ်၍မော့ကြည့်စေရန် အံ့မခန်းအဆောက်အအုံကြီးများတည်ဆောက်ရန် စပီးယားအား တာဝန်ပေးထားပြီး ဖြစ်သည်။ စပီးယားပြုလုပ်ထားသော ဘာလင်မြို့တော်သစ်ပုံစံနမူနာကို ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် အကြိမ်ကြိမ်စစ်ဆေးကြည့်ရှုကာ အတည်ပြုပြီးဖြစ်ရာ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ မဟာမိတ်တို့ လက်နက်ချသည်နှင့် ဘာလင်မြို့တော်သစ်ကို တည်ဆောက်မည်ဟု မျှော်လင့်ထား၏။ နာဇီထိပ်တန်းအရာရှိများနှင့် နာဇီတပ်မတော်အာဏာပိုင်များကလည်း အင်္ဂလန်နိုင်ငံသည် ရက်သတ္တပတ်အနည်းငယ်အတွင်း ငြိမ်းချမ်းရေးကို လက်ကမ်းပေလိမ့်မည်ဟု မျှော်လင့်ထား၏။

ပြင်သစ်နိုင်ငံ လက်နက်ချပွဲသို့ တက်ရောက်ရန်ရောက်ရှိလာသော နာဇီခေါင်းဆောင်ကြီး ဟစ်တလာသည် သူ့လက်စွဲတော် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဝန်ကြီးနှင့် ဘာလင်မြို့တော်သစ်ကို ဦးဆောင်တည်ဆောက်ရမည့် စပီးယားအား ပါရီသို့ ခေါ်ဆောင်လာရခြင်းမှာ အကြောင်းရှိသည်ဟုဆိုရမည်ဖြစ်သည်။ ဟစ်တလာသည် စပီးယားနှင့်အတူ ဘာလင်မြို့တော်၏ အထင်ကရသမိုင်းဝင်နေရာများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်အဆောက်အအုံများ၊ ပါရီမြို့တော်တည်ဆောက်ထားသည့်အကွက်အကွင်းများကို လက်တစ်ဆုံးနှိုက်လေ့လာပြီးမှ ဘာလင်မြို့တော်သစ်ကို တည်ဆောက်စေရမည်ဖြစ်၏။

သို့ဖြစ်၍ ပြင်သစ်နိုင်ငံတော်လက်နက်ချပွဲအခမ်းအနား ပြီးဆုံးသည်နှင့် နာဇီခေါင်းဆောင်ကြီးဟစ်တလာသည် စပီးယားနှင့်အတူ ပါရီမြို့တော်ရှိ ကမ္ဘာကျော် အော်ပရာဇာတ်ရုံကြီးသို့ သွားရောက် စစ်ဆေး ကြည့်ရှုခဲ့သည်။ ယင်းဇာတ်ရုံကြီးမှာ ပြင်သစ်အမျိုးသား ဗိသုကာကြီးဂါနီယာက တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် အမျိုးသားဂါနီယာအော်ပရာပြဇာတ်ရုံကြီးဟု သမိုင်းအဆက်ဆက် နာမည်ကျော်ခဲ့ပြီး အမျိုးသားတေးဂီတဖျော်ဖြေခြင်း၊ ဘဲလေးကဇာတ်များ တင်ဆက်ခြင်း၊ ပြဇာတ်များ တင်ဆက်ပြသခြင်းဖြင့် နာမည်ကျော်ခဲ့သည်။

နာဇီခေါင်းဆောင်ကြီးဟစ်တလာသည် တေးဂီတနားထောင်ခြင်းကို အထူးဝါသနာပါသူဖြစ်ရကား ဤအော်ပရာပြဇာတ်ရုံကြီးသို့ ပထမဆုံး သွားရောက်ကြည့်ရှုစေပြီး ဘာလင်မြို့တော်သစ်တည်ဆောက်သည့်အခါ တည်ဆောက်မည့် အော်ပရာဇာတ်ရုံသည် ပါရီမြို့တော်ရှိ နာမည်ကျော်အော်ပရာဇာတ်ရုံထက် အစစအရာရာ သာလွန်ရမည်ဟု မှာကြားသည်။ စပီးယားအား အော်ပရာဇာတ်ရုံတည်ဆောက်ထားမှုကို အသေး



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရှုမှတ်သားစေသည်။ သူကိုယ်တိုင်လည်း စပီးယားနှင့်အတူ စစ်ဆေးကြည့်ရှုခဲ့သည်။

နာဇီခေါင်းဆောင်ကြီးဟစ်တလာနှင့် စပီးယားတို့သည် ပါရီမြို့တော် စိန့်မြစ်ကမ်းရှိ ကမ္ဘာကျော် လုဗ္ဗားပြတိုက်သို့ သွားရောက် ကြည့်ရှုခဲ့ကြသည်။ လုဗ္ဗားပြတိုက်မှာ ထိုစဉ်ကာလ ကမ္ဘာ့အဝန်းတွင် အကြီးမားဆုံး ပြတိုက်ကြီးဖြစ်သည်ဟု သိရ၏။ ပြတိုက်ကြီးသည် ကီလိုမီတာခန့် ရှည်လျား၍ သမိုင်းဝင် မိုနာလီဇာပန်းချီကား အပါအဝင် နိုင်ငံတကာ ဂန္ထဝင်ပန်းချီကားပေါင်း (၄၀၀၀၀) ကျော် ပြသထားပြီး အချစ်နတ်သမီးဗီးနပ်(စ်)ရုပ်တု အပါအဝင် ဂန္ထဝင်ရုပ်တုများအပြားပြသထားသည်။

ဟစ်တလာကမူ ဘာလင်မြို့တော်အသစ်တည်ဆောက်ပြီး၍ ဘာလင်ပြတိုက်ကြီးအား မွမ်းမံသည့်အခါ လုဗ္ဗားပြတိုက်မှ ဂန္ထဝင်ပန်းချီကားများ၊ ရှေးဟောင်းဂန္ထဝင်အနုပညာပစ္စည်းများကို ဘာလင်ပြတိုက်သို့ ပြောင်းရွှေ့မည်ဟု ရုတ်တရက် ထုတ်ဖော်ပြောဆိုသောအခါ စပီးယားမှာ တအံ့တသြဖြစ်သွားခဲ့သည်။ ထို့နောက် ဟစ်တလာနှင့် စပီးယားတို့သည် ခရစ်နှစ် ၁၈၀၆ ခုနှစ်က ပြင်သစ်စစ် ဧကရာဇ်နပိုလီယန် တည်ဆောက်ခဲ့သော အောင်ဗိမာန်အထိမ်းအမှတ်အဆောက်အအုံအား သွားရောက် စစ်ဆေးခဲ့ကြသည်။ ဤစစ်ပွဲများအောင်နိုင်ခြင်းအထိမ်းအမှတ်အောင်ဗိမာန်(Arch-De-Triomph) မှာ အမြင့်ပေ (၁၆၃) ခန့်ရှိ၍ အကျယ် (၁၄၇) ပေရှိရာ ကမ္ဘာ့အောင်ဗိမာန်အဆောက်အအုံများတွင် အကြီးဆုံးနှင့်အခမ်းနားဆုံးဖြစ်သည်ဟု ဆိုကြရာ ဟစ်တလာကမူ သူတည်ဆောက်မည့် ဘာလင်မြို့တော်သစ်တွင် တည်ဆောက်ရမည့်အောင်ဗိမာန်သည် ပါရီအောင်ဗိမာန်ထက် ကြီးမားရမည်ဟု စပီးယားအား မှာကြားခဲ့၏။

ဟစ်တလာနှင့် စပီးယားတို့သည် စစ်ဧကရာဇ် နပိုလီယန်၏ သင်္ချိုင်းအားလည်း သွားရောက် ဂါရဝပြုခဲ့ကြသည်။ ထို့နောက် ရှောင်အလေဇေလမ်းမကြီး တစ်လျှောက်နှင့် ကမ္ဘာကျော် အီဖယ်မျှော်စင်ကြီးကို သွားရောက်၍ စစ်ဆေးကြည့်ရှုခဲ့ကြပြန်သည်။ အီဖယ်မျှော်စင်ကြီးမှာ ခရစ်နှစ် ၁၈၈၉ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အမြင့်ပေ (၁၀၅၆) ပေမြင့်သဖြင့် ပါရီမြို့တော်၏ သာယာသောရှုခင်းများကို ထိုမျှော်စင်ထက်မှ ကြည့်ရှုနိုင်သည်။ ဒုတိယကမ္ဘာစစ်ကြီးစတင် ဖြစ်ပွားသည့်အချိန်အထိ ကမ္ဘာပေါ်တွင် အမြင့်ဆုံးမျှော်စင်ကြီးဟုသတ်မှတ်ထားခဲ့သည်။

ထို့နောက် ဟစ်တလာသည် ပါရီမြို့တော်ရှိ နာမည်ကျော် နော်တာဒိန်းဘုရားရှိခိုးကျောင်း အပါအဝင် သမိုင်းဝင် အဆောက်အအုံများကို စပီးယားနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ကြပြီး သူတည်ဆောက်မည့် ဘာလင်မြို့တော်သည် ဘက်စုံ ပါရီမြို့တော်ထက်သာစေရမည်ဖြစ်ရာ လိုအပ်ပါက ဘာလင်မြို့တော်သစ်ပြတိုက်များတွင် ထားရှိရမည့် ဂန္ထဝင်ပစ္စည်းများရရှိရေးအတွက် ပါရီလုဗ္ဗားပြတိုက်ကြီးမှ ရှေးဟောင်း အနုပညာပစ္စည်းများ၊ ဂန္ထဝင်ပန်းချီကားများနှင့် ပြင်သစ်နိုင်ငံနှင့် အခြားဥရောပတိုက်နိုင်ငံအသီးသီးရှိ အမျိုးသားပြတိုက်များ၊ ကိုယ်ပိုင်ပြတိုက်များမှလိုအပ်သော ရှေးဟောင်းပစ္စည်းများကို အကြမ်းဖက်သိမ်းယူစေရမည်ဟု ဆိုသည်။

ခေါင်းဆောင်ကြီး ဟစ်တလာကမူ သူတည်ဆောက်မည့် ဘာလင်မြို့တော်သစ်အတွက် လိုအပ်သည်မှန်သမျှကို တရားနည်းလမ်းကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ ရယူရမည် ဖြစ်၏။ လက်ရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်မြို့တော်ဟု သတ်မှတ်ထားသော ပါရီမြို့တော်သည် သမိုင်း၏ အရိပ်တွင် ကျန်ရစ်စေရမည် ဖြစ်သည်။ သို့ဖြစ်၍ ပါရီမြို့တော်အား မြေလှန်စနစ် ကျင့်သုံးရမည်။ ပါရီမြို့တော်ရှိ သမိုင်းဝင် အဆောက်အအုံမှန်သဖြင့် ဖောက်ခွဲဖျက်ဆီးရမည်ဟု ထုတ်ဖော်ပြောသည်နှင့် စပီးယားမှာ တုန်လှုပ်ချောက်ချားသွားခဲ့သည်။ ဟစ်တလာအား အကျိုးအကြောင်းပြ၍ ကန့်ကွက်မည့်သူမှာ တစ်ဦးတစ်ယောက်မှမရှိခဲ့။ စပီးယားကမူ ပါရီသည် ပြင်သစ်လူမျိုးတစ်မျိုးတည်းအတွက် မြို့တော်မဟုတ်ကြောင်း၊ ကမ္ဘာ့ယဉ်ကျေးမှုအားလုံးအတွက် စံထားရမည့်မြို့ဖြစ်ရကား ဤမြို့တော်ကြီးကို ဖျက်ဆီးသူသည် သမိုင်းဝင်အမှားတစ်ခုကို ကျူးလွန်ရာရောက်ပေလိမ့်မည်ဟု ဖျောင်းဖျပြောဆိုခဲ့သဖြင့် ဟစ်တလာသည် ပါရီမြို့တော်ဖျက်ဆီးမည့်သမိုင်းဝင်အမှားကို ကျူးလွန်ခြင်းမရှိခဲ့။

ဒုတိယသမိုင်းဝင်အမှားကို နာဇီခေါင်းဆောင်ကြီး ဟစ်တလာသည် ကျူးလွန်ရန် ကြံဆောင်ခဲ့ပြန်သည်။ ထိုအမှားမှာ ၁၉၄၅ ခုနှစ်ဦးပိုင်းတွင်ဖြစ်သည်ဟု စပီးယားက သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သော (Inside The Third Reich) 'တတိယနိုင်ငံတော်အတွင်းရေး' စာအုပ်တွင် ရေးသား ဖော်ပြခဲ့သည်။ ဤဆောင်းပါးတစ်နေရာတွင် လည်းကောင်း၊ ဤဆောင်းပါးအစတွင် လည်းကောင်း ဖော်ပြခဲ့သည့်အတိုင်း ၁၉၄၅ ခုနှစ် မတ်လနှင့် ဧပြီလတို့တွင် နာဇီဂျာမန်တို့အဖို့ စစ်ရှုံးရန် သေချာသလောက်ရှိခဲ့ပြီ ဖြစ်သည်။ မဟာမိတ်တပ်များကလည်း၊ အနောက်ဘက်မှ ဂျာမနီနိုင်ငံအတွင်းသို့ ထိုးဖောက် ဝင်ရောက်လာခဲ့ပြီး ဘာလင်မြို့တော်နှင့် မိုင်(၅၀)ခန့်အကွာသို့ ရောက်လာခဲ့ပြီဖြစ်လေသည်။ ဆိုဗီယက်တပ်နီတော်ကလည်း ဘာလင်မြို့တော်အား သိမ်းပိုက်ရန် အရှေ့ဘက်မှ ချဉ်းကပ်လာခဲ့၏။

ဤအချိန်တွင် နာဇီခေါင်းဆောင်ကြီး ဟစ်တလာသည် သမိုင်းဝင်အမှားတစ်ခုဖြစ်ရတော့မည့် အရေးပေါ် အမိန့်ကို ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်အရ တတိယဂျာမနီနိုင်ငံအတွင်းရှိ တံတားများ၊ မီးရထားလမ်းများ၊ ဓာတ်အားပေးစက်ရုံများ၊ မြေအောက်မီးရထားလမ်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ရေကာတာများ၊ဆည်ကြီးများ၊သမိုင်းဝင်အဆောက်အအုံများအားလုံးအား မြေလှန်စနစ်အရ ဖျက်ဆီးရမည်ဖြစ်သည်။ ရန်သူများအသုံးပြုနိုင်မည့် စက်ရုံ၊ အလုပ်ရုံအားလုံးအားလည်း ဖောက်ခွဲဖျက်ဆီးရမည်ဖြစ်၏။ ဤအမိန့်အရ တတိယဂျာမနီနိုင်ငံပြည်သူလူထုမှာ ဒုက္ခဝေဒနာအဖြာဖြာတွေ့ရမည် ဖြစ်သည်။ သို့ဖြစ်၍ စစ်ပစ္စည်းထုတ်လုပ်ရေးဝန်ကြီး ခေါင်းဆောင်ကြီး ဟစ်တလာ၏လက်ရုံး စပီးယားသည် သက်ဆိုင်ရာတာဝန်ရှိသူများအား ဤအမိန့်အတိုင်း ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ခဲ့သည်သာမက အရေးကြီးသောနေရာများသို့ သူကိုယ်တိုင်သွားရောက်၍ တားမြစ်ခဲ့သည်။ ဤသမိုင်းဝင်အမှားနှင့် ပတ်သက်၍ စပီးယားက ဒုတိယကမ္ဘာစစ်အပြီးတွင် ပြုလုပ်ခဲ့သော နာဇီစစ်ရာဇဝတ်သားများ စစ်ဆေးသည့် နူရင်ဘတ်စစ်ခုံရုံးတွင် အထောက်အထား အချက်အလက်အပြည့်အစုံနှင့် ထွက်ဆိုခဲ့ပါကြောင်း။

လှျမ်းထက်

**ကျမ်းကိုး -**

Inside The Third Reich
By - Albert Speer.
Germany 1945.



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကိုရင်ကြီးမှထွက်ပြီး ရွာသူကြီးအိမ်တွင် စာရင်းငှားဖြင့်နေသည်။ တစ်နေ့ ၌ အလယ်ရိုးမတောင်ဆွယ်တွင် ပုဂံ ခေတ်က တည်ထားသော ဘုရားများစွာ ဘုရားတစ်ဆူပျက်စီးသဖြင့် ဘုရား သည်တည်ခြင်း၊ ထီးတင်ခြင်းကို ဆောင်ရွက်ကြရာ မိတ္ထီလာမှ ဆရာကြီး တစ်ယောက်ကိုပင့်၍ ဘုရားပြင်ခြင်း အမှုကိုပြုကြသည်။ ထိုဆရာကြီးနှင့် အောင်စိုးတို့ ရင်းနှီးကြပြီး ဘုရားတည် ခြင်းကိစ္စ အစအဆုံးကူညီဆောင်ရွက် ပေးသည်။ ဆရာကြီးမှ အောင်စိုးကို အလွန်ရင်းနှီးချစ်ခင်သဖြင့် ဘုရားတည် ရာနယ်သမျှ အောင်စိုးကို ခေါ်သွားလေ သည်၊ အောင်စိုးကလည်း ဘုရားတည် ခြင်းအမှုကို အထုံပါရမီရှိနေလေသည်။

အောင်စိုး ဆရာကြီးနောက်လိုက် သွားတာ (၅) နှစ်ခန့် ရွာမှပျောက်သွား သည်၊ ရွာသို့ပြန်ရောက်လာသောအခါ ဝတ်နှင့်မဟုတ်တော့ပါ။ ရသေ့ဝတ်၍ ပြန်လာလေသည်။ လောကီပညာများ တတ်မြောက် ကျွမ်းကျင်သဖြင့် ဘုရား တည်ရာတွင် နာမည်ကြီးလေသည်။ ဘယ်ဘုရားက ပြင်လို့မရဘူး၊ ဘုရားပြင် တဲ့သူ သေဆုံးသွားသတဲ့ စသည်ဖြင့် လူ တွေမလုပ်ဝံ့မကိုင်ဝံ့မတည်ဝံ့သော ဘုရား များကို ရသေ့လေးအောင်စိုးအား ခိုင်းပြီး တည်ထားနိုင်သဖြင့် နာမည် ကြီးလေသည်။

ရသေ့လေးအောင်စိုးသည် ဝိဇ္ဇာ လမ်းစဉ်ကို ယုံကြည်သည်။ ဝိဇ္ဇာအား ကိုးဖြင့် ဘုရားတည်လေသည်။ ဝိဇ္ဇာ စေခိုင်းသမျှ နာခံ၍ ဘုရားတည်သဖြင့် အောင်မြင် ထင်ရှားလေသည်။ ဒီနှစ် တော့ ရမည်းသင်းမှာနေဦးမည်။ ဘယ်မှ မသွားတော့ဟု ဆုံးဖြတ်ထားလေသည်။

"ဟေ့ - အောင်စိုး၊ မင်း ဒီနေ့ အလယ်ရိုးမက ရွှေမြင်တင်ဘုရားကို သွားရမယ်။ ပုတီးသွားစိပ်ရမယ်"

အောင်စိုးနားထဲတွင်ကြားယောင် နေသည်။ မနေ့အာရုံတွင် ဝိဇ္ဇာက ညွှန် ကြားနေခြင်း ဖြစ်သည်။ အောင်စိုး မသွားချင်။ ဝိဇ္ဇာခိုင်းတာတွေများနေပြီ။ ဒီတစ်ခါတော့ ငါမလုပ်နိုင်ဘူး၊ ငါမသွား နိုင်ဘူးဆိုပြီး ပေတေတေကတ်တတ် တတ်နေလသည်။ ဝိဇ္ဇာက နာမ်လောက မှခိုင်းခြင်း ဖြစ်သည်။ အောင်စိုးက ရသေ့ဝတ်နှင့် လူ့လောကမှ ဖြစ်သည်။

"အောင်စိုး၊ ငါခိုင်းတာ မသွား သေးဘူးလား"

"အဘရယ်၊ အဘခိုင်းတာများ နေပြီ။ ဒီတစ်ခါတော့ ခွင့်လွှတ်ပါ အဘ ရယ်"

"ဝိဇ္ဇာကခိုင်းတာလုပ်ရမယ်။ မင်း အဆင့်မြင့်ဖို့အတွက်ခိုင်းတာ။ နောက် ဆုတ်လို့မရဘူး၊ သွားဆိုသွား"

ဝိဇ္ဇာအဘထံမှ ဘာညွှန်ကြားမှုမှ မကြားတော့။ အောင်စိုး ညနေစောင်း အထိမသွားပါ။ ပေတေတေနေလေ သည်။ သိပ်မကြာပါ။ တစ်ကိုယ်လုံးယား ယံလာလေသည်။ ကုတ်ဖွာဖွဲ့တာမရ။ အကွက်တွေအပိမ့်တွေထလာလေသည်။ ယားလို့ နူပါစေကွာ။ ငါမသွားဘူးဟု ဆုံးဖြတ်ထားလေသည်။

"အောင်စိုး၊ ငါခိုင်းတာမလုပ်သေး ဘူးလား"

"အဘရယ်၊ သားကိုခွင့်လွှတ်ပါ"

အောင်စိုးမသွားသေးပါ။ အလွန် ချမ်းသောဆောင်းညတွင် အောင်စိုး အသားတွေ ပူလောင်လာလေသည်။ တစ်ကိုယ်လုံးအခိုးတွေထွက်လာသည်။ အောင်စိုး မနေနိုင်တော့။ ရေထချိုးလေ သည်။ ရေကို တအားလောင်းပြီး အားရ ဝမ်းသာချိုးနေတာကို လူတွေဝိုင်းကြည့် နေကြသည်။ ဒီလောက်အေးနေတာ ဘာလို့ရေချိုးတာလဲ။ ရသေ့အောင်စိုး တော့ထူးနေပြီ။ သိပ်မကြာပါ၊ အောင်စိုး တစ်ယောက် တဆတ်ဆတ်တုန်အောင် ချမ်းလာလေသည်။ မီးပုံကြီးဖို၍ မီးလှုံရ လေတော့သည်။ ဟော - ရသေ့လေး အောင်စိုး မီးဖိုကြီး (၂) ဖိုကြားတွင် မီး လှုံနေပြန်သည်။ ခုနက ရေချိုးတယ်၊ ခုတော့ မီး (၂) ဖိုကြားမှာ မီးလှုံနေတယ်။ ရသေ့လေးအောင်စိုး ကိလေသာကင်း အောင် ရေချိုး၊ မီးလှုံများလုပ်နေတာ လားဟု ပြောနေကြ၏။

"အောင်စိုး၊ ငါခိုင်းတာမလုပ်သေး ဘူးလား"

# အကျွတ်ဝါလှိုင်း

## အဘအောင်မင်းခေါင်နှင့်တွေ့ဆုံခဲ့ရသော ရသေ့လေးအောင်စိုးအကြောင်း



www.burmeseclassic.com

"ဟုတ်ကဲ့ အဘ၊ သား ခုပဲ လုပ်ပါတော့မယ်"

အောင်စိုးမနေနိုင်တော့။ အလယ်ရိုးမဘက်သို့ လွယ်အိတ်လေးလွယ်၍ ထွက်ခွာသွားရလေတော့သည်။ ငါ့ကိုယ်နှင့် သူ့စိတ်နေရသောဘဝ။ ငါလုပ်ချင်တာလုပ်လို့မရ။ သူခိုင်းတာလုပ်ရသည်။ သူသွားခိုင်းတာသွားရသည်။ သူပေးတာစားရသည်။ သူဆိုတာ ဝိဇ္ဇာပါပဲ။ ဝိဇ္ဇာလိုင်းကို လိုက်စား၍ ဝိဇ္ဇာဖြစ်ချင်သော အောင်စိုးတစ်ယောက် ရသေ့ဝတ်ဖြင့် ဝိဇ္ဇာခိုင်းသမျှလုပ်နေရလေသည်။ ဝိဇ္ဇာဂန္ဓာရီလိုင်းဝင်လာသော လူပုဂ္ဂိုလ်များ၊ ရသေ့ရဟန်းပုဂ္ဂိုလ်များ အလုပ်မမှားရအောင် စောင့်ရှောက်၏။ လူ့လောကသို့ပြန်မသွားအောင် တားမြစ်၏။ ဂန္ဓာရီစခန်းသို့ တစ်ဆင့်ဆင့်တက်လှမ်းစေလေသည်။

ခုလည်း အောင်စိုး ဂန္ဓာရီစခန်းသို့တက်လှမ်းရန် စေခိုင်းခြင်း ဖြစ်သည်။ ညမှောင်နေလေသည်။ ဓာတ်မီးကမပါ။ ဘယ်သွားရမှန်းမသိ။ ရွာပြင်သို့ ရောက်လာသောအခါ လှည်းတစ်စီးက အဆင်သင့်စောင့်နေသည်။

"ရသေ့လေး၊ လာ လာ။ ဒီမှာလှည်းနဲ့စောင့်နေတာ။ ရသေ့လေးသွားချင်တာ လိုက်ပို့လိုက်လို့လည်းမှာတယ်"

"ခင်ဗျားတို့ကို ဘယ်သူကခိုင်းတာလဲ"

"တိုက်ပုံအကျီအနီနဲ့ အဘိုးကြီးတစ်ယောက်က ရသေ့လေးအောင်စိုး လာလိမ့်မယ်။ သူသွားချင်တာ လိုက်ပို့လိုက်ဆိုပြီး ငွေ (၁၀၀၀) ပေးသွားတယ်"

ရသေ့လေးအောင်စိုး ပြုံးလာလေသည်။ ဝိဇ္ဇာတွေ ခိုင်းပြီး ပစ်မထားဘူးဆိုတာသိလိုက်ရသည်။ အမှန် ဝိဇ္ဇာတွေသာ တကယ်ခိုင်းရင် အားလုံးအဆင်သင့်။ ဘာအခက်အခဲမှမရှိပါ။ယခုလည်း မသွားချင်၍ ပေတေတေကတ်ကတ်လုပ်နေသည်။ အရွဲ့တိုက်၍နေလေသည်။ နေမလို့မရပါ။ ခန္ဓာက ဘယ်လိုမှနေလို့မရသဖြင့် တောင့်မခံနိုင်တော့၍ထလာခြင်း ဖြစ်သည်။ လှည်းဖြင့် အလယ်ရိုးမတောင်ကြောသို့ဝင်သည်။ ဝိဇ္ဇာတွေခိုင်းသော မိုးကောင်း ရွှေမြင်တင်ဘုရားကိုရှာသည်။ မိုးကောင်း ရွှေမြင်တင်ဘုရားတွင် အဓိဋ္ဌာန်(၇)ရက်ဝင်လိုက်ပါသည်။ ရသေ့လေး အောင်စိုး၏ ဂန္ဓာရီခရီးလမ်းစဉ်ကို ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဝိဇ္ဇာတွေနှင့် ဆက်သွယ်မှုရှိနေသော အောင်စိုးတစ်ယောက် ရမည်းသင်း၊ နေပြည်တော်တပ်ကုန်း၊ ပျော်ဘွယ်နယ်တွင် ဘုရားအဆူဆူပြုပြင်ခြင်း၊ ထီးတင်ခြင်း၊ အသစ်တည်ခြင်းများကို ဆောင်ရွက်လေသည်။ ဤနယ်တစ်ဝိုက်တွင် ရသေ့လေး အောင်စိုးမှာ မသိသူမရှိပါ။ နာမည်ကြီးလေတော့သည်။

များမကြာမီ မြို့လှသို့ ပြန်ရောက်လာသည်။ မိမိဇာတိရွာဖြစ်သဖြင့် သိသူ၊ ရင်းနှီးသူများက လာရောက် နှုတ်ဆက်ကြသည်။ ဂန္ဓာရီအတွေ့အကြုံတို့ကိုမေးမြန်းကြသည်။ ရွာဦးကျောင်းတွင်နေပြီး ဆရာတော်၏ဝေယျာဝစ္စကို ဆောင်ရွက်နေလေသည်။

မြို့လှမြို့၏ (၁) မိုင်ခန့်အကွာ၌ ပုဂံခေတ်က တည်ထားခဲ့သော ရှေးဟောင်းဘုရားတစ်ဆူရှိလေသည်။ ထိုဘုရားကို ပြန်လည်ပြုပြင်ပေးရန် ဆရာတော်မှအမိန့်ရှိသဖြင့် ထိုဘုရားရင်ပြင်တွင် ကျောင်းသခ်မ်းဆောက်၍နေလေသည်။ ဘုရားပြုပြင်ရန်အတွက် မိဋ္ဌာန်စခန်းဝင်၍အလုပ်လုပ်လေသည်။ မိဋ္ဌာန်ဝင်စဉ် ဝိဇ္ဇာများ၊ ဘိုးတော်များကြွလာသည်။ ရှေ့လုပ်ငန်းစဉ်များကိုညွှန်ကြားလေသည်။

ဒီတစ်ခါ အောင်စိုးက ▫အဘကို အောက်ပါအတိုင်း လျှောက်ထားလေသည်။

"အဘ၊သားလျှောက်ထားပါရစေ။ ဒီဝိဇ္ဇာဂန္ဓာရီလမ်း စ,လျှောက်တာ (၅) နှစ်ရှိပါပြီ။ အဘတို့ဝိဇ္ဇာတွေ ခိုင်းသမျှ၊ ညွှန်ကြားသမျှ မညည်းမညူ ဆောင်ရွက်ခဲ့ပါတယ်။ စေတီပုထိုးတွေလည်း ပြုပြင်လာခဲ့တာ များပါပြီ။ သားဘက်က တောင်းဆိုချင်တာလေးတစ်ခုရှိပါတယ်။ ဒီတောင်းဆိုမှုလေးကို ခွင့်ပြုမယ်ဆိုရင် ဒီဝိဇ္ဇာလမ်းစဉ်ကို ဆက်လက် လိုက်စားပါ့မယ်"

"အေး-ပြော၊ မင်းဘာတောင်းဆိုစရာရှိလဲ"

"ဝိဇ္ဇာတွေထဲမှာ သားကြည်ညိုကိုးကွယ်တာ အဘအောင်မင်းခေါင်ပါပဲ။ ဒီအဘကို သား အပြင်မှာတကယ်တွေ့ချင်မြင်ချင်ဖူးချင်ပါတယ်။ သားထံကို နာမ်လောကနဲ့မကွဲဘဲ ရုပ်၊ နာမ်သက်ရှိထင်ရှားအဘကို ဖူးတွေ့ရပါစေ"

"မင်းတောင်းဆိုတာ မလိုက်လျောဘူးဆိုရင်ကော"

"ဒီဝိဇ္ဇာဂန္ဓာရီလမ်းကို စွန့်လွှတ်ပါတော့မယ်။ မလိုက်စားတော့ပါ။ သားတွေ့ချင်တဲ့ အဘအောင်မင်းခေါင်ကို တွေ့ရမြင်ရဖူးရရင် သားအဘတို့ခိုင်းသမျှ အကုန်လုပ်ပါ့မယ်"

"မင်းက စိတ်ကြီးတာပဲ။ မင်းအဘကို မြင်တော့ကော အောင်မင်းခေါင်လို့ ဘယ်လိုလုပ်သိမှာလဲ"

"အဘက ဝိဇ္ဇာပဲ။ သိသာထင်ရှားတဲ့သင်္ကေတတော့ပြောခဲ့ပါ အဘ"

"အေး- မနက်ဖြန် မင်းရဲ့အဘကြွလာလိမ့်မယ်။ မင်းစောင့်နေလေတော့"

"ကျေးဇူးကြီးမားလှပါတယ် အဘရယ်။ သားတောင်းဆိုတာ လိုက်လျောတဲ့အတွက် သား အဘကိုဦးချကန်တော့ပါတယ်"

လောကမှာ ဒီလိုအဖြစ်မျိုးရှိကြောင်း သိချင်မှသိကြပါလိမ့်မည်။ ပြောရင်လည်း ယုံချင်မှယုံပါလိမ့်မည်။ တကယ့်အဖြစ်အပျက်တို့ကို မှတ်တမ်းတင်၍ ပြန်လည်ရေးသားသောအခါ ထွင်၍ရေးတာပဲ၊ အံ့သြအောင်ရေးတာပဲ၊ ဖတ်ကောင်းအောင်ရေးတာပဲဟုပြော ကြပေလိမ့်မည်။ ယုံချင်ယုံ၊ မယုံချင်နေပါ။ ဒါ တကယ့်ဖြစ်ရပ်ဆန်းပင် ဖြစ်ပါသည်။နာမ်လောကထဲက ထင်ရှားကျော်ကြားသော ပုပ္ပားအဘအောင်မင်းခေါင်ကြီး ရမည်းသင်းမြို့ မြို့လှရွာဘေး ဘုရားရင်ပြင်ပေါ်သို့ အမှန်တကယ် ကြွချီလာပါသည်။

နံနက်လင်းသောအခါ အဘအောင်မင်းခေါင် ကြွလာမည်။ အဘကို ငါဘာနဲ့ကြိုရင်ကောင်းမလဲ။ အဘက ဟုတ်၊ မဟုတ် ငါဘယ်လိုစစ်ရင်ကောင်းမလဲ။ ငါဘာနဲ့ဧည့်ခံရင်ကောင်းမလဲ။ ငါဘာတွေပြောရမှာလဲ။ ငါဘာတွေ တောင်းဆိုရမှာလဲ စသည်ဖြင့် လဲပေါ်များစွာနှင့် စဉ်းစားရင်း အိပ်မပျော်ခဲ့ပါ

နံနက်မိုးလင်းခါနီးမှ မှေးခနဲ အိပ် ပျော်သွား၏။ အိပ်ရာမှနိုးသောအခါ နံနက်(၇)နာရီထိုးနေလေသည်။ ဘုရား ရင်ပြင်တွင် မြို့လှမှရွာသူရွာသားများ အတော်ရောက်လာကြသည်။ ရေခပ်သူ သန့်ရှင်းရေးလုပ်သူ၊ အုတ်ကျိုးအုတ် များသယ်သူ၊ ကုသိုလ်ယူသူများဖြင့်ပြည့် နေလေသည်။ ဩဇာအာဏာကြီးသော ဦးသောင်းတင်ကို ခေါ်သည်။ ဒီနေ့ ဧည့် သည် အဘတစ်ယောက် ဒီဘုရား ရောက်လာမည်။ ဘုရားပွဲ၊ သာသနာ များ အသစ်လဲပေးရန်၊ ဘုရားပန်း ချမ်းများ သန့်သန့်ရှင်းရှင်းဆက်ကပ် ရန် အကူအညီတောင်းခံ၏။ အဘထိုင် ရန် ပက်လက်ထိုင်ခုံတစ်လုံးကို တော ခံသည်။ အဘက ရေနွေးကြမ်းကြ သည်။ ရေသန့်သန့်ကိုကျို၍ ရေနွေး



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ဘူးအသစ်ဖြင့် ယူလာရန်၊ အစားအသောက်ကိုလည်း ဧည့်သည်တစ်ဦးစာ ချက်ပြုတ်ထားရန် ကြိုတင်မှာကြားထားသည်။ မြို့လူမှ လူအားလုံးသည် ရသေ့လေးအောင်စိုးကို ချစ်ကြသည်၊ ရိုသေကြသည်။ ရသေ့လေးအလိုရှိရာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြလေသည်။

မကြာမီ အဘိုးအိုတစ်ယောက် ဘုရားကုန်းသို့ ရောက်လာသည်။ ထုံးချည်မှာ အပြာကွက်နှင့် အပေါ်ဘက် အတက်ပါသော စွပ်ကျယ်အဖြူကို ဝတ်ထားသည်။ တိုက်ပုံအင်္ကျီအပြာရောင်ကို အပေါ်မှထပ်၍ဝတ်ဆင်ထားလေသည်။ ဆံပင်မှာအရှည်ဖြစ်၏။ သျှောင်ထုံးထားလေသည်။ ရှေးခေတ် မြန်မာလူကြီး တစ်ယောက်ဖြစ်လေသည်။

"ဒီမှာ ရသွတ်ရှိလား"

"ရသွတ်တော့ မရှိဘူး အဘ၊ ရသေ့လေးတစ်ပါးရှိတယ်"

"အေးအေး - ဒီရသွတ်လေးက ဘယ်မှာလဲ"

"ရသေ့လေးပါ အဘ၊ ဟိုဘက်က ကျောင်းမှာနေတယ်။ ရသေ့လေးအောင်စိုးလို့ ခေါ်တယ်"

ကလေးတစ်ယောက်ကို မေး၍ ရသေ့လေးအောင်စိုးရှိရာဇရပ်သို့ရောက်လာလေတော့သည်။ ဘုရားဆောင်တွင် သန့်သန့်ရှင်းရှင်း ရေမွှေးနံ့တသင်းသင်းနှင့် အဘကိုကြိုဆိုနေလေသည်။ ရသေ့လေးအောင်စိုးသည် မောင်းကြီးတစ်လုံးကိုထု၍ အော်နေလေသည်။

"ဒီနေ့ အဘအောင်မင်းခေါင်ကြွရောက်မည်ဖြစ်ပါသောကြောင့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့နှင့် သေနေယျ၊ သုခိတ၊ ဒုက္ခိတသတ္တဝါ အပေါင်းတို့ အဘကို ဖူးတွေ့နိုင်ရန် ကြွရောက်ပါမည့်အကြောင်း ကြေညာမောင်းခတ်လိုက်သည်။

ဒူ. . . ဒူ. . . ဒူ. . .

အရပ်လေးမျက်နှာ၊ အရပ်ဆယ်မျက်နှာမှာရှိကြကုန်သော အတွင်း(၃၇) မင်း အပြင် (၃၇) မင်း၊ အရံ (၃၇) မင်း၊ နတ်များအပေါင်းတို့ အဘအောင်မင်းခေါင်ကြွရောက်မည်ဖြစ်ပါသောကြောင့် ဖူးတွေ့နိုင်ရန်ကြွရောက်ပါမည့်အကြောင်း ကြေညာမောင်းခတ်လိုက်သည်။

ဒူ. . . ဒူ. . . ဒူ. . .

ဤနေရာဤဌာနတွင်ရှိကြကုန်သော ကျွတ်လွတ်ကုန်ပြီးသောသတ္တဝါ၊ မကျွတ်လွတ်သေးသောသတ္တဝါအပေါင်းတို့၊ အဘအောင်မင်းခေါင် ကြွရောက်မည်ဖြစ်ပါသောကြောင့် ကျွန်ုပ်နှင့်အတူ ထက္ကဝ ဖူးမြော်နိုင်ရန် ဤနေရာသို့ ကြွရောက်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဒူ. . . ဒူ. . . ဒူ. . ."

"ဟေ့- ရသွတ်၊ ဘာတွေလျှောက်လုပ်နေတာလဲ၊ ဘာတွေလျှောက်အော်နေတာလဲ။ မင်းဖိတ်လို့လာရတာ။ တခြားသူတွေ မောင်းထုပြီးခေါ်မနေနဲ့"

"အဘ၊ ဒီဘက်ကြွပါ ခင်ဗျား။ အဘဘယ်ကကြွလာတာလဲ။ အဘက ဘယ်သူလဲ"

"ငါက မင်းအဖေလေ။ မင်းပင့်လို့ကြွလာရတာ။ ငါကအောင်မင်းခေါင်ပဲ"

ပြောပြောဆိုဆို ဘုရားဆောင်ရှေ့တွင် ရောက်လာသည်။ ဘုရားဦးခိုး၍ အဘအတွက်ခင်းပေးထားသော ပက်လက်ကုလားထိုင်တွင် ထိုင်လေသည်။ အောင်စိုးသည် အဘကို ရှိုရှိုသေသေ ဦးချ၏။ ရှိခိုးကန်တော့၏။ အဘက အပေါ်အင်္ကျီချွတ်ပေးပါဟု တောင်းပန်၏။ တိုက်ပုံအင်္ကျီကိုချွတ်၍ အင်္ကျီချိတ်မှာ ချိတ်လိုက်၏။ ရေနွေးကြမ်း၊ ကောက်ညှင်းပေါင်းတို့ဖြင့် အဘကို ဧည့်ခံခဲ့လေသည်။

အဘကို သေသေချာချာ အကဲခတ်၏။ အဘအောင်မင်းခေါင်အစစ်ဆိုရင် တော်ရဲ့။ ဘယ်ကအဘိုးကြီးရောက်လာမှန်းမသိ။ ဘုမသိဘမသိ သူ့ကိုယ်သူ အောင်မင်းခေါင်လို့ ပြောနေတယ်ဟု စိတ်ထဲတွင် သင်္ကာမကင်းသောသံသယတို့ဖြင့် ပြည့်နေလေ၏။

"အဘက အောင်မင်းခေါင် ဆိုတော့ဘာအထောက်အထားပြနိုင်သလဲ။ အောင်မင်းခေါင်ပါပြောတိုင်း မယုံဘူး"

"ငါက အောင်မင်းခေါင်ပါဆိုပြီး မင်းကို မှတ်ပုံတင်ပြရမှာလား"

"အဘအောင်မင်းခေါင် ဟုတ်၊ မဟုတ် သားမှတ်ပုံတင်နဲ့စစ်လို့မရဘူး။ ဒါပေမယ့် သားသိနိုင်မယ့် အထောက်အထားတစ်ခုလောက် ပြောပြပါလား"

"မင်းက ဝိဇ္ဇာအနွယ်အဝင် ဖြစ်တယ်။ ဝိဇ္ဇာဖြစ်မယ့် ဝိဇ္ဇာလောင်းပဲ။ ဝိဇ္ဇာခိုင်းတာလုပ်ပေးလို့ ငါဒီလောက်သည်းခံနေတာ။ ငါ့စိတ်ကိုမင်းသိတယ်"

"အဘအကြောင်းကို သားသိပါတယ်"

"အေး- မင်း ညက ဒီဓာတ်ခန်းမှာ မင်းပြောတာကို ငါပြန်ပြောမယ် ရသွတ်ရဲ့ နားထောင်။

'ဝိဇ္ဇာတွေထဲမှာ သားကြည်ညိုတာ အဘအောင်မင်းခေါင်ပဲ ရှိတယ်။ ဒီအဘကို အပြင်မှာ သားတကယ်တွေ့ချင်တယ်။ မြင်ချင်တယ်။ ဖူးချင်တယ်။ သားထံကို နာမ်လောကနဲ့ မကြွပါနဲ့။ ရုပ်၊ နာမ်ပေါင်းပြီး သက်ရှိထင်ရှားအဘကို ဖူးတွေ့ပါရစေ' လို့ မင်းပြောတာ ဟုတ်သလား"

"ဟုတ်ပါတယ် အဘ"

"အေးအေး-မင်းတွေ့ချင်တဲ့အဘက ငါပဲ။ ငါ့ကိုတွေ့တော့ မင်းဘာလုပ်မလဲ"

"သားက အဘကို တဝကြီးဖူးချင်လို့ပါ။ ဝိဇ္ဇာဂန္ဓာရီလမ်းကို လျှောက်လှမ်းဖို့ အဘကို အားကိုးပါရစေ။ သားကို ဆုံးမတော်မူပါ"

"မင်းက ဘုရားပြင်တာလေးနည်းနည်းပါးပါးလုပ်တတ်တာနဲ့ ငါဆိုတဲ့မာန်က တက်လာတယ်။ စရဏကလည်းလိုသေးတယ်။ ငါ့လိုပုဂ္ဂိုလ်ကိုလည်း မရှုမက ဖွတ်ပင့်တယ်။ ဒီတော့ မင်းဆန္ဒပြည့်ပြီ။ ငါ့ဆန္ဒတော့မပြည့်ဘူး"

"ဟုတ်ကဲ့ အဘ၊ အဘဆန္ဒကို ဖြည့်ဆည်းပေးပါ့မယ်။ သားကိုပြောပြပါ"

"အေး - မနက်ဖြန်နံနက်အရုဏ်မှာ မင်း ဘုရား (၁၀၈) ဆူ တည်ပေးရမယ်။ တစ်ညတည်းနဲ့အပြီး ဘုရား (၁၀၈) ဆူ တည်နိုင်ပါ့မလား"

"အဘရဲ့သား ဝိဇ္ဇာနွယ်ဝင် ရသေ့လေးအောင်စိုးပါ။ မလုပ်နိုင်တာ ဘာမှ မရှိဘူး။ သားတည်နိုင်ပါတယ်"

"အပြောကြီးတဲ့ကောင်ပဲ။ မင်း ဂန္ဓာရီလမ်းကိုလျှောက်ဖို့ စာမေးပွဲ (၃) ခါ ဖြေရမယ်။ စာမေးပွဲကျရင် ဘယ်တော့မှ ဝိဇ္ဇာမဖြစ်ဘူး"

"ဟုတ်ကဲ့ အဘ၊ သား ကြိုးစားဖြေပါ့မယ်"

"ကောင်းပြီ၊ ပထမစာမေးပွဲကို အရင်အောင်အောင် ဖြေပေတော့"

"ဟုတ်ကဲ့ အဘ၊ သား ညချင်း ဘုရား (၁၀၈) ဆူ တည်ပေးပါ့မယ်"

အဘအောင်မင်းခေါင်သည် သာမန်လူသားကဲ့သို့ ရသေ့လေးအောင်စိုးရှိရာ ရမည်းသင်းမြို့ မြို့လူရွာသို့ရောက်လာလေသည်။ အဘကိုတွေ့ချင်သော ရသေ့လေးလည်း အဘကို အားရဝမ်းသာ ဖူးလေသည်။ ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံလေသည်။ အခြားမည်သူ့မျှမပြောရန်ပိတ်ပင်ထားသဖြင့် အဘအောင်မင်းခေါင်မှန်း မသိကြပေ။ သာမန်အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်အနေဖြင့်သာ သိကြလေသည်။

"ဟေ့- ရသွတ်လေး၊ ငါက အညာသား။ ငါ့ကို ညစာကျွေးရင် ဆီးဖြူသီးထောင်းနဲ့ ဗလာဟင်းချိုနဲ့ကျွေးကွာ"

"ဟုတ်ကဲ့ အဘ၊ သားက ခုမှတွေ့ဖူးတာဆိုတော့ လိုတာရှိရင် ခွင့်လွှတ်ပါ။ သားဝတ္တရားမကျေမှာစိုးလို့ပါ"

"အေးအေး"

အဘအောင်မင်းခေါင်၏ ပထမစာမေးပွဲဖြေဆိုဖို့ စဉ်းစားလေသည်။ တစ်ရက်တည်း တစ်ညတည်းနှင့် ဘုရား (၁၀၈) ဆူတည်ရမှာ မလွယ်ပါ။ ဘုရားတစ်ဆူတောင် လတွေ၊ နှစ်တွေကြာအောင် ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ တည်ဆောက်ရတာ။ ဘုရား (၁၀၈) ဆူ ဘယ်လိုတည်မှာလဲ။ ထိုညနေတွင် မြို့လှရွာထဲသို့သွားသည်။ ရွာထဲမှာ အိမ်တိုင်းအိမ်တိုင်း ဘုရားရှိသည်။ တစ်အိမ်လျှင် ဘုရားတစ်ဆူ ဘုရားကုန်းတော်ပေါ်သို့ ပင့်ဆောင်ကြရမည်။ ဘုရား (၁၀၈) ဆူ မနက်အရုဏ်တက်တွင် အနေကဇာတင်ပွဲကျင်းပမည်ဟု ပြောလိုက်သည်။ ရွာသူကြီးမှ ဦးဆောင်ကာ ရသေ့လေးလိုအင်ဆန္ဒကို ဖြည့်စွမ်းပေးလေသည်။ ညနေစောင်းတွင် ဘုရားကုန်းတော်ပေါ်၌ ဘုရား (၁၀၈) ဆူ ကြွလာလေသည်။ နံနက် ဆရာတော်ဘုရား (၅) ပါးပင့်၍ ဘုရားအနေကဇာတင်ပွဲကျင်းပပြုလုပ်ပေးကြသည်။

နံနက်မိုးလင်းသောအခါ အရုဏ်တက်အချိန်တွင် ဘုရားအနေကဇာတင်ပွဲကို ရွာလုံးကျွတ်ကျင်းပပြုလုပ်ကြလေသည်။ ဆရာတော်ဘုရားများကြွလာပြီး အနေကဇာတင်ပေးကြလေသည်။နံနက် အဘအောင်မင်းခေါင် အိပ်ရာမှနိုးသောအခါ အဘကို ဘုရားရင်ပြင်တော်ပေါ်သို့ ပင့်ဆောင်ပြီး ဘုရား(၁၀၈)ဆူ တည်ပြီးကြောင်း လျှောက်ထားလေသည်။

အဘမှ ပြုံးပြုံးကြီးနှင့် သာဓုခေါ်လေသည်။ စာမေးပွဲပထမအကြိမ် အောင်မြင်သွားလေသည်။ အဘက မာတ်ခန်းထဲသို့ ရသေ့လေးအောင်စိုးအားခေါ်ပြီး ငွေ (၁၁) ကျပ်ပေးသည်။

"ငါပေးတဲ့ငွေ (၁၁) ကျပ်ကိုယူပြီး မုန့်လုံးရေပေါ် လုပ်ပါ။ မနက်ဖြန်နံနက် မြို့လှရွာက လူတွေအကုန် ဘုရားကုန်းကိုပင့်ဖိတ်ပြီ မုန့်လုံးရေပေါ် ကျွေးပါ။ မင်းလုပ်နိုင်သလား"

"ဟုတ်ကဲ့ အဘ၊ လုပ်နိုင်ပါတယ်"

"အပြောတော့ ရွှေမန်းပဲ။ အလုပ်ကတော့ဗရချာ။ မင်းအလကားကောင်"

အဘ ဘာပြောပြော ရသေ့လေးအောင်စိုး ပြုံးပြုံးလေးနာခံသည်။ သူ့ကိုစာမေးပွဲစစ်နေတာ မဟုတ်လား။ အဘပေးသောငွေ (၁၁) ကျပ်နှင့် တစ်ရွာလုံး မုန့်လုံးရေပေါ် ဘယ်လိုကျွေးရမှာလဲ။ တကယ်ဝယ်လျှင် ဆေးလိပ်တစ်ဘူးတောင် ဝယ်လို့မရ၊ အဘက ငွေလေး (၁၁) ကျပ်ပေးပြီး ဆန်မှုန့်က နို့ဆီ (၄) ဘူး၊ ထန်းလျက်က (၅) ကျပ်သား၊ ဒီပစ္စည်းနဲ့ တစ်ရွာလုံး ဘယ်လိုကျွေးရမှာလဲ။ အောင်စိုး စဉ်းစားမရ၊ ငါဒီစာမေးပွဲကို မဖြေနိုင်ဘူး။ စာမေးပွဲကျတော့မှာပဲ။ စဉ်းစားရင်းစဉ်းစားရင်းဖြင့် မှေးခနဲ အိပ်ပျော်သွားလေသည်။

အိပ်မက်ထဲတွင် မွေးမေမေ ပေါ်လာ၏။ အမေက သားကိုခေါ်ပြီး -

'ငါ့သား၊ ဘာတွေစဉ်းစားနေတာလဲ။ အ,လိုက်တာ။ မင်းကိုပေးတဲ့သူက ဝိဇ္ဇာကပေးတဲ့ငွေ။ သာမန်ငွေမဟုတ်ဘူး။ ငွေပွားဖြစ်ရမယ်။ မင်းဉာဏ်ရှိသလိုသုံးပါ'

ဟု ပြောပြီး အိပ်ရာမှနိုးလာလေသည်။

ဩော်-ဒုတိယစာမေးပွဲ၏အဖြေကို အိပ်မက်ထဲတွင် ရှာဖွေတွေ့ရှိလေသည်။ အဘအောင်မင်းခေါင်ပေးသော ဤငွေ (၁၁) ကျပ်သည် သာမန်ငွေ မဟုတ်ပါ။ ဝိဇ္ဇာမှပေးသော ငွေပွားဖြစ်ပါစေဟု ဆု တောင်းလိုက်၏။

ပိုက်ဆံအိတ်ထဲတွင် ငွေပွား(၁၁) ကျပ်ကိုထည့်၍ ရမည်းသင်းမြို့ပေါ်မှ ဆိုင်များတွင် လိုအပ်သောပစ္စည်းများ လိုက်လံဝယ်ခြမ်းလေသည်။ ဝယ်သမျှငွေတို့သည် မိမိပိုက်ဆံအိတ်ထဲတွင် လျော့မသွား။ အမြဲ (၁၁) ကျပ် ဖြစ်နေလေသည်။

ဤငွေပွားဖြင့် မြို့လှကျေးရွာမှ ရွာသူရွာသားများကို ရွာလုံးကျွတ် မုန့်လုံးရေပေါ် ကျွေးမွေးဧည့်ခံပြီး ဘုရားဝေယျာဝစ္စကို စုပေါင်းဆောင်ရွက်ကြပါသည်။ နောက်နေ့နံနက်လင်းသောအခါ အဘပေးသော ငွေပွား (၁၁) ကျပ်ဖြင့် ရွာလုံးကျွတ် မုန့်လုံးရေပေါ်ဒါနအလှူကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည်။ အဘအောင်မင်းခေါင်လည်း ပြုံးပြုံးပြုံးပြုံးနှင့် သာဓုခေါ်လေသည်။ ဒုတိယစာမေးပွဲအောင်မြင်သွားလေသည်။

"ဟေ့ - ရသွတ် အောင်စိုး၊ မင်းစာမေးပွဲနှစ်ကြိမ်ဖြေပြီးပြီ။ ငါသာဓုခေါ်ပါတယ်။ ဒီစာမေးပွဲအောင်ရင် မင်းဝိဇ္ဇာအောင်လက်မှတ်ရမယ်"

"အဘရယ်၊ သားကို သက်သက်ညှာညှာလေးလုပ်ပေးပါ။ တအားခက်ခဲတာကိုတော့ မစမ်းသပ်စေချင်ဘူး"

"အေးအေး - ဒီည နောက်ဆုံးစာမေးပွဲဖြေရမယ်။ ဒီစာမေးပွဲက အရေးကြီးတယ်။ မင်းအောင်မြင်ပါစေလို့ ငါ ဆုတောင်းပါတယ်။ ငါလည်းပြန်ကြွပြီ"

"အဘရယ်၊ သား ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် အဘအပေါ် ပြစ်မှားကျူးလွန်မိသည်ရှိသော် သည်းခံခွင့်လွှတ်တော်မူပါ"

ရသေ့လေးအောင်စိုးသည် အဘကို ရှိခိုးကန်တော့လေသည်။ အဘကို (၃) ကြိမ် ရှိခိုးကန်တော့ပြီး မျက်စိဖွင့်ကြည့်သောအခါ အဘမရှိတော့ပါ။ ရုပ်ရော နာမ်ပါ ပျောက်ကွယ်သွားလေ၏။ ဩော် - ထူးဆန်းပေစွ။ အံ့ဩစရာကောင်းလှပါလား။ငါသည် အဘအောင်မင်းခေါင်ကို ရုပ်ရောနာမ်ပါ ဖူးတွေ့ရသောပုဂ္ဂိုလ်ပါလားဟု စိတ်ကြီးဝင်လာသည်။

လောကမှာ ငါ့လောက်ထူးခြားတဲ့သူ ရှိဦးမလား။ ဒါပေမယ့် မိမိ၏အမှန်တကယ်ဖြစ်ရပ်ဆန်းကို မည်သူမျှ မယုံကြည်ကြပါ။ မည်သူ့ကိုမျှလည်း ပြောမပြဖြစ်ပါ။ ဘာကြောင့်လဲဆိုတော့ မယုံကြည်ပါက အဘအပေါ်မှာ အပြစ်တွေပြောမိဆိုမိမည်စိုးလို့ မပြောဖြစ်ခြင်း ဖြစ်သည်။

ရသေ့လေးအောင်စိုးသည် ဒီည စာမေးပွဲဖြေရမည်။ ဒီဝိဇ္ဇာဂန္ဓာရီစာမေးပွဲကို ဘယ်လိုမေးမှာလဲ။ ဘယ်လိုဖြေရမှာလဲ။ မေးမယ့် အဘအောင်မင်းခေါင်လည်းမရှိတော့။ ပြန်ကြွသွားပြီ။ မေးခွန်းပုစ္ဆာလည်း မထားခဲ့ပါ။ ဒါဆိုရင် ဘာလဲ ဘာတွေဖြစ်လာမှာလဲဟု စဉ်းစားရင်း ညအမှောင်ထုသည် အလင်းကမ္ဘာကို ဝါးမျိုသွားလေသည်။ အမှောင်ထုကြီးကြီးစိုးသွားသော အကာလညအချိန်တွင် ဘုရားကုန်းတော်ပေါ်၌ လူသူဆိတ်နေသည်။ လူသူကင်းမဲ့နေသည်။ ည (၉) နာရီတိတိတွင် ဘုရားရှိခိုးသည်။ မေတ္တာပို့သည်။ အမျှဝေသည်။ မိဋ္ဌာန်ပုတီး (၉) ပတ်စိပ်သည်။ တရားထိုင်သည်။ ညတိုင်း ပြုလုပ်နေကျအလုပ်ကို လုပ်ခြင်း ဖြစ်ပါသည်။

ဘုရားဝတ်ပြုခြင်းကိစ္စပြီးမြောက်သောအခါ အိပ်ရာဝင်ဖို့ မိမိခြင်ထောင်ကို မ,လိုက်သောအခါ ခြင်ထောင်ထဲ၌ အံ့ဩစရာ အဝတ်ဗလာအမျိုးသမီးတစ်



www.burmeseclassic.com

www.burmeseclassic.com

...တ်ကို တွေ့လိုက်ရသည်။ ရသေ့ ... နှုတ်ခမ်းမွေးထောင်လာသည်။ ...ဆောင်မှ ဝိုးတဝါးမီးအလင်းရောင် ...တ်တွင် အထင်သားပေါ်လွင်နေ ... ရင်သားနှစ်ခုသည် တင်း၍ပြောင် ...သည်။ ဖြူဖွေး၍ နူးညံ့သော ရွှေရင် ...သည် ရသေ့လေးအောင်စိုးအား ကာမ ...အာရုံ၏ညွတ်ကွင်းသို့ ဆွဲသွင်းရေ ...သည်။

မျက်နှာကို သေသေချာချာကြည့် ...တော့ ဘုရား ဘုရား. ဒီမျက်နှာ ... မြင်ဖူးပါတယ်လို့ သေသေချာချာ ...လိုက်တော့ တစ်ခါက ချစ်မြတ်နိုး ...ဖြစ်နေလေသည်။ ကိုရင်ကြီးဘဝမှ ...တ်လဲသောအခါ သူကြီးအိမ်တွင် ...ရင်းငှားလုပ်ရသည်။ သူကြီးသမီး ...ရည်သည် အပျိုဖြန်းလေး (၁၆) နှစ် ... ပျိုမျစ်နုနယ်သည့်အချိန် အပျို ... တစ်တစ်ရစ်ရစ်၊ ဆံရစ်ဝိုင်းလေးနှင့် ...တိုင်းလှနေသော မရွှေရည်။ သူ ...သမျှ အလှဆုံးအမျိုးသမီးလေး ... အိမ်မှာလည်းတွေ့၊ ယာခင်းမှာ ...တွေ့၊ ရေချိုးတောလည်းတွေ့။ ...များတော့ ချစ်ခင်သည်။ ချစ်ခင် ... စွဲလမ်းသည်။ မိမိဘဝနှင့် ဘယ်လို ...တ်တန်သော သူကြီးသမီးကို ...မဆို။ အချစ်ကိုမျိုသိပ်ပြီး ရသေ့ ...သည်။ သာသနာပြုလုပ်ငန်းများကို ...ဆောင်ရွက်သည်။ သူမသိကိုယ်ပိုးခဲ့ ... တိတ်တခိုးအချစ်ဒုက္ခကို ...သနာဘက်တွင် အစားထိုးကုစားခဲ့ ...သည်။ အနာလည်းကျက်ပြီ၊ မေ့မေ့ ...ပျောက်ပျောက်ဖြစ်နေပြီ။

သို့သော် ယနေ့ည လူသူမရှိ။ ...ငြိမ်သော ဩနေရာလေးတွင် ... ခုတင်ပေါ်သို့ ရောက်နေသော ...ရည်။ အရင်လိုပဲ ဝတုန်း၊ လှတုန်း ...သား။ မတော်ပါဘူး။ ငါ့ကို အဘာတ ...မေးပွဲစစ်တာ။ ဒီစာမေးပွဲကျလို့မရ ... ဒါ မရွှေရည်အစစ်မဟုတ်ဘူးဟု ...တ်လှည့်၍ ပြန်ထွက်မည်အပြုတွင် ...လေးလက်ကို ဆွဲထားလေသည်။ ...ရင်းလည်းရှိ၊ ကန့်စွန်းပင်ကလည်း ...။ နူးညံ့သောအတွေ့အထိအာရုံကို ...ခါမှ မခံစားဘူးသော အောင်စိုး။ ...ကိလေသာတင်းသော ရဟန္တာလား။ ...တ်ဘူး။ ကိလေသာတွေအပြည့်ရှိ ...တာ။ ဘာတတ်နိုင်မှာလဲ။ ဆွဲလို့ရန်း ... ရတော့။

"ကိုအောင်စိုး၊ ကျွန်မ မရွှေရည် ... ကျွန်မ မရွှေရည်အစစ်ပါ"

"မင်းဘာလို့ငါ့အိပ်ရာပေါ် ရောက်လာရတာလဲ"

"ဒီဘက်လှည့်ပါဦး၊ ကျွန်မကို သေသေချာချာကြည့်ပါဦး။ ကျွန်မတို့အိမ်မှာစာရင်းငှားနေကတည်းက ကျွန်မ စွဲလမ်းနေတာ တစ်ရက်မှမေ့ ... "

"ဒီလိုမလုပ်ပါနဲ့ မရွှေရည်ရယ်။ မင်းလုံချည်တွေ၊ အင်္ကျီတွေက ဘယ်မှာလဲ။ ခဏဝတ်ထားပါဦး"

ရသေ့ဘဝကို ရောက်နေသော အောင်စိုး ဒီလိုအဖြစ်မျိုး တစ်ခါမှမကြုံဘူးပါ။ ငါးကြော်ကိုတွေ့သော ကြောင်က ငါးကြော်ကို အလုကြည့်မှာလား။ ဒီငါးကြော်ကိုမှမစားရင် ကြောင်မိုက်ဖြစ်မှာပေါ့။ ည။ ဘယ်သူမှမရှိဘူး။ စာမေးပွဲကျချင်ကျပါစေ။ မရွှေရည်လေးကို တဝကြီးဖက်ထားလိုက်ချင်သည်။ ဘယ်လိုမှ ချွန်းအုပ်လို့မရသော မုန်ယိုသောဆင်ကြီးလို ကိလေသာတွေ သောင်းကျန်းလာတော့သည်။

မဖြစ်သေးပါဘူး။ ခုငါ့ကိုစာမေးပွဲစစ်နေတာ။ ဒီစာမေးပွဲကမအောင်ရင် ငါ့ဘဝ မြောင်းထဲကျပြီ။ သာမန်လူတွေလို ငါ့ခြေထောက်ကမသန့်ဘူး။ မိန်းမတစ်ယောက်ကို ငါလုပ်မကျွေးနိုင်ဘူး။ ငါ့ဘဝကို အိမ်ထောင်ရှင်ဘဝနဲ့ အဆုံးမသတ်ချင်ဘူး။ ဝိဇ္ဇာဂန္ဓာရီလိုင်းကိုလိုက်စားဖို့ဆုံးဖြတ်ပြီးပြီ။ ဒီစာမေးပွဲကိုအောင်မြင်အောင်ဖြေမယ်ဆိုပြီး မရွှေရည်ဆွဲထားသောလက်ကို ဖွတ်ရုန်းကန်ထွက်လိုက်သည်။

လက်လွတ်လိုက်ရသောမရွှေရည်က ထထိုင်လိုက်သည်။ ရသေ့လေးအောင်စိုးရှေ့က တားဆီးပြီး ကိုယ်လုံးတီးဖြင့်ဖက်ထားလေတော့သည်။

"ကျွန်မဘဝကို ကိုအောင်စိုးလက်ထဲမှာပဲ ဝကွက်အပ်ချင်တာ။ ကျွန်မကို စွန့်မသွားပါနဲ့။ ကျွန်မ မခွဲနိုင်ဘူး"

ဟု မလွှတ်တမ်း ဖက်ထားလေသည်။

စာရေးဆရာ ဦးသုခ ရိုက်သော တစ်ပါးသီလဇာတ်ကားတွင် သူခိုးသရုပ်ဆောင် ဇော်လင်းက အ,ကာလညအခါ သူ့ရည်းစားနှင့် တွေ့သည်။ သူလင်အိုကြီးနှင့် တဏှာကာမဂုဏ်ကိုမဝနိုင်သော သရုပ်ဆောင် မင်းသမီး ခင်စိုးပိုင်နှင့် တွေ့ကြပြီ။ တစ်ပါးသီလကို စောင့်ထိန်းထားသော ဇော်လင်း ဒီသီလမဏ္ဍိုးပေါက်အောင် အံကိုကြိတ်၊ စိတ်ကိုမျိုသိပ်ပြီးအတင်ရုန်းထွက်နေသည်။ ဇာတ်လမ်းထဲကမင်းသမီးက လုံလုံခြုံခြုံရှိသည်။ ခုတွေ့ရသော ရသေ့လေးအောင်စိုးရဲ့အဖြစ်က ကိုယ်လုံးတီးနှင့်ဖွတ်ဖက်ထားတာ။ ကဲ-ဘယ်လိုရုန်းထွက်မလဲ။ လူဆိုတာ အငွေ့ကို ရှောင်ရှားနိုင်ပေမယ်လို့ အတွေ့ကို မရှောင်နိုင်မရှားနိုင်ဘူး။ လူ့စိတ်ဆိုတာ ခုလို ညအချိန် လူတွေကင်းရှင်းတဲ့အခါ ဖောက်ပြန်တတ်ကြသည်။ အောင်စိုး မင်းဘယ်လိုရုန်းထွက်မလဲ။

"အဘ၊ သားကို ဒီလောက်အထိ အောင်မစမ်းသပ်ပါနဲ့။ သားစိတ်ကိုမနိုင်တော့ဘူး။ သားစိတ်တွေဟာ ပုထုဇဉ်စိတ်တွေမို့ ကိလေသာတွေသောင်းကျန်းနေပြီ သားကိုသနားပါ"

အောင်စိုးတစ်ယောက် အဘကို တ,လေသည်။ ငါသည် ခဏလေးတွေ့ရသော ဖောဋ္ဌဗ္ဗာအာရုံကို မတွန်းလှန်မကျော်လွှားနိုင်ပါက သံသရာဝဲဂယက်မှာ လုံးလုံးမြုပ်တော့မည်။ ငါ့ရည်ရွယ်ချက်၊ ငါ့ဘဝကို အပျက်စီးအဆုံးရှုံးမခံနိုင်ဘူး။ ဒီခဏလေးထိတွေ့မှုအရသာနဲ့ ငါ့ဘဝနဲ့ မလဲနိုင်ဘူးဟု ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ချက်ချလေသည်။ မရွှေရည်ကို ကျောနပ်သလိုသဘောပြုပြီး သိုင်းဖက်လိုက်သည်။ ခုတင်ပေါ်သို့ပွေ့တင်ပြီး ခြင်ထောင်ချလိုက်သည်။ မရွှေရည်ကတော့ လိုအင်ဆန္ဒပြည့်ဝတော့မည်ဟု အထင်ဖြင့် ခြင်ထောင်ထဲမှ စောင့်နေလေသည်။

အောင်စိုး ဘုရားဆောင်သို့သွားသည်။ ဘုရားဆောင်မှ အမြဲမပြတ်စိပ်ခဲ့သောပုတီးကိုကိုင်ပြီး ပုတီးစိပ်လေတော့သည်။

"ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မဟာကရုဏာနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား၊ ကိလေသာမြူမှုန်မျှမရှိသောမြတ်စွာဘုရား၊ ကိလေသာသောင်းကျန်းနေသော တပည့်တော်၏ ဒုက္ခကို ကယ်တင်တော်မူပါ ဘုရား။ ဒီခဏတာတွေ့ရသော ဖောဋ္ဌဗ္ဗအာရုံကို ကျော်လွှန်အောင် ကယ်မ,ပေးတော်မူပါ ဘုရား"

နှုတ်ကလည်း ဆုတောင်းသည်။ ပုတီးကလည်းစိပ်သည်။ မိမိနှင့် တစ်သက်လုံး အတူလက်တွဲ၍စိပ်ခဲ့ရသော ပုတီးလေး မေ့တော့မလို့၊ ဥပေက္ခာပြုတော့မလို့။ ကံကောင်းလို့ သတိ ဆိုတဲ့ ချွန်းနဲ့အုပ်လိုက်လို့၊ အချိန်မီလေးကယ်နိုင်တာ။ ကိလေသာချောက်ထဲကျတော့



www.burmeseclassic.com

www.burmeseclassic.com

မလို့၊ ကံကောင်းလို့ ကယ်တင်နိုင်တာ။ စိတ်တွေက ကယောင်ချောက်ချားနိုင်လိုက်တာ။ သမာဓိကဘယ်ရောက်နေသလဲ။စိတ်ငြိမ်ငြိမ်ရောက်အောင်သမာဓိရေ၊ မြန်မြန်လာပါတော့ဟု တောင့်တမိပြန်သည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ရတနာသုံးပါးကို ဆည်းကပ်ပါ၏။ ရတနာသုံးပါးမှတစ်ပါး ကိုးကွယ်ရာမရှိပါ။ ရတနာမြတ်ကို ငါနှလုံးသားဝယ် အမြဲပန်ဆင်မယ်ဟုဆုံးဖြတ်ပြီး သရဏဂုံသုံးပါးကို အဖန်ဖန်တလဲလဲ ပွားများရွတ်ဖတ်နေလေသည်။ နှလုံးခုန်မြန်လာပြီး ချွေးဒီးဒီးကျနေသော မိမိကိုယ်ကို ပြန်လည်သုံးသပ်သည်။စိတ်တည်ငြိမ်အောင်ကြိုးစားသည်။ နှလုံးခုန်ပုံမှန်ဖြစ်ပြီး ချွေးထွက်မှု လျော့နည်းသွားသည်။ ကိုယ်အနေအထားပုံမှန်ဖြစ်ပြီး စိတ်တည်ငြိမ်စပြုသောအခါ ဘုရားရှင်၏ ကိလေသာကင်းစင်သော ပုံသဏ္ဌာန်ကိုယူ၍ ကြည်ညိုပွားများသည်။ ကိလေသာထူသော မိမိကိုယ်ကို ဆုံးမလေသည်။

ဘုရားရှင်၏ ဂုဏ်တော်ပွားပြီး မထတမ်း ပုတီးစိပ်နေသည်။ သမာဓိထူထောင်ပြီး ကိလေသာမဝင်အောင် သတိဆိုသောချွန်းဖြင့်အုပ်၍ ဆုံးမနေရလေသည်။ အောင်စိုး ဘုရားဆောင်မှ မထရဲပါ။ အညိုရောင်ဝတ်စုံနှင့် လိုက်လျောညီထွေရှိသောပုတီးဖြင့် ဘုရားဆောင်ရှေ့တွင် မထတမ်း ပွားများနေမိပါတော့သည်။

နံနက်အရုဏ်တက်သောအခါတွင် မရွှေရည် မရှိတော့ပါ။ ဘယ်လိုရောက်လာပြီး ဘယ်လိုပြန်သွားမှန်း မသိပါ။ အဘအောင်မင်းခေါင်၏တတိယအကြိမ်စာမေးပွဲသည် ကျွန်ုပ်ဘဝအတွက် အလဲလဲအကွဲကွဲ မချိတင်ကဲ ကြိုးစားခဲ့ရသည်။ ဤသို့ကြိုးစားခဲ့မှု၊ စမ်းသပ်ခံနိုင်မှုကြောင့် ဝိဇ္ဇာတန်းဝင် ရသေ့အောင်စိုး ဖြစ်လေတော့သည်။ အဘခေါ် သော 'ရသွတ်' ဖြစ်တော့မလို့၊ ခုမှ အမှန်တကယ် 'ရသေ့' ဖြစ်ပါကြောင်း မိမိစာမေးပွဲကို ပြန်လည်စဉ်းစားရင်း ပြုံးယောင်သန်းနေမိပါတော့သည်။

ဝိဇ္ဇာဖြစ်ဖို့ မလွယ်ပါ။ အဘ၏သာဝကဖြစ်ဖို့ စာမေးပွဲအထပ်ထပ်စီစစ်ပြီးမှ ဖြစ်ခဲ့ရပါကြောင်း တင်ပြရပါသည်။

အဏ္ဏဝါလှိုင်း

# ဗေဒင်

## ဆရာဦးမောင်မောင်သန်း
## (ရှင်ကိုအေးမြစေသား)

(၁၀၉) ကြိမ်မြောက် - ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ထီချစ်သူများအတွက် ကံကောင်းခြင်းလက်ဆောင်ဂဏန်းကလေးများနှင့် ပါရမီဖြည့်လိုက်ရပါဦးမည်။

**တနင်္ဂနွေသားသမီးများ**

စက်တင်ဘာလ ၁၃၊ ၁၆၊ ၁၇၊ ၂၁ ရက်တွေမှာ ထီထိုးပါ။

'အောင်' ဘွဲ့အမည်ရှိတဲ့ ဘုရားစေတီကိုသွားပါ။ ဂြိုဟ် (၈) ခွင်လုံးမှာ ဖယောင်းတိုင်ထွန်းညှိပူဇော်ပါ။ ဂြိုဟ်တိုင်းမှာ (၆) တိုင်ထွန်းပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

အောက်တိုဘာလမှာ ၂၊ ၉၊ ၅၊ ၃ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

စက်တင်ဘာလ ၁၀၊ ၁၄၊ ၁၇၊ ၂၈ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့သွားပါ။ ဂြိုဟ် (၈) ခွင်လုံးမှနေပြီး ဘုရားရှင်ကို သစ်သီးဆွမ်းနှင့် ကပ်လှူပူဇော်ပါ။ တစ်မျိုး၊ နှစ်မျိုး နှစ်သက်သလို ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

အောက်တိုဘာလမှာ ၂၊ ၉၊ ၁၊ ၇၊ ၃ ဂဏန်းများနှင့် ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

စက်တင်ဘာလ ၁၁၊ ၁၅၊ ၁၈၊ ၂၁ ရက်နေ့များမှာ ထီထိုးပါ။

ဘုရားရုပ်ပွားတော်တစ်ဆူဆူကို ရွှေပြားသင်္ကန်းကပ်လှူပြီး ရောင်တော်ဖွင့်ပူဇော်ပါ။ အပြန်မှာထီထိုးပါ။

အောက်တိုဘာလတွင် ၂၊ ၉၊ ၆၊ ၅ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

စက်တင်ဘာလ ၁၀၊ ၁၃၊ ၁၆၊ ၂၆ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့သွားပါ။ ဂြိုဟ် (၈) ခွင်လုံးမှနေ၍ အကြော်များနှင့်ဆွမ်းတော်ကပ်ပါ။ တစ်မျိုး၊ နှစ်မျိုးရပါသည်။

အောက်တိုဘာလတွင် ၇၊ ၂၊ ၉၊ ၃၊ ၄၊ ၈ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

စက်တင်ဘာလ ၁၀၊ ၁၃၊ ၁၄၊ ၁၇၊ ၂၈ ရက်များမှာ ထီထိုးပါ။

ကြီးကျယ် ခမ်းနားသော အလှူကြီးတစ်ခုခုလှူသောနိမိတ်မြင်လျှင် (သို့) ကိုယ်တိုင်ပါဝင်လှူဒါန်းရလျှင် ပြီးသည်နှင့် ထီထိုးပါ။

အောက်တိုဘာလတွင် ၂၊ ၉၊ ၁၊ ၅ ဂဏန်းများနှင့် ကံစပ်ပါသည်။

**သောကြာသားသမီးများ**

စက်တင်ဘာလ ၁၀၊ ၁၃၊ ၁၄၊ ၁၅၊ ၁၈ ရက်များမှာ ထီထိုးပါ။

အောင်ဘွဲ့အမည်ရှိသော ဘုရားသို့သွား၍ တစ်နာရီ၊ နှစ်နာရီခန့်လောက် အဓိဋ္ဌာန်ပုတီးစိပ်ပါ။ အပြန်မှာထီထိုးပါ။ ငါး၊ ကြက်၊ တဏှာန်းအသေများ သွားရင်းလာရင်းတွေ့လျှင် ထီကိုကိုယ်တိုင်မထိုး ဘဲ တနင်္ဂနွေသားသမီးများနှင့်တစ်ဆင့် ထိုးပါ။

အောက်တိုဘာလမှာ ၂၊ ၇၊ ၆၊ ၃ ဂဏန်းများ ကံစပ်ပါသည်။

**စနေသားသမီးများ**

စက်တင်ဘာလ ၉၊ ၁၀၊ ၁၃၊ ၁၅၊ ၂၄ ရက်များမှာ ထီထိုးပါ။

လူနှစ်ယောက် အကြီးအကျယ် ရန်ဖြစ်သောနိမိတ်ကို သွားရင်းလာရင်း တွေ့လျှင် တနင်္လာနံထီဆိုင်မှာ ဝင်ထိုး လိုက်ပါလေ။

အောက်တိုဘာလမှာ ၇၊ ၁၊ ၅၊ ၄ ဂဏန်းများ ကံစပ်ပါသည်။

စက်တင်ဘာ ၁၀ရက်နှင့်၁၃ရက် နေ့၊ ဗုဒ္ဓဟူးနေ့နှင့် စနေနေ့များတွင် (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးပါ။ ၎င်းဂဏန်းများပါ ပါအောင် ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

# အနောက်တိုင်းလူ့အဖွဲ့အစည်းမှ အဂ္ဂိရတ်ပညာရှင်များ

(အာလူမွေ့)

ဆရာဦးဆက်ထွန်းလင်း



(စက်တင်ဘာလအဆက်)

ကဗျာကို ပြန်လည်သုံးသပ်လျှင် ချိုးဆုံးသေးသော နောက်ထပ်ဖြည့်စွက်သည့် အကြောင်းအကျိုးသည် အဂ္ဂိရတ်ပညာရပ်နှင့် သဘာဝတို့၏ ထပ်တူပြုမှုကို ထောက်ခံထား၏။ ထို့အပြင်လည်း ထိုပညာရပ်ဆိုင်ရာ ရှည်လျားသောစာပိုဒ်များဖြင့် သဘာဝကိစ္စများကို ဆွေးနွေးခြင်း ဖြစ်၏။ ချစ်ခြင်းမေတ္တာ၊ ပေါင်းရင်းနှီးခြင်း၊ သေဆုံးခြင်း စသည့် အကြောင်းအရာဆိုင်ရာတို့လည်း ပါဝင်၏။ ထိုကဗျာကြီးတွင် အပိုဒ်ပေါင်း (၉၀) သည် အဂ္ဂိရတ်ပညာကို ရည်ညွှန်းခြင်းဖြစ်၏။ ၎င်းသည် မယုံကြည်သူများ၏ အတွေးအမြင်များကို ဆန့်ကျင်လျက် အာဘာအကွယ်ပြုလိုက်ခြင်း ဖြစ်၏။ အဆိုပါ ကဗျာကို ရေးဖွဲ့သူသည် ဓာတ်တို့၏ ပြောင်းလဲမှုသဘောတရားကို ယုံကြည်ပုံရ၏။ သို့သော် သူသည် ပညာရှင်တို့ ကာကွယ်ရာတွင် အားနည်းချက်များရှိနေ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ပညာရပ်၏ လမ်းပြဥပဒေသတို့ အပေါ်ယံမျှသာ နားလည်ကြောင်း ပြသထားသောကြောင့် ဖြစ်၏။

ထို့ကြောင့် စာရှုသူသည် ဤပညာရပ်နှင့် ပတ်သက်၍ သူ၏သတကို ရိပ်စားလိုပေလိမ့်မည်။ထိုတွင် ကိုဖီနေးသည် ရှေးဦးပုဂ္ဂိုလ်ဖြစ်ကြောင်း ၎င်း၏နောက်လူတို့သိစေရန်မှာ ကြောင်းကျိုးထုံးလောက်ပေသည်။

THE REMONSTRANCES OF NATURE TO THE ERRANT ALCHEMIST အမည်ရှိ ခိုင်မာသောအဂ္ဂိရတ်ကျမ်းကြီးကို ပြုစုသူအဖြစ် ROMAN DE LA ROSE ဟန်နှင့် ခပ်ဆင်ဆင်တူသောဟန်ဖြင့် ဤကဗျာကို ရေးသားခဲ့သည်။ အမှန်အားဖြင့် 'လား' (ရေမွှန်အား)၏ရေးသားမှုသည် ဖီနေ့ ရေးသားမှုထက် ကာလများစွာ နောက်ကျတန်သူ၏။ သူ၏အမည်ကို ပထမပိုင်း ကဗျာ (၁၂)ပိုဒ်၏ အစစာလုံးများတွင် လျှို့ဝှက်ထားခဲ့၏။ ဂျိန်းပါရီရယ် (၁၄၆၀ - ၁၅၃၀) ဆိုသူ ဖြစ်၏။ သို့ရာတွင် ကဗျာသည် စိတ်ဝင်စားဖွယ်ကောင်း၏။ အကြောင်းမှာမူ လိုလားထောက်ခံမှုမပြုသူတို့က အဂ္ဂိရတ်ပညာရှင်အား အချိန်ဖြုန်းသူဟု ဝေဖန်ပုတ်ခတ်ကြ၏။ ဓာတ်ပစ္စည်းအားလုံးကို စနစ်တကျမဟုတ်ဘဲ မီးရှို့ဖျက်ဆီးသူဟုဆို၏။ ဆင်းရဲသားက သဘာဝကို ကြွေးကြော်၏။

"သင်မှားနေပြီ။ သင်၏လုပ်နည်းလုပ်ဟန်ကို မပြောင်းလျှင် သင်သည် ဘာမှဖြစ်လာမည် မဟုတ်ပေ"

သဘာဝက ပြောသည်မှာ -

"အဂ္ဂိရတ်ပညာရှင်အား ဖားဖိုအနီးတွင် စုံရပ်၍ ဒုက္ခခံနေရသူအဖြစ် မြင်ရသည့်အတွက် အလွန်စိတ်ညစ်သွားသည်"

ဟု ဆိုထား၏။

ဟာမစ်တစ်ဒဿနအတတ်ပညာ၏ ကောင်းမြတ်မှုကို နားလည်ရန်ကြိုးစားရမည့်အစား ယခုကဲ့သို့ အချည်းနှီးလုပ်ကိုင်နေခြင်းကိုဆိုလို၏။ ယင်းကဲ့သို့ ဝေဖန်ခံရပြီးနောက် အဂ္ဂိရတ်ပညာရှင်က တွေးမိသည်မှာ -

"သူသည် မြောက်မြားစွာသော အဂ္ဂိရတ်ကျမ်းများ၏ မှားယွင်းသော ဦးဆောင်မှုကို လိုက်ပါခဲ့သူဖြစ်၍ နောင်တရမိသည်"

ဟု ပြော၏။

သူမကိုယ်တိုင် ရေးသား၍ မြေပေါ်၊ မြေအောက် လျှို့ဝှက်ချက်များကို မြှုပ်နှံထားသည့်တစ်ခုတည်းသောကျမ်းကို သဘာဝက သူ့အား အကြံပြု၏။ Les REMONTRANCES DE NATURE ကျမ်းသည် ကမ္ဘာမြေ၏ ရူပဓာတုလျှို့ဝှက်ချက်များကို ဖုံးကွယ်မထားသော အဂ္ဂိရတ်စာပေအုပ်စုတွင် ပါဝင်လေသည်။

အနောက်တိုင်းသို့ အဂ္ဂိရတ်ပညာ စတင်ရောက်ရှိချိန်တွင် ဂျိန်းကော်ဖီနေး၏ စိတ်ဝင်စားမှုက ထိုပညာရပ်ကို ပြန့်ပွားစေလေသည်။ ၁၄ ရာစုသို့ ရောက်သောအခါ အဂ္ဂိရတ်ပညာပေါ်တွင် ယေဘုယျ ထင်မြင်ယူဆချက်တို့မှာ ပြောင်းလဲလာခဲ့၏။ ပြောင်းလဲပုံမှာ အဂ္ဂိရတ်ပညာသည် လူလိမ်လူကောက်တို့၏ အလုပ်ဖြစ်ပြီး စာပေတွင်လည်း ၎င်း၏ပုံရိပ်က ပြောင်းလဲလာခဲ့သည်။

၁၄ ရာစုအစတွင် သီကုံးစပ်ဆိုခဲ့သော 'မြင့်မြတ်သောပြဇာတ်' (DIVINE COMEDY)တွင် ဒန်တီအလီဂါရီ (၁၂၆၅-၁၃၂၁) သည် ရှုတ်ချခံရသော အဂ္ဂိရတ်ပညာရှင်များတွင် အပါအဝင်ဖြစ်သည်။ ဂယ်လီဖော်လီနိုနှင့် ကာပိုချီရိုများသည်လည်း ရှုတ်ချခံရသူများဖြစ်၏။ ဂယ်လီဖော်လီနိုသည် ကောင်းကင်ပျံသန်းမှုအတတ်ကို ကောင်းစွာတတ်မြောက်ကြောင်းဖြင့် ဆီနာဂိုဏ်းချုပ်ကြီး၏ တူတော်သူကို ယုံအောင်ပြုမိသည့်အတွက် လက်ဝါးကပ်တိုင်တွင် ကားစင်တင်၍ မီးရှို့သတ်ခဲ့ခြင်း ဖြစ်၏။ ထို့နောက် ဂယ်လီဖော်လီနိုက ဒန်တီကို ပြောခဲ့သည်မှာ သူသည် ဒသမမြောက်ငရဲသို့ ရောက်သွားခဲ့ရ၏။ ထိုသို့ရောက်သွားရခြင်းမှာ ကောင်းကင်ပျံ၍ မဟုတ်ဘဲ အဂ္ဂိရတ်ထိုး၍ဖြစ်ကြောင်းပြောခဲ့၏။

ပို၍ဆိုးသည်မှာ ကာပိုချီ၏ပြစ်မှုဖြစ်၏။ ငါသည် ကာပိုချီ၏အရိပ်ဖြစ်၏။ သတ္တုကို အဂ္ဂိရတ်နည်းဖြင့် အတုပြုလုပ်သူဖြစ်၏။ ဤကိစ္စရပ်အားလုံးကောင်းအောင်ငါပြုလုပ်နိုင်ပါက သဘာဝသည် မည်မျှကောင်းမွန်ပေမည်နည်း။

တစ်ချိန်သောအခါက ဒန်တီနှင့်အတူ သဘာဝဒဿနပညာရပ်ကို လေ့လာခဲ့သူ ကာပိုချီသည် သဘာဝ၏ အကူအညီဖြင့် လိမ်လည်လှည့်ဖြားလျက် အဖိုးတန်သတ္တုများကို ပြုလုပ်ခဲ့၏။ အကယ်၍ ဤစကားလုံးများသည် ဒန်တီ၏ အဂ္ဂိရတ်ပညာရပ်အပေါ် ပုတ်ခတ်သည့် စကားလုံးများဖြစ်ပါက အဂ္ဂိရတ်ပညာကို ဥပဒေနှင့်မညီသော အတတ်ပညာဟုဆိုပါက သူ၏ ယူဆချက်မှာ ကာပိုချီ ပါဝင်သည့် အဖြစ်အပျက်များသည် အမှန်အားဖြင့် ယုတ်မာပက်စက်သော လိမ်ညာမှုများသာဖြစ်လေသည်။ ဂရိပိုလီနှင့် ကာပိုချီတို့မှာ

www.burmeseclassic.com

လည်း လိမ်ညာမှုပြုသူများအဖြစ် ကဗျာရေးသူကလည်း ထည့်သွင်းထား၏။ DEVINE COMEDY ကို ဝေဖန်သည့် ရှေးအကျဆုံးသောဝေဖန်ချက်များအရ ထိုပညာရပ်ကို ရှုတ်ချရန်အတွက် ဒန်တီက ဂရီပိုလီနိုနှင့် ကာပိုချီတို့ကို အသုံးချခဲ့၏။ အင်္ဂါရတ်ပညာကို ငွေကြေးအတုလုပ်မှုဟု စွပ်စွဲပြီး သာမန်ယေဘုယျကျင့်သုံးမှုပညာအဖြစ် မသတ်မှတ်ပေ။

ဒန်တီ၏ခေတ်တွင် နိုင်ငံခြား၌ အငြင်းပွားမှုများစွာရှိခဲ့ဟန်တူ၏။ ၁၃၆၆ ခုနှစ်တွင် ရေးသားခဲ့သည့် REMED OF ONE ANE THE OTHER FORTUNE ကျမ်းတွင် ဖရန်စစ္စကိုပီထရပ်ကာ (၁၃၀၄-၁၃၇၄) က ခြေလှမ်းမှားနေသည့် အင်္ဂါရတ်ပညာကို ပြင်းထန်စွာ သတိပေးလိုက်၏။ သူသည် မျှော်လင့်ချက်နှင့် ကြောင်းကျိုးဆက်စပ်မှုစပ်ကြားတွင် ပြောဆိုခဲ့၏။ မျှော်လင့်ချက်အနေဖြင့် သူသည် အင်္ဂါရတ်ပညာမှ ကြီးကျယ်သော အကျိုးကျေးဇူးကို ရရှိခံစားခဲ့ကြရမည်ဟု ကျိန်းသေမျှော်လင့်ထား၏။ ကြောင်းကျိုးဆက်စပ်၍ဆိုသည်မှာ -

"သင်သည် မည်သည့်အရာကို မျှော်လင့်ပါသနည်း၊ ကျွန်ုပ်အားပြောပါ။ မီးခိုး၊ ပြာ၊ ချွေး၊ သက်ပြင်းချမှု၊ စကားလုံးများ၊ လိမ်ညာမှုနှင့် သိက္ခာမဲ့မှုမှတစ်ပါး အခြားမည်သည့်အရာကို မျှော်လင့်ပါသနည်း။ ၎င်းတို့သည်သာ အင်္ဂါရတ်ပညာ၏ ရလဒ်များ ဖြစ်ပေသည်။ မည်သည့်ဆင်းရဲသားတစ်ဦးတလေမျှ အင်္ဂါရတ်ကြောင့် ချမ်းသာသွားသည်ဟူ၍ မရှိပေ။ ချမ်းသာသောသူများသာလျှင် အင်္ဂါရတ်ကြောင့်မွဲသွားရသည့် အဖြစ်မျိုးသာရှိပါသည်"

ဖရန်စီ၏ အမြင်တွင်မူ -

"အင်္ဂါရတ်ပညာသည် စိတ်ကူးယဉ်သိပ္ပံပညာအလိမ်အညာအကြံအဖန်ပညာဟု မြင်ထား၏။ ၎င်းပညာရပ်ကို လိုက်စားသူသည် အတန်းအစားနှစ်မျိုးတွင် ပါဝင်၏။ ၎င်းတို့မှာ အရူးသော်လည်းကောင်း၊ လူလိမ်သော် လည်းကောင်း ဖြစ်ရမည်။ လွယ်လွယ်နှင့် ချမ်းသာနိုင်စေရမည်ဟူသော အာမခံချက်ကို မျက်စိမှိတ်ယုံကြည်သူတို့ကား အရူးများသာ ဖြစ်ပေမည်။ လက်တွေ့ဘဝတွင် အင်္ဂါရတ်ကြောင့် မွဲသွားရသူများကို မြင်နိုင်ရန် သင့်၌ မသေစကျွရှိပါသည်။ သင်၏ ရှုသွပ်မှုကို လောဘက ပံ့ပိုးပေးနေ၏။ သင်၏ စိတ်ကူးက မှန်ကန်ပြီး သင်တွေ့နေရသည်က မှားနေသည်ဟု




သင့်စိတ်ကို ပြောင်းလဲစေ၏။ အခြားသောကိစ္စများတွင် သတိရှိပါလျက် ဤကိစ္စတွင်မှ သတိလက်လွတ်ဖြစ်ပြီး လိမ်လည်မှု၏ သားကောင်ဖြစ်သွားရသည့် အဖြစ်မျိုးကို သင့်အတွေ့အကြုံများနှင့် သိနိုင်ပေသည်။

ဤလောဘစိတ်ကြောင့် ချမ်းသာသူအတော်များများ မွဲသွားကြ၏။ ဤမျှော်လင့်ချက်၊ ဤလောဘဖြင့် တစ်သက်လုံး ရှာဖွေစုဆောင်းခဲ့သည့် ဥစ္စာစည်းစိမ်တို့သည် ကုန်ဆုံးသွားရပြီး ဆင်းရဲမွဲတေသောဘဝဖြင့် နိဂုံးချုပ်ခြင်းကို ရင်ဆိုင်ကြရလေ၏။

ချမ်းသာကြွယ်ဝရန် စောင့်မျှော်ရင်း တဖြည်းဖြည်းနှင့် သူတို့သည် ဘဝ၏ အခြေခံလိုအပ်ချက်များကို မရရှိနိုင်တော့ပေ။ အချို့ကမူ မိတ်ဆွေသင်္ဂဟများ၏ ဆန့်ကျင်ဘက်ပြုကြမည်ကို ကြောက်ရွံ့၍ တစ်ယောက်တည်း ကြိတ်၍ စိတ်ပျက်စိတ်မောတ်ကျနေကြ၏။ အခြားသော မည်သည့်အရာကိုမျှလည်း မတွေးနိုင်တော့ပေ။ ဖားဖို၊ မီးညှပ်၊ မီးသွေးနှင့် သူကဲ့သို့သဘောထားရှိသူများ၏ ပေါင်းသင်းဆက်ဆံမှုကိုသာ မျှော်လင့်နေကြတော့၏။ ဤသို့ မျှော်လင့်နေရင်းဖြင့်ပင် အရူးတစ်ပိုင်းဖြစ်သွားရ၏။ အချို့မှာ မျှော်လင့်ချက်အားလုံး ဆုံးရှုံးသွားရုံမျှမကဘူ မျက်လုံးများပါမွဲသွားရ၏။ ဤဖြစ်စဉ်ဖြစ်ရပ်များသည် ယုတ္တိမတန်သောကတိများကို ယုံကြည်၍မဖြစ်နိုင်သောအလုပ်ကို လိုက်လုပ်သူများဟု ဆိုရပေမည်။

လူတစ်ယောက်က သင့်ကို ရွှေဖြစ်အောင် လုပ်ပေးမည်ဟု ပြောလာလျှင် ထိုသူကို သတိထားရတော့မည်ဖြစ်၏။ သူသည် သင့်ရွှေကိုယူပြီး ထွက်ပြေးသွားပေလိမ့်မည်။ သူ့စကားအတိုင်းဆိုပါက မီးကိုဖက်၍ အဖော်ပြုနေသူသင်သာလျှင် ရှူး၍ကျန်ခဲ့တော့မည် ဖြစ်၏။ ထိုသူကို အရူးဟု ပြောကြမည် ဖြစ်၏။ လောဘကြီး၍ မိုက်မဲသူအဖြစ် သင့်အား လမ်းထဲတွင် ဝိုင်း၍အလှောင်ခံရမည်။ မီးဒဏ်ကြောင့် တစ်ကိုယ်လုံး မဲခြောက်သွားမည်။ မောပန်းခြင်းကြောင့် ပိန်ချုံးသွားမည်။ ခြေဆုံးခေါင်းဆုံးမှိုင်းစွဲနေမည်။ အင်္ဂါရတ်ဆရာမှန်သမျှသည် သူတောင်းစားနီးပါးမျှမွဲသူများ ဖြစ်ကြ၏။ ထိုအခြေအနေအတိုင်း သူတို့ကိုယ်တိုင် ဆင်းရဲနေသော်လည်း သူတစ်ပါးကို ချမ်းသာအောင် လုပ်ပေးနိုင်သည်ဟု ပြောတုန်းပင် ရှိသေး၏။

အင်္ဂါရတ်ဖိုထိုးသူသည် မိမိဘဝကို သာမက သူ့မိသားစု၏ဘဝကိုပါ ပျက်စီးစေသူ ဖြစ်၏။ ထိုအခါ သင်၏အိမ်သည် လူစိမ်းဧည့်သည်များ၊ တွေ့ကရာပစ္စည်းကရိယာများဖြင့် ပြည့်ကျပ်နေတတ်၏။ လူလိမ်လူကောက်များ၊ ကြွားဝါသူများ ပြည့်နေကာ အိမ်ပေါ်တွင်လည်း ဓာတုပစ္စည်းပေါင်းစုံ၊ ဓာတုဆေးရည်မျိုးစုံ၊ အိုးခွက်ကရိယာပေါင်းစုံ၊ ဆေးရွက်ပေါင်းစုံတို့ဖြင့် ပြည့်ကျပ်နံစော်နေတတ်၏။

ဒုက္ခပေါင်းစုံ၊ မိုက်မဲမှုပေါင်းစုံ၊ မျက်လုံးမှုန်မှိုင်းခြင်းမျက်နှာခြောက်သွေ့ခြင်း စသည်တို့ ဖြစ်နေပေသည်။ တစ်နေ့လုံး မီးဖိုနားတွင်နေပြီး လောကကြီးနှင့် ကင်းဝေး၍ အဆက်မပြတ်နေရသည့်ဘဝ။ ထိုဘဝသည် လူ့ဘဝတွင် ဂုဏ်သိက္ခာအမဲ့ဆုံးဖြစ်လေ၏။ တဖြည်းဖြည်းနှင့် ထိုသူသည် လူတောထဲသို့ မတိုးဘဲဖြစ်လာ၏။

၁၃၈၈ ခုနှစ်ဝန်းကျင်တွင် ရေးသားခဲ့သည့် ကန်တာဘာရီပုံပြင်များတွင် အင်္ဂါရတ်ဆရာတို့ဘဝကို ဖော်ကျူးထားသည်မှာ စိတ်ပျက်ဖွယ်ရာ ဖြစ်၏။ YEO MAN'Sပုံပြင်ဇာတ်လမ်းသည် အင်္ဂါရတ်ဆရာ၏ တပည့်ဖြစ်သူ ယိုမန်းအကြောင်း ရေးဖွဲ့ထားမှုဖြစ်၏။ ယိုမန်းက သူ့ဆရာ၏ အင်္ဂါရတ်ပညာကြောင့် ဒုက္ခရောက်ပုံ၊ ဆုံးရှုံးရပုံ၊ ဆင်းရဲရပုံများကို အခြားလုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ အပေါင်းအသင်းများအားလည်းကောင်း ပြောပြသူဖြစ်၏။

တစ်ရံရောအခါက ဤဇာတ်လမ်းဖြစ်ခဲ့ဖူး၏။ လုံထည့်ထားသည့် ဖိုပြေ



www.burmeseclassic.com

www.burmeseclassic.com

မီးသွေးကိုတင်ရာ၌ အင်္ဂါရက်ဆရာ မီးသွေးတွင်ပါရှိသော အပေါက် ငွေသတ္တုအနည်းငယ်ကိုထည့်၍ ပိတ်ထား၏။ အဆိုပါ မီးသွေး လောင်သောအခါ ၎င်းတွင် မြှုပ် သော ငွေသတ္တုသည် အရည်ပျော် လုံထဲကျဆင်းသွား၏။လုံထဲတွင်ကား တစ်အောင်စနှင့် ပရိုဂျက်ရှင်းဆေး အနည်းငယ်တို့ရှိနေ၏။ ပြဒါးအငွေ့ သွားသောအခါ လုံထဲမှာကျန်ရှိသော များကို ရေခဲထားသည့်ခွက်ထဲသို့ လောင်းထည့်လိုက်၏။ ထိုအခါ အောက်ခြေ၌ ငွေသားသတ္တုအ ငယ်ကျန်နေခဲ့၏။

ဒုတိယအဆင့်တွင် တုတ်တစ် ကို ဟောင်းလောင်းဖောက်ထား ထိုအထဲတွင် ငွေထည့်ထား၏။ ထို အပေါက်ကို ဖယောင်းပိတ်ထား ၎င်းတုတ်ဖြင့် လုံပေါ်တွင် အပ်ထား မီးသွေးတို့ကို မွှေပြီးထိုးကာ ပေး၏။ ထိုအခါ အပေါက်ထိပ် ထားသောဖယောင်းသည် အရည် ထွက်ကာ အတွင်းထဲမှ ငွေသား သည် လုံထဲသို့ စီးကျ၏။

တတိယအဆင့်လုပ်ကိုင်နည်းမှာ လက်ရှည်လက်မောင်းထဲ၌ ငွေစ နှန် အထူးချုပ်လုပ်ပြင်ဆင်ထား အိတ်လုပ်ထား၏။ ထုံးစံအတိုင်း ကိုမွှေရင်း ငွေသည် အရည်ပျော် သောအခါ သူသည် ရေထည့်ထား အင်တုံထဲ နှစ်လိုက်၏။ ကျသွား ငွေများသည် ရေထဲရှိသော ပုံစံ ထဲ၌ထည့်ကာ လက်ကို ပြန်ရုတ် ၏။ အေးလောက်သောအခါတွင်မှ ကို ဖယ်လိုက်ပြီး ငွေတုံးကို ထုတ် (၃) ကြိမ် ထိုသို့လုပ်ပြ၏။ ထိုဆေး ကြောင့် ယခုကဲ့သို့ ငွေဖြစ်သည်ဟု ဆေးမှုန့်ကို ရောင်းစားလေ၏။ ဆရာက ထိုပညာရပ်ကို သဘော သော်လည်း ထိုပညာရပ်လုပ်သူ သည် ဒုက္ခရောက်ကြသည်ကို ဖော်


အင်္ဂါရက်ပညာရှင်များအား ကြည့် ဝတ်စားထားပုံသည် ဖရိုဖရဲဖြင့် ဟောင်းနွမ်းနေပြီး အနံ့အသက် မှိုစုံထွက်နေ၏။ အထူးသဖြင့် ဆေးဒန်းနံ့တို့က ဖုံးလွှမ်းထား၏။ အနေဖြင့်ကား ဤသို့နေထိုင်ဝတ် သည် သာမန်လူတို့ သူတို့အား စေရန်နှင့် သူတို့ထံမှ ဓာတ်လုံး အခြားသောတစ်ခုခုကို ခိုးယူ လုယူချင်စိတ်မရှိစေရန် ကြိုတင်ကာ ကွယ်ထားခြင်း ဖြစ်သည်ဟု ဆို၏။

ယိုမန်းပုံပြင်၌ ဖော်ပြထားသည့် အင်္ဂါရက်ပစ္စည်းများကို ကြည့်ခြင်းဖြင့် ချောဆာသည် အင်္ဂါရက်ပညာကို အလေး အနက်လေ့လာခဲ့ဖူးကြောင်း ထင်ရှား ၏။

သူသည် အာနိုးဗလင်နိုဗာကို ဖော်ပြပြီး သူ၏ ROSAR UM ဒဿနကို လည်း ဖော်ပြ၏။ ထို့ပြင် စီနီယာဇာဒစ် ၏ TABULA CHIMCAမှ စာတစ်ပိုဒ်ကို ကောက်နုတ်ဖော်ပြ၏။ ကန့်၊ ပြဒါး သဘောတရားကို အခိုင်အမာထောက်ခံ ၏။ ထို့ပြင် ဂြိုဟ်ဆိုင်ရာသတ္တုများ၊ အင်္ဂါ ရက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ ဥပမာ ပြာချခြင်း၊ ဓာတ်စုခြင်း၊ အချဉ်ဖောက် ခြင်း စသည့် လုပ်ငန်းများ၊ လုံ၊ ညှပ် စသည့် ပစ္စည်းကရိယာများ၊ အယ်ကာ လီ၊ အက်စစ်၊ ဇဝက်သာ၊ ယမ်းစိမ်း၊ ဒုတ္တာ စသည့် ဓာတ်ပစ္စည်းများ ဖြစ်၏။

ထို့ကြောင့် စာရေးသူသည် ဤ ပညာရပ်ကို ကောင်းစွာ ကျွမ်းကျင်၍ အင်္ဂါရက်လုပ်ငန်းကိုလည်း ကိုယ်တိုင်ပင် အတွေ့အကြုံရှိသူဟုဆိုရမည် ဖြစ်၏။ ၁၄ ရာစု အင်္ဂါရက်သမားများ၏အသုံးပြု သောမဟာဗျူဟာအရ ထိုနည်းများသည် အင်္ဂါရက်ကျမ်းကြီးများတွင် ဖော်ပြထား သော နည်းနာနိဿယများ ဖြစ်သည် ဟု ဆိုထားလေ၏။ အင်္ဂါရက်ဆရာအတု အယောင်များကား မသိမှုနှင့်အတူ စခန်း သွားနေကြ၏။

ချောဆာက ဖော်ပြရာတွင် အင်္ဂါ ရက်ပညာရှင်တို့သည် အမိုက်ကွယ်မဲ့ သိပ္ပံ ပညာနောက်လိုက်များလုပ်နေကြ၏။ သူက အသုံးအကျသည့် လုပ်ရပ်ကြောင့်



အသုံးမကျသည့်ဘဝသို့ ရောက်ကြရ သည်ဟု ဖော်ပြထား၏။ ထို့ပြင် သူတို့ ကိုယ်သူတို့ ကယ်တင်ရှင်ကြီးများ၊ အံ့ဖွယ်ဒဿနပညာရှင်ကြီးများအဖြစ် ချီးကျူးရန်လည်း ဝန်မလေးကြသူများ ဖြစ်၏။ အင်္ဂါရက်ပညာကို မကောင်း ဆိုးဝါးစေ့ဆော်သောပညာဟု စွပ်စွဲပြီး နောက် အကျိုးမရှိနိုင်သော အချည်းအ နှီးလုပ်ရပ်ဟု ဆို ထား၏။

၁၄ ရာစု၊ ၁၅ ရာစုနှစ်များတွင် ယေဘုယျထင်မြင်ချက်မှာ အင်္ဂါရက် ပညာရှင်သည် ရူးသွပ်သူ သို့မဟုတ် လိမ်ညာသူသာ ဖြစ်ရမည် ဟူ၍ ဖြစ်၏။ များသောအားဖြင့် ဤဖြစ်ရပ်နှစ်ခုစလုံး ဒွန်တွဲ၍သွားနေပေသည်။ ဤသဘော ထားမှာ ဂျွန် (၂၂) ၏ စီရင်ချက်တွင် ပေါ်လွင်နေပေသည်။ SPONDENT QUAS NON EXHIBENT ကျမ်း၌ ဖြစ် ဖော်ပေးခံရသူများသည် အပြစ်မှလွတ် စေကာမူ မသိနားမလည်သူများ၊ အသုံး မကျသူများအဖြစ် ဆက်လက်တည်ရှိနေ ပေသည်။ သူတို့ကိုယ်တိုင် ဆင်းရဲမွဲတေ သော်လည်း သူတို့က သူတစ်ပါးအား ချမ်းသာစေမည်ဟု ကတိပေးကြ၏။ ထို ချမ်းသာမှုသည် ချက်ချင်းထွက်ပေါ်လာ သည် မဟုတ်။ လိမ်ညာရာတွင်လည်း အလွန်သတိရှိကြ၏။ သူတို့ကိုယ်တိုင် တူးထားသောတွင်းထဲကျဆင်းကြ၏။

အင်္ဂါရက်ပညာရပ်ဆိုင်ရာပါမောက္ခ သည် သူတို့အချင်းချင်းကိုလည်း လှောင် ပြောင်သရော်ကြ၏။ သူတို့ကိုယ်တိုင် လည်း ဘာမှမတတ်ကျွမ်းကြောင်း အချင်းချင်းသိနေကြ၏။ သို့သော် သူတို့ အား အပြင်လူတစ်ဦးဦးက ဝေဖန်လျှင် သူတို့အံ့ဩကြ၏။ ၁၅ ရာစုနှင့် ၁၆ ရာစု ကြားကာလတွင် အရူးဟု အခေါ်ခံရသူ အင်္ဂါရက်ပညာရှင်တို့သည် ဂုဏ်ထူးဘွဲ့ ထူးအနည်းငယ်ရလာခဲ့၏။ ၁၄၉၄ ခုနှစ် တွင် ဂျာမန်ကဗျာဆရာ ဆာဗစ်စတင် ဘာနဒ်က SHIP OF FOOLS ကဗျာကို ဘေဆယ်၌ ရေးခဲ့၏။ ထိုစာအုပ်သည် သူ့ခေတ်မိုက်မဲမှုများနှင့် မှားယွင်းမှုများ ၏ သာဓကတစ်ရပ် ဖြစ်၏။

မိုက်မဲမှု၊ ခိုင်မာမှု၊ ကိုယ်ကျင့် သိက္ခာဆိုင်ရာ သင်ကြားပေးမှုတို့အပြင် ခမ်းနားသည့် သစ်သားပန်းပုများဖြင့် ပေါများနေ၏။ ထို့ပြင် ထူးချွန်သည့် အမည်မသိ အင်္ဂါရက်ပညာရှင်တစ်ဦး ကြောင်းလည်းပါ၏။ အင်္ဂါရက်ပညာ၏ အကျည်းတန်သောမုသားများဖြင့် ချမ်း သာကြွယ်ဝရန် ကြိုးစားသူများ၏ ရူးသွပ်



www.burmeseclassic.com

www.burmeseclassic.com


မှုကိုလည်း ကဗျာတွင် ဝေဖန်သုံးသပ်ပြထား၏။ သို့ရာတွင် ၎င်းတို့သည် သူတို့၏ဥစ္စာဓနများကို ဖုန်မှုန့်ပြာမှုန်ဘဝသို့ ရောက်စေကြသူများ ဖြစ်၏။ ချော့ဆာ ရေးသားချက်ကို ဖတ်မိသည့် ဘားနဒ်က အဂ္ဂိရတ်ပညာရှင်သည် အတုအယောင် လူလိမ်လူညာတု ဖော်ပြခဲ့၏။

ရွှေ၊ ငွေစတို့ကို တုတ်ထိပ်ဖျားတွင်ဖွက်ထားပြီး ထိုတုတ်နှင့်မီးသွေးကို မွှေကာ ထိုရွှေ ငွေတို့ကို တစ်ဖက်လှည့်ဖြင့် လုံထဲကျရောက်အောင် ပြုလုပ်ကြသူများ ဖြစ်၏။ အဂ္ဂိရတ်နှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ကောင်းကျိုးခံစားရသည်ဟူ၍ မရှိခဲ့ပေ။ အရစ္စတိုတယ် ကြေညာသကဲ့သို့ 'အရာဝတ္ထုတို့၏ ပုံသဏ္ဌာန်သည် မည်သည့်အခါတွင်မျှ ပြောင်းလဲခြင်းမရှိ' ဟူသော သဘောတရားကဲ့သို့ဖြစ်နေ၏။

၁၅၁၁ ခုနှစ်တွင် ဒပ်ချ်လူမှုရေးဝါဒီ ဒက်စီဒီးရပ်အားမက် (၁၄၆၆ - ၁၅၃၆) က လိမ်လည်သူတစ်ဦး၏ ဘဝသည် ကုန်ဆုံးသွားပြီး စိတ်ကူးယဉ်ပညာ၏ မိုက်မဲသော တပည့်တပန်းများက ကျန်ရစ်ခဲ့သည်ဟု ဆို၏။

အဂ္ဂိရတ်ပညာရှင် ဆိုသည်မှာ လျှို့ဝှက်သောပညာကို အကြောင်းပြု၍ သဘာဝ၏ပစ္စည်းများကို ပြုပြင်ပြောင်းလဲခြင်းဖြင့် လောကကြီးကို ဒုက္ခပေးသူများ အမှန်တရားကိုရှာဖွေသည်ဟု ဆိုပြီး ပင်လယ်ကြီးကိုပါဒုက္ခပေးသူများဟု ဆိုထား၏။

သူတို့၏မျှော်လင့်ချက်မှာ ကြီးမားလွန်းသဖြင့် ကုန်ကျစရိတ်မှာ သူတို့အတွက်ကား မပြောပလောက်ဟု ယူဆကြ၏။ သူတို့သည် အနာဂတ်ကို စဉ်းစားပြီးရင်း စဉ်းစားကာ အသစ်အသစ်သော ပီတိသုခများကို ခံစားကြရလေ၏။ သူတို့သည် တစ်စုံတစ်ရာသောမှားယွင်းမှုနှင့် ကြုံတွေ့လျှင်ပင် နောင်တမရကြပေ။ ရပ်တန့်ကလည်းမရပ်ဘဲ ဆက်လုပ်မြဲသာလုပ်နေ၏။ နောက်ဆုံးတွင် ရှိသမျှသောစည်းစိမ်တို့ ကုန်ဆုံး၍ မီးဖိုတစ်ဖိုပင် ကိုယ်ပိုင်မရှိတော့သည့် အခြေအနေမျိုးဖြစ်သွား၏။ သို့တိုင်အောင်ပင် သူတို့သည် စိတ်ကူးယဉ်၍ မဆုံးသေးပေ။ သူတို့အား ကူညီထောက်ပံ့မည့်သူအား ရှာတုန်းပင် ဖြစ်၏။ ရှိပစ္စည်းအားလုံး ကုန်ဆုံး၍ သုညဘဝသို့ရောက်ရှိသွားသည့်တိုင်အောင်ပင် ပြောစရာစကားက ကျန်နေသေး၏။ နောက်ဆုံး သူတို့ပြောသည့်စကားမှာ -



"ကြီးကြီးကျယ်ကျယ်လုပ်ကိုင်ခဲ့ရတာ အမြတ်ပဲပေါ့"

ဟု ဆိုသေး၏။

သူတို့က ဘဝသည် တိုတောင်းလှ၏။ ထို့ကြောင့် ဤဘဝအတွင်း၌ အမှန်တရားကို ရှာဖွေရန် အချိန်မလုံလောက်ပါဟု ဆိုကြ၏။

သူ့ခေတ်တွင် ပေါ်ပေါက်သည့် လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးကိစ္စအဝဝတို့ကို အပြန်အလှန် ပြောဆိုကြ၏။ ALCUMISTICA ကျမ်းမှ ပြောစကားတစ်ရပ်တွင် အဂ္ဂိရတ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားမိသူ လူရိုးလူဖြောင့်တစ်ဦးအကြောင်း ဖော်ပြထား၏။

သူသည် အဂ္ဂိရတ်ကျမ်းပေါင်းများစွာတို့၏ အလိမ်အညာခံရပြီးသော်လည်း သင်ခန်းစာမရရှိဘဲ ယခုအခါတွင် ဘုန်းတော်ကြီးတစ်ပါး ဦးဆောင်ရာနောက်သို့ ကောက်ကောက်ပါ လိုက်သွားလေတော့၏။ လိုက်သွားရသည့်အကြောင်းမှာ ဘုန်းတော်ကြီးက သူသည် လျှို့ဝှက်ဓာတ်အစိုနည်းလမ်းကို သူသိသည်ဟုဆိုသောကြောင့် ဖြစ်၏။ ထို့နောက် သူတို့နှစ်ဦးပေါင်းမိကြတော့၏။ ထိုအခါ ထိုသူ(ဘာဘီနို)က ငွေစိုက်ရ၏။ ဘုန်းကြီးက ပညာစိုက်၏။ ဤသို့ဖြင့် အချိန်တို့သည် တဖြည်းဖြည်းသာ ကုန်လာခဲ့၏။

ဘုန်းတော်ကြီးသည် အမှန်တကယ်မလုပ်ဘဲ အလုပ်လုပ်ချင်ယောင်ဆောင်နေ၏။ သို့ရာတွင် ဘုန်းတော်ကြီးသည် ဘာဘီနိုထံမှ အကြောင်းအမျိုးမျိုးပြကာ ငွေကို လိမ်ညာထုတ်ယူသုံးစွဲနေ၏။ တစ်ခါတစ်ရံတွင် ရွှေကျွေးဖို့လိုသည်ဆိုပြီး ငွေထုတ်၏။ တစ်ခါတစ်ရံတွင် မယ်တော်ကို ပူဇော်ရမည်ဆိုကာ ငွေထုတ်တတ်၏။ တစ်ခါတစ်ရံတွင် အဂ္ဂိရတ်ဆရာကို ဖမ်းဆီးရန် အမိန့်ရထားသည့်ဘုရင့်အမှုတော်ထမ်းများကို လာဘ်ထိုးရန်အတွက်ဆိုပြီး ငွေတောင်း၏။ ဤသို့ဖြင့် ကိစ္စကား အချိန်ကာလတို့ ကြာမြင့်ခဲ့၏။ သို့သော် ဘာဘီနိုသည် သူ့အား ဘုန်းတော်ကြီးက လိမ်ညာနေကြောင်း မရိပ်မိပေ။

နောက်ဆုံးတွင် မိန်းမများနှင့်ပတ်သက်၍ ဘုန်းတော်ကြီးသည် သူ၏ငွေများကို သုံးစွဲနေကြောင်း အထင်အရှားတွေ့ရသောအခါတွင်မှ ဖွင့်ထွက်၍ တောင်ပို့မှန်း သိတော့၏။ အမှန်အကယ်တွင်မူ တော်ရုံဖြင့်သိရန်မလွယ်ကူလှပေ။ ဘုန်းတော်ကြီးသည် အလွန်ပါးနပ်သူ ဖြစ်၏။ တစ်ဖက်တွင်လည်း ဘာဘီနိုသည် ဘုန်းတော်ကြီးပေးသမျှသောဆင်ခြေကိုလက်ခံနေခြင်းမှာ ဘုန်းတော်ကြီး၏ အစွမ်းထက်သည်ဟု ဆိုသော မာတ်လုံးကို တပ်မက်နေသည့် လောဘကြောင့်လည်း ဖြစ်၏။ နောက်ဆုံးတွင် ဘာဘီနိုသည် လူဆိုးလူယုတ်မာတစ်ဦး၏လှည့်ပတ်ခြင်းကို ဖြုန်ကာပြောကာကျသောအခါတွင်မှ အခြေအနေမှန်ကို နားလည်သွားခြင်း ဖြစ်၏။

ကမ္ဘာကျော် ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီ (၁၄၅၂-၁၅၁၉) က-

'အဂ္ဂိရတ်ဆရာတို့သည် အရူးများသာဖြစ်ကြောင်း၊ အကယ်၍ ရွှေကိုလိုချင်လျှင် ရွှေတွင်းသို့သွားရမည့်အစား ဖိုခန်းသို့ဝင်ရောက်ခြင်းသည် သဘာဝကို နားမလည်သူများသာဖြစ်ကြောင်း၊ veqetative soul ဆိုသည်မှာ ရွှေကို တဖြည်းဖြည်း စုဝေးဖြစ်ပေါ်များပြားလာစေသည့် သဘာဝနည်းဖြစ်ကြောင်း၊ ၎င်းသဘာဝနည်းအတိုင်းသာ ရွှေဖြစ်လာစေမည်ဖြစ်ကြောင်း၊ အဂ္ဂိရတ်ပညာ၏ အမှားယွင်းဆုံးအချက်ကား အမြင့်မြတ်ဆုံးသောသတ္တုဖြစ်သည့် ရွှေကို သဘာဝမဟုတ်သောနည်းဖြင့် ရအောင်ကြိုးပမ်းခြင်းပင် ဖြစ်၏။ လူသားသည် ဘာကိုမှဖန်တီးနိုင်စွမ်းရှိသူအစစ်မဟုတ် အရာရာကို သူ့အတွက်အကျိုးရှိအောင် လှည့်ပတ်သုံးစွဲခြင်းသာ တတ်နိုင် သည်။

အကယ်၍ အဂ္ဂိရတ်ပညာ သည် လောဘ၏ သားကောင်အဖြစ် မရောက်လျှင်၊ ထို့အပြင် ၎င်းတို့၏ ကြိုးပမ်းမှုများကို သဘာဝဖန်တီးမှုအ ယှဉ်ပြိုင်၍မလုပ်လျှင် အဂ္ဂိရတ်ပညာ သည် လူသားအကျိုးပြုပညာတစ်ရပ် ၏။ အကြောင်းမှာမူ ထိုပညာရပ်သည် လူသား၏ စွမ်းအင်လိုက် အချို့သော စူးစမ်းလေ့လာမှုများကို အောင်မြင် သောကြောင့်ဖြစ်၏'

ဟု ဆိုခဲ့၏။




www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ လီယိုနာဒိုဒါဗင်ချီ၏ ...န်ချက်များသည် မပြင်းထန်ဘဲ နူးညံ့ ...င်သာပေသည်။ လီယိုနာဒိုဒါဗင်ချီ ...ည် အဂ္ဂိရတ်နှင့် Necromancy ကို ...ထယ်ကြောင့် အဆင့်တူထားရှိပါ ...နည်း။ အဂ္ဂိရတ်အား မှော်ပညာတစ် ...အဖြစ် ပြန်လည်ရှင်သန်လာသည့် ...လကို ထိုခေတ်တွင်ပင် ကြုံတွေ့ရ ... ၁၅၇၈ ခုနှစ်တွင် အဂ္ဂိရတ်ပညာ ...ည် မကောင်းဆိုးဝါး စေ့ဆော်သည့် ...ညာဟုတ်၊ မဟုတ် ပြန်လည်စိစစ်ရန် ...စ္စတိုက နိုကိုလပ်သဘောတရားကို ...ပြီး စိစစ်ခိုင်းလိုက်ခြင်း ဖြစ်၏။

အဆိုပါ လီယိုနာဒိုဒါဗင်ချီ၏ ...လည်ဆန်းသစ်သော ရိနေဆန်း ...တ်တွင်ပင် ဟာမစ်တစ်အင်းစမ၊ ဂမ္ဘီရ ...ညာရပ်များသည် ပထမဦးဆုံးပြန်လည် ...ကားခဲ့ခြင်း ဖြစ်၏။ အီတာလျံ ...နပညာရှင်များဖြစ်သည့် ဖရန်စစ္စ ...(၁၄၃၃-၁၄၉၉) နှင့် ပီကို (၁၄၆၃- ...၄) တို့တွင် ထိုသဘောတရားထွန်း ...လာ၏။ ထိုသူနှစ်ဦးသည် တကယ် ...တွင် အဂ္ဂိရတ်ပညာကို စိတ်ဝင်စား ...များ မဟုတ်ကြပေ။ ဖရန်စစ္စကိုသည် ...E ARTE CHIMICA ကျမ်းကို ပြုစုသူ ... ကျော်ကြား၏။ နောက်ပုဂ္ဂိုလ်တစ်ဦး ... လက်ရေးမူဖြင့် DE AURUကို ရေးခဲ့ ... မကြာမီမှာပင် အဂ္ဂိရတ်ပညာသည် ...ထုံးတမ်းစဉ်လာဆိုင်ရာပညာရပ် ...အဖြစ် ပါဝင်လာတော့၏။ ထိုနည်း ...နှစ်ခုသည် ကော်နဲလီယားအဂရိပ်ပါ ... ဒဿန၌ သွား၍ပေါင်းဆုံမိကြ၏။ ...ကျမ်းမှာ DE OCCULTA PHILOS-...PHIA ကျမ်းဖြစ်၏။ သို့သော် အဂ္ဂိရတ် ...ညာအသစ်၏ သိဒ္ဓိဝင်အရည်အသွေး ...သည် အနည်းငယ်မျှ ဆုတ်ယုတ်မှု ...စေပေ။ ထို့အပြင် အဂ္ဂိရတ်သည် ...လည်သူအဖြစ် ကုန်ဆုံးခဲ့ရသော ...သိက္ခာတို့ကိုလည်း မထိခိုက်စေခဲ့ ... ၁၆ ရာစုသို့ ရောက်သောအခါတွင် ...င်းပညာနှင့် မှော်ပညာရပ်တို့သည် အဂ္ဂိရတ်ဘာသာရပ်၏ ရှုပ်ထွေးမှုတွင် ပါဝင်လာခဲ့ကြ၏။ ပါရာဆဲ(လ်)ဆပ်နှင့် ...ဒီးတို့၏ အတ္ထုပ္ပတ္တိ၌ တွေ့ရှိရသည့် အတိုင်း လည်းကောင်း၊ ထိုရာစုနှစ် အတွင်းမှာပင် ဖော့၏ဒဏ္ဍာရီအတိုင်း ...နှင့် ဂျော့ဖော့တို့၏ လှုံ့ဆော်မှုအရ ...ည်းကောင်း ပေါ်ပေါက်လာရ၏။

၎င်းသည် ဆွီဒင်၌ မွေးပြီး ၁၄၈၀ ...ည့်နှစ်နှင့် ၁၅၄၀ ပြည့်နှစ်တို့တွင် နေ ...င်ခဲ့၏။ ထိုနှစ်ထက်စော၍ လူတစ်



ယောက်ပေါ်ခဲ့၏။ ထိုသူသည် နယ်တကာလှည့်၍ သူ့ကိုယ်သူ အတော်ဆုံးသော အဂ္ဂိရတ်ပညာရှင်ဟု ကြွေးကြော်ခဲ့၏။

အမ်မရစ်၏ သဘောတရားက နှစ်ပေါင်း (၂၀၀) ကြာ၍ပေါ်ထွက်လာခြင်း ဖြစ်၏။ ဖော့၏ဇာတ်လမ်းအမှန်ကို လူသိများသည့် ဇာတ်လမ်းဒဏ္ဍာရီ ဖြစ်ရခြင်းမှာ ကက်သလစ်ဂိုဏ်းနှင့် လူသာရင်ဂိုဏ်းတို့ ပူးပေါင်း၍ ရုပ်ရှင်ရိုက်ခဲ့ကြသောကြောင့် ဖြစ်၏။

ဘာသာရေးနယ်ပယ်ပြင်ပမှပုဂ္ဂိုလ်တစ်ဦးဦးအား ယုံကြည်မှုလွဲမှားခြင်းသည် မည်မျှအန္တရာယ်ကြီးကြောင်း ပရိသတ်အားသိစေရာ၌ ဖော့ကို အသုံးချထား၏။ သရုပ်ဆောင်ဖော့၏ ဥပမိရုပ်မှာလည်း အဂ္ဂိရတ်ရုပ်ပေါက်နေ၏။ ထို့ကြောင့်လည်း အဆိုပါ ဇာတ်ရုပ်ကို လူအများက လွန်စွာသဘောကျသွားပြီး ပြောင်းပြန်အကျိုးသက်ရောက်သွားခြင်းဖြစ်၏။ ဤအခြေအနေသည် ယိုယွင်းပြိုလဲနေသော အဂ္ဂိရတ်ပညာရပ်ကိုကား အကျိုးမပြုပေ။ မိုက်မဲသော အဂ္ဂိရတ်သမားအဖြစ် လည်းကောင်း၊ ရှိသမျှပစ္စည်း အကုန်ဖြုန်းပစ်သော အဂ္ဂိရတ်သမားအဖြစ် လည်းကောင်း ထင်ရှားစေ၏။

၁၅၅၈ တွင် ပီတာဘာဂျဲ (၁၅၂၀ - ၁၅၆၉) သည် ပုံကြမ်းများ ဆွဲခဲ့၏။ ထိုပုံများကိုပင် ပုံနှိပ်မှုများစွာဖြင့် ထုတ်ဝေဖြန့်ချိခဲ့၏။ ထိုရုပ်ပုံ (ပုံကြမ်း) တွင် အဂ္ဂိရတ်ဖိုရုံတစ်ခု၏ အတွင်းခန်းအနေအထားကို ဖော်ပြထား၏။ ဘယ်ဘက်တွင် အဂ္ဂိရတ်ဆရာရှိ၏။ ထို့နောက် သူသည် ဖိုပေါ်တွင်ကုန်းပြီး လုံ၊ ဖိုတို့နှင့် အလုပ်ရှုပ်နေ၏။ မီးဖိုဘေးမှတုံးပေါ်တွင် စာရွက်တစ်ရွက်ရှိ၏။ ထိုစာရွက်တွင် လူဆိုးလူမိုက်ဒုက္ခပေးသူ၊ အသုံးမကျသူ ဟူသည့်စာလုံးကို ရေးထား၏။ ထိုပြကွက်၏ အလယ်ဗဟိုတွင် မိန်းမတစ်ဦးထိုင်နေ၏။

ထိုအမျိုးသမီးသည် အဂ္ဂိရတ်ဆရာ၏ဇနီး ဖြစ်ကောင်းဖြစ်ပေမည်။ သူမသည် ဟောင်းလောင်းဖြစ်နေသော ပိုက်ဆံအိတ်ကိုဖွင့်နေ၏။ စရိတ်စကကြီးမားလှသော ဤလုပ်ငန်း၏ အသုံးစရိတ်တို့ကြောင့် မိသားစုအသုံးအတွက် ငွေကြေးကျပ်တည်းနေပုံကို ဖော်ပြထား၏။ သူမ၏ဘေးတွင် ဒူးထောက် နေသောယောက်ျားတစ်ယောက်ရှိနေ၏။ ထိုယောက်ျားသည် မီးကိုတောက်လောင်စေရန် ကြိုးစားနေ၏။ သူ၏ မျက်နှာကား စိုးရိမ်ပူပန်ထိတ်လန့်နေသည့် မျက်နှာရှိ၏။ အမျိုးသမီး၏နောက်တွင် ကလေး (၃) ယောက်သည် ဘာမှမရှိသော မှန်တင်ခုံပေါ်တွင်တက်၍ဆော့နေကြ၏။ ပြတင်းပေါက်မှနေပြီးကြည့်လျှင် ကံဆိုးသူမိသားစု၏ အနာဂတ်ကို ကြိုတင်မြင်နိုင်ပေသည်။ ဆင်းရဲချွတ်ခြုံကျနေပြီဖြစ်၍ မိသားစုသည် ဆင်းရဲသောအိမ်လေးထဲတွင် ခိုလှုံနေရမည် ဖြစ်၏။

ညာဘက်အစွန်ဆုံးတွင် သူတော်စင်၏ တံရုံကိုဝတ်လျက် စားပွဲတစ်လုံးတွင်ထိုင်နေသည့် သူတော်စင်တစ်ဦးကို တွေ့ရ၏။ ထိုစားပွဲပေါ်တွင်ဖွင့်လှန်ထားသော ကျမ်းများကို တွေ့ရ၏။ ထို့အပြင် လက်ယာလက်ဖြင့် ဖိုရုံထဲရှိ မိုက်မဲမှုနှင့် ရှုပ်ထွေးမှုကို ညွှန်ပြနေပေသည်။ လက်ဝဲလက်ညှိုးဖြင့် သူ့ရှေ့ရှိ စာအုပ်တစ်အုပ်ကို လက်ညှိုးညွှန်ပြ၏။ လှန်ထားသော စာမျက်နှာပေါ်တွင် Alghemist ဟူသောစာလုံးကို တွေ့ရ၏။ ရုပ်ပုံ၏ဆိုလိုချက်မှာ လွန်စွာရှင်းလင်းလှပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၅၀) ကျော်က ဘရူဂယ်က အဂ္ဂိရတ်ဆိုင်ရာမိုက်မဲမှုနှင့် အကျိုးမဲ့မှုကို ဖော်ပြထား၏။


ဤအလုပ်သည် အချိန်ကိုဖြုန်းတီးခြင်းဖြစ်ပြီး မည်သည့်အကျိုးမျှမဖြစ်ထွန်းနိုင်သောအလုပ်ဟုဆိုလိုပေသည်။ ရုပ်ပုံထဲမှ သူတော်စင်သည် အကြောင်းအကျိုးတို့၏ အစုအဝေးဖြစ်၏။ လက်ဝဲလက်ဖြင့် ကျမ်းကို လည်းကောင်း၊ လက်ယာလက်ဖြင့် အခြေအနေကို လည်းကောင်း ညွှန်ပြနေခြင်းသည် ထုံးတမ်းစဉ်လာယဉ်ကျေးမှုနှင့်လည်း ကိုက်ညီပေသည်။

ဆရာဦးဆက်ထွန်းသင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"သာသနာစောင့်နတ်မင်းကြီး (၄) ပါး၊သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၊ အထက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံး၊ ဌာနေစောင့်နတ်များ၊ အတွင်း(၃၇)မင်း၊ အပြင် (၃၇) မင်းနတ်များနှင့် (၃၁) ဘုံ ကျင်လည်ကြကုန်သော လူ၊နတ်၊ဗြဟ္မာ သတ္တဝါများအား အမျှပေးဝေပါ၏။ သာဓုခေါ် တော်မူကြပါကုန်လော့။ အမျှ၊ အမျှ၊ အမျှ"

အဘွား ဒေါ်အိမ်မြ ကြေးစည်ကို ရိုက်ရင်း (၃)ကြိမ်(၃)ခါ အမျှဝေသည်။ ပြီး ဘုရားကို ဦး(၃)ကြိမ်ချပြီး တိုင်ရာမှ ထကာ ဘုရားခန်းတွင်းမှ ဖြည်းညင်းစွာ ထွက်လာခဲ့သည်။ အသက်(၈၀)နားကပ် နေသောအဘွားအိုတစ်ဦးအတွက် လှုပ်ရှားမှုတိုင်းသည် ဖြည်းလေးညင်သာစွာ သာ ဆောင်ရွက်နိုင်တော့သည်။

"ဘွားဆွမ်းတော်ဘာတင်တာလဲ ဟင်"

ဘွားအိမ်မြ၏ချစ်မြေးနှစ်ယောက် အိပ်ရာမှထကာ မျက်နှာမသစ်ခင် ဆွမ်းတော်စာကို အရင်မေးကြသည်။

"(၁၂) နာရီထိုးမှ ဆွမ်းတော်စွန့်ရမှာနော် မြေးတို့"

"သိပါတယ် ဘွားရဲ့။ ဘွားကလေ မနက်တိုင်း အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်း ဆိုပြီး အမျှဝေတာလေ ဟို ဘက်ခြံက ဒေါ်လေးညိုကပြောတာ လေ။ နင်တို့အဘွားက အိမ်တွင်းကိုဘာ တို့တော့မတင်ဘဲ အမျှ[illegible] ဒုက္ခ ရောက်ရင် ဘယ်သူကမှ[illegible]တော့ မှာမဟုတ်ဘူးတဲ့။ ဟုတ်လား ဘွား"

"မဟုတ်ပါဘူးကွယ်၊ [illegible]တို့ က ဒုက္ခရောက်နေလို့လား"

"ဟင့်အင်း - မရောက်[illegible]"

"ဘယ် - ဒုက္ခရောက်[illegible] ဝါ မနေ့က အိမ်စာမပြီးလို့ဆိုပြီး [illegible] ရိုက်တာ အီစလံဝေသွားတာ"

"ဒါတော့ မင်း[illegible] ခံရတာပေါ့ နည်းနည်းသေး"

"မင်းလည်း အိမ်[illegible] နော်။ ဆရာမ မစစ်လို့ သက်[illegible] များ"

မြင်းရင်းခံရင်း ဦးတည်ချက် ပျောက်သွားသော မြေးနှစ်[illegible] လက်ကိုဆွဲကာ အိမ်ပေါ်ထပ်မှ ဆင်း လာခဲ့သည်။ နားထဲတွင်တော့ မြေးငယ် လေးပြောသည့် နတ်မပူဇော်ဘဲ အမျှ ဝေနေသည့် အဘွားအိုဆိုသော မည်၏ စကားသံက တဝဲလည်လည်။

မညိုရယ် ညည်းလေးက အဘွားက နတ်အတွေ့အကြုံများပါ တယ်ကွယ်။

◆

ခေတ်ကာလက ဂျပန်အရေး အခရိုက်နှံတပ်တွေဝင်စအချိန်။

အိမ်မြလေး၏ မိခင်ဖြစ်သူသည်



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာပေါ်တွင် အသက်ပြင်းပြင်းရှူရင်း အိပ်နေသည်။ အိပ်နေသည်ဆိုသော်လည်း ကောင်းကောင်းအိပ်ပျော်ဟန်မတူ။ ချောင်းဟန့်လိုက်၊ ညည်းညူလိုက်နှင့် အသက်နှင့် ခန္ဓာမြဲအောင် မနည်းကြိုးစားအားထုတ်နေပုံရပါသည်။

ဖခင်ဖြစ်သူက အိမ်မြလေးကို ပွေ့ချီထားရင်း ဇနီးသည်နံဘေးမှာ ခွေးခြေတစ်လုံးနှင့်ထိုင်ကာ ဇနီး၏လက်ကို ဆုပ်ကိုင်ရင်း အားတင်းနေပုံရသည်။ ဖခင်ဖြစ်သူ ငိုနေမှန်း အိမ်မြ သိပါသည်။ အိမ်မြလေး၏ မောင်သေးသေးကွေးကွေး ရက်သားလေးသည် မနေ့ကပင် သေသွားပြီဟုပြောရင်း မနက်က အိမ်မြကိုဖက်ကာ ဖေဖေငိုခဲ့ပြီး ဖြစ်ပါသည်။ ယခု ဇနီးသည်ကိုပါ လက်လွှတ်ဆုံးရှုံးရတော့မှာလားဟုတွေးရင်း ကြောက်နေဟန်တူသည်။ အိမ်မြက အမေကြီးဟုခေါ်သော မေမေ့အမေကတော့ ပုတီးတချောက်ချောက်စိပ်ကာ သမီးမျက်နှာကို ဝေသီစွာကြည့်နေသည်။ ဂျပန်ခေတ်တစ်လျှောက်လုံး အမေကြီးဒုက္ခတွေများခဲ့သည်။ ပုလိပ်ရောဂါဆိုးကြောင့် တစ်ရက်တည်း သမီးငယ်ရော သားပါ သေဆုံးခဲ့သည်။ ကျွဲညီနောင်ချသည့် ဗုံးတစ်လုံးက အိမ်ပေါ်တည့်တည့်ကို ကျရောက်ခဲ့သောကြောင့် နေစရာအိမ်လည်း ဆုံးရှုံးခဲ့ရပြီးပြီ။ အမေကြီး ခံစားရသောဒုက္ခတို့သည် နည်းနည်းနောနော မဟုတ်ပါချေ။ ယခုလည်း သမီးကြီးက ဒုတိယမြောက် ကလေးမွေးပြီးသည်မှ တစ်လပြည့်တော့မည်၊ အိပ်ရာမှမထနိုင်သေး။ မီးတွင်းမှာကတည်းက သမီးကိုကြည့်ရသည်မှာ နေ့သွားတော့မလား၊ ညသွားတော့မလားဟု ထင်ရလောက်အောင် ကျန်းမာရေးက လုံးဝမကောင်းခဲ့။ မနေ့ကတော့ မြေးငယ်လေးဆုံးသွားပြီ။ သားသေသွားမှန်း သိဟန်မတူ။

သည်မိခင်နှင့် သည်ကလေးကို ဆရာဝန်နှင့်ရော မြန်မာဆရာနှင့်ပါ အသေအချာကြပ်မတ်ကုနေသည့်ကြားမှ ကလေးကသေသွားခြင်းဖြစ်လေသည်။ ဆရာဝန်ကတော့ ရောဂါရှာမရဟု စိတ်ပျက်လက်ပျက်ညည်းတွားသည်။ မြန်မာဆရာကမူ ခေတ်ဆိုးခေတ်ပျက်မှာမို့ အစိမ်းသေတွေများပြီး ပယောဂဝင်နေသည်ဟုထင်ကြောင်း ရိုးရိုးဆေးနှင့်မနိုင်ကြောင်းထုတ်ဖော်ပြောကြားသွားသည်။

ယခု အိမ်မြမေမေ၏အသက်ကို ဆွဲထားနိုင်မည့်သူမရှိတော့ပါချေ။ အိမ်မြက မေမေ့ကို မျက်တောင်မခတ်တမ်းစိုက်ကြည့်သည်။ မတော် အိမ်မြ မျက်တောင်ခတ်တုန်း မေမေတစ်ခုခုဖြစ်သွားလျှင် မခက်ပါလား။ အိမ်မြကြည့်နေစဉ်မှာပင် မှိတ်ထားသောမေမေ့မျက်လုံးတို့ပြူးလာလေသည်။ ပါးစပ်ဟကာ အသက်ရှူနေရသူသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ တဟင်းဟင်းအသံပြုလာလေသည်။

"ဖေဖေ မေမေ့ကိုကြည့်ဦး၊ မေမေ့ကိုကြည့်ပါဦးလို့"

အိမ်မြ၏ အော်သံကြောင့် မေမေ့ဘေးမှာ ခေါင်းငိုက်စိုက်ကျနေသော ဖေဖေ အလန့်တကြားထရပ်သည်။ အမေကြီးလည်း ချက်ချင်းဆိုသလို အနားသို့ ရောက်လာလေသည်။ အိပ်ရာမှ လုံးဝမထနိုင်ဘဲ ဟိုဘက်ဒီဘက်လှည့်ရန်ပင် လူတွဲဖြင့်လှည့်နေရသော မေမေသည် အိပ်နေရာမှ ဆတ်ခနဲ ထထိုင်သည်။ မျက်လုံးတို့ကို အစွမ်းကုန်ပြူးကာ နှုတ်ခမ်းကိုတင်းတင်းစေ့ရင်း စိတ်အကြီးအကျယ်ဆိုး၍ ဒေါသတွေပေါက်ကွဲနေလေသည်။

"မဦး၊ မဦးဘာလိုလဲ။ နေကောင်းပြီလား။ ထနိုင်ပြီလား"

ဖေဖေက အံ့ဩဝမ်းသာသံ၊ ကြောက်ရွံ့သံတို့ပေါင်းစပ်ပြီး မေမေ့ပခုံးကိုကိုင်လိုက်သည်။ မေမေက ဖေဖေ့လက်တို့ကို ဆတ်ခနဲတွန်းထုတ်ပစ်လိုက်သည်။ မေမေ့မှာ ဘယ်ကအားတွေရောက်လာသည် မသိတော့ပါ။

"ဟင်း. . . ဟင်း သားသေသွားလည်း အသိတရားကမရဘူး။ နင်တို့တွေ ခလေ့ထုံးစံတွေ မေ့နေတယ်ပေါ့လေ။ အမေ့အသက်ပါနုတ်ယူမှ သတိရကြမှာလားဟေ့ ပြောစမ်း"

ဖေဖေက ယောင်နနဖြင့် မေမေ့ကိုကြည့်သည်။ အမေကြီးကတော့ ချက်ချင်း နားလည်သွားဟန်တူသည်။ လက်အုပ်လေးချီပြီး မေမေ့နားကပ်ကာ-

"မေ့သွားလို့ပါရှင်။ အမိုက်အမဲလေးတွေကို ခွင့်လွှတ်ပါ။ နေ့မဆိုင်းဘဲကို ပသပါ့မယ်။ ဟဲ့ - မောင်အောင် တောင်းပန်စမ်း"

ဖေဖေသည် ကုန်သည်ပီပီ အရိပ်အခြည်ကို ချက်ချင်းနားလည်သွားကာ အမေကြီးလုပ်သည့်အတိုင်း လက်အုပ်လေးချီလိုက်လေသည်။

"ဘာအမိုက်အမဲလဲ။ ကလေးမွေးရင်းနဲ့ အိုသေတော့မယ်။ အကြီးမလေးမွေးတုန်းကလည်း ငါ့ကို မပသဘူး။ ငါသည်းခံခဲ့တယ်။ ခုတော့ မရတော့ဘူးနော်။ ဒါနောက်ဆုံးအကြိမ်သတိပေးခြင်းပဲ"

"ကောင်းပါပြီဗျာ။ ထုံးစံကို ကျွန်တော်မသိလို့ပါ။ သိရင်ဒီလိုမဖြစ်စေရပါဘူး။ အခုကိုတင်ပေးပါ့မယ်ဗျာ။ ကျွန်တော့်မိန်းမကိုတော့ ချမ်းသာပေးပါနော်နော်"

ဖေဖေ့ပုံစံကို အိမ်မြ ကြောက်ရွံ့သည့်ကြားမှ ရယ်ချင်လာသည့်စိတ်ကို မနည်းထိန်းထားရသည်။ ဘာမှန်းမသိဘဲ ကတိတွေအထပ်ထပ်ပေးနေသည်ကိုး။ မေမေကတော့ ပြောချင်ရာပြောပြီး ပက်လက်ကြီးလန်ကျကာ တရှူးရှူးနှင့် အိပ်တော့သည်။ သည်တစ်ခါ အိပ်ပုံက နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်နေပုံမျိုး။

အမေကြီးကတော့ ပျာယာခတ်နေအောင်အလုပ်ရှုပ်တော့သည်။ ဖေဖေကတော့ လက်ရားယားခြေရားယားဖြင့် 'အမေဘာလုပ်ပေးရမလဲ၊ ဘာထုံးစံတွေရှိနေတာလဲ၊ မြန်မြန်လုပ်ပါဗျာ'နှင့် အမေကြီးသွားလေရာ တကောက်ကောက်လိုက်ရင်းစကားတွေများနေတော့သည်။ နောက်မှ ပြောပြသည်မှာ ဤအဖြစ်အပျက်မျိုး တစ်သက်မှာ တစ်ခါသာကြုံဖူးပြီး အလွန်ထူးခြားဆန်းကြယ်သော အတွေ့အကြုံပါပဲဟု ဆိုပါသည်။

အမေကြီးက အမဲဝမ်းတွင်းဝယ်ချက်သည်။ ပြီး စကောတစ်ခုကို မြေဖြူဖြင့် လေးပိုင်းပိုင်းပြီး တစ်ပိုင်းစီတွင် ဝမ်းတွင်းသား တစ်ပန်းကန်စီထည့်ကာ အနောက်မယ်တော်ကြီးလေးပါးတို့ကို ပူဇော်ပသခဲ့ပါသည်။ မေမေကတော့ ထိုနေ့မှစပြီး တဖြည်းဖြည်းနေပြန်ကောင်းလာပါသည်။

အိမ်မြလေးတို့ ဖေဖေသည် ရှမ်းအမျိုးသားဖြစ်၍ နတ်အကြောင်းသိပ်နားမလည်ပါ။ သို့သော်လည်း မယ်တော်ကြီး (၄)ပါးကိုတော့ဖြင့် အတော်ဖြူသွားပုံရပါသည်။ ကလေးမမွေးလည်း တစ်နှစ်တစ်ခါ မှန်မှန်တင်ပါသည်။ ဖေဖေ နတ်တင်တိုင်း အိမ်မြတို့မောင်နှမများ ကောင်းစားကြပါသည်။ မောင်နှမ (၄) ယောက်နှင့် ဝမ်းတွင်းသားချက်လေးခွက်ကကွက်တိ။

◆

မေမေသည် သားသမီးများထဲတွင် အကြီးဆုံးဖြစ်၍ ရိုးရာအမွေကို အကုန်ယူရသည်ဟု ဆိုပါသည်။ အိမ်တွင် အုန်းလည်းဆွဲရသည်။ ထိုခေါင်




www.burmeseclassic.com

www.burmeseclassic.com

ရောက်ပြီဆိုလျှင် တောင်ပြုံးသွားသည့် လှကြုံရာကာ ပိုက်ဆံဆက်ရသည်။ အိမ်မြဲ မှတ်မိသလောက် မေမေ့ တောင်ပြုံး သွားသည်ကို တစ်ခါမှမတွေးဘူးပါ။ အဝေးကနေသော ပိုက်ဆံလှူလိုက်၊ ပဝါ လှူလိုက်နှင့် ပြီးစေပါသည်။

သို့သော် မေမေသည် တောင်ပေါ်က နတ်ကွန်းကိုတော့ မကြာမကြာ သွားသည်။ မေမေ့အဖေ အိမ်မြဲတို့က အဖေကြီးဟု ခေါ်သော ဘိုးဘိုးသည် ၎င်းနတ်ကွန်းတွင်နေသောကြောင့် ဖြစ်ပါသည်။ အမေကြီးဆုံးပြီး ဘာမှမကြာ အဖေကြီး နတ်ကတော်နှင့် အိမ်ထောင်ကျသည်။ ထို့နောက် နန်းထိန်းကြီးလုပ်ကာ နတ်ကွန်းမှာ အပြီးသွားနေလေတော့သည်။ အမေကြီးက ပန်းနာသည်မို့ လင်ရော သားသမီးများကိုပါ စိတ်မရှည်။ ရောဂါကြောင့် သိပ်လည်းဂရုမစိုက်နိုင်ရှာပါ။ ထို့ကြောင့် မေမေက အဖေကြီး နောက်အိမ်ထောင်လည်း ဂရုမစိုက်နိုင်ရှာပါ။ ထို့ကြောင့် မေမေက အဖေကြီးနောက်အိမ်ထောင်ပြုသည်ကို လုံးဝနားလည်ခွင့်လွှတ်ထားလေသည်။ အမေမရှိတော့သည့်အတွက် ပြုစုစရာ အဖေပဲကျန်တော့သည်ဆိုကာ အဖေကြီးရှိရာ နတ်ကွန်းသို့ မကြာမကြာသွားသည်။ စားကောင်းသောက်ဖွယ်တွေ မပြတ်အောင်ပို့ပေးသည်။ အိမ်မြဲတို့မောင်နှမများကတော့ နတ်ကွန်းသို့ တစ်နေ့တစ်ခေါက်မကတောင်ရောက်သည်။ နတ်ကွန်းက တောင်ပေါ်မှာ၊ အိမ်က တောင်ခြေမှာဆိုတော့ မျှင်းတိုင်းအား တိုင်း တောင်ပေါ်တက်ကြသည်။ နတ်ဆက်ထားသော ဘီလပ်ရည်တွေကို အဘွားဒေါ်နက်တည်ကို ဝိုင်းချွဲကာ သောက်ကြသည်။ ကံကောင်းလျှင် ကြက်ကြော်တွေ ငါးကြော်တွေ စားရသေးသည်။ အဖေကြီးရော အဘွားဒေါ်နက်တည်ပါ အလွန်သဘောကောင်းပြီး အိမ်မြဲတို့ကို အလွန်အလိုလိုက်ပါသည်။

အိမ်မြဲ၏ထူးခြားဆန်းကြယ်သော နတ်အတွေ့အကြုံတစ်ခုမှာ ၎င်းဘွားဘွားဒေါ်နက်တည်ပင် ဖြစ်ပါချေသည်။

တစ်နေ့သောအခါ မေမေ့စိန်နားကပ်ပျောက်သွားပါသည်။ ရေချိုးခေါင်းလျှော်မည်မို့ ဆံပင်နှင့်နားကပ်ငြိမှာစိုးသောကြောင့် နားကပ်ကိုချွတ်ကာ ကျောက်ပျဉ်ပေါ်တွင်တင်ခဲ့ခြင်း ဖြစ်ပါသည်။ ရေချိုးပြီးပြန်လာသောအခါ ၎င်းစိန်နားကပ်မရှိတော့ပါ။ ဘေးဘယ်ညာ လိမ့်ဆင်းသွားလေမလားဟု ရှာသော်လည်း မတွေ့တော့။ မေမေသိပ်စဉ်းစားမနေတော့ဘဲ အိမ်မြဲလက်ကိုဆွဲကာ တောင်ပေါ်သို့ပြေးတက်ခဲ့ပါတော့သည်။ အကျိုးအကြောင်းကို အဖေကြီးကိုလည်းကောင်း၊ ဘွားဘွားဒေါ်နက်တည်ကိုလည်းကောင်း ပြောပြသည်။ အဖေကြီးကနတ်ထိန်းဆိုသော်လည်း ဘာလုပ်ပေးရမှန်း မသိပါ။ ဇနီးသည် အဖော်ရအောင်သာ နန်းထိန်းအမည်ခံနေသည်မို့ -

"ပျောက်လည်းဘာဖြစ်လဲ သမီးရယ်။ ညည်းမှာနားကပ်တွေအများကြီးပဲဟာ"

ဟု ဆိုကာ ပြဿနာကို အလွယ်နည်းဖြင့် ဖြေရှင်းပေးလေသည်။ မေမေကတော့ သူ့အဖေကို မသိမသာ မျက်စောင်းထိုးလေတော့၏။

ဘွားဘွားဒေါ်နက်တည်ကမူ -

"နေစမ်းပါဦးရှင်။ ကျွန်မကြည့်ပါဦးမယ်"

ဟု ပြောကာ နတ်စင်ပေါ်မှ ကြေးပန်းကန်တစ်လုံးနှင့် ကြေးစေ့လေးများကို လှမ်းယူသည်။ ပြီးနောက် ကြေးစေ့လေးများကို လက်အုပ်ထဲထည့်ကာ လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ရင်း မျက်စိများကို စုံမှိတ်ထားလေသည်။ ခဏအကြာမှ ကြေးစေ့လေးများကို ပန်းကန်ထဲကြဲချလိုက်သည်။ မျက်စိကို တစ်ချက်မျှဖွင့်ကြည့်ပြီး -

"သုံးတော်ဝတ်မိန်းမသားယူတယ်"

ဟု တစ်ခွန်းပြော ကြေးစေ့များကို ပြန်ကောက်ယူပြီး နောက်တစ်ကြိမ် ပန်းကန်တွင်း ကြဲချသွားအပြီးမှာတော့ -

"အခု ပြန်ထားနေပြီ။ အိမ်ပြန်၊ အခုပြန်။ နဂိုနေရာမှာပြန်ရောက်နေပြီ"

ဟု ပြောကာ အာရုံပြုမှုကို ရပ်လိုက်ပုံရလေသည်။

"သမီး အိမ်ပြန်။ ယူတဲ့လူအိမ်မှာရောက်နေတယ်။ ဘာမှမပြောနဲ့နော်။ မေ့တ္တာထား၊ ကိုယ်ပစ္စည်းကို ပြန်ရပြီပဲနော်"

ဟု မေမေ့ကို သေချာမှာကြားကာ အိမ်ပြန်ခိုင်းလေသည်။ အိမ်မြဲရော မေမေပါ တောင်ပေါ်မှ ဒုန်းစိုင်းပြေးဆင်းလာခဲ့ကြသည်။ အိမ်ပြန်ရောက်သောအခါ ၎င်းစိန်နားကပ်သည် ကျောက်ပျဉ်ပေါ်မှာ ပြန်ရောက်နေလေသည်။ တရားခံကိုတော့ ရှာမတွေ့ပါ။ အိမ်မှာက ထမင်းချက်အကူ၊ အဝတ်လျှော်သည်၊ လက်ဖက်ပွဲစား အလွန်လူစုံလေရာ ဘယ်သူ့ကိုမှစွပ်စွဲ၍မရပါချေ။

ဘယ်လိုပဲဖြစ်ဖြစ် အိမ်မြဲကတော့ ဘွားဘွားဒေါ်နက်တည်ကိုအရမ်းအထင်ကြီးသွားသည်။

မေမေကလည်း -

"အမေ ဒေါ်နက်တည်က ခြိမ်းခြောက်ငွေညှစ်တဲ့နတ်ကတော်မျိုးမဟုတ်ဘူး။ ဖရုသဝါစာလည်းမပြောတတ်ဘူး။ တကယ်တည်ငြိမ်အေးချမ်းတဲ့ နတ်ကတော်အစစ်သမီးရဲ့၊ ရှားတယ်"

ဟု ချီးကျူးသည်။

"မေမေ နတ်ကတော်ဆိုပြီး ယောကျ်ားယူလို့ရလား"

"ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်းဆိုပြီးယူရတာတဲ့။ အစေခံလိုလို့ပါဆိုပြီး ခွင့်တောင်းပြောယူတာလို့ပြောကြတာပါပဲ"

အဖေကြီးအတွက် စိတ်မကောင်းဖြစ်ရသည်။ သို့ပေမယ့် ဘွားဘွားရဲ့အစေခံဆိုသော်လည်း ဘွားဘွားကချည်း အဖေကြီးကို ပြုစုနေတာကိုလည်း တွေ့ရတော့ အိမ်မြဲ စဉ်းစား၍ အဖြေမထွက်နိုင်ခဲ့ပါ။

◆

အိမ်မြဲဖေဖေသည် အနောက်မယ်တော်ကြီးလေးပါးကို တစ်နှစ်တစ်ခါမှန်မှန်တင်၍ မယ်တော်ကြီးတို့ကပဲ စောင့်ရှောက်လေသလား၊ အတိတ်ကံအကျိုးပေးချိန် ရောက်လေသလားတော့မသိ ဖေဖေ စီးပွားအရမ်းတက်လေသည်။ အိမ်မြဲတို့နေဖို့ နှစ်ထပ်တိုက်လှလှလေးတစ်လုံးကိုလည်း ဆောက်ပေးသည်။ အမေရိကန်လုပ် ဂျစ်ကားတစ်စီးလည်း ဝယ်နိုင်လေသည်။

၎င်းတိုက်သစ်ပေါ်သို့ အိမ်တက်မင်္ဂလာလုပ်ပြီး စတင်နေသည့်အချိန်မှစ၍ မေမေဗွေဖောက်လာသည်။ အခြားမဟုတ်ပါ။အိမ်တွင်းအုန်းမဆွဲတော့ခြင်းဖြစ်လေသည်။ ဖေဖေက ကြောက်သည်ထင့်။ မေမေကို အိမ်တွင်းတင်ဖို့ သတိပေးသည်။

"နတ်သက်က တစ်ထောင်တဲ့တော်ရေ။ အနော်ရထာလက်ထက်ကတည်းက နတ်တွေကျွတ်တမ်းဝင်ကုန်ပြီ။ နည်းနည်းပါးပါးကျန်တာလောက်ကိုလည်း မေတ္တာပို့ပေးပါတယ်၊ အမျှဝေပေးပါတယ်။ ဒါဆို တော်ပါပြီ"

ဖေဖေက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းရင်းလှည့်ထွက်သွားသည်။ အမှန်တော့ မေမေက သူ့အိမ်သစ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com

နှမြောသောကြောင့် ဖြစ်ပါသည်။ ဟိုခေတ်က အိမ်တွင်းတင်လျှင် ယခုခေတ်လို စပရေးရေမွှေးတွေဖျန်းပြီး ဖြစ်သလိုတင်သည်မဟုတ်။ နံ့သာငါးပါးသွေးပြီး ငွေခွက်ထဲထည့်ကာ ပက်ဖျန်းကြခြင်းဖြစ်လေသည်။ ထိုအခါ သနပ်ခါးရည်နှင့် အုန်းကိုဖျန်းပါက အိမ်နံရံမှာ သနပ်ခါးစက်တွေတင်ပြီးအရုပ်ဆိုးသွားမှာ၊ အိမ်အလှပျက်သွားမှာစိုးသောကြောင့် ဖြစ်ပါသည်။

အမှန်တကယ်လည်း အမျှဝေသည်၊ မေတ္တာပို့သည်။ နာမည်တပ်ခေါ်ပြီးမှ သေချာအမျှပေးဝေခြင်း ဖြစ်ပါသည်။ တောင်ပြုံးကိုတော့ အဝေးကလှမ်းဆက်တာမပျက်ပါ။ မယ်တော်ကြီးလေးပါးကိုတော့ မတင်တော့။ လယ်တီဆရာတော်ကြီး၏ နွားနို့ကာဖတ်ပြီး အမဲကိုလုံးဝရှောင်လိုက်ခြင်းဖြစ်သည်။

ဖေဖေကတော့ -

"မင်းသဘောကွာ၊ လုပ်ချင်ရာသာလုပ်။ မင်းမျိုးရိုးပဲ"

ဟု စိတ်ပျက်လက်ပျက်ပြောရှာသည်။

ၚင်းအိမ်တွင်းမဆွဲသည့်နှစ်မှာပင် တိုက်တိုက်ဆိုင်ဆိုင် လက်ဖက်ဈေးတွေထိုးကျတော့သည်။ ရွှေတစ်ကျပ်သား (၂၅၀) ခေတ်မှာ ဖေဖေ သိန်းချီပြီးရှုံးတော့သည်။ လက်ဖက်ခြောက်ရောအစိုများမှာ ဂိုဒေါင်အပြည့်။ ဖောက်သည်တွေကလည်း ဈေးထိုးကျနေ၍ လက်ဖက်မမှာရဲကြ။ တစ်နေ့နေ့ ဖေဖေ့မှာ အကြံမျိုးစုံထုတ်သော်လည်း အဖြေကထွက်မလာ။ ထိုအခါ ဒေါသက မေမေ့ဘက်လှည့်လာတော့သည်။

"မင်းအိမ်တွင်းအုန်းပြန်ဆွဲစမ်း။ တစ်ခါမှ ဒီနှစ်လောက် ဈေးမကျဘူး။ တိုက်ဆိုင်တာလွန်ပြီ"

"မဆိုင်ပါဘူးရှင်၊ ဒီတစ်ခါရှုံးတာပဲ ပြောနေ။ နှစ်အဆက်ဆက်မြတ်ခဲ့တာတွေနဲ့ ပြန်ချေလိုက်စမ်းပါ။ မရှုံးပါဘူး"

"အဲဒါပြောတာပေါ့။ နှစ်အဆက်ဆက်မြတ်ပြီး ဒီနှစ်မှပဲ လက်ဖက်ဈေးကျရတယ်လို့"

"လောကဓံတရားရှစ်ပါးဆိုတာရှိတယ်တော့်။ အနိမ့်၊ အမြင့်၊ အတက်၊ အကျဆိုတာရှိမှာပဲ။ မြတ်တာရှိရင် ရှုံးတာလည်းရှိမှာပဲ"

"တော် ငါ့ဘဝမှာရှုံးတယ်ဆိုတာ မရှိစေရဘူး"

"တရားမရှိလိုက်တာ။ ဒါကြောင့်ပြောတာ ငွေချည်းဖိမရှာနဲ့။ သတိပဋ္ဌာန်လေးဘာလေးနာဦး"

ထိုခေတ်က ဝိပဿနာခေတ်မစားသေး။ သတိပဋ္ဌာန်ကိုသာ တစ်နိုင်ငံလုံး ဇောက်ချကျင့်နေကြချိန် ဖြစ်လေသည်။

"ဘာပဲဖြစ်ဖြစ် ဒီနေ့ အိမ်တွင်းတင်။ ဒါအိမ်ထောင်ဦးစီးအမိန့်ပဲ"

"အိမ်ရှင်မဆန္ဒအရ လုံးဝအုန်းမဆွဲနိုင်ဘူး။ ဒါပေမယ့် မေတ္တာပို့ပေးမယ်၊ အမျှဝေပေးမယ်"

"မင်းအမျှကြီးကို သူတို့မလိုချင်လို့ လက်ဖက်ဈေးကျတာပေါ့ကွ။ ခေါင်းကမာနေသေးတယ်။ ငါရှုံးရင်မင်းလည်း ငတ်မှာပဲ"

"အုန်းဆွဲပေးရင် လက်ဖက်ဈေးပြန်တက်မှာလို့ ရှင်အာမခံနိုင်သလား။ ကဲ - ပြော"

"ဒါဆို မင်းရဲ့ မေတ္တာပို့၊အမျှဝေနေလို့ကော လက်ဖက်ဈေးကတက်လာမှာလား"

"တက်လာမှာ၊ ကျွန်မအာမခံရဲတယ်။ ရှင်သာ ယောက်ျားဖြစ်ပြီး အာမမခံနိုင်တာ"

"ဘာကွ - စန်လေ။ မင်းဘယ်လောက်အမျှဝေ၊ မေတ္တာပို့ပို့ မင်းရှုံးမှာပဲ။ တစ်ပတ်အတွင်း လက်ဖက်ဈေးပြန်တက်အောင်လုပ်ကြည့်။ မတက်ရင် နတ်ပြန်တင်ပါ့မယ်လို့ ကတိပေး"

သည်လိုနှင့် ဖေဖေနှင့် မေမေတို့၏ နတ်တင်ခြင်းနှင့် အမျှဝေခြင်းလွန်ဆွဲပွဲကြီးစခဲ့လေသည်။ မေမေက ခါတိုင်းထက် ပိုပြီး ဘုရားဝတ်ပြုခြင်း၊ တရားအားထုတ်ခြင်း၊ မေတ္တာပို့၊ အမျှဝေခြင်းတို့ကိုဂရုတစိုက်လုပ်ဆောင်လေသည်။

"နင့်အဖေ မိစ္ဆာဒိဋ္ဌိကြီးတော့ ကျွတ်ချိန် တန်ပြီ"

ဟုလည်း အိမ်မြကို တိုးတိုးလေး အတင်းပြောသေးသည်။

အလွန်ထူးဆန်းသော အဖြစ်အပျက်များဖြစ်လာပါသည်။ အိန္ဒိယမှာ မိုးခေါင်၍လက်ဖက်ညွန့်တွေနုကုန်သည်။ ထို့ကြောင့် မြန်မာပြည်မှ လက်ဖက်တွေ ရသလောက်ဝယ်မည် ဟူသောသတင်း ကြားရပါတော့သည်။ ရက်ပိုင်းအတွင်း လက်ဖက်စိုရော လက်ဖက်ခြောက်ပါ ဈေးတွေ မတန်တဆခုန်တက်သွားလေသည်။

မေမေ့မျက်နှာပြုံးနေတော့သည်။ ဖေဖေကလည်း မေမေ့ကို အထင်ကြီးစွာကြည့်ရင်း သူ့လက်ဖက်တွေပို့ဖို့ အလုပ်တွေရှုပ်နေလေသည်။

အိမ်မြအတွက် စဉ်းစားစရာတွေများလာပါသည်။ ငယ်စဉ်က မေမေမီးတွင်းမှာ မယ်တော်ကြီးလေးပါးဝင်ပူးသည်မှာလည်း လက်တွေ့ဖြစ်သည်။ မေမေ့စိန်နားကပ်ပျောက်တော့လည်း နတ်ကတော်ဘွားဘွားဒေါ် နက်တည်ကဟောခဲ့သည်မှာ လုံးဝမှန်ကန်ခဲ့ပါသည်။ သို့ဆိုလျှင် နတ်ဆိုသည်မှာ အမှန်တကယ်ပင်ရှိသည်ဟု လက်မခံမဖြစ်လက်ခံရပေလိမ့်မည်။

သို့သော်လည်း မေမေပြောသလို နတ်တို့ရိကွာ နတ်သုဒ္ဓါသည် အလွန်ကောင်းမွန်သောကြောင့် လူတွေတင်သည့် အပေါစား မုန့်ဖြူ မုန့်နီများကို သူတို့ကြိုက်ပါ့မလားဆိုသည်က စဉ်းစားရမည့်အချက်ပင် ဖြစ်သည်။ အိမ်မြကြားဖူးသည်မှာ နတ်ဘဝသည် ကုသိုလ်ကောင်းမှုပြုရန်မလွယ်။ ကုသိုလ်လုပ်လျှင် လူတွေ၏အကူအညီကိုယူရသည်ဟု ကြားဖူးပါသည်။ လူတို့ကောင်းမှုပြု၍ ဝေငှသောအမျှ၊ မေတ္တာကို သာဓုခေါ်နိုင်မှသာ သူတို့အတွက် မြတ်သောကုသိုလ်ကိုရသည်ဟု ပြောကြပါသည်။

ယခု လက်ဖက်ဈေးပြန်တက်ခြင်းဟူသော အကျိုးတရားသည် မေမေ၏ မေတ္တာပို့၊ အမျှဝေခြင်း ဟူသော အကြောင်းတရားမှ ဖြစ်ပေါ်လာသည်ဟုယူဆနိုင်ပါသည်။ ဒါဆို နတ်ဒေဝတာတို့သည် သူတို့ကို ပူဇော်ပသသည်ထက် မေတ္တာပို့၊ အမျှဝေခြင်းကို ပိုကြိုက်တာ သေချာသွားပေပြီ။

ထိုအဖြစ်အပျက်များ၏ နောက်မ... စ၍ အိမ်မြ၏ ဖေဖေရော မေမေ... အချိန်အားတိုင်း သတိပဋ္ဌာန်တရား... အားထုတ်ရင်း အလှူဒါနများပြုရင်း အမျှ၊ မေတ္တာပေးဝေရင်းနှင့် သံသရာ... မှာ တစ်ဘဝတစ်ခန္ဓာချုပ်ခဲ့ကြပါသည်။

◆

ထို့ကြောင့် ဘွားအိမ်မြသည်... လည်း မိဘများပြုခဲ့သည့်အတိုင်း ငါးပါး... သီလကို လုံအောင်ထိန်းကာ ဝိပဿနာ... အားထုတ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေ... ခြင်းများကို ကြိုးစားရွက်ဆောင်ရင်း ဘဝ... နေဝင်ချိန်များကို သက်သောင့်သက်သာ... ကျော်ဖြတ်နေပါသည်။

ပြုပြုသမျှ ကုသလကို ကြားကြား... သမျှ အမျှ၊ အမျှ၊ အမျှယူတော်မူကြ... ပါကုန်လော့။

ခိုခို (ကျော...)



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲနို့ကြွက်နို့ပျောက်ဆေးနှင့် ငါးမျက်စိ၊ဒူလာ၊လိပ်ခေါင်း၊မြင်းသရိုက်အစရှိသောအနာပေါက်ဆေးနည်း၊ အမျိုးသမီးဓမ္မတာကုထုံးများ

## (၁) ကြွက်နို့ပျောက်ဆေးနည်း

လူတို့ ခြေ၊ လက်တွင်ပေါက်တတ်လေ့ရှိသောကြွက်နို့ကိုသတ်ရန်အတွက် ဆေးနည်းမှာ မြွေအရေခွံကို ထန်းလျက်ခဲအပျော့ထဲသို့ လုံး၍ထည့်ပြီး ဗုဒ္ဓသရဏံ ဂစ္ဆာမိဟုဆိုပြီး (၁) လုံး၊ ဓမ္မံသရဏံဂစ္ဆာမိဟုဆိုပြီး (၁) လုံး၊ သံဃံသရဏံဂစ္ဆာမိဟုဆိုပြီး (၁) ဖြင့် (၃) လုံးသောက်ပေးရပါမည်။ (၃)ကြိမ်၊ (၄)ကြိမ်လုပ်ပေးခြင်းဖြင့် ကြွက်နို့ရောဂါများ အက်သာပျောက်ကင်းသွားပါလိမ့်မည်။

## (၂) ကျွဲနို့ခေါ် ကြွက်နို့သတ်ဆေးနည်းတစ်လက်

ကြွက်နို့ပေါက်နေသူသည် မုဆိုးမအိမ်တွင် စိုက်ပျိုးထားသော မာလကာပင်နှင့် ကြွက်နို့ကို ပွတ်ပေးပါ။ ပွတ်ပြီးလျှင် နောက်ပြန်မကြည့်ဘဲ မိမိလိုရာခရီးကိုသွားပါ။ ထိုသို့ပြုလုပ်ခြင်းကို မည်သူ့ကိုမျှ မပြောပါနှင့်။ (၇) ရက်အတွင်း ၎င်းကြွက်နို့များ ပျောက်ကင်းပါလိမ့်မည်။ ကျွဲနို့ခေါ်ကြွက်နို့ရှင်သည် မိမိလုပ်တိုင်ပုံကို ကြွက်နို့မပျောက်ခင် ပြောပြပါက မပျောက်ကင်းပါ။ ကြွက်နို့သတ်ပြီး တစ်လလောက်ကြာမှ ပြောပြလျှင် ပျောက်ကင်းပါသည်။

## (၃) ငါးမျက်စိပျောက်ဆေးနည်း

လက်များတွင် ငါးမျက်စိပေါက်ခဲ့လျှင် ဝါးရုံပင်အောက်သို့သွားပြီး အကွဲအပြဲမပါရှိသော ဝါးရွက်ကို နောက်ပြန်ဆူးပါ။ မိမိတွင်ပေါက်နေသော ငါးမျက်စိများကို အလုံးရေတွက်ပြီး ဝါးရွက်ပေါ်တွင် ဘောလ်ပင်နှင့်ရေးပါ။ ငါးမျက်စိတစ်လုံးလျှင် ဝလုံးတစ်လုံးရေးပြီး ထပ်၍ (၃) ကြိမ်ရေးပါ။ အားလုံးရေးပြီးပါက နွားဗွက်အိုင်ရှိရာသို့သွားပြီး ကျင်းတူး၍ စာရေးထားသောဝါးရွက်ကို မှောက်ချပြီး နွားဗွက်နှင့်ပြန်ဖုံးပါ။ အိမ်သို့ပြန်ခဲ့ရာတွင် နောက်သို့ ပြန်လှည့်မကြည့်ရ။ ဤကဲ့သို့ပြုလုပ်ပြီး (၉) ရက်ပြည့်လျှင် ငါးမျက်စိအပတ်လည်ကို ရှောက်ပင်မှ ရှောက်ဆူးဖြင့် ထိုးဆွပါ။ ကြွတက်လာလျှင် ကော်ဆွတ်ပစ်လိုက်ပါ။ (၁) ရက်၊ (၂) ရက်အတွင်း အနည်းငယ်နာပါလိမ့်မည်။ (၃) ရက်ပြည့်ပါက လုံးဝပျောက်ကင်းသွားပါလိမ့်မည်။ နောက်ထိုနေရာတွင် ငါးမျက်စိ လုံးဝပျောက်ကင်းပြီး ထပ်မပေါက်တော့ပါ။

## (၄) လက်တွေ့ပျောက် အနာပေါက်ဆေးနည်း

အနာပေါက်ဆေးကုထုံးဆေးနည်းတစ်လက်မှာ ကဒက်ပင် (ခံတက်ပင်)မှ အခေါက်ကိုခွာယူပြီး ရေစင်စွာဆေး၍ ပြီးလျှင် ကျောက်ပျဉ်တွင် ပျစ်နေအောင်သွေးပြီး ပြည်တည်နာပေါ် သို့လိမ်းအုံ၍ထားပါ။ ပြည်ပေါက်လျှင် ကြက်သွန်နီဥ၏အမြေးကို အနာပေါ် သို့ ထပ်မံအုံပေးပါ။ အနာမှပြည်များ ကြက်သွန်နီအမြေးက စုပ်ယူပြီးသားနံ့ရည်များထွက်လာပါလိမ့်မည်။ (၂) ရက်၊ (၃) ရက်အတွင်းပြုလုပ်ပေးပါက အသားနုတက်ပြီး မကြာခင် အနာကျက်၍ ပျောက်ကင်းပါလိမ့်မည်။

## (၅) အနာရောင်ခြင်း၊ ငန်းမန်းလိုက်ခြင်းစသောရောဂါများ ပျောက်ကင်းသည့်ဆေးနည်းတစ်လက်

ကုန်းထိကရုံးအရွက်ကိုကြိတ်ပြီး ထုံးအနည်းငယ်နှင့်ရောနယ်ကာ ရောင်၍ ငန်းမန်းလိုက်သော အနာပေါ် သို့ အုံပေးပါက (၃) ရက်အတွင်း ပျောက်ကင်းပါမည်။

## (၆) ဒူလာ၊မြင်းသရိုက်၊လိပ်ခေါင်းအတွက် ကုသနည်း

ကုန်းထိကရုံးပဥ္စငါးပါးကို အရိပ်ထဲတွင် အခြောက်လှန်းပြီး အမှုန့်ပြုလုပ်ပါ။ နွားနို့၊ ကျွဲနို့၊ ဆိတ်နို့ ရရာထစ်မျိုးနှင့် မန်ကျည်းစေ့လေးစေ့ခန့် အကြမ်းပန်းကန်တစ်ဝက်ဖျော်၍ နံနက်၊ ညတစ်နေ့လျှင် (၂) ကြိမ် (၉) ရက်သောက်ပေးခြင်းဖြင့် ဒူလာ၊ မြင်းသရိုက်၊ လိပ်ခေါင်းရောဂါ ပျောက်ကင်းပါသည်။

## (၇) ကြာရှည်စွာ စွဲကပ်နေသော ဒူလာရောဂါပျောက်ဆေးနည်း (ကချင်တိုင်းရင်းဆေးနည်း)

ဆောင်းတွင်းအခါတွင် ရသော ဖြူငယ်မျိုး၏ အူအစာအိမ်ဖြူချေးထုပ်ဟုလည်း ခေါ်သည်။ အခြောက်လှန်းပြီး ခြောက်လျှင် ရေနှင့်ပြုတ်ပြီးသောက်ပါ။ သောက်လျှင် ခါးသောအရသာရှိပါသည်။အစာအိမ်အူမတစ်ခုလျှင် ဝေဒနာသည် (၅) ဦးခန့် သောက်နိုင်ပါသည်။ ကြာရှည်ခံစားရသော ဒူလာရောဂါ ယူပစ်သလို ပျောက်ကင်းပါမည်။

## (၈) သွေးဒူလာရောဂါပျောက်ဆေးနည်း

ဝမ်းသွားလျှင် သွေးကျသော ဒူလာရောဂါအတွက် ဆေးနည်းမှာ ပိတောက်နှစ်ကို အကြမ်းပန်းကန်တစ်လုံးစာခန့်သွေးပြီး ဆားသင့်ရုံထည့်၊ မွှေ၍သောက်ပါက သွေးဒူလာရောဂါ ပျောက်ကင်းပါသည်။

## (၉) သွေးအန်နာပျောက်ဆေး

သံပရာသီးအကြီးကြီးကို အရည်ညှစ်ပါ။ ပန်းကန်ထဲသို့ သကြား ကော်ဖီဇွန်း (၂) ဇွန်းထည့်ပြီး သံပရာရည်နှင့် ရောမွှေပါ။ ဖျော်ပြီးလျှင်သောက်ပါက သွေးအန်နာ ပျောက်ကင်းပါသည်။

## (၁၀) သွေးထိမ်ခြင်းရောဂါပျောက်ဆေးနည်း

အမျိုးသမီးများ လစဥ်လာနေကျ ဓမ္မတာမလာဘဲထိမ်နေပါက ကုသရန် ဆေးနည်းများမှာ -

၁။ တင်ပွန်းချဉ်ရွက် (၅) ကျပ်သား၊
၂။ ထန်းလျက် (၅) ကျပ်သား၊
၃။ တရုတ်စံကားမြစ် (၅) ကျပ်သား၊
၄။ စမုန်မျိုး (၅) ကျပ်သား။

၎င်းဆေးအမည်စုစုပေါင်း (၂၀) သားထဲမှ တစ်မျိုးလျှင် (၁) ကျပ်သားစီစုပြီး ဆေး (၄) ကျပ်သားကို ရေ(၉)ခွက်ဖြင့်ကျိုပါ။ (၃)ခွက်(၁)ခွက်တင်ကျိုလျှင် (၃) ခွက်ကျန်ပါလိမ့်မည်။ နံနက်၊ နေ့၊ ည (၃) ခွက် သောက်ပါက သွေးပြန်လည်၍ပေါ်ပါလိမ့်မည်။

*အာရောဂျံပရမံလာဘံ*

ရောမြေကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

လက်ပံသုံးပင်ဟု အမိပွာယ်ထွက်သည့် (ရှမ်းအခေါ်) မိုက်ညှဆမ်တွန့်ရွာထိပ်တွင် မကြာလှသေးသော ကာလအထိ အမန့်တကယ်ပင် လက်ပံပင်သုံးပင် ပေါက်ရောက်လျက်ရှိသည်။ ထိုရွာကို ဆိုနဲ့ မောက်မယ်သွား ကားလမ်းမ မိုင်တိုင် (၁၀)၊ တစ်နည်းအားဖြင့် မောက်မယ်မြို့မှ (၁၇) မိုင်အကွာ ကားလမ်းမ



www.burmeseclassic.com

www.burmeseclassic.com



(တောင်ကြီး)

# ဒေါက်တာဒေါ်နု

## အဃ်ရှေးဝင်၄ ယခင်တင်ခဲ့လေမှုန်း

(အံ့ဩတုန်လှုပ်ဖွယ်တကယ့်ဖြစ်ရပ်မှန်မှုခင်း

ကြီး၏ အနောက်ဘက် ကိုက်(၂၀၀)ခန့်တွင်တည်ရှိသော ကုန်းမို့မို့ကလေးပေါ်တွင် တည်ထားသည်။ ရွာ၏ မြောက်ဘက် (၁) မိုင်ခန့်တွင် လွိုင်တန်ဟု ခေါ်သော ပေ (၃၀၀) ခန့်မြင့်သည့် တောင်ကုန်းကြီးတစ်ခု ထီးထီးကြီးတည်ရှိနေသည်။ ထိုလွိုင်တန်၏ အရှေ့ဘက်တောင်ခြေ ကားလမ်းမပေါ်တွင် မိုးနဲ-မောက်မယ်မြို့နယ်ခြားမှတ်တိုင်ရှိသည်။ ရှေးအခါက မောက်မယ်နှင့် မိုးနဲနယ်ရှင်များအချင်းချင်းစစ်ခင်းကြရာ၌ လွိုင်တန်တောင်ထိပ်ပေါ်တွင် မိုးနဲနယ်ရှင်များက အမြောက်လက်နက်များလာတင်ထားကြပြီးတပ်စွဲခဲ့သည့်တောင်ကုန်းဖြစ်သည်ဟု ပါးစပ်ရာဇဝင်ကဆိုခဲ့ကြသည်။

အဆိုပါ လွိုင်တန်တောင်ကုန်းကြီးကို ဗဟိုပြု၍ ဆယ်မိုင်ခန့်ရှည်လျားသည့် အချင်းဝက်ဖြင့် စက်ဝိုင်းကြီးတစ်ခုကို စိတ်ကူးဖြင့်ဆွဲကြည့်မည်ဆိုပါက အရှေ့ဘက်တွင် ခုံမွန်၊ စိုင်းဟုတ်၊ တွန်ခန်နှင့် ပန်ဆန်းရွာများ၊ တောင်ဘက်တွင် ကုန်းလေမုတ်၊ ကုန်းဝပ်၊ ပန်တောင်၊ ကုန်မလန်း၊ မုန်းစံနှင့် နောင်ပိရွာများ၊ အနောက်တောင်ဘက်တွင် လွိုင်ခုတ်၊ လွိုင်ဆောင်၊ကုန်းလျန်ရွာများ၊အနောက်ဘက်စူးစူး (၁၀) မိုင်ခန့်တွင် ကုန်မလန်း၊ ဆောင်ကျဲနှင့်နားတောင်ရွာများ၊မြောက်ဘက်တွင်ဝမ်ပိန်း၊ တက်တပ်၊ ကုန်းပေါင်းစသော မိုးနဲမြို့နယ် လွိုင်လုံ၊ ကာဟအုပ်စုမှရွာများပါဝင်သည့် တိုင်းလွိုင်ဟုခေါ်သော တောင်ပေါ် ရှမ်းတိုင်းရင်းသားတို့ စုဝေးနေထိုင်ရာ ဒေသလေးတစ်ခုကို သတိပြုမိပေလိမ့်မည်။

တိုင်းလွိုင်မျိုးနွယ်စုတို့သည် လူမျိုးခြားများကိုမဆိုထားနှင့် မျိုးနွယ်တူရှမ်းကြီးခေါ် မြေပြန့်ရှမ်းတို့နှင့်ပင် ရောနှောနေထိုင်ခြင်းမရှိဘဲ မိမိတို့မျိုးနွယ်တစ်မျိုးတည်းသာ တောထဲတောင်ထဲ၌ သီးသီးသန့်သန့်နေထိုင်ကြသည်။ အမျိုးသမီးများက လက်မောင်းကြပ်လက်ရှည်အင်္ကျီဝတ်ဆင်ပြီး အနက်ရောင်ပြောင်ထဘီကို ငွေခါးပတ်နှင့်တွဲ၍ ဝတ်ကြသည်။ ဦးခေါင်းတွင် မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းအဖြစ်ပေါင်းကြပြီး နားပေါက်ကျယ်ကြီးများဖောက်၍ ဖက်လိပ်နားတောင်းဟုခေါ်သော အခေါက်ရွှေပြားကိုလိပ်၍ပန်ဆင်ကြသည်။ အမျိုးသားများမှာ အပြာရောင်နှင့် အစိမ်းရောင် ပြောင်ရုပ်အင်္ကျီများကို နှစ်သက်ကြပြီး ရှမ်းဘောင်းဘီအနက်ရောင်ကို ဝတ်ဆင်၍ မျက်နှာသုတ်ပဝါဖြင့် ခေါင်းပေါင်းပေါင်းလေ့ရှိသည်။ တိုင်းလွိုင်လူပျိုလူလွတ်များက ညာဘက်နားတစ်ဖက်တည်းကိုသာဖောက်ပြီး အစိမ်းရောင်နှင့် ပန်းရောင်သိုးမွေးချည်တို့ဖြင့် ကျစ်လုပ်ထားသော နားပန်များကို အလှပန်ဆင်ကြသည်။ တိုင်းလွိုင်တို့ပြောသော ရှမ်းစကားမှာ အနည်းငယ်ဝဲပြီး လေယူလေသိမ်းမှာ ပေါ့နေသဖြင့် ရုတ်တရက်နားလည်ရန် ခဲယဉ်းသော်လည်း နားဝင်ချိုလှသဖြင့် သူတို့၏ လေယူလေသိမ်းကို ကျက်မိနေသော မောက်မယ်ဈေးအတွင်းမှ ဈေးသည်များက အရွှန်းဖောက်လိုသောအခါများတွင် တိုင်းလွိုင်တို့၏ လေယူလေသိမ်းကို တုပ၍ပြောဆိုကြပါသည်။

တိုင်းလွိုင်တို့၏ ဓားမဦးချ မိရိုးဖလာလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးရေးအလုပ်ဖြစ်ပြီး တောင်ယာခင်းမှထွက်သောတောင်ယာဆန်(ဆန်လုံးညို)သည် သူတို့အတွက် တစ်နှစ်ပတ်လုံးစားသုံးရန် လုံလောက်သည်။ ကျွဲနှင့် နွားများကိုလည်း မွေးမြူလေ့ရှိသဖြင့် တိုင်းလွိုင်ကလေးသူငယ်များအားလုံးလိုလို ကျွဲကျောင်း၊ နွားကျောင်းခြင်းအတတ်ကို ငယ်စဉ်ကပင် အကျွမ်းတဝင်ရှိခဲ့ကြပါသည်။ တိုင်းလွိုင်တို့၏ အိမ်တိုင်းလိုလိုတွင် 'အိမ်နောက်ဖေး ဈေးဆိုင့်တည်' ဆိုသောဆိုရိုးစကားအတိုင်း မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် လုံလောက်သောခြံမြေများလည်းရှိကြပြီး တိုင်းလွိုင်အမျိုးသမီးတိုင်းလိုလို အိမ်ခြံစိုက်ပျိုးရေးကိုကျွမ်းကျင်ကြသဖြင့် ဆယ့်နှစ်လပတ်လုံး အဆိုပါ အိမ်ခြံစိုက်ပျိုးရေးမှ ရာသီစာဟင်းသီးဟင်းရွက်များ



www.burmeseclassic.com

www.burmeseclassic.com

မပြတ်မလပ် ပုံမှန်ထွက်လျက်ရှိသည်။ မုန့်လာပန်း (ပန်းဂေါ်ဖီ) မုန့်လာထုပ်၊ မုန့်လာဥ၊ မုန့်လာသီး၊ မုန့်ညင်း၊ ကိုက်လန်၊ ပဲလိပ်ပြာ၊ ပဲပြင်းစေ့၊ ပဲထွန်၊ ဗိုလ်စားပဲ၊ ရွှေပဲသီး၊ ပဲပုစွန် (နွေပဲသီး)၊ စားတော်ပဲမှအစ ဘူး၊ ဖရုံ၊ သခွား၊ အာလူး၊ ပိန်းဥများအလယ်၊ ဂန္ဓမာ၊ သပြေ စသည့် ဘုရားပန်းများအဆုံး ငါးရက်တစ်ဈေးဈေးနေ့တိုင်း တိုင်းလွိုင်မတို့ထံတွင် ရောင်းချစရာ ဟင်းသီးဟင်းရွက်များက နှစ်ပတ်လည်သည်အထိ မပြတ်မလတ်ရှိနေသည်။

တောင်ယာလုပ်ငန်းပြီးဆုံးသည့်နွေကာလများတွင် တောထဲတောင်ထဲလည်ပတ်ရင်းက သစ်ခွပန်း၊ ဖယောင်းပန်း၊ မြန်မာလို ချဉ်အကိုရွက်ဟု အဓိပ္ပာယ်ရသော (ရှမ်းအခေါ် ဆမ်ပီရွက် (သုပ်စားရသည်)၊ အောင်းခေါ် ပဒူ (ပျားဟု) သားပေါက်ကောင်များ၊ (ရှမ်းအခေါ် တော်) မျာန်းမန်းခေါ် (စားရသော ပရွက်ဆိတ်ဥတစ်မျိုး) ခါချဉ်ဥများ၊ ပျားရည်နှင့် ပတတ်ကောင်လေးများ၊ ရောင်းချစရာ တောစာအဖြစ်ပါလာလေ့ရှိပြီး ဇူလိုင်လများတွင် တောကနစိုးသီး (ရှမ်းအခေါ် မတ်ဖိုင်း) များ၊ မှိုဥနှင့် မှိုသားများပါလာကြသည်။ ရှူ့တွတ်မှိုဥကလေးများကို ဒေါင်လိုက်သုံးလုံးတွဲ၍ ခြင်းကြားကလေးများနှင့်ထည့်လာကြသည်။

မိုးနဲ၊ မောက်မယ်မြို့များတွင် ဈေးဝယ်ကြသော အိမ်ရှင်မများအတွက် တိုင်းလွိုင်မခေါ် တိုင်းလွိုင်မေပျိုတို့သည် ကျွေးကျေးဇူးရှင်များ ဖြစ်သည်ဟုဆိုပါက မမှားနိုင်တော့ပေ။ ထိုဒေသများတွင် တိုင်းလွိုင်တို့လာရောက်ရောင်းချပေးသော ဟင်းသီးဟင်းရွက်များနှင့် ကင်းသည့် မီးဖိုချောင်တစ်ခုကို လက်ညှိုးထိုးပြပါဆိုလျှင် အတော်ပင် အရှာခက်သွားပေလိမ့်မည်။

တိုင်းလွိုင်တို့သည် ရှေးရိုးစဉ်လာဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်နှင့်အညီ ရွာကြီးများဖြစ်သော မိုက်ညှ၊ ခုံမွန်၊ ကုန်းလေမှတ်၊ ကုန်းဝပ်၊ ပန်တောင်နှင့် ကုန်းမယန်းရွာများတွင် ဘုန်းတော်ကြီးကျောင်းများတည်ထောင်ကိုးကွယ်ထားကြသည်။ ဥပုသ်ရက်များတွင် (ရှမ်းအခေါ် နွမ်းကျောင်း)ဟုခေါ် သောဥပုသ်သီတင်းသီလ ဆောက်တည်ခြင်းများရှိသည်။ ရိုးသားအေးဆေးသောအနေအထိုင်များကြောင့် တိုင်းလွိုင်တို့၏ လူနေမှုအဆောက်အအုံတွင် ခိုက်ရန်ဒေါသဖြစ်မှု၊ ခိုးမှု၊ တိုက်မှု၊ လုယက်မှုများ မရှိသလောက်နည်းပါးသည်။

ထိုမျှ ငြိမ်းချမ်းအေးဆေးစွာနေထိုင်ကြသော တိုင်းလွိုင်တို့ဒေသတွင် အလွန် အရုပ်ဆိုးအကျည်းတန်သော လူသတ်မှုကြီးတစ်ခုဖြစ်ပွားသွားသောအခါ တိုင်းလွိုင်တို့၏အသိုင်းအဝိုင်းကိုကျော်လွန်၍ မိုးနဲ၊ မောက်မယ်နှင့် လင်းခေးမြို့နယ်တို့တွင် မှီတင်းနေထိုင်ကြသောတိုင်းရင်းသားများအားလုံး အထူးပင် တုန်လှုပ်ချောက်ချားသွားကြလေသည်။

အသတ်ခံလိုက်ရသူကလေးကား မိုက်ညှဆန်ရွာမှ (၁၄) နှစ်သမီး န္ဒွားကျောင်းသမလေးဖြစ်ပြီး ရက်ရက်စက်စက် လည်ဖြတ်၍အသတ်ခံလိုက်ရရုံသာမက လူသတ်သမားက ထိုသူငယ်မ၏ ဦးခေါင်းပြတ်ကြီးကိုပါ တမင်တကာယူဆောင်သွားပြန်သဖြင့် မောက်မယ်မြို့ရှိ တရားဥပဒေစိုးမိုးရေးဘက်တော်သားများအားလုံး ခေါင်းမီးတောက်ကုန်ကြပါတော့သည်။

မိုက်ညှရွာလူကြီးမှာ လုံးနော် ဆိုသူ ဖြစ်သည်။ ယခင် သူကြီးဟောင်းလုံးစိန္တာ ကျန်းမာရေးမကောင်းတော့သဖြင့် အနားယူသွားရာ သူ့နေရာတွင် သူကြီးလုပ်ရန် အလွန်ရိုးအေးလွန်သော လုံးနော်ကို သူအတန်တန်ငြင်းဆိုနေသည့်ကြားမှ အများက ဝိုင်းဝန်းမေတ္တာရပ်ခံကြရာ အားနာသဖြင့် လူကြီးအလုပ်ကို လက်ခံလိုက်ရသူ ဖြစ်သည်။

ထိုအမှုဖြစ်သွားသည့်နေ့ ညနေခင်းအချိန်တွင် လုံးနော်ကိုယ်တိုင် မိမိတို့ကျေးရွာအုပ်စု (ဟိုလွိုင်) ရ-ယ-က ဥက္ကဋ္ဌသစ် ဦးကျော်သန်း နေထိုင်ရာ (၁၂) မိုင်ခန့်ဝေးသည့် ဟာန်နားရွာသို့ သွားရောက်သတင်းပို့သည်။ ဦးကျော်သန်း နေဝင်မိုးချုပ်မှ အိမ်ပြန်ရောက်သဖြင့် ထိုညက ဥက္ကဋ္ဌအိမ်၌ ညအိပ်ရပ်နား၍ နောက်တစ်ရက်နံနက်စောစောတွင် ဦးကျော်သန်း၏ဆိုင်ကယ်နောက်မှလိုက်လာပြီး မောက်မယ်ဥက္ကဋ္ဌ ဦးမင်းအေးလွင်ထံ လာရောက်သတင်းပို့သည်။ ဖြစ်နေကျကိစ္စမျိုးမဟုတ်ဘဲ အများပြည်သူတို့ အထိတ်တလန့်ဖြစ်နိုင်သည့်ကိစ္စတစ်ရပ်ဖြစ်နေ၍ မြို့နယ်တရားသူကြီး (၁) ဦးစိုးမြင့်၊ ရဲတပ်ဖွဲ့မှူးမြို့နယ်မှူး (၂) ဦးညဏ်အေး၊ စခန်းမှူး (၃) ဦးတင်စိုးနှင့် မြို့နယ်ဆရာဝန်(မြို့နယ်မှခင်းဆရာဝန်) (၄)မောင်ဒေါနတို့ကို ချက်ချင်းဆင့်ခေါ်ပြီး အကျိုးအကြောင်း အသေးစိတ်ကို လုံးနော်နှင့် ဦးကျော်သန်းတို့အား ရှင်းလင်းစေသည်။

လုံးနော်က ရှမ်းဘာသာဖြင့် သူတွေ့ခဲ့၊ သိခဲ့သမျှကို ဖောက်သည်ချရာတွင် ဦးကျော်သန်းက မြန်မာလိုထပ်ဆင့်ရှင်းလင်းပေးသည်။ လုံးနော်ပြောပြချက်အရ ယမန်နေ့မွန်းလွဲပိုင်း (၁) နာရီခန့်က မိုက်ညှဆန်ရွာအနောက်ဘက် (၁) မိုင်ခန့်တွင် တည်ရှိသော သဲတောင်ခြေတောအုပ်တွင် နွားကျောင်းနေသော မိုက်ညှဆန်ရွာသူ အီခမ်း ဆိုသူကလေးမလေးတစ်ဦး ရွာဘက်သို့ အမောတကောပြေးပြန်လာပြီး သူနှင့်နွားကျောင်းဖက်ဖြစ်သူ နန်းခမ်းဆာ ဆိုသူကလေးမအား ခေါင်းဖြတ်သမား (ရှမ်းအခေါ် ပူပတ်) (ပတ်ခေါ်-ခေါင်းဖြတ်တတ်သူ၊ ပူ-လူကြီး)တစ်ဦးက သဲတောင်၏တောင်ဘက်တောတန်းထဲသို့ ဖမ်းခေါ်သွားကြောင်း သတင်းလာပို့သည်။

လုံးနော်က ခမ်းဆာကို ဖမ်းခေါ်သွားသူမှာ ခေါင်းဖြတ်သတ်သူ (ပူပတ်) ဖြစ်မှန်း မင်းဘယ်လိုသိသလဲဟု အီခမ်းကို မေးရာ နန်းခမ်းဆာက သူထိန်းကျောင်းရမည့် နွားအုပ်ကို ပစ်ထားခဲ့ပြီး ရှမ်းဘောင်းဘီအနက်ရောင်ကိုဝတ်ဆင်ထားသော လူကြီးတစ်ဦးနှင့် တောင်ဘက်တောင်တန်းထဲသို့ လိုက်ပါသွားနေသည်ကို ဒီဘက်သဲတောင်ကုန်းပေါ်မှ မြင်ရသော အီခမ်းက -

"ခမ်းဆာရေ၊ နင့်ဘေးကလူကြီးက ဘယ်သူလဲ"

ဟု အမှတ်တမဲ့ လှမ်းအော်မေးလိုက်ရာ ခမ်းဆာက နောက်လှည့်မကြည့်ဘဲ -

'အဲဒီလူကြီးက ငါ့ခေါင်းကိုဖြတ်မယ့်လူ' ဟု အဓိပ္ပာယ်ရသော -

"ကောက်ယူစွမ်းပူပတ်"

ဟု ရှမ်းဘာသာဖြင့် ပြန်ပြောရာ အီခမ်းက ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး -

"နင့်ခေါင်းကို ဖြတ်မယ့်လူမှန်းသိနေရင် ငါ့ဘက်ကိုအမြန်ထွက်ပြေးလာပါတော့လား"

ဟု အသံပြာအောင် ကုန်းအော်လိုက်သော်လည်း နန်းခမ်းဆာက စိတ်ညို့ခံထားရသူတစ်ယောက်၏ အသံမျိုးဖြင့် -

"ငါပြေးလို့မရတော့ဘူး။ မကြာခင် ငါ့ခေါင်းကိုဖြတ်ပြီး ခေါင်းပြတ်ကြီးကိုပါယူသွားမယ်လို့ပြောနေတယ်"

ဟု အသံသေကြီးနှင့် ပြန်အော်လာသဖြင့် အီခမ်းမှာ ထိုနေရာတွင်ဆက်မနေရဲတော့ဘဲ လက်ထဲမှနွားနှင်တံပစ်ချ၍ ရွာဘက်သို့လှည့်ပြီး ဖနောင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com

င်ပါး တစ်သားတည်းကျအောင် ဒုန်း ငြီးပြန်ပြေးလာခဲ့သည်ဟုဆိုပါသည်။

ရွာရောက်တော့ အီခမ်းက သူ ခင်ကို မောကြီးပန်းကြီးနှင့်ပြောပြရာ အမျိုးသမီးသည်လည်း ထဘီကို တောင်ဆွဲ၍ လုံးနော်ကို ချက်ချင်း သတင်းပို့သည်ဟု ဆိုသည်။ လုံးနော် သည်း တောင်ယာခုတ်သည့် ဓားမတို တစ်ချောင်းကို လှမ်းဆွဲယူလိုက်ပြီး-

"လာ အီခမ်း၊ ငါ့ကို အဲဒီနေရာ လိုက်ပြစမ်း"

ဟု အီခမ်းလက်ကိုဆွဲ၍ ရွာ နောက်ဘက်သို့ သုတ်ခြေတင်ခဲ့သည်။ အီခမ်း၏မိခင်ကိုလည်း ရွာထဲမှာရှိသော ယောက်ျားများကိုရသမျှစုပြီးသူ့နောက် လိုက်လာခိုင်းပါဟု မှာကြားခဲ့သည်။ လမ်းတွင်တွေ့သည့် တောင်ယာမှ ပြန် လာကြသော ရွာသားအချို့ကို တစ်ပါ တည်းခေါ်သွားနိုင်ခဲ့သဖြင့် တစ်ခဏအ တွင်း လူအင်အားပြည့်သွားတော့သည်။

အီခမ်းပြသည့် သဲတောင်ပုလေး ကို ပတ်သွားသော လူသွားလမ်းငယ်၏ အောက် ထင်းဆိုက်ရသော ကော်သား ပင်ပုကလေး၏အရိပ်တွင် ဦးခေါင်းမရှိ တော့သည့် နန်းခမ်းဆာ၏ ကိုယ်ထည် ပုပ်အလောင်းကို ရင်နင့်စဖွယ်တွေ့လိုက် ကြရတော့သည်။ အလောင်းကို မျက်မြင် ဒိဋ္ဌတွေ့ကြရပြီဖြစ်သော်လည်း ပြတ်ပါ သွားသည့် လည်ပင်းနှင့်ဦးခေါင်းပိုင်းကို ရှာဖွေရန်တာဝန်တကျန်ရှိနေသေးသဖြင့် နောက်မှလိုက်လာသောရွာသားများကို လေးဖက်လေးတန် လူစုခွဲ၍ ချက်ချင်း ခြေရာကောက်ခိုင်း လိုက်သည်။

တိုင်းလွိုင်တို့သည် နွေရာသီ တောမီးလောင်ပြီး အောက်ခြေရှင်းနေ ချိန်တွင် တောလည်ကြသည့်အလေ့အထ ရှိကြသဖြင့် မုဆိုးအတတ်ကိုလည်း တတ်သိနားလည်ကြတာမို့ အလောင်း ဘေးမှာ တွေ့ရတဲ့ခြေရာကိုကောက်ပြီး ခြေရာခံလိုက်ကြပါသည်။ သွေးစက် လက်နှင့် လူကြီးတစ်ယောက်ရဲ့ ခြေရာ အစုံဟာ အနောက်ဘက်စူးစူးကို ကိုက် (၁၀၀၀) ခန့်အထိ တောက်လျှောက်တွေ့ နေရပြီး တောစပ်အလွန်က ကျောက် တောင်ပေါ် ရောက်တော့ ခြေရာရော သွေးစက်ပါပျောက်သွားလိုက်တာ အဲဒီ နေရာက အရပ်လေးမျက်နှာကို လူထပ် ဖြန့်ပြီး ထပ်မံစစ်ဆေးရှာဖွေကြတဲ့အခါ မှာတော့ လုံးဝခြေရာပျောက်သွားတော့ သဖြင့် နောက်ရင်းကို ပြန်လှည့်ခဲ့ကြ သည်ဟု ဆိုပါသည်။

လူမမည်မိန်းကလေးတစ်ယောက် ကို ရက်ရက်စက်စက် သတ်ဖြတ်သွား သည့်ကိစ္စမို့ မိမိတို့တစ်ရွာတည်းနှင့်မပြီး တော့မှန်းရိပ်မိလာသဖြင့် တောင်ယာသို့ သွားနေသော နန်းခမ်းဆာ၏မိဘများကို နောက်မှလိုက်ခေါ်ခိုင်းလိုက်ပြီး လုံးနော် ကိုယ်တိုင် ကျေးရွာဥက္ကဋ္ဌနေထိုင်ရာ ဟန်နားရွာသို့ ချက်ချင်းထွက်လာခဲ့ သည်ဟု ရှင်းလင်းသွားပါတော့သည်။

ဥက္ကဋ္ဌဦးမင်းအေးလွင်က မိုက်ညှ ဆန်ရွာအနောက်စူးစူးတွင် အခြားရွာ များရှိသေးသလားဟု လုံးနော်ကိုမေးရာ အနောက်စူးစူး (၁၀) မိုင်ခန့်တွင် ကုန်း မလန်းနှင့်ဆောင်ကျဲရွာတို့သာရှိကြောင်း၊ ထိုရွာများသို့သွားရန် အနောက်ဘက် တွင် လမ်းမရှိကြောင်း၊ ကားလမ်းမကြီး အတိုင်းပြန်ဆင်းလာပြီး ဆိုင်းခေါင်းလမ်း မှပြန်တက်ရကြောင်း၊အလားတူ မြောက် ဘက်ရှိ ဝမ်ပိန်းနှင့် တက်တပ်ရွာများကို သွားချင်လျှင်လည်း မိုက်ညှဆန်မြောက် ဘက် ဝမ်ပိန်းမှတစ်ဆင့်သွားရကြောင်း၊ ရွာအနောက်ဘက်(၁)မိုင်ကျော်ကျော် တွင် သဲတောင်ခြေတောအုပ်လွန်ပါက ကျောက်တောင်များသာရှိတော့ကြောင်း၊ နွေရာသီတောလည်သော မုဆိုးအချို့ သာ ထိုအရပ်သို့သွားတတ်ကြောင်း ရှင်း လင်းသွားပါတော့သည်။

ဥက္ကဋ္ဌကပင် ဆက်လက်၍ စခန်း မှူးတို့အဖွဲ့ ဘယ်တော့သွားကြမှာလဲ ဟုမေးရာ ယခုပင်သွားရန် ကားတစ်စီး စီစဉ်မည့်အကြောင်း တင်ပြရာ တခြား ကားစီစဉ်နေလျှင် အချိန်လင့်ကုန်မည်။ မိမိ၏ ရုံးကားကိုသာ ယူသွားပေတော့ ဟု ခွင့်ပြုပြီး သူ့တပည့် အိုက်နောင့်ကို လှမ်းခေါ်၍ ကားကို ခရီးထွက်နိုင်ရန် စီစဉ်ခိုင်းပါတော့သည်။

ဥက္ကဋ္ဌရုံးမှ တယ်လီဖုန်းနှင့်ပင် ဆေးရုံသို့ လှမ်းအကြောင်းကြားလိုက်ရ သည်။ သူနာပြုမခင်စိုး ဖုန်းကိုလက်ခံ စကားပြောသဖြင့် ဆေးရုံညစောင့် ကိုသိန်းတန်ခေါ် ကိုကံချားကို ရင်ခွဲ စစ်ဆေးသောပစ္စည်းအစုံဖြင့် နာရီဝက် အတွင်း အဆင်သင့်ဖြစ်နေအောင်မှာ လိုက်ပါဟု ပြောလိုက်ရသည်။

"ဆရာတို့ မိုက်ညှသွားပြီး (P.M = POST MORTEM) လုပ်မယ်မဟုတ် လား။ကျွန်မလည်းလိုက်ကြည့်ချင်တယ်"

ဟု ပြန်ပြောလာရာ -

"ဟော့ - ဒီကိစ္စ မင်းဘယ်လိုသိ လဲ"

ဟု ပြန်မေးလိုက်ရာ -

"ဆရာ့တပည့် မိုက်ညှက လူထု ကျန်းမာရေးလုပ်သား စိုင်းလွယ် ဆေးရုံ ကို သတင်းလာပို့နေပြီး ဆရာ့ကို ဆေးရုံ မှာ စောင့်နေပါတယ်ရှင့်"

ဟု ပြန်ပြောလာမှ အကြောင်း ရင်းကို သိလိုက်ရပါတော့သည်။

ကျန်းမာရေးဌာနမှ ဝန်ထမ်းများ စာပေးစာယူသွားဖြေနေကြသဖြင့် ဆေး ရုံတွင် နေ့ရောညပါ သူနာပြု မခင်စိုး တစ်ယောက်သာ ကျန်ရစ်တော့ရာ သူ က P.M (POST MORTEM) လုပ်ရာ တွင် လိုက်ကြည့်ချင်သေးတဲ့။ အာဂအင်း သူမပေ့တည်း။

တယ်လီဖုန်းပြောဆိုပြီးချိန်တွင် အိုက်နောင့်က -

"ဆရာ၊ ဥက္ကဋ္ဌက သူ့အခန်းထဲ ခဏလာပါဦးတဲ့ ခင်ဗျာ"

ဟု ခေါ်နေသဖြင့် ဥက္ကဋ္ဌအခန်း ထဲသို့ပြန်ဝင်ခဲ့ရသည်။ ဥက္ကဋ္ဌဦးမင်းအေး လွင်နှင့် မြို့နယ်ရဲမှူး ဦးညဏ်အေးရှိနေ သည်။

"ဆရာရေ၊ အရပ်သတင်းက လည်းမြန်လိုက်တာဗျာ။ ပူပတ်၊ ပူပတ် ဆိုပြီး (ပူ - လူကြီး၊ ပတ် - ပတ်ခေါ- လည်ပင်းဖြတ်သူ၊ မြန်မာလို ခေါင်းဖြတ် သောလူကြီး) တိုင်းလွိုင်နဲ့ ကပ်ရက် စဉ့်ဝင်၊ စဉ့်ဆိုင်ကျေးရွာအုပ်စုတွေမှာ ထိတ်လန့်တုန်လှုပ်ကုန်ကြပြီး ဘယ်သူမှ ရွာပြင်မထွက်ဝံ့ကြတော့တာနဲ့ အခုရိတ် သိမ်းဖို့ အချိန်ကျရောက်နေတဲ့ ဝဲကြီးနဲ့ ပဲစင်းငုံတွေအတွက် နေ့စားအလုပ်သမား တစ်ယောက်မှ ငှားလို့မရတော့ဘူးလို့ သတင်းတွေထွက်နေပါတယ်။

ဆရာဝန်ကြီးက ကာကွယ်ဆေး ထိုးအစီအစဉ်နဲ့ အဲဒီရွာတွေကို လတိုင်း ရောက်နေတာကတစ်ကြောင်း၊ ဆရာ့ တပည့်တပန်း ရွာခံတွေရှိတာကတစ် ကြောင်းမို့ ဒီကိစ္စအုတ်အော်သောင်းနင်း မဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်းလုပ် ပေးကြစေချင်ပါတယ်။ လာမယ့် သောကြာနေ့ ရ-ယ-တအစည်းဝေးမှာ လည်း ကိုယ့်ရွာသူရွာသားကင်းတွေချ၊ နွားကျောင်းသား၊ ကျွဲကျောင်းသားတွေ ကိုလည်း လူကြီးတွေ လိုက်ပါစောင့် ရှောက်ပေးဖို့ ကျွန်တော် မှာလိုက်ပါ့ မယ်"

ဟု ဥက္ကဋ္ဌက မှာကြားလာပါ သည်။

ရဲတပ်ဖွဲ့ မြို့နယ်မှူး ဦးညဏ်အေး ကတော့ -

"ဆရာရေ၊ ကျုပ်တို့နယ်မှာတော့ ဖြစ်လေ့ဖြစ်ထမရှိတဲ့အမှုကြီးတစ်ခုဖြစ် သွားပါပြီ။ အမှုသွားအမှုလာကို သုံးသပ် ကြည့်တော့လည်း တရားခံဟာ စိတ္တဇ လူသတ်သမားမဟုတ်ခဲ့ရင်တော့ တခြား အကြောင်းရင်း (Motive) ကို ရှာလို့ မလွယ်လှပါဘူး။ လူသတ်သွားတဲ့ တရား



www.burmeseclassic.com

www.burmeseclassic.com

ခံကိုမိဖို့ဆိုကလည်း သိပ်ကိုလက်လှမ်းဝေးနေပါတယ်။ မိုက်ညှရောက်ရင် ဆရာရဲ့တပည့်တွေကနေတစ်ဆင့် ဒီကိစ္စတွေကို မြို့က တာဝန်ရှိတဲ့လူကြီးတွေ အစွမ်းကုန်ဆောင်ရွက်ပေးပါ့မယ်။ သတင်းထူးလာရင် အချိန်နဲ့တစ်ပြေးညီ ကျွန်တော်တို့ဆီကို သတင်းပို့ပေးဖို့သာ မှာကြားပေးပါတော့ခင်ဗျာ"

ဟု မေတ္တာရပ်ခံလာပါသည်။

မောက်မယ်မြို့ပေါ်တွင် ဌာနဆိုင်ရာများစွာရှိသည့်အနက် ကျေးလက်ဒေသသို့ ပုံမှန်ကွင်းဆင်းရသော ဌာနများမှာ သစ်တော၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ ပညာရေးနှင့် ကျန်းမာရေးဌာနတို့သာဖြစ်ကြရာ ကျေးလက်ဒေသရွာခံများကို လူထုကျန်းမာရေးလုပ်သား၊ အရပ်လက်သည်၊ အရန်သားဖွားများအဖြစ် လေ့ကျင့်ပေးထားသော ကျန်းမာရေးဌာနက လစဉ်ကာကွယ်ဆေးထိုးလုပ်ငန်းဖြင့် ကွင်းဆင်းလျက်ရှိသဖြင့် ကျေးလက်ဒေသကိုသြဇာညောင်းလျက်ရှိသည်။ ယခုလည်း မိုက်ညှရွာမှ ပေါင်းသင်းဆက်ဆံရေးနှံ့စပ်သော တိုင်းလှိုင်စစ်စစ် လူထုကျန်းမာရေးလုပ်သား စိုင်းလွယ် သတင်းမှီရန် ဆေးရုံသို့ရောက်ရှိနေပြီမဟုတ်ပါလား။

ဆေးရုံသို့ပြန်ရောက်သောအခါ သူနာပြု မခင်စိုးက စိုင်းလွယ်ကို ထမင်းကျွေးနေသည်နှင့် ကြုံကြိုက်နေသဖြင့် မခင်စိုးကို -

"ဆရာ့အိမ်က ထမင်းနဲ့ဟင်းတွေ သွားယူလာခဲ့၊ စိုင်းလွယ်နဲ့အတူထမင်းစားမယ်"

ဟု စေခိုင်းလိုက်ရသည်။

ထမင်းကို ပလုတ်ပလောင်းစားနေသော စိုင်းလွယ်ကို -

"ကဲ - တပည့်ကြီး မင်းတို့ရွာမှာ ဖြစ်ပျက်ခဲ့တဲ့ လူသတ်မှုနဲ့ ပတ်သက်လို့ မင်းသိသမျှပြောပြစမ်းကွာ"

ဟု ဆိုလိုက်တော့ -

"မိုက်ညှရွာက နွားကျောင်းသမ အီခမ်းကလွဲလို့ ကျန်တဲ့လူတစ်ယောက်မှ လူသတ်သမားကို မမြင်လိုက်ရပါဘူး ဆရာ။ ခမ်းဆာရဲ့ ခေါင်းပြတ်ကြီးကို တမင်တကာ ယူဆောင်သွားတဲ့ လုပ်ရပ်ကို ရှေ့မီနောက်မီအရပ်သည် နိုင်းအိမ်ကို မေးကြည့်တော့ ခမ်းဆာရဲ့ဝိညာဉ်ကို အစေအပါးအဖြစ် အသုံးချချင်လို့ ဒီလိုလုပ်သွားတာဖြစ်မယ်လို့ ခန့်မှန်းလိုက်ပါတယ်။ တိုင်းလှိုင်အသိုင်းအဝိုင်းမှာ ဒီလိုဓလေ့မျိုးမရှိပေမယ့် ဒီလိုလုပ်သွားတဲ့သူဟာ အစိမ်းသရဲစီးနေတဲ့ အောက်လမ်းဆရာမျိုးသာဖြစ်နိုင်တယ်လို့ ခန့်မှန်းပေးထားပါတယ် ဆရာကြီး"

ဟု သူသိသမျှကို ဖောက်သည်ချပါတော့သည်။

နားရှုပ်လို့သာကြားလိုက်ရသည်။ ရှေးရိုးဆန်လှသော အရပ်လက်သည်နိုင်းအိမ်၏ စကားကို ယုံရခက်၊ မယုံရခက်ဖြစ်နေမိသည်။ ဒီခေတ်ဒီအခါတွင် ဒီလိုအတတ်ပညာမျိုးကိုအသုံးချနေသော လူများရှိပါသေးသလော။ တစ်ပါးသူ၏ ဝိညာဉ်ကို ခိုင်းစားလို့ရပါသလော။ ဝိညာဉ်တစ်ခုကိုစေခိုင်း၍ ရရှိမည့်ရလဒ်သည် မည်မျှကြီးမားမည်နည်း။ အပြစ်မဲ့သော ဆင်းရဲနွမ်းပါးသည့် နွားကျောင်းသမလေး၏ဇီဝိန်ကိုခြွေရလောက်အောင် သူ၏အောက်လမ်းကိစ္စက မည်မျှလောက်အရေးပါနေသနည်း။ ထမင်းစားရင်းက ဒေါသထွက်လာသဖြင့် -

"စိုင်းလွယ်၊ မင်းတို့ဒေသမှာ ဒီကိစ္စကို သိတဲ့မြင်တဲ့လူတွေ တစ်ယောက်မကျန်လိုက်မေးကွာ။ ထူးခြားရင် ငါ့ကိုသတင်းပို့။ မင်းဆိုင်ကယ်ငါဆီထည့်ပေးမယ်"

လို့မှာလိုက်ပါသည်။

(မှာသာမှာလိုက်ရသည်။ အခင်းဖြစ်ပွားပြီး ကာလအတန်ကြာသည်အထိ စိုင်းလွယ်ထံမှ ဘာသတင်းမှမရ။ ခြေရာလည်းပျောက်၊ ရေလည်းနောက်သွားပုံပေါ်သည်။)

ကျွန်ုပ်တို့စီးလာသော ဦးမင်းအေးလွင်၏ရုံးမှ တိုယိုတာလင်ခရူဇာကားလေးကို မိုက်ညှရွာလယ်ရှိ လုံးနော်၏ အိမ်ဝင်းထဲတွင်ထိုးခဲ့ပြီး အခင်းဖြစ်ပွားရာသို့ ခြေကျင်လျှောက်သွားကြသည်။ ဆားပုလင်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ကိုဇော်ဝင်းနှင့်အဖွဲ့က ရှေ့ပြေးအဖြစ်လမ်းရှင်းပြီးချီတက်သွားကြသည်။ မိုက်ညှရွာမြောက်ဘက်မှ အနောက်ဘက် လှိုင်ခုတ်ဆောင်သို့သွားသော ထော်လာဂျီလမ်းအတိုင်း လိုက်သွားရသည်။ တစ်မိုင်နီးပါးလျှောက်ပြီးမှ လမ်းက တောင်အရပ်သို့ထောင့်ချိုးချိုးကွေ့သွားရာ ကျွန်ုပ်တို့က နွားကျောင်းသားများအသုံးပြုနေကျ မြေနီလမ်းငယ်မှ အနောက်တည့်တည့်သို့ ဆက်လိုက်ရသည်။ ရှေ့ညာဘက်တွင် ပေ(၂၀၀)နီးပါးမြင့်သည့် သဲတောင်ချွန်းချွန်းတစ်လုံးရှိနေသည်။ ထိုသဲတောင်၏ဝဲဘက်တွင် ပေ (၁၀၀) ခန့်မြင့်သည့် ဝိုင်းဝိုင်းပုပုသဲတောင်ကုန်းလေးတစ်ခုရှိနေသည်။ ထိုတောင်ကုန်း၏ ခါးလယ်လောက်တွင် တောင်ကုန်းကိုပတ်သွားသော လူသွားလမ်းကျဉ်းတစ်ခုရှိနေသည်။ ထိုသဲတောင်ငယ်၏ အရှေ့ဘက်မျက်နှာစာ လူသွားလမ်း၏အောက်ဘက်ကပ်လျက်တွင် ကော်သားပင်ငုတ်တိုတစ်ပင်ပေါက်နေသည်။ ထိုအပင်၏အောက်သဲတောင်ကမ်းပါးယံကိုမှီလျက်သားအနေအထားဖြင့် ခမ်းဆာလေး၏အလောင်းကို တွေ့လိုက်ရပါတော့သည်။

နန်းခမ်းဆာသည် ကျောင်းစိမ်းထဘီနှင့် တက်ထရွန်အင်္ကျီအဖြူလက်ရှည်တို့ဝတ်ဆင်ထားသည်ကို တွေ့လိုက်ရသဖြင့် -

"လုံးနော်၊ ဒီကလေးမက ကျောင်းသူလား"

လို့ မေးမိသည်။

အ-မ-က မိုက်ညှမှ တတိယတန်းကျောင်းသူဖြစ်ကြောင်း ပြန်ဖြေလိုက်တော့မှ -

"အို - ဒါဆို ဆရာစံညွန့်ရဲ့တပည့်ပေါ့"

ဟု ဝမ်းနည်းစွာရေရွတ်မိပါသည်။

ဆရာစံညွန့်သည် စစ်ကိုင်းဖွံ့ဖြိုးရေးကျောင်းဆင်းတစ်ယောက်ဖြစ်ပြီး ကွယ်လွန်သူ၏ဖခင် လုံးစန္ဒမှာ နားဆိုင်း (စဉ့်ဆိုင်အုပ်စု) သူကြီး (ရှမ်းအခေါ် ပူဟိန်နားဆိုင်း) ဖြစ်၍ ကောင်စီခေတ်တွင် မြို့နယ်တောင်သူလယ်သမားကောင်စီဥက္ကဋ္ဌကြီးလည်းဖြစ်လေသည်။ မောင်ဒေါနနှင့် ညီရင်းအစ်ကိုကဲ့သို့ ရင်းနှီးခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ခဲ့လေသည်။ ဆရာညွန့်ကား မိုက်ညှ အ-မ-ကကျောင်းအုပ် ဖြစ်ပါသည်။

နမ်းခမ်းဆာ၏ဘယ်၊ ညာညှပ်ရိုးတို့ဆုံရာ ရှေ့ဘက်ရင်ဘတ်အရေပြားပေါ်တွင် ဓားထက်ထက်ဖြင့် ဖိပွတ်ခြင်းခံထားရသောလက်သုံးလုံးခန့်ရှိ ထိရှရာကြီးတစ်ခုတွေ့ရသည်။ လည်ပင်းအရင်းမှကပ်၍ပြတ်နေရာ အမှတ်(၇)လည်ဆစ်ရိုးမှာ အလယ်မှ တိတိရိရိဖြတ်ထားခြင်းခံထားရကြောင်း တွေ့လိုက်ရသည်။ အားအင်အတော်ကြီးမားသူက အလွန်လေးလံ၍မြည့်နေအောင်သွေးထားသော ဓားဖြင့်လှီးဖြတ်သွားမှန်း သိသာလှပေသည်။ ယာဘက်လက်တွင် ရွှံ့များပေနေသော မြက်ဖုတ်ကလေးတစ်ခုကို မလွှတ်တမ်း ကုပ်ဆွဲထားသည်ကို ကြေကွဲဖွယ်တွေ့လိုက်ရပါသည်။ အသက်ထွက်ခါနီးမချိမဆံ့ဝေဒနာတို့ ခံစားလိုက်ရသဖြင့် ဆွဲမိဆွဲရာကိုလှမ်းဆွဲလိုက်ပုံရလေသည်။ အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတို့တွင် မသင်္ကာဖွယ်ရာ ဒဏ်ရာဒဏ်ချက်များမတွေ့ရ။ မသေမီ အဓမ္မပြုကျင့်ခြင်းခံခဲ့ရသည့် လက္ခဏာတစ်စုံတစ်ရာမျှမတွေ့ရ။ အီခမ်းက အလန့်တကြားပြေးသွားသည်ကို မြင်လိုက်ဟန်တူသော



www.burmeseclassic.com

www.burmeseclassic.com

ပူပတ်က သူ့အလုပ်ကို မြန်မြန်ထက်ထက် လုပ်ဆောင်သွားပုံရလေသည်။

ဆားပုလင်းခေါင်းဆောင်ဒုရဲအုပ်ကိုဇော်ဝင်းက လုံးနော်ကိုခေါ်ပြီး မိုက်ညှရွာတွင် တောလည်နေကျ အမဲလိုက်ခွေးများရှိသလားဟု မေးမြန်းရာတွင် ကိုဇော်ဝင်း၏ မေးမြန်းရခြင်းရည်ရွယ်ချက်ကို ရိပ်မိပုံရသော လုံးနော်က အမဲလိုက်ခွေးများရှိပါသည်။ ယနေ့နံနက်စောစောကပင် မိုက်ညှရွာမှ မုဆိုးများစုပြီး တောလိုက်ခွေးများနှင့်ဒီအနီးအနားက သုံးမိုင်ပတ်လည်လောက်ကို တောနင်းပြီးပါပြီတဲ့။ မသက်ာစရာဘာမှမတွေ့ရတဲ့အပြင် ခမ်းဆာရဲ့ဦးခေါင်းပြတ်ကိုလည်း ဘယ်လိုမှခြေရာခံမရကြတော့လို့ ခုလေးတင်ကမှ ရွာကိုပြန်သွားကြပါသည်ဟု ဖြေကြားလိုက်ရာ ဒုရဲအုပ်ကိုဇော်ဝင်းက -

"အင်း - ခြေရာလည်းပျောက်၊ ရေလည်းနောက်ဆိုတာ ဒီလိုအဖြစ်မျိုးနဲ့တူပါတယ်ဗျာ"

ဟု စိတ်ပျက်အားငယ်စွာ ရေရွတ်လိုက်ပါတော့သည်။

စခန်းမှူးဦးတင်စိုးက လုံးနော်ကို-

ကျုပ်တို့မြို့နယ်မှူးကတော့ (စိတ္တဇလူသတ်သမား) ဓားကိုင်တဲ့ စိတ်ရောဂါသည်တစ်ယောက်ရဲ့လက်ချက်ဖြစ်နိုင်တယ်လို့ပြောနေတယ်။ ဓားတစ်လက်နဲ့တစ်ယောက်တည်းလျှောက်သွားနေတဲ့စိတ်ရောဂါသည်တစ်ယောက်တွေ့ရင် သတင်းပို့ပေးပါ"

ဟု မှာခဲ့ပါသည်။

မှုခင်းဆိုင်ရာ ဆေးပညာရပ်တွင် သေဆုံးသူ၏ ခန္ဓာကိုယ်ကို ခွဲစိတ်စစ်ဆေး၍ ထိုပုဂ္ဂိုလ်၏ သေဆုံးရခြင်းအကြောင်းရင်းကို ရှာဖွေပေးသောကိစ္စကို Autopsy ဟု ခေါ်ဆိုသည်။ ယခုနန်းခမ်းဆာ သေဆုံးရသည့်ကိစ္စမှာ လည်ဖြတ်ခံရ၍ဖြစ်ကြောင်း မြင်ရုံနှင့်သိသာနေသဖြင့် မသေမီ အဓမ္မပြုကျင့်ခံခဲ့ရခြင်း ရှိ၊ မရှိ စစ်ဆေးပြီးလျှင်ဆက်လက်လုပ်ဆောင်ဖွယ်ရာမရှိတော့။ အမှုစွဲတင်ပေးရမည့် ရဲတပ်ဖွဲ့ဝင်များအနေနှင့် နန်းခမ်းဆာအား ဘာကြောင့်ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်သွားသနည်းဆိုသည့် အကြောင်းရင်း (Motive) ကိုသာ ရှာဖွေဖော်ထုတ်ပေးရန်ကျန်တော့သည်။

လက်အိတ်စွပ်လျက် ဓားတပြင်ပြင်ဖြစ်နေသော တပည့်ကျော် မောင်ကံသားက -

"ဆရာ၊ အထဲကိုဖွင့်ကြည့်ဖို့လိုသေးလားဗျာ"

ဟု မေးလာရာ ထိုမေးခွန်းကိုပင် ကိုယ့်ဘာသာကို ပြန်မေးနေမိပါသည်။ Eause of death, by Dzeapitation လည်ပင်းပြတ်၍ သေဆုံးသည်ဆိုသည့် မှတ်ချက်ကို တွေ့ရှိနေပြီမို့ -

"မလိုတော့ပါဘူးကွာ၊ ပစ္စည်းတွေသိမ်းလိုက်ပါတော့။ ကဲ - လုံးနော်ရေ ဒီကလေးမကို လုံးနော်တို့ရွာရဲ့ထုံးစံအရ ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ပေးလိုက်ပါတော့ဗျာ"

ဟု ခွင့်ပြုလိုက်ပြီး မိုက်ညှရွာသို့ ပြန်လာကြပါသည်။

စိတ်ပျက်အားငယ်စွာဖြင့် မိုက်ညှရွာဘက်သို့ လမ်းလျှောက်ပြန်လာနေစဉ် ဟိုနိမ့်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ထီတခေါ့ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဝါရင့်သားဖွားဆရာမဒေါ်သီသီအေး တစ်ခါက ပြောပြဖူးခဲ့သည့်ကိစ္စက ခေါင်းထဲသို့ပြန်ဝင်လာသည်။မွေးလမ်းကြောင်းတွင် သန္ဓေသား၏ ကြီးမားသော ဦးခေါင်းက တစ်နေသဖြင့် မီးမဖွားနိုင်သော မွေးလူနာကို လိုက်ကြည့်ပေးရန် သူ့ကိုလာခေါ်သည်။ ရွာက သူနှင့် (၉)မိုင်ခန့်ဝေးသည့် ဟိုနမ့်-မောက်မယ်ခြေကျင်သွားလမ်းပေါ်တွင် ရှိသော မိုက်ကမ်းရွာငယ်ကလေးတွင် ဖြစ်သည်။

ရွာရောက်လို့စမ်းသပ်ကြည့်လိုက်တော့ သန္ဓေသားက အသက်မရှိတော့သည့်အပြင် အရပ်လက်သည်တို့ လက်မဆေးဘဲ မွေးလမ်းကြောင်းကို အကြိမ်ကြိမ်နှိုက်ထားသဖြင့် ရောင်ကိုင်းပြီး ပုပ်စော်နံ့ပင်နံနေပြီ။ မီးနေသည်ကို ဟိုနမ့်သို့လည်းကောင်း၊ မောက်မယ်သို့လည်းကောင်း ခေါ်သွားရန် မဖြစ်နိုင်တော့။ လက်သည်တို့ကလည်း မိမိတို့လက်ကိုပင် မသယ်နိုင်တော့၍ လက်မှိုင်ချနေကြပြီ။ သူကလည်းတစ်ယောက်တည်းလိုက်သွားသည်။ သားဖွားပုံးကလေးတွင် ကတ်ကြေးနှင့်ညှပ်တို့သာပါသည်။ ကျဉ်းထဲကျပ်ထဲ ချောင်ပိတ်မိနေသဖြင့် သားဖွားသင်တန်းတက်စဉ်က ကြားဖူးနားဝသာရှိခဲ့သော သေဆုံးနှင့်ပြီဖြစ်သော သန္ဓေသား၏ ဦးခေါင်းကို ခက်ခက်ခဲခဲနှိုက်၍ဖောက်ပြီး တစ်စစီ၊ တစ်ပိုင်းစီမွေးလမ်းကြောင်းမှ ဖြတ်ထုတ်မွေးဖွားပေးလိုက်သဖြင့် သေဘေးနှင့် ရင်ဆိုင်နေရသော မီးနေသည်၏ အသက်တစ်ချောင်းကို ပြန်ကယ်နိုင်ခဲ့သည်။ သားဖွားမီးယပ်ပညာတွင် စစ်အတွင်းကသားဖွားသင်တန်းတက်ခဲ့ရသူတို့သာကြားဖူးသည့် Destructive Operation ဟုခေါ်သည့် (ယခုမသုံးတော့) သေဆုံးနေပြီးသော သန္ဓေသား၏ဦးခေါင်းကို ဖောက်ဖြတ်ခွဲထုတ်သည့် လုပ်ငန်းစဉ်ကို Decapitation ဟု ခေါ်သည်။ သို့သော် မိခင်၏ အသက်ကိုကယ်ရန်စွန့်စား၍လုပ်ဆောင်သည့်ကိစ္စမို့ Therapeutic decapitation ဟုခေါ် သည်။ ယခု နန်းခမ်းဆာအပေါ် ကျူးလွန်သွားသောအမှုမှာ (Criminal decapitation) ရာဇဝတ်မှုမြောက်သော ခေါင်းဖြတ်ခြင်းပင် ဖြစ်ပါတော့သည်။

မောင်ဒေါ်နတို့ငယ်စဉ်က ပသျှူးခေါင်းဖြတ်အသင်းအကြောင်းကို လူကြီးများပြောဆိုနေစဉ် နားစွန်နားဖျားကြားဖူးသည်။ လကွယ်နေ့ ညသန်းခေါင်ယံကျမှ အစည်းအဝေးကျင်းပကြောင်း၊ အစည်းအဝေးသို့ မျက်နှာနှင့် ဦးခေါင်းတို့ကိုမမြင်ရသော ဝတ်ရုံနက်ကြီးများ ဝတ်၍လာကြကြောင်း စသည့် မရေရာသောသတင်းများကြောင့် လူငယ်တို့ သဘာဝ အထူးပင် ကြောက်လန့်ခဲ့ရသည်။ ညအချိန် ဟိုပွဲဒီပွဲသွားချင်သဖြင့် ပူဆာတတ်သော ကလေးများကို -

"နင်တို့ ပသျှူးခေါင်းဖြတ်သမားနဲ့ တွေ့သွားချင်သလား"

ဟု လူကြီးတစ်ဦးက ဟန့်လိုက်လျှင် အားလုံးငြိမ်သွားကြရဖူးသည်။ သို့သော် ထိုစဉ်က ပသျှူးခေါင်းဖြတ်သူ၏လက်ချက်ဖြင့် ဦးခေါင်းပြတ်၍သေဆုံးသူ တစ်ဦးတစ်ယောက်မှ မကြုံခဲ့မကြားခဲ့ရ။

ထိုစဉ် တိုက်တိုင်ဆိုင်ဆိုင် စတေးဟူသော စကားလုံး၏ (ဥပစာ)[၂] (ယုံကြည်ချက်အတွက်) အဆုံးရှုံးခံ ဆောင်ရွက်သူ ဟူသော မြန်မာအဘိဓာန်ထဲမှ အဓိပ္ပာယ်ဖွင့်ဆိုချက်ကလေးကိုသွားသတိရမိပြန်သည်။ ဟုတ်ပါပေသည်။ ယခုအဖြစ်အပျက်တွင် နန်းခမ်းဆာကလေးသည် မိမိတို့မိဘဘိုးဘွားလက်ထက်က အဆက်ဆက်လက်ခံယုံကြည်လာခဲ့သည့် တိုင်းလို့ိုင်တို့၏သမ္မာအာဇီဝအလုပ်တစ်ခုဖြစ်သော တောင်ယာကိုခုတ်၊ နွားအုပ်ကို ထိန်းကျောင်းသည့် မိရိုးဖလာလုပ်ငန်းကလေးကို အသက်သာမက ဇတ်ကိုပါပေး၍ ရဲဝံ့စွာထမ်းဆောင်သွားခဲ့သည် မဟုတ်ပါလော။ ထိုအတွေးဝင်လာစဉ် နောက်သို့လှည့်၍ သဲတောင်ကုန်းပုကလေးရှိရာသို့ မှန်းမျှော်ကြည့်မိပါသည်။ တောင်ကုန်းနောက်ခံတိမ်လွှာများအကြားတွင် နတ်သမီးဝတ်စုံကလေးဖြင့် သူ့နွားများကို ငုံ့ကြည့်နေသည့် နတ်သမီးနန်းခမ်းဆာ၏ ပုံရိပ်အား မြင်ယောင်လာမိပါတော့သတည်း။

ဒေါက်တာဒေါ်န (တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com



## အပွင့်မပွင့်သောအပင်များ

သက်ရှိသတ္တဝါ အထင်အရှားဖြစ်ကြတဲ့ လူတွေ၊ တိရစ္ဆာန်တွေဆိုတာ ကိုယ့်ရဲ့မျိုးဆက်ကို မျိုးသုဉ်းမသွားအောင် သားသမီးတွေပွားစီးပြီး ချန်ထားရစ်ခဲ့ကြသလို သစ်ပင်၊ ဝါးပင်၊ ချုံပင်၊ နွယ်ပင်တွေကလည်း မိမိတို့ရဲ့ မျိုးနွယ်သုဉ်းမသွားရအောင် မျိုးစေ့ကို ချန်ထားရစ်ခဲ့ကြပါတယ်။ ဒါက ယေဘုယျသဘောပါ။

ကျယ်ဝန်းတဲ့ လောကကြီးမှာ လူတွေမှာ အဖိုတွေရှိသလို အပင်တွေမှာလည်း အဖိုတွေရှိတတ်ကြပါတယ်။ အဖိုဆိုတာ အမြုကိုခေါ်ပြီး မျိုးဆက်မချနိုင်ကြပါဘူး။

အဲဒီမှာ ထူးဆန်းတာက ညောင်မျိုးနွယ်ဝင်အပင်တွေမှာ အပွင့်မပွင့်ကြပါဘူး။ ညောင်မျိုးနွယ်ဝင်တွေဖြစ်တဲ့ ညောင်ပင်မျိုးစုံ၊ ကတွတ်၊ သဖန်း၊ ခအောင်း၊ ဥနဲ့ စတဲ့ အပင်တွေဟာလည်း သူတို့ရဲ့အပွင့်ဆိုတာ မမြင်ရဘဲ သီးချိန်တန်ရင် သီးလာကြခြင်းပါပဲ။

အဲဒီညောင်မျိုးနွယ်ဝင်အပင်တိုင်းဟာ ပင်စည်အသားရစ်ဖွဲ့စည်းမှု၊ အစေးထွက်မှု၊ အပွင့်မပွင့်မှုတူညီကြပြီး အရွက်ထွက်ပုံနဲ့ အသီးသီးပုံကျတော့ ကွာခြားမှုတွေရှိကြပါတယ်။ အဲဒါကြောင့်လည်း ညောင်မျိုးနွယ်ဝင်အပင်တွေ များပြားခြင်းပါ။

တောနက်တောင်နက်တွေအထဲ လျှောက်လည်ရင် ဗောဓိညောင်ပင်ကလွဲရင် ညောင်ကြတ်၊ ညောင်ချဉ်၊ ညောင်ပိန္နဲ၊ ညောင်သပြေ၊ ညောင်ဗုဒ္ဓဟော စတဲ့ များပြားတဲ့ ညောင်ပင်တွေ တွေ့ရမှာဖြစ်သလို ညောင်မျိုးနွယ်ဖြစ်တဲ့အတွက် ကတွတ်ပင်ကြီးတွေ၊ သဖန်းအဖိုပင်တွေ၊ အမပင်တွေ၊ ခအောင်းပင်တွေကို တွေ့ရမှာ ဖြစ်ပါတယ်။

သဖန်းကလည်း အသီးမှည့်စားရတဲ့ သဖန်းရှိသလို အသီးမှည့်မစားရတဲ့ သဖန်းလည်းရှိတယ်။ မစားရတဲ့ သဖန်းပင်ဟာ အသီးခိုင်ကြီးတွေဟာပြွတ်ခဲနေ



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

ခအောင်းပွင့်

ပြီး ကြီးရင် ပန်းသီးကြီးကြီးလောက်ရှိတယ်။ မှည့်နေရင် ရဲတွတ်နေပြီး စားချင့်စဖွယ်ပေမယ့် ခွဲပြီးခွဲကြည့်ရင် အထဲမှာ အစေ့နဲ့ ပိုးဖလံကောင်တွေသာ အပြည့်ရှိကြတယ်။ အဲဒါကြောင့် အဲဒီသဖန်းသီး ဘယ်လောက်မှည့်နေနေ တောထဲ တသတ္တဝါတွေ စားလေ့မရှိကြဘူး။

ဒါပေမယ့် သူက အရွက်ဖားတဲ့အမျိုးဆိုတော့ ရွက်နုတွေထွက်ရင် နီရဲနေတယ်။ အဲဒီရွက်နုကိုပြုတ်ပြီး သုပ်စားကြတယ်။ သူ့ရဲ့အသီးနုနုအခိုင်တွေကိုလည်း တို့စရာအဖြစ် အချို့က အစိမ်းစားတယ်။ အချို့ပြုတ်စားတယ်။ သူက အတော်ဖန်ပါတယ်။

စားရတဲ့ သဖန်းမျိုးကျတော့ သူ့ရွက်နုကို ဟင်းချိုရည်ချက်သောက်ကြတယ်။ သူ့အသီးက အနည်းငယ်သေးပြီး န်းသီးနဲ့အသွင် နည်းနည်းဆင်တယ်။ မှည့်ရင် အချို့က ဈေးမှာခူးရောင်းကြတယ်။ တောထဲမှာကျတော့ ပေါမှပေါပါပဲ။

အဲဒီ သဖန်းသီးကျတော့ ခွဲလိုက်တာနဲ့ အရည်တွေရွှမ်းပြီးမွှေးကြိုင်နေကာ သူ့အဆင်းကလည်း စားချင့်စဖွယ်ပါပဲ။ အထဲမှာ ဂျယ်လီလိုအနှစ်တွေ အပြည့်ထည့်ထားပါတယ်။ အဲဒီအနှစ်တွေကို အဓိကထားပြီး စားကြခြင်းဖြစ်ပါတယ်။ အမှန်ဆို အခွံပါးပါးနွှာပြီးရင် တစ်လုံးလုံးစားနိုင်တဲ့ အသီးပါ။ အရသာက ချိုဆိမ့်အီပါ။

တောထဲ အပင်အောက်တွေမှာ အကောင်မျိုးစုံတွေစားထားတဲ့ အသီးမှည့်တွေပုံနေပါတယ်။ ကျွန်တော်တို့ကတော့ အပင်ပေါ်တက်ထိုင်ပြီး အဝစားကြလေ့ရှိပါတယ်။ ပင်စည်မှာကပ်ပြီးသီးတဲ့အမျိုးဆိုတော့ တကူးတကရှာခူးစရာမလိုပါဘူး။ ပင်စည်တွေ၊ အကိုင်းကြီးတွေမှာ ရဲတွတ်ပြီးခဲနေအောင်သီးတာပါ။ မိုးဦးကျရာသီဆိုရင် သဖန်းသီးတွေမှည့်ပါပြီ။ မိုးကုတ်ရဲ့ တောတောင်တွေမှာ သယ်လို့မကုန်နိုင်အောင် ပေါများလှပါတယ်။

ကတွတ်ပင်ကျတော့ ပင်ကြီးမျိုးပါ။ တောထဲကအပင်ကြီးတွေနဲ့ အပြိုင်နင်လားငါလားမြင့်တက်နိုင်စွမ်းရှိတယ်။ ကတွတ်သီးတွေ မှည့်ပြီဆိုရင်လည်း အမြစ်တွေတစ်လျှောက်မှာ ဖျာခင်းထားသလို နီရဲနေပြီး ခူးလို့အတော်နဲ့မကုန်နိုင်ပါဘူး။ ကျွန်တော်ကျတော့ တွင်းပြန်လွယ်အိတ်တစ်လုံးသယ်ခဲ့ပြီး ထန်းလျက်နဲ့ ယိုထိုးစားလေ့ရှိတယ်။ ကတွတ်မှာလည်း အဖိုပင်ရှိတယ်။ သူက သီးတာအတူတူပါပဲ။ ဒါပေမယ့် အသီးထဲမှာ အနှစ်မပါဘဲ သဖန်းလိုပဲ ပိုးကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com

အပြည့်ရှိနေတတ်တယ်။

သဖန်းပင်တွေကျတော့ အများအားဖြင့် ပင်လတ်မျိုးနွယ်တွေပါ။ သဖန်းတောတွေမှာ အပေါ်အမြင့်ကြီးတက်တဲ့ သဖန်းပင်ဆိုတာမရှိပါဘူး။ သူကပင်စည်ကြီးရင်တောင် ဘေးကိုကိုင်းသွားတတ်တဲ့အမျိုးပါ။ အပေါ်မတ်မတ်မတက်နိုင်ပါဘူး။ အဲဒါကြောင့် သဖန်းသီးမှည့်ချိန်ဆိုရင် သဖန်းပင်မြင့်မြင့်ပေါ်တက်စားရတာမျိုး သိပ်မရှိပါဘူး။

ရှေးတုန်းက သူတော်စင်တွေ တောထဲက သစ်သီးသစ်ဥတွေကို မှီဝဲသုံးဆောင်ပြီး အသက်ဆက်နေထိုင်နိုင်တာကို အဲဒီတောထဲက အသီးတွေမြင်ရတော့ ဟုတ်နိုင်တယ်ဆိုတာကို လက်ခံမိပါတယ်။ ရှာစားတတ်ရင် တောထဲမှာ စားကောင်းတဲ့အသီးပေါင်း မြောက်မြားစွာရှိနေတာကို တွေ့ရပါတယ်။ ယုတ်စွအဆုံး တောထဲအလေ့ကျပေါက်နေတဲ့ တောသခွားဆိုတာတောင်ရှိတယ်။ သူ့အနံ့၊ သူ့အရသာ၊ သူ့အသီးက တကယ့်သခွားသီးပါပဲ။ သခွားရိုင်းလို့ ဆိုနိုင်ပါတယ်။ သူကအလုံးငယ်တာပဲရှိပါတယ်။ တောစပျစ်ဆိုတာလည်းရှိတယ်။ အသီး၊ အရွက်၊ အမြစ်၊ ဥဆိုတာတွေအများကြီးပါ။ တောနက်တွေဟာ အလွန်စိတ်ဝင်စားဖို့ကောင်းတာပါ။

## ခအောင်းပင်

'လတာပေါင်း ခအောင်းရယ်တဲ့ ပွင့်ချိန်တန်' ဆိုတဲ့ စာကို ဘယ်သူစပ်တာပါလိမ့်။ ခအောင်းဆိုတာ ညောင်မျိုးနွယ်မို့ အသီးတွေအပြွတ်လိုက်စပြီးထွက်လာတာပါ။ အပွင့်မပွင့်ပါဘူး။ သဖန်းသီးပုံနဲ့ ဆင်ပါတယ်။ ဒါပေမယ့် ခအောင်းက အသီးသေးတယ်။ ကတွတ်သီးလောက်ပဲရှိပါတယ်။ သို့သော်လည်း ကတွတ်တို့၊ သဖန်းတို့လိုမှည့်ရင် အနီမဟုတ်ဘူး။အဝါရောင်ပါ။ မိုးကုတ်တောတွေမှာ သဘာဝအလျောက်ပေါက်ကြပါတယ်။

ခအောင်းကျတော့ ပင်လတ်မျိုးနွယ်တောင် မရောက်တတ်ပါဘူး။ ခပ်နိမ့်နိမ့်ပဲရှိတတ်ပြီး ပင်စည်ကြီးအလွန်ကြီးတာမတွေ့ရပါဘူး။ ခအောင်း ဆိုတာ ပြည်နယ်အနှံ့ပေါက်တဲ့အပင်ပါ။ နေပြည်တော် ပျဉ်းမနားဒေသနဲ့ မိုးကုတ်မှာကျတော့ ရှေးအခါက ခအောင်းကို ဆေးရိုးလုပ်ကြတယ်။ အပင်ကိုခုတ်၊ တောက်တောက်စဉ်း၊ နေလှန်း၊ ခြောက်ရင် မောင်းနဲ့ထည့်ထောင်းကာ ဆေးရွက်ကြီးနဲ့နယ်ပြီး ဆေးစပ်လုပ်တာပါ။ ခအောင်းသားက အရစ်ရစ်အထပ်ထပ်နဲ့ ပွတော့ကာ မီးစွဲလွယ်တယ်။ မီးနေတယ်။ ချောင်းမဆိုးဘူးလို့ သိရတယ်။ အချို့ကျတော့ ဉနွဲ့သားတွေလည်း ဆေးရိုးလုပ်တယ်။ ညောင်သားတွေလည်း ဆေးရိုးလုပ်ပါတယ်။ ဆေးပေါ့လိပ်လုပ်ငန်း ဆိုတာ ဆေးရွက်ကြီး၊ ဆေးရိုး၊ သနပ်ဖက် ဒါဟာ အဓိကကုန်ကြမ်းပါ။ မြင်းခြံ၊ ပခုက္ကူဘက် ဆေးစိုက်ရာအရပ်ဒေသတွေကျတော့ ဆေးရွက်ပင်တွေရဲ့ အရိုးကို ဆေးရိုးအဖြစ် ပြန်လုပ်ကြတော့ ဆေးရိုးစစ်စစ်လို့ဆိုနိုင်ပါတယ်။ ကျန်တဲ့ဒေသတွေမှာတော့ ဉနွဲ့နဲ့ ညောင်သားသာများပါတယ်။

ခအောင်းဆိုတာမပွင့်တဲ့အမျိုးလို့ လူအများသိထားကြပေမယ့် ခအောင်းပင်ဟာ ဂမ္ဘီရဆန်စွာပွင့်တတ်ကြောင်းလည်းကြားဖူးပါတယ်။အဲဒီခအောင်းပင် ဝေဝေဆာဆာပွင့်နေတာကို ခအောင်းပွင့်၊ မပွင့် လုံးဝမသိတဲ့ ကျွန်တော်တို့ မိုးကုတ်အနောက်ပိုင်းကျောက်ဖျာရွာက လက်သမားဆရာ ကိုပုကတော့ မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရဖူးကြောင်း ဖွားမိအိမ်ကစကားဝိုင်းမှာ အတည်ပြောဆိုခဲ့ပါတယ်။

## ထင်းခုတ်ချိန်

ကထိန်ရာသီပြီးတာနဲ့ ကျွန်တော်တို့ တောရွာတွေဟာ ထင်းခုတ်ချိန်ရောက်ပါပြီ။ လျှပ်စစ်မရှိတာကြောင့် သဘာဝလောင်စာဖြစ်တဲ့ ထင်းကိုသာ မိုးကုတ်မြို့နယ်မှာ အားကိုးအားထားပြုရခြင်းပါ။ မီးသွေးလောင်စာတောင့်ဆိုတာတွေကျတော့လည်း ဝယ်ဖို့လက်လှမ်းမမီကြတာ များပါတယ်။ အဲဒါကြောင့် မိမိတို့အိမ်အောက်မှာ ထင်းကိုလံပြီး နှစ်ပတ်လည်ဆိုက်လို့လောက်အောင် ရှိသမျှလူကုန်ထမ်းကြရခြင်းပါပဲ။

ယောက်ျားတွေက အဝေးတောထဲဝင်ပြီး နံနက်စောစော ထင်းခုတ်ထင်းထမ်းလုပ်ရတယ်။ ကျွဲ၊ နွား၊ မြင်းရယ်လို့ မရှိကြတော့ကာ ကိုယ့်ပခုံးကိုယ်အားကိုးကြရတာပါပဲ။ ထင်းထမ်းချိန်မှာ လူများလေ ထင်းရလေပါပဲ။ အဲဒါကြောင့် ထင်းထမ်းချိန်ဖြစ်တဲ့ နတ်တော်၊ ပြာသိုလမှာ 'နတ်တော်၊ ပြာသိုတွင်းသားလို၊ တပို့တွဲ တပေါင်း တွင်းသားမောင်း' လို့ အဆိုရှိခြင်းပါ။

ထင်းထမ်းတယ်ဆိုလို့ နိုးနိုးလေးမထင်လိုက်ပါနဲ့။ အတော်ဝေးတဲ့ တောနက်တွေတွေထဲအထိသွားကြရခြင်းပါ။ နံနက်(၄)နာရီလောက်ဆိုရင် မားမကိုယ်စီနဲ့ အုပ်စုလိုက်တောထဲသွားကြရပါပြီ။ အားလုံးဟာ ထင်းထမ်းကိုယ်စီနဲ့ (၈) နာရီလောက်မှ ပြန်ရောက်ကြတာပါ။ ချမ်းတာ၊ အေးတာ ဘေးချိတ်ပြီး ချွေးတလုံးလုံးနဲ့ ဆိုပါတော့။

မိန်းကလေးတွေက အုပ်စုလိုက် မနေ့လယ်နေ့ခင်း ရွာနဲ့နီးတဲ့ထင်းခြံတွေမှာ ထင်းခြောက်ကိုင်းဖျားကိုင်းနားစုချည်ပြီးထမ်းကြလေ့ရှိတယ်။ ထင်းခြောက်ဆိုလို့ ပေါ့ပေါ့မထင်နဲ့။ သူတို့ရဲ့ထင်းထမ်းကို ယောက်ျားတွေတောင် မနည်းမ,ယူကြရတယ်။ မိုးကုတ်တောသူတွေဟာ ပခုံးအားအလွန်ကောင်းပါတယ်။ ခေါင်းရွက်လုံးဝမတတ်ကြပါဘူး။

ကားတွေမပေါ်မီကဆိုရင် ကျပ်ပြင်ဈေးကို နပန်းတောင်နှစ်လုံးကို ဝါးလုံးလျှိုပြီးထမ်းကာ ဈေးဝယ်လေ့ရှိကြတယ်။ သူတို့အထမ်းက နင့်နေအောင်လေးတယ်။ ကျောက်ဖျာနဲ့ကျပ်ပြင်နီးနီးမထင်ပါနဲ့။ (၅) မိုင်လောက်ဝေးမလားတောင် မသိပါဘူး။ အဲဒီတောင်တက်တောင်ဆင်းလမ်းကို ဈေးထမ်းစားပြီးကြီးပြင်းလာကြတာဆိုတော့ မိုးကုတ်တောသူတွေဟာ အထမ်းမှာ ပထမပါ။

ကျောက်ကြမ်းကြီးတို့လို ခြံစိုက်စားတဲ့ရွာတွေဆိုရင် ကားမစီးချင်တဲ့ ဈေးသည်တွေက သူတို့ရဲ့ထွက်ကုန်တွေ ပခုံးနဲ့ထမ်းပြီး ကျပ်ပြင်ဈေးသွားရောင်းကြတာ။ အသွားဆို အတက်တွေချည်းပဲ။ စဉ်းစားကြည့်၊ ဘယ်လောက်ပင်ပန်းမလဲဆိုတာ။ လောင်းစင်ရွာကဈေးသည်တွေလည်း လောင်းစင်က ကျွန်တော်တို့ဆီလာရင် အတက်တွေချည်းပဲ။ သူတို့ရဲ့ တောင်းတွေထဲမှာ ရောင်းကုန်အပြည့်နဲ့လာတာ။ နည်းတဲ့ခရီးမဟုတ်ဘူး။ ဒါပေမယ့် သူတို့ကတော့ အပြုံးမပျက် ပန်းပန်လျက်ဆိုတာလိုပါပဲ။ ဒီလောက်တော့ ထမင်းစားရေသောက်ပါ။

အဲဒီလို အလေ့အကျင့်တွေရှိခဲ့တော့ မိုးကုတ်တောသူတွေ ထင်းထမ်းတယ်ဆိုတာ အပျော့ပါပဲ။ လုံးဝစာမရှိပါဘူး။ သူတို့က အုပ်စုလိုက် တောထဲဝင်ရတာကို ပျော်နေကြတာပါ။ ဘယ်လောက်ချမ်းသာချမ်းသာ၊ဘယ်လောက်နာမည်ကြီး ကျောက်ကုန်သည်ဖြစ်ဖြစ် အဲဒီလို စိတ်လွတ်ကိုယ်လွတ် တောထဲဝင်ပြီး ထင်းခြောက်ခွေရတာကို အလွန်နှစ်မြိုက်ကြတာပါ။ ဒါက ရိုးသားမှု

www.burmeseclassic.com

www.burmeseclassic.com

တို ပြခြင်းပါပဲ။

**ညှဉ့်လည်ချည့်သည်များ**

အပျိုခေါင်း ဖွားမိအိမ်ဟာ ရွာလယ် ပိန္နဲပင်အနီးမှာပါ။ လည်ဖို့အတွက် အကွင်းကောင်းတာကြောင့် ကျွန်တော်အပါအဝင် ကိုပု၊ ကိုဖိုးလယ် စတဲ့သူတွေဟာ ညဆိုရင် ဖွားမိအိမ်မှာ မီးလှုံရင်း စကားဖောင်ဖွဲ့ကြပါတယ်။ ဖွားမိရဲ့တွင်းသား ဦးကုလားကတော့ ကျွန်တော်တို့ကို ဒိုင်ခံဧည့်ခံရတာပေါ့လေ။ ရှမ်းထုံးစံ ရေနွေးကြမ်းအိုးနဲ့ ဧည့်ခံတာပါ။ ကိုပုနဲ့ ကိုဖိုးလယ်တို့က ရွှေဘိုသားတွေပါ။ စကားတွေပြောရင် တောသားပီပီ အားရပါးရ မာန်ပါပါနဲ့ပြောကြလေ့ရှိတယ်။ ကျွန်တော်ကျတော့ သူတို့ပြောသမျှ နားထောင်ပြီး ရယ်နေတတ်တာပါ။

အဲဒီတုန်းက ခုခေတ်လို ရေအားလျှပ်စစ်တို့၊ တီဗွီတို့ဆိုတာ ပေါ်မှမပေါ်သေးတာ။ ကက်ဆက်တောင် တွင်တွင်ကျယ်ကျယ်မပေါ်သေးပါဘူး။ ဒီတော့ မီးဝိုင်းဖွဲ့နဲ့ အချိန်ဖြုန်းရင်း အိပ်ချိန်တန်မှ ပြန်အိပ်ကြတာ ထုံးစံပါ။

တစ်နေ့မှာ ကိုပုနဲ့ ကိုဖိုးလယ် ဘယ်ထင်းကခွဲလို့ကောင်းတယ်ဆိုတာကို သဘာဝအလျောက်ပြောနေခြင်းပါ။

ကိုဖိုးလယ်က -

"ထင်းထဲခွဲလို့ အကောင်းဆုံးကတော့ စင်ပြွမ်းသားပဲဗျ။ စင်ပြွမ်းဖြတ်တိုတုံးကြီးတွေကို ပုဆိန်နဲ့သာရွယ်လိုက် ဖျိုးဖျိုးဖျစ်ဖျစ်မြည်ပြီး အလိုလိုကွဲကျကုန်တာ။ အဲဒီအထိ စင်ပြွမ်းသားက ခွဲလို့လွယ်တာ"

လို့ ဆိုပါတယ်။

စဉ်းစားကြည့်ပါ။ ပုဆိန်ရွယ်လိုက်ရုံနဲ့ အလိုလိုကွဲကျကုန်တယ်ဆိုတဲ့ စကားပါ။ အမှန်တော့ အလွန်အကျွံတင်စားပြောဆိုလိုက်ခြင်းပါ။ စင်ပြွမ်းသားရင်ရင်းနဲနေပြီး ခွဲလို့အလွန်ကောင်းတာအမှန်ပါ။ အသားစင်းလို့ပါပဲ။ အဲဒီမှာအပြိုင်အဆိုင်ပြောနေကြတော့ကာ ကိုပုကလည်း ဘာခေမလဲ ချက်ချင်းပြန်ပြောပါတယ်။

"ဖိုးလယ်ရာ၊ မင်းစင်ပြွမ်းသားထက်ကောင်းတာ ထင်းယားဖြူကွ။ ထင်းယားဖြူတုံးကို ပုဆိန်နဲ့ တွယ်လိုက်လို့ကတော့ အွတ်ကခဲ၊ အွတ်ခနဲ လက်ထဲ အရသာတွေ့သလားမမေးနဲ့။ ခွဲပြီးရင်ခွဲချင်ရင်းဆရာရေ။ ခွဲလို့သိပ်ကောင်းတာ။ ကုန်သွားမှာတောင်နှမြောမိသကွ"

လို့ ပြန်ပြောပါတယ်။

ကျွန်တော်နဲ့ ကိုဘစိုး၊ တွင်းသား မောင်ကြည်တို့ကတော့ နားထောင်ပြီး ရယ်နေကြတာပါ။ တကယ့်လူတွေဗျာ။ ရယ်စရာပြောနေတာမဟုတ်ဘူး။ အတည်ပြောနေကြတာ။ မှင်နှင့်မောင်းနဲ့ ဟန်နဲ့ပန်နဲ့ဗျ။ သူတို့ကိုကြည့်ပြီး ကျွန်တော်ကတော့ သဘောကျလွန်းလို့ တခွိခွိနဲ့ဆိုပါတော့။ အဲဒီလိုပဲ ကြုံရာကျပန်းတွေပြောတတ်ကြတာ မမှတာပါ။ အများအားဖြင့် ကျွန်တော်က နားထောင်ပေးသူပါ။

တစ်နေ့ညမှာ ဦးကုလားက -

"ဒီနေ့နေ့လယ် ကျောက်ပြဿဒ်ဘုရားတောင်ကို လူကြီးလာတယ ထင်တယ်ကွ။ သုံးဘားဗိုလ်ကြီးတွေတောင် အစောင့်ပါလာတာ တွေ့ရတယ်"

လို့ ပြောပါတယ်။

အဲဒီခေတ်က ပခုံးဒေါက်မှာ သပြေခက်ဘားတန်းလေးတွေတင်တဲ့ခေတ်ပါ။ ဒုဗိုလ်မှူး၊ ဗိုလ်မှူး စတာတွေကျမှအပွင့်တင်တဲ့ခေတ်ပါ။ ဘားနဲ့အပွင့်ရောပြီးလည်းတင်ကြပါတယ်။ ဦးကုလားအဲဒီလိုပြောတော့ ကိုဖိုးလယ်က အားကျမခံ ချက်ချင်းပြန်ပြောပါတယ်။

"ခင်ဗျားတို့ မိုးကုတ်က မြို့သေးတော့ သုံးဘားလောက်ဗိုလ်ပဲရှိတာ။ ကျုပ်တို့ ရွှေဘိုမှာဆိုရင် မြို့ကြီးဆိုတော့ လေးဘား၊ ငါးဘားစစ်ဗိုလ်တွေပြည့်လို့"

လို့ ဆိုပြီး ပြန်ပြောတော့ ကျွန်တော်က တခွိခွိနဲ့သဘောကျလွန်းလို့ ရယ်ပြန်ပါတယ်။ ဦးကုလားကလည်း ရယ်မောပြီး-

"ဘာလဲဟ ဖိုးလယ်ရဲ့ လေးဘား၊ ငါးဘားဆိုတာ ဘုန်းကြီးတွေလား"

လို့ ပြန်မေးပါတယ်။

လေးပါး၊ ငါးပါးကို ဆိုလိုခြင်းပါ။

အဲဒီမှာ ဖိုးလယ်က အားကျမခံ ပြန်ပြောပါတယ်။



"အင်း - ခင်ဗျားတို့ ကျုပ်တို့ရွှေဘိုမြို့ကြီးကို မရောက်ဘူးတော့ ခက်တယ်"

လို့ ဆိုပါတယ်။

ဦးကုလားကလည်း အားကျမခံ-

"ငါမုံရွာသားပါကွ။ မင်းတို့ ရွှေဘိုထက် မုံရွာကကြီးပါတယ်။ မင်းပြောတဲ့ လေးဘား၊ ငါးဘားတွေ ငါတော့ မမြင်ဘူး၊ မကြားဘူးပေါင်ဗျာ"

လို့ ပြောတော့ ဖိုးလယ် တုပ်တုပ်မှ မလှုပ်တော့ပါဘူး။ ဖိုးလယ်တို့၊ ကိုပုတို့ဆိုတာ တကယ့်ရွှေဘိုနယ်တောရွာက တောသားစစ်စစ်တွေပါ။ သူတို့သိရာ၊ ထင်ရာ၊ မြင်ရာကို ဟုတ်သည်ရှိ၊ မဟုတ်သည်ရှိ စွတ်ရွတ်ပြောကြခြင်းပါ။

တစ်ညမှာ ကိုဖိုးလယ်က ဧရာဝတီမြစ်အတွင်း သင်္ဘောစီးခြင်းအကြောင်းကို ပြောပြနေပါတယ်။ ရွှေဘိုကလာရင် ကျောက်မြောင်းမှာဆင်းပြီး ဧရာဝတီမြစ်အတိုင်း သင်္ဘောနဲ့ ဆန်တက်ရတာပါ။ သပိတ်ကျင်းမှာဆင်းပြီး မိုးကုတ်ကို ကားစီးရခြင်းပါ။

"ကိုဖိုးလယ်၊ ကျုပ်က ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်ကဆိုတော့ ဧရာဝတီမြစ်လည်းမမြင်ဖူးဘူး။ သင်္ဘောလည်း မစီးဖူးဘူးဗျ။ သင်္ဘောကြီးတွေက အကြီးကြီးတွေလို့တော့ ပြောသံကြားရဖူးတယ်။ အဲဒါ သင်္ဘောကြီးတွေမှာ ကားတွေလို ရပ်ချင်ရင် ဘရိတ်တို့ပါရဲ့လားဗျ"

လို့ တောင်ဘက်သားမောင်ကြည်က မေးပါတယ်။

ကိုဖိုးလယ်က ချက်ချင်းပဲ -

"ဟ-ပါတာပေါ့ကွာ။ ဘရိတ်မပါရင် ဘယ်လိုရပ်လို့ရမှာလဲ။ သင်္ဘောဘရိတ်ကောင်းလိုက်တာမှ ရေထဲမှာတောင် တုံ့ခနဲ တုံ့ခနဲနေတာကွ။ ကားဘရိတ်ထက်တောင်ကောင်းသေးတယ်"

လို့ ပြောတော့ ကျွန်တော်တို့ ဝိုင်းရယ်ကြပြန်ပါတယ်။ ဘာရယ်မဟုတ်ပါဘူး။ ပါးစပ်ထဲတွေ့ရာစွတ်ရွတ်ပြောဆိုခြင်းပါ။ ဘာပြောပြော သိပြီးသား၊ တတ်ပြီးသားပါပဲ။ အဲဒါကြောင့် ကိုဖိုးလယ်ကို နေ့စဉ် စကားခေါ်ကာ အပျင်းဖြေကြရတာပါပဲ။

ဘောလုံးအကြောင်းတစ်ခါပြောမိပါတယ်။သူဘောလုံးကန်စဉ်က တခြားရွာနဲ့ချိန်းကန်တဲ့အခါ သူကနေ ဘယ်သူ့ကို ဘယ်လိုပေးတာကပြောနေလိုက်တာ မဆုံးနိုင်တာနဲ့ ထပြန်ခဲ့ရဖူးပါတယ်။ အမှောင်ထုကို မီးခွက်နဲ့ အန်တုပြီး ဒီလိုဒီလိုပဲ ညတွေကို ဖြတ်သန်းရတာက

www.burmeseclassic.com

လည်း တောခလေ့ပျော်စရာကောင်း လှပါတယ်။

## ကိုယ်ပွားအရိပ်

ကျွန်တော်တို့အဖွဲ့တွေဟာ ဖွားမိအိမ်မှာ ညစဉ် ကျောက်ချရပ်နားတာကြာခဲ့ပါပြီ။ လူစုံတဲ့ရက်တွေလည်း ရှိသလို မစုံတဲ့ရက်တွေလည်း ရှိပါတယ်။ မဟုတ်တာကအစ မဟုတ်တာအဆုံးဆိုတာလို အရည်အရအဖတ်မရစကားတွေ ပြောကြတဲ့အခါလည်းရှိတယ်။ ဒါပေမယ့် ရုန့်ရင်းကြမ်းတမ်းတဲ့စကားတော့ မပါပါဘူး။ ဘာလို့လဲဆိုတော့ ဖွားမိဆိုတဲ့ အပျိုခေါင်းအိမ်မို့ပါ။

ဒီနေ့လည်း ကျွန်တော်တို့ လူစုံပါပြီ။ အဲဒီမှာ ဦးကုလားက ကျွန်တော့်ကို စပြောပါတယ်။

"ကျော်စိုး၊ မနက်က မင်းတို့လာတော့ လမ်းလယ်ကောင်မှာ ငါမီးဖိုပြီး လှုံနေတာ တွေ့တယ်မဟုတ်လား"

"တွေ့သားပဲ။ နေပါဦး၊ ခင်ဗျားက လမ်းလယ်မှာ မီးဖိုလှုံနေရအောင် ဘယ်အချိန်က နတ်ရုပ်ကိုရောက်နေတာလဲ"

"ငါလား။ အေးကွာ၊ ပြောရရင်တော့ ကြာပြီပေါ့။ (၂) နာရီကျော်ကျော်လောက်ရှိပြီပေါ့။ အဲဒီနေရာကနေ ရှေ့ဆက်မတိုးရဲတော့လို့ မင်းတို့ကို မီးလှုံရင်းစောင့်နေတာကွ"

"ဦးကုလားကလည်းဗျာ၊ စောစောစီးစီး ဘယ်လိုလုပ်တောထဲရောက်သွားတာလဲ"

"အေး - ညကငါတစ်ရေးနိုးတော့ လကလည်းသာလိုက်တာ ထိန်လို့ကွ။ ဘုန်းကြီးကျောင်းဘက်က ကြက်တွန်သံလည်းကြားရော မိုးလင်းတော့မယ်ထင်ပြီး ထင်းတောထွက်ခဲ့တာကွ။ ရွာထဲကြည့်တော့လည်း တိတ်ဆိတ်နေတော့ကာ တစ်ရွာလုံးထင်းထမ်းသွားကုန်လောက်ပြီဆိုပြီး ငါလည်း ဓားမခါးထိုးပြီး ခပ်သုတ်သုတ်ထွက်ခဲ့တာပေါ့ကွာ။ လမ်းမှာလည်း တစ်ယောက်မှ မတွေ့ဘူးပေါ့။ ငါ့မှာ နာရီကလည်းမရှိတော့ မိုးလင်းပြီအထင်နဲ့သာလာခဲ့ရတာ ဘယ်အချိန်ရှိမှန်းကို မသိတာ။ ဒါနဲ့ နတ်ရုပ်တောအဝင်က ညောင်ပင်ကြီးနှစ်ပင်နားမရောက်မီ ငါကြက်သီးမွေးညင်းတွေ ထလာတာနဲ့ ဘေးဘီလည်းကြည့်လိုက်ရော လရောင်နဲ့ပေါ်နေတဲ့ ငါ့အရိပ်က အောက်ခြေကနေ နှစ်ခုကွဲထွက်နေတာဟ"

"ဟုတ်လို့လား ဦးကုလားရာ။ အရိပ်နှစ်ခုကြီးပေါ့"

"ဩော် - ဟုတ်ပါတယ်ဆိုနေ။ ဘယ့်နှယ်လုပ်ပြီး ငါ့အရိပ်ဟာ နှစ်ခုကွဲပြီး ကိုယ်ပွားဖြစ်နေတာပါလိမ့်ဆိုပြီး လကြောင့်များလားဆိုပြီး လကိုကြည့်ပြန်တော့လည်း လက ထိန်ထိန်သာနေတာတစ်ခုတည်းကွ။ ဒါနဲ့ပဲ ငါလည်း ရှေ့ဆက်မတိုးရဲတော့ဘူး။ ဒါဆို ရှေ့တောထဲက ထင်းခုတ်သံနားထောင်မှပဲဆိုပြီး နားစွင့်တော့လည်း တစ်ဦးမှ ခုတ်သံမကြားရဘူးကွ။ ဒါဆို ဒါဟာ ညသန်းခေါင်ကျော်လောက်ရှိဦးမှာ။ ရွာလည်း ပြန်မလှည့်ချင်တော့ဘူးလေ။ ဒါနဲ့ ငါ အရိပ်မထွက်တဲ့အမှောင်စပ်မှာ ထင်းရှာပြီး မီးဖိုလှုံနေရတာပေါ့"

"လရောင်အောက်ကို နောက်ထပ်ထွက်ကြည့်သေးလား"

"မကြည့်ဘဲလားကွာ။ မီးလှုံရာကနေ စိတ်ကူးပေါက်ပြီး လရောင်အောက်ထွက်ကြည့်တော့ အရိပ်ကနှစ်ခုဖြစ်နေဆဲပဲကွ။ ဒါဆိုမဖြစ်ဘူး။ ဒါဟာ သွေးရိုးသားရိုးမဟုတ်ဘူး။ အချိန်မဟုတ်လို့တောက ငါ့ကိုခြောက်နေတာဆိုတာ သဘောပေါက်သွားပြီး မီးထိုင်လှုံနေတော့တာပေါ့"

"မီးလှုံနေတော့ ဘာသံတွေကြားသေးလဲ"

"ဘာသံမှတော့ ထူးထူးထွေထွေ မကြားရပါဘူး။ တောဆိုတော့ တောကောင်တွေတိုးသံထင်ပါရဲ့၊ တချောက်ချောက်တော့ ကြားတာပေါ့ကွာ။ မင်းတို့ကလည်းကွာ မျှော်လိုက်ရတာ ပေါ်ကိုပေါ်မလာနိုင်ဘူး။ နောက်ပိုင်း အကြာကြီးနေမှ မင်းတို့စကားပြောသံသဲ့သဲ့ကို ကြားရတော့တာ။ ငါကမကြောက်တတ်ဘူးကွ။ ဒါပေမယ့် ညက ကိုယ်တွေ့ကြုံတော့ အတော်ဖြုံသွားတယ်။ ရှေ့တောင်မတိုးရဲတော့ဘူး"

"အဲဒါ ခင်ဗျား တောကြီးထဲဝင်ရင် အန္တရာယ်ရှိနိုင်လို့ တောနတ်တွေက ကိုယ်ပွားအရိပ်နဲ့ခြောက်ပြီးတားထားတာနေမှာပေါ့"

"အင်း-ဒါလည်းဖြစ်နိုင်တာပဲကွ"

လို့ ဦးကုလားက ထောက်ခံပါတယ်။ အဲဒီညမှာတော့ ကိုပုနဲ့ကိုဖိုးလယ်တို့က ကိုယ်တွေ့သရဲအကြောင်း ပြောကြပါတယ်။ ကျွန်တော်က နားထောင်ပေးသမားပါ။

## ကိုယ်ပျောက်ဂမ္ဘီရ

ဒီနေ့မှာ ဖွားမိကတော့ လူကြီးပီပီ စောစောအိပ်ရာဝင်သွားပါပြီ။ ကျွန်တော်တို့သာ တဟိဟိတခွိခွိနဲ့ ညစဉ်ပျော်နိုင်ခြင်းပါ။ ဒီကနေ့ စကားစပျိုးလာသူက ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်နယ်ထဲက ရှမ်းမနူတိုင်းရင်းသား မောင်ကြည်ပါ။ သူက ကျွန်တော်၊ ကိုဘစိုးတို့နဲ့အတူလုပ်တဲ့ ကိုဘစိုးတွင်းသားပါ။ သူက ရှမ်းမနူပီပီ ဆေးမင်ကြောင်တွေ၊ အင်းတွေ၊ ကြောင်ရုပ်တွေကိုယ်အနှံ့ထိုးထားသူဖြစ်ပြီး ဂမ္ဘီရပတုသုတတွေလည်း ကျွန်တော်တို့ထက်ကြွယ်ဝသူ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီနေ့မှာတော့ ဂမ္ဘီရဲဆန်တဲ့ သူ့အပြောမှာ ကျွန်တော်တို့အုပ်စု မျောပါသွားခဲ့ပါတယ်။

"မှတ်ထားကွ၊ ဥန္နဲပင်ဆိုတာ ကျီးပေါင်းမတက်ဘူး။ တက်ရင်လည်း လူတွေမမြင်နိုင်ဘူး။ ဘာလို့လဲဆိုတော့ အဲဒီကျီးပေါင်းပင်ဟာ သိဒ္ဓိပြီးပြီး ကိုယ်ပျောက်နေလို့ပဲ။ အဲဒါကြောင့် မတော်တဆ ဥန္နဲပင်ပေါ်မှာ ကျီးပေါင်းပင်တက်နေတာကိုမြင်ရင် ချက်ချင်းအဲဒီအကိုင်းကို အမှတ်အသားပြုကြရတယ်။ ဘာလို့လဲဆိုတော့ အဲဒီကျီးပေါင်းပင်အစောင့်ကျီးပေါင်းပင်ဆီ ပြန်ရောက်တာနဲ့ အဲဒီကျီးပေါင်းပင်ကို မမြင်ကြရတော့ဘူး။ ပျောက်သွားခဲ့ပြီ။ ကျီးပေါင်းပင်အစောင့်အပြင်ကို ခဏလေးထွက်ချိန်သာ အဲဒီကျီးပေါင်းပင်ကို မြင်ခွင့်ရကြတာလေ။ ဒီတော့ အဲဒီအကိုင်းကို ခုတ်ယူနိုင်အောင် အမှတ်အသားပြုကြရတာ။ အဲဒီကျီးပေါင်းပင်ပါတဲ့အကိုင်းကို ရတာနဲ့တစ်ပြိုင်နက် အဲဒီလူဟာ ကျီးပေါင်းပင်အစွမ်းနဲ့ ကိုယ်ပျောက်သွားတော့တာပဲ။ ကိုယ်ပျောက်ပြီဆိုမှတော့ ဘယ်လောက်တန်ဖိုးကြီးသလဲဆိုတာ သိကြမှာပါ။

တစ်ခါက လှည်းသမားတစ်ဦးဟာ နွားက ခပ်ကတ်ကတ်နွားတွေဖြစ်လေတော့ တဖြန်းဖြန်းရိုက်မောင်းရတာကိုး။ အဲဒီမှာ နွားရိုက်ကြိမ်က ကြိမ်အစစ်မဟုတ်ဘဲ ဝါးသုတ်တံဖြစ်နေတော့ကာ ရိုက်ရင်း ကြိမ်ကျိုးသွားပါလေရော။ အဲဒီမှာ ရိုက်ဖို့ တံဖျာလို့ခေါ်တဲ့ကြိမ်မပါရင် အခက်ကြုံနိုင်တာမို့ ကမ်းဘေးမှာရှိတဲ့ ဥန္နဲပင်ကနေပြီး ဥန္နဲကိုင်းလေးတစ်ကိုင်း အလောတော်ခုတ်ယူပြီး လှည်းဆက်မောင်းခဲ့ပါတယ်။ ထုံးစံအတိုင်းတဟဲ့ဟဲ့ ငေါက်ပြီး တဖြန်းဖြန်းရိုက်လာခဲ့တာပေါ့။

လှည်းနဲ့နွားကို မောင်းသူမပါဘဲ တဟဲ့ဟဲ့တဖြန်းဖြန်းနဲ့မောင်းလာတာ



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာချင်းဆိုင်ကလာတဲ့ မြင်းစီးသမား က တအံ့တဩဖြစ်နေတယ်။ကိုယ်ပျောက် နေတဲ့လူက ကြိမ်နဲ့မောင်းလာတာကို မြင်းစီးသမားက သဘောပေါက်တယ်။ ဒါဟာ လူရဲ့အစွမ်းမဟုတ်လောက်ဘူး။ ကြိမ်ရဲ့အစွမ်းပဲဆိုတာသိတော့ လှည်း ဘေးနားရောက်တာနဲ့ -

'ဗျို့- ဆရာ၊ ခင်ဗျားကြိမ်က ကောင်းလှပါလားဗျ'

လို့ နှုတ်ခွန်းဆက်လိုက်တယ်။

အဲဒီမှာ လှည်းသမားက အရိုးခံ ဆိုတော့ -

'ကျုပ်ပါလာတာ ဝါးကြိမ်ဗျ။ နွား တက်တွေမောင်းရတော့ ကြိမ်က ကျိုး သွားတာနဲ့ လမ်းဘေး ဥနှဲပင်ကဥနှဲကိုင်း တစ်ကိုင်းခုတ်ပြီး ကြိမ်လုပ်ပြီးမောင်းခဲ့ ရတာဗျ'

လို့ ပြောတယ်။

မြင်းသမားဟာ ချက်ချင်းပဲ ဥနှဲ ကျီးပေါင်းရလာတာကို သဘောပေါက် ပြီး-

'ကျုပ်အဲဒီကြိမ်ကိုကြိုက်တယ်ဗျာ။ ခင်ဗျားသဘောတူရင် ကျုပ်မြင်းနဲ့ အဲဒီ ကြိမ်လဲချင်လိုက်တာ'

လို့ ပြောတော့ လှည်းသမားဟာ အရမ်းအံ့ဩသွားပြီးပြန်မေးတယ်။

'တကယ်လဲမှာလား မိတ်ဆွေ'

'တကယ်လဲမှာပါ။ ကဲရော့- မြင်း ဇက်ကြိုး။ ခင်ဗျားကြိမ်လည်း တျုပ်ကို ပေးပါ'

ဆိုတာနဲ့ လှည်းသမားဟာ မြင်း ဇက်ကြိုးကိုဆွဲယူပြီး ဥနှဲကြိမ်ကို မြင်း သမားလက်ထဲ ထည့်ပေးလိုက်တယ်။ ထည့်ပေးလိုက်တာနဲ့တစ်ပြိုင်နက် မြင်း သမားဟာ ကိုယ်ပျောက်သွားတော့တာ ပါပဲ။ အဲဒီအခါကျမှ လှည်းသမားဟာ တန်ဖိုးကြီးတဲ့မြင်းနဲ့ သူ့ကြိမ်ကို ဘာ ကြောင့်လဲသွားတယ်ဆိုတာ သိရတော့ တာပါပဲ။

ဒါက ဥနှဲကျီးပေါင်းပင်အကြောင်း တွ။

ဥနှဲကျီးပေါင်းဟာ အလိုလိုသိဒ္ဓိပြီး သလို ခအောင်းပွင့်ဟာလည်း အလိုလို သိဒ္ဓိပြီးပြီး ကိုယ်ပျောက်သတဲ့ဗျ။ ခအောင်းပင်ဆိုတာ ဘယ်တော့မှပွင့်တဲ့ အမျိုးမဟုတ်ဘူး။ ဒါပေမယ့် ခအောင်း ပင်က ပွင့်တယ်ဆိုကိုးကွ။ ခအောင်းပွင့် ကိုမြင်အောင် အစောင့်တွေကဖျောက် ထားတာလို့ဆိုတယ်။

အဲဒီအစောင့် အပြင်သွားနေခိုက် ကြုံရင် တောထဲမှာ ခအောင်းပွင့်ကို လူ တွေမြင်ရတတ်တယ်တဲ့။ အစောင့် ပြန် ရောက်ရင် မမြင်ရတော့ဘူးပေါ့ကွာ။ အဲဒီ ခအောင်းပွင့်ကို ရအောင်ယူပြီး ဆောင်ထားနိုင်ရင် ကိုယ်ပျောက်တယ် လို့ ကြားဖူးတယ်ကွ။ တောထဲတောင်ထဲ သွားရင် ခအောင်းပွင့်နေတာများကြုံလို့ ကတော့ အလွတ်မပေးနဲ့။ ရသလောက် သာခူးယူခဲ့ပြီး ဆောင်ထားပေတော့"

လို့ ဂမ္ဘီရဆန်စွာ ပြောပြပါတယ်။

**ခအောင်းပွင့်**

"ဟေ့ - မောင်ကြည်၊ မင်းပြော တာ တကယ်လားကွ"

"ဩော် - ကိုပုကလည်း၊ ကျွန် တော်လည်း ရှေးဆရာသမားတွေပြော တာကို မှတ်ထားရတာလေ။ ကျွန်တော် က ထွင်ပြောတာမှမဟုတ်တာ။ ဘာဖြစ် လို့လဲ"

"တောထဲမှာ ငါခအောင်းပင်တစ် ပင်လုံးပွင့်နေတာ တွေ့ခဲ့ဖူးလို့ကွ"

"ဟာ - ဟုတ်ရဲ့လား ကိုပုရာ"

"ဟာ - မောင်ကြည်ကလည်း၊ ငါ လိမ်မပြောတတ်တာ တစ်ရွာလုံးအသိပါ ကွာ။ ငါတကယ်တွေ့ခဲ့ဖူးတာကွ"

"ဘယ်တောထဲမှာလဲ"

"သူရိန်တောင်ကြီးရဲ့တောင်ဘက် စောင်း ဆရာဩဘုရားရဲ့အောက်ဘက် လျှိုထဲမှာကွ။ ငါလည်းဟေ့ အိမ်အတွက် အလောတော် ထင်းချောင်းကောင်း ကောင်းရချင်တာနဲ့ တောတိုးရင်း အဲဒီ လျှိုထဲရောက်သွားတာ။ ခအောင်းပင် ကနေ အပွင့်တွေပွင့်နေလိုက်တာ မြိုင် လို့ကွ။ တရုတ်စံကားပွင့်နဲ့ ခပ်ဆင်ဆင် ရယ်။ ငါလည်းဟေ့ ခအောင်းပင်ပွင့်တာ ဒီတစ်ခါပဲမြင်ဖူးတော့ ဟုတ်မှဟုတ်ရဲ့



လားဆိုပြီး ငေးမောတောင်ကြည့်နေခဲ့ တာကွ။ လှလည်းအတော်လှပါတယ် ကွာ"

"တစ်ပွင့်လောက်မှမခူးလိုက်ဘူး လား ကိုပုရာ"

"အိုကွာ- ဘယ်ခူးမှာလဲ။ ငါရချင် တာက ထင်းချောင်းဥစ္စာ။ ခအောင်းပွင့် မှမဟုတ်တာ။ ဒါနဲ့ ငါလည်း အမှတ် တမဲ့ထားခဲ့ပြီး ထင်းချောင်းတွေ့တာနဲ့ ခုတ်ပြီးပြန်ခဲ့တော့တာကွ။ မင်းပြော သလို ကိုယ်ပျောက်မှန်းသိလို့ကတော့ အပွင့်တွေခူးပြီး ပုဆိုးနဲ့ထုပ်ပြန်ခဲ့မှာ သေချာတာပေါ့ကွာ"

"အေးဗျာ၊ ဒါမျိုးဆိုတာကလည်း ဘာမှမသိသူ၊ လောဘနည်းသူတွေသာ တွေ့တတ်ကြတာပဲလေ။ ကျွန်တော်သာ တွေ့လို့ကတော့ မောင်ကြည် ဒီလိုဘယ် နေတော့မလဲ"

"အဲဒါကြောင့်လည်း မင်းတို့ငါတို့ မတွေ့တာနေမှာ"

လို့ ကိုဖိုးလယ်က ဝင်ပြောပါ တယ်။

"မောင်ကြည်ရာ၊ အစကတည်းက သာ ခအောင်းပွင့်စွမ်းမှန်းကိုယ်ပျောက် မှန်းသိခဲ့ရင် အနည်းဆုံးတစ်ပွင့်လောက် တော့ ငါခူးထားလိုက်ပါတယ်ကွာ"

"ဒါမျိုးဆိုတာ အခွင့်အရေးနှစ်ခါ ပြန်မရနိုင်ပါဘူး ကိုပုရာ။ ဘာမှမသိတဲ့ အပြင်လောဘနည်းတဲ့ကိုပုကို အစောင့် က ပြတာလည်း ဖြစ်နိုင်တယ်။ ပေးတာ လည်း ဖြစ်နိုင်တယ်။ ရအောင်မယူနိုင် ခဲ့တာကတော့ ကိုပုရဲ့ကံတရားဆိုရမှာ ပေါ့ဗျာ"

လို့ မောင်ကြည်က ဆိုပါတယ်။

အဲဒီမှာ ကျွန်တော်က -

"ကိုပုက ခအောင်းပွင့်ဆောင် ထားပြီး ကိုယ်ပျောက်ရင် ဘာလုပ်မယ် စိတ်ကူးလဲ"

လို့ မေးတော့ ကိုပုက ထုံးစံ အတိုင်း ပါးစပ်ကို နားရွက်ချိတ်လု မတတ်ရယ်ပြီး -

"ကျုပ်မိန်းမ သန်းရီကို အပျင်းပြေ စရတာပေါ့ဗျာ"

လို့ ပြန်ဖြေပါတယ်။

ကဲ - ဘယ်လောက်ရည်ရွယ်ချက် ကြီးပြီးရိုးသားလိုက်ပါသလဲ။

ကျောက်ဖျာသို့အမှတ်တရ
ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

မောင်လှယဉ့်(မော်လမြိုင်)

# လေငန်းအတွက်ဆေးတစ်လက်

ကျွန်ုပ်နေထိုင်သော ဘီလူးကျွန်းခြောင်းဆုံမြို့နယ်ထဲမှ ကလော့ရွာဟာ ရွာကြီးတစ်ရွာဖြစ်သလို ကလော့၊ အပြိုင်ဆိုပြီး နှစ်ရွာတစ်ရွာဖြစ်နေလို့လည်း ပိုစည်ကားနေပါတယ်။ ဈေးရှိသလို လက်ဖက်ရည်ဆိုင်၊ ဗွီဒီယိုရုံတွေနဲ့စည်စည်ကားကားရှိနေပါတယ်။ မနက်ဈေးမို့ အနီးအနားရွာများက ဈေးဝယ်လာကြ၊ လက်ဖက်ရည်သောက်ကြနဲ့ စည်ကားနေပါတယ်။

သည်တွင် ကျွန်ုပ်မိတ်ဆွေ ကိုစိုးနိုင်တို့ မောင်နှမသုံးဦး လက်ဖက်ရည်ဆိုင်လည်း အပါအဝင်ပဲဖြစ်ပါတယ်။ ကိုစိုးနိုင်တို့ဆိုင်က ဈေးထိပ် ကားဂိတ်မှာမို့ ပိုလို့လူဝင်လူထွက်များပါတယ်။

ကိုစိုးနိုင်က လူပျိုဖြစ်သလို သူ့အစ်မ ဒေါ်သိန်းကြည်လည်း အပျိုကြီးဖြစ်ပြီး ညီမငယ်ကျောင်းဆရာမ မိမိခင်ကလည်း အိမ်ထောင်မကျသေးဘူးဆိုတော့ လူပျိုကြီး၊ အပျိုကြီးတွေလို့ ဆိုရမှာပါ။

မိဘနှစ်ပါးလုံးမရှိတော့။ အစ်မ ဒေါ်သိန်းကြည်ကပဲ အစ်မကြီးအမိရာ ဆိုသလို အိမ်ရှိ ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်ကို ဦးစီးပြီး တစ်ဖက်ကလည်း မိဘလက်ရှင်းလယ်ကိုပါ လုပ်ကိုင်နေရပါတယ်။

ကိုစိုးနိုင်က ရုံးသမား၊ မိမိခင်က ကျောင်းဆရာမတွေဆိုတော့ ပိတ်ရက်မှသာ အစ်မကြီး ဒေါ်သိန်းကြည်ကို ကူညီနိုင်ရှာကြပါတယ်။ ဒေါ်သိန်းကြည်က အသက် (၆၀) နားနီးလာပေမယ့် ကျန်းကျန်းမာမာနဲ့မို့ လုပ်ငန်းအားလုံးကို ဖယ်စက်သလို လုပ်နိုင်သူပါ။

ကျန်းမာသန်စွမ်းသူဖြစ်ပေမယ့် အခန့်မသင့်၍ဖြစ်စေ၊ တစ်ခုခုမှား၍ဖြစ်စေ ရောဂါကချက်ချင်းဝင်ပူးတတ်ပါတယ်။ အထူးသဖြင့် အခုဖြစ်နေတဲ့ ပေါ်ပြူလာရောဂါက လေရောဂါပါ။ ဒီရောဂါက ကြီးကြီး၊ ငယ်ငယ် မျက်နှာမရွေး အဖြစ်များနေပါတယ်။

တစ်နေ့ အစ်မကြီးဒေါ်သိန်းကြည် မော်လမြိုင်မြို့မှ ဈေးဝယ်ပြီးအပြန် ရေမိုးချိုးပြီး ထမင်းစားမယ်ဆိုကာ မိမိခင်ပြင်ထားတဲ့ထမင်းဝိုင်းမှာ မောင်နှမသုံးဦး ထမင်းစားကြတယ်။ စားလို့မှမပြီးခင် အစ်မကြီး ဒေါ်သိန်းကြည်က -

"ငါ့လက်တွေ မ,ရတာလေးနေသလိုပဲ။ တစ်မျိုးကြီးဖြစ်နေတယ်"

လို့ ပြောပါသေးတယ်။ လက်ကျန်ထမင်းလုတ်ကိုပါ ပါးစပ်ထဲထည့်ဖို့ လက်အမြှောက် လက်ကမတတ်လာဘဲ ဘေးကိုကျသွားပါတယ်။ ထမင်းတွေလည်း ဖိတ်စဉ်ကုန်တာပေါ့။

ကိုစိုးနိုင်တို့မောင်နှမလည်း အစ်မကြီးဘာဖြစ်မှန်းမသိလို့ အိမ်ရှေ့ကိုထွက်ပြီး ဆရာဝန်ခေါ်ဖို့ပြင်ချိန် ဆိုင်မှာ လက်ဖက်ရည်သောက်နေတဲ့ ကိုစိုးနိုင်မိတ်ဆွေက-

"ဘာဖြစ်နေတာလဲ ပျာယီးပျာယာနဲ့"

လို့ မေးလိုက်ပါတယ်။

"အစ်မကြီးဘာဖြစ်မှန်းမသိပါဘူးဗျာ။ ထမင်းစားရင်း ထမင်းလုတ်ရောလက်ပါ ဘေးကိုတွဲကျပြီးလူလည်းလဲကျသွားတာပဲ။ အခုဆရာဝန်သွားခေါ်မလို့ပါ"

"ကျွန်တော်ဝင်ကြည့်ဦးမယ် ကိုစိုးနိုင်"

ကိုစိုးနိုင်မိတ်ဆွေက ဝင်သွားပြီး ဒေါ်သိန်းကြည်ကို စမ်းသပ်ကြည့်တော့ လေဖြတ်ကြောင်း သိရပါတယ်။

"အစ်မကြီး လေဖြတ်သွားတာပါ။ ကရင်ဆိုဒါနဲ့ ဆေးပရုတ်ရနိုင်မလား"

"ရမယ် သူငယ်ချင်း၊ ရမယ်"

လက်ဖက်ရည်ဆိုင်ရော ဆေးလိပ်၊ ကွမ်းယာဆိုင်ပါ တွဲဖွင့်ထားလို့ ကရင်ဆိုဒါတစ်ပုလင်းနဲ့ ကွမ်းယာဆိုင်ထဲက ဆေးပရုတ်ကို ယူပေးလိုက်ပါတယ်။ ကိုစိုးနိုင်မိတ်ဆွေက ကရင်ဆိုဒါကို ဖန်ခွက်ထဲဖောက်ထည့်၊ ဆေးပရုတ်နည်းနည်းထည့်ပြီး တစ်ဝက်လောက်ဝင်အောင်တိုက်လိုက်ပါတယ်။

ခဏကြာတော့ ဒေါ်သိန်းကြည် အန်ချင်သလိုဖြစ်လာ၍ ထွေးခံခံပေးလိုက်ရာ ပါးစပ်ထဲမှ အရိအရွဲများထွက်လာပါတယ်။ သုံးခါလောက်အန်လိုက်ရတော့ ဒေါ်သိန်းကြည် သတိရလာပါတော့တယ်။

ကိုစိုးနိုင်သူငယ်ချင်းက အပြင်ထွက်သွားပြီး သူ့လွယ်အိတ်ယူလာတယ်။ လွယ်အိတ်ထဲမှာ လစ်ပိုပုလင်းတစ်လုံးထုတ်ယူပြီး ကိုစိုးနိုင်ကို လှမ်းပေးလိုက်ပါတယ်။

"ကိုစိုးနိုင်၊ အစ်မကြီးပါးစပ်နည်းနည်းရွဲ့နေတယ်။ ဒီဆေးရည်နဲ့တည့်အောင် နည်းနည်းချင်းဆွဲပေး။ နောက်တစ်ကိုယ်လုံးကိုလည်းလိမ်းပေးပြီး နွေးနွေးထွေးထွေးနေပါစေ။ ဒီဆေးကို တစ်နေ့ သုံးခါလိမ်းပေးနော်။ ကျွန်တော်လည်း ကျောင်းမှာအလုပ်ရှိသေးလို့ ပြန်လိုက်ဦးမယ်။ နောက်သုံးရက်နေရင် ကျွန်တော်ပြန်လာခဲ့ဦးမယ်"

ကိုစိုးနိုင် ပြန်ပြောပြတာတွေပါ။ သူဆက်ပြီးပြောလာပါသေးတယ်။

"ဒါပါပဲ ကိုတင်လှ၊ အခု ခင်ဗျားမြင်တဲ့အတိုင်းပါပဲ။ သုံးရက်ပဲရှိပါသေးတယ်။ အစ်မကြီးထူထူထောင်ထောင်တောင်ဖြစ်လာပြီး လမ်းလည်းနည်းနည်းလျှောက်နိုင်၊ စကားလည်းနည်းနည်းပီလာပြီဗျ။ ပါးရွဲ့နေတာလည်း သိသာရုံလေးပဲကျန်တော့တယ်"

ကိုစိုးနိုင်က သူ့အစ်မကြီးဒေါ်သိန်းကြည် လေမိသွားပုံနဲ့ အခုသူငယ်ချင်းရဲ့လိမ်းဆေးနဲ့ ကုသလို့ သက်သာလာပုံကို အားရပါးရပြောပြနေတယ်။

"ဒါဆို ဒီဆရာရဲ့ဆေးက အတော့်ကို ထိရောက်တာပေါ့ဗျာ။ သူလာဦးမယ်ပြောသွားသေးလား ကိုစိုးနိုင်"

"သုံးရက်ခြားတစ်ခါ လာကြည့်မယ်လို့ ပြောသွားတယ်ဗျ။ ကနေ့ သုံးရက်ပြည့်ပြီဆိုတော့ သူလာမယ့်နေ့ပဲဗျ"

"ဟာ-ဒါဆို အတော်ပဲ၊ ခင်ဗျားတို့ဆရာလာတဲ့အထိ ကျွန်တော်စောင့်မယ်ဗျာ။ သူလာရင် စကားလေးဘာလေးပြောပြီး ဆေးနည်းလည်းတောင်းကြည့်မယ်ဗျာ"

"အင်း-စာရေးဆရာရေးကွက်ရှာတော့မယ်မဟုတ်လား"

ကျွန်ုပ်က ဘာမှပြန်မဖြေဘဲ ပြုံးဖြဲဖြဲနဲ့ ရေနွေးသောက်နေလိုက်ပါတယ်။

တနင်္ဂနွေနေ့ဖြစ်လို့လည်း ကိုစိုးနိုင်ဆိုင်မှာ လူစည်ကားနေပါတယ်။ နံနက် (၉) နာရီကျော်လောက်တွင် ဆိုင်ကယ်တစ်စီးရပ်လာပြီး အသက် (၃၀)



www.burmeseclassic.com

www.burmeseclassic.com

ကျော်လူရွယ်တစ်ဦး လွယ်အိတ်လွယ်လို့ ဆိုင်ထဲဝင်လာတယ်။

"ဟာ - ဆရာလာ ဆရာ။ အစ်မကြီးလည်း ဆရာ့ဆေးကြောင့် အတော်လေးသက်သာလာပြီဆရာ။ လမ်းလည်း နည်းနည်းလျှောက်နိုင်ပြီ။ ထမင်းလည်း နည်းနည်းစားလာပြီဆရာ။ ဆရာ့ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင်မသိခုပါဘူးဗျာ။ ညီမ မိမိခင်ရေ ဆရာ့အတွက် လက်ဖက်ရည်ကျဆိမ့်နဲ့ မုန့်တွေပါချပေးပါကွယ်"

ထိုဆရာဆိုသူက ကျွန်ုပ်တို့နှစ်ဦး ထိုင်နေတဲ့စားပွဲဆီကိုလာပြီး ခုံလွတ်မှာဝင်ထိုင်လိုက်ပါတယ်။ ကိုစိုးနိုင်က မုန့်တွေထယူပြီး စားပွဲပေါ် လာချကာ ဝင်ထိုင်လိုက်ပါတယ်။

"ဆရာ - ဒါ ကျွန်တော့်မိတ်ဆွေ ကိုတင်လှတဲ့။ ရေတပ်ထွက်ပါ။ အခု မီဘပိုင်လယ်ကို တစ်ဖက်ကပိုင်းကူရင်း ဝါသနာပါတဲ့ စာရေးတဲ့အလုပ်လည်း လုပ်တယ်ဆရာ"

"ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ် ဆရာ။ ကျွန်တော့်နာမည် လှဦးပါ။ ကျောင်းဆရာထွက်ပါ။ ကိုစိုးနိုင်နဲ့ခင်သလို ကျွန်တော့်ကိုလည်းခင်ပါဗျာ"

ကိုလှဦးက ဖော်ရွေစွာ ပြန်လို့ မိတ်ဆက်လာပါတယ်။ ကျွန်ုပ်က ကိုစိုးနိုင်ကို မျက်ရိပ်ပြလိုက်တော့ အထာနပ်တဲ့ကို စိုးနိုင်က ကိုလှဦးကို လမ်းကြောင်းစကားစလိုက်ပါတယ်။

"ဩော် - ဆရာ၊ အပန်းမကြီးဘူးဆိုရင် ကိုတင်လှက အစ်မကြီးကို ကုသပေးတဲ့ဆေးနည်းလိုချင်လို့ပါတဲ့။ မဂ္ဂဇင်းမှာ အများသိအောင် ရေးချင်လို့ပါတဲ့ ဆရာ"

"ဩော် - ရပါတယ် ဆရာ။ ကျွန်တော့်ကို လက်ဆင့်ကမ်းပေးလှူဖို့ မိန့်ကြားခဲ့ပါတယ်။ ဆရာတော်ပြောခဲ့တာတတော့ ပညာကိုသေရွာမယူသွားနဲ့တဲ့။ စိတ်ချ၊ ကုပ္ပံကုနည်းရော ဆေးနည်းပါ ပေးခဲ့ပါ့မယ်"

ကိုလှဦးက စကားခဏရပ်ပြီး ရေနွေးငုံသောက်၊ စီးကရက်ဖွာနေပြီးမှ စကားစပြောလာပါတယ်။

"ဒီလိုဗျ၊ ကိုစိုးနိုင်တို့အစ်မကြီးဖြစ်ပုံကိုကြည့်ရအောင်။ အစ လက်တွေ ထုံကျဉ်လာမယ်။ လေးလာမယ်။ စကားပြောနေးလာမယ်ဆိုရင် လေငန်း၊ လေဖြတ်ရောဂါစပြီလို့ ယူဆပေါ့ဗျာ။ သူနဲ့တွဲပြီး ဝင်လာနိုင်တာက သွေးတိုး၊ ဆီးချို၊ သွေးချိုတို့ပဲဗျ။

ဒီအခါကျရင် တက်စာတွေမှန်သမျှ ရှောင်ပေါ့။ ဝက်သား၊ ဘဲသား၊ စိမ်းစားဥ၊ ငှက်ပျောသီး၊ ပဲငါးပိ စတဲ့ အအေးစာတွေကိုလုံးဝမစားဘဲ၊ ရေအေးလည်းမသောက်ဘဲ ရေနွေးသောက်၊ ရေချိုးလည်း ရေနွေးနဲ့စပ်ချိုး။ လေတိုက်လည်းမခံရဘူးဗျ။ နွေးနွေးထွေးထွေး အမြဲနေစေပြီး အပူစာတွေဖြစ်တဲ့မြင်းခွာရွက်သုပ်၊ ရှောက်ရွက်၊ ရှောက်သီးသုပ်၊ ကြက်ဟင်းခါးသီး၊ ကြက်ဟင်းခါးရွက်တို့ကို များများစားပေးရမယ်လို့ ဆရာတော်က မှာခဲ့ပါတယ်။

လေဖြတ်တဲ့သူဟာ အအေးစာတွေကို တစ်သက်လုံးရှောင်ဖို့ မှာခဲ့ပါတယ်။ ဆရာတော် ဒီဆေးတစ်လက်တည်းနဲ့ လေငန်း၊ လေဖြတ်သူတွေကို ကယ်ခဲ့တာမနည်းလှဘူးဗျ။ ဘီလူးကျွန်းကလူကြီးတွေ အတော်များများသိကြပါတယ်။ ဆရာတော် ပျံလွန်တော်မမူခင် ကျွန်တော့်ကို ဒီဆေးနည်းပေးခဲ့ပြီး ရောဂါသည်ကိုတွေ့ရင် ဆင်းရဲ ချမ်းသာ မရွေးကယ်ပေးဖို့ မှာကြားခဲ့ပါတယ်"

"ကျွန်တော်မသိလို့ မေးပါရစေ ဆရာ။ လူမမာကို ကရင်ဆိုဒါထဲ ဆေးပရုတ်ထည့်ပြီးတိုက်တာ ဘာဖြစ်လို့လဲ ဆရာ"

"ကရင်ဆိုဒါထဲ ဆေးပရုတ်ထည့်ပြီးတိုက်ပေးရတာက လေဖြတ်သူဟာ သွေး၊လေတွေပိတ်သွားပြီး မလှုပ်ရှားနိုင်တော့ လည်ချောင်းပြွန်ထဲမှာလည်း ချွဲသလိပ်တွေပိတ်ဆို့ကုန်ပြီး သတိလစ်သွားတာပါ။ ဒီကရင်ဆိုဒါကို တိုက်လိုက်တော့ အန်လာပြီး အရိအရွဲချွဲသလိပ်တွေ ထွက်သွားလေတော့ လေလမ်းပွင့်ပြီး သတိပြန်ရလာအောင် လုပ်ပေးတာလို့ ဆရာတော်မှာခဲ့ပါတယ်။

အချိန်အတော်ကြာမှသိရင် ဒါမှမဟုတ် အင်္ဂလိပ်ဆေးထိုးထားပြီး ဆေးတိုက်ထားပြီးရင် ကရင်ဆိုဒါကို သွားမတိုက်နဲ့တော့တဲ့။ နာရီပိုင်းအတွင်းဆိုရင်တော့ တိုက်ပါ။ ချက်ချင်းသတိပြန်ရလာပါလိမ့်မယ်တဲ့။

ကိုတင်လှ ရေးချင်ရင်တော့ ရေးပါဗျာ။ ကျွန်တော် ဆေးဆရာမဟုတ်ဘူးဆိုတာကိုတော့ ထည့်ရေးပေးပါဗျ။ ဒီဆေးနည်းတစ်ခုတည်းရထားပြီး ဒီရောဂါကိုပဲ ကုပေးနေတာပါ"

ကိုလှဦးက စကားကို အဆုံးသတ်ပြီး လွယ်အိတ်ထဲက တစ်စုံတစ်ခုနှိုက်ယူကာ ကိုစိုးနိုင်ကိုပေးပြီး ပြောလိုက်ပါတယ်။

"ရော့-ကိုစိုးနိုင်၊ ဒါက ရဲယိုမြစ်ပါ။ ဒီအမြစ်ကို ခင်ဗျားအစ်မကြီးရဲ့ခါးမှာ ချည်ထားပေးလိုက်ပါ။ နောက်လေပြန်မဖြစ်တော့ဘူးဗျ။ ဒီရဲယိုမြစ်ဘာကြောင့်ဆွဲရတယ်ဆိုတာလည်း ရှင်းပြခဲ့ပါ့မယ်။

ရှေးသမားတော်တွေက ရဲယိုမြစ်သည် ပူ၊ ခါး၊ အရသာရှိလို့ လေဓာတ်ကို အားပေးတယ်လို့ ဆိုပါတယ်။ လေငန်းအဖြတ်ခံရသူက လေဓာတ်အားနည်းလို့ဖြစ်တာဆိုတော့ ဒီရဲယိုမြစ်ကို တူးဆွဲခိုင်းတာပါ။ အဲ - တူးယူတဲ့အခါမှာလည်း စည်းစနစ်ရှိသေးတယ်ဗျ။ တူးတဲ့လူက ဆန်နဲ့ဆီဘူးတစ်ဝက်လောက်ကိုယူပြီး အရှေ့ဘက်ထွက်တဲ့အမြစ်ကို 'ဆရာ၊ လူမမာရောဂါကို ကယ်တင်ဖို့ ကြွပါ' ဆိုပြီး ဆန်ပက်ကြဲပြီးမှ တူးယူရပါတယ်။ ကဲ- ကျွန်တော်လည်း သွားစရာရှိသေးလို့ သွားဦးမယ်။ နောက်သုံးရက်ကြာမှ လိမ်းဆေးဆီယူလာပေးမယ်ဗျာ"

"ဟာ - ဆရာကိုလှဦး၊ ဆေးနည်းလည်း စွန့်ခဲ့ပါဦး ဆရာရယ်"

"မေ့သွားလို့ပါ ကိုတင်လှရယ်၊ ကဲ - လိုက်ရေးပေတော့။ ဆေးနည်းကတော့မခက်ပါဘူး ရှာရလွယ်ပါတယ်"

**လေငန်းလေဖြတ်လိမ်းဆေးဆီ**

| | | |
|---|---|---|
| ၁။ နနွင်းမင်း | (၇) | သွာ |
| ၂။ မိဿလင်ဥ | (၇) | သွာ |
| ၃။ ချင်း (ဂျင်း) | (၇) | သွာ |
| ၄။ ရှောက်ရွက် | (၇) | ရွက် |
| ၅။ ကြက်သွန်ဖြူ | (၇) | မြွှာ |
| ၆။ ဆွဲချပင့်ကူ | (၇) | ကောင် |
| ၇။ နှမ်းဆီ (မဆစ်ဆီ) | (၁၄) | ကျပ်သား |

အမှတ် (၁) မှ (၆)အထိ ဆေး(၆) မျိုးကို ညက်စွာထောင်းပြီး နှမ်းဆီနဲ့တူးခြစ်အောင်ချက်ပြီး ဆီကို စစ်ယူကာ တစ်နေ့သုံးကြိမ် နံနက်၊ နေ့လယ်၊ ည အိပ်ရာဝင်ချိန်တွင် ပုံမှန်လိမ်းပေးပါ။

**မှတ်ချက်**

ဆွဲချပင့်ကူဆိုသည်မှာ ပင့်ကူအိမ်တွင် အလိုလိုသေနေသည့် ပင့်ကူသေများသာ ဖြစ်ပါတယ်။

*(ဤစာမူဖြင့် ဘီလူးကျွန်း ဒရယ်ရွာမှ ရွှေကျင်ကျောင်းဆရာတော် ဦးသုမန(ပျံလွန်)အား ဦးခိုက်ပူဇော်လိုက်ပါတယ်ဘုရား။)*

*ကောင်းကျိုးလိုရာပြည့်ပါစေ*

မောင်လှယဉ် (မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းအမျိုးအစားများအား လေ့လာခြင်း

△ကြံ့ရာပန်းသာ-ဆရာဇေယျာလင်း



ဤသည်တို့ကား ချစ်နှံ့မပြယ်အင်းတော်များ အစီအရင်၏ အင်းဆန်ဂါထာ(၇)ပုဒ်ဖြစ်ပြီး ဂါထာတစ်ပုဒ်လျှင် အင်းတစ်ကွက်ကျဖြင့် ပထမအင်းမှ သတ္တမအင်းအထိ ဂါထာခုနစ်ပုဒ်ဖြင့် အင်းခုနစ်ကွက် စီရင်ရပါမည်။ အင်းအသွားမှာ မြင်းသွားဖြစ်ပြီး အင်းအသွားကို နမူနာပြအင်းသွားပြဂဏန်းအင်းပါ အစဉ်အတိုင်း ရေးသွင်းရမည်ဖြစ်ပြီး ပထမအင်းဆန်ဂါထာကိုလည်း နမူနာအဖြစ် ရေးသွင်းပြသထားပါသည်။ ကျန်ဂါထာအင်းဆန်များကိုလည်း ထိုနည်းအတိုင်း ရေးသွင်းရပါမည်။

အင်း၏ လေးထောင့်အသီးသီး၌လည်း ပထမအင်းထောင့်တွင် 'စ-ဓ-ဗ-ဝ' ထည့်၍ ဒုတိယမှ သတ္တမအင်းထောင့်အသီးသီးတွင်လည်း ဗ-စ-ဓ-ဝ၊ စ-ဗ-ဝ-ဓ၊ ဝ-ဗ-စ-ဓ၊ ဓ-ဝ-ဗ-စ၊ ဝ-ဓ-စ-ဗ၊ ဠ-သ-ည-က စသည့် ဗျည်းအက္ခရာစမလေးလုံးတို့ကို အစဉ်လိုက်ရေးသွင်းပေးရပါမည်။ (အင်းအမှတ်-၁တွင် နမူနာထည့်ပြသထားသည်ကိုကြည့်ပါ။)

ဤချစ်နှံ့မပြယ်အင်းများကို ရွှေပြား၊ ငွေပြားတစ်ခုခုတွင်စီရင်ပြီး လက်ဖွဲ့လိပ်လျှင် လက်ဖွဲ့ခုနစ်လုံးရ၏။ ယင်းလက်ဖွဲ့ (၇) လုံးတို့ကို အစဉ်လိုက် ပိုးကြိုးနှင့်သီကုံး၍ဆောင်ရပါမည်။ အလွန်ထူးမြတ်၍ ဆောင်ထားအပ်သော ခါးလှည့်လက်ဖွဲ့အကျော်တစ်ခု ဖြစ်ပါသည်။

ဤချစ်ရန့်မပြယ် အင်းခါးလှည့်လက်ဖွဲ့၏အကျိုးကား ဘုန်းတန်ခိုးအာနုဘော်ကြီးစေ၏။ အမည်သတင်းကျော်ကြားထင်ရှားခြင်း ဖြစ်စေ၏။ နတ်၊ လူတို့ ချစ်ခင်၏။ ကူညီစောင်မကြကုန်၏။ မည်သည့်အခါ မည်သည့်နေရာသွားသွား ဘေးကင်း၏။ အထူးအားဖြင့် ကုန်ရောင်း၍မစွံသော လက်ဖွဲ့ကို ရေစိမ်၍ ၊အင်းဆန်ဂါထာများရွတ်လျက်ပက်ဖျန်းက အလွန်သိသာထင်ရှားစွာ အကျိုးပေးလိမ့်မည်။ သွားလေရာမျက်နှာပွင့်လန်း၏။ အနုပညာဖြင့်လုပ်ကိုင်အသက်မွေးသူများ အလွန်ဆောင်သင့်၏။ မယ်တော်ဒေဝီကြီးများကို အမြဲမေတ္တာပို့ အမျှဝေမှုကား မယ်တော်ကြီးများ အထင်အရှားပြသစောင့်ရှောက်ကြပါလိမ့်မည်။

**နမူနာအမှတ် (၂-၂-၂) ပီယသိဒ္ဓိအင်းကြီး**

လောကီပညာဂါထာမန္တန်သက်သက် အင်းဆန်ဂါထာဖြင့် စီရင်အပ်သော ဤပီယသိဒ္ဓိအင်းကြီးကို အင်းအဖြစ် ဖော်ပြအပ်ပါသည်။ အချို့က ချစ်လိုလျက်နှင့်ဝေး၊ ကိုယ်ကချစ်၍ သူကမချစ်၊ ချစ်လို့ညားပြီး ညားပြီးမှ မချစ်ကြတော့၍ သို့မဟုတ် အဆင်မပြေလမ်းခွဲကြရပြီး သံယောဇဉ်အမျှင်တန်း မပြတ်နိုင်၍ ပြန်ပေါင်းလိုသူကပြန်ပေါင်းချင်၍ ချစ်မေတ္တာရေးရာ အခက်အခဲတွေ့နေကြသူများ၊ ချစ်ဝေဒနာခံစားနေရသူများအတွက် တစ်ဖက်တစ်လမ်းက အစွမ်းပြ အဆင်ပြေစေနိုင်မည့် ဤအကြံအစည်များလည်း ပြောသမျှပြီးသလောက် အရာရောက်အောင်မြင်မှုပေးစွမ်းနိုင်သည့်အင်းကြီးလည်း ဖြစ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ဉုံ | တု | ဋ္ဌေ | ဟိ | မ | မ | ၂ဒ |
| ဖွေ | ဟံ | ရာ | ဇ | စိ | တ္တံ | ဖ |
| ဇ္ဇ | ပိ | ပီ | ယေ | သွား | ငစ | ဒိ |
| ဒ | ပိ | ယေ | ၂-ပါနံ | ယာ | ငံ | ငစ |
| ဒ | ဒ | ဝါ | ဟုံ | ပီ | ငှ | ဧ |
| ဒ | ဇ | ထိ | ဖွ | ဝ | ငဒ | ဒိ |
| ဒီ၁ | ငွ | ပွ | က၁ | ဂွ | ဂ | ဧ |

အင်းဆန်မှာ အပြင့်ခရုပတ်သွားအင်းဆန်မှာ -

*ဉုံ-တုဋ္ဌေဟိမမတုဋ္ဌေဟိ၊ ပီယေဟိ မမပီယေဟိ၊ သိဒ္ဓေဟံ မမသဒ္ဓေဟံ။ ရာဇစိတ္တံ ပီယံမှိုင်း ဒေဝစိတ္တံ ပီယံမှိုင်းမှိုင်း ဟူ၍* ဖြစ်သည်။

အကယ်၍ ကဏ္ဍိယမိန်းမကိုအလိုရှိက 'ရာဇစိတ္တံ' နေရာတွင် 'ကဏ္ဍိစိတ္တံ' ဟု ပြောင်းရေးထည့်ပါ။

အတွင်းမြင်းသွားအင်းဆန်မှာ -

'ပီယာဝါယေ ပီယေသွားဟုံ' ဟု ရေးသွင်းရမည်။

အင်းအဟိန်းမန္တန်ကား -

*ဉုံတုဋ္ဌေဟိမမတုဋ္ဌေဟိ၊ ပီယေဟိ မမပီယေဟိ သိဒ္ဓေဟံ မမသိဒ္ဓေဟံ၊ ရာဇစိတ္တံ ပုရိသ၊ ကဏ္ဍိစိတ္တံ မှိုင်း။ ဒေဝစိတ္တံ ပီယံမှိုင်းမှိုင်း၊ ဉုံ ပီယဝါယေပီယေသွားဟာ။*

ဤအင်းကို အိုးထိန်းလက်စက်မြေ (အိုးလက်သည့်နေရာကမြေ)၊ ဆီမီးခွက်၊ ရေလုံ့အိုးကွဲတို့မှာ ရေချစီရင်ရမည်။ အလယ်အကွက်တွင် မိမိနံ့တအထက်၊ တစ်ဖက်လူ (လိုသူ၏နံ) ကို အောက်ထား၍ထည့်။ လိုသူ အဝတ်စနှင့် မိမိအဝတ်စကိုနှစ်ခုပေါင်း၍ ကျီးခြေမီးစာလုပ်ပြီး မင်္ဂလာဆုံတွင်းဆီသားနှင့် ထွန်းပါ။ (မဆစ်ဆီနှင့်လည်း ထွန်း၍ရသည်။) မိမိလိုသမျှ အပြီးရောက်၏၊ ထိုသူမဖြစ်မနေရောက်လာရ၏။ ကာမေသုကိုရှောင်ပါလေ။ အလိုရှိသမျှ ဉာဏ်နှင့်ယှဉ်ပြီးသုံး၍ရ၏။

**နမူနာအမှတ် (၂-၂-၃) ကုန်တိုက်အင်းအစီအရင်များ**

လောကီပညာ ဂါထာမန္တန်အင်းအဖြစ် တတိယဖော်ပြမည့် အင်းအစီအရင်နှစ်ခုကား ကုန်ရောင်းကုန်ဝယ်အဆင်ပြေအောင်မြင်စေသော(ဝါ)က



www.burmeseclassic.com

www.burmeseclassic.com

ဖွံ့စေသော ကုန်တိုက်အင်းအစီအရင်နှစ်ခု ဖြစ်ပေသည်။ ယခု ဖော်ပြအံ့သော အင်းအစီအရင်နှစ်ခုကို ကျွန်ုပ် သုတေသနပြု စီရင်စမ်းသပ်ကြည့်ရာ အောင်မြင်သည်ကများကြောင်းတွေ့ရပေသည်။ အပြိုင်အဆိုင် ရောင်းဝယ်ရသော ဈေးဆိုင်တစ်ခုမှ ဆရာများ၊ ပညာသည်များဖြင့် အတိုက်အခိုက်အပြုခံရသဖြင့် အရောင်းအဝယ်ကျသွား၊ ထိုင်းသွားသဖြင့် လာရောက် အကူအညီတောင်းခံသော ကသာဘက်မှ ဈေးသည်ကြီးတစ်ဦးအား ဤအင်းများ စီရင်ပေးလိုက်ရာ အရောင်းအဝယ် ပြန်ကောင်းလာပြီး ထမင်းပင်အချိန်လုစားရကြောင်း ကျွန်ုပ်ထံ ပြန်လည် သတင်းပေးပို့လာခဲ့ဖူးပါသည်။ အခြားသူများလည်း ထိုနည်းနှင်နှင်ပင် အဆင်ပြေကြကြောင်း-သတင်းကောင်းများပြန်ပေးကြပါသည်။ သို့ဖြစ်ရာ အင်းနမူနာအဖြစ် လည်းကောင်း၊ လိုသူများ စီရင်ဆောင်ယူနိုင်ကြစေရန် လည်းကောင်း ဤကုန်တိုက်အင်းနှစ်ခုတို့ လောကီပညာဂါထာမန္တန်အင်းအမျိုးအစားအဖြစ် ဖော်ပြလိုက်ပါသည်။

**ကုန်တိုက်အင်း (၁)**

| | | | |
|---|---|---|---|
| စ | တု | ဒီ | သံ |
| စ | တု | မ | နံ |
| စ | တု | လာ | ဘံ |
| စ | တု | ဇေ | ယျံ |

**ကုန်တိုက်အင်းအစီအရင်(၁)**

အင်းဆန် - စတုဒီသံ၊ စတုမနံ၊ စတုလာဘံ၊ စတုဇေယျံ။ (ရထားသွားသွင်း)

**ကုန်တိုက်အင်း (၂)**

| | | | |
|---|---|---|---|
| ဥ | ဧ | တံ | သ |
| ရ | ဝံ | သွား | ဟ |
| ဥ | ဧ | ကု | သ |
| ရ | ဝံ | သွား | ဟ |

**ကုန်တိုက်အင်းအစီအရင်(၂)**
**အက်ရအကွရာအင်းဟုလည်းခေါ်သည်**

အင်းဆန် - ဥ ဧတံသရဝံ သွားဟ၊ ဥ ဧကုသရဝံ သွားဟ။ (ရထားသွားသွင်း)

အင်း (၁) ကို ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ စက္ကူတို့တွင် ရေးစီရင်၍ လက်ဖွဲ့ထိုး၍ဆောင်။ ကုန်မစွံသော် လက်ဖွဲ့ကိုရေစိမ်၍ပက်။

အင်း (၂) ကို ကျောက်ပြား၊ ကျောက်သင်ပုန်းပြားတို့တွင် ကံ့ကူဆံဖြင့်ရေးစီရင်။ စက္ကူတို့တွင် ပျက်လွယ်သောမင်ဖြင့် ရေးစီရင်ပြီး ရေတွင်စိမ်လျက် ထိုရေဖြင့်ကုန်ကိုပက်၊ ကုန်ရောင်းစွံသောဟူ၏။

လက်တွေ့တွင် ကျွန်ုပ်သည် အရေးပေါ် ရောက်လာသူများအား ထိုအင်း(၂)အင်းစလုံးကို ကြေးပြား၊ စက္ကူတို့တွင် စီရင်ပေးလိုက်ပြီး ဆိုင်၌ချိတ်ဆွဲခိုင်းလိုက်ပါသည်။ အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း အရောင်းစွံကြသည်ဟူ၏။ အင်းအဟိန်းမန္တန်အဖြစ် အထက်ပါအင်းဆန်ဂါထာများဖြင့် (၁၀၈) အုပ်စီ စုတ်သည့်အပြင် အောက်ပါရှင်သီဝလိဂါထာတော်တစ်ခုဖြင့် (၃၇) အုပ် စုတ်ပေးလိုက်၏။

*ဥ လာဘီနံ မုတ္တမောထေရော၊*
*သီဝလိ ဣတိဝိဿုတော၊ သောရ*
*ဟော ပစ္စယာဒီနံ၊ သဒ္ဒါလာဘံ*
*ကရောတုတေ။*

(မိမိအတွက်ဆိုပါက 'သဒ္ဒါလာဘံကရောတုမေ' ဟု ရွတ်ပါ။)

**နမူနာအမှတ်(၂-၂-၄) ပေါရိသာဒအင်းအစီအရင်**

လောကီပညာဂါထာမန္တန်အင်းအဖြစ် ယခုဖော်ပြခဲ့သော ပေါရိသာဒအင်းအစီအရင်မှာ ဗားမဲ့ဆရာတော်ဘုရားကြီး၏နည်းတစ်ခုဖြစ်ပြီး အင်းဆန်ဂါထာနှင့် အဟိန်းဂါထာတို့မှာ ရှေးဂန္ဓာရီဝိဇ္ဇာမယမဟိဒ္ဓိသိဒ္ဓိပညာရှင်ကြီးများ စီရင်ခဲ့သော လောကီပညာဂါထာသက်သက်မျှသာ ဖြစ်ကြပါသည်။ ဤအင်းအစီအရင်စီရင်ရလွယ်ကူသော လောကီပညာဂါထာမန္တန်အင်းမျှသာ ဖြစ်သော်လည်း အလွန်အစွမ်းထက်မြက်လှကြောင်း အဆိုအမိန့်မှတ်တမ်းများရှိခဲ့ပါသည်။ အင်းနမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပေါဒိသာရအင်းအစီအရင်**

| | | | |
|---|---|---|---|
| | အံ | တော | |
| ဓာ | ရိ | ဝါ | ဟံ |
| ဒေါ | သီ | တု | ပေါ |
| | ယော | သာ | |

အင်းဆန်ဂါထာမှာ -

*အဟံသီတော ပေါရိသာဒေါ*
*ဝါယောဓာတု။*

အင်းအဟိန်းဂါထာမှာ -

*ကရောတိ ဘဝေါနာထ၊ ကတ*
*ပုည သာစုနနာက၊ တေသိပ္ပဇိတံ*
*ကတံကရေတိ သတိမေတနာ။*

ဤပေါရိသာဒအင်းကို ကျောက်ပြားတွင်ချ၍ အဟိန်းဂါထာဖြင့် (၃၇) အုပ်စုတ်၍ ရေတွင်ချသော် ရေပေါ်၏။ လှေပြိုင်သော် လှေပွဲမှာချရသည်။ မြင်းပြိုင်၊ လှည်းပြိုင်၊ နွားပြိုင်ပွဲများတွင် ဤအင်းကို လက်ဖွဲ့ထိုး၍ဆောင်ပြီး စီးနင်းသူများက 'ငါသည် ရဲရင့်သော ကေသရာဇာခြင်္သေ့မင်းကိုပင် စီးနင်းသော ပေါရိသာဒမင်း' ဟု စိတ်ကြိမ်းဝါးလျက် စီးနင်းဆောင်ရွက်သော် သူတကာထက်သာလွန်ပေါ်ပါးလျင်မြန်၏။ တစ်ပါးသူတို့ ကြောက်ရွံ့ရသည်။ အဟန့်ကောင်းလှသည်။ သက်ရှိမဆိုထားဘိ သက်မဲ့ဖြစ်သော မီး၊ ရေ၊ လေ၊ မိုးတို့ကိုပင် တားဆီးနိုင်သည်ဟု အဆိုရှိ၏။

သာဓကတစ်ခုကား -

တစ်ရံခါ၌ ရတနာပူရအင်းဝမြို့တော်တွင် ရေအလွန်ကြီးသဖြင့် မြစ်ရေများ လျှံတက်လာလေရာ အောင်ထွန်းတံခါး၊ လေသာထံခါးတို့ကိုပင် ရေ (၂) တောင်ခန့်ထိ တက်လာသဖြင့် မြို့တွင်းသို့ ရေများစွာဝင်လေသည်။ ဤတွင် မြို့သူမြို့သားတို့လည်း ဗေဒင်ဟူးရားသမားများ၊ နတ်မှန်သူနတ်ဝင်သည်များတို့ကို မေးကြမြန်းကြရာ မနက်ဖြန်ရေကျမည်၊ သန်ဘက်ခါရေကျမည် စသည်ဖြင့် ဆိုသာဆိုကြသော်လည်း ဆိုသည့်အတိုင်း မမှန်ကြချေ။ သို့ဖြင့် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် အမေးတော်ရှိခဲ့သော်လည်း လျှောက်တင်သည့်အတိုင်း မှန်သည်ဟူ၍မရှိချေ။

ဤသို့ဖြင့် နောက်ဆုံး မင်းကြီးလည်း ဗားမဲ့ဆရာတော်ကြီးကိုပင့်၍ လျှောက်ထားတိုင်ပင်တော်မူသောအခါ ဗားမဲ့ဆရာတော်ကြီးက အထက်ပါ ပေါရိသာဒအင်းကို မင်းကြီး၏ လက်သုံးတော်ဓားတွင်ရေးသွင်းစီရင်ပြီး အင်းဆန်ဂါထာတော်ကို သရဇ္ဈာယ်စေလျက် ရေကိုဓားဖြင့်ပြစေဟု မိန့်ကြားစေခိုင်းတော်မူလေလျှင် ဆရာတော်မိန့်ကြားသည့်အတိုင်း ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် ဆောင်ရွက်တော်မူ၏။ ထိုအခါ ညတွင်းချင်းပင် ရေလျှော့ကျလေတော့သည်။ ထို့ကြောင့် အလွန်အစွမ်းထက်သောအင်းဖြစ်သဖြင့် ဉာဏ်ရှိတိုင်း



www.burmeseclassic.com

www.burmeseclassic.com

သုံးလေဟု ဗားမဲ့ဆရာတော် ညွှန်းမိန့်ခဲ့ပေသည်။

**နမူနာအမှတ် (၂-၅) ပယောဂဆရာဆောင် အတိုက်အခံအင်း**

ပယောဂဟူသည့်အတိုင်း စုန်းပယောဂ၊ နတ်ပယောဂ၊ အစိမ်း၊ ဖုတ်၊ တစ္ဆေ၊ မြေဖုတ်၊ ဥစ္စာစောင့်၊ ဇော်ဂနီ ဇော်ဂနက်၊ မောက်လုံး၊ မောက်ပြားစသည့် အဆင့်မြင့်ကဝေများမှ နာနာဘာဝမိစ္ဆာများစွာတို့ကို ပယောဂဟူ၍ အကြမ်းအားဖြင့် ခြုံငုံချုပ်၍ပြောရပါမည်။ မေတ္တာဖြင့်ဖြစ်စေ၊ ဝမ်းစာရေးစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်ဖြစ်စေ အနှိပယောဂမျိုးတို့အား ကုသနှိမ်နင်းပေးနေရသော၊ ရင်ဆိုင်ရတတ်သော ပယောဂကုဆရာများအဖို့ သူတစ်ပါးကို ကုသရုံနှင့်မပြီးသေး မိမိကိုယ်ကို ပယောဂများက ပြုစား၊ တိုက်ခိုက်၊ နှောင့်ယှက်မှုများမှလုံခြုံစေရန် ပယောဂကိုယ်လုံအဆောင်အစီအရင်များကို ဆရာများလည်း စီရင်ဆောင်ယူထားကြရပါသည်။ ထိုသို့ ပယောဂကိုယ်လုံအရာဆောင်အစီအရင်များစွာရှိကြသည့်အနက်မှ လောကီပညာဂါထာမန္တန်အင်းအစီအရင်တစ်ခုအဖြစ် နမူနာလည်းဖြစ်စေ၊ ဗဟုသုတလည်းရစေ၊လိုသူများလည်းဆောင်ယူနိုင်စေဟူသော သဘောဖြင့် ဤအစီအရင်ကို ဖော်ထုတ်တင်ပြလိုက်ရခြင်းဖြစ်ပါလေသည်။

အဖိုအင်းဆန် - ကုစ္ဆေဒေါမမကုစ္ဆေဒေါ၊ ဒေါရာဂေါ မမဒေါရာဂေါ၊ ဂေါရှာမေ မမဂေါရှာမော၊ မောဟိကု မမမောဟိကု။

အမအင်းဆန် - တံသေကာ မမတံသေကာ၊ ကာတိယ မမကာတိယ၊ ယထာတ မမယထာတ၊ တဝတံ မမတဝတံ။

အထက်ဖော်ပြပါ အင်းဆန်များကို လက်ယာရစ် ခရုပတ်အင်းသွားဖြင့် ရေးသွင်းစီရင်ရသည်။ အင်းဆန်ဂါထာကား အပြန်အလှန်သဘောမျိုး ရေးသားစီရင်ထားရာ မမလေးလုံးအလယ်တွင်ရှိခြင်းဖြင့် ဂါထာပါဒတစ်ခုချင်းအတွက် အခံဖြစ်နေကြောင်း-တွေ့ရပါလိမ့်မည်။ ဤအင်းဖို၊ အင်းမတို့ကို သိမ်ဝင်သပိတ်ကွဲတွင် ရေးချစီရင်ပြီး အင်းဆန်ဂါထာတို့ဖြင့် တစ်ထောင်စီ စုတ်၍ဆောင်ပါလေ။ ပယောဂအတိုက်အခိုက်၊ သူပြု၊ လူပြု၊ ကိုယ်ခံကိုယ်လုံကောင်းလှ၏။ ရှေးပယောဂဆရာကြီးများဆောင်လေ့ရှိသောအစီအရင်တစ်ခုဖြစ်ပါသည်။

| | | |
|---|---|---|
| ကု | စ္ဆေ | ဒေါ |
| ဟိ | မမ<br>ဂဂ | ရာ |
| မော | မေ | ရှာ |

**အဖိုအင်း**

| | | |
|---|---|---|
| တံ | သေ | ကာ |
| ဝ | မမ<br>ဂဂ | တိ |
| တ | ထာ | ယ |

**အမအင်း**

ယခုအခါ မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် ဒုတိယမြောက်အင်းအမျိုးအစား အုပ်စုကြီးဖြစ်သော ဂါထာမန္တန်အင်းများအုပ်စု၌ ရတနာသုံးပါးနှင့် စပ်လျဉ်းသောဂါထာမန္တန်များရှိကြောင်း နမူနာသက်သေသာဓကများနှင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ ဤနေရာ၌ သတိပြုစရာတစ်ချက်ကား မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းပညာအတတ်သည် လောကီပညာဆိုသော်ငြားလည်း လောကသုံးပါးတို့၏ အထွတ်အမြတ်ဖြစ်သောဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကို ပစ်ပယ်ခြင်းအလျှင်းမရှိကြောင်းကို ရတနာသုံးပါးတို့နှင့်စပ်လျဉ်းသော ဂါထာမန္တန်အင်းအစီအရင်များရှိနေခြင်းက ထင်ရှားသောသက်သေသာဓကများဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။ ထိုမျှသာမကပါ ရှေ့၌ ဖော်ပြလတ္တံ့သော အင်းအစီအရင်များ၌လည်း မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာသည် ရတနာသုံးပါးတို့အား ပစ်ပယ်ခြင်းမရှိ၊ ရတနာသုံးပါးတို့အပေါ် ယုံကြည်ကိုးစားအားထားလျက် ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသော အင်းအစီအရင်များကို အမျိုးမျိုးဖန်တီးစီရင်ပြုလုပ်ထားရစ်ခဲ့ကြကြောင်း တွေ့ကြရဦးမည် ဖြစ်ပါသည်။

**၃။ ဂဏန်းနံပါတ်အင်းများ**
**(Magic Squares with Numbers)**

မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် အထက်၌ဖော်ပြခဲ့ပြီးသော ဗျည်းအက္ခရာစမအုပ်စုဝင် အင်းများ၊ ဂါထာမန္တန်အင်းများသာမက (၁) မှ (၉) အထိ ဂဏန်းနံပါတ်များ (၁၀) မှစ၍ ဂဏန်းအကွဲများစွာပါဝင်သောအင်းဆန်အမျိုးအစားများကို အသုံးပြု စီရင်အပ်သော 'ဂဏန်းနံပါတ်အင်းများ' လည်းရှိသေးရာ ယခု ယင်းဂဏန်းနံပါတ်အင်းများအကြောင်းကို ဆက်လက် ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

ဂဏန်းနံပါတ်များသည် ဤလောကကြီးအား စိုးမိုးအကျိုးသက်ရောက်မှုရှိကြောင်း၊ ဂဏန်းနံပါတ်များ၌ လျှို့ဝှက်ဆန်းကြယ် နားမလည်နိုင်လောက်ဖွယ် တန်ခိုးအာနိသင်များရှိကြောင်း၊ ဂဏန်းနံပါတ်များကို မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာအင်းအတတ်ဖြင့် စနစ်တကျ စီရင်ပြုလုပ်ပါက ထူးခြားသော အကျိုးတန်ခိုးသိဒ္ဓိများရရှိနိုင်ကြောင်းကို ရှေးမြန်မာဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများသည် ကောင်းစွာ နားလည်ခဲ့ကြပါသည်။

ကိန်းဂဏန်းနံပါတ်များနှင့် ပတ်သက်၍ အနောက်တိုင်းဂန္ဓာရီလောကီပညာရှင်များကလည်း ထိုကိန်းဂဏန်းတို့၌ ထူးခြားသောအနက်အဓိပ္ပာယ်များရှိပုံ၊ ယင်းဂဏန်းများက လူ့ဘဝနှင့်ဆက်စပ်နှီးနွယ်လျက်ရှိပုံ၊ လူ့ဘဝကိုဩဇာလွှမ်းမိုးခြင်းရှိပုံတို့နှင့် စပ်လျဉ်းသည့် နည်းနာများ၊ သဘောတရားများကို ကောင်းမွန်စွာ သိရှိနားလည်ထားခဲ့ကြ၏။

အနောက်တိုင်း ပညာရှင်တို့က (၁) ဂဏန်းမှ (၉) ဂဏန်းအထိဖြစ်သော ကိန်းဂဏန်းများ၏ အရေးပါမှုကို လေ့လာကြည့်ရာ၌ တေးဂီတတွင် မူလသံစဉ်အဖြစ် (၇) ဂီတအခြေခံသံစဉ် ခုနစ်ပါးအဖြစ် ခုနစ်သံသာရှိသကဲ့သို့ သင်္ချာဘာသာတွင်လည်း အထက်ပါ ဂဏန်းများသည် မူလဂဏန်းများအဖြစ် အရေးပါကြောင်း တွေ့ရှိခဲ့ကြပါသည်။ (၁) ဂဏန်းမှ (၉) ဂဏန်းအထိဖြစ်သော ဂဏန်းများသည် ကျွန်ုပ်တို့ အသုံးပြုနေသော ကိန်းဂဏန်းများအားလုံး၏အခြေခံအဖြစ် လည်းကောင်း၊ ကျွန်ုပ်တို့၏ အတွက်အချက်ဟူသမျှ (ဥပမာ အပေါင်း အနုတ်၊ အမြှောက်၊ အစား ဟူသော သာမန်အတွက်အချက်မှစ၍ (Permututation, Combination) စသော အဆင့်မြင့်တွက်ချက်မှုများထိ) ၏ အခြေခံအဖြစ်လည်းကောင်း ရှိနေကြပါသည်။ ကိန်းဂဏန်းများနှင့်ပတ်သက်၍ ထူးခြားသော ယူဆချက်အနည်းငယ်ကို ဖော်ပြ



www.burmeseclassic.com


www.burmeseclassic.com

ရသည်ရှိသော် -

သမ္မာကျမ်းစာများနှင့် အီဂျစ်လူမျိုးတို့၏ ဘာသာအယူဝါဒတွင် (၇) ဂဏန်းကို ဝိညာဉ်တော် သို့မဟုတ် ဘုရားသခင်၏တန်ခိုးတော်ကို ညွှန်းဆိုဖော်ပြရာရောက်သောဂဏန်းအဖြစ် ယူဆကြသည်။ ဟိန္ဒူ၊ တရုတ်၊ ဂရိနှင့် ဟီဘရူးလူမျိုးတို့၏ လျှို့ဝှက်သော လောကီပညာရပ်၌လည်း (၇) ဂဏန်းကို ဘုရားသခင်သဘာဝနိယာမနှင့်ပတ်သက်သော တန်ခိုးတော်ကို ညွှန်းဆိုသည့် ဂဏန်းအဖြစ် တွေ့ရလေသည်။ ထို့ကြောင့်လည်း (၇) ဂဏန်းကို Lucky Seven ဟု ပြောဆိုလေ့ရှိသည်ဟု ယူဆရပေသည်။ ဤအချက်ကိုမသိဘဲ၊ အခြေခံအကြောင်းရင်းကို ဂဃနဏမသိဘဲ ကျွန်ုပ်တို့ မြန်မာအများစုတို့ကလည်း Lucky Seven ဟု သံယောင်လိုက်ပြောတတ်ကြကြောင်း တွေ့ရပေသည်။ အဘယ်ကြောင့် Lucky Seven ဟု ပြောပါသည်လည်းဟု မေးကြည့်သောအခါ မည်သူမျှ သေချာကျနစွာ မဖြေနိုင်ကြချေ။

ရှေးအကျဆုံးသောလောကီပညာအယူအဆတစ်ခုမှာ ယင်း (၇) ဂဏန်းသည်သာလျှင် အဆုံးမစမရှိသည့် ကိန်းဂဏန်း (The Number of Infinity) ကို စားနိုင်ပြီး ထိုသို့ ဆက်၍ဆက်၍ စားသွားခြင်းဖြင့် ရရှိသည့် ရလဒ်သည် (၁၊ ၄၊ ၂၊ ၈၊ ၅၊ ၇) ဟူသော ကိန်းဂဏန်း (၆) လုံးတွဲများသာ ဆက်တိုက်ထွက်ပေါ်လာပေလိမ့်မည် ဖြစ်ကြောင်း တွေ့ရပေမည်။ တစ်ဖန် ထို (၁၊ ၄၊ ၂၊ ၈၊ ၅၊ ၇) ဟူသော ကိန်းဂဏန်း (၆) လုံးတွဲကို ပေါင်းလိုက်သော် (၁+၄+၂+၈+၅+၇= ၂၇=၂ + ၇ = ၉) (၉) ဂဏန်းကိုချည်း (မြန်မာအလိုအရဆိုသော် ကိုးနဝင်း) သာပြန်ရမည် ဖြစ်ပေသည်။ ဤအဆိုပြုချက်ယူဆချက်ကို ဥပမာသာဓကရှင်းပြရလေသော် -

(၁) ဂဏန်းသည် ကိန်းဂဏန်းတို့တွင် အစဂဏန်း ဖြစ်သည်။ ယင်းဂဏန်းသည် 'ဖန်ဆင်းရှင်'၊ 'ဘုရားရှင်'၊ 'နာမ်ဝိညာဉ်' ဟူ၍ အမျိုးမျိုးညွှန်းဆိုသည်။ စက်ဝိုင်း သို့မဟုတ် သုညသည် အဆုံးအစမရှိ ရှည်လျားခြင်းကို ဖော်ပြသည့် သင်္ကေတအမှတ်အသားဂဏန်းဖြစ်သည်။ တစ်နည်းဆိုသော် 'ထာဝရမြဲနေသည့်ဘုံဘဝ' ဖြစ်သည်။ (၁) ဂဏန်း၏ ဘေးတွင် သုညကို သင့်သဘောရှိသလောက် တစ်လုံးပြီးတစ်လုံး ရေးပါ။



ဥပမာ (၁၀၀၀၀၀၀၀၀၀၀၀၀) ဟူသော သုညအကွဲဂဏန်းပေါင်း (၁၃) လုံးကို (၇) နှင့် စားသည် ဆိုပါစို့။ ထိုအခါ စားလဒ် (ဝါ) ရလဒ်သည် (၁၄၂၈၅၇) (၁၄၂၈၅၇) အတွဲနှစ်တွဲထွက်ပေါ်လာပေမည်။ထိုနည်းတူ (၁)ဂဏန်းအနောက်၌ (သုည)များ ထပ်မံတိုက်လိုက်ပါက ထို (၁၄၂၈၅၇) ဟူသော ကိန်းဂဏန်း (၆) လုံးတွဲများသာ ဆက်တိုက် ထွက်ပေါ်လာနေမည်သာ ဖြစ်ပေသည်။ သို့ဖြစ်ရာ ထိုကိန်းဂဏန်းတွဲ (၆) လုံး ပေါင်းလဒ်မှာ အထက်တွင် ပြထားသည့်အတိုင်း (၁+၄+၂+၈+၅+၇=၂၇=၉) ဟူ၍ ဖြစ်ရာ (၂၇) ဟူသော ကိန်းဂဏန်းတွဲသည် မြန်မာ့ဝိဇ္ဇာမယလောကီပညာ၌ သတ္တဝီသကျော (၂၇)ဖြစ်ပြီး (၉) ဂဏန်းသည် မြန်မာတို့ အလွန်တန်ဖိုးထား အလေးထားသော နဝင်းကိန်းဂဏန်း ဖြစ်လေသည်။

သို့ဖြစ်ရာ မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယပညာရှင်တို့ ကိုးနဝင်းနှင့် နက္ခတ် (၂၇) လုံးကိုက် သတ္တဝီသကျောကိန်းဂဏန်းတို့ကို အလေးထားခြင်းသည် အလွန်ဆီလျော်၍ အနောက်တိုင်း ဂန္ဓာရီလောကီပညညာရှင်တို့နှင့် ညီညွတ်တူညီနေကြောင်းတွေ့ရလေရာ မြန်မာ့ဂမ္ဘီရဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာရှင်ကြီးများအနေဖြင့် ကိန်းဂဏန်းနံပါတ်များကို အသုံးချလျက် ဂန္ဓာရီဝိဇ္ဇာမယအင်းအစီအရင်များအဖြစ် ဖန်တီးစီရင်ထားရစ်ခဲ့ကြခြင်းသည် မြန်မာ့ဂန္ဓာရီအတွေးအခေါ် ဉာဏ်ပညာများ ကြီးမားကြပုံ၊ အမြော်အမြင်ရှိကြပုံ၊ ဂန္ဓာရီဝိဇ္ဇာမယပညာအဆင့်ကြီးဖြစ်ကြပုံများကို ဖော်ပြနေပါသည်။ သို့ဖြစ်ရာ ကိန်းဂဏန်းများကို အင်းအစီအရင်များအဖြစ်သို့ စီရင်ဖန်တီးနိုင်ခဲ့ကြသောကြောင့် ရှေးမြန်မာဂန္ဓာရီပညာရှင်ကြီးများ၊ ကဝိမော်များ၏ ပညာဉာဏ်နှင့် ဝိဇ္ဇာမယလောကီပညာ အဆင့်အတန်း ကြီးကျယ်မြင့်မားမှုများကား အံ့သြ ချီးကျူး လေးစားဖွယ်ရာ ဖြစ်ပါပေသည်ဟု ကျွန်ုပ်ချီးကျူး ဂုဏ်ပြုဦးညွှတ်လိုက်ပါသည်။

ဤသို့သော မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ စီရင်ခဲ့သော ဂဏန်းနံပါတ်၏ အင်းများကို လေ့လာကြည့်သောအခါ -

## ၃။ ဂဏန်းနံပါတ်အင်းများ

၃-၁။ ရတနာသုံးပါးတို့နှင့်စပ်လျဉ်းသောဂဏန်းနံပါတ်အင်းများ။

၃-၂။ ပုံမှန်ဂဏန်းနံပါတ်အင်းများ။

၃-၃။ ဗေဒင်အယူအဆကိန်းဂဏန်းများအပေါ် အခြေခံစီရင်သောနံပါတ်အင်းများ။

ဤအင်းများကို တစ်ဖန်-

က။ မိတ်ဂြိုဟ်များအပေါ် အခြေခံဂဏန်းနံပါတ်အင်းများ။

ခ။ အင်္ဂဝိဇ္ဇာ အခါတိုင်များကို အခြေပြုစီရင်အပ်သော ဂဏန်းနံပါတ်များ။

ဂ။ တြိရန်း - စတုရန်းများကို အခြေပြုစီရင်အပ်သော ဂဏန်းနံပါတ်များ။

ဃ။ ဂြိုဟ်ပြေယတြာအင်းလက်ဖွဲ့ အစီအရင်နံပါတ်အင်းများဟု ထပ်မံခွဲခြားနိုင်သေးသည်။

မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယအင်းအတတ်ပညာဖြင့် ဖန်တီးအပ်သော ဂဏန်းနံပါတ်အင်းအမျိုးအစားများတွင် ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသော ဂဏန်းနံပါတ်အင်းများရှိသည်ဟု မိတ်ဆွေဂန္ဓာရီ ဝိဇ္ဇာမယပညာရှိတစ်ဦးအား စကားအလျဉ်းသင့်၍ ကျွန်ုပ်က ပြောပြလိုက်သောအခါ ထိုမိတ်ဆွေက ဂါထာမန္တန်အင်းများတွင် ရတနာသုံးပါးနှင့်စပ်လျဉ်းသော ဂါထာမန္တန်အင်းအမျိုးအစားများရှိသည်ဆိုသည်ကိုမူ ရုတ်တရက် လက်မခံနိုင်ဖြစ်နေခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်လည်း ဂဏန်းနံပါတ်အင်းများ၌ ရတနာသုံးပါးတို့နှင့်စပ်လျဉ်းသောအင်းအမျိုးအစားများရှိကြောင်းကို အောက်ပါဥပမာနမူနာများဖြင့် ထုတ်ဖော်ရှင်းလင်း ဆွေးနွေးလိုက်သောအခါမှ ဘဝင်ကျ လက်ခံသဘောတူခဲ့ပေသည်။

တြိရတနာ-ဆရာယောလင်း



www.burmeseclassic.com

www.burmeseclassic.com



(ဘိုကလေး)

# မောင်မြင့်မား

## ဆန်းကြယ်တွေ့ရဲ့ မုဆိုးဘဝ

အချိန်ကာလအားဖြင့် နှစ်ပေါင်း (၅၀) ကျော်ခဲ့ပြီ။ ထိုအချိန်က မြစ်ဝကျွန်းပေါ်တစ်ဝိုက်တွင် အချို့နေရာများ၌ အဖြူရောင်နယ်မြေမဖြစ်သေး။ အကြမ်းဖက် သောင်းကျန်းသူများက ဟိုမှသည်မှ ထကြွသောင်းကျန်းလျက်ရှိနေသေးသည်။ တောရွာများမှ ရိုးသားသောတောင်သူလယ်သမားများ ကျိုးလန့်စာစား ရှာဖွေ စားသောက်လျက်နေရသည်။

နေရာကား အမာရွာသူကြီး ဦးချစ်ဖို့အိမ်တွင် ဖြစ်သည်။ အိမ်ရှေ့ကွပ်ပျစ်တစ်လုံးတွင် ရေနွေးကြမ်းဝိုင်းဖွဲ့လျက်ရှိသည်။ သူကြီးဦးချစ်ဖို့က ဖြူဖြူချောချောခံ့ခံ့ ဩဇာတိက္ကမရှိသူ၊ ပေါင်းသင်းဆက်ဆံရေးကောင်းသူတစ်ယောက်ဖြစ်သည်။

ဦးချစ်ဖို့နှင့်အတူ အသက် (၅၀) ကျော် သျှောင်တစောင်းနှင့် အသားညိုညိုတစ်ယောက်၊ အသားလတ်လတ် နှာတံပေါ်ပေါ် အသက် (၃၀) ကျော်လူရွယ်တစ်ယောက်နှင့် (၁၄)၊ (၁၅) နှစ်အရွယ် ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်နှင့် ကရင်အမျိုးသား လူငယ်လေးတစ်ယောက်တို့ ဖြစ်ကြသည်။

ဦးချစ်ဖို့က ရေနွေးကြမ်းတစ်ပန်းကန်ကို မှုတ်ကာ တစ်ကျိုက်သောက်လိုက်ရင်း -

"ကိုကျောက်ခဲတို့ လာလာပို့တဲ့ တောဝက်သားကတော့ မပြတ်ကို စားနေရတော့တာပဲဗျာ။ ဒါပေမယ့် အခုတလော မစားရတာတော့ ကြာပြီ"

သျှောင်တစောင်းနှင့် အသားညိုညိုလူက -

"သူကြီးရယ် အမာရွာအနောက်ဘက်တောတန်းထဲမှာ တောဝက်တွေ၊ ချေတွေ၊ ဒရယ်တွေ ပေါတာကတော့ သူကြီးသိတဲ့အတိုင်းပဲ။ ဒါပေမယ့် ဒီလပိုင်းထဲမှာ တောထဲကို တောခွေးအုပ်ရောက်နေတယ် သူကြီးရဲ့။ ခြေရာတွေလည်း ထပ်နေတာပဲ။ တောဝက်ပေါက်လေးတွေလည်း သူတို့ကြောင့် အတော်များများ သေကုန်တယ်။ ဒါကြောင့်မို့ ဟင်းစားတောင်ငတ်နေတာ တော်တော်ကြာပြီ"

ဦးချစ်ဖို့က ငါးရံ့ခြောက်တစ်ဖတ်ကို ဝါးရင်း-

"တောခွေးက ဒါလောက်တောင်ဆိုးလား ကိုကျောက်ခဲ"

"ဟာ-သူကြီးရယ်၊ ဘယ့်နှယ်ပြောပါလိမ့်။ ဒီကောင်တွေက အကောင်နှစ်ဆယ်၊ အစိတ်လောက် အုပ်လိုက်နေကြတာ။ သတ္တိလည်းကောင်း၊ ကျားတို့ သစ်ကျုတ်တို့၊ ဝက်ဝံတို့တောင် ဝင်ကိုက်ကြတာ တောဝက်လောက်က သူတို့အစာပဲ"

"ဟုတ်လား၊ ဒီကောင်တွေကို ပြန်မလုပ်ကြဘူးလား"

"သူတို့က အုပ်လိုက်၊ ကျားတို့ ကျားသစ်တို့က တစ်ကောင်တည်း။ ပတ်ပတ်လည်ကဝိုင်းဆွဲကြတော့ ဘယ်ခံနိုင်မလဲ။ ပြေးတော့တာပေါ့"

"ချေတို့ ဆတ်တို့ ဒရယ်တို့ကော

"ပြေးတောင်မပြေးနိုင်ဘူး။ သူတို့



www.burmeseclassic.com

www.burmeseclassic.com

အစာပဲ"

"ဩော်- ဒါကြောင့်မို့ ကိုကျောက်ခဲတို့ အမဲမရတာကိုး"

"ဟုတ်ပ့ါ သူကြီးရေ"

"ဒါကြောင့်မို့ ဆတ်သားခြောက်၊ ချေသားခြောက်တွေ မစားရတာကိုး"

"အဲဒါကြောင့်မို့ မိန်းမလှကျွန်းဘက်ကို တောပစ်ထွက်ဖို့ စိတ်ကူးနေကြတယ်"

"ဟေ"

"ဘာဖြစ်လို့လဲ သူကြီး"


"မိန်းမလှကျွန်းက နတ်ကြီးတယ်။ အများမခံဘူး"

"ဒါပေမယ့် သူကြီးရယ်၊ ပိုင်ရာဆိုင်ရာတွေကို တင်မြှောက်ပသပြီးတော့မှ ကျွန်တော်တို့သွားတာပါ။ နှစ်ကြိမ်သောက် အမဲပစ်ဖူးပါတယ်။ အနှောင့်အယှက်မရှိပါဘူး။ ဟင်းစားကောင်းလည်း ရပါတယ်"

"ဒါဆိုလည်းသွားပေ့ါ။ အမှားအယွင်းတော့ မရှိကြစေနဲ့ပေ့ါ"

"စိတ်ချပါ သူကြီး၊ ကျွန်တော်တို့အဆင်ပြေရင်လည်း သူကြီးအတွက်ဟင်းစားစိတ်ချပါ"

"ကိုကျောက်ခဲတို့ ဘယ်တော့ထွက်ကြမလဲ"



"မနက်ဖြန်ပေ့ါ"

"ဘယ်သူတွေပါသေးတုံး"

"ဒီလူတွေပဲပေ့ါ။ မောင်ထူးရယ်၊ စောဂျိမ်းရယ်ပဲပေ့ါ"

ဦးချစ်ဖို့က ကရင်အမျိုးသား လူငယ်လေးကို ခပ်ပြုံးပြုံးကြည့်လိုက်ကာ-

"ကောင်လေး၊ မင်းလည်း မုဆိုးတွေနဲ့ပေါင်းပြီး မုဆိုးအတွေ့အကြုံအတော်ရနေပြီလား"

"ဟုတ်ကဲ့ - ရပါတယ်။ ပညာယူတုန်းပါပဲ"

"မုဆိုးအလုပ်ဆိုတာ ဖွဲ့နဲ့ ဝါသနာ



www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးတယ်ကွ။ ငါလည်း ငယ်ငယ် တုန်းကလုပ်ခဲ့တာပေါ့။ အသက်ကြီး လာတော့ စွန့်လွှတ်လိုက်တာ ကြာပါပြီ"

◆

ဘောက်တူကလေးတစ်စီးတွင် စားရေရိက္ခာအစုံအလင်၊ လက်နက် ကိရိယာအစုံအလင်နှင့် တိုလီမိုလီများ တင်ကာ မုဆိုး ဦးကျောက်ခဲ၊ တပည့် မောင်ထူးနှင့် စောဂျိမ်းတို့ သုံးယောက် နံနက်စောစောထွက်လာခဲ့ကြလေသည်။ မိန်းမလှကျွန်းကို နေအတော်မြင့်မှ ရောက်ကြသည်။

ကျွန်းပေါ်သို့မတက်မီ ချောင်း လေးတစ်ခုထိပ်တွင် ပိုက်ချနေသော ကိုရွှေအောင်၏ ပိုက်လှေရှာရာသို့ ဦးကျောက်ခဲ ဘောက်တူက ကပ်လိုက် သည်။ ကိုရွှေအောင် ပိုက်ချနေရင်း ဦးကျောက်ခဲတို့ ဘောက်တူကို ခပ်လှမ်း လှမ်းကတည်းက မြင်နေပြီးဖြစ်၍ အနား ရောက်သည်နှင့်-

"အဘကျောက်တို့ အမဲပစ်ရ အောင်လာတာလား"

"အေးကွ"

"ဒါဆိုရင် ကျွန်တော်တို့လည်း ဟင်းစားရဦးမှာပေါ့"

"မင်းဟင်းစားမရခင် တို့လည်း ရိက္ခာအရင်ပေးလိုက်ဦးလေကွာ"

"ရတယ်လေ။ တဲကိုဝင်ပြီး ငါး သလောက်ကင် လိုသလောက်ယူသွား။ မနေ့ကတင် ကျွန်တော်လှေက ပုစွန် တုပ်တွေနဲ့လဲထားတဲ့ ငါးသလောက် တွေ ရှိတယ်"

"ရွှေအောင်တို့က အားကိုးရတယ် ဟေ့။ တို့အပြန်လည်း မင်းကို ဟင်းစား ပေးခဲ့ပါ့မယ်ကွာ၊ မပူပါနဲ့"

"အဘကျောက်၊တောထဲမှာတော့ တောဝက်တွေပေါမှပေါ။ တဲအနားကို တောင် မကြာမကြာရောက်လာတယ်။ ဆတ်သံတွေ၊ ချေဟောက်သံတွေလည်း ခဏခဏကြားရတယ်"

"အေး-အဲဒီအသံပဲကြားချင်တာ ကွ။ ကဲ-တို့သွားမယ်ဟေ့"

"အဘ၊ ငါးသလောက်ကင်ယူ သွားဦးမယ်နော်"

"အေးပါ၊ တဲမှာ မင်းမိန်းမရှိတယ် မဟုတ်လား"

"ရှိတယ်၊ အဘတို့ကိုသူသိတယ်"

"အေး၊ အေး"

ရွှေအောင်၏ မိန်းမထံတွင် ငါးသလောက်ကင် (၃) ကောင်တောင်းကာ ဘောက်တူကို ရွှေအောင်၏ တဲနှင့် မနီးမဝေးတွင် ချည်ထား၍ မုဆိုး ဦးကျောက်ခဲတို့ (၃)ယောက် တောထဲကို ဝင်လာခဲ့သည်။ လမု၊ လမဲ့၊ ကနစို၊ ကြတ်နံ၊ ကန့်ပလာ၊ မြင်းကာ၊ ဗျူး၊ ပဒမ ပင်များနှင့် ရှုပ်ရှက်ခတ်နေသော တော ကြီးထဲကို ချီတက်လာကြရင်း အပင်များ အောက်ခြေရှိ ရွှံ့တော၊ ဗွက်တောများကို လည်း သတိထားကာ လျှောက်ကြရ သည်။ ရွှံ့နွံထူထပ်ပြီး မြွေဆိုးများရှိတတ် သောကြောင့် ဖြစ်သည်။ ဦးကျောက်ခဲ က လုပ်နေကျအတိုင်း လက်ဖက်နှင့် ငါးကင်ကို တင်မြှောက်လိုက်သည်။

"ဟေ့ - မင်းတို့အောက်ကိုလည်း သတိထားဦး၊ ပိုးကောင် (မြွေ)မတွေ့ဘဲ မဒမငုတ်စူးနေဦးမယ်"

တောထဲတွင် ထင်းခုတ်သူများက မဒမပင်များကို တစောင်းခုတ်ထားသော ကြောင့် ကျန်အငုတ်များက ချွန်ထက်နေ ကာ တချို့အငုတ်များက ရေထဲတွင်မြုပ် နေသောကြောင့် နင်းမိလိုက်လျှင် ဖိနပ် ပါပေါက်ထွက်၍ ခြေဖဝါးကိုစူးတတ်ကြ သည်။ တချို့ဆိုလျှင် ခြေဖဝါးကို ထုတ် ချင်းခတ်အောင်စူးတတ်သောကြောင့် ဖြစ်သည်။

တောထဲသို့ ရောက်လာကြပြီး (၁) နာရီခန့်အကြာတွင် ရေသဖန်းပင် ကြီးတစ်ပင်ကို လှမ်းမြင်လိုက်ကြသည်။ ရှေ့မှသွားနေသော မုဆိုးကြီးဦးကျောက် ခဲက ပခုံးပေါ်တွင် ထမ်းထားသော တူမီး ကြီးကို အောက်ချ၍ နောက်ကိုလှည့် ကြည့်လိုက်သည်နှင့် အကင်းပါးလှသော မောင်ထူးက ဒူးလေးကြီးကို မောင်းတင် လိုက်သည်။ ဦးကျောက်ခဲက လေသံတိုး တိုးဖြင့်-

"တောကောင်ရှိနိုင်တယ်"

ရေသဖန်းပင်နှင့် ကိုက် (၂၀) ခန့် အကွာလောက်ရောက်သည်နှင့် တစ်နေ ရာမှ -

"ဖလပ်. . . ဖလပ်"

ဦးကျောက်ခဲက လမုပင်ပေါက် ကလေးတစ်ပင်၏ သစ်ရွက်၊ သစ်ခက် များကြားမှ ရေသဖန်းပင်အောက်သို့ ချောင်းကြည့်လိုက်သည်။ ထင်သည့် အတိုင်းပင် တောကြက်ဖို၊ မတစ်စုံက ရေသဖန်းသီးအကြွေများကို နှုတ်သီးနှင့် ဆိတ်ကာစားနေရင်းမှ ကြက်ဖိုက အတောင်ခတ်၍ အမကို ရစ်နေသည်။ ဦးကျောက်ခဲက မောင်ထူးကို လှမ်းကြည့် လိုက်သည်။မောင်ထူးကလည်း သဘော ပေါက်ပြီးဖြစ်၍ လမုပင်ပေါက်ကလေး များကို အကာအကွယ်ယူကာ ပစ်ကွင်း ကောင်းကို ရွေးနေလိုက်သည်။

ဦးကျောက်ခဲနှင့် စောဂျိမ်းက နောက်တွင်ချန်ကာ ပစ်ကွင်းကို ကြည့် နေသည်။

မောင်ထူးထံမှ 'ဒေါင်'ခနဲ အသံ နှင့်အတူ တောကြက်ဖတွင် မြားတံက စူးဝင်သွားသည်။ တောကြက်ဖယိုင်လဲ သွားချိန်တွင် ကြက်မက လှစ်ခနဲထွက် ပြေးသွားတော့သည်။ ထိုအချိန်တွင် ရေ သဖန်းပင်၏အနောက်ဘက် ကနစိုတော ဘက်ဆီမှ -

"ဖောက် ဖောက် ဖောက်"

ဦးကျောက်ခဲက တူမီးကြီးကို ကိုင် ကာ မောင်ထူးရှိရာသို့ ပြေးတက်လာ ရင်း -

"မောင်ထူး၊ နောက်ဆုတ်။ ဒါ တောဝက်တွေရဲ့ မေးရိုက်သံကွ။ တို့ အလာကို ကြိုမြင်ထားလို့ တို့ကိုဆော်ဖို့ ချောင်းနေတာကွ"

ပြောပြောဟူသောအသံနှင့်အတူ ကနစိုတောထဲမှ တောဝက်တစ်ကောင် ဒရောသောပါး ပြေးထွက်လာသည်။ ဦးကျောက်ခဲနှင့် မောင်ထူးရှိရာတည့် တည့်သို့ ပြေးဝင်လာခြင်း ဖြစ်သည်။ ဦးကျောက်ခဲက မြေပေါ်တွင် လျှပ်တစ် ပြက် မုဆိုးဒူးထောက်ထိုင်ချလိုက်ကာ တူမီးကြီးကိုထိုးချိန်လိုက်သည်။

"ဗြော. . . ဗြော"

"ဒိန်း"

တူမီးသံကြောင့် ကျေးငှက်သ ကာများ လန့်ဖျပ်၍ အော်သံနှင့်အတူ တစ်ရှိန်ထိုးဝင်လာသော တောဝက်ကြီး က တုံ့ခနဲဖြစ်သွားကာ တဖြည်းဖြည်း ဖင်ထိုင်ကျသွားသည်။ မည်းပြောင်နေ သော တောဝက်ကြီး၏ထိပ်တွင် ဖွေးခနဲ ဖြစ်သွားကာ ရဲရဲနီသော သွေးများက တဖြည်းဖြည်း စီးကျလာသည်။

"တောဝက်ပစ်ဖို့ ယမ်းပြင်ပြင်းစပ် ထားတာ တစ်ချက်တည်းနဲ့ ကိစ္စချောပါ ပြီ"

ဦးကျောက်ခဲတို့အနားရောက်ချိန် တွင် တောဝက်ကြီးက အကြောဆွဲကာ ငြိမ်သက်သွားသည်။ ထိုအချိန်တွင် တောဝက်ကြီးထွက်လာသော ကနစို တောထဲမှ ဗြောဗြောဗြောအသံများနှင့် အတူ အသံများက ဝေးရာဘက်သို့ တဖြည်းဖြည်းပျောက်ကွယ်သွားသည်။

အနားကိုရောက်လာသော စော ဂျိမ်းအား ဦးကျောက်ခဲက -

"စောဂျိမ်း၊ မင်းသိတပ်ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

လား"

"သိတယ်အဘ၊ ဒီကောင်ကြီးက ဝက်တောင်းကြီး"

တောဝက်အုပ်တွင် ခေါင်းဆောင်လာသော ဝက်တောင်းကြီး ဖြစ်သည်။ ဝက်တောင်းကြီး ကျသွားသောကြောင့် ကျန်တောဝက်များက ခြေဦးတည့်ရာသို့ ထွက်ပြေးကြခြင်း ဖြစ်သည်။ စောဂျိမ်းက မားမြှောင်ကိုထုတ်ကာ သိုက်ကြီးကို လှီးထုတ်လိုက်သည်။ကြာလျှင် ဝက်တစ်ကောင်လုံး စားလို့မရအောင် နံမည်စိုးသောကြောင့် ဖြစ်သည်။

ဦးကျောက်ခဲက -

"တို့အပြန်ကျမှယူမယ်ကွာ။ ဒီအတိုင်းထားခဲ့ရင် တောကောင်တွေစားတန်လိမ့်မယ်။ ခြေတွေ၊ လက်တွေ နွယ်ကြိုးနဲ့တုပ်ပြီး သစ်ကိုင်းတစ်ကိုင်းမှာ ချိတ်ထားကြရအောင်ကွာ"

သုံးယောက်သား ဝက်တောင်းကြီးကို မနိုင့်တနိုင်ထမ်းကာ သစ်ကိုင်းတစ်ကိုင်းတွင် ချိတ်လိုက်ကြသည်။

"ငါ့တူမီးသံကြောင့် ဒီနားတစ်ဝိုက်ကတော့ ဘာကောင်မှလာမှာမဟုတ်တော့ဘူး။ ကနစိုတောထဲကို ချီတက်ကြမယ်ကွာ"

ကနစိုတောအောက်ခြေတွင် တချို့နေရာများက ရေစပ်စပ်၊ တချို့နေရာများက ရွှံ့နွံတောအတိုင်း တစ်နာရီလောက် လျှောက်လာကြသည်အထိ ဩသည့်တောကောင်မျှမတွေ့ရသေး။ အပင်များပေါ်ရှိ မျောက်များကတော့ ကွိကွိကွကွအော်ကာ ဦးကျောက်ခဲတို့ ရောက်လာသည်ကို တစ်ကောင်နှင့်တစ်ကောင် အချက်ပေးရင်း တစ်ပင်မှတစ်ပင်သို့ ကူးနေကြသည်။

မောင်ထူးက -

"အဘကျောက်၊ တောဝက်ခြေရာတွေကတော့ ရှုပ်နေတာပဲ။ အကောင်ကတော့ အရိပ်အယောင်တောင်မတွေ့ဘူး"

"အေး - သိတယ်၊ သတိတော့ရှိစေ။ တောကောင်တွေက တို့အလာကို ကြိုမြင်နေရင် ရုတ်တရက်အန္တရာယ်တွေ့နိုင်တယ်"

"စိတ်ချပါ အဘ"

ကနစိုတောအတိုင်း နာရီဝက်ခန့်ဆက်လျှောက်လာကြသောအခါ (၁၀) ပေခန့်ကျယ်သော ချောင်းကလေးတစ်ခုကို တွေ့လိုက်ရသည်။ အနီးတွင်ရှိသော ဒေမပင်များကိုခုတ်ကာ တံတားလုပ်၍ ဖြတ်ကျော်လိုက်ကြသည်။ ချောင်းကို ဖြတ်ပြီးနောက် တစ်နေရာတွင် မောင်ထူး၏ဒူးလေးဖြင့် တောကြက်တစ်ကောင် ထပ်ရလိုက်သည်။

နေအတော်မြင့်နေပြီဖြစ်သဖြင့် ဦးကျောက်ခဲတို့ မုဆိုးအဖွဲ့လည်း ချွေးများအတော်ရွှဲနေပြီ ဖြစ်သည်။ ကနစိုပင်ကြီးတစ်ပင်အောက်တွင် ခေတ္တအမောဖြေလိုက်ကြရင်း ထမင်းထုပ်များဖြေကာ ငါးသလောက်ကင်၊ ငါးပိကောင်ကြော်များဖြင့် ဝမ်းဖြည့်လိုက်ကြသည်။

"အုပ်လိုက်ကြီးထွက်ပြေးတဲ့အသံတွေ ကြားလိုက်ရတာတောင် ခုမှ ဝက်တောင်းတစ်ကောင်ပဲ ရသေးတယ်။ အဲဒါနဲ့ပဲ မိုးချုပ်မလားတော့ မသိဘူး"

မောင်ထူးက -

"ဟုတ်တယ် အဘကျောက်။ ချေတို့၊ ဆတ်တို့၊ ဒရယ်တို့တောင် မတွေ့ဘူး။ ထူးတော့ထူးတယ်"

"ကဲ၊ ကဲ - အချိန်ရှိတုန်းခရီးဆက်ကြရအောင်။ စောဂျိမ်း၊ မင်းအထုပ်တွေ ထမ်းလာရလို့ မောနေပြီလားကွ"

"မမောပါဘူး အဘရဲ့။ ကျွန်တော်က တောထဲသွားနေရရင် ပျော်နေတာပါ"

"အေး၊ အေး - သွားကြရအောင်"

မုဆိုးဦးကျောက်ခဲတို့အဖွဲ့ ကနစိုတောအတိုင်း (၁၅) မိနစ်ခန့် လျှောက်လာခဲ့ပြီးနောက် တစ်နေရာအရောက်တွင်-

"ဂရား ဂရား"

"ဖန်း ဖန်း"

ဦးကျောက်ခဲက ရှေ့ကနေသွားနေရင်း တံ့ခနဲရပ်လိုက်ကာ -

"မောင်ထူးတို့၊ စောဂျိမ်းတို့ ဘာသံတွေလဲ"

"မသိဘူး အဘကျောက်"

"ရှေ့နားက အသံကွ။ ထူးတော့ထူးတယ်။ သတိရှိပစေနော် ဟေ့ကောင်တွေ"

(၁၅) ကိုက်အကွာလောက်ရှိ လမုပင်အုပ်စုဆီမှ ကြားနေရသော အသံများဖြစ်၍ (၃) ယောက်သား သတိအနေအထားဖြင့် တစ်လှမ်းချင်း လျှောက်လာကြပြီး ရှေ့ဆုံးမှသွားနေသော ဦးကျောက်ခဲက လမုပင်ပေါက်ကလေးများ၏ သစ်ရွက်သစ်ခက်များကို ဖြဲ၍ အသံလာရာဆီသို့ ကြည့်လိုက်သောအခါ ဦးကျောက်ခဲထံမှ မတိုးမကျယ် အသံတစ်ခု ထွက်သွားတော့သည်။

"ဟာ"

ချက်ချင်းပင် ဦးကျောက်ခဲက နောက်သို့ လှည့်၍ -

"ဟေ့ကောင်တွေ နီးရာသစ်ပင်ပေါ် မြန်မြန်တက်"

ပြောပြောဆိုဆို ဦးကျောက်ခဲက လူတစ်ဖက်ခန့်ရှိ လမုပင်ပေါ်သို့ အပြေးတက်လိုက်လေသည်။ ဦးကျောက်ခဲက အမြင့်ပေ (၂၀) ခန့်ရှိ လမုပင်ခွကြားသို့ ရောက်သည်နှင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ မောင်ထူးရော စောဂျိမ်းပါ ကနစိုပင်ကြီးတစ်ပင်ပေါ်သို့ ရောက်နေကြပြီ ဖြစ်သည်။

သစ်ပင်ပေါ်သို့ရောက်မှ မြင်ကွင်းကို ရှင်းရှင်းလင်းလင်းတွေ့လိုက်ရသည်။ ရေကျချိန်ဖြစ်၍ ရေမရှိသောရိုး(ချောင်းအသေး) ကလေးထဲမှ အရှည် (၁၅) ပေခန့်ရှိသော မိကျောင်းတစ်ကောင်နှင့် ရိုးအပေါ် ကုန်းဘက်မှ ဟင်းမျိုး (ကျား) တစ်ကောင်သည် မိကျောင်းကို လက်နှင့်လှမ်းပုတ်လိုက် မိကျောင်းက ပါးစပ်ကြီးဖြဲကာ လှမ်းဟပ်လိုက်နှင့်လုပ်နေသော တိုက်ပွဲတစ်ခု ဖြစ်သည်။

ရိုးနှင့်ကုန်းအစပ် မြက်တောထဲတွင်လည်း ခေါင်းတစ်ခြမ်းမရှိတော့သည့် သွေးသံရဲရဲနှင့် တောဝက်တစ်ကောင်။ ဦးကျောက်ခဲက မြင်ကွင်းကို ကြည့်ရင်း သဘောပေါက်လိုက်သည်။ ဟင်းမျိုးနှင့် မိကျောင်းတို့ အစာလုနေကြခြင်း ဖြစ်သည်။ တောဝက်က မိကျောင်းကြီးရထားသည့် အစာလား၊ ဟင်းမျိုးရထားသည့် အစာလားတော့ မသိ။ ဟင်းမျိုးက ပါးစပ်ဖြဲကာ 'ဂရား ဂရား' နှင့် အော်၍ မိကျောင်းကြီးဆီသို့ လက်နှင့် လှမ်းပုတ်လိုက်ချိန် မိကျောင်းကြီးက ခေါင်းလည်၍ ရှောင်လိုက်ကာ ပါးစပ်နှင့် လှမ်းဟပ်လိုက်ပြန်သည်။ ထိုအခါ ဟင်းမျိုးကြီးက နောက်ကိုခုန်၍ ရှောင်လိုက်ပြန်သည်။

တစ်ကြိမ်တွင် မိကျောင်းကြီးက အရှိန်လွန်၍ ရိုးထဲမှလွန်ကာ ကုန်းပေါ်သို့ ခေါင်းပိုင်းကြီးအရောက်တွင် ဟင်းမျိုးကြီးက ကိုယ်ကိုတစ်ပတ်လှည့်လိုက်ပြီး မိကျောင်းကြီးကိုယ်ပေါ်သို့ ဖတ်ခနဲခုန်တက်လိုက်ကာ လက်နှစ်ဖက်နှင့် ကုတ်၍ ကျောကို ပါးစပ်နှင့်ကိုက်လိုက်သည်။

သို့သော်လည်း ဟင်းမျိုးကြီး ကျောပေါ်ရောက်သည်နှင့် မိကျောင်းကြီးက ကိုယ်ကိုလှိမ့်လိုက်သောကြောင့် ဟင်းမျိုးကြီးက မကိုက်လိုက်ရဘဲ ရိုးထဲရှိ ရွှံ့များပေါ်သို့ ပွမ်းခနဲကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တောဘုရင်နှင့် ရေဘုရင်တို့ အလျှော့မပေးဘဲ သူနိုင်ကိုယ်နိုင်တိုက်ပွဲ ဖြစ်သည်။ တောဘုရင်၏ မာန်ဖီသံနှင့် ရေဘုရင်တို့၏ လှုပ်ရှားသံတို့က ပတ်ဝန်းကျင်ကို ဆူညံလျက်ရှိသည်။

ဦးကျောက်ခဲတို့ မုဆိုးအဖွဲ့က မျက်တောင်မခတ် တိုက်ပွဲကိုကြည့်နေဆဲတွင် ဟင်းမျိုးကြီးက ရေဘုရင်၏ ခေါင်းကို လက်နှင့်လှမ်းအပုတ် ရေဘုရင်က ခေါင်းကို ညာဘက်သို့ရှောင်လိုက်ပြီး အမြီးက ဘယ်ဘက်မှနေ၍ ဝှီးခနဲနေအောင် ရိုက်ချလိုက်သည်။

တောဘုရင်ဟင်းမျိုးကြီး အငိုက်မိသွားကာ ပုံလျက်လဲကျသွားသည်။ လဲကျသွားသော ဟင်းမျိုးကြီး၏ ကိုယ်လုံးကြီးက ရိုးစပ်ကိုရောက်လာသည်နှင့် မိကျောင်းကြီးက ပါးစပ်ဖြဲကာ ဟင်းမျိုးကြီး၏ ခေါင်းကို လှမ်းဟပ်လိုက်တော့သည်။

ခေါင်းတစ်ခုခုံး မိကျောင်းပါးစပ်ထဲသို့ရောက်သွားသော်လည်း ဟင်းမျိုးကြီးက အော်ဟစ်ရုန်းကန်နေဆဲ။ ဟင်းမျိုးကြီး၏ ငယ်သံပါအောင်အော်သံက တစ်တောလုံး ဆူညံသွားတော့သည်။

ထိုအချိန်တွင် သစ်ပင်ခွကြားမှ တိုက်ပွဲကို ထိုင်ကြည့်နေကြသော မုဆိုးကြီး ဦးကျောက်ခဲနှင့် မောင်ထူးတို့ နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြကာ -

"ဒိန်း"

"ဒေါင်"

"ဒိန်း"

ရေဘုရင်ကြီး၏ ဘေးသားဖွေးဖွေးကြီးကို တူမီးကျည်က ဖောက်ဝင်သွားကာ အပေါက်ကြီးဖြစ်သွားပြီးနောက် သွေးများပွက်ခနဲပွက်ခနဲထွက်ကျလာကာ မောင်ထူး၏ မြားတံကလည်း သုံးပုံတစ်ပုံခန့် စိုက်ဝင်သွားပြန်သည်။ ဦးကျောက်ခဲ၏ နောက်ထပ်ကျည်တစ်ချက်က ရေဘုရင်ကြီး၏ ဇက်ပိုးနေရာတွင် ဝင်ရောက်သွားကာ အပေါက်ကြီးဖြစ်သွားပြန်သည်။

ရေဘုရင်ကြီးက ဒဏ်ရာများကြောင့် တွန့်သွားကာ ဟင်းမျိုးကြီး၏ ခေါင်းကို ကိုက်လျက်နှင့်ပင် ပက်လက်လန်၍ ရိုးထဲတွင် ရွှံ့များကို အမြီးနှင့်ရိုက်ရင်း ဝုန်းဒိုင်းကြဲနေတော့သည်။

လက်သီးဆုပ်ခန့် အပေါက်ကြီးနှစ်ပေါက်ကပင် ရေဘုရင်ကြီးအတွက် လုံလောက်နေပြီဖြစ်၍ ဦးကျောက်ခဲတို့အဖွဲ့က သစ်ပင်ခွကြားမှပင် ထိုင်ကြည့်နေကြသည်။ ရေဘုရင်ကြီး၏ ရိုးထဲမှ ရွှံ့များကို အမြီးနှင့်ရိုက်ချက်က ပတ်ဝန်းကျင်တစ်ခုလုံး ရွှံ့များလွင့်စဉ်ကာ ဦးကျောက်ခဲတို့ ပုန်းအောင်းရာသစ်ပင်များဆီသို့ပင် ရွှံ့များရောက်လာသည်။

တောဘုရင်ဟင်းမျိုးကြီးကတော့ ငြိမ်သက်နေပြီ ဖြစ်သည်။ ရေဘုရင်မိကျောင်းကြီးက (၁၅) မိနစ်ခန့် သောင်းကျန်းနေပြီးမှ ငြိမ်သက်သွားတော့သည်။ ဦးကျောက်ခဲက သစ်ပင်ခွကြားမှနေ၍-

"မောင်ထူးရေ၊ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ဆိုတာ ဒါပဲကွ။ ဒီနေ့ကတော့ မုဆိုးဘဝမှာ အထူးအဆန်းပဲ"

"အဘကျောက်၊ အဘနဲ့ တောပစ်လိုက်နေတာကြာပြီ။ ဟင်းမျိုးဆိုတာ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်။ အခုတော့ ဟင်းမျိုးကို ပစ်တောင်မပစ်လိုက်ရဘူး"

"စောဂျိမ်း၊ မင်းကြောက်နေလား"

"ဒါမျိုး တစ်ခါမှမကြုံဘူးတော့ နည်းနည်းတော့ ကြောက်သွားတယ်။ အခု နှစ်ကောင်စလုံး ကွသွားတော့ မကြောက်တော့ပါဘူး"

"ကဲ - ဒါဆိုသွားကြည့်ရအောင်"

(၃) ယောက်သား သစ်ပင်များပေါ်မှဆင်းလိုက်ကြကာ လမ်းပင်များကိုဖြ၍ တိုက်ပွဲဖြစ်ရာနေရာသို့အရောက်တွင် -

"ဟာ"

အားလုံးအံ့အားသင့်သွားကြ၏။ တောဘုရင်ဟင်းမျိုးကြီးက ခေါင်းတစ်ခုလုံး ပုံပျက်ကာ အသက်ပျောက်နေပြီဖြစ်သော်လည်း ရေဘုရင် မိကျောင်းကြီးကိုတော့ လုံးဝရှာမတွေ့။ မသေမရှင်ဖြစ်ပါက ရေနည်းနေသောရိုးလေးအတိုင်း ဆင်းသွားလျှင်လည်း ဆင်းရာလမ်းနှင့် ဒဏ်ရာကသွေးများကို တွေ့ရမည်။ ကုန်းပေါ် တက်ပြေးလျှင်လည်း သွေးစက်များကို တွေ့ရမည်။

ယခုတော့ မိကျောင်းကြီးကို အစအနပင် ရှာမတွေ့သောကြောင့် အံ့ဩနေကြခြင်း ဖြစ်သည်။ ဦးကျောက်ခဲက မယုံနိုင်စရာ အဖြစ်ကို တွေးရင်း-

"ကဲ၊ ကဲ - ဟင်းမျိုးကြီးကိုသယ်ဖို့ လုပ်ကြကွာ"

စောဂျိမ်းက -

"မိကျောင်းကြီးကကော"

"တို့နဲ့မထိုက်လို့ဘဲသဘောထားလိုက်ပါကွာ"

မောင်ထူးက -

"အဘကျောက်ရဲ့ တူမီးဒဏ်ကြောင့် ပေါင်းလောင်းကြီးပွင့်ထွက်သွားတာကို မြင်လိုက်ရတာပဲ အဘရာ။ အခုမှ သတိရတယ်။ ရွှံ့ဗွက်ထဲမှာများ နစ်နေတာလား"

မောင်ထူးက ပြောပြောဆိုဆို သစ်ကိုင်းရှည်တစ်ချောင်းနှင့် ရိုးထဲရှိ ရွှံ့ဗွက်များကို ထောက်ကာစမ်းနေပြန်သည်။ မိကျောင်းကြီးတစ်ကောင်လုံး မြုပ်နေလောက်အောင် ရွှံ့ဗွက်ကမနက်။ စောဂျိမ်းကလည်း ပတ်ဝန်းကျင်တောတွင်းအနံ့ မကျေမနပ်နှင့်လိုက်ရှာသည်။ နှစ်ယောက်လုံး လက်လျှော့ကာ ပြန်လာပြီး စောဂျိမ်းက -

"အဘကျောက်၊ တောခြောက်တာများလား"

"ကဲ၊ ကဲ - မင်းတို့ကျေနပ်အောင် ရှာပြီးပြီ မဟုတ်လား။ သွားကြမယ်။ ဟင်းမျိုးကြီးကို တစ်ယောက်တစ်လှည့် ထမ်းကြတာပေါ့ကွာ"

"တောဝက်သေကြီးကော"

မောင်ထူးနှင့် စောဂျိမ်းက ဟင်းမျိုးကြီးကို ဝါးတစ်လုံးနှင့်လျှိုကာ ရှေ့နောက်ထမ်းရင်း ခပ်လှမ်းလှမ်းအရောက်တွင် စောဂျိမ်းက မကျေမနပ်နှင့် နောက်ကို လှည့်ကြည့်လိုက်သည်။ တောဝက်သေကြီးကို နေရာတွင် မတွေ့ရတော့၊ စောဂျိမ်း မျက်လုံးပြူးသွားသည်။

◆

"ကျော်စိုးနဲ့ တင်ဝင်းရေ၊ တောဆို[illegible]တာ လျှို့ဝှက်တယ်ကွ။ ဆန်းကြယ်တာ[illegible] တွေလည်း အများကြီးရှိတယ်။ အဲဒီ[illegible] တုန်းက ဟင်းမျိုးကြီးကိုရောင်းပြီး အိမ်[illegible] တစ်လုံး ကောင်းကောင်းဆောက်လိုက်ရတယ်"

"မိကျောင်းက ဘာဖြစ်လို့ ရှာ[illegible] မတွေ့တော့တာလဲ"

"ငါလည်း အဲဒါ သိချင်နေတာ[illegible] ကျော်စိုးရ၊ အစအနတောင်မတွေ့ရ[illegible] အံ့ဩနေတာ။ ငါ့မုဆိုးသက်တမ်းမှာ[illegible] ထူးထူးဆန်းဆန်းကြုံတွေ့ရတာ အဲဒါ[illegible] ပထမဦးဆုံးပဲပေါ့"

တင်ဝင်းက -

"စောဂျိမ်းဆရာ မုဆိုးကြီး[illegible] ဦးကျောက်ခဲကကော ဘာကြောင့်[illegible] တာ ပြောမပြဘူးလား"

"သေတာသွားရော ဘာကြောင့်[illegible] ဆိုတာ မေးလို့မရပါဘူး တင်ဝင်းရာ"

*(မုဆိုးကြီးစောဂျိမ်းပြောပြသော[illegible] အတွေ့အကြုံများမှ)*


မောင်မြင့်မား (ဘိုက[illegible]



www.burmeseclassic.com

www.burmeseclassic.com

# မောင်ပွင့်ဘုကျ်(မောရ)
# စာရေးချင်သောသူများသို့




ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် နွေရာသီမှာ ကျွန်တော်တို့ မော်လမြိုင်မြို့နယ် စာရေးဆရာအသင်းက ကြီးမှူးပြီး မြို့ပေါ်က စာချစ်သူများရဲ့ ပံ့ပိုးကူညီမှုနဲ့ စာပေ အနုပညာနှင့် ကာတွန်း၊ ပန်းချီ အခမဲ့ သင်တန်းတစ်ခု ဖွင့်လှစ်ခဲ့ပါသည်။ ဝတ္ထုပိုင်းကို အသင်းဥက္ကဋ္ဌ ဦးဝင်းစိုး (စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ်ဆုရ ဆရာရာမညဖိုးလံပြည့်) နဲ့ အဖွဲ့၊ ကဗျာပိုင်းကို အသင်းဒု-ဥက္ကဋ္ဌဒေါ်မြင့်မြင့်ကြူ (ကလေးစာပေနဲ့ အမျိုးသားစာပေဆုရ ဆရာမ ရွှေမြိုင်ပြုံးလှဲ့မော်) နဲ့ အဖွဲ့၊ ဆောင်းပါးပိုင်းကို မှူခင်းနဲ့ ဥပဒေနောက်ခံဆောင်းပါးအရေးကောင်းတဲ့ ဆရာနတ်တလင်းချစ်လွင်(ဥပဒေအရာရှိ အငြိမ်းစား) နဲ့ အဖွဲ့တို့က တာဝန်ယူ သင်ကြားခဲ့ကြပါသည်။

ပန်းချီသင်တန်းကို မြို့နယ်ပန်းပညာရှင်များအဖွဲ့နာယက ပန်းချီဆရာကြီးဦးတင်မြိုင်နဲ့အဖွဲ့က စေတနာအပြည့်နဲ့ ဝိုင်းဝန်းကူညီခဲ့ပြီး ကာတွန်းသင်တန်းကိုတော့ ဒီကနေ့ အပတ်စဉ်ထုတ် ဂျာနယ်တွေမှာ လက်စွမ်းပြရေးသားနေတဲ့ မော်လမြိုင်သား လူငယ်ကာတွန်းဆရာတွေဖြစ်တဲ့ ကိုကျော်စိုး (CMM)၊ ကိုဘုန်းကျော်၊ ကိုအောင်သိန်းထိုက် (ATH) နဲ့အဖွဲ့တို့က အားကြိုးမာန်တက် သင်ပြပေးခဲ့ကြပါတယ်။ အဲဒီသင်တန်းကနေ အခု မဂ္ဂဇင်းစာမျက်နှာတွေပေါ်ကို ရွှေယဉ်လှိုင်း (စီးပွားရေးတက္ကသိုလ်)နဲ့ Royal နှင်းပွင့် ကလောင်သစ်နှစ်ချောင်းမွေးထုတ်နိုင်ခဲ့လို့ ကျွန်တော်တို့ ဝမ်းသာအားရဖြစ်မိကြပါတယ်။

အခုနှစ် နွေရာသီမှာလည်း မတ်လ ၂၄ ရက်ကနေ ဧပြီလ ၈ ရက်နေ့အထိ ဒုတိယအကြိမ် သင်တန်းဖွင့်ဖြစ်ပြန်ပါတယ်။ ဒီသင်တန်းမှာ 'စာရေးချင်သောသူများသို့' ခေါင်းစဉ်နဲ့ ကျွန်တော်ရဲ့ ဆွေးနွေးချက်တွေကို ပြန်ပြီးရေးသား တင်ပြလိုက်ပါတယ်။

❐

'စာရေးချင်သောသူများသို့' လို့ ခေါင်းစဉ်တပ်လိုက်တာနဲ့ ဝတ္ထုရေးချင်သူရော၊ ဆောင်းပါးရေးချင်သူရော၊ ကဗျာရေးချင်သူပါ အားလုံးပါတယ်လို့ ဆိုလိုပါတယ်။ အားလုံးအတွက်ကို ကျွန်တော်ခြုံပြီးပြောမှာပါ။

စာရေးနည်းသင်တန်းလို့ ဆိုရလောက်အောင်လည်း အခု စာတွေရေးနေတဲ့စာရေးဆရာတွေကိုယ်တိုင်က ဘာသင်တန်းမှတက်တိတက်တိတက်ခဲ့ကြတာ မဟုတ်ပါဘူး။ စာတွေအဆက်မပြတ်ရေးရင်းက ဘယ်လိုရေးရင်ကောင်းမလဲဆိုတာ လမ်းစရသွားကြတာ ဖြစ်ပါတယ်။ သင်တန်းပေးတယ်ဆိုတာထက် ကျွန်တော်တို့ ဖတ်မှတ်ထားတဲ့ စာပေရေးသားမှုအတွေ့အကြုံတွေကို (Knowledge share) ဝေမျှတဲ့သဘော ပြောပြသွားမှာပါ။

'မုဆိုးစိုင်သင်' ဆိုတဲ့ စကားကို ကြားဖူးကြမှာပါ။ မုဆိုးဟာ တောထဲက စိုင်သတ္တဝါနောက်ကိုလိုက်ရင်းလိုက်ရင်းက အဲဒီသတ္တဝါရဲ့ အလေ့အထ၊ အနေအထိုင်၊ အသွားအလာတွေကို သိလာပြီး အလွယ်တကူ ဖမ်းယူနိုင်သလို လုပ်ငန်းတစ်ခုကို စိတ်ပါလက်ပါ အဆက်မပြတ်လုပ်ရင်းကိုင်ရင်းက ပိုမိုတတ်ကျွမ်းနားလည်လာတဲ့သဘောရှိပါတယ်။အဲဒါကြောင့် စာရေးချင်ရင် စာရေးပါလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ ရေးရင်းရေးရင်းနဲ့ ရေးတတ်လာပါလိမ့်မယ်။

တစ်ခုထောက်ရှိသပေါ့။ စာရေးဆရာကြီးတွေရဲ့ စာရေးသားဟန်တွေကို လေ့လာတာ၊ စာရေးသားနည်းလမ်းညွှန်ချက်တွေကို မှတ်သားတာတွေကလည်း စာရေးသားတတ်ဖို့ကို အများကြီး အထောက်အကူဖြစ်ပါတယ်။

စာရေးဆရာတွေထဲမှာ ကျွန်တော် အင်မတန်မှ လေးစားရတဲ့ စာရေးဆရာတစ်ယောက်ရှိပါတယ်။ အခုတော့ ကွယ်လွန်သွားပါပြီ။ သူ့ဓာတ်ပုံကိုပြချင်လို့ ကျွန်တော်က ဒီစာအုပ်လေးယူလာပါတယ်။ စာရေးဆရာ မိုးဟိန်းပါ။ သူက စာရေးရင် ကလောင်နာမည် မိုးဟိန်းနောက်မှာ ကွင်းစကွင်းပိတ်နဲ့ 'သားဂျာနယ်ကျော်' လို့ ထည့်ပါတယ်။ ဒီစာအုပ်အဖုံးမှာ အင်္ဂလိပ်လို Moe Hein (Son of Journal Kyaw) လို့ ရေးထားတာ တွေ့ရမှာပါ။

ဂျာနယ်ကျော် ဆိုတာက ဘာကို ယူထားလဲဆိုရင် သူ့မိဘနှစ်ပါးစလုံးဟာ စာရေးဆရာတွေ။ လူကြီးပိုင်းတွေ လောက်မှ သိကြတော့မှာပါ။ ဂျာနယ်ကျော် ဦးချစ်မောင်နဲ့ ဂျာနယ်ကျော်မမလေးတို့ ဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင်မှာ စာရေးဆရာ၊ သတင်းစာဆရာ၊ မျိုးချစ်ပုဂ္ဂိုလ်ဂျာနယ်ကျော်ဦးချစ်မောင် ကွယ်လွန်တော့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သူ့အသုဘကို လိုက်ပို့ခဲ့တယ်။ ကွယ်လွန်ချိန်မှာ သူ့အသက်ဟာ (၃၄) နှစ်သာရှိပါသေးတယ်။

ဂျာနယ်ကျော်ဦးချစ်မောင် (၁၃) နှစ်သားအရွယ် (၈) တန်းကျောင်းသားဘဝမှာ ဆရာကြီးတစ်ယောက်က သူ့ကို 'မင်း အယ်ဒီတာဖြစ်ချင်ရင် စာများများ ဖတ်ရမယ်' ဆိုတဲ့ စကားကို ရင်ထဲအသည်းထဲစွဲနေအောင် မှတ်ထားပြီး တစ်ရက်ကို အိပ်ချိန် (၃)၊ (၄)နာရီ လောက်ပဲထားကာ အလုပ်နဲ့လက်မပြတ်အောင်လုပ်ရင်း အိမ်ထောင်ကျတဲ့ အသက် (၂၆) နှစ်အရွယ်အထိ စာတွေကို စားမတတ်ဝါးမတတ် တရစပ်ဖတ်ခဲ့ပါတယ်။ စာပေနယ်မှာ ထွန်းထွန်းပေါက်ပေါက်ဖြစ်ချင်ကြတဲ့ လူငယ်တွေ အတုယူစေချင်ပါတယ်။

သူဖတ်ခဲ့တဲ့ စာအုပ်တွေထဲမှာ အင်္ဂလိပ်လိုရေးထားတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ သမိုင်းကျမ်းစာအုပ်တွေကလည်း အများကြီးပါသမို့ ဦးချစ်မောင်ဟာ စာပဲရေးရေး၊ စကားပဲပြောပြော အကိုးအကားအချက်အလက် အပြည့်အစုံနဲ့ ရေးတတ်၊ ပြောတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူနဲ့ ဆက်ဆံဖူးတဲ့ နိုင်ငံခြားသားတွေက သူ့ကို အနောက်နိုင်ငံတွေမှာ ပညာသင်ကြားခဲ့ဖူးတယ်လို့ ထင်မှတ်ကြရပါတယ်။

မိုးဟိန်းရဲ့ မိခင် ဂျာနယ်ကျော် မမလေးဆိုရင်လည်း ဂျပန်ခေတ်မှာ ဖက်ဆစ်ဆန့်ကျင်ရေးမြေအောက်တော်လှန်ရေးလုပ်ငန်းကို ခင်ပွန်းဖြစ်သူ ဂျာနယ်ကျော်ဦးချစ်မောင်နဲ့ လက်တွဲလုပ်ခဲ့သူ ဖြစ်ပါတယ်။ ဂျာနယ်ကျော် မမလေးရဲ့ ဝတ္ထုတွေကို နိုင်ငံခြားမှာ ဘာသာပေါင်းမျိုးစုံနဲ့ ပြန်ဆိုရေးသားခဲ့ကြတယ်။ အဲဒီအထဲမှာ ၁၉၇၉ ခုနှစ်က ဂျပန်နိုင်ငံမှာ ပြုလုပ်တဲ့ နိုင်ငံတကာဘာသာပြန်စာပေပြိုင်ပွဲမှာ နိုင်ငံပေါင်းစုံက စာအုပ်ပေါင်း (၂၀၀၀) ကျော် ယှဉ်ပြိုင်တဲ့အထဲမှာ 'သွေး'ဝတ္ထု ဘာသာပြန်စာအုပ်က ပထမဆု ရရှိခဲ့ပါတယ်။

စာရေးဆရာ မိဘနှစ်ပါးကနေ မွေးဖွားလာတဲ့ ဆရာမိုးဟိန်းဟာ စာရေးတော့မယ်ဆိုပြီး စာရေးစားပွဲမှာထိုင်လိုက်တာနဲ့ နဖူးပြင်မှာလက်အုပ်တင်ပြီး **'စာဖတ်သူတွေ အကျိုးရှိမယ့်စာများကိုသာ ရေးသားရပါလို၏'** လို့ ဆုတောင်းစကားဆိုပြီးမှ စာကို ရေးသားလေ့ရှိပါတယ်။ စာရေးသူတွေအားလုံးရဲ့ ရင်ထဲအသည်းထဲမှာ စွဲပိုက်ထားသင့်တဲ့ စကားတစ်ခွန်းပဲ ဖြစ်တယ်။

သူဘယ်လိုစာရေးသလဲ ဆိုတာ သူ့ကဗျာတစ်ပုဒ်ကနေကြည့်ရအောင်ပါ။

The Light of English မဂ္ဂဇင်း အယ်ဒီတာက သူ့ကို ပန်းချီကားချပ်ကလေးတစ်ခုပြပြီး ကဗျာတစ်ပုဒ်ရေးခိုင်းတယ်။ ညရှုခင်းပန်းချီကားက ရိုးရိုးလေးပါ။ တောင်းကင်မှာ လသာနေပြီး မြေပြင်မှာ သစ်ပင်တွေရှိတယ်။ နောက်ခံမှာတော့ တောင်တန်းတစ်ခုပေါ့။

**'They'** လို့ ခေါင်းစဉ်တပ်ထားတဲ့ သူ့ကဗျာက ဒီလိုပါ။

*Boasts the sky.*
*See, see,... my golden Queen*
*flawless beauty*
*Showering her beams.*
*The land laughs.*
*Ha, ha,... to kiss my rich soil*
*Trees, plants and grass.*
*Shouts, the mountain.*
*Hey, hey,... brag while you can.*
*I the Mighty that ever stands.*
*A whispering sound.*
*Hello friends,... hear me?*
*Come as I wish, go as I like*
*Invisible, yes, but free.*

လက်ရှိ စာရေးနေတဲ့ စာရေးဆရာတွေရော စာရေးဆရာဖြစ်ဖို့ တာစူနေသူပါ ကိုယ့်မိခင်ဘာသာမြန်မာစာကိုသာမက နိုင်ငံတကာသုံး အင်္ဂလိပ်စာကိုပါ အဆက်မပြတ် လေ့လာနေသင့်ပါတယ်။ ဒါမှလည်း ခေတ်နဲ့အညီ ဗဟုသုတရှာမှီးရာမှာ အများကြီးအထောက်အကူဖြစ်ပါတယ်။ တစ်ခုတော့ရှိသပေါ့ဗျာ။ ခေတ်ပေါ်ကဗျာတချို့မှာလို သာမန်စာဖတ်ပရိသတ်မသိနိုင်တဲ့ အင်္ဂလိပ်စကားလုံးတွေ၊ အနောက်တိုင်းကအမည်တွေ ထည့်ရေးတာမျိုးတော့ ရှောင်သင့်တယ်လို့ ထင်ပါတယ်။

(၁၀)တန်းလောက်အထိ ကျောင်းမှာသင်ခဲ့ကြတဲ့ အင်္ဂလိပ်စာအခြေခံဟာ မနည်းပါ။ ကိုယ့်ဘာသာ မပြတ်လေ့လာနေဖို့အတွက် လုံလောက်ပါတယ်။ အခုဖော်ပြခဲ့တဲ့ ကဗျာမှာ အဓိပ္ပာယ်မသိနိုင်တဲ့ စကားလုံး (၄)၊ (၅) လုံးလောက် ပါနိုင်ပါတယ်။ ဒါလည်း အင်္ဂလိပ်အဘိဓာန်လှန်ကြည့်ရုံနဲ့ အလွယ်လေးသိနိုင်ပါတယ်။ အင်္ဂလိပ်စာလေ့လာသူတွေအတွက် အင်္ဂလိပ်အဘိဓာန်ဟာ မရှိမဖြစ် လိုအပ်ပါတယ်။ အဘိဓာန်ကို လက်တစ်ကမ်းမှာထားပြီး အမြဲတမ်းသုံးသွားရင် တစ်နေ့တခြား အင်္ဂလိပ်စာ တိုးတက်လာမယ်ဆိုတာ အသေအချာ ပြောရဲပါတယ်။

ကျွန်တော် နားလည်သလို ဘာသာပြန်လိုက်တဲ့ ဒီကဗျာမှာ မျက်စိကမြင်ရတဲ့ လောကရဲ့ အလှတရားကို စာရေးဆရာရဲ့ နှလုံးသားက အခုလို ကြားပါတယ်။

*ကောင်းကင်ရဲ့ အကြွားစကား*
*ကြည့်လိုက်ကြစမ်း ကျုပ်ရဲ့ ရွှေရောင်မိဖုရား။*
*အပြစ်ကင်းတဲ့အလှနဲ့*
*ရောင်ခြည်တန်းတွေ ပက်ဖျန်းနေလေရဲ့။*
*မြေကမ္ဘာလာကအခုလိုရယ်တယ်။*
*ဟားဟား. . . ငါ့ရဲ့ကြွယ်ဝလှတဲ့*
*မြေဆီလွှာနဲ့သစ်ပင်ပန်းမန်တွေကို*
*လာနမ်းနေတာပါကွယ်။*
*တောင်တန်းကြီးရဲ့အော်ဟစ်သံက -*
*ဟေ့ - မင်းတို့တစ်တွေ ဘယ်လိုကြွားကြွား၊*
*ထာဝရတည်တံ့နေတာက စွမ်းပကားကြီးတဲ့ ကျုပ်ပါဗျ။*
*တီးတိုးညင်သာ စကားသံသာ*
*မိတ်ဆွေတို့ကို ပြောပါရစေ။*
*စိတ်ရှိတိုင်းသာ သွားလာနိုင်တာ*
*ဘယ်သူမှမမြင်လဲ ကျုပ်က လွတ်လပ်တယ်လေ။*

ကဗျာဆရာက ပန်းချီကားထဲက သဘာဝတရားတွေရဲ့ အလှအပ၊ ကြွယ်ဝမှု၊ စွမ်းပကားနဲ့ လွတ်လပ်ခြင်းတွေကို ရှုမြင်သုံးသပ်ထားတယ်။ အားလုံးထဲမှာ အခြေခံအကျဆုံးက လွတ်လပ်မှုပဲ ဖြစ်တယ်။ လေသာမရှိရင် ကမ္ဘာလောကကြီး ဘာဖြစ်သွားမလဲ။ ဒီလိုပါပဲ၊ လူမှာ လွတ်လပ်မှုသာမရှိရင် ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။ ကဗျာဆရာပေးချင်တဲ့ message က ဒါပါပဲ။

စာရေးဆရာမိုးဟိန်း စာဘယ်လိုရေးသလဲဆိုတာ ဒီစာအုပ်ရဲ့နာမည်ကို ကြည့်ရင် သိပါလိမ့်မယ်။ စာအုပ်နာမည်က **What I see, How I feel - ကျွန်ုပ်မြင်သမျှ ခံစားသမျှ** လို့ ဘာသာပြန်နိုင်ပါလိမ့်မယ်။ ဒါကြောင့် စာရေးဆရာလုပ်ချင်တဲ့သူဟာ ကဗျာပဲရေးရေး၊ ဝတ္ထုပဲရေးရေး၊ ဆောင်းပါးပဲရေးရေး လောကကြီးထဲမှာ မြင်မြင်သမျှ ကြားကြားသမျှကို ခံစားတတ်ဖို့ လိုပါမယ်။ ဒီအတွက် မျက်စိကိုဖွင့်၊ နားကိုစွင့်ထားရပါမယ်။

တစ်ခါတုန်းက ဆရာဇော်ဂျီဟာ တပည့်တစ်ယောက်နဲ့အတူ မြို့ထဲလမ်းလျှောက်နေတုန်း ဆိုင်တစ်ဆိုင်အရောက်မှာ တပည့်ဖြစ်သူက သူ့ကိုခွင့်တောင်းပြီး ဆိုင်ထဲဝင်သွားပါတယ်။ ခဏအကြာမှာ ပြန်ထွက်လာပြီး ဆရာ့ကို စောင့်ခိုင်းထားမိတဲ့အတွက် တောင်းပန်စကားဆိုပါတယ်။ ဒီအခါ ဆရာဇော်ဂျီက အခုလို ပြန်ပြောလိုက်တယ်။

'ကိစ္စမရှိပါဘူး၊ ဆရာက ဒီမှာရပ်ပြီး စာဖတ်နေတာပါ'

ဆရာ့လက်ထဲမှာ ဘာစာအုပ်မှ မကိုင်ထားတာမို့ တပည့်ဖြစ်သူဟာ နားမလည်တဲ့ပုံစံနဲ့ ကြည့်နေတာကို ဆရာဇော်ဂျီက အခုလို ဆက်ပြောပါတယ်။

"ဆရာ့ရှေ့မှာ မြင်မြင်သမျှတွေဟာ ဆရာ့အတွက် ဖတ်စရာစာအုပ်ပါပဲ"

ဒီအကြောင်းကိုဖတ်လိုက်ရတော့ 'လောကဖတ်စာအုပ်' ဆိုတဲ့ စကားလုံးကို အမှတ်ရလိုက်တယ်။ ဒါကြောင့်လည်း ဆရာတို့ အခုသင်တန်းပေးနေတာ မဟုတ်ဘူး။ ဆရာတို့ ဖတ်မပေါ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

တာလေးတွေ ဝေမျှပေးတာလို့ ပြောခဲ့တာပါ။

ဆရာမိုးဟိန်းက ဒီစာအုပ်ထဲမှာပဲ သူစာဘယ်လိုရေးသလဲဆိုတာ အခုလို ပြောထားသေးတယ်။

သွားရင်းလာရင်း မြင်ရတဲ့အရာတွေထဲမှာ ဘယ်ဟာတွေက ကျွန်ုပ်ခေါင်းကို အလုပ်ပေးသလဲ (stir my head)၊ ဘယ်ဟာတွေက ကျွန်ုပ်နှလုံးသားကို လှုပ်ရှားစေသလဲ (move my heart) အဲဒီနှစ်ခုကို အရင်းခံပြီးတော့ ကဗျာလည်းရေးတယ်၊ စာလည်းရေးတယ်။

*The words and lines dripping from the nib are but the blood and veins of the writer.*

□ *ကလောင်တံဖျားက ယိုစီးကျလာတဲ့ စကားလုံးတွေ၊ စာကြောင်းတွေဟာ စာရေးဆရာရဲ့ သွေးစက်တွေ၊ သွေးကြောတွေသာ ဖြစ်တယ် - တဲ့။*

စာရေးဆရာတိုင်းက စာရေးဆရာဘဝကို တန်ဖိုးထားတတ်ကြတယ်။ ကျွန်တော်က ကျွန်တော့်မိန်းမကို အခုလို ကြွားဖူးတယ်။

"နင်တို့အမျိုးထဲမှာ အဖေဘက်ကရော အမေဘက်ကပါ စာရေးဆရာ ဘယ်နှယောက်ရှိသလဲ။ မရှိဘူးမဟုတ်လား။ ကိုယ်တို့အမျိုးထဲမှာလည်း စာရေးဆရာတစ်ယောက်မှမရှိဘူး။ စာရေးဆရာဆိုတာ ရှားပါးပစ္စည်းကွ"

သူကလည်း အခုလိုပြန်ပြီး ထောက်ခံပါတယ်။

"ဟုတ်ပါတယ် ၊ အန်းတိတ်ကြီးရယ်"

ပြောချင်တာက စာတတ်တဲ့သူတိုင်း စာရေးဆရာမဖြစ်ဘူး။ **ကိုယ့်အမြင်ကိုယ့်အတွေးကို စာဖတ်သူ မြင်အောင်၊ တွေးတတ်အောင်ရေးတတ်မှ စာရေးဆရာဖြစ်ပါတယ်။** ကျွန်တော်က စာရေးဆရာတစ်ယောက်ကိုကြိုက်ပြီဆိုရင် သူ့စာအုပ်တွေကို ရနိုင်သလောက် ရှာဝယ်ပြီး စာအုပ်စင်မှာ တစုတစည်းတည်းထားတတ်ပါတယ်။

ဟောဒီမှာ မိုးဟိန်း (သားဂျာနယ်ကျော်)ရဲ့နောက်စာအုပ်တစ်အုပ်။ စာအုပ်အမည်က 'စည်းမထိုး၊ ကြွေမပစ်၊ ပဏ္ဏာဆောက်၊ သို့သော် . . . နိုင်သည်' တဲ့။ ကတ်ခုံမှာ ဆေးထိုးအပ်တန်းလန်းနဲ့ စာရေးနေတဲ့ပုံနဲ့ စာအုပ်အဖုံးအောက်ခြေမှာ 'ကျွန်တော်နှင့် ကင်ဆာဆောင်းပါးများစုစည်းမှု' လို့ ပါတယ်။

### □ မှာပါရစေ၊ ပြောပါရစေ □

-၁-

*ကိုယ်သေရင်မငိုနဲ့*
*ပါးစိုရွှဲရွှဲမှာပေါ့။*
*သပိတ်မသွတ်နဲ့*
*လွတ်ပြီးသား၊ ကျွတ်ပြီးသား။*
*ထမင်းမထုပ်နဲ့၊*
*သိုးစာ၊ ပုပ်စာ၊ ဖြုန်းတီးစာ။*
*အိုးမခွဲနဲ့၊ အိုးမလို*
*ဘာကိုမှ ကိုယ်မစွဲဘူး။*
*အပွင့်အခက် ယူမသွားနဲ့၊*
*ပြန်လိုက်ရမယ့်အစား မဟုတ်ဘူး။*
*ရက်လည်၊ လလည်၊ နှစ်လည်*
*ဘာကိုမှမလည်နဲ့၊*
*သံသရာကြီးမှာ လည်ခဲ့သူ။*


-၂-

*ကိုယ်သေရင် မငိုနဲ့*
*ကြိုကြိုပြီး သေထားသူ။*
*'ဘုရားရှင်ရဲ့ ဂုဏ်တော်' ကို*
*မြတ်နိုးပူဇော်ရင်း*
*အကြိမ်ကြိမ်အသေရင်းထားသမို့*
*မရဏမင်းဆီ ပျော်ပျော်သွားမှာ။*
*ပြီးတော့ ပြောပါရစေ -*
*သာသနာ၊ စာပေ၊ ပရဟိတ*
*လုပ်လက်စတွေကို ဆက်လုပ်ဖို့*
*ဟောဒီ ချစ်ခင်ရတဲ့ ဒီမြေကို*
*ပြန်လာခဲ့မယ် မုချ။*
*ဒီတော့ ကိုယ်သေရင် မငိုနဲ့၊*
*ဖြေသာစမ်းပါ၊ ပြုံးစမ်းပါ*
*လူသာရှုံးတာ ကျန်တာမရှုံးဘူး။*
*မှာခဲ့ပြီ၊ ပြောခဲ့ပြီနော် ဒါပါပဲ။*

*မိုးဟိန်း (သားဂျာနယ်ကျော်)*
*၁၃၇၂ ခု၊ ဝါဆိုလပြည့်*
*(မွေးစကြာနေ့)*

ကင်ဆာရောဂါကြောင့် နေ့သေမလား၊ ညသေမလားမသိ သေခါနီးလူတစ်ယောက်ရဲ့ နှလုံးသားက စီးကျလာတဲ့ စကားလုံးတွေကို ဖတ်ရတာ အင်မတန်မှစိတ်ထိခိုက်ရသလို ကြေကွဲဖို့လည်းကောင်း၊ နမူနာယူစရာလည်းကောင်းပါတယ်။ သေမင်းနဲ့ စီးချင်းမထိုး၊ ကြွေမပစ်၊ ဗေဒင်လည်းမမေး၊ အသက်ရှင်ရအောင် ဆိုပြီး လက်ဆောင်ပဏ္ဏာလည်းမဆက်၊ ဒါပေမယ့် အနိုင်တိုက်သွားခဲ့ပါတယ်တဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာကတည်းက သက်သတ်လွတ်စားပြီး အသက်ထက်ဆုံး ရှစ်ပါးသီလဥပုသ်နဲ့နေသွားတဲ့ ဆရာမိုးဟိန်းဘယ်လိုအနိုင်တိုက်သွားသလဲ ဆိုတာ နောက်ကျောဖုံးကကဗျာကို ဖတ်ပြပါမယ်။

(တစ်ဖက်တွင် ဖော်ပြထားပါသည်။)




စာရေးဆရာတစ်ယောက် ရေးလိုက်တဲ့စာကို ဖတ်လိုက်တာနဲ့ သူ့စိတ်ဓာတ်၊ သူ့ခံယူချက်၊ သူ့အတွေးအခေါ်တွေကို သိနိုင်တယ်။ ဒီကဗျာထဲကနေ ကျွန်တော့်ရင်ဘတ်ကို လာမှန်တဲ့ စကားလုံးတွေက 'သာသနာ စာပေ ပရဟိတ၊ လုပ်လက်စတွေကိုဆက်လုပ်ဖို့ ဟောဒီ ချစ်ခင်ရတဲ့ ဒီမြေကို ပြန်လာခဲ့မယ် မုချ' တဲ့။ စာရေးဆရာသေလို့ လူပြန်ဖြစ်ရင် စာရေးဆရာပဲပြန်ဖြစ်ချင်ပါတယ်တဲ့။

အခု ဒီသင်တန်းကို တက်နေသူတွေလည်း စိတ်ကောင်း၊ စေတနာကောင်းနဲ့ စာဖတ်သူတွေအတွက် စာကောင်းပေကောင်းတွေ ရေးသားနိုင်တဲ့ စာရေးဆရာတွေဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

မောင်ပွင့်ဉာဏ် (မောရ)



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော် ကျော်က ကျွန်တော်တို့မြို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် ခရိုင်နှင့်မြို့နယ်တွဲစပ်မြို့တစ်မြို့ဖြစ်ပါသည်။ ထိုစဉ်က မြို့လေးတစ်မြို့အသွင်ဖြင့် မြို့အကျယ်အဝန်း အရှေ့၊ အနောက် (၂) ဖာလုံခန့်၊ တောင်၊ မြောက်မှာ (၁) မိုင်ခန့်လောက်ဖြင့် မြို့လယ်ရပ်ကွက်ပိုင်းလေးသာ ဈေးနှင့်အတူ နေ့နေ့ညည စည်ကားသည်။ ရပ်ကွက် (၄) ရပ်ကွက်ရှိသော်လည်း လူဦးရေနှင့် မြို့လေးမှာ ညီမျှရုံသာရှိသည်။ ခရိုင်မြို့နယ်တွဲဖြစ်၍ မြို့ငယ်သော်လည်း ခရိုင်မြို့ကြီးအဖြစ် မြစ်အရှေ့ဘက်တိုင်းနှင့် နီးကပ်ရှိနေသည်။ မြို့တောင်ပိုင်းတွင် ခရိုင်၊ မြို့နယ်ပေါင်းစပ်ရုံးဝေါင်းစုံရှိပြီး ရဲတပ်ဖွဲ့စခန်းမှာ ပထမမြို့မြောက်ဘက်အမှတ် (၄)ရပ်ကွက်မြောက်ဘက်တွင် စခန်းဌာနရော အကျဉ်းအချုပ်စခန်းပါထားသည်။ ထိုစဉ်ကအခေါ် ဂါတ်ကြီးဟုခေါ်သည်။ မြို့လယ်အမှတ် (၂) ရပ်ကွက်တွင် ငွေတိုက်နှင့် ရဲစခန်းခွဲရှိသည်။ ထိုစခန်းအနောက်တောင်ဘက်တွင်ပြည်သူ့ဆေးရုံ(ပျဉ်ထောင်၊ပျဉ်ကာ)ရှိပြီး ၎င်းမြောက်ဘက်ကပ်လျက်တွင် တပ်ရင်းတစ်ရင်းအခြေချထား၏။

မြို့လေးမှာ တောင်၊ မြောက်ရှည်၊ အရှေ့၊အနောက်ကျဉ်းသည်။အနောက်ဘက် မြို့အဝေးပြေး ကားလမ်းမကြီးအနောက်ဘက်ကပ်လျက်တွင် တောင်နှင့် မြောက်တန်းလျက် တောင်မြင့်တောင်တန်းက မြို့တောင်ဘက်အဝင်မြို့လယ်မြို့တစ်ဝက်ကျော်ကာဆီးတည်ရှိသည်။ မြို့၏အရှေ့ဘက်တွင် မြောက်မှတောင်စီးဆင်းနေသော ဧရာဝတီမြစ်ကြီးတည်ရှိသည်။ မြို့အနေအထား အကျယ်အဝန်းငယ်သော်လည်း မြို့တောင်ဘက်၊ အနေဒက်ဘက်၊ မြောက်ဘက်တို့တွင် လယ်ယာမြေများစွာနှင့် ရေနံထွက်ရာဒေသကြီး ဖြစ်သည်။

ခရိုင်အတွင်း သိန်းချီရှိသောလယ်ယာမြေဧရိယာများ၊ အနောက်ရိုးမမှဖြန့်ဆင်းစီးဆင်းလာသော မုန်း၊ မန်းချောင်းအသွယ်သွယ်နှင့် ရေလှောင်ဖရထိန်းဆည်တမံများ ရှေးနှစ်ပေါင်းများစွာကပင်ရှိခဲ့၍ ဆန်ရေစပါး၊ နှမ်း၊ ပဲ၊ ပြောင်း၊ စားသုံးသီးနှံများပေါကြွယ်ဝသည်။ ရေနံထွက်ရှိရာဖြစ်၍ ရေနံမြေအဖြစ် ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သည်။ (ယခင်က ခရိုင်မြို့နယ်တွဲဖက်မြို့လေးသည် ယခုအခါ မြို့တိုးချဲ့အကျယ်အဝန်းလူနေအိမ်ခြေလူဦးရေနှင့်ဌာနအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စိုက်ပျိုးထုတ်လုပ်ရေး (ရေနံဓာတ်ငွေ့) များနှင့် ပို့ဆောင်ဆက်သွယ်လမ်းတံတားကြီးများ အကျယ်အပြန့်ဆက်သွယ်ရေး၊ ပြန်ကြား/ဆယ်သွယ်ရေး၊ ဘာသာရေးအစစတို့သည် အကြီးအမား အကျယ်အပြန့်၊ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်စည်ပင်နေပါသည်။ မြို့တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တို့ကို မြို့တိုးချဲ့မြို့ကွက်သစ်များဝန်းကျင်ကျေးရွာများနှင့် ဆက်မိနေကြသည်။ ယခင် နှစ်ပေါင်း (၅၀) ကျော်မြို့မြင်ကွင်းနှင့် ယနေ့ မြို့မြင်ကွင်းသည်မိုးနှင့် မြေပမာ ကွာခြားနေလေသည်။) ဤသည်တို့မှာ ယခု ကျွန်တော်ရေးသားမည့်ဖြစ်စဉ်လေးအတွက် ယခင်နှစ်ပေါင်း (၅၀)ကျော်က မြို့မြင်ကွင်းပုံဖော်အစပြုခြင်း ဖြစ်ပါသည်။

ထိုစဉ်က မြို့လေး၏ အနောက်ဘက်၊ အဝေးပြေးကားလမ်းမအနောက်ဘက်လမ်းမနှင့် ဝါးတစ်ရိုက်အကွာတွင် အုပ်အုပ်ဆိုင်းဆိုင်းမြင့်မြင့်မားမားခက်လက်အရွက်ဝေဆာနှင့် လူကြီးနှစ်ဖက်စာ ပင်စည်ရှိ အမြင့်ပေ (၃၀)ခန့် သစ်ဆိမ့်ပင်ကြီးတစ်ပင် ထီးထီးမားမားပေါက်ရောက်တည်ရှိခဲ့၏။ထိုနေရာမှာ မြို့လယ်နှင့် အလှမ်းအနည်းငယ်ဝေးသည်။ သစ်



www.burmeseclassic.com

www.burmeseclassic.com



(မင်းဘူး)

# တက်ကောင်းလတ်

## သဘက်ကြီးနှင့်သစ်ဆိမ့်ပင်



သူရဇ္ဇမဂ္ဂဇင်း
၂၀၁၄ ခုနှစ် အောက်တိုဘာလ အတွဲ(၁၄) အမှတ်(၁၀)

www.burmeseclassic.com

www.burmeseclassic.com

ဆိမ့်ပင်ကြီးအနောက်ဘက်တစ်ကြောမှာ တောင်ကုန်းတောင်တန်းငယ်များနှင့် လွင်တီးခေါင်ဖြစ်နေသည်။ သစ်ဆိမ့်ပင်ကြီးအရှေ့ဘက် လမ်းမအရှေ့ဘက်ကပ်လျက်တွင် တောင်ကုန်းများရှိသည်။ သစ်ဆိမ့်ပင်ကြီး အရှေ့တောင်ဘက်လှမ်းလှမ်းတွင် တပ်လေ့ကျင့်ရေးတန်းလျားရှိသည်။ နောက်တပ်ရင်းနေရာပြောင်းသွား၍ ၎င်းတန်းလျားနေရာကို ရဲအချုပ်စခန်း(မြို့မ)အဖြစ် ပြောင်းလဲထားရှိခဲ့သည်။

ထိုနေရာတစ်လျှောက်လုံး စည်ကားခြင်းမရှိ။ နံနက်နှင့် ညနေ(၆)နာရီတွင် မြို့အပြင်သွားလာပို့ဆောင်မော်တော်ယာဉ်များမရှိ။ ယာဉ်ငယ်နှင့် လူများသွားလာခြင်း တိတ်ဆိတ်။ မသွားမလာကြ။ ညပိုင်း သွားလာရေးလမ်းလျှပ်စစ်မီးမရှိသေး။ (ထိုစဉ်က မြို့တွင်းကွက်ပ္ပယ်သာ မြို့လျှပ်စစ်ဒီဇယ်မောင်းမီးစက်ဖြင့် မီးပေးနိုင်သည်။) မြို့နှင့်အတန်ငယ်ဝေး၍စည်ကားမှုမရှိ။ခြောက်ကပ်ပြီး အသွားအလာနေ့ပိုင်းနည်း၊ ညပိုင်းမရှိသော ထိုသစ်ဆိမ့်ပင်ကြီးတည်ရှိရာနေရာမှာ သစ်ဆိမ့်ပင်ကြီးအရိပ်အာဝါသမည်မျှပင်ကောင်းကောင်း နေ့ပိုင်း ဝင်ရောက်၍ အရိပ်ခိုနားနေမည့်သူမရှိ။ ညပိုင်းဆို အသံကြားလျှင်ပင် ကြောက်လန့်နေကြသည်။ နေ့ပိုင်း သွားလာရေးတွင် လမ်းမနှင့်ကပ်လျက်ရှိနေ၍သာ သွားလာနေကြရသည်။

မော်တော်ကားနှင့်သွားပါက ထိုသစ်ဆိမ့်ပင်ကြီးအနီးရောက်လျှင် သွက်သွက်မောင်းနှင်၍ ခြေကျင်ဆိုလျှင် လမ်းမအရှေ့ဘက်လမ်းဘေးဆီမှ ရှောင်ကွင်းသွားလာကြလေသည်။ ထိုမျှလောက်ထိထိတ်လန့်ကြောက်ရွံ့ဖွယ် သစ်ဆိမ့်ပင်ကြီးကား ရှေးကပင် တစ်ဆင့်ပြောဖြင့် နာနာဘာဝ သရဲသဘက်တို့နှင့် ဆက်နွယ်အကြောင်းများကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့မှာ ငယ်ရွယ်သူများဖြစ်၍ သစ်ဆိမ့်ပင်ကြီးဟုပြောလျှင်ပင် ကြားရရုံနှင့် ကြောက်နေကြရသည်။ ညအချိန် ရပ်ကွက်ထဲလူကြီးများ စုဝေး၍ ရောက်တတ်ရာရာများပြောကြစဉ် သရဲတစ္ဆေ၊ သဘက်၊ ဥစ္စာစောင့်များအကြောင်းပြောကြရင်း မြို့အနောက်မြောက်ဘက်ဆီက သစ်ဆိမ့်ပင်ကြီးအကြောင်းပြောကြသည်။ သစ်ဆိမ့်ပင်ကြီးတွင် အလွန်ကြီးမားသော သဘက်ကြီးရှိကြောင်း၊ ဦးခေါင်းကြီးကြီး၊ မျက်လုံးပြူးပြူးကြီး၊ ပါးစပ်ပြဲပြဲ၊ လက်၊ ခြေ၊ ကိုယ်လုံး၊ အမွေးထူထူ၊ အရပ်မြင့်မြင့်၊ လျှာကြီးတစ်တောင်ခန့် အရှည်ရှိပြီး အလွန်ကြောက်ဖွယ်ကောင်းကြောင်း၊ ညပိုင်း ထိုသစ်ဆိမ့်ပင်ကြီးအနီး ဖြတ်သန်းသွားလာသူမရှိကြောင်း၊ မဖြစ်မနေသွားလာကြမိပါက သစ်ဆိမ့်ပင်ကြီးပေါ်က သဘက်ကြီးသည် သစ်ဆိမ့်ပင်ကိုင်းကိုခွစီးလျက် လမ်းကိုပိတ်ထားကြောင်း။ သို့မဟုတ် လမ်းမကြီးပေါ် မားမားကြီး ပိတ်ရပ်ထားကြောင်း၊ သဘက်ကြီးကိုမြင်ပြီး ကြောက်လန့်ပြေးလျှင် နောက်ကနေ လက်မည်းကြီးနှင့် လှမ်းရိုက်ကြောင်း၊ အချို့မှာ ကြောက်လန့်ဖျားကြ၊ ဆေးကုသကြရကြောင်း။

တစ်ခါက အရက်မူးနေသောလူတစ်ယောက် မြို့မြောက်ပိုင်း မကျည်းချောင်းရွာအပြန် မြို့ထဲလမ်းကမပြန်ဘဲ မြို့အနောက်ဘက် အဝေးပြေးကတ္တရာလမ်းမကြီးဆီက လေးကင်းနှင်းပြန်လာသည်။ ထိုသူလက်ထဲတွင် အိမ်အတွက် မြို့ထဲက တရုတ်ခေါက်ဆွဲဆိုင်မှ ဝက်သားခေါက်ဆွဲတစ်ထုပ်ဝယ်ယူလာသည်။ အချိန်က ည(၉)နာရီကျော်ကျော်ရှိနေသည်။ အရက်က ရေချိန်လွန်မူးနေပြီး ပေါက်ကရသီချင်းများကို အရက်မူးသံနှင့် အော်ဟစ်ဆိုလာသည်။ အကြောက်အလန့်မရှိ ဘယ်သူ့ကိုမှဂရုမစိုက် လမ်းလုံးပြည့် ယိုင်ထိုးယိုင်ထိုးဖြင့် လျှောက်လာသည်။ သစ်ဆိမ့်ပင်ကြီးနှင့် ဝါးတစ်ရိုက်အကွာအရောက် လရောင်မှုန်ဝါးဝါးကြား သစ်ဆိမ့်ပင်ကြီးရှေ့ လမ်းမအလယ်တွင် လက်၊ခြေကားရားကြီးနှင့် သဘက်ကြီးပိတ်ရပ်နေသည်။ အမူးသမား မသိသေး။ ယိုင်ထိုးယိုင်ထိုးနှင့် ဆက်လျှောက်လာရာ အနီးကပ်ရောက်မှ ရှေ့ကပိတ်ရပ်နေသောမည်းမည်းကြီးကိုမြင်လိုက်ရသည်။

အမူးသမားက သူ့ရှေ့ပိတ်ရပ်နေသော မည်းမည်းကောင်ကြီးကို လှမ်းဆဲသည်။ ဆဲရင်း မည်းမည်းကောင်ကြီးကို လက်သီးနှင့်ပါ လှမ်းထိုးသည်။ အမူးသမားလက်သီးက မည်းမည်းကောင်ကြီးကို ထိရုံပင်မထိ။ လေထဲ လက်သီးနှင့်လူပါ ယိမ်းထိုးပါသွားသည်။ အမူးသမား ဒေါသပိုဖြစ်ပြီး ဆဲဆိုအော်ဟစ်အတင်းလိုက်ထိုးသည်။ ဒေါသဖြစ်လေ ပိုဆိုးလေ။ ထိုအချိန် အမူးသမားလက်ထဲက ဝက်သားခေါက်ဆွဲထုပ်ကို မည်းမည်းသဘက်ကြီးက လုယူလိုက်သည်။ အမူးသမား ပိုဒေါသဖြစ်ပြီး မည်းမည်းသဘက်ကြီးကို လိုက်ထိုးပြန်သည်။ မထိုးမိ။ ချာလည်ပတ်လည်ဖြစ်နေခိုက် အမူးသမားတင်ပါးကို သဘက်ကြီးက နောက်ကနေကန်လိုက်ရာ အမူးသမားမှာ ကတ္တရာလမ်းမမြောက်ဘက် ပစ်ကျသွားပြီး မေ့သွားတော့သည်။ အတော်ကြီးကြာမှ အမူးပြေသတိရပြီး ကြောက်အားလန့်အားနှင့် ထပြေးလေသည်ဟု ပြောကြသည်။

အချို့က ညနေမှောင်စ ထိုသစ်ဆိမ့်ပင်ကြီးအနီးမှ ဖြတ်သန်းသွားရသည့်အခါ မည်းမည်းကောင်ကြီးက သစ်ဆိမ့်ပင်ခွကြား မားမားကြီးထိုင် ပြူးပြူးကြီးကြည့်၊ လျှာကြီးတစ်လစ်ထုတ်၍ ထွက်ပြေးကြရကြောင်း၊ အကြောက်လွန်ဖျားဆေးကုကြရကြောင်း၊ နေ့ပိုင်းဆို အပင်ကြီးကိုမကြည့်ဘဲ ခပ်လှမ်းလှမ်းလမ်းဘေးကနေရှောင်၊ ခက်သွက်သွက်သွားလာကြရကြောင်း၊ တစ်ဦးတည်းထက် သုံး၊ လေး၊ ငါးယောက်စုလျက် ညပိုင်းသွားလာကြလျှင် လက်နှိပ်ဓာတ်မီးများဖြင့် သစ်ဆိမ့်ပင်ကြီးကို ထိုးကြည့်သည့်အခါ သစ်ဆိမ့်ပင်ဘေး လမ်းမပေါ် မားမားကြီးရပ်နေသော သဘက်ကြီးကို မျက်လုံးပြူးပြူးပြဲပြဲ၊ ပါးစပ်ကြီးဖြဲ၊ လျှာရှည်ကြီးထုတ်၊ လက်ကားရားခြေကားရားကြီးနှင့်တွေ့ရ၍ တစ်ယောက်ကိုတစ်ယောက်မစောင့်နိုင်ဘဲ ကြောက်လန့်တကြား သူထက်ငါထွက်ပြေးကြပုံ ပြောပြသည်။

ထိုသို့သော အပြောပေါင်းစုံနှင့် ကြောက်နေကြရသော သစ်ဆိမ့်ပင်ကြီးကို မရှိစေချင်ကြပေ။ နှစ်ပေါင်းမည်မျှအကြာက ပေါက်နေသည်မသိရသော သစ်ဆိမ့်ပင်ကြီးကို အမြီးအပြတ်ခုတ်ရှင်းပစ်ချင်ကြသည်။ သို့သော် မည်သူမျှ မလုပ်ရဲကြ။ ဘာမှအသုံးမဝင်သော အရိပ်လောက်သာရှိနေသော သစ်ဆိမ့်ပင်ကြီးကို သဘက်ကြီးခိုအောင်း၍ လူတွေ ကြောက်လန့်အောင် ဒုက္ခပေးနေသည့် အဖိုးမတန်အပင်ကြီးအဖြစ် လောက်သာသိနေကြသည်။ အသီးအရွက်စားလို့မရ၊ ထင်းအဖြစ်လောက်သာ အသုံးဝင်သည်ဟု ထင်မြင်ယူဆထားကြလေသည်။

ကျွန်တော်တို့ လူငယ်လေးတွေ ညပိုင်း စကားဝိုင်းဖွဲ့ပြောကြလျှင် ထိုသစ်ဆိမ့်ပင်က သဘက်ကြီးအကြောင်း အကြားနှင့်အထင်နှင့် တွဲစပ်ပြောကြသည်။ ၎င်းသဘက်ကြီးသည် သရဲတွေထက် ပို၍ ကြောက်ဖို့ကောင်းပုံများကို ကိုယ့်အထင်ကိုယ့်အမြင်များဖြင့် ဖွဲ့နွဲ့ချဲ့ကားပြောကြသည်။ မည်သို့ပင်ဖြစ်စေ သစ်ဆိမ့်ပင်ကြီးကား ထီးထီးမားမား အုပ်အုပ်ဆိုင်းဆိုင်း ရှင်သန်နေလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဤသို့ဖြင့် ခေတ်အဆက်ဆက် ပြောင်းခဲ့လေသည်။ ကျွန်တော်တို့သည် လည်း ကြီးပြင်းလာခဲ့လေသည်။ အသိ ပညာ၊ ဉာဏ်ပညာများလည်း ဖွံ့ဖြိုးတိုး တက်လာခဲ့လေသည်။ ခေတ်အဆက် ဆက် သည်မှာဘက်ပိုင်း ရပ်ရွာမြို့နယ် တိုင်းဒေသကြီးများအလိုက် ဖွံ့ဖြိုးတိုး တက်လာခဲ့လေသည်။ မြို့ရွာဒေသ တိုင်းများ နေရာအလိုက် အပြုအပြင် အပြောင်းအလဲများ၊ တိုးချဲ့တိုးတက်မှု များ များပြားစွာရှိခဲ့သည်။ ယင်းအချိန် အခါတွင် ကျွန်တော်တို့မြို့၊ ကျွန်တော်တို့ ကြောက်ရွံ့ခဲ့ကြရသော မြို့အနောက် မြောက်ဘက်အဝေးပြေးလမ်းမကြီးအနီး ရှိ လွင်တီးခေါင်သဖွယ် သစ်ဆိမ့်ပင်ကြီး အနီးဝန်းကျင်မှာ ဌာနအဆောက်အအုံ များ၊ တိုက်တာနေအိမ်များ တိုးချဲ့ရပ် ကွက်များ ဖြစ်ပေါ်တိုးတက်လာသည်။ ခရိုင်ဆေးရုံကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း ကြီးနှင့် သစ်ဆိမ့်ပင်ကြီးတောင်ဘက်၊ မြောက်ဘက်တို့တွင် တရားရိပ်သာကြီး နှင့် လူနေအိမ်၊ ဈေးဆိုင်များ၊ ပြန်ကြား ရေးရုံး၊ လျှပ်စစ်ရုံးဌာန အဆောက်အအုံ များ၊ မီးသတ်၊ ဓာတ်ဆီဆိုင်၊ ဓာတ်ငွေ့ ဆိုင်၊ အထက်တန်းကျောင်းကြီးများဖြင့် များပန်းခပ်စည်ကားလာသည်။

နေရောညပါ ယာဉ်ပေါင်းစုံ၊ လူ ပေါင်းစုံ အသွားအလာဖြင့်မပြတ်တော့။ ယခင်က နေ့ပိုင်းပင် အသွားအလာနည်း ပါး ညပိုင်းတွင် ည(၉)နာရီနောက်ပိုင်း အသွားအလာမရှိတော့သော သစ်ဆိမ့် ပင်ကြီးဝန်းကျင်နှင့်လမ်းမကြီးကား ယခု အခါ မြို့၏ အစည်ကားဆုံး အချက် အချာနေရာဖြစ်နေလေသည်။ မြို့လူ အားလုံးသည် တစ်ချိန်က သဘက်ကြီး ရှိနေခဲ့သည်ဆိုသော သစ်ဆိမ့်ပင်ကြီးကို မကြောက်ကြတော့။ ခေတ်မီတိုးတက် ဖွံ့ဖြိုးစည်ပင်လာ၍ သစ်ဆိမ့်ပင်ကြီးမှ သဘက်ကြီးသည်လည်း တခြားတစ်နေ ရာရာသို့ ပြောင်းရွှေ့သွားပြီလား မသိ ယခု မရှိတော့။ ကြောက်စရာ ချောက် ချားစရာ သဘက်ကြီးရှိခဲ့သည်ဟုပြော ဆိုက ဆက်နွယ်ကြောက်လန့်ခဲ့ရသော သစ်ဆိမ့်ပင်ကြီး၊ ဘာမှအဖိုးမတန်ဟု ထင်မြင်သတ်မှတ်ထားခဲ့ကြသော သစ် ဆိမ့်ပင်ကြီးကား တန်ဖိုးရှိလှသော သစ် ဆိမ့်ပင်ကြီး အမျိုးအနွယ်များအဖြစ် ထင်ရှားပေါ်ပေါက်ခဲ့လေ၏။

တစ်နေရာနှင့်တစ်နေရာ ရှားရှား ပါးပါး ပေါက်ရောက် တွေ့ရှိကြရသော သစ်ဆိမ့်ပင်တို့ကို နေရာအနှံ့ စိုက်ပျိုး ခြင်းများပြုခဲ့ကြလေသည်။ ကျွန်တော်တို့ အတော် အံ့သြခဲ့ကြရသည်။ လေ့လာ ကြည့်မိမှ တန်ဖိုးမရှိ အထင်သေးခဲ့မိ သော သစ်ဆိမ့်ပင်မျိုးနွယ်၏ အစွမ်း အာနိသင်ကို အံ့မခန်းသိကြရလေသည်။

၁။ သစ်ဆိမ့်ပင်သည် သဘာဝ အလျောက် မျိုးပွားပေါက်ရောက်သော အပင်ကြီးမျိုး ဖြစ်သည်။ ပင်စည်၏ အကြီးဆုံးမှာ လူကြီးနှစ်ဖက်၊ သုံးဖက်စာ ထိရှိပြီး အမြင့်မှာ ပေ (၅၀) မှ ပေ (၇၀) ထိမြင့်သည်။

၂။ ပင်စည်နှင့်ကိုင်းများအရောင် မှာ အပွေးနှင့် အညိုရောင်။ ပင်စည်မှ ထွက်သော အစေးအရောင်မှာ နီကြင် ကြင်ဖြစ်လေသည်။ အရွက်အရောင်မှာ အစိမ်းရင့်ဖြစ်ပြီး အရွက်နုနီကြင်ကြင်တို့ တွင် သံချေးရောင်အမွေးများ ဖုံးလွှမ်း နေသည်။ ကိုင်းများတွင် အရွက်များစုပြု ထွက်သည်။ အရွက်မှာ အလျား (၃) လက်မမှ (၈) လက်မအထိရှိသည်။

၃။ အပွင့်မှာ မန်ကျည်းပွင့်နှင့် တူသည်။ အတန်ငယ်သေးပြီး အဖြူ ရောင်ရှိ၏။ တပို့တွဲလ၊ တပေါင်းလတို့ တွင်ပွင့်သည်။ အနံ့မှာ စူးရှဆိုးဝါး၏။

၄။ သစ်ဆိမ့်သီးမှာ လုံးဝိုင်းပြီး အချင်းတစ်လက်မရှိ၏။ အသားထူ သည်။ အသီးပေါ်တွင် မွဲပြာရောင် ကတ္တီပါမွေးများ ဖုံးအုပ်ထားသကဲ့သို့ ရှိသည်။ အသီးအတွင်း၌ အစေ့ရှိသည်။ အစေ့အတွင်း၌အဆန်ရှိသည်။

၅။ သစ်ဆိမ့်ပင် အခေါက်၊ အပွင့်၊ အသီး၊ အစေ့၊ အဆန်များသည် ဆေး ဖက်ဝင်ကြ၏။

**သစ်ဆိမ့်ပင်၏အစွမ်းအာနိသင်များ**

၁။ သစ်ဆိမ့်သီးသည် ခါး၏။ ဖန် ၏။ ဝမ်းကိုသက်စေ၏။မျက်စိကိုအကျိုး ပြု၏။ ဆံပင်ကို တိုးပွားသန်စေ၏။ အသံ ပျက်ခြင်း၊ သွေးဖောက်ပြန်ခြင်း၊ လည် ချောင်းနာခြင်း၊ မျက်စိရောဂါ၊ ချောင်း ဆိုးနာ၊ နှလုံးရောဂါတို့ကို သက်သာ ပျောက်ကင်းစေ၏။

၂။ သစ်ဆိမ့်ပွင့်ကို ပြုတ်သောက် ပါက သရက်ရွက်ကြီးသောရောဂါ၊ ဝမ်း လွန်ရောဂါ၊ ရင်ဘတ်နာ၊ သလိပ်ပူနာ များကို ပျောက်ကင်းစေပါသည်။

၃။ သစ်ဆိမ့်အခေါက်ကို သွေး လိမ်းပါက ခရုသင်းရောဂါပျောက်၏။ သွေးသောက်ပါက သွေးအားနည်းရော ဂါပျောက်၏။

၄။ အမြစ်ကို ပြုတ်၍ ငုံပေးလျှင် သွားနာရောဂါ၊ သွားကိုက်ရောဂါ၊ သွား ဖုံးရောင်နာတို့ သက်သာပျောက်ကင်း ၏။

၅။ သစ်ဆိမ့်သီးကို သွေးကာ မျက်စိတွင်ကွင်းလိမ်းပါက မျက်စိနာ၊ မျက်စိကျိန်းခြင်း သက်သာပျောက်ကင်း ၏။

၆။ သစ်ဆိမ့်အခွံကိုသွေး၍ ပျား ရည်နှင့် လျက်ပေးလျှင် ချောင်းဆိုးနာ၊ ပန်းနာရင်ကျပ်ရောဂါ သက်သာပျောက် ကင်း၏။

၇။ သစ်ဆိမ့်သီးအမှုန့်ကို (အသီး အခြောက်အမှုန့်ပြု) ကြံသကာနှင့်ဆတူ ရော နေ့စဉ်စားသုံးပါက ပန်းသေရောဂါ ပျောက်ကင်း၏။

၈။ သစ်ဆိမ့်သီးမှာ အားတိုးဆေး၊ လိပ်ခေါင်းပျောက်ဆေး၊ ဖျဉ်းစွဲနာ၊ နူနာ ရောဂါ၊ လေထိုး၊ လေအောင့်၊ ခေါင်း ကိုက်ပျောက်ဆေးနှင့် အခြားတိုင်းရင်း ဆေးများ ဖော်စပ်ရာ၌ အလွန်အစွမ်း ထက်ကြောင်း တိုင်းရင်းဆေးပညာရှင် များ အဆိုအမိန့်ရှိသည်။

၉။ သစ်ဆိမ့်အဆန်ကိုသွေးကာ အရက်နှင့် သောက်ပါက ဆီးအောင့်၊ ကျောက်တည်ရောဂါ သက်သာပျောက် ကင်း၏။

၄င်းအဆန်ကိုသွေး ရောင်သော နေရာလိမ်း၊ ထိခိုက်ဒဏ်ရာနေရာကို လိမ်းကပျောက်ကင်း၏။ ယခုခေတ်တွင် သစ်ဆိမ့်သီးမှ ဆီအဖြစ်ထုတ် (ကြိတ်၍) အသုံးပြုကြသည်လည်းရှိသည်။

တကယ်တော့ မြန်မာ့တိုင်းရင်း ဆေးကျမ်းများမှ သစ်ဆိမ့်ပင်၊ သစ်ဆိမ့် သီး၊ အစေ့အဆန်၊ အပွင့်၊ အခေါက် အားလုံးသည် တိုင်းရင်းဆေးများဖော် စပ်အသုံးပြုရာ၌ တန်ဖိုးရှိ အသုံးဝင်လှ ကြောင်း ဖော်ညွှန်းထားကြသည်။


ဤသို့ဖြင့် ဟိုးအရင် ကျွန်တော် တို့ငယ်စဉ်က ကျွန်တော်တို့မြို့အနောက် မြောက်ဘက် ကားလမ်းမကြီးအနီးကပ် ရှိ မြင့်မြင့်မားမား အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့နှင့် အရိပ်အာဝါသ ကောင်းလှပြီး သဘက်ကြီးခိုအောင်းနေ သည်ဆိုပြီး လွန်စွာချောက်ချားထိတ်လန့် ကြောက်ရွံ့ခဲ့ရသော တန်ဖိုးမဲ့အပင်ကြီး အဖြစ်ထင်ထားခဲ့သော သစ်ဆိမ့်ပင်ကြီး ကား အခုတော့ လွန်စွာတန်ဖိုးအရည် အချင်းပြည့်ဝသည့် သစ်ဆိမ့်မျိုးနွယ် အပင်အဖြစ် အံ့သြဖွယ်သိရှိခဲ့ကြလေ သည်။ ထို့အတူ အရင်က တစ်နေရာမှ တစ်နေရာ ရှားရှားပါးပါးပေါက်ရောက် သောအပင်ကြီးမျိုးနွယ် တန်ဖိုးရှိသစ်ဆိမ့် ပင်မျိုးနွယ်များကား ယခုတော့ ဒေသ နေရာအနှံ့တို့၌ ရှင်သန်ပေါက်ရောက် နေလေပြီတည်း။

ထက်ကောင်းလတ် (မင်းဘူး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လှသော်နှင့် အောင်ဘော်တို့ ဝေဘာတောင်နားကပ်လာတော့ နေက အတော်ညိုသွားချေပြီ။

ထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေကြသည့် ကျွန်းတောကြီးများ၊ ပိန်းကတိုးတောကြီးများနှင့် ပျဉ်းမတော၊ ဝါးတောကြီးများကြောင့် နေလေးညိုခနဲ ဖြစ်သည်နှင့် အမှောင်ရိပ်က ကြီးစိုးလာသည်။ သို့ကြောင့် ဝေဘာတောင်တစ်ဝိုက်၌ အလင်းရောင်များဆိတ်သုဉ်း ပျောက်လာကြပြီ ဖြစ်၏။

မှောင်ရိပ်သန်းလာသည်နှင့်တစ်ပြိုင်နက် တောင်ပုရစ်နှင့် မြေခွေးဟုခေါ်သော ပုရစ်ကောင်လေးတစ်မျိုးတို့၏ တကျီကျီအော်မြည်သံလေးများပင် ထွက်လာပေပြီတည်း။

ဝေဘာတောင်မှာ သူတို့နေသော အေရှာနှင့်တစ်စပ်တည်းရှိသည့် ပေါက်ကန်းရွာမှ အရှေ့ယွန်းယွန်း၌ရှိပြီး ညောင်ပင်တောင်၊ နတ်တွင်းတောင် စသည့် တောင်ကြောများကိုကျော်ကာ ဝေဘူတောင်ကြားလမ်းအတိုင်း တစ်မိုင်ခန့် သောက်လျှောက်ရသောခရီးဖြစ်သဖြင့် ရွာနှင့် အတန်ငယ်ဝေးပြီး ပြည်တောင်တန်း၏ ရွှေတောင်ဘက်အပိုင်းနှင့် ပိုနီးသောနေရာ ဖြစ်ပေသည်။

သည်နေရာတစ်ဝိုက်မှာ သူတို့ရွာနှင့် အတန်ငယ်ဝေးသဖြင့် လှသော်တို့ အရောက်အပေါက်နည်းသောနေရာလည်း ဖြစ်သည်။ သည်ဝေဘာတောင်တစ်ဝိုက်က ချောင်ကျသည်။ တောင်ကြောတောင်တန်းများမြင့်မားပြီး တောထူသည်။ ထိုနေရာတစ်ဝိုက်တွင် (အထူးသဖြင့်) ဝေဘူ၊ ဝေဘာတောင်တစ်ဝိုက်၌ နတ်ရေတွင်းများဟု ခေါ်သော ရေဖျူတွင်း၊ ရေပြာတွင်းများရှိပြီး နတ်ကြီးသည်ဟု လူကြီးသူမများကပြောကြသည်။ လျှိုမြောင်၊ ချောက်ကမ်းပါးများလည်း ပေါများ နက်ရှိုင်းလွန်းသောနေရာ ဖြစ်သည်။

တချို့ ထိုနေရာတစ်ဝိုက်ရောက်သည်နှင့် တောဆင်ရိုင်းကြီးများ၊ ဝက်ဝံကြီးများ၊ ဟင်းမျိုး ခေါ် ကျားဆိုးကြီးများကိုတွေ့ကြရသည်ဟုဆိုသည်။ အန္တရာယ်ကြီးသည့်နေရာဖြစ်သဖြင့် လူတိုင်းမသွားဝံ့ အကြောင်းရှိမှသာ အဖွဲ့နှင့်အုံနှင့်သွားရောက်တတ်သောနေရာလည်း ဖြစ်ပေသည်။

ဒီနေရာကို လှသော်တို့ ရှောင်ကြသည်။ မသွားမဖြစ်သွားရလျှင်လည်း အထက်ပါအတိုင်း လူအုပ်စုနှင့်မှ တစ်ခါတစ်ရံရောက်ဖြစ်သည်။

သို့သော် ယနေ့တော့ သူတို့နှစ်ယောက်တည်း မမျှော်လင့်ဘဲ ဒီဝေဘာတောင်တန်းကြီးတစ်ဝိုက်သို့ ရောက်ခဲ့ရချေသည်။

လှသော်နှင့် အောင်ဘော်က ကျောက်ပြာကြီးများကို လေးကျွန်းဆီမီး ကျောက်ကွက်အရောက် လှည်းဖြင့် 'ကျင်း'ကျတင်ပို့နေကြသည့် အလုပ်သမားများဖြစ်သည်။ ကျောက်တစ်ကျင်းကျလျှင် သူတို့အတွက်' (၂၀) ကျပ်ရသည်။ (၃) ကျပ်၊ (၁၅) ပြားခေတ်ဆိုတော့ ဒီဝင်ငွေက သူတို့အတွက် မသေးလှ။ ကျောက်တစ်ကျင်းကျသည်နှင့် နွားတွေကို တောင်ကြားလျှိုထဲသို့ လွှတ်ကျောင်းသည်။နောက် (၃)နာရီလောက် ပြန်သွင်းလှည်းတပ်၍ အိမ်ပြန်သည်။ ဒါက သူတို့၏နေ့စဉ်အလုပ် ဖြစ်သည်။

တောင်မြေစာနှင့် ဘဲစာမြက်တို့ ပေါသောနေရာဖြစ်သဖြင့် နွားတွေကလည်း ခဏနှင့်အစာဝသည်။ ခဏနှင့် ဗိုက်ကားသွားကြသည်။ ဝေးဝေးရောက်အောင် စားစရာမလို။ သို့သော် ယနေ့တော့ နွားတွေကခြေရှည်သွားကြသည်။ နွားများသွင်းရန်သွားတော့ အနီးအနား၌ ခါတိုင်းလိုမရှိကြတော့။ သို့ကြောင့် လှသော်နှင့် အောင်ဘော်တို့ နွားရှာရင်း ဒီနေရာရောက်လာခြင်း ဖြစ်ပေသည်။

◆

"အောင်ဘော်ရေ မှောင်တော့မယ်ကွ။ နွားတွေလည်း မတွေ့ဘူး။ တို့ဘယ်လိုလုပ်မလဲ"

လှသော်က လက်ထဲခေါက်၍ ကိုင်လာသော နွားကြိုးများနှင့် နှင်တံလေးကိုကြည့်ရင်း နွားများရှာမတွေ့သည့်အဆုံး အောင်ဘော်ကို ပြောလိုက်သည်။ အောင်ဘော်ကလည်း ခေါင်းကို ကုတ်ပြီး -

"မတွေ့လို့မဖြစ်ဘူးကွ။ တို့က လှည်းဦးစီး။ သူများလှည်း၊ သူများနွားနဲ့ အလုပ်လုပ်ရတာဆိုတော့ နွားတွေကို မတွေ့ရင် အလုပ်ကို မရှိသေးဘူးဆိုပြီး အလုပ်ဖြုတ်ခံနေရမယ်။ တွေ့အောင်ရှာမှဖြစ်မယ်"

ဟု ပြန်ပြောလိုက်သည်။

"အေး- ဟုတ်တယ် အောင်ဘော်။ ဒါပေမယ့် မှောင်သွားရင် တို့ဘယ်သွားရှာမလဲ။ နောက်ပြီး ဒီတောင်တစ်ဝိုက်က တောကြမ်းတောင်ကြမ်းနဲ့ နတ်ကလည်း ကြီးပါဘိသနဲ့။ နောက်တစ်နေ့မှ ဆက်ရှာကြရင် ကောင်းမလားလို့"

"ရပါတယ်ကွာ။ ငါ့မှာ လေးခင်းဓားတစ်လက်ပါပါတယ်"

အောင်ဘော်က မထီမဲ့မြင်ပြောလိုက်သည်။

"ဟာ - ဟကောင် အောင်ဘော်၊ မင်းမလေးမစားမပြောနဲ့။ အရှင်ကြီး၊ အရှင်တောင်းများ၊ တောပိုင်၊ တောင်ပိုင်ကြီးများ ခြောမှားဆိုမှားရှိရင် အမိုက်အမဲ မလိမ်မိုးမလိမ္မာလေးများကို ဗွေမယူကြပါနဲ့ ခွင့်လွှတ်ကြပါ"

လှသော်က လက်အုပ်လေးချီပြီး ကပျာကယာ တောင်းပန်လိုက်သည်။

အောင်ဘော်က လှသော်ကို ကြည့်ပြီး သဘောကျစွာ တဟားဟားရယ်ရင်း ရှေ့ဆက်လျှောက်ခဲ့ကြသည်။

ပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ထုက တဖြည်းဖြည်းကြီးစိုးလာချေပြီ။ သို့သော် ယနေ့ကား တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သဖြင့် ကောင်းကင်၌ လဝန်းကြီးက ပြည့်ပြည့်ဝဝကြီးထွက်ပေါ်လာသဖြင့် ကြည်လင်အေးမြသောအလင်းရောင်လေးက ထိုးကျဖြာဆင်းလာကြသည်။ လှသော်နှင့် အောင်ဘော်လည်း ထိုလရောင်လေးကို အားပြုပြီး နွားတွေကို ဆက်ရှာကြသည်။

သည်လိုနှင့် ညဉ့်ကနက်လာပေသည်။

သူတို့နှစ်ယောက်လည်း မောကလည်းမော၊ ထမင်းကလည်းဆာလာကြ၏။ သို့ကြောင့် သစ်ပုပ်ပင်ကြီးအောက်တွင် နားလိုက်ကြသည်။ လှသော်က သူတို့ ပင်စည်ကို မှီ၍နားနေကြသော သစ်ပုပ်ပင်ကြီးကိုကြည့်ပြီး အံ့ဩစွာပြောလိုက်၏။

"ဟေ့ကောင် အောင်ဘော်၊ တို့စောစောကနေရာကို မျက်စိလည်ပြီး ပြန်ရောက်နေကြတာကွ။ တို့ဒီနေရာရောက်တာ (၂) ခါရှိပြီ"

"ဟုတ်တယ်၊ ငါလည်း အဲဒါကြည့်နေတာ။ ဒီနေရာကို တို့စောစောက ရောက်ခဲ့တဲ့နေရာနဲ့တူပါတယ်လို့"

"တို့ဘယ်လိုလုပ်ကြမလဲ"

"ဘာကိုဘယ်လိုလုပ်မှာလဲ"

"ဒီလိုကွာ၊ နွားတွေကလည်းရှာမတွေ့ဘူး။ ညဉ့်ကလည်းနက်ပြီ။ ဒီညတော့ ဆက်ရှာလို့ကလည်း မဖြစ်နိုင်တော့ဘူး။ အဲဒါကိုပြောတာ"

"အိမ်ပြန်လို့ကလည်း ရွာနဲ့က အဝေးကြီးဆိုတော့မဖြစ်ဘူး။ နောက်ပြီး ညကြီးအချိန်မတော်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင်"

"ဒီမှာပဲ ခုညအိပ်ကြရမှာပဲ။ အဲဒီတော့ ဘေးကင်းရန်ကင်း ရှေ့နားက စမ်းချောင်းလေးထိပ်က ပျဉ်းမပင်ကြီးပေါ် တက်အိပ်ကြမယ်။ အကိုင်းအခက်လည်းပေါတယ်"

အောင်ဘော်က အကြံပြုလိုက်သည်။ လှသော်က -

"အေး-ကောင်းတယ်။ မင်းအကြံ မဆိုးဘူး"

ဟု ထောက်ခံလိုက်သည်။ ထို့နောက် နှစ်ယောက်သား စမ်းချောင်းလေး၏ထိပ်သို့ လျှောက်ခဲ့ကြသည်။

ထိုစဉ် -

ဝေဘာတောင်တန်းပေါ်မှတလွင်လွင်မြည်နေကြသည့် ဆည်းလည်းသံလေးများ၊ ကြေးစည်သံလေးများနှင့် ပဌာန်းရွတ်ဖတ်နေသံများကို သူတို့ကြားလိုက်ရသည်။

အသံလာရာတောင်ပေါ်ဆီ သူတို့လှမ်းကြည့်လိုက်ဝတော့ မီးရောင်များ ထိန်ထိန်ညီးတောက်ပနေသည်ကို သူတို့ မြင်တွေ့လိုက်ကြရ၏။

"လှသော်၊ ဒီတောင်ပေါ်မှာ ဘုန်းတော်ကြီးကျောင်းနဲ့ စေတီရှိလိမ့်မယ်ကွ နော်။ ဆည်းလည်းသံတွေ၊ ကြေးစည်သံတွေနဲ့၊ ပဌာန်းရွတ်သံတွေကြားရတယ်"

အောင်ဘော်က တောင်ပေါ်ဆီ မျှော်ကြည့်ရင်း ပြောလိုက်၏။

"အေးကွ-ဟုတ်တယ်။ ဒါပေမယ့် ဒီတောင်ပေါ်မှာ ကျောင်းရှိတာ၊ ဘုရားစေတီရှိတာတော့ တစ်ခါမှ ငါမကြားဘူးဘူး။ ဆန်းတယ်နော်။ လာကွာ အောင်ဘော်၊ တို့တောင်ပေါ်ကိုတက်ကြည့်ကြရအောင်။ အခြေအနေကောင်းရင်လည်း အဲဒီမှာပဲအိပ်ကြတာပေါ့။ ဘုရားစေတီရှိတော့လည်း ဖူးရတာပေါ့"

ထို့နောက် နှစ်ယောက်သား အသံလာရာ၊ မီးရောင်များထိန်ထိန်ညီးနေရာဆီသို့မှန်း၍ တောင်တက်လမ်းခပ်ပြေပြေလေးများကိုရွေးပြီး လရောင်ဖြင့် တက်ခဲ့ကြ၏။ သိပ်ခက်ခက်ခဲခဲမရှိလှဘဲ တောင်ပေါ်ရောက်လာခဲ့ကြသည်။ တောင်ကြောကြီးပေါ်ရောက်တော့ ဆီမီးရောင်များ၏အောက်တွင် ထိန်ထိန်တောက်ပနေကြသော ကျောင်းတော်ကြီးနှစ်ဆောင်ကို ရင်သပ်ရှုမောဖွယ် တွေ့လိုက်ကြရသည်။

ကျောင်းတော်ကြီးတစ်ဆောင်က ငွေရောင်တောက်ပ၍ တစ်ဆောင်က ရွှေရောင်များ တဖိတ်ဖိတ်တောက်ပနေကြသည်။ ရှေ့လက်ရာဘုံအဆင့်ဆင့်နှင့် ခိုအိမ်ခိုနန်းများ၊ နန်းပြာသာဒ်အဆောင်ဆောင်အခန်းခန်းတို့နှင့် အုံ့မခန်း မြင်တွေ့လိုက်ကြရပေ၏။ ကျောင်းဆောင်ကြီးနှစ်ဆောင်၏ထိပ်၌ ရွှေသားများဝင်းအိနေသော ရွှေစေတီလေးတစ်ဆူကို ဖူးတွေ့လိုက်ကြရပြန်သည်။

ရွှေစေတီလေးကို ပတ်၍လည်း ဆီမီးများ ပူဇော်ထားကြသည်။ ဆီမီးရောင်ဖြင့် အလျှံတပြောင်ပြောင်တောက်ပနေသော ရွှေစေတီလေးမှာ ဖူး၍မဝနိုင်အောင်ရှိ၏။ ဆည်းလည်းသံလေးများကလည်း တလွင်လွင်ဖြင့် သာယာနာပျော်ဖွယ်ရှိလှ၏။

ရွှေစေတီလေး၏ မုခ်တစ်ခုတွင်တော့ ရသေ့ကြီးတစ်ပါး ပဌာန်းရွတ်လျက်ရှိသည်။ လှသော်တို့ရောက်သည်ကိုပင် သတိထားမိပုံမပေါ်ချေ။ မျက်စိမှိတ်၍ ကြေးစည်သံတနောင်နောင်ဖြင့် ပဌာန်းကိုရွတ်မြဲတိုင်းရွတ်လျက်ရှိသည်။

လှသော်သည် ရွှေစေတီလေးကို ဖူးတွေ့လိုက်ရသည်နှင့် ဖော်ပြနိုင်စွမ်းမရှိလောက်အောင် ကြည်နူးဝမ်းသာစိတ်များဖြစ်၍ ခေါင်းမထောင်နိုင်လောက်အောင် ဝတ်ပြုဦးချဖူးမြော်ပူဇော်နေမိပေသည်။

သို့သော် အောင်ဘော်ကမူ ရွှေသားများဝင်းအိနေသည့် ရွှေစေတီလေးကိုသာ ဖူးမြော်ဦးချရှိခိုးရမှန်း သတိမရနိုင်ဘဲ ဟိုဘက်ကလှည့်ကြည့်လိုက်၊ ဒီဘက်က လှည့်ကြည့်လိုက်နှင့်လုပ်နေပေသည်။

"အောင်ဘော်၊ မင်းဘာလို့မတ်တတ်ရပ်နေတာလဲ၊ ဦးချလေ"

လှသော်က သတိပေးလိုက်မှ အောင်ဘော်လည်း ပြိုးပြိုးပျာပျာဖြင့် -

"ဩော်- အေး"

ဟုဆိုကာ ဦးကုန်းချလိုက်လေ၏။ သို့သော် အာရုံယူပြီး ကြည်ညိုစွာရှိခိုးသည့် ဦးချခြင်းမျိုးမဟုတ်ဘဲ ချရိုးချစဉ်သဘောဖြင့်သာ ပုဆိန်ပေါက်ဦးချခြင်းဖြစ်၍ ဦးသုံးကြိမ်ချပြီးသည်နှင့် ရွှေကျောင်းဆောင်၊ ငွေကျောင်းဆောင် နှစ်ဆောင်နှင့် ရွှေသားများ ဝင်းအိနေသော ရွှေစေတီလေးကို ပြန်လည်ငေးမောကြည့်ရှုနေလေ၏။

ထို့နောက် လှသော်ကို -

"ဒီစေတီလေးဟာ ရွှေအတိနဲ့ တည်ထားတာဖြစ်မယ် လှသော်။ ရွှေတွေကို အိကျနေတာပဲ။ ရွှေချိန်ကလည်း နည်းမှာ မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

◆

ထိုညက သူတို့နှစ်ယောက် ရွှေစေတီလေး၏အနီးရှိ တောင်ပိတောက်ပင်ကြီးအောက်တွင်ပင် အိပ်လိုက်ကြသည်။

သို့သော် အိပ်၍ကား မပျော်ကြ။ လှသော်က အဆက်မပြတ် အသံမစဲ ပူဇော်နေသည့် ပဌာန်းရွတ်သံကို နာယူနေသလို အောင်ဘော်ကတော့ ရွှေများဝင်းအိနေသောရွှေစေတီလေးအကြောင်း တွေးနေလေသည်။ ကိုးတောင်ပြည့် စေတီလေး၏ ရွှေအလေးချိန်ကနည်းမှာ မဟုတ်။ ထိုရွှေများသာ သူပိုင်ဆိုင်လိုက်ရလျှင် . . . ။

လောဘရမ္မက်ဇောများ အောင်ဘော်ကို ဖမ်းစားနေသည်။ စေတီလေးမှရွှေတွေကို သူလိုချင်နေသည်။လောက၌ သူရွှေသူဌေးကြီးဖြစ်ချင်နေသည်။

စေတီလေး၌ ရသေ့ကြီးတစ်ပါးမှလွဲပြီး အခြားသူတစ်ယောက်မှ မရှိ။ ကျောင်းဆောင်နှစ်ဆောင်ဘက်၌လည်း လူမပြောနှင့် လူရိပ်လူခြည်ပင် မမြင်မတွေ့ရ။ ဒီနေရာ၌ သူရယ်၊ လှသော်ရယ်၊ ရသေ့ကြီးတစ်ပါးရယ် သုံးယောက်သာ ရှိသည်။ ဒါဆိုရင် . . . ။

အောင်ဘော်သည် ရွှေစေတီလေးမှ ရွှေများပိုင်ဆိုင်ရရှိရေးအတွက် အမျိုးမျိုးတွေးတောကြံစည်နေမိသည်။ နှစ်ယောက်ဆိုတော့ လှသော်ကိုလည်း တိုင်ပင်မှရမည်။ လှသော်က ဘာသာရေးသမား၊ သာသနာကို ကြည်ညိုသူ။ ဘုရားရွှေဆိုတော့ တိုင်ပင်လို့ရော လက်ခံပါမည်လား။ လက်မခံလျှင် ကြံကြိုက်တုန်း ဒီရွှေတွေကို မရရအောင်တော့ ယူရမည်။ လက်လွှတ်မခံနိုင်။

အောင်ဘော်က တွေးရင်း သူ့နံဘေး၌ ချထားသော လေးခင်းဓား၏ ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။

"လှသော်"

"ဘာလဲ အောင်ဘော်၊ မင်းမအိပ်သေးဘူးလား"

"အေး"

"ငါလည်းအိပ်မပျော်သေးပါဘူးကွာ။ ဆရာရသေ့ရဲ့ ပဌာန်းပူဇော်နေတဲ့အသံကိုနာနေတာ။ ကြည်ညိုဖို့ကောင်းလိုက်တာ အောင်ဘော်ရာ။ မင်းလည်း မနာဘူးလား"

"မနာလည်း ကြားနေရတာပဲလှ



www.burmeseclassic.com

www.burmeseclassic.com

သော်ရာ။ ငါ မင်းကို တိုင်ပင်စရာရှိလို့ကွ"

"ဘာတိုင်ပင်မှာလဲ"

"ဒီမှာ လှသော်၊ မင်း လောကကြီးမှာ သူဌေးကြီးမဖြစ်ချင်ဘူးလား။ မချမ်းသာချင်ဘူးလား။ ကမ္ဘာမှာ အချမ်းသာဆုံးလူတစ်ယောက် မဖြစ်ချင်ဘူးလား"

အောင်ဘော်ထံမှ မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့် စကားကြောင့် လှသော် တွေတွေဝေဝေဖြစ်သွားသည်။ အောင်ဘော့်မျက်နှာကိုကြည့်လိုက်တော့ တစ်စုံတစ်ရာကို တပ်မက်နေသည့် အောင်ဘော်၏မျက်နှာကို မြင်လိုက်ရသည်။ အောင်ဘော်၏ မျက်နှာကြီးမှာ အဆီတွေပြန်နေသည်။ မျက်လုံးတွေကလည်း ရမ္မက်မီးတစ်ခုခုကြောင့် တောက်ပနေသလို လင်းလက်နေကြသည်။

"အောင်ဘော်၊ မင်းဘာတွေပြောနေတာလဲ။ ငါနားမလည်ဘူး"

လှသော်က နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

"မင်း လောကကြီးမှာ အချမ်းသာဆုံး လူမဖြစ်ချင်ဘူးလားလို့"

"ဟာကွာ-အောင်ဘော်ကလည်း၊ မင်းရူးနေသလား။ မချမ်းသာချင်တဲ့သူ ဘယ်သူရှိမှာလဲ။ ဆင်းရဲချင်တဲ့သူကော ဘယ်သူရှိမှာလဲ။ လူတိုင်းလူတိုင်းဟာ ချမ်းသာချင်ကြတဲ့သူ၊ ချမ်းသာအောင် လုပ်နေကြတဲ့သူချည်းပေါ့။ ဒါပေမယ့် ဘယ်လောက်ပဲချမ်းသာချင်ချင်၊ ဘယ်လောက်ပဲကြွယ်ဝချင်ချင် ကိုယ့်အတိတ်က ချမ်းသာအောင်၊ ကြွယ်ဝအောင်လုပ်ခဲ့တဲ့ကံပါမှ ချမ်းသာကြွယ်ဝကြမှာပေါ့။ ကံမပါရင် ဘယ်လောက်ပဲချမ်းသာအောင်လုပ်လုပ် ဘယ်လောက်ပဲကြိုးစားကြိုးစား မချမ်းသာနိုင်ဘူး မဟုတ်ဘူးလား"

"အေး - မင်းပြောတာမှန်တယ်။ ချမ်းသာဖို့ကံပါလာရင် တစ်ခါတစ်ရံမှာ ရွှေအိုး၊ ငွေအိုးပေါ် အလိုလိုရောက်တတ်ကြတယ်လို့ ငါကြားဖူးတယ်။ ခု မင်းနဲ့ငါလည်း ချမ်းသာကံပါလာကြတဲ့သူတွေ ဖြစ်နေပြီကွ"

အောင်ဘော်က ရွှေစေတီဘက် ကြည့်ရင်း အားတက်သရောပြောလိုက်သည်။

"ဘာကြောင့်လဲ အောင်ဘော်"

လှသော်သည် အောင်ဘော်ကို ကြည့်၍ နားမလည်သလို မေးလိုက်ပြန်၏။

"မင်းတော်တော်တုံးတာပဲ လှသော်ရာ။ ခု မင်းနဲ့ ငါ ချမ်းသာကြတော့မှာကွ။ ဒီရွှေစေတီလေးမှာ မင်းရယ်၊ ငါရယ်၊ ရသေ့ကြီးရယ်ပဲရှိတာ။ အဲဒါ မင်းကို တိုင်ပင်တာ"

အောင်ဘော်ထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားအတွက် အံ့ဩ ထိတ်လန့်သွားရပေသည်။ ကြက်သီးမွေးညင်းများလည်းထသွားရပေသည်။ သို့ကြောင့် -

"ဟာ အဲဒါကတော့ ငါ လက်မခံဘူး အောင်ဘော်။ ဒါ မကြံကောင်းတဲ့ အကြံဘဲ။ ဘယ်နည်းနဲ့မှငါလက်မခံဘူး"

ဟု ပျာပျာသလဲ ပြောဆိုတားဆီးလိုက်၏။

"ဟား . . . ဟား . . . ဟား"

"ဟား . . . ဟား . . . ဟား"

လှသော်၏စကားအဆုံး အောင်ဘော်က အရူးတစ်ယောက်ပမာ ကျယ်လောင်စွာထ၍ ရယ်မောလိုက်သည်။ နောက် အိပ်နေရာမှ ငေါက်ခနဲ ထထိုင်လိုက်လေသည်။

ထိုအချိန်တွင်ပင် လူရိပ်လူခြည် ပင်မမြင်ရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည့် ရွှေကျောင်းဆောင်၊ ငွေကျောင်းဆောင်ဆီမှ လူသံသူသံများကြားလိုက်ရပြီး ကျောင်းနှစ်ဆောင်ပေါ်မှ တရားရွတ်ဆို၍ ရဟန်းသံဃာတော်အတော်များများ စေတီလေးရှိရာသို့ ကြွလာကြပြီး ရွှေစေတီလေး၏ရင်ပြင်တွင် ထိုင်လိုက်ကြ၏။ ခဏအတွင်းမှာပင် ရင်ပြင်တော်တစ်ခုလုံး သံဃာတော်များဖြင့် ပြည့်သွားလေတော့၏။

ဆရာရသေ့ကြီးကတော့ အသံမစဲပဋ္ဌာန်းပွဲ ရွတ်ဆဲ၊ ပူဇော်ဆဲ။

ရုတ်ခြည်း ပြောင်းလဲသွားသည့် အခြေအနေကြောင့် အောင်ဘော်သည် အသက်မသိမသာရှူထုတ်လိုက်ပြီး လက်ထဲမှ ဓားကိုပြန်ချ၍ လှသော်ဘေးတွင် လှဲအိပ်လိုက်လေ၏။ စိတ်ထဲမှာလည်း မကျေမနပ်ဖြစ်သွားသည်။



◆

တောင်ပေါ် ငှက်အိမ်ကြားလေးများ ဆူဆူညံညံအော်ဟစ်မှ သူတို့နိုးလာကြသည်။ ငှက်အိမ်ကြားလေးများ အော်လျှင် တောင်ပေါ်၌ မိုးလင်းတော့မည် ဖြစ်၏။

"ဒကာလေးတို့ နိုးကြထင်ပ"

ညကတစ်ညလုံးလိုလိုအိပ်မပျော်ဘဲ မိုးလင်းလုလင်းခါနီးမှ အိပ်ပျော်သွားကြသဖြင့် အိပ်ရေးမဝကြ။ သို့ကြောင့် ငှက်အိမ်ကြားလေးများအော်သော်လည်း နိုးနေပေမယ့် မထကြသေးဘဲ မျက်စိကို မှိတ်ကာ မှိန်းနေကြခိုက် ၎င်းတို့အား ပြောလိုက်သည့်အသံကြောင့် နှစ်ယောက်စလုံး မျက်စိဖွင့်ကြည့်လိုက်ကြသည်။

ရသေ့ကြီးတစ်ပါးက ၎င်းတို့နှစ်ယောက်နှင့် မလှမ်းမကမ်း နေရာ၌ရပ်နေသည်။ ရသေ့ကြီးကိုမြင်တော့ လှသော်က အိပ်ရာမှ လူးလဲထကာ -

"တင့်ပါ၊ နိုးပါပြီဘုရား"

ဟု ဆိုပြီး ဦးချဝတ်ဖြည့်လိုက်သည်။

အောင်ဘော်ကတော့ ရသေ့ကြီးကို မကြည့်သလိုကြည့်ရင်း မျက်စိပြန်မှိတ်လိုက်လေ၏။

"ဒကာလေးတို့ ဒီကိုဘာကိစ္စလာကြတာတုံး"

ရသေ့ကြီးက မေးလိုက်သည်။

"တပည့်တော်တို့ နွားတွေပျောက်လို့ ရှာကြရင်း ဒီကိုရောက်လာတာပါဘုရား"

လှသော်က လက်အုပ်ချီ၍ လျှောက်ထားလိုက်သည်။

"အိမ်း - ဒကာလေးတို့ ဒီကို ခုညရောက်လာကြတာ ကံကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကနေ့ညဟာ တန်ဆောင်မုန်းလပြည့်ညဖြစ်လို့ပါဝဲ။ တန်ဆောင်မုန်းလပြည့်ညရောက်တိုင်း ဒီ ဝေဘာတောင်ပေါ်က ရွှေစေတီလေးမှာ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပကြတယ်။ ဖူးရခဲလှတဲ့ ရွှေစေတီကို ဒကာလေးတို့ ဖူးကြရတာ ကံကောင်းတာပေါ့။ ကံ ဆိုတာအလုပ်၊ အလုပ်ဆိုတာ ကံ၊ အလုပ်ကောင်း၊ စိတ်ထားကောင်းမှ ကံကောင်းမယ်။ ကံကောင်းမှ အကျိုးပေးကောင်းမယ်။ ဒကာလေးတို့ ကံ၊ ကံ - မိုးလည်းလင်းပါပြီ။ ဒကာလေးတို့ပြန်ကြပေရော့၊



www.burmeseclassic.com

www.burmeseclassic.com

ပြန်ကြပေရော့။ ဒဏာလေးတို့ နွားတွေလည်း ခုလောက်ဆို လှည်းစခန်းပြန်ရောက်နေလောက်ပြီ။ ကံကောင်းပြီး အကျိုးပေးကောင်းနိုင်ကြပါစေ"

ရသေ့ကြီးက ရွှေကျောင်းဆောင်ဘက် ပြန်လျှောက်သွားသည်။ လှသော်သည် ရသေ့ကြီး၏နောက်ကျောပြင်ကို လှမ်းဖူးမြော်ရင်း ရသေ့ကြီးဆုံးမသွားသည့် တရားစကားများကို တစ်လုံးချင်း စဉ်းစားနေလိုက်မိပေ၏။ ထို့အတူ နှုတ်မှလည်း လိုက်ရွတ်နေလိုက်မိပေသည်။

"ကံဆိုတာအလုပ်၊ အလုပ်ဆိုတာကံ၊ အလုပ်ကောင်းမှ ကံကောင်းမည်၊ ကံကောင်းမှ အကျိုးပေးကောင်းမည်"

◆

အပြန်၌ အောင်ဘော်သည် သူ၏လေးခင်းဓားဖြင့် ရွှေစေတီလေးနှင့် သူတို့ရွာအကြား လမ်းခရီးတစ်လျှောက်လုံးရှိ သစ်ပင်ကြီးများ၏ ပင်စည်ကိုတောက်လျှောက်ခုတ်၍မှတ်ခဲ့ပေသည်။ သည်အမှတ်တွေရှိပါက ဒီနေရာကို လွယ်လွယ်ပြန်ရောက်နိုင်သည်။လှသော်ရော အောင်ဘော်ပါ ထိုနေရာသို့ ပြန်လည်ရောက်လိုကြ၏။ ထိုခရီးစဉ်ကို နှစ်ယောက်စလုံး မမေ့လိုကြ။ သို့သော် ရည်ရွယ်ချက်ချင်းက မတူ။

လှသော် ထိုဝေဘာတောင်ပေါ်သို့ပြန်ရောက်လိုသည်က ရွှေစေတီလေးအားဖူးမြော်ရန် ဆရာရသေ့ကြီးနှင့်တွေ့ရန် ဖြစ်သော်လည်း အောင်ဘော်ကမူ ရွှေစေတီလေးမှ ဝင်းအိနေသောရွှေများ ရရှိရေးအတွက် တစ်ခုတည်းသာဖြစ်သည်။

သူတို့ကျောက်တိုက်သောတောင်နှင့် ဝေဘာတောင်မှာ တောင်ကြောတစ်ကြောတည်းဖြစ်သော်လည်း အတန်ငယ်ဝေးသောခရီးဖြစ်သဖြင့် တော်ရုံတန်ရုံနှင့် မရောက်ဖြစ်နိုင်ကြ။ မရောက်ဖြစ်နိုင်သည့်အကြောင်းထဲတွင် အထက်၌ရေးသားတင်ပြခဲ့သလိုပင် ထိုတောင်တန်းနှင့်ပတ်သက်သော အန္တရာယ်များတွေ့နိုင်သည်၊ တောကြမ်းသည်၊ တောင်ကြမ်းသည်၊ နတ်ကြီးသည် ဟူသော သတင်းဆိုးကြောင့်ပင် ဖြစ်လေ၏။ သို့ကြောင့်ပင် ထိုဝေဘာတောင်သို့ ပြန်လည်သွားနိုင်ရန်အတွက် သူတို့နှစ်ယောက် တိုင်ပင်ထားကြ၏။

ထိုဝေဘာတောင်ပေါ်၌ ရွှေကျောင်းဆောင်၊ငွေကျောင်းဆောင်နှင့် ရွှေစေတီလေးအမှန်တကယ်ရှိသည်ဟု သူတို့ထင်ကြသည်။ သူတို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့မဟုတ်ပါလား။ သည်တောင်သို့ လူတွေအရောက်အပေါက်နည်း၍သာ မတွေ့ကြမသိကြခြင်း ဖြစ်မည်ဟုလည်း တွေးကြသည်။

ရွှေကျောင်းဆောင်၊ ငွေကျောင်းဆောင်နှင့်ပတ်သက်၍ လူကြီးမိဘများပြောသည်ကို ပုံပြင်ဆန်ဆန် သူတို့ကြားဖူးခဲ့ကြ၏။ သရေခေတ္တရာပြည်ကြီးကို တည်ထောင်တော်မူသည့် ဒွတ္တဘောင်မင်းကြီး၏ သားတော်နှစ်ပါးသည် တိစ္စမြားမြောင် လူတို့ဘောင်ကို ငြီးငွေ့တော်မူသဖြင့် ရဟန်းဘောင်သို့ တက်ကာတောထွက်တော်မူ၍ ရဟန်းတရားကို ကြိုးစား ပွားများ အားထုတ်တော်မူခဲ့သည်။

ကာလအတန်ကြာသည့်အခါတွင် ဒွတ္တဘောင်မင်းကြီးသည် သားတော်နှစ်ပါးကို လွမ်းဆွတ်တော်မူသဖြင့် သားတော်များရှိရာတောသို့ ထွက်ကြွတော်မူ၏။ ထိုအချိန်၌ သားတော်နှစ်ပါးလုံး ကိလေသာကုန်ခန်း၍ ရဟန္တာများဖြစ်နေကြပေပြီ။ သို့ကြောင့် ခမည်းတော်မင်းကြီးသည် သားတော်နှစ်ပါးအား ကြည်ညိုလွန်းရကား ရေသုံးသပ်ရန် ရေကန်ကြီးတစ်ကန်နှင့် သားတော်နှစ်ပါးနှလုံးစိတ်ဝမ်းချမ်းမြေ့စွာ သီတင်းသုံးနိုင်ရန် ရွှေကျောင်းဆောင်၊ ငွေကျောင်းဆောင်နှင့် ရွှေစေတီလေးတစ်ဆူ တည်ထား လှူဒါန်းခဲ့သည်။ နောင်သော် ထိုအရာအားလုံးကို နတ်တို့ကွယ်ဝှက်ခဲ့ကြပြီး အကြောင်းတိုက်ဆိုင်သူ ဖူးမြော်ထိုက်သူအချို့သာ တစ်ခါတစ်ရံ မြင်တွေ့ဖူးမြော်ခွင့်ရခဲ့ကြသည်ဟု ဆိုပါသည်။ သို့သော် ထိုနေရာက ပုတီးကုန်း၊ သဲကုန်းဘက်မှာဟုဆိုကြပြီး ရဟန္တာကန်တော်ကြီး ပုတီးကုန်းဘက်၌ ယနေ့တိုင်အထင်အရှားရှိနေသည်ဟု ဆိုပါ၏။

ယခု သူတို့တွေ့ခဲ့ကြ၊ မျက်မြင်ကိုယ်တွေ့ဖူးတွေ့ခဲ့ကြရသော ရွှေစေတီနှင့် ရွှေကျောင်းဆောင်၊ ငွေကျောင်းတောင်နှစ်ဆောင်က ပြည်တောင်တန်းကြီးပေါ် ပြည်မြို့နှင့် မဝေးလှသော မိုင်(၂၀)မျှလောက်သာ ဝေးကွာမည်ဟု ခန့်မှန်းရသော ဝေဘာတောင်ပေါ်၌ ဖြစ်ပေသည်။ သို့သော် ထိုရွှေကျောင်းဆောင်၊ ငွေကျောင်းဆောင်နှင့် ရွှေစေတီအကြောင်းကိုမူ လှသော်တို့ မည်သူကိုမျှ မပြောဖြစ်ခဲ့ကြ။

"ဘယ်နေ့လောက် တို့သွားကြမလဲ"

အောင်ဘော်က လာတိုင်ပင်တော့ လှသော်က သွားနိုင်မည့်ရက်ကို မေးသည်။

"သုံးရက်နေ့"

အောင်ဘော်က တစ်စုံတစ်ရာကို တွေးရင်း သံပြတ်နှင့်ဖြေလိုက်၏။

◆

အမှတ်အသားပြု၍ လမ်းတစ်လျှောက် ဓားထစ်ခုတ်မှတ်လာခဲ့သော သစ်ပင်များကိုကြည့်၍ လှသော်နှင့် အောင်ဘော်တို့နှစ်ယောက် ဝေဘာတောင်သို့ထွက်ခဲ့ကြသည်။ဝေဘူတောင်ကိုလွန်တော့ တောင်ကြားလမ်းလေးအတိုင်း ဆက်လျှောက်ခဲ့ကြ၏။

"ဟေ့ - မင်းတို့နှစ်ယောက် ဘယ်သွားကြမလို့လဲကွ"

တောင်ကြားလမ်းလေးလွန်တော့ သပြုပင်ကြီးအောက်မှ သူတို့ကျောက်ကွက်မှ ဖိုးထွား၊ အောင်ဘနှင့် ကြွက်နီတို့သုံးယောက်ထွက်လာကြသည်။ သုံးယောက်စလုံး နန်းပြားကြိုးများထမ်းပြီး ပတောက် (ပလိုင်း) ရှည်ကြီးများ လွယ်ထားကြသည်။

လူချင်းတွေ့သည်နှင့် ဖိုးထွားက သူတို့နှစ်ယောက်ကို မေးလိုက်၏။ လှသော်က ဘာပြန်ဖြေရမှန်းမသိသဖြင့် အောင်ဘော့်မျက်နှာကိုကြည့်လိုက်သည်။ သည်ခရီးက သူတို့နှစ်ယောက်သာသွားမည့်ခရီး။ မည်သူတစ်ဦးတစ်ယောက်မျှ အသိပေးရန်လည်း နှစ်ဦးဆုံးဖြတ်ထားကြသည်။ သို့ကြောင့် လှသော်က မဖြေဘဲ အောင်ဘော့်မျက်နှာကို လှမ်းကြည့်လိုက်ခြင်း ဖြစ်သည်။

သို့သော် အောင်ဘော်ကတော့ ၎င်းတို့သုံးယောက်ကို တွေ့လိုက်သည်နှင့် ပြုံးရွှင်ဖော်ရွေစွာ -

"ဟာ - ဖိုးထွားတို့၊ အောင်ဘတို့ ကြွက်နီတို့ပါလား။ ငါတို့နှစ်ယောက် ဝေဘာတောင်ပေါ် ဘုရားသွားဖူးကြမလို့။ မင်းတို့ကောလိုက်ခဲ့ပါလား"

ဟု ပြောပြီး အတူလိုက်ခဲ့ရန်ပင် ခေါ်လိုက်လေ၏။

"အေး၊ ဒါဆို တို့လည်းလိုက်မယ်။ ဟော့ကောင်တွေ လိုက်မယ်မဟုတ်လား"

ဖိုးထွားက ကျန်လူနှစ်ယောက်ကို ဆက်မေးလိုက်သည်။

"လိုက်မယ်"

အောင်ဘနှင့် ကြွက်နီတို့လည်း ပြိုင်တူပင် ခေါင်းညိတ်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဝေဘာတောင်ဘက်သို့ အမှတ်အသားများကိုကြည့်ပြီးထွက်လာခဲ့ကြ၏။သူတို့ပထမအခေါက်ရောက်ခဲ့စဉ်က ညအိပ်ရပ်နားရန်လုပ်ခဲ့သော စမ်းချောင်းလေးထိပ်က ပျဉ်းမပင်ကြီးအောက်ပင်ရောက်ခဲ့ကြလေပြီ။

ထိုနေရာအရောက်၌ သူတို့ခေတ္တရပ်နားလိုက်ကြသည်။

သည်နေရာတွင် အိပ်ဖို့လုပ်ခိုက် ဝေဘာတောင်ပေါ်မှဘုရားဆည်းလည်းသံလေးများ၊ ကြေးစည်သံများကြားကြရပြီး တောင်ပေါ်၌ မီးရောင်များကို စ၍မြင်ခဲ့ကြရသည် မဟုတ်ပါလား။ သို့ကြောင့်ပင် လှသော်က တောင်ပေါ်ဆီ ငေးကြည့်နေလိုက်၏။

ထိုအချိန်တွင်ပင် အောင်ဘော်သည် လှသော်အား သံပြတ်နှင့် ခေါ်လိုက်သည်။

"လှသော်"

"ဘာလဲ အောင်ဘော်"

"ငါမင်းကိုရှင်းရှင်းပဲပြောမယ်။ တို့ခုဒီလာတာဟာ ဘုရားဖူးဖို့မဟုတ်ဘူး။ ရသေ့ကြီးကိုသတ်ပြီး ဘုရားကရွှေတွေကို ယူဖို့ပဲ။ ဒီအကြောင်းက မင်းနဲ့ ငါပဲသိတာဆိုတော့ မင်းပါပါမှဖြစ်မယ်။ ဒါမှမဟုတ်ရင်တော့ ဒီနေရာမှာ မင်းကိုနှုတ်ပိတ်ရမှာပဲ။ငါအချင်းချင်းမရက်စက်ချင်ဘူး လှသော်"

မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် လှသော် ရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။ အောင်ဘော်နှင့် အောင်ဘော်ခေါ်ခဲ့သူတွေက တစ်ဖွဲ့တည်း။ အားလုံး၏မျက်နှာတွေက အလိုမကျလျှင် ရက်စက်မည့်ပုံတွေပေါ်နေကြသည်။ သူတို့လက်ထဲ၌ နန်းပြားများကို မသိမသာကိုင်ထားကြသည်။

လှသော် မည်သို့ကြံရမည်ကို စဉ်းစားနေမိသည်။ အောင်ဘော်တို့ အကြံက သူဘယ်နည်းနှင့်မျှလက်မခံနိုင်သော အကြံများဖြစ်သည်။ အသက်သေချင်သေပါစေ သူ့အနေနှင့် အောင်ဘော်တို့အကြံကို ဘယ်လိုနည်းနှင့်မျှ လက်မခံနိုင်။ သည်သို့ဆိုလျှင်. . . ။

သူအမျိုးမျိုးစဉ်းစားသည်။ လက်မခံနိုင်သည့်အဆုံး သူတို့နှင့်လွတ်အောင် ပဲ ထွက်ပြေးရမည်လား။ ပြေးလျှင်ကော သူတို့နှင့်လွတ်နိုင်ပါမည်လား။ ဒါဆို ဦးအောင်လုပ်ရမည်လား။ သူတို့ကို နိုင်အောင်ကောလုပ်နိုင်ပါမည်လားဆိုသည့် အတွေးတွေက ချာလည်လည်နေသည်။ သူတို့၏ အကြံကိုတော့ ဒီတစ်သက်မပြောနှင့်။ ဆယ်သက်သေမည်ဆိုလည်း သူ လက်မခံနိုင်။ သေချင်လည်းသေပါစေ။ အသေခံဖို့သာရှိသည်။

ထိုအခိုက်တွင်ပင် သူနားထဲ ရွှေစေတီလေးမှ အိမ်ပြန်မည့် နံနက်ခင်း ဆရာရသေ့ပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်လာသည်။

'ကံဆိုတာအလုပ်၊ အလုပ်ဆိုတာကံ၊ အလုပ်ကောင်းမှ ကံကောင်းမည်။ ကံကောင်းမှ အကျိုးပေးကောင်းမည်။ အလုပ်ကောင်းမှ ကံကောင်းမည်။ ကံကောင်းမှ အကျိုးပေးကောင်းမည်'

"ကဲ-လှသော်၊ မြေလေကွာ။ ကြာတယ်။ ငါစိတ်မရှည်တော့ဘူး"

အောင်ဘော်၏ အသံက မာရေကျောရေ ထပ်မံထွက်ပေါ်လာ၏။

လှသော်သည် စိတ်ကိုတည်ငြိမ်အောင်ထား၍ အောင်ဘော်ကို စူးစိုက်ကြည့်လိုက်သည်။ ထို့နောက် တစ်ချက်မျှပြုံးလိုက်ပြီး -

"မင်းစဉ်းစားဦး အောင်ဘော်၊ စဉ်းစားပါဦး။ လောကကြီးမှာ မလုပ်ကောင်းတဲ့အလုပ်၊ မကြံကောင်းတဲ့အကြံ၊ မစားကောင်းတဲ့အစာကိုစားရင် အန္တရာယ်ဖြစ်တတ်တယ်"

ဟု လေးလေးနက်နက်ပြောလိုက်၏။

"ဒါတွေကိုမင်းပြောစရာမလိုဘူး။ ဒါက ငါ့အပိုင်း။ မင်းအပိုင်းမင်းပြော၊ အသေခံမလား၊ ငါတို့နဲ့ အတူပေါင်းမလား ဒါပဲ"

အောင်ဘော်သည် ပြောပြောဆိုဆိုဖြင့် ကျောဌ်လွယ်ထားသော လေးခင်းဓားကို ရှမ်းခနဲဆွဲထုတ်လိုက်သည်။ သို့သော် လှသော်က မတုန်လှုပ်ဖြစ်လိုရာဖြစ် သေချင်လည်းသေတော့ ခိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ -

"မပေါင်းနိုင်ဘူး အောင်ဘော်။ မင်းလုပ်ချင်သလိုလုပ်"

ဟု တည်တည်ငြိမ်ငြိမ်ပြောလိုက်သည်။ သို့သော် စိတ်ထဲမှာတော့ ဘုရားကို အာရုံပြုပြီး သာသနာတော်စောင့်နတ်များ၊ သမ္မာဒေဝနတ်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်များကို တိုးတိုးတိတ်တိတ် ရင်ထဲနှလုံးသားထဲမှ သစ္စာပြု၍ တိုင်တည်လိုက်သည်။

"ကျွန်ုပ်သည် လွန်ခဲ့သည့် ရက်အနည်းငယ်မျှက ဝေဘာတောင်ပေါ်ရှိ ရွှေစေတီကို ဖူးမြော်ခဲ့ရပါသည်။ လွန်စွာကြည်ညိုသဒ္ဓါပွားများလှပါသည်။ ထပ်၍ထပ်၍သာဖူးမြော်လိုပါသည်။ ကျွန်ုပ်သည် မှန်သောသစ္စာစကားကို ဆိုခြင်းဖြစ်ပါ၏။ ဤသစ္စာမှန်ကန်ခဲ့ပါက အလိုရှိတိုင်း ရွှေစေတီကို ဖူးမြော်နိုင်သောကိုယ် ဖြစ်ပါစေသတည်း"

လှသော် သစ္စာဆိုနေချိန်တွင်ပင် ဖိုးထွား၊ အောင်ဘနှင့် ကြွက်နီတို့က နန်းပြားများကို မြှောက်လိုက်၏။ အောင်ဘော်က ဓားကို လေမှာတစ်ချက်ဝင့်လိုက်ပြီး လှသော်အနား တိုးကပ်လာသည်။

"ဝှီး. . . ဝှီး. . . ဝှီး. . . ဝေါ"

ထိုအချိန်တွင်ပင် တောင်ကြောပေါ်ဆီမှ ထန်းပင်လုံးခန့်ပမာဏရှိသော မြွေကြီးတစ်ကောင် လျှပ်တစ်ပြက်ရှောခနဲဆင်းလာသည်။ အောင်ဘော်တို့အဖွဲ့လည်း လှသော်ဆီမှ ရုတ်တရက်လျှောဆင်းလာသည့်မြွေကြီးဆီ အာရုံရောက်သွားကြသည်။ သူတို့အားလုံး မြွေကြီးကို တိုက်ခိုက်ရန် ပြင်ဆင်လိုက်ကြ၏။ မြွေကြီးက ကြောက်စရာအတိ။

သို့သော် သူတို့ မတိုက်ခိုက်ရသေးခင်ပင် မြွေကြီး၏ရဲရဲနီနီတောက်ပနေသည့် မျက်စိများနှင့် ပါးစပ်ကြီးထဲမှ အလျှံပြောင်ပြောင်အခိုးများကို အဆက်မပြတ်လွှတ်လိုက်လေ၏။ အခိုးအလျှံများက အောင်ဘော်တို့ဆီသွားနေ၏။

လှသော်လည်း ကြက်သေသေ ကြောင်ငေး၍ကြည့်နေမိသည်။

အောင်ဘော်နှင့်အဖွဲ့ကမူ မြွေကြီးထုတ်လွှတ်လိုက်သော အခိုးအလျှံများကြောင့် ကယိမ်းကယိုင်ဖြစ်ကာ ချာချာလည်နေကြသည်။ သို့သော် မကြာလိုက်စက္ကန့်အတွင်းမှာပင် ၎င်းတို့အားလုံး၏ အသားများ မီးသွေးခဲပမာ မည်းပြာကျသွားကြပြီး မြေပေါ်ပစ်လဲကာ အသက်ဝိညာဉ်ချုပ်ငြိမ်းသွားကြလေတော့၏။

သည်တော့မှ မြွေကြီးလည်း လှသော်ကို မည်သည့်အန္တရာယ်မျှ မပေးဘဲတောင်ကြောပေါ်သို့ လာလမ်းအတိုင်း ပြန်တက်သွားလေတော့သည်။

"အလုပ်မကောင်းရင်ကံမကောင်းနိုင်ဘူး။ ကံမကောင်းရင် အကျိုးပေးလည်းမကောင်းနိုင်ဘူးပေါ့ အောင်ဘော်ရာ"

လှသော်လည်း အောင်ဘော်တို့အလောင်းများကိုကြည့်ပြီး စိတ်မကောင်းစွာ ရေရွတ်ရင်း ရွှေစေတီလေးကိုဖူးရန် ဝေဘာတောင်ကြောပေါ်သို့ တရွေ့ရွေ့တက်ခဲ့လေတော့၏။

နေဝန်းနီ



www.burmeseclassic.com

www.burmeseclassic.com



(တားရော့-သုတေသီ)

မီးကေသင်း

# သကျာစိုး-ရွှေအာရုဏ်ဦး

## တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း

## (အစီကကားချပ်များ/ Major Arcana)

### IV. The Emperor (ဧကရာဇ်)

*မျက်မမြင်ပုဏ္ဏားခြောက်ယောက်နှင့် ကျွန်တော် သို့မဟုတ် တားရော့ ပုံပြင်(၁) ဆောင်းပါးအား ဖတ်ပြီးမှ တားရော့ကားချပ်ဆောင်းပါးများအား လေ့လာ ဖတ်ရှုပါက ပိုမို သဘောပေါက်နိုင်မည် ဖြစ်ပါသည်။*

- Osiris:
- Gypsy King:
- Guardian of Holy Grail;

ဟီးဘရူးအက္ခရာ He။ ရာသီက မိဿ။ ဂြိုဟ်က ကြာသပတေး ♃ ။

နံပါတ် (I) ကတ် 'ဖို' သဘောနှင့် နံပါတ် (II) ကတ် 'မ' သဘောတို့ဟာ နံပါတ် (III) ကတ် ဧကရီရဲ့သဘာဝ ပေါင်းစပ်ပုံစံနှင့်အဆင်ပြေလိုက်ဖက်စွာ ပေါင်းစပ်ကြတဲ့အခါ Newbornအဖြစ် နံပါတ် (IV) ကတ် Emperor မွေးဖွားလာခဲ့ပါတယ်။

ဒီကားချပ်မှာ အထက်၊ အောက် အပြာရောင်ဝတ်စုံပေါ်မှာ အနီရောင် အပေါ်ဝတ်စုံ၊ ခေါင်းဆောင်းတို့ အချိုးညီစွာ ပေါင်းစပ်ထားပြီး၊ အဝါရောင်၊ လိမ္မော်ရောင်တွေကလည်း သဘာဝကျစွာ နေရာယူပေးထားပါတယ်။

ဒါကြောင့် ဒီကားချပ်ဟာ လုပ်ပိုင်ခွင့်အာဏာ၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှု၊ ပြည့်စုံသောခွန်အား၊ သေချာမှု၊ ဆန္ဒပြင်းထန်မှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွေနှင့်အတူ အင်္ဂါဂြိုဟ်နဲ့ စနေဂြိုဟ်တို့ရဲ့ ပူးပေါင်းလွှမ်းမိုးမှုတွေလည်းရှိနေပြန်ပါတယ်။

သူရဲ့ ပလ္လင်/ထိုင်ခုံအောက်ပိုင်းမှာ ရေးဆွဲထားတာကလည်း သိမ်းငှက်ပုံပါပဲ။ ဒါပေမယ့် နံပါတ် (III) ကတ်မှာပါတဲ့ သိမ်းငှက်ပုံနှင့်တော့ မတူဘူးနော်။ နံပါတ် (III) ကတ်မှာပါတဲ့ ဧကရီရဲ့ သိမ်းငှက်ရဲ့ အတောင်ပံအစွန်းတွေက အပေါ်ကို ထောင်ထားပြီး ပျံတက်မယ့်ဟန်ရှိနေပေမယ့် အခု နံပါတ် (IV) ဧကရာဇ်ရဲ့ သိမ်းငှက်ပုံကတော့ အတောင်ပံနှစ်ဖက်ကို အောက်ချထားပြီး ရပ်နားနေ ၏ဟန်ရှိပါတယ်။

စစ်တိုက်မယ့်ဘုရင်၊ နယ်မြေချဲ့ထွင်မယ့်ဘုရင် ၏မဟုတ်ဘူး။ ပိုင်ဆိုင်ပြီးသားနယ်မြေကို ခိုင်မြဲအောင်၊ တည်ငြိမ်အေးချမ်းအောင်၊ သာယာဝပြောအောင် လုပ်နေတဲ့ဘုရင်ပဲ ဖြစ်တယ်။ (သူဟာ ခုံရဲ့ဘယ်ဘက် - ပြီးခဲ့တဲ့အတိတ်ကို ပြန်ဖို့ပဲ ပြန်ကြည့်နေတယ်။ ပြန်လည်သုံးသပ်နေတယ်။ တွယ်တာစွဲလမ်းမှုတွေများနေတယ်ဆိုတဲ့သဘော)



www.burmeseclassic.com

www.burmeseclassic.com

နမူနာအဖြစ် လက်တွေ့ဟော ကွက်တလေးတွေနှင့် လေ့လာကြည့်ရ အောင် -

နမူနာ (၁)

"လေးလေး၊ ကျွန်တော် အိမ်မှာ နေချင်တော့ဘူး။ ဘာလုပ်ရင်ကောင်း မလဲ။ ကျွန်တော် ဘာတွေညှဲ့နေလဲ ကြည့်ပေးပါဦး"

"မင်းသိချင်တာကို မေးပြီး တား ရွေးချီးလိုက်"

ထွက်ပေါ်လာတာက Emperor ကတ်။

"မင်းအိမ်မှာ မနေချင်တာက မင်း အဖေနဲ့ မတည့်လို့မဟုတ်လား။ ဘာလုပ် လုပ် ဟန့်တားခံရနေရလို့၊အဆူအပြော တွေ့ထိလို့ မင်းစိတ်ညစ်နေတာ မဟုတ် လား"

"ဟုတ်တယ် လေးလေး၊ အဖေက နေရာတကာပူညံပူညံနဲ့ အပြစ်ပဲလိုက် ပြောနေတာ။ ပဲစိုက်တုန်းကလည်းပဲစိုက် ဘာမို့ မြေသြဇာသုံးပြန်တော့ သုံးတာ များပြန်ပြီ၊ ပိုးသတ်ဆေးဖျန်းပြန်တော့ နေ့ဖျန်း၊ ညဖျန်းနဲ့။ ပဲပြီးလို့ ရောင်းမယ် လုပ်ပြန်တော့ လေးလေးသိတဲ့အတိုင်းပဲ ဈေးတမငြိမ်ဘူး။ တက်ဈေးလိုရလို့ ရောင်းမယ်စိတ်ကူးတာ မရောင်းရသေး ဘူးတဲ့၊ဒီအချိန်က ဈေးကစားတုန်းပဲတဲ့။ ဈေးငြိမ်ပြီး အမြင့်ဆုံးဈေးရောက်မှ ရောင်းမယ်တဲ့။ ဘယ်ဟာမှလွတ်လွတ် လပ်လပ်မရှိဘူး။ အဲဒါကြောင့် ပဲရောင်း ချင် မလေးကို ထွက်မလားလို့ စိတ်ကူး နေတာ"

"အဲဒီလိုမတွေးနဲ့၊ မင်းအဖေကို အပြစ်မမြင်နဲ့။ ငါက ငါ့ညီဘက်ကလိုက် ပြောတာ မဟုတ်ဘူး။ (သူ့အဖေက ကျွန် တော်ရဲ့ ညီတစ်ဝမ်းကွဲ) သူက မင်းကို ပြုပြင်လွှဲပေးချင်နေပြီ။ မင်းက လုပ်ငန်း အတွေ့အကြုံနည်းသေးလို့ စိတ်မချဖြစ် နေတာ။ အခု မင်းကို ဆူတယ်၊ အပြစ် ပြောတယ်လို့ထင်နေတာတွေက အမှန်က မင်းကိုသင်ပေးနေတာ။ လယ်ထဲမလည်း ဘယ်ထဲအလျော်က်၊ ကောင်းတာ၊ဆိုး တာ အကျိုးအပြစ်တွေကို မင်းကိုသိစေ ချင်တယ်။ စဉ်းစားချင့်ချိန်တတ်စေချင် တယ်။ သူက အနှစ် (၃၀)ကျော်ပြီ ဒီ အလုပ်တွေလုပ်လာတာ။ မင်းကဘယ် နှစ်ပဲရှိသေးလို့လဲ။ (၁) နှစ်၊ (၂) နှစ် လောက်ပဲရှိသေးတယ် လုပ်ငန်းခွင်ထဲ ဝင်လာတာ။ ဟိုတုန်းကလည်းဟိုယောင် ယောင် ဒီယောင်ယောင်နဲ့ ကိုယ့်မိဘ




လုပ်ငန်းကို ဘာများစိတ်ဝင်တစားကူညီ ခဲ့တာရှိလို့လဲ။ ဒါကြောင့် သူလည်း အရွယ်ရလာပြီ။ လယ်ထဲကိုင်းထဲဆင်း ရမယ့်အရွယ် မဟုတ်တော့ဘူး။ မင်း လည်း အရွယ်ရောက်တဲ့အပြင် အရွယ် တောင်လွန်နေပြီ။ မင်းလုပ်ငန်းကို ဦးစီး နိုင်ပြီဆိုရင် အိမ်ထောင်ချပေးပြီး စီးပွား လွှဲပေးတော့မှာ။

အဲဒီလိုမိဘရဲ့စေတနာကိုသဘော ပေါက်ပေးပါ။ လူကြီးနဲ့ လူငယ် အမြင် မတူတာတွေတော့ရှိမှာပေါ့။ အဲဒီလို အယူအဆမတူကြတဲ့အခါ မိဘနဲ့ထိပ် တိုက်ရင်မဆိုင်နဲ့။ မင်းက လိမ္မာစွာ အလျှော့ပေးလိုက်။ မင်းအဖေ စိတ် ကြည်သာတဲ့အချိန်ရွေးပြီး မင်းဖြစ်ချင် တဲ့ အကျိုးအကြောင်းကို ကျကျနနရှင်း ပြပြောပြရင် မင်းအဖေလက်ခံလာမှာ ပါ။ ငါ့တူရေ မိဘဆိုတာ သားသမီးကို အမြဲစိုးရိမ်ပူပန်နေတတ်တာ။ သားသမီး တွေ ဘယ်အရွယ်ပဲရောက်နေပါစေ၊ သူ တို့သေသည်အထိ စိတ်မချတတ်တာက တော့ ဓမ္မတာပဲ။ မင်းလည်း မိဘဘဝ ရောက်တော့မှ ကိုယ်ချင်းစာနားလည် လာလိမ့်မယ်။ အဲဒီအခါ အရမ်းနောက် ကျသွားပြီ။ မင်းအဖေကရှိချင်မှရှိတော့ မှာ။

အချုပ်ပြောရရင် အိမ်မှာနေရ တာ စိတ်မညစ်ပါနဲ့။ မိဘပြောတာဆို တာကို နားပူတယ်မထင်ပါနဲ့။ အထင် မလွဲပါနဲ့။ မိဘရဲ့စေတနာနဲ့ ရည်ရွယ် ချက်ကို နားလည်ပြီးနာခံပါ။ အလုပ်ကို ကြိုးစားပြီး မိဘစိတ်ချရအောင်လုပ်ပါ။ မိဘကို ပြန်လည်လုပ်ကျွေးပြုစုဖို့ တာ ဝန်ယူပါ။ သားသမီးအလိမ္မာဖြစ်ပါစေ ကွာ"

"ကျွန်တော် ကြိုးစားပါ့မယ် လေး လေး"

နမူနာ (၂)

"ကဲ - ဗေဒင်ဆရာကြီး၊ ငါအခု အိမ်မှာဘာဖြစ်လာခဲ့လဲ။ မင်းရဲ့ ကတ် တွေနဲ့ ဟောပေးစမ်း"

ခရီးရောက်မဆိုက် ထရိုက်ချင် စရာကောင်းတဲ့လေသံနဲ့ မေးလာသူက တော့ ကျောင်းနေဖက် ငယ်သူငယ်ချင်း သူငယ်ချင်းဆိုပေမယ့် သူက ကျွန်တော့် ထက် အသက် (၅) နှစ်လောက်ကြီး တယ်။ အတန်းတူလို့ မင်းနဲ့ ငါနဲ့ နှုတ် ကျိုးနေတာ။ (၉) တန်းစာမေးပွဲဖြေမယ့် နေ့မှာ မိန်းမခိုးပြေးခဲ့တာ။ အခုတော့ မြေးပါမက မြစ်တောင်ရနေပြီ။

"မင်းရဲ့ ညစ်ပတ်ပေတူးနေတဲ့ လက်ကြီးကို အရင် ဆပ်ပြာနဲ့ သွားဆေး၊ သေသေချာချာ ပြောင်အောင်ဆေးခဲ့။ အဲဒီလို ညစ်ပတ်တဲ့လက်နဲ့ ငါ့တားရော့ ကတ်တွေကို အကိုင်မခံနိုင်ဘူး"

"အေးပါကွာ ဟုတ်ပါပြီ။ ဆေးဆို ဆေးပါ့မယ်"

"လက်လည်းဆေးပြီးပြီ။ ရေမွှေးနဲ့ လည်း ဆွတ်ပြီးပြီဆိုတော့ ကြိုပြီးပြော ထားရဦးမယ်၊ အမွှေးဆပ်ပြာနဲ့ ရေမွှေး ဖိုးကိုတော့ အားနာပါရဲ့။ ညဏ်ပူဇော်ခ တော့ တစ်ပြားမှမပေးနိုင်ဘူး။ ပါမလာ ဘူး။ အပြန် ငါနဲ့လိုက်ခဲ့၊ ထန်းရည်နဲ့ ကြွက်ကြော် အဝတိုက်ပါ့မယ်"

"အဲဒါတွေ နောက်မှပြော၊ ဘယ် လက်နဲ့ တားရော့ချီး"

ထွက်ပေါ်လာတာက Emperor။

"မင်း အိမ်မှာအလိုမကျတာတွေ ဗျစ်တောက်ဗျစ်တောက်လုပ်ပြီး စိတ် ဆိုးလို့ထွက်လာတာ မဟုတ်လား"

"ဟုတ်ပါ့။ မှန်လိုက်တာ ငါ့ဆရာ ရယ်။ အိမ်ကမိန်းမကွာ"

အစချီပြီး မိန်းမက အသုံးအစွဲ စည်းကမ်းမရှိတဲ့အကြောင်း၊ မြေးတွေကို အလွန်အလိုလိုက်တဲ့အကြောင်း၊ သမက် တစ်ယောက်က မလိမ္မာ၊ အကုသိုလ် လုပ်ပြီး စီးပွားရှာတဲ့အကြောင်း၊ သူ့သမီး ကလည်း နှစ်လုံးရှောင်းပြီး လင်မယား နှစ်ယောက် အပြိုင်စီးပွားရှာလို့ ဆုံးမ တာလည်း မနာခံကြောင်း၊ မိဘအပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှာတော့ သိတတ်ကြောင်း၊ လိုသမျှ ထောက်ပံ့နေကြောင်း၊ သမီးအကြီးကျပြန်တော့ စီးပွားရေးတော့ ကောင်းပါရဲ့ မိဘမှာအခက်အခဲရှိလို့ ငွေချေးရင် သူများဆီကယူပေးရတယ်ပြောပြီး အတိုးပေးရကြောင်း၊ သူတို့သားအကြီးကို အိမ်မှာလာထားတော့ မိဘတွေရော ဟိုဘက်က အဘိုးအဘွားတွေက အလိုလိုက်ခဲ့တော့ ထိန်းမရမှ သူ့ဆီပို့ထားတော့ ပြောဆိုဆုံးမမရလို့ စိတ်ညစ်ရကြောင်း၊ မိသားစုတစ်ခုလုံး ဘယ်သူ့မှ သူ့စကားကို နားမထောင်ကြောင်း၊ အဲဒါတွေကို ဒေါသထွက်ပြီး တစ်အိမ်လုံးကို ပတ်ပြီးကြမ်းလာခဲ့ကြောင်း။

"သူငယ်ချင်းရာ မင်းမိန်းမနဲ့ မင်းပေါင်းလာတာပဲ အနှစ် (၄၀) ကျော်နေပြီ။ သူ့အကြောင်း မသိသေးဘူးလား။ အသက် (၆၀) ကျော် (၇၀) နီးနေမှ လူတစ်ယောက်ရဲ့စရိုက်ကို ပြင်လို့ရပါတော့မလား"

"အဲဒါကို ငါက ပို့ပြီး ဒေါသဖြစ်တာကွ။ အနှစ် (၄၀) ကျော် ပေါင်းလာခဲ့တဲ့ငါ့အကြောင်းကိုသိရက်နဲ့ ငါမကြိုက်ဘူးဆိုတာ အကုန်လုပ်တယ်။ ဒီလောက်ရှိတာ ဒီမိန်းမ အိမ်ပေါ်က မောင်းချလိုက်မလားလို့တောင် စဉ်းစားမိတယ်"

"သူ့ကိုမောင်းချဖို့စဉ်းစားတာက နောက် အခုတော့ မင်းပဲ အိမ်ပေါ်က ဆင်းထွက်ခဲ့ရတာမဟုတ်လား။ မင်းစိတ်တွေလျှော့ပါတော့ကွာ။ သားတွေသမီးတွေလည်း အိမ်ထောင်ရက်သားကျပြီး သူ့ဘဝကိုယ်စီနဲ့သူတို့ဖြစ်နေကြပြီလေ။ မင်းကနေရာတကာဝင်ပါမနေနဲ့တော့။ မင်းတို့ငါတို့အရွယ်က ခွေးမောင်း၊ ကျီးမောင်းနဲ့ အိမ်စောင့်အလုပ်လောက်ပဲ လုပ်စရာနေရာရှိတော့တာ။ တစ်သက်လုံး ရှာဖွေကျွေးမွေး ဆုံးမပြုပြင်လို့ တာဝန်ကျေခဲ့ပါပြီ။ သားသမီးတွေကို အလိုမကျလို့မပြောနဲ့။ မင်းကိုယ်မင်းကော အလိုကျလို့လား။ ကိုယ့်စိတ်ကို ထိန်းနိုင်လို့လား။ မကောင်းဘူးဆိုတာတွေကို သိနေရက်နဲ့ ရှောင်နိုင်လို့လား။ ကဲ - ငါမေးမယ်၊ မင်းမှာ သွေးတိုးရှိတယ်ဆို ဝက်သားကျတော့ ပြတ်နိုင်ရဲ့လား"

"တစ်ပတ်တစ်ခါလောက် ချက်စားတာပါကွာ၊ အမြဲမစားပါဘူး"

"တစ်ပတ်တစ်ခါကလည်း ပိဿာတွဲလိုက်ဆွဲပြီးချက်စားတာမဟုတ်လား။ စားပြန်တော့လည်း အဆီအနှစ်တွေကို လက်ကြားယိုအောင်နယ်ပြီး အဆီတုံးမှ ကိုက်စားတာ မဟုတ်လား"

"ဟကောင်ရ ဝက်သားစားမှတန်တာကွ ဘာမှလွှင့်ပစ်စရာမရှိဘူး။ ငါးဆိုရင် အရိုးထွင်ရတာနဲ့။ ကြက်ဆိုရင်လည်း တစ်ပိဿာဆိုရင် အရိုးက (၁၀) သားလောက်ပစ်ရတာ"

"ကဲ - ဟုတ်ပါပြီ၊ ဒါဆို ယမကာလေးကကော"

"အဲဒါကလည်း အမြဲမဟုတ်ပါဘူးကွာ။ တစ်ခါတလေ အလုပ်ပင်ပန်းတဲ့အခါ စားကောင်း၊ အိပ်ကောင်းလောက်သောက်တာပါ။ အသက်ကြီးလာတော့ ဟိုတုန်းကလို စိတ်တိုင်းကျမလုပ်နိုင်တော့ဘူးကွ။ ညကျရင် ကိုယ်တွေလက်တွေနာပြီး တစ်ရေးနိုး ပြန်အိပ်မပျော်တော့ဘူး။ ခြံထဲမလည်း ဟင်းဖိုးကျွေးဖိုးရအောင် သီးပင်စားမင်လေးကလည်း လုပ်နေရသေးတယ် မောင်ရေ။ မင်းကတော့ ဒါတွေသိမှာမဟုတ်ပါဘူး။ လက်ကြောတင်းအောင် အလုပ်လုပ်ဖူးတာမှ မဟုတ်တာ"

"မင်းစကားလမ်းကြောင်းပြောင်းပြီး ငါ့ဘက်ပြန်မလှည့်နဲ့။ အခု မင်းအကြောင်းပြောနေတာ။ အခု အသက်အရွယ်က သူများကို စိတ်တိုင်းကျဖြစ်ဖို့ထက် ကိုယ့်ကိုယ်ကိုယ်စိတ်တိုင်းကျဖြစ်ဖို့ ပိုလိုတယ်။ ရှင်းရှင်းပြောရရင် မင်းတို့ ငါတို့တစ်တွေ သေဖို့က နီးနီးလာပြီ။ အများပြောနေကြစကားနဲ့ ပြောရရင် (ဘဝကူးကောင်းအောင်) ပေါ့ကွာ။ ငါ့အလိုအရတော့ ဘဝကူးကောင်းအောင်ဆိုတာထက် လူ့ဘဝရခိုက်၊ သာသနာနဲ့ကြုံခိုက် ဗုဒ္ဓရဲ့ အဆုံးအမလမ်းညွှန်ချက်ကို သဘောပေါက်အောင် လေ့လာပြီး မသေခင်အချိန်ကို ထိထိမိမိ အသုံးချသွားစေချင်တယ်"

"အေးပါ ငါလည်း သဘောပေါက်ပါတယ်။ ရွာလယ်ကျောင်းက တရားစခန်းတွေလည်းဝင်ဖြစ်ပါတယ်။ သင်္ကြန်တွင်းတိုင်းလည်း ငါသက်န်းဝတ်တယ်။ ဒီနှစ်အတွက်တောင် ရဟန်းဒကာပေါ်နေပြီ။ ဒါပေမယ့်ကွာ တရားစခန်းသာ ဝင်ရတယ်၊ တရားပေးတာတွေကို ငါ ဘာဝင်မကျဘူးကွ"

"ဪ"

**နမူနာ (၃)**

"ဆရာ၊ ကျွန်တော် အလုပ်ထဲမှာ ရာထူးတိုးဖြေဖို့ရှိတယ်။ ပညာအရည်အချင်းအရရော လုပ်သက်အရပါ ကျွန်တော်ကစာရင်းဝင်နေပြီ။ ဒီတစ်ခါ Promotion မှာ ကျွန်တော်ပါအောင် ဘာလုပ်ရမလဲဆရာ။ သိချင်လို့ပါ"

ထုံးစံအတိုင်း တားရော့ချိုး။

ထွက်ပေါ်လာတာက Emperor။

"ညီလေး၊ မင်းရဲ့ရာထူးတိုးကိစ္စကို ထိထိရောက်ရောက် ထောက်ခံ၊ အဆုံးအဖြတ်ပေးနိုင်တဲ့ အထက်လူကြီးတွေထဲမှာ လုပ်ငန်းကို တိတိကျကျပြတ်ပြတ်သားသားလုပ်တတ်ပြီး ပေါင်းရသင်းရ ဆက်ဆံရတာခက်တဲ့ လူကြီးတစ်ယောက်ရှိသလား"

"ရှိတယ် ဆရာ၊ သူက အမိကပဲ။ ကျွန်တော်နဲ့ (၂)ဆင့်လောက်ကွာတယ်။ ဌာနတစ်ခုလုံး သူ့ကိုပဲကြောက်နေရတာ။ စည်းကမ်းအရမ်းတိကျတာ။ ဘယ်သူ့မှလဲ မျက်နှာမလိုက်ဘူး။ မှန်တယ်ထင်ရင် ဘယ်သူ့မှလဲ မကြောက်ဘူး။ စိတ်ရင်းတော့ကောင်းပါတယ်"

"ဟုတ်ပြီ၊ အဲဒီအထက်လူကြီးက ကူညီထောက်ခံပေးလိမ့်မယ်။ ဒါပေမယ့် သူ့အကြိုက်စည်းကမ်းတကျနေ။ အလုပ်ကို တိတိကျကျ မှန်မှန်ကန်ကန်ဖြစ်အောင်လုပ်။ ဖြစ်ကတတ်ဆန်းမလုပ်နဲ့။ စေတနာပါပါနဲ့တာဝန်ကျေအောင်လုပ်။ သူနဲ့ထိပ်တိုက်တိုးစေမယ့်အမှားမျိုး လုံး[illegible] မဖြစ်ပါစေနဲ့။ သူက မင်းကိုတော့ စိတ်ကြိုက်တွေ့ဟန်တူတယ်"

"ကြိုက်၊ မကြိုက်တော့ မသိဘူး ဆရာရေ။ လချုပ်စာရင်းဆွဲခိုင်းရင်လည်း ကျွန်တော်ပဲ။ အရေးပေါ် over time ဆင်းရင်လည်း ကျွန်တော့်ပဲခိုင်းတယ်။ အလုပ်ထဲမှာ ကျွန်တော်ကလည်း မား[illegible] တော့ထားတယ်။ အမှားအပြောမခံ[illegible] အောင်နေတယ်။ ခိုင်းရင်လည်း သပ်[illegible] သပ်ရပ်ရပ်နဲ့ အတတ်နိုင်ဆုံးလုပ်[illegible] တယ်။ အပြောမခံချင်ဘူး။ သူနဲ့လုပ်[illegible] တာ ပညာတော့ရပါတယ်။ ဒါပေမယ့် သူ့မျက်နှာကြောကအမြဲတင်းနေတော့ ဘယ်တော့များ အဆူခံရပါမလဲဆိုတာ တွေးပြီး ကြောက်နေမိတယ်"

"မကြောက်ပါနဲ့၊ အဲဒါတွေက မင်းအတွက် အမှတ်တွေဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် ဒီ Promotion မှာ အဲ[illegible] လူကြီးက ကောင်းကောင်းထောက်ခံပေး[illegible] ပါလိမ့်မယ်၊ ဖြစ်နိုင်ပါတယ်။

*စေတနာရှိုးသားစွာဖြင့်*
*ဆရာစိုး - ရွှေအာရုဏ်[illegible]*
*(တားရော့-သုတေသီ)*
*မိုးကောင်းစေတီ[illegible]*



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခု၊ မေလ ၁၈ ရက်နေ့ ညဘက် (၈) နာရီသတင်းချိန်မှာ ရွှေစိုးသည် ဘန်ကောက်မြို့၏ ဆူညံပူညံနိုင်ငံရေးအပြိုင်အဆိုင်အနိုင်လုပွဲများကို ဖော်ပြနေသည့်တီဗွီသတင်းများကိုကြည့်ရင်း ရှောင်သင့်သည်တို့ကိုရှောင်ပြီး စုသင့်သည်တို့ကို စုဆောင်းထားရန် နားစွင့်နေမိ၏။

ရွှေစိုးထိုင်ကြည့်နေသည်က ကိုရီးယားကားလည်း မဟုတ်သည့်အပြင် ရင်ခုန်စရာနိုင်ငံရေးတိုက်ခိုက်မှုသတင်းများဖြစ်နေသည့်အတွက် ခုန်နေသောရင်နှင့်အတူ ကြည့်နေသော တီဗွီပေါ်မှ ရုပ်မြင်သံကြားလိုင်းများကိုလည်း ဟိုခုန်ဒီခုန်ပြောင်းနေမိ၏။ ပြောင်းမိသောလိုင်းတစ်ကွက်တွင် ယိုးဒယားဘုရင်၏ သမီးတော်တစ်ပါးက ပြင်သစ်နိုင်ငံတွင် ပြုလုပ်နေသော ရုပ်ရှင်ပွဲတော်ကို သွားရောက် ကြည့်ရှု အားပေးနေသည့် သတင်းရုပ်သံကို ဖျတ်ခနဲ ဖမ်းမိလိုက်သည်။ မြင်ကွင်းတွင်လည်း 'မယ်နတ်ဖတ်ခနုန်' ဟူသည့် ရုပ်ရှင်ကို ဇာတ်လမ်းကျောရိုးမပြောင်းဘဲ အသွင်အမြင်ပြောင်းကာ ရိုက်ကူးထားသည့် 'ဖီးမတ်' ဟူသည့် ရုပ်ရှင်ကြော်ငြာကြီးကိုလည်း မြင်တွေ့လိုက်ရသည်။

ရွှေစိုး

# ရှင်မယ်နတ်၏သံယောဇဉ်



ဗုဒ္ဓခြေတော်ရာရုပ်



ရှင်မယ်နတ် (MAK NAK) ရုပ်တု




မဟာဘုတ်ဘုန်းကြီးကျောင်းမှ ဂန္ဓကုဋီကျောင်းဆောင်ဆောင်



ရှင်မယ်နတ်ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ဖီမတ် (PEE MAK) သည် မယ်နတ်ဖတ်ခနုန် (MAE NAK PHRA KHANONG) ၏ ဇာတ်လမ်းပင် ဖြစ်၏။ ဖတ်ခနုန်မြို့နယ်မှ သရဲမလေး မယ်နတ်၏ ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်လေ၏။ တစ်ဆက်တည်းမှာပင် တူတော်မောင် ရုပ်ရှင်မင်းသား ကောင်းခန့် ဘန်ကောက်ကိုလာစဉ်က -

"ဦးစိုးရယ်၊ ဖီမတ် (PEE MAK) ဇာတ်ကားကောင်းလိုက်တာ"

ဟု ပြောဖူးသည်ကို သတိရမိ၏။

ထို့အပြင် ရွှေစိုးကိုယ်တိုင် သရဲမလေး ရှင်မယ်နတ်ကွန်းခိုရာ ဖတ်ခနုန် ဟူသည့်အရပ်သို့ ကိုယ်တိုင်သွားရောက်ခဲ့ပြီး တွေ့ကြုံခဲ့ရပုံများကိုလည်း ပြန်၍ တွေးမိပြန်၏။ ထို့ကြောင့် ရွှေစိုးသည် မနေနိုင်မထိုင်နိုင်ဖြစ်ကာ ရှင်မယ်နတ်၏ခိုကွန်းရာသို့ သွားရောက်လေ့လာစဉ်က ကိုယ်တိုင်ရိုက်ကူးလာခဲ့သည့်မှတ်တမ်းဓာတ်ပုံများကိုရှာဖွေပြီး ဆောင်းပါးတစ်ပုဒ်ထုတ်လုပ်ရန် အားထုတ်မိလေသည်။

ဆောင်းပါးမှတ်တမ်း စတင်ရန် စာရွက်ပေါ် ကလောင်တို့လိုက်မိသည်နှင့် -

"ဖိ. . . မတ်. . . ရှင်"

(ဖိမတ် ခ. . . ခ. . . ခ. . . )

ဟူ၍ သရဲမလေး ရှင်မယ်နတ်က လင်တော်မောင် လူသား မောင်မတ်ကို ချွဲချွဲနွဲ့နွဲ့လေးခေါ်လိုက်သည့် အသံက ရွှေစိုးနားထဲတွင် ပကတိအသံအတိုင်း ကြားလိုက်ရဘိသကဲ့သို့ပင်။


◆




ရှင်မယ်နတ်ရှိရာ မဟာဘုတ်ဘုန်းကြီးကျောင်းကို ဖတ်ခနန်တူးမြောင်းထဲမှ မြင်ရပုံ



ရှင်မယ်နတ်ရှိရာ မဟာဘုတ်ဘုန်းတော်ကြီးကျောင်းဝင်းနှင့်လှေဆိပ်
(ဖတ်ခနန်တူးမြောင်းကိုလည်း တွေ့မြင်နိုင်သည်)



ရှင်မယ်နတ်ကျောင်းသို့လမ်းညွှန်
(အော်နုလမ်းသွယ်-၇)



မဟာဘုတ်ဘုန်းကြီးကျောင်းရှိ ခေါင်းလောင်းစင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မဟာဘုတ်ဘုန်းကြီးကျောင်းတွင်ရှိ ရှင်မယ်နတ်ရုပ်တု

လွန်ခဲ့သောကာလ (၁၈၅၁ - ၁၈၆၈)လောက်ကဖြစ်၍ ကြာလှပြီဖြစ်သော်လည်း မပျောက်ပျက်နိုင်ဘဲ ယိုးဒယားလူမျိုးတိုင်း၏ရင်ထဲ၌ ယနေ့တိုင်စွဲနေသေးသည့် အသည်းကွဲအချစ်ဇာတ်လမ်းဖြစ်ရပ်မှန်လေးတစ်ခု ဖြစ်ခဲ့ဖူး၏။ စင်စစ်တော့ အသည်းကွဲအောင် ခံစားနေခဲ့သည့် ချစ်သံယောဇဉ်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ဖြစ်၏။


၁၈၅၁ - ၁၈၆၈ ခုနှစ်အတွင်း ယိုးဒယားနိုင်ငံတွင် မောင်းကွတ်မင်း (KING MAUNGKUT) အုပ်ချုပ်စဉ်ကာလဖြစ်၏။ ထိုကာလတွင် ယိုးဒယားနိုင်ငံ မြောက်စွန်မြောက်ဖျားနှင့် ထိုင်းယိုင်ဟုသူတို့ကခေါ်ကြသော မြန်မာပြည်ဘက်ရှမ်းများနှင့် စစ်မက်မငြိမ်မသက်ဖြစ်ခဲ့၏။ ထိုစဉ် အယုဒ္ဓယနေပြည်တော်မှ



ရှင်မယ်နတ်ထံသွားလိုသူတို့အတွက် မဟာဘုတ်ကျောင်းလှေဆိပ်
(တူးမြောင်းမှသွားသူများအတွက်)



ရှေးကတည်းကရှိနေသော
နတ်စိုးသစ်ပင်ငုတ်ကြီး



ရှင်မယ်နတ်ထံ ဦးတည်နေသော ဖတ်ခနန်တူးမြောင်းလှေလောင်းခရီးလမ်း



ရှင်မယ်နတ်၏ကွန်းနှိဆောင်နံဘေး
ကပ်လျက်ရှိသော နတ်မှီသစ်ခြောက်ပင်ငုတ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မယ်နတ်သားပိုက်ရုပ်တု




ရှင်မယ်နတ်အားလှူထားသောဝတ္ထုပစ္စည်းများ



ရှင်မယ်နတ်ရှိရာ မဟာဘုတ်ကျောင်းဝင်းထဲမှ လှသောပြာအိုးများထည့်ထားသည့်ဂူများ



မှန်ခေါင်းထဲတွင် ရွှေပိန်းချထားသောကလေးငယ်လေး၏အလောင်းခြောက် (ရှင်မယ်နတ်၏ရင်သွေးဟုဆိုကြ၏)



ရှင်မယ်နတ်နှင့်သားငယ်လေးတို့အတွက် လှူဒါန်းထားသော မြန်မာပြည်မှရုပ်သေးရုပ်ထေးများ


ဘုရင့်အမိန့်တော်ဖြင့် စစ်သည်တော်အဖြစ်စစ်ဝန်ထမ်းရန် ဆင့်ခေါ်လူစုလေသောကြောင့် အယုဒ္ဓယနေပြည်တော်၏အမိန့်အတိုင်း မြို့စဉ်ရွာစဉ်အားဖြင့် အားကောင်းမောင်းသန်လူရွယ်လူလတ်တို့ စစ်မှုထမ်းကြရလေသည်။ ထိုစဉ်က ယိုးဒယားနိုင်ငံတွင် ယောကျ်ားများသည် လူတိုင်း စစ်သည်တော်မဟုတ်ကြဘဲ လယ်အလုပ်ယာအလုပ်များကိုလုပ်နေကြလင့်ကစား နိုင်ငံတော်နှင့်သက်ဆိုင်သည့် စစ်မက်ရေးရာပေါ်လာပြီဆိုလျှင် လယ်ထဲယာထဲမှ အားကောင်းမောင်းသန်ယောကျ်ားမှန်သမျှအားလုံးတို့သည် ဘုရင့်တပ်မတော်သို့ဝင်ကြရလေ့ ရှိ၏။ ထိုသူတို့သည် စစ်မက်ရေးရာကိစ္စပြီးစီး၍ အသက်မသေဘဲ ကျန်နေပါသေးလျှင် မိမိတို့၏လယ်ယာသို့ ပြန်ကြရလေ့ရှိ၏။

ယခုဖော်ပြလျက်ရှိသည့် ယိုးဒယား




www.burmeseclassic.com

www.burmeseclassic.com


ရှင်မယ်နတ်ရှိရာ မဟာဘုတ်ကျောင်းဝင်းထဲမှ လှသေမီးသဂြိုဟ်စက်


ရှင်မယ်နတ်ရှိရာ မဟာဘုတ်ကျောင်းဝင်းထဲမှ လှသေမီးသဂြိုဟ်စက်


ရှင်မယ်နတ်၏ရုပ်တုထားရာနတ်ကွန်း

နိုင်ငံ၏ရှမ်းနှင့် ယိုးဒယားတို့၏ စစ်မက် အရေးတွင် အယုဒ္ဓယနေပြည်တော်၏ စစ်မောင်းသံအတွင်း ဝင်ရောက်သွား ကြသော်လည်း အားကောင်းမောင်းသန် ယောက်ျားသားတို့တွင် 'ရတနာကိုစင် မြို့တော်' ဟု အမည်တွင်သည့် ယခု ဘန်ကောက်မြို့တော်မှာ လူပုံသန့်ပြီး ယောက်ျားပီသသည့် လုလင် 'ထစ်မတ်' (TID MAK) တစ်ယောက်လည်း သူ၏ အမိနိုင်ငံကို ကာကွယ်ရန်တစ်ယောက် အဖြစ် ပါဝင်သွားခဲ့လေသည်။

ထိုလူပုံချော ထစ်မတ်သည် ရတနာကိုစင်ဟုလည်း အမည်တွင် သော ဘန်ကောက်မြို့တော်၏ဖတ်ခနုန် (PHAKANONG)ဟုခေါ်သည့်ရပ်ကွက် တွင် သူအလွန်ချစ်သည့် ဇနီးချောလေး နန်နတ်(NANG NAK) နှင့်အတူ ပေါင်း သင်း နေထိုင်လျက်ရှိရာမှ စစ်ထဲပါဝင် သွားရခြင်းဖြစ်၏။ နန်(NANG)ဟူသည် မှာ မိန်းမပျို လုံမ ဟူ၍ အဓိပ္ပာယ်ရ၏။ နတ်(NAK)ကား ထိုလုံမလေး၏ အမည် ဖြစ်၏။ မြန်မာဆန်ဆန်ဆိုရမူ 'ရှင်မယ် နတ်' ဟု ဆိုရပေမည်။ ထို့ကြောင့် လုလင် ထစ်မတ်ကိုလည်း 'ကိုရင်မတ်' ဟူ၍ပင် ခေါ်လိုပါသည်။

ကိုရင်မတ်နှင့် ရှင်မယ်နတ်တို့၏ အချစ်ကား ပန်းခင်းသောလမ်းတွင် လျှောက်လှမ်းရသောအချစ်မျိုး မဟုတ်။ ဆူးခင်းသောလမ်းပေါ်တွင် ခြေနင်းမပါ ခြေဗလာဖြင့် ပြေးလွှားနေရသောဘဝ ဖြစ်၏။ ရှင်မယ်နတ်ကလေးက ရုပ်ရည် အားဖြင့် တင့်တယ်ပါသော်လည်း သူ တစ်ပါးတို့ထံတွင် လှည့်လည်၍ အခိုင်း ခံကာ ဝမ်းစာနှင့် ခြုံလွှာကို မနည်းပြည့် စုံအောင်ရှာဖွေ၍ အသက်ရှင်နေရရှာသူ ဖြစ်၏။ ကိုရင်မတ်ကလည်း ချမ်းသာ ကြွယ်ဝသော အမိအဘတို့၏သားတစ် ယောက်မဟုတ်။ ဆွေမရှိမျိုးမရှိ ဘုန်း ကြီးကျောင်းတွင် မှီခိုနေရသူတစ်ဦး ဖြစ် ၏။ ကိုရင်မတ်နှင့် ရှင်မယ်နတ်တို့ နှစ်ဦးချစ်ခင်စုံမက်ဖူးစာဖက်ပြီဆိုတော့ တစ်အိုးတစ်အိမ်သီးသန့်နေစရာထိုင် စရာ လိုအပ်လာ၏။ သို့သော် သူတို့ နှစ်ဦးအတွက် ရွာထဲတွင် နေစရာမရှိ။ သူတို့နှစ်ဦးကလည်း နေစရာထိုင်စရာ ထည်ထည်ဝါဝါကို အလေးမထားကြ။

ဖတ်ခနုန်ရွာက ရစ်ခွေ၍တူးထား သည့် တူးမြောင်းရှိသည်။ ထိုစဉ်က ယိုးဒယားနိုင်ငံ၏လမ်းပန်းဆက်သွယ် ရေးသည် လူအားဖြင့်တူးဖော်ထားသည့် တူးမြောင်းများက အဓိကဖြစ်လေ၏။



www.burmeseclassic.com


www.burmeseclassic.com

ထို့ကြောင့် သူတို့၏ ဖတ်ခနုန်ရွာလေး အတွက် ထိုတူးမြောင်းကား အဓိကဖြစ်၏။ ဖတ်ခနုန်ရွာကို အစွဲပြုပြီး ဖတ်ခနုန် တူးမြောင်းဟု ခေါ်ကြ၏။ ယခုထက်တိုင်ပင် ဖတ်ခနုန်ရပ်ကွက်၊ ဖတ်ခနုန် တူးမြောင်းဟု တွင်လျက်ရှိ၏။ ထိုတူးမြောင်း၏ကမ်းစပ်နံဘေးတစ်လျှောက်တွင် ယိုးဒယားဘာသာဖြင့် မကော့ဟု ခေါ်သော ခနိပင်မျိုးများ ထူထပ်စွာ ပေါက်နေကြ၏။ ခနိတောဟုပင်ခေါ်လောက်အောင် ထူထပ်လှ၏။ ရွာပြင်လည်းဖြစ်၍ ချောက်ချားဖွယ်ကောင်းလှသေးတော့၏။ ညဉ့်အခါတွင်မူကား ပို၍ထိတ်လန့်ဖွယ်ကောင်းနေပေသည်။

ဤသည်ပင်လျှင် ကိုရင်မတ်နှင့် ရှင်မယ်နတ်တို့အတွက် အခွင့်အရေး တစ်ခု ဖြစ်နေပေသည်။ ယင်းအခွင့်အရေးကား ထိုခနိတောအတွင်း၌ပင် ကိုရင်မတ်နှင့် ရှင်မယ်နတ်တို့ နှစ်ကိုယ်တူ အေးအေးလူလူနေထိုင်ရန် အနီးအနားရှိ ခနိရွက်၊ ခနိရိုးတို့ဖြင့်ပြီးသော အိမ်ငယ်လေးတစ်ဆောင်ကို ဆောက်လုပ်နိုင်ခြင်းပင် ဖြစ်လေတော့၏။ 'တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ' ဆိုသလိုပင် ဖြစ်ပေလိမ့်မည်။

ဆောက်ရသည့်အိမ်က ရေစပ်တွင်ဖြစ်၍ လူတစ်ရပ်ကျော်မြင့်သော ခြေတံရှည်အိမ်တော့ဖြစ်၏။ သူငယ်ချင်းရောင်းရင်းများ၏အကူအညီဖြင့် ရေယိုနေသည့် လှေအိုလေးတစ်စင်းကိုလည်း ကိုရင်မတ် ပိုင်ဆိုင်ထားသဖြင့် ထိုတူးမြောင်းဖြင့် ယခုအခါ ကားတစ်စီးပိုင်ထားသလိုပင် သွားရေးလာရေးလည်း အဆင်ပြေနေကြ၏။ သူတို့နှစ်ဦး၏ စားရေးဝတ်ရေးကတော့ ပူစရာမလို။ ရွာတွင် ကိုရင်မတ်က ကျပန်းလုပ်၍ ရသမျှဖြင့် ဖြည့်ဆည်းနိုင်ကြ၏။ ရသမျှဖြင့် မျှတကာ ကျေနပ်နေသမျှကာလပတ်လုံး သောကကင်းနေသည်သာ ဖြစ်၏။ ထိုခေတ်တုန်းကလည်း စား၊ ဝတ်၊ နေရေး တည်းဟူသော အရေးကြီးသုံးပါးတွင် တန်ဆာဆင် အကင်းတပ်စရာ ဖွယ်ဖွယ်ရာရာမရှိသည်ကလည်း သူတို့မောင်နှံအတွက် ကံကောင်းချက်တစ်ခုပင်။

သို့ဖြင့် သူတို့နှစ်ဦးချစ်ရည်လူး၍ လအတန်ကြာလာသောအခါ ရှင်မယ်နတ်တွင် ချစ်ရည်ချစ်ဥလေးတစ်ခုစစည်းမိလာခဲ့သည်မှာ အတန်ပင် ရင့်မာနေလေတော့သည်။ ရှင်မယ်နတ်က သူမ၏ကိုယ်တွင်လွယ်ပိုးထားရသော ချစ်ရည်ချစ်ဥလေးအတွက်ပီတိတွေဖြစ်နေသလို


ရှင်မယ်နတ်၏ကွန်းခိုဆောင်တာဝန်ခံ



ကွန်းခိုဆောင်တာဝန်ခံကြီးက နတ်စိုးပင်ငုတ်တိုကြီးအကြောင်း ရှင်းပြနေပုံ


ရှေးကတည်းက ကြမ်းလှသော နတ်စိုးသစ်ပင်ငုတ်တိုကြီးကိုပွတ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



ရှင်မယ်နတ်ရှိကတည်းက ပေါက်နေခဲ့သော နတ်မိုးသစ်ပင်နှစ်ပင်

ကိုရင်မတ်ကလည်း ချစ်ရည်ဥလေးမွေးဖွားလာ၍ သားယောကျ်ားလေးဖြစ်လျှင်တော့ နေပြည်တော်သို့ပို့ပြီး စစ်မှုထမ်းခိုင်းမည်ဟူ၍ မာန်တဝင့်ဝင့်ဖြစ်နေလေ၏။

ထိုစဉ်မှာပင် ကိုရင်မတ်နှင့် ရှင်မနတ်တို့အတွက် အကြောင်းကကြမ္မာရိုင်းက ဒုန်းစိုင်းကာဝင်လာခဲ့လေတော့သည်။ ထိုကြမ္မာရိုင်းသည်ကား အယုဒ္ဓယနေပြည်တော်မှ စစ်မှုထမ်းစုဆောင်းခြင်းအမိန့်ဖြင့် ဆင့်မိန့်ကာခေါ်ဆောင်သွားခြင်းပင် ဖြစ်ပေသည်။

တစ်ဖက်ကလည်း တိုင်းရေးပြည်ရေးမို့ သွေးမအေးသင့်သလို ကျန်တစ်ဖက်မှာလည်း နှလုံးသားရေးအိမ်ထောင်ရေးအပြင် ကိုယ်ဝန်အရင့်အမာရှိနေသည့်ဇနီးသည်အရေးမို့ ပစ်ကာထားခဲ့ရန်မှာလည်း အခက်။ အခြားသူများမှာလည်း ကိုရင်မတ်ကဲ့သို့ အနေအထားမျိုးများရှိနိုင်ပါသော်လည်း ထိုသူများတို့တွင် အမိ၊ အဘ၊ အဆွေအမျိုး၊ မိတ်သင်္ဂဟ၊ ငွေကြေးဥစ္စာ စသည့် အသိုင်းအဝန်းက ကျယ်ပြန့်လှ၏။ ကျန်ရစ်ခဲ့သူ၏ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ မီးဖွားသန့်စင်ရေး စသည်တို့ကိုတစ်ယောက်တစ်လက်ဝိုင်း၍ကူညီကြပေလိမ့်မည်။ ယခု ကိုရင်မတ်၏ ချစ်ဇနီးရှင်မယ်နတ်အတွက်မှာမူ ကိုရင်မတ်မှလွဲ၍ မည်သူမျှမရှိ။ ကိုရင်မတ်စစ်ထွက်နေစဉ် မီးဖွားခဲ့သော် မည်သူက ကူညီကြည့်ရှု စောင့်ရှောက်ပါမည်နည်း။ အကယ်၍များ ကိုရင်မတ်တစ်ယောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့သည်ရှိသော်. . .။ ထိုအတွေးများကို ရှင်မယ်နတ်တစ်ယောက်တွေးမိသလို ကိုရင်မတ်လည်း တွေးမိသည်သာ ဖြစ်၏။ ထို့ကြောင့် နှစ်ဦးစလုံး သောကမီးတညီးညီးလောင်မြိုက်လျက်ရှိကြ၏။ သို့ပါသော်လည်း မင်းမိန့်သာမကတိုင်းရေးပြည်ရေးဖြစ်နေသဖြင့် ကိုရင်မတ်သည် ချစ်ဇနီးကို အားပေးကာစစ်မြေပြင်သို့ လိုက်သွားရရှာလေသည်။

ရှင်မယ်နတ်မှာလည်း ဘဝပေးကြမ္မာကို မျက်ရည်ဖြင့်ခံယူကာ ကိုယ်ဝန်ကြီးနှင့်ပင် ရွာထဲရှိ အိမ်တကာလည်၍လည်း၊ လယ်ထဲဆင်း၍လည်း တစ်နေ့စာတစ်နေ့ရှာ၍စားရလေတော့သည်။ ကိုယ်ဝန်ကြီးကိုလွယ်လျက်လုပ်ရကိုင်ရသဖြင့် လွန်စွာပင်ပန်းလှပါသော်လည်း ကိုရင်မတ် စစ်ပွဲမှပြန်လာသည့်အခါတွင်ဟူ၍ ကြီးစွာသောမျှော်လင့်ချက်ကြီးဖြင့် ကိုယ့်ကိုယ်ကိုယ်အားပေးကာ လုပ်ကိုင်စားသောက်နေရှာ၏။

သို့သော် ရက်များ၊ လများသာ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ခင်ပွန်းကိုရင်မတ်ကား ပြန်မလာ။ သတင်းပင်မကြားရ။ကုန်လွန်သွားသောရက်များ၏ နောက်တစ်ရက်တွင် ရှင်မယ်နတ်၏ ကိုယ်ဝန်ကား မှည့်ချိန်တန်၍ နီးကြားလာလေသည်။ မိန်းမတို့သဘော၊ ကိုယ်ဝန်သည်တို့၏ မွေးချိန်အခြေအနေကို တတ်သိနားလည်ကြသော ရွာထဲမှ စိတ်ကောင်းစေတနာကောင်းရှိသူ မိန်းမကြီးများ ဝိုင်း၍မီးဖွားပေးကြပါသော်လည်း ချစ်လင်ကို လွမ်းစိတ်၊ အားငယ်စိတ်၊ ကိုယ်ဝန်အရင့်အမာကြီးကိုလွယ်လျက် ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရသည့်ဒဏ်တို့ကြောင့် မွေးဖွားရခက်ရုံတင်မျှမက ဝမ်းမှကျွတ်ထွက်လာသည့် ကလေးငယ်မှာလည်း အသက်ပါမလာသောကြောင့် ရှင်မယ်နတ်သည် မီးတွင်းထဲမှာပင် မွေးခါစ ကလေးငယ်လေးကိုပိုက်ကာ ကိုရင်မတ်အမည်ကို တ,ရင်းအသက်ထွက်သွားခဲ့လေသည်။

ရှင်မယ်နတ်လေးမှာ လင်စွဲ၊ သားစွဲ အစွဲနှစ်စွဲဖြင့်ကွယ်လွန်သွားခဲ့သော်လည်း မိမိကိုယ်ကိုသေလေပြီဖြစ်သည်ကိုပင် မသိတော့ဘဲ သရဲတစ္ဆေအဖြစ်ဘဝပြောင်းသွားလေသည်။ သရဲမဖြစ်သွားသော ရှင်မယ်နတ်သည် သားလေး၏ဝိညာဉ်ကိုပါယူထားပြီး သရဲသားအမိဘဝအဖြစ်ဖြင့် ခင်ပွန်းသည် လူသားဖြစ်သော ကိုရင်မတ် စစ်ပွဲမှအပြန်ကို မနီးတောရှိ တဲလေးထဲမှပင် စောင့်မျှော်လျက်ရှိလေသည်။

အစတွင် ဖတ်ခနုန်ရွာသူရွာသားများအနေဖြင့်မသိကြပါသော်လည်း ရက်အတန်ကြာသည်တွင် ညနေ နေဝင်ရီတရောအချိန်များတွင် ရှင်မယ်နတ်၏ တဲလေးထဲမှ လူရိပ်လိုလိုတွေ့ရခြင်း၊ လူ




www.burmeseclassic.com


www.burmeseclassic.com



ရှင်မယ်နတ်သရဲမဘဝဖြင့် ခင်ပွန်းဖြစ်သူ လူသားကိုမတ် (PHI MAK) အား မျှော်လေ့ရှိသော ရေးဟောင်းလှေဆိပ်



ဖတ်ခနုန်တူးမြောင်းနှင့်လှေဆိပ်



ရှင်မယ်နတ်ထံ တူးမြောင်းမှ လှေလောင်းဖြင့်သွားရာတွင် မြင်တွေ့ရမည့် စိမ်းစိမ်းညိုညို့ အုပ်အုပ်ဆိုင်းဆိုင်း အပင်ရိုင်းများ

သံနှင့်ကလေးငိုသံကြားရခြင်းတို့ကြောင့် ရွာသူရွာသားများ သံသယရှိလာကြ၏။ ကြာသော် ထိုထက်ပို၍ ရှင်မယ်နတ်တစ်ယောက် ကလေးငယ်ကို ပိုက်ကာ လှေကားထိပ်မှာရပ်လျက် ကိုရင်မတ်ကို ထွက်မျှော်နေသည်ကို ညဥ့်အချိန်တွင် တဲလေးရှေ့မှဖြတ်၍သွားလာကြသော လှေပေါ်ပါလူတိုင်းလိုလို တွေ့မြင်ကြရလေသည်။ နောက်ပိုင်းတွင် ထိုမျှမက သရဲမ ရှင်မယ်နတ်တစ်ယောက် သားသရဲလေးကိုချော့၍သိပ်သော သားချော့သံကိုပင်ကြားကြရလေ၏။ ထို့ကြောင့် ဖတ်ခနုန်တစ်ရွာလုံးက ရှင်မယ်နတ်တစ်ယောက် သရဲဖြစ်နေသည်ကို အတိအကျသိကြရလေတော့သည်။

ထိုသည်မှစ၍ ရှင်မယ်နတ်တို့ တဲဝန်းကျင်ကို ရွာသူရွာသားများရှောင်ကြလေသည်။ ရေကြောင်းမှ လှေလှောင်းဖြင့် မဖြစ်မနေ သွားကြလာကြရသူတို့ကလည်း ရှင်မယ်နတ်တို့တဲနားရောက်လျှင် အားကုန်လှော်ကြလေ့ရှိလေသည်။ သရဲမလေး ရှင်မယ်နတ်ကတော့ မည်သူ့ကိုမှ ဂရုမစိုက်ဘဲ စစ်ထွက်သွားသူ လင်တော်မောင် ကိုရင်မတ်ကို ညစဉ်ကလေးချီလျက် မျှော်နေလေသည်။ ရွာသူရွာသားများကား ရှင်မယ်နတ်ကို သနားလည်း သနား၊ ကြောက်လည်း ကြောက်နေကြလေသည်။

တစ်နေ့တွင် စစ်မက်ပြီး၍ စစ်မြေပြင်မှ စစ်သားတို့ အယုဒ္ဓယနေပြည်တော်သို့ပြန်ခဲ့ကြသော်လည်း စစ်ပြန်ကြီး ကိုရင်မတ်သည် စစ်ပွဲတွင် ဒဏ်ရာရသဖြင့် အယုဒ္ဓယတွင် ဆေးဝါးကုသမှုခံယူကာနေရသေးသဖြင့် ပို၍အချိန်ကြာသွားလေသည်။ ဒဏ်ရာပျောက်သောနေ့တွင် ကိုရင်မတ်တစ်ယောက် အယုဒ္ဓယမှသည် ဖတ်ခနုန်အရောက် ရေကြောင်းမှ လှေလှောင်းဖြင့် လှေပေါ်အိပ်၊ လှေပေါ်စားကာ အပြင်းလှော်၍ ပြန်ခဲ့လေ၏။ ရှင်မယ်နတ်နှင့် မွေးဖွားပြီးလောက်ပြီဖြစ်သောရင်သွေးလေးကို တွေ့ချင်လိုဇောက ကိုရင်မတ်အတွက် အားဆေးဖြစ်နေ၏။

ကိုရင်မတ်တစ်ယောက် ဖတ်ခနုန်ခနိုတောထဲရှိ တဲလေးသို့ ရေကြောင်းမှ လှေလှောင်းဖြင့် ညကြီးမင်းကြီးရောက်ခဲ့ရပါလေပြီ။

လှေကားထိပ်တွင် ရင်သွေးကိုပိုက်လျက် လင်တော်မောင်ကိုမျှော်နေသော ဇနီးသည် ရှင်မယ်နတ်ကိုလည်း တွေ့ရပါလေ၏။




www.burmeseclassic.com

www.burmeseclassic.com



ရှင်မယ်နတ်၊ စာရေးသူ၊ ကွန်းခိုဆောင်တာဝန်ခံ



ရွှေစိုးကိုလိုက်ပို့ပေးသော ယိုးဒယားလူမျိုး တပည့်လေးနှစ်ယောက်



ကွန်းခိုဆောင်တာဝန်ခံကြီးအား ကူညီ၍ ဖြည့်စွက် ရှင်းပြပေးသော ပန်းသည်အဒေါ်ကြီး

ကိုရင်မတ်တစ်ယောက် ပျောက်ဆိုက်သည့်ဖြစ်ခြင်း။

ဇနီးသည် ရှင်မယ်နတ်နှင့် ပျောက်ရသည်သာမက ရင်သွေးလေးနှင့်ပါပျောက်ရလေသဖြင့် လူ့ဘဝကြီးတွင် အပျော်ဆုံးကာလဟုပင် ကိုရင်မတ် ထင်မှတ်မိ၏၊ သုံး၊ လေးရက်မျှပင် ဖတ်ခနုန်ရွာထဲသို့ မသွားဖြစ်။ သရဲမလေး ရှင်မယ်နတ်ကလည်း ကိုရင်မတ် ရွာထဲမသွားလေကောင်းလေဖြစ်သဖြင့် ကိုရင်မတ်ကို အိမ်မှာပင်နေစေပြီး သူမကိုယ်တိုင် ဟန်ဆောင် အပြင်ထွက်ပြီး အစားအသောက်များ ဖန်ဆင်းယူလာကာ ချက်ပြုတ်စားကြလေသည်။ သားအမိသားအဖသုံးယောက် ပျော်ရွှင်စွာ နေထိုင်ကြ၏။

ရွာထဲမှာတော့ ကိုရင်မတ်တစ်ယောက် စစ်ပွဲမှပြန်လာကြောင်းကို တစ်ဆင့်စကားတစ်ဆင့်အားဖြင့် ကြားကြ၏။

ကြားကြရပုံကလည်း ထိတ်စရာ။

ဖတ်ခနုန်တူးမြောင်းထဲမှ လှေဖြင့် ခရီးထွက်လာကြသော ကိုရင်မတ်၏ သူငယ်ချင်းအချို့ ရှင်မယ်နတ်တို့တဲရှေ့ကအဖြတ်၌ တဲ၏ လှေကားပေါ်တွင် တစ်ယောက်တည်းစကားပြောနေသော ကိုရင်မတ်ကို တွေ့ကြရခြင်း၊ တစ်ခါတစ်ရံ တဲပေါ်တွင် ကလေးမြူချော့နေသော ကိုရင်မတ်၏အသံကို ကြားရခြင်း စသော သွေးလန့်ဖွယ်စကားတို့ဖြင့် ရွာထဲတွင် သတင်းဖြစ်နေ၏။

တစ်နေ့တွင် ကိုရင်မတ်သည် ရွာထဲသို့ရောက်လာခဲ့ရာ သူငယ်ချင်းမိတ်ဆွေများက ရှင်မယ်နတ်မှာ သေဆုံးသွားပြီဖြစ်ကြောင်း ယခု ကိုရင်မတ်တွေ့ဆုံနေရသော ရှင်မယ်နတ်မှာ လူအစစ်မဟုတ်ဘဲ သရဲမဖြစ်ကြောင်း ဝိုင်းပြောကြလေသည်။ ကိုရင်မတ်က မယုံ။ အိမ်ပြန်ရောက်သော် လူယောင်ဆောင်ထားသော သရဲမလေး ရှင်မယ်နတ်ကို သူငယ်ချင်းများ ပြောကြသည့်အတိုင်း ပြန်ပြောပြရာ သရဲမလေးမှာ အကြီးအကျယ် စိတ်ဆိုးသွားပြီး ထိုညမှာပင် ကိုရင်မတ်ကို အဖြစ်မှန်ပြောပြသည့် သူငယ်ချင်းများကို သွားရောက် ခြောက်လှန့်လေတော့သည်။ ထိုအခါ သရဲမလေး ရှင်မယ်နတ်၏ သတင်းက ပို၍ကြီးထွား ပြန့်ပွားလာလေသည်။

ကိုရင်မတ်လည်း ရွာနှင့်မကင်းနိုင်၍ ရွာထဲသို့ဝင်ရတိုင်း သရဲမလေး ရှင်မယ်နတ်အကြောင်းကို ကြားရလေသည်။ တစ်နေ့သော် ကိုရင်မတ်သည် ရွာထဲကို ကိစ္စတစ်ခုဖြင့် ထွက်သွားလေသည်။ သရဲမလေး ရှင်မနတ်က မသွားစေချင်သော်လည်း အမှုအရာမပျက် ခွင့်ပြုလိုက်ရလေသည်။ ထိုအချိန်တွင် သရဲမလေးက လင်တော်မောင်ပြန်လာလျှင် ထမင်းလက်ဆုံစားကြရန် ပြင်ဆင်ချက်ပြုတ်နေလေသည်။ ကိုရင်မတ်လည်း ရွာထဲကဝိုင်းပြောကြသော သရဲမသတင်းကြောင့် စိတ်ကဆိုးစွာ နေမဝင်မီမှာပင် စောစောပြန်လာခဲ့လေသည်။

ထိုအချိန်တွင် သရဲမလေးရှင်မယ်နတ်က ငါးပိဖျော်ရန် ငရုတ်သီးထောင်းနေ၏။ ထိုစဉ် သံပရာသီးတစ်လုံးက တဲ



www.burmeseclassic.com

www.burmeseclassic.com






ရှေးကဇာတ်လမ်းများ




ယခုနောက်ဆုံးရိုက်ကူးကာ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင်တင်သော ဟာသနှောဇာတ်လမ်း



ရှင်မယ်နတ်တစ်ယောက် သားကိုပိုက်လျက် ဖိမတ်ကိုမျှော်



ကနေသူ၏လက်တစ်ဖက်က ပိုရှည်နေပုံ

၏ဝါးကြမ်းပြားကြားထဲမှ တဲအောက်သို့ ကျသွားလေသည်။ သရဲမလေး ရှင်မယ်နတ်က တဲအောက်သို့ ကျသွားသော သံပရာသီးကို တဲအောက်သို့ဆင်း၍ မကောက်ဘဲ မြေပြင်မှ ခြောက်ပေခန့်မြင့်သောတဲပေါ်မှနေ၍ သူမ၏လက်ကို ကမ္ဘာဇိဒ္ဓိအစွမ်းဖြင့်ရှည်အောင်ဖန်ဆင်းပြီး တဲပေါ်တွင်ထိုင်နေရင်းမှ လှမ်း၍ ကောက်လိုက်လေသည်။

ဤသို့ လက်ကို ခြောက်ပေမျှရှည်အောင်ပြုပြီး တဲပေါ်မှာထိုင်နေလျက်က တဲအောက်မှ သံပရာသီးလှမ်းကောက်လိုက်ပုံကို တဲရှေ့ရောက်နေသော ကိုရင်မတ်က မြင်လိုက်ရလေသည်။ ဤတွင် ရွာထဲကသူငယ်ချင်းများပြောကြသည်ကို သတိရပြီး လက်တွေ့မို့ယုံကာ ကြောက်လန့်ပြီး ချက်ချင်းပင် ရွာထဲမှ ဆရာဘုန်းကြီးရှိရာ ဘုန်းကြီးကျောင်းသို့ ပြေးလေတော့သည်။ ဘုန်းကြီးကျောင်း၏ အမည်ကား 'မဟာဘုတ်'ဟူ၍ ခေါ်၏။ ယိုးဒယားလူမျိုးတို့က ဝပ်မဟာဘုတ် (WAT MAHABUTR) ဟု ခေါ်ကြ၏။ ယနေ့တိုင်ရှိ၏။

ကိုရင်မတ်နှင့် ရှင်မယ်နတ်တို့၏ ဇာတ်လမ်းကား ထိုမျှပင်မပြီးသေး။ ချစ် လင်က အဖြစ်မှန်ကို သိသွားပြီး မိမိအား ပစ်ပြေးသွားသည်မှာ ရွာသူရွာသားများ က ပြန်ပြောကြ၍ဟုဆိုကာ သရဲမလေး ရှင်မယ်နတ်က ဒေါသတကြီးဖြင့် ရွာ မွှေလေတော့၏။ သူမအကြောင်းပြော



www.burmeseclassic.com

www.burmeseclassic.com




မယ်နတ်ဖတ်ခနန်ရုပ်ရှင်(ကြော်ငြာဖွဲ့ယ်ဓာတ်ထမ်း)



သဘာဝကျအောင်ရိုက်ထားသည့်
ရှေးကဓာတ်လမ်းများ



ရှင်မယ်နတ်၏သောကပုံရိပ်များ



သဘာဝကျအောင်ရိုက်ကူးထားသည့် ရှေးကဓာတ်လမ်းများ

သူများကို ခြောက်လှန့်ရုံမျှမက အခွင့်သာလျှင် အသက်ဝိညာဉ်ကိုပါ နုတ်ယူလေတော့၏။ သူမတို့၏တဲလေးရှေ့မှ ဖြတ်သန်းသွားသော လှေများကိုလည်း နှောင့်ယှက်ခြောက်လှန့်ခြင်း၊ ရေနစ်သတ်ခြင်း၊ လှေမှောက်ပစ်ခြင်း စသည်တို့ကို နေ့ခင်းကြောင်တောင်ကြီးမှာပင် ပြုလုပ်လာလေသည်။ ဘုန်းကြီးကျောင်းမှ ဘုန်းကြီးကို ဒုက္ခမပေးနိုင်သော်လည်း အဝေးမှခြောက်လှန့်တတ်သဖြင့် ကိုရင်မတ်ကိုယ်တိုင် ဘုန်းကြီးကျောင်းထဲမှ အပြင်သို့ မထွက်ရဲအောင်ဖြစ်နေလေသည်။

တစ်နေ့တွင် လူချော်လူခွံ ကိုရင်မတ်ကို တစ်ဖက်သတ်နှစ်သက်နေသော မိန်းကလေးတစ်ဦးက ရှင်မယ်နတ်အကြောင်းမကောင်းပြောမိသဖြင့် သရဲမလေး ရှင်မယ်နတ်က စိတ်ဆိုးကာ အသေသတ်လိုက်လေသည်။ ထို့ကြောင့် သေဆုံးသွားသူမိန်းကလေး၏ မိဘဆွေမျိုးများက ပယောဂဆရာများခေါ်ပြီး သရဲမလေးရှင်မယ်နတ်ကို နှိမ်နင်းစေလေသည်။ မီးဖွားရင်း မီးတွင်းတွင်ဆုံးသွားခဲ့သော ရှင်မယ်နတ်မှာ အစိမ်းသေသရဲမလေးဖြစ်နေသည့်အပြင် အစွဲစိတ်၏အရှိန်အဟုန်ကြောင့် ဆရာအတော်များများမှာ လက်လျှော့အရှုံးပေးပြီး အသက်လုပြေးကြရလေသည်။

တစ်နေ့တွင် ပယောဂအစွမ်းထက်သော ဆရာကြီးတစ်ယောက်က အစိမ်းသရဲမလေးရှင်မယ်နတ်ကို အနိုင်ယူထိန်းချုပ်နိုင်ပြီး သူမ၏ဝိညာဉ်ကို မြေအိုးတစ်လုံးတွင်ထည့်ကာ အိုးဝမှ အင်း

www.burmeseclassic.com

ပဝါတစ်ထည်ကိုပိတ်ပြီး ဖတ်ခနုန်တူး မြောင်းထဲတွင် မျှောလိုက်လေသည်။ ထိုအချိန်မှစ၍ ဖတ်ခနုန်ရွာကလေးမှာ အစိမ်းသရဲမလေး ရှင်မယ်နတ်၏ အန္တရာယ်ငြိမ်းသွားရလေသည်။

သို့သော် မကြာမြင့်မီမှာပင် အစိမ်းသရဲမလေး ရှင်မယ်နတ်သည် ငြိမ်းချမ်းစမျှသာရှိသေးသည့် ဖတ်ခနုန်ရွာထဲတွင် ရုတ်တရက် သောင်းကျန်းပြန်လေသည်။ အဘယ်ကြောင့်ဆိုသော် ဖတ်ခနုန်တူးမြောင်းထဲတွင် ငါးဖမ်းနေသူတစ်ဦးက ရှင်မယ်နတ်၏ဝိညာဉ်ကို လှောင်သွင်းထားသည့်အိုးကို ဆယ်ယူမိပြီး အိုးထဲတွင် ပစ္စည်းပါနိုးထင်ကာ အိုးဝတွင် ပိတ်စည်းထားသည့် အင်းပဝါကို လှစ်ဖယ်ကြည့်မိရာ အိုးအတွင်းမှ ရှင်မယ်နတ်၏ ဝိညာဉ်သည် လွတ်မြောက်ခွင့်ရသောကြောင့် ဖြစ်၏။

ဤအကြိမ်တွင်မူ အစိမ်းသေသရဲမလေးက အကြမ်းအရမ်းသောင်းကျန်းလေသဖြင့် ရွာပျက်လုမတတ်ပင်ဖြစ်နေလေသည်။

ထိုသို့ဖြစ်နေစဉ် အလွန်ကြည်ညိုဖွယ်ကောင်းသော တောရမထေရ်ကြီးတစ်ပါးသည် နောက်ပါ ကိုရင်ငယ်လေးတစ်ပါးနှင့်အတူ ဖတ်ခနုန်ရွာလေးသို့ ကြွရောက်တော်မူလာလေသည်။ ထိုအရှင်မြတ်ကြီးက ယိုးဒယားတစ်နိုင်ငံလုံးတွင် ဘုရင်မှစ၍ တစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာဝင်များ ယနေ့တိုင်အောင် ကိုးကွယ်နေကြသော ထွက်ရပ်ပေါက် သိဒ္ဓိရှင်ဆရာတော်ကြီးဟု အများက ယုံကြည်ကြသည့် လုံဖော့သိုခေါ် ဆရာတော်ကြီးပင် ဖြစ်လေသည်။ ထိုဆရာတော်ကြီး၏ထေရုပ္ပတ္တိနှင့် ဖြစ်ရပ်ဆန်းများအကျဉ်းကို ရွှေစိုး ရေးသား တင်ပြဖူးခဲ့၏။

ဆရာတော်အရှင်မြတ်ကြီးလုံဖော့သိုသည် အစိမ်းသရဲမလေး၏ ဒုက္ခကိုလည်းကောင်း၊ ရွာသူရွာသားများ၏ အန္တရာယ်ကိုလည်းကောင်း ကြားသိရပြီး တရုဏာသက်တာ ကယ်တင်ရန် ဆုံးဖြတ်လိုက်လေသည်။

တစ်ညတွင် ဆရာတော်အရှင်မြတ်ကြီးသည် ရှင်မယ်နတ်အလောင်းကို မြှုပ်ထားသောမြေပုံသို့ နောက်ပါကိုရင်ငယ်လေးနှင့်သွား၍ ရှင်မယ်နတ်၏အလောင်းကို ဝိညာဉ်သွင်းကာခေါ်လေသည်။ ရှင်မယ်နတ်လည်း သီလ၊ သမာဓိ၊ ပညာကြီးမြတ်တော်မူလှသော အရှင်မြတ်ကြီး၏အမိန့်ကို မလွန်ဆန်နိုင်ဘဲ လက်အုပ်ချီလျက် အရှင်မြတ်ကြီး၏ရှေ့တော်မှောက်သို့ ဒူးတုပ်ကာ ရောက်ရလေတော့သည်။


ဆရာတော်ကြီးက ရှင်မယ်နတ်၏မြေပုံတွင် ဝိညာဉ်ခေါ်သွင်းပြီး မေတ္တာပို့နေပုံ

ဆရာတော်အရှင်မြတ်ကြီးသည် ပကတိလူအသွင်ဖြင့် လက်အုပ်ချီကာ ရောက်လျက်ရှိသော အစိမ်းသေသရဲမလေးရှင်မယ်နတ်အား အသိတရားနိုးကြားလာစေရန် တရားဟောဖျောင်းဖျပြီး သူမ၏အစွဲအလမ်းကို ချွတ်တော်မူလေသည်။ ဆရာတော် အရှင်မြတ်ကြီး၏ ဒေါသမာန်မဖက် ကရုဏာယှက်သော မေတ္တာတရားကြောင့် အစိမ်းသရဲမလေး ရှင်မယ်နတ်သည် အစွဲနှင့်မာန်ပြုတ်ကာ ဆရာတော်အရှင်မြတ်ကြီးအားကန်တော့ပြီး အစွဲဘဝကိုလွှတ်လိုက်လေတော့၏။ ထိုအခါ မြေကျင်းမှ ရုပ်မပျက်သေးသော အလောင်းသည် လူရုပ်ပျောက်ကာ ပကတိအရိုးစုဖြစ်သွားလေသည်။ ထိုသို့အရိုးစုဖြစ်သွားသောအခါ ဆရာတော်အရှင်မြတ်ကြီးက ရှင်မယ်နတ်၏ ဦးခေါင်းခွံနဖူးရိုးကို ဆေးဓားဖြင့် ကိုရင်လေးကို အပိုင်းပြားဖောက်ယူခိုင်းပြီး ခါးပန်းကြိုးတွင်ညှပ်ကာ ပြန်ကြွသွားတော်မူလေသည်။

ထိုအခါမှစ၍ ရှင်မယ်နတ်၏ ခြောက်လှန့်မှုများလည်း ရပ်ဆိုင်းကာ ဖတ်ခနုန်သားများလည်း နေ့တာထိတ်ထိတ်ညတလန့်လန့်အဖြစ်များမှ ငြိမ်းအေးပြီး ယခင်အတိုင်း ပျော်ရွှင်စွာ နေထိုင်နိုင်ကြလေတော့သည်။

အထက်ပါအကြောင်းအရာတို့မှာ ရှင်မယ်နတ်၏ ချစ်ဇာတ်လမ်းဖြစ်ရပ်မှန်ဖြစ်ပါသည်။

## ရွှေစိုး၏တွေ့ရှိချက်များ

ရွှေစိုးက အလုပ်တာဝန်ပြီးမှ သွားရသည်မို့ အလုပ်မှတန်းသွားရ၏။ ရွှေစိုးအားလိုက်ပို့ပေးမည့် ယိုးဒယားလူမျိုးချစ်သူနှစ်ဦးက ရွှေစိုးကိုရုံးတွင်လာခေါ်ပါသည်။ ရွှေစိုး၏ရုံးနှင့် ရွှေစိုးတို့သွားရောက်လေ့လာကြမည့် ရှင်မယ်နတ်ရှိရာ မဟာဘုတ်ဘုန်းကြီးကျောင်းသည် အတန်ဝေးသဖြင့် အချိန်လု၍သွားကြရမည် ဖြစ်၏။ ရွှေစိုးမှာ ကားမောင်းတလည်းနေး၊ လမ်းကလည်း မသိသဖြင့် ရွှေစိုး၏ကားကို ရုံးမှာပင်အပ်ထားခဲ့ပြီး ရွှေစိုး၏ တပည့်လေးနှစ်ဦး၏ ကားဖြင့်ပင် လိုက်သွားခဲ့ပါသည်။ အချိန်တညနေ (၆) နာရီခန့်ပင်ရှိနေချေပြီ။ လမ်းတွင် ထမင်းဝင်စားခြင်းအပြင် ကားများကျပ်နေခြင်းတို့ကြောင့် ရှင်မယ်နတ်၏ ကွန်းခိုနန်းရှိရာ မဟာတုတ်ကျောင်းတော်သို့ ည (၈) နာရီခန့်ရှိမှ ရောက်ခဲ့လေတော့၏။ ဘန်ကောက်မိုးကလည်း အခါမဟုတ်၊သဲသဲမဲမဲမဟုတ်သော်လည်း တဖွဲဖွဲဖြင့်မစဲဘဲရွာနေပြန်၏။

ကျောင်းကြီးတစ်ဝင်းလုံး မှောင်မည်းနေ၏။ ဖွင့်လျက်သားရှိသော ကျောင်းဝင်းတံခါးကြီးမှ ကားကိုမောင်းဝင်လာပြီး ကျောင်းဆောင်ကြီးတစ်ခု၏ ဘေးမှာပင် ဖြစ်သလိုရပ်ပြီး မိုးတဖွဲဖွဲထဲမှပင်ဆင်းလိုက်ကြ၏။ ရွှေစိုးတို့ ကားပေါ်မှ ဆင်းလိုက်သည်နှင့် ကျောင်းဝင်းထဲမှခွေးများက အဝေးမှမြင်ပြီးလှမ်းဟောင်ကြ၏။ ခွေးအချို့က ချွဲချွဲပျစ်ပျစ်အူလိုက်သေး၏။ ကြက်သီးများပင်ထမိ၏။



www.burmeseclassic.com

www.burmeseclassic.com

မိုးဖွဲဖွဲကျနေသည်မို့ အနားရှိအဆောက်အအုံကြီးထဲဝင်ခိုမည်ကြည့်လိုက်တော့ မီးခိုးခေါင်းတိုင်ရှည်ရှည်ကြီးကို ဖြုန်းခနဲမြင်လိုက်ရ၍ လှမ်းထားသော ခြေထောက်များတောင့်ခနဲဖြစ်သွား၏။ ထိုအဆောက်အအုံကား ဘုန်းကြီးကျောင်း မဟုတ်သေး။ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိလူသေအလောင်းများမီးသဂြိုဟ်ရာ သင်္ဂြိုဟ်စက်ဖြစ်နေသောကြောင့်တည်း။

ထို့ကြောင့် သုံးယောက်သား မိုးသည်းလွတ်စေ၊ ထိုနေရာမှလည်း ဝေးစေ ဟူသောစိတ်ဖြင့် ခပ်လှမ်းလှမ်းရှိမီးလုံးလေးတစ်လုံးထွန်းသော အဖီသဏ္ဌာန် အဆောင်ကလေးတစ်ခုထဲသို့ပြေးဝင်ကြလေသည်။ အရေးထဲ ရွှေစိုးသည် ရေစပ်စပ်တွင် ခြေချော်ပြီး အဖီထဲရှိ စားပွဲရှည်တစ်လုံးပေါ်သို့ ဟပ်ထိုးထဲသွားရာ ကမန်းကတမ်းဖြင့် ထိုစားပွဲရှည်အား လက်ဖြင့်ထောက်လိုက်ရ၏။ ပြီးမှကြည့်လိုက်ရာ စားပွဲရှည်ကြီးမှာစားပွဲမဟုတ်ဘဲ လူသေထည့်သည့်အခေါင်း လွတ်တစ်လုံးကို စားပွဲပေါ်တင်ထားခြင်း ဖြစ်နေ၏။ ရွှေစိုးမှာရင်တထိတ်ထိတ် စိတ်ညစ်ပြီး ချက်ချင်းဝင် အခန်းသို့ ပြန်ချင်အောင်ဖြစ်သွား၏။

ရွှေစိုး၏ ဝရုန်းသုန်းကားအသံများကြောင့် ယိုးဒယားအဘိုးကြီးတစ်ဦးရောက်လာပြီးမေးရာ ရွှေစိုးက ရှင်မယ်နတ်၏ ကွန်းစခန်းသို့ လာကြကြောင်းပြောပြ၍ ထိုအဘိုးကြီးက ရှင်မယ်နတ်၏ ကွန်းစခန်းရှိရာသို့ညွှန်ပြ၏။ ရွှေစိုးက အဘယ်ကြောင့် လျှပ်စစ်မီးတွေထွန်းဘဲ မှောင်မည်းနေရသည်ကို ထိုအဘိုးကြီးအား မေးကြည့်ရာ သူတို့အစိုးရက လျှပ်စစ်ကို ချွေတာသုံးစွဲရမည်ဟုပြောထားသည်က တစ်ကြောင်း၊ အသုဘအရေးအခင်းမရှိလျှင် ထိုနေရာမီးများကို (၈) နာရီခန့်တွင် မှိတ်ထားတတ်ကြောင်းပြောလေ၍ သာမုပင်ခေါ်ရမလို ဖြစ်မိ၏။ အခေါင်းလွတ်ကြီးထဲလက်ထောက်မိ၍တော်တော့၏။ လက်သာ ဦးအောင်မထောက်မိလျှင် လူသေအခေါင်းကြီးထဲသို့ ရွှေစိုး၏ခေါင်းကြီးဝင်သွားပေလိမ့်မည်။

သို့ဖြင့် စကားရှည်မနေတော့ဘဲ အဘိုးကြီးညွှန်ရာ မီးထိန်ထိန်လင်းနေသော ရှင်မယ်နတ်၏ ကွန်းစခန်းဆီသို့ ဖွဲဖွဲအောက်မှ သုံးယောက်သားပြေးရပြန်၏။ ရွှေစိုးတို့နောက်ဘက်တအမှောင်ထဲမှာတော့ ကျောင်းဝင်းထဲမှခွေးများ၏အူသံဟောင်သံတည်ညံဖြင့် ကျန်ရစ်ခဲ့လေသည်။

**ရှင်မယ်နတ်၏နတ်ကွန်းဆောင်အတွင်း**

ရှင်မယ်နတ်ကွန်းဆောင်အတွင်း၌ ဗုဒ္ဓရှင်တော်မြတ်ရုပ်ပွားတော်တစ်ဆူကိန်းတော်မူရာ ဂန္ဓကုဋိဆောင်ကျောင်းတော်တစ်ဆောင်ရှိ၏။ ရွှေစိုးတို့သည် ဗုဒ္ဓရှင်တော်မြတ်ကြီးကို ရည်စူးလျက် ဦးစွာကန်တော့ကြ၏။ ထို့နောက် ရှင်မယ်နတ်၏ ကွန်းတော်ဘက်သို့ လျှောက်လာခဲ့ကြ၏။ ကွန်းဆောင်ထဲမဝင်မီ လှူဖွယ် အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပန်းကုံး စသည်တို့ကိုရောင်းနေသော အဒေါ်ကြီးတစ်ဦးက လှူဖွယ်ပစ္စည်းများ လှမ်းရောင်းသဖြင့် မယ်နတ်ကို ဒါနပြုရန်ဝယ်ကြ၏။ ထိုအဒေါ်ကြီးက မယ်နတ်ထံတွင် နာမ်ဝိညာဉ်ကိန်းနေကြောင်း၊ ရှင်မယ်နတ်ကို ယုံယုံကြည်ကြည်ဖြင့် လေးလေးစားစားအာရုံပြုကာ ဆုတောင်းလျှင်ဆုတောင်းပြည့်ကြောင်း၊ နှစ်လုံးထီ၊ သုံးလုံးထီပေါက်ကြောင်း ပြော၏။ သူတို့ဆီမှာ နှစ်လုံးထီ၊ သုံးလုံးထီကို တရားဝင်ထီပေါက်စဉ်ဖြင့် ဖွင့်ပေးထား၏။ မြေအောက်နှစ်လုံး၊ သုံးလုံးလည်းရှိ ပါ၏။

ရွှေစိုးတို့သုံးယောက် ရှင်မယ်နတ်၏ ကွန်းဆောင်ရှေ့တွင် လှူဖွယ်များကို ဒါနပြုခဲ့ကြပြီးနောက် ကွန်းဆောင်အတွင်းသို့ဝင်ခဲ့ကြ၏။ သူတို့လူမျိုးများက အတော်ယုံကြည်ပုံရ၏။ အဓိဋ္ဌာန်ပြုပြီးနောက် ပြုထားသည့်အဓိဋ္ဌာန်အောင်သဖြင့် ရှင်မယ်နတ်အား လာရောက်လှူဒါန်းထားသည့် ရိုးရာဝတ်စုံများကားဗိုလ်ချုပ်ဈေးမှ ဝတ်စုံဆိုင်ကြီးတစ်ဆိုင်မက များပြားလှ၏။ ဝတ်စုံများအပြင် နှုတ်ခမ်းနီများ၊ မိတ်ကပ်ဘူးများ၊ ရေမွှေးပုလင်းများ၊ ပေါင်ဒါဘူးများ စသည့် အလှပြင်ပစ္စည်းများကိုလည်း တစ်ပုံတစ်ပင်ကြီးတွေ့ခဲ့ရလေ၏။ အားလုံးတို့မှာ အကောင်းစားများ ဖြစ်ကြ၏။ ထို့ပြင် ရှင်မယ်နတ်၏ ရင်သွေးလေးအတွက် ရည်စူးလျက် လှူဒါန်းထားကြသော ကလေးကစားစရာများနှင့် ကလေးအသုံးအဆောင်များကို သွားရည်ခံကအစ တွေ့ခဲ့ရ၏။ ရှင်မယ်နတ်ကိုလည်း ရုပ်တုအဖြစ် တွေ့ခဲ့ရ၏။ ယိုးဒယားရွှေများ ဝိုင်းနေအောင်ချထား၏။ နောက်တစ်ဆောင်တွင်မူ ရှင်မယ်နတ်၏သားလေးအလောင်းခြောက်ဟု ဆိုသောကလေးအလောင်းခြောက်လေးအား မှန်ခေါင်းအတွင်း၌ တွေ့ခဲ့ရ၏။ မှန်ခေါင်းထဲတွင် ငွေစက္ကူများနှင့် ကလေးအနှီးစသည်တို့ကိုလည်းတွေ့ရ၏။ အလောင်း၏အခြားတစ်ဖက်တွင် ဘုရားခြေတော်ရာပုံတစ်ဆူကိုလည်း ဖူးရ၏။ ထို့နောက် ကွန်းဆောင်၏ အပြင်ဘက်တွင် ကွန်းဆောင်နှင့်ကပ်လျက် ရှင်မယ်နတ်တို့၏ အိမ်ရာတိုင်ဟုဆိုသော တိုင်နှင့် အုတ်အင်္ဂတေအမှတ်အသားတစ်ခုကိုလည်း တွေ့ခဲ့၏။ ထိုနေရာတွင် ရှင်မယ်နတ်တို့ရှိစဉ်ကတည်းက ပေါက်နေသည်ဆိုသောရှေးဟောင်းနတ်ရဲပင်ငုတ်ပြတ်ကြီးနှစ်ခုကိုလည်းတွေ့ရပြီး အစောင့်နတ်ရှိသည်ဆိုကာ သောက်ရေသန့်ဘူးများ၊ အချိုရည်ပုလင်းများကို ပူဇော်ထား၏။ ပင်စည်တွင် ရွှေချထားသော ရွှေကွက်လေးများအပြင် ပေါင်ဒါမှုန့်အဖြူကွက်ကြီးများကိုလည်း တွေ့ရ၏။ ယုံကြည်သူများက ပေါင်ဒါမှုန့်ဖြူးကာ ပင်စည်ကိုပွတ်ပြီး ဂဏန်းတောင်းကြခြင်းဟု ဆို၏။

ထို့နောက် လေ့လာစရာကုန်ပြီဖြစ်သဖြင့် ရွှေစိုးတို့အား စိတ်ရှည်လက်ရှည်နှင့် ရှင်းလင်းပြောပြပေးပါသော ကွန်းဆောင်တာဝန်ခံကြီးနှင့် ပန်းသည်အဒေါ်ကြီးအား နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါသည်။ ရွှေစိုးတို့လည်းအပြန်၊ ကွန်းတံခါးလည်းအပိတ်ဖြစ်ပါသည်။ ရှင်မယ်နတ်ကိုလည်း မေတ္တာပို့ နှုတ်ဆက်ခဲ့ပါ၏။

အပြန်လမ်းတွင်မူ သဒ္ဒါကြောင့်ပဲစွဲစွဲ၊ တဏှာကြောင့်ပဲစွဲစွဲ အစွဲကြောင့် အယူတိမ်းကာ ဘဝကူးမီးကြီးလောင်ကျွမ်းရပုံကို သံဝေဂဖြစ်လျက် ကားပေါ်တွင် ငြိမ်ဆိတ်စွာ ပါလာခဲ့ရပါတော့သည်။

ရွှေစိုး

**ဝန်ခံချက် –**

၁။ ကွန်းဆောင်တာဝန်ခံကြီးနှင့် ပန်းသည်အဒေါ်ကြီးတို့ ပြောပြချက်များ

၂။ မယ်နတ်ဖတ်ခနုန်စာအုပ်၊ မဂ္ဂဇင်းတို့မှအချက်အချို့

၃။ ကိုယ်တိုင်တွေ့ရှိချက်များ

၄။ ကိုယ်တိုင်ရိုက်ယူခဲ့သောပုံများနှင့် အင်တာနက်မှပုံအချို့

၅။ ရုပ်ရှင်မှတ်တမ်းဝင် အချက်အချို့တို့ကို စုစည်းပြီး ဖတ်ကောင်းအောင် ပြန်လည် ရေးသားထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(ကျောက်မဲ)

# မောင်သင်းထုံ

## ထမိုဇာပေါက် ထမလိပ်ပြာတောင်

ထန်းပိုင်မဟုတ်ပါဘူး။ ကိုဖိုးစိုတို့ ထန်းတက်ရတာလေ နေ့တစ်နေ့ပါ။ ထန်းရှင်ကို တစ်နေ့စာ ထန်းလျက်ပေးရပါတယ်။ ကိုယ့်ထန်းမှမဟုတ်တဲ့ဟာ။ သူတို့ပေးရတာက ခူးပြီးခပ်ပြီးသားကို ပေးရတာပါ။

ကိုဖိုးစိုတို့ ဆိုတာ တပို့တွဲ၊ တပေါင်းရောက်တာနဲ့ ရင်းဆွဲတောင်းချရပြီ။ ရင်းဆွဲရဲ့ထိပ်မှာ ဦးကိုင်ကြိုးတုပ်ရတယ်။ ဦးကိုင်ကြိုးတုပ်တယ်ဆိုတာ ရင်းဆွဲရဲ့ထိပ် ဝါးနှစ်လုံးဆုံတဲ့နေရာကို ထန်းလျှော်နဲ့ တုပ်တာကို ပြောတာပါ။ ထန်းသမားက ထန်းပင်ပေါ်တင် ထန်းလက်ရဲ့ကိုင်းကို ထန်းလျှော်တုပ်လို့ရရုံ မားနဲ့ခွဲ။ အဲဒီလိုရတဲ့ ထန်းလျှော်ကိုမှ အပင်ကနေမဖြတ်ဘဲ ဦးကိုင်ကြိုးတုပ်တော့ တချို့ထန်းသမားတွေ မားအဆွဲကောင်းရင်ကောင်းသလို ရင်းဆွဲမှာလဲရတယ် မရှိတာ။ အစောကပြောသလို ထန်းလျှော်က (၂) နှစ်၊ (၃) နှစ်အထိစိုနေတော့ တော်တော့ဟာ မပြတ်တော့ဘူးပေါ့ ဟန်ပါ။

ထန်းနို့လေးမပေါ့တပေါ်မှာ ထန်းနို့ချောင်းတွေကို (၃)၊ (၄) ချောင်းတန်သည် ထန်းဖူးလျှော်နဲ့ စုစည်းရတာ ထန်းလှီးဖို့ပါ။ ထန်းကို ကြာရှည်လှီးနိုင်အောင် ဒီထန်းနို့တွေမထွားကြမှဖြစ်မှာပါ။ ဒီတော့ စုစည်းထားတဲ့ထန်းနို့တွေကို ထိပ်ကနေဖြတ်တာကို ထန်းသမားခေါ်တော့ 'ထန်းနွှေးတယ်' လို့ ကိုဖိုးစိုတို့အရပ်က ခေါ်ပါတယ်။ အဲဒီလို ထန်းနို့တွေကိုဖြတ်ပြီးမှ နှစ်ညလောက်နား။ အဲဒီနောက်မှ အိုးကိုစွပ်ရပါတယ်။

ကိုဖိုးစိုတို့ရဲ့ အဖေ ပြောတာကတော့ 'နုရစ်အသက် ခုနစ်ရက်' လို့ ဆိုပါတယ်။ သဘောက နွှေးထားတဲ့ ထန်းနို့ချောင်း၊ လှီးထားတဲ့ ထန်းနို့ချောင်းက ထန်းရည်ဟာ တစ်ခါလှီးထားရင် ခုနစ်ရက်အထိခံတယ်။ ထန်းရည်ချိုထွက်နေဦးမှာဆိုတဲ့သဘောပါ။ ထန်းသမားတွေကတော့ နုရစ်ရဲ့အသက်က ထန်းလှီးမားမှာရှိတယ်လို့ ဆိုကြတယ်။ ထန်းအလှီးကောင်းရင်ကောင်းသလို ထန်းရည်ချိုကထွက်မှာပါ။ ဒီထန်းပင်က ထန်းရည်ချိုတွေများများယိုနေအောင်၊ တာရှည်ယိုနေအောင်က ထန်းသမားက အခရာကျပါတယ်။

အချိန်က တပို့တွဲ၊တပေါင်းအချိန်ပါ။ ထန်းပင်ပေါ်ကကြည့်လိုက်ရင် ဝန်းကျင်တစ်ခိုမှာ မြူတွေကဆိုင်းလို့မှိုင်းနေကြပါတယ်။ လေနုတ်သားက ကိုယ်ယောင်ဖျောက်လို့ သစ်ပင်ပျိုတွေကြားရောက်တဲ့အခါ သစ်ရွက်အိုတွေက ဖြောခနဲကြွေပြန်ပါတယ်။ လေရူးကဒီအတိုင်းသာ မသိသာဘူးထင်ရပေမယ့် ထန်းပြင်နေတဲ့ ကိုဖိုးစိုရဲ့ ထန်းပင်ကတော့ သိမ့်ခနဲ သိသိသာသာ ယိမ်းခါလိုက်တာမို့ ရောက်တဲ့နေရာ အသာငြိမ်နေရင်းက လုပ်လက်စတွေခဏနား ထန်းပင်မကြီးကိုသာ တိုးဖက်ထားနေရပါတယ်။

ထန်းပင်က နှစ်တစ်နှစ်အတွက် စထွက်တဲ့ နုရစ်ရည်က ထန်းလျက်ဖြစ်ဖို့ ခဲယဉ်းပါတယ်။ ထန်းရည်ကိုကြည့်လေ ချွဲနေပျစ်နေလို့တဲ့ဟာ။ ဒီထန်းရည်မျိုးချက်လည်းမယုံကြည်နေပါ၊ ညောင်စေးဖြစ်တာများပါတယ်။ ခါတိုင်းအချိန်ထန်းလျက်ချက်တာ အဆင်မပြေရင် ညောင်စေးဖြစ်တတ်ပေမယ့် ခုဟာက ဟုတ်ဖူးရယ်။ ဒီနုရစ်ရည်ကိုက ညောင်စေးဖြစ်တတ်တဲ့သဘောပါ။ ပြီးတော့ စားကြည့်ရင် ထန်းလျက်က အချိုဓာတ်ထက် အချဉ်ဓာတ်ရတာကများပါတယ်။ ဒီတော့ သံဒယ်အိုးထဲက ညောင်စေးကို ထန်းလျက်မဖြစ်တော့တဲ့အတူတူ အရည်ဖျော်၊ နွားတွေပဲတိုက်ကြရတော့တာပါ ဟုတ်ဖူးလား။

ညောင်စေးဖြစ်နေတဲ့ထန်းလျက်တွေဟာ ပျဉ်းတွဲတွဲနဲ့ပါ။ ကော်ရပြုရတာခက်ပါတယ်။ ကိုဖိုးစိုတို့ ဒီညောင်စေးတွေကို အိုးထဲထည့်ထားရင် ကြာလေမာလေမို့ တချို့များ ယူချိန်တန်လို့ယူမရတော့ ထည့်ထားတဲ့မြေအိုးကို ခွဲယူကြရတော့တာပါ။ တကယ်လို့ပဲ ဒီညောင်စေးက ထန်းလျက်လုံးလို့ ဖြစ်တယ်ဆိုဦး၊ အဲဒီထန်းလျက်က အညံ့စား ပဲဖြစ်မှာပါ။ အကောင်းစားမဖြစ်နိုင်ပါ ဘူး။ ဒီတော့လား ကိုဖိုးစိုတို့ထန်းသမား တွေက နုရစ်ရည်ဆို ထန်းရည်ခါး လောင်းကြတော့တာပါပဲ. ဟုတ်။

နေပူတယ်ဆိုတာနဲ့ အဲဒီနုရစ်ရည် တွေကချဉ်လာကြရောပဲ။ ကြည့်လိုက်ရင် နုရစ်ရည်ဆိုတာ ပြာနေတာရယ်။ နုရစ် ရည်ဆိုတာ ထန်းရာသီတစ်ရာသီ ပထမ ဦးဆုံး အင်နဲ့အားနဲ့ထွက်လာကြတော့ ပြောရရင် နွားနို့က ထောပတ်ထွ ပုံစံမျိုးပြောရမလား။ သချာကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



အနှစ်တွေတောင်မှ ပါချင်ပါတယ်ဆိုနေ။

တောင်ဘက်ထန်းတောဆီက ခွေးဟောင်သံတွေကြားနေရတယ်။ မတော်ထန်းတောထဲ လူစိမ်းများဝင်လာရော့သလား။ ကိုသာအေး ခွေးမ'နက်တူးမ' ဟောင်တာမှ စူးစူးရဲရဲထိုးထိုးကိုဟောင်နေတော့တာပါ။ ဇကန္တ-လူစိမ်းမဟုတ်ရင်တောင် ထန်းလျက်ချက်တဲ့တဲနားအကောင်ဗလောင်မြင်လို့လားမှမသိတဲ့ဟာ။ဖွတ်၊ ပုတက်ဆိုရင်တော့ သာအေးတို့တစ်တွေ ဒီနေ့ညစာ ဟင်းကောင်းတွေးကောင်းလေးများစားရချည်သေးရဲ့။ အင်း - ကိုဖိုးစိုကတော့ လူကသာ ထန်းပင်ပေါ်ရောက်နေတာ သူ့စိတ်ကိုတော့ ရောက်တတ်ရာရာခိုင်းစားနေလေတော့တာပါပဲ။

ထန်းဖိုပင်ကထွက်တဲ့ ထန်းနို့ကြောတွေဟာ မကြာခင် ထန်းပွင့်တွေ ပွင့်ကြဦးမှာပါ။ သေချာကြည့်ရင် ထန်းနို့ကြောပြားပြားလေးတွေဟာ လင်းမြွေကြောကလေးတောင်ပေါက်နေပါတယ်။ ဒီအချိန်လေးကိုမှ ဖမ်းပြီး ကိုဖိုးစိုက ထန်းညှပ်ရဦးမှာပါ။ ထန်းညှပ်တယ်ဆိုတာ ထန်းနို့ချောင်းတွေက ထန်းရည်ချို ထွက်လာအောင် ထန်းညှပ်နဲ့ညှပ်ရတာပါ။ ဝါးချောင်းနှစ်ချောင်းကို ထိပ်ကပူးချည်ထား၊ ဖြောင့်တဲ့အချောင်းကို ထန်း

www.burmeseclassic.com

သမားရဲ့ ခါးကြားထိုး၊ ကော့နေတဲ့ အချောင်းကို ထန်းနို့ချောင်းတွေရှိတဲ့ ဘက်ထားညှပ်ရပါတယ်။ ကိုဖိုးစိုးတို့ ထန်းသမားလောကမတော့ အဲဒါကို ညှပ်ဖို့ ညှပ်မလို့ခေါ်ကြတယ်။ သဘောကတော့ ထန်းနို့ချောင်းကို ထန်းရည်ယိုအောင်၊ နာအောင်လို့ ညှပ်ပေးရတာပါ။ ထန်းနို့ချောင်းက ပြားပြားလေးဆိုတော့ လေးမျက်နှာရှိတယ် ဆိုပါတော့။ အဲဒီလေးမျက်နှာစလုံး နှံ့အောင် ညှပ်ပေးရမှာပါ။ ထန်းတစ်ပင်ကို အဲဒီလို ထန်းညှပ်ပြီးရင် သုံးညနားရပါတယ်။နောက်တော့မှ လှီးတာပြုတာလုပ်ရမှာပါ။

အဲဒီလို ထန်းနို့ကိုညှပ်လိုက်တယ် ဆိုရင် ထန်းနို့ချောင်းတွေဟာ အမင်က ထွက်ခါစလို မာတောင့်မနေတော့ဘူး။ ညှပ်တဲ့ထန်းသမားကလည်း လေးဖက်ညှပ်၊ စောင်းတွေပါညှပ်ပေးတော့ ခုဆိုရင် ထန်းနို့ချောင်းတွေဟာ လူ့ရဲ့လက်ချောင်းတွေလို ပျော့ပျောင်းလာပေါ့။ ဒီနေရာမှာ လူတွေက ထန်းသမားတွေဆိုတစ်ခါတည်း လူကြမ်းစိတ်ကြမ်းသမားတွေချည်းထင်နေကြတာ ခက်ပါတယ်။ အစောကထန်းနို့ချောင်းညှပ်ရတဲ့အလုပ်ကိုပဲကြည့်။ လူက ထန်းပင်အမြင့်ပေါ်မှာ၊ ရင်းထောင်ပေါ်မှာ ခြေကို တင်ပျဉ်ချိတ်ထားနေရတဲ့ကြားက ဒီထန်းနို့ချောင်းတွေကို အညှပ်ညီညီ စိတ်ရှည်လက်ရှည်နဲ့ ညှပ်ပေးရတာက အပြောသာလွယ်တာရယ်။ လက်တွေ့ကျတော့ ခက်ပါတယ်။ ဘာပြုလို့လဲဆိုတော့ လူကြမ်းစိတ်ကြမ်းနဲ့ ထန်းသမားကြီးရဲ့စိတ်ထဲ အနုစိတ်လုပ်ဖို့က အတော်တော့ မလွယ်တဲ့အလုပ်ပါ အဟုတ်။

ထန်းသမားကိုဖိုးစိုးတို့ဆိုတာ စိတ်မရှည်ရင်၊ ထန်းအညှပ်များရင် ဒီထန်းနို့ချောင်းတွေဆိုတာ ထန်းရည်ထွက်ရမည့်အစား တအားညှပ်မိတော့ ထန်းရည်မယိုတော့ဘဲ ကြာတော့ အပင်ပေါ်တင် ခြောက်တပ်သေကုန်ကြတာတွေလည်းရှိပါတယ်။ ထန်းနို့ချောင်းတွေကို ထန်းဖူးလျှော်နဲ့ ထန်းနို့စည်းတာကို 'ညှပ်တုပ်တယ်'လို့ ခေါ်ပါတယ်။ ထန်းအညှပ်ကောင်းခဲ့ရင် စည်းထားတဲ့ထန်းနို့ချောင်းရဲ့ထိပ်အဖျား လက်လေးသစ်လောက်ကို ထန်းလှီးဓားနဲ့ လှီးချကြည့်လိုက် ထန်းရည်ချိုတွေဆိုတာ ပေါက်ပေါက်နဲ့ကျလာကြပါရောလား။

ထန်းအလုပ်မှာ ထန်းတက်တဲ့ ထန်းသမားရယ်၊ မြူအိုးကောက်ရယ်၊ ထန်းလျက်ချက်သမားရယ် သုံးဦးလိုပါတယ်။ ဒီသုံးယောက်က တစ်မိသားထဲကဆိုရင် ပိုကောင်းပါတယ်။ ဒါမှမဟုတ် မြူအိုးကောက်က တခြားကတစ်ယောက်ကို နေ့စားငှားရတယ်ဆိုရင်တော့ အဲဒီမြူအိုးကောက်က ဝီရိယရှိဦးမှဟာကိုး။ အရေးထဲ ထန်းတက်သမားကလည်း ထန်းတောထဲမှာမနေဘူး၊ ရွာမှာပြန်အိပ်။ ထန်းလှီးခါနီးတော့ စက်ဘီးနဲ့၊ ဆိုင်ကယ်နဲ့ ထန်းတောသွားတာပဲ။ တခြားထန်းသမားတွေလို ခြေကျင်သွားရတာမှမဟုတ်ဘဲကွာဆိုပြီး အိမ်ကနေ့အထွက်ကို လက်ဖက်ရည်အချိုဆိုင်ဝင်ထိုင်နေရတာနဲ့၊ ကွမ်းယာဝါးချင်နေတာနဲ့ဆိုရင် ထန်းတောကို နေထွက်မှရောက်လို့က ပုံမတော်ဘူးရယ် ဟင် . . . အင်း။

ကောင်းတာက မြူအိုးကောက်နဲ့ ထန်းလျက်သမားက တစ်ယောက်တည်းဆိုကောင်းတယ်။ လုပန်းပေမယ့် အလုပ်တွင်တာပေါ့ ဟုတ်ဖူးလား။ နို့မဟုတ်ရင်လား၊ မြူအိုးကောက်သမားက ထန်းတောရောက်တာနဲ့ မြူအိုးတွေထဲ ထုံးလိုက်ထည့်။ ထုံးထည့်တာကလည်း မနေ့က ကောက်တဲ့မြူအိုးကြည့်ရင်သိတာပဲ။ ဒီနေ့ထန်းရည်ယိုတာ များသလား၊ နည်းသလားဆိုတာ။ ယိုတာများရင် ထုံးပိုထည့်၊ ကြီးတပ်နဲ့ ထန်းသမားလာတဲ့အထိ စောင့်မနေနဲ့ပေါ့ ဟုတ်ဖူးလား။ အတူတူပဲ၊ ထန်းလျက်ချက်သမားကလည်း ဒယ်အိုးတွေဆေးထား၊ ထင်းခြောက်တွေစု၊ မနေ့ကလုံးထားတဲ့ ကျောက်ပြားကို ဆေးတန်ဆေး၊ ထန်းလျက်လုံးအသစ်တွေ ကျောက်ပြားခြေမကာစ်အောင် အောက်ကဖြူးရမယ့် ဖွဲနုကကော ကျန်သေးရဲ့လား။ ထန်းရည်ချိုလောင်းလိုက်ပြီဆိုတာနဲ့ ထန်းလျက်ချက်သမားဆိုတာ နားလို့မှမဖြစ်တဲ့ဟာဘဲ။

ကိုဖိုးစိုးတို့ဆီမှာကျတော့ ထန်းမပင်က ထန်းသီးခိုင်ထွက်ပြီဆိုရင် အခိုင် (၂၀) လောက်အထိ ထွက်တာကလား။ အဲဒီအထဲကမှ ကိုဖိုးစိုးတို့က နှစ်သုံးခိုင်၊ ညှပ်သုံးခိုင်လောက်စီချန်ထားပြီးမှ ကျန်တာတွေ ခုတ်ချပစ်ရပါတယ်။ မြူအိုးဆွဲလို့မကောင်းတဲ့ ထန်းခိုင်စောင့်တွေဆိုလည်းသံယောဇဉ်သိပ်တွယ်မနေနဲ့။ ခုတ်သာချပစ်လိုက် ဟုတ်တယ်ရယ်။

*'ရင်းထောင်ရင်းဆွဲ၊ ဆောင်မြူအိုး*
*လွယ်ကာ၊ ဓားနှီးထက်စွာ၊ ခါး*
*မှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင်၊*
*ရှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်၍*
*တက်သည်နှင့်ငလေး'*

ပဒေသရာဇ် ရှေးစာဆို ဝန်ကြီးပဒေသရာဇာကတော့ ထန်းသမားဘွဲ့ ဆိုပြီး အဲဒီလိုရေးခဲ့ဖူးတာဖတ်ရပါတယ်။ ထန်းရာသီရောက်ရင် ကိုဖိုးစိုးတို့မှာ ရင်းထောင်အသစ်ပြင်ရပါတယ်။ ရင်းထောင်ဆိုတာ ထန်းပင်ပေါ် တက်ဖို့ဝါးလှေကားကိုပြောတာပါ။ ဒါပေါ့၊ ကိုဖိုးစိုးတို့တက်ရတဲ့ထန်းပင်တွေက မြင့်ရင်မြင့်သလောက် ရင်းထောင်တွေဆိုတာ တစ်မျှော်တစ်ခေါ်ကြီးပါပဲ။ ဒါပေမယ့် ထန်းသမားတစ်ယောက် တစ်နိုင်စာ၊ ဝါးတစ်ပြန်စာပဲပေါ့။ ရင်းထောင်ကို ထန်းပင်ကပ်လို့ ထောင်လိုက်လို့မှ အပေါ် ရင်းဆွဲနဲ့ မစပ်မိဘူးဆိုရင်တော့ ထန်းသမားအဖို့ အဲဒီနေရာရောက်ရင် တော်တော့ဟာ ပေါင်လောင်ထိုးတက်ပေါ့။ဒါပေမယ့် နေ့တိုင်းအမှုကျတော့ ဘယ်ထန်းသမားမှမခံနိုင်တဲ့အခါ ရင်းဆွဲနဲ့ ဒီရင်းထောင်ကြားတစ်ခါ လှေကားတုံတစ်ခုပြန်ဆက်၊ ထန်းလျှော်နဲ့ခိုင်အောင်တုပ်ကြရတာပေါ့ဟုတ်ဖူးလား။

ရင်းထောင်မှာတပ်ရတဲ့ လှေကားထစ်လေးတွေဟောင်းနေရင် အသစ်ထည့်ရမှာ။ ဆီးသား၊ ရင်းမာသားက ရေဒဏ်၊ မိုးဒဏ်ခံတော့ခိုင်တာပေါ့။ ထန်းလက်ကနေ လျှော်ချ၊ စောင်းသပ်၊ ကျောသားနှစ်ပြားကို ခွာချ၊ လျှော်သပ်ရမှာ။ ထန်းလက်ခိုင်ရဲ့ ကျောသားနဲ့ ဗိုက်သားနေရာကလျှော်ကျတော့ လျှော်သပ်ရတာမကောင်းဘူး၊ မခိုင်ဘူးရယ်။ ထန်းသမားက ခါးပန်းလျှော်သပ်ရင် လက်နှစ်လုံးလောက် အပြားခံသပ်ရတယ်။ အဲဒီလျှော်က အပေါ်ကရင်းဆွဲကို ထန်းပင်လုံးနဲ့ကပ်ချည်ဖို့ပါ။ လျှော်က ရင့်ပြီးကောင်းရင်ကောင်းသလို နှစ်နှစ်လောက်အထိကို ခိုင်ပါတယ် ဟုတ်။

ထန်းတက်ရတဲ့ ရင်းထောင်တွေမှာ ကိုဖိုးစိုးတို့ အထက်ကြိုး၊ အောက်ကြိုးကိုတော့ ချည်ကြိုးနဲ့ထားရတယ်။ ထန်းပင်က သဲမြေဆိုတော့ ရင်းထောင်ထောင်ပြီးတက်တာနဲ့ ရင်းထောင်ရဲ့အရင်းက မတော် သဲထဲနစ်ဝင်နေရင်တော့ လှေကားမလဲအောင် ထန်းသမားက လှေကားတိုက်ရင်းက နည်းနည်းလှုပ်ပေး၊ ဆောင့်ပေးရတယ်။ ပြီးတော့ အထက်ကြိုးအောက်ကြိုးချည်ပေါ့။ ထန်းသမားတွေ 'ပေါ့'ရင် အဲဒါအထက်ကြိုးချည်ဖို့မေ့လို့ လှေကားထိပ်ရောက်ကာမှ . လှေကားလန်ကျ ထန်းလျှောရတဲ့ထန်းသမားတွေမှအများကြီးပါ။ အတူတူပဲ၊ ရင်းထောင်လှေကားထစ်တွေဆိုတာ ထန်းပင်မြင့်ရင် အထစ်လေးဆယ်လောက်ထိရှိတာရယ်။ အဲဒါ ထန်းသမားက ထန်းလှီးပြီးပြီဆိုပြီး နောက်တစ်ပင်ပေါ် တက်ဖို့ အောက်ပြန်ဆင်းမှာ အောက်ကြိုးဖြုတ်ပြီးမှ ရင်းထောင်က မ,မရပါဘူးဆိုကြည့်လိုက်တော့ လောတာရယ်။ အဆင့်မှာ ကြိုးမဖြုတ်ခဲ့တော့ ထန်းသမားဆို

www.burmeseclassic.com

ထန်းပင်ပေါ် တစ်ခေါက်ပြန်တက်ရတော့ ခရီးဖင့်တော့တာပေါ့ ဟုတ်ဖူးလား။

ထန်းရည်ချိုတွေရရင် မြူအိုးထဲမှာ ထန်းနို့ပွင့်တွေ၊ အမှိုက်တွေ၊ ပျားကောင်၊ ယင်ကောင်၊ သစ်ရွက်အမှုန်အမွှားတွေပါတော့ ထန်းလျက်ချက်မယ့်သူက သန့်အောင် ထန်းစစ်နဲ့စစ်ရတယ်။ တချို့ထန်းပင်တွေများ ထန်းရည်ကယိုလိုက်တာ ထန်းပင်မှာကြည့်တော့ ထန်းနို့၊ ထန်းသီးခိုင်က အပင်မှာလှီးစရာသာမကျန်သာ အပင်ရင်းကနေယိုနေတော့ ထန်းသမားတွေက ဘာလုပ်ကြရတယ် အောက်မေ့သတုံး။ သွပ်ပြားကို ရေတံလျှောက်ပုံစံလုပ်ထန်းရည်အိုးဆွဲကြရတာကော။

ထန်းလျက်ချက်တဲ့ဖိုထဲ 'လေ'ဝင်တော့ ထန်းလျက်'ထင်း'တွေ အလကားလောင်ကုန်မှာစိုးတာနဲ့ ထန်းသမားတွေက ထန်းလျက်ချက်တဲ့တဲကို ခပ်အုပ်အုပ်နိမ့်နိမ့်ဆောက်ကြတော့ ထန်းလျက်ချက်တဲ့တဲထဲမှာက မီးအပူနဲ့လောင်အိုက်နေတာပေါ့။ ဒီတော့လား ထန်းလျက်ချက်တဲ့ ထန်းသမားမိန်းမဆိုတာ ချွေးခံအကျႌနဲ့ဖြစ်ဖြစ်၊ ထဘီရင်ရှားနဲ့ဖြစ်ဖြစ်နေကြတာများတယ်။ ခွင်ပေါ်က ထန်းလျက်ဒယ်က အပွက်များပြီး အမြှုပ်တွေဝေကျပါများရင် တော်နေကြာ ထန်းလျက်ရည်တွေပါ ပါကုန်တော့မှာ။ သစ်သားယောက်မနဲ့ မပြတ်မွှေနေတဲ့ကြားက မနိုင်အောင် ဝေကျနေရင်တော့ ဘာမှလုပ်မနေနဲ့၊ အိုးနှုတ်ခမ်းသာ ကြက်ဆူဆီတို့လိုက်။ ဝေနေတာတွေတန်းကျကရောပဲ။ ဒယ်ထဲက ထန်းလျက်ရည်တွေ 'ဖိုက်'ခါနီး ပျစ်ခွဲခွဲဖြစ်နေချိန် ဆီအထည့်များရင်တော့ ထန်းလျက်ကလုံးလို့ မကောင်းပြန်တော့ပါဘူး။

ထန်းသမားကို ထန်းလျက်ချက်သမတွေက ပြောကြတာရှိတယ်။

"တော်တို့ ထန်းသမားတွေစာင် ပညာပါရတာဟုတ်ပါဘူးတော်။ ကျုပ်တို့လည်းပဲ ပညာပါရတာပါ"

ဆိုပြီး ပြောလေ့ရှိကြတယ်။ ဒယ်ထဲက ထန်းလျက်ရည်တွေကို မပြတ်မွှေနေကြရာက ယောက်မနဲ့ကော်ကြည့်လို့ အသားပြတ်ပုံရရင် အဲဒါချရတယ်။ ချတာစောလို့ ထန်းလျက်သားက နူးနေပြန်ရင် အပွေးမတက်ဘူး။ အပွေးမတက်တော့ ထန်းလျက်အခဲမဖြစ်တော့ဘူးပေါ့။ ထန်းလျက်သားကရင့်မှ အပွေးရင့်အသားတက်တော့မပေါ့။ ခတ်တာကရင့်လွန်းသွားပြန်ရင်လည်း အဲဒါထန်းလျက်က ချိုးဖြစ်၊ ပြာဖြစ်ပြန်ကရောပဲ။ ဒီတော့ ထန်းလျက်ချက်သမတွေမှာက မီးလွန်မှ ထန်းလျက်သားကောင်းကောင်းရကြတာရယ်။

အစောက ကိုဖိုးစိုပြောခဲ့တာတွေက ထန်းဖိုနဲ့ ပတ်သက်တာတွေပေါ့။ ထန်းမကျတော့ ထန်းသီးသီးတယ်။ အဲဒီထန်သီးခိုင်ကနေ ထန်းရည်အချိုထွက်အောင် ထန်းသီးခိုင်ကိုရောင်ရိုက်ကြရတာ ရောင်ရိုက်တယ်ဆိုတာက ထန်းသီးခိုင်ကနေ ထန်းရည်ယိုအောင် ထန်းသီးလုံးရဲ့နောက်နားဆီးရိုက်ပေး၊ ထုပေးရတာမျိုးပါ။စာဆိုကတော့ 'သီးရင့်နောက်၊ ရောင်ရှေ့'လို့ ဆိုပါတယ်။ အသီးနုကိုလုပ်တာက ရောင်ရိုက်တာပါ။ သီးရင့်ကိုကျတော့ခတ်ယူရတယ်။ သီးရင့်ကိုရောင်ရိုက်ပြီးရင် အဲဒါ ရောင်ရည်ရလာရော။ ရောင်ရိုက်ပြီးလို့ ထန်းလှီးထားပြီးပြီးဆိုရင် ပထမရက်ကို မျက်နှာအပုပ်ခံထားရတယ်။ ပါးပါးပဲလှီးရတယ်။ ထန်းသမားတွေ ထန်းလှီးရတဲ့စာချိုးက 'ထန်းဖို ဇာပေါက်၊ ထန်းမ လိပ်ပြာတောင်'တဲ့။ ထန်းဖိုလှီးထားတဲ့ ဓားစာဘက်ကပါးတော့ အကျႌဇာပေါက်လိုမျိုးပေါ့။ ထန်းမကိုလှီးထားတဲ့ ဓားစာဘက်ကိုကြည့်စော့ လိပ်ပြာတောင်ပုံစံလေးပေါ်နေတာ၊ ဒါကိုပြောတာပါ။

ကိုဖိုးစိုတို့ ထန်းမ'တိုက်'တော့မယ်ဆိုရင် လက်သားအခိုင်တွေခုတ်ပစ်ရတယ်။ လှီးမယ့်ထန်းခိုင်ပဲချထားရတာ။ ထန်းသီးခိုင်ကို ထန်းပင်ရဲ့ပင်စည်နဲ့တိုက်တာက ထန်းတိုက်တာပါ။ ထန်းမတိုက်ခင် ဒီအခိုင်က ထန်းရည်အယိုကောင်း၊ မကောင်း အခိုင်ကထန်းသီးတစ်လုံးကို ဓားနဲ့ဖွင့်ကြည့်၊ အကြောကြည့်ကြရတာ နောက်တော့မှတိုက်ရတာ။ ထန်းတိုက်ချိန်ဆိုကြည့်နေပါဗျာ။ ဟိုတောဒီတောကနေ တဒုန်းဒုန်းနဲ့ အသံတွေကြားရပါလိမ့်မယ်။ အဲဒီလိုထန်းတိုက်ပြီးမကြာဘူး၊ 'လေမ'တာနဲ့၊ တိုက်တာနဲ့ထန်းရည်တွေကယိုတော့တာပါပဲ။

ထန်းသမားတွေ ထန်းတိုက်ကြတယ်ဆိုတာ ထန်းသီးခိုင်အနုကို ထန်းပင်ရဲ့ပင်စည်နဲ့ တိုက်တာ။ ရေထွက်အောင်တိုက်တာ။ အဲဒီလိုထန်းတိုက်ရင် နှစ်မျက်နှာမိအောင်တိုက်ရတယ်။ အဲဒါမှ ထန်းသမားတွေက အူပတ်လည်နပ်မိမှာလို့ ဆိုကြပါတယ်။ ထန်းတိုက်တဲ့အခါ ဒီအပင်က အကြိမ် (၅၀) တိုက်နေကျဆိုရင် နောက်နှစ်လည်း ပုံမှန် (၅၀) တိုက်ရတာပဲ။ တစ်ကြိမ်တည်းနဲ့တော့ အကြိမ် (၅၀) ထိ ဘယ်ကလာတိုက်ကြပါ့မလဲ။ အရင် သုံးပုံနှစ်ပုံလောက်တိုက်ထားရတာပေါ့ ဟုတ်ဖူးလား။ လှီးပြီးသားထန်းသီးကနေ ထန်းရည်အချိုရည်ကျတာနမ့်နာကြည့်။ ထန်းရည်ချိုကျတာက ပြတ်ပြီးမှကျတယ်။ လှီးထားတဲ့ထန်းသီးနဲ့မျက်နှာစာလည်းပြည့်နေတာမြင်ရရင် အဲဒါယိုတော့မှာသိပ်မလိုတော့ဘူးဆိုတဲ့သဘောပေါ့နေဒ်။

ထန်းတိုက်တယ်သာပြောတာပါ တချို့ထန်းပင်တွေကျတော့ အတိုက်ကြမ်းလို့ ရာချိုထောင်ချိုတိုက်ရတော့ ကိုဖိုးစိုတို့ ထန်းသမားတွေပန်းကြတာပေါ့။ ထန်းတိုက်ပြီးလို့ မျက်နှာဖွင့်တဲ့ရက်ရွှေ့ရင်လည်း ထန်းသမားတွေထုံးစံက နေ့ကောင်းရက်သာရွေးကြရသေးတာရယ်။ ထန်းရည်ကလည်း လူတွေရဲ့သွေးလိုများလားမှ မသိတဲ့ဟာ။ ကိုဖိုးစိုတို့က နေပူတဲ့ရက် ထန်းဖွင့်ကြတာများတယ်။ အဲဒီရက်ရောက်ရင်ပိုယိုလို့ဆိုလားပါ ဟုတ်။

*'တောင်တော် တောင်တော်သာ*
*ယာပန်းပျိုးစုံလင်စွာ ပွင့်မာလာ၊*
*ခတ္တာ၊ ရွှေအင်ကြင်း၊ ဇလပ်ဝါ၊*
*ထပ်တစ်ရာရယ်လေ၊ ကြိုင်ဝါလို့*
*မွှေး အို - မမုန်းနိုင်ပါ'*

မိုးလေးကလည်းအုံ့၊ ဒီနှစ်ထန်းလျက်တွေကရ။ တက်ရတဲ့ထန်းပင်ကလည်း နိမ့်နိမ့်လေး။ ထန်းဖင်တွေဆိုတာက ထန်းရည်ချိုတွေကလည်း ယိုလိုက်ယိုလိုက်တာ။ ဒီတော့လား ကိုဖိုးစိုတို့တစ်တွေ ဘယ်လောက်ပဲဆင်းရဲပင်ပန်းလှတဲ့ထန်းသမားဘဝဖြစ်ပလေ့စေ ကိုယ့်စိတ်ကူးလေးနဲ့ကိုယ် တစ်ပင်ဆင်း၊ တစ်ပင်တက်နဲ့ စိတ်ကရွှင်လာတော့ ပွဲထဲကနှစ်ပါးသွားသီးချင်းလေးကို ထန်းပင်ပေါ်ကနေ ဟဲလိုက်မိပြန်ကရောပေါ့။ ထန်းရလို့ကတော့လား လှူရတန်းရချည်သေးရဲ့။

ထန်းမပင်က ထန်းစနှပ်ထားရင် အချိုရည်အလာကောင်းအောင်နေပလေ့စေ နောက်ထပ် ထပ်မလှီးသေးဘူး။ မြူအိုးလည်း မဖြုတ်ဘူး။ သူ့ဟာနဲ့သူအချဉ်ပေါက်ချင်ပေါက်ပလေ့စေပါ ဒီအတိုင်းထားကြရတာ။ လှီးထားတဲ့ မျက်နှာပြင်မှာကထန်းရည်တွေ'ရိ'လာတယ်။ အုပ်တွဲကျလာပြီဆိုမှ အဲဒါအယိုကောင်းတော့တာရယ်။ ထန်းမကိုလှီးရတဲ့အခါ ထန်းသီးလုံးကုန်တာနဲ့ အဲဒါ ခရမ်းညာကိုရောက်ကရောပဲ။ ထန်းလှီးသမားကလက်ရိုးအထိ တက်လှီးသွားလို့ရတယ်။ တချို့အယိုကောင်းတဲ့အပင်များ ထန်းသီးခိုင်ကျတဲ့အထိ အညာရောက်အောင်ယိုကြတာကလား။ ဒီတော့လား ကိုဖိုးစိုတို့ထန်းသမားတွေက ထန်းရည်ချိုအယိုမပျက်အောင် ထန်းပင်ရင်း လျှာထောက်ပေးကြရတယ်။ လျှာထောက်တယ်ဆိုတာက အပင်ရင်းက ယိုလာမယ့် ထန်း



www.burmeseclassic.com

www.burmeseclassic.com

ရည်ချိုတွေစီးလို့ရအောင် ထန်းဖူးစနဲ့ခံပေးထားတာကို ပြောတာပါ။ အရေးထဲ ဒီထန်းလျှာကို ကျီးကန်းတွေက အစာမှတ်ပြီးဆွဲလားဆွဲကြရဲ့ အံ့ပဲ။

ကိုဖိုးစိုတို့ရွာက တောင်ဦးပါ။ တောင်ဦးအရှေ့ဘက်တာလမ်းနံဘေးကရွာက ကုက္ကိုစုတဲ့။ အဲဒီရွာတွေမှာက ထန်းနောက်ဆွဲရှိကြတယ်။ ထန်းနောက်ဆွဲဆိုတာက တခြားရွာကထန်းမတွေ ထန်းတိုက်သလို တစ်နှစ်တစ်ခါ တိုက်စရာမလိုဘူး။ တစ်နှစ်ခြားလောက်မှ တစ်ခါထန်းတိုက်ကြရတာ၊ အံ့ရောနော်။ ဒါပေမယ့် တစ်ခုခက်တာက တချို့ထန်းပင်တွေဆိုတာ မယိုလို့တစ်နှစ်ခြားစောင့်ပြီးမှ ထန်းတက်ရတော့ ကိုဖိုစိုတို့ ထန်းတက်၊ ထန်းလျက်ချက်မှစားရတဲ့ ထန်းသမားတွေဘဝ မတက်ရတဲ့နှစ် ဘာနဲ့သွားစားကြရပါ့။ ပိုက်မှောက်နေလို့ကလည်း ဖြစ်မှမဖြစ်တဲ့ဟာကြီးကိုနော်။

ထန်းရည်တွေယိုလို့ ထန်းလျက်တွေရရင် ထန်းသမားဆိုတာက ပျော်နေကြတာပါပဲ။ ထန်းပင်တွေ၊ ထန်းတောတွေထဲမှာ ညောင်ပင်ထန်းဖိုဆိုတာ ရှိတယ်။ သူများတွေက တစ်ရက်ကို နှစ်ခေါက်ချ၊ မြူအိုးနှစ်ခါလဲရရင် အဲဒီထန်းပင်တွေက ထန်းရည်တွေယိုလွန်းလို့ မြူအိုးနှစ်ခါ တောင်ပြန်ချိတ်ယူရပါတယ်။ ဒါကြောင့်မို့ ထန်းသမားတွေက အဲဒီညောင်ပင်ထန်းဖိုတွေကို တအားစွမ်းတဲ့ထန်းဖိုပင်လို့ ပြောနေကြပါတယ်။ ထန်းတက်ကြရတဲ့အခါ ကိုဖိုးစိုတို့ထန်းသမားတွေအတွက်ကတော့ ထန်းကြီးတွေက ပိုငြိမ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ထန်းကြီးတွေက နှစ်တိုင်းကျင့်သားရနေပြီးသားမို့ပါ။ ထန်းရိုင်းတွေ၊ ဒီဘက်နှစ်ကျမှစလှီးရတဲ့ ထန်းတွေကတော့ ဓားမငြိမ်ရင် ထန်းရည်မယိုပါဘူး။ တိုက်ဖူးတဲ့ထန်းတွေကထန်းရည်ချိုယိုပလားဆိုရင် မနိုင်အောင်ယိုလို့ မြူအိုးနှစ်လုံးတောင်မှဆင့်ကြရတာမျိုးတောင်မှရှိသေးရဲ့ ဟုတ်။

ထန်းလျက်ချက်ကြတဲ့ခါ 'ထုံး' က အခရာပါ။ ထုံးကလည်း ပါဝါရှိမှပါ။ ထုံးက ဟောင်းနေပြီးအစွမ်းမရှိရင် ထန်းရည်ချိုကချဉ်ရော။ ဒီတော့ မြူအိုးထဲထုံးထည့်တယ်ဆိုပေမယ့် ထန်းသမားက ထန်းရည်ချိုအိုးကို ထန်းပင်ပေါ်ချိတ်တဲ့အခါ လှုပ်ပေးခဲ့မှ ထုံးကသမမှာပ။ ထန်းသမားတွေအတွက်ကတော့ ရာသီကလေအေးထဲမှာ အနောက်မြောက်လေကလေးများတိုက်ပလားဆိုမှဖြင့် ထန်းသမားတွေ အပြောကတော့ နန္ဒင်းမှုန့်ကလေးများဖျူးလိုက်သလို ထန်းရည်ယိုပလားဆိုမှဖြင့် ပျော်နေကြတော့တာပါပဲ။

အညာမှာကတော့ အနောက်မြောက်လေနီကျပြီးရင် ယာသမား၊ ပဲသမားတွေက အစေ့အဆန်အောင်ဖို့ မိုးကျတော့မှာဆိုပြီးပျော်နေကြသလောက် ကိုဖိုးစိုတို့ ထန်းသမားတွေကတော့ဖြင့် ကြောက်ကြပါတယ်။ အဲဒါ အနောက်မြောက်ဆီမှာ ဖုန်တွေနီနေတာမြင်ပလားဆိုရင်တော့ အဲဒါ ရောက်တဲ့ထန်းပင်က အမြန်ဆင်းသာဆင်းပေတော့။ ရင်းထောင်တွေဘာတွေလဲ မသကာ အဲဒါနောက်မှသာယူပေတော့။ အထက်ကြိုး၊ အောက်ကြိုးတွေ ဖြုတ်မနေတော့နဲ့။ နို့မို့ရင်လား ကိုဖိုးစိုကိုယ်တိုင်ခံခဲ့ရဖူးတယ်။ လေနီကြမ်းလာတာ အမှုမထားမိတော့ ထန်းပင်ပေါ် တင်ခံရတာ။ ဘယ်ဆင်ဆိုးကြီးက သူ့ကျောပေါ် ဆင်ဦးစီးအတက်မခံချင်တာနဲ့ခါခါချသလိုမျိုး။ အဲဒီနေ့က ကိုဖိုးစိုတော့ ဒီတစ်သက်သွားပြီလို့ကို ထင်တာ။ ရောက်တဲ့နေရာ ထန်းပင်ကြီးကို အသားကုန်ဖက်တွယ်ထားရလို့မြုတ်မကျခဲ့တာပါ။ လူတစ်ကိုယ်လုံးပြန်ကြည့်တော့ ရင်ဘတ်တွေဆိုတာပွန်းလို့ပဲ့လို့။

ရေစကြိုနယ်တစ်ကြော ထန်းလျက်ချက်ကြတဲ့နေရာမှာ 'ဖုလုံ'ရွာက နာမည်ရတယ်။ တမာတန်းတို့၊ ဖုလုံတို့က ထန်းလျက်အချောတွေချက်ကြတယ်။ ထန်းလျက်ဖြူဖြူသေးသေးလေးတွေဆိုတော့ ရောင်းတဲ့နေရာကလည်း ဈေးသာတာပေါ့ဟုတ်ဖူးလား။ တချို့ရွာတွေကျတော့ ထန်းလျက်ကြမ်းပဲချက်ကြတာ။ ပခုက္ကူဘက်ကထန်းသမားတွေဆိုပိုဆိုး။ လက်သီးဆုပ်ခဲလောက်ထန်းလျက်ခဲကြီးတွေပဲလုံးကြတာ။ကြည့်ရတာ ထန်းလျက်ချက်တဲ့လူတွေက စိတ်မရှည်ကြဘူးနဲ့တူရဲ့။ ထန်းသမားတစ်ယောက်ဟာ တစ်ရက်ကို ထန်းပင်အစိတ်တက်နိုင်ပါတယ်။ ထန်းပင်မျက်နှာမြင်တာနဲ့ ထန်းသမားက ထန်းပင်ပေါ် ရောက်နေပေါ့ဆိုရင် တစ်မနက်ခင်းတင်ကို ထန်းလျက်နှစ်ဆယ်လောက်က အသာလေးရကြတာပါ။ နေ့ခင်းပိုင်း တခြားအလုပ်တောင်လုပ်နိုင်သေးရဲ့။

ကိုဖိုးစိုတို့ ထန်းသမားလောကမှာတော့ 'ထနောင်းခါလှ'ရွာက ထန်းသမားတွေက ဝီရိယအရာမှာသာကြပါတယ်။ ထန်းသမား၊ မြူအိုးကောက်၊ ထန်းလျက်ချက်သုံးယောက်ဟာ တစ်ခါတည်းကပ်ပါလာကြတာပါ။ ဒီထက်ကောင်းတာကတော့ ရွာကနေထွက် ထန်းရာသီဆိုရင် တဲထဲသွားနေကြတာပါ။ တစ်မိသားတည်းဆိုရင်တော့ ပြောစရာမလိုတော့ဘူးပေါ့။ ထန်းသမားတစ်ယောက်ဟာ တစ်ရက်ကို ထန်းနှစ်ခါလှီးရပါတယ်။ ဓားက မြည့်နေအောင်ထားရတော့ တစ်ရက်သုံးခါသွေးရတယ်။ သွေးပြီးသား ဓားထက်၊ မထက်ကို စမ်းချင်ရင်တော့ ခေါင်းကဆံပင်နောက်စေ့အောက်ကို ရိတ်ရိတ်ကြည့်ရတယ်။ ရွာထဲမှာ ထန်းသမားတွေဆိုတာ သိသာတယ်။ ဆံပင်နောက်ခွက်ကလေးနဲ့ပါ။ တချို့ ထန်းသမားတွေကတော့ လက်သည်းပေါ်ကို ဓားနဲ့အသာထစ်ထစ်ပြီးမှ စမ်းကြတာပါ။ မြည့်၊ မမြည့်ပေါ့။

တကယ်တော့ ကိုဖိုးစိုတို့ ထန်းသမားတွေ ထန်းလှီးကြတယ် ဆိုတာ အနာကိုဆွဲဆွပေးတော့ အနာက ပြည်တွေတစိုစိုနဲ့ရှိနေသလိုမျိုးပါ။ မနေ့က လှီးခဲ့တဲ့ထန်းဟာ ထန်းရည်ချိုတွေထွက်၊ အဖတ်တွေကပ်၊ အမှုန်အမွှားတွေကပ်၊ လေသလပ်တော့ ခြောက်ရင် ထပ်မယိုမှာစိုးလို့ မျက်နှာကို ပြန်ပြန်ဖွင့်ဖွင့်ပေးရတဲ့သဘောပါ။ ထန်းသမားတွေထန်းလှီးကြတဲ့အခါ လှီးနပ်ပြန်ရင် ထန်းရည်ချိုအထွက်လျော့ပါတယ်။ ထန်းသီးလုံးကသာ တဖြည်းဖြည်းကြီးလာမှာပါ။

ထန်းလျက်တွေထဲမှာ ထန်းဖိုဦးထန်းလျက်ဆိုတာ နုရစ်ရည်ကိုချက်ရတဲ့ထန်းလျက်ပါ။ ထန်းဖိုဦးထန်းလျက်တွေဟာ ချက်ခါစမှာမာပါတယ်။ အိုးထဲသိပ်ထားပြီး နှစ်ပေါက်တော့မှ ပျော့တာပါ။ ထန်းဖိုဦးထန်လျက်ကို ဆေးဖော်တဲ့နေရာသုံးကြလို့ တန်ဖိုးကြီးတာပါ။ ဘာပြုလို့လဲတော့ဖြင့် မသိပါဘူး။ ထမ်းဖိုဦးထန်းလျက်ကို ခွေးတွေဘာတွေမကျွေးရဘူးတဲ့။ ရူးတတ်လို့ဆိုလားပါ။ တခြားရွာကထန်းသမားတွေက မနက်ခင်းလေးတင် တစ်ရက် ထန်းလျက် အစိတ်၊ သုံးဆယ်ရအောင်ချက်ပေမယ့် ကိုဖိုးစိုတို့ တောင်ဦးရွာကထန်းသမားတွေက ထန်းလျက် (၅) ပိဿာ၊ (၁၀) ပိဿာနဲ့တို့ တစ်နေကုန်ချင်ကုန်နေကြတော့တာပါ။ မိုးကြီးချုပ်မှ အိမ်ပြန်ကြတာချည်းရယ်။

တောင်ဦးထန်းလျက်က တခြားအရပ်တွေထက် သာတာက အချိုဓာတ်ကျတော့ ပိုတာပါ။ ရေမြေကြောင့်နေတော့မပေါ့။ ပြောလို့သာပြောတာပါ။ ခုတောင်ဦးမှာ ထန်းသမားလူငယ်တွေ မရှိကြတော့ပါဘူး။ တစ်ပြည်တစ်ရွာအလုပ်ရှာထွက်ကြပေါ့။ ထန်းပင်တွေဆိုတာ ရိုင်းကုန်ပေါ့။ ထန်းတစ်ပင်ရွာဘက်မတော့ ဘုရားစူးလွတ်ရုံ ထန်းသမားတွေရှိကြသေးတယ်ပြောရဲ့။ ထန်းအလုပ်က လူခန်းတာကိုး။

မောင်သင်းထုံ (ကျောက်မဲ)




www.burmeseclassic.com

www.burmeseclassic.com



# မန်ဒိန်းဇာတာဟောကိန်း

## (၁၈-၁၀-၂၀၁၄) နေ့မှ (၁၆-၁၁-၂၀၁၄) နေ့အထိကာလ




### နေကြတ်ဇာတာ

### ၂၄-၁၀-၂၀၁၄ နေ့ နံနက်(၄း၀၅) နာရီ

၁၈ - ၁၀ - ၂၀၁၄ ရက်နေ့နံနက် (၈း၃၀း၁၂) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် တူရာသီသို့ ကူးပြောင်း ဝင်ရောက်ချိန်၌ ဥဒယလဂ်သည် ဗြိစ္ဆာရာသီထဲရှိ (၂)ဒီဂရီ (၁၄)မိနစ်ဝယ်ပေါ် ထွက်လျက်ရှိသည်။ ဤသို့ဖြင့် ၂၀၁၄ခုနှစ်၊ တူရာသီ မန်ဒိန်ဇာတာဖြစ်သလို တူရာသီ စူဠသင်္ကြန်ဇာတာဖြစ်ပေါ်လာခဲ့ရသည် ဖြစ်၏။ ထူးခြားချက်တစ်ခုမှာ ဤကာလ၏ ၂၄-၁၀-၂၀၁၄ ရက်နေ့ နံနက် (၄း၀၅) နာရီ၌ နေသည် တစ်စိတ်တစ်ဒေသ ကြတ်သည် ဖြစ်၏။ သို့တစေ ဤနေကြတ်ခြင်းကို မြန်မာပြည်က မြင်တွေ့ခွင့်ရမည်မဟုတ်ပါ။ သို့ဖြစ်သည့်တိုင် နေကြတ်ခြင်း၏ သက်ရောက်မှုသည် ဤမြန်မာပြည်သို့ တစ်စုံတစ်ခုသောရလဒ်ကိုပေးနိုင်ကောင်းမည်ထင်သည်။

ဤဇာတာ၏ မှတ်သားဖွယ်ရာတစ်ခုမှာ ကန်ရာသီ လာဘဘာဝ၌ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ ရာဟုဂြိုဟ်တို့ (၂) ဒီဂရီအတွင်း၌ ပူးကပ်နေပြီး ထိုသောကြာဂြိုဟ်သည်ပင် တူရာသီရှိ တနင်္ဂနွေဂြိုဟ်နှင့် (၂) ဒီဂရီအတွင်း ပူးကပ်လျက်ရှိသည်။ နောက်ဥဒယလဂ်သည် ဗြိစ္ဆာရာသီ၌ တည်ရှိကာ တူရာသီက ဥစ်ဆင်း စနေဂြိုဟ်၊ ဗြိစ္ဆာရာသီက နိစ်၊ တနင်္လာဂြိုဟ်နှင့် ပူးကပ်နေကာ အင်္ဂါဂြိုဟ်က တနုဘာဝ၌တည်ရှိသည်။ ပြီး သောကြာဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေနတ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ယူရေနတ်ဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က ဥဒယလဂ်ကို (၉၀) ဒီဂရီအမြင်တို့နှင့် ထူးခြားစွာ အမိကရအမြင်အယှဉ်ရှိသည်ကို တွေ့ရသည်။ ထို့အပြင် တနုဘာဝက အင်္ဂါဂြိုဟ်က နက်ပကျွန်းဂြိုဟ်ကို (၇၂) ဒီဂရီအမြင် မြင်ထားကာ နက်ပကျွန်းဂြိုဟ်နှင့် ယူရေးနတ်ဂြိုဟ်တို့ ရာသီအိမ်ချင်း ဖလှယ်ထားကြသည်ဖြစ်၏။

၎င်းတို့ကို အနှစ်ချုပ်၍ လိုရင်းကို ကောက်ပြောရလျှင် ပညာရေး၊ မီဒီယာအရေး၊ ဘာသာရေး၊ လူမျိုးရေး၊ တိုင်းရင်းသားအရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုပြင်ရေး၊ ဒေသငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ လွှတ်တော်၌ အကျောက်အကန် ရှုန်းရင်းဆန်ခတ် ဆွေးနွေးရမှုရှိမည်။ အားပြိုင်မှု၊ လွန်ဆွဲမှု၊ ထိုးနှက်မှု၊ အပုပ်ချမှုများကို စိတ်မချမ်းမြေ့ဖွယ်ရာတွေ့ရလိမ့်မည်။ ဥပဒေဆိုင်ရာ မကျေနပ်မှုများကြောင့် ဝရုန်းသုန်းကား အတိုက်အခံအရေးဆိုမှုများ တင်းမာလာမည်။ လွှတ်တော်၌ နာရေးကိစ္စတစ်ခုနှင့် ဆက်နွယ်သွားတတ်မည်။ ပြီး လွှတ်တော်ဆိုင်ရာဝေဖန်စောကြောစရာများလည်းထွက်ပေါ်လာတတ်သည်။

ဘာသာရေး၊ ပညာရေးနှင့် ပတ်သက်နေသော လူမျိုးရေး၊ တိုင်းရင်းသားအရေးနှင့် စပ်လျဉ်းနေသော သာမန်မဟုတ်သည့် အရေးဆိုတောင်းဆိုမှုများ ဖြစ်ပေါ်တတ်မည်။ နိုင်ငံခြားနှင့်ဆက်နွယ်နေသော တရားမဝင်လူဝင်လူထွက်ကိစ္စ၊ နယ်စပ်ရေးရာကိစ္စ၊ လုံခြုံရေးကိစ္စ၊ ပြည်ပနှင့်ဆက်နွယ်နေသော NGO အဖွဲ့များကြောင့် မလိုလားအပ်သော တက်ကြွလှုပ်ရှားမှုများ၊ မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်တတ်မည်။ လက်နက်ကိုင် ပဋိပက္ခ၊ အကြမ်းဖက် ပဋိပက္ခအသွင်တစ်မျိုးနှင့် ဆက်လက်ရှိနေဦးမည်။

အကောက်အခွန်ကိစ္စ၊ အစုရှယ်ယာကိစ္စ၊ တရားမဝင်ငွေကြေးကိစ္စ၊ ငွေကြေးဈေးကွက်ကိစ္စ၊ ဘဏ္ဍာရေးနှင့် ဘတ်ဂျက်များကိစ္စအတွက် အကျယ်အကျယ် မငြိမ်းဖွယ် ဖြေရှင်းချက်မကုန်ဖြစ်တတ်မည်။ အိမ်ယာမြေကိစ္စ၊ လယ်ယာမြေကိစ္စ၊ အိုးအိမ်ပိုင်ဆိုင်မှုကိစ္စ၊ သတ္တုတူးဖော်ရေးကိစ္စ၊ သစ်တောဆိုင်ရာကိစ္စများကြောင့် အရေးဆိုတက်ကြွလှုပ်ရှားမှုများ တင်းမာသည်ထက် တင်းမာလာမည်။

ဓာတ်ငွေ့၊ ရေနံ၊ သတ္တုတူးဖော်ရေးတို့နှင့် ဆက်နွယ်နေသော လုပ်ငန်းများ၌ မတော်တဆဖြစ်ပွားမှုများရှိတတ်မည်။ ပညာသင်ကြားသည့်နေရာ၊ ဖြေဖျော်ရေးနေရာ၊ ပျော်ပွဲရွှင်ပွဲနေရာ၊ လူထုစုဝေးမှုများသည့်နေရာများ၌ မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်ပေါက်တတ်မည်။ ကလေးလူငယ်တို့နှင့် ဆက်နွယ်နေသော အပျော်တမ်းအဖွဲ့အစည်းတို့နှင့် ဆက်နွယ်နေသော မလိုလားအပ်သည့် ပြဿနာများကိုလည်း ရင်ဆိုင်ရတတ်မည်။ ကလေးသူငယ်၊ အမျိုးသမီးတို့နှင့်ဆက်နွယ်နေသော ရာဇဝတ်မှုခင်းများ၊ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော ရာဇဝတ်မှုခင်းများကလည်း အတော်မသတ်နိုင်သလိုရှိနေမည်။

ပုံမှန်မဟုတ်သော မိုးလေဝသဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်း တွက်ခြေမကိုက်ရှိနေမည်။ လေပြင်းမုန်တိုင်း၏ ပြင်းထန်စွာ ခြိမ်းခြောက်မှု၊ ထိုးနှက်မှုကို ရင်ဆိုင်တွေ့ရလိမ့်မည်။ ဆည်မြောင်း၊ တာတမံကြောင့် ပြဿနာတက်တတ်မည်။ ရေကြောင့် ဒုက္ခတွေ့တတ်မည်။ မီးဘေး၊ လက်နက်ဘေး၊ ပဋိပက္ခဘေးရှိနေဦးမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

တချို့တလေသော ဖြစ်ရပ်မှန်တို့သည် ကာယကံရှင်၏ ဂုဏ်သိက္ခာကို ငဲ့ကွက်၍ နေရပ်ဒေသနှင့် နာမည်မှန်များကို လွှဲပြောင်းရေးသားရသည်လည်း ရှိ၏။ မည်သို့ပင်ရှိစေကာမူ ငါနှင့်မှ တိုက်ဆိုင်လွန်းလိုက်တာဟု၍ သက်ဆိုင်သူတို့က ရိုးတိုးရိပ်တိပ် ရိပ်စားမိနိုင်ကြသည်။


'သမားမတတ် လူကိုသတ်သလို' ဖြစ်ခဲ့သော လုပ်မှားကိုင်မှားများကြောင့် တစ်လျှောက်လုံး အလွဲလွဲအချော်ချော် ကစဉ့်ကလျားရှိခဲ့ငြားသော်လည်း အချို့မိမိကိုယ်ကို သတိမထားမိကြပေ။ ငါ့အဖြစ်နဲ့တူလိုက်တာ။ ငါလည်း သူတို့မကြိုက်တာလုပ်မိပြီနဲ့တူတယ်ဟူသော အတွေးများဝင်လာကာ ဆင်ခြင်သွားတတ်ကြပါသည်။

အရှေ့ဟိုအဝေးတွင် တောင်နှင့်မြောက်ဝပ်စင်းလျက်ရှိသော တောင်စဉ်တောင်တန်းအထပ်ထပ်သည်ရှိ၏။ ညို့ညို့ဆိုင်းဆိုင်း ပြာရီမှောင်သန်း၍ သည်ဘက်တွင် ထိုးထွက်နေသော တောင်ထွတ်ကြီးတစ်ခုကား ထီးထီးတည်းရှိ

(သာစည်)

# အာကာသ

## လူတစ်ပါးလိုက်ရိပ်မြို့
## စလောတာအာဟုန်ကြောင့်ဖျက်မိလေရာ





www.burmeseclassic.com

www.burmeseclassic.com

နေသည်။ တောင်ထိပ်ကမ်းပါးယံနှင့် ကျောက်သားဖွေးဖွေး ဆင်ရုပ်သဏ္ဍာန် ခပ်ရေးရေးကို ဆင်နှင့်တူသဖြင့် ပြော ဆိုရာမှ 'ဆင်တောင်' ဟူ၍ ရှေးပဝေ သဏီကတည်းကပင် ခေါ်ဝေါ်ခဲ့ကြလေ သည်။

ဆင်တောင် မဟာမြိုင်ချိုင့်ဝှမ်း ကား သစ်တောဝါးတောများ ပြွတ်သိပ် ထိုးလျက်ရှိပြီး တစ်မျှော်တစ်ခေါ် တစ်ပြင်တည်းကြီး ကျယ်ပြောလှသည်။ မဟာမြိုင်တစ်ကြောတွင် မိုးခပ်ညို့ညို့ ရွာသည်နှင့် ရေဝေရေလဲတစ်လျှောက် မှ တောင်ကျရေများ တရကြမ်းထိုးဆင်း ကာ ကျောက်ဖျာချောင်းအတိုင်း စမုန် မြစ်ထဲသို့ စီးဝင်ကြပါသည်။

တောင်ကျရေများကို ကျောက် ဖျာချောင်း၏ ဝဲ၊ ယာတွင် လက်တံ ထိုးမြောင်းပေါင်များပြုလုပ်၍ သွယ်ယူ ကာ စပါးသီးနှံများ စိုက်ပျိုးကြသည်။ ချောင်းကမ်းပါးတစ်လျှောက်တွင် သန်း တောရွာ၊ မြောင်းဦးရွာ၊ အလယ်ကန်ရွာ၊ သာဂရရွာအစရှိသော တောင်သူတို့၏ လုပ်ကွက်များရှိပြီး ရွာနှင့် ဝေးလံကြ သည်။ အချို့သော တောင်သူများကား ချောင်းကမ်းနဖူးထိပ်တွင် အမြဲနေတဲ ကလေးများကိုဆောက်လုပ်ကာ မိသားစု များပါ နေထိုင်ကြလေသည်။

ကျောက်ဖျာချောင်းတွင် မိုးကုန် ၍ တောင်ကျရေများမဆင်းတော့သည့် တိုင် တသွင်သွင်စီးနေသော စိမ့်စမ်းရေ များက တစ်ဆောင်းလုံး၊ တစ်နွေလုံး ပြတ်လပ်သွားသည်မရှိခဲ့ပေ။ ရွာနီးချုပ် စပ်များနှင့် ကွာလှမ်းသဖြင့်လည်း တော အုံမျက်မှည်းများ ထူထပ်စွာရှိနေပြီ။ ချောင်းကမ်းပါးအစပ်များတွင် ဆူးရစ် ချုံ၊ ကလိမ်ချုံ အစရှိသည့် အပင်များ ပိတ်ပိတ်သားရှိနေသည်။

ရွာတွင်နေမည်ဆိုလျှင် မီးဖိုချောင် သုံးအတွက် ထင်းပုပင်ရ၊ ကျွဲနွားတိရ





www.burmeseclassic.com

www.burmeseclassic.com

ဈာန်နှင့် လူသုံးရေအတွက် လုံးပမ်းရနှင့်ရေ၊ ထင်းကိစ္စက အလုပ်ကြီးတစ်ခုလိုဖြစ်နေသည်။ ကျောက်ဖျာချောင်းကမ်းပါးရှိ ယာခင်းထဲတွင်ပင် တဲဆောက်ပြီးနေလိုက်ရသည်က နေ့စဉ် ယာတဲနှင့်ရွာအသွားအပြန်လုပ်ရသောဒုက္ခ၊ ရေမကြွယ်ထင်းမကြွယ်ဖြစ်ရသောဒုက္ခကလည်း အေးငြိမ်းသွားလေသည်။

ဟင်းလျာအတွက်ဆိုလျှင်လည်း ယာထဲမှထွက်သောအသီးအနှံကို ဆွတ်ခူးပြီးဖြစ်စေ၊ ဝါးရင်းမို၊ မျှစ် အစရှိသည်ကိုပဲဖြစ်စေ လွယ်လင့်တကူ ချက်ပြုတ်စားနိုင်သည်။ အစစအရာရာကုန်ကျစရိတ်သက်သာသဖြင့် တစ်ခုလပ်နှင့် တစ်လင်ကွာ အပျိုဆယ်တွဲနှင့် မလဲပါဟုဆိုရလောက်အောင် အဆင်ပြေလွန်းလှပါသည်။

ကျောက်ဖျာချောင်းကမ်းပါးတစ်လျှောက်တွင် တစ်တဲထီးထီးနေကြသူများရှိသကဲ့သို့ နှစ်တဲ၊ သုံးတဲအစု၊ လေးငါးဆယ်တဲအစုများနှင့် နေကြသည်လည်းရှိသည်။ အင်းပက်လက်တဲကုန်း၊ သစ်စီး၊ ရေတဲကုန်း အစရှိသောတဲကုန်းတို့သည် ရွာငယ်ကလေးတစ်ရွာမျှရှိပြီး လယ်ယာကိုင်းကျွန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ချောင်ချောင်လည်နေနိုင်ကြသည်။ လိုလေသေးမရှိအောင် ကုန်ပစ္စည်းများတင်၍ ရောင်းချသော အိမ်ဆိုင်များပင်ရှိပြီး ဆိုင်ကယ်တဝီဝီနှင့်ကူးလူးသွားလာနေကြသည်။

'အိမ်ပေါက်ဆူးဆို့ ဗျို့ဟစ်ခွေးခေါ်' ဟုပဲဆိုရမည်လားမသိ။ မူလနေထိုင်ရာ ရွာတွင်ရှိသော အိမ်ဝိုင်းခြံများကို ပစ်ထားခဲ့ကာ ယာတဲများသို့ ရွှေ့ပြောင်းသွားကြသဖြင့် အချို့သောအိမ်ဝိုင်းများတွင် ချုပိတ်ပေါင်းများပေါက်ရောက်လျက်ရှိသည်။ မိသားတစ်စုလုံး အပြင် လှည်း၊ နွား၊ ထွန်၊ ထယ်နှင့် ခွေး၊ ကြက်၊ ဝက်များပါမကျန် သယ်ဆောင်သွားကြလေသည်။

အင်းပက်လက်တဲကုန်းတွင် မူလတန်းအဆင့် ပညာသင်ကြားရေးကို ကိုယ်ထူကိုယ်ထ စုပေါင်းကြ၍ ကျောင်းဆောက်ဆရာငှားပြီး သင်ကြသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့်ကို မိမိတို့ရွာတွင်ရှိသော တွဲဖက်ကျောင်းများတွင်လည်းကောင်း၊ သာဂရအထက်တန်းကျောင်းသို့လည်းကောင်း စက်ဘီး၊ ဆိုင်ကယ်များနှင့် တက်ကြရပါသည်။

တစ်တဲတည်းသာရှိသော ဖိုးအောင်၏ တဲကလေးကား ကျောက်ဖျာချောင်း၏ မြောက်ဘက်ကမ်းပါးယံထိပ်ပေါ်တွင်ရှိသည်။ တဲ၏ရှေ့တွင် ရှေးတုန်းကပင်ရှိခဲ့သော ဧရာမမန်ကျည်းပင်ကြီးတစ်ပင်ရှိ၍ အိုမင်းရင့်ရော်ပြီဖြစ်သဖြင့် ပင်စည်ပင်ကိုင်းများ ကျိုးကျိုးကျဲကျဲရှိနေသည်။ ငါးဧကခန့်ရှိသော လယ်ပွဲ၏ အင်ကြင်းပင်လယ်ဟုခေါ်သော လယ်ကွက်ကြီးတွင် မန်ကျည်းပင်အမြိတ်များ မြေထောက်ကျနေသည်။

လယ်ကျက်သားနှင့် တစ်ဆက်တစ်စပ်တည်းတွင် တောအုပ်ငယ်တစ်တောရှိပြီး ယင်းတောလေးကို ယာခုတ်လုပ်ရန်အတွက် ဖိုးအောင်က နေရာမှတ်ထားသည်။

"အင်းပက်လက်တဲကုန်းက ကိုမြအောင်နဲ့ ကိုညီမောင်တို့တော့ ပဲတီစိမ်းတွေရလိုက်ကြတာမပြောပါနဲ့။ သဲတောစျေးလိုက်ရောင်းတာ တစ်တင်းကို နှစ်သောင်းကျော်လို့ ပြောတယ်။ အခုတော့ သောင်းရှစ်ထောင်ဖြစ်သွားတယ်ဆိုလားပဲ မသိပါဘူးတော်"

မနက်ခင်းအစော လယ်ထဲယာထဲ မဆင်းမီတွင် ဖိုးအောင်တို့မိသားစုလေးယောက်သည် ခရမ်းချဉ်သီးထောင်းပြီး ပဲသီးသုပ်နှင့် အားပါးတရ ထမင်းကြမ်းစားနေကြသည်။ ဖိုးအောင်၏ဇနီး မတင်က သူများတကာတွေ ပဲတီစိမ်းရကြသည်ကို အားကျပြီး ယမန်နေ့က ဟိုဘက်တဲကုန်းတွင် ကြားခဲ့ရသော စကားကို ပြန်လည်ပြောပြနေသည်။

"အေးဟ-ပဲစျေးကလည်းထွက်ခါစမို့ထင်ပါရဲ့၊ စျေးကောင်းလိုက်တာဟာ၊ ပဲတီစိမ်းကလည်း ယာကွက်ကောင်းကောင်းရှိမှဖြစ်တာ။ တို့က ယာကွက်ကောင်းမရှိတော့ ခက်နေတာပေါ့ အတင်ရာ"

ဖိုးအောင်က မတင်ကော်ထည့်ပေးလိုက်သော ပဲသီးသုပ်ကို ထမင်းတွင်မြုပ်ပြီး ခွံ့လိုက်ကာ ပလုတ်ပလောင်းစားရင်းပြောလိုက်သည်။ မတင်လည်း အကြီးမလေးနှင့် အငယ်ကောင်ကို ပဲသီးသုပ်နှင့် ခရမ်းချဉ်သီးထောင်းများ လိုက်ပုံပေးနေသည်။

"ဒီလုပ်မယ်ဟာ၊ တို့ဦးထားတဲ့ တောလေးကို ခုနွေထဲခုတ်လိုက်ရင် သုံးလေးဧကထက်မနည်းတော့ပေါ် လာမှာ။ သစ်ငုတ်ကြီးတာတွေကို တဖြည်းဖြည်းမှတူးပြီး တောရှင်းမီးရှို့လိုက်ရင် လာမယ့်မိုးဦးအမီလုပ်နိုင်တယ်။ လိုရမည်ရ မျိုးစေ့မျိုးဆန်လေးရှာထားပေါ့ဟာ"

"မလုပ်ပါနဲ့ ကိုဖိုးအောင်ရယ်၊ မစားရရင်နေပါစေ။ နတ်ကြီးတဲ့ညောင်ပင်ကြီးကလည်းရှိနေတဲ့ဥစ္စာ။ တော်ကြာကွင်းပိုင်တောပိုင်နတ်တွေ မကြိုက်ရင်ခက်နေပါဦးမယ်။ တော်တို့အဖေလက်ထက်ကတည်းက ခုတ်လက်စတန်းလန်းနဲ့ ဆက်မလုပ်ရဲတော့လို့ရပ်ထားတဲ့ဟာကို"

အင်၊ အင်ကြင်း၊ သစ်ရာ၊ သန်းနှင့် ဝါးရုံတောများရှိသော ယင်းတောကို ဖိုးအောင်၏အဖေ ယာလုပ်ရန် ခုတ်ထွင်ခဲ့ဖူးသည်။ တော၏တစ်နေရာတွင် ညောင်ပင်အိုကြီးတစ်ပင်ရှိ၍ ရှေးကတည်းက အလွန်နတ်ကြီးသည်ဟုဆိုကြသည်။ ဖိုးအောင်၏အဖေလည်း တောခုတ်ရင်းမှ ဆက်မလုပ်ရဲတော့သဖြင့် တစ်ပိုင်းတစ်ပျက်နှင့် ရပ်ထားခဲ့ရာ ဖုန်းဆိုးတောပင်ထနေလေသည်။

ဖိုးအောင်လည်း ထမင်းကြမ်းစားကာ လက်သုတ်ပြီးသည်နှင့် လယ်ထွန်ရန် နွားပြာနီတစ်ရှဉ်းကို ထွန်ပိုးတုံးတင်၍ ထွန်ပိုးကျည်းတပ်နေသည်။ မတင်က မနီးမကမ်းတွင်ရှိသော အင်းပက်လက်တဲကုန်းကျောင်းသို့ စာသင်သွားရန် ကလေးနှစ်ယောက်ကို ပြင်ဆင်ပေးနေပါသည်။

※

မြောက်ဘက်တဲကုန်းကမြအောင်နှင့် ညီမောင်တို့တစ်တွေ ပဲတီစိမ်းများရပြီး ရွှေဝယ်၊ ဆိုင်ကယ်တွေဝယ်ကြနှင့်ကြားတော့ ဖိုးအောင်၏ စိတ်ထဲတွင် ရိုးတိုးရွတဖြစ်လာကာ လောဘများလှုံ့လာသည်။ ယာထွက်သီးနှံမပါဘဲ လယ်တစ်မျိုးတည်းသာ လုပ်ရုံနှင့် ဗျို့ရေဗျရေး၊ လူမှုရေးများနှင့် စို့စို့ပို့ပို့မှမရလျှင်စားဖြစ်သောက်ဖြစ်သာရှိမည်။ ပဲတီစိမ်း ပဲစင်းငုံ၊ ဟင်းစားပဲကြီးအစရှိသည်တို့လို ယာထွက်သီးနှံများလုပ်နိုင်သော ယာကွက်ကောင်းကောင်းရှိမှဖြစ်တော့မည်ဟု တထစ်ချဆုံးဖြတ်လိုက်လေသည်။

ဖိုးအောင်သည် ဇနီးဖြစ်သူ မတင်တားမြစ်သည့်ကြားမှ လယ်ပွဲအစပ်တွင်ရှိသောတောကို ခုတ်ဖြစ်အောင်ခုတ်သည်။ စားစပါးလေးချန်လှပ်ထားသည့်ထဲမှ အနည်းငယ်ဖဲ့ရောင်းပြီး တင်မောင်နှင့် ကုလားကို နေ့စားငှားပြီးခုတ်သည်။ ထင်းလောင်စာသုံးနိုင်သော ကိုင်းတတ်ကိုင်းကြီးများကို ရွေးထုတ်ယူပြီး ကိုင်းဖျားကိုင်းနား အမှိုက်အရိုက်များအားကျွန်းပုံများ စုပုံ၍ မီးရှို့ကြသည်။

တစ်နေ့တွင် စိုက်ပျိုးဘဏ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com

ချေးဖို့အတွက် စာရင်းပေးရန် ဆင့်ခေါ်သဖြင့် ဖိုးအောင် ရွာခဏပြန်သွားသည်။ တင်မောင်နှင့် ကုလားလည်း ညောင်ပင်အိုကြီးကိုပါ ရှင်းမည်ထင်၍ အပင်ရင်းတွင် သစ်ရွက်ခြောက်၊ ကိုင်းသေးကိုင်းခြောက်များ စုပုံပြီး မီးရှို့ကြသည်။ မနီးမကမ်းတွင်ရှိသော တဲတွင် ထမင်းဟင်းချက်နေသော မတင်လည်း သူတို့လုပ်နေသည်ကို မသိသဖြင့် တားမြစ်ခြင်းမပြုလုပ်ရဘဲ ညောင်ပင်ကြီး ဗုန်းဗုန်းလဲမှသိရတော့သည်။

ဖိုးအောင်ရွာမှ ပြန်ရောက်လာချိန်တွင် ပြိုလဲသွားသော ညောင်ပင်ကြီးကိုကြည့်ပြီး စိတ်မချမ်းမသာနှင့် နှမြောတမ်းတလျက်ရှိနေသည်။ ကုလားနှင့်တင်မောင်ကိုလည်း ကြိုတင်ပြီး ပြောမထားခဲ့မိသဖြင့် လုပ်ပစ်ရကောင်းလားဟု၍ အပြစ်မတင်ရဲ။ မည်သို့မျှ မသိလိုက်ရသော ဇနီးမတင်ကိုသာ မြင်းအိုးပေါက်သလို အမှတ်ရတိုင်း ဗျစ်တောက်ဗျစ်တောက်နှင့် ပြော၍မပြီးအောင် ဖြစ်နေသည်။

ဖိုးအောင်ကား အနုညာတခပ်အအထဲကတော့ မဟုတ်။ စာပေပရိယတ်အခြေခံကောင်းရှိသော ရဟန်းလူထွက်တစ်ဦးဖြစ်သည်။ ရွာဘုန်းတော်ကြီးကျောင်းတွင် ရှင်သာမဏေဝတ်ပြီး အခြေခံ ပရိယတ်စာပေများကို ဆရာတော် ဦးဝဏ္ဏိတထံတွင် အပတ်တကုတ်သင်ယူခဲ့သည်။ အခြေခံသင်ရိုးများကုန်သောအခါ ကိုရင်ဖိုးအောင်ခေါ် ရှင်ပညာသာမိအား မန္တလေးစာသင်တိုက်ကြီးတစ်တိုက်သို့ ဆရာတော် ဦးဝဏ္ဏိတမှလိုက်ပို့အပ်နှံပေးခဲ့ပါသည်။

ကိုရင် ဖိုးအောင်သည် တစ်နှစ်ဆက်တစ်နှစ် စာဝါများတက်လာပြီး အငယ်တန်း၊ အလတ်တန်းများ ပြီးဆုံးအောင်မြင်ကာ အကြီးတန်းသို့ပင်ရောက်ရှိခဲ့သည်။ စာမေးပွဲများဖြေဆိုပြီး၍ နေရပ်ရွာသို့ ပြန်လာသောအချိန်တွင် ဆရာတော် ဦးဝဏ္ဏိတကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် ဦးရွှေဆိုင်၊ မယ်တော် ဒေါ်ခတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ပေသည်။

ဦးပဥ္စင်းပညာသာမိဖြစ်လာသော ဖိုးအောင်ကား သူ၏ဆရာတော်နှင့် မိဘနှစ်ပါးအား ကျေးဇူးဆပ်ရန်အတွက် စာပေကျမ်းဂန်တတ်ရဟန်းတစ်ပါးဖြစ်ပြီး စာဝါများဆက်လိုက်ကာ ကြိုးစားအားထုတ်ခဲ့သည်။ မန္တလေးတွင် အနေကြာပြီး လူရည်လည်ဖြစ်သော ဦးပဥ္စင်းပညာသာမိသည် ရွာမှ ဘုရားဖူးရောက်လာကြသော ဒကာ၊ ဒကာမများအား စိမ်းသည်မှည့်သည်မရွေးဘဲ နေရာအနှံ့စုံအောင် လိုက်ပါ ပြသ ပို့ဆောင်ပေးခဲ့သည်။

တစ်နေ့တွင် ဘကြီးထိန်နှင့် ကြီးတော်မှန်တို့ ဘုရားဖူးလာကြရာတွင် တင်တင်တို့အပျိုတစ်သိုက်လည်း လိုက်ပါလာကြသည်။ တင်တင်ကား တစ်တစ်ရစ်ရစ်နှင့် လုံးကြီးပေါက်လှ အပျိုဖြန်းအရွယ်ရောက်စဖြစ်၍ ဆတ်ကော့လတ်ကော့နှင့် ချစ်ချင်စရာကောင်းလှသည်။

တစ်နေ့တွင် ဘကြီးထိန်နှင့် ကြီးတော်မှန်တို့အား လိုက်ပါပို့ဆောင်ပေးသောနေ့ကဆိုလျှင် 'တရားတတ်လျက် လက်ဆောင်ဖျက်' ဟုဆိုရမည်လားမသိ။ အပျိုမလေးတွေနှင့်အတူသွားနေရသဖြင့် မြူးပျော်တက်ကြွနေသည်။ တင်တင်နှင့် မျက်စိအကြည့်ချင်းဆုံမိတိုင်းလည်း တင်တင်က ရှက်သွေးများဖြန်းပြီး မျက်လွှာကလေးချသွားသကဲ့သို့ ဦးပဥ္စင်း၏ရင်ထဲတွင်လည်း တဒိတ်ဒိတ်ခုန်နေလေသည်။

ဦးပဥ္စင်းသီတင်းသုံးနေထိုင်သော ကျောင်းတိုက်တွင် ဘကြီးထိန်တို့ နှစ်ညအိပ်သုံးရက် တည်းခိုနေထိုင်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး မန္တလေးအနှံ့ တစ်ခွင်တစ်ပြင်လုံးလှည့်လည်၍ ဘုရားစုံဖူးကြသည်။ နောက်တစ်နေ့တွင် ရှမ်းစုဘုတာမှ လော်ကယ်ရထားစီးပြီး ဘကြီးထိန်တို့ပြန်သွားကြရာ ဦးပဥ္စင်းတစ်ပါးတည်း ယောင်တိယောင်ချာဖြစ်ပြီး ကျန်ခဲ့သည်။ စာဝါလည်း ကောင်းကောင်းမတတ်နိုင်တော့။ နေရာတကာ တင်တင်ကသာ စိုးမိုးနေလေသည်။

ဦးပဥ္စင်းလည်း စာအုပ်စာတမ်းဖိုးတောင်းရန်အကြောင်းပြပြီး များမကြာမီရက်တွင် ရွာပြန်ခဲ့ရာ တင်တင်နှင့် သိုးသိုးသုံ့သုံ့ကြားသဖြင့် ဝိုင်းဝန်းပြီးဖျက်ခဲ့ကြသေးသည်။ သို့သော်လည်း 'ပစ္စည်း၊ မာတု ဤနှစ်ခုကား ဘိက္ခုသတ်ကြောင်း ဓားနှစ်ချောင်းတည်း' ဟု ဆိုသလို တင်တင်၏ ဓားအောက်မှ ပြေးမလွတ်နိုင်၍ ဦးပဥ္စင်းလူထွက်ခဲ့ရလေတော့သည်။

ဦးပဥ္စင်းထွက် ဖိုးအောင်၏ မိဘများသည် တစ်ဦးတည်းသောသား ဖိုးအောင်ကို တင်တင်နှင့် အိမ်ထောင်ချပေးပြီး ဒိုးတူပေါင်ဖက်အတူနေထိုင်လုပ်ကိုင်ကြသည်။ ကျောက်ဖျာချောင်းကမ်းပါးရှိ ရွာနှင့်အလှမ်းကွာလှသော လယ်ပွဲတွင် ဖိုးအောင်တို့လင်မယားက တဲတစ်လုံးဆောက်ပြီး ညဥ့်အိပ်ညဥ့်နေသွားသွားရောက်လုပ်ကိုင်ကြသကဲ့သို့ သူ့မိဘများကလည်း ရွာတွင် ကြက်ခြောက်အိမ်စောင့်ကျန်ခဲ့ကြသည်။

ဖိုးအောင်တို့ရွာတွင်နေစဉ်အခါကမွေးသော သမီးဦးကလေးကို ဘုတ်မဟူ၍ ချစ်စနိုးခေါ်ပြီး မိဘများနှင့်ထားရစ်ခဲ့ကာ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားချိန်ကျမှ တောထဲကတဲကိုခေါ်ထားခဲ့သည်။ အငယ်ကလေးကို တောထဲနေမှ မွေးသဖြင့် ဖိုးတောဟူ၍ လွယ်လင့်တကူခေါ်တွင်ခဲ့ပြီး မောင်နှမနှစ်ယောက်စလုံးကို အနီးရှိ အင်းပက်လက်တဲကုန်း ကိုယ်ထူကိုယ်ထကျောင်းတွင် အပ်နှံထားကြလေသည်။

အင်ကြင်းသားခွန်ရိုက်တိုင်နှင့် ခြေတံရှည်အမြင့် ဆောက်လုပ်ထားသော ဖိုးအောင်တို့မိသားစုနေထိုင်ရာတဲရှေ့ရှိ မန်ကျည်းပင်တွင် အိပ်တန်းတက်ငှက်များ၏တကျက်ကျက်အော်မြည်သံကား တဖြည်းဖြည်းနှင့် ငြိမ်သက်စရှိလာ၏။ တတောက်တောက်တောက်နှင့် ဖို့မြူသံ၊ တောက်တဲ့မောင်နှံ၏ တောက်တဲ့ တောက်တဲ့ တောက်တဲ့ တောက်တဲ့ ဟူသောအသံကသာ ရံဖန်ရံခါကြားနေရသည်။

တဲ၏အနီးဝန်းကျင်တွင် လူနေတဲဟူ၍ နီးကပ်စွာမရှိသဖြင့် ညဥ့် (၉) နာရီခန့်ဆိုလျှင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ တစ်နေကုန်တစ်နေခန်းဆော့ကစား မောပန်းပြီး ခြေပစ်လက်ပစ်အိပ်နေကြသော ကလေးနှစ်ယောက်သည် ကိုးလို့ကန့်လန့်တွေဖြစ်နေကြ၏။ အိပ်မပျော်သေးသော မတင်လည်း ကလေးနှစ်ယောက်ကိုပြင်ပေးရင်း တစ်မှေ့တစ်ခေါ်တွေးတောပြီး ဟိုဘက်လှိမ့်သည်ဘက်လှိမ့်လိုက်ရှိနေသည်။

ရှေးပဝေသဏီတည်းကရှိခဲ့သော တောအုပ်အလယ်မှ ညောင်ပင်အိုကြီးကို ဖိုးအောင်မျက်စိထဲတွင် မပျောက်မရအောင်ရှိနေသည်။ အမေတို့၊ အဖေတို့များ သက်ရှိထင်ရှားရှိသေးမည်ဆိုလျှင် 'မင်းကွာ၊ ရဟန်းလူထွက်တစ်ယောက်ဖြစ်ပြီးတော့ ဒီလောက်တောင် မသိရဘူးလား' နှင့် နေစရာမရှိအောင် ငေါက်ငမ်းလိုက်မည်ဖြစ်ခြင်း။ ဖိုးအောင်လည်း အိပ်၍မပျော်ဘဲရှိနေသဖြင့် တုံးလုံးလုံ့နေရာမှ အတွေးများ ကပေါက်တိကပေါက်ချာ ဟိုဟိုသည်သည် ရောက်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အမေ လုပ်ပါဦး၊ ကြောက်တယ်၊ ကြောက်တယ်။ သမီးကြောက်တယ်"

"ဟဲ့-သမီး၊ ဘာဖြစ်တာတုံး၊ သမီး သမီး နိုးလား"

ဘုတ်မအိပ်မက်ယောင်ပြီးအလန့်တကြားထအော်သဖြင့် မေ့ခနဲအိပ်ပျော်မည်ရှိခါမှ မတင် နိုးလာကာ ပျာယီးပျာယာနှင့် သူ့သမီးကို လှုပ်၍လှုပ်၍မေးသည်။ ဘုတ်မက ဦးခေါင်းကလေးတစ်ဖက်သို့စောင်းကာ အိပ်ပျော်သွားပြန်သည်။

"နေ့ခင်းက ကျောင်းမယ် အထိတ်တလန့်ဖြစ်စရာတွေ ဆော့ခဲ့ကြတယ်နဲ့ တူတယ်"

အိပ်မပျော်သေးသော ဖိုးအောင်လည်း အိပ်ရာထဲမှနေ၍ မတင်ကို ပြောလိုက်သည်။ ညဉ့်နက်လာပြီဖြစ်သဖြင့် တုံးတုံးချအိပ်တော့မည်လုပ်ကာ တစ်ဖက်သို့ စောင်းလှည့်လိုက်သည်။

"အမေ့ အမေ့ အမေ့ လာနေပြီ။ လုပ်ပါဦး၊ လူကြီး လူကြီး လာနေတယ် အီး ဟီး"

"ဟဲ့ဟဲ့-သမီး၊ အမေရှိတယ်လေ။ ဘယ်လိုဖြစ်တာတုံး၊ နေလို့မကောင်းဘူးလား။ ရေထသောက်လိုက်ဦး၊ ထ ထ သမီး"

ဖိုးအောင်နှင့် မတင်တို့ ပြိုင်တူထလိုက်ပြီး မတင်က ဘုတ်ဆုံကိုပွေ့ချီထားပြီး ဖိုးအောင်က ကမန်းကတန်းနှင့် သောက်ရေထခပ်သည်။

"ရော့ ရော့ - သမီး၊ အဖေရှိတယ်လေ။ ရော့ - ရေလေးသောက်လိုက်ဦး"

ဘုတ်မလေး၏တစ်ကိုယ်လုံးတွင်လည်း ချွေးများစို့ရွှဲနေပြီး မတင်က ပုဆိုးဟောင်းနှင့်သုတ်ပေးနေသည်။ အိပ်မက်ထဲတွင်တွေ့ရသောလူကြီးကိုကြောက်ပြီး တဟီးဟီးငိုနေသော ဘုတ်မက အမေချော့မြူပြီးနေသဖြင့် တရှုပ်ရှုပ်နှင့် အငိုရပ်ကာ ရေသောက်လိုက်သည်။

"သမီးအမေ့ကိုပြောစမ်း။ နေ့ခင်းက ကျောင်းမယ် ဘယ်သူတွေက အနိုင်ကျင့်လိုက်တုံး။ မနက်ဖြန်အမေသွားဆိုမယ်။ ဒါမှမဟုတ်ရင် ဆရာမက သမီးစာမရလို့ရိုက်လိုက်တာလား"

"ဟုတ်တယ် သမီး၊ အဖေ့ကို မညာနဲ့ မှန်မှန်ပြော။ ဇကန္တ - ဟိုဝတုတ်တုတ်ကြီး ဘကြီးမြနဲ့ တွေ့လာပြီထင်တယ်။ ဘကြီးမြက သိပ်ပြီးအနှောက်အစသန်တာ။ အဲဒါ အဖေ့ဦးမင်းတော်တယ်။ သမီးကို အဖေ့သမီးမှန်းသိတာနဲ့ ချစ်လို့စလိုက်တာနေမှာပါ"

"အဘိုးမြကို သမီးသိတာပေါ့။ ဆွေမျိုးတော်တယ်ပြောပြီး တစ်နေ့က သမီးတို့မောင်နှမနှစ်ယောက်ကို မုန့်တစ်ခုစီတောင်ပေးလိုက်သေးတယ်။ အခုလူကြီးက ကြောက်စရာကြီးဗျ။ အဟုတ်ကြီး သမီးဆီလာနေတာ အဟင့် သမီးကြောက်တယ်"

ဖိုးအောင် ရှေ့တိုးလာကာ သမီးလေးဘုတ်မ၏ ဟုတ်တိပတ်တိစီးကျနေသော မျက်ရည်စများအား သူ၏ ခေါင်းပေါင်းတဘက်နှင့် အသာအယာသုတ်ပေးနေသည်။ မတင်က တရှိုက်ရှိုက်ရှိုက်နေသောသမီးကို အောက်ပြန်ချ၍ စောင်ပါးပါးလေးခြုံပေးကာ ဖိုးအောင်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။

တကယ်တော့ ဖိုးအောင်၏ စိတ်ထဲတွင် ညောင်ပင်အိုကြီးလိုင်းသွားကတည်းက သံသယတန်းလန်းရှိနေခဲ့သည်။ တောလေးခုတ်ပြီးသွားသည်နှင့် ညောင်ပင်ကြီးနေရာတွင် ရုက္ခစိုးစင်ဆောက်မည်ဟုလည်း စိတ်ကူးရှိပြီး ဖြစ်လေသည်။

*

ဖိုးအောင်တို့၏ယာကွက်သစ်ကြီးကား တကယ်ခုတ်ထွင်လိုက်သောအခါ မှန်းထားသည်ထက် ပိုမိုပြီး ငါးဧကထက်မနည်း ပြန့်ပြူးကျယ်ဝန်းပါသည်။ တချို့တလေသော သစ်ငုတ်ကြီးများသာ ကျန်တော့ပြီး ငုတ်တိုငုတ်ငယ်များကို ကျော်လွှားရှောင်ကွင်းထွန်ယက်လျက် ပဲတီစိမ်းများ စိုက်ပျိုးထားသည်။

မြေသစ်ယာသစ်လည်းဖြစ်၊ မိုးဦးကျမိုးလေးကလည်း အဆင်ပြေသဖြင့် ပဲတီစိမ်းခင်းကြီးကား တစ်ခွင်တစ်ပြင်ဖြစ်ထွန်းလျက်ရှိ၏။ ယာကွက်၏အလယ်ကောင်တွင် သေသေသပ်သပ် တည်ထောက်ထားသော ရုက္ခစိုးစင်ကလေးကိုပင် ဖုံးကွယ်လုမတတ်ရှိနေသည်။



"ဒိန်း ဒိန်း ဒိန်း ဒင်း"

"အတင့်ရေ၊ ဆင်တောင်ချိုင့်ဝှမ်းထဲမိုးဝင်နေပြီဟေ့။ ကြည့်စမ်း - တို့လယ်တွေ ရေလိုနေတာနဲ့တော့ အတော်ပဲဟေ့။ မဟုတ်ရင် ဆည်ဝသွားပြီး လတ်တံပြင်ထားဦးမှဖြစ်မှာ"

"ဟုတ်ပါ့တော်၊ သည်းကြီးမည်းကြီးကို ရွာချနေတာ။ ဆင်ရုပ်တောင် မမြင်ရတော့ဘူးတော့"

ပဲခင်းထဲမှ ပေါင်းမြက်များကို လင်မယားနှစ်ယောက်သား ချွေးတပြိုက်ပြိုက်နှင့် လိုက်လံပြီးနုတ်နေကြသည်။ ဖိုးအောင်က တွင်ကျယ်အောင်နုတ်ပုံ၍ မတင်က ယာစည်းရိုးအထိ သယ်ထုတ်နှင့် မောပန်းရမှန်းမသိဘဲ ပျားပန်းခပ်နေလေသည်။

"ဒုန်း ဒုန်း ဒိန်း"

"မဖြစ်ဘူး အတင့်ရေ၊ မိုးတဒီဘက်ကိုတောင်ဆင်းလာပြီ။ တဲပြန်ပြီး ထမင်းချက်ရင်း သိမ်းဆည်းစရာရှိတာလေးတွေ သိမ်းချည်တော့ဟာ။ ကလေးနှစ်ယောက် ကျောင်းကပြန်လာရင် ဆာလောင်ပြီးလာကြမှာ"

"ဟုတ်ကဲ့ပါတော်၊ တစ်ခေါက်နှစ်ခေါက်လောက်သယ်လိုက်ပါဦးမယ်"

မဟာမြိုင်ချိုင့်ဝှမ်းတွင်ရွာသော မိုးအကြောင်းကို ဖိုးအောင် ကောင်းကောင်းသိသည်။ ဆင်ရုပ်ကြီးပိတ်ဖုံးသွားသည်အထိ မိုးရွာပြီဟော့ဆိုလျှင် ရေတံလျှောက်မှ ရေများကျလာသကဲ့သို့ တောင်ကျရေများ ဒလဟောထိုးဆင်းလာကြသည်။ ရေဦးနှင့်တွေ့သော တော်ရိလျော်ရိအရာမျိုးကိုမဆိုထားနှင့် ကျွဲနွားအစရှိသည်လောက်ကြီးသော သတ္တဝါများပင် ရေလုံးရိုက်ပြီး သဲဖုံးသွားနိုင်ပါသည်။

တရမန်းကြမ်းစီးဆင်းလာသော ရေသည် ရေအိုးထဲမှ ရေကိုသွန်ချလိုက်သကဲ့သို့ရှိ၍ မြန်ဆန်လွန်းလှသည်။ ရေကရေပေါ် နောက်ရေထပ်လိုက်သဖြင့် တစ်ခါတစ်ရံတွင် ရေချင်းခွပ်ပြီး အလိပ်လိုက်အထောင်လိုက်တက်သွားသော ရေလုံး၊သဲလုံးကြီးက ကြောက်မက်ဖွယ်ကောင်းလှပါသည်။

"ကဲကဲ - ကျုပ်ပြန်မယ်တော်



www.burmeseclassic.com

www.burmeseclassic.com

တလေးတွေကျောင်းဆင်းတော့မှ တော်လည်း တစ်ခါတည်းလိုက်ခဲ့ပေါ့။ မိုးကျလာလို့ ထင်းတွေရေစိုကုန်မှ ထမင်းချက်မရဘဲဖြစ်ပြီးခက်နေဦးမယ်"

မတင်ပြန်သွားပြီးနောက် ကျောင်းတပြန်လာမည့် ကလေးနှစ်ယောက်ကို စောင့်ရင်း ဖိုးအောင်တစ်ယောက်တည်း တမြည့်မြည့်လုပ်နေသည်။ အင်းပက်လက်တဲကုန်းသို့သွားသောလမ်းမှာ သည်ယာခင်းချုပ်စပ်မှသွားရသည်။ တစ်တဲနှင့်တစ်တဲ၊ တစ်စုနှင့်တစ်စုက မနီးမကမ်းခပ်လှမ်းလှမ်းများဖြစ်ကြ၍ လှမ်းကြည့်လျှင် မြင်နေကြရသည်။

"ဗျို့-အဖေ၊ ဗျို့-အဖေ၊ သမီးတို့အဲသည်ကိုလာမလို့"

မိုးတက်နေသဖြင့် ဆရာမက အနည်းငယ်စောပြီး ကျောင်းလွှတ်ပေးလိုက်ရာ လွယ်အိတ်ကိုယ်စီလွယ်ပြီး ဘုတ်မနှင့် ဖိုးတောတို့မောင်နှမနှစ်ယောက် ပြန်လာကြသည်။ ယာခင်းထိပ်အရောက်တွင် သူတို့အဖေကို လှမ်းမြင်သဖြင့် ခပ်သွက်သွက်ရှိသော ဘုတ်မက အော်ခေါ်ရာ အလုပ်ကဲစိတ်ရောက်နေသော ဖိုးအောင် အသံကြား၍ ခေါင်းထောင်ကြည့်လိုက်သည်။

"သမီးရေ၊ သည်ကိုမလာခဲ့တော့နဲ့၊ မောင်လေးနဲ့ အဲသည်နားကရပ်နေ၊ အဖေလာခဲ့မယ်"

ဖိုးအောင်က တုလေးနှစ်ယောက်ရပ်နေရာသို့ ပြောပြောဆိုဆိုသွား၍ နဖူးမှစီးကျနေသောချွေးများကို ပုဆိုးအထက်စနှင့်သုတ်လိုက်သည်။

"ရော့ရော့ - သားက မင်းအစ်မလွယ်အိတ်ပါယူပြီး ရှေ့ကသွားနှင့်။ အဖေတို့ နွားတစ်ကောင်စီဆွဲပြီးလာခဲ့မယ်"

ဖိုးအောင်သည် ဘုတ်မ၏ လွယ်အိတ်ကို သားငယ် ဖိုးတော၏ ပခုံးတွင် သိုင်းပေးရင်းပြော၏။ ဖိုးတောက လွယ်အိတ်နှစ်လုံးကို ဖိုသီဖတ်သီလွယ်၍ မြက်ဒုတ်များနှင့်မလွတ်ဘဲ တရွတ်ဆွဲကာ တုံ့ပယ်တုံ့ပယ်နှင့် သွားနှင့်လေသည်။

နေဝင်ဖျိုးဖျ အိပ်တန်းဝင်ခါစဖြစ်၍ တောကြက်တောငှက်များတွန်မြည်သံ၊ ချိုးငှက်ကူသံ၊ ဘုတ်ငှက်တို့အိသံများ ကြားနေရ၏။ တဲရှေ့ရှိ မန်ကျည်းပင်ပေါ်တွင်လည်း ဆက်ရက်ငှက်၊ စာဘူးတောင်းငှက် အစရှိသည့် ငှက်များ ပွက်စီညံနေသည်။

မန်ကျည်းပင်အောက် ကွပ်ပျစ်ပေါ်တွင် ဖိုးအောင်တို့မိသားစုလေးဦးဝိုင်းစုပြီး ခေါင်းချင်းဆိုင်၍ ညစာထမင်းစားနေကြသည်။ ခါတိုင်းဆို သည်အချိန်တွင် ထမင်းမစားကြသေး။ ဓာတ်ခဲသုံးလုံးထည့်မီးချိတ်လေးကို အပင်ကိုင်းများတွင်ချိတ်ပြီး မီးရောင်နှင့်မှထမင်းစားဖြစ်ကြသည်။ ကနေ့သာ မိုးအတက်စောပြီး ထမင်းကျက်နှင့်ပြီဖြစ်၍ စားပြီးတော့လည်းပြီးတာပဲဆိုပြီး မီးမထွန်းမီ စားနေကြလေသည်။

"မဖြစ်ဘူး၊ တော်ကြာ တောင်ကျရေတွေဆင်းလာလို့ ရေတွေနောက်ကုန်ဦးမယ်။ မနက်ခင်းသုံးဖို့ ရေနည်းနည်းသယ်ထားမှပါပဲ"

မတင် ထမင်းစားပြီးပြီး အတွေးများပေါ်လာကာ လှိုင်းတက်လုပ် မြေအိုးကြီးတစ်လုံးကို လက်မှဆွဲကာ ကျောက်ဖျာချောင်းထဲသို့ ခပ်သုတ်သုတ်ဆင်းသွားသည်။

"သမီးရေ၊ စားပြီးရင် ရေပုံးအသေးလေးဆွဲပြီး အမေ့နောက်လိုက်ခဲ့ဦး"

မတင်သည် ချောင်းထဲဆင်းသွားရင်းမှ သူ့သမီးကို လှည့်မှာနေသေးသည်။ ဖိုးအောင်လည်း ခုတင်က စားကျက်မှဆွဲလာသော နွားတစ်ရှဉ်းကို အင်ပင်များတွင် တစ်ကောင်တစ်ကောင်မဝေးရန်ခွဲ၍ချည်နေသည်။

"ဝုန်း ဝုန်း ဝုန်း ဝေါ ဝေါ ဝေါ ဝါး ဝါး ဝါး"

ဖိုးအောင်၏ နားထဲတွင် တဝုန်းဝုန်းတဝေါဝေါတဝါးဝါးအသံများ ကြားနေသည်။ လေမုန်တိုင်းတိုက်ခတ်သံလိုလို၊ ရေသံများလိုလိုထင်၍ ခဏရပ်ပြီး နားစွင့်လိုက်သည်။ သူ့ခေါင်းထဲသို့ အတွေးတစ်ခု ချက်ချင်းဝင်လာသဖြင့် နွားများကို ကမန်းကတန်း ချည်နှောင်ပြီး တဲရှိရာဘက်သို့ အဆောတလျင် ပြန်လာခဲ့သည်။

"သား ဖိုးတော၊ မင်းအမေနဲ့အစ်မတို့ကော့"

ဖိုးအောင် ထင့်ခနဲဖြစ်ကာ ပျာလောင်ခတ်သွားသည်။ ချောင်းဘက်သို့ ဖိုးတောလက်ညှိုးထိုးပြသဖြင့် ချောင်းထဲသို့ ဖိုးအောင်ပြေးဆင်းလိုက်သွားသည်။

"ဟာ - ရေတွေ၊ ဆည်ရေတွေဆိုက်နေတာပါလား။ ဒါမှ ဒုက္ခပဲ"

ကျောက်ဖျာချောင်းထဲတွင် တောင်ကျရေများ အလှိမ့်လိုက် တစ်ပြင်တည်းကြီး ထိုးဆင်းနေ၍ ပြေးဆင်းလာသော ဖိုးအောင်လည်း ရှေ့တိုးမရတော့ပေ။ ကမ်းပါးယံ ပြိုလဲပြီး မျောပါလာသော သစ်ပင်များ၊ အမှိုက်သရိုက် ဒိုက်သရောများ၊ ပန်းတက်လာသောရေများကြောင့် နောက်ပြန်ဆုတ်ခဲ့ရသည်။

"အတင့်ရေ၊ သမီးရေ၊ အတင့်ရေ၊ သမီးရေ၊ အတင့်၊ သမီးရေ"

ဖိုးအောင်သည် လက်ဖဝါးနှစ်ခုကို ပါးစပ်တွင် စုံကပ်ပြီး မမြင်ရသော ဇနီးနှင့် သမီးလေးကို ဆူညံနေသောရေသံများကြားမှ ရမ်းသန်းပြီးအော်ခေါ်သည်။ ရေနှံအိုးဖင်တည်မရသလိုဖြစ်ပြီး ဟိုသည်ပြေးလိုက်၊ ခြေဖျားထောက်ပြီး အော်ခေါ်လိုက်နှင့် အသံများပြာနေသည်။

"အတင့်ရေ၊ သမီးရေ၊ အတင့်၊ သမီးရေ အီး ဟီး ဟီး"

ဟိုပြေးသည်ပြေး ပျာယီးပျာယာဖြစ်လျက် ချွေးဒီးဒီးကျအောင် သောကဆိုက်နေသော ဖိုးအောင်သည် တအီးအီးတဟီးဟီးငိုလျက် နတ်ပူးသလို တုန်ယင်နေလေသည်။

မနီးမကမ်းရှိတဲစုများမှ ဖိုးအောင်၏ အော်ဟစ်သံ၊ တဝေါဝေါရေသံများကြားနေသဖြင့် ရုတ်ရုတ်သဲသဲပြေးလာကြသည်။ တမေမေနှင့် တဝါးဝါးငိုနေသော ဖိုးတောကလေးကို ရှီးလေးမြိုင်က ပွေ့ချီထားပြီး ဘကြီးမြနှင့်တကွ လက်နှိပ်ဓာတ်မီးများကိုယ်စီကိုင်ပြီး ဝိုင်းဝိုင်းလည်ရောက်လာကြသည်။

"ဒီတောကို မခုတ်ဖို့ အတင်က တားပါသေးတယ်ဗျာ။ ကျုပ်ကိုယ်က ကျုပ်ပါဗျာ ဟီးဟီး။ ကျုပ်လောဘကြီးမိလို့ ခုလိုဖြစ်တာ။ ကျုပ်ကြောင့် သမီးလေးနဲ့ အတင့်သေရတာ။ ဟီး လုပ်ကြပါဦးဗျ။ သမီးလေးနဲ့ အတင့်ကို ကယ်ကြပါဦး အီး ဟီး ဟီး"

"ဖြေပါ ဖိုးအောင်ရာ၊ တဲသားတွေ အောက်ဘက်စမုန်မြစ်ဝအထိ လိုက်ရှာနေကြတဲ့ဟာ ပြန်တွေ့မှာပါကွာ။ မင်းငိုတော့ ကလေးပါငိုနေတယ်။ ဖြေသိမ့်ပြီးနေပါကွာ"

ဘကြီးမြက ဖိုးအောင်နံဘေးတွင် ထိုင်ပြီး နှစ်သိမ့်ပေးနေသည်။

နေသူရိန်လည်း အနောက်ဘက်မိုးကုပ်စက်ဝိုင်းတွင် ငုပ်လျှိုးသွားပြီဖြစ်၍ မှောင်မည်းစရှိနေလေပြီ။ မန်ကျည်းပင်ပေါ်မှ တောက်တဲ့မောင်နှံလည်း သည်အချိန်ဆို ဖို့မမြူသံပေးနေကျဖြစ်သော်လည်း စိတ်မကောင်းကြ၍ထင်၏။ ငြိမ်ချက်သားကောင်းနေပါတော့သည်။

အာကာသ (သာစည်)



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ထဝင်ဆန်သော မြန်မာ့အုန်းမောင်းအစီအစဉ်များ

## ဉာဏ်မြင့်

ရှေးက မြန်မာ့ကျေးလက်ဒေသများတွင် ရှဉ်းဘုန်းတော်ကြီးကျောင်းမှ နံနက်ချိန်ခါသမယ၌ အုန်းမောင်းခေါက်သံကို နေ့စဉ်နေ့တိုင်းကြားကြရသည်။ အုန်းမောင်းသံကြားရလျှင် ကျေးလက်ဒေသနေ တောင်သူလယ်သမားတို့သည် အိပ်ရာမှထကာ ထွန်ထယ်များကို နွားက၍ လယ်တောကိုင်းတောရှိရာသို့ ထွက်ခွာသွားကြရမြဲ ဖြစ်သည်။ အုန်းမောင်းခေါက်သံသည် သူတို့အဖို့ အလုပ်ခွင်သို့ သွားရောက်ရန် အချိန်နာရီပင် ဖြစ်လေသည်။

ဤတွင် ကျေးလက်နေပြည်သူတို့အတွက် မရှိမဖြစ်အသုံးတည့်နေသည့် အုန်းမောင်းအကြောင်းကို ရှေးလူကြီးသူမတို့ထံမှ တစ်ဆင့်စကားတစ်ဆင့်နားကြားသိမှတ်သားသူတို့က စာနယ်ဇင်းများတွင် အခါအားလျော်စွာ အုန်းမောင်းအကြောင်းကို စီကာပတ်ကုံး ရေးသားတင်ပြခဲ့ကြသည်။ ယင်းသို့ တင်ပြခဲ့ကြသည့်အတွက် မိမိတို့အနေဖြင့် ဂန္ထဝင်ဆန်သော မြန်မာ့အုန်းမောင်းအကြောင်းကို သိရှိမှတ်သားကြရသည်။ ယင်းသို့မှတ်သား၍ သိရသမျှကို သုရဋ္ဌမဂ္ဂဇင်းတွင် စာရေးသူ (၃) ဦးတို့က အသီးသီး ရေးသား တင်ပြခဲ့ပေသည်။

ပထမဆုံးအကြိမ်အဖြစ် ရသဂန္ထဝင်ဆရာ ကျော်ဝင်းအောင် (ပြည်-ဆည်မြောင်း) သည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလထုတ် သုရဋ္ဌမဂ္ဂဇင်း၊ အတွဲ (၁၃) အမှတ် (၉)၊ စာမျက်နှာ (၂၁၂) တွင် အုန်းမောင်းအကြောင်းကို မည်သို့မည်ပုံ လုပ်ကိုင်ရကြောင်း လင်္ကာနှင့်အတူ အုန်းမောင်းပုံကိုပါ ရေးဆွဲ၍ တင်ပြခဲ့သည်။

လင်္ကာမှာ-

- *ထိပ်ဝတစ်ပြန် အနားချန်၊ လေးပြန်အဝထား။ ထပ်ထူခေါင်းပါး၊ အဝေးကြား'*

ဟူ၍ ဖြစ်သည်။

ဤလင်္ကာဖြင့် အုန်းမောင်းပုံကို ရေးဆွဲ၍တင်ပြခဲ့၏။ သို့ရာတွင် လင်္ကာတိုတောင်းပြီး ပြည့်စုံမှုမရှိသည်ကို တွေ့ရပေသည်။ သူ၏ လင်္ကာမှာ ဤစာရေးသူသိမှတ်ထားသည့် လင်္ကာနှင့်တူသလို ထင်ရသော်လည်း အနည်းငယ် ကွဲလွဲနေသည့်အတွက် ဤစာရေးသူသည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သုရဋ္ဌမဂ္ဂဇင်း၊ အတွဲ (၁၄)၊ အမှတ် (၂)၊ စာမျက်နှာ (၂၇၆) ၌ ပုံနှင့်တကွ အုန်းမောင်းလုပ်နည်းလင်္ကာအပြည့်အစုံကို ဒုတိယအကြိမ်အဖြစ် အောက်ပါအတိုင်း တင်ပြခဲ့ပါသည်။

- ထိပ်ဝတစ်ပြန် အနားချန် အလယ်လေးပြန်ထား။
- ထိပ်ဝခြောက်ချိုး ပယ်ငါးချိုး တစ်ချိုးအပေါက်ထား။
- လက်လေးသစ်အောက် ကား၍ဖောက် ဝေးရောက်တိုင်ကကြား။

ဟူ၍ ဖြစ်ပါသည်။

ဤလင်္ကာ၌ အုန်းမောင်းလုပ်နည်း အချက်အလက်များ ပြည့်စုံသည်ထင်မှတ်ရသော်လည်း လုံးဝပြည့်စုံခြင်းကား မဟုတ်ပေ။ အုန်းမောင်းလုပ်နည်း ပြည့်ပြည့်စုံစုံလင်္ကာကို ဆရာဉာဏ်မြင့် (တောင်တွင်း) က ၂၀၁၄ ခုနှစ်၊ မေလထုတ် သုရဋ္ဌမဂ္ဂဇင်း အတွဲ (၁၄)၊ အမှတ် (၅)၊ စာမျက်နှာ (၂၀၈) ၌ အောက်ပါလင်္ကာနှင့်အတူ ပုံကိုပါ ရေးဆွဲတင်ပြခဲ့သည်။

သူ၏လင်္ကာမှာ-

- *ထိပ်ဝတစ်ပြန်၊ အနားချန် အလယ်လေးပြန်သွင်း။ (ကာရံညီမှုမရှိ)*
- *ထိပ်ဝငါးချိုး၊ ပယ်ငါးချိုး တစ်ချိုးအပေါက်ထား။*
- *လက်လေးသစ်အောက်၊ ကာ၍ဖောက် တောင်မြောက်ဝေးကကြား။*
- *ကက်ကင်းမာတ်ပြန်၊ ခေါက်တုံ့မှန် ဘေးရန်ပယ်ရှင်းသွား။*

ဟူ၍ ဖြစ်၏။

ဤလင်္ကာနှင့်အထက်တွင်ဖော်ပြခဲ့သည့် ဤစာရေးသူ၏လင်္ကာတို့သည် မဆိုစလောက်သာ ကွဲလွဲမှုရှိသည်ကို တွေ့ရပေသည်။ 'ထိပ်ဝခြောက်ချိုး၊ ပယ်ငါးချိုး၊ တစ်ချိုးအပေါက်ထား' ဟု မိမိ



လင်္ကာကဆိုထားပြီး သူ၏ လင်္ကာက 'ထိပ်ဝငါးချိုး ပယ်လေးချိုး တစ်ချိုးအပေါက်ထား' ဟု ဆိုထား၏။ ပြောပလောက်အောင် ကွဲလွဲမှုမရှိပါ။ ဤစာရေးသူ လင်္ကာအရပြုလုပ်သည့် အုန်းမောင်းနှင့် သူ၏လင်္ကာအရ ပြုလုပ်ထားသည့် သူ၏အုန်းမောင်းတို့မှာ အရွယ်ပမာဏချင်းကွာသဖြင့် ဤသို့ကွဲလွဲရသည်ဟု ယူဆရန်ရှိပါသည်။ 'ကက်ကင်းမာတ်ပြန်၊ ခေါက်တုံ့မှန်၊ ဘေးရန်ပယ်ရှင်းသွား' ဆိုသည့် အပိုဒ်တစ်ခုပိုလာသဖြင့် ပို၍ပြည့်စုံသွားကြောင်း တွေ့ရပါသည်။ ဤအချက်သည် ထူးခြားချက်ဖြစ်ပါသည်။

ဤတွင် အုန်းမောင်းလုပ်နည်းလင်္ကာ (၃) မျိုးဖြစ်နေသည်ကို တစ်မျိုးတည်းတစ်မူတည်းဖြစ်ဖြီး အားလုံးလက်ခံကျင့်သုံးနိုင်မည့် လင်္ကာတစ်ပုဒ်ဖြစ်အောင် ပြုလုပ်ရလျှင်ကောင်းမည်ဟု စိတ်ကူးမိပါသည်။ စာဖတ်သူတို့အား အောက်ပါ လင်္ကာကို တင်ပြပါရစေ။

- *ထိပ်ဝတစ်ပြန်၊ အနားချန် အလယ်လေးပြန်ထား။ (လေးပြန်သွင်း-ကာရန်မညီ)*
- *ထိပ်ဝခြောက်ချိုး၊ ပယ်ငါးချိုး တစ်ချိုးအပေါက်ထား။ (သို့မဟုတ်)*
  *ထိပ်ဝငါးချိုး၊ ပယ်လေးချိုး တစ်ချိုးအပေါက်ထား။ (မူကွဲ)*
- *လက်လေးသစ်အောက်၊ ကား၍ဖောက်၊ ဝေးရောက်တိုင်ကကြား။ (သို့မဟုတ်)*
- *တောင်၊ မြောက် ဝေးကကြား (မူကွဲ)*



www.burmeseclassic.com

www.burmeseclassic.com

■ *ကက်ကင်းခာတ်ပြန်၊ တွံ့ခေါက်မှန် ဘေးရန်ပယ်ရှင်းသွား။*

ဟူ၍ ဆိုလိုက်လျှင် အားလုံး လက်ခံကျင့်သုံးနိုင်မည့် အုန်းမောင်းလုပ်နည်းလက်ာတစ်ပုဒ်ဖြစ်သွားမည် ဖြစ်ပါသည်။ မူကွဲဟုဆိုသဖြင့် အဓိပ္ပာယ်ပြောင်းလဲမသွားပါ။ ဤအတိုင်း လက်ခံကျင့်သုံးပြီး အုန်းမောင်းကို ပြုလုပ်ကြပါက ကောင်းမွန်ပြည့်စုံသည့် အုန်းမောင်းတစ်လုံး ဖြစ်သွားမည်ဖြစ်ပါသည်။

ဤကဲ့သို့ အုန်းမောင်းတစ်လုံး ကောင်းမွန်ပြည့်စုံစွာဖြစ်သွားသော်လည်း အုန်းမောင်းကို မည်သည့်သစ်အမျိုးအစားနှင့်ပြုလုပ်ရန်၊ မည်သည့်သစ်အမျိုးအစားကိုတုတ်တံပြုလုပ်ရန်တို့ကို ဖော်ပြရန် ကျန်နေပါသေးသည်။ ဤအချက်သည် လျို့ဝှက်နက်နဲသော ဂမ္ဘီရဆန်သည့် အဓိကအချက်ဖြစ်သဖြင့် ဆက်လက် ဖော်ပြလိုပါသည်။

အုန်းမောင်းကို ပြုလုပ်ရာတွင် ရှေးလူကြီးသူမတို့၏ ပြောကြားချက်မှာ ပိတောက်သားဖြင့် အုန်းမောင်းပြုလုပ်ပြီး တမာသားဖြင့် တုတ်တံ၊ ထိုးတံပြုလုပ်ကြောင်း မိန့်ဆိုကြပါသည်။ ယင်းသို့ ဘာကြောင့်ပြုလုပ်ရသနည်း။ ကက်ကင်းခာတ်ဖြစ်အောင်လုပ်ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ပိတောက်သားကို နံသင့်လျှင် ကြာသပတေးနှင့် စနေ (၅+၇) ရသည်။ တမာသားကို ကောက်လျှင် စနေနှင့် ကြာသပတေး(၇+၅)ရသည်။ ပိတောက်နှင့် တမာတို့သည် ကက်ကင်းခာတ်ဖြစ်သွားသည်။ ဤသို့ ကက်ကင်းခာတ်ဖြစ်ပါက ဘေးရန်အန္တရာယ်များကင်းရှင်းလွင့်ပျောက်ပြီး ချမ်းသာခြင်းသို့ရောက်နိုင်သည်ဟုယုံကြည်ကြသည်။ သို့ကြောင့် ပိတောက်သားကို အုန်းမောင်းပြုလုပ်၍ တမာသားကို တုတ်တံ (ဝါ) ထိုးတံလုပ်ခြင်းဖြစ်ကြောင်း သိရပါသည်။

အုန်းမောင်းကို ပိတောက်သားနှင့်သာ ချည်းပြုလုပ်ရမည်ဟု တရားသေစွဲမှတ်ထားရန်မဟုတ်။ အခြားသင့်လျော်သော မည်သည့်အသားနှင့်မဆို ပြုလုပ်နိုင်ကြောင်း အကြံပြုလိုပါသည်။ သို့ရာတွင် အုန်းမောင်းပြုလုပ်သည့်အခါတွင် အုန်းမောင်းလုပ်မည့် အသားနှင့် ထိုးတံတို့သည် အထက်တွင်ဆိုခဲ့သည့်အတိုင်း ကက်ကင်းခာတ်မိဖို့သာ လိုရင်းအဓိကဖြစ်သည်ဟု ဆိုချင်ပါသည်။ အမှန်ဆိုရလျှင် အုန်းမောင်းလုပ်မည်ဆိုပါက အကောင်းဆုံးအသားမှာ ပိုးမဲတောင်စာ (ဝါ) ပိုးမဲစာအသားဖြစ်ပါသည်။ ပိုးမဲစာကို ပြုလုပ်လျှင် ထိုးတံကို စိန်ပန်းသားနှင့်ပြုလုပ်ရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုလျှင် ပိုးမဲစာသည် (၅+၃) ဖြစ်၍ စိန်ပန်းသည် (၃+၅) ဖြစ်သည်။ သူတို့သည် ကက်ကင်းမိနေသဖြင့် ထိုသို့ပြုလုပ်နိုင်ခြင်း ဖြစ်ပါသည်။

သို့မဟုတ် အခြားတစ်မျိုးဖြင့် အုန်းမောင်းလုပ်လျှင်လည်းရပါသည်။ ဥပမာအားဖြင့် ကျွန်းခေါက်နွယ် (၂+၇) ဖြစ်ပြီး ထောက်ကြန့် (၂+၇) ဖြစ်ရာ ၎င်းတို့လည်း ကက်ကင်းခာတ်ဖြစ်နေသဖြင့် အုန်းမောင်းလုပ်ခြင်း၊ ထိုးတံလုပ်ခြင်းပြုနိုင်ပါသည်။ ဤသို့ အုန်းမောင်းနှင့် ထိုးတံတို့ ကက်ကင်းခာတ်မိအောင် အသားကို စီမံနိုင်လျှင် အုန်းမောင်းကို ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ သို့သော် ဖော်ပြခဲ့သည့် ပိတောက်၊ တမာ၊ ပိုးမဲစာ၊ စိန်ပန်း၊ ကျွန်းခေါင်နွယ်၊ ထောက်ကြန့်သားတို့ လောက်ကား တာရှည်ခိုင်ခံ့မှုတော့ရှိမည် မဟုတ်ပါကြောင်းသိစေလိုပါသည်။

တစ်ဖန် ဖော်ပြခဲ့သည့်အတိုင်း အုန်းမောင်းနှင့် ထိုးတံပြုလုပ်ပြီးလျှင် မည်သို့ထိုးခေါက်ရကြောင်းလည်း သိဖို့ လိုပါသေးသည်။ အုန်းမောင်းကို ထိုးတံဖြင့် ထိုးခေါက်သည့်အခါ ပဌာန်း-၂၄ ပစ္စည်းကို ရွတ်ဆို၍ တစ်ချက်ချင်း ဖြည်းဖြည်းချင်း (၂၄) ချက်ပြည့်အောင် ခပ်ဆတ်ဆတ်ခေါက်ရပါမည်။ (၂၄) ချက်ပြည့်သွားမှ တစ်ဖန် ဖြည်းဖြည်းချင်း မဟုတ်တော့ဘဲ ခပ်ဖော့ဖော့နှင့် မြန်မြန် ထိုးခေါက်ရပါသည်။ ထိုသို့ မြန်မြန်လေး ဖော့၍ဖော့၍ ခေါက်ရင်းဖြင့် အသံမှာ တဖြည်းဖြည်း တိုး၍တိုး၍တိမ်မြုပ်ပျောက်ကွယ်ရပ်စဲသွားမည်ဖြစ်ပါသည်။

ဤတွင် အုန်းမောင်းအကြောင်းမှာ ပြီးဆုံးသင့်ပါပြီ။

သို့သော် ဆွေးနွေးတင်ပြရန် အကြောင်းတစ်ချက်ကို တင်ပြချင်ပါသည်။ ဆရာဉာဏ်မြင့် (တောင်တွင်း)၏ အုန်းမောင်းမှာ အခြားစာရေးသူ (၂) ဦး၏အုန်းမောင်းထက် အရွယ်အစား ပိုမိုကြီးမားနေသည့်အချက်ကို ဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါသည်။ ဆရာ၏ အုန်းမောင်မှာ အလျားလက်မ (၁၂၀)၊ ထိပ်ဝလက်မ (၂၀) ဖြစ်ပါသည်။ အုန်းမောင်း၏ အလျားသည် ပေအားဖြင့် (၁၀) ပေ၊ ထိပ်ဝ (ဝါ) လုံးပတ်အားဖြင့် (၁) ပေနှင့် (၈) လက်မ ဖြစ်ပါသည်။ အုန်းမောင်း၏လုံးပတ်သည် ပီပါတစ်လုံး၏ လုံးပတ်မျှရှိနေသည်ကို သတိပြုမိခြင်းပင် ဖြစ်ပါသည်။ အလျားက (၁၀) ပေဖြစ်သဖြင့် အင်မတန်ကြီးနေပါသည်။ ဤမျှကြီးမားနေသဖြင့် ဆရာ၏ အုန်းမောင်းကို ချိတ်ဆွဲထားဖို့ နေရာအဆောက်အအုံ အခက်အခဲရှိမည်ဟု ထင်မြင်မိပါသည်။ သာမန်အလျား (၆) ပေ၊ ထိပ်ဝ(၁)ပေခန့်ရှိသည့် အုန်းမောင်းများသာလျှင် သစ်ပင်တစ်ပင်၏ကိုင်း၌ဖြစ်စေ၊ ဘုန်းကြီးကျောင်းအောက်ထပ်မိကျောင်းရက်မ၌ဖြစ်စေ လွယ်လွယ်ကူကူ ချိတ်ဆွဲထားဖို့ လွယ်ကူပေလိမ့်မည်။ တောင်တွင်း၌ သစ်ကြီးဝါးကြီးပေါသဖြင့် ဤမျှကြီးသည့်အုန်းမောင်းကြီးကို ပြုလုပ်ထားခြင်း ဖြစ်သည်ဟု ထင်မိပါသည်။

သို့ဖြစ်၍ ယနေ့မျက်မှောက်ကာလ၌ အသုံးပြုလျက်ရှိသည့် အုန်းမောင်းတစ်လုံးကို မည်သို့ချိတ်ဆွဲထားသည်ကို သိရှိစေလိုသဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ အုန်းမောင်းကို ဓာတ်ပုံရိုက်ကူး၍ တင်ပြထားပါသည်။ဘုန်းကြီးကျောင်းမှာ ရေဝင်ဒေသဖြစ်၍ မိုးတွင်းကာလ၌ လူအများကူးသန်းသွားလာရန် အခက်အခဲမရှိအောင် ကျောင်းနှင့် လူနေရပ်ကွက်ကို အသားတံတားကြီးဆောက်ပြီး ဆက်သွယ်ထားပါသည်။ ထိုတံတားကြီး၏ တံတားတိုင် (၂) လုံးကို ထုပ်တန်းကူးပြီး ထုပ်တန်းကို အုန်းမောင်းချိတ်ဆွဲထားသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

သို့ဖြင့် လျှို့ဝှက်နက်နဲပြီး ဂမ္ဘီရဆန်သော မြန်မာအုန်းမောင်းအကြောင်းကို စုံစုံလင်လင် တင်ပြနိုင်ခဲ့ပါပြီ။ ဤသို့ တင်ပြနိုင်သည်မှာလည်း အုန်းမောင်းအကြောင်းဆောင်းပါးများကို မဂ္ဂဇင်းတွင် ဖော်ပြပေးသည့် စာတည်းချုပ် ဦးအောင်မြတ်၊ ရသဂမ္ဘီရဆရာကျော်ဝင်းအောင် (ပြည်-ဆည်မြောင်း) နှင့် ဆရာဉာဏ်မြင့် (တောင်တွင်း) တို့၏ ကျေးဇူးတရားကြောင့် တင်ပြနိုင်ခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုဆရာ (၃) ဦးတို့အား မိမိအနေဖြင့် များစွာမှ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဤနေရာမှနေ၍ ထုတ်ဖော်ပြောကြားအပ်ပါသည်။ အမွေအနှစ်ဖြစ်သည့် အုန်းမောင်းအကြောင်းကို တင်ပြရသဖြင့် မိမိတို့ဘာသာယဉ်ကျေးမှု၏ ဓလေ့အစဉ်အလာများကို တာဝန်သိစွာ ထိန်းသိမ်းစောင့်ရှောက်ရင်း လေးစားတန်ဖိုးထားလျက် ချစ်မြတ်နိုးနိုင်ကြပါစေဟု အာသီသအမှုပြုလိုက်ရပေသည်။

ဉာဏ်မြဲ

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ကိန်းဂဏန်းများနှင့်သင်

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ရုပ်/သံနှင့်ရေဒီယို အစီအစဉ်များ၌ တာဝန်ရှိသူ၊ လေယာဉ်မောင်းသူ၊ အင်ဂျင်နီယာ၊ ကွန်ပျူတာပညာရှင်၊ လျှပ်စစ်လုပ်သား၊ လယ်သမား၊ အုတ်စီသူ (ပန်းရန်)၊ စာရင်းကိုင်၊ ဗိသုကာပညာရှင်၊ ကျောက်စာထုသူ၊ စက်ပြင်ဆရာ၊ ပုံနှိပ်သူ၊ သင်္ချာပညာရှင်၊ ထောင်တံခါးဝစောင့်သူ၊ စက်ရုံလုပ်သား၊ ပိုက်ပြင်ဆရာများအဖြစ် တွေ့ရတတ်သည်။

**ကျန်းမာရေး**

သာမန်မဟုတ်သော နာမကျန်းရောဂါများ၊ ကုသရခက်သည့်ရောဂါများ၊ စိတ်ပျက် လက်လျှော့ရလောက်သော ရောဂါများ ဖြစ်ပေါ်ခံစားရကြောင်း ရည်ညွှန်းသည်။

ကျန်းမာရေးအတွက် ဆေးဝါးကုသခြင်းကို ဇန်နဝါရီ၊ မတ်၊ မေ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလများတွင်လုပ်ပေးသင့်သည်။

**ဘဝလက်တွဲဖော်ချစ်သူ၊ အိမ်ထောင်ဖက်**

(၄) ဂဏန်းပိုင်ရှင်တို့အဖို့ ၎င်းတို့ထက် အသက်ကြီးသူများနှင့် ချစ်ကြိုးသွယ်မိတတ်သည်။အထူးသဖြင့် ဇန်နဝါရီလကုန်ပိုင်းနှင့် ဖေဖော်ဝါရီလ၊ မေလကုန်ပိုင်းနှင့် ဇွန်၊ ဇူလိုင်လကုန်ပိုင်း၊ ဩဂုတ်လအတွင်းမွေးဖွားသူများ၊ လတစ်လ၏ ၁၊ ၄၊ ၁၀၊ ၁၃၊ ၁၉၊ ၂၂၊ ၂၈၊ ၃၁ ရက်နေ့များတွင် မွေးဖွားသူများသည် (၄) ဂဏန်းပိုင်ရှင်ဖြစ်သူ သင့်အတွက် ချစ်သူ၊ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်သူများ ဖြစ်သည်။

**နှစ်တစ်နှစ်၏အကောင်းဆုံးအချိန်ကာလများ**

အကောင်းဆုံးသောနေ့ရက်မှာ တနင်္ဂနွေနေ့ဖြစ်သည်။ သို့သော် ဒုတိယအကောင်းဆုံးသောနေ့ရက်အဖြစ် ဗုဒ္ဓဟူးနေ့ကို ရွေးချယ်နိုင်သည်။ ဖေဖော်ဝါရီ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် (၄) ဂဏန်းပိုင်ရှင်အတွက် အရေးပါသောလများ ဖြစ်သည်။

(၄) ဂဏန်းသည် (၆) လကြာကာလအတွင်း သတင်းစကားကြားသိရခြင်းကို ရည်ညွှန်းသည်။

**(၄) ဂဏန်းစိုးမိုးသည့် မြို့များနှင့် နိုင်ငံများ**

ထရီနီဒက်၊ မိုဘိုင်း၊ ဝါရှင်တန်၊ ဘာဘာဒို၊ လန်ဒန်၊ ဂျက်ဆန်၊ ဆာရာတိုဂါ၊ ဘရူနိုအေးရိစ်၊ ဆူရီနမ်၊ ရစ်(ချ်)မွန်း၊ ပရင့်(စ်)တန်၊ ဒေတန်တို့ ဖြစ်သည်။

**(၄) ဂဏန်းစိုးမိုးသော နောက်ဆက်တွဲ သိစရာအတိုအထွာများ**

(၄) ဂဏန်းသည် သာမန်မဟုတ်သော ပုံစံဒီဇိုင်းဖြင့် တည်ဆောက်ထားသော အဆောက်အအုံများ၊ ဂျင်နရေတာ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ရေဒီယို၊ ရုပ်/သံဌာနအဆောက်အအုံများ၊ ရထားဘူတာရုံများအား စိုးမိုးထားသည်။ (၄) ဂဏန်းသည် နေ့ခင်းအချိန်များ၌ အကောင်းဆုံးဖြစ်သည်။

**(၅) ဂဏန်း**
**(မွေးရက်အားပေါင်းခြင်းဂဏန်း၊ မွေးရက်တစ်လုံးတည်းဂဏန်း)**

(၅) ဂဏန်းသည် ယောကျ်ားဆန်သော သဘာဝကို ရည်ညွှန်းသည်။

(၅) ဂဏန်းအား ဗုဒ္ဓဟူးဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။

(၅) ဂဏန်းသည် ၃-တန့်အိမ်အတွင်းရှိ မေထုန်ရာသီ (Gemini) နှင့် ၆-တန့်အိမ်အတွင်းရှိ ကန်ရာသီ(Virgo) အား ကိုယ်စားပြုထားသည်။

**ကောင်းသောလက္ခဏာများ**

လိမ္မာပါးနပ်သူ၊ လိုက်လျောညီထွေနေတတ်သူ၊ ဘက်စုံကျွမ်းကျင်သူ၊ စိတ်ပါလက်ပါလုပ်ကိုင်တတ်သူ၊ စာပေလိုက်စားတတ်သူ၊ စူးစမ်းလိုစိတ်ရှိသူ၊ အတင့်ရဲသူ၊ သဘာဝစိတ်အတိုင်း အလိုအလျောက်တုံ့ပြန်တတ်သူ၊ လွတ်လပ်မှုကို နှစ်သက်သူ၊ အချစ်ရေး၌ စိတ်လှုပ်ရှားစရာကြုံတွေ့ရသူ၊ ခရီးသွားတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**မကောင်းသောလက္ခဏာများ**

အစွန်းရောက်သူ၊ အရာရာဂရုမမူပေ့ါပျက်ပျက်နေတတ်သူ၊ သနားကြင်နာစိတ်မရှိသူ၊ ရုန့်ရင်းကြမ်းတမ်းတတ်သူ၊ ဖို၊ မကိစ္စ၌ မိမိစိတ်ကိုအလိုလိုက်တတ်သူ၊ မူးယစ်ဆေးသုံးခြင်းနှင့် အရက်သေစာသောက်စားသူ၊ စည်းမဲ့ကမ်းမဲ့နေတတ်သူ၊ ရည်မှန်းချက်၊ ဦးတည်ချက်မဲ့နေသူဖြစ်ကြောင်း ဖော်ပြသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

အရောင်းစျေးသည်၊ သတင်းထောက်၊ ဆက်သွယ်ရေးလုပ်ငန်းကျွမ်းကျင်သူပညာရှင်၊ စုံစမ်းရေးမှူး (စုံထောက်)၊ အများပြည်သူတို့နှင့်ထိတွေ့ဆက်ဆံရသောလုပ်ငန်းများ၊ လေယာဉ်မှူး၊ ဂီတပညာရှင်၊ စာရေးဆရာ၊ လောင်းကစားသမား၊ ကျောင်း/ကျူရှင်ဆရာ၊ စတော့ရှယ်ယာအရောင်းအဝယ်လုပ်သူ၊ သွင်းကုန်၊ ထုတ်ကုန်လုပ်သူ၊ သိပ္ပံပညာရှင်၊ မြင်းကားကျွမ်းကျင်သူများအဖြစ် တွေ့ရတတ်သည်။

**ကျန်းမာရေး**

စိတ်ပိုင်းဆိုင်ရာရောဂါများ၊ အာရုံကြောရောဂါများ၊ အိပ်မပျော်သောရောဂါ၊ သွေးအားနည်းရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ရောဂါ၊ စကားထစ်ငေါ့ခြင်း၊ ခေါင်းမူးခြင်း၊ မျက်နှာအကြောဆွဲခြင်း၊ လက်မောင်း၊ ပခုံး၊ လက်နေရာတို့၌ ထိခိုက်ဒဏ်ရာရခြင်းများဖြစ်ပေါ်ရတတ်ကြောင်း ရည်ညွှန်းသည်။ ကျန်းမာရေးအတွက် ဆေးဝါးကုသခြင်းကို ဇန်နဝါရီ၊ မတ်၊ ဒီဇင်ဘာလများ၌ အထူးပြုလုပ်သင့်သည်။

**ဘဝလက်တွဲဖော်၊ ချစ်သူအိမ်ထောင်ဖက်**

(၅) ဂဏန်းပိုင်ရှင်များအဖို့ ဧပြီလကုန်ပိုင်းနှင့် မေလ၊ မေလကုန်ပိုင်းနှင့် ဇွန်လ၊ ဩဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာလ၊ စက်တင်ဘာလကုန်ပိုင်း၊ အောက်တိုဘာလအတွင်း မွေးဖွားသူများ၊ လတစ်လ၏ ၅၊ ၆၊ ၁၄၊ ၁၅၊ ၂၃၊ ၂၄ ရက်နေ့တွင် မွေးဖွားသူများသည် (၅) ဂဏန်းပိုင်ရှင် သင့်အတွက် ချစ်သူ၊ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်သူများ ဖြစ်သည်။

**နှစ်တစ်နှစ်အတွက် အကောင်းဆုံးအချိန်ကာလများ**

အကောင်းဆုံးသောနေ့ရက်မှာ ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ဒုတိယဦးစားပေး



www.burmeseclassic.com

www.burmeseclassic.com

အနေဖြင့် သောကြာနေ့အား ရွေးချယ်နိုင်သည်။ အများအားဖြင့် ဖေဖော်ဝါရီ၊ မေ၊ ဇွန်၊ စက်တင်ဘာ၊ အောက်တိုဘာလများက အရေးပါလျက်ရှိသည်။

(၅) ဂဏန်းသည် နှစ်လအတွင်း သတင်းစကားကြားခြင်း အဓိပ္ပာယ်ကို ရည်ညွှန်းသည်။

**(၅) ဂဏန်းစိုးမိုးသည့် မြို့များနှင့်နိုင်ငံများ**

ချီကာဂို၊ အော့(က်)လန်း(ဒ်)၊ အက်တီကာ၊ ဂရင်း(စ်)ဘိုရို၊ ဖရီးပို့(တ်)၊ အကာပေါ်ကို၊ နီကာရာဂွါ၊ ဘီမီနီ၊ ကိုင်ရို၊ နက်(ရှ်)ဗီးလီး၊ တရက်တန်၊ ပန်း(မ်)ဘီ(ချ်)တို့ ဖြစ်သည်။

**(၅) ဂဏန်းစိုးမိုးသော နောက်ဆက်တွဲ သိစရာအတိုအထွာများ**

မြင့်မြင့်မားမားတည်ဆောက်ထားသည့် အဆောက်အအုံများ၊ ကျောင်းအဆောက်အအုံ၊ အဝေးပြေးလမ်းမကြီးများ၊ ကစားကွင်းများ၊ စာတိုက်၊ ရှော့ပင်းမော၊ သိပ္ပံဌာနအဆောက်အအုံများ၊ စမ်းသပ်ခန်း၊ ဓာတ်ခွဲခန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ အဆောက်အအုံများ၊ စီးပွားရေးလုပ်ငန်းအဆောက်အအုံများအား (၅) ဂဏန်းက စိုးမိုးအုပ်ချုပ်ထားသည်။

(၅) ဂဏန်းနှင့်ဆက်စပ်ပတ်သက်နေသောအရောင်မှာ အရောင်ဖျော့ဖျော့ရောနှောထားသော အရောင်များပင်ဖြစ်သည်။

(၅) ဂဏန်းသည် နေ့အချိန်ရောညအချိန်တွင်ပါ အကျိုးပြုသည်။

**(၆) ဂဏန်း**

**(မွေးရက်အားပေါင်းခြင်းဂဏန်း မွေးရက်တစ်လုံးတည်းဂဏန်း)**

(၆) ဂဏန်းသည် မိန်းမသဘာဝကို ရည်ညွှန်းသည်။

(၆) ဂဏန်းအား သောကြာဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။

(၆) ဂဏန်းသည် ၂ - တန့်အိမ်အတွင်းရှိ ပြိဿရာသီ (Towrus) နှင့် ၇-တန့်အိမ်အတွင်းရှိ တုရာသီ (Libra) တို့အား ကိုယ်စားပြုထားသည်။

**ကောင်းသောလက္ခဏာများ**

အားကိုးရလောက်သူ၊သစ္စာစောင့်သိသူ၊ ချစ်ခင်တတ်သူ၊ တာဝန်ယူတတ်သူ၊ ဆွဲဆောင်အားကောင်းသူ၊ နှစ်သိမ့်တတ်သူ၊ မျှတမှုကိုလိုလားသူ၊ စဉ်းစားဆင်ခြင်တတ်သူ၊ တည်ငြိမ်မှုရှိသူ၊ လူမှုအသိုင်းအဝိုင်းအတွင်းဝင်ဆံ့သူ၊ မိသားစုအရေးကို ဦးစားပေးသူ၊ အနုပညာစိတ်ဝင်စားသူ၊ သနားကြင်နာတတ်သူ၊ နားလည်မှုရှိသူဖြစ်ကြောင်း ဖော်ပြသည်။

**မကောင်းသောလက္ခဏာများ**

ခေါင်းမာတတ်သူ၊ အတင်းအဖျင်းပြောတတ်သူ၊ အာဏာပြတတ်သူ၊ ကြားဝင်နှောင့်ယှက်တတ်သူ၊ သံသယများသူ၊ အပြစ်ရှာတတ်သူ၊ လေ့နံဓားထစ်ဝါဒကို လက်ကိုင်ထားသူ၊ မနာလိုဝန်တိုတတ်သူ၊ မိမိအကျိုးကိုသာ ရှေးရှုတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ကျောင်းဆရာ၊ ပန်းချီဆရာ၊ ရှေ့နေ၊ အဆိုတော်၊ ဆရာဝန်၊ သူနာပြု၊ အကြံပေးအရာရှိ၊ အတိုင်ပင်ခံ၊ နည်းပြဆရာ၊ အသံပညာသင်ကြားသူဆရာ၊ သွားဆရာဝန်၊ ပြေးခုန်ပစ်ကစားသမား၊ လူမှုလုပ်သား၊ ကောင်ဆယ်လာ၊ အိမ်၊ ခြံမြေရောင်းဝယ်သူ၊ အလုပ်သမားခေါင်းဆောင်၊ ပါမောက္ခ၊ ခွဲစိတ်ကုဆရာဝန်၊ အလှပြင်ပညာရှင်၊ ဆံပင်မိတ်ကပ်ပညာရှင်များအဖြစ် တွေ့ရတတ်သည်။

**ကျန်းမာရေး**

နှာခေါင်းနှင့်လည်ချောင်းဆိုင်ရာရောဂါများ၊ အဆုတ်အပေါ်ပိုင်း၌ဖြစ်ပေါ်တတ်သောရောဂါများ၊ ပန်းနာရင်ကျပ်ရောဂါ၊ ရင်ခေါင်းဆိုင်ရာရောဂါများ၊ အမှုန်အမွှားစဉ်ရာမှ ဖြစ်ပေါ်လာသော နှာစေး၊ ချောင်းဆိုးရောဂါများ၊ သွေးလည်ပတ်မှုမမှန်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အမျိုးသမီးဖြစ်ပါက ရင်သားဆိုင်ရာရောဂါဖြစ်ခြင်းတို့အား ရည်ညွှန်းသည်။

ကျန်းမာရေးဆိုင်ရာအပြောင်းအလဲ၊ အခြေအနေများအား ဖေဖော်ဝါရီ၊ ဧပြီ၊ ဩဂုတ်လများ၌ သတိပြုစောင့်ကြည့်၍ လိုအပ်သလို ကုသမှုခံယူသင့်သည်။

**ဘဝလက်တွဲဖော်ချစ်သူ၊ အိမ်ထောင်ဖက်**

(၆) ဂဏန်းပိုင်ရှင်တို့အဖို့ အိမ်၊ မိသားစု၊ ချစ်သူ၊ အိမ်ထောင်ဖက်ရွေးရာ၌ အရေးပါသော အခြေအနေများကို ဖြစ်စေသည်။ ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လ၊ ဧပြီလကုန်ပိုင်းနှင့် မေလ၊ စက်တင်ဘာလကုန်ပိုင်းနှင့် အောက်တိုဘာ၊ နိုဝင်ဘာလကုန်ပိုင်းနှင့် ဒီဇင်ဘာလ အတွင်းမွေးဖွားသူများ၊ လတစ်လ၏ ၃၊ ၆၊ ၁၂၊ ၁၅၊ ၂၁၊ ၂၄၊ ၃၀ ရက်များတွင် မွေးဖွားသူများသည် (၆) ဂဏန်းပိုင်ရှင် သင့်အတွက် ချစ်သူ၊ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်သူများဖြစ်သည်။

**နှစ်တစ်နှစ်၏ အကောင်းဆုံး အချိန်ကာလများ**

(၆) ဂဏန်းပိုင်ရှင် သင့်အတွက် အကောင်းဆုံးဖြစ်စေသောနေ့ရက်မှာ သောကြာနေ့ဖြစ်ပြီး ဒုတိယအကောင်းဆုံးသောနေ့ရက်အဖြစ် ကြာသပတေးနေ့အား သတ်မှတ်ထားသည်။ ၎င်းပြင် မတ်လ၊ မေလ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလများသည် (၆) ဂဏန်းပိုင်ရှင်အတွက် ဘဝတစ်သက်တာလုံးနှင့်ဆိုင်သော အပြောင်းအလဲများကို ဖြစ်စေတတ်သည်။

(၆) ဂဏန်းသည် ရက်သတ္တ (၂) ပတ်အတွင်း သတင်းစကားများအား ကြားသိရနိုင်သည့် အဓိပ္ပာယ်ကို ရည်ညွှန်းသည်။

**(၆) ဂဏန်းစိုးမိုးသည့် မြို့များနှင့် နိုင်ငံများ**

ဘိုရီဗီတာ၊ ဆန်တိုနီမင်ဂို၊ ကန်းဆပ်၊ ဩဂတ်(စ်)တာ၊ ဘာမြူဒါ၊ ဟာဝိုင်ရီ၊ နယူးအောလင်း၊ အဲလာ့(စ်)၊ ပါရီ၊ ပါရာဒိုက်အိုင်းလင်း(န်)၊ ဒိုဟာ၊ မီဝေါ(ခ်)ကီ၊ ဟိုနိုလူလူ၊ ဆန်ဖရန်စစ္စကို၊ မြူနစ်တို့ ဖြစ်သည်။

**(၆) ဂဏန်း စိုးမိုးသော နောက်ဆက်တွဲ သိစရာအတိုအထွာများ**

စက်မှုလက်မှုလုပ်ငန်းဆိုင်ရာအဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဆေးရုံ၊ ပြတိုက်၊ လှပစွာတည်ဆောက်ထားသည့် အိမ်ပုံစံများ၊ အိပ်ခန်းများ၊ လယ်ကွင်းများ၊ ကျွဲ၊ နွားစားကျက်မြေများ၊ ပန်းခြံ၊ ပန်းပုခန်းမများ၊ ကျန်းမာရေးစင်တာများအား (၆) ဂဏန်းက စိုးမိုးအုပ်ချုပ်ထားသည်။

(၆) ဂဏန်းနှင့်ဆက်စပ်ပတ်သက်နေသော အရောင်မှာ အပြာရောင်ဖျော့ဖျော့မှ အပြာရောင်ရင့်ရင့်အရောင်အထိပါဝင်သည်။

(၆) ဂဏန်းသည် နေ့ပိုင်းအချိန်များ၌ အကောင်းဆုံးအကျိုးပေးသည်။

**(၇) ဂဏန်း**

**(မွေးရက်အားပေါင်းခြင်းဂဏန်း မွေးရက်တစ်လုံးတည်းဂဏန်း)**

(၇) ဂဏန်းသည် ကျားသဘာဝကို ရည်ညွှန်းသည်။



www.burmeseclassic.com

www.burmeseclassic.com

(၇) ဂဏန်းအား အတိတ်ကာလတွင် တနင်္လာဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားပြီး လက်ရှိကာလ၌ နက်(ပ်)ကျွန်းဂြိုဟ်က စိုးမိုးထားသည်။

(၇) ဂဏန်းသည် ၅ - တန့်အိမ်အတွင်းရှိ ကရကဋ်ရာသီ (Cancer) နှင့် ၃၂ - တန့်အိမ်အတွင်းရှိ မိန်ရာသီ (Pisces) တို့အား ကိုယ်စားပြုထားသည်။

**ကောင်းသောလက္ခဏာများ**

အသိပညာဗဟုသုတနှင့်ပြည့်စုံသူ၊ ထိုးထွင်းဉာဏ်အားကောင်းသူ၊ ခရီးဝေးသွားရခြင်းကို နှစ်သက်သူ၊ အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေထိုင်တတ်သူ၊ လွတ်လပ်စွာနေတတ်သူ၊ အတွေးအခေါ်ရှိသူ၊ အရာရာခွဲခြမ်းစိတ်ဖြာတတ်သူ၊ လျှို့ဝှက်သိုသိပ်စွာနေတတ်သူ၊ သုတေသနပြုသူ၊ အမှန်တရားကိုရှာဖွေသူ၊ ဒဿနအမြင်ရှိသူ၊ ဩဇာအာဏာကြီးသူများအဖြစ် တွေ့ရတတ်သည်။

**မကောင်းသောလက္ခဏာများ**

စောင်းချိတ်၍ပြောဆိုတတ်သူ၊ သရော်တတ်သူ၊ တစ်ကိုယ်တော်လွင့်မျောတတ်သူ၊ တစ်ဖက်သားအား အပြစ်ရှာတတ်သူ၊ အကောင်းမမြင်တက်သူ၊ ကောက်ကျစ်စဉ်းလဲတတ်သူ၊ လိမ်ညာလှည့်စားတတ်သူ၊ စိတ်လျှော့တတ်သူ၊ တစ်ဖက်သားအပေါ် အပေါ်ယံအမြင်ဖြင့် ကဲ့ရဲ့ရှုတ်ချတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

သုတေသနအရာရှိ၊ အကြားအမြင်ဟောသူ၊ နက္ခတ်ဗေဒင်ကျွမ်းကျင်သူ၊ သိပ္ပံပညာရှင်၊ဘာသာရေးခေါင်းဆောင်၊ ရေကြောင်းပြအရာရှိ၊ စာရင်းကိုင်၊ စာရေးဆရာ၊ စက်မှုဆိုင်ပညာရှင်၊ မျက်လှည့်ပညာရှင်၊ ဂဏန်းဗေဒင်ကျွမ်းကျင်သူ၊ ခွဲစိတ်ကုဆရာဝန်၊ ကွန်ပျူတာပညာရှင်၊ အော်ပရေတာ၊ စာကြည့်တိုက်မှူး၊ အင်ဂျင်နီယာ၊ အယ်ဒီတာ၊ အဏ္ဏဝါဗေဒပညာရှင်၊ ကျောင်းဆရာ၊ ယဉ်ကျေးမှုကျွမ်းကျင်သူများအဖြစ် တွေ့ရတတ်သည်။

**ကျန်းမာရေး**

စဉ်းစားမှုများလွန်ကဲခြင်းကြောင့် ရောဂါရခြင်း၊ အရေပြားဆိုင်ရာရောဂါများ၊ ချွေးထွက်လွန်ကဲခြင်း၊ အစာအိမ်ရောဂါများဖြစ်ပေါ်တတ်သည်။ ကျန်းမာရေးအတွက် ဆေးဝါးကုသမှုကို ဇန်နဝါရီ၊ ဧပြီ၊ ဩဂုတ်လများ၌ အထူးပြုလုပ်ပေးသင့်သည်။

**ဘဝလက်တွဲဖော်ချစ်သူ၊ အိမ်ထောင်ဖက်**

(၇) ဂဏန်းပိုင်ရှင်တို့အဖို့ တစ်လင်တစ်မယားစနစ်ကို ပိုမိုနှစ်သက်တတ်ကြသည်။ (၇) ဂဏန်းပိုင်ရှင်အတွက် အကောင်းဆုံးသောအိမ်ထောင်ဖက်မှာ ဇန်နဝါရီလကုန်ပိုင်းနှင့် ဖေဖော်ဝါရီလ၊ မတ်လ၊ ဇွန်လကုန်ပိုင်းနှင့် ဇူလိုင်လ၊ ဩဂုတ်လအတွင်းမွေးဖွားသူများ၊ လတစ်လ၏ ၂၊ ၄၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၂၀၊ ၂၂၊ ၂၅၊ ၃၀ ရက်တွင် မွေးဖွားသူများပင် ဖြစ်သည်။

**နှစ်တစ်နှစ်၏ အကောင်းဆုံးအချိန်ကာလများ**

အကောင်းဆုံးသော နေ့ရက်မှာ တနင်္လာနေ့ဖြစ်ပြီး တနင်္ဂနွေနေ့အား ဒုတိယအကောင်းဆုံးအဖြစ် ရွေးချယ်နိုင်သည်။ ဖေဖော်ဝါရီ၊ မတ်လ၊ ဇူလိုင်၊ ဩဂုတ်လများသည် (၇) ဂဏန်းပိုင်ရှင်အတွက် အရေးပါသော အချိန်ကာလများ ဖြစ်သည်။

(၇) ဂဏန်းသည် အချိန်တစ်နာရီအတွင်း သတင်းစကားလက်ခံရရှိမည့် အခြေအနေကို ရည်ညွှန်းသည်။

**(၇) ဂဏန်းစိုးမိုးသည့် မြို့များနှင့်နိုင်ငံများ**

နော်ဖော့(ခ်)၊ ကွင်း(န်)(စ်)၊ ဟောလီးဝုဒ်၊ လစ်တဲ(လ်)ရော့(ခ်)၊ ပါရာမော့(စ်)၊ အင်(န်)ဂျေ၊ ဘာစီလိုနာ၊ ဘရာဇီး၊ ဂျပန်၊ ဗိုင်ယာ၊ ဆီနီဂေါ၊ လုဆာကာ၊ မက်ဒရစ်၊ ဆန်တီရားဂိုး၊ ကန်တုံတို့ ဖြစ်သည်။

**(၇) ဂဏန်းစိုးမိုးသော နောက်ဆက်တွဲ သိစရာအတိုအထွာများ**

ရုပ်ရှင်လုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်း၊ သင်္ဘောလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေအောက်ရှာဖွေစူးစမ်းမှုလုပ်ငန်းများ၊ သစ်တောနှင့်သစ်ပင်များ၊ ရေကန်များ၊ စမ်းချောင်းများ၊ ရေနံတွင်းများ၊ သိပ္ပံနှင့်သုတေသနလုပ်ငန်းများအား (၇) ဂဏန်းက စိုးမိုးအုပ်ချုပ်ထားသည်။

(၇) ဂဏန်းနှင့်ဆက်စပ်နေသောအရောင်မှာ အစိမ်းရောင်၊ နို့နှစ်ရောင်၊ အဖြူရောင်အုပ်စုဝင်အရောင်များ ဖြစ်သည်။

(၇) ဂဏန်းသည် ညအချိန်၌ အကောင်းဆုံးအကျိုးပေးသည်။

**(၈) ဂဏန်း**

**(မွေးရက်အားပေါင်းခြင်းဂဏန်း၊ မွေးရက်တစ်လုံးတည်းဂဏန်း)**

(၈) ဂဏန်းသည် မသဘာဝအားရည်ညွှန်းသည်။

(၈) ဂဏန်းအား စနေဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။

(၈) ဂဏန်းသည် ၁၀-တန့်အိမ်အတွင်းရှိ မကာရရာသီ (Capricorm) အား ကိုယ်စားပြုသည်။

**ကောင်းသောလက္ခဏာများ**

တိုးတက်မှုရှာတတ်သူ၊ ဩဇာအာဏာကြီးမားသူ၊ အလုပ်သဘောအားတိတိကျကျဆောင်ရွက်တတ်သူ၊အောင်မြင်လိုစိတ်ရှိသူ၊ စိတ်ပိုင်းဖြတ်ထားသည့်အတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်သူ၊ တရားမျှတလိုစိတ်ရှိသူ၊ ရှေးရိုးအစဉ်အလာများအား တန်ဖိုးထားတတ်သူ၊ မိမိကိုယ်မိမိသာ အားကိုးတတ်သူ၊ ဦးဆောင်နိုင်စွမ်းရှိသူ၊ စီမံခန့်ခွဲမှုကောင်းသူ၊ ဘာသာရေးလိုက်စားသူ၊ ဒဿနအမြင်ရှိသူဖြစ်ကြောင်း ဖော်ပြသည်။

**မကောင်းသောလက္ခဏာများ**

စိတ်ကူးယဉ်တတ်သူ၊လောဘကြီးသူ၊ အနိုင်ယူချင်စိတ်ကြီးသူ၊ တစ်ဖက်သားအပေါ် လွှမ်းမိုးချုပ်ကိုင်လိုသူ၊ အာဏာရူးတတ်သူ၊ တရားမျှတစိတ်မရှိသူ၊ တစ်ကိုယ်ကောင်းဆန်တတ်သူ၊ တစ်ဖက်သားအပေါ် မနာလိုတတ်သူ၊ ဝမ်းနည်းကြေကွဲစရာများနှင့် ဘဝကိုအဆုံးသတ်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ဘဏ်လုပ်ငန်းရှင်၊ အမှုဆောင်အရာရှိ၊ ရှေးဟောင်းသုတေသနပညာရှင်၊ ရှေးဟောင်းပစ္စည်းရောင်းဝယ်သူ၊ အကျဉ်းထောင်အရာရှိ၊ သတ္တုတွင်းတူးဖော်သူ၊ သန့်ရှင်းရေးလုပ်သား၊ ဘာသာရေးခေါင်းဆောင်၊ ဌာနဆိုင်ရာအရာရှိ၊ နိုင်ငံရေးသမား၊ ရဲအရာရှိ၊ ရှေ့နေ၊ မန်နေဂျာ၊ လက်ဝှေ့သမား၊ ရုပ်ရှင်သရုပ်ဆောင်၊ အရေးပြားဆရာဝန်များအဖြစ် တွေ့ရတတ်သည်။

**ကျန်းမာရေး**

ခေါင်းကိုက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ သွေးအတွင်း အဆီပိုဖြစ်ခြင်း၊ အရိုးအဆစ်ရောင်ရမ်းခြင်း၊ ကျောက်ကပ်ဆိုင်ရာရောဂါများ၊ ဆေးမှားခြင်းကြောင့် ဖြစ်တတ်သော နောက်ဆက်တွဲဝေဒနာများ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်ကြုံတွေ့ရတတ်သည်။ ကျန်းမာရေးအတွက် ဆေးဝါးကုသခြင်းကို ဖေဖော်ဝါရီလ၊ ဇွန်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ၊ ဇန်နဝါရီလ၊ မေလ၊ အောက်တိုဘာလများတွင် ပြုလုပ်သင့်သည်။

**ဘဝလက်တွဲဖော် ချစ်သူ၊ အိမ်ထောင်ဖက်**

ဒီဇင်ဘာလကုန်ပိုင်းနှင့် ဇန်နဝါရီလ၊ ဧပြီလကုန်ပိုင်းနှင့် မေလ၊ စက်တင်ဘာလကုန်ပိုင်းနှင့် အောက်တိုဘာလအတွင်းမွေးဖွားသူများက (၈)ဂဏန်းပိုင်ရှင်သင့်အတွက် အကောင်းဆုံးလက်တွဲဖော်များပင် ဖြစ်သည်။ တစ်ဖန် လတစ်လ၏ ၆၊ ၁၅၊ ၁၇၊ ၂၄၊ ၂၆ ရက်တွင် မွေးဖွားသူများကလည်း (၈) ဂဏန်းပိုင်ရှင်အတွက် အကောင်းဆုံးသော လက်တွဲဖော်များပင် ဖြစ်သည်။

**နှစ်တစ်နှစ်အတွက် အကောင်းဆုံးအချိန်ကာလများ**

(၈) ဂဏန်းပိုင်ရှင် သင့်အတွက် အကောင်းဆုံးနေ့ရက်မှာ စနေနေ့ဖြစ်ပြီး ဒုတိယအကောင်းဆုံးနေ့ရက် အဖြစ် သောကြာနေ့အား ရွေးချယ်နိုင်သည်။ ထို့ပြင် ဇန်နဝါရီလ၊ မေလ၊ ဇူလိုင်လ၊ အောက်တိုဘာလများသည် (၈) ဂဏန်းပိုင်ရှင်အတွက် အရေးပါဆုံး အကောင်းဆုံးသောကာလများပင် ဖြစ်သည်။

**(ဂ) ဂဏန်းစိုးမိုးသည့် မြို့များနှင့်နိုင်ငံများ**

ဘတ်(ဖ်)လို၊ [illegible] ဗြိတိန်၊ [illegible]ဆာ၊ ဘာဟားမား၊ [illegible] ဟောင်ကောင်၊ လာဂို(စ်)၊ အိန္ဒိယ [illegible](လ်)တာ၊ ဂူရာနာ၊ မွန်တီဂိုဘေး၊ [illegible] ဘလူး(မ်)ဖီး[illegible] [illegible](လ်)ဖက်(စ်)တို့ ဖြစ်သည်။

**(ဃ) ဂဏန်း စိုးမိုးသော နောက်ဆက်တွဲ သိစရာများ**

သင်္ချိုင်းများ၊ ကျောက်မီးသွေးတွင်းများ၊ သတ္တုတွင်းများ၊ အကျဉ်းထောင်များ၊ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်များ၊ ရှေးဟောင်းသုတေသနအဖွဲ့မှ တူးဖော်ရရှိသော မြို့ပြ [illegible] မြေရောင်း[illegible] [illegible]ဘွားများအား (၈) [illegible] စိုးမိုးအုပ်ချုပ်ထားသည်။

(၈) ဂဏန်းနှင့် [illegible]

[illegible]

(၈) [illegible]

**(ဉ) ဂဏန်း**

**(မွေးရက်အားပေါင်းခြင်းဂဏန်း၊ မွေးရက်တစ်လုံးတည်းဂဏန်း)**

(၉) ဂဏန်းသည် ကျားသဘာဝ (အမျိုးသား၊ ယောကျ်ား)အား ရည်ညွှန်းသည်။

(၉) ဂဏန်းအား အင်္ဂါဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။

(၉) ဂဏန်းသည် ၁-တန့်အိမ်အတွင်းရှိ မိဿရာသီ (Aries) နှင့် ၈ - တန့်အိမ်အတွင်းရှိ ဗြိစ္ဆာရာသီ (Scorpio) အား ကိုယ်စားပြုထားသည်။

**ကောင်းသောလက္ခဏာများ**

လုံ့လချင်း စာနာထောက်ထားတတ်သူ၊ အပေးအကမ်းရက်ရောသူ၊ စိတ်သဘောထားကြီးသူ၊ လွတ်လပ်စွာနေတတ်သူ၊ စည်းရုံးနိုင်စွမ်းရှိသူ၊ သူရသတ္တိနှင့်ပြည့်စုံသူ၊ အနုပညာအပေါ် ခံစားနားလည်နိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**မကောင်းသောလက္ခဏာများ**

စိတ်လိုက်မာန်ပါနှင့်လုပ်တတ်သူ၊ စိတ်သဘောထားသေးသိမ်သူ၊ အငြင်းပွားတတ်သူ၊ စိတ်ခံစားမှုလွန်ကဲသူ၊ စိတ်ကူးယဉ်တတ်သူ၊ ရည်မှန်းချက်မဲ့သူ၊ သနားကြင်နာစိတ်မရှိသူ၊ သူတစ်ပါးအပေါ် အပြစ်မြင်တတ်သူ၊ တစ်ကိုယ်ကောင်းဆန်တတ်သူ၊ စကားများများပြောပြီး အလုပ်ဖြင့်သက်သေမပြနိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**အလုပ်အကိုင်ဆိုင်ရာကိစ္စများ**

ရဲဘက်စစ်ဘက်အရာရှိများ၊ မီးသတ်သမား၊ ဆောက်လုပ်ရေးလုပ်သား၊ နိုင်ငံရေးသမား၊ [illegible] ဆရာ၊ ဘာသာရေးဆရာ၊ [illegible] ဝေသူ၊ ဂျာနယ်လစ်၊ စတီးလုပ်ငန်း[illegible]သူ၊ ခွဲစိတ်ကုဆရာဝန်၊ ဟာရာသူကြီး၊ ပြေးခုန်ပစ်ကစားသမား၊ [illegible] တာဝန်ရှိသူ၊ ခရီးသွားဧည့်လမ်းညွှန်များ အဖြစ် တွေ့ရတတ်သည်။

**ကျန်းမာရေး**

[illegible] ဖွားနေခြင်းသက် [illegible] [illegible]အခြေအနေများ၊ မတော်တဆထိခိုက်မှုများဖြစ်ပေါ်တတ်သည်။ [illegible]

[illegible]

ဖြစ်ပေါ် ခံစားရတတ်သည်။

ကျန်းမာရေးအတွက် [illegible] ခြင်းကို ဇန်နဝါရီ၊ မေ၊ အောက်တိုဘာနှင့် ဇူလိုင်လများတွင် ပြုလုပ်ရတတ်သည်။ ထိုကာလအတွင်း အထက်ပါ [illegible] တဆမှုများရှိနိုင်ခြင်းကြောင့် ဖြစ်သည်။

**ဘဝလက်တွဲဖော် ချစ်သူ၊ အိမ်ထောင်ဖက်**

ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လ၊ မတ်လကုန်ပိုင်းနှင့် ဧပြီလ၊ အောက်တိုလကုန်ပိုင်းနှင့် နိုဝင်ဘာလ၊ နိုဝင်ဘာလကုန်ပိုင်းနှင့် ဒီဇင်ဘာလအတွင်း မွေးဖွားသူများ၊ ၁၊ ၉၊ ၁၂၊ ၁၈၊ ၂၇၊ [illegible] ၃၀ ရက်တွင် မွေးဖွားသူများသည် (၉) ဂဏန်းပိုင်ရှင်အတွက် အိမ်ထောင်ဖက် ဖြစ်လာနိုင်သူများ [illegible]

**နှစ်တစ်နှစ်၏ အကောင်းဆုံးအချိန်ကာလများ**

အကောင်းဆုံးနေ့ရက်မှာ [illegible] နေ့ဖြစ်ပြီး [illegible] အကောင်းဆုံးနေ့ရက် အဖြစ် [illegible] နေ့အား ရွေးချယ်နိုင်သည်။ [illegible] မတ်လ၊ ဧပြီလ [illegible] ဘာလ၊ ဒီဇင်ဘာလ၊ မေလ၊ အောက်တိုဘာလများသည် (၉) ဂဏန်းပိုင်ရှင် အတွက် အရေးပါသောကာလများ [illegible] သည်။

(၉) ဂဏန်းသည် [illegible] အတွင်း [illegible] အခ်ိပ္ပာယ်ကို ရည်ညွှန်းသည်။

**(ဂ) ဂဏန်းစိုးမိုးသည့် မြို့များနှင့် နိုင်ငံများ**

ရှင်(န်)ဘာ၊ ရှက်ဆယ်[illegible] [illegible] [illegible](လ်)ဖီးယား၊ [illegible] [illegible](စ်) [illegible](စ်)၊ ဆန်ဆာယ်(လ်)ဗာတ် အနဲ့ဟိဂ္ဂါ၊ ရောမ (ရုမ်းမ်)၊ ဆေး(လ်)ဗား [illegible] [illegible]တို့ ဖြစ်သည်။

**(ဃ) ဂဏန်း စိုးမိုးသော နောက်ဆက်တွဲ သိစရာများ**

[illegible]ဘားသတ်ရုံ၊ စစ်မြေပြင်၊ [illegible] ရုံ၊ ရဲဌာန၊ စတီးစက်ရုံ၊ အမြည်[illegible] ဆိုင်ရာ[illegible] ခရီးသွားလုပ်ငန်း[illegible] အား [illegible]

[illegible]

[illegible]

www.burmeseclassic.com

တချို့တလေရှိပါတယ်။

ဘယ်သူ့မှမမှည့်ဘူးတဲ့နာမည်မျိုးကို တမင်ရှာကြံရွေးပြီးမှည့်ပေးလိုက်ရတာကို သဘောကျတဲ့သူတွေရှိပါတယ်။

ဒီလို သဘောကျ နှစ်ခြိုက်တော့ မယ်ဆိုရင် ခဏလေး အချိန်ယူပြီး ကလေးအတွက် တွေးပေးလိုက်ပါဦး။

ကိုယ်သဘောကျတဲ့ ရှားပါး နာမည်ဟာ ကလေးနဲ့ ကိုက်၊ မကိုက် ကလေးအတွက် ကောင်းကျိုးပေး၊ မပေး တွေးပေးလိုက်ပါဦး။

ကိုယ်ကျတော့ သဘောကျလို့ တမင်ရွေးမှည့်လိုက်တာ မှန်ပါရဲ့။

ဒီနာမည်ခိုက်လို့ ကိုယ်တစ်စုံတစ်ခုဖြစ်သွားရင် ကလေးဟာ ဘယ်သူ့ကို သွားအားကိုးရပါ့မလဲ။

ကိုယ်က တစ်နေ့ သူ့ကို ထားခဲ့ရမှာ။

ကိုယ်ကျောခိုင်းသွားရင်ကော သူ ဘဝလှပါ့မလား။

ကိုယ်ရွေးထားတဲ့ နာမည်ဟာ ကလေးအတွက် အကျိုးပေး၊ မပေး၊ အောင် မြင်မှုတွေကို ပေးနိုင်၊ မပေးနိုင်။

ဒါတွေရှိပါတယ်။

ကိုယ်ချည်းပဲခေါ်ကောင်းနေရုံနဲ့ မဖြစ်သေးဘူးလေ။ ကလေးနဲ့ ဒီနာမည် အကျိုးပေး၊ မပေးဆိုတာ စဉ်းစားပေးရမှာပေါ့။

ဒါမှ မိဘတာဝန်လေ။

တချို့မှာ တတ်ကျွမ်းနားလည်တဲ့ သူတွေက 'ဟာ - မင်း ကလေးကို အဲလို ကြီးမခေါ်နဲ့လေ မကောင်းဘူး။ မင်းနဲ့ မင်းမိန်းမနဲ့ ကွဲတတ်တယ်' လို့ ဘယ် လောက်ပဲပြောပြော အကျင့်ပါနေလို့ဆိုပြီး လုံးဝမပြင်ဘဲဖွတ်ခေါ်တယ်။ ပါးစပ်ကလည်း ရယ်ရယ်မောမောတော့ပြောတယ်။ ဘယ်သူက၊ ဘယ်ဆရာက၊





www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဆရာမက သူ့ကို ဒီလိုမခေါ်ရဘူး ပြောကြတယ်။ ဒါပေမယ့် အကျင့်ပါနေတော့ ဘယ်လိုလုပ်မလဲဆိုပြီး ရယ်ရယ်မောမောပဲ။

ခေါ်ရင်းခေါ်ရင်းနဲ့ ပညာရှင်တွေ ပြောတဲ့စကားပြေးမလွတ်ပါဘူး။

တကယ်လည်း သူနဲ့ သူ့မိန်းမနဲ့ ကွဲသွားခဲ့ပါပြီ။

ဒါဟာ ကလေးတွေအတွက်ထည့်မစဉ်းစားခဲ့သူတွေရဲ့နှလုံးသားလို့ပြောရရင် သူကကောစိတ်ကောင်းပါ့မလား။

အမှန်က -

တကယ်လည်း ထည့်မစဉ်းစားခဲ့လို့ ဒီလိုဖြစ်တာပေါ့။

မသိလို့ ဆက်ခေါ်နေတာက တစ်မျိုးလေ။

သိသိနဲ့ဆက်ခေါ်နေတာမျိုးကြီးကတော့ ဆက်ခေါ်သူတွေမှာ တာဝန်ရှိသွားပြီ။ ဘယ်လိုတာဝန်လဲ။ မိဘတာဝန်ရှိသွားပြီ။

မိဘ ဆိုတာ ကိုယ့်သားသမီးဒုက္ခရောက်မှာကိုသိပြီဆိုရင်၊ သိနေပြီဆိုရင် အို-သူဟာသူဒုက္ခရောက်ရောက် ငါ့ဟာငါခေါ်ချင်လို့ခေါ်တယ်ကွာ။ ဘာဖြစ်လဲဆိုတဲ့သူမျိုးရှိပါ့မလား။

အင်း - ဒုက္ခရောက်မှာကိုသိတော့ သိတယ်။ ဒါပေမယ့် မရဘူးလေ။အကျင့်ကပါနေပြီ။ ပါးစပ်က နှုတ်ကျိုးနေပြီ။ ဒါကြောင့် ဒီတိုင်းပဲဆက်ခေါ်မိနေတာဆိုတဲ့သူမျိုးရောရှိပါ့မလား။

ကလေးနာမည်က ဟုတ်တယ် သူ့နာမည် အဲလိုခေါ်ရင်းနဲ့ သူ့အမေနဲ့ ကွဲသွားခဲ့တာကြာပြီ။ ဒါပေမယ့် မတတ်နိုင်ဘူး။ အကျင့်ပါနေလို့ဆိုတာမျိုးရော ရှိနိုင်ပါ့မလား။

မိဘ ဆိုတာ ကိုယ့်သားသမီးကို ကိုယ်ပြန်ဒုက္ခပေးဖို့ -

ကိုယ့်သားသမီးကို ဆင်းရဲစေဖို့ -

ကိုယ့်သားသမီးကို ပညာမတတ် ဘာမတတ်ဖြစ်အောင် လုပ်ချင်လို့မှ မဟုတ်ဘဲ။ ကိုယ့်သားသမီးကိုယ်ပြန်ပြီး ဣဿာမစ္ဆရိယနဲ့ ဒီကောင်တော့ ချမ်းသာရဲချမ်းသာကြည့် ငါနဲ့တွေ့မယ်လို့ ဘယ်သူမှမရှိဘူးလေ။

ဒါကြောင့် -

မိဘမှာတာဝန်တွေရှိနေပါတယ်။

ကိုယ့်သားသမီးကို ကိုယ်ခေါ်ကောင်းတာထက်စာရင် -

ကိုယ့်သားသမီးကို ကိုယ်အာတွေ့နေတဲ့နာမည်ထက်စာရင် -

သူ့ဘဝလေး တိုးတက် ထွန်းတောက်ပြီး ထင်ရှားတာ၊ ကျော်ကြားတာ၊ ကျန်းမာတာ၊ ချမ်းသာပြည့်စုံတာဖြစ်သွားစေနိုင်တဲ့နာမည်မျိုးကို မခေါ်ချင်ဘူးလား။ အဲဒီလိုမကြည့်ချင်ဘူးလား။

ဒါ ကိုယ့်ကိုယ်ကိုယ် အမြဲမေးနေ

# ဆရာဦးမောင်မောင်သန်း
(ရင်ကိုဓအား၊ မြဓစသ၃၊)
# နာမည်မြင်ကွင်း



www.burmeseclassic.com

ရမယ့်စကားဖြစ်နေသင့်ပါတယ်။

ခုဆိုရင်ပဲကြည့်ပါ။

'စောလှ-လှေဆန်' ဘယ်လောက် မိနေမိနေ ကျွန်တော်တို့ကအကျင့်ပါနေလို့၊ ကျွန်မတို့က အကျင့်ပါနေလို့နဲ့ပဲ သာယာနေတဲ့သူတွေဘယ်လိုလုပ်တော့မလဲ။

ကလေးတစ်ယောက်ဆို -

သူ့နာမည်လေးက ကောင်းတယ်၊ မောင်ဇာနည်။

ဒါပေမယ့် သူငယ်ငယ်က အရုပ်လေးပုလို့ ချစ်စနိုးနဲ့ သားပု၊ သားပုခေါ်ကြတယ်၊

သူဟာ တကယ်လည်း အရုပ်ပုပါတယ်။ လူအချိုးအဆစ်ကလည်း ဝင်တိုတိုလေး။

ဒါပေမယ့် သူ့အဖေကို ပြောခဲ့ဖူးပါတယ်

မင်းနယ်ကွာ ကလေးကို သားပု၊ သားပုမလုပ်ပါနဲ့လို့။

ဘာဖြင့်လို့လဲဆိုတော့ -

၀ ◄ နည်
၄
၁
၃ ဇာ
၆
၂
၅

မူလနာမည်

၀
၄
၁
အင်္ဂါ ၃
၆ သား
၂
၅ ◄ ပု

နာမည်ပြောင်

မောင်ဇာနည်ရဲ့ ကံကိုက ဒီအတိုင်း ဖြစ်နေတဲ့ [illegible]

ဒါပေမယ့် အင်္ဂါကို ဘယ်လောက် [illegible] ကို ပင်ပင်ပန်းပန်း ရုန်းကန်နေရရှာလေရဲ့။ ဟုတ်တယ်လေ ဖြစ်မှာပဲ။

'ပုသွပ် သေဘွယ်ကိန်း' ဟာ အလယ်အခြာ အင်္ဂါကို ပြိုပျက်သွားစေတဲ့နာမည်တွဲမျိုးဖြစ်နေတာမို့ သားပု ဒီလိုဖြစ်သွားရတာ မဆန်းပါဘူး။ ပထမ နာမည်ပေးကောင်းပါရဲ့ သားနဲ့ နာမည်ပြောင်ဟာ သူ့ကိုဒုက္ခပေးသွားပြီ။

ဒါက နာမည်ပြောင်ကြောင့်ထိတဲ့ သားပု။

နာမည်ပြောင်မဟုတ်ဘဲ ဒါရိုက်ထိတဲ့ 'ပုသွပ် သေဘွယ်ကိန်း' ဆိုရင် အတော်လေးထိချက်ပြင်းတယ်၊

မြင်ဖူးတယ်။

ကလေးမလေးတစ်ယောက်။ သူလည်း အင်္ဂါသမီးလေးပဲ။ မှည့်ထားတာကြည့်၊ သွန်းလှဲ့ခြူးမွန်။

၀
၄
၁
အင်္ဂါ ၃
၆ သွန်း
၂
၅ ◄ မွန်

၀
၄
၁
၃
သွပ် ◄ ၆ သေ
ပု ၅ ◄ ဘွယ်

ဘာလှသလဲမမေးနဲ့ နာမည်ကား

ဒီလိုနာမည်မျိုး စဉ်းတောင်မစဉ်းစားဖူးဘူး၊ လှလိုက်တာအရမ်းပဲ။ လှလွန်းလို့ မှတ်ကိုသားလိုက်တာ၊

မှည့်ပေးတဲ့လူလို ဦးနှောက်ကမထက်ဘူး၊

ဘာကယ့်ကို ရှားတဲ့ နာမည်လှလှလေး၊

သူ့သိုတော့ မမြင်တတ်ဘူး။ ဒါပေမယ့် သူမဖြစ်တာကိုတော့ မြင်တယ်၊ အဲဒါကတော့ [illegible] ခုခ်စနိုးနဲ့ ခြူးခြူးဆိုပြီးခေါ် နေတဲ့ [illegible]

[illegible] 'သွန်းလှဲခြူးမွန်' ဆိုတဲ့နာမည်။

[illegible]

ထိခိုက်သွားတာ။ မှည့်ပေးတဲ့သူတွေကိုယ်တိုင်မသိကြဘူးလေ။ ကလေးရဲ့မိဘတွေကလည်း ဘယ်သိမှာလဲ၊ နာမည်လေးကအရမ်းလှတော့ ဘယ်သူကဖြစ်ဖြစ် ဟယ် - လှလိုက်တာ၊ ဟယ်-လှလိုက်တာဆိုတာနဲ့ပဲ တပြုံးပြုံးပေါ့ပီတိတွေနဲ့။

ကလေးဟာ မွေးရာပါတက်တဲ့ ရောဂါရှိတယ်။ ခဏခဏတက်တယ်၊ ကုလည်းကုကြတာပဲ၊ ငွေတွေလည်း မနည်းဘူးကုန်တယ်။ ဘာကောင်းတယ်ဆိုဘာ၊ ညာကောင်းတယ်ဆိုညာ ကုကြတာပဲ၊ ဒါပေမယ့် တက်တာကတော့တက်တာပဲ။ ဘာဖြစ်သွားလဲ မသိဘူး၊ စကားကိုမပြောဘဲ တအားအားနဲ့၊ ငယ်ကလေးက ခုစ်စရာလေး၊ အသက်ထွက်လာတော့ အဲဒီလိုကြီးဖြစ်နေလို့ မြင်သူတိုင်းက စိတ်မချမ်းသာဘူး၊

ခုဆို (၈) နှစ်ထဲရောက်ပြီ၊

သူ့ခမျာ ဒီလိုပဲ တအားအားဖြစ်နေတုန်းပါပဲ

ခြူးလေး ဘယ်တော့များမှစကားပြောလာမလဲ မသိတော့ပါဘူး။ ကလေးလေးကို တွေ့ခဲ့တုန်းက မေတ္တာခေတ်တွေနဲ့ လွှမ်းခြုံပြီး ကလေးကို မေတ္တာအထူးပို့ခဲ့ပါတယ်။

နောက်တစ်ယောက်မြင်ဖူးတာက ယောက်ျားလေး။

သူက (၁၈) နှစ်ကျော်ပြီ၊ အလုပ်ကြမ်းလုပ်နေရတဲ့ကလေး၊ သူ့နာမည်လေးကို ခေါ်ကြည့်တော့ ဟိန်းပိုင်၊

၀
၄
၁
အင်္ဂါ ၃
၆ ဟိန်း
၂
၅ ◄ ပိုင်

၀
၄
၁
၃
၆ ဒေ
၂
၅ ◄ ဘွယ်

[illegible] နာမည်၊ ဒါ [illegible] မြင့်ကြီး [illegible]

www.burmeseclassic.com

သူပါတယ်။ သူက အလုပ်ကြမ်းအရင် လုပ်ရတယ်။ သူ့ဆရာက နောက်မှဆေး သုတ်တယ်။

သူ့ဆရာက ဒီကောင်ဟာ ဉာဏ် ကောင်းရဲ့သားနဲ့ ကျောင်းဆက်မတတ် တော့ဘူး။ ရှစ်တန်းကို မဖြေဘဲ ကျောင်း ထွက်လိုက်တယ်ဆိုလို့ တအံ့တသြနဲ့ ကြည့်လိုက်မိလို့ ဟိန်းပိုင်စာ နာမည် မြင်ကွင်းထဲကို ရောက်လာဖြစ်ပါတယ်။ (၁၈) နှစ်ပဲရှိသေးတယ်။

ကလေး၊ကျောင်းဆက်နေမလား။ နေရင် ဦးလေး ကျောင်းစရိတ်ပေးမယ် လေ ဆိုတော့ ပြုံးပြီး ခေါင်းခါတယ်။

သူ့မျက်နှာလေးဟာ တကယ့် အပြစ်ကင်းစင်ပါပေတယ်။

ကွမ်းလေးတမြုံ့မြုံ့နဲ့ ပြုံးနေတာ ပဲ။ အရမ်းအေးတယ်။ ထမင်းစားတော့ လည်း သူများလိုမဟုတ်ဘူး။ အေးအေး လေး။

ဒါကြောင့် သူ့ကို စိတ်ဝင်တစား သနားပြီး ခင်ခဲ့မိတာပါ။

ရှစ်တန်းအထိတောင် နေခဲ့တဲ့ ကလေးမို့ သူ့ကို ကျောင်းဆက်နေစေ ချင်တာ။ ဒါပေမယ့် သူဟာ ကျောင်းနေ ချင်စိတ်ထက် အလုပ်ပဲလုပ်ချင်နေပုံရပါ တယ်။

ဒါဟာ -

ရိုးရိုးကြည့်ရင်တော့ ဟိန်းပိုင် လေး ကျောင်းမနေချင်တာလောက်ပါ ဘဲ။

သူဘာလို့ကျောင်းမနေချင်ရတာ လဲဆိုတာတွေကို ဆက်စပ်စဉ်းစားလိုက် တော့ သူ့ဘဝလေးဟာ ပင်ပင်ပန်းပန်း ဖြစ်လာဖို့ အကြောင်းတရားတွေရှိမယ့် အထဲက ဟိန်းပိုင်ဆိုတဲ့နာမည်လေးဟာ နာမည်မြင်ကွင်းထဲကို ရောက်လာရပါ တော့တယ်။

မှန်ပါတယ်။

'ပူသွပ်သေဘွယ်ကိန်း' မိသွားတဲ့ နာမည်ပညတ်ချက် ဟိန်းပိုင်ဟာ မူလ အလယ်အခြာ အင်္ဂါကို ထိထိမိမိ ပြိုလဲ သွားစေခဲ့တာပါပဲ။ ဒါကတော့ နာမည် မြင်ကွင်းထဲက အမြင်ပါ။

ဒါကြောင့်မို့ မှည့်တော့မှည့်လိုက် တာပဲ။ ဘာဖြစ်လို့မှန်းမသိဘူးဆိုတဲ့ အဖြေတွေများနေတာပါ။

တော်တော်များများ နာမည်တူ ကြပါတယ်။

ဒါပေမယ့် ဘဝမတူကြပါဘူး။

မတူကြတဲ့အကြောင်းတရားတွေ ထဲမှာ နာမည်ပညတ်တွေရဲ့အားတွေ ဟာ ကြောက်စရာကောင်းလှပါတယ်။

မျက်နှာမလိုက်ပါဘူး။

ပညာဟာပညာပါပဲ။

သူ့ကျမထိဘူး။ ငါ့ကျမှ ဘာလို့ထိ ရလဲဆိုတာမျိုးမရှိပါဘူး။

ကိန်းတစ်ကိန်းမိပြီဆိုတာနဲ့ ဘယ် လိုလူမျိုးပဲဖြစ်ဖြစ် ဆင်းရဲဆင်းရဲ၊ ချမ်းသာချမ်းသာ ထိတာကတော့ ထိ တာပါပဲ။

ဒီလိုထိကြတဲ့အထဲက -

ဘောထုပ်ထည်တွေ ရောင်းတဲ့ ဟန်မြင့်နဲ့ ဘဝကို ကြုံသလိုဖြတ်သန်း နေတဲ့ လောင်းကစားသမား ဟန်မြင့်ကို သတိထားခဲ့မိပါတယ်။

သူတို့နှစ်ယောက်ဟာ တကယ် ခင်ကြပါတယ်။ ထူးထူးဆန်းဆန်းပါပဲ။ နာမည်တွေက တူနေကြရုံမကဘဲ သဘောကောင်းတာပါ တူကြပါတယ်။

အဲဒီနှစ်ယောက်ဟာ နာမည်တူ ပေမယ့် တစ်ယောက်က အိုးပိုင်အိမ်ပိုင် နဲ့လုပ်ငန်းနဲ့၊ တစ်ယောက်က အိမ်ငှား ဘဝ အလုပ်က မရေရာဖြစ်နေတော့ စိတ်ဝင်တစားနဲ့ စပ်စုရင်း -

သူတို့နှစ်ယောက်အကြောင်းကို သိလာခဲ့ရပါတယ်။

အရင် လေဟာပြင်ဈေးမှာ ဈေး ရောင်းခဲ့ကြသူ တော်တော်များများဟာ အဲဒီ ဟန်မြင့်နှစ်ယောက်ကို သိကြပါ တယ်။

တစ်ယောက်က သောကြာသား ဟန်မြင့်။

သူက အခြေအနေကောင်းတယ်။ လုပ်ငန်းရှင်၊ အိမ်ပိုင်နဲ့။

တစ်ယောက်က အင်္ဂါသား ဟန်မြင့်။

သူကတော့ ဘဝကို ကြုံသလို ဖြတ်သန်းနေတဲ့ လောင်းကစားသမား။

ဟန်မြင့်တော့ ဟန်မြင့်ပဲ။

ဒါပေမယ့် မတူကြဘူး။

ဘယ်တူပါ့မလဲ။ သောကြာသား ဟန်မြင့်က ပြဿနာမရှိဘူး။

အင်္ဂါသား ဟန်မြင့်က -

၀
၄
၁
အင်္ဂါသား ၃
၆ ⤵ ဟန်
၂
၅ ← မြင့်

အဲဒီလိုပြဿနာရှိနေတယ်။

'ပူသွပ်သေဘွယ်ကိန်း'မိနေတယ်။

ဒါကြောင့် သူဟာ ဘောထုပ် ရောင်းတဲ့ ဟန်မြင့်လောက် အဆင်မပြေ ဘဲ ကြုံရာကျပန်းလုပ်စားနေသလိုဖြစ် နေတယ်။ လောင်းကစားလုပ်သူရဲ့ ထုံးစံ အတိုင်းပေါ့။ ဒီနေ့ရရင် နက်ဖြန် စား စရာမရှိဘူး။ အဲဒီဘဝနဲ့ပဲ ဖြတ်သန်းနေရ ရှာတယ်။

သူတို့နှစ်ယောက်လုံးမှာ မိသားစု ရှိကြပါတယ်။

မိသားစုကို လုပ်ကိုင်ရှာဖွေကျွေး မွေးကြတာချင်းတူကြပေမယ့် ဘဝဖြတ် သန်းနေကြရပုံမတူပါဘူး။

ဘောထုပ်သမားက ဘောထုပ် ရောင်းပြီး ရှာကျွေးသလို -

လောင်းကစားသမားကလည်း သူ့ မိသားစုကို လောင်းကစားနဲ့ ရှာကျွေးနေ တာပါပဲ။

အိမ်ထောင်ဦးစီးတွေမှာရှိကြတဲ့ မေတ္တာတရားချင်းတူကြပေမယ့် ဘဝ မတူကြတာကို စဉ်းစားလိုက်ရင် -

လောင်းကစားသမား ဟန်မြင့်က နာမည်မြင်ကွင်းထဲရောက်လာလေ့ရှိပါ တယ်။

ခဏခဏ ရောက်ရောက်လာပါ တယ်။

စိတ်တော့မကောင်းစရာပါ။

အခုပြန်တွေးကြည့်ရင် စိတ် မကောင်းစရာပါ။ ဘာလို့လဲဆိုတော့ အဲဒီတုန်းက ပညာသင်ကာလဖြစ်နေ တော့ ကိုယ်ပြောရင်လည်း ဘယ်သူကမှ လေးလေးနက်နက်နားထောင်မှာမဟုတ် တဲ့အပြင် ရိတိတိကလိတိတိမျိုးတောင် အပြောခံရမှာ ကြောက်တာနဲ့ ဘာမှ မပြောဖြစ်ခဲ့ပါဘူး။

ခုများဆိုရင်တော့ မဖြစ်မနေပြင် ခိုင်းမိမှာပါ။

အဲဒီတုန်းက ဗေဒပညာကို လက်တွေ့ တွေ့နဲ့ယှဉ်ပြီး သုတေသနပြုတတ်တဲ့ အကျင့်ကြောင့် ဒီလို ဟန်မြင့်တွေရဲ့ အကြောင်းသိခဲ့ရတာပါ။ ဟန်မြင့်၊ မင်း ဘယ်နှခုလဲ။ မင်းကဘယ်နှခုလဲ။ မင်း က ဘာဖွားပါလား ဆိုတာလောက်နဲ့ပဲ ပြီးခဲ့ရပါတယ်။ လောင်းကစားတဲ့ဟန်မြင့် ကို မင်း'စောလှ-လှဆန်'ကြီးပါလားလို့ မပြောခဲ့ပါဘူး။ အဲဒီလိုစိုးရွံ့တဲ့စိတ်တွေ ကြောင့် ဘာမှမပြောဖြစ်ခဲ့တာတွေကို ခုပြန်တွေးကြည့်ရင် တကယ်ကို စိတ် မကောင်းပါဘူး။

ဒါကြောင့် -



www.burmeseclassic.com

www.burmeseclassic.com

ဟိုတင်ဝင်းက ဘာလို့ချမ်းသာပြီး ဒီတင်ဝင်းက ဘယ်လိုဖြစ်လို့ဆင်းရဲနေရတာလဲဆိုတဲ့ တင်ဝင်းချင်းတူပြီး ဘဝမတူတာတွေ၊ အောင်ဇော်ချင်းတူပေမယ့် ချမ်းသာတဲ့ အောင်ဇော်နဲ့ လူမိုက်အောင်ဇော်မတူကြတာတွေ လူ့ပတ်ဝန်းကျင်မှာ အများကြီးရှိနေရပါတယ်။

ဒါက ခုနပြောခဲ့သလို ကိန်းမမိလို့ပါ။


ကိန်းတစ်ကိန်းမိသွားလို့ကတော့ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ ထိတာကတော့ ထိမှာပါပဲ။

အရေးကြီးတာက မကောင်းဘူးဆိုရင်ပြင်ဖို့ပါ။

တစ်ခါများ -

ပြင်ဖို့ဆိုလို့ သတိတရပြောရရင် လူတစ်ယောက်ဟာ သူ့ကလေးကို ခေါ်လိုက်ရင် ဂေါက်တေး၊ ဂေါက်တေးနဲ့ သူ့ကလေးက စိတ်အမြဲကောက်လို့ဆိုပြီး ခေါ်တာ။ သူ့နာမည်ကျတော့ အေးပိုင်။ ဂေါက်တေးမခေါ်ဖို့ သုံး၊ လေးကြိမ်မကတားခဲ့ပါသေးတယ်။ သူက ငွေလေးရှိတော့ သူပြောတိုင်းဖြစ်၊ လုပ်တိုင်းဖြစ်နေတယ်လို့ သွေးနားထင်ရောက်နေပုံရပါတယ်။ တားလိုက်တိုင်း ပြုံးပြီး ခေါင်းညိတ်ပုံက ခေါင်းတစ်ခါညိတ်ရင် (၁၅) မိနစ်လောက်စောင့်ရမလားဘဲ။ မျက်လုံးက မှိတ်ထားသေးတယ်။ ပြောရရင် အလုပ်ရှင်ကြီးတစ်ယောက်က ဘယ်သူတွေ့တွေ့၊ ဘယ်သူနဲ့စကားပြောပြော သူ့တပည့်ချည်း အောက်မေ့နေတဲ့ပုံစံမျိုးပေါ့။

ဘာကြာလဲ။ သူ့စီးပွားတွေ တဖြည်းဖြည်းထိလာပြီး နောက်ဆုံး မယ့်ကြည်နိုင်လောက်အောင်ကိုဖြစ်သွားရတယ်။ တက္ကစီမောင်းရတဲ့ဘဝကိုရောက်သွားတယ်။ ဟော - ခုနောက်ပိုင်း အသားတွေမည်းခြောက်ခြောက်လိုကြီးဖြစ်နေပြန်ပြီ။ အသည်းမကောင်းတော့ဘူးတဲ့။ လူကလှုပ်လှုပ်လေးနဲ့။




သူ့ကို သူ့ကလေးနာမည် ဂေါက်



တေးမခေါ်ဖို့ပြောခဲ့စဉ်ကမျက်နှာ ခုထိမထွက်ဘူး။

ဒါလွန်ခဲ့တဲ့နှစ်တော်တော်များများက ပြင်ကြည့်ခဲ့တာကို သတိတရဖြစ်ရတာပါ။

တချို့ တော်တော်ခက်ပါတယ်။

ဒီလိုခေါ်ရင် ဒီလိုဖြစ်လိမ့်မယ်လို့ ဘယ်လောက်ပြောပြော ဂရုကိုမစိုက်တဲ့ လူတွေရှိနေပါတယ်။

ဒါကြောင့် 'စောလှ-လှဆန်'မိတဲ့ သားသမီးတွေရဲ့ဖခင်တို့ကလေးနာမည် 'သာစည်-ပင်းယ'ဇောက်ထိုးမိတဲ့ ဖခင်တို့၊ ကလေးနာမည်က ခုန ဂေါက်တေးလို အမြစ်၊ အညွန့် ဇောက်ထိုးမိနေတဲ့ ဖခင်တို့ တော်တော်များထိသွားကြတာတွေ့မြင်နေရပါတယ်။

တချို့ဆို အဝေးပြေးလမ်းမကြီးတွေမှာ ဘဝကို နဂိုးချုပ်သွားကြပါပြီ။ သူ့ကလေးတွေရဲ့နာမည်တွေကို ကြည့်လိုက်ရင် စုတ်တသပ်သပ်နဲ့ ဩဘာဆိုပြီးဖြစ်မိပါတယ်။ တကယ်ကြောက်စရာကောင်းသလို စိတ်မကောင်းစရာလည်းကောင်းပါတယ်။ ဖခင်နာမည်နဲ့ကလေးတွေရဲ့နာမည် ချိန်ထိုးကြည့်လိုက်တာနဲ့ နာမည်တွေဟာ နာမည်မြင်ကွင်းထဲကို တန်းရောက်လာတော့တာပါပဲ။

နာမည်ကို အမြစ်၊ အညွန့်ဇောက်ထိုးမှည့်မိလို့ ဒုက္ခရောက်သွားကြရသူတွေအကြောင်း၊ နောက်ဆုံး အသက်ပါ ထိခိုက်သွားကြရသူတွေအကြောင်း နာမည်မြင်ကွင်းထဲမှာ မြင်ပြခဲ့ပြီးပြီမို့ အမြစ်၊ အညွန့် ဇောက်ထိုးကိန်းမိပုံတွေကို ထပ်မပြတော့ပါဘူး။

ထိချက်အပြင်းဆုံးတွေကတော့ အဲဒီ အမြစ်၊ အညွန့် ဇောက်ထိုးကိန်းနဲ့ အခုဖွင့်ဆိုနေတဲ့ စောလှ-လှဆန်ကိန်းပါပဲ။ နာမည်ပညတ်တွေနဲ့ ပညာခန်းတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ဝေဝေဆာဆာထွက်လာတဲ့ နာမည်မြင်ကွင်းတွေပါ။

လက်တွေ့ လေ့လာသင့်တဲ့ ပညာခန်းကြီးတွေပါ။

ခုမှ ထွင်လို့ရတာ မဟုတ်ပါဘူး။ ဒီပညာခန်းတွေဟာ ဟိုးရှေးရှေးတုန်းကတည်းကရှိနေတဲ့ ပညာခန်းတွေပါ။

ဒီပညာခန်းတွေဟာ ခုထိကြောက်စရာကောင်းအောင်မှန်နေတာကိုကြည့်ရင် ဒီပညာခန်းတွေရဲ့ စွမ်းပကားကို အကဲခတ်လို့ရလောက်ပါပြီ။

မဖြစ်ဘူးဆိုတာ မရှိပါဘူး။

မဖြစ်သေးခင်သာ မဖြစ်ဘူးပြောနိုင်တာပါ။

ဖြစ်သွားပြီဆိုတဲ့အချိန်မှာ အချိန်ဟာ နှောင်းသွားပါပြီ။

အဲဒီလို ပညာခန်းတွေပါ။

ဒါကြောင့် နာမည်တွေကို မသိလို့မှည့်နေကြတာနဲ့ ပတ်သက်ပြီး စိတ်မကောင်းဖြစ်နေရပါတယ်။

သိပြန်တော့လည်း သိသိနဲ့ 'အို-ဘာဖြစ်လဲ။ ငါမှည့်ပေးထားတဲ့ နာမည်က ဘယ်သူနဲ့မှဆင်တူမရှိစေရဘူး။ ဒါလောက်လုတာ ဒါမှငါ' ဆိုပြီး ဖြစ်ကြပြန်တော့ စိတ်မကောင်းဖြစ်ပြန်ပါတယ်။

အမှန်က -

ပညာခန်းတွေဟာ အများအကျိုးရှက်သယ်ပိုးရတဲ့ ပညာခန်းတွေပါ။

လူတစ်ယောက်ကို ဒီနှစ်ထဲမှာ ဒီအဆောင်ပေးလိုက်ရင် ကြီးပွားချမ်းသာမယ်ဆိုတာ သိပြီဆိုပါတော့။

ဒီလူကို ဒီလိုပဲပေးရမှာပါ။

သူဟာ ဘုရားကိုသွားပြီး အကြိမ် (၂၀) ပြည့်အောင် တံမြက်စည်းလှည်းလိုက်ရင် ကံပွင့်သွားပြီလို့ သိတာနဲ့ သူ့ကို အကြိမ် (၂၀) ပြည့်အောင် သွားလှည်းခိုင်းရမှာပါ။

ဒါ သူ့ကို ကြီးပွားရာကြီးပွားကြောင်းဖြစ်စေတာပါပဲ။

သူတစ်ယောက်ကြီးပွားရင် သူ့မိသားစုကြီးပွားမယ်။

သူ့မိသားစု ကြီးပွားတာကို မြင်လို့ သူတို့လိုပဲလုပ်ရင် သူတို့ပတ်ဝန်းကျင်မှာ ကြီးပွားခြင်းတွေဖြစ်လာမယ်။

ဆိုပါစို့။ သူတို့အိမ်မှာ ပဋ္ဌာန်းရွတ်ကြတယ်။ ပရိတ်တွေရွတ်ကြတယ်၊ အဓိဋ္ဌာန်တွေ ခဏခဏဝင်ကြတယ်၊ မနက်မိုးလင်းရင် မဟာသမယသုတ်ရွတ်မယ်။ မရွတ်ရင်ဖွင့်မယ်။ ဒီလိုနဲ့ ကြီးပွားရာကြီးပွားကြောင်းတွေဖြစ်လာပြီဆိုရင် ဘေးပတ်ဝန်းကျင်ကလည်း ဟယ် သူတို့ ဒီလိုရွတ်ကြ၊ ဖတ်ကြတယ် ဒီလို



www.burmeseclassic.com

www.burmeseclassic.com

အခိဋ္ဌာန်တွေဝင်ကြတယ်။ ကြီးပွားလာလိုက်ကြတာ။ တို့လည်း ဒီလိုကောင်းတဲ့ အတုတွေယူကြမယ်ဆိုပြီး အတုခိုးတော့မှာ သေချာတယ်။ အတုခိုးတယ်ဆိုတာထက် နမူနာယူတော့မယ်ဆို ပိုမှန်မယ်။

ဒါဟာ ကြီးပွားချမ်းသာလာတဲ့ မိသားစုလိုပြုကျင့်လို့ ပတ်ဝန်းကျင်မှာလည်း ကြီးပွားချမ်းသာခြင်းတွေ ဖြစ်လာတဲ့သဘောပဲ။

ဒီလိုနဲ့ -

တစ်ဦးကသည် တစ်အိမ်လုံး။

တစ်အိမ်လုံးမှသည် တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံး။

အဲဒီလိုနဲ့ တဖြည်းဖြည်းကြီးပွားချမ်းသာလာခြင်းတွေ ပြည့်လာရင် မကောင်းဘူးလား။

တစ်ပြည်လုံး နေရာအနှံ့ကို ကြီးပွားချမ်းသာခြင်းတွေပြည့်သွားရင် ပိုမကောင်းဘူးလား။

ဒါကြောင့် -

ပညာခန်းတွေ ဆိုတာ အများအကျိုး ရွက်သယ်ပိုးရတဲ့ ပညာခန်းတွေလို့ ပြောတာပါ။

ဒီလိုဆို -

နာမည်တစ်ခုဟာ အဲဒီကလေးကို ထိမယ်။ ပြီးရင် သူ့မိဘတွေကိုထိတော့မယ်ဆိုတာသိသိနဲ့ ဒီတိုင်းကြည့်နေရင် ဒါ အများအကျိုး ရွက်သယ်ပိုးတာနဲ့ မတူတော့ပါဘူး။

ခုနပြောသလို ငါမှည့်ပေးတာနဲ့ ဆင်တူမရှိစေရဘူးဆိုတာ အများအကျိုး ရွက်သယ်ပိုးတာနဲ့ ဆန့်ကျင်နေမလား လို့။

ဒါကြောင့် ဘယ်လိုပဲကြည့်ကြည့် နာမည်ဟာ သိပ်အရေးကြီးပါတယ်။ မမှည့်တတ်ရင် မမှည့်တာကောင်းပါတယ်။

နာမည်ပညာကို တကယ်နားလည်တတ်ကျွမ်းတဲ့ ပညာရှင်ဆရာတွေ၊ ပညာရှင်ဆရာမတွေနဲ့ တိုင်ပင်ပြီး မှည့်တာ အကောင်းဆုံးပါပဲ။

အန္တရာယ်လည်းမရှိတော့ပါဘူး။

ကိုယ့်သဘောနဲ့ကိုယ် မှည့်တာတွေက အန္တရာယ်များပါတယ်။

ကိုယ့်ကလေးအတွက် အကျိုးရှိ၊ မရှိကြည့်ရပါလိမ့်မယ်။

တချို့ ဟိုးကောင်းကင်ဘုံဖျားက ပညတ်တွေနဲ့ တက်မှည့်ထားတဲ့ ကလေးတွေရှိပါတယ်။

မှည့်လို့ရတဲ့ကလေးက ပြဿနာမရှိပါဘူး။

မှည့်လို့မရတဲ့ကလေးဆိုရင်တော့ (၁၃) နှစ်၊ (၁၄) နှစ်နဲ့ အရက်ဝိုင်းဖွဲ့နေကြပါပြီ။

တစ်ခါက အဲဒီလို ငယ်ငယ်လေးတွေ (၆) ယောက်၊ (၇) ယောက် အရက်ဝိုင်းဖွဲ့နေကြတာတွေ့လို့ လက်တွေ့နဲ့ ပေါင်းစပ်တဲ့ ပညာခန်းတွေတော့လာပြီဆိုပြီး သူတို့လေးတွေကို သွားရင်းလာရင်း ပြုံးပြနှုတ်ဆက်ပြီး နာမည်လေးတွေ မေးကြည့်မိပါတယ်။

ဟိုးကောင်းကင်ဖျားက နာမည်တွေချည်းပါပဲ။

တစ်ယောက်မှ မြေကြီးကနာမည် မပါပါဘူး။

နာမည်ရဲ့ မြင့်လွန်းတဲ့ဒဏ်ကို ကလေးတွေခမျာ မခံနိုင်ရှာဘူးထင်ပါရဲ့။ စိတ်ပိုင်းဆိုင်ရာစထိနေပါပြီ။

ဒီလို အမြင့်ကြီးမှည့်လို့ ပညာထူးချွန်တဲ့ကလေးတွေလည်းရှိပါတယ်။

ဖွားဇာတာ၊ ဥပဓိ၊ မှည့်လို့ရခြင်း၊ မရခြင်းတွေချိန်ပြီး မှည့်လိုက်ကြသလိုပါပဲ။ အဲဒီကလေးတွေ ထွန်းကားတာတွေ့ဖူးပါတယ်။

ဒါဖြင့် ဟိုကလေးတွေက မရလို့ပေါ့။

မရပေမယ့် ခေါ်လို့ကောင်းတယ်လို့ထင်နေကြတာကိုး။

ပြီးတော့ ကိုယ့်ကလေးနာမည်ကို ကြားလိုက်လို့ သူများက စိတ်ဝင်တစားလှမ်းကြည့်ရင် သဘောကျနေကြတာကိုး။

ဒီအထိပဲမြင်နေတာကိုး။

ကလေးရဲ့ ဘဝတစ်လျှောက်လုံးကို မြင်အောင် ကြည့်ရမယ်လေ။

မြင်ပေးရမယ်လေ။

'ဟဲ့သားလေးသူရိန်လဝန်းကျော်'

ဆိုပြီး ခေါ်လိုက်လို့ ဘေးကလူတွေက -

'ဟာ - နာမည်က စူပါပဲကွ'

ဆိုတာနဲ့ ကျေနပ်နေလို့ မပြီးပါဘူး။ ကလေးရဲ့ရှေ့ရေးရှိပါတယ်။

ဟိုးဘက်နှစ်တွေက -

အစ်ကိုရင်းလိုခင်ရတဲ့ အစ်ကိုတစ်ယောက်က -

"ညီလေးရာ၊ မင်းဟာ ကလေးတွေနဲ့ ပတ်သက်လာရင် တော်တော်အမုန်းခံရဲတာပဲကွာ" တဲ့။

ပြန်ပြောလိုက်ပါတယ်။

"ဟုတ်တယ် အစ်ကို၊ ကလေးလေးတွေဟာ ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်တဲ့ အဖူးအပွင့်လေးတွေပဲ။ သူတို့လေးတွေလှပဖို့၊ သူတို့လေးတွေထက်မြက်ဖို့၊ သူတို့လေးတွေ ကျန်းမာဖို့၊ သူတို့လေးတွေ ချမ်းသာဖို့၊ သူတို့လေးတွေ အသက်ရှည်ဖို့ ကျွန်တော် အမုန်းခံရဲတယ် အစ်ကို။ ဒါကြောင့်ပါ"

ဆိုပြီးပြောခဲ့ပါတယ်။

မှန်ပါတယ်။

ကလေးလေးတွေရဲ့ အကျိုးကို ဆောင်ရွက်တာမို့ ပီတိလည်းဖြစ်ရပါတယ်။ စိတ်လည်းချမ်းသာရပါတယ်။

တချို့က ကိုယ့်သားသမီး ကိုယ့်ကို ကျော်ပစေ ဆိုတဲ့စိတ်နဲ့ မှည့်လိုက်တာတွေလည်းရှိတယ်။

ဥပမာ ကိုမြတ်ဝေ ဆိုပါတော့။ သူက သူ့သားကို မှည့်ထားတာ ဝေအောင်ကျော်။

မှန်တယ်၊ သူ့အတွေးမှားတယ်လို့ ပြောလို့မရပါဘူး။ ဘာ့လို့လဲဆိုတော့ ဘယ်မိဘဖြစ်ဖြစ် ကိုယ့်သားသမီးကို ကိုယ့်ထက် ပိုပြီး တော်စေချင်တယ်။ ကိုယ့်ထက် ပိုပြီး ချမ်းသာစေချင်တယ်။ ကိုယ့်ထက် ပိုပြီး တတ်စေချင်တယ်။ ဒါ မိဘတိုင်းမှာရှိကြတဲ့ မေတ္တာတရားပါ။ ဘာနဲ့မှမလဲနိုင်ပါဘူး။

မှန်တော့ မှန်တယ်။ ဒါပေမယ့် နာမည်ပညာမှာတော့ ဒီလိုသွားကျော်လို့ မရပြန်ဘူး။

အဲဒါလေးတွေဟာ ဗဟုသုတရှိကို ရှိထားသင့်တယ်။

မိဘကိုလွှမ်းရင်၊ မိဘကိုကျော်ရင်၊ မိဘကိုမိုးရင် နာမည်ဟာ အပြစ်ရှိတယ်လို့ ဆိုကြပါတယ်။ မှန်ပါတယ်။

ဘယ်လိုမှန်လဲဆိုတော့ အဲဒီလိုမျိုးနာမည်ရှင်တွေကို ကြည့်လိုက်ရင် ပညာရေးကတစ်ဝက်နဲ့ ရပ်သွားတာ၊ ဆုံးခန်းမတိုင်ခဲ့တာ၊ စီးပွားရေးမတည်ငြိမ်တာ၊ အိမ်ထောင်ရေးတွေမကောင်းတာ၊ နောက်ဆုံး စာရိတ္တကိုပါ ထိခိုက်တာ အများကြီးတွေ့နေရပါတယ်။

တစ်ခါက -

အဲဒီလိုမိုးရင်၊ ကျော်ရင် မထိဘူးဆိုတာလည်းရှိတယ်ဆိုလို့ တစ်နေရာကို သွားလေ့လာဖြစ်ပါတယ်။

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



# တက္ကသိုလ်ဝင်းမြင့်

## ရာသီခြောက်ခု ဥတုသုံးလီ
## ရာသီဆယ်နှစ်ပါး စားသင့်သည့်ကိုစား

ကျွန်တော်တို့ မှီတင်းနေထိုင်ရာ ကမ္ဘာမြေကြီးသည် ၂၃ ½ ဒီဂရီ (ယခုအခါ ၂၄ ဒီဂရီအထိဟုပင် ပညာရှင်များက ဆိုကြပါသည်။) တိမ်းစောင်းကာ အနောက်မှ အရှေ့သို့ (၂၄) နာရီလျှင် တစ်ပတ်ကျလည်ပတ်ရင်း ဘာဏုရာဇာ နေမင်းကိုလည်း တစ်နှစ်လျှင် တစ်ပတ်နှုန်းကျ လှည့်ပတ်နေသဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးမျိုး အလှည့်ကျ ပေါ်ထွန်း၍နေပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတစ်ခုနှင့်တစ်ခု ရာသီဥတုပေါ် ပေါက်ပုံများ မတူညီကြပါ။ အချို့နိုင်ငံများတွင် ရာသီဥတု (၄) မျိုး၊ အချို့ (၂) မျိုး၊ အချို့ (၃)မျိုး ကွဲပြားကြပါသည်။ မြန်မာနိုင်ငံတွင် ရာသီဥတု (၃) မျိုးရှိပြီး နွေ၊ မိုး၊ ဆောင်း ဟူ၍ ခွဲခြားသတ်မှတ်ပါသည်။

မြန်မာ့ပြက္ခဒိန်အရ ယေဘုယျအားဖြင့် နှစ်စဉ် တပေါင်းလပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့အထိကို ဂိမှာန နွေဥတု၊ ဝါဆိုလပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိကို ဝဿန္တ မိုးဥတု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိကို ဟေမန္တ ဆောင်းဥတုဟု ခွဲခြားသတ်မှတ်ထားရှိပါသည်။ တစ်ဖန်လည်း ဂိမှာန နွေဥတု လေးလကြာကာလကို နှစ်လစီ စိတ်ဖြာလိုက်သောအခါတွင် တပေါင်းလပြည့်ကျော် ၁ ရက်မှ ကဆုန်လပြည့်နေ့အထိကို ဝသန္တ (နွေဦး) ရတု၊ ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့အထိကို ဂိမှရတုဟု ဆိုပါသည်။ ထို့အတူ ဝဿန္တမိုးဥတု လေးလကြာကာလကို နှစ်လစီ စိတ်ဖြာလိုက်သောအခါ ဝါဆိုလပြည့်ကျော် ၁ ရက် နေ့မှ တော်သလင်းလပြည့်နေ့ အထိ ဝဿာနရတု၊ တော်သလင်း လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်းမုန်းလပြည့်နေ့အထိကို သရဒရတုဟု ဆိုသည်။ အလားတူ ဟေမန္တ ဆောင်းဥတု လေးလကြာ ကာလကိုလည်း နှစ်လစီ စိတ်ဖြာလိုက်သောအခါ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်မှ ပြာသိုလပြည့်နေ့အထိကို ဟေမန္တရတု (ဟေမရရတု)၊ ပြာသိုလပြည့်ကျော် ၁ ရက်မှ တပေါင်းလပြည့် နေ့အထိကို သိသိရရတုဟု ဆိုပါသည်။

ထိုသို့ ယေဘုယျအားဖြင့် မြန်မာပြက္ခဒိန်ကိုကြည့်၍ ယခုကာလသည် နွေဥတုပဲ၊ မိုးဥတုပဲ၊ ဆောင်းဥတုပဲဟု သတ်မှတ်နိုင်သော်လည်း မြန်မာပြက္ခဒိန်သည် လဝင်၊ လထွက်၊ လပြည့်၊ လကွယ်နေ့များကို အဓိကထား၍ ရေးဆွဲထားသဖြင့် ပြက္ခဒိန်အားဖြင့် တစ်နှစ်လည်သွားသော်လည်း နက္ခတ်ရာသီစက်ဝန်းကြီးက တစ်နှစ်မလည်သေးပေ။ ထို့ကြောင့် နေ၊ လ၊ နက္ခတ်၊ တာရာတို့၏ အသွားအလာကို ကျွမ်းကျင်စွာ တွက်ချက်နိုင်သော နက္ခတ်ပညာရှင်ကြီးများက နှစ်စဉ် သံဒိဋ္ဌပြက္ခဒိန်ကို ရေးဆွဲ၍ ယခုနှစ်အဖို့ မည်သည့်လ ၊ မည်သည့်ရက်မှ မ ည်သည့်လ၊ မည်သည့်ရက်အထိသည် ဂိမန္တဥတုဟု လည်းကောင်း၊ မည်သည့်လ၊ မည်သည့်ရက်မှ မည်သည့်လ၊ မည်သည့်ရက်အထိသည် ဝသန္တရတုဟု လည်းကောင်း ဥတုမှ ရတုအထိ စိတ်ဖြာခွဲခြမ်း၍ ပြဆိုကြပါသည်။ ထိုပြဆိုချက်များကို ကျွန်တော်တို့သည် သံဒိဋ္ဌပြက္ခဒိန်စာအုပ်ငယ်လေးများကို နှစ်စဉ်ဝယ်ယူဖတ်ရှုကာသိရှိနိုင်ပါသည်။ ထိုသို့ သိရှိမှသာ ဥတုရာသီအမန်ရောက်သည့်ရက်ကို တိကျစွာ သိနိုင်ပါလိမ့်မည်။ ထိုသို့မှသာ ရာသီသိသဖြင့် ဆေးရှိနိုင်ပါသည်။

ယခု ရောက်ဆဲ နေ့ရက်များသည် မည်သည့်ဥတု၊ မည်သည့်ရတု စသဖြင့် ကြည့်၍ မိမိတို့၏ ကျန်းမာရေးအတွက် ဆေးတစ်ခွက်ကိုမှီဝဲနိုင်သည်။ ကျန်းမာရေးအတွက် ရှောင်ရန်၊ဆောင်ရန်အစားအစာများကို သိရှိသုံးဆောင်နိုင်ကြပါသည်။ အစာလည်းဆေး၊ ဆေးလည်းအစာဟု ဆိုကြပါသည်။ ကျန်းမာရေးကောင်းအောင် ကိုယ်ခံအားကောင်းအောင် ရာသီဥတုနှင့် ညီညွတ်သော အစားအစာများကို နေ့စဉ်စားသုံးသွားပါလျှင် အနာရောဂါဝေဒနာတို့ကင်းစင်၍ အသက်ရှည်ရာကျန်းမာစေကြောင်းနည်းလမ်းကောင်းပင်ဖြစ်ပါတော့သည်။

ဥတုရာသီအလိုက် ပေါ်ထွန်းလာသော အသီးအနှံအစားအသောက်များသည် ထိုဥတုအတွက် ဆေးဖက်ဝင်သော ဆေးဝါးဓာတ်စာပင် ဖြစ်ပါသည်။ လူသတ္တဝါတို့အတွက် ဆေးဖက်ဝင်အစာအာဟာရတို့ကို သဘာဝက အမြဲတမ်းဖန်တီးပေးစွမ်းနေသည် ဖြစ်ပါသည်။ သီးနှံများ သဘာဝအလျောက် လှိုင်လှိုင်ပေါ်လာလျှင် ထိုကာလ၌ ထိုသီးနှံသည် ဆေးဖက်အဝင်ဆုံး အစားအသောက်များဖြစ်သည်ဟု မှတ်ယူသင့်ပါသည်။ သဘာဝကမပေးသည့်အချိန်၌ ထိုအစားအစာသည် စားသုံးရန်မသင့်၍ ဖြစ်ပါသည်။ ယခုအခါ အချိန်အခါ ရာသီအလိုက် အလှည့်ကျ သီးပွင့်ပေါ်ထွန်းလေ့ရှိသည့်သီးနှံများကို တစ်နှစ်ပတ်လုံးသီးပွင့်ပေါ်ထွန်းစေအောင် ခေတ်ပေါ်နည်းပညာများဖြင့် ဖန်တီးပြုလုပ်ကြရာ သဘာဝကမပေးဘဲ ဖန်တီးပြုလုပ်စားသောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

ဥတုရာသီကိုမမှီဘဲ အမြဲတမ်းဆယ့်နှစ်လရာသီ သီးပွင့်ဝေဆာသော အသီးအနှံအစားအသောက်များလည်း ရှိပါသည်။ ထိုသို့ သဘာဝကပေးသဖြင့် ဆယ့်နှစ်လရာသီ သီးပွင့်ဝေဆာသော အသီးအနှံများကိုမူ အမြဲတမ်း ရာသီမရွေး သုံးဆောင်မှီဝဲသင့်ပါသည်။

ဂိမှာန နွေဥတု လေးလတို့တွင်



www.burmeseclassic.com

www.burmeseclassic.com

သွေးသည် ချိုသောအစားအစာများကို တောင့်တတတ်ပါသည်။ ထို့ကြောင့် ထန်းလျက်(ထညက်)ကို စားသုံးပေးရပါမည်။ နို့မျိုးစုံ၊ ထောပတ် စသည်တို့ကို စားသုံးခြင်း၊ သောက်သုံးခြင်း ပြုသင့်ပါသည်။ ဝသန္တ မိုးဥတု လေးလတို့တွင် သွေးသည် ခါးသော အစားအစာများတို့ တောင့်တတတ်ပေရာ ထိုအခါ၌ ခါးသောအစားအစာများဖြစ်သော ကန့်ကလာ၊ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး၊ ခွေးတောက်ရွက်၊ တမာရွက် စသည်တို့ကို စားသုံးပေးရပါမည်။ ဥတုတစ်ခုမှ ဥတုတစ်ခုသို့ ကူးပြောင်းချိန်ကို ဝီထိဟုခေါ်ပါသည်။ နွေဥတုမှ မိုးဥတုသို့ ကူးပြောင်းချိန်များ၌ အချိုနှင့် အခါးနှစ်မျိုးရောသော အစားအစာကို စားသုံးရပါမည်။

ဟေမန္တဆောင်းဥတု၌ သွေးသည် ချဉ်သောအရသာကို တောင့်တတတ်ပေရာ ထိုကာလ၌ ကင်ပွန်းချဉ်၊ ဆီးဖြူသီးနှင့် မက်လင်ချဉ် အစရှိသည်တို့ကို သုံးဆောင်မှီဝဲသင့်ပါသည်။ မိုးဥတုမှ ဆောင်းဥတုသို့ကူးပြောင်းချိန် ရက်ပိုင်းတို့၌ အခါးနှင့် အချဉ်၊ အဖန်တို့ရောသော ဆီးဖြူသီးချဉ်၊ တမာချဉ် စသည်တို့ကို နည်းမျိုးစုံကြံဆ၍ စားသုံးပေးရပါမည်။

ဆောင်းဥတုမှ နွေဥတုသို့ ကူးပြောင်းချိန်ကာလများ၌ အချဉ်နှင့်အချိုရောသော အစားအစာတို့ကို စားသုံးခြင်း၊ သောက်သုံးခြင်းပြုရပါမည်။ ဥပမာ- ခံကျည်းဖျော်ရည်ချိုချိုချဉ်ချဉ် စသည် ဖြစ်ပါသည်။

မြန်မာ့ဆေးပညာရှင်တို့သည် နေ့ကို အချိန် (၃) ပိုင်း၊ ညကိုလည်း အချိန် (၃) ပိုင်းစီ ပိုင်းခြားပြဆိုကြပါသည်။ နေ့တွင် နံနက်နေထွက်ချိန်မှ နံနက် (၁၀) နာရီခန့်အထိကို အာပေါဓာတ် (ယိုစီးမှုသဘောရှိသောဓာတ်) ရေဓာတ်စိုးမိုးသည်ဟု ပြဆိုပါသည်။ နံနက်(၁၀)နာရီခန့်မှ နေ့လယ် မွန်းလွဲ(၂)နာရီခန့်အထိကို တေဇောဓာတ် (ပူသောသဘောရှိသော ဥဏှတေဇောဓာတ်) မီးတောက်ဓာတ်စိုးမိုးသည်ဟု ပြဆိုပါသည်။ မွန်းလွဲ (၂) နာရီခန့်မှ ညနေ နေဝင်ချိန်အထိကို ဝါယောဓာတ် (လှုပ်ရှားတွန်းကန်မှုသဘောရှိသော လေပြင်းဓာတ်) လေဓာတ်စိုးမိုးသည်ဟုပြဆိုပါသည်။ ညပိုင်းတွင် ညနေ နေဝင်မိုးချုပ်သည်မှ ည (၁၀) နာရီခန့်အထိကို အာပေါဓာတ် (ဖွဲ့စည်းစေးပျစ်မှုသဘောရှိသောဓာတ်) ရေဓာတ်စိုးမိုးသည်ဟု ပြဆိုပါသည်။ ည (၁၀) နာရီခန့်မှ သန်းခေါင်ကျော် ည၂ (၂) နာရီခန့်အထိကို တေဇောဓာတ် (အေးသောသဘောရှိသော သီတတေဇောဓာတ်) မီးခဲဓာတ် စိုးမိုးသည်ဟု ပြဆိုသည်။ ည၂(၂)နာရီခန့်မှ နောက်တစ်နေ့နံနက် နေထွက်ချိန်အထိကို ဝါယောဓာတ် (ကျဉ်းကျုံ့ခြင်းသဘောရှိသောဓာတ်) လေဓာတ်၊ လေပြည်လေညင်းဓာတ်စိုးမိုးသည်ဟု ပြဆိုပါသည်။

ထိုအချိန်များအနက် ညပိုင်းအချိန်များသည် အစာစားသုံးရန် မသင့်တော်ပါ။ နေ့အချိန်များတွင် အစားအစာစားသုံးပါက နံနက်ပိုင်းကို ဆောင်းဥတုကဲ့သို့ သဘောထားပြီး ချဉ်သောအရသာ၊ ချဉ်စပ်အရသာစားသုံးသင့်ပါသည်။ နေ့လယ်ပိုင်းကို နွေဥတုကဲ့သို့သဘောထားပြီး ချိုသောအရသာကို စားသုံးသင့်ပါသည်၊ ညနေပိုင်းကို မိုးဥတုကဲ့သို့ သဘောထားပြီး ခါးသောအရသာကို စားသုံးသင့်ပါသည်။ နံနက် (၆) နာရီဝန်းကျင်တွင် ချဉ်၊ ဖန်၊ ခါး၊ အရသာ၊ နံနက် (၁၀) နာရီဝန်းကျင်တွင် ချဉ်ချဉ်ချိုချိုအရသာ၊ မွန်းလွဲ (၂) နာရီဝန်းကျင်တွင် ချိုချိုခါးခါးအရသာမျိုးကို စားသုံးသင့်ပါသည်။

အရသာ (၆) ပါးရှိပါသည်။ ချဉ်၊ ချို၊ စပ်၊ ငန်၊ ဖန်၊ ခါး၊ ဟူ၍ ဖြစ်ပါသည်။ အချို့တွင် အဆိမ့်လည်း ပါဝင်ပါသည်။ အစပ်၊ အငန်တို့ကို သီးခြားစားသုံးပေးရမည့်အချိန်အခါကာလဟူ၍ သတ်မှတ်ထားခြင်းမရှိပါ။ ထိုအရသာနှစ်မျိုးတို့ကိုကား အထက်ပါအရသာများနှင့် ယှဉ်တွဲ၍ ရောစပ်စားရမည် ဖြစ်ပါသည်။ ထိုအရသာနှစ်ပါး မပါဝင်ဘဲလည်း အစားအသောက်များ စားသောက်ရသည်မှာ အရသာမပြည့်စုံပါ။ စားသုံး၍ မကောင်းပါ။ ထိုနှစ်ပါးပါမှ စားသုံး၍ ကောင်းပါသည်။ သို့သော် ထိုနှစ်မျိုးကို လွန်လွန်ကဲကဲမစားသင့်ပါ။ အရသာရှိရုံသင့်လျော်ရုံမျှသာ ချိန်ဆ၍ စားသုံးရမည်ဖြစ်ပါသည်။

မြန်မာ့ဆေးပညာ၌ အရသာ (၆) ပါးလုံး ဆေးဖက်ဝင်ပါသည်။ ဆေးဖက်မဝင်သောအရသာဟူ၍မရှိပါ။ သို့သော်လည်း 'တန်ဆေး လွန်ဘေး' ဟူသော အချက်ကို သတိပြုရမည် ဖြစ်ပါသည်။ အချဉ်အရသာကို အချိုအရသာကနိုင်ပါသည်။ အချဉ်လွန်လျှင် အချိုနှင့်ဖျက်ရမည် ဖြစ်ပါသည်။ အချိုအရသာကို အစပ်ကနိုင်ပါသည်။ အစပ်ကို အငန်ကနိုင်ပါသည်။ အငန်ကို အဖန်ကနိုင်ပါသည်။ အဖန်ကို အခါးကနိုင်ပါသည်။ အခါးကို အချဉ်ကနိုင်သည်။ ထိုအချက်ကို မှတ်မိနေစေရန် 'ချဉ်၊ ချို၊ စပ်၊ ငန်၊ ဖန်၊ ခါး' ဟူ၍ အစဉ်အတိုင်း အလွတ်ကျက်ထားရမည်ဖြစ်သည်။ ထိုအရသာအစဉ်လိုက်ကို တစ်ခုကျော်ယူလိုက်ပါက တွဲဖက်စားသုံး၍ အရသာထူးခြားသောအစားအစာ ဖြစ်လာပါသည်။ ဥပမာ အချဉ်နှင့်အစပ်၊ ချဉ်စပ်၊ ချိုငန်၊ စပ်ဖန်၊ ငန်ခါးတို့ ဖြစ်ကြပါသည်။

အဆိမ့်အရသာကို အချိုအရသာနှင့်ပေါင်းစပ်၍ ယူဆသည်လည်းရှိပါသည်။ အဆိမ့်အရသာက သီးခြားတစ်ခု၊ အချိုအရသာက သီးခြားတစ်ခုအဖြစ် ယူဆသည်လည်းရှိပါသည်။ ထို့ကြောင့် အချို့ကဗျာများ၌ ရသ (၆) ပါး ဟူ၍လည်းကောင်း၊ အချို့ကဗျာများ၌ ရသာ (၇)ပါး ဟူ၍လည်းကောင်း ယူရသည်လည်း ရှိပါသည်။

အချဉ်သည် အအေးစာ၊ ပွင့်စေသောအစာ ဖြစ်ပါသည်။ အချိုသည် အအေးစာ၊ တက်စေသောအစာ ဖြစ်ပါသည်။ အစပ်သည် အပူစာ၊ ပွင့်စေသောအစာ ဖြစ်ပါသည်။ အငန်သည် အအေးစာ၊ အောက်သို့သက်စေသောအစာ ဖြစ်ပါသည်။ အဖန်သည် အချို့မှာ အပူစာလည်းဖြစ်၍ အချို့မှာ အအေးစာလည်းဖြစ်သည်။အပူစာဖြစ်လျှင် ပိတ်စေသောအာနိသင်ရှိသည်။ အအေးစာဖြစ်လျှင် ပွင့်စေသောအာနိသင်ရှိသည်။ အခါးသည်လည်း အပူ၊ အအေးနှစ်မျိုးရှိပါသည်။ အောက်သို့သက်စေသော အစာဖြစ်ပါသည်။ အဆိမ့်သည်လည်း အပူ၊ အအေးနှစ်မျိုးရှိပါသည်။ သွေးတက်စေသောအစာ ဖြစ်ပါသည်။

တက်စေသည်၊ သက်စေသည်ဆိုသောသဘောမှာ ခန္ဓာကိုယ်အပေါ်ပိုင်းကို ကောင်းကျိုး၊ ဆိုးကျိုးဖြစ်ပေါ်စေလျှင် တက်စာဟု ဆိုပါသည်။ ဆီး၊ ဝမ်း၊ လေတို့ ချုပ်နေ၊ နည်းနေတတ်ပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ကောင်းကျိုး၊ ဆိုးကျိုး ဖြစ်ပေါ်စေလျှင် သက်စာဟုဆိုပါသည်။ ဆီး၊ ဝမ်း၊ လေတို့များစေတတ်ပါသည်။ ပွင့်သောအစာများစားလျှင် အဓိုးအငွေ့ထွက်ခြင်း၊ ချွေးထွက်ခြင်း၊ နှာရည်ယိုခြင်း၊ ချွဲသလိပ်၊ တံတွေးတို့ထွက်ခြင်း၊ ဆီး-ဝမ်း-လေမှန်၍များစေခြင်း၊ လွန်ကဲခြင်း ဖြစ်ပါသည်။ ပိတ်စေသောအစာများစားလျှင် ခန္ဓာကိုယ်ဝဖြိုးသန့်မာခြင်း၊ ခေါင်းအုံ့ဇက်လေးခြင်း၊ နှာမွန်ခြင်း၊ ချွေး၊ ချွဲသလိပ်၊ တံတွေး၊ နှာရည်တို့စေးပျစ်ခြင်း၊ နှာခေါင်းပိတ်ခြင်း ဖြစ်ပါသည်။ ခြေထောက်ရောင်ခြင်း၊ ဒူးဆစ်၊ ခြေဆစ်များနာခြင်း၊ ကိုက်ခြင်း၊ ညောင်းညာခြင်း၊ ဆီး-ဝမ်း-လေပျစ်ခြင်းတို့ ဖြစ်တတ်ပါသည်။ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

မိမိခန္ဓာကိုယ်တွင်ဖြစ်ပေါ်နေတတ်သည့် တက်သည်၊ သက်သည်၊ ပွင့်သည်၊ ပိတ်သည် စသည့်လက္ခဏာများကိုကြည့်၍ အစားအစာများကို မှီဝဲသုံးဆောင်သင့်ပါသည်။

အပူစာများစားသုံးမှုလွန်ကဲပါက အသံကျယ်လောင်ခြင်း၊ ခန္ဓာကိုယ်ငြိမ်သက်မှုမရှိခြင်း၊ လှုပ်လှုပ်ရှားရှားနေတတ်ခြင်း၊ မကြာခဏရေဆာခြင်း၊ အိပ်၍မပျော်ခြင်း၊ လျှာပေါ်တွင်ခါးနေတတ်ခြင်း၊ စကားသွက်ခြင်း၊ ဆီးနည်း၍ဆီးနီ၊ ဝါခြင်း၊ ခြေဖျားများစမ်းကြည့်လျှင် အေးနေခြင်းတို့ ဖြစ်တတ်ပါသည်။ ထိုအခါတွင် အအေးစာများကို စားသုံးပေးရမည် ဖြစ်ပါသည်။

အအေးစာများ စားသုံးမှုလွန်ကဲပါက အသံတိုးခြင်း၊ အသံအားပျော့ခြင်း၊ ခန္ဓာကိုယ်ငြိမ်သက်နေတတ်ခြင်း၊ ရေသောက်ချင်စိတ်နည်းပါးခြင်း၊ အိပ်၍ကောင်းခြင်း၊ လျှာပေါ်တွင် ချိုသလိုလို၊ ပေါ့ရွတ်သလိုခံစားရခြင်း၊ စကားနည်းခြင်း၊ ဆီးများခြင်း၊ ဆီးဖြူခြင်း၊ ခြေဖျားများစမ်းကြည့်လျှင် နွေးနေတတ်ခြင်းတို့ ဖြစ်တတ်ပါသည်။ ထိုအခါတွင် အပူစာများကို စားသုံးပေးရမည် ဖြစ်ပါသည်။

အချဉ်ဓာတ်ရှိသော အစားအစာများမှာ ကင်ပွန်းရွက်၊ ခရမ်းချဉ်၊ ခံတက်၊ ချဉ်ပေါင်နီ၊ စောင်းလျားသီး၊ ဆီးသီး၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မရန်းသီး၊ မန်ကျည်းသီး၊ မုန်လာချဉ်၊ ဒိန်ချဉ်၊ ရဲယိုသီး၊ ရှောက်သီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ သရက်သီးအစိမ်း၊ သလဲသီး၊ စပျစ်သီး၊ သစ်သော့သီး၊ သံပရာသီး၊ ဟင်းဂလာချဉ်တို့ ဖြစ်ပါသည်။

အချိုဓာတ်ရှိသော အစားအစာများမှာ ကညွတ်၊ ကုလားပဲ၊ ကျောက်ဖရုံ၊ ကြက်သား၊ ကြက်သဟင်း၊ ကြံရည်၊ ကြံသကာ၊ ခရမ်းသီး၊ ခဝဲသီး၊ ခေါက်ဆွဲ၊ ဂေါ်ဖီထုပ်၊ ငှက်ပျောသီး၊ စားတော်ပဲ၊ စိမ်းစားဥ၊ ဆလတ်ရွက်၊ ထန်းလျက်၊ ထန်းရည်၊ ဒူးရင်း၊ နို့မျိုးစုံ၊ ပဲစင်းငုံ၊ ပဲနီလေး၊ ပဲတီပင်၊ ပန္နဲသီး၊ ဘူး၊ မာလကာ၊ မင်းကွတ်၊ မုန်ညင်း၊ မုန်လာဥ၊ ရုံးပတီသီး၊ သကြား၊ သခွား၊ သရက်သီးမှည့်၊ သင်္ဘောသီးတို့ ဖြစ်ကြပါသည်။

အစပ်အရသာရှိသော အစားအစာများမှာ ကြက်သွန်ဖြူ၊ ချင်း၊ ငရုတ်ကောင်း၊ ငရုတ်မျိုးစုံ၊ စပါးလင်၊ ဆိပ်ဖူး၊ ဇီရာ၊ တညင်း၊ ဒန့်သလွန်၊ နနွင်း၊ နံနံပင်၊ ပင်စိမ်း၊ ပျဉ်းတော်သိမ်၊ မဆလာ၊ ဥသျှစ် စသည်တို့ ဖြစ်ကြပါသည်။

အငန်အရသာရှိသော အစားအစာများမှာ ကနဖော့၊ ဆား၊ အုန်းခြောက်ရည်စသည်တို့ ဖြစ်ကြပါသည်။

ပူ၍ဖန်သောအစားအစာများမှာ ကြက်သား၊ ခိုသား၊ စာကလေး၊ တမာရွက် စသည်တို့ ဖြစ်ကြပါသည်။

အေး၍ဖန်သောအစားအစာများမှာ ကနစိုးသီး၊ ကင်ပွန်းရွက်၊ ကောက်ညှင်း၊ ကန်စွန်း၊ ငှက်ပျောသီး၊ ငါးဥမျိုးစုံ၊ ဆီးဖြူသီး၊ ဆီးသီး၊ ဇရစ်၊ ညောင်ရွက်၊ ထိကရုန်း၊ ထန်းမြစ်၊ နှင်းသီး၊ ပဲမြစ်၊ ပဲလွန်း၊ ပေါက်ပန်းဖြူ၊ ပန်းသီး၊ ပြည်ပန်းညို၊ ဖန်ခါး၊ ဘဲသား၊ မာလကာသီး၊ မင်းကွတ်သီး၊ မန်ကျည်းရွက်နု၊ မဲဇလီ၊ ရုံးပတီ၊ လယ်ပတ္တူ၊ သဖန်း၊ သရက်ကင်း၊ သရက်သီးဆားစိမ်၊ သင်္ဘောသီးစိမ်း၊ အင်ဥ စသည်တို့ ဖြစ်ကြပါသည်။

ပူ၍ဖန်သော အစားအစာများမှာ ကုလားပဲရွက်၊ ခံသီး၊ စွန်ပလွံသီး၊ ဒန့်ကွဲ၊ မှန်ကူသီး၊ သရက်ပွင့်စသည်တို့ ဖြစ်ကြပါသည်။

ပူ၍ခါးသောအစားအစာများမှာ ကြောင်ပန်းရွက်၊ ကြက်သွန်ဖြူ၊ ကြိတ်မှန်ရွက်၊ ကြောင်လျှာ၊ ခံတက်၊ ခွေးတောက်၊ ဂုံခါး၊ ဂုံမင်း၊ တမာရွက်၊ ဒန့်သလွန်၊ ပင်စိမ်း၊ ပျဉ်းတော်သိမ်၊ ဖျောက်ဆိပ်ရွက်၊ မလွှပင်၊ မြင်းခွာရွက်၊ ရဲယိုရွက်၊ သင်္ဘောရွက်၊ အရက်၊ ဥသျှစ်ရွက် စသည်တို့ ဖြစ်ကြပါသည်။

အေး၍ခါးသော အစားအစာများမှာ ကညွတ်၊ ကင်းပုံ၊ ကန့်ကလာ၊ ကြက်ဟင်းခါး၊ ကွဲကော၊ ခရမ်းကစော့၊ ခဝဲ၊ ထိကရုန်း၊ ထန်းမြစ်၊ ပဲကြား၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဖလံတောင်ဝှေး၊ ဖန်ခါး၊ မဲဇလီရွက်၊ မြို့ပျက်ခရမ်း၊ လယ်ဟင်းခါး၊ သခွတ်ပွင့်၊ ဟင်းနုနယ် စသည်တို့ ဖြစ်ကြပါသည်။

ပူ ဆိမ့်ဖြစ်သောအစားအစာများမှာ ကုလားပဲ၊ ကြက်သား၊ ခိုသား၊ ချေသား၊ ချိုးသား၊ စာကလေး၊ ဆိတ်သား၊ တညင်းသီး၊ ဒူးရင်း၊ ဒန့်သလွန်၊ ပဲကြီး၊ ပဲစင်းငုံ၊ ပဲနောက်၊ မျှစ်၊ သရက်ကင်းဥ၊ ဥသျှစ် စသည်တို့ ဖြစ်ကြပါသည်။

အေးဆိမ့်ဖြစ်သော အစားအစာများမှာ ကောက်ညှင်း၊ ကင်းပုံ၊ ကန်စွန်းဥ၊ ကြက်ဟင်းခါးသီး၊ ကြက်ဥ၊ ခေါက်ဆွဲ၊ ငါးနှင့် ငါးဥမျိုးစုံ၊ စားတော်ပဲ၊ ဆနွင်းမကင်း၊ ဆိတ်နို့၊ ထောပတ်၊ ဒိန်ချဉ်၊ နို့မှုန့်အမျိုးမျိုး၊ နွားနို့၊ ပဲစွန်၊ ပဲကတ္တီပါ၊ ပဲကြား၊ ပဲနီလေး၊ ပဲပင်ပေါက်၊ ပဲမြစ်၊ ပဲရာဇာ၊ ပဲလွန်း၊ ပေါင်မုန့်၊ ပိန်းဥ၊ ပြောင်းဖူး၊ ဖာလူဒါ၊ ဘဲသား၊ မာလကာသီး၊ မြေပဲ၊ ရေကြက်၊ ရွှေဖရုံ၊ လိပ်ဥ၊ ဝက်သား၊ ဟာလဝါ၊ အာဒ္ဒါလွတ်ဥ၊ အာလူး၊ အင်ဥ၊ အုန်းသီးဆန်တို့ ဖြစ်ကြပါသည်။

ဝဿာနရတု (၂) လတို့၌ အချဉ်၊ အချို၊ အစပ်၊ အငန်၊ ပူခါး၊ ပူဆိမ့်တို့ကို စားသုံးသင့်ပါသည်။ ပူဖန်၊ အေးဖန်၊ အေးခါး၊ အေးဆိမ့်စာများရှောင်သင့်ပါသည်။

သရဒရတု (၂) လတို့၌ အချို၊ ပူခါး၊ အေးခါး၊ ပူဆိမ့်၊ အေးဆိမ့်တို့ကို စားသုံးသင့်ပါသည်။ အချဉ်၊ အစပ်၊ အငန်၊ ပူဖန်၊ အေးဖန်တို့ကို ရှောင်သင့်ပါသည်။

ဟေမန္တရတု (၂) လတို့၌ အချို၊ အချဉ်၊ အငန်၊ ပူဆိမ့်၊ အေးဆိမ့်တို့ကို စားသုံးသင့်ပါသည်။ အစပ်၊ ပူဖန်၊ အေးဖန်၊ ပူခါး၊ အေးခါးတို့ကို ရှောင်သင့်ပါသည်။

သိသိရရတု (၂) လတို့၌ အချဉ်၊ အချို၊ အစပ်အနည်းငယ်၊ အငန်၊ ပူဖန်အနည်းငယ်၊ အေးဖန်အနည်းငယ်၊ ပူဆိမ့်၊ အေးဆိမ့်တို့ကို စားသုံးသင့်ပါသည်။ ပူခါး၊ အေးခါးတို့ကို ရှောင်သင့်ပါသည်။

ဝသန္တရတု (၂) လတို့၌ အချိုအနည်းငယ်၊ အစပ်၊ ပူဖန်၊ အေးဖန်၊ ပူခါး၊ အေးခါး၊ ပူဆိမ့်အနည်းငယ်ကို စားသုံးသင့်ပါသည်။ အချဉ်၊ အငန်၊ အေးဆိမ့်စာတို့ကို ရှောင်သင့်ပါသည်။

ဂိမှရတု (၂) လတို့၌ အချိုအနည်းငယ်၊ ပူခါး၊ ပူဆိမ့်၊ အနည်းငယ်၊ အေးဆိမ့်အနည်းငယ်ကို စားသုံးသင့်ပါသည်။ အချဉ်၊ အစပ်၊ အငန်၊ ပူဖန်၊ အေးဖန်၊ အေးခါးတို့ကိုရှောင်သင့်ပါသည်။

အထက်တွင် တင်ပြခဲ့သော ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များနှင့်အညီ အစားအစာမှီဝဲစားသုံးမှုကို ပြုခြင်းဖြင့် ကျန်းမာရေးအခြေခံများကောင်းမွန်ပြီး ကိုယ်ခံအားကောင်းမှုကြောင့် ရောဂါဝေဒနာများကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ဆီးလည်းမှန်မည်၊ ဝမ်းလည်းမှန်မည်၊ လေသက်သင့်သလောက်လည်းသက်မည်။ ချွေးထွက်သင့်သည့်ရာသီဥတုတွင် ချွေးထွက်မည်၊ အခိုးအငွေ့ထွက်သင့်သည့် ရာသီဥတုတွင် အခိုးအငွေ့ထွက်မည်။ သွေးလည်ပတ်မှုလည်းကောင်းနေမည်ဆိုပါလျှင် ကျန်းမာရေး ပုံမှန်ကောင်းမွန်နေပြီ ဖြစ်၍ အာရောဂျံ ပရမံ လာဘံ ဆိုကြီးကို ရရှိပေပြီဟု ယူဆကာ ဝမ်းမြောက်ရွှင်လန်းနိုင်ကြမည် ဖြစ်ပါပေသတည်း။

*အသက်ရှည်၍*
*အနာကင်းနိုင်ကြပါစေသတည်း*
*တက္ကသိုလ်ဝင်းမြင့်*


www.burmeseclassic.com

'နည်းကာမခက် မီးကာခက်' ၏။ 'ဉာဏ်ချင်းတူယှဉ်တော့' ဆိုသည့် စကားရပ်သည် အဂ္ဂိရတ်အတတ်ပညာတွင် မီးနေမီးထားအကဲခတ်တတ်သည့်ပညာ ကျွမ်းကျင်လိမ္မာပုံကိုညွှန်းဆိုသောစကားရပ် ဖြစ်ပါသည်။

အဂ္ဂိရတ်ပညာကို ဝါသနာပါ၍ လေ့လာလိုက်စားချင်သူ ဝါသနာရှင်များသည် လေ့လာသင်ယူခါစတွင် ကြားဖူးသမျှသော အဂ္ဂိရတ်လုပ်ရတ်နည်းနာမှန်သမျှကို လွယ်ကူစွာ ဖြစ်မြောက်အောင်မြင်နိုင်သည်ဟု အထင်ရောက်ပြီး နည်းအမျိုးမျိုးကို လက်တွေ့လုပ်ကိုင်စမ်းသပ်ကြည့်ကြသည်မှာ လူတိုင်းသဘာဝပင်ဖြစ်သော်လည်း လုပ်ကြည့်ပြီးမှ 'ဟီး'ချသွားကြသူများ ဖြစ်တော့သည်။

အဂ္ဂိရတ်ပညာရှင် ရှေးဆရာကြီးများသည် မိမိတို့အောင်မြင်ခဲ့ကြသည့် လမ်းစဉ်များကို စေတနာအပြည့်ထားပြီး နောင်လာနောက်သားများ ဉာဏ်ချင်းတူ

# ဦးမြင့်ဇော်
## (ရွှေနဝင်း)
# ဒန်(ကြေးရည်)မျက်တောင်တစ်ချက်ခတ်ချိန် သုဝဏ္ဏရွှေ



၍ မီးအတတ်ပညာကို အကဲခတ်ကျွမ်းကျင်ကြလျှင် အကျိုးကျေးဇူး ခံစားနိုင်ကြစေရန် ရည်သန်၍ နည်းစနစ်လမ်းစဉ်များကို လင်္ကာသီကုံး၍ အဂ္ဂိရတ်လုပ်ထုံးအဖြစ် အမွေချန်ထားခဲ့ကြပါသည်။

ဥပမာအားဖြင့် -

၁။ သံသေ ဒန်ကြေ သုဝဏ္ဏရွှေ

၂။ ရွှေသံပြာရောက် အာယုပေါက်

၃။ သွပ် ဒုတ္ထာ နာ ပြဒါး တစ်သက် လုပ်စားရော့

၄။ ဘော်-ဒန်-သံ-ရွှေလမ်းထွက်ရပ် မြန်း

၅။ ကြိတ်ကြေပြာတစ်ပဲ ဒန်တစ်ဆယ် ဝဲလေတော့

၆။ ဒန်မျက်တောင်တစ်ချက်ခတ်ချိန် သုဝဏ္ဏရွှေ

စသည်အားဖြင့် နည်းပညာများကို လင်္ကာသံပေါက်များဖြင့် ကျစ်လျစ်စွာ ဖွဲ့ဆို၍ လျှို့ဝှက်စွာ ပညာအမွေထားရစ်ခဲ့ကြပေသည်။

ထိုသို့သော အဂ္ဂိရတ်နည်းပညာများထဲမှ 'ဒန် (ကြေးရည်) မျက်တောင်တစ်ချက်ခတ်ချိန် သုဝဏ္ဏရွှေ' ဆိုသည့် မီးမများသည့် ကြေးပြဒါးလမ်းစဉ်မီး



www.burmeseclassic.com

www.burmeseclassic.com

ပညာရပ်တစ်ခုအကြောင်းကို တင်ပြပေးပါမည်။

စာရေးသူတို့နယ်တွင် ရှေးမီနောက်မီ သက်တော်ရှည် အာဇာနည်ကျောင်း ဆရာတော်ကြီးကိုယ်တိုင် ငယ်စဉ် ကိုရင်ဘဝက တွေ့မြင်ခဲ့ရသည့် အမှန်တကယ်ဖြစ်ခဲ့သည့်နည်း ဖြစ်ပါသည်။

သို့သော် နည်းလွယ်သလောက် မီးပညာ မီးကိုမှန်းဆရန် လွန်စွာခက်လှပါသည်။ ဆရာတော်ကြီးငယ်စဉ် ကိုရင်ဆယ့်သုံး၊ ဆယ့်လေးနှစ်သားအရွယ်က ဆရာတော်ကြီး၏ ငယ်ဆရာရင်းမှာ ထိုအချိန်က သက်တော် (၈၀) ကျော်ပြီဖြစ်၍ အဂ္ဂိရတ်ပညာဝါသနာပါခဲ့သော်လည်း သက်ရှယ်တော်အားဖြင့် မီးပူ၊ အညောင်းမိဒဏ်မခံနိုင်တော့၍ အဂ္ဂိရတ်ပညာကို ရပ်နားထားခဲ့လေပြီ။

သို့သော် ဆရာတော်ကြီး၏လက်ငုတ် လက်ကျန်ဖိုရုံနှင့် အဂ္ဂိရတ်ဆိုင်ရာ ပစ္စည်းပစ္စယများကိုတော့ ဆရာတော်၏ တပည့် ဘိုးသူတော်ကြီးက ဆက်ခံ၍ မတောက်တခေါက် ဓာတ်ကစားနေလေသည်။

တစ်နေ့တွင် ကျောင်းဝင်းထဲသို့ ရသေ့ဝတ် အသက် (၇၀) ကျော်ခန့် ဘရသေ့ကြီးတစ်ဦး ရောက်ရှိလာပြီး ဆရာတော်ကြီးကို ဝတ်ဖြည့်ကန်တော့ပြီး-

"တပည့်တော်ဟာ နယ်လှည့်ပြီး ဘုရားဖူး အမိဋ္ဌာန်ဆောက်တည် ပါရမီဖြည့်ကျင့်နေသူ ဖြစ်ပါတယ် ဘုရား။ အခုလည်း ဒီနယ်ဘက်မှာ အမိဋ္ဌာန်ဝင်ရင်း ဆရာတော်ဘုရားရဲ့ ကျောင်းမှာ ခုနစ်ရက်တစ်ပတ်ခန့် တည်းခိုခွင့်ပြုပါဘုရား"

ဟု လျှောက်ထားလေတော့ ဆရာတော်ကြီးကလည်း ကြည်ဖြူစွာပဲ တည်းခိုခွင့်ပြုခဲ့လေသည်။

"ဦးရသေ့၊ ကျုပ်တပည့် ဘိုးသူတော်ရဲ့ဖိုခန်းဇရပ်မှာ သဘောကျသာ တည်းပေတော့ဗျာ"

ဟု မိန့်လေသည်။

"ဟဲ့-ကိုရင်၊ ဦးရသေ့ကို သူတော်ဖိုခန်းဇရပ်ကို ခေါ်သွားပြီး နေရာချထားလိုက်"

ဆိုရင်ပဲ ကိုရင်က ဦးရသေ့ကို ဘသူတော် ဖိုခန်းဇရပ်သို့ ခေါ်ဆောင်သွားလေသည်။

ဒီလိုနှင့် ဦးသူတော်ကြီးနှင့် ဘရသေ့ကြီးတို့နှစ်ဦး ရင်းနှီးသွားပြီး ဦးသူတော် မတောက်တခေါက်လုပ်ကိုင်နေသော ဓာတ်ကစားဖိုထိုးနေခြင်းကို အကဲခတ်နေပြီး -

"ဦးသူတော်က ဖိုထိုးတာဝါသနာကြီးပုံရတယ်။ ကျုပ်ရောက်ကတည်းက ကြည့်နေတာ တစ်နေ့လုံးနားနေတယ် မရှိဘူး။ အားတာနဲ့ ဖိုဆွဲနေတာချည်းပဲ တွေ့နေရတယ်"

"ဟာ - ဘရသေ့ကလည်း၊ ကျွန်တော်က ဝါသနာပါပေမယ့် ဘာမှဟုတ်တိပတ်တိ သိလှတယ်မဟုတ်ပါဘူး။ ဆရာတော်ကြီးရဲ့ လက်ငုတ်လက်ကျန် ဖိုရုံဖိုခန်းက အဆင်သင့်ရှိတာနဲ့ ဒီလိုပဲ ဘာများဖြစ်လာမလဲဆိုပြီး ရမ်းထိုးမှန်းထိုးအဂ္ဂိရတ်သမားပါ"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ဦးသူတော်ရယ်။ နည်းကမခက် မီးကခက်၊ ဉာဏ်ချင်းတူ ယှူတော့ ဆိုတဲ့ အဂ္ဂိရတ်ပညာ ဆိုစကားလည်းရှိနေတာပဲဟာ။ ကိုယ်စိတ်အားထက်သန်တဲ့နည်း တစ်ခုခုကို တစိုက်မတ်မတ်အားထုတ်ပြီး မီးပညာအကဲခတ်နည်းကျွမ်းကျင်အောင် လေ့လာလိုက်ရင် မအောင်မြင်စရာမရှိပါဘူး"

"ဘရသေ့ကြီးအားပေးမှုပဲ ကျွန်တော် အားတက်လာတယ်။ လက်လျှော့ဖို့ အကြိမ်ကြိမ်စဉ်းစားနေတာ။ အကယ်၍များ ဘရသေ့ကြီးမှာ အဂ္ဂိရတ်နည်းလမ်းကောင်းလေးများရှိခဲ့ရင် ကျွန်တော့်ကို တပည့်ရင်းအဖြစ်သတ်မှတ်ပြီး ပညာအမွေစွန့်ခဲ့ပါဦး"

"အေးလေ-ကျုပ်လည်းဒီကျောင်းမှာ နောက် သုံး၊ လေးရက်လောက်နေဦးမှာဆိုတော့ ဦးသူတော်ကို ပညာဒါနတစ်ခုတော့ပြပေးခဲ့ပါ့မယ်။ ဒါပေမယ့် ဦးသူတော်ရဲ့ယှူနိုင်တဲ့ဉာဏ်အားပေါ်မှာတော့ တည်နေတယ်နော်"

"ဝမ်းသာလိုက်တာ ဘရသေ့ကြီးရယ်။ ကျွန်တော်ဘာဓာတ်ပစ္စည်းတွေများ ရှာပေးရမလဲ၊ စိတ်ကြိုက်သာပြောပါ"

"ဘာမှသိပ်မလိုပါဘူးလေ။ အခု ဦးသူတော်ဖိုခန်းမှာ ပြဒါးရှိတယ်မဟုတ်လား။ ပြီးတော့ ကြေးနီတစ်ကျပ်သားလောက်ရှိရင်ပဲ ကိစ္စက ပြည့်စုံနေပါပြီလေ"

"ဟာ - ဘရသေ့ပြောတဲ့ ဓာတ်ပစ္စည်းတွေကတော့ အားလုံးနဂိုကတည်းက ရှိပြီးသားပဲ။ ဒါဆို ဆွမ်းစားပြီးရင် လုပ်ရတ်ပညာစလို့ရမလား"

ဟု အားရဝမ်းသာစွာဖြင့် ဦးသူတော်ကြီး မေးလိုက်လေသည်။

ဆွမ်းစားပြီး၍ လက်ဖက်သုပ်နှင့် ရေနွေးကြမ်းသောက်နေစဉ် ဘရသေ့ကြီးက -

"ဦးသူတော် ကျောင်းပေါ်မှာ ဒန်မောင်းထောင်ခွက်သန့်သန့်တစ်လုံးလောက်ရမလား"

ဟု မေးသည်။

ဘရသေ့စကားမဆုံးသေးမီ ဦးသူတော်က ကျောင်းမကြီးပေါ်က မောင်းထောင်ခွက်အသစ်ကြီးကို ယူချလာလေသည်။

"ကဲ - ဟုတ်ပြီ ဦးသူတော်။ အဲဒီမောင်းထောင်ခွက်ကို ကျုပ်ကိုပေး၊ ခင်ဗျားက ပြဒါးတစ်ကျပ်သားလောက် ရွှေကျိုလုံပက်ကလေးနဲ့ထည့်ပြီးယူလာခဲ့"

ဟု ရသေ့ကြီးက ခိုင်းလိုက်သည်။

ဦးသူတော် ယူလာသော ဒန်မောင်းထောင်ခွက်ကြီးထဲသို့ လုံပက်ထဲမှ ပြဒါးကို လောင်းထည့်လိုက်ပြီး ဘရသေ့ကြီးက မောင်းထောင်ခွက်ကြီးရဲ့ အတွင်းပိုင်းတစ်ဝိုက်ကို ပြဒါးတစ်ကျပ်သားအရည်ဖြင့် အားရပါး လက်ဝါးဖြင့် လှည့်ပတ်ကာ ပွတ်လေတော့သည်။

နာရီဝက်ခန့်အကြာ ဒန်မောင်းထောင်ခွက်ကြီးအတွင်းတွင် ပြဒါးအရည်များပျောက်သွားပြီး ညိုညစ်ညစ် ဆေးလိပ်ပြာကဲ့သို့အမှုန်များသာ တွေ့ရတော့သည်။

ထိုအခါ ဘရသေ့ကြီးက လက်ဖြင့် ပွတ်နေတာကို ရပ်လိုက်ပြီး စက္ကူအဖြူတစ်ရွက်ပေါ်သို့ ထိုညိုညစ်ညစ် ပြာမှုန့်များကို သေချာစွာခေါက်ချပြီး စု၍ ရွှေကျိုလုံပက်ကလေးထဲသို့ ထည့်လိုက်လေသည်။

ပြီးတော့-

"ဦးသူတော် ဒီပြာလေးကို လေး ပုံပြီး တစ်ပုံကို မိုင်းကိုင်စက္ကူလေးနဲ့ထုပ်ပြီး ကျုပ်ဆီကိုယူလာခဲ့"

ဟု ခိုင်းလိုက်ပါသည်။

ဦးသူတော်က လေးပုံတစ်ပုံခွဲ ထားသည့် ပြာထုပ်ကလေးကို ဘရသေ့ကြီးကို ပေးလိုက်တော့ -

"ကဲ - ဖိုကို မီးမွှေးပြီး ကြေးနီတစ် ကျပ်သားလောက်ကို ဆုံလောက်တဲ့ ထဲပြီး ဖော်ကောင်းကောင်းမံထား"

ဟု ဆက်တိုက်လုပ်ခိုင်းသည်။

ဦးသူတော်ကြီး အားလုံး သွားချိန်မှာ ဘရသေ့ကြီးက ကိုကြေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ကျပ်သားထည့်၍ ဇော်ကောင်းစွာမံထားသောလုံကိုညှပ်ဖြင့်ကိုင်ကာ ဖိုမီးအပူရှိန်ကလေးဖြင့် လှည့်ပတ်၍ ဇော်မံထားသည့် ရွှံ့ခြောက်သွားအောင် မီးကင်လေသည်။

လုံဇော်ခြောက်သွားပြီဆိုသည်နှင့် လုံကို နှာပေါက်နှင့် ခါးတိုက်အနေအထားတည့်တည့်ချိန်ပြီး နှာဝလေပေါက်နှင့် လက်(၂)လုံးအကွာထားကာ လုံကိုသေချာစွာ အထိုင်ချပေးပြီး ဦးသူတော်ကြီးကို -

"ကဲ - ဦးသူတော်ရေ ခင်ဗျား လက်စွမ်းနဲ့ လုံထဲက ကြေးနီတစ်ကျပ်သား အရေလျှင်ပြီး ဆိတ်မျက်လုံးကျအောင် လက်စွမ်းပြပေတော့"

ဟု ပြောလိုက်သည်။

ဦးသူတော် လေးဆယ့်ငါးမိနစ်ခန့် ဖိုဆွဲပြီး လက်စွမ်းပြလိုက်ကာ လုံအဖုံးကို ညှပ်နှင့် ဖွင့်ကြည့်လိုက်တဲ့အခါတွင် ကြေးနီတစ်ကျပ်သားသည် အရေလျှင်ပြီး ဆိတ်မျက်လုံးကဲ့သို့ပြူးပြီးနေလေပြီ။

ထိုအခါမှာ ဘရသေ့ကြီးက လေးပုံတစ်ပုံ ခွဲယူထားသော မိုင်းကိုင်စက္ကူနှင့် ထုပ်ထားသည့် ပြာထုပ်ကလေးကို ညှပ်အပါးကလေးနှင့်သေချာစွာကိုင်ပြီး ဖိုခွင်အတွင်းမှ ဆိတ်မျက်လုံးကျပြီး အရေလျှင်နေတဲ့ကြေးရည်ကို မပြတ်သတိထားပြီးကြည့်နေပါသည်။ နှုတ်မှလည်း-

"ကဲ- ကိုသူတော်ရေ၊ ဒီနေရာဒီအချိန်ဟာ မောင်ရင့်အတွက် ဉာဏ်မျက်စိ၊ ပညာမျက်စိ၊ ပကတိမံသမျက်စိတို့ကို အစွမ်းကုန်ဖွင့်ပြီး တစ်သက်လုံးမှတ်မိနေအောင် သေချာစွာကြည့်ပြီး သာယူပေတော့။ ကျုပ်ကတော့ မောင်ရင့်ကို ပညာကုန်ပြပေးနေတာပဲ။

အခုကြေးရည်ဟာ ဆိတ်မျက်လုံးကျအောင် ပြူးနေရာကနေ တစ်မဟုတ်ချင်း မျက်တောင်ခတ်လာလိမ့်မယ် သေချာကြည့်ထားနော်။ ဟော - မျက်တောင်ခတ်ပြီ အဲဒါပဲ"

ဆိုပြီး ဘရသေ့ကြီးက ညှပ်အပါးလေးနှင့်ကိုင်ထားသည့် ပြာထုပ်ကလေးကို တစ်ခါတည်း လုံအတွင်းသို့ ပစ်ထည့်လိုက်ပါသည်။

ထိုအခါ ကြေးနီရည်ပေါ်တွင် သက်တံသဖွယ် အရောင်စုံထွက်ပြီး ပြာထုပ်လေးသည် သီတင်းကျွတ်မီးပန်းကဲ့သို့ ဖြာခနဲတစ်ချက်ခတ်လိုက်ကာ ကြေးရည်သည် ကွဲခနဲတစ်ချက်မြည်ပြီး ငြိမ်ကျသွားလေသည်။

ထိုအခါမှာ ဘရသေ့ကြီးက -

"ဦးသူတော်၊ ဖိုကိုမပြတ်ဆွဲထား၊ နောက် နာရီဝက်အချိန်ပြည့်မှ ရပ်ပြီး ဖိုတိုက်ထဲမှာ အလိုခြမ်းထားလိုက်"

ဟု မှာပြီး ကွပ်ပျစ်ပေါ်မှာပြန်ထိုင်၍ ကွမ်းယာပြီး ကွမ်းမြုံ့နေလေတော့သည်။

အားလုံးပြီးသွား၍ လုံအေးသည့်အခါ ဖိုခွင်အတွင်းမှ ထုတ်ယူပြီး ဘရသေ့ကြီးထံ လုံကိုအပ်လိုက်လျှင်ပဲ လုံခွဲသည့် ရိုက်တံလေးနှင့်ခွဲလိုက်သည့်အခါ ဝါဝင်းပြီးစိုအိနေသည့် ယခင်ထည့်ထားသောကြေးနီပမာဏထက်တစ်ဝက်ခန့်သာခန့်မှန်းရသည့် သတ္တုအလုံးလေး ထွက်လာပါသည်။

ဦးသူတော်ကြီးက ချိန်ခွင်နှင့်ချိန်ကြည့်သည့်အခါ မူလအလေးချိန် တစ်ကျပ်သားအတိုင်းရှိပြီး ဓာတ်အသားမှာ ဝင်းဝါစိုအိပြီးအနှစ်ကျ၍ ကျစ်လျစ်နေသဖြင့် ဦးသူတော်ကြီး လက်ကမချချင်အောင်ဖြစ်နေပေသည်။

ကဲ - မောင်သူတော်ရေ မင်းရဲ့ စကားခံအတိုင်း တပည့်ရင်းလိုသဘောထားပြီး ကျုပ်ရဲ့ပညာအမွေကိုလက်တွေ့ပြခဲ့ပြီးပြီ။ အခုမြင်ခဲ့တွေ့ခဲ့တဲ့အတိုင်း မောင်ရင် မီးပညာကို ခန့်မှန်းတတ်၊ အကဲဖြတ်တတ်မယ်ဆိုရင် အခုလိုပဲလုပ်တိုင်းဖြစ်ပြီပေါ့။ အဲ - မီးကိုလိုက်လို့မမီရင်တော့ နည်းဘယ်လောက်သိသိလုပ်တိုင်းမဖြစ်ခဲ့ရင် ကျုပ်တာဝန်ကတော့ကျေပြီ။ ကျန်တာ မောင်ရင်ရဲ့ဉာဏ်ပါရမီက ဆုံးဖြတ်ပေးမှာပဲ"

ဟု နိဂုံးချုပ်လိုက်လေသည်။

နံနက်အရုဏ်တက် အရုဏ်ဆွမ်းစားပြီးလျှင်ပဲ ဘရသေ့ကြီးသည် ဆရာတော်ကို တည်းခိုခွင့်ပြု၍ ကျေးဇူးတင်ဦးတင်ပါကြောင်း လျှောက်ထားပြီး ဦးသူတော်ကြီးကိုလည်း နှုတ်ဆက်ကာ ကျောင်းမှထွက်ခွာသွားလေပြီ။

ဦးသူတော်လည်း မနေ့ကဖြစ်ခဲ့ တွေ့ကြုံခဲ့သည်များကို တရေးရေးမြင်ယောင်ပြီး ပြာထုပ်ကလေးနှင့်ပေါက်၍ ဖြစ်ပေါ်လာသော ဝါဝင်းစိုအိနေသည့် ဓာတ်သားလေးကို အသိပန်းထိမ်ဆိုင်သို့သွား၍ပြကြည့်သောအခါ -

"ဦးသူတော်ရေ ရွှေဒင်္ဂါးကို ကျိုလာတာလား။ တစ်ခါတည်းရောင်းသွားမလား"

ဟု မေးလေသည်။

ဦးသူတော်မှာ -

"ဟေ - အေး"

ဟု တစ်လုံးတည်းသာပြောပြီး ဓာတ်သားလေးကို ကောက်ယူပြီး ကျောင်းသို့ပြန်ချလာလေတော့သည်။

ဆရာတော်ကြီးကိုလည်း ဝမ်းသာအားရ အကျိုးအကြောင်းစုံ လျှောက်ထားပြီး ဖိုခန်းဇရပ်သို့ အပြေးလာကာ မနေ့ကဘရသေ့ကြီးပြသခဲ့သည့်အတိုင်း သုံးပုံကျန်နေသည့်ပြာကလေးကို တစ်ပုံယူပြီး ပထမနည်းစဉ်အတိုင်း ထပ်တူဓာတ်တိုးလေသည်။

သို့သော် ကြေးရည်ဆိတ်မျက်လုံးကျလာပြီး ကြေးရည်မျက်တောင်ခတ်သည့်အချိန်ကို အမှန်းရခက်နေလေ၏။ ကြေးရည်လေးနည်းနည်းအရောင်မှိန်လာသည့်အချိန် ကဲ-ဖြစ်ချင်တာဖြစ်ကွာဆိုပြီး ပြာထုပ်ကလေးကို ပစ်ထည့်လိုက်သည်။

ဒါပေသည့် မနေ့က ဘရသေ့ကြီးပြခဲ့သလို သက်တံမထွက် မီးပန်းမပြဘဲ အသံငြိမ်သက်နေသည်ကိုတွေ့ရသည်။

ဒါနှင့် အားလုံးပြီး၍လုံကိုခွဲကြည့်လိုက်သည့်အခါ နီနီရဲရဲကို ကြေးခဲကြီးလိုပဲ တွေ့ရလေသည်။ ဝါဝါစိုစိုကိုတ်ဓာတ်ကို မတွေ့ရပေ။

ဒီလိုနှင့် တစ်ကြိမ်ပြီးတစ်ကြိမ် တစ်ခါပြီးတစ်ခါ၊ အကြိမ်ကြိမ်အလီလီ ကြေးနီပိဿာနှင့်ချီပြီးကုန်၍ ကျောင်းမကြီးပေါ်မှ ဒန်မောင်းထောင်ခွက်ကြီးများလည်း သက်န်းကတော့ထိုးစရာပင် မကျန်တော့လောက်အောင်ကုန်ခဲ့လေသော်လည်း ဘရသေ့ကြီးပြခဲ့သည့်အတိုင်း ကြေးရည်မျက်တောင်တစ်ချက်ခတ်သည့်မီးချိန်ကို ဖမ်း၍မရနိုင်ခဲ့ပါ။

ဤသည်တို့မှာ စာရေးသူ၏ဆရာတော် အာဇာနည်ကျောင်းဆရာတော်ကြီးငယ်စဉ် ကိုရင်ဘဝမှာ အနီးကပ်တွေ့မြင်ခဲ့ရသည့် ဖြစ်ရပ်အမှန် ဖြစ်ပါသည်။

နိဂုံးချုပ်ရသော် -

အဂ္ဂိရတ်ဓာတ်ပညာတွင် 'နည်းကမခက်၊ မီးကခက်၏။ ဉာဏ်ချင်းတူယူပေတော့' ဆိုသည့် စကားရပ်သည် အဂ္ဂိရတ်ဓာတ်ပညာရပ်ကြီးတစ်ခုလုံး၏ ခက်ခဲနက်နဲပုံ ကံ၊ ပါရမီ၊ ဉာဏ်ပညာတို့ပြည့်စုံမှသာ အောင်မြင်ပြီးမြောက်ခရီးပေါက်နိုင်မည်ဆိုသည့် ဥပဒေသကို ဖော်ညွှန်းပြနေပေတော့သည်။

*'အဂ္ဂိရတ်ဝါသနာရှင်အပေါင်း*
*နည်းမှန် ကံမရွေးဘဲ ဉာဏ်ပြေး၍*
*အောင်ပွဲယူနိုင်ကြပါစေသော်'*

ဦးမင်းဇင် (ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com

တပ်စုမှူးကြီးသည် အရပ်လေးမျက်နှာ မိုးကုပ်စက်ဝိုင်းတိုင်အောင် ဝေးမျှော်ပြီးကြည့်နေ၏။ တောင်တန်းမြင့်ကြီးတစ်နေရာက တက်ကြည့်နေသောကြောင့် သစ်တော၊ ဝါးတောကြီးများဖုံးအုပ်နေသည့် အခြားတောင်တန်းကြီးများအဆင့်ဆင့်၏အဝေးတစ်နေရာတွင် ထာဝစဉ် နှင်းဖုံးနေသော ရေခဲတောင်ကြီးများကိုလည်း မြင်နေရသည်။

ငှက်သံကျေးသံ၊ တောသံတောင်သံ၊ စမ်းရေကျသံများမှတစ်ပါး ဘာမှမကြားရပေ။ တကယ့်လူသူရောက်ရန်ခဲယဉ်းသော မြိုင်ကြီးဂနိုင်ကြီးသာ ဖြစ်ပါသည်။

တပ်စုမှူးကြီး သက်မတစ်ချက်ချလိုက်၏။ တပ်စုမှူးကြီးနှင့်(၂၅)ယောက်သော အကြပ်စစ်သည်များသည် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၏ ဆိုင်လုံတောင်တန်းကြီးပေါ်ကို ရောက်နေကြသည်မှာ ခုနစ်ရက်မြောက်ရှိခဲ့ပြီ။ ဆိုင်လုံတောင်တန်းကြီးပေါ်သို့ရောက်၍ သုံးရက်မြောက်သောနေ့မှာပင် လမ်းစပျောက်ခဲ့သည်။လမ်းစပျောက်ခဲ့ရသလို ဆက်သွယ်ရေးစက်ထောင်၍လည်း မည်သည့် အဆက်အသွယ်မျှမရပေ။ ခုနစ်ရက်စာယူလာသော ရိက္ခာသည်လည်း သည်နေ့တွင် ကုန်ချေပြီ။ သည်နေ့ညနေစားသောက်ပြီးလျှင် မည်သည့်စားနပ်





www.burmeseclassic.com

www.burmeseclassic.com

ရိက္ခာမျှ မရှိတော့ပေ။

အကြပ်တပ်သား စစ်သည်အားလုံးတို့မှာလည်း တစ်ယောက်မျှ မျက်နှာမကောင်းကြတော့ပေ။ တပ်စုမှူးကြီးက ဟန်ကိုယ်ဖို့လုပ်၍နေသော်လည်း သောကနှင့် စိုးရိမ်စိတ်တို့သည် တပ်စုမှူးကြီးအား သာ၍ပင်ပိုစေ၏။

"ကိုင်း - စက်ထောင်ပြီးအဆက်အသွယ်လေးလုပ်ကြည့်ပါဦးကွာ"

စိုးရိမ်စိတ်ကြောင့် တပ်စုမှူးကြီး၏အသံမှာလည်း မြောမြောသာရှိတော့သည်။

ဆက်သွယ်ရေးတပ်သားသည်လည်း ချက်ချင်းပင် စက်ကိုဖွင့်ကာ အဆက်အသွယ်ကိစ္စများကို ပြုလုပ်လေ၏။ သို့သော်လည်း အချည်းအနှီးသာ။

"အရင်အတိုင်းပါပဲ ဗိုလ်ကြီး၊ ဘာမှဆက်သွယ်လို့မရပါဘူး"

တပ်စုမှူးသည် သက်မတစ်ချက်ကိုထပ်ကာချလိုက်ပြီး ခရီးဆက်ထွက်ရန် အမိန့်ပေးလိုက်၏။ ထို့နောက် တစ်ကုန်းကျော်တစ်တောင်တက်၍ ဦးတည်ရာမဲ့ဘီသကဲ့သို့ဖြစ်လျက် လျှောက်ထွက်လာကြရာ အမြင့်ဆုံးတောင်တန်းတစ်ခုသို့ရောက်လာကြသည်။ ဤတွင် မမျှော်မှတ်သော အဆောက်အအုံငယ်သုံးခုကို တွေ့လိုက်ကြရ၏။

ထို့ကြောင့် အားလုံးမျက်လုံးများပြူးဝိုင်းပြီး တအံ့တသြဖြစ်သွားကြလေသည်။လူသူမရောက်နိုင်လောက်အောင် တောနက်ပြီး လမ်းစလမ်းဝကိုမျှ ရှာ၍မဖြစ်နေရသည့်အချိန်မှာပင် အဆောက်အအုံငယ်သုံးခုကို တွေ့လိုက်ရသဖြင့် အထိတ်တလန့်လည်းဖြစ်သွားကြသည်။

တပ်စုမှူးကြီးနှင့်တကွ အကြပ်စသည်အားလုံးပင် အခိုက်အတန့်မျှ အသံတိတ်စွာဖြင့် ထိုအဆောက်အအုံလေးသုံးခုကို ငေးစိုက်ကြည့်နေကြသည်။

ဘာမှတော့ ထူးခြားမှုမရှိပေ။ ထို့နောက် သတိဖြင့်ချဉ်းကပ်သွားကြသည်။အနီးကပ်ကြည့်ရှုကြမှ အဆောက်အအုံသုံးခုမှာ သင်္ချိုင်းမြေက အလောင်းစင်များဖြစ်နေသည်ကို တွေ့ကြရသည်။

ဘုန်းကြီးပြန်လောင်တိုက်ဆန်ဆန်ဆောက်လုပ်ပြီး ဝါးရွက်များဖြင့်မိုးထားသည်။ အလောင်းစင်လေးကို အောက်ခြေ(၁၅)ပေအကျယ်ခန့်နှင့် အမြင့် (၁၂) ပေခန့် အဖျားရှူးပုံမျိုးဆောက်လုပ်ထားသည်။ ထို့နောက် မြေပြင်ကိုညီအောင်ပြုလုပ်ပြီး လူသေအလောင်းထည့်ထားသောခေါင်းကို ထိုမြေပြင်မှာချထားသည်။ လူသေအလောင်းကို တောသတ္တဝါသားရဲများ မနှောင့်ယှက်မဖျက်ဆီးနိုင်ရန်အတွက်ဟု ထင်ပါသည်။ အလောင်းစင်လေး၏ အပြင်ပတ်လည်ကို ဘဲဥပုံသဏ္ဌာန်(ခပ်ဝိုက်ဝိုက်) အနက်၊ အကျယ် (၈)ပေ၊ (၉)ပေခန့် ကျုံးမြောင်းတူးထားသည်။ ထို့ကြောင့် အလောင်းစင်လေးမှာ ကျွန်းသဖွယ်ဖြစ်နေလေသည်။

အလောင်းစင်သုံးခုမှ နှစ်ခုသည် ဟောင်းနွမ်းယိုယွင်းနေပြီး လွန်ခဲ့သောငါးနှစ်ခန့်ကဟု ယူဆရသည်။ နောက်တစ်ခုမှာ လွန်ခဲ့သော (၁၅) ရက်ခန့်က သင်္ဂြိုဟ်ထားခြင်း ဖြစ်မည်ထင်သည်။ ကချင်ရိုးရာသင်္ချိုင်းပုံမျိုး ဖြစ်သည်။ ကချင်တိုင်းရင်းသားများ၏ ဒူဝါ(သူကြီး)



# ထွန်းတောက်
## တောနက်ထဲက ရှာမရသော နတ်ရွာကြီး



www.burmeseclassic.com

www.burmeseclassic.com

များကွယ်လွန်လျှင် သည်ပုံစံမျိုးသင်္ဂြိုဟ်လေ့ရှိသည်ကို တွေ့ဖူးသည်။ အလောင်းစင်သုံးခုကို တစ်အောင့်ကြာအောင် လေ့လာကြည့်ရှုကြပြီးနောက် တပ်စုမှူးကြီးက အမိန့်ပေးသည်။

"ဒီမှာခဏနားမယ်။ ဆက်သွယ်ရေးတပ်သားက စက်ထောင်ကြည့်စမ်းပါဦး။ ကျန်တဲ့အကြပ်စစ်သည်အားလုံး ထမင်းကို တစ်ခါတည်းအပြီး ည၊ မနက်စာချက်မယ်။ အချိန်တစ်နာရီရမယ်။ မနက်စာစားသောက်ပြီးရင် ဆက်ထွက်မယ်။ ဆရာထွန်းရီ၊ တပ်စိတ်ရှေ့ ကိုက်(၁၀၀) ကင်းရှည်ထုတ်"

တပ်စုမှူးကြီး၏အမိန့်သံကိုကြားလျှင် တပ်စုအကြပ်စစ်သည်အားလုံးပင် တာဝန်ကို မလစ်ဟင်းရအောင် လိုက်လုပ်ကြ၏။ ထမင်းချက်ရာတွင် တောင်ထိပ်ပေါ်ကို ရောက်နေ၍ ရေမရှိပေ။ ထို့ကြောင့် ရေဘူးမှ လက်ကျန်ရေများကို ထုတ်စုပြီး နောက်ဆုံးတစ်ရက်စာရိက္ခာဆန်ကို ရေမဆေးဘဲ ဟန်းကောချိုင့်ဖြင့် ချက်ကြရသည်။

ဆက်သွယ်ရေးတပ်သားက ယခင်အတိုင်း ဘာအဆက်အသွယ်မှမရကြောင်းကို အကြောင်းပြန်ကြားသည်။ တပ်စုမှူးကြီးလည်း ဘာမှမတတ်နိုင်။ တောနက်ထဲရောက်နေသည်မှာ(၇)ရက်မြောက်ရှိခဲ့ပြီ။ ရောက်စ (၃) ရက်မှစ၍ လမ်းစပျောက်ကာ အဆယ်အသွယ်များလည်း ပြတ်တောက်သွားခဲ့သည်။ ထို့နောက် လမ်းစတွေ့နိုးဖြင့်သွားထားကြသော ခရီးမိုင်ပေါင်းသည်ပင် နည်းမည်မဟုတ်တော့ပေ။ ဘာအဆက်အသွယ်မှမရ၊ လမ်းစလမ်းဝဟူ၍လည်း မတွေ့။ ပါလာသော ရိက္ခာသည်ပင် သည်နေ့ နောက်ဆုံးဖြစ်နေလေပြီ။

တပ်စုမှူးကြီးမှာ အဖုံဖုံအမျိုးမျိုးတွေးရင်းက စိတ်ဓာတ်ပင်ကျလာနေမိသည်။ သို့သော်လည်း စစ်သားဟူသည်မှာ စိတ်ဓာတ်ကျ၊ အားလျှော့ရသော ပုဂ္ဂိုလ်မျိုး မဟုတ်ပေ။ ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမြဲသာဖြစ်သည်။

တပ်စုမှူးကြီးသည် ထိုသို့ တွေးကာ စိတ်ကိုတင်းလိုက်၏။ စစ်သားစိတ်ကို အပြည့်မွေးလိုက်၏။ လူသွားလူလာ လမ်းစလမ်းဝ စသည်ကိုရှာမတွေ့သေးသည့်တိုင်အောင် ယခုပင် ရွာသူတို့သူကောင်းပစ်သော သချိုင်းတစ်ခုကို တွေ့နေရပြီမဟုတ်လား။ ဤသည်ပင်လျှင် ရွာကိုတွေ့ရန် လမ်းစလမ်းဝကြီးတစ်ခု ဖြစ်ချေသည်တကား။

တစ်အောင့်အကြာတွင် ရှေ့ကာကင်းတပ်စိတ်မှူး ဒုတပ်ကြပ် ထွန်းရီက တပ်စုမှူးထံသို့သတင်းလာပို့လေသည်။

"ဗိုလ်ကြီး၊ တောင်ကြော မြောက်ဘက်ချိုင့်ဝှမ်းကြီးထဲမှာ အိမ်ခြေ (၁၀၀) ခန့် ရွာကြီးတစ်ရွာကို တွေ့ရပါတယ်"

"ဟာ - ဟုတ်လား"

တပ်စုမှူးကြီး၏မျက်နှာ ဝင်းပသွား၏။ ဝမ်းမြောက်ဝမ်းသာစွာဖြင့်မေးမြန်းပြီး ဒုတပ်ကြပ် ထွန်းရီကိုလည်း ပြုံးကြည့်ကြည့်နေ၏။

"ဟုတ်ပါတယ် ဗိုလ်ကြီး၊ ကျွန်တော်ကိုယ်တိုင် သေသေချာချာကြည့်ခဲ့ပါတယ်"

"ဟုတ်ပြီကွာ၊ ဆက်သွယ်ရေးစက်ကိုဖြုတ်။ ထမင်းစားပြီးရင် အဲဒီရွာဘက်ကို ဆက်ထွက်မယ်။ နောက်တစ်နာရီ အချိန်ထပ်ရမယ်"

ထိုရွာကိုရောက်လျှင် မေးမြန်းစုံစမ်းရင်းဖြင့် ပျောက်နေသောလမ်းစကို ပြန်တွေ့ရတော့မည်ဖြစ်သလို ရိက္ခာအတွက်လည်း မပူရတော့ပေ။ ပင်မတပ်ခွဲနှင့်လည်း ပြန်လည်အဆက်အသွယ်ရကြတော့မည်ဖြစ်၍ တပ်စုစစ်သည်အားလုံးပင် ပျော်ရွှင်နေကြလေသည်။

◆

မြူနှင်းများအကြားမှ ရေးရေးမျှသာ မြင်တွေ့ရသော ရွာဘက်ကို ဦးတည်ပြီး လျှောက်သွားနေကြရသည်မှာ လွယ်သည်တော့မဟုတ်ပေ။ လမ်းဟူ၍လည်း တိတိကျကျမရှိ။ ပုတ်ပေါင်းကလည်း ထူထပ်လွန်းသည်။ ထို့ကြောင့် ရရာ တောတိုးပြီး မတ်စောက်သော တောင်တန်းတောင်ဆွယ်များကိုချည်း တက်လိုက်၊ ဆင်းလိုက်၊ ပင်ပန်းဆင်းရဲစွာဖြင့်ကြိုးစားပြီးသွားကြရာ ညနေ(၆)နာရီအချိန်တွင် ရွာကိုရောက်သည်။

တောင်တန်းတောင်ဆွယ်များ၏အလယ်တွင် ကြီးမားကျယ်ဝန်းသော ချိုင့်ဝှမ်းကြီးအတွင်း၌ အိမ်ခြေ (၁၀၀) ကျော်ခန့်ရှိသောရွာကြီးမှာ အိမ်ကြီးအိမ်ကောင်း ပျဉ်စီပျဉ်ထောင်အိမ်များချည်းဖြစ်နေ၍ တအံ့တသြဖြစ်ကြရသည်။

တပ်စုမှူးကြီး ဦးစီးသော အကြပ်စစ်သည်များသည် ဤကချင်တောင်တန်းတစ်လျှောက်၌ နေရာအတော်များများကိုသွားခဲ့ကြဖူးပြီ။ ဤကဲ့သို့ စုစုစည်းစည်း အိမ်ခြေတစ်ရာကျော်မျှရှိသော အိမ်ကြီးအိမ်ကောင်းများဖြင့် ရွာတည်ပြီးနေထိုင်ကြသည်ကိုမူ တစ်ကြိမ်တစ်ခါမှ မတွေ့ကြဘူးပေ။ ထူးဆန်းလွန်းဘိသည်။ ထို့ကြောင့် အံ့သြ၍မဆုံးသောက်အောင်ပင်ဖြစ်နေမိကြသည်။

ချိုင့်ဝှမ်းအလယ် (ရွာ၏အလယ်) ကုန်းမြင့်ပေါ်တွင် တဲအိမ်လေးတစ်လုံးရှိသည်။ ထိုတဲအိမ်လေးသည် ရွာ၏ဗျူဟာမြောက်ကုန်းမြင့်လေးဖြစ်နေသဖြင့် ထိုတဲအိမ်လေးမှာ တပ်စုတစ်စုလုံး ရပ်နားကြရန်ကို တပ်စုမှူးကြီးက အမိန့်ပေးသည်။

ထို့နောက် တပ်စုမှူးကြီးသည် ရွာ၏အခြေအနေကို တစ်အောင့်လေး အကဲခတ်ကြည့်လိုက်ပြီးနောက် တပ်စုမှူးကြီးကိုယ်တိုင်ပင် ရဲဘော်သုံးယောက်တို့အားခေါ်ကာ ရွာသူကြီးအိမ်ကို မေးမြန်း စုံစမ်းရှာဖွေရန် ထွက်သွားလေသည်။

ထိုအချိန်၌ မိုးချုပ်ရန်လည်း အလွန်နီးကပ်နေလေပြီ။ နှင်းများ တဖြောက်ဖြောက်ကျလျက် သိပ်ပြီး အဝေးသို့ပင်ကြည့်၍မမြင်နိုင်တော့ပေ။

ရွာကြီးတည်နေပုံနှင့် အိမ်ခြေရာခြေများကို မြင်ရရုံဖြင့်ပင် အတော်လေးထူးဆန်းနေပြီး ရွာရှိလူများမှာလည်း ရှေးဆန်သည်ကိုတွေ့ရသည်။ သျှောင်တစောင်းဖြင့် ဇာတ်ထဲကလူကြီးများလိုပင် ဝတ်ဆင်ထားကြသည်။ ရဲဘော်များကိုလည်း သိပ်ပြီးအဖက်လုပ်ချင်ကြပုံမရပေ။ သာမန်မျှသာလှည့်ကြည့်ပြီး သူ့လမ်းသူလျှောက်သွားကြသည်ကိုသာ တွေ့ရသည်။ လူများမှာလည်း ပေမီဒေါက်မီရှေးလူကြီးများကဲ့သို့ဖြစ်သည်။ ထို့ကြောင့် ရဲဘော်အားလုံးတို့မှာ ထူးဆန်းသောနေရာတစ်ခုသို့ ရောက်နေသလို ခံစားနေမိကြသဖြင့် သတိထားပြီး နေကြ၏။

ထို့နောက် အမှောင်ကျလာလေသည်။ နှင်းဝပ်သောတောင်ကြားချိုင့်ဝှမ်းကြီးဖြစ်၍ နှင်းလည်းပို၏။ ထို့ကြောင့် အဝေးကိုပင် ကြည့်၍မမြင်နိုင်တော့။ အကြပ်ရဲဘော်အားလုံးတို့မှာ ပတ်ဝန်းကျင်များကို စူးစမ်းကြည့်ရင်း စကားပင်မဆိုမိဖြစ်နေကြသည်။

ည (၉) နာရီခန့်တွင် တပ်စုမှူးကြီး ပြန်ရောက်လာသည်။ တပ်စုမှူးကြီးနှင့်အတူ ရွာသူကြီးဖြစ်ဟန်တူသော လူကြီးတစ်ယောက်နှင့် အဖော်နှစ်ယောက်တို့လည်း ပါလာကြသည်။ ထိုလူသုံးယောက်စလုံးပင် အရပ်ခြောက်ပေခန့်



www.burmeseclassic.com

www.burmeseclassic.com

မြင့်ပြီး သျှောင်တစောင်းနှင့် အသားအရေများလည်း ဝါဝင်းနေကြသည်။ ရွာသူကြီးနှင့်တူသောလူကြီးမှာ သာ၍ပင် ခံ့ညားသည်။ အသက်လည်း (၆၀) ခန့်ရှိသည်။

"ကဲ - ဒူဝါ(သူကြီး)တို့ရွာမှာ ကျွန်တော်တို့တပ်စု တည်းခိုချင်တယ်။ စားနပ်ရိက္ခာအတွက်လည်း ကူညီထောက်ပံ့ပေးစေချင်တယ်။ ကျွန်တော်တို့ရဲဘော်တွေ လမ်းစပျောက်နေကြတာ ဒီနေ့နဲ့ဆိုရင် လေးရက်တောင်ရှိနေပါပြီ။ ဆက်သွယ်ရေးစက်ထောင်ကြည့်လည်း ဘာကြောင့်မှန်းမသိ ဘာအဆက်အသွယ်မှ မရ ဖြစ်နေပါတယ်"

ဟု တပ်စုမှူးကြီးက ပြောပြလိုက်၏။

ထို့ကြောင့် သူတို့သုံးယောက်ထဲမှ ရွာသူကြီးဖြစ်ဟန်တူသော လူကြီးက-

"ရပါတယ်၊ ဒီညအဖို့တော့ ဒီတဲအိမ်လေးမှာပဲအိပ်လိုက်ကြပါ။ စိတ်ချလက်ချအိပ်ကြပါ။ ဒီရွာမှာ ဘာအန္တရာယ်မှမရှိပါဘူး။ နောက်ရက်တွေအတွက်ဆိုရင်တော့ ရွာစည်းကမ်းကိုလိုက်နာရမယ်။ အသက်မသတ်ရ၊ သားငါးမစားရ၊ မခိုးရ၊ သူများသမီး၊ မယားကို မကျူးလွန်ရဘူး။ ဒီစည်းကမ်းလေးချက်ကို လိုက်နာရင် ဒီရွာမှာ ကြိုက်သလောက် တည်းခိုနေထိုင်ခွင့်ရှိပါတယ်။ ဒီရွာမှာ တည်းခိုနေထိုင်သရွေ့ ဒီရွာက ကျွေးမွေးတဲ့ ထမင်းဟင်းလျာကိုသာ စားသောက်ကြရမယ်။ ကိုယ်တိုင်ကိုယ်ပိုင် ချက်ပြုတ်စားသောက်ခွင့်မပြု။ ဒီရွာစည်းကမ်းကိုမလိုက်နာရင်လည်း ဘယ်လိုလူမျိုးကိုမှတည်းခိုနေထိုင်ခွင့်မပြုဘူး။ တစ်နာရီတောင်မထားဘူး။ ချက်ချင်း ဒီရွာကမောင်းထုတ်ခံရမယ်"

ဟု ခပ်ပြတ်ပြတ်ပြောထားခဲ့ပြီး သူတို့ပြန်သွားကြသည်။ သူတို့ပြောသွားကြသည်မှာလည်း ဗမာစကားကို ဗမာသံစစ်စစ်ဖြင့် ပြောသွားကြခြင်း ဖြစ်သည်။ သူတို့စကားက ပြတ်သားလွန်းသည်။ ရုပ်မျက်နှာထားများလည်း တည်လွန်းသည်။ ထို့ကြောင့် သူတို့ပြောဆိုသွားကြပုံနှင့် အမူရာများကိုကြည့်ပြီး တပ်စုမှူးကြီးသည်ပင် အနည်းငယ်တင်းသွားမိလေသည်။ သို့သော်လည်း တပ်စုမှူးကြီးမှာ သူတို့အရပ်သူတို့အကြောင်းကို ကောင်းစွာမသိနိုင်သေးသဖြင့် ထိုထက်တော့ မပိုမိပေ။

တပ်စုမှူးကြီးသည် တစ်အောင့်ကြာမျှ တွေးငေးစဉ်းစားနေလိုက်ပြီး မကြည်လင်သောမျက်နှာဖြင့် ရွာသားများ ပြောထားခဲ့ကြသော စည်းကမ်းချက်များကိုပင် အကြပ်စစ်သည်များအား ပြန်လည် ပြောဆိုမိန့်ကြားသည်။

"ကဲ - ဒီရွာမှာနေသရွေ့ သူတို့ပြောသွားကြတဲ့ စည်းကမ်းလေးချက်ကို မကျိုးမပေါက်အောင်လိုက်နာကြရမယ်တဲ့။ သူတို့ရွာက ကျွေးမွေးတဲ့ ထမင်းဟင်းလျာကိုသာ စားကြရမယ်။ ကိုယ့်ဘာသာ ချက်ပြုတ်မစားရဘူးတဲ့။ သူတို့ရွာက ချမှတ်ထားတဲ့ သံမဏိစည်းကမ်းကိုသာ ချိုးဖောက်ရင် ရွာထဲမှာတစ်နာရီတောင်မထားဘူး၊ ချက်ချင်းမောင်းထုတ်မယ်တဲ့။ အားလုံးကြားကြရဲ့လား"

"ဟုတ်ကဲ့ - ကြားပါတယ်"

ဟု တစ်ပြိုင်တည်း ဖြေလိုက်ကြ၏။ ထို့နောက် တပ်စုထဲတွင် အသက်ကြီးဆုံးဖြစ်သော တပ်ကြပ်ကြီး ဦးကြည်မောင်က လေသံခပ်တိုးတိုးဖြင့် တပ်စုမှူးကြီးအား ပြော၏။

"ဗိုလ်ကြီး၊ ကျွန်တော်တို့ စစ်ကြောင်းတွေ ကချင်ပြည်နယ်တောင်တန်း တောင်ပေါ်ရွာအတော်များများကို ရောက်ဖူးကြပါတယ်။ ဒီလိုလူအရွယ်အစား၊ ဝတ်ဆင်ပုံအနေအထားတွေနဲ့ ကချင်တိုင်းရင်းသားတွေထဲမှာ တစ်ခါမှတောင် မတွေ့ဖူးပါဘူး။ နောက်ထူးခြားတာကတော့ ယောကျ်ားအားလုံး ရှေးလူကြီးများလို သျှောင်တစောင်းနဲ့ချည်းပဲနော်။ ပြောသွားကြတဲ့ စကားတွေကလည်း တကယ့်ဗမာသံပီပီသသချည်းပဲ။ လုံးဝ ကချင်သံ မရောမဝဲဘူးဗျ"

"ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒါတော့ သတိထားမိတယ်။ ထူးဆန်းနေတာတော့ အမှန်ပဲ။ ဒါကြောင့် ဆရာကြီးကြည်မောင်၊ ရဲဘော်တွေအားလုံးကို သတိဝီရိယထားပြီးနေခိုင်းပါဗျာ။ ကျွန်တော်တို့က လမ်းစရှာလို့ မတွေ့မချင်း သူတို့ရွာမှာ နေ၊ စားရမှာဖြစ်လို့ သူတို့ပြောသွားကြတဲ့ စည်းကမ်းလေးချက်ဆိုတာကိုလည်း မငြိမစွန်းအောင်နေခိုင်းပါဗျာ"

"ဒီတော့ ဗိုလ်ကြီး၊ ခုတင်က ရွာသူကြီးတို့လူစုကို ကျွန်တော်တို့လမ်းပျောက်နေကြရတဲ့အကြောင်း ပြောပြပြီး ဘာလို့ လမ်းမှန်ကို မမေးလိုက်တာလဲ"

"ဒီလိုပဲ ကိုယ့်ရဲဘော်တွေနဲ့ လူစုခွဲပြီး ရှာရတော့မှာပေါ့"

တပ်ကြပ်ကြီး ကြည်မောင်၊ ခေါင်းတဆတ်ဆတ်ညိတ်၏။ ဟုတ်သည်။ သည်မျှအထိ ထူးဆန်းသော တောနက်ထဲက ရွာကြီးတစ်ရွာနှင့် ထူးဆန်းသော ရွာနေလူစုတို့ကိုတွေ့ရှိပြီး ခပ်စိမ်းစိမ်းပေါင်းသင်းနေရချိန်၌ ဖြစ်ချင်သည်ကို ရှေ့တန်းမတင်သင့်ပေ။ အန္တရာယ်သည် အချိန်မရွေး ကျရောက်နိုင်သောကြောင့် အရှာရာကို တွေးဆပြီး ဆင်ခြင်နိုင်သည်က အကောင်းဆုံးသာ ဖြစ်သည်။

◆

"ဗျို့ - ဆရာတို့၊ ဒီမှာ သူကြီးက စားစရာတွေပို့ခိုင်းလိုက်ပါတယ်။ ဝင်ခွင့်ပြုကြပါ"

"ဟုတ်ကဲ့၊ လာကြပါ"

ဟု တပ်စုမှူးကြီးကပင်လှမ်းပြောလိုက်သည်။

အရပ် (၆) ပေခန့်၊ ဗလကောင်းကောင်း၊ အသားအရေဝါဝင်းစိုပြည်ကာ သျှောင်တစောင်းနှင့် လူကြီးနှစ်ယောက်တို့ ထောင်ပို (နောက်လွယ်ပလိုင်း) ကြီးများကိုပိုးပြီး တက်လာနေကြသည်။

"ဆရာကြီး ကြည်မောင်၊ လက်ခံယူထားလိုက်ပါဗျာ။ ညီအစ်ကိုတို့ အခုလို စားစရာတွေလာပို့ကြတာကို ကျေးဇူးတင်ပါတယ်။ သူကြီးလည်း ကျေးဇူးတင်တဲ့အကြောင်း ပြောပြလိုက်ကြပါ"

တပ်စုမှူးကြီး၏ စကားအဆုံးတွင် သူတို့နှစ်ယောက်လှည့်ပြန်သွားကြသည်။ ထမင်းထုပ်က (၅၀) ဖြစ်ပြီး အားလုံး ဟင်းသီးဟင်းရွက်များနှင့်ချည်း ဖြစ်သည်။

ယခုဆိုလျှင် တပ်စုမှူးကြီးတို့သည်ရွာကို ရောက်နေကြသည်မှာ သုံးရက်ရှိခဲ့ပြီ။ နေ့စဉ် ရဲဘော်နှစ်ယောက်တွဲပြီး သုံးဖွဲ့ခွဲကာ လမ်းရှာခိုင်းသော်လည်း အချည်းအနှီးသာ။ ပြန်လမ်းကို ရှာ၍မတွေ့နိုင်ကြသလို ဆက်သွယ်ရေးစက်ကို ထောင်ကြည့်ရာတွင်လည်း ဘာအဆက်အသွယ်မှမရပေ။ ဤသို့ပင် တစ်ရက်ပြီးတစ်ရက်ကုန်လွန်သွားနေ၏။ နောက်ရက်မည်မျှကြာအောင်ပင် အချိန်ကုန် လူပန်းပြီးလည်နေရဦးမည်ကို မသိနိုင်ပေ။

တပ်စုမှူးကြီးသည် ရံခါ ရွာလမ်းကို လျှောက်လည်ကြည့်သည်။ ရွာတွင်ရှိကြသော ကလေး၊ လူကြီး အားလုံးပင် ကြည်နူးပြုံးရွှင်နေကြသည်ကို တွေ့ရသည်။ ပူပင်သောကအရိပ်လက္ခဏာဟူ၍ စိုးစဉ်မျှ မတွေ့ရပေ။ အိမ်မွေးတိရစ္ဆာန်များကို တစ်ကောင်တစ်မြီးမှ



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ရသလို ခိုင်းနွား၊ ခိုင်းကျွဲများလည်း တစ်ကောင်မှ မရှိပေ။

သို့သော် လယ်ကွင်းများ၊ စိုက်ခင်းများကိုမူ တွေ့ရသည်။ သီးပင်၊ စားပင်များလည်း စုံလင်လှသည်။ ထိုလယ်ကွင်းနှင့် စိုက်ပျိုးခင်းများကို အဘယ်ကျွဲနွားများဖြင့် ထွန်ယက်စိုက်ပျိုးကြသည်ကိုမူ နားမလည်နိုင် ပေ။

တပ်စုမှူးကြီးသည် ထူးဆန်းသောရွာကြီးနှင့် လူနေမှုစနစ်များကို ကြည့်ရှုတွေးတောရင်း တစ်ရက်တည်းဟူသော အချိန် ကုန်လွန်လာပြန်သည်။ လမ်းရှာသောအဖွဲ့များပင် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာနေကြသည်။ သို့သော် တင်စိုးတို့အဖွဲ့က အခြားအဖွဲ့နည်းတူ ရောက်မလာဘဲ ည (၇) နာရီခွဲကျော်မှ ရောက်လာကြ၏။

ဂုန်နီအိတ်နှင့်ထုပ်ထားသောအထုပ်ကြီးတစ်ယုပ်ကိုလည်း ထမ်းယူလာကြ၏။ ၎င်းသည်ကို တပ်စုမှူးကြီး ဂရုတစိုက် မကြည့်လိုက်မိပေ။ သူတို့ပြန်ရောက်လာ၍ စိုးရိမ်စိတ်များ ပြေလျော့ကာ ဘာသိဘာသာပင်နေလိုက်သည်။ ထို့နောက် နှင်းတဖြောက်ဖြောက်ဖြင့် အအေးဓာတ်ပိုလာကာ အမှောင်ထုကြီး လွှမ်းသွားလေသည်။

◆

မနက်အရုဏ်ကျင်း၍ နေပေါ်စ အချိန်တွင် သူကြီးနှင့် ရွာသားနှစ်ဦးတို့သည် တပ်စုမှူးကြီးတို့နေသော တဲအိမ်လေးဆီသို့ ဦးတည်ပြီး ခပ်သုတ်သုတ် တက်လာနေကြသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် တစ်စုံတစ်ခုများ ကိစ္စရှိ၍ လာကြလေသလားဟု တပ်စုမှူးကြီးတွေးသည်။

"သူကြီး စောစောစီးစီးပါလား။ အကြောင်းကိစ္စများရှိလား"

ဟု တပ်စုမှူးကြီးကမေးလိုက်၏။

"ဟုတ်ပါတယ်ဗိုလ်ကြီး၊ ဗိုလ်ကြီးတို့တပ်စု ကတိဖျက်ပြီးစည်းဖောက်လိုက်ကြပြီ။ ဒီတော့ အခုချိန်ကစလို့ နေမွန်းမတိမ်းခင် ရွာထဲက ထွက်သွားကြပါ"

ဟု သူကြီးက တည်ငြိမ်သော အသံ၊ မျက်နှာထားဖြင့် ပြော၏။

"သူကြီးဗျာ၊ ကျွန်တော်တို့မှာ အခုချိန်ထိ ပြန်လမ်းကိုတောင်ရှာလို့မတွေ့သေးတာကြောင့်. . ."

"တော်ပြီ ဗိုလ်ကြီး၊ ကျွန်တော်တို့ ရွာရဲ့ပြတ်သားခိုင်မာတဲ့ သံမဏိစည်းကမ်းကို ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ကျူးလွန်ချိုးဖောက်လို့မရပါဘူး။ ဒီကနေ တောင်ကြောအတိုင်း ပြန်တက်သွားကြပါ။ သချိုင်းတောင်ကြောရောက်ရင် အနောက်ဘက်ကို ဆက်လျှောက်ကြပါ။ အဲဒီကနေ တောင်ဘက်ကိုချိုးဆင်းတဲ့လူသွားလမ်းလေးကို တွေ့ရပါလိမ့်မယ်။ အဲဒီလမ်းအတိုင်းဆင်းသွားလို့ လျှိုထဲရောက်ရင် ရှေ့ကတွေ့ရတဲ့တောင်ကုန်းကိုတက်ပြီး တစ်နာရီလောက် တောတိုးလျှောက်လိုက်တာနဲ့ ဝိုင်းမော်-ချီပွေသွားတဲ့လမ်းမကြီးကို တွေ့မှာပါ။ ဒီလောက်လမ်းညွှန်လိုက်ရင် ဗိုလ်ကြီးတို့သွားတတ်လောက်ပါပြီ"

ဟု ပြောပြကာ လှည့်ပြန်သွားကြလေသည်။

တပ်စုမှူးကြီး ဒေါသထွက်သွားမိ၏။ သည်မျှ ပြန်လမ်းကို ရှာ၍မတွေ့နိုင်သည့်အထိ ဒုက္ခရောက်နေကြရသည့် အချိန်မှာပင် ရွာမှမောင်းထုတ်ခံလိုက်ရပြန်သည်။ သည်အဖြစ်မျိုးကို တပ်စုမှူးကြီးတစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မတွေ့မကြုံဘူးပေ။

သို့သော် ဒေါသထွက်ချင်တိုင်း ထွက်၍ရသောအနေအထားမျိုး မရှိပေ။ အစစအရာရာကို စဉ်းစားချိန်ဆပြီး ဆင်ခြင်နေရသောအခါမျိုးဖြစ်နေသည်။ ထို့ကြောင့် ဒေါသကို မျိုသိပ်ပြီး သည်းခံလိုက်ရ၏။

ထို့နောက် သူကြီးက 'ရွာစည်းကမ်းကို ချိုးဖောက်သည်' ဟု ဆိုသည်မှာ ဘာများပါလိမ့်။

တပ်စုမှူးကြီး စဉ်းစား၏။ ထိုအခါ ကုန်ခဲ့သည့်ညနေက ရဲဘော်တင်စိုးအထုပ်ကြီးတစ်ထုပ်ထမ်းယူလာသည်ကို အမှတ်ရပြီး မြင်ယောင်လာ၏။ ထိုအထုပ်သည် အဘယ်အထုပ်ပါလိမ့်။

"ရဲဘော်တင်စိုး၊ ဒီခဏလာပါဦးကွ"

ရဲဘော်တင်စိုး ချက်ချင်းရောက်လာ၏။

"မနေ့ကညနေ မင်းအထုပ်တစ်ထုပ် ထမ်းယူလာတာ တွေ့လိုက်တယ်။ အဲဒီအထုပ်က ဘာထုပ်တုံး"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး၊ ကျွန်တော်အသားဟင်းငတ်လို့ တောထဲမှာတွေ့တဲ့ ချေတစ်ကောင်ကို သေနတ်နဲ့ပစ်ယူလာပြီး ချက်စားလိုက်ကြပါတယ်။ ဒီအကြောင်းကို ဗိုလ်ကြီး ဆူမှာစိုးလို့ မပြောတာပါ"

တပ်စုမှူးကြီး မျက်နှာတင်းသွားလေ၏။

"မင်းကွာ အဲလောက်ထိပြောထားလျက်နဲ့ ဘာလို့အဲလိုလုပ်ရတာလဲ။ အခု သူတို့ရွာစည်းကမ်းကို ချိုးဖောက်လို့ဆိုပြီး နှင်ထုတ်ခံလိုက်ရပြီ။ ငါ့ဘဝမှာ နှင်ထုတ်ခံရတယ်ဆိုတာ ဒီတစ်ခါပဲ ကြုံဖူးတယ်။ ဘယ်လောက်အထိ ရှက်စရာကောင်းသလဲ။ ကိုယ့်မျက်နှာကို ဓားနဲ့ထိုးပစ်ရမယ့်အဖြစ်မျိုးပဲ။ ကိုယ်တို့က လမ်းစပျောက်ပြီး သူတို့ကို မှီတည်နေရတဲ့အချိန်။ သူတို့ဆိုတာလည်း ဘယ်လိုလူမျိုးလဲ။ လူတွေပင် ဟုတ်၊ မဟုတ် သတိထား ဆင်ခြင်ပြီးနေရတဲ့အချိန်မှာ မင်းကသူတို့မကြိုက်တာသွားလုပ်တယ်။ အခုတော့ စစ်ဗိုလ်၊ စစ်သားတွေဖြစ်လျက်နဲ့ ရွာထဲကမောင်းထုတ်ခံလိုက်ရပြီ။ တောက် - အခြားအချိန်မျိုးမှာသာဆိုရင် ငါ မင်းကို မသေမချင်းလုပ်ပစ်တာယ်"

တင်စိုး ဘာမှပြန်မပြောရဲ။ သူ့အပြစ်နှင့်သူကုပ်နေသည်။ တပ်စုမှူးကြီးလည်း မျက်နှာကြီးတင်းလျက် ရဲရဲနီနေ၏။

"သွား သွား၊ မင်း ငါ့ရှေ့က အခုထွက်သွားစမ်း၊ တော်ကြာငါသေအောင် လုပ်မိလိမ့်မယ်"

ရဲဘော်တင်စိုး သုတ်ခနဲ ထပြေးသွားရ၏။

"ကဲ-ဆရာကြီးကြည်မောင်၊ ခရီးထွက်ဖို့ လုပ်တော့"

◆

ရွာသူကြီး လမ်းညွှန်လိုက်သည့် ခရီးစဉ်အတိုင်း ထွက်လာခဲ့ကြသည်။ တစ်စုံတစ်ခု အမှားအယွင်း ဆူးငြောင့်ခလုတ် မတွေ့မထိဘဲ ညနေ (၅) နာရီအချိန်တွင် လမ်းမကြီးပေါ်ကို ရောက်လာကြပြီး ဆိုင်လော်ကျေးရွာတွင် တပ်စွဲထားသော တပ်ခွဲနှင့် ပြန်လည်ပေါင်းဆုံမိကြသည်။

တပ်စုမှူးကြီးက မိမိတို့ ကြုံတွေ့ခဲ့ရသော ခြင်းရာအုပ်သုံအလုံးစုံကို တပ်ခွဲမှူးကြီးထံ တင်ပြသော်လည်း လက်မခံပေ။ (၁၅) ရက်ကြာသည်အထိ အဆက်အသွယ်မရဘဲ ပျောက်ဆုံးနေခဲ့ကြသော တပ်စုအား ဝိုင်းမော်ရှေ့တန်းဌာနချုပ် တပ်ရင်းမှူးကြီးထံကိုသာ စေလွှတ်ပြီး အစစ်ဆေးခံစေလေသည်။

ထို့နောက် ကြီးမားသော ပြစ်မှုကြီးအဖြစ် သတ်မှတ်ကာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကြီးကိုပို့



www.burmeseclassic.com

www.burmeseclassic.com

### နေပြည်တော်ကျော်ကျော်စိုး

# နားရောဂါနှင့် ကြက်တူရွေးသစ်ခွ

နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက် အလယ်ပိုင်းရပ်ရှိ ခမ္မမိတ်ဆွေ ကိုအောင်မြင့်ထံကို ကျွန်တော် မကြာမကြာရောက်ပါတယ်။ ကိုအောင်မြင့်က အသက်(၈၀)ရှိပါပြီ။ ကျွန်တော့်သူငယ်ချင်း မွတ်တားရဲ့ ဦးလေးအငယ်ဆုံးပါ။ စာပေဝါသနာပါတော့ စကားပြောရတာ အဆင်ပြေပါတယ်။

၂၀၁၄၊ ဇွန်လရဲ့ နေ့တစ်နေ့ ညနေမှာ ကျွန်တော် ကိုအောင်မြင့်အိမ်ကို ရောက်ပြီး လောကအကြောင်း၊ ခမ္မအကြောင်းပြောဆိုနေခိုက်မှာ ဖုန်းဝင်လာပါတယ်။ ဒါနဲ့ အိမ်အပြင်ထွက်ပြီး ဖုန်းပြောရပါတယ်။

ဖုန်းက သန်လျင်ကပါ။ ကျွန်တော်ရဲ့ စာဖတ်ပရိသတ်တစ်ဦးဖြစ်ပါတယ်။

သူက-

"ကျွန်မ ဆရာရဲ့ဆောင်းပါးတစ်ပုဒ်မှာ နားရောဂါကုနည်းဖတ်ထားခဲ့ပါတယ်။ ကြောင်လျှာခေါက်နဲ့ နှမ်းဆီနဲ့ ကုရတယ်လို့သာ မှတ်ထားတာပါ။ အဲဒါ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပြပေးပါဦး ဆရာ။ ကျွန်မတို့အိမ်မှာ လူတစ်ဦး နားရောဂါဖြစ်နေလို့ပါ"

ဆိုပြီး ပြောလာတာကြောင့် ကြောင်လျှာပင်က ကြောင်လျှာခေါက်ကို တစ်ထွာလောက် အသင့်အတင့် ခွာယူပါ။ ဓားနဲ့စဥ်းပြီး ငရုတ်ဆုံသန့်သန့်မှာထောင်းပါ။ ညက်သွားရင် ပိတ်ပါးနဲ့ အရည်ညှစ်ယူပါ။ ခပ်စိမ်းစိမ်းပျစ်ပျစ် အရည်တွေထွက်လာပါမယ်။အဲဒီအရည်နဲ့ အညီအမျှ နှမ်းဆီစစ်စစ်ထည့်ပြီး ကောင်းတာက ကြေးဇွန်းကြီး၊ ကြေးဇွန်း မရှိလည်း ရှိတာနဲ့ အပူပေးရပါမယ်။ မီးခဲနဲ့လည်းရတယ်။ ဖယောင်းတိုင်မီးနဲ့လည်းရတယ်။ ဆီဆူပွက်လာရင်ရပါပြီ။ အဲဒီအရည်ကို လေလုံပုလင်းသန့်သန့်မှာထည့်ပြီး ရောဂါဖြစ်နေတဲ့ နားကို ကြက်တောင်သန့်သန့်နဲ့ ကျပ်ပေးရမှာပါ။တစ်နေ့ကို သုံးကြိမ်လောက်ကျပ်ပေးရင် နားပြည်ယို၊ နားအူ၊ နားလေထွက်၊ နားလေးဝေဒနာများ ပျောက်ကင်းနိုင်

ခံရုံးဖွဲ့စေပြီး (၂၅) ယောက်စလုံးသော တပ်စုရဲဘော်များအား တစ်ဦးချင်း စစ်မေးလေသည်။

တပ်စုမှူးကြီးအပါအဝင် အကြပ်စစ်သည် (၂၅) ယောက်တို့၏ ထွက်ဆိုပြောပြချက်များအားလုံး တူညီနေသော်လည်း ထူးဆန်းလွန်းသော ဖြစ်စဉ်ကြီးကြောင့် လွယ်လွယ်ဖြင့်လက်မခံကြပေ။ ဖြစ်စဉ်ကို သည်အတိုင်းထား၍လည်း မလျော်သဖြင့် ထူးခြားသည့် ထိုဖြစ်စဉ်ကြီးကို လူတိုင်းလက်ခံနိုင်သည်အထိ တိကျသော အဖြေတစ်ခုရလိုသဖြင့် အထက်တပ်ဖွဲ့မှူးကြီးကိုယ်တိုင် ဦးဆောင် ရှာဖွေဖော်ထုတ်တင်ပြရန် တာဝန်ပေးလေသည်။

ထို့ကြောင့် ထူးဆန်းသော ထိုဖြစ်စဉ်ကြီးကို ကြုံတွေ့ခဲ့ကြသော တပ်စုကိုပင် လမ်းပြအဖြစ်ခေါ်ပြီး တပ်ခွဲတစ်ခွဲ ထိုတောင်တန်းပေါ်သို့ ပြန်တက်လာကြလေသည်။ ထူးခြားဖြစ်စဉ်နှင့် တောင်တန်းပေါ်ကို ပြန်တက်လာကြသောအချိန်သည် တစ်လတာမျှ ကွာဟသွား၏။

မူလတပ်စု လမ်းစပျောက်ပြီး လည်နေခဲ့ကြသော အမြင့်ဆုံး တောင်ထိပ်သို့ရောက်လျှင် ဦးစွာ သချိုင်းကုန်းကို ရှာဖွေကြသည်။ သို့သော်လည်း သချိုင်းကုန်းကိုမူ အစအနမျှပင် မတွေ့ရတော့ပေ။ ထို့ကြောင့် တစ်အောင့်ကြာအောင် စဉ်းစားလိုက်ကြပြီးနောက် ရွာကို ရှာဖွေကြရာတွင်လည်း ရွာ၏တည်နေရာ ချိုင့်ဝှမ်းကြီးကိုသာတွေ့ရပြီး ရွာကို မတွေ့ရတော့ပေ။

ဆက်လက်ပြီး ချိုင့်ဝှမ်းကြီးထဲကို လူဖြန့်ကာ တောတိုးရှာဖွေကြရာတွင်လည်း ရွာလယ်က တပ်စခန်းချနေခဲ့ကြသော တောင်ကမူနှင့် ထိုအနီးအနားက သစ်ကြားပင်အိုကြီးတစ်ပင်မျှသာ တွေ့ရပြီး ရွာကိုမူ လုံးဝမတွေ့တော့ပေ။

တစ်လအတွင်း ရွာလုံးကျွတ်ပြောင်းရွှေ့သွားကြသည်လည်း မဖြစ်နိုင်ပေ။ ရွာနှင့် အိမ်များကို မတွေ့ရတော့သလို တစ်စုံတစ်ခုသောလူများနေထိုင်ခဲ့ကြသည့် အရိပ်လက္ခဏာမျှကိုပင် မတွေ့ရပေ။ ထို့ကြောင့် အံ့သြ၍မဆုံးဖြစ်ကြရ၏။

ထို့နောက် စက်ထောင်ပြီး မူလတပ်ရင်းနှင့် အဆက်အသွယ်လုပ်ကြည့်ကြသည်။ ရသည်။ ဘာမှအခက်အခဲမရှိပေ။ ယခင်က သည်ရွာမှာ တည်းခိုနေထိုင်ခဲ့ကြသောတပ်စုသည် တစ်နေ့ကို နှစ်ကြိမ်၊ သုံးကြိမ်အထိပင် စက်ထောင်ပြီးအဆက်အသွယ်လုပ်ခဲ့ကြသော်လည်း တစ်ကြိမ်တစ်ခါမှမရခဲ့ဘူးပေ။ ယခုတွင်မူ အဆက်အသွယ်လုပ်ကြည့်တိုင်းရနေလေသည်။

ထို့နောက် တွေ့လိုတွေ့ငြား ဆက်လက်ပြီး ရွာနှင့်သချိုင်းကုန်းကို တစ်ပတ်တိတိ ရှာဖွေကြပြန်သည်။ သို့သော် အချိန်သာကြာသွားသည်။ ရွာကိုရော သချိုင်းကုန်းကိုပါ လုံးဝရှာ၍မတွေ့တော့ပေ။ ထို့ကြောင့် ဘာမှမတတ်နိုင်တော့။ စိတ်ကိုလျှော့ပြီး တောင်ပေါ်မှ ပြန်ဆင်းလာကြလေသည်။

ဆိုင်လော်တပ်စခန်းကိုပြန်ရောက်လျှင် အထက်မှစေခိုင်းလိုက်သည့်အတိုင်း ထူးဆန်းလျှို့ဝှက်သော တောနက်ထဲကရွာကြီးနှင့် ထိုရွာကြီး၏သချိုင်းကုန်းကိုပါ သွားပြီးရှာဖွေကြသည့်အကြောင်း၊ ရှာဖွေရေးပြုလုပ်ရာတွင် သချိုင်းကုန်းနှင့် ထိုရွာကို ကိုယ်တိုင်တွေ့ကြုံခဲ့ကြသော တပ်စုရဲဘော်များကိုပင် ဦးဆောင်စေပြီး တစ်ပတ်ကြာအောင် ရှာဖွေခဲ့ကြသည့်အကြောင်း၊ သို့သော်လည်း လုံးဝသချိုင်းကုန်းကိုရော ရွာကိုပါ မတွေ့ရတော့ကြောင်း စသည်ဖြင့် ရေးသားပြီး အထက်သက်ဆိုင်ရာသို့ တင်ပေးလိုက်ကြ၏။

သို့သော်လည်း ဤဖြစ်စဉ်၏အစတွင် အထက်လူကြီးများ မေးမြန်းစစ်ဆေးခြင်းများစွာရှိခဲ့ဖူးသော်လည်း ယခု ဤဖြစ်စဉ်၏အဆုံးနိဂုံးတွင်မူ မည်သည့်အကြောင်းကိုမျှ ပြန်ကြားခြင်း မေးမြန်းစစ်ဆေးခြင်းမရှိတော့သည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်၏။

ထွန်းဘောက်

စာကြွင်း -

*(၁၉၇၀ ပြည့်နှစ် ထိုဖြစ်စဉ်တွင် ရှေ့ပြေးတပ်စိတ်မှူး ဒုတိယတပ်ကြပ် ထွန်းရီသည် ဤစာရေးသူကိုယ်တိုင်ပင် ဖြစ်ပါကြောင်း)*



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ ဒါက ပွဲတွေ့လူပေါင်းအတော်များများကို ကုပေးခဲ့တဲ့ မြန်မာ့ရိုးရာဆေးနည်းပါ။ အားလုံး ဆေးရဲ့အကျိုးကို ခံစားကြရပါတယ်။

ဒီဆေးနည်းကို ဟိုးလွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလထုတ် သိဒ္ဓိမိုးမဂ္ဂဇင်းမှာ ဖော်ပြခဲ့တာပါ။ လွန်ခဲ့တဲ့ (၅)နှစ်ကျော်ကျော်ကာလကို မှတ်မိနေတဲ့ သန်လျင်မြို့က စာဖတ်သူအမျိုးသမီးကိုလည်း လေးစားစွာ ကျေးဇူးတင်ပါတယ်။

အဲဒီဆေးနည်းမှာ ကြောင်လျှာခေါက်ဆိုတာက တောင်ပေါ်၊ မြေပြန့်ပေါ်များတာမို့ အခက်အခဲမရှိတာ အမှန်ပါ။ ခက်တာက နှမ်းဆီစစ်စစ်ပါ။ ပျားရည်စစ်စစ်တို့၊ နှမ်းဆီစစ်စစ်တို့ ဆိုတာက ရဖို့အလွန်ခက်ခဲတဲ့ ဒုလ္လဘတစ်ပါးပါ။

မြန်မာနိုင်ငံမှာ နှမ်းတွေ ရှေးတုန်းကလိုပဲ ထွက်တော့ထွက်ပါတယ်။ သို့သော်လည်း ဆီကြိတ်ရောင်းရင် မကိုက်တာနဲ့ နိုင်ငံခြားပို့ကုန်အဖြစ် နှမ်းကို တင်းနှင့်ခြင့်ပြီးရောင်းကြတဲ့အခါ ပိုကိုက်တာမို့ နှမ်းဆီဆိုတာ ဈေးကွက်မှာ ပျောက်ကွယ်ခဲ့တာ ကြာပါပြီ။

ဆိုင်တွေမှာ ပဲဆီဆိုတာရှိပါသေးတယ်။ ဈေးကြီးတော့ လူတိုင်းလက်လှမ်းမမီဘူး။ ဒီတော့ ဈေးပေါတဲ့ဆီတွေဝယ်စားကြတာများတယ်။ ပဲဆီ၊ နှမ်းဆီဆိုပြီးတော့ကာ ပဲဆီတု၊ နှမ်းဆီတုတွေကတော့ လိုသလောက်ရတယ်။ ဈေးလည်းပေါတယ်။ အရောင်၊ အဆင်း၊ အနံ့ထည့်ထားတဲ့ ပဲဆီ၊ နှမ်းဆီတွေပါ။ ဒီတော့ နှမ်းဆီစစ်စစ်ဆိုတာ ဆေးသုံးချင်ရင် ခေါင်းမူးအောင်ရှာရင်တောင်မှ တွေ့နိုင်မယ်မထင်ပါဘူး။ ဒီတော့ နားရောဂါသည်တွေအတွက် ညွှန်းသာညွှန်းရတာ စိတ်မကောင်းဖြစ်မိတာ အမှန်ပါ။

အချို့တောရွာတွေကျပြန်တော့ ကိုယ့်ပဲ၊ ကိုယ့်နှမ်းကို ဆုံနဲ့ကြိတ်ပြီး တစ်နှစ်တာ စားသုံးဖို့လှောင်ကြတာတွေရှိတယ်။ အဲဒီလို တောရွာတွေနဲ့ အဆက်အသွယ် ရင်းနှီးမှုရှိရင်တော့ မြန်မာ့ဆေးနည်းတွေကို ယုံကြည်တယ်ဆိုရင် နှမ်းဆီစစ်စစ်တစ်ပုလင်းလောက် ရအောင်မှာပြီး အိမ်မှာဆေးသုံးဖို့ဆောင်ထားသင့်ကြပါတယ်။ ပြီးတော့ ပျားရည်စစ်စစ်လည်း ဆောင်ထားသင့်ကြပါတယ်။ ဒါဆိုရင် လိုတရနိုင်ကြပါတယ်။

အဲဒီ စာဖတ်သူ သန်လျင်က အမျိုးသမီးအကြောင်းကို မွတ်တားဆီရောက်တဲ့အခါ ပြောပြဖြစ်ပါတယ်။ ဒီအခါ နှမ်းဆီစစ်စစ်အကြောင်းလည်းပါပါတယ်။

ဒီအခါမွတ်တားက သူငယ်စဉ်လူပျိုပေါက်ဘဝက သူ့အဖေ ဦးစံလှက သူ့ယောက်ဖတော်သူ ဦးထွန်းမင်းကို နားရောဂါကုပေးတဲ့အကြောင်း စကားစပ်မိတော့ ပြောပြပါတယ်။

"ကိုရင်ရဲ့၊ နည်းက နှမ်းဆီနဲ့ဆိုတော့ကာ နှမ်းဆီအခက်အခဲရှိတယ်။ ကျုပ်အဖေ ဦးစံလှကုတဲ့နည်းကျတော့ နှမ်းဆီမလိုဘူး။ ကြက်တူရွေးသစ်ခွပန်းပင်ရဲ့အရွက်ပဲလိုတယ်။ ကျုပ်တို့ငယ်ငယ်တုန်းက အနီးမှာသစ်တောကြီးတွေရှိတော့ကာ သစ်ခွပန်းအလွန်ပေါတယ်။ တောထဲကသစ်ပင်ကြီးတွေမှာ အကြိုက်ခူးယူနိုင်တယ်။ အဲဒါကြောင့် အိမ်တိုင်းမှာ ရတနာရွှေခက်၊ ဆင်မျက်ကွင်း၊ ကြက်တူရွေးသစ်ခွ ဆိုတာတွေ အလွန်ပေါတယ်။

ကြက်တူရွေးသစ်ခွပင်ရဲ့ အရွက်က သေးပြီး ရှည်တယ်။ အပင်သန်ရင် တစ်တောင်လောက်အထိရှည်တယ်။ သူ့ရဲ့ ပန်းရောင်ကြက်တူရွေးလေးတွေနဲ့တူတဲ့အပွင့်လေးတွေကလည်း အခိုင်ရှည်တယ်။ ပွင့်ဖတ်မကြီးပေမယ့် လှတယ်။ ခုခေတ် မြို့ပြတွေမှာ ရှိနိုင်ကြပါတယ်။ ပန်းခိုင်က လုံးလုံးရှည်ရှည်လေးကွ။

တစ်နေ့မှာ အဖေက ကျုပ်ကိုခေါ်ပြီး သူ့ယောက်ဖ ဦးထွန်းမင်းအိမ်ကို ခေါ်သွားတယ်။ အဖေက အစ်မပေးထားရတာပါ။

ယောက်ဖ၊ ဘယ်မှသွားတာလဲ မတွေ့ပါလားဆိုတော့ စံလှရေ ငါနားပြည်တွေယိုနေလို့ ဘယ်မှမသွားဖြစ်တာ အတော်ကြာပါပြီကွာ။ နားပြည်ယိုတာက အတော်နံတာကွ။မလွဲသာလို့ အပြင်ခဏထွက်ရင်တောင် သူများတွေနံမှာစိုးလို့ နားကိုဂွမ်းဆို့ပြီးထွက်ရတာ။ အလှူမင်္ဂလာဆို ဝေးရောကွာ။ လူတောကို မတိုးတော့ပါဘူးလို့ ပြောပြတယ်။

ဒါနဲ့ အဖေက ယောက်ဖရာ၊ မင်းနားရောဂါ ငါကုပေးပါ့မယ်။ မင်းအိမ်မှာ ကြက်တူရွေးသစ်ခွပင်ရှိတယ် မဟုတ်လားဆိုတော့ ရှိတယ်ဆိုပြီး ပြပါတယ်။ ဒါနဲ့ အဖေက သုံး၊ လေးရွက်ခူးပြီး ရေဆေးပါတယ်။ ပြီးတော့ မီးကင်ပါတယ်။ မီးကင်တော့ ပျော့ဖပ်ပြီးစိုလာပါတယ်။

ကဲ - ယောက်ဖ၊ တစောင်းအိပ်လိုက်ဆိုပြီး ဘန်းလျားပေါ် အိပ်ခိုင်းပါတယ်။ ဖြစ်နေတာက ညာဘက်နားပါ။ အဲဒီနားထဲကို ကြက်တူရွေးသစ်ခွရွက်ရည်ညှစ်ထည့်တာပါ။ အရွက်ကလေးတွေကို ခေါက်တုံ့ခေါက်ပြန်ခေါက်ကာ အဝတ်ညှစ်သလို ညှစ်ထည့်တာပါ။ ခဏနေတော့ စံလှရေ ငါ့နားထဲ စိစိစိစိနဲ့နေတယ်ကွလို့ပြောပါတယ်။ အဖေက အသာငြိမ်ငြိမ်နေကွ။ ခဏနေရင် နားထဲကအရည်ကို စောင်းပြီးသွန်ချပစ်လိုက်ရမှာလို့ပြောတယ်။ခဏနေတော့ စောင်းပြီး သွန်ချခိုင်းလိုက်တယ်။ ပြည်တွေနဲ့ ဆေးရည်တွေရောပြီးထွက်ကျလာတယ်။ အတော်နံတာပဲကွ။ ယောက်ဖရေ မင်းဒီအတိုင်း နံနက်၊ နေ့လယ်၊ ည သုံးကြိမ်လောက်လုပ်ပေးကွ။ မင်းရဲ့နားရောဂါ ပျောက်ပါတယ်လို့ ပြောပါတယ်။ တို့တွေ ဟိုပြောဒီပြောနဲ့ ပြန်ခဲ့ကြတာပေါ့။ (၃) ရက်လောက်နေတော့ ဦးထွန်းမင်းရဲ့ အခြေအနေကိုသိချင်တာနဲ့ နောက်တစ်ခေါက်သွားကြတယ်။

အဲဒီမှာ ဦးထွန်းမင်းကို အဖေက ယောက်ဖ၊ နားအခြေအနေ ဘယ်လိုလဲလို့ မေးတော့ ငါ့နားက ပြည်လုံးဝမယိုတော့ဘူးကွ၊ အကောင်းပကတိဖြစ်သွားပြီ။ ဒီနေ့ညနေပိုင်းထည့်ပြီးရင် နောက်နေ့မထည့်တော့ဘူး။ အဖေက အေးလေ၊ ပျောက်ရင် ပြီးလေကွာတဲ့။ ဒါနဲ့ နှုတ်သွက်တဲ့ ကျုပ်က -

'ဦးကြီး ဆေးဖိုးဝါးခ ကြက်တစ်ကောင်လောက်တော့ ပေးဗျာ။ အမှတ်တရပေါ့' လို့ တောင်းတော့ -

'မွတ်တား၊ ဟောဟိုကြက်အုပ်ထဲက ခေါင်စီးကြက်ဖကြီးကလွဲရင် ကြိုက်တဲ့ကြက်ပစ်ယူသွား'

ဆိုတာနဲ့ ကျုပ်လည်း ခပ်လတ်လတ်ကြက်ဖတစ်ကောင်ပစ်ယူခဲ့တယ်။ မှတ်မှတ်ရရ အဲဒီဆေးဖိုးဝါးခကြက်သားဟင်းကို ခုထိမမေ့သေးဘူးဗျ"

လို့ ပြောပြပါတယ်။

ကုသရန်မှာ ကြက်တူရွေးသစ်ခွရွက်ကို မီးကင်၊ တောက်တောက်စဉ်းပြီး ဆုံနဲ့ထောင်း၊ ပန်းကန်ထဲ အရည်ညှစ်ထည့်ယူပြီးမှ နားထဲထည့်လည်းရနိုင်ပါတယ်။

*(စာဖတ်သူ သန်လျင်မှအမျိုးသမီးအားညွှန်းပါသည်။)*

*မွတ်တားသို့ ကျေးဇူးတင်လျက်*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

# နွားလေးဖက်နာနှင့်မုရိုးပင်အစွမ်း

## မျိုးတင့်(ညောင်လေးပင်)

စာရေးသူသည် မိမိစိုက်ပျိုးထားသောဆေးပင်ကလေးများကို ပေါင်းသင်ရှင်းလင်းနေချိန်တွင် ထန်းလိုးဓားအိမ်ကိုခါးတွင်ချိတ်လျက် မြူအိုးတစ်လုံးကိုလက်ကဆွဲကိုင်လာသော စာရေးသူတို့က 'ကိုညာသား' ဟုခေါ်သည့် မြင်းခြံနယ်သား ထန်းတက်ဆရာ ကိုညွန့်ဝင်းဖြတ်သွားသည်။ မနီးမဝေး၌ရှိသော ထန်းတောအုပ်ရှိရာသို့ ဖြစ်သည်။

သူက -

"ဆရာသမား၊ ဘာတွေအလုပ်များနေသလဲ"

ဟု နှုတ်ဆက်သည်။

စာရေးသူက မိမိပေါင်းရှင်းပေးနေသောမုရိုးပင်များကိုပြရင်း -

"ဆေးပင်ကလေးတွေ ပေါင်းသင်နေတာပါဗျာ"

ဟု ပြန်ပြောသည်။

"ဩ - မုရိုးပင်တွေလား။ ကျုပ်တို့အညာမှာတော့ပေါပ့ါဗျာ"

ဟု ပြန်ပြောရင်း-

"ဒီအပင်တွေကို ကျုပ်တို့ရွာမှာ နွားဆေးအတွက် စပယ်ရှယ်သုံးကြတာဗျ။ နွားတွေ လေးဖက်နာကျရင် မုရိုးပင်ကို အားကိုးရတယ်"

ဟု စကားဆက်ပါသည်။

စာရေးသူမှာ ဆေးပင်၊ ဆေးမြစ်များအကြောင်းကို စိတ်ပါဝင်စားသူဖြစ်လေရာ ကိုညာသား၏စကားကို စူးစိုက်အာရုံရောက်သွားသည်။ ပြီးတော့ နွားအတွက် ဆေးဖက်ဝင်ပုံကို ပြောပြပါဦးဟု မေတ္တာရပ်ခံမိသည်။

သို့ဖြင့် ကိုညာသားခေါ် ကိုညွန့်ဝင်းက သူသိထားသော မုရိုးပင်အကြောင်းကို ပြောပြခဲ့၏။ ကိုညွန့်ဝင်းသည် မဒေါက်မြို့တစ်ဖက်ကမ်း ရွှေကျင်အက်ခြမ်း သောင်လယ်ကျေးရွာသို့ အညာမှ ပြောင်းရွှေ့အခြေစိုက်လာသူဖြစ်သည်။

◆

"ဆရာသမားသိတဲ့အတိုင်း ကျုပ်တို့မြင်းခြံနယ်ဆိုတာ အပူပိုင်းဒေသလေ။ ရေရှား၊ မြက်ရှားပြီး မိုးကခေါင်ပါသနဲ့ဗျာ။ သဟာပေမယ့် ကျုပ်တို့တောသူတောင်သား အညာသားတွေက နွားကိုချစ်ကြတယ်ဗျ။ နွားကို ဂရုစိုက်မွေးကြတယ်။ ယာလုပ်ခွင်မှာ သူတို့ကိုပဲ အားထားရတော့ ကျုပ်တို့ကျေးဇူးရှင်ဆိုရင်မမှားပါဘူး။

ကျုပ်တို့ရွာက တဆိုးရွာလို့ခေါ်တယ်ဗျ။ အဲဒီမှာ တပေါင်း၊ တန်ခူး ရေကရှား၊ မြက်ကမရှိနဲ့ ပူလွန်းတော့ နွားတွေဟာ လေးဖက်နာရောဂါဆိုတာ ဖြစ်တတ်ကြတယ်။ လေးဖက်နာဆိုတာ နွားတွေ အားအင်ကုန်ခန်းပြီး ခြေလက်တွေ တုံ့ဆိုင်းကုန်ကြတာ။ မစားနိုင်မသောက်နိုင်၊ မလှုပ်ရှားနိုင်တော့လို့ လုပ်ငန်းခွင်ပါ ထိခိုက်ကြရတာပေါ့။ ဒါဆိုရင် ရွာကယာသမားကြီးတွေဟာ မုရိုးပင်ကို ပင်တံအရင်းက ဖြတ်ယူလိုက်ပြီး လက်မ၊ လက်ညှိုးအရွယ် မုရိုးသားချောင်းနဲ့ နွားရဲ့တင်ပါးဆုံနှစ်ဖက်၊ လက်ပြင်နေရာတွေကို ခပ်သာသာလေး ဆယ့်လေးငါးချက်ရိုက်ပေးတယ်။ တစ်နေ့ (၂) ခါ၊ (၃) ခါ လောက် (၃) ရက်လောက် ရိုက်ပေးလိုက်ရင် နွားတွေရဲ့ ခြေဆစ်၊လက်ဆစ်ရောင်ရမ်းတာတွေပြန်ကောင်းလာတယ်။ အဲ့သဟာ ကျုပ်ကိုယ်တိုင်လက်တွေ့ပါဗျာ။

အဲ- ခင်ဗျားတို့ဘက်မှာတော့ ဒီနည်းကို သုံး၊ မသုံးတော့ မသိရဘူးပေါ့နော်။ ဆရာသမားက စာရေးဆရာဆိုတော့ ကျုပ်က လျှာရှည်ပြီးပြောပြနေမိတာဗျို့။ ထန်းတက်ဖို့ နောက်ကျနေပြီ။ လစ်လိုက်ဦးမယ်ဗျို့"

ဆိုပြီး ၊ခပ်သုတ်သုတ်လေးထွက်ခွာသွားပါတော့သည်။

စာရေးသူမှာ -

"ကျေးဇူးတင်တယ်ဗျို့"

ဟု အပြေးအလွှား ကျေးဇူးတင်စကားပြောလိုက်ရပါသည်။

◆

မုရိုးပင်ကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့မြင်နိုင်ပါသည်။ မုရိုးပင်၏အစေးမှာ နို့ခဲနိုင်သောသတ္တိရှိ၍ နို့ခဲပင်ဟုလည်း ခေါ်ကြပါသည်။ မုရိုးပင်သည် ကျေးလက်နေပြည်သူများတို့အတွက် အလွန် အသုံးတည့်သောအပင်မျိုး ဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာ့ကျေးလက်ဒေသတိုင်းလိုလို အမြတ်တနိုး စိုက်ပျိုးထားကြသည်။ မုရိုးပင်ဆေးသုံးစွဲနည်းများကို ဆေးကျမ်းများ၌ နည်း(၅၀)မက တွေ့ရသည်။ ဆက်လက်၍လည်း ဆေးသုံးစွဲနည်းသစ်များကို တွေ့ရှိနေကြဦးမည်သာ ဖြစ်သည်။ ကိုညာသားပြောပြသော မုရိုးပင်ကိုင်းနှင့် နွားလေးဖက်နာရောဂါကို ကုသနည်းမှာ အဘယ်သို့သော ဓာတ်သဘောဆောင်၍ ပျောက်ကင်းရသည်ဟု စာရေးသူ မစဉ်းစားနိုင်ပါ။ ထူးခြားသောဓာတ်သဘောဆောင်သည့် ကုသချက်ဟုသာ ခန့်မှန်းရပါသည်။

မြန်မာနိုင်ငံသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရန် ကြိုးစားနေချိန် ဖြစ်သည်။ မည်သို့ပင်ဆိုပါစေ မြန်မာ့လယ်ယာမြေတွင် ခိုင်းနွားများကို အားကိုးအသုံးချနေရဦးမည်သာ ဖြစ်ပါသည်။ နွားများ လေးဖက်နာရောဂါနှင့် ကြုံခဲ့သော် ငွေကုန်ကြေးကျမရှိ၊ ဘေးထွက်ဆိုးကျိုးမရှိသော ဤနည်းကို လယ်ယာဦးကြီးတို့ အသုံးချကြည့်နိုင်ဖို့ စေတနာကောင်းနှင့် ရေးသားတင်ပြလိုက်ပါသည်။

ဆေးနည်းပြောပြသူ ကိုညွန့်ဝင်း ရွှေကျင်မြို့နယ် မဒေါက်ကလေး သောင်လယ်ရွာကို ကျေးဇူးတင်ပါသည်။

မေတ္တာရည်လျက်

မျိုးတင့်(ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com

"ဥပါလိ၊ သင်သည် ရဟန်း ဂေါတမ၏ အာဝဋ္ဋနီမာယာဖြင့် လှည့်စားခြင်းခံရလေပြီ"

ဥပါလိသူကြွယ်ကို မဟာဝီရခေါ် နိဂဏ္ဌနာဋပုတ္တ အမည်ရှိသော တိတ္ထိဆရာကြီးက စွပ်စွဲပြောဆိုလိုက်သော စကားဖြစ်သည်။ ရာဇဂြိုဟ်ပြည်တွင် ဗုဒ္ဓဘုရားရှင် သီတင်းသုံးတော်မူနေစဉ်က ရာဇဂြိုဟ်ပြည်တွင် ရှိရင်းစွဲဖြစ်သော ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ သဉ္စယမေလဋ္ဌပုတ္တ၊ ဗဟုဓကစ္စာယန၊ အဇိတကေသကမ္ဗလ၊ နိဂဏ္ဌနာဂပုတ္တ အမည်ရှိသော တိတ္ထိဂိုဏ်းဆရာကြီး (၆) ယောက်ထဲက တစ်ဦးဖြစ်သော နိဂဏ္ဌနာဂပုတ္တက စကားအတတ်ပညာ၌ အလွန်တရာ ကျွမ်းကျင်လိမ္မာသော သူ၏လက်ရုံးတပည့်ဒါယကာ နာလန္ဒမြို့သား ဥပါလိသူကြွယ်ကို ဝါဒရေးရာယှဉ်ပြိုင်ရန်အတွက် သူ့တပည့်ကြီး ဒီဃတပဿီက အကျောက်အကန် ကန့်ကွက်တားမြစ်နေသည့်ကြားထဲက ဂေါတမဗုဒ္ဓဘုရားရှင်ထံ အကြိမ်ကြိမ်စေလွှတ်ခဲ့ရာ နောက်ဆုံးတွင် ဥပါလိသူကြွယ်သည် ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းသွားခဲ့သည် ဖြစ်၏။

သို့အတွက်ကြောင့် နိဂဏ္ဌနာဋပုတ္တ တိတ္ထိဆရာကြီးက ဥပါလိသူကြွယ်ကို -

'သင်သည် ရဟန်း ဂေါတမ၏ အာဝဋ္ဋနီမာယာဖြင့် လှည့်စားသိမ်းသွင်းခြင်းခံရလေပြီ'

ဟု စွပ်စွဲပုတ်ခတ်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

သို့ဆိုလျှင် အာဝဋ္ဋနီမာယာ ဟူသည် အဘယ်နည်း။ အာဝဋ္ဋနီမာယာ ဟူသည် တခြားမဟုတ်။ အာဝဋ္ဋနီမန္တန်ပင် ဖြစ်သည်။ ဤမန္တန်ကို တတ်ကျွမ်းသောသူသည် တစ်စုံတစ်ယောက်၏ အနီးသို့ကပ်ပြီး တစ်စုံတစ်ခုကို ပြုလုပ်ပေးရန်တောင်းဆိုလျှင်၊ တစ်စုံတစ်ခုအား ပေးအပ်ရန် တောင်းခံလျှင် ထိုသူကမပြုလုပ်ပေးဘဲမနေနိုင်၊ မပေးအပ်ဘဲမနေနိုင်ဟု ဆို၏။

ဥဒါဟရုဏ်ဆိုရသော် သာဝတ္ထိပြည် ရှင်ပသေနဒီကောသလမင်းကြီး၏ ရွှေနန်းတော်၌ ပေါက္ခရသာတိ အမည်ရှိသော မင်းတိုင်ပင်ပုဏ္ဏားကြီးတစ်ဦးရှိသည်။ သူသည် အလွန်ပညာရှိသည်။ အဗ္ဗေယျကျမ်း၊ မာသုရက္ခကျမ်း၊ ရာဇသတ်ကျမ်း၊ ရာဇနီတိကျမ်း အစရှိသော ခေတ္တဝိဇ္ဇာအတတ်၌ အလွန်ကျွမ်းကျင်လိမ္မာသည် ဟူ၏။ ထိုပေါက္ခရသာတိ ပုဏ္ဏားကြီးနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေး၍ ဆောင်ရွက်သောကိစ္စဟူသမျှသည်

# မင်းရှိန်အောင်

## ဗုဒ္ဓစာပေထဲက ဂန္ဓာရီဆိုင်ရာမန္တန်များပုံရိပ်





www.burmeseclassic.com

www.burmeseclassic.com

ချွတ်ချော်ယွင်းမှားလွဲချော်သွားသည်ဟု မရှိသလောက်ဖြစ်၏။ ထို့ကြောင့် ပသေနဒီကောသလမင်းကြီးအဖို့ ထိုပေါက္ခရသာတိပုဏ္ဏားကြီးနှင့် တိုင်းရေးပြည်ရေး နန်းတွင်းရေးကိစ္စများတို့နှင့် ပတ်သက်လာလျှင် မဆွေးနွေးမဖြစ်၊ မတွေ့မဖြစ် ဆွေးနွေးနေရ တွေ့ဆုံနေရ ဖြစ်၏။ သို့သော် ထိုပေါက္ခရသာတိပုဏ္ဏားသည် အာဝဋ္ဋနီမန္တန်၌ အလွန်ကျွမ်းကျင်လိမ္မာသူဖြစ်ရကား မင်းကြီးနှင့်တွေ့တိုင်း ပုဏ္ဏားကြီးက မင်းကြီး၌ ဆင်ယင်ထားသော တန်ဖိုးကြီးလက်ဝတ်တန်ဆာတစ်ခု၏ အမည်ကိုပြောလိုက်တိုင်း ထိုပစ္စည်းကို မင်းကြီးက ပုဏ္ဏားကြီးအား ပေးမိလေသည် ဟူ၏။ နောင်တွင် မင်းကြီးသည် ပုဏ္ဏားကြီးနှင့် ညှိနှိုင်းဆွေးနွေးလေပြီဆိုလေတိုင်း နှစ်ဦးကြားတွင် ဖောက်ထွင်းမမြင်နိုင်သော ကန့်လန့်ကာခြား၍တွေ့ဆုံလေ့ရှိသည်ဆို၏။ ဤကား သီလက္ခန် အမ္ဗဋ္ဌသုတ်နှင့် မဇ္ဈိမပဏ္ဏာသဥပါလိသုတ်တို့မှ ဖော်ညွှန်းချက် ဖြစ်သည်။

တစ်ခါ မဇ္ဈိမပဏ္ဏာသဗောဓိရာဇသုတ်ထဲမှာ ဖော်ပြထားသည်ကတော့ ကောသမ္ဗီပြည့်ရှင် ပူရန္တပ္ပမင်းကြီး၏ ကိုယ်ဝန်အရင့်အမာနှင့် မိဖုရားကြီးသည် ဆောင်းတစ်နံနက်တွင် ကမ္ဗလာနီခြုံ၍ နေဆာလှုံနေစဉ် ဟတ္ထိလိင်္ဂသကုဏခေါ်သော ငှက်ဆင်ကြီးက အသားတစ်နှင့် မှားယွင်းချီယူသွားခဲ့ရာမှ လူမနီးသူမနီး ဝေးလံခေါင်သီသော ဟိမဝန္တာတောင်ကြောတစ်နေရာဆီသို့ ရောက်ရှိသွားခဲ့လေသည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် အလကပ္ပပြည့်ရှင်မှ ဖြစ်လာသော အာလကပ္ပရသေ့ကြီးမှ ကယ်ဆယ်စောင်မထားသဖြင့် မိဖုရားကြီးသည် ချမ်းသာလုံခြုံစွာနေထိုင်ရရုံမက ပါလာသောကိုယ်ဝန်ကိုလည်း ဘေးကင်းချမ်းမြေ့စွာ မွေးဖွားနိုင်ခဲ့လေသည်။ ထိုမွေးဖွားလာသူမှာ အခြားမဟုတ်၊ ဥတေနမင်းသားပင်ဖြစ်သည်။ ဥတေနမင်းသား ပညာသင်အရွယ်ရောက်လာသောအခါ အလကပ္ပရသေ့ကြီးသည် မင်းသားတို့၏တတ်အပ်သောပညာ၊မင်းတို့တတ်အပ်သောပညာများကို သင်ကြားပေးသည်။ ပညာစုံပြီး [illegible]ခဲ့သော နောက်တစ်နေ့တွင် ကောသမ္ဗီပြည့်ရှင်မင်း၏နက္ခတ်ညှိုးနေသဖြင့် ရသေ့ကြီးက ဥတေနမင်းသားကို -

'သင်၏ ဖခမည်းတော် နတ်ရွာစံပြီဖြစ်၍ သင်သည် ကောသမ္ဗီပြည်ကို သွားရောက် သိမ်းပိုက်ပြီး မင်းသွားလုပ်' ဆိုပြီး ဟတ္ထိကမန္တန်ကို သင်ကြားပေးပြီး ဟတ္ထိကစောင်းကို ပေးလိုက်သည် ဟူ၏။ ထိုမန္တန်ရွတ်၍ ထိုစောင်းကိုတီးခတ်လျှင် ဆင်များကို လာရောက်စုရုံးစေ၊ ထွက်ခွာသွားစေရုံမက ပစ်မှတ်ကို တိုက်ခိုက်ရန်ခိုင်းစေနိုင်သည် ဟူ၏။

ထိုဟတ္ထိကမန္တန်ကို့ အင်္ဂုသဂယ္ဃသိပ္ပ၊ ဟတ္ထိဂန္တသိပ္ပဟုလည်း ခေါ်သည်ဆို၏။ အာလကပ္ပရသေ့ကြီးအား ဤဟတ္ထိကမန္တန်နှင့် ဟတ္ထိကစောင်းကို တောထွက်ဖက် တရားကျင့်ဖက် ဝေဿဒီပရသေ့ကဖြစ်သွားသည့်တန်ခိုးကြီးမားသော နတ်မင်းကြီးက ပေးသည် ဟူ၏။ ဤမန္တန်နှင့် ဤစောင်းကို ဥတေနမင်းနှင့် စဏ္ဍပဇ္ဇောတမင်း၏ သမီးတော်မှ မွေးဖွားသော ဗောဓိမင်းသားက ဆက်ခံခဲ့သည် ဆို၏။

တစ်ဖန် အမ္ဗဋ္ဌဇာတ်ထဲ၌ပင် ကဏှာရသေ့သည် ဩက္ကာကရာဇ်မင်းနှင့် ဒိသာအမည်ရှိသောကျွန်မမှ မွေးဖွားသူဖြစ်ပြီး မွေးကတည်းကပင် သွားအပြည့်အစုံပါလျက် မုတ်ဆိတ်ကျင်စွယ်များပေါက်ရောက်နေကာ အသားအရေလည်း မည်းနက်လှသည် ဟူ၏။

ကဏှာသည် အမိဝမ်းမှ 'ကျွတ်သည်နှင့် -

"မိခင်၊ ကျွန်ုပ်အား ဆေးကြောသုတ်သင်သင်ပေးပါ။ ရေမိုးချိုးပေးပါ။ ဤအညစ်အကြေးများမှ လွတ်မြောက်အောင် လုပ်ဆောင်ပေးကြပါ"

ဟု စကားပြောသည်-ဟူ၏။

ဗုဒ္ဓစာပေ၌ မွေးဖွားသည်နှင့် စကားပြောသူသုံးဦးရှိသည်ဟု ဖော်ပြထားသည်။ ယင်းတို့မှာ ဂေါတမဗုဒ္ဓဘုရားရှင်လောင်းအလျာ ဖြစ်သော ဝေဿန္တရာမင်းကြီး၊ မဟောသဓသုခမိန်စစ်သူကြီးနှင့် ယခုဖော်ပြနေသောကဏှာသတို့သားတို့ ဖြစ်သည် ဟူ၏။ ကဏှာ၏အမိပွားယ်မှာ မြေဖုတ်ဘီလူးဟူ၍ဖြစ်၏။ မွေးကတည်းကပင် သာမန်မဟုတ်သော ရုပ်သွင်ကို မြင်ရသဖြင့် တွေ့ရသူတိုင်း ထိတ်လန့် ချောက်ချားသွားသဖြင့် မြေဖုတ်ဘီလူးဟု ကင်ပွန်းတပ်လိုက်ခြင်းဖြစ်သည်။

ထိုကဏှာသတို့သားအရွယ်ရောက်သောအခါတွင် ဂင်္ဂါမြစ်တစ်ဖက်ကမ်း ဒက္ခိဏာဇနပုဒ် ရသေ့တို့ သီတင်းသုံးရာသို့သွားရောက်ပြီး ရသေ့ကြီးတစ်ပါးထံတွင် တပည့်ခံရသေ့ပြုလျက် ထိုရသေ့ကြီးအား နေ့စဉ် ဝတ်ကြီးဝတ်ငယ်ခြေဆုပ်လက်နယ် ဝေယျာဝစ္စပြုနေသည်ဟူ၏။

ထိုအခါ ရသေ့ကြီး သဘောကျနှစ်မြို့က်သဖြင့် ကဏှာရသေ့ငယ်အား မည်သည့်မန္တန်အား တတ်မြောက်လိုသနည်းဟု မေးလေသော် ကဏှာရသေ့က လက်နက်မပြန်လှန်နိုင်သော (လက်နက်ဖြင့်ပစ်သတ်၍မရနိုင်သော) မန္တန်ကို တတ်မြောက်လိုသည်ဟု ပြောလေသည်။ ထို့ကြောင့် ရသေ့ကြီးက လေး၊ မြားဖြင့် ပစ်ခွင်း၍မရနိုင်သော အမ္ဗဋ္ဌမန္တန်ကို သင်ကြားပေးလိုက်လေသည်။ ဤမန္တန်ကိုရွတ်လိုက်ခြင်းအားဖြင့် လေး၊ မြားသည်လည်း မရွေ့လျားနိုင်၊ ပစ်ခတ်သူ ခြေလက်ခန္ဓာလည်း မလှုပ်ရှားနိုင်ဟူ၏။ ပြုလုပ်သူက ခွင့်လွှတ်ရန်တောင်းပန်မှ ထိုအဖြစ်ကို ဖြေလျှော့ပေးနိုင်သော ပဋိပဿမ္ဘမန္တန်ကို ရွတ်ဖတ်လိုက်လျှင် ထိုအဖြစ်မှ လွတ်မြောက်နိုင်သည်ဖြစ်၏။ ကဏှာရသေ့သည် ထိုမန္တန်များကို တတ်မြောက်သွားသောအခါတွင် ဩက္ကာကရာဇ်မင်းကြီးထံ သွားရောက်ပြီး မင်းကြီး၏ လူမကနတ်တမျှ ချောမွေ့လှပသော မင်းသမီးကို မယားအဖြစ်တောင်းခံလေသော် မင်းကြီးသည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ကဏှာရသေ့အား မြားဖြင့်ပစ်ရန် လေးတင်လေသော် ကဏှာရသေ့က အမ္ဗဋ္ဌမန္တန်ကို ရွတ်ဖတ်လေသောကြောင့် မြားပစ်ခွင်းမရ၊ လှုပ်ရှားမရ ကျောက်ရုပ်လိုတောင့်တင်းနေသည် ဟူ၏။ မိဖုရားနှင့် မှူးမတ်သေနာပတိများက ဝိုင်းဝန်းတောင်းပန်မှ ကဏှာရသေ့က ပဋိပဿမ္ဘကမန္တန်ကို ရွတ်ဆိုသဖြင့် မင်းကြီးသည် ထိုအဖြစ်မှ လွတ်မြောက်သွားသည် ဟူ၏။ ဤသို့ဖြင့် ကဏှာနှင့် မင်းသမီးတို့ လက်ထပ်ထိမ်းမြားခွင့် ရရှိသွားသည်။ သူတို့မှဆင်းသက်လာသူတို့ကို အမ္ဗဋ္ဌပုဏ္ဏားမျိုးဟု သမုတ်ကြသည် ဆို၏။ မြင့်မြတ်သောပုဏ္ဏားမျိုးဟု ဆိုကြ၏။

ဆိုခဲ့သမျှကိုချုပ်၍ လိုရင်းကိုဆိုရလျှင် ဗုဒ္ဓစာပေကို လေ့လာဆန်းစစ်သောအခါ၌ ဒါန၊ သီလ၊ ဘာဝနာ မဂ်၊ ဖိုလ်နိဗ္ဗာန်အကြောင်းတို့ဖြင့်သာ နှိုင်းချင့်ပြည့်ဝေလျှံလိမ့်မည်ဟု ထင်မြင်ရသော်လည်း လောကုတ္တရာတို့ဖြင့် ပြည့်လျှံလိမ့်မည်ဟု ထင်မြင်ရသော်လည်း တစ်ခါတစ်ခါ လောကီဆိုင်ရာအညွှန်းများ၊ ဂန္ဓာရီဆိုင်ရာအမြွက်များကို ပြုံးပြုံးပြောက်ပြောက် တွေ့ရှိရသောအခါတွင် အလွန်တရာ ဝေဖန်သုတေသနပြုစရာကောင်းလှပေသည်။ ယခု ဗုဒ္ဓစာပေထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာ မွှေနှောက်လို့ ဂန္ဓာရီဆိုင်ရာမန္တန်များကို ဆက်လက်၍ ကောက်သင်းကောက်လှေ့လာဆန်းစစ်သောအခါတွင် အလွန်စိတ်ဝင်စားစရာကောင်းသည်များကို ရှာဖွေလေတွေ့ရှိလေ၊ တွေ့ရှိရသည်က ရှေ့ကို ခရီးဆက်ရန် တွန်းအားပေးသလိုရှိနေပေသည်။ ထို့ကြောင့် ဗုဒ္ဓစာပေထဲက ဂန္ဓာရီဆိုင်ရာမန္တန်များကို ဆက်လက်ရှာဖွေမွှေနှောက်ကြည့်ကြပါဦးမည်။

ဆက်လက်၍ တင်ပြရသော် ဗုဒ္ဓဘုရားရှင် နှစဉ်တစ်ဘဝတုန်းက ဂါထာ၊ မန္တန်၊ မန္တရားအရာ၌ များစွာကျွမ်းကျင်သော တက္ကသိုလ်ဆရာကြီးတစ်ဦး ဖြစ်သည်။ အဇာတသတ်မင်းအလောင်းအလျာ သဉ္ဇိဝလုလင်သည် ထိုတက္ကသိုလ်ဆရာကြီးထံတွင် ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး အသေကောင်ကိုအသက်ပြန်ရှင်စေနိုင်သော မတကုဋ္ဌာပနမန္တန်ကို ရွတ်ဖတ် မန်းမှုတ်လျက် ထိုအသေကောင်ကိုပစ်လျှင် ထိုအသေကောင်ပြန်လည် အသက်ရှင် လှုပ်ရှားသော အတတ် သင်ကြား တတ်မြောက်လာသည် ဟူ၏။ ထိုသဉ္ဇိဝလုလင်သည် သူတတ်မြောက်သောအတတ်၌ ကျေနပ်နှစ်ခြိုက်သဖြင့် မိမိရပ်ဌာန်ကို ပြန်လာသည် ဟူ၏။ အမှန်မှာတော့ မတကုဋ္ဌာမန္တန်အသက်သွင်းအတတ်သင်ကြားလျှင် ပဋိဗာဟနမန္တန် အသေကောင်ထံသွင်းထားသောအသက်ကို ပြန်နုတ်သောအတတ်ကို သင်ကြားရမြဲ ဖြစ်သည်။

သဉ္ဇိဝလုလင်သည် ၎င်းကိုမသိဘဲနှင့် သူ့အတတ်ပြည့်စုံပြီဆိုပြီး ခြေထောက်မြေမထိပြန်လာခဲ့ရာ လမ်းခုလတ် တောတွင်းတစ်နေရာတွင် ကျားသေတစ်ခုတွေ့သဖြင့် မတကုဋ္ဌာပနမန္တန်ရွတ် အသက်သွင်းလေသော် ထိုကျားသေသည် အသက်ပြန်ရှင်လာပြီး သဉ္ဇိဝလုလင်ကို လိုက်လံကိုက်ဖမ်းလေသော် ထိုလုလင်သည် ပဋိဗာဟနမန္တန်အသက်နုတ်အတတ် မတတ်သဖြင့် ထိုကျား၏ကိုက်သတ်ခြင်းကို ခံရလေသည် ဟူ၏။ ဤသည်ကို အကြောင်းပြု၍ 'ကျားသေကို အသက်သွင်း' ဟူသော မြန်မာစကားပုံ ပေါ်ပေါက်လာရသည် ဖြစ်၏။ ဤကား သဉ္ဇိဝဇာတ်လာ ဖြစ်၏။

နောက်ဆိုချင်သေးသည်က သဗ္ဗဒါဌိကဇာတ်လာ ဖြစ်သည်။

ဗာရာဏသီရွှေနန်းတော်၏ အမှူးတော်ထမ်း ဘုရားလောင်း ပုဏ္ဏားကြီးသည် သူတတ်မြောက်သော အကျိုးပေးထက်သန်လှ၍ တန်ခိုးကြီးမားလှသော ပထဝီဇယမန္တန်ကို မမေ့မလျော့စေရန်အတွက် ရွတ်အံလိုသဖြင့်၊ မသူတော်တို့လက်ထဲကိုလည်း မရောက်စေလို၍ တောတွင်းတစ်နေရာ၌ သွားရောက်ရွတ်အံလေ့ရှိသည်။ သို့သော် တစ်နေ့တွင် သဗ္ဗဒါဌိကအမည်ရှိသော မြေခွေးသည် ထိုပထဝီဇယမန္တန်ကို ကြားနာရသောအခါတွင် ရှေးဘဝက မာတ်ခံရှိသဖြင့် အလွတ်နှုတ်ငုံရရှိသွားလေသည်။ ထိုသဗ္ဗဒါဌိကမြေခွေးသည် ထိုပထဝီဇယမန္တန်အစွမ်းကြောင့် တောတွင်းတိရစ္ဆာန်တို့ကို စိုးမိုးအုပ်ချုပ်နိုင်ရုံမက ထိုတိရစ္ဆာန်တို့ကို ဦးဆောင်လျက် ဗာရာဏသီပြည်ကြီးကို တိုက်ခိုက်သိမ်းပိုက်ရန် ကြိုးစားခဲ့ရာ ဘုရားလောင်းပုဏ္ဏားက ဥပါယ်တံမျဉ်နှင့် အနိုင်ယူခဲ့နိုင်လေသည်။

ထို့ပြင်တစ်ဝ ဆက္ကနိပါတ် ခရပုတ္တဇာတ်ထဲတွင် ဘောဂဝတီ နဂါးပြည်မှ နဂါးမင်းသည် မြွေယောင်ဆောင်လျက် ကုန်းမြေတွင် လှည့်လည်သွားလာနေစဉ် ရွာသားတချို့နှင့်တွေ့ပြီခဲ့ဖြင့် ပစ်ပေါက်ခံနေရခိုက် ဗာရာဏသီပြည့်ရှင် သေနကမင်းနှင့် တွေ့ဆုံ၍ ကယ်တင်ခဲ့သောကြောင့် နဂါးမင်းနှင့် လူမင်း မိတ်ဆွေဖြစ်ခဲ့လေသည်။

နဂါးမင်းသည် လူမင်းကို ကျေးဇူးတင်သောအနေဖြင့် နဂါးမလုံမေပျိုတစ်ဦးကို လက်ဆောင်ပေးကာ နာဂဒဿီမန္တန်ကိုပါ သင်ကြားပေးလိုက်သည် ဟူ၏။ ဤမန္တန်၏အစွမ်းမှာကား နာနာရုပ်အတတ်ဖြင့် ကိုယ်ယောင်ဖျောက်နေသူများကို၊ အသွင်ပြောင်းနေသူများကို ပကတိအတိုင်း တွေ့မြင်နိုင်သည် ဟူ၏။ တစ်နေ့တွင် မင်းကြီးသည် နာဂဒဿီမန္တန်အစွမ်းဖြင့် ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်စဉ် သူလက်ဆောင်ရထားသော နဂါးမငယ်သည် ရေမြွေယောင်ဖန်ဆင်းလျက် ရေမြွေထီးနှင့် သံဝါသပြုနေသည်ကို တွေ့မြင်သဖြင့် ထိုနဂါးမလေးကို ဝါးခြမ်းပြားနှင့် ရိုက်ခတ်နှင်ထုတ်လိုက်သည်ဟူ၏။ စိတ်ဝင်စားစရာတစ်ခုက နဂါးမင်းက သေနကမင်းကို နာဂဒဿီမန္တန်အပြင် သဗ္ဗရုဒဝိဇာနမန္တန်ကိုပါ သင်ကြားခဲ့သည် ဟူ၏။ ထိုသဗ္ဗရုဒဝိဇာနမန္တန်အစွမ်းဖြင့် တိရစ္ဆာန်တို့၏ ပြောစကား သိရှိနားလည်နိုင်စွမ်းရှိသည် ဟူ၏။ မစ္ဆဇာတ်ထဲတွင် တံငါသည်တို့ ဖမ်းမိ၍ မြစ်သဲသောင်ပြင်ပေါ်တွင် ပစ်တင်ခံရသော ငါးဖိုက မြစ်ထဲတွင်ကျန်ခဲ့သောငါးမကို ကာမဂုဏ်ဖြင့် တမ်းတငိုကြွေးသံကို ဘုရားလောင်းပုရောဟိတ်ကကြားသိသဖြင့် တံငါသည်ထံမှ ထိုငါးဖိုကိုတောင်းခံ၍ မြစ်ရေထဲကို လွှတ်ပေးသည်ဟု ဆိုထား၏။ တကယ်တော့ ဤ ဘုရားလောင်း ပုရောဟိတ်သည် ဆိုခဲ့သော သဗ္ဗရုဒဝိဇာနမန္တန်ကို တတ်ကျွမ်းထားမည်မှာ ဧကန်ဖြစ်သည်။

နောက်ပြီး စတုက္ကနိပါတ် ဗြာဟ္မဏဆက္ကဇာတ်တွင် ဗြာဟ္မဏဆက္ကရသေ့သည် သူတတ်မြောက်သော နိမိနိဒ္ဒါရဏမန္တန်ကို ရွတ်ဖတ်လျှင် မြေကြီးထဲ၌ မြှုပ်နှံထားသော ရွှေအိုး၊ ငွေအိုး၊ ရတနာအိုးတို့ကို ထုတ်ဖော်နိုင်သည် ဟူ၏။ တခြားသော ဇာတ်လမ်းတစ်ခုထဲတွင် ကာပိလရှင်ရသေ့သည် မြေကြန်အင်လက္ခဏာကို တတ်မြောက်သိရှိပြီး သူတတ်မြောက်သော ဘူမိဝိဇ္ဇာမန္တန် ရွတ်ဖတ်လိုက်လျှင် မြေကြီးထဲ အတောင်ရှစ်ဆယ်တိုင်အောင် မြင်တွေ့နိုင်သည် ဟူ၏။ ပြီး - ပဒကုသလဇာတ်ထဲတွင် ပဒကုသလသတို့သားသည် မိခင် အသ... မုခိဘီလူးမထံမှရသော စိန္တာမဏိမန္တန်ကို ရွတ်ဖတ်လိုက်လျှင် (၁၂) နှစ်ကာလက ခိုးယူခံရသောပစ္စည်းနှင့် ခိုးသူကို ခြေရာ... ကောက် ဖော်ထုတ်နိုင်သည် ဟူ၏။ နောက် မဟာဝေဒဗ္ဗဇာတ်ထဲ၌ ဘုရား... လောင်း လုလင်ပျို၏ ဆရာ ပုဏ္ဏားကြီး... သည် ဆိုင်ရာနက္ခတ်စန်းယှဉ်ချိန်တွင်... ရေမိုးချိုး၊ ဝတ်ကောင်းသစ်လွင်ဝတ်... အမွှေးနံ့သာခြယ်လှယ်၊ ဆံပင်ကိုဖြန့်ချ... ပြီး မိုးကောင်းကင်ကို မော်မော့၍ မဟာ... ဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်... လျှင် ရွှေမိုး၊ ငွေမိုး၊ ရတနာမိုး ရွာသွန်း... တတ်သည် ဟူ၏။

တစ်ခါ စမေယျဇာတ်တွင် ဗာရာ... ဏသီပြည်သား လုလင်ပျိုတစ်ဦးသည်... တက္ကသိုလ်ပြည်သွားပြီး အလမ္ပာယ်မန္တန်... ကို သင်ယူခဲ့သည် ဆို၏။ ထိုမန္တန်ကို... ရွတ်ဖတ်မန်းမှုတ်လိုက်တိုင်း နဂါးတို့၏... နားထဲတွင် ရဲရဲညီးလောင်သော သံ... ကျင်ဖြင့် ထိုးကျပ်သကဲ့သို့ ခံစားရသည်... ဟူ၏။ ဘူရိဒတ်ဇာတ်တော်ထဲတွင် န... တို့ကြားလျှင် ကြောက်လန့်ရှောင်ရှား... တတ်သော သုပဏ္ဏကမန္တန်ကို ဂဠုန်... က ရသေ့တစ်ပါးကို ပေးခဲ့ဖူးသည် ဟူ... ၏။ နောက်စိတ်ဝင်စားစရာတစ်ခု... သီဟိုဠ်ကျွန်း (သီရိလင်္ကာပြည်) တ... ၌ တတောင်တွင် သီတင်းသုံးနေသော... မထေရ်တစ်ပါးထံ ရောက်လာသော... မိုးနတ်သားကို 'သင်မိုးရွာချပေးနိုင်... မှန်ရဲ့လား' ဟုမေးလျှင် နတ်သား... 'အရှင် ကျောင်းထဲကိုဝင်ပါ' ဟုပြော...

www.burmeseclassic.com

# မမျှော်လင့်ဘဲ
# သွေးတိုးရောဂါသက်သာပျောက်ကင်းခြင်း

မင်းတုန်းဘာသီ(သရက်)

စာရေးသူမှာ ပန်းနာရင်ကျပ် ရောဂါရှိပါတယ်။ ငယ်ကတည်းကပါ။ ဆေးပေါင်းလည်းစုံပါတယ်။ အင်္ဂလိပ်၊ မြန်မာဆေးနည်းများလည်း မနည်းတော့ပါ။ လုံးပပျောက်ကင်းသည်ဟု မရှိပါ။ သက်သာရုံပဲရှိပါတယ်။

တစ်နေ့တော့ လူတစ်ယောက်က ပန်းနာရင်ကျပ်ရောဂါပျောက်ကင်းချင်ရင် ရဲယိုသီးမှည့်ကို ယိုထိုးပြီးစားရင် ပျောက်တယ်လို့ပြောပါတယ်။ ယိုထိုးနည်းမှာလည်းလွယ်ပါတယ်။ ရဲယိုသီးမှည့် (၁၀) လုံးကို ထန်းလျက်မည်း (၁၀) ကျပ်သားနဲ့ ယိုထိုးပါ။ ဒါပါပဲ။ မီးပေါ်မတင်ရပါ။

စာရေးသူလည်း အိမ်ရှေ့က သားသမီးလို ချစ်ရတဲ့ မောင်ဝေလင်း၊ မသိင်္ဂီ အိမ်မှာ ရဲယိုပင်ရှိတာနဲ့ အမှည့်တွေကြွေတျရင် သူပြောသလို အိုဗာတင်းပုလင်းထဲမှာ ရဲယိုသီးမှည့် (၁၀) လုံး ပြည့်တိုင်း ပြည့်တိုင်း ထန်းလျက်မည်းနဲ့ ရောပြီး ယိုထိုးထားပါတယ်။ နေပူမှာနေလှန်းပြီး နံနက်ထမင်းစားပြီးတိုင်း စားပွဲတင်ဇွန်းနဲ့တစ်ဇွန်း နေ့တိုင်းစားပါတယ်။

စားစမှာတော့ ရဲယိုသီးမှည့်က အနံ့ပြင်းတော့ တော်တော်ကြိုးစားပြီး စားရပါတယ်။ နောက်တော့ စားရင်းစားရင်းနဲ့ ကြိုက်လာပါတယ်။ စာရေးသူကတော့ ရဲယိုသီးယိုကို အိုဗာတင်းပုလင်းနဲ့ (၃)၊ (၄) ပုလင်းလုပ်ပြီး နေလှန်းစားခဲ့တာ ရဲယိုပင်အသီးအတုံးပါပဲ။ အသီးကုန်မှပဲရပ်တော့တယ်။ နောက်သီးရင်လည်း ဆက်စားဦးမှာပါ။

ဒီဆေးစားရတဲ့အာနိသင်ကတော့ ပြောရင်ရယ်စရာတော့ကောင်းပါတယ်။ စာရေးသူမှာ စွဲစွဲမြဲမြဲဖြစ်ခဲ့တဲ့ ပန်းနာရင်ကျပ်ကတော့ သိသိသာသာမပျောက်ခဲ့ပါဘူး။ သက်သာရုံတော့ သက်သာတာအမှန်ပါ။

ထူးခြားတာကတော့ စာရေးသူမှာဖြစ်နေတဲ့ သွေးတိုးရောဂါကတော့ သိသိသာသာကို သက်သာပျောက်ကင်းသွားပါတယ်။ ယခင်က အပေါ်သွေး (၁၄၀)၊ (၁၄၀) ကျော်၊ အောက်သွေး (၉၀)၊ (၁၀၀) ရှိရာကနေ အခုတိုင်းချင်တဲ့အခါတိုင်း ဆရာဝန်က Normal အပေါ်သွေး (၁၂၀)၊ အောက်သွေး(၈၅)၊ (၉၀)ပဲရှိတယ်လို့ ပြောပါတယ်။

စာရေးသူလည်း တော်တော်အံ့သြသွားရပါတယ်။

စာဖတ်ပရိသတ်များ စားသုံးကြည့်တော်မူကြပါခင်ဗျား။ ဒါပေမယ့် စာရေးသူပျောက်သလိုတော့ ပျောက်မယ်လို့ ဝန်မခံရဲပါ။ စမ်းသပ်ကြည့်တော်မူကြပါခင်ဗျား။

စာရေးသူလိုပဲ သက်သာပျောက်ကင်းကြပါစေလို့ ဆုတောင်းပါတယ်။

မင်းတုန်းဘာသီ (သရက်)

မိုးဂီတမန္တန်ကို ကျူးရင့်လိုက်လျှင် ချက်ချင်းပင် မိုးကြီးပေါက်ဆိန်ရွာချလေရကား ထိုမထေရ်သည် မိုးမလွှတ်ဟု ဆို၏။

တစ်ဖန် မဟာသုတသောမဇာတ်ထဲ၌ လူသားစား ပေါရိသာဒမင်းသည် ရှေးတစ်ဘဝကမိတ်ဆွေဘီလူးပေးသော ပဒလက္ခဏမန္တန်ကြောင့် အားကောင်းခြင်း၊ လျင်မြန်ခြင်း၊ တန်ခိုးကြီးခြင်းစသော စွမ်းအင်များကို ရရှိခဲ့သည် ဖြစ်၏။နောက် အမ္ဗဖလဇာတ်တွင် ဘုရားလောင်း စဏ္ဍာလပညာရှိသည် သရက်ပင်အောက်သွားပြီး ခုနစ်ဖဝါးအကွာ၌ရပ်ကာ အမ္ဗဖလမန္တန်ကိုရွတ်ပြီး ထိုသရက်ပင်ကို လက်တစ်ဖက်ဖြင့် ရေဖြင့်ပက်ဖျန်းလေလျှင် ထိုသရက်ပင်၌ ချက်ချင်းသရက်သီးများသီးမှည့်လာပြီး မိုးသီးမိုးပေါက်လို သရက်သီးမိုးရွာချသည်ဟူ၏။ ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်သား ဝင်္ဂီသပုဏ္ဏားသည် ဆဝီသမန္တန်ကို ရွတ်ဖတ်လျက် သေသူ ဦးခေါင်းခွံကို ခေါက်တီးလျှင် နိဗ္ဗာန်ဘုံမှတစ်ပါး တခြားသောဘုံများသို့ရောက်ရာကို သိရှိပြောဆိုနိုင်သည် ဟူ၏။

ထို့နောက်တစ်ဖန် သတ္တဝါတစ်ဦးသည် မည်သည့်နေ့ မည်သည့်အချိန်တွင်သေမည်ကိုသိသော မကတကာလဝိဇာနမန္တန်ကို တက္ကသိုလ်ပြည်က ရသေ့တစ်ပါး တတ်မြောက်သည်ဟု ဓမ္မပဒအဋ္ဌကထာ၌ ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ ယင်းနောက် စေတီယဇာတ်တွင် ကပိလရှင်ရသေ့သည် ဘူတဝိဇ္ဇာမန္တန်ဖြင့် ကြောက်မက်ဖွယ်ရာအခြင်းအရာများစွာ ဖြစ်ပေါ်စေခဲ့သည်ဆို၏။ ဒီပါဝင်ဇာတ်လမ်းတစ်ခုထဲမှာဆိုလျှင် ဖုတ်မန္တရားအတတ်ဖြင့် ဖုတ်ပြိတ္တာများကို စေခိုင်းနိုင်သည် ဟူ၏။ ပြီး-သာရတ္ထဒီပနီဋီကာအလိုအရ အထဗ္ဗဏမန္တန်များဖြင့် သူတစ်ထူးအား ကုသပေးနိုင်၊ ပြုစားညှဉ်းပန်းနိုင်သည် ဆို၏။ ဆက်နွယ်ဆိုရလျှင် အထူးထူးသော ဗုဒ္ဓဝင်၊ မဟာဝင်၊ ဒီပါဝင် စသည်တို့၌ အာစေးမန္တန်၊ နားဆွံ့မန္တန်၊ လက်လှည့်မန္တန်၊ မျက်လှည့်မန္တန်၊ ပဉ္စလက်မန္တန်၊ မီးလျှံထုတ်မန္တန် စသည်စသည် ထူးဆန်းထွေပြားသော မန္တန်များစွာကိုလည်း တွေ့ရပေသေးသည်။

ဆိုခဲ့သမျှ အနှစ်ချုပ်ပြောရလျှင် အလေးဂရုပြုစရာတစ်ခု ဗုဒ္ဓစာပေများထဲ၌ ဆိုင်ရာဆိုင်ရာ မန္တန်များ၏ စွမ်းရည်ဂုဏ်သတ္တိများကို ဖော်ပြထားသော်လည်း ဆိုင်ရာဆိုင်ရာ မန္တန်များ၏ စာသားဂါထာများ မပါသည်က များသည်။ မည်သို့ပင်ဆိုစေကာမူ ဗုဒ္ဓစာပေထဲက ဂန္ဓာရီပညာဆိုင်ရာ မန္တန်များကိုတော့ လေ့လာသုံးသပ်စရာ၊ စောကြောသုတေသနပြုစရာဖြစ်နေသည်ကတော့ အမှန်ပင်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

"ဦးဖျိုင်းရေ၊ ဒီတစ်ခါလည်း ကျုပ်တို့ဘက်က အရေးနိမ့်ရပြန်ပြီ"

"အရေးနိမ့်တာထက် ဦးကြီးရဲ့သား ထွန်းပေါ် ကျဆုံးခဲ့ရတာအတွက် စိတ်မကောင်းဖြစ်ရပါတယ်ဗျာ"

"ကျုပ်သားအတွက် စိတ်မကောင်းမဖြစ်ပါနဲ့။ ထွန်းပေါ်က ရွာသားများအတွက် အသက်ပေးသွားတာပဲ။ သူ့ကိုယ်သူ သေမယ်မှန်းသိပေမယ့် လူထုအတွက် အသက်ပေးရတာပဲ။ ဦးဖျိုင်းရဲ့သား ရဲခေါင်လည်း အသက်ပေးခဲ့တာပဲမဟုတ်လား။ တာဝန်ကျေတဲ့ ကျုပ်တို့သားတွေအတွက် ဂုဏ်ယူရမှာပါ"

"ဟုတ်ပါတယ်လေ၊ ဖြစ်ပြီးမှတော့ ဂုဏ်ယူဖို့ပဲရှိတော့တာပေါ့။ ထွန်းပေါ်တို့၊ ရဲခေါင်တို့လို သတ္တိခဲတွေရှိပါတော့မလားလို့ ကျုပ်စိတ်ပူမိပါတယ်ဗျာ"

"ဒီနယ်တစ်ဝိုက်မှာတော့ သူတို့နှစ်ယောက်လောက် တိုက်ရည်ခိုက်ရည်ကောင်းတဲ့သတ္တိခဲတော့မရှိနိုင်တော့ဘူး။ သူတို့လိုလူတွေတောင် ယက္ခကို မယှဉ်နိုင်ဘဲ ယက္ခလက်ချက်နဲ့ သေရတာဆိုတော့ တွေးလိုက်ရင် ရင်လေးစရာပါဗျာ"

"အခုဆိုရင် ယက္ခကို ယှဉ်ပြိုင်ရင်း ကျဆုံးသွားတဲ့ မျိုးချစ်လူငယ်တွေမနည်းတော့ဘူးနော်။ ပြိုင်ပွဲဝင်လို့ ကျရှုံးတဲ့အပြင် အပြင်မှာ ယက္ခသတ်လို့ သေတဲ့လူငယ်တွေလည်းများလှပါပြီ။ ယက္ခကို နှိမ်နင်းနိုင်မယ့်သူပေါ် ပေါက်ပါစေလို့ ဆုတောင်းမိတယ်ဗျာ"

ညောင်ကုန်းရွာသူကြီး ဦးဖျိုင်း၊ ပေပေပင်ချောင်းသူကြီးဦးကြီးနှင့် သပြေတောရွာသူကြီး ဦးသူတော်တို့မှာ ဒီနယ်တစ်ဝိုက်တွင် ဒိတ်ဒိတ်ကြဲသိုင်းဆရာကြီးများ ဖြစ်ကြသည်။ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသဖြင့် သူတို့ပိုင် နယ်မြေ

# ကောင်းသောက်


## ဂမ္ဘီရဓာတ်လုံး၏လျှို့ဝှက်ချက်





www.burmeseclassic.com

www.burmeseclassic.com



များကို ငြိမ်ဝပ်အောင် အုပ်ချုပ်နိုင်စွမ်း ရှိကြသည်။ အရေးကြုံလာလျှင် သူကြီး (၃) ဦးတွေ့ဆုံပြီးဖြေရှင်းခဲ့ကြသည်သာ ဖြစ်သည်။ သူကြီး(၃)ဦးက သိုင်းဆရာကြီးများဖြစ်၍ ဩဇာအာဏာထက်မြက်သကဲ့သို့ သူကြီးများ၏သားတစ်ယောက်စီမှာလည်း သိုင်းပညာကို အမွေရခဲ့၍ အလွန်ထူးချွန်သောသားကောင်းများဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးသူတော်၏သား ယက္ခ၊ ဦးဖိုင်း၏သား ရဲခေါင်နှင့် ဦးကြီး၏သား ထွန်းပေါ်တို့မှာလည်း အလွန်ရဲစွမ်းသတ္တိရှိသူများဖြစ်ကြသည်။ ဦးသူတော်၏ယက္ခမှာ အားလုံးထက် ပို၍ သတ္တိပြည့်ဝသူဖြစ်လေသည်။ သိုင်းပညာထူးချွန်သော်လည်း ပညာကို အကျိုးရှိရာတွင် အသုံးမချဘဲ မလိုအပ်သည့်နေရာတွင် အသုံးချခဲ့သဖြင့် လမ်းမှားသို့ရောက်ခဲ့ရသည်။ ပညာအားကိုးဖြင့် မူးယစ်သောက်စားပြီး ဗိုလ်ကျခဲ့သဖြင့် လူသတ်မှုကို ကျူးလွန်ခဲ့ရသည်။ တရားခံပြေးဘဝဖြင့် တိမ်းရှောင်နေရင်း ပြစ်မှုများကို ဆက်လက်ကျူးလွန်ခဲ့သည်။ ယက္ခကို မည်သူမျှဖမ်း၍မရ။ ရဲအဖွဲ့ကလည်း မဖမ်းနိုင်သဖြင့် ဆိုးချင်တိုင်းဆိုးနေခဲ့သည်။

သားဆိုးအတွက် ဖခင်ဦးသူတော် မျက်နှာပျက်ရသည်။ သားမိုက်ကို သူကိုယ်တိုင်ဖမ်းရန် ကြံစည်ချိန် ယက္ခ ပျောက်သွားပါသည်။ တစ်နှစ်ခန့်အကြာတွင် ယက္ခ တစ်ဖန်ပေါ်လာပြန်သည်။ ယက္ခသည် ပေါ်ပေါ်ထင်ထင်ထွက်ပေါ်ခဲ့သော်လည်း ဖမ်းနိုင်သူမရှိခဲ့ပါ။ ယက္ခသည် ဓားပြီး၊ တုတ်ပြီး အလွန်အစွမ်းထက်လာကြောင်း သိရသည်။

စုံစမ်း၍သိရသည်မှာ ယက္ခသည် တောနက်ထဲသို့ ထွက်ပြေးတိမ်းရှောင်ရင်း သိဒ္ဓိရှင်ဆရာတစ်ဦးနှင့် တွေ့ရှိကာ ဓာတ်လုံးရခဲ့ကြောင်း သိရသည်။ ဓာတ်လုံးအစွမ်းဖြင့် သေနတ်ဖြင့်ပစ်သော်လည်း ကျည်မထွက်၊ ဓားနှင့်ထိုးသော်လည်း ဒဏ်ရာမရှိ၊ တုတ်နှင့်ရိုက်လည်း မရသဖြင့် ယက္ခကို မည်သူမျှမယှဉ်နိုင်အောင်ဖြစ်ခဲ့ရသည်။ ထိုနယ်တစ်ဝိုက်တွင် ယက္ခ၏ အသံကြားရုံဖြင့် ဖိမ့်ဖိမ့်တုန်ရတော့သည်။ ထိုအချိန် ညောင်ကုန်းရွာသို့ ဂျပန်များဝင်ရောက်တပ်စွဲခဲ့သည်။ ဂျပန်တပ်နှင့်အတူ ယက္ခပါလာခဲ့သည်။

ယက္ခသည် တိုက်ရဲခိုက်ရဲသတ္တိခဲဖြစ်၍ ဂျပန်စစ်ဗိုလ်၏ ညာလက်ရုံး သဖွယ် နေရာပေးခြင်းခံရသည်။ ဂျပန်စစ်ဗိုလ်က ယက္ခကို လက်သပ်မွေးသလို ယက္ခကလည်း ဂျပန်စစ်ဗိုလ်လိုသမျှအကုန်ဖန်တီးပေးနိုင်စွမ်း ရှိသည်။ အရက်ဆိုအရက်၊ မိန်းမဆိုမိန်းမ၊ ငွေဆိုငွေ လိုလေသေးမရှိအောင် ဆက်သနိုင်သူဖြစ်သည်။ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးသည့်သတ္တိခဲမျိုးကို ယခင်ကမတွေ့ဘူးသော ဂျပန်စစ်ဗိုလ်မှာ ယက္ခမှ ယက္ခဖြစ်ခဲ့ရသည်။ သွားလေရာတိုင်း ယက္ခကို ခေါ်သွားတတ်သည်။ ဂျပန်စစ်ဗိုလ်အတွက် ယက္ခသည် အလွန်အသုံးဝင်သောသူရဲကောင်းဖြစ်သော်လည်း ကျေးရွာလူထုအတွက် အန္တရာယ်ကောင်ဖြစ်လာခဲ့သည်။ လူသတ်သည်၊ လုယက်ဓားပြတိုက်သည်၊ မိန်းကလေးအချောအလှတွေ့က ဂျပန်စစ်ဗိုလ်ထံဆက်သခဲ့သည်။ ယက္ခ၏ စော်ကားမှုများကို မခံမရပ်နိုင်၍ ပြန်လည်ခုခံကြသော်လည်း ယက္ခမှာ ဘာမှမဖြစ်ဘဲ ခုခံသူများသာ ကျဆုံးခဲ့ရသည်။

ယက္ခကို ချောင်းမြောင်းလုပ်ကြံမှုများလာသောအခါ ယက္ခက တရားဝင်ကြေညာလိုက်သည်။

"ကျုပ်နဲ့ယှဉ်လိုတယ်ဆိုရင် ကြိုက်ရာလက်နက်နဲ့ ယှဉ်နိုင်တယ်။ ဘောလုံးကွင်းမှာပြိုင်ပွဲလုပ်ပါ့မယ်။ ကျုပ်သေရင် အရေးမယူတဲ့အပြင် ဂျပန်စစ်ဗိုလ်က ဆုချပါဦးမယ်"

ယက္ခ၏ စိန်ခေါ်မှုကြောင့် တစ်ကိုယ်တော်လူစွမ်းကောင်းများ ယှဉ်ပြိုင်ခဲ့ကြသည်။ အကောင်းဆုံးလက်နက်မှာ ဓားဖြစ်၍ ဓားချင်းယှဉ်ခဲ့ကြသည်။ အဖေအသတ်ခံရသူ၊ အမေအသတ်ခံရသူ၊ ညီမအစော်ကားခံရသူ၊ လုယက်ခံရသူတို့ အသက်စွန့်ပြီး ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်သူတိုင်းအတွက် သွားလမ်းသာရှိပြီး ပြန်လမ်းမရှိခဲ့ကြပါ။ မခံစိတ်ပြင်းထန်သော်လည်း ယက္ခကို မယှဉ်နိုင်ပါ။ ယက္ခထက် ပညာသာသော်လည်း ယက္ခကို မနိုင်ကြပါ။

ယက္ခက ဓားပြီးသူဖြစ်၍ လည်ပင်းကို မိမိရရခုတ်လိုက်နိုင်သော်လည်း သွေးမျှမထွက်၊ အရာမှမထင်ခဲ့ပါချေ။ ရင်ဝတည့်တည့်ကို မိမိရရဓားဖြင့်ထိုးနိုင်သော်လည်း ပေါက်ခြင်းပြဲခြင်းမရှိ။ ပြိုင်ပွဲတိုင်း ယက္ခအောင်ပွဲခံနိုင်ခဲ့သည်သာဖြစ်ခဲ့ရသည်။ ပြိုင်ပွဲကို ဂျပန်စစ်တပ်အနီး ဘောလုံးကွင်းတွင် ကျင်းပခဲ့သည်။ ပွဲကြည့်စင်ကို ဆောက်ပေးထားသည်။

ဂျပန်စစ်ဗိုလ်မှာ ဝါသနာအရ ပြိုင်ပွဲတိုင်းကို ကြည့်လေ့ရှိသည်။ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများက ပွဲကြည့်စင်တစ်ဖက်ကကြည့်ကြ၍ ရွာသူရွာသားများက အခြားတစ်ဖက်မှ အားပေးကြသည်။ ဂျပန်အဖွဲ့က ယက္ခကို အားပေးကြသလို ရွာသူရွာသားများက ယှဉ်ပြိုင်သူကို တစ်ခဲနက် အားပေးလေ့ရှိကြပါသည်။

ဂျပန်စစ်ဗိုလ်မှာ ပြိုင်ပွဲကြည့်ရသည်ကို နှစ်ခြိုက်နေပြီဖြစ်၍ ပြိုင်ပွဲကျင်းပနိုင်အောင် စည်းရုံးဖန်တီးနေပါသည်။ ယက္ခကို ယှဉ်ပြိုင်မည့်သူ မပေါ်သဖြင့် ပြိုင်ပွဲကျဲနေသည်ကို အားမလိုအားမရဖြစ်လျက်ရှိပါသည်။ ပြိုင်ခဲ့သမျှ ပြိုင်ပွဲတိုင်းတွင် ယက္ခချည်း အနိုင်ရခဲ့သည်ကိုလည်း ကျေနပ်လျက်ရှိပါသည်။ ယက္ခကို အနိုင်ရရှိတိုင်း ဆုချရခြင်းအတွက်လည်း ဝမ်းသာနေပါသည်။

ယက္ခနှင့်ပြိုင်ခဲ့သော ပြိုင်ပွဲများအနက် ရဲခေါင်နှင့် ထွန်းပေါ်တို့ပွဲတို့ ယက္ခ အလူးအလဲပြိုင်ခဲ့ရသည်။ ရဲခေါင်နှင့် ထွန်းပေါ်တို့မှာလည်း တစ်ခါက ယက္ခ၏ သူငယ်ချင်းများဖြစ်၍ တစ်ဦးအထာကို တစ်ဦးက သိထားသဖြင့် အကြိတ်အနယ်ရှိခဲ့ကြခြင်း ဖြစ်သည်။ အမှန်သုံးသပ်ရသော် ဓားရေးအရ သူတို့နှစ်ဦးက ယက္ခထက် သာလွန်ကောင်းမွန်ပါသည်။ ယက္ခကို ခုတ်မိထိုးမိသော်လည်း ယက္ခ၏ ဓာတ်လုံးအစွမ်းကြောင့် အရှုံးပေးခဲ့ရခြင်း ဖြစ်သည်။ တစ်နာရီ ကြာအောင် ယှဉ်ပြိုင်ပြီးမှ ယက္ခအနိုင်ရခြင်း ဖြစ်သည်။

ရဲခေါင်နှင့် ထွန်းပေါ်တို့ ကျဆုံးသွားပြီးနောက် ယက္ခကို ယှဉ်ဝံ့သူမပေါ်တော့ပါ။ ဓားရေးကျွမ်းကျင်သောရဲခေါင်နှင့် ထွန်းပေါ်တို့ပင် ယက္ခကိုမယှဉ်နိုင်ပါက နောက်ထပ်ပြိုင်ဝံ့သူထွက်ပေါ် မလွယ်ကူတော့ကြောင်း အားလုံးသိ ပါသည်။ ယက္ခကို နှိမ်နင်းနိုင်ခြင်းမရှိ က ယက္ခ၏ စော်ကားဗိုလ်ကျမှု၊ ဂျပန် များ၏ နှိပ်စက်မှုကို ခံကြရရုံသာရှိ သည်။

ရပ်ရွာအရေး၊ ရွာသူရွာသား အရေးအတွက် ရွာသူကြီးဦးဖိုင်း ဦးကြီးတို့မှာ ထိုကိစ္စအတွက် ရင် ဖွယ်ရာဖြစ်နေကြသည်။ ရွာရပ်အ ရင်မအေးရသည့်အခါ သူကြီးဦးသူ ကို အထူးသတိရကြသည်။ အရေး ပေါ်လာတိုင်း အပိုင်ရွာသူကြီးသုံးဦး ပင်ဖြေရှင်းနေကျ ဖြစ်သည်။ ယ တွင် ဦးသူတော်ကို တိုင်ပင်ရန် မ ဖြစ်နေကြသည်။ ယက္ခကို ရှင်းလ တွင် ဦးသူတော်ကို တိုင်ပင်ရန် ဝန် နေကြသည်။

ယက္ခကိုမှ မရှင်းနိုင်လျှင် တော့သည့်အခြေမို့ မလွဲမသွေ တိုင် ကြည့်ရတော့မည်။ ဦးသူတော်က ညီနိုင်မှ အခြားနည်းလမ်းရှာတော့ ဟု စဉ်းစားကာ ဦးသူတော်ထံမှ ဉာဏ်တောင်းရန် ဦးသူတော် သွားရောက်ခဲ့ကြသည်။ သွား



www.burmeseclassic.com

www.burmeseclassic.com

မဲ့မရဲသွားခဲ့ကြသော်လည်း ဦးသူတော်က လိုက်လှဲစွာကြိုဆိုသဖြင့် ဝမ်းသာကြသည်။ အထင်နှင့်အမြင် တခြားစီဖြစ်နေကြောင်းအံ့ဩဖွယ်တွေ့ကြုံရပါသည်။ ဦးသူတော်ကနွေးထွေးစွာကြိုဆိုသည်။

"ခင်ဗျားတို့ ရောက်လာကြတာ တော်ပဲဗျာ။ ခင်ဗျားတို့မလာရင် တောင် ကျုပ်က ခင်ဗျားတို့ဆီကို လာဖို့ ပြင်ဆင်နေတာ"

"ဟုတ်လား၊ ဦးသူတော်က ဘာ ကိစ္စနဲ့လာမှာလဲဆိုတာ အရင်ပြောပါဦး"

"အဓိကအချက် (၂) ချက်ရှိတယ်။ ပထမအချက်က ဂျပန်တွေကို မြန်မာ့မြေပေါ်က မောင်းထုတ်ဖို့၊ ဒုတိယ အချက်က ယက္ခကို အမြန်ဆုံးရှင်းဖို့ပဲ"

"ဟုတ်တယ်ဗျာ။ ကျွန်တော်တို့ လာတာကလည်း ယက္ခကိစ္စအတွက် လာတာ။ ယက္ခကိစ္စဖြစ်နေလို့ ဦးသူတော်ကို တိုင်ပင်ဖို့ ခက်နေတာပါ"

"ဘာဆိုင်လို့လဲ။ ခြေမမကောင်း လက်မမကောင်းလက်မဘဲပေါ့။ ဆိုထားကောင်းပြီးလိမ့်မှာတဲ့ ခင်ဗျားတို့ တွေတောင် ဆုံးရှုံးခဲ့ရပြီပဲ။ ကျုပ် လို လူမိုက်အတွက် ဘာမှစဉ်းစား မလိုဘူး။ နည်းလမ်းရှာပြီး အမြန် ရှင်းရမှာပေါ့"

"ဦးသူတော်ရဲ့စကားကို ကြားရ အားရှိလိုက်တာဗျာ"

"ဂျပန်တော်လှန်ရေးမစခင် ယက္ခ အရင်ရှင်းထားရမယ်။ ယက္ခရှိနေရင် တိုတော်လှန်ဖို့ ပိုမိုခက်ခဲနိုင်တယ်။ ကြောင့် ယက္ခကို ကျုပ်ကိုယ်တိုင်ရှင်းဖို့ ဖြစ်ပြီးပြီ"

ဦးဗျိုင်းက အံ့ဩသည့်အမူအရာ ဖြင့်မေးလိုက်သည်။

"ဦးသူတော်ကိုယ်တိုင် ရှင်းမှာ တခြားလူခိုင်းလို့မရဘူးလား"

"ကျုပ်သားကို ကိုယ်တိုင်ရှင်းမှ တခြားဘယ်သူမှ ရင်ဆိုင်နိုင်မှာ ဘူး။ ကျုပ်က အသက်ပေးချင် ပါစေ၊ ယက္ခကိုရှင်းမှာပါ။ ကျုပ်မရှိ ဘာ ဂျပန်တော်လှန်ရေးဆက်လုပ် ချင်တယ်။ ယက္ခကို ကျုပ်ရှင်း လို့ ယုံကြည်ပါတယ်။ ယက္ခရဲ့ ချက်ချက်ကိုသိတာလည်း ကျုပ်တစ် ပဲရှိတယ်။ ယက္ခကို နိုင်ဖို့ဆိုတာ ကျုပ်ကလွဲရင် ဘယ်သူမှမရှိ တိုင်းပြည်နဲ့လူမျိုးအတွက်၊ ကိုယ့် တွေအတွက်ပဲဗျာ ကျုပ်ပေးဆပ် ..."

"နေပါဦး၊ လျှို့ဝှက်ချက်ဆိုတာက



ဘာလဲဗျ"

"နောက်တော့ သိရမှာပေါ့ဗျာ။ ကျုပ်က ယက္ခဘာကြောင့်ဒါလောက် စွမ်းသလဲဆိုတာ စုံစမ်းပြီးပြီ။ ခတ်လုံး အစွမ်းကြောင့် အရာရာပြီးနေတာသိရ တော့ သူ့ကို ခတ်လုံးပေးတဲ့ဆရာဆီ အရောက်လိုက်ခဲ့တယ်။ အဲဒီမှာ လျှို့ဝှက် ချက်ကိုသိခဲ့ရတယ်။ ယက္ခကို နှိမ်နင်းဖို့ နည်းလမ်းကိုပါ ဆရာနဲ့ဆွေးနွေးခဲ့တယ်။ ကျုပ်ကိုယ်တိုင် နှိမ်နင်းမှရမယ်ဆိုတော့ လုပ်ရမှာပေါ့ဗျာ။ ဒါပေမယ့် ကျုပ်က ယက္ခကို ယှဉ်ပြိုင်ရာမှာ ယက္ခ မသိစေဖို့ ကျုပ်ကို ရန်ကြီးအောင်လို့ အမည်ပေး ပြီး ရုပ်ဖျက်ရမယ်။ ခင်ဗျားတို့ ဂျပန်စစ် ဗိုလ်ဆီမှာ စာရင်းပေးလိုက်ပြီး သတ်မှတ် ရက် ကျုပ်ကိုအကြောင်းကြားပါ။ အချိန် မီလာခဲ့မယ်"

ဦးသူတော်နှင့် ညှိနှိုင်းပြီး အား တက်ကာ ပြန်ခဲ့ကြပါသည်။

လယ်သမားခေါင်းဆောင် ရန်ကြီး အောင်က ယက္ခကို ယှဉ်ပြိုင်မည်ဟု ကြေညာလိုက်သောအခါ ရွာသူရွာသား များသာမက ဂျပန်စစ်ဗိုလ်ကိုယ်တိုင် အံ့ဩသွားစေပါသည်။ ယက္ခကို ပြိုင်ဝံ့ သူမရှိသဖြင့် ပြိုင်ပွဲကြည့်လိုသူ ဂျပန်စစ် ဗိုလ်မှာ ပွဲကြီးပွဲကောင်းကြည့်ရတော့မည် ဖြစ်၍ ဝမ်းသာနေပါသည်။ ရွာသားများ မှာ ရန်ကြီးအောင်ကို အထူးလေးစား ကြသော်လည်း ရန်ကြီးအောင်အတွက် စိတ်ပူပြီး စိတ်မကောင်းဖြစ်ကြရသည်။

လပြည့်နေ့တွင် ယှဉ်ပြိုင်မည်ဟု ကြေညာလိုက်သည်နှင့် ကျေးရွာမှ ရွာ သားများမှာ မလွတ်တမ်းကြည့်ရန် အား ခဲလျက်ရှိကြသည်။ ရန်ကြီးအောင်ကို မမြင်ဘူးကြသော်လည်း ရန်ကြီးအောင် နိုင်ပါစေကြောင်း ဆုတောင်းလျက်ရှိကြ သည်။ ယက္ခသည် ပြိုင်ဘက်ပေါ်လာ သဖြင့် ဝမ်းသာနေသလို ဂျပန်စစ်တပ် ကလည်း ယက္ခအပေါ် ယုံကြည်နေကြ သဖြင့် ယက္ခနိုင်မည်ဟု ငွေသချာပေါက် တွေးဆနေကြသည်။

လပြည့်နေ့နံနက်(၁၀)နာရီအချိန် ဘောလုံးကွင်းတွင် ယက္ခနှင့် ရန်ကြီး အောင်တို့ ဓားရေးပြိုင်ပွဲရှိ၍ ကျေးရွာ အသီးသီးမှ ယောက်ျား၊ မိန်းမ၊ ကလေး ပါမကျန် နံနက် (၈) နာရီခန့်မှစ၍ ကွင်း လုံးပြည့်အောင် စည်ကားလျက်ရှိသည်။ ဦးဗျိုင်း၊ ဦးကြီးတို့ ခေါင်းဆောင်များက လည်း ရန်ကြီးအောင်လာရာလမ်းမှ ကြို ဆိုလျက်ရှိကြသည်။

နံနက် (၁၀) နာရီထိုးရန် မိနစ် အနည်းငယ်မျှအလိုတွင် မြင်းညိုကြီးကို ဒုန်းစိုင်းလာနေသူကို မြင်လိုက်ရသဖြင့် အားလုံးဝမ်းသာသွားပါသည်။ မြင်းညို ကြီးသည် ဦးဗျိုင်းတို့ရှေ့တွင် ရပ်လိုက်ပြီး မြင်းညိုရှင်က လွှားခနဲ ခုန်ဆင်းလိုက် သည်။ အသက် (၅၀) နီးပါးရှိနေသော် လည်း သွက်လက်ဖျတ်လတ်နေပါသည်။ အရပ်အမောင်းကောင်းကောင်း၊ ဗလ တောင့်တင်းသန်မာသော လူညိုထွား ကြီးမှာ မျက်လုံးမှအပ မျက်နှာတစ်ခုလုံး အဝတ်နက်စည်းထားသောသူရဲကောင်း ရန်ကြီးအောင်ဖြစ်ကြောင်း သိလိုက်ရ သည်။ ရန်ကြီးအောင်ကို မြင်ရသူ အပေါင်းမှာလည်း အံ့ဩဝမ်းသာကြ၍ လက်ခုပ်သံပြိုင်တီးကာ ကြိုဆိုလိုက်ကြ ပါသည်။

(၁၀) နာရီတိတိတွင် ပြိုင်ဆိုင် ကွင်း၌ ရန်ကြီးအောင်နှင့်ယက္ခတို့ နေရာ ယူပြီး ဖြစ်ကြသည်။ နှစ်ဦးစလုံး အရပ် မြင့်မားပြီး သန်မာတောင့်တင်းသဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ရမည့်မှာ သေချာလှသည်။ ဒိုင်လူကြီးက ခရာမှုတ် လိုက်သည်။ နှစ်ဦးလုံး အနောက်သို့ (၅) ပေခန့် ဆုတ်လိုက်ကြသည်။ လူချင်းခွာ ၍နေရာယူမှ စိတ်ကြိုက်တိုက်ကွက် ဖန်တီးနိုင်မည် ဖြစ်သည်။ နှစ်ဦးလုံးစတင် တိုက်ခိုက်ခြင်းမပြုဘဲ တစ်ဦး၏အခြေ အနေကို တစ်ဦးက အကဲခတ်နေကြ သည်။

ဦးသူတော်သည် ငယ်စဉ်မှစ၍ ယက္ခကို ဓားသိုင်းသင်ပေးရာတွင် မိမိက အရင်ဝင်၍မတိုက်ဘဲ ရန်သူ၏ တိုက် ကွက်ကိုစောင့်ပြီးမှတိုက်ရန် သင်ကြား ထားသဖြင့် ယက္ခက အရင်မဝင်မှာ သေချာ သည်။ မိမိကတိုက်ပါက ယက္ခ



www.burmeseclassic.com

www.burmeseclassic.com

က မည်သို့ရှောင်မည်၊ မည်သည့်နည်းဖြင့် တန်ပြန်တိုက်စစ်ဆင်မည်ကိုပါ သိထားပြီးဖြစ်သည်။ မိမိသင်ထားသည့်အတိုင်း ယက္ခက တုံ့ပြန်မည်ကို အပိုင်သိထားပြီးဖြစ်သည်။ ယက္ခကလည်း လက်ဦးဆရာ သင်ထားသည့်အတိုင်း ရန်သူကခုတ်ခုတ်၊ ပက်ပက်၊ ထိုးထိုး၊ မည်သို့ခုခံရမည်၊ မည်သို့အနိုင်ယူရ မည်ကို အပိုင် တွက်ထားသည်။

တစ်ကွက်၊ နှစ်ကွက် တိုက်ကြည့်ရုံဖြင့် ရန်သူကို အထင်မသေးဝံ့အောင် သိလိုက်သည်။ နှစ်ဦးလုံး ပိုင်ကွက်ကို စောင့်၍တိုက်နေကြသဖြင့် တိုက်ခိုက်မှုမှာ ထိရောက်မှုမရှိဘဲ ပွဲတာရှည်စေခဲ့သည်။ ရန်ကြီးအောင်၏ပြင်းထန်သော ဓားချက်များကို ယက္ခက အလူးအလဲခံနေရသော်လည်း ရန်ကြီးအောင်၏ တစ်ကွက်အမှားကို စောင့်နေခဲ့ရသည်။ ရန်ကြီးအောင်က လက်ရည်အသာဖြင့် ယက္ခကို အသာစီးယူ၍ တိုက်ခိုက်ပုံကို ပွဲကြည့်ပရိသတ်က အားရဝမ်းသာ လက်ခုတ်သံမစဲ အားပေးခဲ့ကြသည်။

ယက္ခသည် အရှုံးပေးမည့်အသွင်ဖြင့် နောက်ဆုတ်၍ ပြေးလာဟန်ပြင်လိုက်သည်။ ရုတ်တရက်ထွက်ပြေးသော ယက္ခကို ရန်ကြီးအောင်ကဖိလိုက်ပါက ရန်ကြီးအောင် မှားရန်ဖြစ်တော့မည်။ ထိုတိုက်ကွက်ဖြင့် အောင်ပွဲဆင်ခဲ့ပေါင်းများပြီဖြစ်၍ ပရိသတ်ကစိတ်ပူနေသည်။ သို့သော် ရန်ကြီးအောင်သည် အများထင်သလို စွတ်မလိုက်ဘဲ နေရာမှရပ်၍ စောင့်နေခဲ့သဖြင့် ယက္ခအကြံမအောင်တော့ဘဲ ပြန်လည် ရင်ဆိုင်တိုက်ရပြန်သည်။ ရန်ကြီးအောင်က ယက္ခ၏ခြေလှမ်းကိုကြည့်၍ ယက္ခမည်သို့လှုပ်ရှားမည်ကို သိနေသဖြင့် ယက္ခအဖို့ အနိုင်ရရန် ခက်ခဲလှပေတော့သည်။

အခွင့်အရေးတစ်ကြိမ်ရပါက ပွဲသိမ်းနိုင်မည်ဖြစ်သော်လည်း ရန်ကြီးအောင်က အကွက်စေ့လှသဖြင့် ယက္ခကြံတိုင်းမဖြစ်အောင်ရှိနေခဲ့သည်။ ယက္ခတွင် ဓာတ်လုံးအစွမ်းရှိနေသဖြင့် ရန်ကြီးအောင်က အပြတ်ချေမှုန်းခြင်းမရှိဘဲ ယက္ခ၏ ဓားချက်များကို လွတ်အောင်ရှောင်နေခဲ့သည်။ ပွဲချိန်ကြာသဖြင့် အားပေးသူများပင် လေသံပျော့သွားပါသည်။ ယက္ခကလည်း မောလွန်းသဖြင့် ပွဲသိမ်းတိုက်ကွက်များဖြင့် အစွမ်းကုန်တိုက်သော်လည်း ရန်ကြီးအောင်မှာတော့ ဟန်မပျက်ရှိနေခဲ့သည်။

ပွဲချိန်ကြာပါက ယက္ခက လက်မြှောက်အရှုံးပေးရနိုင်သဖြင့် မရပ်မနား အတင်းဝင် အတင်းထွက် ပြင်းပြင်းထန်ထန် တိုက်စစ်ဆင်တော့သည်။ ယက္ခမောပြီး နိုင်လိုစိတ်ပြင်းထန်နေသည်ကို ရိပ်စားမိသော ရန်ကြီးအောင်မှာ အတင်းမဝင်တော့ဘဲ ဂရုစိုက်ရင်း အကွက်ချောင်းနေခဲ့သည်။ ယက္ခအားလွန်ပြီး လဲအကျတွင် ရန်ကြီးအောင်က ဘေးသို့ရှောင်လိုက်ရာ ယက္ခမြေပြင်ပေါ်သို့ ကျသွားခဲ့သည်။ ဖျတ်လတ်သော ယက္ခက အမြန်ပြန်ထလိုက်နိုင်ပါသည်။

ယက္ခသည် ဓားရေးဖြင့် အနိုင်ယူ၍ မရနိုင်မှန်းသိသဖြင့် ရန်သူဟန်ချက်ပျက်စေရန် ခုန်ပျံကျော်လွှားတိုက်ကွက်များဖြင့်တိုက်တော့သည်။ တိုက်ကွက်များမှာ လျင်မြန်သဖြင့် ယက္ခ ခုန်အဝင်ကို ရှောင်လိုက်ရင်း ရန်ကြီးအောင် ယိုင်သွားပါသည်။ ဟန်ချက်ပျက်ပြီးယိုင်နေသောရန်ကြီးအောင်၏ရင်ဝသို့ ယက္ခက ဓားစိုက်သွင်းလိုက်သည်။ ရန်ကြီးအောင် ဓားထိပြီး မြေပြင်သို့ လဲကျသွားတော့သည်။

"ဟာ - ရန်ကြီးအောင်ကို ထိသွားပြီ"

ပရိသတ်ထံမှ အသံထွက်လာသည်။ ယက္ခက ပွဲသိမ်းနိုင်ပြီဖြစ်၍ အောင်ပြီဟု ဟစ်ကြွေးရင်း ဝမ်းသာအားရ လက်မြှောက်ပြီး ပရိသတ်ကို အောင်ပွဲခံလိုက်သည်။ ရန်ကြီးအောင်ကို အားပေးနေသူများမှာ စိတ်ပျက်ဝမ်းနည်းနေချိန် ယက္ခက ရန်ကြီးအောင်၏ ဘေးသို့ ခုန်ဆင်းလိုက်ပြီး ရန်ကြီးအောင်၏ မျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။

"ဟာ"

ဦးသူတော်၏မျက်နှာကို မြင်လိုက်ရ၍ ယက္ခထိတ်လန့်အံ့အားသင့်ပြီး မှင်တက်မိနေစဉ် ရန်ကြီးအောင်၏ဓားက ယက္ခ၏ရင်ဝကို ထိုးဖောက်လိုက်သည်။ ယခင်က ဓားနှင့်ထိုးက ဓားသွားခွေသွားသော်လည်း ယခုအခါ ယက္ခ၏ ရင်ဝမှ သွေးများစီးကျလာပါသည်။

ရန်ကြီးအောင်သည် ယက္ခ၏ ဓားချက်ကို လျင်မြန်စွာရှောင်လိုက်နိုင်သဖြင့် ရင်ဝသို့မထိဘဲ နံစောင်းသို့သာ ထိခဲ့သည်။

ရန်ကြီးအောင် ငြိမ်သက်သွား၍ ချက်ကောင်းထိပြီဟု ယက္ခကယူဆကာ မျက်နှာဖုံးချွတ်လိုက်ပြီး အံ့အားသင့်နေချိန် ခံလိုက်ရခြင်း ဖြစ်သည်။ ရန်ကြီးအောင်သည် မြေပြင်မှ လူးလဲထကာ ပရိသတ်ဘက်သို့လှည့်ကာ အောင်မြင်ခဲ့ညားစွာ ကြွေးကြော်လိုက်သည်။

"ရန်ကြီးအောင်တဲ့ဟေ့"

အော်ဟစ်အားပေးနေကြသံများ
အုန်းအုန်းထသွားပါတော့သည်။
လင့်စောင့်စားနေခဲ့ရသောဆန္ဒပြည့်
သဖြင့် အားလုံးဝမ်းသာအားရအော်
အားပေးကြသည်။ ယက္ခငြိမ်သက်သွာ
ပြီဖြစ်၍ ရန်ကြီးအောင်သည် ကွင်း
တစ်လှမ်းချင်းထွက်ခဲ့ပါသည်။

ဦးဖျိုင်းနှင့် မျိုးချစ်လူငယ်များ
ရန်ကြီးအောင်ကို တွဲခေါ်ခဲ့ကြသည်
ပြိုင်ပွဲပြီးသွားပြီဖြစ်၍ ဂျပန်များက ယ
၏အလောင်းကို သယ်သွားကြပါသည်
ဦးဖျိုင်းတို့ စီစဉ်သည့်အတိုင်း ရန်
အောင်ကို မြန်မာသမားတော်များ
ပြသကုသရာ ဒဏ်ရာမှာ မပြင်း
ကြောင်းသိရမှ အားလုံးဝမ်းသာနိုင်
သည်။ ရန်ကြီးအောင် အသက်ဘေး
လွတ်ပြီဟုသိရသည်နှင့် ဦးဖျိုင်းကအ
ကပ်၍ မရအရမေးတော့သည်။

"ဘယ်သူမှ မယုံနိုင်တဲ့ ယ
အနိုင်ယူနိုင်ခဲ့တာ ဦးသူတော်
သလို လျှို့ဝှက်ချက်ကြောင့်ပေါ့နော်"

"မှန်တာပေါ့ဗျာ၊ လျှို့ဝှက်ချ
သိထားလို့ ကျုပ်နိုင်ခဲ့တာပေါ့"

"လျှို့ဝှက်ချက်ကို ပြောပြပါ
ဗျာ"

"ဟုတ်ကဲ့-ပြောပါ့မယ်။ ယ
ဘယ်သူမှမယှဉ်နိုင်တဲ့အကြောင်း
လေ့လာကြည့်တော့ ပုဂ္ဂိုလ်ကြီးတ
ပေးတဲ့ ဓာတ်လုံးကြောင့်လို့ သိရ
အဲဒီ ပုဂ္ဂိုလ်ကြီးကိုရှာဖွေပြီး ယ
သွမ်းနေလို့ နှိမ်နင်းဖို့ ပြောပြခဲ့တ
ပုဂ္ဂိုလ်ကြီးက ယက္ခကိုစိတ်ဆိုးပြီး
ဝှက်ချက်ကို ပြောပြလိုက်တယ်ဗျ"

"လျှို့ဝှက်ချက်ကိုပြောပါဦး"

"အနဋ္ဌောအနဋ္ဌငါးပါးကို
ကားရဘူး။ စော်ကားတဲ့နေ့ ဓာတ်
အစွမ်းပြယ်တဲ့နေ့လို့ ပြောလိုက်တ
ယက္ခက ကျုပ်ကို ဓားနဲ့ထိုးလို့ ဒ
ရတာနဲ့ ဓာတ်လုံးရဲ့အစွမ်းပြေချိန်
က သူ့ကိုအနိုင်ယူနိုင်ခဲ့တာပါပဲ"

ဦးသူတော်၏ စကားအဆုံး
အားလုံးငြိမ်သွားကြပါသည်။ မိ
စော်ကားသည့် သားအတွက် ဓာတ်
မစွမ်းနိုင်ခြင်းမှာ အံ့သြစရာမရှိတော
တကား။

ကောင်း

www.burmeseclassic.com

# ဘုန်းကြီးကံကောင်း
# ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း
# ဇာတ်အစီအရင်

△ ကြိုရတနာ-သရာဇေယျာလင်း

ဤလောက၌ ခုနစ်နေ့ခုနစ်ရက် သမီး လူသားအားလုံးတို့ အဓိက လိုသော၊ ရရှိလိုသော၊ ပြည့်စုံလိုကြ သောလိုအင်ဆန္ဒ များစွာရှိကြပါသည်။ ပါမှန်သမျှ အဝိဇ္ဇာ၊ တဏှာ တည်း သော အကြောင်းရင်းတရား (၂) ပါး ချုပ်ကိုင်ထားမှုကြောင့် ဘဝခန္ဓာ သမျှ ဤသံသရာမှမလွတ်နိုင်ကြ သံသရာမှမလွတ်သမျှ ဘဝဇာတိ နေသမျှကာလပတ်လုံး ကာမ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟူသော တပ်မက်တွယ်တာလိုချင် ရာရာတို့သည် ဆုံးစမထင် အပုံ င်ပါပေ။ သို့အားလျော်စွာ လိုအင် များလှသောင်းသောင်းတို့ရှိကြရာ အများဆုံး အကျုံးဝင်သည့် လိုအင် တို့မှာ အသက်ရှည်ခြင်း၊ အဆင်းလှ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းကြီးခြင်း၊ သာကြီးခြင်း၊ အခြွေအရံပေါခြင်း၊ ပ်အကိုင် အကြံအစည်များ အောင် ပြီးမြောက်ခြင်း စသည်တို့သည် ဤ ကလူသား ခုနစ်ရက်သားသမီးများ အဓိကပြည့်စုံလိုကြသော လိုအင် များ ဖြစ်ကြပါသည်။ အခြားလိုအင် များ ဖော်ထုတ်ရေးရပါသော် များ င်လှစွာရှိရပါဦးမည်။

ကျွန်ုပ်တို့လူအများပြောလေ့ပြော ကြသည့် 'ကံကောင်းထောက်မလို့' 'ကံမကောင်းအကြောင်းမလှလို့' သည့်စကားများပါ။ အထက်တွင်ဆိုခဲ့ သော လူအပေါင်းတို့ တောင့်တ ဆန္ဒ သမျှတို့ ပြည့်စုံရန်မှာ ကံကောင်း ထောက်မဖို့ လိုပါသည်။ ကံကောင်းမှ ကြောင်းလှပါမည်။ ထို့အပြင် 'ကံမခိုင် တိုင်အိမ်ဆောက်တော့ ကံမှောက် င်ကျိုး' ဟူသောစကားလည်းရှိပေရာ ကံမကောင်းလျှင် သံတိုင်နှင့်အိမ်ဆောက် သည့်တိုင် ကံမကောင်းအကြောင်းမလှ က ထိုသံတိုင်အိမ်လည်းမခံနိုင်၊ ကျိုးပဲ့ ပျက်နိုင်ပါသေးသည်။ ထိုမျှမက 'ကံမရှိ ဉာဏ်ရှိတိုင်းမွဲ' ဟူ၍လည်းဆို ထားပြန်လေရာ ကံမကောင်းသူတစ် ယောက်အဖို့ ဉာဏ်မည်မျှကောင်း ကောင်း၊ မည်မျှကြံစည်ကြံစည် အထ မမြောက် မအောင်မြင်နိုင်ရာ ဟူသော အဓိပ္ပာယ်ပင်။ သို့ဖြစ်ရာ လောကီလူ သားတို့အဖို့ မိမိတို့၏ လိုအင်ဆန္ဒမှန် သမျှ ပြည့်ဝအောင်မြင် ရွှင်လန်းဝမ်း မြောက်နိုင်ရန်၊ ကံကောင်းရန် လိုပေ သည်။

ကံကောင်းရန်လိုသည်ဟုဆိုလျှင် ကံကောင်းရန် မည်သို့လုပ်ကြမည်နည်း။ အချို့က 'စေတနာကောင်းလျှင် ကံ ကောင်းမည်'၊ 'အလုပ်ကောင်းလျှင် ကံ ကောင်းမည်' ဟု ဆိုကြပါသည်။ ကံ သည်အလုပ်၊ အလုပ်သည်ကံ၊ စေတနာ သည်ကံ၊ ကံသည် စေတနာပင်ဖြစ်ရာ ထိုအဆိုများသည် မှန်ကြသည်ချည်းသာ ဖြစ်ပါသည်။ စိတ်စေတနာကောင်းထား ၍လုပ်လျှင် ကောင်းတာဖြစ်မည်။ စိတ် စေတနာမကောင်းလျှင် မကောင်းတာ ဖြစ်မည်။ ဒါက လောကသဘာဝ ဓမ္မ နိယာမ၊ သို့ကြောင့် ကံကောင်းရန် စိတ် စေတနာကောင်းနှင့် ကံကောင်းသည့်





www.burmeseclassic.com

www.burmeseclassic.com

အလုပ်များကို လုပ်ကြရန်လိုပါသည်။ ကျွန်ုပ်သည်လည်း ပုထုဇဉ်လူသားတစ်ဦးပင်ဖြစ်လေရာ ကံကောင်းချင်ပါသည်၊ ကံကောင်းလိုပါသည်။ သို့ဖြစ်၍ ကံကောင်းရာကံကောင်းစေကြောင်း နည်းလမ်းပေါင်းများစွာကို ကြံစည်အားထုတ်ခဲ့ဖူးပါသည်။ အမျိုးမျိုးကြံစည်လုပ်ဆောင်ခဲ့ဖူးပါသည်။

ကျွန်ုပ်သည် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာများကို စူးစမ်းလေ့လာသုတေသနပြုနေသူဖြစ်ရကား ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှိတို့ မဖြစ်မနေသိအပ်သော လက်ရိုး၊ လက်ဆန်းဗေဒင်ပညာတို့ကိုလည်း တစ်ပါတည်းလေ့လာဆည်းပူးနေရပါသည်။ ထိုလေ့လာဆည်းပူးတတ်သိသမျှသော ဗေဒင်ပညာရပ်တို့၏အလိုအရ လူတိုင်းလူတိုင်းတို့သည် ကောင်းသော ကောဇာဂြိုဟ်စီးဂြိုဟ်နင်း ဒသာကောင်းများ၊ ကြွေ့သော်မဂြိုဟ်စားသက်ရောက်များ၌ ကံကောင်းအောင်မြင်တတ်ကြသကဲ့သို့ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ ဒသာညံ့များ၊ အနိဋ္ဌပါပဂြိုဟ်စားသက်ရောက်များ၌ ကံဆိုး၊ ကံညံ့၊ အခိုက်အညံ့များနှင့် ကြုံတွေ့တတ်ကြရကြောင်း သတိပြုသိရှိခဲ့ရပါသည်။ လူအများသည် ဆိုခဲ့ပြီးသည့် မကောင်းသော ကောဇာဂြိုဟ်စီးဂြိုဟ်နင်း၊ ဒသာဆိုးများ၊ အနိဋ္ဌပါပဂြိုဟ်ဆိုးများ၏ဂြိုဟ်စား၊ သက်ရောက်များ၊ ကိန်းအညံ့များကြုံရသောအခါ နားလည်တတ်သိသော ဗေဒကဝိပညာရှိတို့ထံ ချဉ်းကပ်လျက် အဆိုးအညံ့အခိုက်များ၊ ကံဆိုးကံညံ့များမှလွတ်မြောက်ရာလွတ်မြောက်ကြောင်း ကောင်းမြတ်သော ဓာတ်ယတြာအစီအရင်များကို ခံယူကျင့်သုံး လုပ်ဆောင်တတ်ကြလေ့ရှိပါသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်သည်လည်း ကံကောင်းစေကြောင်း နည်းလမ်းကောင်းအမျိုးမျိုးကို ကြံစည်အားထုတ်လုပ်ဆောင်ခဲ့ရာတွင် ကံဆိုးကံညံ့၊ အခိုက်အတိုက်ဆိုးကာလများ၌ပင် ကံကောင်းမှုကို ပေးစွမ်းနိုင်သည်ဟု ယုံကြည်အားထားသောလောက်သော ဓာတ်ရိုက်ဓာတ်ဆင်အစီအရင်တစ်ခုကို တွေ့ရှိခဲ့ရပါသည်။ ကျွန်ုပ်၏ ဓာတ်ရိုက်ဓာတ်ဆင်အစီအရင်ပညာသည် ကိုယ်တွေ့ဖြစ်သကဲ့သို့ နီးစပ်ရာ မကင်းနိုင်သူ မိတ်ရင်းအချို့ကို လုပ်ဆောင်စေခဲ့ရာ၌လည်း ထူးခြားသောအကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရပြန်ပါသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် မိမိအစားကောင်း ရသာထူးလေးများစားရလျှင် မိတ်ဆွေများကို သတိရမျှဝေပေးတတ်သည့် မြန်မာ့သဘာဝ စိတ်ရင်းစေတနာအတိုင်း ကျွန်ုပ်သည်လည်း ဤလွန်စွာကောင်းမြတ်လှ၊ အားထားသင့်လှသော ကျွန်ုပ်၏ ဤဆောင်းပါးခေါင်းစဉ်ပါ 'ဘုန်းကြီးကံကောင်း ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း' ဓာတ်ယတြာအစီအရင်ကို ကျွန်ုပ်၏ စာဖတ်ပရိသတ်များနှင့် ဤမဂ္ဂဇင်းကြီး၏ စာဖတ်သူအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ဖော်ထုတ်တင်ပြလိုက်ရပါသည်။

*'ရေဘောင်ဘင်စီးပါလို့xxxxလေ့ဒေါင်ဒင်တီးပါလို့xxxxမြစ်ကြီးဧရာဝတီxxxကိုယ့်ချစ်သူကိုလည်းxxxပြောလိုက်ပါ့အတည်xxxကျွန်တော့်ချစ်သူကိုလည်းပြောလိုက်ပါ့အတည်xxxxမလွဲသာလို့တစ်ပြည်တစ်ရွာxxxဒီမောင်ထွက်သွားပြီxxx စိမ်းလို့တော့ဖြင့်မဟုတ်ပါသည် xxx ကိုယ့်ချစ်သူကိုxxxကတ္တီပါဖိနပ်စီး xxx ရွှေထီးလေးပဲဆောင်းစေချင်သည် xxx'*

ကွယ်လွန်သူ အဆိုတော် ကိုလွမ်းမိုး သီဆိုခဲ့သော 'ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း' ဟူသော သီချင်းလေးထဲမှ စာသားအချို့ ဖြစ်ပါသည်။ ထိုစာသားပါအရ လူတိုင်းလူတိုင်း မိမိချစ်ခင်နှစ်သက်မြတ်နိုးရသောချစ်သူကို အကောင်းဆုံးဖြစ်စေချင်ကြမိသည်မှာ သဘာဝပါ။ အထက်ပါသီချင်းထဲမှာတော့ ကိုလွမ်းမိုးက ချစ်သူကို ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းသည့် ဘဝအခြေအနေမျိုးမှာ ထားချင်ပါသည်၊ ဖြစ်စေချင်ပါသည်တဲ့။ သို့ဆိုလျှင် ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းနိုင်သည့် ဘဝအခြေအနေမျိုး၊ သာမန်အခြေအနေမျိုးမဟုတ်။ လက်လှမ်းမီသမျှ လေ့လာကြည့်သောအခါ ရှေးမြန်မာဘုရင်များလက်ထက်က ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းခွင့်ရသောသူများမှာ မင်း၊ မိဖုရား၊ မင်းညီမင်းသားများနှင့် မင်း၏အထူးချီးမြှင့်ခြင်းခံရသော မှူးကြီးမတ်ကြီးများသာ ဆောင်ယူခွင့်ရှိကြသည်ဟု ဆိုပါသည်။ သို့ဖြစ်ရာ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခြင်းသည် တော်ဝင်နန်းသုံး အဆောင်အယောင်ဖြစ်ပါသည်။ သာမန်အရပ်သူအရပ်သားများ ဆောင်ယူခွင့်မရှိ။ ဘုန်းကံကြီးများ၊ နန်းတွင်းတော်ဝင်အဆင့် မင်းစိုးရာဇာများသာ ဆောင်ယူခွင့်ရရှိသော အထူးအဆောင်အယောင် ဖြစ်ပါသည်။

သို့အားလျော်စွာ ကျွန်ုပ်သည် လုပ်ငန်းတာဝန်ကြီးများကို ထမ်းဆောင်နေရသူများ၊ အလုပ်အကိုင်အကြံအစည်အဆီအငေါ် မတည့်ဖြစ်နေကြသူများ၊ စီးပွားရေးလုပ်ငန်းကိုင်ငန်း အဆင်မပြေဖြစ်နေကြသူများ၊ ကံဇာတာနိမ့်နေသူများ၊ ကံမလိုက်၍ အကြံအိုက်နေသူများကို ယခုဖော်ပြအံ့သော 'ဘုန်းကြီးကံကောင်း ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း' ဓာတ်ယတြာအစီအရင်ကို ဝေမျှလုပ်ဆောင်စေခဲ့ပါသည်။ ကိုယ်တိုင်လည်း ဤဓာတ်ယတြာအစီအရင်ကို ယနေ့ထိ စီရင်ဆောင်ယူလုပ်ကိုင်ထားရှိပါသည်။

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ကျွန်ုပ်သည် အပြည်ပြည်ဆိုင်ရာ NGO (INGO) အဖွဲ့အစည်းတစ်ခု၌ အတိုင်ပင်ခံအရာရှိအဖြစ် လုပ်ဆောင်ခဲ့ပါသည်။ အကြောင်းအားလျော်စွာ ထို INGO စီမံကိန်းရပ်နားသွားသောအခါ ကျွန်ုပ်သည်လည်း အလုပ်လက်မဲ့ဖြစ်သွားကာ နားနေရပါသည်။ သို့နှင့် အလုပ်အားနေခိုက် မိမိ၏ သမထဝိပဿနာကျင့်စဉ်၊ ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာများ ကျင့်ကြံလေ့လာ ပွားများအားထုတ်နေခဲ့ရာမှ တစ်... တစ်ခုသောအကြောင်းကြောင့် ဤ ယ... ရေးသားတင်ပြမည့် ဓာတ်ယတြာအ... အရင်ကို ရရှိခဲ့ပြီး စနစ်တကျ ဆောင်... စီရင်လုပ်ကိုင်ခဲ့သည်။ ထိုသို့ လုပ်ဆော... ခဲ့ပြီး များမကြာမီကာလမှစ၍ ကျွန်ုပ်... သည် သူရဇ္ဇမဂ္ဂဇင်းကြီးတွင် တိုရတနာ... ဆရာဇေယျာလင်း ဟူသော ... ကလောင်အမည်ဖြင့် ထိုက်သင့်သော... အမည်လေးရလာခဲ့ပါသည်။ ထို့အပြ... ယခင် ကျွန်ုပ်နေထိုင်ခဲ့ရာ ကျောက်ဆည်... မြို့နယ်အတွင်း၌ပင် လုပ်ငန်းတစ်ခု... တာဝန်ခံမန်နေဂျာရာထူးကို ရရှိခဲ့ပြ... သည်။ ထိုလုပ်ငန်း၌လုပ်နေစဉ်ပင် ... ငန်းနှင့်မပတ်သက်ဘဲ ကျွန်ုပ်ဂန္ဓာရီဝိဇ္ဇာ... မယလောကီပညာရပ်အကူအညီများ... တောင်းခံရယူခဲ့သော ပရိသတ်တို့... ဥာဏ်ပညာပူဇော်ခြင်းဖြင့် လာဘ်လာဘ... လည်း ပေါ်များခဲ့ရပြန်ပါသည်။

ပြည်တွင်း၌သာမက ပြည်... စာဖတ်ပရိသတ်များကပါ အား... လေးစားခြင်းခံခဲ့ရပါသည်။ ကျွန်ုပ်... ဓာတ်ယတြာအစီအရင်သည် ထို... လောကီနှင့် မရပ်နားသေးဘဲ ယခု... ကျွန်ုပ်သည် ကျောက်ဆည်မှ ရန်ကုန်... ပြောင်းရွှေ့လာခဲ့ပြီး တစ်လအတွင်း... ကုမ္ပဏီကြီးတစ်ခု၏ အထွေထွေ... ဂျာတစ်ဦးအဖြစ် ကြီးမြင့်သော ... တာဝန်တစ်ခုကို ထပ်မံရရှိခဲ့ပြန်သ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် နီးစပ်သောသူများအားလုံး အသိပါပင်။ ဤသည်တို့ကား ဤဓာတ်ယတြာအစီအရင်နှင့်ပတ်သက်၍ ကျွန်ုပ်၏ ကိုယ်တွေ့ရရှိခဲ့သော အကျိုးကျေးဇူးများကို ပြန်လည် ဖောက်သည်ချ တင်ပြခြင်းပင်။

တစ်ဖန်-

ဦး(×××)သည် တပ်မတော်မှ အငြိမ်းစား ဒု-ဗိုလ်မှူးကြီးတစ်ဦး ဖြစ်ပါသည်။ သူနှင့် ကျွန်ုပ်သည် (×××) ကုမ္ပဏီတစ်ခု၌ လုပ်ဖော်ကိုင်ဖက်များအဖြစ် ဆုံတွေ့ခဲ့၊ ခင်မင်သိကျွမ်းခဲ့ကြပါသည်။ သူသည်လည်း စာပေဝါသနာရှင်တစ်ဦး ဖြစ်သဖြင့် အခြားလုပ်ဖော်ကိုင်ဖက်များထက် ပိုမိုကာ ညီရင်းအစ်ကိုပမာ ခင်မင်ကြပါသည်။ တစ်နေ့သ၌ အလုပ်ရှင် ကုမ္ပဏီပိုင်ရှင်သူဌေးနှင့် သူ အခန့်မသင့်ဖြစ်ကာ အလုပ်မှနုတ်ထွက်သွားပါသည်။ ထိုအခါ ကျွန်ုပ်၏ပညာကို ယုံကြည်အားကိုးသောသူသည် ကျွန်ုပ်၏ပညာအကူအညီကို တောင်းခံခဲ့ပါသည်။ သို့အားလျော်စွာ ကျွန်ုပ်လည်း ဤဓာတ်ယတြာအစီအရင်ကို မျှဝေပေးပြီး စီရင်လုပ်ဆောင်စေခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်ပြီး မကြာမတင်တစ်လကျော်ကျော်ခန့်၌ပင် မန္တလေးမြို့ ကျောက်မျက်ရတနာကုမ္ပဏီကြီးတစ်ခု၌ လစာ (၅) သိန်းနှင့် အထွေထွေမန်နေဂျာရာထူးနှင့်အလုပ်တစ်ခုကို ရရှိခဲ့သည်သာမက လာဘ်လာဘလည်းပေါများခဲ့ပြန်ပါလေသည်။

နောက်တစ်ဦးကား ကျွန်ုပ်၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်ကာ ကျွန်ုပ် ရန်ကုန်ကိုရောက်စက များစွာ အကူအညီပေးခဲ့သူတစ်ဦး ဖြစ်ပါသည်။ သူနှင့် သူ၏မိသားစုအားလုံး ကျွန်ုပ်ကို အထူး ယုံကြည် ကိုးစားကြကုန်၏။ ဘာကိစ္စ ဘဲရှိရှိ ကျွန်ုပ်ထံ တိုင်ပင်၏။ အကြံဉာဏ်ခံယူ၏။ ပြောသည့်အတိုင်းလုပ်၏။ သူ့ကိုလည်း ကျွန်ုပ်က ဤဓာတ်ယတြာအစီအရင် တိုင်ပင်လုပ်ဆောင်စေခဲ့၏။သူလည်း မယုံကြည်နိုင်လောက်စွာ သာမန်တိုက်ခန်းမှ ကွန်ဒိုတိုက်ခန်းတစ်ခန်း၌ ပြောင်းရွှေ့နေထိုင်နိုင်သည် အထိဖြစ်သွားကာ ဂျပန်ရောက်သူ့သား၊ သမီးနှစ်ဦးလုံးလည်း ဂျပန်၌ပင် အလုပ်အကိုင်ကောင်းများကို ရရှိခဲ့ကြလေတော့သည်။ သူကိုယ်တိုင် ပြန်ပြောပြချက်အရ -

"ဆရာရေ ဆရာ့ဓာတ်ယတြာအစီရင်ကတော့ ဆရာခိုင်းတဲ့အတိုင်းလုပ်ပြီး မကြာပါဘူး ဆရာရယ် မမျှော်လင့်ဘဲ ငွေအခက်အခဲရှိတဲ့ကြားက ပေါချောင်းကောင် ကားတစ်စီးရလိုက်တယ် ဆရာရယ်။ ထင်တောင်မထင်ဘူး"

ဟုသတည်း။

ယခု ဖော်ပြခဲ့သည်များကား ကျွန်ုပ်၏ 'ဘုန်းကြီး ကံကောင်း ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း' ဓာတ်ယတြာ အစီအရင်၏ တန်ခိုးထွားသည့် အကျိုးများကို ကျွန်ုပ်ကိုယ်တိုင်နှင့် မိတ်ရင်းဆွေရင်းအချို့တို့၏ လက်တွေ့ရရှိခံစားခဲ့ရပုံများကို ပြန်ပြောပြကြခြင်း ဖြစ်ပါသည်။ အခြားရပ်ဝေး၊ရပ်ခြားနေသူများ၏ အတွေ့အကြုံများလည်းရှိကြပါသေးသည်။ ထူးခြားသည်ကား တနင်္ဂနွေ မရဏဂြိုဟ်သက်ရောက် မီးရှားကိန်း၌ ကျရောက်နေသော ကျွန်ုပ်သည် အထွေထွေမန်နေဂျာရာထူးကို ရရှိခြင်းကား ဓာတ်ယတြာမည်မျှစွမ်းသည်ကို ဖော်ပြနေကြောင်း လက်ဆန်းဗေဒင်ကောင်းကောင်းတတ်သူများခန့်မှန်းနိုင်ပါသည်။

ထို့အတူ ဘုမ္မိဂြိုဟ်နှစ်ထပ်ကိန်း ကျနေသော ကျွန်ုပ်၏ မိတ်ဆွေရင်း အငြိမ်းစား ဒု-ဗိုလ်မှူးကြီးဟောင်း ဦး (×××) သည်လည်း ထိုဘုမ္မိဂြိုဟ်သဘောအရ အလုပ်မှနုတ်ထွက်လိုက်ရပြီး ဓာတ်ယတြာအစီအရင်လုပ်ဆောင်ပြီးနောက် မကြာမတင်ပင် အထွေထွေမန်နေဂျာလုပ်ငန်းရာထူးကို ရရှိခဲ့ပြန်သည်ဖြစ်ရာ ဆောင်ယူသူတို့၏ ကံဆိုး၊ အခိုက်အညံ့များ၌ပင် အကျိုးထူးပေးစွမ်းနိုင်ခဲ့ပါချေသည်။ အညံ့အခိုက်လွတ်သူများအဖို့ ဆိုဖွယ်ရာရှိမည်မဟုတ်ဟု ယုံကြည်ရပါသည်။

ယခု ဖော်ပြထားသောဓာတ်ပုံမှာ ကျွန်ုပ်၏နေအိမ်၌ စီရင်ထားသော 'ဘုန်းကြီးကံကောင်း ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း' ဓာတ်ယတြာအစီအရင် နမူနာပုံစံ ဖြစ်ပါသည်။ ဤဓာတ်ယတြာ၏ အဓိကလုပ်ဆောင်ချက်ကား ပုံတွင်ဖော်ပြထားသည့်အတိုင်း မြတ်စွာဘုရားအား ရည်စူးလျက် ခြေနင်းတော်ကတ္တီပါဖိနပ်တစ်ရန်နှင့် ရွှေထီးတော်မြတ်များ ဆက်ကပ်လှူဒါန်းရခြင်းပင် ဖြစ်ပါသည်။ (ကတ္တီပါဖိနပ်တော်အနီး၌ရှိသော(၁၀၈) ကွက် စက်လက္ခဏာပုံတော်များပါ ပါဒခြေတော်ရာစေတီအစုံမှာ ဤအစီအရင်နှင့် မသက်ဆိုင်ပါ။ ကျွန်ုပ်၏ သီးခြား ဂမ္ဘီရဝိဇ္ဇာမယအစီအရင်တစ်ခုသာ ဖြစ်ပါသည်။)အစီအရင်၏အကျိုးကို အဓိကရရှိစေသောအကြောင်းရင်းကား မြတ်စွာဘုရားရှင်အား ကတ္တီပါဖိနပ်နှင့် ရွှေထီးဆောင်းလှူရခြင်းအကျိုးကြောင့် မိမိသည်လည်း ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းရသည့်ဘဝမျိုးကဲ့သို့ အကျိုးပေးပါစေကြောင်း ဆုတောင်းရယူခြင်းပင် ဖြစ်ပါသည်။

ဓာတ်ယတြာအစီအရင် အသေးစိတ်လုပ်ဆောင်နည်းကိုကား ဤဆောင်းပါး၌ မဖော်ပြလိုသေးပါ။ အကြောင်းသော်ကား ဤဓာတ်ယတြာအစီအရင်သည် အလွန် ထိရောက် ထက်မြက်ပြင်းထန် တန်ခိုးထွား အကျိုးများလှသဖြင့် ကျွန်ုပ်ထံ၌ ဤအစီအရင်ကို ဆောင်ယူခြင်းကြောင့် အကျိုးရှိခဲ့ပါက သာသနာတော်အကျိုး၊ လောကအကျိုး၊ သတ္တဝါတို့အကျိုးအား တတ်စွမ်းသမျှ ဆောင်ရွက်ပါမည်။ ကောင်းမှုကုသိုလ်များပြုရပါမည်။ မကောင်းသော အကုသိုလ်အလုပ်များကို ရှောင်ကြဉ်ပါမည် ဟူသော ကတိသစ္စာမျိုးပြုနိုင်သူများကိုသာ ဤဓာတ်ယတြာအစီအရင် အသေးစိတ်လုပ်ဆောင်ပုံလုပ်ဆောင်နည်း၊ ဆုတောင်းဆုယူပြုနည်းများကို ပေးအပ်ပါမည်။ ကျွန်ုပ်တို့ မဟာဂန္ဓာရီဝိဇ္ဇာမယပညာရှင်များကား သူတော်ကောင်းများကို စောင့်ရှောက်ကူညီရန်သာ ဖြစ်ပါသည်။မသူတော်များကို အားပေးမြှောက်စားလေ့မရှိပါ။ ဤအချက်ကို နားလည်ခွင့်လွှတ်ကြပါစေလိုကြောင်း မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။

ဤဓာတ်ယတြာအစီအရင်စီရင်နည်းအသေးစိတ်ကို ကျွန်ုပ်ထံ လာရောက် ဆောင်ယူလိုသူများအနေနှင့်လည်း ကျွန်ုပ်အား တစ်စုံတစ်ရာ လာဘ်လာဘ တစ်စိုးတစ်စေ့မျှပေးရန်မလိုပါ။ ကျွန်ုပ်လိုချင်သော ကတိသစ္စာစကားကို ပေးရန်သာလိုပါသည်။

ဤဆောင်းပါးဖြင့် ဤဓာတ်ယတြာအစီအရင်ကို စာဖတ်ပရိသတ်ထံ အလွန်တင်ပြချင်သော ကျွန်ုပ်အား ဩရတနာ-ဆရာဇေယျာလင်းဟူသော ကလောင်အမည်ဖြင့် သူရဇ္ဇမဂ္ဂဇင်းကြီး၌ ရပ်တည်ခွင့်ပေးခဲ့၊ နေရာပေးခဲ့သော စာတည်းချုပ်ကြီး ဦးအောင်မြတ်၏ ကျေးဇူးကို တုံ့ပြန်လိုက်ရပါသည်။

*သိသူဖော်စား မသိသူကျော်သွား*
*အနန္တစကြဝဠာ*
*အနန္တသတ္တဝါတို့ချမ်းသာကြပါစေ*

*မေတ္တာများဖြင့်-*
ဩရတနာ-ဆရာဇေယျာလင်း



www.burmeseclassic.com

www.burmeseclassic.com

"xxxxကြွားကြွားဝင့်ဝင့်xxxx တင့်တင့်တယ်တယ် သာနိုင်ပေ့ကွယ် xxx ငွေစန္ဒာရယ်xxx သိဒ္ဓိပေါက်လို့ စိတ်ရှိသလောက်ပျော်နေတာလား xxx တအားမဲ့ရာxxxသနားငဲ့ညှာဖွယ်xxx သောကကင်းဝေးနေနိုင်ရေးကို သိရင်ညွှန်ပါ့ကွယ်xxx။

xxxxအိုစန္ဒာရယ်xxxနေစိမ့်လှပါတယ်xxxဥပေက္ခာပြုထားxxxရှုအားနိုင်ပေ့ကွယ်xxxxစကားအတန်တန်အသနားခံပါ့မယ်xxအရှင့်မျက်မှောက်တော်မှာကွယ်xxxဖော်ကွာဝေးလို့ရယ် xxx"

ချိုသာကြည်မြသော အသံလေးနှင့် လိုက်ဖက်စွာပင် ထက်ကောင်းကင်တွင် လပြည့်ဝန်းကြီးကလည်း ရွှန်းပသာယာနေပေရာ တေးသံရှင် မေထား၏ဘေးနားမှ တစောင်းလေးလဲလျောင်းရင်း လပြည့်ဝန်းကြီးကို ငေးကြည့်နေသူ လင်တော်မောင် တင်ဖေတစ်ယောက် အသက်ရှူရန်ပင်မေ့နေသလို အတွေးကမ္ဘာထဲရောက်နေမိသည်။ တေးသံရှင် မေထားဟုဆိုသဖြင့် ရေဒီယိုတေးသံရှင်လား၊ ကာလပေါ်တူရိယာအဖွဲ့မှ တေးသံရှင်လားဟု မထင်ကြပါနှင့်။ ထိုခေတ် ထိုကာလတွင် တစ်နှစ်မှတစ်ခါ၊ နှစ်ခါသာ ကြားခွင့်ကြုံရတတ်သော အလှူမင်္ဂလာပွဲတို့မှဖွင့်သည့် ဓာတ်ပြားသီချင်းများကို အမြတ်တနိုးနားထောင်၍ အဆိုကျော် မေလှမြိုင်၏ သီချင်းများကိုမှ စွဲလမ်းကာ မေလှမြိုင်၏ လေယူလေသိမ်းအတိုင်း သီဆိုနိုင်သူ မေထား ဖြစ်၏။ ငါးမိုင်ရွာမှ အဆိုတော်မေထားဟု ဆိုလျှင်တော့ မှန်ပါသည်။

ထိုခေတ်က ဓာတ်ပြားအဆိုကျော်များ ရှားပါးလှသည်ဖြစ်ရာ အမျိုးသားအဆိုကျော်များတွင် ကိုမြကြီးသည် မခင်နှင်းဆီသီချင်းများဖြင့် ထင်ရှားသူဖြစ်သလို မိုးသီချင်းဖြင့်လည်း စန္ဒရားဆရာ၏လက်စွမ်းပြတီးကွက်ကို ငါးမိုင်ရွာသားတို့ အလွန်သဘောကျ၏။ မေလှမြိုင်ကလည်း ရွှဲ့လိုက်တာလား စန္ဒာ၊ တိမ်ညိုနဲ့ လချမ်း၊ ဗမာ့ကြွေးကြော်သံ အလေးပြုပါသည်(အာဇာနည်နေ့သီချင်း) စသော တေးများဖြင့် ငါးမိုင်သားတို့ အရှုံးအမူးဖြစ်ကြသလို အဆိုကျော် စိန်စိန်ဟုဆိုလျှင် တောင်တန်းပွဲတော် (တောင်ကြီးဘုရား တပေါင်းပွဲတော်) သီချင်းနှင့်တွဲသိ၏။ ငါးမိုင်ရွာသည် တောရွာကလေးပင် ဖြစ်သော်လည်း သပိတ်ကျင်း - မိုးကုတ်ကားလမ်းမကြီးပေါ်တွင်ရှိသဖြင့် တောစရိုက်သိပ်မရှိလှဘဲ မြို့ဆန်ဆန်ပင် နေထိုင်ကြ၏။ သပိတ်ကျင်းမြို့နှင့်လည်း ငါးမိုင်ပင်ကွာ၏။





www.burmeseclassic.com

www.burmeseclassic.com

သပိတ်ကျင်းမှ ငါးမိုင်အကွာတွင်ရှိသောရွာကို ငါးမိုင်ရွာ၊ လေးမိုင်တွင်ရှိသောရွာကို လေးမိုင်ရွာ၊ ခြောက်မိုင်တွင်ရှိသောရွာကို ခြောက်မိုင်ရွာ၊ ခုနစ်မိုင်ရွာ အသီးသီးခေါ်ကြပြီး ကျန်ရွာများကို ဝါးဖြူတောင်ရွာ၊ မြသန္တာ၊ ပိုးစာရွာ၊ ရွှေညောင်ပင် စသည်တို့ ဖြစ်သွား၏။ သပိတ်ကျင်းမြို့နယ်သည် မိုးကုတ်ရတနာမြေနှင့် တစ်ဆက်တည်းရှိသော်လည်း အဖိုးထိုက်ကျောက်မျက်များဖြစ်သည့် နီလာ၊ ပတ္တမြား စသည့် သယံဇာတများထွက်သည်ဟု မထင်ကြချေ။ မိုးကုတ်တွင်သာထွက်သည်ဟု အများသိကြ၏။ ရွှေသယံဇာတအနည်းအကျဉ်းထွက်သည်ဟုတော့ နားလည်၏။ ထို့ကြောင့် ကျောက်မျက်ရတနာရှာဖွေလိုလျှင် မိုးကုတ်သို့သာတက်ကြရ၏။ အရင်းအနှီးစိုက်ထုတ်နိုင်လျှင် ကိုယ်ပိုင်ကျောက်တွင်းလုပ်၏။ အရင်းအနှီးမရှိသူအများစုက ကျင်းပိုင်များထံ အစားကျင်းသားအဖြစ် သူတို့ကျွေးသောထမင်းစား၍ ကျောက်အောင်လျှင် သတ်မှတ်ထားသော ဝေစုရ၏။

ငါးမိုင်ရွာမှ တင်သောင်းဆိုလျှင် အမိမရှိ အဖမရှိ တစ်ကောင်ကြွက်ဘဝဖြင့် ဦးလေးဝမ်းကွဲတော်စပ်သူ ကိုထွန်းကြည်၏အိမ်၌ကပ်နေရရင်း သေလျှင်မြေကြီး၊ ရှင်လျှင် ကားစီး ဆိုသော ခေတ်သစ်စကားပုံကိုတီထွင်၍ ပတ္တမြားမြေသို့ ထွက်ခွာသွား၏။ တင်သောင်းထွက်သွားစဉ်က ဘယ်အရပ်ဘယ်ဒေသသို့သွားသည်ဟု အတိအကျ မည်သူမျှ မသိကြချေ။ ဦးလေးတော်စပ်သူကလည်း တင်သောင်း ထွက်ခွာသွားသည်ကို အိမ်က ကြွက်တစ်ကောင်ပျောက်သွားသလောက်ပင် အရေးမထားချေ။ အချို့က အောက်ပြည်အောက်ရွာသို့ စွန့်စွန့်စားစားသွားသည်ဟု ထင်၏။

သုံးနှစ်ခန့်ကြာသောအခါ ငါးမိုင်ရွာ ကိုထွန်းကြည်အိမ်ရှေ့သို့ ဒတ်ဆန်းပစ်ကပ်အဖြူရောင်ကားကလေးတစ်စီး ထိုးဆိုက်လာ၏။ မိုးကုတ်မှ မန္တလေးသို့ ဆင်းလျှင် သပိတ်ကျင်းမှ သဘော်ဖြင့်သာ ဆင်းလေ့ရှိသောခေတ်က ဖြစ်၏။ ဝါးဖြူတောင်၊ ဖော့တော၊ ကျောက်ဖျာ၊

# သပိတ်ကျင်း-ကျောက်ကျောက်ထွန်း

ဧပြာလိုက်ပါ ဝန္နာရယ်



www.burmeseclassic.com

ဇရပ်တွင်း၊ ချောင်းကြီး၊ ချောင်းတာရှည်၊ နွယ်ရုံ၊ လက်ပံလှကားလမ်းသည် သစ်ထုတ်ရေးကားလမ်းအဆင့်သာ ရှိသေးသဖြင့် ခရီးသည်တင်ကားများ၊ ကိုယ်ပိုင်ကားများ မသွားနိုင်သေး။ ဒုတိယကမ္ဘာစစ်မတိုင်မီက ကားလမ်းရှိခဲ့သော်လည်း ပြုပြင်ထိန်းသိမ်းနိုင်မှုမရှိ၍ ပျက်စီးခဲ့ပြီဖြစ်၏။ မိုးကုတ် - ကျောက်မဲလမ်းကလည်း ခရီးဖင့်သလို ခားပြလည်းရှိသောကြောင့် သပိတ်ကျင်းဆင်းပြီး သဘော်နှင့်ပင် သွားကြ၏။

ယခုလည်း ကိုထွန်းကြည်အိမ်ရှေ့ ထိုးဆိုက်လာသော ဒတ်ဆန်းပစ်ကပ်အဖြူရောင်လေးကို မိုးကုတ်မှ သူဌေးတစ်ဦး သပိတ်ကျင်းအဆင်းတွင် ခေတ္တရပ်နားသည်ဟုသာထင်ကြ၏။ကားပေါ်မှဆင်းလာသော လူရွယ်၏ဘေးတွင် မိန်းမချောလေးတစ်ဦးကလည်း ပါလာ၏။ ကိုထွန်းကြည်တို့လင်မယားလည်း လှမ်းကြည့်နေကြ၏။

"ဦးလေး ထွန်းကြည်နဲ့ ဒေါ်လေးမြတို့နေကောင်းလား"

ဆိုသော နှုတ်ဆက်သံကြားမှ တင်သောင်းမှန်း သိကြ၏။ အိမ်နီးချင်းတို့လည်း -

"ဟယ်-တင်သောင်းတစ်ယောက် ကားနဲ့မယားနဲ့ဖြစ်နေပြီတော့"

ဟု ဆိုကာ အဆင့်ဆင့်သတင်းဖြန့်ရင်းရောက်လာကြ၏။ သူငယ်ချင်းအပေါင်းအသင်းတို့ကလည်း ဝမ်းပန်းတသာ နှုတ်ဆက်စကားဆိုရင်း ချီးကျူးကြ၏။ ထိုညက ခြောက်မိုင်ရွာ အပ်ချောင် စားသောက်ဆိုင်၌ သူငယ်ချင်းများကို တရုတ်ဖြစ် ဗော်ဒ်ကာ (Vodka) ဖြင့် တစ်ဝိုင်းပြုစု၏။

◆

တင်သောင်းတို့ဇနီးမောင်နှံ မိုးကုတ်သို့ ပြန်သွားပြီး (၆) လခန့်အကြာတွင် ငါးမိုင်ရွာသား တင်ဖေနှင့် ဘစိန်တို့နှစ်ယောက်လည်း အပ်ချောင်၏စားသောက်ဆိုင်၌ လီရှောသောက်ရင်း တိုင်ပင်ကြ၏။

"ဘစိန်ရေ၊ တို့ ငါးမိုင်ရွာမှာ ဒီလိုပဲ မီးသွေးဖုတ်လိုက်၊ ဝါးလေးခုတ်လိုက်နဲ့။ ထမင်းစားရရုံကလွဲလို့ ကြီးပွားတိုးတက်ဖို့ မမြင်ဘူးကွ။ တင်သောင်းဆိုရင် တို့လို အိမ်ပိုင်ယာပိုင်မရှိ ကလေကချေ ဘဝကတောင်မှ စွန့်စားတော့ သူဌေးလေးဖြစ်၊ ကားနဲ့၊ မယားချောလေးနဲ့"

ဟု တင်ဖေက ဆိုရာ -

"ဘာလဲ၊ မင်းက တင်သောင်းမယားချောလေးကို အားကျလို့လား"

"ဟာ - ဒီကောင်ဘစိန်ကလည်း ဒုံးဝေးလိုက်တာ။ မင်းရောငါပါ တို့ငါးမိုင်သူ ဇနီးချောလေးတွေရထားပြီပဲ။ ငါပြောတာက စီးပွားရေးအခြေအနေကောင်းဖို့ကွ"

ဟု တင်ဖေကရှင်းပြလေမှ ဘစိန်လည်း သဘောပေါက်ကာ မိုးကုတ်သို့တက်ကြရန် သဘောတူကြ၏။ ထိုကိစ္စအား တင်ဖေဇနီး မေထားက သဘောတူသော်လည်း ဘစိန်မိန်းမ ခင်လှက မသွားစေချင်ပေ။ ဘစိန်က နားပူနားဆာလုပ်လွန်း၍သာ ခွင့်ပြုလိုက်ရ၏။

တင်ဖေနှင့် ဘစိန်တို့ သူငယ်ချင်းနှစ်ယောက် မိုးကုတ်ရတနာမြေသို့တက်သွားပြီး တစ်နှစ်ကျော်ကျော်ခန့်အကြာတွင် တင်ဖေတစ်ယောက်တည်း ငါးမိုင်ရွာသို့ ပြန်ရောက်လာ၏။

တင်ဖေနှင့်အတူပါလာသည်က ဘစိန်တစ်ယောက် လူးကျင်းပြို၍ အလောင်းပင်ဖော်မရဆိုသော သတင်းဆိုးကြီး ဖြစ်၏။

ဘစိန်၏ဇနီး ခင်လှဆ[illegible]

"အမယ်လေး ကိုဘစိန်ရဲ့၊ မသွားပါနဲ့လို့ အတန်တန်တားနေတဲ့ကြားက ခင်လှစကားနားမထောင်လို့ ခုတော့ ကိုယ်ကျိုးနည်းပါပေ့ါလား"

ဟု အော်ဟစ် ငိုယိုကာ သတိမေ့သွားသဖြင့် လူတွေဝိုင်း၍ အတော်ပင် သတိပြန်ရအောင်လုပ်ရ၏။ လူးကျင်းဆိုသည်မှာ ထုံးကျောက်တောင်များ၏ အောက်တွင် ရေတိုက်စား၍သော်လည်းကောင်း၊ သဘာဝဖိအားကြောင့် ကျောက်လွှာတျိုးပြတ်၍ နိမ့်ကျသွားသော (Fault)များကြောင့်လည်းကောင်း ဖြစ်ပေါ်လာသော လိုဏ်ဂူဥမင်များ အခြေသို့ စုဝေးရောက်ရှိလာကြသော အနည်ထိုင်ပစ္စည်းများ (Matter That Settles at The botton of a Liquid) နှင့် အတူပါလာသော ကျောက်မျက်ရတနာတို့ကို မြေအောက်မှာပင် တူးဖော်ကျင်ယူ ဆေးယူရသော ကျောက်တွင်းမျိုးကို ခေါ်သည်။ (ကျွန်တော်၏ ရေးသားမှု ကွဲလွဲချက်ရှိပါက ခွင့်လွှတ်ပါရန်။)

ဘစိန်နှင့် တင်ဖေမှာ ညီအစ်ကိုအရင်းပမာနေကြသူများဖြစ်သောကြောင့် မည်သို့မျှ သံသယမဝင်ကြပါ။ နောက်ပိုင်းတွင် တင်ဖေနှင့် မေထားတို့ ဇနီးမောင်နှံမှာ ငါးမိုင်ရွာ ပိုတဲကုန်းနှင့်ကပ်လျက်တွင် အုတ်ညှပ်တစ်ထပ်တိုက်ကလေးဆောက်နိုင်သည်အထိ စီးပွားရေးကောင်းလာ၏။ မေထားကလည်း စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသော စကားနှင့်အညီ သူတို့တစ်ထပ်တိုက်ပုလေး၌ စတိုးဆိုင်ကလေးပါ ဖွင့်ထား၏။ ဤလိုတောရွာကလေးတွင် စတိုးဆိုင်ဟူသည် ရှားရှားပါးပါးဖြစ်၍ မိန်းကလေးသုံးအလှကုန်ဖန်စီပစ္စည်းများစုံအောင်တင်ထားသဖြင့် ပတ်ဝန်းကျင်ရွာများဖြစ်သော လေးမိုင်ရွာ၊ခြောက်မိုင်ရွာသာမက အုန်းတဘူး၊ ကျောက်ကြီးရွာများရှိ မိန်းကလေးတို့ပင် လာရောက်ဝယ်ယူအားပေးကြ၏။

ခြောက်မိုင်ရွာတွင် ကိုတင်မောင်၏ကုန်စုံဆိုင်ရှိသော်လည်း ဖန်စီပစ္စည်းများ မရောင်းချေ။

မေထားတို့ခြံထောင့်ရှိ အင်ကြင်းရွှေဝါပင်ကြီးကလည်း လတပေါင်း၏ဂုဏ်သတင်းကို အားဖြည့်ဘိသို့ ရွှေဝါရောင်အင်ကြင်းပန်းတို့ဖြင့် အလှဆင်နေရုံမက သင်းပျံ့သည့်ရနံ့ကိုပါ ဖြန့်ဝေလျက်ရှိရာ လေယူရာ မွှေးကြိုင်နေပါသည်။ ည (၉) နာရီကျော်ပြီမို့ စတိုးဆိုင်လေးပိတ်ကာ [illegible]ရှေ့ရှိကွပ်ပျစ်ပေါ်တွင် လှဲလျော[illegible]ပြည့်ဝန်းကြီးကိုကြည့်ကာ သီချင်းညည်းနေသူ မေထား။ အသံကောင်းသလို လေသံကအသက်ဝင်လှပေရာ ဘေးနားမှ ခင်ပွန်းသည် တင်ဖေတစ်ယောက် စန္ဒာသီချင်းသံနောက် မျောပါသွားကာ အတိတ်၏အရိပ်တို့ သက်ဝင်လှုပ်ရှားလာပြီး အပါးတွင် ဇနီးသည်မေထားရှိနေသည်ကိုပင် အမှတ်မရတော့ဘဲ -

"အလကား ဂမ္ဘီရအရှုး"

ဟု အသံထွက်သွား၏။

တင်ဖေ့အသံကြောင့် မေထားလည်း သီချင်းဆိုရပ်လိုက်ပြီး ဒေါသသံဖြင့် -

"ကိုတင်ဖေ၊ ရှင်က ကျွန်မတို့ဂမ္ဘီရအရူးလို့ ပြောတာပေ့ါလေ"

ဟု ဆိုရာ တင်ဖေလည်း အတွေးသံသရာမှ လန့်နိုးသွားသလို -

"မ. . . မဟုတ်ရပါဘူး မေထားရယ်"

ဟု အထစ်ထစ်အငေါ့ငေါ့ဆိုပါသော်လည်း မေထားက ဒေါသမပြေနိုင်ဘဲ -

"ဘာမဟုတ်ရမှာလဲ၊ ဒီနေရာမှာ ရှင်ကလွဲရင်ကျွန်မပဲရှိတာ၊ ကျွန်မမပြောလို့ ဘယ်သူသွားပြောရမှာလဲ"

ဟု ဆို၏။

တင်ဖေကလည်း မဟုတ်ရပါကြောင်း အတန်တန်ရှင်းပြပါသော်လည်း ပြဿနာမပြေလည်ဘဲ ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

ထက်ကြီးလာ၏။ နောက်ဆုံး ပြဿနာ၏ အရင်းအမြစ်ကိုဖွင့်မပြလျှင်မရတော့ပြီ -

တင်ဖေနှင့် ဘစိန်တို့နှစ်ယောက် ငါးမိုင်ရွာမှ ထွက်ခွာလာခဲ့ကြပြီး မိုးကုတ် ရတနာမြေ ဘော်ဗဒန်းရွာမှ ပေါလံတစ်စီးထဲတွင် ထမင်းစားတွင်းသားဝင်လုပ်ကြ၏။ တင်ဖေနှင့် ဘစိန်တို့ဝင်ရောက်လုပ်ကိုင်ကြသော လူးကျင်းအခြေအနေကောင်းသည့်အတွက် တစ်နှစ်ကျော်ကျော်ကြာသောအခါ သူတို့အတွက်ဝေပုံကျအစု ထိုက်ထိုက်တန်တန်လေးရရှိကြပြီဖြစ်၍ ငါးမိုင်သို့တစ်ခေါက်ပြန်ပြီးမည်ဆိုကာ ပေါလံထံခွင့်ပန်၍ ဘော်ဗဒန်းမှ ထွက်ခဲ့ကြ၏။ ထိုစဉ်က မိုးကုတ်နှင့် သပိတ်ကျင်းလမ်းတွင် ပုံမှန်ပြေးဆွဲသောကားလည်း မရှိသေးချိန်ဖြစ်၍ ကားတွေ့လျှင်လည်းစီးမည်။ မတွေ့လည်း ခြေကျင်ပေါ့ဆိုကာ လျှောက်ခဲ့ကြရာ တစ်နေကုန်သည့်တိုင် ကားတစ်စင်းမျှမလာချေ။ လမ်းတွင် မိမိတို့လို ခြေကျင်သွားသူတွေလည်းရှိ၍ စိုးရိမ်ပူပန်ရန် မလိုပေ။

ရွာတွေ့လျှင် ဝင်အိပ်မည်ဆိုကာ သရောင်ဖြင့် လျှောက်ခဲ့ကြ၏။ ည (၈) နာရီခန့်တိုင် ရွာမတွေ့သဖြင့် လမ်းဘေး တောတွင်း လုံခြုံသောနေရာရှာကာ ဝင်အိပ်ကြ၏။ ဘစိန်က ထုံးစံအတိုင်း အိပ်ခါနီးမီ ဘုရားရှိခိုးခြင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့အား မေတ္တာပို့ အမျှဝေခြင်း၊ မိမိတို့အား စောင့်ရှောက်ပါရန် တိုင်တည်ခြင်းပြု၏။ ဘစိန်သည် ယခုညမှမဟုတ်ချေ။ ကျင်းသားဘဝနှင့် နေ့စဉ်ကလည်း ကျင်းမဆင်းမီ ရတနာမြေ၏အရှင်သခင်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်များအား အမြဲပင် မေတ္တာပို့၊ အမျှဝေတိုင်တည်ပြီးမှ ကျင်းဆင်းလေ့ရှိသူ ဖြစ်၏။ ဤသည်ကို အယုံအကြည်မရှိသောတင်ဖေက ဖွင့်ဟမပြောသော်လည်း ယုတ္တိယုတ္တာမရှိသော အတွေးအခေါ် ဂမ္ဘီရရှူးဟု စိတ်ထဲမှ အမြဲပြော၏။

မြေကြီးပေါ်တွင် ဖြစ်သလိုအိပ်ကြရခြင်းဖြစ်၍ တော်ရုံနှင့် အိပ်မပျော်နိုင်ကြပေ။ ခပ်ဝေးဝေးဆီမှ ချေဟောက်သံ၊ ညဉ့်ငှက်ကလေးများ၏ အော်မြည်သံကို နားထောင်ရင်း ထက်ကောင်းကင်တွင် ထိန်ထိန်သာနေသော လမင်းကြီးကို ငေးကြည့်နေမိကြ၏။ ဘုရားရှိခိုးပြီး မေတ္တာပို့၊ အမျှဝေသော ဘစိန်က ဟောက်သံပေးရင်း အရင်အိပ်ပျော်သွားသည့်တိုင် တင်ဖေတစ်ယောက် ဟိုတွေးဒီတွေးဖြင့် အိပ်မပျော်နိုင်သေး။

အိပ်ပျော်နေသော ဘစိန်ကိုကြည့်ရင်း စိတ်ရိုင်းတို့ဝင်လာ၏။

"ငါ ဒီကောင့်ကိုသတ်ပြီး ပစ္စည်းတွေယူရင် ဘယ်သူမှမသိနိုင်ဘူး။ ဒီတောထဲမှာ တို့နှစ်ယောက်တည်းရှိတာ"

"ဟာ-မဟုတ်သေးပါဘူး။ ဒါငယ်သူငယ်ချင်းတွေပဲ"

ဆိုသော စိတ်တို့ လွန်ဆွဲသလိုဖြစ်နေရာမှ -

"မထူးပါဘူးကွာ၊ ဘယ်သူမှမသိနိုင်တဲ့ကိစ္စပဲ"

ဆိုကာ ဓားမြှောင်ဆွဲထုတ်၍ ဘစိန်ကို သတ်မည်အလုပ် ဘစိန်နိုးလာပြီး ရုန်းရင်းဆန်ခတ်ဖြစ်ရာ တင်ဖေက အပေါ်စီးရသွား၍ သတ်မည်အပြု -

"တင်ဖေ၊ ငါ့ပစ္စည်းတွေ အကုန်ယူပါ။ မသတ်ပါနဲ့"

ဟု ဘစိန်က တောင်းပန်ရာ -

"ဘစိန် မင်းပေးတာ သဒ္ဓါလို့မဟုတ်ဘူး၊ ဘယာကြောင့်ပေးတာ။ အေးသွားရင် ငါ့ကို ဒုက္ခပြန်ပေးမယ်။ မသတ်လို့မရဘူး"

ဟု ဆိုသဖြင့် ဘစိန်လည်းနောက်ဆုံးအခွင့်အရေးအဖြစ် လမင်းကြီးကို မှာချင်လို့ ခဏလေးတော့ ခွင့်ပေးဖို့ တောင်းဆိုသဖြင့် တင်ဖေက ခွင့်ပြုလိုက်၏။

ဘစိန်လည်း လဝန်းကြီးအား မော့ကြည့်ရင်း-

"ကျွန်တော့်ဖြစ်အင်ကို မြင်တဲ့အတိုင်း ငါးမိုင်ရွာက ကျွန်တော့်မိန်းမ ခင်လှကို ပြောလိုက်ပါ စန္ဒာရယ်"

ဟု တိုင်တည်ရင်း တင်ဖေ၏ ယုတ်မာရက်စက်စွာ သတ်ဖြတ်ခြင်းကို ခံလိုက်ရပါသည်။

တင်ဖေ၏စိတ်၌မူ မဖြစ်နိုင်တဲ့ကိစ္စတွေကို ယုံကြည်နေတဲ့ အလကားဂမ္ဘီရအရူးဟူ၍။

"အဲဒါပါပဲ မေထားရယ်၊ မင်းကို ပြောတာမဟုတ်ရပါဘူး"

ဟု ရှင်းပြရင်း -

"ခု ငါ့အသက် မေထားလက်ထဲမှာရှိတယ်။ မေထားသစ္စာဖောက်ရင် ငါကြိုးစင်တက်ဖို့ပဲ ရှိတော့တယ်"

"အို-မဟုတ်တာ ကိုတင်ဖေရယ်၊ မေထားတို့အတွက်ဖြစ်ရတဲ့ကိစ္စပဲ။ စိတ်ချပါ"

ဟု နှစ်သိမ့်ရင်း နှစ်ဦးသား ထက်ကောင်းကင်မှ စန္ဒာလမင်းကြီးကို ပြိုင်တူကြည့်လိုက်မိကြ၏။

## လမင်းစန္ဒာက ပြန်ပြောပြီ

ပုထုဇဉ်လူသားဟူသည် ကိလေသာထူပြောသူ၊ အပြောင်းအလဲမြန်တတ်သူ၊ ပြောခဲ့သောစကား၊ ပေးခဲ့သော ကတိကတည်သူရှား၏။ ဤသည်မှာ လူသားတို့ဖြစ်လေ့ဖြစ်ထရှိသော အရာပင်ဖြစ်၏။ တင်ဖေနှင့် မေထားတို့ဇနီးမောင်နှံသည် သားသမီးမထွန်းကားသေးသည့်အလျောက် စတိုးဆိုင်လေးရောင်းရင်း ၆ အေးအေးလူလူ ချက်ပြုတ်စားသောက်ရုံမှလွဲ၍ အထူးအထွေလုပ်စရာမရှိပေ။ သို့အတွက် မေထားသည် အိမ်တွင်နေသော်လည်း ကြော့နေအောင် ဝတ်စားပြင်ဆင်၏။ အခြားရွာက လူပျိုလူရွယ်ကာလသားများဆိုလျှင် မေထားကို အပျိုထင်၍ ရည်းစားစာပေးသူပင်ရှိ၏။

တစ်နေ့တွင် စပယ်နဂို (ယခင်က စမ္ပနဂို) ရွာမှ ကာလသားတစ်ယောက်က မေထားအား ရည်းစားစာပေးမှုနှင့် ပတ်သက်၍ လင်ဖြစ်သူ တင်ဖေက တည်တည်တံ့တံ့နေရန်ဆုံးမစကားပြောရာမှအစမပြေမလည်ဖြစ်ကြ၏။ မေထားကလည်း သူ့ကို ဤသို့ပြောရမည်လားဟု ကက်ကက်လန်ရန်တွေ့၏။ မထင်မှတ်ဘဲနှင့် ပြဿနာကကြီးထွားလာရာမှ တင်ဖေကလည်း ယောကျ်ားသားပီပီ ပါးစပ်သာမကဘဲ လက်လွန်ခြေလွန်ရိုက်မိသည်အထိဖြစ်သွားရာ မိမိအသားကို အဖေ၊ အမေတို့ပင် အရိုက်မခံခဲ့ရဘူးသော မေထား ဒေါသအိုးပေါက်ကွဲသွား၏။

ဒေါသစိတ်ကြောင့် ရှေ့ရေးနောက်ရေး၊ အမှား၊ အမှန်ကို ဝေဖန်ဆန်းစစ်နိုင်ခြင်းမရှိတော့သလို ချစ်လှပါသည်။ ကြင်နာလှပါသည်ဆိုသော နှောင်ဖွဲ့မေတ္တာတွေလည်း လေဆောင်တိမ်သားပမာ လွင့်ပျောက်သွားခဲ့ပြီ ဖြစ်၏။ ထို့ကြောင့် 'သိကြသေးတာပေါ့ တင်ဖေရယ်'ဟု စိတ်ထဲမှ ကြုံးဝါးရင်း မုဆိုးမလေး ခင်လှအိမ်သို့ ထွက်ခဲ့၏ ခင်လှနှင့်တွေ့သောအခါ ဘစိန်အပေါ် တင်ဖေ၏ သစ္စာမဲ့မှု၊ ရက်စက်ယုတ်မာမှုများကို ဖြစ်ကြောင်းကုန်စင် နုတ်သံမနှောဘဲ 'ပြောပြလိုက်ပါ စန္ဒာရယ်'ဆိုသည်အထိ ဇာတ်ကြောင်းပြန်လေသောအခါ -

ပစ္စည်းယူ၊ လူသတ်မှု၊ အလောင်းဖျောက်ဖျက်မှုတို့ဖြင့် တရားရုံးတော်မှ စီရင်ချက်ချလေသောအခါ တင်ဖေတစ်ယောက် ကြိုးမိန့်မှတစ်ပါးအခြားမရှိလေတော့ပြီ။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ပျောက်ဝိဇ္ဇာ

## ကိုတိုး(ရန်ကင်း)



◆ *မြန်မာ့ရုပ်ရှင်ရာပြည့်အကြို* ◆


စာရေးသူသည် ကွယ်လွန်သူ မိတ်ဆွေ ရုပ်ရှင်ပညာသည်တစ်ဦးထံမှ ခေတ်ဟောင်းရုပ်ရှင်စာအုပ်များ၊ အသံတိတ်၊ အသံထွက်ရုပ်ရှင်ကြော်ငြာများကို ကံအားလျော်စွာ ရရှိခဲ့၏။ မြန်မာရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်မှ စတင်ပေါ်ထွက်လာခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် စိန်ရတု မြန်မာ့ရုပ်ရှင်တိုင်ခဲ့ကာ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့်မြောက်မည် ဖြစ်လေသည်။

စာရေးသူ ရရှိခဲ့သော ရုပ်ရှင်စာစောင်ကြော်ငြာများထဲမှ လွန်ခဲ့သော နှစ်ပေါင်း (၆၀) နီးပါးခန့်က ရုပ်ရှင်ဇာတ်ကားကြော်ငြာစာစောင်တစ်ခုကို စိတ်ဝင်တစားဖြစ်မိသည်။ ထိုရုပ်စုံစာစောင်မှာ အောင်မင်္ဂလာရုပ်ရှင်မှ ဒါရိုက်တာ တက္ကသိုလ်ဝင်းဖေ ရိုက်ကူးသည့် ကိုယ်ပျောက်ဝိဇ္ဇာ (အသံထွက်) ရုပ်ရှင်ဇာတ်ကားကြော်ငြာစာစောင် ဖြစ်သည်။ စာရေးသူသည် နဂိုကပင် ဝိညာဉ်ဇာတ်ကို စိတ်ဝင်စားသူတစ်ဦးဖြစ်ရာ ထိုရုပ်စုံစာစောင်၏ မျက်နှာဖုံးကပင် စာရေးသူအား တစ်ခါတည်း ဆွဲခေါ်သွားလေတော့သည်။


ကိုယ်ပျောက်ဝိဇ္ဇာ ဇာတ်ကား၏ အဓိကသရုပ်ဆောင် ဖိုးပါကြီး၏ ထိတ်လန့်အံ့ဖွယ်မျက်နှာ၊ သရုပ်ဆောင် မင်းသမီးချော ကြည်ကြည်ငွေးနှင့် မင်းသား သစ်တင်ထွန်းတို့၏ မျက်နှာဖုံးက ထိုရုပ်ရှင်ဇာတ်ကားကိုကြည့်ရန် ပရိသတ်အား ဖိတ်ခေါ်လျက်ရှိသည်။ လောကဓာတ်ပညာရပ်ဖြင့် ဂြိုဟ်တုလွှတ်နိုင်နေသော ခေတ်တွင် ကိုယ်ပျောက်သော ပညာတစ်ရပ် စမ်းသပ်အောင်မြင်ပြန်လေပြီ။

လောကဓာတ်ပညာရပ်များ တစ်နေ့တခြား ထွန်းကားဆဲ၊ ထွန်းကားလတ္တံ့ဖြစ်နေသော ယနေ့ခေတ်တွင် ပြောလို့မယုံ၊ အံ့မကုန်နိုင်ရာသည့် ထူးထွေတည့်အံ့ရာသော် လောကဓာတ်ခေတ်ကြီးအောက်ဝယ် လူပြည်မှ လူဗိမာန်ပေါက်အရောက် သူ့ထက်ငါ အရင်ဦးအောင် သွားလာနိုင်ရေးအတွက် ကမ္ဘာ့သိပ္ပံပညာရှင်များက လောကဓာတ်ပညာချင်း အားစမ်းလျက်ရှိနေကြ၏။ အမျိုးမျိုးအစွမ်းပြပြီး အာဝလူဘွဲ့ထူးကို အသီးသီးဆွတ်ခူးနေဆဲပင် ဖြစ်ပေသည်။

'ဂြိုဟ်တုလွှတ်တာလောက်တော့ သူလည်းလွှတ်၊ ကိုယ်လည်းလွှတ်မို့



လောကဓာတ်ပညာတန်ခိုးနဲ့ ပြေလျှို့လျှို့ မိုးပျံ့ပျံ့ လူတစ်ကိုယ်လုံးပျောက်သွားစေနိုင်သည့် ကိုယ်ပျောက်ပညာရပ်ကို စမ်းသပ်နေသော ဒေါက်တာကလေး ကိုတင်ထွန်း၊



"လူသေတောင် ရှင်အောင်လုပ်နိုင်ရင် ကိုယ်လည်းပျောက်နိုင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြည်နဲ့တင်ထွန်းတို့ကလည်း ရှုံ့မဲ့တီတလိုင်လိုင်နဲ့ ကိုယ်ပျောက်ဝိဇ္ဇာမှာ ပြိုင်နေကြတင်ပါရဲ့.



"အမယ်လေး- ကြောက်တယ် ဒေါက်တာ၊ ဟိုမှာ ကိုယ်ပျောက်နေတဲ့ပုံကြီး"



တရေးမလေးအား သူဌေးက ဂေါ်နည်းတဲ့ထား





"ဟောဒီလိုထက်ကလေးကိုင်၊ အပြုံးကလေးနဲ့ယှိုင်လာတဲ့ ရွှေကြည်ကလေးကို ဖိုးပါကြီးက. . ."

ာယ်ပြီးအံ့ဩစရာမဟုတ်တော့ဘူးလေ၊ နေသွားပြီ။ ရှိန်းဆာယာ ပိုမောက်လို့ ကိုယ်ပျောက်တဲ့အတတ်ကမှ တကယ် အံ့ဖို့ကောင်းတာ။ ဂြိုဟ်တုကိုတောင် ထွတ်နိုင်သေးတာ။ ဒီကိုယ်ပျောက် အတတ်ကော လောကဓာတ်နည်းနဲ့ စီမံရင်ခံနိုင်မှာတဲ့လား။ ကိုယ်ပျောက်စေ ရမယ်၊ ကိုယ်ပျောက်တဲ့နည်း ရှိကိုရှိရ မယ်'

## ကိုယ်ပျောက်ဝိဇ္ဇာ

လောကဓာတ်ပညာလိုက်စားနေ သူ ဒေါက်တာလူငယ်တစ်ဦးသည် စိတ် ဘူးပေါက်လာသည့်အလျောက် မနေ နေား လေ့လာ စမ်းသပ်ချက်များအရ အောင်မြင်၍ ကိုယ်ပျောက်ဝိဇ္ဇာဖြစ်သွား ပုံကို သရုပ်ဖော်ထားသော ဇာတ်ဆန်း ဖြစ်၏။

အောင်မင်္ဂလာရုပ်ရှင် ကိုခင်မောင် ညွှန့်က အနာဂတ်ဆန်းသစ်လာဦးမည့် လောကဓာတ်ခေတ်ကြီးကို ခရီးဦးကြိုပြု သည့်အနေဖြင့် လောကဓာတ်နည်းဖြင့် ကိုယ်ပျောက်သော ပညာတစ်ရပ်ကို အတ်ကွက်ထွင်၍စီစဉ်ခြင်း ဖြစ်သည်။

ဒေါက်တာလုပ်သူမှာ ခေတ်လူ ငယ်မင်းသားချောတင်ထွန်း။ ဦးနှောက် ကို များများကြီးအသုံးချနေသော ဒေါက်တာတစ်ဦး၏ဖြစ်အင်နှင့် မင်းသား တင်ထွန်း၏ ပင်ကိုအသွင် မှင်သေ၍ တည်တံ့ရင့်ကျက်လှသော သူ၏ ဥပဓိ ရုပ်လွှာများသည် (ကိုယ်ပျောက်ဝိဇ္ဇာ) ဇာတ်ကားအတွက် ထက်မြက်သော အားတစ်အားဟူ၍ပင်ဆိုထိုက်လှသည်။

'ဟော - အောင်ပြီ၊ တကယ့်ကိုပဲ မျက်စိအောက်မှာ ကိုယ်ပျောက်သွားပြီ' တဲ့။

ကိုယ်ပျောက်ဝိဇ္ဇာ. ရုပ်ရှင်ဇာတ် ကားကြီးကို အောင်မင်္ဂလာရုပ်ရှင်၊ ဒါရိုက် တာ တက္ကသိုလ်ဝင်းဖေ၏ လက်စွမ်းပြ ဇာတ်ဆန်းကြီးဟု အမည်ပေး ကင်ပွန်း တပ်ထားလေသည်။

## ဒေါက်တာတင်ထွန်းက ကိုယ်ပျောက် ဝိဇ္ဇာ

ကြည်ကြည်ဌေးက ဝိဇ္ဇာကိုယ် ပျောက် ဖူးရွှေစာဆုံကြရာဝယ်။

ဖြစ်ပုံငယ်ဆန်းလှတဲ့ အခြေခံ ဇာတ်လမ်းကလေးက ကြည်ကြည်နှင့် ရီရီ သို့မဟုတ် နှင်းဆီနဲ့ စံပယ်လို့ တင် စားရမည့် သူတို့အမွှာညီအစ်မ။ အစ်မ ဖြစ်သူက ကြည်ကြည်၊ ညီမလေးက ရီရီ လို့ ခေါ်ပါသတဲ့။

သူတို့ရဲ့ မွေးမာတာကတော့ ဒေါ်မြလေး။ ပထွေးဖြစ်သူ ဆိုတာက မှော်ဝိဇ္ဇာဆရာကြီး ဦးညွန့်မောင်။ (သရုပ်ဆောင် ညွန့်မောင်ကြီး)

သူတို့မိသားတစ်စုနဲ့ ဒီအိမ်ထောင် တစ်ခုလုံးရဲ့ ဆိုးမှု၊ ကောင်းမှု လူ့လောက တာဝန်အားလုံးကို သိမ်းကျုံးပြီး ဦးညွန့် မောင်ကပင်ဒိုင်ခံကာ မှော်ပညာအတတ် ဖြင့် ပြုစုစောင့်ရှောက်နေရသည့်အတိုင်း အကြည်တို့၊ အရီတို့ညီအစ်မနှစ်ယောက် တို့မှာ ပထွေးဖြစ်သူ ဦးညွန့်မောင်၏ အရိပ်အောက်က မျှစ်စို့ပေါက်ကလေး တွေပဲ ဆိုပါတော့။

ပထွေးပင်ဖြစ်လင့်ကစား အဖ အရာကိုဆက်ခံပြီး အကြည်တို့ညီအစ်မ အပေါ်၌ သမီးရင်းလေးများနှင့်မခြား ပိုက်ထွေးယုယပြုစုလာခဲ့ပြီး သမီးငယ် ရီရီအား မှော်ပညာအတတ်က တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com

ကမ်းခပ်သင်ကြားပေးခဲ့ရာမှအစ ရိရိမှာ ပညာပါရမီထူးချွန်လေသည့်အလျောက် လောကီပညာရပ်ဖြင့် ရှိန်းဆာယာပို မောက်လို့ ကိုယ်ပျောက်သည်အထိ တတ်မြောက်သွားလေတော့သည်။

**ဒေါက်တာတင်ထွန်း**

သူကတော့ ဒေါ်ဂျွန်းစိန်၏တစ်ဦးတည်းသောရင်သွေးဖြစ်ပြီး လောကဓာတ်ပညာကို အထူးစိတ်ဝင်စားနေသူကလေးပါ။

ဒါကြောင့်လည်း သူကြိုးစားမှုများအရ ဒေါက်တာဘွဲ့ရသည်အထိ ထူးချွန်လာချိန်တွင် ဒေါက်တာတင်ထွန်းသည် လောကဓာတ်ပညာဘက်တွင် တစ်ဆင့်တက်၍ ရင့်ကျက်သောစိတ်ကူးဉာဏ်ကို တီထွင်ခဲ့ရာ လောကဓာတ်နည်းဖြင့် ကိုယ်ပျောက်ပညာတစ်ရပ်ကို အပတ်တကုတ် အားထုတ်ခဲ့သည်။ လူကြုံလျှင် ခံနိုင်ရိုးလား။ သေသောသူကို


"တူတူရေ ဝါး- ကိုချစ်မောင်ခမျာ သနားစရာ။ ရွှေကြည်က ခြောက်ပေမယ့် ကြောက်ပုံတော့ဖြင့်မပေါက်ပါဘူး"


အလို-မြတ်စွာဘုရား- ဟူသောသော ဟူသောသော. . . သူမွေးတဲ့သရဲက သူ့ကိုပြန်ခြွဲမှာမို့လေလား။ ကြယ်နီတို့ဖြစ်ချက် မသက်သာလိုက်ပုံများ


"ဟာ- မစိန်ခင်ကို သရဲများဝင်ပူးသလား။ မသိဘူး"


ကိုယ်ပျောက်ဝိဇ္ဇာနှစ်ဦး ကြည့်ပုံဖြင့် ထူးပါပေ့


ဖိုးပါကြီးက ဒီတစ်ချီတော့ တကယ်ချလိုက်ပြီ


သူတို့နှစ်ယောက်စလုံးများ ကိုယ်ပျောက်သွားမှာလားလို့ တွေးစရာဖြစ်ပေမယ့် ဒီလိုကြည်ကြည်လင်လင်နဲ့ ချစ်ခွန်းသီနေတော့လည်း. . .



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်မောင်ကြီးက ခပ်မာမာ



ပထွေးမိုက်ရဲ့စက်ရိပ်အောက်မှာ
ရွှေကြည်လေးဖြင့် အတော်ကြောက်နေပုံပါပဲ



"အလို-မြတ်စွာဘုရား၊ ညည်းဘာများဖြစ်လာပါလိမ့်" လို့ ဒေါ်မြလေးက ပြောတော့သလိုလိုမို့
ကိုယ်ပျောက်ဝိဇ္ဇာအသွင်ကဖြင့် ဘဝင်ချိုရမှာလား၊ မရွှင်မိုရမှာလား



သူကလေးကိုများ ကိုယ်ပျောက်မယ်တဲ့



"ငါတားတိုးမွေးထားတဲ့သမီး ညည်းဝင်မရှုပ်နဲ့"

ပင် ပြန်၍ရှင်လာအောင် ဝိဉာဉ်သစ်သွင်းပေးနိုင်လျှင် ကိုယ်ပျောက်စေသောပညာတစ်ရပ်လည်း မဖြစ်နိုင်စရာအကြောင်းမရှိ။ ဇကန်ဒိဋ္ဌ အောင်မြင်ရမည်။ နောက်ပိုင်းကဏ္ဍတွင် ဒေါက်တာတင်ထွန်းကား သူ၏ရည်မှန်းချက်ပန်းတိုင်အရောက် ကိုယ်ပျောက်အတတ်ကိုစမ်းသပ် အောင်မြင်သွားကာ သူကိုယ်တိုင် ကိုယ်ပျောက်ဝိဇ္ဇာဖြစ်သွားလေတော့သည်။

## ကိုယ်ပျောက်နှစ်ဦးတို့၏ ထူးခြားသောရေစက်

မှော်ဆရာကြီး ဦးညွှန့်မောင်သည် ရာဂမှောင်ဝယ် စွယ်ရောင်တပြုပြုနှင့် သွားရည်များကျစပြုလာ၏။ ဖခင်ရင်းချာမဟုတ်သောပထွေးသည် အဆီအသွေးဝင်းဝင်းစက်စက်တစ်တစ်ရစ်ရစ်နှင့် ချစ်စရာကောင်းလှသော ပျိုယမင်းညီအစ်မ ကြည်ကြည်နှင့် ရီရီတို့အား အဆီကိုစား၍ အသားကိုမျိုရန် ယုတ်မာသောအကြံကို ကြံစည်လာလေတော့သည်။

တစ်နေ့သ၌ ညီမငယ်ဖြစ်သူ ကိုယ်ပျောက်မယ် ရီရီမှာ ပထွေးမှော်ဆရာ၏အရိပ်ဆာယာ တကျာပိုက်ကွန်အတွင်းမှ ရုန်းကန်ထွက်ပြေးလေသောအခါ ကံအားလျော်စွာပင် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com

တင်ထွန်းနှင့်သွား၍တွေ့ရာကအစ သူတို့၏ဘဝဖူးစာပန်းကား လန်းလန်းတင့်တင့် အစွမ်းကုန်ပွင့်လေတော့၏။

သို့သော် ရီရီကလည်း သူကိုယ်ပျောက်ကြောင်းကို ချစ်သူသက်မွန်ကိုတင်ထွန်းအား ဖွင့်မပြောဘဲ ကိုတင်ထွန်းကလည်း သူ၏ကိုယ်ပျောက်ပညာစွမ်းကို တစ်ခွန်းတစ်ပါးမှ ဖွင့်စပြောဆိုမပြုလေဘဲ ကိုယ့်အစွမ်းနှင့်ကိုယ် သိုသိုသိပ်သိပ်နှင့်နေကြစဉ်အတွင်း ပထွေးဖြစ်သူ မော်ဆရာကြီး၏နောက်ရန်ကလည်း မအေးသေး။ ဒီကြားထဲတွင် အစ်မဖြစ်သူ ကြည်ကြည်နှင့် ဖိုးပါကြီးတို့၏ ချစ်ရေးကြိုက်ရေးကတစ်သွယ်၊ ကိုကြယ်နီနှင့် ထိပ်ပြောင် ဖိုးချစ်မောင်တို့က အပျိုကြီးမစိန်ခင်အား ဖက်စပ်ရှယ်ယာဂေါ်ပြဿနာရပ်များက အလိုအလျောက် ပေါ်ပေါက်လာပြန်လေတော့ အခြေအနေမှာ ပိုမို ခက်ထန် ရှုပ်ထွေးလာလေတော့သည်။

ဤတွင် ကိုယ်ပျောက်ဝိဇ္ဇာမောင်မယ် (ဒေါက်တာတင်ထွန်းနှင့်ရီရီ) တို့မှာ တစ်ဦးကိုတစ်ဦး သိမှာလည်းစိုးသည်။ ကိုယ်ပျောက်အတတ်ကိုလည်း မသုံး၍မဖြစ်အောင် အခြေအနေက ဖန်တီးနေသည့်နောက်ပိုင်းတွင် ဒေါက်တာတင်ထွန်းက ငါ့လိုစွမ်းသောကိုယ်ပျောက်သူကား မည်သူနည်းဟု လျှို့ဝှက်စွာ စုံစမ်းနေသည်နှင့်အမျှ ရီရီကလည်း ကိုယ်ပျောက်မောင်ဆိုသူကို မိအောင်ဖမ်းပါမည်တဲ့။

ကိုယ်ပျောက်ဝိဇ္ဇာနိဂုံးတွင်မူ မည်သို့ဇာကန် အဆုံးသတ်တွေ့ရမည်မသိ။ အောင်မင်္ဂလာ ပိတ်ကားပြင်ပေါ်တွင် ဒါရိုက်တာတက္ကသိုလ်ဝင်းဖေ၏ လက်စွမ်းပြ တလွင်လွင်လှုပ်ရှားလာမည့် အရုပ်ကားများကိုရှုကြပါစို့ဟု အမြည်းပေးထားလေသည်။

## ကိုကြယ်နီကြီး သရဲမွေးသတဲ့

တစ်ဖန် ထိုစာစောင်ထဲတွင် ကာလောင်ရှင် တောက မိရွှေတုတ်ကလည်း သူမတွေ့ကြုံခဲ့ရသည့် ကိုယ်ပျောက်ဝိဇ္ဇာရုပ်ရှင်ရှုကွင်းကို 'ကိုကြယ်နီကြီး သရဲမွေးသတဲ့တော်ရေ ကြက်သီးထလိုက်တာ' ဆိုတဲ့ ခေါင်းစဉ်ဖြင့် ဖောက်သည်သတင်း ရေးထားတာကလည်း စိတ်ဝင်စားစရာပါပဲ ခင်ဗျ။ သူမ၏ ရေးသားချက်မှာ ဈာန်ဝင်လှ၍ သူမရေးသားချက်ကို အရင်းအတိုင်း ဖောက်သည်ချလိုက်ရပါသည်။

◆ ခုတစ်လော ရွှေတုတ်ရဲ့အဖြစ်ကတော့ စိတ်ညစ်ရမယ့်အဖြစ်ဆိုးနဲ့ ချည်း တိုးတိုးနေပါသတော်။ ပြောပဲ မပြောချင်ပါဘူး။

နုတင်အုပ်စု၊ ဆွေငြိမ်းအုပ်စု အုတ်ရှစ်သီချင်းထုတဲ့ကွဲရှသံတွေကို နားမခံသာတာနဲ့ တောကိုပြန်ပြေးတော့လည်း လားလားတော် တောနယ်တစ်လျှောက်မှာလည်း အုတ်ရှစ်သီချင်းပေါက်နေလိုက်ကြတာ ဖျောက်တိုနဲ့ချောက်သူကချောက်။ ဖျောက်ရှည်ဆိုလား၊ လိုင်ဖိုဆိုလား အဲဒါကြီးနဲ့ ဖြုတ်သူကဖြုတ်၊ အုပ်စုအစွမ်းပြိုင် အနိုင်လုတဲ့ပွဲနဲ့တိုးလို့ ဘကြီးဖြိုးတို့အိမ်တောင်ဝင်ပြီး နှုတ်မဆက်အားဘဲ ဒရောငသောပါးနဲ့ တောကတစ်ဖန် ရန်ကုန်ကိုပြန်ပြီး ပြေးလာခဲ့ရတာပါတော်။

ဒီကြားထဲ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးလို့ ညာသံပေးသူက ပေးနေတုန်းနောက်ဖေးကဝင်ပြီး ပြန်ပေးဆွဲတာကဆွဲ။ အမယ်လေး ဘုရား၊ ဘုရား မိရွှေတုတ်သွားလေရာ ကပ်မိုးကြီးလိုက်လို့ ရွာသလားတောင် အောက်မေ့မိတယ်။

'ဟင်-မိရွှေတုတ်၊ သုတ်သီးသုတ်ပျာနဲ့ ညည်းပြန်လာတာ မြန်လှချည့်လား' တဲ့။

မမမေက လှေကားအဆင်းတွင် ဆီးမေးခြင်းခံလိုက်ရလို့ ဖြစ်ကြောင်းရယ်မှ ကုန်စင်လေ' လို့ နိဒါန်းချီပြီး တောရဲ့ သဘာဝရှုကွက်အနက်ဘာသာပြန်ပြလိုက်တဲ့အခါမှာ မမမေက ရွှေတုတ်ကို သနားသွားဟန်တူပါရဲ့။

'တဲ့-မိရွှေတုတ်၊ ညည်းဒါလောက် စိတ်ရှုပ်ဒုက္ခရောက်လာရင် ဦးနှောက်ရှင်းသွားအောင် ရုပ်ရှင်ခြံကိုလိုက်ခဲ့။ တို့ ကိုယ်ပျောက်ရိုက်တာကို သွားကြည့်ကြမလို့'

'ကိုယ်ပျောက်ဆိုတာ ဘာလဲ မမ' ရွှေတုတ်က ပါးစပ်ပေါက်အငြိမ်မနေဘဲ မေးလိုက်မိသပေါ့တော်။

'လျှာရှည်ရန်ကောအေ၊ လိုက်မှာသာလိုက်ခဲ့၊ တို့ရော မာလာအေးတို့ပါ တပျော်တပါးကြီးသွားမလို့။ ကိုခင်မောင်ညွန့်က ဖိတ်ထားတယ်။ ဟိုကျ ဖိုးပါကြီးမြင်တာနဲ့ ညည်းဦးနှောက်တွေရှင်းသွားမှာပါအေ' တဲ့။

ရွှေတုတ်တစ်ယောက်တော့ ခရီးရောက်မဆိုက် အဖော်ကောင်းလို့ ကျောက်ပန်းတောင်းပါ (အဲ-ဟုတ်ပေါင်) ရှစ်မိုင်ဆိုလား။ အဲဒီက မောင်မောင်စိုး ရုပ်ရှင်ခြံကြီးထဲကို စုလေးတို့နဲ့တွဲပြီး ပါသွားတာပေါ့တော်။

မိုးကလည်း မရွာချင်ရွာချင် တစ်ချက်တစ်ချက်တော့လည်း ဆီးအောင့်သလိုပဲ ဖြုန်းခနဲ သွန်ချလိုက်တာပဲ။ ကိုခင်မောင်ညွန့် ဆိုတာ တွေ့ပါရဲ့၊ ဗိုလ်ကေဆံရှည်ရှည်နဲ့ ကျုပ်တို့ရွာက ကြက်ဖကြီးမွေးစောင်းထသလိုပဲတော်၊

ဟော - ရွှေတုတ်တို့တောက နွားတင်းကုပ်မျိုးလို တောင်ပူစာလေးပေါ် မှာဆောက်ထားတဲ့ တဲကုပ်ကုပ်ကလေး ထဲမှာပေါ့။ ဇာတ်ကားမရိုက်သေးခင် အားလပ်ချိန်လေးမှာ (မန်းစက်တော်) ဇာတ်ညွှန်းဆိုလားတော့။ အဲဒါကို ဒဂုန် ဦးစန်းရွှေ ဆိုလား၊ ဦးစန်းငွေ ဆိုလား (ဒဂုန်ဦးစန်းငွေဖြစ်ပါသည်။) အဲ အဲ - သူက ကိုခင်မောင်ညွန့်ကို အသေးစိတ် ဖတ်ရင်း ရှင်းပြနေတာ တွေ့ရတယ်၊

ဘာရယ်တော့ပြောတတ်ပါဘူး တော်။ ကြားရတာကတော့ မြန်မြန်လုပ် ပါ၊ ရှေ့လထဲပွဲပေးမယ်လို့ ကိုခင်မောင် ညွှန့်က ပြောနေသံကြားရတာပဲ။

ခဏကြာတော့ ဘွားခနဲ ဗိုက်ရွှဲ လူကြီးတစ်ယောက် ပေါက်လာပါရော တော်။ ကျုပ်ဖြင့် သူ့ပုံကြီးကြည့်ပြီး ရယ် ချင်လိုက်တာ ပါးစပ်ကိုမနည်းပိတ်ထား ရတယ်။ ဒါတောင် အဟိလို့ ခွီခနဲအသံ ထွက်သွားလို့ အဲဒီလူကြီးက မျက်မှောင် ကြားက စောင်းကြည့်တော့ သာပြီးရယ် ချင်တာပေါ့တော့။

ကျုပ်က သူ့ကို ကောင်းကောင်း ကျက်မိနေတာပေါ့တော်။ ဖိုးပါကြီးလေ ဖိုးပါကြီး။ အဲ - ဖိုးပါကြီးမြင်လို့ အ[illegible] လို့မှမပြီးသေးဘူး။ လားလားတော် ဇီးကွက်တို့အဘိုး ကိုရွှေကြယ်နီကြီး ပေါက်လာပြန်ပါလေရော။ အဲ-ခင်[illegible] ဦးတို့၊ မာလာအေးတို့ ရယ်ချက်[illegible] သေးများထွက်သလားတောင်မသိ[illegible] မျက်နှာကို ပဝါနဲ့ပိတ်ပြီးကျိတ်ရယ်နေ[illegible] တယ်။ မမမေကတော့ ဒီလူကြီးတွေ[illegible] တွေ့မြင်နေကျမို့ထင်ရဲ့ ကျွန်ရွှေရရှ[illegible]

တော်တော်ကြာတော့ စုရုံး[illegible] ထသွားကြပြီးတဲ့နောက် တအော[illegible] လောက်ကြာတော့ ကျုပ်တို့ရွာတင်[illegible] က သံချောင်းမွှေနည်းမျိုးပေါ့[illegible] တစ်ဒေါင်ဒေါင်နဲ့ သံချောင်းခေါ[illegible] လေရော့တော်။

ရွှေတုတ်က တောတုန်း[illegible] သူပုန်တွေဝင်လာတယ်ထင်ပြီးကြော[illegible] တာပေါ့တော်။ ဖင်တကြွကြွနဲ့ ထ[illegible] မယ်လုပ်နေလို့ မာလာအေးက ဆွဲ[illegible] ရင်း -







www.burmeseclassic.com

www.burmeseclassic.com

'ဟောဒီမိရွှေတုတ်နဲ့တော့ ခက်ပါ တယ်။ သူခေါ်လာမိတာ အရှက်ကွဲ တော့မှာပဲ။ ငြိမ်ငြိမ်နေပါ၊ ဒါရုပ်ရှင်ရိုက် နေတာသိလား'

လို့ ပြောပြောဆွဲဆွဲ ပေါင်တွင်း ကြောကို လှမ်းဆွဲပြီးလိမ်တဲ့ဒဏ်ကမခံ နိုင်နေတဲ့အထဲ ရွှေတုတ်ကလိုက်ပုံက အဲဒါကိုသတိမထားနိုင်ဘဲ ဇာတ်ကား ရိုက်တာသွားကြည့်ချင်နေတာကိုးတော့။

မဏ္ဍပ်ကြီးထဲရောက်တော့ ကား ရိုက်တာ မတွေ့ချေဘူးတော်ရေ။ အဲ - ဆိုင်းကြီးတစ်ယောက်တည်းထိုင်စတိုင်နဲ့ ချုပ်လေးတွေကိုင်နေတာတွေ့ရတယ်။ အမ - ဘကြီးသားက တော်တော်ကြွား တဲ့လူပဲ၊ နေ့ခင်းကြောင်တောင် မာတ်မီး ချောင်တွေထွန်းထားလိုက်တာ တစ်ခန်း လုံးထိန်နေတာပဲ။

'ဟော့ - အပါကြီး၊ အပါကြီး'

လို့ အပြင်က ခေါ်ရင်းနဲ့ အတွင်း ခန်းထဲကို ကိုကြွယ်နီကြီး သုတ်သီးသုတ် ပြာနဲ့ ဝင်လာတော့ ရွှေတုတ်မှာ ရယ် ချင်လိုက်တာတော်။ ပါးစပ်မနည်း ပိတ် ထားရတယ်။

'ဟာ - ဦး ထိုင် ထိုင်၊ ကျွန်တော် ခိမ်းခိုင်းထားတာ ခင်ဗျားသရဲက ဘာ ပြောသလဲ' တဲ့။

ဖိုးပါကြီးက ဆီးမေးလိုက်တော့ ရွှေတုတ်တို့ ကျောချမ်းသွားတာပေါ့ တော်။

ကိုကြွယ်နီမှာ သရဲများမေ့ထား လေသလားလို့ တွေးနေတုန်းရှိသေး။ ကိုကြွယ်နီပေးနေတဲ့အဖြေကိုလည်း နား ထောင်ကြည့်စမ်းပါဦး။

'ငါ့သရဲက ပြောလိုက်တာတွေ စုံ လို့ပါပဲကွာလို့ပြောရင်းမှ ဒေါပွလာပြီး ဟတီးဟီးနဲ့ပေါ့။ စိန်ခင်ပစ္စည်းတွေလုပ် မလားဆိုပြီး ငါကိုယ်တိုင်ရင်ဆိုင်လိုက် ချင်တယ် အပါရဲ့'

'ဦးလေး လုပ်စရာမလိုပါဘူး၊ ကျွန်တော်တစ်ယောက်လုံးရှိပါတယ်။ ကဲ - သရဲက ဘာပြောတယ်ဆိုတာသာ ကျွန်တော့်ကို ပြောစမ်း'

လို့ ဖိုးပါကြီးကသရဲပြောတဲ့စကား ကို မရမကမေးနေလေ ရွှေတုတ်ရော၊ အေးရော၊ မိခင်ဦးပါ အားလုံးမျက်လုံး ပြူးလေလေပေါ့။

'ငါ့အကောင်ကြီးက ဒီပစ္စည်းတွေ ကို သူကိုယ်တိုင်ယူပေးရတယ်လို့အစစ်ခံ တယ်ကွ။ ပြီးတော့ မနက်ဖြန် ဒီပစ္စည်း တွေကို ထုခွဲကြလိမ့်မယ်တဲ့'

'ဟင် - ဟုတ်လား၊ ဘယ်မှာထုခွဲ မယ်ဆိုတာ သေသေချာချာမေးမထား လိုက်ဘူးလား'

'မေးပြီလားကွာ၊ မနက်ဖြန် (၁၀) နာရီမှာ ရှစ်မိုင် မရမ်းကုန်းက ဘားဆို လားဘာဆိုလား အဲဒီမှာ ဝယ်မယ့်သူ တွေနဲ့ ချိန်းထားတယ်လို့ ပြောတယ်။ ပုလိပ်ကို တိုင်ရ မကောင်းဘူးလားကွာ ဟင်'

'မတိုင်နဲ့ဦး၊ ဒီကိစ္စအသာချ။ ကဲ- ခင်ဗျားပြန်ပေတော့။ ကျွန်တော်ကြည့် ပြီး စီမံမယ်'

လည်းဆိုရော ကိုကြွယ်နီအခန်း ထဲက ပြန်ထွက်သွားတော့တာပါပဲ။

ရွှေတုတ်တို့ တွေ့လိုက်ပြီဆိုမှဖြင့် တစ်စက်ကလေးမှ သက်သာစရာရယ် လို့ မတွေ့ဘူး။ ခုကြည့်စမ်းပါဦးတော်၊ စိတ်ရှင်အောင်ဆိုပြီး ရုပ်ရှင်ရိုက်တာ ကို ကြည့်မလို့လာခဲ့ပါတယ်။ ကျောချမ်း စရာ မဆီမဆိုင် ကိုကြွယ်နီကြီး သရဲမွေး ခန်းနဲ့လာပြီး ဆုံစည်းနေပကောတော်။ ဒါကြောင့် စိတ်ပေါက်ပေါက်နဲ့၊ ကျွန်မ ရွှေတုတ် စိတ်ပေါက်ပေါက်နဲ့ -

'ဟော့ - မိရွှေ၊ လာပြန်ကြမယ်။ ဘယ်မှာလဲ ရုပ်ရှင်ရိုက်တာပြမယ်ဆိုပြီး ညည်းတို့ ငါ့ကိုသက်သက်ညာခေါ်တာ'

ရွှေတုတ်က ဒီလိုရန်တွေ့လေ မာလာအေးနဲ့ မရွှေက ပါးခွက်ကလေး များထွက်၊ မျက်ရည်ကျအောင်ရယ်လေ ကြာတော့ အဲဒီလူတွေက၊ ကိုခင်မောင် ညွန့်ဆိုတဲ့ ရွှေမင်းသားကအစ ကျုပ်ကို ကြည့်ပြီး ပြုံးစိစိလုပ်ကြတော့ ငါ့ကို ကွမ်းတောင်ကိုင်မို့ ဝိုင်းပြီးပြတီတီလုပ် ကြတာပဲဆိုပြီး ဦးလေးကြီး ဇာတ်ကား ထဲက မင်းသမီး ကြည်ကြည်ဌေးလို (ရင် သားကလေးကြွကြွ၊ တင်သားကလေး လှလှ) နဲ့ လှုပ်လှုပ်ရွရွလုပ်ပြချင်လိုက် တာ။ မလုပ်ရဲလို့သာပေါ့တော်။ နို့မို့ရင် လား ဟင်း. . .။

'ကဲ - မိရွှေတုတ်၊ ရုပ်ရှင်ရိုက်တာ လည်းကြည့်ပြီးပြီ၊ လာ-ပြန်ကြရအောင်'

မာလာအေးက ဆွဲခေါ်တော့ ရွှေ တုတ်က မျက်လုံးပြူးသွားတာပေါ့။

'ဘယ်မလဲ ရုပ်ရှင်ရိုက်ပြီးသေး တာ။ ဟိုမျက်လုံးပြူးကြီးနဲ့ ဗိုက်ရွဲကြီးနဲ့ သရဲစကားပြောနေတာနဲ့ပြီးတာပဲ။ ဘယ် မှာရုပ်ရှင်ရိုက်ရသေးလို့လဲ'

ရွှေတုတ်ရဲ့စကားကို သူတို့က ဝါး ခနဲ ဟားလိုက်ကြပြီး-

'အဲဒါ ရုပ်ရှင်ရိုက်နေတာ မိရွှေ တုတ်ရဲ့'

'အလိုတော် - ဘယ်ကလာပြီး ဟုတ်ရမှာလဲ။ မျက်ပြူ ကိုကြွယ်နီက သရဲ အကြောင်းပြောနေတာမကြားဘူးလား'

'အဟိ - လာပါ ရွှေတုတ်ရယ်၊ လူကြားရင် ရှက်စရာကြီး'

လို့ ရွှေတုတ် လက်ဆွဲပြီး ခြံထဲက ထွက်လို့ လမ်းရောက်တော့မှ မရွှေအေး ကတော် လူတတ်ကြီးလုပ်ပြီး -

'မှတ်ထား၊ အဲဒါကိုခင်မောင်ညွန့် ရဲ့ အောင်မင်္ဂလာရုပ်ရှင်က ကိုယ်ပျောက် ဝိဇ္ဇာရိုက်နေတာတဲ့'

ဟိတ်ဟိ - ကျုပ်ဖြင့်ပြောပဲပြောချင် ပါဘူးတော်၊ ကျုပ်က ကိုကြွယ်နီကြီး တကယ်များ သရဲမွေးထားသလားလို့။ ရှက်လိုက်တာတော်။ ဆက်တောင်မရေး ချင်တော့ဘူး။ ကြုံကြိုးစည်ရာတော် ရုပ် ရှင်ကလည်း သရဲမွေးရတယ်လို့ အဟိ။

တောက မိရွှေတုတ် ဆောင်းပါး အဆုံးမှာတော့ ကဗျာစာဆိုရှင် မောင်လျှင်နွယ်၏ ကဗျာအညွှန်းလေး ကလည်း ကိုယ်ပျောက်ဝိဇ္ဇာရုပ်ရှင်ဇာတ် ကားကို မြှင့်တင်ထားပါသဖြင့် ယခု သူရဇ္ဇပရိသတ်အတွက် ထိုကဗျာလေး ကို ဖော်ပြရင်း အမှတ်တရ ကိုယ်ပျောက် ဝိဇ္ဇာကို နိဂုံးချုပ်လိုက်ရပေသည်။

**အောင်မင်္ဂလာဆင်ကာညွှန်း**

- အောင်မင်္ဂလာဆင်ကာသိုင်းလို့ မည်လှိုင်ပျံ့ကျော်လာ၊ တိုင်းခွင်၌ သာ။ ။
  ကိုယ်ပျောက်ဝိဇ္ဇာ၊ မည်လွှာဖြင့် တင်ခဲ့။ ။
  ကွန့်ထားပုံအစုံစုံက၊ စွန့်စားပုံအဖုံ ဖုံနှင့်ရှုံသွင်းပြီကွယ့်။ ။
  တင်ထွန်းဆို မင်းသားလေးနှင့် ကြည်ကြည်ဌေး ပွဲထုတ်ပါ၊ လွမ်းရ မည်သာ။ ။
  ရယ်ဖို့ဆိုတာ ဖိုးပါက လိုမ့်ဆွဲ။ ။
  သူပိုင်မှာ ခင်မောင်ညွန့်က ကွန့်ထား ပုံကဲ။ ။
  အမွှမ်းတင် သရုပ်ပြ၊ အဟုတ်ပ ကျော်တာ ဝင်းဖေတဲ့ပျာ။ ။
  စုံထောက်ကားမှာ၊ သူသာလျှင် နိုင်နင်း။ ။
  သူလက်ရာ အစွမ်းမြှောက်ပုံက၊ ကိုယ်ပျောက်ကယ် ဝိဇ္ဇာကားမှာ ကြည့်သွားနိုင်ခြင်း။ ။

ကိုတိုး(ရန်ကင်း)

**အညွှန်း**-

ကိုယ်ပျောက်ဝိဇ္ဇာရုပ်စုံ

၁၉၅၈ ခုနှစ်၊ ဩဂုတ်လထုတ်




www.burmeseclassic.com

www.burmeseclassic.com

ရွှေနဝင်း(ပုသိမ်)

# အီဘိုလာဗိုင်းရပ်(စ်) ဘယ်လိုကာကွယ်ကြမလဲ




၁၉၆၇ ခုနှစ်လောက်မှစပြီး ကမ္ဘာပေါ်မှာ အီဘိုလာဗိုင်းရပ်(စ်)ပိုး(Ebola Virus) ရယ်လို့ အမည်ပေးကင်ပွန်းတပ်ခဲ့ရသည်။ကူးစက်မြန်ရောဂါသည် ထိုစဉ်အချိန်များက ၎င်း (Ebola Virus) ပိုးစတင်ရာ အာဖရိကဒေသတစ်ဝိုက်မှာပင် ဒုက္ခပေးခဲ့ပြီ။ ထိုဗိုင်းရပ်(စ်)ပိုးကိုလည်း ပြန့်ပွားမှုနည်းပါးအောင်ထိန်းချုပ်နိုင်ခဲ့ကြပါသော်လည်း -

ယနေ့ ကမ္ဘာအရပ်ရပ်တွင် ပြောင်းလဲဖောက်ပြန်နေကြကုန်သော ရေ၊ မြေ၊ လေ၊ ရာသီဥတုဂေဟစနစ်များ ပျက်စီးပွားများလာခြင်းကြောင့် အမျိုးမျိုးသော ဗိုင်းရပ်(စ်)ပိုးတို့မှာလည်း ဆတက်ထမ်းပိုးတိုးလို့ ခံနိုင်ရည်ခုခံအားများမြင့်တက်လာပြီး ဗီဇများပြောင်းလဲ၍ ပိုမိုဆိုးရွားစေသော ရောဂါလက္ခဏာများနှင့် လူသားများကို ဒုက္ခပေးလာကြလေပြီ။

တစ်ဖန် ကမ္ဘာနိုင်ငံအသီးသီးမှ နေ၍ မည်သည့်နိုင်ငံမဆို အလွယ်တကူ ကူးလူးသွားလာနိုင်သည့် ခေတ်မီနည်းစနစ်များကြောင့် တောသားမြို့ရောက်၊ မြို့သား တောဝင် ဆိုသကဲ့သို့ ဖြစ်နေသည့် အခြေအနေများကြောင့် ယခုလိုဗိုင်းရပ်(စ်)ပိုးများ ပျံ့နှံ့မှုကျယ်ပြန့်မြန်ဆန်လာခြင်း ဖြစ်ပေသည်။ အီဘိုလာဗိုင်းရပ်(စ်)ရောဂါသည် ကမ္ဘာ့ကပ်ရောဂါအသွင်ဆောင်လာပြီး ရောဂါဖြစ်ပွားသူများ၏(၉၀)ရာခိုင်နှုန်းခန့် သေဆုံးမှု မြင့်တက်လာခြင်းကြောင့် ရောဂါဆိုးကြီး စာရင်းဝင်အဖြစ် သတ်မှတ်ရမည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့လေပြီ။

ယခုအခါ အာဖရိကနောက်ပိုင်းလေးနိုင်ငံဖြစ်သော ဂီနီနိုင်ငံ (Guinea)၊ လိုက်ဘေးရီးယား (Liberia)၊ နိုင်ဂျီးရီးယား (Nigeria) နှင့် ဆီရာလီယွန် (Sierraleone) တို့တွင် ကူးစက်ပျံ့ပွားလျက်ရှိသော အီဘိုလာဗိုင်းရပ်(စ်)ရောဂါဖြစ်ပွားမှုကြောင့် ၂၀၁၄ ခုနှစ်၊ မတ်လမှစ၍ ၂၇-၇-၂၀၁၄ ရက်နေ့အထိ ရောဂါဖြစ်ပွားမှု (၁၃၂၃) ဦးရှိခဲ့ပြီး ၎င်းတို့အနက်မှ သေဆုံးသူ (၇၂၉) ဦးရှိခဲ့ပါသည်။

အရှေ့တောင်အာရှနိုင်ငံများသို့ ကူးစက်မှုမရှိသေးသော်လည်း စာရေးသူတို့ မြန်မာနိုင်ငံအနေဖြင့် ၎င်းရောဂါ ကူးစက်ဝင်ရောက်မှုမရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ဆိပ်ကမ်းများတွင် ရောဂါဖြစ်ပွားနေသော ရပ်ဝန်းနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသော ခရီးသည်များအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပို့ချခြင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်နေကြောင်းကို ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်ကို သိရပါသည်။

(သို့သော် အီဘိုလာဗိုင်းရပ် (စ်) ရောဂါကို ကုသပေးနိုင်သည့်ဆေးဝါး မရှိသေး၊ မပေါ်သေးပါ။ ကာကွယ်တားဆီးမှုများကိုသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။)

အီဘိုလာဗိုင်းရပ် (စ်) ရောဂါ၏ သမိုင်းရင်းမြစ်ကို ဆန်းစစ်ကြည့်လျှင် ၎င်းဗိုင်းရပ်(စ်)ပိုးသည် ၁၉၆၇ ခုနှစ်က အာဖရိကနိုင်ငံများမှ စတင်ခဲ့ပြီး ပထမဦးဆုံး လင်းနို့သတ္တဝါများတွင် ၎င်းဗိုင်းရပ်(စ်)ပိုး စွဲကပ်၍ သေကျေမှုများဖြစ်ပေါ်လာပြီး ၎င်းတို့မှတစ်ဆင့် မျောက်၊ မျောက်ဝံ၊ သမင်၊ ဒရယ် စသည့် တောတိရစ္ဆာန်များကို ကူးစက်ကာ ထိုတောတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်
သောက်ကြသော အာဖရိကတိုင်း
သားများကို (လူသို့ ဗိုင်းရပ်(စ်)ပိုး)
ကူးစက်လာခြင်း ဖြစ်ပါသည်။

အီဘိုလာဗိုင်းရပ်(စ်)ပိုး စတင်
ပေါ်စဉ်အချိန်က ရောဂါလက္ခဏာ
သည် ယခုလောက် ပြင်းထန်မှုသိ
သေးဟုသိရပြီး ရေ၊ မြေ၊ သဘာဝ
ဥတုများဖောက်ပြန်ပြောင်းလဲမှုဖြ
များကြောင့် ဗိုင်းရပ်(စ်)ပိုးများ၊
များပြောင်းလဲလာပြီး ယခုအခါ
လက္ခဏာများ ပြင်းထန်မှုဖြစ်လာ
ဟု ကမ္ဘာ့ကျန်းမာရေးပညာရှင်
ပြောကြားသည်ကို သိရပါသည်။

အီဘိုလာဗိုင်းရပ်(စ်)ကူးစက်
ကြောင့် ဖြစ်ပေါ်လာမည့် ရောဂါ
လက္ခဏာများမှာ -

- စပြီးဖျား၍ ကိုယ်ပူရှိန်တက်လာ
ခေါင်းကိုက်ခြင်း၊
- ရုတ်တရက် အားနည်းသွားခြ
- လည်ချောင်းနာခြင်းတို့ ရုတ်
ခံစားလာရပြီး အန်ခြင်း၊ အ
ဝမ်းများသွားခြင်း၊
- ကြွက်သားများ နာကျင်ကိုက်
မအီမသာဖြစ်ခြင်း၊
- အရေပြားပေါ်မှာနီမြန်းလာ
- မျက်လုံး၊နားတို့မှ သွေးယိုထွက်
ခြင်းနှင့် ခန္ဓာကိုယ်တွင်းနှင့်
ကိုယ်ပြင်ပသို့ သွေးယိုစီးထွက်
ခြင်း၊
- ကျောက်ကပ်နှင့် အသ



www.burmeseclassic.com

www.burmeseclassic.com

ချို့ယွင်းခြင်းများ ဖြစ်ပေါ်စေပါသည်။

**အီဘိုလာဗိုင်းရပ်(စ်)ပိုး ကူးစက်နိုင်ခြေ အများဆုံးဖြစ်သောသူများမှာ -**

၁။ ကျန်းမာရေးစောင့်ရှောက်မှုပေးနေရသည့် ကျန်းမာရေးဝန်ထမ်းများ၊
၂။ ရောဂါပိုးကူးစက်ခံရသူနှင့် လက်ပွန်းတတီး အနီးကပ် ပြုစုနေရသူများ၊
၃။ ဗိုင်းရပ်(စ်)ကြောင့် သေဆုံးသူများ၏ ရုပ်၊ ခန္ဓာကိုယ်ကို တိုက်ရိုက်ထိတွေ့သောသူများ၊
၄။ ဗိုင်းရပ်(စ်)ကြောင့် သေဆုံးနေသည့်တိရစ္ဆာန်များကို ကိုင်တွယ်ထိတွေ့စားသောက်မိသူများ စသည်များသည် အီဘိုလာဗိုင်းရပ်(စ်)ပိုး ကူးစက်မှုခံရနိုင်ခြေအမြင့်ဆုံးသူများ ဖြစ်ပါသည်။

ထို့ကြောင့် မိမိနှင့် မိမိပတ်ဝန်းကျင်မှ တစ်ဦးတစ်ယောက်သောသူသည် အထက်ပါလက္ခဏာများ ဖြစ်ပေါ်ခံစားနေရပြီဟုသိရသည်နှင့်တစ်ပြိုင်နက် ကျန်းမာရေးစောင့်ရှောက်မှုဌာနများသို့ အမြန်ဆုံး အကြောင်းကြား၍ ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူပါ။

**ကုသမှုအပိုင်းအနေဖြင့်**

ရောဂါလက္ခဏာအပြင်းထန်ခံစားနေကြသူများသည် အထူးကြပ်မတ်ကုသမှုကို ခံယူရန်လိုအပ်ပြီး ခန္ဓာကိုယ်မှရေဓာတ်ဆုံးရှုံးမှုများပြားခြင်းကို လျှော့နည်းစေရန် ရေဓာတ်အမြန်ပြန်လည်ဖြည့်ရန် လိုအပ်ပါသည်။

ယခု အခြေအနေမှာတော့ အီဘိုလာဗိုင်းရပ် (စ်) ရောဂါအတွက် ထူးခြားထိရောက်တဲ့ ကုသချက် ကုထုံးမရှိသေးပါ။

သင့်တော် ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုများဖြင့် အချို့လူနာများ ပြန်လည်ကောင်းမွန်လာသည်များရှိကြပါသည်။

**အီဘိုလာရောဂါကို ကာကွယ်မှုအပိုင်းအနေဖြင့်**

ထိုရောဂါခံစားနေရသူ၏ ဆီး၊ ဝမ်း၊ သွေး၊ တံတွေးနှင့် ကိုယ်တွင်းရည်၊ အသက်ရှည်တို့နှင့် ထိတွေ့မှုမှတစ်ဆင့် ကူးစက်ပြန့်ပွားခြင်းအခြေခံဖြစ်ပါ၍ မိမိတို့၏ ပေါက်ပြဲနေသော အရေပြားနှင့် ရောဂါဖြစ်ပွားနေသူ၏ အထက်ဖော်ပြပါ ကိုယ်တွင်းပစ္စည်းအရည်များ မထိတွေ့မိစေရန် အထူးရှောင်ဖို့လိုအပ်ပါသည်။

**အထူးသတိပြုရန်အချက်မှာ**

ထိုရောဂါကူးစက်ခံရပြီး နေပြန်ကောင်းလာကြသော အမျိုးသားများ၏ (၇)ပတ်အတွင်းထွက်ရှိလာသော သုက်ရည်တွင် ဆက်ဆံမိသူ အိမ်ထောင်ဖက်ဆီသို့ ဗိုင်းရပ်(စ်)ပိုး ကူးစက်နိုင်ခြေရှိနေသေးသည်ကို အထူးသတိပြုသင့်ပါသည်။

စာရေးသူ အထက်ပါ တင်ပြချက်များသည် အီဘိုလာဗိုင်းရပ် (စ်) ရောဂါနှင့် ပတ်သက်သမျှ ယနေ့ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ သိမှတ်ပြု ဖြန့်ဝေထားသည့် (Guide Line) မှ ဖြစ်ပါသည်။

အီဘိုလာဗိုင်းရပ်(စ်)ရောဂါပိုးကို ကုသနိုင်သောဆေးကုထုံးနှင့် ရောဂါကို ကာကွယ်တားဆီးနိုင်သော အနောက်တိုင်းဆေးဝါးကာကွယ်ဆေး ယခုအချိန်တွင် မရှိသေးသည့်အတွက် မိဘပြည်သူများ အီဘိုလာဗိုင်းရပ်(စ်)ရောဂါကို ကြောက်ရွံ့စိုးရိမ်နေကြပေမည်ဟုထင်ပါသည်။

သို့ဖြစ်ပါ၍ -

ကမ္ဘာ့ဆေး (အနောက်တိုင်းဆေးဝါး) ရှာဖွေမရရှိသေးချိန်မှာ အားကိုး၍ စိုးရိမ်ကြောက်ရွံ့စိတ်ပြေစေရာ စာရေးသူတို့ မြန်မာလူမျိုးတို့ ဘိုးစဉ်ဘောင်ဆက် လက်စွဲထားခဲ့သော ဘုရားကုနည်းကို မေ့လျော့မနေသင့်ပါဟု ဆိုချင်ပါသည်။

အချို့ကတော့ အနောက်တိုင်းဆေးတောင် မပေါ်သေးတာ၊ ဒီခေတ်ထဲမှာ ဘုရားကုနည်းကို ဘာအားကိုးလို့ ရမည်နည်းဟု မေးခွန်းထုတ်စရာဖြစ်ပေမည်။

သို့သော် ဘာသာတရား အဆုံးအမများနှင့် နေထိုင်ကြီးပြင်းလာကြသူများသည် ကံ၊ ကံ၏အကျိုးကို ယုံကြည်မှုစိတ်ရင်းရှိကြသူများတွင် ထိုဘုရားကုနည်းက စိတ္တဗေဒနည်းပညာအရ ယုံကြည်မှု တည်းဟူသော အဓိပတိပဋ္ဌာန်းတရားပစ္စည်းအရ အစွမ်းထက်မှုရှိကြပါသည်ဟု ပြောချင်ပါသည်။

ထို့ကြောင့် မယုံကြည်ချင်သူများအတွက် 'အပ'ထားခဲ့ပြီး ယုံကြည်သူများအတက် ရှေးဘိုးဘွားများသုံးစွဲခဲ့သော ကျောက်၊ ဝက်သက် စသော ကမ္ဘာ့ကပ်ရောဂါများရန်မှ ကာကွယ်ပေးနိုင်သည့် အစွမ်းရှိသည်ဟု ယုံကြည်ခဲ့သော ဘုရားကုနည်းတစ်ခုကို ယုံကြည်သူများအတွက် တင်ပြပေးပါမည်။

ယုံကြည်စိတ်ချစွာ ဘုရား၊ တရား၊ သံဃာကိုအာရုံထားပြုလုပ်ပါက အကျိုးထူးပေးပါလိမ့်မည်။

**ဘုရားကုကာကွယ်နည်းမှာ**

သန့်စင်၍ ပိုးသတ်ထားသော သံကညစ်ထစ်ချောင်းဖြင့် ကမ္ဘာနာကပ်ရောဂါများကို ကာကွယ်လိုသောသူ၏ လက်သည်းခွံပေါ်တွင် ညာဘက်လက်မလက်သည်းခွံပေါ်မှစ၍ **တေ-ဇ-သု-နေ-မ** အက္ခရာ (၅) လုံးကို ညာဘက်လက်မတွင် **တေ**အက္ခရာရေးပြီးလျှင် လက်ညှိုးလက်သည်းခွံတွင် **ဇ**၊ ထိုကဲ့သို့ လက်ခလယ်လက်သည်းခွံတွင် **သု**၊ လက်သူကြွယ်လက်သည်းခွံတွင် **နေ**၊ လက်သန်းခွံတွင် **မ**အက္ခရာ ရေးပါ။

ပြီးလျှင် ဝဲဘက်လက်မမှစ၍ **ဘု-စံ-နာ-ဝိ-ဝေ** ဟူ၍ တစ်လုံးချင်း ရေးသွင်းပြီး ဘုရားရှေ့တော်တွင် (၅) ပါးသီလခံယူပြီး နေ့စဉ် ရေစင်တစ်ခွက်တွင် သရဏဂုံ (၃) ပါးကို မိမိတို့သက်စေ့ရွတ်၍ ပူဇော်သော ရေစင်ကို နေ့စဉ်ပုံမှန် သောက်သုံးပေးသွားမည်ဆိုပါက ကမ္ဘာနာကပ်ရောဂါများ မုချကာကွယ်ပေးပါမည်ဟု လယ်တီဆရာတော်ကြီးများကဲ့သို့သော ပညာရှိသူတော်ကောင်းကြီးများမှ အတိအလင်း မိန့်ဆိုမှာကြားခဲ့ပါသည်ဟု စေတနာတရားဖြင့် ဖြန့်ဝေလိုက်ပါသည်။

ဘာကိုမှအားကိုးစရာမရှိတဲ့အချိန်မှာ ဗုဒ္ဓဘာသာပီပီ ဘုရား၊ တရား၊ သံဃာကို အာရုံပြုပြီး ကြည်ညိုစိတ်ပွားများခြင်းက ဘေးရန်ရောဂါအန္တရာယ်ခပ်သိမ်း ကင်းငြိမ်းပပျောက်စေသည်ကို မည်သူငြင်းနိုင်ကြပါမည်နည်း။

ထို့ကြောင့် စာရေးသူတို့ မြန်မာနိုင်ငံသားများသည် ခေတ်ကိုလည်း မဆန့်ကျင် မိမိတို့ဘာသာတရားအဆုံးအမများကိုလည်း အလေးထားလေးစားလိုက်နာကြမည်ဆိုလျှင် ကမ္ဘာကြေသွားရင်တောင် မြန်မာတွေ မသေနိုင်ကြပါမည်ဟု အားပေးလိုက်ပါသည်။

လူသားများ မိမိတို့ ကိုးကွယ်ရာဘာသာတရား၏အဆုံးအမကို လိုက်နာကျင့်သုံးကြပြီး ကမ္ဘာနာကပ်ရောဂါဘေးအမျိုးမျိုးတို့မှာ လွတ်မြောက်နိုင်ကြပါစေ။

ရွှေနဝင်း (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com



(ညောင်လေးပင်)

# ဖေမောင်

## စမတောင်တော်မှပုဂ္ဂိုလ်ထူး

အထက်တန်းပြဆရာ ဦးဇေယျာတစ်ယောက် ဇာတိရွာသို့အလည်ရောက်ရှိစဉ်ကဖြစ်၏။ သူ၏ အပြန်ခရီးတွင် ငယ်သူငယ်ချင်းဖြစ်သူ ဆေးဆရာ ဦးမောင်မောင်ကို သူ့အလုပ်တာဝန်ကျရာ သာဝတ္ထိမြို့သို့ အလည်ခေါ်သွားခဲ့ပါသည်။

သူငယ်ချင်းနှစ်ယောက် ညောင်လေးပင်မှ နေပြည်တော် ပျဉ်းမနားအဆန်ရထားကြီးကိုစီး၍ လိုက်ပါခဲ့ကြပါသည်။ မီးရထားပြတင်းမှ လှမ်းမျှော်ကြည့်လိုက်ပါက ချာလည်ပတ်လည်ဖြစ်ပြီး တရိပ်ရိပ်ကျန်ရစ်ခဲ့သော သစ်ပင်ကြီးငယ်များ၊ ရဲရဲနီပွင့်နေကြသောပေါက်ပင်များနှင့်တံလျှပ်များတလှပ်လှပ်ထနေသော ရိုးမြက်တောကြီးက မျက်စိတစ်ဆုံးဖြစ်၏။ လွမ်းစရာ နွေသရုပ်ဖြစ်ပေသည်။

သာဆန်းငယ်တည့် ရဂုံဇွဲ၊ ညင်းပြေပြေလေပြေလောင်း၊ ညှာခြေစိမ်းရင့်မောင်း၊ ညောင်းရွက်ကယ်တည့် ကြွေလေဟန်၊ မြည္သာရွှေရည်လျှံ ဆိုသော မြဝတီမင်းကြီးဦးစ ရေးစပ်ခဲ့သည့် 'သာဆန်းရဂုံဇွဲ' ပတ်ပျိုးကို ကြားယောင်မိပါသည်။

မီးရထားသည် ညနေ (၄) နာရီခန့်တွင် သာဝတ္ထိဘူတာသို့ ဆိုက်ရောက်ခဲ့ပါသည်။ ပူထန်ပြင်းလှသော ဤတပေါင်းလအခါတွင် ခရီးမသွားလိုပါ။ သို့သော် သူငယ်ချင်းဦးဇေယျာ၏ တရရဖိတ်မန္တကပြုနေမှုကို မငြင်းဆန်လိုသည်ကတစ်ကြောင်း၊ ကိုယ်တိုင်အာသီသရှိခဲ့သော စမတောင်တော်ပေါ်သို့ ရောက်လိုမှုတို့ကြောင့် လိုက်ပါခဲ့ခြင်း ဖြစ်ပေသည်။

ခရီးလမ်းတစ်လျှောက်လုံးတွင် သာဝတ္ထိသို့ရောက်သည့်အခိုက် စမတောင်တော်သို့ ရောက်အောင်သွားသင့်ကြောင်း၊ သူကိုယ်တိုင်လိုက်ပို့ပေးမည့်အကြောင်းများ တဖွဖွပြောလာခဲ့ပါသည်။

စမတောင်တော်သည် ဓမ္မဝိဇ္ဇာလမ်းသို့လိုက်နေသော ဆုကြီးပန်ပုဂ္ဂိုလ်ကြီးများ၊ ထွက်ရပ်ပေါက်ဆရာတော်ကြီးများ၊ ဓမ္မဝိဇ္ဇာကြီးများ၏ အောင်မြေနင်းအောင်ပွဲဝင်ခဲ့ရာ တောင်တော်ထူးဖြစ်ကြောင်းနှင့် ပါရမီဆက်ရှိပါက ထိုသို့သော ပုဂ္ဂိုလ်ကြီးများနှင့်ပင် ဆုံနိုင်ခွင့်၊ ကြုံနိုင်ခွင့်ရနိုင်ကြောင်း ကျောင်းဆရာပီသစွာ အာဝဇ္ဇန်းကောင်းကောင်းဖြင့် ရှင်းပြပါသည်။

◆

ဦးဇေယျာနေထိုင်သည့် အိမ်သို့ရောက်သည်နှင့် ခရီးပန်းလာကြသည်ဖြစ်၍ တစ်ရေးတစ်မော အနားယူအိပ်စက်ကြသည်။ တစ်ကိုယ်ရေတစ်ကာယလူပျိုကြီးပီသစွာ စာအုပ်စာတမ်း တစ်ပုံတစ်ခေါင်းများမှလွဲ၍ မည်သည့်အိမ်ထောင်ပရိဘောဂမှ မရှိပေ။ မည်မျှအချိန်ကြာကြာ အိပ်ပျော်သွားခဲ့သည် မသိပါ။ လမ်းပေါ်သို့ မျှော်ကြည့်လိုက်သောအခါ မှောင်ရီပျိုးနေချေပြီ။ ဦးဇေယျာ၏တပည့် ကျောင်းသားတစ်ယောက်လာနှိုးမှ အိပ်နေရာကထ... သည်။ ဦးဇေယျာတို့ ဆရာတ... စကားပြောနေကြသည်ကို နားစွင့်... ပါသည်။

"အောင်ပြည့်စုံ၊ ဘာကိစ္စရှိ...ကွ"

"ကျောင်းအုပ်ဆရာကြီးက ... ပြန်ရောက်၊မရောက်လာကြည့်ခိုင်း... လို့ပါ"

"အေး - ဟုတ်ပြီ။ ဆရာ... ဘာမှာလိုက်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာပြန်ရောက်ပြီဆိုရင် အတန်းတင်စာမေးပွဲကိစ္စဆွေးနွေးစရာရှိလို့ သူ့ဆီလာခဲ့ဖို့ မှာလိုက်ပါတယ်"

"ရေမိုးချိုး၊ ထမင်းစားပြီးရင် လာခဲ့မယ်လို့ ဆရာကြီးကိုပြောလိုက်ကွာ"

မောင်အောင်ပြည့်စုံ နှုတ်ဆက်ပြန်သွားသည်နှင့် သူငယ်ချင်းနှစ်ယောက် ရေချိုး၊ အဝတ်အစားလဲလှယ်ပြီး မြို့ထဲမှထမင်းဆိုင်တွင်စားရန်ထွက်လာခဲ့ကြပါသည်။

"ကိုမောင်မောင်လည်း ဒီရောက်တုန်း ကျွန်တော်နဲ့လိုက်ခဲ့ဗျာ။ မိတ်ဆွေသစ်တစ်ယောက်တိုးတာပေါ့"

ထမင်းစားပြီးနောက် အညာလေပြေညင်းလေး၏အရသာကိုခံရင်း ဆရာကြီးအိမ်ဆီသို့ စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့ကြပါသည်။ ဆရာကြီးအိမ်သို့ရောက်သောအခါ အမှောင်ဓာတ်ပင်လွှမ်းနေချေပြီ။ တစ်နေကုန်ချစ်ချစ်တောက်ပူသောနေ ယခုမှ ဟန်ကျသွားဟန်ရှိ၏။

ဆရာဦးဇေယျာတို့ ခြံအတွင်းဝင်လိုက်သည်နှင့် ဆရာကြီးမှာ ပြုံးရွှင်စွာ ဆီးကြိုပါသည်။

"လာကြဗျာ၊ ဧည့်သည်လည်းပါလာတာကိုး။ အိမ်ပေါ်တက်ကြပါ"

ဆရာဦးဇေယျာတို့လည်း ဆရာကတော် တည်ခင်းဧည့်ခံသော ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကိုစားကြရင်း စကားပြောကြပါသည်။

"ကျွန်တော်က ဆရာဦးဇေယျာပြန်အလာကို စောင့်နေတာ။ အတန်းတင်စာမွေးပွဲကိစ္စ အရေးကြီးနေပြီမဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်လည်း ကြုံကြိုက်တုန်းဆွေမျိုးတွေဆီ အလည်ဝင်နေလို့ပါ။ ဒါက ကျွန်တော့်သူငယ်ချင်း တိုင်းရင်းဆေးသမားတော် ဆရာဦးမောင်မောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဒီအရပ်မှာ တာဝန်ကျတုန်း စမ်တောင်တော်ကို ပို့မေးချင်တာနဲ့ အလည်ခေါ် လာတာပါ"

"ကောင်းတာပေါ့ဗျာ၊ ဆရာဦးဇေယျာရဲ့ မိတ်ဆွေဆိုတော့လည်း ကျွန်တော့်မိတ်ဆွေပဲပေါ့။ ကျွန်တော့် နာမည် ဇော်မြင့်ပါ"

ဆရာကြီးဦးဇော်မြင့် လက်ကမ်းလာသည်မို့ ဆရာဦးမောင်မောင်လည်း လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

"ဆရာဦးဇေယျာကို အားတော့နာတယ်ဗျာ။ မနက်ဖြန် ဆရာနဲ့ ကျွန်တော် တိုင်းရုံးသွားဖို့ကိစ္စရှိနေတယ်ဗျ။ ဒီက ဆရာဦးမောင်မောင် စမတောင်တော်သွားဖို့ ဘာမှမပူနဲ့။ ကျွန်တော် တာဝန်ယူစီစဉ်ပေးပါမယ်"

ဆရာကြီး ဦးဇော်မြင့်နှင့် ဆရာဦးဇေယျာတို့သည် ဆရာဦးမောင်မောင်အား လွန်စွာအားနာနေပုံရပါသည်။

"ဆရာကြီးတို့က အစိုးရဝန်ထမ်းတွေပဲ။တာဝန်ကိုမလေးစားလို့မှမရတာ။ ကျွန်တော်နားလည်ပါတယ်။ ကျွန်တော့်အတွက်တော့ တာဝန်မဖြစ်ကြပါနဲ့ဗျာ"

"တာဝန်မဖြစ်ပါဘူးဗျာ၊ သာဝတ္ထိမှာ ကျွန်တော့်မိတ်ဆွေကြီး ဆရာပြုံးဆိုတာရှိတယ်။ သူက. စမတောင်တော်ရဲ့ အကျိုးဆောင်ပဲ။ ဆရာဦးမောင်မောင်ရဲ့ ခရီးစဉ်အတွက် သူစီစဉ်ပေးမှာပါ။ ဒီညကတည်းက ကျွန်တော်ကြိုတင်စီစဉ်ထားပါ့မယ်။ သွားရေး၊ လာရေး၊ စားရေး၊ သောက်ရေးအတွက် ဘာမှပူစရာမလိုပါဘူး။ မနက်ဖြန် နံနက် (၇) နာရီလောက် ဆရာတို့ ကျွန်တော့်အိမ်လာကြဗျာ။ ကျွန်တော်ပါ ဆရာပြုံးတို့အိမ်လိုက်ပြီး မိတ်ဆက်ပေးပါမယ်။ ကဲ - ဆရာတို့ နှစ်ယောက် ဘာသောကမှ ခေါင်းထဲမထည့်ကြနဲ့၊ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်စားကြပါဦး

◆

ပဲခူးရိုးမနှင့်နီးသောမြို့ဖြစ်၍လားမသိ။ နံနက်ခင်းပိုင်းတွင်လည်း အအေးဓာတ်ကပိုနေသလိုပင်။ ထနောင်းပင်နှင့် တမာပင်တန်းများကို ဖြတ်တိုက်လာသောလေက တမာရနံ့သင်းနေ၏။

ဤသို့နှင့် ဆရာဦးဇေယျာတို့နှစ်ယောက်မှာ အဝတ်အစားလဲပြီး. ခရီးဆောင်အိတ်ဆွဲကာ ကျောင်းအုပ်ဆရာကြီးအိမ်သို့သွားခဲ့ကြပါသည်။ ဆရာကြီးဦးဇော်မြင့်မှာ ဆရာဦးဇေယျာတို့အား အဆင်သင့်စောင့်နေပါသည်။

"ဆရာတို့ရောက်တာ အတော်ပဲ။ ခုလောက်ဆိုရင် ဆရာပြုံးစောင့်နေလောက်ပြီ။ ဆရာဦးမောင်မောင် စမတောင်တော်ကို သွားမယ့်ခရီးစဉ်ကို ညကတည်းက ကျွန်တော် ဆရာပြုံးနဲ့ စီစဉ်ထားပါတယ်"

ဆရာပြုံး၏အိမ်သို့ရောက်သောအခါ ဆရာကတော် ဒေါ်အမဲက အသင့်စောင့်ကြိုနေပါသည်။ ဆရာပြုံးကိုတော့ မတွေ့ရသေးပေ။

"ဆရာကြီးတို့ လာကြမယ်ဆိုလို့ စောင့်နေကြတာ။ ဆရာပြုံးက တောင်တော်ပေါ် ကိုပို့ရမယ့်စားစရာရိက္ခာတွေ လှည်းပေါ် သွားတင်ပေးနေတယ်။မကြာပါဘူး၊ လာတော့မှာပါ။ လာ - အိမ်ပေါ် သွားကြရအောင်"

အိမ်ပေါ်သို့ ရောက်သောအခါ လက်ဖက်ရည်ကြမ်းနှင့်အညာမုန့်မျိုးစုံကို တည်ခင်းဧည့်ခံပါသည်။ မကြာမီ ကလေးမတစ်ယောက် ရောက်လာပြီး ထမင်းစားရန် လာခေါ်ပါသည်။

ဆရာဦးမောင်မောင်နှင့် ဆရာဦးဇေယျာတို့မှာ လွန်စွာ အားနာပြီး ထမင်းစားရန် ငြင်းဆန်နေကြပါသည်။

"ကဲ - ဆရာဦးမောင်မောင်တို့ ဘာမှအားမနာကြပါနဲ့။ ဒါကျွန်တော်တို့ ဒေသရဲ့ဓလေ့ပဲဗျ။ ဧည့်သည်လာရင် ထမင်းကျွေးရမှကျေနပ်တာ"

ဆရာကြီးဦးဇော်မြင့်က ကြားဖြတ်ဝင်ပြီး ရှင်းပြပါသည်။ ထို့နောက် ဆရာဦးမောင်မောင်နှင့် ဆရာဦးဇေယျာတို့နှစ်ယောက်၏ လက်ကိုဆွဲကာ ထမင်းစားခန်းဆီသို့သွားကြပါသည်။

ထမင်းဝိုင်းတွင် ဟင်းမျိုးစုံကလည်းမြိုင်လှ၏။ ဟင်းအားလုံးကလည်း သက်သတ်လွတ်ဟင်းလျာများ ဖြစ်၏။ စမတောင်တော်ပေါ်၌လည်း အနယ်နယ်အရပ်ရပ်မှ လာသမျှဝေနေယျအပေါင်းတို့အား သက်သတ်လွတ်ဟင်းလျာဖြင့်သာ ကျွေးမွေးကြောင်း သိရပါသည်။ မကြာမီ ဆရာပြုံး ရောက်လာပါသည်။

"ဟ - ဆရာကြီးတို့ရောက်နေကြပြီကိုး။ အားမနာနဲ့နော်၊ ဖြည်းဖြည်းသာစားကြ။ သမီးရေ ပြည့်စုံအောင်လုပ်ပေးကွာ"

"ဆရာပြုံးရေ၊အပြည့်အစုံတောင်လွန်နေပါပြီ။ စားကောင်းချက်ကလည်း ပြောမပြတတ်အောင်ပါပဲ။ ဆရာပါ တစ်ပါတည်းဝင်စားလေဗျာ"

"ဆရာကြီးတို့စားကြပါ။ တစ်ကိုယ်လုံး ချွေးတွေ၊ ဖုန်တွေနဲ့ ရေချိုးပြီးမှပဲ စားပါတော့မယ်"

ဆရာပြုံး ရေချိုးပြီး၍ပြန်ရောက်ချိန်တွင် ဆရာကြီးတို့ (၃) ယောက် လက်ဖက်ရည်ကြမ်းဝိုင်းထိုင်နေကြပြီ။

"ဆရာပြုံးနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါက ညောင်လေးပင်က တိုင်းရင်းဆေးဆရာ ဦးမောင်မောင်ပါ။ ဒီဆရာက ကျွန်တော်တို့ကျောင်းက အထက်တန်းပြဆရာ ဦးဇေယျာလို့ ခေါ်ပါတယ်။ သူကလည်း ညောင်လေးပင်နား တော်ဝ ရွာကပါ"

ဆရာပြုံးသည် ကျောင်းအုပ်ဆရာကြီး၏ မိတ်ဆက်ပေးမှုကို လေးလေးစားစား နားထောင်နေပါသည်။

"သြော် - ဒါနဲ့ ဆရာတို့နှစ် ယောက်စလုံး တောင်ပေါ် လိုက်ကြမှာ လား"

"မဟုတ်ဘူးဗျ၊ ဆရာဦးမောင် မောင်တစ်ယောက်ပဲလိုက်မှာပါ။ ကျွ တော်နဲ့ ဆရာဦးဇေယျာက တိုင်းပညာ ရေးမှူးရုံးကိုသွားရမှာမို့ပါ"

"သြော် - ဟုတ်လား။ ညနေ ( နာရီလောက် တောင်ပေါ် သွားဖို့ လှည်း စီစဉ်ထားပါတယ်"

ကျေးဇူးပါပဲ ဆရာပြုံးရာ။ ထ စားပြီးလမ်းကြည့်ဆိုသလိုတော့ဖြစ် ပြီ။ ကျောင်းမှာ စီစဉ်စရာလေးတွေရှိ လို့ ကျွန်တော်တို့ (၂) ယောက်ကို ခွင့် ပါဦး။ ဆရာဦးမောင်မောင်လည်း တောင်တော်မှာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် များနဲ့ ဆုံတွေ့နိုင်ပါစေလို့ ကျွန် ဆုတောင်းပါတယ်"

နှုတ်ဆက်၍ ထွက်ခွာသွား ဆရာကြီးနှင့် ဆရာဦးဇေယျာတို့ အတန်ကြာ ငေးကြည့်နေမိကြပါသ

"ဆရာဦးမောင်မောင်၊ အရ စမတောင်တော်ကို ရောက်ဖူးလား"

"တစ်ခါမှမရောက်ဖူးပါဘူး။ တောင် ဆရာကိုဇေယျာကောင်းမှုကြော ရောက်ရတာပါ"

"ဆရာကဘယ်အရပ်ကလဲ"

"ကျွန်တော်က ညောင်လေး မြို့ကပါ"

"သြော် - ဒါဆို ဆရာက မဟာပဏ္ဍိတ ဆရာတော်ကြီး ဦးအ ရဲ့ ဇာတိမြေကကိုး"

"ဆရာက ဦးအရိယကို သိ လား"

"သြော် - ဆရာရယ်၊ အ ဇေယျပုဂ္ဂိုလ်ကြီးကို မသိရှိပါ့မ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးနဲ့ ဆက်နွှယ်ပြီးပြောရဦးမယ်။ အခု ဆရာသွားမယ့် စမတောင်တော်ရဲ့ သာသနာပြုပုဂ္ဂိုလ်ကြီး အဖေနွဲ့လို့ခေါ်တဲ့ ဦးသာနွဲ့ဆိုရင် ဆရာတို့မြို့က ဆရာတော်ကြီး ဦးအရိယနဲ့ ငယ်စဉ်က ရှင်သာမဏေဝတ်ဖက်တဲ့ဗျ။

နောက်ပြီး ဦးသာနွဲ့ဟာ ဆရာတို့ ဘောင်လေးပင်နားက ပုစွန်ပြောင်းရွာတို့ တော်ဝိရွာအနီးတစ်ဝိုက်မှာ တုတ်ပြီး၊ ဓားပြီး၊ လှံပြီးကာယသိဒ္ဓိအစွမ်းနဲ့ ကာလသားတွေအကြိုက် မြန်မာ့ရိုးရာ သိုင်း၊ ဗန်တို၊ ဗန်ရှည်ပညာတွေပါ သင်ပေးခဲ့ဖူးတယ်လို့ သိရတယ်"

ဆရာပြုံး၏ စကားထဲ၌ မိမိဇာတိ ဘောင်လေးပင်ပါလာ၍ ဆရာဦးမောင်မောင် လွန်စွာစိတ်ဝင်စားသွားပါသည်။

"ဒါဆိုရင် ဆရာရယ်၊ ဦးသာနွဲ့ စမတောင်တော်ကို ရောက်လာပုံလေး သိရင် ရှင်းပြပါဦး"

"ဒါကတော့ ပြောရမယ်ဆိုရင် အရှည်ကြီးဗျ။ အဓိကအတိုချုပ်ပြီးပြောရရင် အဖေနွဲ့ဟာ ဆ-ကေ-သ-ဓာ- တုလို့ခေါ်တဲ့ ဓာတ်ဘုရား (၆) ဆူကို ခက်ခက်ခဲခဲဖော်ထုတ်ပြီး စေတီတွေတည်ခဲ့သဗျ။ အဲဒီ ဓာတ်ဘုရား (၆) ဆူထဲက တစ်ဆူကိုတော့ စမတောင်တော်ပေါ်မှာ တည်ခဲ့ပါတယ်။ ဆရာဟိုရောက်ရင် ဖူးရမှာပါ"

သာဝတ္ထိမှာ မြေလတ်ဒေသဖြစ်သော်လည်း နေမြင့်နေရင့်လာသည်နှင့် အမျှ ချစ်ချစ်တောက်ပူပြင်းလှ၏။အညာနွေနှင့် အညာနေ၏ သရုပ်သကန်ပင် ဖြစ်ပါသည်။ အပူဒဏ်ကို တမာရိပ်တွင် ခိုလှုံခုခံရင်းနှင့်ပင် ညနေပိုင်းအချိန်သို့ ရောက်ရှိလာခဲ့ပါသည်။

"ဆရာပြုံးရေ၊ တောင်ပေါ်သွားမယ့်လှည်းတွေရောက်ပြီဗျို့"

ဟု အိမ်ခြံဝမှ ခေါ်သံကြားရ၍ နာရီကိုကြည့်လိုက်သောအခါ ညနေ (၃) နာရီပင် ရှိချေပြီ။

"လှည်းခဏဖြုတ်ထားလိုက်ပါဦးဟော့။ တို့ရေချိုး၊ထမင်းစားလိုက်ဦးမယ်"

ဆရာပြုံးနှင့် ဆရာဦးမောင်မောင်သည်း ရေကိုကတမ်းကရမ်းချိုး၊ ထမင်းစား၊ အဝတ်အစားလဲ၍ လှည်းဆီသို့ သွားကြသည်။ လှည်းတစ်စီးမှာ ကုန်အပြည့်တင်ထားပြီး ကျန်တစ်စီးမှာ ကုန်အချို့နှင့် လူလိုက်ပါရန် ဖြစ်ပါသည်။

လှည်းပေါ်တွင် ဆန်အိတ်များ၊ ခဲမှိုးစုံအိတ်များ၊ အာလူးအိတ်၊ ကြက်သွန်အိတ်၊ ခေါက်ဆွဲခြောက်သေတ္တာ၊ ဆီပုံးများနှင့် သစ်သီးဝလံမျိုးစုံ အပြည့်အသိပ်ပင် ဖြစ်၏။ စမတောင်တော်ပေါ်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရောက်လာကြသူများကို သက်သတ်လွတ် စတုဒိသာကျွေးရန်ဖြစ်ကြောင်း သိရပါသည်။

ဤသို့နှင့် ဆရာပြုံးနှင့် ဆရာဦးမောင်မောင်တို့လည်း လှည်းပေါ်တက်လိုက်ကြပါသည်။ သာဝတ္ထိမြို့၏ အနောက်စူးစူးရှိ စမတောင်တော်ခရီးစဉ်စခဲ့ကြပါသည်။

အညာနွေ၏ ညနေခင်းအလှနှင့် အတူ ဖုန်ခိုးတဝေဝေ၊ လှည်းသံတအီအီကို နားဆင်ရင်း လိုက်ပါခဲ့ကြပါသည်။

*'တပေါင်းကပင် လွမ်းစေသလော၊ မယ်ခွေကပင်တမ်းလေသလော'*ဆိုသည့် စာဆိုရှင် မယ်ခွေ၏ လွမ်းချင်းအတိုင်း အမည်ဖော်မရနိုင်သော အလွမ်းများက ဝေလျက်ရှိ၏။

ရှုလေရာ မြင်ကွင်းတစ်ဆုံး ရိတ်သိမ်းပြီးစ ရိုးပြတ်တောကြီးက တစ်မျှော်တစ်ခေါ် အဝေးမှလှမ်းမြင်နေရသော အလယ်ရိုးမတောင်စဉ်တောင်တန်းကြီးက မြူခိုးများဝေဆိုင်းလျက်ရှိ၏။ နီဝါကြောင်ကျားသစ်ပင်ကြီးငယ်တို့ကလည်း စူးရဲသောပန်းချီကားတစ်ချပ်နှယ်ဖြစ်ပါသည်။

ဆရာပြုံးမှ သာဝတ္ထိ၏ အနောက်ဘက်ကြံဖိုစုရွာသို့လွန်လာပြီဖြစ်ကြောင်း ခရီးစဉ်များကို ရှင်းပြပါသည်။

"ဆရာဦးမောင်မောင်ရေ၊ ဟိုမှာလှမ်းမြင်နေရတာကတော့ စမတောင်တော်ပေါ့"

ဆရာပြုံး လက်ညှိုးညွှန်ပြရာသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ညို့မှိုင်း ဝေဆိုင်းလျက်ရှိသော တောင်ဆွယ်တောင်တန်းကြီးကို မြင်တွေ့ရပါသည်။ စမတောင်တော်သည် ပဲခူးရိုးမ၏အရှေ့ဘက်ဆုံး တောင်ဆွယ်တောင်လက်မောင်းပေါ်တွင် တည်ရှိပါသည်။

စမတောင်တော်အစွန်း၌ ထုံးဖြူဖြူစေတီလေးအား ခပ်ရေးရေးဖူးတွေ့နေရပေပြီ။ နှစ်ဦးသား အတွေးကိုယ်စီနှင့် အတန်ကြာငြိမ်သက်နေကြပါသည်။

"ဆရာဦးမောင်မောင်တော့ ပျင်းနေပြီနဲ့တူတယ်"

"မပျင်းပါဘူး ဆရာရဲ့။ ကျွန်တော်က တောတောင်သဘာဝကို သိပ်သဘောကျတာ။ အခုတောင် သဘာဝအလှထဲ မျောသွားသေးတယ်"

"စမတောင်တော်ကို ငါးမည်ရတောင်တော်လို့လည်း ခေါ်သေးတယ်"

"ဘာကြောင့်များငါးမည်ရတောင်လို့ ခေါ်ရတာလဲ ဆရာ"

"ဒါကဒီလိုဆရာရဲ့။ စမတောင်တော်ကို ဘိုးဦးတောင်၊ ဘိုးဝန်တောင်၊ စမတောင်၊ ရက်ကန်းစင်တောင်၊ ဘုရားတောင် ဆိုတဲ့ တောင်ငါးလုံးက ပတ်ရံထားလို့ ငါးမည်ရတောင်တော်လို့အမည်တွင်တာပါ။

နောက်ထူးခြားချက်တစ်ခုက စမတောင်တော်ကို ရောက်လာသူမှန်သမျှဟာ ဘယ်လိုပုံစံနဲ့ပဲရောက်ရောက် စမတောင်တော်နဲ့ ရေစက်ပါရမီဆက်၊ ဘဝဆက်ရှိမှရောက်လာတတ်တာဗျ။ အချိန်အခါမကျဘဲ ရောက်လေ့ရောက်ထမရှိဘူးလို့ ရှေးလူကြီးတွေ၊ ဓာတ်ဝိဇ္ဇာကြီးတွေမိန့်ခဲ့တာပဲ"

"ဒါဆို ကျွန်တော်က ပါရမီဆက်၊ ဘဝဆက်ရှိလို့ ရောက်လာတာလို့ ဆရာပြောချင်တာလား"

"ဒီလိုပဲပြောရမှာပဲ။ ဒီလောက်ဝေးလံသီခေါင်တဲ့အရပ်ကို သာမန်အာရုံလေးလောက်နဲ့ရောက်လေ့မရှိဘူးဗျ"

လှည်းပေါ်တွင် နှစ်ယောက်သားတရင်းတနှီး စကားလက်ဆုံကျရင်းနှင့်ပင် စမတောင်ခြေအဝင်သို့ ရောက်လာကြပါသည်။ လှည်းရပ်လိုက်သောနေရာအနီးတွင် ဇရပ်အိုတစ်ဆောင်နှင့် အုတ်ရေတွင်းဟောင်းတစ်လုံးကို တွေ့ရ၏။ ဤမှနေ၍ တောင်ပေါ်တက်ရာ စောင်းတန်းရှည်ကြီးကို မြင်တွေ့နေရပေပြီ။

တောင်ပေါ်မှ ခေါင်းလောင်းထိုးသံသဲ့သဲ့ကို သာယာဖွယ်ကြားနေရ၏။ မကြာမီ ကုန်လာကြိုသောသူများရောက်လာကြပြီး လှည်းပေါ်မှ ပစ္စည်းများကို ရွက်သူရွက်၊ ထမ်းသူထမ်းကြနှင့် တောင်ပေါ်သို့ သယ်ဆောင်သွားကြပါတော့သည်။ ဆရာပြုံးနှင့် ဆရာဦးမောင်မောင်တို့လည်း တောင်ပေါ်သို့တက်လိုက်ခဲ့ကြပါသည်။

◆

စောင်းတန်းလှေကားအတိုင်းပင် တဖြည်းဖြည်းတက်လာကြရင်း -

"ဆရာပြုံးကို ကျွန်တော်တစ်ခု မေးပါရစေ"

"မေးပါ ဆရာ"

"ဒီလိုပါ။ ဆရာက ဒီစမတောင်တော်မှာ သာသနာပြုနေတာကြာပြီဆိုတော့ အထက်မဟိဒ္ဓိရှင်သိဒ္ဓိရှင်တွေနဲ့ မျက်ဝါးထင်ထင် ကြုံတွေ့ခဲ့ဖူးတာများ



www.burmeseclassic.com

www.burmeseclassic.com

ရှိရင် သိချင်လို့ပါ"

"အင်း-ဆရာ့မေးခွန်းကိုဖြေရရင် ပါရမီလမ်းတူကြရင်တော့ တွေ့ဆုံရလေ့ရှိပါတယ်။ ဘဝဘဝတွေက ဆရာကျင့်ကြံအားထုတ်ခဲ့တဲ့ စရဏအား၊ အခုလက်ရှိနေထိုင်ကျင့်ကြံနေတဲ့စရဏအား အတိမ်အနက်ကိုလိုက်ပြီး ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတွေနဲ့ ကြုံဆုံနိုင်ခွင့်ရတတ်ပါတယ်လို့ပဲပြောပါရစေ"

"ဟုတ်ကဲ့ - ကျွန်တော်သဘောပေါက်ပါပြီ"

ဆရာပြုံးနှင့် ဆရာဦးမောင်မောင်တို့မှာ စကားတပြောပြောနှင့် တောင်ပေါ်သို့ တက်လာကြရင်း တည်းခိုဇရပ်ကြီးတစ်ဆောင်ရှေ့သို့ ရောက်ခဲ့ကြပါသည်။ ဆရာပြုံးက ဆရာဦးမောင်မောင်ကို ထိုဇရပ်ကြီးပေါ်တွင် နေရာချပေးပါသည်။ ဇရပ်ကြီးပေါ်တွင် အနယ်နယ်အရပ်ရပ်က ရောက်လာကြသော ဘုရားဖူးပရိသတ်များနှင့် ပြည့်လျက်ရှိ၏။

"ကဲ - ဆရာဦးမောင်မောင်၊ ဒီဇရပ်မှာ စိတ်ချလက်ချသာတည်းပါ။ သူတော်ကောင်းတွေ မွေ့လျော်ရာအရပ်ဆိုတော့ ဘာဘယ်ပေ့ါ ဆရာ။ ဝေယျာဝစ္စကိစ္စလေးတွေဆောင်ရွက်စရာရှိသေးလို့ ကျွန်တော့်ကို ခွင့်ပြုပါဦး။ သန်ဘက်ခါညနေ (၃) နာရီလောက်မှာ ဆရာပြန်နိုင်ဖို့ တောင်အောက်မှာ လှည်းကြိုတင်စီစဉ်ထားပါတယ်"

"ကျေးဇူးအထူးတင်ပါတယ်ဆရာရယ်"

ဆရာပြုံးလည်း ဆရာဦးမောင်မောင်အား နေရာချပေးခဲ့ပြီး တောင်ပေါ်သို့ ဆက်တက်သွားပါသည်။ ဆရာဦးမောင်မောင် ဇရပ်အတွင်းရောက်ချိန်၌ မှောင်ရီပင်သန်းနေချေပြီ။ ဤသို့ဖြင့် သင့်လျော်ရာနေရာလပ်တစ်ခုတွင်ထိုင်ရင်း ဘေးပတ်ဝန်းကျင်ကို အကဲခတ်နေပုံရ၏။

ဇရပ်ပေါ်တွင် တည်းခိုနေကြသူ (၅၀) ကျော်ခန့်ရှိမည်ဖြစ်ပြီး တိုးလိုးလဲလျောင်းသူ၊ ပုတီးစိပ်နေသူ၊ တရားမှတ်နေသူများနှင့် ငြိမ်သက်လျက်ရှိပါသည်။ သူထိုင်နေရာအနီးရှိ အသက် (၄၀) ကျော်အရွယ် အမျိုးသားတစ်ယောက်မှာ ဘုရားအာရုံပြု၍ပြီးပြီထင့်။ ဘုရားကိုဦးသုံးကြိမ်ချနေပေပြီ။

ထို့နောက် သူ့အနီးထိုင်နေသော ဆရာဦးမောင်မောင်ကို ပြုံး၍ ပဋိသန္ဓာရစကားစတင်လိုက်ပါသည်။



"ဒီကနောင်ကြီးက ဒီနေ့မှ တောင်ပေါ်ရောက်တာလား"

"ခြော် - ဟုတ်ကဲ့၊ ကျွန်တော်ခုလေးတင်ရောက်တာပါခင်ဗျ"

"ဟိုအရင်ကကော စမတောင်ကိုရောက်ဖူးသေးလား"

"ဒါပထမဆုံးရောက်ဖူးတာပါ"

"ဒါဆိုရင် ကမ္ဘာ့ကပ်ကျော်စေတီသွားဖူးရအောင် ကျွန်တော်နဲ့ လိုက်ခဲ့ပေ့ါ"

တည်းခိုဇရပ်ကြီး၏ ပြင်ပတွင် တောရိပ်တောင်ရိပ်ကြောင့် အမှောင်ထုဖုံးလွှမ်းရှိ၏။ ရိုးမ၏ အအေးဓာတ်ကလည်း စိမ့်ဖွဲ့လာပြီမို့ ဂျာကင်ပါးတစ်ထည်ထပ်ဝတ်ကာ ပါလာသောလက်ဆွဲအိတ်ကို အနီးရှိ အဘိုးအိုတစ်ယောက်ထံ အပ်နှံနေပါသည်။

ထို့နောက် လက်နှိပ်ဓာတ်မီးယူ၍ ဘုရားဖူးရန်ခေါ်သူနောက်သို့လိုက်သွားပါတော့သည်။ တောင်ပေါ်စေတီအနီးသို့ ရောက်သည်နှင့် ဘုရားရင်ပြင်တော်တစ်ခုလုံးမှာ ဖယောင်းတိုင်မီးတို့ဖြင့် ထိန်ထိန်ညီးနေပါသည်။ နံ့သာတိုင်များ၏ ရနံ့များကလည်း တစ်တောလုံးတစ်တောင်လုံးကြိုင်သင်းလျက်ရှိနေပါသည်။

ည၏ အေးမြသောလေညင်းနှင့်အတူ တချွင်ချွင်မြည်နေသော ဆည်းလည်းသံလေးများကလည်း သာယာနာပျော်ဖွယ်ကောင်းလှပေသည်။

ဆရာဦးမောင်မောင်မှာ ဘုရားကိုလက်ယာရစ်ဖူးမြော်ရင်း စေတီတော်ကြီး၏ ထောင့်လေးထောင့်ရှိ ကကုသန္ဓ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟု ဘွဲ့အမည်တော်တပ်ထားသော ဘဒ္ဒကမ္ဘာမှ ဘုရားလေးဆူအား ဖူးမြော်လျက်ရှိပါသည်။

စေတီတော်ကြီး၏ ရင်ပြင်တော်ပတ်လည်တွင်လည်း တရားမှတ်သူ၊ ပုတီးစိပ်သူ၊ အဓိဋ္ဌာန်ပြုသူ ရသေ့၊ ရဟန်းများ၊ သီလရှင်များ၊ အဖြူဝတ်၊ အညိုဝတ်ပုဂ္ဂိုလ်များကို တွေ့ရပါသည်။

ယူဆောင်လာသော အလင်းတိုင်၊ နံ့သာတိုင်များကို ဘုရားရှင်ထံ ကပ်လှူပူဇော်ပြီးနောက် ရင်ပြင်တော်ပေါ်ရှိ နေရာလပ်ကလေးတစ်ခုတွင်ထိုင်လိုက်ပါသည်။ ထို့နောက် ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ ပုတီးစိပ်၊ တရားရှုမှတ်ပြီး မေတ္တာပို့ခြင်းတို့ကို တစ်နာရီသာသာ ကုသိုလ်ပြုခဲ့ပါသည်။

ထို့နောက် တည်းခိုရာဇရပ်ဆီသို့ ပြန်သွားခဲ့ရာ သူနှင့် ဘုရားအတူသွားခဲ့သူမှာ ကျောပိုးအိတ်လေး ခေါင်းအုံး၍ အိပ်ပျော်နေချေပြီ။ ဆရာဦးမောင်မောင်လည်း ထိုပုဂ္ဂိုလ်အနီးတွင် လက်ဆွဲအိတ်လေး ခေါင်းအုံးကာ အိပ်လိုက်ပါသည်။

ညဉ့်နက်လာသည်နှင့် အအေးဓာတ်ကပိုလာပါသည်။ ဆရာကိုဇေယျာက အညာလွှာချင်းစောင်လေး သတိတ ထည့်ပေးလိုက်၍တော်ပေသေး၏။ ဤ ညအဖို့ အိပ်တစ်ဝက်နိုးတစ်ဝက်နှင့်ပင် အရုဏ်တက်ချိန်ရောက်ခဲ့ချေပြီ။ မကြာ မီတွင် အုန်းမောင်းခေါက်သံကြား၍ တည်းခိုဇရပ်တစ်ခုလုံး လှုပ်လှုပ်ရွရွ နိုးထလာကြပါတော့သည်။

ကိုယ့်အုပ်စုနှင့်ကိုယ် ဖယောင်းတိုင်မီးလေးတွေ တလက်လက်ထွန်းညှိကြပြီး ကိုယ်လက်သန့်စင်ကြ၊ မျက်နှာသစ်ကြ၊ ဟိုမှသည်မှ လက်နှိပ်ဓာတ်မီးရောင်လေးများကလည်း သစ်ပင်သစ်တောများအကြား ပိုးစုန်းကြူးလေးများနှယ် ကြည့်၍ပင်ကောင်းလှ၏။

မကြာမီ ဘုရားဖူးလူစုများသည် ကမ္ဘာ့ဓာတ်ပေါင်းစုစေတီတော်ကြီးဆီသို့ တောင်တက်လှေကားအတိုင်း တရွေ့ရွေ့သွားနေကြပေပြီ။ ဆရာဦးမောင်မောင်လည်း အများနည်းတူ ကိုယ်လက်သန့်စင်ပြီး စေတီတော်ကြီးဆီသို့သွားခဲ့ပါသည်။

စမတောင်တော်၏ ထူးခြားချက်မှာ ဘုရားရင်ပြင်တော်ပေါ်၌ ဘုရားအာရုံပြုသူအချင်းချင်း စိတ်အနှောင့်အယှက်ဖြစ်စေသော တစ်ကိုယ်တော်အစွမ်းပြအော်ဟစ်ဘုရားရှိခိုးသူမရှိခြင်းပင် ဖြစ်ပါသည်။

ဆရာဦးမောင်မောင် ဘုရားရှိခိုး တရားထိုင်၊သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာဖြန့်ဝေပို့သပြီးချိန်၌ နေခြည်နေ ပင်ဖြာနေချေပြီ ဖြစ်၏။ ခဏအကြာ သံချောင်းခေါက်သံကြား၍ မျှော် ကြည့်ရာ ဆွမ်းစားဇရပ်ဆီမှ တောင် တော်ကို ဘုရားဖူးလာသမျှ ဝေနေယျ အပေါင်းတို့ကို ယာဂု (ဆန်ပြုတ်)



www.burmeseclassic.com

www.burmeseclassic.com

ကျွေးရန် အချက်ပေးခြင်း ဖြစ်ကြောင်း သိရပါသည်။

ဤသို့နှင့် ဆရာဦးမောင်မောင်လည်း ဆွမ်းစားဇရပ်ဆီသို့ သွားနေကြသူများနှင့်အတူ လိုက်ပါသွားခဲ့ပါသည်။ နံနက်စောစော စမတောင်တော်၏ အာဟာရဒါနဖြစ်သောယာဂု(ဆန်ပြုတ်) ဝှုပူနှင့် ပဲပြုတ်ဆီဆမ်းလိုက်ဖက်လှပေသည်။

နေ့စဉ်အာဟာရလှူဒါန်းကြသော အလှူရှင်များနှင့် တောင်တော် ပေါ်သို့ ရောက်ရှိသမျှ ဝေနေယျအပေါင်းတို့ကို အားတက်သရော ချက် ပြုတ်ကျွေးမွေးနည့်ခံကြသည့် ဝေယျာဝစ္စကုသိုလ်ရှင်အပေါင်းတို့၏ စေတနာသဒ္ဓါတရားကား အတိုင်းအဆကြီးမားလှပေသည်။

အနယ်နယ်အရပ်ရပ်မှစမတောင်တော်သို့ ဘုရားဖူးလာသူမှန်သမျှကို သက်သတ်လွတ်ဟင်းဖြင့်သာ စားခွင့်ပြုကြောင်း သိရပါသည်။ ဆရာဦးမောင်မောင် ယာဂုသောက်ပြီးအပြန်တွင် သူနှင့် တည်းခိုဇရပ်တွင် မိတ်ဆွေဖြစ်ခဲ့သောပုဂ္ဂိုလ်နှင့်တွေ့ပြီး ကမ္ဘာ့ကပ်ကျော်စေတီတော်ကြီး၏ ပရိဝုဏ်အတွင်းသို့ သွား၍ စကားလက်ဆုံပြောဖြစ်ကြပါသည်။

ထိုပုဂ္ဂိုလ်က စတင်၍ သူ့အမည်မှာ ကိုစံဝင်းဖြစ်ကြောင်း၊ နေပြည်တော်ဇွဲမနားမြို့တွင် နေထိုင်ကြောင်း၊ နှစ်စဉ်စမတောင်တော်တွင် အဓိဋ္ဌာန်လာဝင်ခဲ့သည်မှာ (၅) နှစ်ရှိပြီဖြစ်ကြောင်း မိတ်ဆက်ပြောကြားပါသည်။

ထိုပုဂ္ဂိုလ်ကပင် စမတောင်တော်၏ အဓိကဇာတ်ဆောင် ဓမ္မဝိဇ္ဇာကြီးများဖြစ်ကြသည့် အဖေလူ၊ အဖေနွဲ့၊ အဖေရှင်တို့၏ သာသနာပြုလုပ်ငန်း ဆောင်ရွက်ခဲ့ကြပုံများကို စိတ်ဝင်စားဖွယ် ရှင်းပြပါသည်။

စမတောင်တော်မြတ်နှင့်ပတ်သက်၍ ဆရာဦးမောင်မောင်၏မေးမြန်းသမျှကိုလည်း လောကီ၊ လောကုတ္တရာနှစ်ဖြာဉာဏ်တာ ကျေနပ်လောက်သည်အထိ ရှင်းလင်းပြောပြပါသည်။ ကိုစံဝင်းမှာ ဆရာဦးမောင်မောင်ထက် ငယ်သော်လည်း ဒေသန္တရ၊ ဘာသန္တရတို့နှင့် ပြည့်စုံပြီး လေးစားထိုက်သူတစ်ဦးပင် ဖြစ်၏။ ဆရာဦးမောင်မောင်ကိုလည်း အဖေနွဲ့ အရားကျင့်ခဲ့ရာ လေးကြိုးကိုင်ကျောင်းသို့ တက်ရောက်၍ အဓိဋ္ဌာန်ပြုရန် တိုက်တွန်းပြီး သူလည်း ဒီနေ့ နေပြည်တော်ဇွဲမနားသို့ ပြန်ရမည်ဟု နှုတ်ဆက်စကားပြောကာ တည်းခိုဇရပ်ဆီသို့ ပြန်ဆင်းသွားပါသည်။

ဆရာဦးမောင်မောင်လည်း ရောက်သည့်အခိုက် တောင်ပေါ်အနှံ့ လှည့်ပတ်ကြည့်ရှုရန် ဟန်ပြင်လိုက်ပါသည်။ သစ်ပင်ကြီး၊ ငယ်တို့အပေါ် ဖြန့်ကြက်ထားသော နေရောင်ခြည်နုနုကြောင့် ဓတာတောင်သဘာဝအလှမှာ ပို၍ပေါ်လွင်နေပါသည်။

တစ်ပင်မှတစ်ပင်သို့ကူးလူးပြေးလွှားနေကြသော ရှဉ့်လေးများနှင့်အတူ ငှက်ပေါင်းစုံတို့၏ မြူးထူးအော်မြည်သံများကလည်း ကြည်နူးစဖွယ်မြင်ကွင်းတစ်ခုပင် ဖြစ်၏။ မျက်စိတစ်ဆုံး ဝေမှိုင်းညို့ဆိုင်းလျက်ရှိသော တောင်ကြောကြီးအထပ်ထပ်ကလည်း တစ်မျှော်တစ်ခေါ်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ရှေးစာဆိုရှင်ကြီးဦးယာက *'မှိုင်းဝေမင်းလွင်၊ တောတစ်ပြင်မှာ၊ မြသွင်ရွှက်ညောင်း၊ တချို့ပြောင်းက၊ တပေါင်းခေါ်ညီ မိန်ရာသီ'* ဟု နွေသရုပ်ကို လူးတားစပ်ဆိုခဲ့ခြင်း ဖြစ်ပေမည်။

'လွမ်းစရာရုံ သာပေါင်းငယ်စုံ' ဆိုသကဲ့သို့ အပေါင်းပျက်၍ အသစ်ဆက်တက်သောတရားသဘောနှင့်အညီ ကြွေသည့်အရွက်ကကြွေ၊ ဝေသည့်အရွက်ကဝေကာဖြစ်ခြင်း၊ အဖေနွဲ့နှင့် တကွ ဓာတ်ဝိဇ္ဇာကြီးများ၊ မဟိဒ္ဓိရှင်သိဒ္ဓိရှင်အပေါင်းတို့အား မေတ္တာပို့ အမျှပေးဝေခဲ့ပါသည်။

ကြောက်စိတ်မရှိငြားသော်လည်း အကြောင်းရှာမရသောခံစားမှုကြောင့် ကြက်သီးမွေးညင်းများတဖြန်းဖြန်းထနေသည်မှာ ထူးဆန်းနေသလိုပင် ဖြစ်၏။ အဖေနွဲ့၏ကျောင်းဆောင်လေးပေါ်တွင် အတန်ကြာမျှတရားမှတ်နေပြီး အောက်သို့ပြန်ဆင်းကာ တောင်စောင်းတစ်နေရာရှိ ဝါးကွပ်ပျစ်တစ်လုံးပေါ်တွင်သွားထိုင်လိုက်ပါသည်။

ဆရာဦးမောင်မောင်ထိုင်နေသောနေရာ၏အောက်ဘက်ဝါးရုံပင်ကြီးအနီး ဝါးတန်းလျားပေါ်၌ နက်မှောင်ရှည်လျားသောဆံပင်ကိုဖြန့်ကာ ထိုင်နေသော အညိုရောင်ဆင်မြန်းထားသူတစ်ဦးကို တွေ့ရ၏။ အမျိုးသမီးတစ်ယောက်ဟု ထင်မိသွားပါသည်။ ထို့ကြောင့် ဤနေရာတွင် တာရှည်ထိုင်နေရန်မသင့်ဟု ဆုံးဖြတ်ကာ အခြားနေရာသို့သွားရန် ထလိုက်ပါသည်။

"ဒီမှာမောင်ရင်၊ ကျုပ်ဆီကို ခဏလာပါဦး"

အသံပြဲဇာရှိသော ယောကျ်ားတစ်ယောက်၏ခေါ်သံ ဖြစ်၏။ မည်သူ့ကိုခေါ်နေကြောင်းသိလို၍ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိရာ အခြားတစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပါ။

"ဒီကကျုပ်ခေါ်နေတာပါဗျ"

ဆိုသည့်အသံကို ထပ်ကြားရမှ အဆိုပါအသံရှင်နှင့် မျက်နှာချင်းဆိုင်မိသွားပါသည်။ ထိုသူမှာ ဆံပင်ဖားလျားချထားသော အညိုရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်ဖြစ်နေကြောင်း တွေ့ရ၏။

ဒီတော့မှ သူ့ကိုခေါ်နေကြောင်းနှင့် ထိုသူမှာ သူထင်သလို အမျိုးသမီးတစ်ဦးမဟုတ်မှန်း သိသွားပါသည်။ သို့နှင့် ထိုပုဂ္ဂိုလ်ထံသို့သွားရန် ခြေလှမ်းပြင်လိုက်ပါသည်။

"ကျွန်တော့်ကို ခေါ်တာလား ခင်ဗျ"

"ဟုတ်ပါ့ဗျာ၊ ဒီကိုခဏလာပါဦး"

ထိုပုဂ္ဂိုလ်အနီးသို့ ရောက်သောအခါ လှူန်းဘေးတွင်ထိုင်စေပါသည်။ ထိုပုဂ္ဂိုလ်အား အနီးကပ်တွေ့ရမှ မိန်းမချောချောသော ဇာတ်မင်းသားတစ်ယောက်ပုံမျိုး ဖြစ်၏။

ဝါဝင်းသောအသားအရေ၊ ထူထဲနက်မှောင်သောမျက်ခုံး၊ စူးရဲသောမျက်လုံး၊ ပိရိသောနှုတ်ခမ်း၊ လေးထောင့်ကျသော မေးရိုးတို့ကြောင့် ယောကျ်ားပီသသူဟု ပြောရပေမည်။ တွန့်ဆုတ်ဆုတ်ဖြင့် သူ့အားစူးစမ်းသလိုကြည့်နေသော ဆရာဦးမောင်မောင်ကို အကဲခတ်မိပုံရပါသည်။

"ဒီမှာ မောင်ရင်ရဲ့၊ ဒီစမတောင်တော်ဟာ ဓမ္မခရီးသည်တွေ၊ သူတော်ကောင်းတွေ မွေ့လျော်ကြတဲ့အရပ်မို့ ဏာဘယံပါ။ ဘယ်လိုသံသယမှမရှိပါနဲ့။ လူလိမ်လူညာတွေလာလို့မရပါဘူး"

အကွေ့အကောက် အလှည့်အပတ် မာယာများလှသော လောကကြီးဖြစ်၍ အတွေ့အကြုံအရ မယုံရဲသည်ကတော့ အမှန်ပင်ဖြစ်၏။

"ကျုပ်က မောင်ရင်နဲ့ စကားပြောချင်လို့ခေါ်တာပါ။ ဒါနဲ့ မောင်ရင်က ဒီတောင်တော်ကို အဓိဋ္ဌာန်ခရီးနဲ့လာတာလား၊ လေ့လာရုံသက်သက်ပဲလား"

"မိတ်ဆွေတစ်ယောက်က ဓမ္မခရီးပို့ပေးလို့ရောက်ရတာပါ။ ဘာရည်ရွယ်ချက်မှမရှိပါဘူး။ ပြီးတော့ ဒီက ဟို. . . ဟို"

"ကျုပ်ကို ဘရသေ့လို့ ခေါ်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်"

ဆရာဦးမောင်မောင်မှာ သူနှင့်ရွယ်တူလောက်ဖြစ်နေသူတစ်ဦးအား ဘရသေ့ဟုခေါ်ရန် ဆွံ့တွန့်တွန့်ဖြစ်သွားပုံရပါသည်။ သို့သော် ရောမရောက်လျှင် ရောမလိုကျင့်ရပေမည်။

"ဝိဇ္ဇာပညာလမ်းနဲ့ပတ်သက်ပြီး မောင်ရင့်မှာ ဘာအတွေ့အကြုံရှိလဲ"

"ကျွန်တော်က ဆေးကုသတဲ့ အတတ်ပညာသာတတ်တာ ဆိုတော့ ဝိဇ္ဇာလမ်းက ပညာရပ်တွေ ကြားဖူးတာပဲရှိပါတယ်။ လက်တွေ့မသိပါဘူး။ ဘာအတွေ့အကြုံမှလဲမရှိပါဘူး"

"ဩော်၊ ဩော်"

ဆရာဦးမောင်မောင်၏ စကားအား ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပါသည်။

"ဘရသေ့နဲ့ဆုံခွင့်ရတုန်း ဝိဇ္ဇာလမ်းနဲ့ပတ်သက်တဲ့ သိချင်တာလေးတွေ မေးခွင့်ပြုပါ"

"မေးပါဗျာ၊ မေးစေချင်လို့ မောင်ရင့်ကို ကျုပ်အနားခေါ်တာပေါ့"

"ဝိဇ္ဇာပညာရပ်ဆိုတာ မြေလျှိုးမိုးပျံနိုင်ပြီး အကြားအာရုံ၊ အမြင်အာရုံ၊ နိမိတ်အာရုံတွေနဲ့ အမြင်ဓာတ်၊ အကြားဓာတ်တွေရတယ်ဆိုတာသိချင်လို့ပါ"

"ဒါကလည်း အဘိညာဉ်ငါးပါးပေါက်မြောက်အောင်အားထုတ်တဲ့နည်းလမ်းတွေ ဗုဒ္ဓကျမ်းဂန်မှာ အထင်အရှားရှိနေတာပဲလေ။ ယုံယုံကြည်ကြည်ဝီရိယရှိရှိ တူတူတန်တန်လုပ်ဖို့ပဲလိုတာပေါ့ မောင်ရင်ရာ"

"ဒီလိုဆိုရင် ဘရသေ့ကကော ဘယ်လိုအကျင့်စရဏတွေကျင့်ပါသလဲ။ ပြီးတော့ ရည်မှန်းချက်ကဘာလဲ"

"တိုတိုပြောရရင်တော့ သမထကမ္မဋ္ဌာန်းအားထုတ်ပြီး သမထယာနိကလမ်းနဲ့ သံသရာလမ်းဆုံး နိဗ္ဗာန်ကို ကူးမြောက်အောင်ကြိုးပမ်းမယ်ဆိုတာ ကျုပ်ရဲ့ ရည်မှန်းချက်ပဲ။ သမထကိုကျင့်ရတာကလည်း သမ္မာသတိနဲ့ သမ္မာသမာဓိ မဂ္ဂင်နှစ်ပါးကို အရင်းကျကျသိချင်လို့ပဲ။ နောက်ပြီး သမထဆိုတာ ပညတ်နိမိတ်တွေ အလွန်များတာဆိုတော့ ဒီအပေါ်မှာ သာယာနှစ်သက်မှုတွေဖြစ်ပြန်ရင်လည်း တဏှာ၊ လောဘ၊ နီဝရဏတရားတွေရဲ့ ဒုက္ခပေးမှုခံရပြီး သမာဓိပျက်ပြန်ရော။

ဒါကြောင့် ဖြစ်ပေါ်လာတဲ့ တစ်ခုတည်းသောအာရုံမှာ သတိမြဲအောင် သမ္မာသတိကြီးနဲ့ ခိုင်အောင်သာ ချည်ပေရော့။ ဒါဟာ အကျဉ်းချုပ် သမာဓိပဲ။ သမာဓိရမှ ဈာန်ကိုစွ၊ မဂ်ကိုစွပြီးတာလို့ ရှေးဆရာတွေဆိုခဲ့ကြတာပေါ့။

ရန်ကုန်ကိုသွားချင်ရင် ရန်ကုန်ရောက်မယ့်လမ်းကို ဦးတည်မှ ရန်ကုန်ရောက်မှာပေါ့။ သဘောပေါက်ပါတယ်နော်။ မောင်ရင်မေးတဲ့မြေလျှိုးမိုးပျံနိုင်တာတို့၊ အကြားအမြင်ရတယ်ဆိုတာတို့တွေဟာ လမ်းကြောင်းမှန်ရင်ရပါတယ်။

ဒါကြောင့်လည်း နဘိက္ခဝေ၊ ဟိနေန၊ အဂ္ဂဿ၊ ပတ္တိဟောတိ။ အိုရဟန်းတို့၊ ပေါ့လျော့ညံ့ဖျင်းသောလုံ့လဖြင့် မွန်မြတ်သောဌာနသို့ မရောက်နိုင်လို့ နိဒါနဝဂ္ဂသံယုတ်ပါဠိမှာ ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့တာပေါ့။

'အဂ္ဂေနစခေါဘိက္ခဝေ အဂ္ဂဿ ပတ္တိဟောတိ' တဲ့။ အမြတ်ဆုံး လုံ့လဝီရိယဖြင့်သာ အမြတ်စားအထွတ်အထိပ်ကိုရောက်ရှိုးထုံးစံရှိပါသတဲ့ဗျ။ ဒီကျင့်စဉ်တွေထိရောက်မှုရှိမရှိ မောင်ရင့်ကို ကျုပ်တစ်ခုပြောကြည့်မယ်"

ဘရသေ့မှာ ခေတ္တမျက်စိနှစ်လုံးကိုပိတ်ပြီး တစ်ခဏငြိမ်သက်သွားပါသည်။

"မောင်ရင်တို့ဒေသက ပုဂံဘုရင် စစ်ချီခဲ့တဲ့ စစ်လမ်းကြောင်းတစ်ခုမှာ ရှေးဟောင်းစေတီပျက်ဘုရားငုတ်တိုကြီးတစ်ဆူရှိတယ်။ အဲဒီဘုရားငုတ်တိုကြီးကို မောင်ရင်တို့မိတ်ဆွေတစ်စု ရှေးပါရမီဆက်အရ ပြန်ပြုပြင်ဖို့ ကြိုးစားနေကြတယ်။ အဲဒါအမှန်ပဲလား"

"ဗျာ - ဟုတ် . . . ဟုတ်ပါတယ်။ ဒါကိုဘရသေ့ဘယ်လိုသိနေတာလဲ"

ဆရာဦးမောင်မောင်မှာ သူတို့မိတ်ဆွေတစ်စု ကြံစည်ကြိုးပမ်းနေသောကိစ္စတစ်ခုမှ် အလွန်မင်းအံ့ဩသွားပါသည်။

"နောက်ပြီး မောင်ရင်တို့ ဘုရားတည်ရေး၊ ပြုပြင်ရေးကိစ္စတွေမှာ ဘုန်းရှင်ကံရှင် ဆရာတော်ကြီးတစ်ပါး အစအဆုံး ပါဝင်ဦးဆောင် သွားပါလိမ့်မယ်။ ဒါကြောင့် မောင်ရင်တို့အကြံအောင်ပြီပေါ့။

မောင်ရင်လည်း အဲဒီစေတီတော်ကြီးမတည်မီ အမိဌာန်ခရီးတစ်ခုထွက်ရလိမ့်ဦးမယ်။ စေတီတော်ကြီးတည်ဆောက်ရေးလုပ်ငန်းမှာလည်း မောင်ရင်က ဌာပနာတိုက်ပိတ်တဲ့အထိပဲပါရမှာ။ စေတီတော်ကြီးရဲ့ ထီးတော်တင်လှူပွဲ အခမ်းအနားမှာ မောင်ရင်မပါတော့ဘူး"

"ဗျာ - ဘရသေ့၊ ကျွန်တော်က ထီးတင်တဲ့အထိ ဘာဖြစ်လို့မပါရတာလဲ"

"ဒါကတော့ ရှင်းပါတယ်။ မောင်ရင်နဲ့ စေတီတော်ကြီးရဲ့ ပဋ္ဌာန်းဆက်တဒီမှာတင်အဆုံးသတ်သွားလို့နေမှာပေါ့"

ဘရသေ့သည် အနာဂတ်ကာလတစ်ခုကို ကြိုတင်ဟောကိန်းထုတ်နေခြင်းဖြစ်ရာ ဆရာဦးမောင်မောင် နားထောင်နေရုံမှတစ်ပါး အခြားမရှိပေ။ သိချင်စရာ၊ မေးချင်စရာ အကြောင်းအရာများလှသည့်အတွက် -

"ဘရသေ့က လက်တွေ့ကျင့်ကြံအားထုတ်နေတဲ့ပုဂ္ဂိုလ်မို့ မေးပါရစေဦး။ ဒီစမတောင်တော်က ဓမ္မဝိဇ္ဇာကြီးတွေ၊ အရိယာဝိဇ္ဇာကြီးတွေဟာ ဆဋေသဓာတုအမည်ရတဲ့ ဓာတ်ဘုရား (၆) ဆူတိခက်ခက်ခဲခဲ ဖော်ထုတ်နိုင်တာ ဘယ်လိုအကျင့်စရဏတွေကို ကျင့်ကြံကြလို့လဲ ဘရသေ့"

"အဓိကကတော့ သီလတရားပဲ မောင်ရင်။ 'ဣဓဇ္ဇတိ ဘိက္ခဝေ၊ သီလဝတော၊ စေတောပဏိဓိ၊ ဝိသုဒ္ဓတ္တာ' တဲ့။ အဓိပ္ပာယ်ကဘာလဲ ဆိုတော့ သီလရှိသောပုဂ္ဂိုလ်တို့သည် မိမိတို့စိတ်အလိုရှိတိုင်း တောင့်တပြည့်စုံစေတယ်တဲ့။ ဘာကြောင့်လဲသိလား။ အဲဒါအကုသိုလ်အညစ်အကြေးတွေကင်းစင်နေလို့ပဲဗျ။

နောက်ပြီး ရှေးအစဉ်အဆက် ဓမ္မဝိဇ္ဇာကြီးတွေဟာ များသောအားဖြင့် ဆင်းရဲပန်ပုဂ္ဂိုလ်တွေပဲ။ သူတို့ရဲ့ ရင်ထဲနှလုံးထဲမှာ သံမှိုနှက်ထားသလိုခိုင်မြဲနေတဲ့အရာ (၄) မျိုးရှိတယ်။

၁။ သည်းခံတတ်ခြင်းထက်မြတ်သောအရာမရှိဘူးဆိုတဲ့အချက်၊
၂။ မေတ္တာထက် ကောင်းမြတ်သာလွန်တဲ့လက်နက်မရှိဘူးဆိုတဲ့အချက်၊
၃။ သစ္စာထက်မှန်ကန်တဲ့အရာမရှိဘူးဆိုတဲ့အချက်။
၄။ အဓိဋ္ဌာန်ထက် တိကျတဲ့အလုပ်မရှိဘူးဆိုတဲ့အချက်။

ဒီလို အချက်တွေကြောင့်လည်း အခုလို ပေါက်မြောက်တဲ့ ဓမ္မဝိဇ္ဇာကြီးတွေဖြစ်ကြတာပဲပေါ့။ ဒါဆို မောင်ရင်လက်ခံနိုင်လောက်ပါပြီနော့"

"ဟုတ်ကဲ့ လက်ခံပါတယ်။ ကျွန်တော်တို့အရပ်က ဒေးစွန်ပါဘုရားဖူးခေါင်းမြေလျှောက်ဘိုးတော်လို့ပြောနေကြတဲ့ပုဂ္ဂိုလ်တစ်ပါးနဲ့ ကြုံခဲ့ဖူးတယ်။ တပည့်တပန်းတွေ၊ ကိုးကွယ်သူတွေ ဝိုင်းဝိုင်းကိုလည်နေတာပဲ။ အဲဒီမြေလျှောက်ဘိုးတော်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ



www.burmeseclassic.com

www.burmeseclassic.com

ဘရသေ့"

"အဲဒီလိုပုဂ္ဂိုလ်မျိုးတွေကို မြေလျှောက်ဘိုးတော်လို့ ခေါ်ကြသလို မြေလျှောက်ဝိဇ္ဇာလို့လည်း ခေါ်ကြတယ်။ မောင်ရင့်ကို ဗဟုသုတအဖြစ်ပြောရရင် ဒီမြေလျှောက်ဝိဇ္ဇာတွေဟာ အထက်သိဒ္ဓိတွေတော့ မရသေးဘူး။ ဒါပေမယ့် အောက်သိဒ္ဓိ (၅) မျိုးနဲ့တော့ ပြည့်စုံမှာတယ်။

၁။ ပီယသိဒ္ဓိ - တဏှာအကြောင်းခံမပါဘဲ မြင်မြင်သမျှ သတ္တဝါတို့က ချစ်ခြင်း။

၂။ ကာယသိဒ္ဓိ - ဓားလှံလက်နက်၊ သေနတ်ပြီးခြင်း (သို့) ကိုယ့်ကိုရန်ပြုလုပ်မယ့်သူမရှိတော့လို့ ခန္ဓာကိုယ်ကြီးအန္တရာယ်ခပ်သိမ်းကင်းငြိမ်းခြင်း။

၃။ ဓနသိဒ္ဓိ - ရတနာရွှေငွေ၊ ဆန်ရေစပါးပြုလုပ်ဖန်တီးနိုင်ခြင်း။

၄။ ပထဝီသိဒ္ဓိ - မြေပြင်ပေါ်မှာ ခရီးရာခရီးကို လျင်မြန်စွာ သွားနိုင်ခြင်း၊ တစ်နည်းအားဖြင့် မြေကြောရှုံ့နိုင်သော သိဒ္ဓိရှိခြင်း။

၅။ ဥဒကသိဒ္ဓိ - ရေပြင်ပေါ်မှာ ကုဗ္ဗိယာပုတ်လေးပါးနဲ့ မြေပြင်ပေါ်ကဲ့သို့ နေထိုင်သွားလာနိုင်ခြင်းဆိုတဲ့ -

အဲဒီ သိဒ္ဓိ (၅) မျိုးမရှိဘူးဆိုရင် မြေလျှောက်ဝိဇ္ဇာတို့၊ မြေလျှောက်ဘိုးတော်မဟုတ်ဘူးလို့ ရှေးဝိဇ္ဇာပညာရှင်ကြီးတွေမိန့်ခဲ့ဖူးတာပဲ မောင်ရင်ရေ့။ နောက်ပြီး ပီယသိဒ္ဓိရယ်၊ ကာယသိဒ္ဓိရယ်၊ ဓနသိဒ္ဓိရယ်ကို သျှို(၃)ပါးလို့လည်း ခေါ်ကြတယ်"

ဆရာဦးမောင်မောင်မှာ သူမှတ်စုစာအုပ်လေးနှင့် လိုက်မှတ်နေပါသည်။ ထို့နောက် ဘရသေ့အား မေးခွန်းထုတ်ရန်အလုပ်မှာ -

"ဒီကဆရာကိုမောင်မောင်၊ ကျုပ်အမည်က ဦးအောင်သိဒ္ဓိ။ ဒါပဲလေ ဘာဆန်းတာလိုက်လို့"

ဆရာဦးမောင်မောင်မှာ ဒီရသေ့ကြီး သမားဂုဏ်ပြလှချေလားဆိုပြီး စိတ်စပ်အဟောင်းသားဖြစ်သွားပါသည်။ သူတစ်ယောက်၏ စိတ်အကြံကို သိနိုင်ခြင်းဆိုသောကိစ္စမှာ လွယ်ကူသောအလုပ်တော့ မဟုတ်ချေ။

"ဒါတွေက မောင်ရင့်ကို အထင်ကြီးအောင်လုပ်ပြတာတော့ မဟုတ်ဘူး။ သူကျင့်စဉ်နဲ့သူ ဒါလုပ်ရင် ဒါဖြစ်တယ်ဆိုတာကို သိစေချင်တဲ့ စေတနာပါ။ နည်းလမ်းမှန်ကန်စွာနဲ့ ကျင့်ကြံကြိုးစားမယ်၊ တစ်ဖက်ကလည်း အဓိဋ္ဌာန်ပြုချက်မှန်မယ်ဆိုရင် မရနိုင်ဘူးဆိုတာ မရှိနိုင်ပါဘူး။

မောင်ရင့်စိတ်နဲ့သဟဇာတလည်းဖြစ်မယ့်၊ ကိုက်ညီမယ့်စရဏတစ်ခုကို ရွေးချယ်လိုက်။ ပြီးရင် ယုံယုံကြည်ကြည်နဲ့ စွဲမြဲအောင်ကျင့်ပါ။ လူ့စိတ်ဆိုတာ အကောင်းနဲ့အဆိုးကြားမှာသွားနေတာလေ။ ဒီတော့ ယောနိသောမနသိကာရတော့ရှိမှရမယ်။ တန်ဖိုးကြီးတဲ့အရာဆိုတာ လွယ်လွယ်နဲ့မရနိုင်ဘူး။ တန်ရာတန်ဖိုးတော့ပေးရမှာပဲ။

ဒါကြောင့် စိတ္တံ ဒန္တံ သုခါဝဟံတဲ့။ စိတ်ကိုအောင်နိုင်ခြင်းသည် နိဗ္ဗာန်ချမ်းသာကိုတောင်ရယူနိုင်တယ်လို့ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့တာပေါ့။ ပညာဆိုတာ သမုဒ္ဒရာထဲလက်ပစ်ကူးရသလိုဘယ်တော့မှ ဆုံးခန်းတိုင်တယ်လို့ရှိမှာမဟုတ်ဘူး။ ဒါဆို မောင်ရင်ရဲ့ ပါရမီဓာတ်ခံရှိသလောက် နားလည်ပါလိမ့်မယ်"

နှစ်ဦးသားစကားပြောကောင်းနေစဉ် ဆွမ်းစားဇရပ်ဆီမှာ တုံးခေါက်သံကြားရပါသည်။

"ကဲ-လာဟေ့၊ ဆွမ်းစားဖို့ တုံးတောင်ခေါက်နေပြီ သွားကြစို့"

အခြားသော တည်းခိုဇရပ်တို့မှ ဝေနေယျများလည်း ဆွမ်းစားဇရပ်ဆီသို့ တဖွဲဖွဲသွားနေကြပေပြီ။

◆

အောင်ချမ်းသာစေတီတော်မြတ်ကြီး၏ ထီးတော်တင်လှူပွဲကြီး စည်ကားသိုက်မြိုက်စွာ ပြီးဆုံးခဲ့လေပြီ။ ဆရာဦးမောင်မောင်မှာလည်း ထီးတော်တင်လှူပွဲကြီးပြီးမြောက်၍ တစ်လခန့်အကြာမှာ သွားရောက်နိုင်ခဲ့ပါသည်။

မြင့်မားထည်ဝါလှသည့် စေတီတော်ကြီးအား ဖူးမြော်ရင်း စမတောင်တော်ပေါ်၌ ဆုံတွေ့ခဲ့ရသော ရသေ့ကြီးဦးအောင်သိဒ္ဓိ၏ ကြိုတင်မိန့်မှာစကားများကို ပြန်လည်ကြားယောင်နေမိပါသည်။

'မောင်ရင်တို့ ပြန်လည်တည်ထားမယ့်စေတီတော်ကြီးဟာ ပုဂံဘုရင် စစ်ချီတက်ခဲ့တဲ့လမ်းကြောင်းမှာရှိတဲ့ ဘုရားငုတ်ကြီးပဲ။

မောင်ရင်တို့တည်ထားမယ့် စေတီတော်မြတ်ကြီးကို ဘုန်းရှင်ကံရှင်ဆရာတော်ကြီးတစ်ပါးက ဦးဆောင်လမ်းညွှန်သွားလိမ့်မယ်။

စေတီတော်ကြီး စတည်ခါနီးမှာ မောင်ရင်တို့ အဓိဋ္ဌာန်ခရီးတစ်ခု ထွက်ရမယ်။

မောင်ရင်ကလည်း စေတီတော်ကြီး ဌာပနာပိတ်ပွဲအထိပဲ ပါဝင်ဆောင်ရွက်ရမယ်။ ထီးတော်တင်လှူပွဲမှာတော့ မောင်ရင်မပါနိုင်တော့ဘူး'

ရသေ့ကြီး၏ မိန့်မှာစကားများသည် ကာလကြာခဲ့သော်လည်း တိကျစွာ မှန်ကန်ကြောင်းသိရ၍ ဝိဇ္ဇာအတတ်ပညာအား အံ့သြမိပါသည်။ ဆရာဦးမောင်မောင်တို့တည်ထားရန်ကြိုးပမ်းအားထုတ်နေသော ဘုရားငုတ်တိုကြီးမှာ ရှေးမီနောက်မီဒေသခံပုဂ္ဂိုလ်ကြီးများ၏ ပြောကြားချက်အရ သုဝဏ္ဏဘုမ္မိ သထုံပြည် မနူဟာဘုရင်နှင့်ပိဋကတ်တော်များ ပင့်ဆောင်ရာလမ်းကြောင်းမှာရှိပြီး မနူဟာ ဘုရင်မင်းမြတ်ကိုယ်တိုင် တည်ထားခဲ့သောစေတီတော်ကြီးဖြစ်ကြောင်း အခိုင်အမာပြောဆိုခဲ့ကြခြင်းပင် ဖြစ်ပါသည်။

စမတောင်တော်ပေါ်မှ ရသေ့ကြီး၏ မိန့်ကြားစကားအရ ဘုန်းရှင်ကံရှင်များ ဖြစ်တော်မူသော ဒိုက်ဦးမြို့နယ် ဖောင်တော်သီမြို့ရှိ ကျေးဇူးတော်ရှင် ရတနာဘုမ်ကျော်ကျောင်းဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ၊ မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းစေတော်ဝင်ကျောင်း ဆရာတော်ဘုရားကြီး ဇေယျသိဒ္ဓိမဟ္မဉာဏ်က အရှင်သူမြတ်နှင့် ဒိုက်ဦးမြို့နယ် ဘုရားငုတ်တိုကျေးရွာ (ယခု အောင်ချမ်းသာကျေးရွာ) ၏ ပဓာနဆရာတော်ဘုရားကြီး ဦးပညာဝံသတို့၏ ဦးဆောင်လမ်းညွှန်မှုအရ အောင်ချမ်းသာစေတီတော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ပါသည်။

ဆရာ ဦးမောင်မောင်ကိုလည်း စေတီတော်ကြီး၏ ဌာပနာပိတ်ပွဲအထိသာ ပါဝင်ခွင့်ရမည်ဖြစ်ပြီး ထီးတော်တင်လှူပွဲကြီးတွင်မူ ပါဝင်ခွင့်ရမည်မဟုတ်ဟု ကြိုတင် မိန့်ကြားခဲ့သည့်အတိုင်း ထီးတော်တင်လှူပွဲကြီး ကျင်းပမည့်တစ်ရက်အလိုမှစ၍ မိခင်အိုကြီး ကျန်းမာရေး ချို့ယွင်းလာမှုကြောင့် ခရီးစဉ်ပျက်ရပါတော့သည်။


ဆရာဦးမောင်မောင်သည် ဘုရားပွဲလည်းမမီ၊ ထီးတင်ပွဲလည်းမမီဆိုသောစကားနှင့်အညီ ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရသော သူအဖြစ်အား စဉ်းစားနေမိခြင်း ဖြစ်ပါသည်။

ဖေမောင် (ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com



# (မိုးကုတ်) ရွှေပြည်စိုး
## သူသေကိုယ်သေ လင်းယုန်နှင့်လင်းမြွေ

**အေးချမ်းသောနေရာ**

ကျွန်ုပ်၏ဖခင် ဘိုးဘွားထံမှအမွေရထားသော (၁၄) ဧကရှိ လယ်မြေများသည် ရိုးမတောတွင်း၌ ကျောက်ခဲအင်းရွာကလေး၏အနောက်ဘက်တွင်ရှိရာ ရွာနှင့် အတန်ဝေးခြင်း၊ သစ်တင်ကားများသွားရာလမ်းနှင့်လည်း ဝေးကွာလွန်းခြင်းကြောင့် ကားသံ၊ လူသံ ဟူ၍ လုံးဝမကြားရဘဲ ကျွန်ုပ်တို့ လယ်တော၏အနောက်တောင်ထောင့် တောင်ကုန်းပေါ်တွင်ဆောက်ထားသော ကျွန်ုပ်တို့၏ လယ်တဲကလေးသည် အစဉ်သဖြင့် တိတ်ဆိတ်အေးချမ်းနေလေ၏။

ဆောင်းကာလအလယ်သို့ရောက်သော် ကျွန်ုပ်တို့သည် စပါးများရိတ်သိမ်းပြီး၍ တလင်းတွင်စုပုံကာ နံနက်စောစောနှင့် ညဦးပိုင်းတို့တွင် နွားများဖြင့် စပါးနယ်နေချိန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ သားအဖမှာ တဲရှေ့ရှိ ဝါးကွပ်ပျစ်တွင်ထိုင်ကာ ပဲကြီးလှော်သုပ်ဖြင့် ရေနွေးသောက်လျက် စကားစမြည်ပြောဆိုနေကြလေ၏။ လူငှားတစ်ဦးမှာ နွားကျောင်းထွက်သွားသလို တစ်ဦးမှာမူ တဲထဲတွင်အိပ်၍နေလေ၏။

ကွင်းပြင်တစ်လျှောက်တွင် သူ့စပါးကိုယ့်စပါး တဲထိုးကာစောင့်ရှောက်ကြသဖြင့် ကောက်လှိုင်းပုံကြီးများနှင့်အတူ ဖြစ်ကတတ်ဆန်းလုပ်ထားသော တဲကလေးများကလည်း အစီအရီရှိနေကြ၏။ ကိုယ့်ကောက်လှိုင်းပုံကို ကိုယ်စောင့်ကြရ၏။

မြောက်ပြန်လေအသုတ်၌ စပါးရနံ့ သင်းပျံ့ပျံ့ကို ရှူရှိုက်မိသည်။ အေးချမ်းဆိတ်ငြိမ်သော့သက်ငြိမ်ပန်းချီကားတစ်ချပ်သဖွယ်ဖြစ်နေသော ရှုခင်းကိုကြည့်ကာ ကျွန်ုပ်သည် တော၏သဘာဝအလှကို တဝကြီးခံစားနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်သူလယ်သမား၏ သားပီသစွာ လယ်လုပ်ရခြင်းအပေါ်၌လည်း ခုံမင်တွယ်တာမိပါသည်။ အဖေသည် လယ်သမား၏ အခြေခံဖြစ်သော နွားစာကျွေးနည်း၊ လယ်ထွန်နည်း၊ သမန်းမွေနည်း၊ ပျိုးနုတ်နည်း၊ ပေါင်းလိုက်နည်း၊ ရေသွင်းရေထုတ်လုပ်နည်း၊ ကန်သင်းဆည်နည်း၊ စပါးရိတ်နည်း၊ ကောက်လှိုင်းစည်းနည်း၊ကောက်လှိုင်းပုံနည်း၊တလင်းလုပ်နည်း၊ တလင်းတွင် စပါးနယ်ရန် ကောက်လှိုင်းစည်းနည်း၊ စပါးလှေ့နည်း၊ ကောက်ဆွကိုင်နည်းများပါမကျန် စေ့စေ့စပ်စပ်သင်ပေးရာ စိတ်ပါဝင်စားသော ကျွန်ုပ်သည် ပြုံရုံနှင့် ထိုတောင်သူလယ်သမားပညာများတတ်မြောက်ခဲ့ပါသည်။

"သားရဲ့၊ တို့တောင်သူလယ်သမားဆိုတာ တောင်သူပညာကို တတ်ထားရတယ်။ ကိုယ်တိုင်မလုပ်နိုင်တောင် သူများကိုကြည့်ရှုပြီး စေခိုင်းလို့ရတယ်။ ကိုယ့်ကို သူများမလိမ်နိုင်ဘူးပေါ့ သားရယ်။ အဖေတို့မျိုးရိုးကိုက တောင်သူလယ်သမားကြီးတွေဆိုတော့ အဖေတို့ဘိုးဘွားတွေဟာ လယ်လုပ်ပြီး ချမ်းသာလာကြတာသားရဲ့။ ဒီတော့ လယ်လုပ်တဲ့ ပညာတတ်ကို တတ်ထားရမှာ။ ဒီလယ်မြေတွေဆိုတာက မိုးရေမရမှာ လုံးဝမပူရတဲ့ အနေအထားရယ်၊ မြေဆီဩဇာကောင်းမွန်တာရယ်ကြောင့် နှစ်စဉ် စပါးထွက်အားကောင်းတာ သားလည်းအမြင်ပဲလေ။ ဝမ်းစာစပါးအပြင် အပိုသုံးတောင် အများကြီးထွက်တယ်။ အဲဒါကြောင့် စိတ်ဝင်တစားကြိုးစားဖို့ပဲလိုတယ်"

ဟု ဖခင်က စိတ်ရှည်လက်ရှည် ပြောပြဖူး၏။ သို့ကြောင့်လည်း အရာရာကို စိတ်ဝင်စားစွာ စူးစိုက်ခြင်းကြောင့် လုပ်တတ်ကိုင်တတ်ရှိခဲ့ခြင်း ဖြစ်လေ၏။

**မြွေကိုသုတ်ချီသောငှက်ကြီး**

ထိုသို့ ကျွန်ုပ်တို့ သားအဖနှစ်ဦး ပဲကြီးလှော်သုပ်နှင့် ရေနွေးကြမ်းထိုင်သောက်လျက်ရှိစဉ် ကောင်းကင်ယံ၌ ငှက်ကြီးတစ်ကောင်ဝဲလျက်ရှိ၏။

"အဖေ၊ ဟိုအပေါ်မှာဝဲနေတာ စွန်ကြီးများလား"

"စွန်မဟုတ်လောက်ဘူး သားရဲ့၊ ဒီကောင်ကြီးက စွန်ထက်ကြီးတယ်ကွ။ ဘာငှက်ကြီးရယ် မသိပါဘူး"

ကျွန်ုပ်တို့သည် ထိုကြီးမားသော ငှက်ကြီးဆီ အာရုံရောက်နေကြလေ၏။ ထိုငှက်ကြီးသည် သားစားငှက်ဖြစ်၍ သားကောင်ရှာနေခြင်း ဖြစ်ရပေမည်။ အများအားဖြင့် အကောင်ကြီးသော ငှက်တို့မှာ သားစားငှက်များသာ ဖြစ်ကြလေ၏။

ကုန်းတွင် ကျက်စားသော လင်းယုန်၊ လင်းတ၊ စွန်၊ သိမ်း၊ ချိုးသိမ်းတည်းဟူသောငှက်တို့မှာ သားစားငှက်များဖြစ်ကြသကဲ့သို့ ရေတွင်ကျက်စားသော ငှက်ကြီးဝန်ပို၊ ပင်ဂွင်၊ တင်ကျီး၊ ဗျိုင်းစသောငှက်တို့မှာလည်း ငါးကိုရှာဖွေစားသောက်သော သားစားငှက်များသာ ဖြစ်ကြလေ၏။ လင်းယုန်တို့၏ လျင်မြန်မှုမှာ ရေထဲကငါးကိုပင် လျင်မြန်စွာ သုတ်ချီနိုင်ကြလေ၏။

"အဖေ၊ ဒီငှက်ကြီး လင်းယုန်ကြီးများလားမသိဘူးနော်"

"အေးကွ၊ တို့ရွာဘက်တွေမှာတော့ တစ်ခါမှမမြင်ဖူးဘူး။ ဒီဘက်တောနက်တွေထဲမှာတော့ လင်းယုန်ရှိရင်ရှိမှာပေါ့ကွာ"

ထိုသို့ ဝေဖန်နေဆဲမှာပင် ငှက်ကြီးသည် အတောင်ကို ကွေးစုကာ အောက်သို့အရှိန်ဖြင့်ထိုးဆင်းလာသည်ကို တွေ့ရရာ -

"အဖေ ဟိုမှာ ဟိုမှာ ဆင်းလာပြီ"

ဟု ပြောရာ အဖေက -

"အေးအေး - မြင်တယ်"

ဟု ထောက်ခံ၏။

ကျွန်ုပ်တို့နှင့်အတန်ငယ်ဝေးသည့် ရိတ်ပြီးသောလယ်ကွင်းထဲသို့ ထိုးဆင်းလာပြီး ချက်ချင်းပင်ပျံတက်လာရာ ငှက်ကြီး၏ ခြေအစုံတွင် ရှည်လျားသောမြွေကြီးတစ်ကောင် ပါလာသည်ကို မြင်ရလေ၏။

"ဟာ - အဖေ၊ နည်းတဲ့မြွေကြီးမဟုတ်ဘူးဗျ"

"အေးဟာ၊ ဟုတ်တယ်ဟ"

ဟု တအံ့တဩ ထောက်ခံ၏။ မြွေကြီးသည် တွန့်လိမ်လူးလွန့်ရုန်းလျက် ငှက်ကြီး၏ခြေတွင်ပါလာရာ မမြင်စဖူး အထူးအဆန်းဖြစ်လျက် ကျွန်ုပ်တို့ စိတ်ဝင်တစား ငေးမောကြည့်နေကြတော့၏။

**အညံ့မခံသောမြွေကြီး**

ငှက်ကြီးသည် မြွေအား ခါးလယ်မှ သုတ်ချီပြီးပျံတက်လာကာ တောအုပ်ရှိရာ ကျွန်ုပ်တို့တဲဘက်ဆီသို့ ဦးတည်ပျံသန်းလာတော့၏။ ကျွန်ုပ်တို့မှာကြည့်ကောင်းလွန်းသဖြင့် အသေအချာကြည့်ရှုနေရာ လူပ်ရှားရုန်းကန်မှုအားကောင်းသော မြွေကြီးသည် ဦးစွာ ငှက်ကြီး၏ ခြေအစုံကို ရစ်ပတ်လိုက်၏။ ထိုအခါ ပျံသန်းနေသောငှက်ကြီးမှာ ဟန်ချက်ပျက်လျက် ကောင်းကင်တွင် ကသောင်းကနင်းဖြစ်နေတော့၏။

မြွေကြီး၏ ရစ်ပတ်အားသည် အတော်ပင် ပြင်းထန်ပုံရှိလေသည်။ အတောင်ခတ်ရန် ဟန်ချက်ပျက်သည်နှင့် ငှက်ကြီး နိမ့်ဆင်းလာ၏။ ဦးတည်ပျံသန်းလာသည်မှာ ကျွန်ုပ်တို့တဲတည့်တည့်ဖြစ်ရာ -

"အဖေ အဖေ၊ ငှက်ကြီးကျတော့မယ်ထင်တယ်"

ဟု ထင်ကြေးပေး၏။ ကျွန်ုပ်ထိုင်ရာမှထလိုက်သလို အဖေကလည်း ထိုင်ရာမှထကာ ငှက်ကြီးဆီသို့ငေးမောနေကြ၏။ အချိန်အားဖြင့် ကြာလိုက်ခြင်းမရှိပေ။ မြွေကြီး၏ ရစ်ပတ်ခြင်းကိုခံရ သောငှက်ကြီးမှာ မပျံနိုင်တော့ဘဲ ကိုးရိုးကားရားဖြင့် မြေပြင်ပေါ်သို့ ဗုန်းခနဲကျလေတော့၏။

ကျလိုက်သည်နှင့် ကျွန်ုပ်သည် အနီးရှိတုတ်ကို ဆွဲယူကာ တဲရှေ့လယ် ကွင်းပြင်ဆီပြေးသွားသလို အဖေ လည်း ထက်ကြပ်မကွာလိုက်ပါလာ လေ၏။

**သူသေကိုယ်သေ လင်းယုန်နှင့်လင်းမြွေ**

မြင်လိုက်ရသော မြင်ကွင်း ကြက်သီးထဖွယ်ဖြစ်လေသည်။ မြွေကြီး သည် ငှက်ကြီး၏ တစ်ကိုယ်လုံး ရစ်ပတ်ဖျစ်ညှစ်ထားသကဲ့သို့ ငှက်ကြီး ကလည်း သူ၏ ထက်မြက်သော သည်းအစုံဖြင့် မလွတ်တမ်းကုပ်ထား လေ၏။

တဖြောင်းဖြောင်းတဖြန်းဖြန်း မြေပြင်ပေါ်တွင် ဆူညံစွာလုံးထွေး ၏။ ငှက်မှာ သေးသေးမဟုတ်သလို မှာလည်း သေးသေးမဟုတ်ချေ။ အ ပင်ကြီးသောမြွေကြီး ဖြစ်သည်။ သည် ဆုပ်ကိုင်ရင်းဆိတ်ရင်း တိုက်ခိုက်၏။ မြွေကလည်း အား ရစ်ပတ်ကာ ညှစ်သတ်လျက်ရှိ၏။ မာန်ကြီးစွာတိုက်ခိုက်နေသော ခံရသူတို့၏ တိုက်ပွဲမှာ လွန်စွာအား ပြင်းထန်လှပေ၏။

ထိုငှက်ကြီးနှင့် မြွေတို့၏ တို အား တုတ်ကိုယ်စီကိုင်ကာ ဘေး ကျွန်ုပ်တို့သားအဖနှစ်ဦး ငေးမော နေမိကြ၏။ ရုတ်တရက်စကားပင် နိုင်အောင် အံ့ဩငေးမောမှင်တက်



www.burmeseclassic.com

www.burmeseclassic.com

ကြခြင်း ဖြစ်ပေ၏။

ထိုတောတွင်း၏သဘာဝသားရိုင်းတိရစ္ဆာန်တို့၏တိုက်ပွဲမျိုးကား တစ်သက်နှင့်တစ်ကိုယ် ကြုံရန်ခဲယဉ်းရာ ကျွန်ုပ်တို့လည်း ဝင်မရိုက်ဘဲ သည်အတိုင်းပင်ကြည့်နေကြခြင်း ဖြစ်သည်။

"အဖေ ငှက်ကြီးက လင်းယုန်ကြီးဖြစ်နိုင်တယ်ဗျ။ စွန်ဆို ဒါလောက်မကြီးဘူး။ ဒီကောင်က နည်းတာကြီး မဟုတ်ဘူး"

"အေးကွ-ဖြစ်နိုင်တယ်။ သူ့နှုတ်သီးတွေ သိပ်ထက်တယ်၊ ကြောက်စရာကြီးပဲ။ မြွေက လင်းမြွေကြီးကွ။ ဒီလောက်ကြီးတဲ့ လင်းမြွေ အဖေဖြင့် မြင်တောင်မမြင်ဖူးပါဘူးကွာ"

"အေးဗျာ၊ ဒီလင်းယုန်က အလွန်ကြီးတဲ့ လင်းမြွေကြီးကို သွားသုတ်တာကြီး ခံရတာပေါ့"

"လင်းမြွေဆိုတာ အလွန်အားကောင်းတဲ့မြွေမျိုးကွ။ သူ့ရဲ့ အညှစ်ခံရဆိုတာတော့ အတော်အတန် အကောင်အရိုးတွေ တဖြောင်းဖြောင်းကြေထွက်သွားတာ။ ကြည့်ပါဦး၊ လင်းယုန်ကြီး လှုပ်နိုင်တော့ဘူးကွ"

"လင်းမြွေကြီးလည်း မီတဲ့နေရာတွေ အဆိတ်ခံထားရတာ သွေးတွေ ညည်းပါပဲ အဖေရာ။ သူလည်း မသက်သာလှပါဘူး"

ကျွန်ုပ်တို့ ရပ်ကြည့်ပြီးဝေဖန်နေစဉ်မှာပင် တိုက်ပွဲအရှိန်သည် တဖြည်းဖြည်းကျလာ၏။ သူသေကိုယ်သေ လုပြိုင်နွဲ့နေကြသည့် စိတ်ဓာတ်ကားကျဆင်းမတူသေး။ မြွေကြီးကလည်း ရစ်ပတ်ညှစ်ထားဆဲ။ လင်းယုန်ကြီးကလည်း လည်ကုပ်ချီထားဆဲ ဖြစ်သည်။ မြွေကြီးမှာ လက်မောင်းလုံးခန့် ကြီးလေ၏။

"အဖေရာ ကြာပါတယ်။ နှစ်ကောင်စလုံး တွယ်ထည့်လိုက်မှထင်တယ်"

"မလုပ်နဲ့ သား၊ မလုပ်နဲ့။ သူတို့ချင်းချင်းအသက်လုတဲ့ပွဲမှာ ဘယ်သူနိုင်တယ်၊ ဘယ်သူကရှုံးတယ်ဆိုတာ အဖေတို့ကြည့်ကြရအောင်။ ဒါက ပွဲကောင်းပဲသားရဲ့။ နိုင်တဲ့ကောင်ကို အဖေတို့က အန္တရာယ်မပေးဘဲနဲ့ လွှတ်ပေးလိုက်ရအောင် ဟုတ်လား။ နှောင့်ယှက်နေရင် အဖြေကပေါ်လာမှာပေါ့ကွ"

အတန်ကြာသော် ရုန်းကန်မှုများ ငြိမ်သက်သွားကြရာ ငှက်ကြီးသည် ရစ်ပတ်ခံထားရရာမှ ပက်လက်အနေအထားနှင့်ဖြစ်ပြီး သူ၏ ထက်မြက်သော ခြေသည်းများသည် ဆုပ်အားကုပ်အား လျော့လာသည်ကို သတိပြုမိကြပါသည်။

"အဖေ လင်းယုန်ကြီး အခြေအနေမကောင်းဘူးဗျ။ ကြည့်လေ၊ သူ့ကုပ်အား လျော့သွားပြီး မြွေကြီးကညှစ်အားမလျော့ဘူး။ အပြည့်အဝရစ်ပတ်ထားတုန်းပဲ"

"အင်း- လင်းယုန်ကြီးတော့ အရှိုးတွေ ကျိုးကြေကုန်ပြီထင်ပါရဲ့ကွာ။ သူ့ခမျာ မလှုပ်နိုင်တော့ဘူးကွ။ အင်းလေ၊ သူကတော့ စားနေကျ သူ့အစာကိုသူရှာစားတာပါပဲ။ ဒါပေမယ့် မြွေကအကောင်ကြီးပြီး ဒေါသနဲ့ ပြန်တိုက်ခိုက်တဲ့အခါ ခုလိုပြန်ခံရတာကွ။ တကယ်ဆို လင်းယုန်က မုဆိုး၊ မြွေက သားကောင်ပဲ။ ဒါပေမယ့် ကံအလှည့်မသင့်တဲ့အခါ သားကောင်က ပြန်လည်တိုက်ခိုက်ရင် မုဆိုးက သားကောင်ပြန်ဖြစ်ရတတ်တယ် သားရဲ့။ လောကမှာ ဘယ်အရာမဆို ပုံသေကားချတွက်လို့မရဘူး။ ခုမြင်တဲ့အတိုင်းပဲ ပြောင်းပြန်လန်သွားတတ်တယ်။ သားကောင်က မုဆိုး၊ မုဆိုးက သားကောင်ဆိုတာ ဒါမျိုးပဲသားရဲ့"

ဟု ပြောပြလေ၏။

ထိုအခါ ပုံသေနည်း ဆိုတာကိုလည်း ကျွန်ုပ် မယုံနိုင်အောင်ရှိရပြန်လေ၏။ ထက်မြက်သော နှုတ်သီးကိုလည်းပိုင်၏။ ထက်မြက်သော ခြေအစုံကိုလည်း ပိုင်၏။ အလွန်လျင်သော မျက်ဝန်းအစုံကိုလည်း ပိုင်၏။ အမြင့်ပျံသန်းနိုင်သော အတောင်ကိုလည်းပိုင်၏။ ထိုမျှပြည့်စုံသော မုဆိုးလင်းယုန်ကြီးသည် ခြေ၊လက်၊နှုတ်သီး၊အတောင်မပါသည့် အားနည်းသော လင်းမြွေ၏ တိုက်ခိုက်ခြင်းကိုခံရလျက် ယခုအခြေသို့ ရောက်ရသည်ဟူသောအခါ တစ်ခါတစ်ရံ သဘာဝသည် ပြောင်းပြန်အနေအထားသို့ ရောက်ရှိတတ်ကြောင်းကို သဘောပေါက်ရလေ၏။

မှန်ကျောင်းမှ သင်ယူခဲ့ရသော အနိစ္စဟူသောသဘောသည် လောကဌ် ဘယ်အရာမှ မြဲခြင်းမရှိသည်ကိုလည်း တွေးမြင်မိလိုက်လေ၏။

**ဘယ်သူအောင်ပွဲခံသနည်း**

အချိန်မှာ နာရီဝက်ခန့်ရှိခဲ့ချေပြီ။ လင်းယုန်ကြီးမှာ လုံးဝအသက်မရှုတော့ပေ။ အဖေပြောသကဲ့သို့ပင် မြွေ၏ ညှစ်အားကြောင့် အရိုးများကျိုးကြေကာ သေဆုံးသွားဟန်ရှိ၏။ မြွေကြီးကားလုံးထွေးရစ်ပတ်ကာ ညှစ်ထားဆဲရှိ၏။ သို့သော် မြွေကြီးမှာ ဦးခေါင်းတွင် ဒဏ်ရာမရဘဲ ကိုယ်လုံးတွင်သာ ဒဏ်ရာရရာ သွေးများထွက်နေသည်မှလွဲ၍ အသက်ရှင်လျက်ရှိကြောင်း သိရပေ၏။

ကျွန်ုပ်တို့ သားအဖသည် အသေအချာထိုင်လျက် စောင့်ကြည့်နေကြပေ၏။ အတန်ကြာသော် မြွေကြီးသည် စတင်လှုပ်ရှားလာ၏။ သို့ကြောင့် ကျွန်ုပ်တို့ထိုင်ရာမှထကာ အသင့်အနေအထားဖြင့်ကြည့်နေကြ၏။ အထက်မှ နေခြစ်ခြစ်တောက်ပူနေသည်ကို ကျွန်ုပ်တို့ ဂရုမစိုက်နိုင်ကြပေ။ တိုက်ပွဲ၏အဖြေကိုသာ ကျွန်ုပ်တို့ စိတ်ဝင်စားလျက်ရှိ၏။

လင်းမြွေကြီး၏ ဦးခေါင်းသည် ကျွန်ုပ်တို့နေထိုင်ရာ တောင်ကုန်းစပ်ဆီသို့ဦးတည်ပြီး ဖြည်းဖြည်းချင်း စ၍ထွက်၏။ လင်းယုန်ကြီး၏ကိုယ်တွင် ရစ်ပတ်ထားသောအခွေတို့မှာ ကြည့်၍ကောင်းစွာ ပတ်ချာလည်၍ ပြုတ်ထွက်နေ၏။ ဒဏ်ရာအနာတရကြောင့် သွက်လက်မှုကား မရှိပေ။ ဖြည်းဖြည်းချင်းသွားနေ၏။ မကြာမီပင် မြွေ၏ကိုယ်သည် လင်းယုန်ကြီး၏ကိုယ်မှ လွတ်ထွက်၏။ ပြီးလျှင် ဖြည်းဖြည်းချင်းထွက်ခွာသွားတော့၏။

"ဟာ-အဖေ၊ နည်းတဲ့အရှည်ကြီး မဟုတ်ဘူးနော်"

"အေးကွ၊ တစ်လံတောင်ကျော်တယ်။ တောထဲ ဒီလောက်ကြီးတဲ့ လင်းမြွေရှိမှန်း ခုမှတွေ့ဖူးတယ်။ အောင်ပွဲရလင်းမြွေကြီး ဘေးကင်းရာရန်ကင်းရာ ဆီသွားပါ။ သင့်ကို သတ်ဖြတ်စားသောက်မယ့် လင်းယုန်ကြီးကို သင်က ပြန်လည်တိုက်ခိုက် သတ်ဖြတ်ပြီး အနိုင်ယူနိုင်တာမို့ သင့်ကို ငါတို့က ဂုဏ်ယူပါတယ်။ ဘယ်တော့မှမမေ့ပါဘူး။ သင်သတ်ဖြတ်ခဲ့တဲ့ လင်းယုန်ကြီးကိုလည်း ငါတို့ကို ချက်စားခွင့်ပြုပါ။ သင်လည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ရှင်းဘေးကင်းပါစေဗျား"

ဟု အဖေက ဂုဏ်ပြုကာ မေတ္တာပို့ပေးလေ၏။ ကျွန်ုပ် မျက်စိတစ်ဆုံးလိုက်ကြည့်နေမိ၏။ အောင်ပွဲရ စစ်သူကြီးလို သူ့ကိုအထင်ကြီးလေးစားနေမိ၏။ မေတ္တာလည်းသက်ဝင်မိ၏။ အစားခံသတ္တဝါမှသည် မခံချင်စိတ် တည်းဟူသောမာန်ဖြင့် ပြန်လည်တိုက်ခိုက်ရာမှ ရန်သူကို အနိုင်ယူ အောင်ပွဲခံခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်သည် ပြောပြလျှင် ယုံနိုင်ဖွယ်မရှိသော်လည်း မျက်စိဖြင့်တပ်အပ်မြင်ခဲ့ရပေပြီ။ ထိုတွင် ကျွန်ုပ်သင်ခန်းစာရလိုက်တော့၏။ ကိုယ့်ထက်အားနည်းသူဟူ၍ မထေမဲ့မြင်မပြုရာဟူ၍ပင် ဖြစ်သည်။ ထိုအားနည်းသူကလည်း ကိုယ့်ကိုပြန်၍ သတ်နိုင်စွမ်းရှိသည်ကို ကိုယ်တွေ့ကြုံ၍ ဖြစ်ပါသည်။

**တစ်သက်နှင့်တစ်ကိုယ်**

"သားရေ လင်းယုန်ကြီးကောက်ခဲ့ကွာ"

ဟု ဆိုကာ အဖေသည် လယ်တဲသို့ပြန်၍ဦးလှည့်ကာ နွားရိုက်ကြိမ်ကိုင်၍ ပြန်သွားတော့၏။ ဘေးတစောင်း အနေအထားနှင့် သေဆုံးနေသော လင်းယုန်ကြီးအား ကျွန်ုပ်သည် ခြေအစုံမှ ဆွဲယူလိုက်၏။

"ဟား - နည်းတဲ့အကောင်ကြီး မဟုတ်ပါလားဟ"

ဟူ၍ပင် အာမေဋိတ်သံထွက်ရအောင်နင့်နေအောင်လေးလေး၏။ အဖြူနှင့်အနက်ကျားလင်းယုန်ကြီးသည် စွန်ကဲ့သို့ မွဲခြောက်ခြောက်မဟုတ်ဘဲ လှပလေ၏။ စွန်နှင့် လင်းတတို့မှာ မွဲခြောက်ခြောက်ဖြင့် မလှပကြပေ။ သိမ်းငှက်မှာ ကြက်မတန်းလောက်သာရှိပြီး ချိုးသိမ်းမှာမူ ခိုလောက်သာရှိသည်။ ထိုသတ္တဝါတို့မှာ ရွာထဲ၌ကျက်စားပြီး ကြက်ပေါက်စများကိုလာ၍ချီတတ်ကြသဖြင့် မြင်ဖူးကြပါသည်။ စွန်၊ သိမ်း၊ ချိုးသိမ်းတို့သည် သဘာဝအိမ်ကြက်မွေးမြူသူတို့အတွက် အနှောင့်အယှက်ဖြစ်ရာ တွေ့သည့်နေရာ၌ လေးခွဖြင့် ပစ်တတ်ကြလေ၏။ သူတို့ကလည်း အရချောင်သောရွာတို့၌သာ ကြက်သားအုပ်မများ၏ ကြက်ကလေးများကို အစဉ်သဖြင့် သုတ်ချီတတ်ကြ၏။

ထို့ကြောင့် ကျွန်ုပ်တို့ ကလေးဘဝတွင် 'ကျီးကန်း သူခိုး၊ စွန် ဓားပြ၊ လင်းတ သူတော်ကောင်း' ဟူ၍ အော်ဟစ်ရွက်ဆိုတတ်ကြပါသည်။ လင်းတကား သူ့အသားစားသော်လည်း သေပြီးပုပ်မှသာ စားကြပါသည်။ သို့ကြောင့် လင်းတကို ကျွန်ုပ်တို့က သူတော်ကောင်းစာရင်းသွင်းကြ၏။ ဤလင်းယုန်ကြီးမှာလည်း အသားစားသတ္တဝါဖြစ်ရာ ဓားပြစာရင်းသွင်းရမည် ဖြစ်သည်။

"အဖေကြည့်ပါဦး။ နှစ်ပိဿာလောက်တောင်ရှိမလားမသိပါဘူး"

"အေးကွာ၊ အဖေလည်း ဒီလို အကောင်မျိုး ခုမှမြင်ဖူးတာကွ။ အဖေဖြင့် ဒီလိုလင်းယုန် မြန်မာနိုင်ငံမှာရှိမှရှိပါ့မလားလို့တောင်ထင်မိတာ။ လင်းယုန်ကို ပုံတွေထဲပဲမြင်ဖူးတာ။ ချိန်ခွင်ရှိလို့ကတော့ အတိအကျတောင်ချိန်ပြီး မှတ်ထားလိုက်ချင်တယ်"

"အဖေ၊ သားရွာထဲချိန်ခွင်သွားငှားလိုက်ရမလား"

"ငှားမနေပါနဲ့ကွာ၊ ပင်ပန်းပါတယ်။ လက်နဲ့ဆကြည့်ရင် သိနိုင်ပါတယ်"

ဟု ပြောပြီး ကိုင်၍ဆကြည့်၏။

"အင်း - နှစ်ပိဿာလျော့နည်းနည်း၊ ပိုနည်းနည်းပဲကွ"

ဟု ပြောကာ ကျွန်ုပ်တို့သည် ရေနွေးအိုးတည်၍ ရေနွေးဖြောကာ အမွေးနုတ်ကြ၏။ ပြီးလျှင် ကြက်ဖျက်သကဲ့သို့ အဖေကဖျက်၏။ အူ၊ အသည်းများနုတ်ပြီးသော် စစ်ဆေးနေ၏။

"အင်း - ကျွတ်ကျွတ်ကျွတ် လင်းယုန်ဟာ ကျိုးကြေပြီးတော့ကိုသေသွားတာကိုး။ တကယ်အားသန်တဲ့ လင်းမြွေပါလား"

"ဟုတ်တယ်နော် အဖေ။ အမှန်တော့ လင်းနှစ်လင်းကြုံသွားတာ အဖေရ။ လင်းယုန်နဲ့ လင်းမြွေလေ။ လင်းနှစ်လင်းကြုံခဲ့အခါ လင်းယုန်သေရတာပေါ့။ သူက ဒီမြွေနဲ့တွေ့တော့ ဝင့်လည်တာလေ"

"မြွေဆိုတာ သူတို့ရဲ့အစာပဲလေ။ အတော်အတန်မြွေလောက်တော့ ချီသွားရင်းဆိတ်သတ်နိုင်ပေမယ့် ဒီမြွေကကြီးတော့ မသတ်နိုင်ဘူး ဖြစ်နေတာ။ အဲဒီမှာ ရှည်လျားတဲ့မြွေက သူ့ကိုအချိန်မီ ရစ်ပတ်နိုင်လိုက်တာပဲ။ ဒါနဲ့ လေယာဉ်ပျံစက်ပျက်သွားသလို အောက်ကိုထိုးကျတော့တာပဲလေ"

"နဂါးကို ဂဠုန်သုတ်တယ်ဆိုတာ ဒါမျိုးနေမှာနော် အဖေ"

"အင်းပေါ့ သားရဲ့။ ဂဠုန်ဆိုတာ တန်ခိုးရှိတဲ့ ငှက်မျိုးနွယ်တစ်မျိုးဖြစ်သလို နဂါးဆိုတာကလည်း တန်ခိုးရှိတဲ့ မြွေမျိုးနွယ်ပဲလေ။ ဘုရားနိပါတ်တွေမှာပါသလို ပရိတ်တွေမှာလည်း ဂဠုန်နဲ့နဂါးဆိုတာ အထင်အရှားရှိကြောင်း ဘုရားဟောထားတာပဲ။ သဗ္ဗညုတ သုံးလောကထွတ်တင် ဘုရားရှင်ပဲ သားရယ်။ နဂါးတို့၊ ဂဠုန်တို့ အဖေတို့ သာမန်လူတွေမမြင်အပ်ပေမယ့် ဘုရားကတော့ မြင်တာပေါ့။ မြင်လို့လည်းရှိကြောင်းဟောတာပေါ့။ တကယ်ဆိုရင် ဂဠုန်ဆိုတာ လင်းယုန်လို မြွေကြိုက်တဲ့ ငှက်မျိုးဖြစ်နိုင်ပါတယ်။ သူ့အစာက နဂါးလေ၊ လင်းယုန်တွေရဲ့ အဓိကအစာဟာလည်း မြွေပဲလေ။ ဒီတော့ လင်းမြွေကြီး သတ်ပေးတဲ့ လင်းယုန်သားကို အဖေတို့ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါသာ စားခွင့်ကြုံမှာ။ နောက် ဒီလိုအဖြစ်မျိုး၊ ဒီလို အသားမျိုး ဘယ်အခါမှ ကြုံနိုင်မှာ မဟုတ်ဘူး"

"အဖေ သားကို တောထဲခေါ်ခဲ့လို့သာ ဒါမျိုးကြုံရတာ။ ရွာမှာနေရင် ဒါမျိုးမြင်ရဖို့ အဝေးကြီးပေါ့ အဖေရာ"

"သား မြွေကို လင်းဟုတ်၊ မဟုတ် ကော ခွဲတတ်ပြီလား"

"ဒါတော့ သားမှန်ကျောင်းမှာ နေကတည်းကသိတယ်။ လင်းမြွေက အမည်းရောင်၊ အမြီးသွယ်တယ်။ ကိုယ်လုံးရှည်တယ်။ တွင်းထဲဝင်သွားရင် သားတို့ ခြေကန်ဆွဲတာတောင် ပါမလာဘူး အလွန်ခြေကုပ်ကောင်းတဲ့အကောင်မျိုး ငန်းတို့လို မြွေဆိုးတွေကျတော့ အမြီး ပြီးတုတ်တယ်။ အနားမကပ်ရဲကြဘူး လင်းမြွေဆိုရင်တော့ ဘုန်းကြီးကျောင်း သားဆိုတာ ဘာရယ်မဟုတ်ဘူး။ ဆော့ ချင်တာနဲ့ အမြီးလိုက်ဆွဲလေ့ရှိကြတာ ဘယ်တော့မှ ရတယ်မရှိဘူး။ ဒီကောင် မျိုးတွေက အရမ်းအားကောင်းတယ်။ သားက အစောပိုင်းတုန်းက မြွေကြီး ချက်စားဖို့ရချင်တာ။ အဖေက တား တာနဲ့ သနားစိတ်ဝင်သွားတာ"

"သူ့ကျေးဇူးကြောင့် အဖေ ဟင်းစားရတာပါကွာ၊ ကျေးဇူးရှင် တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့ကွ။ သား ရေ ဒီနေ့ညနေစာလည်း စိုပြည် ကွ။ ရွာထဲသွားပြီး ဒေါ်မိစီတော တစ်ပုလင်းလောက် သွားဆွဲပါလား"

"ကောင်းတာပေါ့ အဖေရာ။ သား အိတ်ထဲ ပိုက်ဆံရှိတယ်။ သားခုပဲသွား လိုက်တော့မယ်နော်"

"အေး၊ အေး"

ကျွန်ုပ်၏ တစ်သက်နှင့်တစ် ရှားရှားပါးပါး လင်းယုန်သားစား တော့မည်။

*(သူငယ်ချင်းမှတ်တမ်းကို ခံစားရေးဖွဲ့သည်)*

ချမ်းမြေ့ကြည်

ရွှေပြည်သစ်စိုး (မိုး



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေဗျူဟာ ၁၆၈



**၁၅၀။ အရှေ့တံခါးပေါက် အပြင်ဘက်၌ ငှက်မျိုး (၁၀၀) ပါရှိသည့် ပန်းချီကားထား ရှိခြင်း**

ငှက်မျိုးစုံလင်စွာပါရှိသော ပန်းချီကား၏ပုံနိမိတ်သည် (ဖုန်းရွှေရှုထောင့်အရ) ဘဝတိုးတက်မှုဆိုင်ရာ အခွင့်အရေးအမျိုးမျိုးကို ကိုယ်စားပြုသည်။ အထူးသဖြင့် ငှက်များ၏ အရောင်အသွေးစုံလင်သော ငှက်မွေးတောင်များက အိမ်သို့မင်္ဂလာသတင်းကောင်းများ သယ်ဆောင်လာပေးပါမည်။ မိမိအတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု တည်ထောင်ရန် ရည်ရွယ်ချက်ရှိပါက ငှက်မျိုး (၁၀၀) ထက်မက ထောင်၊ သောင်း၊ သိန်း၊ သန်းများစွာပါဝင်သော ပန်းချီကားဖြစ်ပါက ပို၍ကောင်းမွန်ပါသည်။ ငှက်များနှင့်ပတ်သက်၍ မကောင်းသတင်းသယ်ဆောင်လာသည့်နိမိတ်လုံးဝမရှိခဲ့ဘူးပါ။ ကြီးမျိုးဖြစ်သည့် ငှက်သည်ပင် ကောင်းကျိုးရှိစေပါသည်။ ငှက်များ၏ သဘာဝအရ တေးသံကျူးရင့်တတ်ခြင်းကြောင့် လိုအပ်သော ယန်စွမ်းအင်ကို ရစေပါသည်။ ထို့ကြောင့် အတိတ်နိမိတ်ကောင်းသောငှက်များ၏ ရုပ်ပုံကားချပ်ချိတ်ဆွဲထားရှိကောင်းသည်ကို သိနိုင်ပါမည်။

**၁၅၁။ ညေ့ခန်းအတွင်း တောင်တန်းများပုံ ပန်းချီကားထားရှိခြင်း**

ဘဝတစ်သက်တာအတွင်း သက်ရှည်ကျန်းမာရေးအတွက်လည်းကောင်း၊ အတိတ်နိမိတ်များကောင်းစေရန်အတွက်လည်းကောင်း ညေ့ခန်းအတွင်း တောင်တန်းများပုံ ထားရှိပေးရပါမည်။

ပထမဦးစွာ ခါးထိအမြင့်ရှိသော စားပွဲတစ်လုံးကို အရှေ့ပင်မတံခါးနှင့် မျက်နှာချင်းဆိုင်ပုံစံ ထောင့်ဖြတ်ကျသောအခန်းအတွင်း ထားရှိပါ။ ၎င်းစားပွဲပေါ်၌ တောင်တန်းများပုံစံ အရိပ်ပါရှိသော သလင်းကျောက်တုံးထားပေးပါ။ ညေ့ခန်းအတွင်း အလင်းရောင်ဖြင့် လင်းလက်တောက်ပြောင်နေစေခြင်းဖြင့် ကံကောင်းခြင်းနိမိတ်ကိုဖြစ်စေပါသည်။



**၁၅၂။ အဆင့် (၆) ဆင့်ပါ ရေတံခွန်ထားရှိခြင်း**

အိမ်အတွင်း၌ ဖုန်းရွှေ၏ ရေအစီအရင်အဖြစ် အဆင့် (၆) ဆင့်ပါ ရေတံခွန်ထားရှိပေးခြင်းဖြင့် သက်ဆိုင်သူ၏ ငွေကြေးစီးပွားအခြေအနေများအား မြှင့်တင်ပေးနိုင်ပါသည်။

အဆင့် (၆) ဆင့်ပါ ရေတံခွန်ကို (ညေ့ခန်း၏) အနောက်တောင်အရပ်၊ မြောက်အရပ်၊ အရှေ့အရပ်၊ အရှေ့တောင်အရပ်တို့တွင်ထားရှိပါ။ ထိုအရပ်ထောင့်များက ရေဓာတ်ကိုယ်စားပြုစွမ်းအင်ကိုရစေပါမည်။



အဆင့် (၆) ဆင့်ပါ ရေတံခွန်၏ (၆) ဂဏန်းသည် ကောင်းကင်ဘုံကိုယ်စားပြုဂဏန်းဖြစ်ပြီး ရေတံခွန်ကလည်း ကောင်းကင်ဘုံ (၆) ဆင့်မှ ဆင်းသက်စီးဆင်းလာသည့်နိမိတ်ကို ဆောင်ပါသည်။ အဆင့် (၆) ဆင့်ပါ ရေတံခွန်၏ နောက်ခံတောင်တန်းများက သားသမီးများအဖို့ မိဘ၏ကျောထောက်နောက်ခံပြုပေးခြင်းခံရမည့်သဘောမားမားမတ်မတ်ရပ်တည်ပေးသည့်သဘောကိုဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com







**၁၅၃။ ရွှေရောင်ယပ်တောင်ဆောင်သည့် အလေ့အကျင့်ရှိခြင်း**

တရုတ်လူမျိုးတို့၏ ရိုးရာယုံကြည်အရ ယပ်တောင်သည် မကောင်းသောကံများအား ကောင်းသောကံများအဖြစ် ပြောင်းလဲပေးနိုင်သော အဆောင်ပစ္စည်းတစ်ခု ဖြစ်သည်။ တရုတ်ရှေးနန်းတွင်းသူ/သားများ၌ ယပ်တောင်မဆောင်သည့်သူ မရှိသလောက် တွေ့ရတတ်သည်။ ယပ်တောင်သည် မိမိအား မနာလို အကောက်ကြံမည့်သူများရန်မှ ကာကွယ်ပေးသည့် အဆောင်ပစ္စည်းတစ်ခုပင် ဖြစ်သည်။ ယပ်တောင်အား သတ္တုဓာတ် ကိုယ်စားပြု ရွှေပါဝင်ရောစပ်ပြုလုပ်ပြီး နေ့ရောညပါခတ်ပေးပါက ဘေးဘယာကင်းစေပါမည်။ ထို့ကြောင့် ရွှေယပ်တောင်အား အန္တရာယ်ကင်းရုံသာမကဘဲ မကောင်းသောကံများအား ကောင်းသောကံများအဖြစ် ပြောင်းလဲပေးနိုင်သည့် ပစ္စည်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။

**၁၅၄။ ဂါထာမန္တန်ရွတ်၍ မန်းမှုတ်ထားသည့်လက်စွပ်ဝတ်ထားခြင်း**

အန္တရာယ်ကင်းဂါထာများမန်းမှုတ် (စီရင်) ထားသည့် လက်စွပ်ဝတ်ထားခြင်းဖြင့် အများနှင့် ပြောဆိုဆက်ဆံရေး၊ မိသားစုအရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရည်မှန်းချက် အောင်မြင်ရေးနှင့် စီးပွားဥစ္စာတိုးတက်ရေးတို့၌ များစွာအထောက်အပံ့ဖြစ်စေပါသည်။ ဂါထာများမှုတ်ထားသောလက်စွပ်ကို မည်သည့်လက်ချောင်းတွင်မဆို ဝတ်ပေးနိုင်သည့် (သို့) ကြိုးဖြင့် လည်ပင်းတွင်ဆွဲထားနိုင်သည်။

အဆိုပါလက်စွပ်ကို မိမိကိုယ်နှင့်မကွာ ထိတွေ့နေစေခြင်းဖြင့် စကောင်းသော ဓါတ်များ၏ ဝင်ရောက်နှောင့်ယှက်မှုမှ ကာကွယ်နိုင်ပြီး ကိုယ်ရောင်ကိုယ်ဝါတောက်စေကာ ကျက်သရေမင်္ဂလာရှိစေပါသည်။

**၁၅၅။ လက်ဝါးပြင်ပေါ်၌ ဒေါ်လာတွင်ပါရှိသောလက်မှတ် (အမှတ်အသား) ရေးထိုးပေးခြင်း**



စီးပွားဥစ္စာ တိုးတက်မှုအတွက် အောင်နိမိတ်အဖြစ် မိမိလက်ဝါးပြင်ပေါ်၌ ဒေါ်လာတွင်ပါရှိသော လက်မှတ်ပုံစံအမှတ်အသားရေးထိုးပေးရပါမည်။ ထိုအစီအရင်ကို လစဉ် လဆန်း ၁၅ ရက်တိုင်တိုင် လုပ်ပေးရန်လိုပါသည်။ လက်ဝါးပြင်၌ ဒေါ်လာနှင့်ဆိုင်သော လက်

မှတ်ထိုးရာတွင် အနီရောင်မှင်
အသုံးပြုရပါမည်။ လက်မှတ်ထိုး
ရက်များတစ်လျှောက် မိမိစိတ်အ
လုပ်ငန်းကြီးများအား ကိုင်တွယ်
ရသူ၊ ချမ်းသာကြွယ်ဝသူအဖြစ်
ထားရပါမည်။-၎င်းပြင် လက်မှတ်
အာရုံစိုက်ထားခြင်းဖြင့် မိမိအ
များအား ကောင်းသော ဓါတ်မ
အတောင်အထည်ဖော်ပေးသွား

**၁၅၆။ ဂါထာမန်းမှုတ်ထားသည့်**
**ဝတ်ရတနာ ဆင်မြန်းခြင်း**

ဂါထာမန်းမှုတ် စီရင်
လက်ဝတ်ရတနာ ဝတ်ထား
မကောင်းဆိုးရွားတို့၏ အနှောင့်





www.burmeseclassic.com

www.burmeseclassic.com



ဓမ်းစားမှုများ၊ ဘေးအန္တရာယ်ကျရောက်ခြင်းများမှ လုံးဝအကာအကွယ်ပေးနိုင်ပါသည်။ ဂါထာဖြင့် စီရင်ထားသော သက်ကောက်၊ဆွဲသီး၊လက်စွပ်ဝတ်ဆင်ထားသူသည် ဘေးအန္တရာယ်ကျရောက်သည့်တိုင် မိမိကိုယ်ပေါ်ရှိ ဆွဲသီး၊ လက်စွပ်တို့အား ပွတ်ပေးခြင်း၊ ဂါထာမန်းမှုတ်ပေးခြင်းဖြင့် လွတ်မြောက်နိုင်ပါသည်။

**၁၅၇။ အခန်းအတွင်း နေအမှတ်လက္ခဏာနှင့် လအမှတ်လက္ခဏာထားရှိခြင်း**

နေရော လပါ စွမ်းအင်ကောင်းများကို ပိုင်ဆိုင်ထားပြီး ၎င်းတို့ (၂) ခု ပေါင်းစပ်လိုက်ပါက ပိုမိုအစွမ်းထက်သောစွမ်းအင်များဖြစ်လာပါမည်။



လခြမ်းပုံစံသည် လဆန်းသည့်သဘောဆောင်ပြီး နေ၏ပုံစံက လုံးဝန်းပြည့်ဝသည့်သဘောကို ပြပါသည်။ ထိုသို့ လခြမ်းပုံနှင့် နေ၏ပုံတို့အား ပေါင်းစပ်လိုက်ပါက တရုတ်ရှေးတိုးများတွင် ပါရှိသည့်ပုံစံအတိုင်း တွေ့ရပါမည်။ ရှေးတိုးဖွဲ့စည်းပုံအရ လခြမ်းကို အောက်ခံထားပြီး အပေါ်မှ နေလုံးထွက်နေဟန်ဆည့်ထားသည့်သဏ္ဍာန်တွေ့ရပါမည်။ လခြမ်း၏ အနားစွန်း (၂) ဖက်စလုံးက အပေါ်သို့ကြွတက်နေဟန်ရှိနေပါသည်။



**ယင်နှင့်ယန်မျှတစေခြင်း**

ယင်ဓာတ်သည် လအား ကိုယ်စားပြုပြီး ယန်ဓာတ်က နေအား ကိုယ်စားပြုသည်။ ရှေးတုံးပါသင်္ကေတသည် ယင်နှင့်ယန်၊ နေနှင့်လတို့က နေ့နှင့်ည တစ်လှည့်စီ ကမ္ဘာမြေအား အလင်းရောင်ဖြင့် ဆေးကြောသန့်စင်ပေးကြောင်း (သို့) လိုအပ်သော စွမ်းအင် (ခွန်အား) ဖြည့်ဆည်းပေးကြောင်း ဖော်ပြနေပါသည်။

လရောင်သည် အေးချမ်းခြင်း၊ ဆိတ်ငြိမ်ခြင်းဖြင့် လူသားတို့အား အိပ်စက်အနားယူစေကာ ခံနိုင်ရည်ရှိရန်အတွက် လိုအပ်သော ခွန်အားများကို ပြန်လည်ဖြည့်စွမ်းပေးသည်။

နေရောင်အနေဖြင့် တက်ကြွလန်းဆန်းခြင်း၊ နိုးကြားခြင်း၊ ပြည့်ဝစည်ပင်စေခြင်းသဘောတို့ကို ကိုယ်စားပြုသည်။

နေလုံးပုံစံစီရင်ထားသည့် ကြည့်မှန်အဝိုင်းအား အိမ်အတွင်းထားရှိခြင်းဖြင့် လိုအပ်သော ယန်စွမ်းအင်ကို ရစေပါသည်။

**၁၅၈။ စီးပွားဥစ္စာ ကြွယ်ဝသည့် နိမိတ်ဆောင်ရန် အရှေ့တောင်အရပ်၌ အပြာရင့်ရောင်ဆေးသုတ်ပေးခြင်း**

ဖုန်းရှေပညာ၏ ပါ့ကွာဖော်မြူလာအရ အိမ်၏ အရှေ့တောင်အရပ်သည် စီးပွားဥစ္စာတိုးတက်ခြင်းနှင့်ဆိုင်သည့်အရပ်ထောင့် ဖြစ်သည်။ ၎င်းပြင် အရှေ့တောင်အရပ်သည် သစ်သားဓာတ်နှင့်ဆိုင်သောအရပ်ဖြစ်ပြီး ရေဓာတ်ဖြင့် သစ်သားက ရှင်သန်တိုးတက်ရသည့်နိမိတ်ကိုပြသည်။ ထို့ကြောင့် အရှေ့တောင်အရပ်အား ရေဓာတ်ကိုယ်စားပြု အပြာရောင်သုံးပေးရန် လိုပါသည်။ အရှေ့တောင်အရပ်ရှိ နံရံအား အပြာရောင်ရင့်ရင့်ဆေးသုတ်၍လည်းကောင်း (သို့) အခန်းကျယ်ပါက ရေဓာတ်အစီအရင်ပြုလုပ်ခြင်းဖြင့် လည်းကောင်း စွမ်းအင်မြှင့်ပေးနိုင်ပါသည်။

အရှေ့တောင်အရပ်ရှိအခန်းသည် မိမိ၏အိပ်ခန်း(သို့)ဧည့်ခန်းကဲ့သို့ မိသားစုဝင်အများဆုံးရှိနေတတ်သည့် အခန်းဖြစ်နိုင်ပါသည်။ အိမ်ကဲ့သို့ပင် အလုပ်လုပ်ရာ ရုံးခန်း၏ အရှေ့တောင်အရပ်ကိုလည်း ရေဓာတ်ကိုယ်စားပြု အပြာရင့်ရောင်သုံးပေးနိုင်ပါသည်။



**ယင်ဓာတ်မလွန်ကဲရန်သတိပြုခြင်း**


အပြာရောင်ရင့်ရင့်ဆေးအား အရှေ့တောင်ဘက် နံရံတစ်ခုတည်း၌သာ အသုံးပြုပါ။ အခန်းလုံးပြည့်သုတ်မိပါက ယင်ဓာတ်လွန်ကဲသွားနိုင်ပါသည်။ ထိုသို့ ယင်ဓာတ်လွန်ကဲခြင်းကြောင့် ၎င်း၏ ကိုယ်စားပြု ရေဓာတ်အားကောင်းလာပြီး အိမ်ရှိမိသားစုဝင်များအား ရေနစ်တွင် နစ်မြုပ်မျောပါစေသည့် မကောင်းသောနိမိတ်ကို ဖြစ်စေပါမည်။

**၁၅၉။ ငွေကြေးမပြတ်စတမ်း ကံကောင်းနေစေရန် ဆားဆောင်ထားခြင်း**

ပင်လယ်တွင်းမှ ရရှိသော ဆားကြမ်းအား မိမိ၏ ပိုက်ဆံအိတ်အတွင်း ထည့်ဆောင်ထားခြင်းဖြင့် ငွေကြေးမပြတ်စတမ်း ကံကောင်းနေပါမည်။ အဆိုပါ အစီအရင်သည် ကက်စီနိုကစားသမားများအတွက်အထူး(လက်တွေ့)အသုံးဝင်

www.burmeseclassic.com

www.burmeseclassic.com





သည့် အစီအရင်ဖြစ်သည်။ ဖုန်းရွှေရှု ထောင့်အရ ဆားကြမ်းသည် ပိုက်ဆံအိတ်အတွင်းမှ ငွေများ (အကုန်အစင်) အပြင်သို့ထွက်မသွားရစေဘဲ ဝင်ရောက်လာရန်အတွက်သာ အဓိကထိန်းချုပ်ပေးသည့်အဆောင်ဖြစ်သည်။ မကောင်းသောချီဓာတ်မှန်သမျှ ဆားကို ကြောက်ရွံ့သည့်သဘောရှိသည်။

**၁၆၀။ ဝင်ငွေရရှိမည့် လမ်းကြောင်းသစ်တစ်ခုပေါ်လာရန်စီရင်ခြင်း**

ဝင်ငွေရရှိမည့် လမ်းကြောင်းသစ်ပေါ်လာရန် အညောက်ထွက်ခါစ အပင်စတင်စိုက်ပေးရပါမည်။ အိမ်၏ အရှေ့တောင်အရပ် (စီးပွားဥစ္စာနှင့်ဆိုင်သောအရပ်ထောင့်) ၌ သစ်သားဓာတ်ကိုယ်စားပြု အပင်ပေါက်ကို စတင်စိုက်ပေးချိန်မှစ၍ စီးပွားရေးဆိုင်ရာ အတိတ်ကောင်း နိမိတ်ကောင်းဆောင်သည့်သတင်းစကားများ စတင်ကြားလာရပါမည်။ အရှေ့တောင်အရပ်ရှိ အပင်ငယ်တစ်ဖြည်းဖြည်း ရင့်သန်ရာမှ အသီးသီးလာသည့်အချိန် ဥစ္စာစီးပွားများ စုမိဆောင်းမိရှိလာပါမည်။

**၁၆၁။ မြေဓာတ်ကိုယ်စားပြုအရပ်ထောင့်၌ အနီရောင်လက်ဝတ်ရတနာတစ်ခုထားရှိခြင်း**

အိမ်၏ အနောက်တောင်၊ အရှေ့မြောက်နှင့် အလယ်ဗဟိုနေရာများသည် မြေဓာတ်နှင့်ဆိုင်သောအရပ်ထောင့်ဖြစ်ခြင်းကြောင့် ၎င်းနေရာများ၌ အနီရောင်လက်ဝတ်ရတနာပစ္စည်းထားပေးခြင်းဖြင့် စီးပွားဥစ္စာကံကောင်းလာပါမည်။ အနီရောင်လက်ဝတ်ရတနာတစ်ခုခုကို ရွေးချယ်ပါ။ ပြီးနောက် အနီရောင်(သို့)အဝါရောင်အဝတ်စတစ်ခုဖြင့် ရစ်ပတ်၍ သင့်အိမ်ဝင်းပန်းခြံ၏ အရှေ့မြောက် (သို့) အနောက်တောင်အရပ်၌ မြေတွင်တူး၍ မြှုပ်ထားပေးပါ။ အကယ်၍ သင့်နေအိမ်သည် အထပ်မြင့်အခန်းဖြစ်ပါက အနီရောင်ရတနာအား ဖန်ပံ့ကန်ပြားတွင် ထည့်၍ အခန်း၏ အရှေ့မြောက် (သို့) အနောက်တောင်အရပ်တွင် ထားပေးပါ။

စီးပွားဥစ္စာနှင့် ပတ်သက်၍ သင်၏ ကံကောင်းသောအရပ်ထောင့်များက နှစ်အလိုက် ပြောင်းလဲခြင်းရှိသည်ကို သတိပြုပါ။

**၁၆၂။ မြင်းပေါ်၌ မျောက်တိုင်စီးနေသည့်ရုပ်တုထားရှိခြင်း**

မြင်းပေါ်၌ မျောက်တစ်ကောင်ထိုင်စီးနေသောပုံ စီရင်ထားသော ရုပ်တုထားရှိခြင်းဖြင့် ရာထူးတိုးတက်မည့် အတိတ်နိမိတ်များကို ရစေပါသည်။ ထို အစီအရင်သည် (အထူးသဖြင့်) ငယ်ရွယ်သူများအတွက် ထူးခြားသော တိုးတက်မှုကိုဖြစ်စေပါသည်။ မြင်းပေါ်၌ မျောက်ထိုင်စီးနေသည့်ပုံအပြင် ဆင်အပေါ်၌ မျောက်ထိုင်စီးနေသောပုံကိုလည်း ရွေးချယ်နိုင်ပါသည်။ ၎င်းပုံရုပ်တုသည် များစွာသော ကူညီပံ့ပိုးမှုများဖြင့် ခေါင်းဆောင်ဖြစ်လာစေသည့်သဘော(အထူးသဖြင့် နိုင်ငံရေးလောက၌) အကြီးအကဲဖြစ်မည့်သဘောကို ဖော်ပြပါသည်။







www.burmeseclassic.com

www.burmeseclassic.com

**အောင်နိမိတ်ဆောင်မိတ်ဆွေ (၄) ဦး**

ယုန်နှင့် ငှက်က မြင်းစီးနေသော မျောက်အပေါ် ထိုင်နေသည့်ပုံ ထားရှိပါကလည်း အောင်နိမိတ်ဆောင်စေပါသည်။

ငှက်၏သဘာဝအရ လွတ်လပ်ပေါ့ပါးစွာ ပျံသန်းနိုင်ခြင်းရှိပြီး ယုန်၏သဘာဝက ခုန်၍ပြေးနိုင်စွမ်းရှိသည်။ မျောက်သည် အပင်တစ်ပင်မှတစ်ပင်သို့ လျင်မြန်စွာကူးပြောင်းသွားလာနိုင်သည့် သတ္တိရှိပြီး မြင်းက အောင်မြင်မှုဆိုင်ရာ သတင်းသတင်းများအား ယူဆောင်ပေးတတ်သည်။ အကယ်၍ မြင်းနေရာတွင် ဆင်အစားထိုးပါက ခွန်အားကြီးခြင်း၊ ခန့်စွယ်မှန်သမျှ ဖြိုခွင်းနိုင်ခြင်းသဘောကို ဆောင်ပါသည်။

**၁၆၃။ အသက်မွေးဝမ်းကျောင်းအလုပ်ကံကောင်းစေရန် အလှမွေးငါးကန်ထားရှိပေးခြင်း**

အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကံကောင်းစေရန် အိမ်၏မြောက်ဘက်ကျသောနေရာ၌ အလှမွေးငါးကန်ထားရှိပေးပါ။ ကန်အတွင်း ငါးအကောင်သေး၍ အရေအတွက်များနေစေရပါသည်။ ၎င်းငါးအသေးကလေးများက ယန်စွမ်းအင်ကိုထုတ်ပေးခြင်းဖြင့် အလုပ်အကိုင်ဆိုင်ရာကံကောင်းခြင်းကို ဖြစ်စေပါသည်။ အကယ်၍ မြောက်ဘက်အရပ်တွင်နေရာကျယ်ပါက အလှမွေးငါးကန်အကြီးထားရှိ၍ ကောင်းသောချီဓာတ်များ ဝင်ရောက်လာစေရန် ငါး (၉) ကောင် ထည့်မွေးနိုင်ပါသည်။ ကန်အတွင်းရှိ ငါးများအား အောက်ဆီဂျင်လုံလောက်စွာပေးပါ။ ရေသန့်ရှင်းမှုမရှိ၍ ငါးများသေဆုံးခဲ့ပါက မကောင်းသော ချီဓာတ်များဝင်မလာမီ ငါးကန်အားဆေးကြောခြင်း၊ ရေအသန့်လဲလှယ်ခြင်း၊ သေသွားသော ငါးအစားအသစ်အစားထိုးခြင်းလုပ်ပေးရန်လိုပါသည်။

**၁၆၄။ အချစ်ရေး အိမ်ထောင်ရေးကံကောင်းစေခြင်း**

အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းစေရန် ချစ်ခြင်းမေတ္တာကိုယ်စားပြု အမှတ်သင်္ကေတဖြစ်သော အောင်မြင်ခြင်း နှစ်ဆသင်္ကေတငှက်မောင်နှံ ဖီးနိတ်စ်၊ နဂါးစုံတွဲများအား အိမ်၏အနောက်တောင်အရပ်၌ ထားပေးပါ။ မိမိအတွက် အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းမည့် (နှစ်အလိုက်)ကျရောက်သော အရပ်ထောင့်ကို သေချာ မှန်ကန်စွာ ရွေးချယ်ပါ။

အရပ် (၄) မျက်နှာအား ကိုယ်စားပြုသောသတ္တဝါများမှာ -

ကြွက်သည် မြောက်အရပ်၊
မြင်းသည် တောင်အရပ်၊
ယုန်သည် အရှေ့အရပ်၊
ကြက်သည် အနောက်အရပ်

အဖြစ် အသီးသီးကိုယ်စားပြုသည်။

တရုတ် (၁၂) ရာသီစက်အရ လေ့လာပါက (အချစ်ရေး) အိမ်ထောင်ရေးနှင့် ပတ်သက်၍ သင်သည် ကြက်၊ မြွေ၊ နွားနှစ်တစ်ခုခုတွင် မွေးဖွားသူဖြစ်ပါက သင့်အတွက် အချစ်ရေး၊ အိမ်ထောင်ရေးဆိုင်ရာ ရာသီရုပ်က မြင်းဖြစ်ပါမည်။ အကယ်၍ နဂါး၊ ကြွက်၊ မျောက်နှစ်များတွင် မွေးဖွားခဲ့ပါက အချစ်ရေးဆိုင်ရာ ရာသီရုပ် ကြက်ဖြစ်ပါသည်။

အလားတူပင် -

ယုန်၊ သိုး၊ ဝက်နှစ်များတွင် မွေးခဲ့ပါက ကြွက်ဖြစ်ပြီး။ ကျား၊ မြင်း၊ ခွေးနှစ်များတွင် မွေးခဲ့ပါက ယုန်ဖြစ်ပါမည်။







**၁၆၅။ အနောက်အရပ်၌ ရွှေရောင်ကြက်ရုပ်ထားရှိခြင်းဖြင့် အချစ်ရေး၌ အားကောင်းစေခြင်း**

နဂါး၊ ကြွက်၊ မျောက်နှစ်များတွင် မွေးဖွားသူများအတွက် အချစ်ရေးကံကောင်းခြင်းနိမိတ်ဆောင်ရာသီရုပ်က ကြက်ဖြစ်ပါသည်။

နဂါးသည် မိမိကိုယ်မိမိ ယုံကြည်မှုရှိပြီး ခေါင်းမာတတ်သည်။ ကြွက်



www.burmeseclassic.com

www.burmeseclassic.com



သည် အခွင့်အရေးကောင်းကိုယူတတ်ပြီး ရည်မှန်းချက်ကြီးသည်။ မြောက်သည် လိမ္မာပါးနပ်၍ ဖန်တီးနိုင်စွမ်းပြည့်ဝသည်။ နဂါး၏လျှို့ဝှက်မဟာမိတ်သည် ကြွက်ဖြစ်ခြင်းကြောင့် အချစ်ရေးဆိုင်ရာ လိုအပ်သော စွမ်းအင်များကိုမြှင့်တက်စေပါသည်။ အနောက်အရပ်တွင်ထားရှိသည့် ကြွက်ရုပ်ကို ရွှေရောင်ဖြင့်စီမံ၍ ရတနာများ စီခြယ်ပေးနိုင်သည်။ ၎င်းကြွက်ရုပ်အား အနောက်အရပ်ရှိ မြင့်သောနေရာ (စားပွဲမြင့်၊ စင်) တို့အပေါ်၌သာ ထားရှိပေးပါ။


**၁၆၆။ မြောက်အရပ်၌ ရတနာစီခြယ်ထားသော ကြွက်ရုပ်ထားရှိခြင်း**



ယုန်၊ သိုး၊ ဝက်နှစ်များတွင် မွေးဖွားသူများအတွက် စီးပွားဥစ္စာတိုးတက်မှုနိမိတ်ဆောင် ရာသီရုပ်က ကြွက်ဖြစ်ပါသည်။ စီးပွားဥစ္စာတိုးတက်မှုအတွက် အိမ်၏ မြောက်အရပ်၌ ရတနာစီခြယ်ထားသော ကြွက်ရုပ်ကို ထားရှိပေးပါ။

**၁၆၇။ အချစ်ရေးနှင့် အိမ်ထောင်ရေး အတွက် ရတနာစီခြယ်ထားသော ယုန်ရုပ်ကို ထားရှိခြင်း**

ကျားနှစ်၊ မြင်းနှစ်၊ ခွေးနှစ်များတွင် မွေးဖွားသူများအတွက် အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းစေသော ရာသီရုပ်က ယုန်ဖြစ်ပါသည်။



ယုန်သည် ခွေး၏ လျှို့ဝှက်မဟာမိတ် (မိတ်ဆွေ) ဖြစ်သည်။

ကျားသည် မာန်ဟုန်ပြင်းခြင်း၊ စိတ်မရှည်၊ သည်းခံမှုမရှိခြင်းတို့ကို ကိုယ်စားပြုသည်။

မြင်းသည် ဒေါသတကြီးဖြင့် ကဆုန်ပေါက် (ဒုန်းစိုင်း) ပြေးလွှားနိုင်သည်။

ခွေးသည် သစ္စာရှိခြင်းသဘောကို ကိုယ်စားပြုသည်။ ယုန်သည် မွေးရာပါ အသိဉာဏ်အရ (မိမိအန္တရာယ်အတွက်) တတ်နိုင်သရွေ့ အမြန်ဆုံးမြန်နိုင်သမျှ နှုန်းဖြင့် ပြေးလွှားတတ်သည်။ ရတနာစီခြယ်ထားသော ယုန်ရုပ်ကို အရှေ့အရပ်တွင် ထားရှိပေးခြင်းဖြင့် အိမ်ထောင်ရေး၊ အချစ်ရေးဆိုင်ရာ ချိုခတ်များ ဝင်ရောက် စီးဆင်းစေပါမည်။

**၁၆၈။ အများ၏ ရိုသေလေးစား အသိမှတ်ပြုခံရခြင်းအတွင်း သလင်းကျောက်ဖြင့် လုပ်သော မြင်းရုပ်ထားရှိခြင်း**

ကြွက်၊ မြွေ၊ နွားနှစ်တွင် မွေးဖွားသူတို့အတွက် လူတကာ၏ ချစ်ခင်ကြည်ညိုခံရခြင်း၊ လေးစားအသိအမှတ်ပြုခြင်းခံရမည့် နိမိတ်ရရှိရန် သလင်းကျောက်ဖြင့် ထုလုပ်သော မြင်းရုပ်အား တောင်အရပ်တွင် ထားပေးရပါမည်။

**မြင့်မြတ်သောမြင်းအဖြစ်စီရင်ခြင်း**

တောင်အရပ်တွင် ထားရှိရမည့် မြင်းရုပ်ကို သလင်းကျောက်သားချည်းဖြင့် လည်းကောင်း၊ သလင်းကျောက်စများ (အပေါ်ယံ) စီခြယ်ထားခြင်းဖြင့် လည်းကောင်း အောင်အတိတ်အောင်နိမိတ်ဆောင်ရန် စီရင်ရပါမည်။ မြင်း၏ သဘာဝသည် (ဖုန်းရွှေရှုထောင့်အရ) အောင်မြင်ခြင်း၊ အောင်ပွဲခံခြင်း၊ တောင်သတင်း၊ မင်္ဂလာရှိသောအရာများအား ယူဆောင်ပေးတတ်သည်။

(ပြီးပါပြီ)

ဦးအောင်လှိုင်(သုဝဏ္ဏ)





www.burmeseclassic.com

www.burmeseclassic.com

ခေတ္တ စခန်းချနားမည့် နေရာသည် တောတောင်ပတ်လည်ဝိုင်းလျက် နေပြောက်မထိုးတဲ့ရိုးမတောဟု ဆိုရမည်ပင်။ ပင်စည်မြင့်မားသည့်အပင်ကြီးများက ဝိုင်းဝိုင်းလည်လျက် ပင်ချင်းယှက်နေ၏။

"ခရီးသည်များ ဒီနေရာမှာ ခေတ္တနားပါမယ်ခင်ဗျာ"

ကားစပယ်ယာ၏အသံ။ အချိန်ကား ညနေ (၄) နာရီခန့် ရှိမည်ဖြစ်သော်လည်း ဤတောဤတောင်တွင် နေ့အမှောင်၊ ညအမှောင် ခွဲခြား၍မရတော့။

တည်းခိုစရာဆို၍ သစ်တောဌာနက အသုံးပြုခဲ့ဟန်တူသော အဆောက်အအုံပျက်တစ်ခု။ ခရီးသည်(၃၀)အတွက် အမိုးမှတစ်ပါး အကာအရံ ဟူသည်နတ္ထိ။

ထို့ကြောင့် ကျွန်တော်က ကားပေါ်တွင်ထိုင်လျက် ငုတ်တုတ်ငိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ကျွန်တော်နှင့်အတူ ကားပေါ်တွင်ထိုင်လျက် အိပ်စက်ရန်ဆုံးဖြတ်ဟန်တူသော လူငယ်တစ်ဦးသည် ခပ်လှမ်းလှမ်းထိုင်ခုံတွင် ထိုင်လျက် ကျန်ရစ်ခဲ့လေသည်။

ခရီးသည်များအသီးသီး ကားပေါ်မှဆင်းသွားပြီး မကြာမီ အမှောင်ထုက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးအုပ်လာတော့သည်။ ဟိုအဝေးဆီမှ ဘုတ်ငှက်တစ်ကောင်၏အီသံသဲ့သဲ့ကိုကြားလိုက်သည်။

ဤသို့ဆိုလျှင် ပြင်ပလောကတွင် နေဝင်ရီတရောအချိန်ဖြစ်မည်ဟု ခန့်မှန်းရသည်။

ဒီတစ်ခါ ခရီးထွက်ခဲ့ရသည်မှာ အဆင်မပြေပါ။ ကျွန်တော်တို့ စီးနင်းလာသော ခရီးသည်တင်ကားသည် မုံရွာမြို့မှ နေ့ (၂) နာရီခန့်တွင် ထွက်လာခဲ့သည်။

မုံရွာမြို့မှ အလုံမြို့အထိ ပုံမှန်မောင်းထွက်ခဲ့သည်။ မုံရွာမြို့မှ အလုံမြို့သို့ရောက်ရှိပြီး အလုံမြို့အလွန်တွင် စတင်ဖောက်လာ၏။ ကားသည် ဂီယာ (၃) အထိသာထိုး၍ရသည်။ ကျန်ဂီယာ (၄) မှာ ထိုးမရဟု ဆိုသည်။ အနီးအနားတွင် ကားဝပ်ရှော့ရှိဟန်မတူ။ ဒရိုင်ဘာသည် နံပါတ်(၃)ဂီယာဖြင့်သာ တစ်လမ်းလုံးမောင်းနှင်လာသည်။

ဘုတလင်မြို့ရောက်မှ ဝပ်ရှော့တစ်ခုတွင် ကားကိုပြုပြင်ရသည်။ ထို့ကြောင့် အချိန် (၂) နာရီခန့် ပုပ်သွားသည်။ ကျွန်တော့်မှာ မိတ်ဆွေတစ်ဦး၏ နာရေးကိစ္စအတွက် ခရီးထွက်ခဲ့ရသဖြင့် အချိန်မီရောက်နိုင်ရန် စိတ်ကစောနေတော့သည်။

ရေဦးမြို့သို့ အချိန်နောက်ကျမှ ရောက်လေသည်။ ရေဦးမြို့လွန်သည်နှင့် မဟာမြိုင်တောစပ်သို့ ဝင်ခဲ့လေတော့သည်။ ရေဦးနှင့် ကဒူးမသည် မိုင် (၂၀) ခန့်ဝေး၏။ ကဒူးမမှ အလွန် (၁၅) မိုင်ခန့်အရောက်တွင် မှောင်ရီပျိုးလာ၏။ တောရိပ်တောင်ရိပ်တို့ကြောင့် အမှောင်ထုက ပို၍လာတော့သည်။ မည်သို့ပြစေ ဤတောဤတောင်ဤဒေသတွင် ကားဆရာတို့သည် သွားနေကျ၊ လာနေကျဖြစ်၍ တစ်ညလုံး မဟာမြိုင်တောကိုဖြတ်၍ ခရီးနှင်ကြမည် ဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်လည်း ဤ

# ညွှန့်ဧယျာ

## အိပ်မက်လေလား စေဝါးစိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဒီလမ်းကို (၄)၊ (၅)ကြိမ်မက ဖြတ်သန်းခဲ့သည်။ ညအချိန်တွင် ကားမီးရှေ့၌ အလန့်တကြားပြေးလွှားနေသည့် သမင်၊ ဒရယ်၊ ချေငယ် စသည်တို့ကို မြင်တွေ့ရသည်မှာ ပျော်စရာတစ်မျိုးဟု ခံစားရလေသည်။

သို့သော် ယခုခရီးမှာ တော၏အမှောင်ကို ကားမီးဖြင့် ဖောက်ထွင်းမောင်းနှင်နေဆဲမှာပင် ကားမီးများအား ငြိမ်းသွားလေတော့၏။ မီးအသေး၊ ရှေ့မီးကြီးများအားလုံး ပျက်သွားလေသည်။

ကားမီးများပျက်သွားသော်လည်း စက်မှာကောင်းနေသဖြင့် ဆက်ပြီးခရီးနှင်နေသည်။ သို့ရာတွင် တောနက်လာသည်နှင့်အမျှ အမှောင်ထုကကြီးစိုးလာသည်။ လျှိုများ၊ ချောက်ကမ်းပါးများရှိနေသဖြင့် ကားဆရာသည် တည်းခိုစရာနေရာသို့ အရောက်မောင်း၍ ထိုညအိပ်နေရာတွင် တစ်ညအိပ်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။ အထူးသဖြင့် သားရဲတိရစ္ဆာန်တို့၏ဘေးရန်ကင်းသည့်နေရာကို ရွေးချယ်ခဲ့ခြင်း ဖြစ်လေသည်။

ကံကောင်းသည်မှာ တောနက်ထဲတွင် ခြင်များ၏ဒဏ်မှ အနည်းငယ်ကင်းလွတ်နေခြင်း ဖြစ်၏။

"အန်ကယ်ကြီးက ကလေးဝတင်ပဲလား၊ ခရီးဆက်ရဦးမှာလား"

"ကလေးဝတင်ပါပဲ။ မင်းကကော ခရီးဆက်ရဦးမယ်ထင်တယ်"

"ဟုတ်ကဲ့- ကျွန်တော်က ကလေးဝကတစ်ဆင့် ကလေးမြို့အထိသွားမှာပါ"

ကားပေါ်တွင် ထိုသူငယ်နှင့် ကျွန်တော်ကိုနှစ်ဦးတည်းသာ ကျန်ခဲ့သဖြင့် ထွေရာလေးပါး စကားပြောဖြစ်ကြလေသည်။

"ကျွန်တော်က စိုက်ပျိုးရေးရုံးကဝန်ထမ်းပါ။ ကလေးမြို့မှာ အမှုထမ်းတာ (၃) နှစ်ရှိပါပြီ။ ကျွန်တော့်နာမည်က မောင်အောင်လွင်ပါ ခင်ဗျာ"

မောင်အောင်လွင်မှာ သွက်လက်ချက်ချာပြီး စကားပြောတိုင်း ပြုံး၍ပြောလေ့ရှိသည်။ အသက် (၂၈) နှစ်ခန့်ရှိပြီး အသားညို၍ ကြည့်ပျော်ရှုပျော်ယောကျ်ားပီသသော ကိုယ်ခန္ဓာအချိုးအစားနှင့် လိုက်ဖက်၏။

ခင်မင်စရာကောင်းသော သူ၏မျက်နှာကြောင့် ကျွန်တော်သည် သူ့အားရင်းနှီးကျွမ်းဝင်သွားတော့သည်။

ကျွန်တော်က သူ့အလုပ်နှင့်ပတ်သက်၍ အနည်းငယ် စိတ်ဝင်စားသဖြင့် သူ့အကြောင်း တစိုးတစိမေးကြည့်လိုက်၏။

"မင်း အရင်က ဒီလမ်းကိုမကြာမကြာသွားဖူးမှာပေါ့ ဟုတ်လား"

"ဟင့်အင်း - အခုမှ ဒါပထမဦးဆုံး လာဖူးတာပါ ခင်ဗျ။ အရင်အခေါက်တွေက ရေကြောင်းကပဲ မော်တော်တို့၊ ချင်းတွင်းသင်္ဘောတို့နဲ့ လာဖူးပါတယ်"





www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်ကတော့ ဒီလမ်းက မကြာခဏသွားဖူးတယ်။ ဒီတစ်ခါတော့ အဆင်မပြေဘူး။ ကားကတစ်လမ်းလုံး လည်းပျက်တယ်။ ကားကောင်းပြန်တော့ ကားမီးတွေကအကုန်ပျက်တယ်။ တစ်ခါမှ အခုလိုလမ်းမှာမအိပ်ဖူးပါဘူးကွယ်"

"ကျွန်တော်တို့ရုံးကိစ္စကလည်း မိုးတွင်းမှာအသွားများတော့ မော်တော်နဲ့ပဲသွားဖြစ်တယ်။ မိုးတွင်းမှာ ကားလမ်းက သွားလို့မရတော့ ရေကြောင်းနဲ့ပဲသွားတာများပါတယ် ခင်ဗျာ"

လူငယ်သည် စကားပြောနေရာမှ သူ၏အိတ်ကပ်အတွင်းမှ စီးကရက်ဘူးအားထုတ်ယူပြီး ကျွန်တော့်အား လှမ်းပေးလျက်-

"စီးကရက်သောက်ပါဦး"

"အန်ကယ်မသောက်တတ်ပါဘူး၊ ကျေးဇူးပဲ"

"ကျွန်တော်လည်း စီးကရက်ကို ဖြတ်ဖို့ ကြိုးစားနေပါတယ်။ မအောင်မြင်သေးဘူးခင်ဗျ။ အန်ကယ်ကို အားနာပါတယ်။ ကျွန်တော် အောက်ကိုဆင်းပြီး နည်းနည်းပါးပါးဖွာလိုက်ဦးမယ်။ အန်ကယ်လည်း ညောင်းရင်ခေတ္တအနားယူပါဦး"

ထိုသို့ပြောဆိုလျက် မောင်အောင်လွင်သည် ကားအောက်သို့ စီးကရက်ဘူးလက်မှာကိုင်လျက်ဆင်းသွားလေတော့သည်။

ကျွန်တော်လည်း ခရီးပန်းနေသဖြင့် ကားနံရံကိုမှီလျက် အိပ်ငိုက်နေရာမှ ဘယ်အချိန်က အိပ်ပျော်သွားသည်မသိ။ တစ်စုံတစ်ခုက ကျွန်တော်၏ခြေထောက်ကိုတွန်းလိုက်မှ အိပ်ရာမှ နိုးလာလေတော့သည်။

"ကန်တော့ ကန်တော့ အန်ကယ်ကြီး"

ကျွန်တော့်အားတိုးမိရာမှ လှုပ်နိုးသလိုဖြစ်သွားသဖြင့် လူငယ်မှာ အားနာသွားဟန်တူ၏။ ကျွန်တော် မည်မျှကြာအောင်အိပ်ပျော်သွားသည်ကိုမသိလိုက်ရသော်လည်း ဟိုအဝေးတစ်နေရာမှ တောကြက်တွန်သံကို ကြားရသဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ အရှေ့အရပ်ဆီမှ ရောင်နီဖျော့ဖျော့ကို တွေ့နေရသည်။ ဒါဆို ကျွန်တော်သည် တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့လေသည်။

လက်နှိပ်ဓာတ်မီးကိုယူ၍ လက်မှ နာရီအား ကြည့်လိုက်ရာ နံနက် (၅) နာရီအချိန်ကို ပြနေသည်။

လူငယ်က ကျွန်တော့်အား တစ်စုံတစ်ခုကိုပြောချင်ဟန်ဖြင့် စကားစလိုက်လေသည်။

"အန်ကယ်ကြီး ညကကောင်းကောင်းအိပ်ပျော်တယ် ထင်တယ်"

"အေးကွာ၊ အခုမှပဲနိုးတော့ တစ်ညလုံးလိုလို အိပ်ပျော်သွားတယ်ဆိုပါတော့"

လူငယ်သည် ကျွန်တော့်အား ထိုသို့မေးခြင်းမှာ အကြောင်းတစ်ခုခုရှိပြီဟု သိလိုက်သည်။ အကြောင်းမဲ့မေးခြင်း မဟုတ်ကြောင်း၊ သူ၏ လေသံကို အကဲ ခတ်၍ သိနိုင်၏။

ထို့ကြောင့် ကျွန်တော်က သူ့အား အကဲစမ်းလိုသဖြင့် ပြန်၍မေးလိုက်လေသည်။

"မင်းလည်း ကောင်းကောင်းအိပ်ပျော်တယ် မဟုတ်လား။ ကားပေါ်မှာပဲ အိပ်တယ်မဟုတ်လား"

လူငယ့်ထံမှ ကျွန်တော်ထင်ထားသောအဖြေက ထွက်မလာ။

"မအိပ်ရပါဘူး အန်ကယ်ကြီးရာ။ တစ်မှေးမှမမှေးရပါဘူး"

"ဩော် - ဟုတ်လား၊ ခြင်လည်း သိပ်မကိုက်ပါဘူး။ အန်ကယ်တော့ အိပ်မောကျသွားလို့ ညဥ့်နက်ပိုင်းမှာ ခြင်ကိုက်၊ မကိုက်ဆိုတာ မသိလိုက်ပါဘူးကွာ"

"ခြင်ကိုက်လို့မဟုတ်ဘူးအန်ကယ်ကြီးရေ့ ခြင်ကိုက်လို့မဟုတ်ဘူး ခင်ဗျ"

"ဩော် - ဒါဖြင့် အိပ်ရာနဲ့ကျကျနနမအိပ်ရလို့ထင်ပါရဲ့ ဟုတ်လား"

"အန်ကယ်ကြီးထင်တာ တစ်ခုမှ မဟုတ်ပါဘူး။ ကျွန်တော် ကာရာအိုကေသွားဆိုနေလို့ပါ ခင်ဗျာ"

"အိပ်မက်တွေမက်နေတယ်ဆိုပါတော့"

"အိပ်မက် မဟုတ်ရပါဘူးဗျာ၊ တကယ်ဆိုနေခဲ့တာပါ"

"အိပ်မပျော်တာနဲ့ တစ်ညလုံး အပြင်မှာထိုင်ပြီးသီချင်းထိုင်ဆိုနေတယ်ဆိုပါတော့"

"ဟဲဟဲ - အန်ကယ်ကြီးကလည်း မက်ခွက်နဲ့ အကျအနကိုယ်တိုင်သီဆိုတာပါ ခင်ဗျ"

"ဟေ-ဘယ်တုံးကလဲ၊ ညတုန်းကလား။ ဘယ်မှာလဲ"

ကျွန်တော်သည် လူငယ်၏ ပြောစကားကြောင့် များစွာအံ့ဩမိလေသည်။ အိပ်မက်ကို တကယ်ထင်၍ပြောနေဟန်တူသည်။ ထို့ကြောင့် ရယ်ချင်သည့်စိတ်ကို မနည်းထိန်း၍ဆက်ပြီးမေးလိုက်လေသည်။

"ဘယ်မှာသွားဆိုတာလဲ ပြောပါဦး"

ကျွန်တော်သည် ဤခရီးကိုမကြာခဏသွားဖူးခဲ့ရာ ကျေးရွာလက်ဖက်ရည်ဆိုင်များတွင် ကိုယ်နှစ်သက်ရာ သီချင်းများဖွင့်၍ အသံကုန်ဟစ်နေကြသော ဒေသခံရွာသားများကို မြင်ဖူး၊ တွေ့ဖူးပါ၏။ မြန်မာသံစဉ်ကို စည်းဝါးကျနစွာ သီဆိုနေကြသည်ကိုလည်း အခါခါတွေ့ဖူးလေသည်။ သို့သော် ထိုလက်ဖက်ရည်ဆိုင်ကလေးများမှာ မြို့နှင့်မနီးမဝေးရှိ ကျေးရွာလက်ဖက်ရည်ဆိုင်များသာ ဖြစ်ကြလေသည်။

"အန်ကယ်ကြီးကလည်း၊ ဒီလမ်းကို မကြာမကြာသွားဖူးတယ်လည်း... ရဲ့။ ဒီအနားကရွာတောင်မသိဘူးထင်ပါရဲ့"

လူငယ်သည် ကျွန်တော်၏အမှတ်သညာနည်းပုံကို အပြစ်တင်၍ သူ၏ ကာရာအိုကေဇာတ်လမ်းကို အောက်ပါ အတိုင်း ခပ်တည်တည်ဖြင့် အကျယ်တ... ဝင့် ရှင်းလင်းပြောပြနေပြန်သည်။ မော... အောင်လွင်ပြောပြသော အကြောင်း... အရာများကို အောက်တွင် ဖော်ပြလိုက်... ပါသည်။

မောင်အောင်လွင်ခေါ် စိုက်ပျိုး... ရေးဌာနမှ ဝန်ထမ်းလူငယ်သည် စီး... ရက်တစ်လိပ်အား မီးညှိလျက် ကား... မှဆင်းသွားပြီး ခပ်လှမ်းလှမ်းမှာရှိ... သစ်ငုတ်တစ်ခုပေါ် ထိုင်လျက် စီးက... ကို အားပါးတရဖွာရှိုက်နေလေသည်...

ထိုအချိန်တွင် လေထဲမှ... လာသော သီချင်းသံသဲ့သဲ့ကို သတိ... လိုက်လေသည်။ အစဦးတွင် ခရီး... များထံတွင်ပါရှိလာသော အိတ်... ရေဒီယိုမှအသံဟု ထင်လိုက်မိ... သို့သော် သေချာစွာ နားစွင့်လို... သီချင်းသံသည် အဝေးတစ်နေရာ... သောအသံဖြစ်ကြောင်း သိလိုက်... သည်။

သီချင်းသံရှိလျှင် မုချလူနေ... ရှိရမည်ဟု တွက်လိုက်လေသည်။ ... ကြောင့် လူငယ်တို့၏ သဘာအော... တေးသံလွင်လွင်ထွက်ပေါ် လာရာ... ထွက်ခဲ့လေတော့သည်။ တေးသံ... နီးလာသည်နှင့်အမျှ ပို၍ပို၍ပီသ... မြလာလေသည်။

*"တစ်မြို့စီခြားပေမယ့် xxx ... ကချစ်သူ××××သူ့ကိုယ်သာဝေ...*



www.burmeseclassic.com

www.burmeseclassic.com

*ဘုန်းမာတော်မူပါစ×××လေလှိုင်းကြားက ခွန်းဆင့်ပါရဲ့အဆွေ"*

အသံရှင်မှာ သာမန်ကျေးရွာသူဖြစ်ပေမည်။ ရေဒီယိုမှလာခြင်းမဟုတ်သည်မှာ သေချာ၏။ ခပ်လှမ်းလှမ်းတွင် မီးအလင်းရောင်းကိုတွေ့နေရ၏။ ကျေးရွာလက်ဖက်ရည်ဆိုင် ဖြစ်နိုင်သည်။ ထို့ကြောင့် မောင်အောင်လွင် ခပ်သုတ်သုတ် လျှောက်လှမ်းလာခဲ့လေသည်။

သိပ်မကြာလိုက်ချေ။ အင်ဂျင်မီးစက်သံနှင့်အတူ ထွက်ပေါ်နေသော သီချင်းသံကို ကြားနေရသည်။

*"ငယ်စဉ်ခါတုန်းက ××× တောရွာလေ့ တို့တစ်တွေအတူနေ ××× ခုများတော့ တစ်ပြည်ခြား ××× မေ့အားနိုင်ရက်ပေ××× မောင့်အပေါ် ချစ်တာတစ်ခုတည်းသိတယ်လေ×××မေတ္တာအသချို ထေးတစ်မြေခြားသူမောင်ရေ×××"*

သီဆိုသူ မိန်းကလေး၏ အသံသည် နောက်ခံတီးလုံးနှင့် လိုက်ဖက်ညီစွာ သီဆိုနိုင်သဖြင့် နားဝင်ပီယံဖြစ်လှသည်။

တရုတ်အင်ဂျင်မီးစက်ဖြင့် မီးများထွန်းထားပြီး ဝါးထရံကာ၊ သက်ကယ်မိုးထား၏။ ပေ (၃၀) ပတ်လည်ခန့် ဆိုင်အတွင်းစားပွဲခုံများ ခင်းထား၏။

ကားသမားဟုထင်ရသောလူရွယ် (၁၀) ယောက်ခန့်သည် လက်ဖက်ရည်သောက်ရင်း တေးသံကိုနားထောင်လျက်ရှိသည်။

မောင်အောင်လွင် ဝင်လာသည်ကို မည်သူမျှ ဂရုမထားဘဲ တေးသံရှင်၏ သီချင်းတွင် နစ်မြောနေဟန်တူ၏။

စားပွဲခုံအလွတ်တစ်နေရာတွင် မောင်အောင်လွင်က ဝင်ထိုင်လိုက်၏။

"လက်ဖက်ရည်လား၊ ကော်ဖီလားခင်ဗျာ"

စားပွဲထိုးလူငယ်က ကိုယ်ကိုကိုင်းညွတ်လျက် ရိုသေစွာမေးလိုက်၏။

"လက်ဖက်ရည်ခပ်ကျကျတစ်ခွက်ပေးကွာ"

ဆိုင်အတွင်းတွင် နှစ်ပေမီးချောင်းလေးချောင်းထွန်းထားပြီး ဆိုင်၏ဝါးထရံကို ကျော်ပေလျက် (၂၁) လက်မတီဗွီတစ်လုံးကို သောက်သုံးသူများဘက်သို့ လှည့်ထားလေသည်။

တေးသီချင်းသီဆိုနေသော တေးသံရှင်မိန်းမပျိုလေးမှာ ကိုယ်တစ်ခြမ်းကို တီဗွီဘက်သို့လှည့်ထားပြီး သီဆိုနေလေသည်။ အသက်အားဖြင့် (၂၅) နှစ်ခန့်ဟုထင်ရသော ထိုအမျိုးသမီးငယ်မှာ အချိုးအဆစ် ပြေပြစ်ချောမောသည်ကို သတိပြုမိလိုက်သည်။

ဤလိုနေရာမျိုးတွင် ဤမျှ လှပချောမောသော အမျိုးသမီးအားတွေ့ရသဖြင့် မောင်အောင်လွင်သည် အလွန်အံ့ဩသွား၏။ ထို့အတူ ဥစ္စာစောင့်များလားဟု ထင်မိလိုက်သည်။ မည်သို့ဖြစ်စေ အခြားအဖော်များလည်း ရှိနေသည်ကတစ်ကြောင်း၊ မိမိကိုယ်တိုင်လည်း မိန်းမပျို၏အလှတွင် စွဲမက်နေမိသဖြင့် သံသယစိတ်ကို ဘေးဖယ်ထားလိုက်လေသည်။

ဖြူဖွေးသွယ်ပျောင်းသော လက်ချောင်းလေးများဖြင့် မိုက်ခွက်ကို ကိုင်ထားပြီး သီဆိုနေဟန်မှာ မောင်အောင်လွင်အတွက် ဗေးမဆုံးအောင်ဖြစ်နေတော့သည်။

သူမသီဆိုနေသော တေးသွားကို မောင်အောင်လွင်က ခပ်တိုးတိုးလိုက်ဆိုနေမိသည်။

"ပိတောက်ပန်းတွေ ××× ပင်ယံနန်းဝေ့လျှမ်းပနေ××××ငယ်ချစ်ဆွေရေ ×××နေနိုင်တော်မူအားရက်ပေ"

အသံရှင် မိန်းကလေးသည် ရင်တွင်းမှ လှိုက်လှိုက်လှဲလှဲသီဆိုနေရင်း တစ်ချက်တစ်ချက် ဆွေးမြည့်စွာခံစားနေသောဝေဒနာကို ဖော်ကျူးနေဟန်တူ၏။ မကြာခဏ မောင်လွင်အား စောင်းငဲ့ကြည့်လိုက်ပြန်သည်။

မိန်းမပျို၏တေးသံ ပြီးဆုံးသွားသည်နှင့် အခြားဝါသနာရှင်များက မိမိတို့နှစ်သက်ရာ တေးသီချင်းများကို ဝင်ရောက်သီဆိုကြပြန်သည်။

နဂိုကပင် အဆိုဝါသနာပါသော မောင်အောင်လွင်မှာ သီဆိုသမျှ တေးသီချင်းအားလုံးကို စိတ်ပါလက်ပါ နားသောတဆင်နေလေ၏။ 'မြသီတာအကြိုထောက်ပြန်တော့' သီချင်းကိုလည်း အဆိုတော် တွံတေးသိန်းတန်၏ဆိုဟန်အတိုင်း တစ်ဦးကသီဆိုသွားလေသည်။

"ဒီကအစ်ကိုကအဆိုဝါသနာမပါဘူးလားရှင့်"

ဘယ်အချိန်က အနားသို့ရောက်လာမှန်းမသိ တေးသံရှင် မိန်းမပျိုလေးက ပြုံးစစမျက်နှာပေးဖြင့် နှုတ်ဆက်မေးမြန်းလိုက်လေသည်။

"ဟဲဟဲ - နည်းနည်းပါးပါးတော့ ဝါသနာပါပါတယ်"

"ဒါဆိုရင် ကာရာအိုကေအားပေးပါဦးရှင်။ သီချင်းတစ်ပုဒ်ကို (၂၀၀) ကျပ်ပါရှင့်။ ကျွန်မက ကျွန်မအစ်ကိုရဲ့ လက်ဖက်ရည်ဆိုင်မှာ ကာရာအိုရောတွဲပြီး ဖွင့်ထားတာပါ"

"ဪ- ဒါကြောင့် အဆိုပိုင်တာကိုး။ ဆိုပုံရော အသံပါ ကောင်းတယ်။ ကျွန်တော်ဖြင့် နားထဲကကိုမထွက်တော့ဘူး"

"ကျွန်မတို့ရွာမှာတော့ ခေတ်ပေါ်သီချင်းတွေ သိပ်မရကြဘူးရှင့်။ တောဆန်တယ်ပြောမလား၊ မြန်မာသီချင်းတွေပဲရပါတယ်"

"ကောင်းပါတယ်၊ ကျွန်တော်လည်း မြန်မာသံစဉ်ကို ပိုပြီးကြိုက်ပါတယ်"

"ဒါဆို အစ်ကို တစ်ပုဒ်လောက် ညီမဆိုင်ကို အားပေးတဲ့အနေနဲ့ ဆိုပါလားရှင့်"

မောင်အောင်လွင်မှာ ရေငတ်တုန်း ရေတွင်းထဲကျဆိုသကဲ့သို့ ဖိုးဆိုချင်ခင်မျှ မတ်ခွက်ကို လှမ်းယူလိုက်လေသည်။

ထို့ကြောင့် သူ၏ရင်တွင်းမှ ပေါ်ထွက်လာသော 'အိပ်၍မပျော်သော ညတစ်ည' သီချင်းကို ရွေးချယ်သီဆိုလိုက်လေသည်။

ဆိုင်အတွင်းမှ ပရိသတ်အားလုံးက မောင်အောင်လွင်၏ သီချင်းသံကို အားပေးကြသည်။

"အစ်ကိုရဲ့အသံက ဘယ်သံဆိုတော့ အဲဒီသီချင်းနဲ့ တီးလုံးနဲ့ အံကိုက်ပဲနော်။ ကျွန်မနာမည်က မြစန်းလို့ ခေါ်ပါတယ် အစ်ကို။ နောက် အစ်ကိုဒီလမ်းကလာရင် ညီမတို့ဆိုင်ကိုဝင်ပါနော်"

မြစန်း ဆိုသော မိန်းမပျိုကလေးက ရွှန်းလဲ့လဲ့မျက်လုံးဝိုင်းကြီးများဖြင့် မောင်အောင်လွင်အားကြည့်ပြီး ပြောဆိုနေသည်။ မြစန်း၏ မျက်လုံးအိမ်တွင် မျက်ရည်စတို့ မီးရောင်ဖြင့် မြင်တွေ့လိုက်ရသည်။

လူ့ဘဝသည် ဆန်းကြယ်လှသည်။ ခုမြင်၊ ခုတွေ့၊ ခုကြိုက်ဟု ပြောဆိုနိုင်စေကာမူ အတိတ်မှ အကြောင်းရေစက်များကို မေ့ထား၍မရစကောင်းပါ။

မောင်အောင်လွင်၏ ရင်ထဲတွင် တစ်ခဏတွေ့ရသည့် တေးသံရှင် မြစန်းအား တမ်းတမ်းတတစွဲလမ်းမိလေတော့သည်။ ထို့အတူ မိန်းမပျိုမြစန်း၏ နှလုံးသားတွင် မောင်အောင်လွင်၏ပုံရိပ်တို့ ခတ်နှိပ်လိုက်ပြီဖြစ်ကြောင်း မပြောဘဲ သိသာလှသည်။

မောင်အောင်လွင်က သူမကြာခဏ မုံရွာ - ကလေးဝ ခေါက်တုံ့ခေါက်



www.burmeseclassic.com

www.burmeseclassic.com

ပြန်သွားရကြောင်း၊ သို့သော် ရေ ကြောင်းမှ အသွားများသဖြင့် အခုမှ ဤခရီးလမ်းကို ရောက်ဖူးကြောင်း ရှင်းပြလိုက်သည်။

မောင်အောင်လွင် ပြောပြနေစဉ် မြစန်းသည် မျက်တောင်မခတ် နက်မှောင်သောမျက်လုံးများဖြင့် ကြည်နူးစွာ ငေးကြည့်နားထောင်နေလေသည်။

နှစ်ဦးသား စကားလက်ဆုံကျနေသဖြင့် ပတ်ဝန်းကျင်ကို သတိမထားမိချေ။ ဆိုင်အတွင်း လူသုံး၊ လေးယောက်သာ စကားပြောလျက် တွေ့နေရသည်။

"အစ်ကိုတို့ကား မိုးလင်းမှထွက်မှာနော်"

"ဟုတ်တယ်၊ အလင်းရောင်လာတာနဲ့ထွက်ကြမှာ။ ကားမီးတွေအကုန်လုံးပျက်သွားလို့ ဒီမှာခေတ္တနားကြတာလေ"

မောင်အောင်လွင်က ကျန်ရှိနေသော စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်ပြီး ဖြေကြားလိုက်၏။

မြစန်းထံမှသက်ပြင်းမသိမသာချသံသတိပြုလိုက်မိသည်။ မောင်အောင်လွင်၏မျက်နှာအား ဆွေးဆွေးမြည့်မြည့် ကြည့်နေပြန်သဖြင့် မောင်အောင်လွင်က မျက်နှာလွှဲလိုက်လေသည်။

"ကားမီးပျက်တာ ကျေးဇူးတင်ရမလိုဖြစ်နေပြီနော်"

မြစန်းက ဦးခေါင်းကိုငုံ့လျက် ခပ်တိုးတိုးဆိုလိုက်၏။

မောင်အောင်လွင်က မြစန်းအား ကြည့်လျက် -

"အစ်ကို ကလေးမြို့ရောက်ရင် စာရေးလိုက်မယ်"

"ဟင့်အင်း-မရေးနဲ့ မရေးနဲ့၊ ညီမက စာမဖတ်တတ်ဘူး အစ်ကိုရေ"

မောင်အောင်လွင်၏ ရင်တွင်း၌ တင်းကျပ်သည့်ဝေဒနာတစ်ရပ်ခံစားနေရလေသည်။ စာနှင့်ဆက်သွယ်ရန်မဖြစ်နိုင်တော့။ မြစန်းကိုတွေ့ရန် နောက်တစ်ခေါက် ခရီးထွက်ရုံမှတစ်ပါး အခြားမရှိပြီ။

အချိန်တို့သည် အကုန်မြန်လွန်းလှပါတကား။ ဝမ်းသာရွှင်မြူးကြည်နူးနေရသူများအဖို့ အချိန်သည် ပို၍မြန်ဆန်လွန်းလှ၏။ မောင်အောင်လွင် သတိမထားမိသော်လည်း မြစန်းသည် သတိထားမိဟန်တူသည်။

"အစ်ကိုပြန်ပေတော့။ တော်ကြာကားထွက်သွားလို့ ကျန်ရစ်ခဲ့ဦးမယ်"

"ကျန်ရစ်လည်းကောင်းတာပေါ့။ မြစန်းတစ်ယောက်လုံးရှိနေတာပဲဥစ္စာ"

မြစန်းသည် မျက်စောင်းတစ်ချက်ထိုး၍ကြည့်လိုက်၏။ မည်သို့မျှမပြောဘဲ ငြိမ်သက်နေရာမှ -

"အစ်ကိုပြန်တော့၊ အရုဏ်တက်တော့မယ်"

မောင်အောင်လွင်သည် မြစန်း၏လက်ကလေးကို အရဲစွန့်၍ကိုင်လိုက်၏။ မြစန်းက မည်သို့မျှမပြော၊ ဦးခေါင်းငုံ့ထားသည်။ ထို့နောက်မှ တဖြည်းဖြည်းသူမ၏လက်ကို နောက်သို့ရုန်းထွက်လိုက်သည်။

မောင်အောင်လွင်သည် မြစန်းအနီးမှ တဖြည်းဖြည်းခွာခဲ့ပြီး လာလမ်းအတိုင်း ခေတ္တစခန်းချရာသို့ပြန်လာခဲ့တော့သည်။

"အဲဒါပဲ အန်ကယ်ကြီးရေ၊ ကျွန်တော် တစ်ညလုံးမအိပ်ရပေမယ့် အိပ်ရေးပျက်တယ်လို့ မခံစားရပါဘူး။ အချိန်တွေ အကုန်မြန်တယ်လို့တောင်ထင်မိတယ်ခင်ဗျ"

မောင်အောင်လွင်၏ပြောစကားဆုံးသည်နှင့် ကျွန်တော် မည်သို့ပြောရမည်ကို မသိတော့။ များစွာအံ့သြမိသည်။

ဤခရီးကို ကျွန်တော် အလုပ်ကိစ္စဖြင့် မကြာခဏသွားလာဖူးသည်။ ယခုကားရပ်သော စခန်းသည် ရွာဘက်အလွန်ဝေးသည်။ သူပြောသော လက်ဖက်ရည်ဆိုင်မျိုးကို တွေ့ဖူး၏။ သို့သော် မြို့နှင့်မလှမ်းမကမ်းရှိ တောရွာများတွင်သာရှိသည်။ မီးစက်ကလေးများဖြင့်ဖွင့်လှစ်ထားသော (ကာရာအိုကေအစစ်မဟုတ်) ကာရာအိုကေဆိုင်များလည်း တွေ့ဖူး၏။ ဝါသနာအလျောက် အပျော်သီဆိုကြသော ရွာသားများ၏ အပန်းဖြေစရာ နေရာလေးတစ်ခု ဖြစ်လေသည်။

"အေး - မင်းပြောတော့လည်း ကြားရတာပေါ့ကွယ်။ အန်ကယ်သိသလောက် ဒီအနီးအနားမှာ ရွာမရှိဘူးကွယ့်။ အကယ်၍ ရွာရှိတယ်ဆိုရင် ကားဆရာတွေသိမှာပေါ့။ နောက်ပြီး အဲဒီနေရာကို အရောက်သွားပြီး အဲဒီမှာပဲနားကြမှာပေါ့၊ ဟုတ်ရဲ့မဟုတ်လား"

မောင်အောင်လွင်သည် ကျွန်တော်ပြောသည်ကို လက်မခံလိုသည့်မျက်နှာဖြင့် -

"ဒါဖြင့် ကျွန်တော်အိပ်မက်မက်တာပါလို့ အန်ကယ်ပြောချင်တာလား ခင်ဗျာ"

"အိပ်မက်ဟုတ်တာ၊ မဟုတ်တာ နောက် ကားထွက်ရင် မင်းပြောတဲ့ရွာ ရှေ့မှာရှိ၊ မရှိသိရမှာပါ"

မောင်အောင်လွင်သည် သူကိုယ်တိုင် သီချင်းဆိုခဲ့ပြီးတစ်ညလုံးထိုင်နေခဲ့သည့် လက်ဖက်ရည်ဆိုင်ကို မကြာခင်တွေ့ရမှာဖြစ်ကြောင်း၊ အခိုင်အမာပြောပြန်လေသည်။

"အန်ကယ်ကြီးကြည့်နေ၊ သိပ်မကြာခင် ကျွန်တော်ပြောတဲ့ဆိုင်ကိုတွေ့လိမ့်မယ်"

အရှေ့အရပ်မှ ရောင်နီပေါ်လာပြီ၊ တောကြက်တွန်သံသဲ့သဲ့ကြားနေရပြီ ဖြစ်သည်။ ထို့အတူ ကားစက်နှိုးသံထွက်ပေါ်လာပြီး ခရီးသည်များ ကားပေါ်နေရာယူရန် ကားစပယ်ယာကအော်လိုက်သည်။ကားပေါ်တွင် လူစုံသည်နှင့် ကားဘီးသည် တဖြည်းဖြည်းစ၍လိမ့်လေသည်။

မောင်အောင်လွင်သည် ကားပြတင်းမှ သူ၏ ဦးခေါင်းကိုထုတ်ကာ သူညအချိန်က ရောက်ခဲ့သည့် လက်ဖက်ရည်ဆိုင်ကို ရှာဖွေနေတော့သည်။ သို့သော် ဆိုင်နှင့်တူသည့်အရာဆို၍ တဲပုတ်ပင် မတွေ့ရချေ။ တစ်အောင့်လောက်ကြာမှ မောင်အောင်လွင်က ကားဆရာကို ရုတ်တရက်အရပ်ခိုင်းလေသည်။

"ဟိုး ဟိုး ဟိုး၊ ခဏ ခဏ"

သူ၏ ထူးခြားသော အမူအရာကြောင့် ကားပေါ်တွင်လိုက်ပါလာသော ခရီးသည်များက သူ့အား ဝိုင်းအံ့ကြည့်နေကြသည်။

မောင်အောင်လွင်သည် ကားပေါ်မှ ရုတ်ခြည်းပြေးဆင်းသွားပြီးနောက် သစ်ငုတ်တိုတစ်ခုမှ အရာဝတ္ထုတစ်ခုကို ကောက်ယူလိုက်သည်။ ထို့နောက် ကားပေါ်သို့ ပြန်တက်လာပြီး သူကောက်ယူလာသည့် အရာဝတ္ထုအား ကျွန်တော့်ကို ပြသလေတော့သည်။

"အန်ကယ်ကြီး အဲဒါ ကျွန်တော် ညကသောက်ခဲ့တဲ့ စီးကရက်ဘူး ခင်ဗျ၊ စီးကရက်မရှိတော့လို့ ညက လက်ဖက်ရည်ဆိုင်က စားပွဲပေါ်မှာထားခဲ့တာ"

သူ့လက်ထဲမှ စီးကရက်ဘူးခွံကို ပြသရင်း သူအမှန်တကယ်ကြုံတွေ့ခဲ့ကြောင်း ခိုင်ခိုင်မာမာ သက်သေပြလေ၏။

ခရီးသည်များမှာ သူပြုပုံနှင့် ပြောပုံကို နားမလည်ကြသဖြင့် ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကျွန်တော်က သူ့လက်ထဲမှ စီးကရက်ဘူးခွံကိုကြည့်ကာ -

"မင်းရဲ့ စီးကရက်ဘူးလို့ ဘယ်ပြောနိုင်မလဲ။ ဒီလမ်းမှာ ခရီးသွားတစ်ဦးဦးက ကားပေါ်ကပစ်ချသွားရင်ကော ဘယ့်နှယ်လဲ"

"လုံးဝမဖြစ်နိုင်ဘူး အန်ကယ်၊ ဟောဒီမှာကြည့်"

မောင်အောင်လွင်က ပြသဖြင့် ကြည့်လိုက်ရာ စီးကရက်ဘူးပေါ်တွင် ဘောလ်ပင်ဖြင့် ရေးထားသော ကားနံပါတ် လ/-----ဟူ၍ ဖြစ်လေသည်။ ထိုကားနံပါတ်မှာ ကျွန်တော်တို့ စီးလာသည့် ကားနံပါတ် ဖြစ်၏။

"အဲဒါ ကျွန်တော်မှတ်ထားတာ။ ရွာကားဂိတ်မှာကတည်းက မှတ်ထားတာပါ"

ကျွန်တော်တို့နှစ်ဦးသား နားလည်သောကိစ္စဖြစ်သဖြင့် ကျန်ခရီးသည်များမှာ စိတ်ဝင်စားပုံ မပေါ်ချေ။ မိမိတို့အတွေးကိုယ်စီဖြင့်သာ လိုက်ပါလာကြလေသည်။

ဤအတိုင်းဆိုလျှင် ကျွန်တော်ပင် နားမလည်နိုင်အောင်ဖြစ်နေ၏။ ထိုနေရာသို့ ထိုညက မောင်အောင်လွင် ရောက်ခဲ့ဟန်တူ၏။ သို့ဆိုလျှင် ယခုထိုနေရာတွင် လက်ဖက်ရည်ဆိုင်မရှိခြင်းက မည်သို့အဖြေပေးရမည်နည်း။

"ကျွန်တော် အိပ်မက်မက်တာ မဟုတ်တာ သေချာပါတယ်နော် အန်ကယ်ကြီး"

"အေး - အန်ကယ်လည်းစဉ်းစားနေကဲနေတယ်"

"ကျွန်တော် အိပ်ရေးပျက်လို့ တယောင်ချောက်ချားဖြစ်သွားတာများလား ပြောပါဦး"

မောင်အောင်လွင်၏ အမေးပုစ္ဆာကို အဖြေပေးရန် ကျွန်တော် စဉ်းစားနေမိသည်။

တစ်ခုတော့ စဉ်းစားမိသည်။ ထိုစဉ်းစားမိသည်ကိုတော့ သူ့အားအတော်ရှင်းပြမှ လက်ခံ နားလည်နိုင်ပေ ဖြစ်သည်။

"မောင်အောင်လွင်ကို အန်ကယ် သိသလောက်တော့ ရှင်းပြမယ်။ ဒီအဖြစ်အပျက်ဟာ မင်းအတွက် ဇာတုသုတတစ်ခုလို့ သဘောထားပါ"

"ကျွန်တော်ကိုယ်တိုင် တွေ့တာပါ။ ဘယ်လိုအကြောင်းကြောင့် ယခုလို ဆန်းဆန်းပြားပြားတွေဖြစ်ရတာလဲဆိုတာ ကျွန်တော် မတွေးတတ်တော့လို့ပါ"

"ဟုတ်ပြီ မင်းယုံတယ်၊ မယုံတော့ မသိဘူး။ ဒီလိုဖြစ်တာတွေကြားဖူးတယ်။ လောကအခေါ်က ကျတ်တဲ့။ အဲဒီစကားဘယ်ကလာသလဲတော့ ဒီနေ့အထိ အန်ကယ်ကိုယ်တိုင် မသိရိုးအမှန်"

"ဟုတ်ကဲ့-ကျတ်အကြောင်းပြောပြပါဦး"

"အေး - ရှေးတုန်းကလည်း ခရီးသွားတစ်ယောက်နှစ်ယောက်ဟာ ခရီးထွက်လာခဲ့တာ မိုးချုပ်တော့ ရွာတစ်ရွာကို ရောက်လာကြတယ်။ မိုးလည်းချုပ်တော့ အဲဒီရွာမှာပဲ ခေတ္တနားဖို့ ဆုံးဖြတ်ပြီး နားကြတယ်။ အဆင်ပြေချင်တော့ ရွာမှာလည်း ဘုရားပွဲရှိနေတယ်။ ပွဲဈေးတန်းကလည်း အလွန်စည်တယ်။ ဇာတ်ပွဲတစ်ခုကလည်း ကပြနေတော့ ခရီးသွားသူငယ်ချင်းနှစ်ယောက် ပွဲခင်းထဲမှာ အချိန်ဖြုန်းကြတာပေါ့။ ပွဲကြည့်ရင်းနဲ့ ပွဲခင်းထဲမှာ အိပ်ပျော်သွားတယ်။ အိပ်ရာကနိုးတော့ မိုးစင်စင်လင်းနေပြီ။ သူတို့နှစ်ဦးကလွဲလို့ လယ်ကွင်းထဲမှာ ဘယ်သူမှမရှိကြဘူးတဲ့။ ဇာတ်ခုံလည်းမရှိ ပွဲဈေးတန်းလည်း မရှိဘူးတဲ့။ ဒီတော့မှ သူတို့လည်း ခုနင်ကပြောတဲ့ကျတ်တွေနဲ့တွေ့တာပဲလို့ သိကြတယ်"

"အန်ကယ်ပြောတော့လည်း ကျွန်တော့်အဖြစ်လိုမျိုးဖြစ်နေတာပဲ ဟုတ်တယ်နော်"

"အေး - အန်ကယ် လေ့လာဖူးတဲ့ ဘုရားဟော တရားနဲ့ပြောရရင် ကျတ်ဆိုတာတော့မသိဘူး။ ပြိတ္တာဆိုတာတော့ ရှိပါတယ်"

"ပြိတ္တာ ဆိုတာ သရဲမဟုတ်လား အန်ကယ်"

"အေး - သရဲ ဆိုတဲ့ ဝေါဟာရ ဘယ်သူထွင်သွားမှန်းမသိဘူး။ အများက သရဲကို ပိုပြီး လူသိများနေတယ်။ အမှန်က ပြိတ္တာပါ"

"ပြိတ္တာဆိုတာ အစာကိုဝအောင် မစားရတဲ့သတ္တဝါမဟုတ်လားအန်ကယ်"

"အေး-ရှင်းပြမယ်။ ပြိတ္တာဆိုတာ အပါယ်ဘုံသားလို့ အများသိပါတယ်။ သို့သော် အပါယ်ဘုံသားမဟုတ်တဲ့ ပြိတ္တာလည်း ရှိသေးတယ်။ အပါယ်ဘုံမှာ အကျုံးဝင်သူ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ သူတို့မှာ ပဋိသန္ဓေစကတည်းက အကုသလဝိပါက် အဟိတ်ပဋိသန္ဓေနေခဲ့ကြတယ်။ သူတို့ကိုတော့ အပါယ်ဘုံသားလို့ မခေါ်နိုင်ဘူး။ ပြိတ္တာတော့ပြိတ္တာပဲ။ သုဂတိ၊အဟိတ်၊ဒွိဟိတ်၊ တိဟိတ်ပဋိသန္ဓေနေကြတယ်။စတုမဟာရာဇ်ဘုံသားအဖြစ် အကျုံးဝင်တယ်။ ဒါပေမယ့် စတုမဟာရာဇ်နတ်များလို တန်ခိုးကြီးမားခြင်းမရှိဘူးကွယ့်။

အခုပြောနေတာက အဘိဓမ္မာ သင်တန်းအခြေခံလောက်တက်ဖူးမှ နားလည်နိုင်တယ်။

ဘုရားရှင်လက်ထက်တော်အခါက သုစိလောမဘီလူး၊ ခရလောမဘီလူး၊ ပိယင်္ကရမာတာဘီလူးမ၊ ဥတ္တရမာတာ ဘီလူးမတို့ဟာ အသူရာနတ်မျိုးဖြစ်တယ်။

အင်္ဂုတ္တရ အဋ္ဌကထာမှာ ဝိနိပါတိကအသုရာအကြောင်း ဖော်ပြရာမှာ ထိုပြိတ္တာတို့ဟာ စတုမဟာရာဇ်၊ တာဝတိံသာ အစရှိတဲ့ နတ်တို့လို တန်ခိုးမကြီး၊ ချမ်းသာအပေါင်းအစုမှ ပျက်စီး၍ကျရောက်သည်၏အဖြစ်ကြောင့် ဝိနိပါတိကလို့ ခေါ်၏တဲ့။

ထိုဝိနိပါတိကအသုရာခေါ် ဝေမာနိကပြိတ္တာတို့တွင် တိဟိတ်ပဋိသန္ဓေနေသူတို့သည် အကျွတ်တရားရကြကုန်၏လို့ ဆိုတယ်။

နောက် ခုဒ္ဒကနိကာယ်၊ ပေတဝတ္ထုတွင် သုတ္တပေတဝတ္ထုနဲ့ ပါဋလိပုတ္တပေတဝတ္ထုမှာ ပြိတ္တာက လူမကို ဆောင်ယူ၍ မယားအဖြစ်ထားတယ်။ ကဏ္ဏမုဏ္ဍပေတိဝတ္ထုမှာ ပြိတ္တာမက ဗာရာဏသီမင်းနဲ့ မေ့လျော့ပုံကို ဖော်ပြထားတယ်။

အဲဒီအထောက်အထားများအရ တန်ခိုးရှိတဲ့ ပြိတ္တာမျိုးတို့ဟာ လူတို့နဲ့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်နိုင်တယ်။ ဘဝခြားလင့်တစား နှစ်ပေါင်းကြာမြင့်စွာ အတူပျော်ပျော်ရွှင်ရွှင်နေကြကြောင်း သိရတယ်။ ကဲ - ဒီတော့ မင်းသဘောကျသလို ကောက်ချက်ချပါ။ ကျတ်ဆိုလည်းကျတ်ပေါ့"

ကျွန်တော်ရှင်းပြသည်ကို မောင်အောင်လွင်တစ်ယောက် ယုံချင်မှယုံမည်။ ကျွန်ုပ်လည်း ဒိထက်ရှင်းမပြတတ်တော့ချေ။ သူနှင့် ကျွန်တော် ကလေးဝတွင် လမ်းခွဲကြလေသည်။ နောက်အတော်ကြာမှ သူ၏သတင်းကြားရလေသည်။ သူအဘိဓမ္မာသင်တန်းတက်ရောက်နေသည် ဟူ၍ ဖြစ်ပါသတည်း။

ညွှန့်ဝေယျာ



www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)

# သူ့ကျွန်ဖြစ်ရန်ပို့ဆောင်ပေးခဲ့သော ကျွန်းရွှေဝါ


ကျွန်တော့်အား 'သင်မေ့မရသော ကျောင်းအုပ်ဆရာကြီးတစ်ဦးအကြောင်း' ဆောင်းပါးတစ်စောင်ရေးပါဟုဆိုလျှင် ကျွန်တော်တို့ အထက်တန်းကျောင်း၏ ကျောင်းအုပ်ဆရာကြီး ဘင်္ဂါလီအမျိုးသား မစ္စတာပီစီဆင်အကြောင်း ရေးသားရပါလိမ့်မည်။ ဆရာကြီးသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီက အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်မှ သမိုင်းဘာသာဂုဏ်ထူးတန်း အောင်မြင်ခဲ့သူ ဖြစ်ပါသည်။ စစ်ကြိုခေတ်ကပင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာတစ်ဦးအဖြစ် အမှုထမ်းခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင်မှ ကျွန်တော်တို့ အထက်တန်းကျောင်းသို့ ကျောင်းအုပ်ဆရာကြီးအဖြစ် ပြောင်းရွှေ့လာခဲ့၏။

ထိုစဉ်အချိန်က ကျွန်တော်သည် တက္ကသိုလ်ဝင်တန်းသို့ တက်ရောက်သင်ကြားနေပြီ ဖြစ်သည်။ ဆရာကြီးသည် ကျွန်တော်တို့အတန်းတွင် အင်္ဂလိပ်ဘာသာနှင့် ရာဇဝင် (နောင်အခါ သမိုင်းဘာသာဟု နာမည်ပြောင်းခဲ့ပါသည်။) ဘာသာတို့ကို သင်ကြားခဲ့ပါသည်။ ဆရာကြီးသည် အင်္ဂလိပ်စာသင်ကြားရာတွင် အထူးကျော်ကြားသူဖြစ်သည်သာမက ရာဇဝင်(သမိုင်းဘာသာ) ဘာသာသင်ကြားရာတွင် အံ့မခန်းသင်ပြမှုကောင်းသူတစ်ယောက် ဖြစ်ပါသည်။ ထိုကာလက ရာဇဝင် (သမိုင်း) ဘာသာကို အင်္ဂလိပ်ဘာသာဖြင့် သင်ယူခဲ့ကြရပြီး စာမေးပွဲဖြေဆိုသောအခါတွင်မူ အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာနှင့် ဖြေဆိုခွင့်ပြုခဲ့၏။

ဆရာကြီးသည် အင်္ဂလန်နိုင်ငံသမိုင်းနှင့် မြန်မာ့သမိုင်းသင်ကြားရာတွင် ပြဋ္ဌာန်းထားသောစာအုပ်ကို မည်သည့်အခါမျှ စာသင်ခန်းအတွင်း ယူဆောင်လာလေ့မရှိ။ လက်တန်းသင်ကြားခဲ့သည်သာမက သူ့အယူအဆအချို့မှာ အထူးခေတ်မီလှသည်။ ကျောင်းသားများအား ရာဇဝင်ဘာသာ (သမိုင်းဘာသာ) ကို စိတ်ဝင်စားအောင်၊ ငြီးငွေ့ခြင်းမရှိအောင် သင်ကြားနိုင်သည်သာမက ပြဋ္ဌာန်းချက်စာအုပ်များ၏ အားနည်းချက်များကိုပါ ထောက်ပြနိုင်သူ ဖြစ်ပါသည်။ သမိုင်းအချက်အလက်များကို သူ့အနှစ်နှစ်အလလ လက်လှမ်းမီသလောက် ရှာဖွေစုဆောင်းထားသော စာအုပ်စာတမ်းများမှ ထုတ်နုတ် သင်ကြားလေ့ရှိရာ နောင်အခါ ကျွန်တော်တို့ စာဖတ်ဝါသနာပါခဲ့ရခြင်းသည် ဆရာကြီး၏ကျေးဇူးကြောင့်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာရာဇဝင်(သမိုင်း)သင်ကြားစဉ် သူသင်ကြားခဲ့သည့်ကောက်ချက်တစ်ချက်ကို နှစ်ပေါင်း(၆၀)ကျော်ခဲ့သော်လည်း ယနေ့ထိ မမေ့နိုင်။ ထိုအချက်မှာ မြန်မာနိုင်ငံမှ ကမ္ဘာကျော် ကျွန်းသစ်သည် မြန်မာနိုင်ငံသမိုင်းအား အတိုင်းအတာတစ်ခုအထိ ပြောင်းလဲစေခဲ့သည်ဟု ထောက်ပြခဲ့သည်။ မှန်ပါသည်။ မြန်မာနိုင်ငံအား ဗြိတိသျှနယ်ချဲ့သမားများ ဝင်ရောက်တိုက်ခိုက်မှုသည် အခြားအခြေခံ အကြောင်းအရာများရှိနိုင်ပါသည်။ သို့သော် ရုတ်တရက် အနီးကပ်အကြောင်းအရာမှာမူ ဗြိတိသျှပိုင် ဘုံဘေဘားမားသစ်ကုမ္ပဏီကြီး၏ သစ်ခိုးမှုပင် ဖြစ်ပါသည်။


မှန်ပါသည်။ဗြိတိသျှနယ်ချဲ့သမားသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား သိမ်းပိုက်နိုင်ခြင်းမရှိခင်ကပင် မြန်မာ့သစ်တောများ၏ ကျွန်းသစ်ရောင်းဝယ်ရေးဖြင့် စိုစိုပိုပိုအကျိုးအမြတ်များရမည်ကို သိရှိနားလည်ထားကြသည်။ ဥရောပတိုက်တိုင်းပြည်အများတွင် ကျွန်းသစ်သည် မည်ကဲ့သို့သစ်ဖြစ်သည်ဆိုသည်





www.burmeseclassic.com

www.burmeseclassic.com






တို မသိခင်ကမူ နိုင်ငံအများသည် အုတ်(ခ်) (Oak) ခေါ် ဝက်သစ်ချပင်သည် သင်္ဘောများ တည်ဆောက်ရာတွင် အကောင်းဆုံးသစ်ဖြစ်သည်ဟု မှတ်ယူထားကြ၏။ သင်္ဘောတည်ဆောက်ရာတွင် ကျွန်းသစ်သည် ဝက်သစ်ချသားထက် ပိုမိုခိုင်မာသည်ကို ပေါ်တူဂီများက ဖြိုတီသျှတို့ထက် အရင်သိကြသည်ဟု မှတ်တမ်းများအရ သိရ၏။

ကျွန်းပင်သည် သဘာဝအားဖြင့် အိန္ဒိယနိုင်ငံ ဘုံဘေပြည်နယ် (ယခု မွန်ဘိုင်း) အနောက်ဘက်မှစ၍ မြောက်ဘက်သို့လားသော် ဟိမဝန္တာတောင်ခြေအထိ၊ တောင်ဘက်သို့လားသော် ကျွန်းဆွယ်အဆုံးအထိ၊ အရှေ့သို့လားသော မြန်မာနိုင်ငံ ယိုးဒယား (ထိုင်း) နိုင်ငံနှင့် ကမ္ဘောဒီးယားနယ်စပ်အထိ ပျံ့နှံ့ပေါက်ရောက်သည်။ မြန်မာနိုင်ငံသည် ကျွန်းပင်များပေါက်ရာ နယ်မြေ၏အလယ်ဗဟိုတွင် တည်ရှိသောကြောင့် အကောင်းဆုံးနှင့် အကြီးဆုံးကျွန်းပင်များ ပေါက်သည်။

မြန်မာနိုင်ငံတွင် မည်သည့်ခုနှစ်ကစတင်၍ ပင်လယ်ကူးလှေကြီးများကို ကျွန်းသစ်ဖြင့် စတင်တည်ဆောက်သည်ကို တိတိကျကျမသိရသော်လည်း ၁၈ ရာစုနှစ်များတွင် အာရပ်ကုန်သည်များသည် တနင်္သာရီကမ်းရိုးတန်း၌ လှေကြီးများကို တည်ဆောက်သည်ဟု သိရှိရ၏။ မြိတ်မြို့ဆိပ်ကမ်းတွင် ပေါ်တူဂီကုန်တင်သင်္ဘောများ၊ ပြင်သစ်နှင့် အင်္ဂလိပ်သင်္ဘောများသည်လည်း ဝင်ရောက်ရပ်နား၍ ပြင်ဆင်လေ့ရှိသည်ဟုလည်း မှတ်တမ်းများက ဖော်ပြခဲ့သည်။

ကျွန်းသစ်ကို ရှင်ဘုရင်ပိုင်သည့် အစဉ်အလာရှိခဲ့၏။ အလောင်းမင်းတရားကြီးလက်ထက် ခရစ်နှစ် ၁၇၅၂ ခုနှစ်မှစတင်၍ ကျွန်းသစ်အား ရှင်ဘုရင်ပိုင်သည် ဟူသော အမိန့်ပြန်တမ်းကို ထုတ်ဆင်ခဲ့ရာ ထိုစဉ်တပင် မြန်မာ



မင်းလှတိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

တို့သည် ကျွန်းသစ်၏ အဖိုးတန်ပုံ၊ အနောက်တိုင်းနိုင်ငံများ၏ ရေတပ်ဆောက်ရာတွင် ကျွန်းသစ်အရေးပါ အရာရောက်ပုံကို သိရှိကြသည်မှာ သေချာပေသည်။ မြန်မာဘုရင်များ လက်ထက်တော်အခါက တောတွင်းမှ ထုတ်ယူသော ကျွန်းသစ်လုံးများကို 'တော်' ဟူသော တံဆိပ်တော်ခတ်နှိပ်ထားခဲ့သည်ဟု သိရ၏။

မြန်မာနိုင်ငံ သစ်တောဌာန၏ မှတ်တမ်းများအရ အထက်ဖော်ပြပါ 'တော်'တံဆိပ်ခတ်နှိပ်ထားသော ကျွန်းသစ်လုံးများကို ပျဉ်းမနားသစ်တောခရိုင်အတွင်းတွေ့ရှိခဲ့ရာ သစ်တောဌာနက စနစ်တကျစောင့်ရှောက်၍ အများပြည်သူများ လေ့လာနိုင်ရန် ပျဉ်းမနားသစ်တောရုံး၊ မန္တလေးသစ်တောရုံး၊ မေမြို့ (မြင်ဦးလွင်) သစ်တော၊ သိပ္ပံကျောင်းများတွင် ပြသထားသည်ဟု သိရ၏။

ခရစ်နှစ် ၁၈၂၆ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာပထမစစ်ပွဲဖြစ်ပွားခဲ့ပြီး မြန်မာတို့ ရှုံးနိမ့်ခဲ့ရသော အခါ ရန္တပိုစာချုပ်အရ ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများအား ပေးအပ်ခဲ့ရသည်။ ဤတွင် ထိုကာလက ဟိုးဟိုးကျော်ခဲ့ရသော ဗြိတိသျှလူမျိုးပိုင် အရှေ့အိန္ဒိယကုမ္ပဏီမှ ကိုယ်စားလှယ်အများသည် တနင်္သာရီကမ်းမြောင်ဒေသရှိ သစ်တောကြီးများကို လေ့လာကြည့်ရှုရန် မော်လမြိုင်မြို့သို့ ရောက်ရှိလာခဲ့ကြသည်။

ထိုကိုယ်စားလှယ်များတွင် ပါဝင်သူ ဒေါက်တာ ဝေါလစ်(ချ်)မှာ ကာလကတ္တားမြို့ရုက္ခဗေဒဥယျာဉ်မှူးဖြစ်သည်။ ဒေါက်တာ ဝေါလစ်(ချ်)မှာ ရုက္ခဗေဒပညာရှင်တစ်ဦးဖြစ်သော်လည်း စီးပွားရေးအမြင်ရှိသူဖြစ်၏။ သူနှင့်အဖွဲ့သည် မော်လမြိုင်ခရိုင်ရှိ သစ်တောကြီးများအတွင်း ဆင်ဖြင့်လှည့်လည်သွားလာ၍ စနစ်တကျ စူးစမ်းလေ့လာခဲ့၏။

သူ့အစီရင်ခံစာအရ ကိုက် (၈၀) ကျယ်၍ (၂) မိုင်ရှည်သော တောတန်းတစ်ခုမှာပင် လုံးပတ်(၁၁)ပေ၊ (၄)လက်မခန့်ရှိသော ကျွန်းပင်ပျမ်းမျှ (၂၅၀) ရှိသည်ဟု ဆိုသည်။ သူ့အစီရင်ခံစာတွင် သူတွေ့ရမြင်ခဲ့ရသည့် သစ်တောများအနက် မြန်မာနိုင်ငံ၏ ကျွန်းတောများသည် ပြိုင်စံမရှိကြောင်း၊ အရွယ်ရောက်ခုတ်လှဲနိုင်သော ကျွန်းပင်များကို ခုတ်လှဲထုတ်ယူ၍ အခြားသစ်မျိုးတို့ကို သုတ်သင်ရှင်းလင်းရန်နှင့် ကျွန်းသစ်အား အစိုးရကသာ အသုံးပြုရန် အကြံပေးခဲ့သည်ဟု ဆိုသည်။

ဤတွင် ကျွန်းသစ်၏ တန်ဖိုးကို နားလည်သော ဗြိတိသျှအစိုးရသည် ဗိုလ်ကြီးထရီမင်ဟီးရားဆိုသူကို မြန်မာနိုင်ငံသစ်တောဝန်အဖြစ် ခန့်အပ်၍ မော်လမြိုင်သစ်တောများကို စီမံအုပ်ချုပ်စေခဲ့သည်။ အမှန်အားဖြင့် တရီမင်ဟီးရားမှာ သစ်တောပညာရှင် မဟုတ်သော်လည်း မော်လမြိုင်ခရိုင် သစ်တောများအတွင်း သွားရောက်၍ စနစ်တကျလေ့လာသည်။ ပတ်ဝန်းကျင်လေ့လာမှုများကို ပြုလုပ်သည်။ သို့ဖြစ်၍ ဗြိတိသျှအာဏာပိုင်များအား အသုံးဝင်သော အစီရင်ခံစာတင်သွင်းနိုင်ခဲ့၏။ သစ်တောများ စနစ်တကျ ပြုစုပျိုးထောင်ရေးနှင့် သစ်တောများမှ ကျွန်းသစ်ထုတ်လုပ်ရေးတာဝန်ပေးခံရသော သစ်ထုတ်လုပ်ရေးကုမ္ပဏီများ၏ တရားမဲ့-ကျွန်းသစ်များထုတ်ယူခြင်းကို အထိုက်အလျောက် တားမြစ်နိုင်ခဲ့သည်။

သူ့အစီအရင်ခံစာအရဆိုရလျှင် မြန်မာရှင်ဘုရင်များလက်ထက်ကကဲ့သို့ ကျွန်းပင်ထောင်၊ သင်းသတ်ထားသော ကျွန်းပင်နှင့် သစ်လုံးအတောင်းများကို အစိုးရက ပိုင်ဆိုင်ရမည် ဖြစ်သည်။ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲရာတွင် သစ်ထုတ်သည့် ကုမ္ပဏီများ၏ အကျိုးတစ်ခုတည်းသာ မဖြစ်စေရ။ ထိုသစ်တောအတွင်းမှ သစ်များထုတ်ယူရာတွင် သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်ရမည် ဖြစ်သည်။ သစ်တောအတွင်းရှိ လုံးပတ် (၆) ပေ၊ အမြင့် (၁၀) ပေမရှိသေးသောသစ်ပင်ကို သင်းသတ်ခြင်း မပြုရန်။ သစ်တောဌာနမှအတိုင်းအတာပြည့်သည်ဟု သတ်မှတ်ထားသောကျွန်းပင်များကို ခုတ်လှဲခြင်းမပြုမီ သင်းသတ်ထားရမည် စသည်တို့ပါဝင်ပြီး အထက်ဖော်ပြပါ စည်းကမ်းချက်များ လိုက်နာခြင်းမရှိသော သစ်ကုမ္ပဏီများကို အရေးယူမည်ဟု ပါဝင်ခဲ့သည်။

ထိုအစီရင်ခံစာကို အထက်ဖော်ပြပါ မြန်မာနိုင်ငံ၏ သစ်တောဝန်အဖြစ် ဆောင်ရွက်သူ ဗိုလ်ကြီးတရီမင်ဟီးရားက အိန္ဒိယဘုရင်ခံချုပ် လော့ (ဒ်) ဒါလဟိုဇီထံ တင်သွင်းခဲ့၏။ ထိုအစီရင်ခံစာပါ အချက်အလက်များသည် များမကြာမီ ထုတ်ဆင်းမည့် သစ်၊ တော၊ ပေါ်လစီများဖြစ်သည်ဟု နောင်အခါ မြန်မာသစ်တောပညာရှင်များက ဆိုကြသည်။

သစ်တောဝန်ဗိုလ်ကြီးထရီမင်ဟီး ရား ပြောင်းရွှေ့သွားပြီးနောက် ရောက်ရှိလာသော သစ်တောဝန်အသစ်သည် မော်လမြိုင်ခရိုင် သစ်တောအတွင်း သွားရောက်စစ်ဆေးကြည့်ရှုခဲ့ရာ သစ်ထုတ်လုပ်ရေးကုမ္ပဏီများသည် ဗြိတိသျှအစိုးရက သတ်မှတ်ထားသည့် စည်းကမ်းဥပဒေများကို လိုက်နာခြင်းမရှိ ကျွန်းပင်များကို သင်းသတ်ခြင်းမပြုဘဲ ခုတ်လှဲခြင်း၊ သစ်များကိုလည်း သတ်မှတ်ထားသည့်အတိုင်း ထုတ်ယူခြင်းမပြုဘဲ ပိုမိုခုတ်လှဲထုတ်ယူသည်ကို တွေ့ရသဖြင့် သစ်ထုတ်လုပ်ရေးကုမ္ပဏီများ၊ သစ်ကုန်သည်များကို ချက်ချင်းတာဝန်ပေးချက်များ ရပ်စဲပစ်ခဲ့သည်။ ဤသို့ အရေးယူခံရသော သစ်ကုမ္ပဏီများနှင့် သစ်ကုန်သည်များသည် အိန္ဒိယအစိုးရထံ အယူခံတက်ခဲ့ကြသည်။

ထိုအယူခံမှုကို ကိုင်တွယ်စစ်ဆေးသော တရားသူကြီးကမူ သစ်တောဝန်၏ အဆုံးအဖြတ်အား ပယ်ဖျက်ခဲ့သည်ဟု သိရ၏။ ဤသို့ဖြစ်ရပ်များကြောင့် ဗြိတိသျှအစိုးရသည် ဂျာမန်အမျိုးသားသစ်တောပညာရှင် ဒီဘရင်ဒစ်(စ်) (နောင်အခါ ဆာဘွဲ့ရရှိသူ) ဆိုသူအား သစ်တောဝန်အဖြစ် ခန့်ထားခဲ့ပါသည်။

ဒီဘရင်ဒစ်(စ်) မှာ ထိုစဉ်ကာလက အောက်မြန်မာနိုင်ငံ ဝန်ရှင်တော်မင်းကြီး (နောင်အခါ ဘုရင်ခံ) ၏ နှမ ဖြစ်သူ၏ ခင်ပွန်းလည်းဖြစ်ရာ အာဏာပိုင်အဖွဲ့အစည်းများအပေါ်တွင် အတော်အသင့် ဩဇာသက်ရောက်ခဲ့သူလည်း ဖြစ်သည်။ ဒီဘရင်ဒစ်(စ်)သည် ပဲခူးရိုးမသစ်တောနှင့် မော်လမြိုင်သစ်တောကြီးဝိုင်းအတွင်း မနေမနားသွားလာ၍ စနစ်တကျ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။ သစ်တောထွက်ပစ္စည်းများအား အကျိုးရှိအောင်အသုံးချနိုင်ရေး၊ သစ်တောများကို ပြုစုထိန်းသိမ်းရေးနှင့် သစ်တောများ တိုးချဲ့နိုင်ရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်ရမည် စသော အကြံပေးချက်များကို သက်ဆိုင်ရာသို့ တင်ပြခဲ့သည်။ ကျွန်းသစ်များကို သစ်တောအတွင်းမှ လုံးဝထိခိုက်မှုမရှိဘဲ မည်သို့မည်ပုံထုတ်ယူရမည်ဆိုသည့် အကြံပေးချက်နှင့်အတူ ကျွန်းပင်အား သင်းသတ်၍ နှစ်နှစ်ခန့်မခုတ်လှဲရန်နှင့် သစ်တောအတွင်းမှ ကျွန်းပင်ထုထည်အမျိုးမျိုး မည်မျှရှိသည်ဆိုသော ခန့်မှန်းသည့် နည်းစနစ်ကို တီထွင်ခဲ့သည်။ (နောင်အခါ ဗြိတိသျှအစိုးရသစ်တောဌာန



www.burmeseclassic.com


www.burmeseclassic.com

သစ်ထုတ်လုပ်ရေးကုမ္ပဏီများ၊ သစ်ကုန်သည်များက ဒီဘရင်ဒစ်(စ်)၏နည်းစနစ်ကို အသုံးပြုခဲ့ကြသည်။)

သစ်တောဝန် ဒီဘရင်ဒစ်(စ်) အထက်ဖော်ပြသည့် အချက်အလက်များကို စုစုစည်းစည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့သို့ တင်ပြနိုင်ခဲ့သည်။ မှန်ပါသည်။ သူ ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ခရစ်နှစ် ၁၈၅၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံသစ်တောများကို စနစ်တကျ သိပ္ပံနည်းကျ စောင့်ထိန်းသိမ်းစီမံအုပ်ချုပ်မှုကို စသည်ဟု ဆိုကြသည်။ သူကား တကယ်မြန်မာသစ်တောသမားတစ်ဦးဖြစ်သည်သာမက တောတွင်းပျော်သူတစ်ဦးဖြစ်၏။ မြန်မာကျွန်းတောများမပြုန်းတီးရေးကို အလေးထားခဲ့သူလည်း ဖြစ်သည်။ Burma Teak Forest ဟူသော စာအုပ်ကို ရေးသားပြုစုနိုင်ခဲ့သဖြင့် သစ်တောပညာရှင်အများက တအံ့တသြဖြစ်ခဲ့ကြရသည်သာမက ဗြိတိသျှအာဏာပိုင်များအဖို့ ကျွန်းသစ်၏တန်ဖိုးကို သေသေချာချာ သိရှိလာသည်။

သူ့အဆိုအရ ကျွန်းသစ်ကို သင်းသတ်၍ထုတ်ယူသည့်စနစ်ကို ကျွန်းသစ်များထုတ်ယူ၍ ဈေးကွက်သို့ပို့ဆောင်ခဲ့သော မြန်မာရှင်ဘုရင်များ၏ လက်ထက်တော်က စသည်ဟု သိရ၏၊ မှန်ပါသည်။ သမိုင်းပါမောက္ခ မစ္စတာပန်ရေ ရေးသားပြုစုသော 'ရန်ကုန်မြို့သမိုင်း' (History of Rangoon) တွင် ၁၈ ရာစု အလယ်ပိုင်းကာလကပင် ရန်ကုန်ဆိပ်ကမ်းတွင် ကျွန်းသစ်နှင့် သင်္ဘောကြီးများ တည်ဆောက်ကြပုံကို ခိုင်မာတိကျသော စာရင်းဇယားနှင့် ဖော်ပြခဲ့သည်ဟု သိရ၏။ မည်သို့ပင်ဆိုစေကာမူ ဗြိတိသျှအစိုးရအာဏာပိုင်များသည် ကျွန်းသစ်၏တန်ဖိုးကို သိရှိခဲ့ကြသည်။

ဗြိတိသျှအစိုးရသည် သူတို့၏ နေမဝင်အင်ပါယာကြီးကို စောင့်ရှောက်ထိန်းသိမ်းရန်အတွက် ရေတပ်မတော်ကြီးကို တည်ဆောက်ရမည် ဖြစ်သည်။ သစ်သားသင်္ဘောများတည်ဆောက်သည့်ခေတ်တွင် ဗြိတိသျှရေတပ်မတော်သည် ကျွန်ုပ်တို့ မြန်မာနိုင်ငံမှထွက်ရှိသော ကျွန်းသစ်များဖြင့် တည်ဆောက်ခဲ့သော သင်္ဘောကြီးများကြောင့် နိုင်ငံတကာက မော့ကြည့်ရသောရေတပ်မတော်ဖြစ်ခဲ့ရသည်။ ကျွန်းပင်သည် လူတို့အား အများဆုံး အကူအညီပေးခဲ့သော သဘာဝပစ္စည်းဖြစ်ရာ စီးပွားသမားများကလည်း



ကျွန်းသစ်အား မျက်စိကျလာသည်။ ဤတွင် နိုင်ငံခြားသစ်ကုမ္ပဏီများ၊ သစ်ကုန်သည်များသည် ဗြိတိသျှပိုင်အောက်မြန်မာနိုင်ငံသို့ အလုအယက် ရောက်လာခဲ့ကြသည်။ သစ်ကုမ္ပဏီများနှင့် သစ်ကုန်သည်များအဖို့ ကျွန်းသစ်ထုတ်လုပ်ရေးသည် အမြတ်အစွန်း စီးစီးပိုပို့ရနိုင်သည်ဟုသိရှိထားသည်။ အောက်မြန်မာနိုင်ငံရောက်ရှိလာသော သစ်ကုမ္ပဏီများတွင် ခရစ်နှစ် ၁၈၆၃ ခုနှစ်က စတင်တည်ထောင်သော ဘုံဘေဘားမားသစ်ကုမ္ပဏီ (The BombayBurma Trading Corporation Limited) သည် အောက်မြန်မာနိုင်ငံမှ ထုတ်ယူခဲ့သော ကျွန်းသစ်အများကို လက်ဝါးကြီးအုပ်ထားခဲ့သည်။ သို့ဖြစ်၍ အခြားသစ်ကုမ္ပဏီကြီးများသည် ဘုံဘေဘားမားသစ်ကုမ္ပဏီ၏ ခေါင်းဆောင်မှုနှင့် ခြေလှမ်းတို့ အမြဲတစေ စောင့်စားကြည့်ရှုခဲ့ကြရ၏။

ထိုစဉ်က ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံ၏ မြောက်ဘက်နယ်နိမိတ်သည် ပျဉ်းမနားအထက် ရေနီအနားမှ အောင်လံမြို့၏ မြောက်ဘက် (၁၀) မိုင်ခန့် ကွာဝေးသောလမ်းပေါ်ရှိ မှတ်တိုင်အထိ ဖြစ်သည်။

အမှန်အားဖြင့် အထက်မြန်မာနိုင်ငံတွင် ကျွန်းသစ်တောများနှင့် အခြားသစ်တောကြီးများရှိသည်ကို ဗြိတိသျှနယ်ချဲ့သမားသည် သိရှိပြီးဖြစ်သည်။ ဒုတိယ အင်္ဂလိပ် - မြန်မာစစ်ပွဲပြီးသည့်နောက် အကြောင်းအမျိုးမျိုးကြောင့် ဗြိတိသျှနယ်ချဲ့သမားသည် အထက်မြန်မာပြည်ကို ဆက်၍သိမ်းယူခြင်းမပြုသော်လည်း အထက်မြန်မာနိုင်ငံမှ ကျွန်းသစ်တောများကို မျက်စိကျခဲ့သည်။ အောက်မြန်မာနိုင်ငံမှ ကျွန်းသစ်များထုတ်ခွင့်ရသဖြင့် သောက်သောက်လဲ အမြတ်အစွန်းရခဲ့သော ဘုံဘေဘားမားထရေးဒင်းကော်ပိုရေးရှင်းသည် အထက်မြန်မာနိုင်ငံ သီပေါမင်းထံမှ သစ်ထုတ်ခွင့်ရရှိရန် နည်းအမျိုးမျိုးနှင့် ကြိုးစားခဲ့သည်။ ကြိုးစားခဲ့သည့်အတိုင်း သစ်ထုတ်ခွင့်ရခဲ့သည်။ ထိုစဉ်က ဘုံဘေဘားမားကုမ္ပဏီမှ ကိုယ်စားလှယ်များသည် နည်းလမ်းအမျိုးမျိုးနှင့် အထက်မြန်မာနိုင်ငံမှ ကျွန်းသစ်များကို ထုတ်ယူရန် ကြိုးစားခဲ့ရာ စာဖတ်သူများ သိရှိပြီး ဖြစ်သည်။ သစ်ခိုးမှုကြီးပေါ်ပေါက်လာခဲ့ရာ အထက်မြန်မာနိုင်ငံ မြန်မာအစိုးရက ဒဏ်ငွေသိန်းချီပေးရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဤသည်ကို ယိုးမယ်ဖွဲ့၍ တတိယ နောက်ဆုံးအကြိမ် အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းယူခဲ့တော့၏။

ဤသို့ သိမ်းယူရာတွင် အခြားအကြောင်းအချက်များ ပါရှိမည်ဖြစ်သော်လည်း အဓိကအကြောင်းအရင်းမှာ ကျွန်းရွှေဝါ ဖြစ်ပါသည်။ မှန်ပါသည်။ သူ့ကြောင့် မြန်မာနိုင်ငံ ကျွန်ဇာတ်သွင်းခံရသည်ဟု ဆိုလောက်ပေသည်။

လှမိုး (ပညာရေး)

ကျမ်းကိုး -

The BombyBurmar Trading Corporation Limited
By - A. C. Pointon.



www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်း၍မရသောမိုး

မောင်စိန်ဝင်း (ရွှေမိုးညို)

## အခန်း (၁)

ဦးချမ်းသာ။

နာမည်ကသာ ဦးချမ်းသာ။ ဦးချမ်းသာ ကိုယ်ရော စိတ်ပါ မချမ်းသာခဲ့သောနှစ်တွေကြာခဲ့လေပြီ။ ဒါတွေကလည်း ဘယ်သူ့မှ အပြစ်တင်စရာမလို။ ဘယ်သူ့ပြု မိမိမှု ဆိုတာလို ကိုယ်လုပ်ခဲ့တာတွေပါပဲ။ ကောင်းမှု မကောင်းမှု ကိုယ်လုပ်တဲ့အတိုင်း ခံစားရမယ်လို့ မြတ်ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

ခုလို ဦးချမ်းသာ အသက် (၇၀) ကျော်လာတဲ့အချိန် မိမိဘဝရဲ့ အမှားတွေ၊ ပူလောင်ခဲ့ရမှုတွေကို ငြိမ်းအေးချမ်းသာအောင် ကုစားရန် ဘုရားရိပ် တရားရိပ်မှတစ်ပါး အခြားမရှိလေပြီ။ ဦးချမ်းသာ ဇနီးမယား ကွယ်လွန်ပြီးနောက် ပြည်မြို့ နဘဲရပ်၌ ထွေအုပ်ဝန်ထမ်းတစ်ဦးဖြစ်သူ သားမောင်လှတိုး မိသားစုနှင့် အတူနေသည်။ သားဖြစ်သူကလည်း ဖခင်ကြီး စိတ်ချမ်းသာအောင် အစစဂရုစိုက်ရှာသည်။

ဦးချမ်းသာ ပြုနေကျဝတ္တရားများအတိုင်း နံနက်(၁၀း၃၀)နာရီ ဘုရားဆွမ်းတော်ကပ်ရန် ဘုရားခန်းထဲဝင်ခဲ့သည်။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ငါးပါးသီလခံယူသည်။ (၃၁) ဘုံကျင်လည်ကုန်သောဝေနေယျသတ္တဝါအားလုံးအား ရည်မှန်း၍ အမျှအတန်းပေးဝေသည်။

"အားလုံး၊အားလုံး၊အားလုံးကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကြပါစေ။ ကုသိုလ်အမျှ၊ အမျှ၊ အမျှယူတော်မူကြပါ။ ဒုဝေဝေ. . ."

စိတ်၏ငြိမ်းချမ်းမှုရအောင် မိနစ် (၃၀) ခန့် တရားဆက်ထိုင်ပြီး ဘုရားခန်းထဲကအထွက် မောင်လှတိုးသမီး မြေးဖြစ်သူ ဆယ်တန်းကျောင်းသူ နွယ်နွယ် သတင်းစာတစ်စောင် လက်ထဲကိုင်လျက်က -

"ဘဘ၊ ဒီနှစ် ဧပြီလကစပြီး နိုင်ငံတော်က ဝန်ထမ်းတွေလစာ (၂)သောင်းကျပ်စီထပ်တိုးပေးဦးမယ်တဲ့။ ပင်စင်စားတွေလည်း ပါတယ်"

ဦးချမ်းသာ ရင်ထဲလှိုက်ခနဲဖြစ်သွားသလို တုန်လှုပ်ခံစားလိုက်ရသည်။ တစ်ချိန်တုန်းက ဝန်ထမ်းဘဝနှင့် နိုင်ငံတော်တာဝန်ထမ်းဆောင်စဉ်ကဆို ဒီလိုသတင်းမျိုးကြားလိုက်လျှင် ဝမ်းသာမိသည်။ ခုတော့ ကိုယ်က ဝန်ထမ်းလည်းမဟုတ်၊ အငြိမ်းစားလည်းမဟုတ်၊ ကိုယ်နှင့်ဘာမှမဆိုင်တော့သလို။ နိုင်ငံတော်၏တာဝန်ဝတ္တရားတွေ နှစ် (၃၀) ကျော်ထမ်းဆောင်လာခဲ့ရပေမယ့် မဆင်မခြင်စိတ်ရဲ့အလိုကိုလိုက်မိလို့ ပြင်မရတဲ့အမှားတွေနဲ့ သမိုင်းကြောင်းမလှဖြစ်ခဲ့ရသည်။ ငြိမ်းချမ်းစွာ ဘုရားခန်းထဲက ထွက်လာတဲ့စိတ်တွေ လွင့်ထွက်သွားသည်။ စိတ်ကိုမထိန်းနိုင်ဘဲ မြေးဖြစ်သူအား စိတ်ဆိုးသလိုကြည့်လိုက်ပြီး -

"ဒီကောင်မလေး၊ ဘာတွေလာပြောနေတာလဲ။ ကိုယ့်အလုပ်ကိုယ်လုပ်၊ သွားစမ်း"

အော်ငေါက်လွှတ်လိုက်မိသည်။ နွယ်နွယ်က ဘဘ ဘာလို့စိတ်တိုသွားတာပါလိမ့်။နားမလည်နိုင်သောအကြည့်လေးနှင့်ကြည့်ရင်း ထွက်သွားတော့မှ စိတ်မကောင်းဖြစ်မိသည်။ ဦးချမ်းသာ စိတ်ကိုတည်ငြိမ်အောင်ပြန်လည်စုစည်း



www.burmeseclassic.com

ချင်း ဝန်ထမ်းဘဝ ဟိုးနှစ်ပေါင်းများစွာ အတွေးပုံရိပ်များ တဖြည်းဖြည်းပြန်ပေါ်လာသည်။

## အခန်း (၂)

ဘဝမှာ တဒင်္ဂပျော်ရွှင်မှု၊ ချမ်းသာမှုတွေ များလွန်းလှသည်။ တဒင်္ဂပျော်ရွှင်မှု ချမ်းသာမှုတွေ ရှာဖွေခံစားရင်း ဘဝ ပျက်သွားကြသူတွေမနည်း။ ၁၉၉၅ ခုနှစ် ဒန်ကြီးဌာနတစ်ခုမှ ဦးချမ်းသာညွှန်ကြားရေးမှူးတစ်ဆင့်တိုးရာထူးဖြင့် ပဲခူးမြို့သို့ ရောက်ရှိလာသည်မှာ (၆) လ ခန့်ရှိပြီ။ ဦးချမ်းသာက အသက်(၅၀)ကျော်၊ [redacted] သ၊ တိုင်းအဆင့်ရာထူးတစ်ခုကိုရရှိလာတော့ အောက်ခြေလွတ်ချင်သလိုဖြစ်နေသည်။ ရာထူးအလျောက် လုပ်ပိုင်ခွင့် အာဏာနှင့်ပိုက်ဆံတွေရှိလာတော့ ချမ်းသာခြင်းဒဏ်ကို မခံနိုင်။ လောကဓမ္မတာအခွင့်အရေးကို မျှော်ကိုးပြီး ညှော်ခံ ကျွေးမွေးချင်သူတွေကမရှား။ အနေကြာလာတော့ အပေါင်းအသင်း မိတ်ဆွေတွေ စုံလာသည်။

တစ်ညနေ မိတ်ဆွေတစ်စုက ညှော်ခံကျွေးမွေးလို့ နာမည်ကြီးစင်တင်တေးဂီတစားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်နေသည်။ အမြှုပ်လေးတွေတစီစီ ထနေတဲ့ဖန်ခွက်ထဲက အေးမြလှသော ဘီယာကို တစိမ့်စိမ့်သောက်ရင်း ကြည်နူးနေမိသည်။ [redacted] တေးသံနှင့်အတူ စင်ပေါ်မှာ အကမယ်၊ အလှမယ်လေးတစ်ဦး တစ်ကိုယ်လုံး လှုပ်ယမ်းကခုန်သီဆိုရင်း ပန်းကုံး၊ သရဖူစွပ်မယ့်သူကို မျှော်နေသည်။

ရီဝေဝေဖြစ်နေတဲ့ ဦးချမ်းသာ ပျော်သလိုလိုရွှင်သလိုလို စင်ပေါ်မှာက နေတဲ့ကောင်မလေး ကိုယ်လုံးကိုယ်ပေါက်နှင့် ရုပ်ရည်လှပသည်။ [redacted] ချောချော အသက်(၃၀) ကျော်အရွယ်။ သူ့ကို မကြာခဏကြည့်နေသည်ဟုထင်နေမိသည်။ ထောင်ဂဏန်းမက သောင်းဂဏန်းတန်တဲ့သရဖူတစ်ခုတက်စွပ်ပေးချင်စိတ်တွေပေါ်လာသည်။ ဦးချမ်းသာ ယိုင်တိုင်တိုင်ခြေလှမ်းဖြင့် စင်တင်ဇတေးဂီတအနီးက ပန်းကုံး၊ သရဖူတွေထားတဲ့ စင်အနီးရောက်သွားသည်။ သရဖူတစ်ခုကောက်ယူလိုက်ပြီး စင်ပေါ်ခပ်တည်တည်တက်သွားသည်။ ကောင်မလေးကို သရဖူစွပ်ပေးလိုက်တော့ -

"ဖြောင်း ဖြောင်း ဖြောင်း"

အပေါင်းအသင်းအားလုံးရဲ့ ဝိုင်းပြီး လက်ခုပ်သြဘာချီးမြှင့်သံတွေဆူညံသွားသည်။ ကောင်မလေးကို လက်ဆွဲနှုတ်ဆက်ပြီး စင်ပေါ်က ပြန်ဆင်းလာခဲ့သည်။ ဦးချမ်းသာ အဲဒီနေ့ကစပြီး အပေါင်းအသင်းတွေမပါလည်း စင်တင်တေးဂီတကို တစ်ယောက်တည်းသွားတတ်သည်။ ရောက်တဲ့နေ့တိုင်း ကောင်မလေးကို သရဖူတစ်ခုချီးမြှင့်သည်။ ကြာလာတော့ ကောင်မလေးနှင့် ရင်းနှီးလာသည်။ ကောင်မလေးအမည်က [redacted] လွင်၊ ရှမ်း-ဗမာကပြားမလေး။ ရှမ်းပြည်နယ်ဘက်က ရောက်လာတယ်ဆိုပဲ။ ရင်းနှီးခင်မင်မှုကစလို့ နှစ်ယောက်သား ရာဂအမှောင်ထဲ တိုးဝင်မိသည်အထိ ငြိစွန်းမိကြသည်။

## အခန်း(၃)

◆ *သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ကြယ်စင်ကင်းပ၊ မှောင်လွန်းလှ၏။ မှောင်တကာ့မှောင်၊ ရာဂအမှောင်၊ ထိုအမှောင်ကား၊ အမှောင်များထက်၊ ရာထောင်မက၊ သာလွန်းလှ၏။*

အမှောင်တကာ့အမှောင်ထဲမှာ အမှောင်ဆုံးဖြစ်သည့် ရာဂအမှောင်ထဲ





www.burmeseclassic.com

www.burmeseclassic.com

တိုးဝင်မိပြီဖြစ်သော ဦးချမ်းသာ။ မိမိရဲ့ ရာထူး၊ ဂုဏ်သိက္ခာ၊ အမှား၊ အမှန်ဘာမှဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတော့။ ဆားငန်ရည်သောက်မိသူလို ငတ်မပြေနိုင်ရှိနေသည်။

ဒီနေ့ည (၈)နာရီ စားသောက်ဆိုင်ရဲ့ အခန်းလေးတစ်ခုထဲမှာ ဖြူဖြူလွင်နှင့် နှစ်ယောက်အတူတွေ့နေရသည်။ အားလုံးကို ပေးကမ်းနှုတ်ပိတ်ထားလို့ အခွင့်အရေးတွေရနေသည်။

ဖြူဖြူလွင် ဦးချမ်းသာရင်ခွင်ထဲက လူးလွန့်ထရင်း -

"အစ်ကိုကြီး၊ ဖြူတို့အကြောင်း တော်တော်များများသိနေကြပြီ။ အစ်ကိုကြီး မယားကြီးကိုကွာပြီး ဖြူ့ကို တရားဝင်လက်ထပ်ယူပါ"

"ဖြူကလည်းကွယ်၊ ခုလည်းတွေ့နေရတာပဲ။ ဖြူလိုချင်တာ အစ်ကိုကြီး ပံ့ပိုးပေးနေတာပဲ မဟုတ်လား"

"ဘာလဲ၊ အစ်ကိုကြီးက ဖြူ့ကို တိတ်တိတ်ပုန်းမယားငယ်တစ်ယောက်လို သဘောထားတယ်လား"

"ဒီလိုလည်း မဟုတ်ပါဘူးကွယ်။ အစ်ကိုကြီး ဂုဏ်သိက္ခာအတွက် စဉ်းစားနေတာပါ"

"ဘာခုမှဂုဏ်သိက္ခာလဲ၊ ဖြူပြောသလိုမလုပ်နိုင်ရင် အစ်ကိုကြီး ဖြူနဲ့ အဆက်အသွယ်ဖြတ်လိုက်တော့။ ဖြူ ဘဝနောင်ရေးအတွက် သိန်း (၅၀၀)ပေးလိုက်ပါ။ ဖြူ ဒီမြို့ကထွက်သွားပါ့မယ်။ ဖြူ ငွေစကားပြောတာမဟုတ်ဘူးနော်"

ဦးချမ်းသာ ရှေ့မတိုး၊ နောက်မဆုတ်သာ၊ နှစ်ရှည်လများ ပေါင်းသင်းလာတဲ့ မယားကြီးကိုလည်း မကွာရက်၊ ဖြူလေးကိုလည်း စွဲလမ်း၊ လက်ထဲမှာ လောလောဆယ် ငွေသိန်း (၅၀၀) မရှိ။ အကြပ်ရိုက်နေသည်။ အကြံအိုက်စွာဖြင့် -

"ဖြူလေး၊ အစ်ကိုကြီးစဉ်းစားပါဦးမယ်"

"ဒါပဲနော် အစ်ကိုကြီး၊ အစ်ကိုကြီး တစ်ခုခုတော့ဆုံးဖြတ်ရလိမ့်မယ်။ နောက်မှ ဖြူ့ကို အဆိုးမဆိုနဲ့။ ခုဖြူ သုံးစရာမရှိလို့ ပိုက်ဆံပေးခဲ့ဦး"

"ဟိုတစ်ပတ်က တစ်သိန်းပေးခဲ့တာ ကုန်ပြီလားကွယ်"

"ကုန်ပြီလေ။ ဟိုနေ့က ဒီဖိုင်းအသစ်အကျီနဲ့ ဖိနပ်ဝယ်လိုက်လို့"

"အေးပါကွယ်၊ အေးပါ အေးပါ"

ဦးချမ်းသာ ပိုက်ဆံငါးသောင်း ထုတ်ပေးလိုက်သည်။

အချစ်ကလေး လိုအပ်သမျှ ဝယ်ပေးနေရသည်။ ရမ္မက်မီးတောက် ဝဲမျှိုခံရလို့ ကုန်တာတွေနည်းတော့။ပူလောင်သည်မထင်မိ။ မိန်းမဆိုတာ မလိုရင်အမှုလိုလျှင်ဆုတဲ့။ မလိုတဲ့အချိန်အမှုထလုပ်တတ်သည်။ ခုနေတော့ ဦးချမ်းသာ ဆုလာဘ်ပကာတွေ တစ်ခုပြီးတစ်ခုရနေသလို ကြည်နူးနေမိသည်။

ဦးချမ်းသာ ရာဂစိတ်တွေနိုးကြားလာပြီး ဖြူဖြူလွင်ကို ဆွဲယူပွေ့ဖက်ထားလိုက်ရာက အမှောင်ထဲသို့ နှစ်ယောက်သား တိုးဝင်သွားမိကြပြန်သည်။

## အခန်း (၄)

ဒေါ်လှမေ။

ဦးချမ်းသာဇနီး။ ဦးချမ်းသာထက် (၃)နှစ်ခန့်ငယ်ပြီး အသားညိုချောဖြစ်သည်။ ဒေါ်လှမေ ဦးချမ်းသာ ရုံးကအပြန် ညနေစာ ထမင်းအတူစားရန် စောင့်နေခဲ့သည်။ ည (၉) နာရီကျော်လို့ (၁၀) နာရီထိုးခါနီးမှ ဦးချမ်းသာ ပြန်ရောက်လာသည်။

ဒေါ်လှမေက -

"ကိုချမ်း၊ ဘယ်အချိန်ရှိနေပြီလဲ။ ဘယ်ဝင်နေလို့ဒီလောက်ကြာနေတာလဲ။ ရှင်နော်၊ ခြေလှမ်းတွေပျက်နေတာကြာပြီ"

"ဘယ်မှမဝင်ပါဘူးကွာ။ လေးလပတ်နီးလာလို့ ရုံးအလုပ်တွေများနေလို့ပါ"

"ကိုချမ်း၊ ရှင့်သတင်းတွေ မြို့ထဲမှာ ပြန့်နေပြီ။ ရှင်လူကြီးတစ်ယောက်အနေနဲ့ အနေအထိုင်ဆင်ခြင်စေချင်တယ်"

"အလို၊ မင်းဘာမဟုတ်တာတွေ စွပ်စွဲနေရတာလဲ"

"ဘာမဟုတ်ရမှာလဲ၊ မသိရင်ခက်မယ်။ ရှင် စားသောက်ဆိုင်က ကောင်မလေးတစ်ယောက်နဲ့ ရှုပ်နေတာ သိတယ်"

"မင်းတို့မိန်းမတွေ အလကားနေ သဝန်ကြောင်ဖို့ပဲတတ်တယ်။ မင်းမကျေနပ်ရင် ကြိုက်သလိုလုပ်ကွာ"

"ဩော်-ရှင်ကဒီလိုလား။ ရှင်ဒုက္ခရောက်မှာစိုးလို့ပြောနေတာ။ ရှင်ခြေလှမ်းမရပ်ရင် ရှင့်ကို ဆက်မပေါင်းနိုင်ဘူး။ ကွာမယ်"

"မင်းကြိုက်သလိုလုပ်ကွာ"

ဦးချမ်းသာ စိတ်ဆိုးမာန်ဆိုးပြောပြီး အိပ်ခန်းထဲဝင်သွားသည်။ အပြင်မှာ ဒေါ်လှမေ ဝမ်းပန်းတနည်း ရှိုက်ကြီးတငင်ငိုကြွေးလျက် ကျန်ခဲ့သည်။ ဦးချမ်းသာ အိမ်ပြန်ရောက်တိုင်း ဒေါ်လှမေနှင့် တိုးတိုးတစ်မျိုး၊ကျယ်ကျယ်တစ်ဖုံမကြာခဏ အိမ်တွင်းရေးပြဿနာတက်နေလို့ ဦးချမ်းသာ အိမ်မကပ်တော့။

## အခန်း(၅)

ဦးချမ်းသာ တပည့်ခင်မောင်ဝင်းကိုခေါ်ပြီး ရုံးချုပ်၌ လေးလပတ်အစည်းအဝေးတက်ရန် ထွက်ခွာသွားသည်။ အစည်းအဝေးပထမနေ့ ကျင်းပစဉ် အရေးကြီးသတင်းပို့ရန် ရှိသည်ဆိုလို့ ဦးချမ်းသာ အစည်းအဝေးခန်းမထဲက ထွက်ခဲ့သည်။ တပည့်ဖြစ်သူ ခင်မောင်ဝင်း မျက်နှာမကောင်း၊ လက်ထဲကကြေးနန်းစာလေးပေးလို့ ဖတ်ကြည့်လိုက်တော့ -

ဒေါ်လှမေ ဆုံးပြီ။ အမြန်လာ။

ဦးချမ်းသာ ရင်တွေတဒိုင်းဒိုင်းခုန်သွားသည်။ ကြေးနန်းထဲ မပါပေမယ့် တပည့်ခင်မောင်ဝင်းပြောပြလို့ ဒေါ်လှမေ အိမ်ထောင်ရေးသောကတွေ မခံစားနိုင်လွန်းလို့ နေအိမ်မှာရှိတဲ့ ခြောက်လုံးပြူးနှင့် ကိုယ့်ကိုယ်ကိုယ် ပစ်သတ်၍ (Suicide) လုပ်သွားကြောင်း သိရသည်။ ဦးချမ်းသာရင်ထဲ ပူလောင်မှုတွေတသီကြီးဝင်လာသည်။ ဦးချမ်းသာ လူကြီးတွေခွင့်ပန်ပြီး ပြန်လာခဲ့သည်။ ခက်တာက ဒေါ်လှမေကိုယ့်ကိုယ်ကိုယ်ပစ်သတ်တဲ့သေနတ်က ၎င်းတို့ရားမဝင်ကိုင်ဆောင်ထားတဲ့သေနတ်။ တစ်ပူပေါ် နှစ်ပူဆင့်ရလေပြီ။ အိမ်ထောင်ရေးပြဿနာသာမက တရားမဝင်လက်နက်ကိုင်ဆောင်မှုပါ ဖြေရှင်းနေရသည်။

ဒေါ်လှမေသေဆုံးမှုကို ရဲတပ်ဖွဲ့မှ သေမှုသေခင်း (Inquest) ဖွင့်စစ်ဆေးသည်။ (Inquest) မှုခင်းတစ်ခုတွင် သေဆုံးသူ၏ အလောင်းကို သေပြီးနောက် ဆေးဆရာဝန်များက ခွဲစိတ်ဖြတ်တောက်ကြည့်ရှုခြင်း (Post-Mortem) ပြုလုပ်ရသည်။ သေသူရထားသောဒဏ်ရာ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများခွဲစိတ်စစ်ဆေးကြည့်ရှုခြင်းဖြင့် သေသူသည် မိမိကိုယ့်ကိုသတ်သေခြင်းလား (Suicide)၊ သူတစ်ပါးသတ်ခြင်းလား (Homi - cide)၊ မတော်တဆ ထိခိုက်ရရှိခြင်းလား (Inicident)၊ ခန္ဓာကိုယ်အစိတ်အပိုင်းတွင်တွေ့ရှိမှု (Sign) လက္ခဏာများက အရေးကြီးသော သက်သေခံဆေးမှတ်တမ်းများ ဖြစ်သည်။

ဖြူဖြူလွင် ဦးချမ်းသာထံမှတော



www.burmeseclassic.com

www.burmeseclassic.com

သောငွေကို မရရှိသဖြင့် ရုံးချုပ်သို့တိုင်ကြားစာများပေးပို့ခဲ့သည်။ တရားရုံးတွင်လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၄၉၃ သောက်ျားတစ်ဦးသည် တရားဥပဒေနှင့်အညီ ၎င်းနှင့်လက်ထပ်မထားသည့် မိန်းမကို ယုံမှတ်ရန် လိမ်လည်လှည့်ဖြား၍ ပေါင်းဖော်မှုဖြင့် ဦးတိုက်တရားစွဲဆိုသည်။ ဌာနဆိုင်ရာရုံးချုပ်က ဦးချမ်းသာထက် ရာထူးအဆင့်မြင့်သော မြန်မာဝင်အရာရှိကြီးတစ်ဦး ဦးဆောင်သော (၃) ဦး ပါဝင်သည့် ခုံရုံး (DE) အဖွဲ့ဖြင့် အမှုအားလုံးကို တပေါင်းတည်း စစ်ဆေးရန် ချိန်းဆိုသောစာများရောက်ရှိလာသည်။ ဦးချမ်းသာ တရားရုံးတွင် အမှုနှစ်ခု ရင်ဆိုင်နေရသလို ဌာနဆိုင်ရာခုံရုံးဖြင့် စစ်ဆေးမှုကိုလည်း ခံယူနေရသည်။

ဝန်ထမ်းစည်းကမ်းစည်းမျဉ်းအရ ဝန်ထမ်းတစ်ဦး ကျူးလွန်သည်ဟု စွဲချက်တင်ခံရသောပြစ်မှုသည် မထင်ရှားပါက (PE = Primally Inquire) အရင်ပြုလုပ်ရသည်။ စစ်ဆေးပေါ် ပေါက်၍ထင်ရှားပါက (DE = Department Inquire) ဆက်လက်ပြုလုပ်ရသည်။ ထင်ရှားပေါ် ပေါက်ခဲ့ပြီး ကိစ္စဖြစ်ပါက ပဏာမစုံစမ်းစစ်ဆေးရန်မလိုဘဲ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို တစ်ခါတည်း ပြုလုပ်နိုင်၏။ ယခု ဦးချမ်းသာအမှုသည် ထင်ရှားပေါ်ပေါက်ပြီးဖြစ်၍ DE တစ်ခါတည်း ပြုလုပ်ခြင်း ဖြစ်သည်။

ဌာနဆိုင်ရာစစ်ဆေးမှုတွင် စွဲချက်တင်ခံရသူအား အပြစ်အလျှောက်စွဲချက်များပေးရသည်။ စွဲချက်တင်ခံရသူက ကိုယ်တိုင် သို့မဟုတ် ရှေ့နေငှား၍ ခုခံချေပခွင့်ရှိသည်။ သက်သေများစစ်မေးရာ၌ အပြန်အလှန်မေးခွန်းမေးခွင့်ရှိသည်။ သက်ဆိုင်ရာစာရွက်စာတမ်းများ သက်သေခံအဖြစ် တင်သွင်းရသည်။ စစ်ဆေးမှုပြီးဆုံးပါက DE အဖွဲ့၏ အပြစ်ထောက်ခံတင်ပြချက်အရ ပြစ်ဒဏ်အမျိုးမျိုးပေးတတ်သည်။ နှစ်တိုးရပ်ခြင်း၊ လုပ်သက်ဖြတ်တောက်ခြင်း၊ ရာထူးအဆင့်လျှော့ချခြင်း စသည်များအနက် ဝန်ထမ်းအဖြစ်မှ ထာဝရထုတ်ပယ်ခြင်း (Dismiss) သည် အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည်။

တရားရုံးတွင် သံသယအကျိုးကို တရားခံက ခံစားခွင့်ရှိပေမယ့် ဌာနဆိုင်ရာစစ်ဆေးမှုတွင် ဝန်ထမ်းသည် ပြစ်မှုကျူးလွန်ဖွယ်ရှိသည်ဟု သံသယအဝင်ခံရပါက ဝန်ထမ်းအား အပြစ်ပေးလို့ရသည်။ တရားရုံးတွင် အမှုနှင့်လွတ်မြောက်သွားသော်လည်း ဌာနဆိုင်ရာက ဝန်ထမ်းအား အပြစ်ပေးခွင့်ရှိသည်။

ဦးချမ်းသာရင်ထဲသာမက ခေါင်းပါ မီးတောက်နေသည်။ အရှူးမီးဝိုင်းသလိုဖြစ်နေရပြီ။ တရားမဝင် လိုင်စင်မဲ့ သေနတ်ကိုင်ဆောင်မှု၊ မိန်းကလေးအား လှည့်ဖြားပေါင်းသင်းမှုတို့ဖြင့် တရားရုံးက ပြစ်ဒဏ်ကို သက်ညှာစွာ စဉ်းစား၍ ထောင်ဒဏ် (၂) နှစ် တပေါင်းတည်း ကျခံရန် ချမှတ်လိုက်သည်။ ဌာနဆိုင်ရာက ဦးချမ်းသာအား ကိုယ်ကျင့်တရားဖောက်ပြားသော အိမ်ထောင်ဖောက်ပြန်မှု အပါအဝင် အပြစ်အားလုံးအတွက် ဝန်ထမ်းအဖြစ်မှ ထာဝရထုတ်ပယ်သော (Dimiss) ပြစ်ဒဏ်ချမှတ်ခဲ့သည်။

## အခန်း(၆)

မြို့ကြီးရွာကြီးတွေဘယ်လောက်ပဲမီးလောင်လောင် တစ်ရက်၊ နှစ်ရက်အတွင်း ငြိမ်းသွားအောင်သတ်နိုင်သည်။ ရာဂကြောင့်ဖြစ်လာရတဲ့မီး နှစ်ပေါင်းများစွာကြာသည့်တိုင်အောင်မငြိမ်းသတ်နိုင်ဘဲ တငွေ့ငွေ့လောင်မြိုက်နေဆဲပါလား။ အကြောင်းကား တိုက်ဆိုင်၍ ပေါ်ပေါက်လာတိုင်း ရင်ကိုပူလောင်လာတတ်သည်။ ငြိမ်း၍မရတဲ့မီးပါတကား။

ဦးချမ်းသာ အလွန်နောက်ကျသွားပြီဖြစ်သော အသိတရားတို့ဖြင့် မိမိဘဝရဲ့အမှားပုံရိပ်တွေကို ပြန်ပြောင်းတွေးတောပုံဖော်ရင်း စိတ်မချမ်းမသာဖြစ်နေရသည်။ မီးတကာ့မီးတွင် ရာဂမီးကား အပူလောင်ဆုံး။ ရာဂမီးကား ပူလောင်လွန်းလေစွ။ ရာဂမီး ကိုယ်၌စွဲလောင်သော် ငြိမ်းသတ်ရန်ခက်လှသည်။



ကုရာနတ္ထိဆေးမရှိဟုဆိုကြသည်။အမှားတွေ မကျူးလွန်မိအောင် သတိ၊ ပညာဆေး တို့ဖြင့် အချိန်မီကုစားမှ သင့်ပေမည်။

◆ ရာဂမီးတောင်၊ ကိုယ်၌လောင်သော်၊ ငြိမ်းအောင်သတ်ရေး၊ ခက်ဘိသေး၏။

ရာဂမီးကား ကုရာနတ္ထိဆေးမရှိ။
သတိပညာ ဆေးသည်သာ မဟာဩသဓ ဆေးမည်စွ။

ဘဝမှာ ပြုပြင်မရသော အမှားတစ်ခုကြောင့် ဘဝတစ်ခုလုံး ပျက်သုဉ်းသွားရသည့်အထိ အပူမီးတွေ လောင်မြိုက်တတ်ပုံကို ဦးချမ်းသာ ကိုယ်တွေ့ဖြစ်ရပ်လေးက သင်ခန်းစာပေးနေသည်။ အမှားမကင်းနိုင်တဲ့ လူ့ဘဝကြီးမှာ မမှားသင့်တာမမှားဖို့ အရေးကြီးသည်။ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးတွေကို ဝေဖန်ပိုင်းခြားနိုင်သော ပညာနှင့်ယှဉ်သည့် သတိ၊ ပညာနှင့်ယှဉ်သော ကိုယ်ကျင့်သီလတို့ဖြင့် အပြန်အလှန် ထိန်းညှိနေထိုင်ခြင်း၊ အမှန်ကန်ဆုံးကျင့်စဉ်သည်သာ ဘဝရဲ့ကောင်းကျိုးတွေကို ဖော်ဆောင်ပေးနိုင်မည်။ ပူလောင်မှု ရမ္မက်မီးတွေ ကင်းဝေးပြီး ငြိမ်းအေးမှုကို ရရှိစေနိုင်မည်။

ပညာနှင့်ယှဉ်သော သီလ၊ သီလနှင့် ယှဉ်သော ပညာတို့သည် ပမာဆိုသော် လက်တစ်ဖက်မှာ ပေကျံနေတဲ့ အညစ်အကြေးကို ကျန်လက်တစ်ဖက်နှင့် ပွတ်တိုက်ဆေးကြောရသကဲ့သို့၊ ခြေတစ်ဖက်ပေကျံနေတာကို ကျန်ခြေတစ်ဖက်နှင့် ပွတ်တိုက်ဆေးကြောရသကဲ့သို့ ရှိချေသည်ဟု တရားတော်အရ မှတ်သားရပေသည်။

ဦးချမ်းသာ ဝန်ထမ်းဘဝနှင့် ဘဝတိုက်ပွဲမှာ နှစ်ပေါင်း (၃၀) ကျော်တိုက်ခဲ့ပေမယ့် ဘာတစ်ခုမှအကျိုးခံစားခွင့်မရ၊ ထောင်ထွက်တစ်ဦးအနေနှင့် ဂုဏ်သိက္ခာမဲ့စွာနေထိုင် အသက်အရွယ်ကြီးရင့် လာရတဲ့ မိမိဘဝရဲ့အမှား၊ ချေဖျက်လို့မရနိုင်တဲ့ အမည်းစက်တွေအတွက် နောင်တတရားနှင့်အတူ ပူလောင်မှုဝေဒနာတွေ ခံစားနေရဆဲ။ ဟိုတုန်းကသာ ဦးချမ်းသာ ရင်ထဲ၊ နှလုံးသားထဲမှာ ခုလို တရားအသိလေးတွေ ခိုင်ခိုင်မြဲမြဲရှိနေခဲ့မယ်ဆိုရင်ဖြင့် . . . ။

*ဘေးဘယာဝေးကွာကြပါစေ*

မောင်စိန်ဝင်း (ရွှေမိုးညို)



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၆ ခုနှစ် မိုးတွေဖြိုင်ဖြိုင်ကျနေသော ဇူလိုင်လ။

ကျွန်တော်သည် ရန်ကုန်မြို့သို့ ရောက်ရှိနေသည်။ တည်းတော့ စာရေးဆရာကြီး ဦးရန်အောင်၏ ရန်ကင်းတိုက်မှာတည်း၏။

ဆရာ၊ တပည့် နှစ်ယောက်သား နံနက်စာစားပြီးတော့ ဆရာကြီးက လူကြီးပီပီ တစ်ရေးတစ်မောအိပ်မည်။ ကျွန်တော်က စာမူတွေထည့်ထားသော လွယ်အိတ်ကိုယူ၍ အပြင်ထွက်ရန်ဟန်ပြင်သောအခါ ဆရာဦးရန်အောင်က -

"ကိုဝင်းမြင့်ရေ၊ မင်းသည်နေ့ သောကြာစာစောင်တိုက် ရောက်မယ် မဟုတ်လား"

"အခုသွားမှာ ဆရာ"

"အေး - အတော်ပဲ၊ သောကြာအတွက် ဟာသစာမူကလေးနှစ်ပုဒ်ရေးထားတယ်။ အဲဒီစာမူကလေးနှစ်ပုဒ်ကို ကိုမောင်ကလေးလက်ထဲ ထည့်လိုက်ကွယ်။ စာမူခ တစ်ပုဒ်ကို (၁၀) နှုန်း၊ နှစ်ပုဒ်ကိုတော့ ငွေ (၂၀) ပေးလိုက်ပါလို့

# မကွေးဝင်းမြင့်

## အဘိုးနှင့်အဘွားတို့ ကျန်းမာစေဖို့





www.burmeseclassic.com

www.burmeseclassic.com

ပါကမှာတယ်လို့ မင်းကပြောပြ။ ကဲ - သွားတော့"

ဆရာ့ဆီက စာမူနှစ်ပုဒ်ကိုယူ၍ တာမွေ ကျောက်မြောင်း ဩဘာလမ်းသို့ ရောက်သွားသောအခါ -

"မကွေးဆရာဒေါက်တာအုန်းမှတ် ကြီးလာနေပြီဟေ့"

ခနဲဖြူကျော်ထွန်း (ခေါ်) ဟာသစာရေးဆရာကြီး အိကြာကွေးက သောကြာ ဦးမောင်ကလေး အယ်ဒီတာအခန်းထဲ စာကြောင်းပေကြောင်းပြောနေကြသော ကာတွန်းဆရာကြီး ဦးဟိန်ရွှန်း သုဝဏ္ဏကျော်စိန်၊ မျိုးမြင့်(အောင်ပဲ) တို့က ဝမ်းပန်းတသာ နှုတ်ဆက်ကြ၏။

သောကြာစာစောင်ပိုင်ရှင်လည်းဖြစ်၊ အယ်ဒီတာလည်းဖြစ်သော ဆရာဦးမောင်ကလေးလက်သို့ မကွေးမှ စာပေသမားများပေးလိုက်သော ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ပေးလိုက်၏။

ထို့နောက် ဆရာကြီးဦးရန်အောင်ပေးလိုက်သော စာမူနှစ်ပုဒ်ကိုထုတ်၍ ဆရာမှာကြားသည့်အတိုင်းပြောပြလိုက်သောအခါ ဆရာဦးမောင်ကလေးသည် သူ့ပင်ကိုသဘာဝအတိုင်း ပြုံးရွှင်သောမျက်နှာဖြင့် -

"ဆရာကြီး ဦးရန်အောင် ဆိုတာ သက်ကြီးဝါကြီးဆရာကြီးပဲဗျာ ထိုက်ထိုက်တန်တန်စာမူခကန်တော့ရမှာပေါ့။ ကဲ - ဆရာတို့ လက်ဖက်ရည်ဆိုင်သွားကြစို့"

◆

ဩော် - ဘာလိုလိုနှင့် မကွေးနှင့် ရန်ကုန်၊ ရန်ကုန်နှင့်မကွေး ကူးချည်သန်းချည် စာပေဆိုသည့် အနုပညာလောကထဲမှာ တဝဲဝဲတလည်လည်နှင့် နှစ်ပေါင်း (၃၀) ကျော် ကြာမြင့်ခဲ့ပါပြီ။

ဟော - အခုလည်း ရန်ကုန်သို့ ရောက်၏။ အသက်အရွယ်လေးကြီးကြီးလာတော့ ရန်ကုန်နေ စာပေမိတ်ဆွေများထံ အိမ်ပေါက်စေ့မဝင်နိုင်တော့ပါ။

သို့သော်လည်း ရန်ကုန်ရောက်တိုင်း ပန်းဆိုးတန်းလမ်းရှိ သူရဇ္ဇမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာဦးအောင်မြတ်နှင့် သောကြာဆရာဦးမောင်ကလေးတို့ထံ ဝင်ဖြစ်အောင်ဝင်ပါသည်။

ယခုလည်း အမှတ် (၁၅)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဆရာကြီး ဦးမောင်ကလေးထံ ရောက်သွားသောအခါ ထုံးစံအတိုင်း



ဝမ်းပန်းတသာညှဉ့်ခံ၏။

"ဆရာဦးဝင်းမြင့်တို့ကတော့ တစ်လတစ်ခေါက်၊ နှစ်ခေါက်ဆိုသလို ရန်ကုန်ကိုရောက်နေတာပဲနော်။ ခရီးသွားဆေးသမားပီသပါပေတယ်"

"မသွားလို့မဖြစ်ဘူး ဆရာရေ၊ သားသမီးမြေးမြစ်တွေများတယ်"

"ဆရာ ဦးဝင်းမြင့်က မြစ်တောင်ရနေပြီလား"

"ဟုတ်ကဲ့ ခင်ဗျာ၊ သားသမီးက (၇) ယောက်၊ မြေးက (၁၃) ယောက်ခင်ဗျာ။ အဲ - မြစ်က(၃)ယောက်ခင်ဗျာ။ အခု မြစ် (၃) ယောက်ဟာ (၃) တန်း၊ (၄) တန်း၊ အငယ်ဆုံးမြစ်က မူလတန်းကြိုတက်နေပြီ ခင်ဗျာ"

"ဆရာက အသက်ကြီးပြီ၊ သားသမီးတွေ ခိုင်းပေါ့ ဆရာရယ်"

"ခိုင်းတယ် ဆရာရေ။ စကားစပ်မိလို့ပြောရဦးမယ်။ သား (၄) ယောက်၊ သမီး (၃) ယောက်ရှိတာ၊ ဒုတိယသားကိုစိုးမိုးဝင်းတဲ့။ တစ်နေ့တော့ သားရေ ရန်ကုန်သွားချေကွာ။ (၂၇) လမ်း အစ်ကိုကြီး ဦးသောင်းဖေ၊ အစ်မကြီး ဒေါ်ပြုံးတို့အိမ်တည်းကွ။ ဆေးဖိုးငွေတွေယူပြီး စန္ဒီပရဆေးဆိုင်က နွယ်ချိုသိန္ဓော၊ ရှိန်းခိုတွေဝယ်ခဲ့လို့ (၂) ခေါက်ပဲလွှတ်လိုက်တာ (၃) ခေါက်မြောက်ကျတော့ အဖေနဲ့ အမေ ရန်ကုန်လိုက်ခဲ့ပါဦး။ ကျွန်တော်နဲ့ချိုချိုတို့ လူငယ်သဘာဝရည်ငံနေကြပြီ။ အဖေနဲ့အမေတို့လိုက်ပြောပေးပါဦးတဲ့။ ချိုချိုဆိုတာက ကျွန်တော်တို့ဆေးကိုယ်စားလှယ်အစ်ကိုကြီးဦးသောင်းဖေရဲ့သမီးပါ။ ရန်ကုန်လိုက်ရတော့တာပေါ့။ နှစ်ဖက်မိဘသဘောတူညီချက်နဲ့ ရန်ကုန်သရက်တောကျောင်းတိုက်မှာ မင်္ဂလာဆွမ်းကျွေးအခမ်းအနားကလေးကျင်းပလိုက်ပြီး မိန်းမပေးစားလိုက်ရပါသဗျာ"

"ဟောဗျာ"

"သားသမီးမြေးတွေ ရန်ကုန်မှာရှိနေလေတော့ ကျွန်တော်တို့လည်း ရန်ကုန်ကိုမကြာခဏရောက်ရတာပေါ့လေ။ မြေးလေးတွေကို ကျွန်တော်တို့ အဘိုး၊ အဘွားနှစ်ယောက်က ချစ်တယ်ဗျ။ မြေးနဲ့ အဘိုးဆိုတာ မြေးက လူ့လောကထဲ အဝင်၊ အဘိုးနဲ့ အဘွားက လူ့လောကမှအထွက် လမ်းခုလပ်မှာ ခဏတစ်ဖြုတ်တွေ့ကြရတာဗျ"

"မြေးနဲ့အဘိုး အသက်ရှည်ရှည် ကျန်းကျန်းမာမာနေချင်ရင် လိုက်နာဆောင်ရွက်ရမယ့် လျှို့ဝှက်ချက် အချက် (၆) ချက် ကျွန်တော့်မှာရှိတယ်"

"ဟုတ်လား ဆရာ၊ အဲဒီလျှို့ဝှက်ချက် အချက် (၆) ချက် အမိန့်ရှိပါဦး"

ဆရာဦးမောင်ကလေးသည် သူ့ရှေ့၌ အဆင့်သင့်ရှိသော ကွမ်းအစ်ထဲမှ ကွမ်းတစ်ရွက်ကို ထုံးတို့ပြီး ကွမ်းသီးစိတ်ထည့်ကာပါးစောင်အတွင်းသို့ထည့်လိုက်၏။

"မြေးနဲ့ အဘိုး အသက်ရှည်ရှည် ကျန်းကျန်းမာမာနေချင်ရင် -

နံပါတ် (၁) ရုံး၊ ရဲဌာနမရောက်ရအောင် နေထိုင်တတ်ရမည်။

နံပါတ် (၂) ဆေးရုံ၊ ဆေးခန်းမရောက်အောင် နေထိုင်တတ်ရမည်။

နံပါတ် (၃) ကြွေးမြီးကိစ္စများ တင်းရှင်းအောင် နေထိုင်တတ်ရမည်။

အဲဒီအချက် (၄) ချက်ကတော့ စိတ်ချမ်းသာရေး အဓိကအချက်ကြီး (၃) ချက်ပါပဲ။

ခန္ဓာကိုယ် ကျန်းမာရေးအတွက်ကတော့-

နံပါတ် (၅) ကတော့ အစာကို ဆာမှစားပါ။

နံပါတ် (၆) ကတော့ ခြေထောက်ကို နွေးနွေးထွေးထွေးထားပါ။ ခြေထောက် နွေးနေအောင် လမ်းလျှောက်ရမှာပဲ။ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ အသက်ရှည်ရှည်နေရမှာပါခင်ဗျာ"

"ဆရာဦးမောင်ကလေးရဲ့ ကျန်းမာရေးအတွက် အဆိုအမိန့်ကလေးကောင်းပေ့ဗျာ၊ ကျေးဇူးတင်ပါတယ်"

ကျွန်တော်သည် ဆရာကြီး ဦးမောင်ကလေးအား မကွေးမှ သယ်ဆောင်လာသော မြေပဲယို၊ နှမ်းယိုထုပ်များဖြင့် ရိုသေစွာ ကန်တော့လိုက်ပါသည်။

ဆရာကြီး ဦးမောင်ကလေး အသက်ရာကျော်ရှည်ပါစေ။

မကွေးဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စည်ကားသောလမ်းဆုံကြီးနှစ်ခုရှိနေသည်။ တန့်ဆည်လမ်းဆုံနှင့် လှတောလမ်းဆုံတို့ ဖြစ်ပါ၏။

တန့်ဆည်လမ်းဆုံစည်ကားသည်မှာ နှစ်ကြာပြီဖြစ်ငြား လှတောလမ်းဆုံစည်ကားသည်က နှစ်မကြာသေး။

လှတောလမ်းဆုံသည် စစ်ကိုင်း - ရွှေဘိုကားလမ်းပေါ်တွင် တည်ရှိသည်။ မြောက်ဘက် ရွှေဘိုမြို့နှင့် (၁၄) မိုင်အကွာ၊ အရှေ့ဝက်လက်မြို့နှင့် (၇) မိုင်အကွာ အနောက်ဘက်မှာ မူးမြစ်ကိုဖြတ်၊ အရာတော်မြို့နယ် တောင်တည့်တည့်က ရွာသာကြီး၊ အုန်းတော၊ စစ်ကိုင်း၊ မန္တလေးမြို့ကြီးများ။

စစ်ကိုင်း - ရွှေဘိုကားလမ်းက အထူးကောင်းမွန်နေပါပြီ။ မြစ်ကူးတံတားအသစ်ကြီးများ ပြီးစီးဖွင့်လှစ်ခဲ့သည်အတွက် ယခင်နှင့်မတူတော့။

ရွှေဘို - စစ်ကိုင်း - မန္တလေး၊ လူစီးသီးသန့်မှန်လုံကားများ၊ ရွှေဘို - ရန်ကုန် - တန့်ဆည်၊ ရွှေဘို - ရန်ကုန်၊ လူစီးအိတ်(စ်)ပရက်လေအိတ်ကားကြီးများ တိုးချဲ့ပြေးဆွဲလာသည်။ ရွှေဘို-မုံရွာ လူစီးသီးသန့်မှန်လုံကားများ ရွှေဘို - ပခုက္ကူအထိရှိသည်။

မြစ်ကြီးနား-ရွှေဘို-မန္တလေးခရီးစဉ်အတွက် အိတ်(စ်)ပရက်လေအိတ်ကားကြီးများ တိုးချဲ့ပြေးဆွဲလာသည်။

အဆိုပါကားကြီးများက ဝင်ချိန်၊ ထွက်ချိန်မှန်သည်။ လှတောလမ်းဆုံမှစောင့်ပြီး လိုက်ပါသူများ၊ လှတောလမ်းဆုံမှဆင်းသူများကြောင့် ပွဲကြသူ၊ ကြိုကြသူများရှိသည်။

ဆိုက်ကားတွဲယာဉ်များ၊ ဆိုင်ကယ်တက္ကစီများ အချိန်ပြည့်စောင့်ကြသည်။

လှတောလမ်းဆုံမှာ စားသောက်ဆိုင်၊ ဘီယာဆိုင်ကြီးများ၊ လက်ဖက်ရည်ဆိုင်၊ ကုန်မာဆိုင်၊ အဝတ်အထည်၊ အလှအပ၊ စားသောက်ကုန်စတိုးဆိုင်ကြီးများဖွင့်ခဲ့ကြသည်။ ဈေးအရောင်းအဝယ်ကောင်းသည်။ လှတောလမ်းဆုံသည် နေ့ရောညပါစည်နေပြီ။

ဆိုင်ကယ်၊ လိုက်ထရပ်ကားနှင့် ထော်လာဂျီကို ဒေသခံများ အများဆုံးသုံးနေပြီ ဖြစ်၏။ လှတောလမ်းဆုံမှ တောင်တည့်တည့်တွင် တစ်ဆစ်ချိုးအကွေ့လေးရှိသည်။ ထိုမှ ရွှေလုံးတော်ဘုရားနှင့် ရွှေလုံးတော်ကျောင်းက လမ်းမအရှေ့ဘက်။ လမ်းမအနောက်ဘက်က အေးမြရိပ်သာဘုန်းကြီးကျောင်းနှင့်ခေတ်မီဆန်စက်ကြီးများ၊ ကျီးကန်မြောက်ရွာ၊ ကျီးကန်တောင်ရွာလွန်သော် အုတ်ဖိုရွာ၊ ဖဲကုန်းရွာ။ အဆိုပါရွာများက လိုအပ်သောပစ္စည်းများဝယ်ရန် လှတောလမ်းဆုံကို လာကြသည်။

ကျွန်တော့်အိမ်လေးက လှတောလမ်းဆုံတောင်ဘက်၊ ရွာအဝင်တောလမ်းအရှေ့ဘက်မှာရှိပါသည်။ ဝန်ထမ်းဘဝနှင့်ရောက်ရှိလာပြီး အခြေချနေထိုင်ဖြစ်သွားတာပါ။

တစ်ရက် မဲကုန်းရွာမှ ကိုသန့်ခိုင်သူငယ်ချင်းတစ်ဦး ည (၈) နာရီဝန်းကျင်တွင် ကျွန်တော်တို့အိမ်လေးကို ရောက်ရှိလာသည်။






www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကယ်လေးကိုထိုးရပ်ပြီးဆင်းလာကြသည်။ ကိုသန့်သူငယ်ချင်းက ကျွန်တော်ထိုင်နေသော တန်းလျားမှာ ဝင်ထိုင်ပါသည်။ ကိုသန့်က ရေအိုးစင်ရှိရာသွားပြီး ရေကို မောကြီးပန်းကြီးခပ်သောက်၏။

နှစ်ဦးသား မျက်နှာမကောင်းတာကို ကျွန်တော်သတိထားမိသည်။ ကိုသန့်တစ်ကိုယ်လုံးလည်း ချွေးများဖြင့်ရွှဲပြီးနစ်နေတာ တွေ့ရ၏။

ကိုသန့်က သူ့ရွာမှာ လက်ဖက်ရည်ဆိုင်ဖွင့်ထားသည်။ လက်ဖက်ရည်ဆိုင်အတွက် လိုအပ်သောပစ္စည်းများလာဝယ်သည်။ တစ်နေ့ နှစ်ခေါက်၊ သုံးခေါက်လာရ၏။ ည (၈) နာရီဝန်းကျင်တစ်ခေါက်က ပုံမှန်လာသည်။

ကျွန်တော့်မိသားစုနှင့်ပါ ခင်မင်ရင်းနှီးဝင်ထွက်နေသူ ဖြစ်ပါသည်။

ကျွန်တော်ရှေ့တည့်တည့် တန်းလျားတစ်ဖက်စွန်းမှာ ကိုသန့်ထိုင်သည်။ ကြားမှာ စားပွဲတစ်ချပ်ရှိပြီး စားပွဲပေါ်တွင် ကွမ်းခွက်ချထားသည်။

အခါတိုင်းနှယ် ကိုသန့် ကွမ်းစားမလား ကျွန်တော်ကြည့်နေပါ၏။

ကိုသန့်ကွမ်းမစားသကဲ့သို့ စကားလည်းမပြောပါ။

"ဟကောင်ရ၊ ဘယ်လိုဖြစ်တာတုံး။ မျက်နှာကလည်း ဖြူဖပ်ဖြူရော်နဲ့ပါလား"

ဟု ကျွန်တော်ကနှုတ်ဆက်သည်။

ကိုသန့်က မည်သည့်စကားမျှပြန်မဆိုသေး။ ကိုသန့်သူငယ်ချင်းက ကွမ်းခွက်မ,ယူပြီး ကွမ်းတစ်ယာစားသည်။ ကွမ်းယာနေချိန် လက်ကလေးတွေတုန်နေတာကို တွေ့ရသည်။

လမ်းမှာဆိုက်ကယ်ချင်းများတိုက်ခဲ့ကြလို့လားဟု ကျွန်တော်စိတ်ထဲက ထင်မိသေးသည်။ သို့သော် ကိုသန့်ဆိုင်ကယ် အကောင်းပကတိအတိုင်းရှိနေသဖြင့် မဖြစ်နိုင်ဟု စိတ်ကမှတ်ချက်ပေးသည်။

တော်တော်ကြီးကြာမှ ကိုသန့်စကားပြောသည်။

"တစ်ဆစ်ချိုးအကွေ့လေးတောင်ဘက်နားမှာ လမ်းအနောက်ဘက်ကပ်ပြီး ရှေ့မီးအစုံဖွင့်ထား၊ ရပ်ထားတဲ့ဆိုင်ကယ်တစ်စီးကို တွေ့ရတယ်။ လူတစ်ယောက်က ကားလမ်းပေါ်တက်ပြီး ကျွန်တော်တို့ဆိုင်ကယ်ကို တားသဗျ။ အဲဒါကျွန်တော်က ရပ်ပေးမလို့ ဆိုင်ကယ်စက်ရှိန်ကိုလျှော့လိုက်တော့ နောက်ကကိုသန့် မရပ်နဲ့၊ မရပ်နဲ့လို့ပြောမှ ဆိုင်ကယ် စက်ရှိန်ပြန်တင်ပြီး မောင်းချလာခဲ့ရတာ။ လားလား - မရပ်လိုက်မိတာကံကောင်းသွားတယ်ဗျို့။ ကျွန်တော်တို့ဆိုင်ကယ်ကိုတားတဲ့လူက မျက်နှာတစ်ခြမ်းလုံး သွေးတွေနဲ့ရွှဲလို့ဗျာ။ ကောင်းကောင်းကြီးမြင်ရတယ်။ ရပ်သာပေးရင် ကျွန်တော်တို့ကို ဘာလုပ်မလဲမသိဘူး။ ကြောက်စရာကြီးပါဗျာ။ ဆိုင်ကယ်ရပ်ထားတာတွေ့လို့ ဆိုင်ကယ်တစ်ခုခုဖြစ်ပြီး ဆိုင်ကယ်ပြင်ဖို့အကူအညီလိုလို့တားတယ်ထင်ပြီး ရပ်ပေးမလို့ပါဗျာ"

ဟု ဖြစ်ပါ၏။

စကားကို ရှည်လျားစွာ တစ်ဆက်တည်းပြောပြီး ကိုသန့် တန်းလျားမှထလျက် ရေတစ်ခွက် ရေအိုးစင်သို့သွား



www.burmeseclassic.com

ပြီး သောက်နေသည်။

ကိုသန့် တော်တော်လန့်လာပုံရှိ၏။

ကိုသန့်သူငယ်ချင်းဖြစ်သူက -

"မရပ်နဲ့လို့ပြောရတာ ကျုပ်က အရင်မြင်လို့ဗျ။ ရပ်ပြီးမီးဖွင့်ထောင်ထားတဲ့ဆိုင်ကယ်ကလည်း အကောင်းကြီး။ တားတဲ့လူ အရိုက်ခံရတာဆိုရင် ဆိုင်ကယ်ယူသွားပြီ။ သလောက်သွေးတွေမျက်နှာတစ်ခြမ်းလုံးရွှဲနေသဟာ လဲနေရမှာ။ ရပ်နိုင်တဲ့အနေအထားမဟုတ်ဘူး။ ဖြန်းခနဲ လူမဟုတ်နိုင်ဘူးလို့ သတိရပြီး ဆိုင်ကယ်ရပ်တော့မလို့လုပ်နေတဲ့ ကိုသန့်ကို မရပ်နဲ့လို့ပြောရတာ။ ကိုသန့်ကဆိုင်ကယ်ပြင်တတ်တော့ နေရာတိုင်း ရပ်ပြီး ကူညီချင်တယ်"

ဟု စားလက်စကွမ်းကို ထွေးပြီး ပြောပါသည်။

ကျွန်တော် မအံ့သြပါ။

ထိုလမ်းတစ်ဆစ်ချိုးအကွေ့လေး အကြောင်း ကျွန်တော် သိထားရ၊ ကြားထားရ များနေပါပြီ။

"အေး အေး၊ အပြန်ဂရုစိုက်ပြန်ပါ။ လိုက်ပို့ရဦးမလား"

ဟု ကျွန်တော် ကိုသန့်ကို မေးသည်။

"လိုက်မပို့ရပါဘူး။ ဈေးဝယ်ပြီး အနောက်လမ်းကပြန်မှာပါ စိတ်မပူပါနဲ့။ အဖော်သူငယ်ချင်းလည်းပါတာမို့ပါ"

ဟု ကိုသန့် ကျွန်တော်ကို ပြန်ပြောသည်။

ထိုစဉ် ကိုသန့်တို့ မကြုံရမီ တစ်ပတ်လောက်က ဖြစ်ပါ၏။

အိမ်မှာ ပစ္စည်းများထားရန် အဆောက်အုံငယ်တစ်လုံး ကျွန်တော် ဆောက်သည်။ ကျီးကန်မြောက်ရွာမှ လက်သမားအဖွဲ့ကို ကျွန်တော်ငှားသည်။

လက်သမားအဖွဲ့ခေါင်းဆောင်က ကျော်တင့်ဆိုသူ ဖြစ်၏။ သူ့သားက လက်ထောက်အဖြစ်ပါ၏။(၁၀)ယောက်နေ့စဉ် အလုပ်ဆင်းသည်။ မနက်လာ ညနေပြန် ဖြစ်၏။

ကျော်တင့်တို့သားအဖက ဆိုင်ကယ်နှင့်ဖြစ်ပြီး ကျန်အဖွဲ့သားများက စက်ဘီးနင်းလာကြသည်။

အဆောက်အအုံအဖြူထည်ပြီးချိန် ညနေပိုင်းအဖွဲ့သားများ ပြန်သွားကြ၏။ အလုပ်သစ်တစ်ခု လက်ခံနေသဖြင့် ကျော်တင့်တို့သားအဖက အပြန်မိုးချုပ်ခဲ့သည်။

အိမ်မိသားစုထမင်းစားရန် ဟင်းမရှိသဖြင့် လမ်းဆုံစားသောက်ဆိုင်မှ ဝက်ခေါက်သုပ်တစ်ပွဲဝယ်သည်။

သားဖြစ်သူက ဆိုင်ကယ်စီးပြီး ကျော်တင့်က အနောက်မှထိုင်လျက် ဝက်ခေါက်သုပ်ထုပ်ကျွတ်ကျွတ်အိတ်ကို လက်မှာဆွဲလာသည်။

တစ်ဆစ်ချိုးအကွေ့အလွန် ရှေ့မှ ဆယ့်နှစ်ဘီးကားကြီးတစ်စီးလာသဖြင့် စက်ရှိန်ကိုလျှော့ လမ်းဘေးမြေမှာဆိုင်ကယ်ချတိမ်းချိန် လူတစ်ယောက်က အပြေးလိုက်လာပြီး ကျော်တင့်လက်မှ ဝက်ခေါက်သုပ်ထုပ်ကို လုယူသည်။ ထိုလူက ပြန်မပြေးဘဲ ကားလမ်းဘေး ရပ်ပြီး ကျော်တင့်တို့ကို ကြည့်သည်။

'ဟာ-ဒီကောင်'ဆိုပြီး ကျော်တင့်သားက ဆိုင်ကယ်ကိုပြန်ကွေ့၏။ ဆိုင်ကယ်မီးနှင့် တည့်တည့်ထိုးထားမိ၏။ တောင်တည့်တည့်က ကားကြီးတစ်စီးဝင်လာသဖြင့်လည်း ကားမီးရောင်အားကောင်းကောင်းနှင့် မြင်လိုက်ကြရသည်။

"မဖြစ်ဘူး၊ မဖြစ်ဘူး။ ရွာဘက်ဆိုင်ကယ်ပြန်လှည့်တော့၊ လူမဟုတ်ဘူးဟ"

ဟု ကျော်တင့်က သားကိုပြောသည်။

ကားဖြတ်သွားချိန် ဆိုင်ကယ်ကို ပြန်ကွေ့ တစ်ဟုန်ထိုး ရွာဘက်မောင်းပြေးခဲ့ရကြောင်း နောက်နေ့မနက်ခင်းတွင် လက်သမားခေါင်းဆောင် ကျော်တင့်က ကျွန်တော်ကို ပြောပြသည်။

သူတို့သားအဖနှစ်ယောက်စလုံး မြင်တွေ့လိုက်ကြရသည်က လိုက်ပြီးလုသောလူသည် မျက်နှာတစ်ခြမ်းလုံးသွေးများရွှဲနစ်လျက်နှင့် ခေါင်းပိုင်းတစ်ခုလုံးမှာလည်း သွေးစေးများနှင့် ဆံပင်များကပ်နေကြောင်း၊ အကြည့်မျက်လုံးစိန်းစိန်းသည်လည်း ကြောက်စရာဖြစ်နေကြောင်း၊ ကိုယ့်ရပ်ကိုယ့်ဒေသမှ မဖြစ်နိုင်ကြောင်းများ ဖြစ်၏။

ကျော်တင့်က ဝက်ခေါက်သုပ်ထုပ်ကို လုသူသည် သူ့အဖွဲ့ထဲက တစ်ဦးဦးသို့မဟုတ် ရွာသားသူငယ်ချင်းတစ်ယောက်က စသည်နောက်သည်ဟု ထင်ခဲ့သည်ဆို၏။

◆

တစ်ဆစ်ချိုးအကွေ့ကလေးအနီး ကားလမ်းအနောက်ဘက် အိမ်သုံးလုံးရှိသည်။ တစ်အိမ်က ကျွန်တော့်မိတ်ဆွေအိမ် ဖြစ်သည်။

"ဒီမှာမြေကွက်ဝယ်အိမ်ဆောက်မိတာ မှားပြီထင်သဗျ"

"ဘာဖြစ်လို့တုံးဗျာ"

"ဟာဗျာ၊ ဒီမှာ အက်ဆီးဒင့်တစ်ခုခုဖြစ်တော့မယ်ဆိုရင် တစ်ညလုံး ကွေ့လေးမှာအသံတွေဆူပွက်နေအောင် ကြားနေရလို့ဗျ။ ပြေးပြေးလွှားလွှားလူရိပ်လိုလိုတွေလည်း ဝေးဝေးကမြင်ရတယ်။ ခါတ်မီးနဲ့သွားကြည့်တော့လည်း ဘာမှတွေ့တာမြင်တာမမရှိဘူးဗျ။ အေးဗျ၊ တစ်ညလုံးအဲသလိုဖြစ်ပြီဆိုရင် သတိထားပေတော့ပဲ။ နောက်နေ့မှာဆိုင်ကယ်ချင်းတိုက်တာ၊ ထော်လာဂျီနဲ့ ဆိုင်ကယ်တိုက်တာ၊ ကားနဲ့ထော်လာဂျီတိုက်တာ၊ ကားမှောက်တာတွေ၊ လူအသေအပျောက် ထိခိုက်ဒဏ်ရာရတာတွေဖြစ်ပြီး လူမှုရေးကားခေါ် ရပြီ အသေအချာဗျို့"

ကျီးကန်မြောက်ရွာမှအပြန် မိတ်ဆွေအိမ်မရောက်တာကြာသဖြင့် ဝင်ခဲ့သည်။ မိတ်ဆွေက အထက်ပါအတိုင်း ကျွန်တော်ကို ပြောပြသည်။

မိတ်ဆွေအိမ်၏ မြောက်ဘက်မှ ဘက်ထရီအားသွင်းဆိုင်ရှိသည်။ ထိုဆိုင်မှလူကလည်း -

"သူပြောတာ ဟုတ်သဗျ၊ ကျွန်တော်တို့လည်း ကြားရတယ်။ အတူသွားကြည့်တော့လည်း မတွေ့ရဘူး"

ဟု ကျွန်တော့်ကို ပြောသည်။

ထိုလမ်းတစ်ဆစ်ချိုးအကွေ့ ... ၏ မြောက်ဘက်တွင် ဘတ်(စ်)ကား တစ်စီး အောက်ရေမြောင်းထိုးကျ ... မှောက်ဖူးသည်။ အသက် (၅၀) ကျော် အရွယ် အမျိုးသမီးကြီးတစ်ယောက်နှင့် ... သားအမိနှစ်ယောက် (မိခင်ရောက ... ပါ) ရေထဲ ကုန်သေတ္တာများပိပြီး သေ ... ကြသည်။

သကြန်ပြီး နောက်တစ်ရက်ည ... (၂) နာရီဝန်းကျင် အသက် (၂၀)ကျော် အရွယ်လူငယ်နှစ်ဦး ကွေ့အလွန် ဘတ် ... တိုင်များတိုက်ပြီး ဘေးကမယ်ဇယ်ပင် ... ဝင်တိုက်ခဲ့ကြသည်။ ဆိုင်ကယ်အ ... များပြီး မည်မျှတိုက်ချက်ပြင်းသ ... သော် တိုက်သောဘုတ်တိုင်အောက် ... မှပြတ်ပါသွားသကဲ့သို့ မယ်ဇယ်ပင် ... ပင်စည်တစ်ခြမ်း ကြေသွားသည်။ ... ဇယ်ပင်တစ်ခြမ်းမှာ သွေးစေးများနှင့် ... ပင်မွေးများ ကပ်ငြိလျက်တွေ့ရပါ ... ထိုလူငယ်များ အသောက်ကြမ်း ... လွန်ခဲ့ကြသောကြောင့် ဖြစ်သည်။ ... သော ဆိုင်ကယ်ဘေး မြေပြင်မှာ ... သော အရက်ဘူးက အဖုံးပွင့် ... အရက်များထွက်ကျနေသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com

ကြား၍ ကျွန်တော်တို့ရောက်သွားချိန်ထိ မတွန်သေး။ နှစ်ဦးလုံး ရှုတ်ပျက်ဆင်း ပျက်သေခဲ့ကြသည်။

ဒိုင်နာကားတစ်စီး ကားလမ်းအ လယ်တည့်တည့် ပစ်လဲဖူးသည်။ အုံနာ ကိုယ်တိုင် မောင်းလာသည်။ နောက်မှာ လန်အပြည့်ပါသည်။

လဲနေသောကားကို ဝိုင်းပြီး ထောင်ပေးကြရသည်။

"လမ်းကြောကရှင်းနေတာပါဗျာ။ ကားချင်းလည်း တိမ်းရတာမဟုတ်၊ လမ်း ပေါ်မှာ လူသူ၊ ဆိုင်ကယ်၊ စက်ဘီးလည်း ဘာမှမရှိဘူး။ ဘယ်လိုဖြစ်မှန်းမသိဘူး ဗျ"

ထိုကားမောင်းသူအုံနာက ပြော ခြင်းဖြစ်သည်။ ခရီးသည်တစ်ယောက် မှမပါ။ ပါသောစပယ်ယာလေးလည်း နောက်ကရပ်လိုက်လာခြင်းမဟုတ်၊ ရှေ့ ခန်းမှာ အတူထိုင်လိုက်ပါသောကြောင့် အထိအခိုက်ဒဏ်ရာရခြင်း မရှိ။

ဆရာတော်နှစ်ပါး လိုက်ပါလျက် ဒရိုင်ဘာလူငယ်တစ်ဦး မောင်းလာသော ပါရာဒိုကားတစ်စီးက ဘေးဘုတ်တိုင်ကို တိုက်ပြီး မှောက်သည်။ ကားဘီးများက အပေါ် ထောင်တက်နေသည်။

မယ်ဇယ်ပင်အငုတ်က ကားအမိုး ကို ဖောက်ဝင်သွားသဖြင့် ကားကိုတော် တော်နှင့် ပြန်ထောင်၍ မရ။ သည်မျှ မှောက်ချက်အခြေအနေဆိုးပါသော်ငြား ဆရာတော်နှစ်ပါးနှင့် ဒရိုင်ဘာလူငယ်က ဘာမှမဖြစ် အပွန်းအပဲ့ပင်မရှိ။

အသက် (၄၀) ခန့်အရွယ် ပွဲရုံ ပိုင်ရှင် အိမ်လယ်သုံးရာအတွက် လယ် ထွန်စက်ဝယ်ပြီး မောင်းလာသည်။ ကွေ့ အလွန် ဝါးတစ်ရိုက်မျှအကွာ ထွန်စက် လက်ကိုင်က ပြန်ပြီးရိုက်ချလိုက်သော ကြောင့် အောက်ကိုပြုတ်ကျသည်။ ပွဲ ချင်းပြီး ထိုနေရာပင် သေဆုံးသည်။

ထွန်စက်လက်ကိုင်က အဝိုင်း မဟုတ်၊ ဂြိုဟ်ထောင်အခွ ဖြစ်သည်။

အသက်(၁၆)နှစ်အရွယ် ကျောင်း သားလေးက ဆိုင်ကယ်စီး၍ ဦးပဥ္စင်း တစ်ပါးက နောက်မှထိုင်လာသည်။ ရွှေဘိုဘက်က ပြန်လာခြင်း ဖြစ်သည်။ မှုလေးမှုဖြစ်သည်။

တစ်ဆစ်ချိုးကွေ့မကွေ့ရသေးခင် ကုန်တင်ကားကြီးတစ်စီးနှင့်ချိတ်မိသည်။ (၁၆) နှစ်သားကျောင်းသားလေး ပွဲချင်း ပြီးသေသည်။ ဦးပဥ္စင်းမှာ လွင့်ထွက်သွား သဖြင့် ဆေးကုသမှုခံရုံသာ။

ကုန်တင်ကားကြီးက ဘယ်ဘက် မီးတစ်လုံးသာထွန်းလာသည်။ ကျောင်း သားလေးက ကားကြီးဟု မသိ၊ ဆိုင် ကယ်ချင်းတိမ်းရသည်ထင်ပြီး အနည်း ငယ်သာ တိမ်းပေးကြောင်း ဦးပဥ္စင်းက ပြောသည်။

ထိုတစ်ဆစ်ချိုးအကွေ့လေးတွင် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများ တိမ်း မှောက်၊ တိုက်ခြင်းများကြောင့် အသေ အကျေပျက်စီးမှုများ များနေပါသည်။ များခဲ့ပါပြီ။ များဦးမည်။

အရက်ဆိုင်များ၊ ဘီယာဆိုင်ကြီး များက တိုးလာသည်။ ပြည်တွင်းအရက်၊ နိုင်ငံခြား အရက်စုံသည်။ အရွယ်မရွေး ယောကျ်ားသားများ အသောက်အစား နှစ်ခြိုက်ခုံမင်ကြသည်။ မိန်းကလေးငယ် ငယ်တချို့ပင် အရက်ဆိုင်၊ ဘီယာဆိုင် များထိုင်တတ်ကြပြီ။

အရက်မူးမူး၊ ဘီယာမူးမူးနှင့် ဆိုင် ကယ်စီးကြကာ မောင်းကြချေသော် ဖြစ် ကြပေမည်၊ ပျက်ကြပေဦးမည်။

တစ်ဆစ်ချိုးအကွေ့ကလေးတွင် အနီးအပါးကျေးရွာများမှ သံဃာအစုံ ပင့်လျက် အန္တရာယ်ကင်းပရိတ်များရွတ် ဖတ်ပူဇော်ခဲ့ကြသည်။

ကျွန်တော့်မိတ်ဆွေနှင့် ဘက်ထရီ အားသွင်းဆိုင်လေးလည်းမရှိပြီ။ အခြား နေရာများသို့ ပြောင်းရွှေ့သွားခဲ့ကြပြီ။

ကြောက်မက်စိုးရွံ့စရာ တစ်ဆစ် ချိုးအကွေ့လေး၏ဒဏ်ကို မခံနိုင်ကြ တော့ပြီ။

◆

ကိုစိုးတင့်တစ်ယောက် ဝက်လက် မြို့မှ အပြန်မိုးချုပ်သည်။

အသက်သုံးဆယ်အရွယ် လူငယ် တစ်ယောက် သီးနှံပွဲစား။ ဆက်ဆံရေး ကောင်းသူဖြစ်သဖြင့် လူချစ်လူခင်လည်း များသူ ဖြစ်သည်။

ဝက်လက်မြို့ မြင့်စားသောက်ဆိုင် မှာ ပွဲစားအဖွဲ့နှင့်ဝိုင်းဖွဲ့ခဲ့သည်။ တစ် ယောက်က အချိန်မရှိတော့သဖြင့် ဝက် လက်မှာ ညအိပ်ပြီး မနက်မှပြန်ရန်ပြော ပါလျက် ကိုစိုးတင့်တစ်ယောက်တည်း ဆိုင့်ကယ်လေး မှန်မှန်စီးပြီး ည(၉)နာရီ ဝန်းကျင်တွင် ပြန်လာသည်။

မန်ကျီးတုံတံတားမပြီးသေးသဖြင့် တိုက်ကုန်းရွာမှလှည့်စီးရသည်။

လျှပ်စစ်မီးများဖြင့် ဖွေးဖွေးလှုပ် နေသော လှတောလမ်းဆုံကိုဖြတ်သည်။ လမ်းဆုံအနီးမှ ဘီယာဆိုင်တွင်ဝင်ပြီး ဘီယာထပ်သောက်ရန် စိတ်ကူးသေး သည်။ သို့သော် မိခင်ကြီး၊ အိမ်သူနှင့် သမီးလေးတို့ မျှော်နေကြမည်ကို သတိ ရသဖြင့် ဆိုင်ကယ်အရှိန်မြှင့်ဆက်စီး လာသည်။

လမ်းဆုံကိုလွန်သော် လျှပ်စစ်မီး များမရှိတော့။ သို့သော် လရောင်ကအား ကောင်းလွန်းစွာ ကားလမ်းမပေါ် ဖြန့် ကြက်လို့ကျနေခဲ့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်တိတ် ဆိတ်ဆိတ်အေးအေးမြမြ။

တစ်ဆစ်ချိုးအကွေ့လေးကိုကျော် လာပြီ။ ရွှေလုံးတော်ဘုရားရှေ့ရောက် တော့မည်။ လက်ပံပင်ကြီးသုံးပင်က ကားလမ်းအရှေ့ဘက်မှာ ထီးထီးမားမား။

ကားလမ်းပေါ်တွင် ရေကွက်ကြီး တစ်ကွက်ကို တွေ့လိုက်ရသည်။ လ ရောင်ဖြင့် ထင်ထင်ရှားရှားကြီးမြင်ရခြင်း ဖြစ်သည်။ ထိုရေကွက်ကြီးကို ကိုစိုးတင့် ဆိုင်ကယ်ဖြင့် နင်းဖြတ်ကျော်လိုက်ရာ ခြေထောက်နှစ်ဖက်စလုံး ဒူးဆစ်နား အထိ ရေများဝင်သွားသည်။

ကျီးကန်မြောက်ရွာပေါက်ဖြတ်ချိန် ကားလမ်းပေါ်မှာ ရေကိုမတွေ့ရ။ လှ တောလမ်းဆုံမှ ထွက်လာချိန်ထိ ကား လမ်းပေါ်တွင် ရေမရှိ။ မိုးမရွာတာ သေ ချာသည်။

လက်ပံပင်ကြီး သုံးပင်ရှေ့ ကား လမ်းပေါ်မှာ ရေကွက်ကြီးက ဘယ်ထွက် ရှိနေပါလိမ့်။ နည်းနည်းတော့ထူးဆန်း သည်ဟု ကိုစိုးတင့် တွေးမိသည်။ ကား သမားတစ်ယောက်က ကားပေါ်ပါလာ သောရေပုံးကို သွန်များချခဲ့လို့လားဟု အောက်မေ့လိုက်သည်။

ကိုစိုးတင့်၏ရွာသည် မဲကုန်းရွာ ဖြစ်၏။ ကျီးကန်တောင်ရွာရှေ့မှ ဆက်စီး ရသည်။ ကားလမ်းအနောက်ဘက် မြေ သားလမ်းအတိုင်း အနောက်တည့်တည့် နှစ်မိုင်နီးပါးဆက်စီးရသည်။ ကိုစိုးတင့် အိမ်ရှေ့ကိုရောက်သော် -

"နောက်ကျလိုက်တာ သားရယ်"

ဟုဆိုလျက် မိခင်ကြီးမှဝင်းတံခါး ဖွင့်ပေးသည်။ ကိုစိုးတင့်အိမ်သူက ဓာတ် မီးတစ်လက်ကိုင်လျက် ကိုစိုးတင့်မိခင် ကြီးဘေးမှာ ရပ်လျက်ရှိ၏။

ကိုစိုးတင့် ဆိုင်ကယ်ကို အိမ်ရှေ့ အဖီအောက်ထိ စီးလိုက်ပြီးမှရပ်သည်။ ဝင်းတံခါးသော့ခတ်ပြီး မိခင်ကြီးနှင့် အိမ် သူက နောက်မှလိုက်လာသည်။

မိခင်ကြီးက သူ့အိပ်ခန်းကို ဝင် သွားပြီး -

"သမီးက အစ်ကို့ကို စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ဖျားပျောက်ဆေး

ယခုနှစ် နွေရာသီတွင် အပူဒဏ်ကို မခံနိုင်တော့သဖြင့် ၂၂-၄-၂၀၁၄ ရက်နေ့တွင် ပြင်ဦးလွင် ပဒေသာမြို့သစ်သို့တက်ခဲ့သည်။ ပဒေသာမြို့သစ်တွင် အပူဒဏ်ရှောင်ရှားရင်း နေထိုင်လျက်ရှိစဉ် မိမိတို့အား အမြဲတမ်း ကျန်းမာရေး စောင့်ရှောက်ပေးနေသော - ဆေးမှူး ဆရာကြီးဦးဝင်းလွင် တစ်နေ့သောနံနက်ပိုင်းတွင် ရောက်ရှိလာသည်။ မိမိတို့အား သွေးပေါင်ချိန်ခြင်း၊ သွေးချိုတိုင်းခြင်းများ ပြုပြီး လိုအပ်သည့်ဆေးများကို ထိုးပေးပါသည်။

ဆရာဦးဝင်းလွင်သည် အင်္ဂလိပ်ဆေးများဖြင့် ကုသပေးသော်လည်း တစ်ဖက်မှလည်း မြန်မာ့တိုင်းရင်းဆေးများကိုလည်း လူနာရောဂါသည်များ ယုံကြည်မှုရှိပါက သုံးစွဲနိုင်ရန် အကြံပြုလေ့ ရှိပါသည်။ ဆရာဦးဝင်းလွင်မှ ဤသို့ တိုင်းရင်းဆေးအကြောင်း ပြောပြလေ့ရှိသဖြင့် သုရဇ္ဇမဂ္ဂဇင်း၌ တိုင်းရင်းဆေးဝါးများ အစွမ်းထက်ကြောင်း၊ လစဉ်လိုပင်ဖော်ပြပါရှိကြောင်း ဆရာထံက ဆေးနည်းများကို မဂ္ဂဇင်းတွင် ဖော်ပြလိုက ခွင့်ပြုပါမည်လားဟု မေးမြန်းရာ ဦးဝင်းလွင်က ခွင့်ပြုပါသည်ဟု ဆိုပါသည်။

သို့ဖြစ်၍ ဆရာဦးဝင်းလွင်ထံမှ ရရှိမှတ်သားလာသည့် ငှက်ဖျားရောဂါ ပျောက်ဆေးနည်းကို သုရဇ္ဇမဂ္ဂဇင်း တိုင်းရင်းဆေးကဏ္ဍသို့ ရေးသား ပေးပို့လိုက်ပါသည်။

ငှက်ဖျားဖြစ်လျှင် အင်္ဂလိပ်ဆေးနှင့် မပျောက်။ ခဏသာပျောက်ပြီးပြန်၍ဖျားသည်။ လုံးဝ အမြစ်ပြတ် ပျောက်ကင်းလိုလျှင် ကြက်သား (၂၅)ကျပ်သားကို စပါးလင် (၁၂$\frac{၁}{၂}$)ကျပ်သား (အဝက်သား)နှင့် ချက်စားရန် ဖြစ်ပါသည်။ ကြက်သား (၂၅) ကျပ်သားကို အနေတော် တုံးတစ်ရေဆေးပြီး စပါးလင်ဥ နုနု (၁၂$\frac{၁}{၂}$) ကျပ်သားကို ညက်အောင်ထောင်း၍ချက်ရန် ဖြစ်ပါသည်။ ထိုစပါးလင်နှင့်ချက်ထားသည့် ကြက်သားဟင်းကို ည၊ မနက် (၂) ခါ အဝစားရုံဖြင့် ငှက်ဖျားရောဂါ နောက်ထပ်မဖြစ်တော့ဘဲ လုံးဝပြတ်သွားကြောင်း ဦးဝင်းလွင်ထံမှ သိရှိရပါသည်။

ဤငှက်ဖျားပျောက်ဆေးနည်းမှာ ဆရာကိုယ်တိုင် လက်တွေ့ပျောက်ကင်းခဲ့သည့်ဆေးနည်း ဖြစ်သည်။ ဆရာသည် တပ်မတော်နှင့် ရှေ့တန်းတွင် ငှက်ဖျားမိ၍ ဆေးတပ်မှ ဆရာဝန်ထိုးပေးသည့် ဆေးဝါးဖြင့်မပျောက်ဘဲ ကြက်သားနှင့် စပါးလင်ကို ချက်စားရာ ငှက်ဖျားလုံးဝ ပျောက်ကင်းသည့်အပြင် ယခုအချိန် အသက် (၇၀) ကျော်သည်ထိ ဖျားနာမှု မရှိတော့ကြောင်း ပြောပါသည်။ သို့ဖြစ်၍ ယုံကြည်စွာ သုံးစွဲနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

*ကျန်းမာချမ်းသာကြပါစေ*

ဉာဏ်လွင်မြင့်

---

သေးတယ်။ အစောကလေးကမှ အိပ်သွားတယ်"

ဟု အိမ်သူကပြောနေသည်။

"အေးကွာ၊ အဖွဲ့ကစုံလို့ မိုးချုပ်သွားတယ်။ ဝက်လက်မှာအိပ်ဖို့တားကြသေးတယ်။ မင်းတို့မျှော်နေမှာသိလို့ ပြန်လာတာ။ ခြေထောက်လက်ထောက် ဆေးပြီးဝင်ခဲ့မယ်"

ဟုပြောပြောဆိုဆို ငွေလွယ်အိတ်ကို အိမ်သူလက်ထဲပေးပြီး ကိုစိုးတင့် ရေတွင်းရှိရာလျှောက်လာသည်။

အိမ်ခွေးတစ်ကောင်က ကိုစိုးတင့် ရေတွင်းအနီးမရောက်မီ စူးစူးဝါးဝါးထိုးဟောင်လိုက်သဖြင့်

"ဟာ - ဒီခွေးကလည်း"

ဟုဆိုပြီး ကိုစိုးတင့် လန့်လန့်ဖျပ်ဖျပ်ဖြင့် ခဲတစ်လုံးကောက်ပေါက်လိုက်သည်။ စဉ့်အင်တုံတစ်လုံး ရေအပြည့်ရှိသည်။ အင်တုံရှေ့တွင်ကျောက်ပြားတစ်ချပ်ခင်းထားသည်။ ကိုစိုးတင့်ကျောက်ပြားပေါ် ခြေအစုံရပ်လိုက်ပြီး ပုဆိုးကို မ,ကာ ရေခွက်ဖြင့် အင်တုံမှ ရေကိုခပ်ကာလောင်းသည်။

ခြေထောက်နှစ်ဖက်စလုံးကို ရေစင်စင်ပက်သည်။ လက်ဖြင့်ပွတ်သပ်ချသည်။ ခြေထောက်ပေါ်ကရေနှင့်အတူ စေးထန်းထန်းဖြစ်နေတာကို သတိထားလိုက်မိသည်။

ကားလမ်းပေါ်က ရေတွေက ရွှံ့ရည်တွေပါလားဟုထင်သည်။

လက်ကို ရွှံ့တွေပေပြီ အောက်မေ့သည်။ သို့သော် ကိုစိုးတင့်နှာခေါင်းက ညှီစို့စို့အနံ့ကြီးရနေပြီ။

ထိုအချိန် ကိုစိုးတင့်အိမ်သူက အိပ်ခန်းထဲမှာငွေအိတ်ကိုသိမ်းပြီး အပြင်ဘက်ထွက်လာလျက် ကိုစိုးတင့်ရှိရာဆီ လျှောက်လာသည်။

ကိုစိုးတင့်က ခြေထောက်ကို ရေကောင်းကောင်းဆေးနိုင်ရန် အိမ်သူက ဓာတ်မီးဖြင့် ဖွင့်ထိုးပေးလိုက်သည်။

ထိုစိုးတင့်က ခြေထောက်နှစ်ဖက်နှင့် လက်ကိုကြည့်ပြီး -

"ဟာ သွေးတွေ"

ဟု အော်သည်။

အိမ်သူက -

"ဟော့တော်"

ဟု ဆိုလျက် ဓာတ်မီးလွှတ်ချပြီး ပြေးလာသည်။ သွေးများကို အိမ်သူလည်း မြင်သည်။ ရေခွက်လွှတ်ချပြီး ကိုစိုးတင့် ကျောက်ပြားပေါ် လဲကျသွားပါတော့၏။

ထိုညက ကိုစိုးတင့်တို့တစ်ရပ်ကွက်လုံး ဆူညံသွားသည်။ ရွာသား[…] ကို ကားဖြင့် ဆရာဝန်ပြေးပင့်ကြရသည်[…]

"ဘာမှမဖြစ်ပါဘူး။ လန့်စရာတွေ[…] လို့ပါ"

ဟု ပြောပြီး ဆေးနှစ်လုံးထိုး[…] လျက် စောင့်ကြည့်ပေးပြီးမှ ဆရာ[…] ပြန်သည်။

နောက်တစ်နေ့ ကိုစိုးတင့်အိပ်[…] မှနိုးပြီး ကိုယ်လက်သန့်စင်သည်။ ဆိုင်[…] ကယ်ကိုကြည့်သည်။ ရှေ့ဘီး၊ နောက်[…] ဘီး၊အင်ဂျင်ကာဗာအားလုံး ဘာမှမ[…] သွေးနှင့်တူတာပင်မမြင်ရ။

ထိုအဖြစ်ကို မကျေနပ်ပါ[…] ကြောင့် ကိုစိုးတင့်တို့လင်မယား ဆိုင်[…] ကယ်ဖြင့်ထွက်လာခဲ့ကြသည်ဆို၏။

လက်ပံပင်ကြီးများရှေ့ ကား[…] ပေါ်မှာ မည်သည့်ရေကွက်မျှမရှိ မ[…] လှတောလမ်းဆုံအထိ ရောက်လာ[…] ကျွန်တော်နှင့် လက်ဖက်ရည်ဆိုင်မှာ[…] မိကြသည်။

"ကိုယ်က ရေကွက်ကြီးထင်[…] သွေးကွက်ကြီးဖြစ်နေသဗျ။ ကိုယ့်[…] မမှားပါဘူးကွာ။ လရောင်က လ[…] တယ်။ ဆိုင်ကယ်မီးကလည်းကောင်[…] တယ်"

ကိုဇော်ဝင်း (လှ[…]



www.burmeseclassic.com

www.burmeseclassic.com

လူတို့လောကနှင့် မနီးမဝေးတွင် ရှိနေတတ်ကြသည်ဟုယူဆထားကြလေ့ရှိသော ကျွတ်များဆိုင်ရာဖြစ်ရပ်မှန်တစ်ခုကို ဖော်ပြလိုပါသည်။ စာရေးသူကိုယ်တွေ့ပင်လား၊ အခြားသူတို့၏ သူတွေ့ပင်လားဟူ၍ အတွေးနယ်ကျယ်မိသည်တို့ထက် ဖော်ပြရေးသားမည့် ဇာတ်လမ်းအား ခံစားလေ့လာကြည့်ပြီးကာ သူတို့ဘဝ၊ သူတို့အနေအထားတို့အား ဆင်ခြင်ရင်း၊ သံးသပ်ရင်း နားလည်မှုများထားရှိပေးနိုင်ကြလျှင် လူသားစင်စစ်တို့၏ဘဝနှင့် သူတို့၏ အခြေအနေများအကြောင်း တစ်စွန်းတစ်စသဲဘောပေါက်မိနိုင်ကြလိမ့်မည်ဟု ထင်မြင်မိပါပေသည်။

◆

ကိုဘစိန်သည် မန္တလေးနှင့် တောင်ကြီး ပြေးဆွဲနေသော ယာဉ်လိုင်းတစ်ခုတွင် ယာဉ်မောင်းတစ်ဦး ဖြစ်ပါသည်။ ရှေးကဆိုစကားတစ်ခုဖြစ်သော 'အရင်းမစိုက် လှေထိုးလိုက်' ဟူသည်ကို 'အရင်းမစိုက် ယာဉ်မောင်းလိုက်' ဟူ၍ပင် သူပြောင်းပစ်လိုက်ချင်ပါသည်။ ရှေးခေတ်အခါကာလက တစ်နေရာနှင့် တစ်နေရာ ကူးသန်းသွားလာရန်က လှေများ၊ လှည်းများသာရှိသော လှေခေတ်၊ လှည်းခေတ်ဖြစ်လေသည်။ လှည်းတို့တွင် မောင်းနှင်စရာ နွား၊ လှည်းဘီး၊ နှင်တံ၊ ထမ်းပိုးတို့မှအစပြု၍ လိုအပ်လျှင် လှည်းပေါင်းမိုး၊ ထမ်းပိုးတို့မှ အစပြု၍ လိုအပ်လျှင် လှည်းပေါင်းမိုး၊ လှည်းဒေါက်တိုင်၊ လှည်းဒေါက်ခွတို့မှအစ ပြည့်စုံရအောင် ရှာဖွေထား၊ ဖြည့်ဆည်းထားကြရမြဲ ဖြစ်ပါ၏။ ထိုသည်တို့က လှည်းသမားများ၏ အနေအထားဖြစ်ပါသည်။

လှေသမားတို့အတွက်မူ ထိုမျှလောက် ထွေလီကာလာတို့ မလိုအပ်ပါပေ။ လှေသားသက်သက်နှင့်လှော်တက်တစ်ချောင်းတို့ရှိလျှင် သွားပါရော မြစ်တစ်ကြော၊ ရေတစ်ကြော မျော၍ပင် သွားသွား၊ လွှား၍ပင်ကျော်ကျော်၊ အိပ်ပျော်လျက်ပင်လိုက်လိုက်၊ လှိုင်းရိုက်၍ ပြုတ်ကျမသွားနိုင်လျှင်ပင် နေ၍ရနိုင်သည့် အခြေအနေများ ဖြစ်လေသည်။ ထို့ကြောင့် လှေသမားများသည် လှည်းသမားများလောက် အရင်းအနှီးမများ၊ ကယိကထမများ၊ ခွန်အားနှင့် လူသားအမိကလိုအပ်သောလုပ်ငန်းမျိုး ဖြစ်ပါလေသည်။

ယခုခေတ်ကာလတွင်မူ စက်မှုနည်းပညာတို့ တိုးတက်လာသောခေတ်ဖြစ်ပေရာ ယာဉ်မောင်းခြင်း ဟူသောနည်းပညာတစ်ခုကို သတ်သတ်မှတ်မှတ်ကျွမ်းကျင်စွာ တတ်မြောက်ခဲ့သူဖြစ်ခဲ့ပါက မိမိအိမ်ထောင်၊ မိမိ၏မိသားစုတို့အတွက် စားဝတ်နေမှုအားလုံး ပြည့်စုံအောင်ဖြည့်ဆည်းပေးနိုင်သောပညာမျိုးဖြစ်ပါသည်။ သို့သော် ထိုပညာကို ပိုင်နိုင်ကျွမ်းကျင်ရန်အတွက် လုံ့လဝီရိယ





www.burmeseclassic.com

www.burmeseclassic.com

တစ်ခုတည်းသာ လိုအပ်ပါလေသည်။

ထို့ကြောင့် ထိုလှေသမားတစ်ဦး ကဲ့သို့ပင်လျှင် ယာဉ်မောင်းတစ်ဦးအဖြစ် ရပ်တည်လိုပါက ကိုယ်ပိုင်ယာဉ်၊ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်လိုင်း ဟူ၍ ရှိစရာ မလိုဘဲ မိမိကိုယ်၌က ကားတစ်စီးအား ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းတတ်ရန်သာ အရေးကြီးပါလေ၏။ ထို့အတွက် ကိုဘစိန်၏စိတ်ထဲ၌ ကားမောင်းကျွမ်းကျင်ခြင်းသည် အရင်းမစိုက်ရသော လုပ်ငန်းကြီးတစ်ခုဟူ၍သာ ယူဆထားဖြစ်ခဲ့ပါလေသည်။

ယခုတစ်ခေါက် ခရီးထွက်ရန် ကားအလှည့်ကျသောအခါ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ရပြန်ပါလေ၏။ ကိုဘစိန်သည် ဤတောင်ကြီး-မန္တလေး ကားလမ်းများကို အကြိမ်ကြိမ်အခါခါ ဖြတ်သန်းလူးလာသွားဖြစ်ခဲ့ပြီး ဖြစ်ပါ၏။ သို့ပါသော်လည်း ဤမှာဘက်၏လမ်းတို (သို့) ဖြတ်လမ်းဟု ယူဆထားကြသော 'ဟန်မြင့်မိုရ်လမ်း' ကိုမူ အသွား၊ အပြန် နှစ်ခေါက်မျှသာ သွားပြန်ခဲ့ဖူးသေးပါလေသည်။ ပြောရမည်ဆိုလျှင် ဤလမ်း ဤခရီးကိုအကြိမ်မများသေးသော်လည်း သွားလာဖူးပြီးသားလမ်းဟူ၍ ဆိုနိုင်ပါလေသည်။

ယခုတစ်ခေါက်သည် တတိယ အကြိမ်မြောက်သွားရခြင်းဖြစ်ပါသည်။ ဟန်မြင့်မိုရ်ဟူသော ထူးဆန်း၍လှပလှသည့်နာမည်နှင့် ပေါ်ထွက်လာခဲ့သော လမ်းကလေးသည် ကလော၊ ဝက်ဖြူရေ၊ မိတ္ထီလာမြို့များကို မဖြတ်မသန်းဘဲသွားသောလမ်းတာမျိုး ဖြစ်သည်။ ကလောမြို့ဘက်မှဖြတ်သွားသော တောင်ကြီး-မန္တလေးလမ်းကြောင်းမှာ ပို၍ရှည်လျားကွေ့ဝိုက်ပါသော်လည်း လမ်းနံဘေးတစ်လျှောက် မြို့ပြတို့က စည်စည်ကားကား အသားကျနေကြပြီးသားဖြစ်၍ သွားလာရပ်နားရ အဆင်ပြေချောမွေ့ကြပြီ ဖြစ်ပါလေ၏။ ထို့ကြောင့် ကားခေတ္တနားကြချိန် နားရာနေရာတိုင်း စားချင်ရာစား၊ နားချင်သလိုနားနိုင်ပြီးကာ ကျန်းမာရေးကိစ္စရပ်များအတွက်လည်း အထက်တန်းကျကျ အဆင့်မြင့်မြင့်တို့ဖြင့် ချောမွေ့အဆင်ပြေမှုများကို ခံစားရရှိစေပါလေသည်။

ယခု ကိုဘစိန် မောင်းနှင်သော ဟန်မြင့်မိုရ်ကားလမ်းကြောအနေအထားကို မစည်ကားလာသေးသော ပတ်ဝန်းကျင်ဒေသများဟူ၍သာ ယူဆထားမိပါသည်။ ကားလမ်းဖွင့်ပြီး နှစ်ကာလအတန်ကြာလျှင်မူ ရောင်းသူဝယ်သူဆိုင်ကြီးဆိုင်ငယ်များစွာတို့ဖြင့် ဆက်၍ စည်ကားလာမည်မှာတော့ သေချာလှပါပေ၏။ လက်ရှိအနေအထားအရမူ မောင်းသည့်သူအတွက်ရော စီးကြရသူတို့အတွက်ပါ ပျင်းရိဖွယ်ကောင်းနေသေးသောလမ်းမျိုးဖြစ်ပါလေသည်။

"ဟော - ကိုဘစိန်၊ ခင်ဗျားကားအလှည့်ကဘယ်တော့လဲဗျ"

တစ်နေ့ မန္တလေးဘုရားကြီး၌ သူနှင့်သိသော ကုန်သည်မိတ်ဆွေတစ်ဦးနှင့် ဆုံဖြစ်ခဲ့ကြလေသည်။


"ဩော် - မသိသေးဘူးဗျ။ ပုံမှန်ဆိုရင်တော့ သန်ဘက်ခါပေ့ါ။ ခင်ဗျားတောင်ကြီးပြန်တက်တော့မလို့လား"

"ဟုတ်တယ်လေ၊ အဲဒါကြောင့် ပြန်ချင်းပြန် ခင်ဗျားနဲ့ စကားစမြည်ပြောရင်း သွားရမလားလို့ပါဗျာ"

"အေးလေ - ကျွန်တော်လည်း အဖော်ရတာပေ့ါ။ ခင်ဗျားပဲ ကားလက်မှတ်ဖြတ်ရင်း ဂိတ်မှာစုံစမ်းကြည့်လိုက်

# ခင်(တောင်ကြီး)

## တစ်ခါတစ်ရံ၌ အဖြစ်မှန်များသည်



www.burmeseclassic.com

www.burmeseclassic.com

တော့ဗျာ။ ကျွန်တော် ဘုရားကြီးဦးခိုက် လိုက်ဦးမယ်"

"ဟုတ်ပါပြီဗျာ"

ကားသမားတို့ ထုံးစံအတိုင်း အိပ်ချင်ပြေအနေဖြင့် နံဘေး၌ စကားပြောဖော်ပါမည်ဆိုလျှင် ဝမ်းသာမိမြဲဖြစ်ပါ၏။ ကိုသန်းငွေသည် ဧ တာင်ကြီးနှင့် မန္တလေးရောင်းရေးဝယ်တာကိစ္စရပ်များနှင့် ဥဒဟိုပြေးနေသူမျိုး ဖြစ်လေသည်။ တစ်ခါတစ်ရံ၌ ရှမ်းမြေဘက်ထွက်ကုန်များကို ကုန်တင်ကားကြီးများဖြင့် တင်လွှတ်လိုက်ပြီးကာ သူကိုယ်တိုင်က ဤကဲ့သို့ တစ်ညတွင်းချင်းနှင့် ရောက်နိုင်သောကားမျိုးဖြင့် စီးနင်းလိုက်ပါလေ့ရှိသည်ပဲဖြစ်ပါသည်။ မည်သို့ပင်ဖြစ်ပါစေ သူတို့လို ခရီးများသည့် ခရီးသွားများ မြန်မာပြည်၌ရှိနေကြ၍လည်း ကိုဘစိန်တို့လိုကားလိုင်းများ အလုပ်ဖြစ်နေကြခြင်းပင် ဖြစ်ပါလေ၏။

◆

ကိုဘစိန်ကားအလှည့်နှင့် ကိုသန်းငွေကား လက်မှတ်ဖြတ်ထားသာနေ့တို့ တိုက်ဆိုင်စွာပင် ထပ်တူကျခဲ့ပါလေသည်။

"မဆိုးဘူးဘဲ၊ ဒီလူရအောင်ကို မေးထားပြီးလက်မှတ်ဝယ်ထားနိုင်တယ်။ ဒရိုင်ဘာဘေးခုံကိုတောင်ရအောင်ဝယ်ထားသေးတာပဲ ကောင်းပါတယ်လေ"

ဤနေ့ညတွင်တော့ ကိုဘစိန်အတွက် ဟန်မြင့်မိုရ်တောင်အတက်လမ်းတွင် စကားပြောဖော်ရတော့မည် ဖြစ်ပါလေသည်။ ကိုဘစိန်တို့လို ယာဉ်မောင်းများသည်လည်း ပုထုဇဉ်လူသားများပင် ဖြစ်ပါ၏။ ပင်ပန်းတတ်သည်၊ နွမ်းနယ်တတ်သည်၊ အချိန်တန်လျှင် အိပ်ငိုက်တတ်သည်၊ ဖျားနာတတ်သည်၊ ဗိုက်ဆာတတ်သည်၊ ပျင်းရိငြီးငွေ့လာတတ်ပါသည်။ လူသားစင်စစ် သံမဏိအသွေးအသားများမဟုတ်သည့်အတွက် ထိုအနေအထားများကရှိတတ်ရိုးအမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ညဘက်ကားမောင်းရင်း မကြာခဏအိပ်ငိုက်ကာလမ်းချော်သွားတတ်ကြသည့်ယာဉ်ကြီး၊ ယာဉ်ငယ်များစွာတို့၏ သတင်းများကို ကြားသိနေကြရသည်ပဲ ဖြစ်ပါ၏။

စစ်သားများအတွက် စစ်မြေပြင်သည် လည်းကောင်း၊ တံငါသည်တို့အတွက် ရေပြင်ကျယ်သည် လည်းကောင်း၊ မုဆိုးများအတွက် နက်မှောင်ပိတ်ဆီးတောကြီးသည် လည်းကောင်း အောင်နိုင်ရေးအတွက် တိုက်ပွဲဝင်ကြရာနေရာဟူ၍ တင်စားကြလေ့ရှိတတ်ပါလေသည်။ ထိုအတိုင်းပင်လျှင် ဤလိုလမ်းမကြီး နက်ပြောင်ပြောင်ရှည်လျားလျားများသည်ကား ယာဉ်မောင်းသမားတိုင်းတို့အတွက် အတွေ့အကြုံများစွာဖြင့် တိုက်ပွဲဝင်ကြရာနေရာများပဲ ဖြစ်ပါလေ၏။

သတိတမံဉာဏ်မြေကတုတ်ဟူ၍ အတတ်နိုင်ဆုံး ဆင်ခြင်သုံးသပ်ဆုံးဖြတ်နိုင်ကြပါလေမှ ဘေးကင်းနိုင်ကြမည်ဖြစ်ပါသည်။ ကားသမားဟူသည်ကလည်း မည်ရွေ့မည်မျှပင် ယာဉ်မောင်းကျွမ်းကျင်သည်ဖြစ်ပါစေ၊ အရှောင်အတိမ်းမည်မျှပင် လျင်မြန်စွာ လှုပ်ရှားနိုင်သည်ဖြစ်ပါစေ ကံ၊ ကုသိုလ်၊ စန်း၊ ဇာတာနိမ့်ပါးခိုက်မျိုး၊ အညံ့နက္ခတ်ကြုံရချိန်မျိုးတို့၌ထိခိုက်မိတတ်ကြသည်ပဲ ဖြစ်ပါ၏။

ယခုည မန္တလေးမှ တောင်ကြီးအတက်လမ်းတွင် ယာဉ်မောင်းမည့်သူထိုင်ခုံအနီး၌ ကိုသန်းငွေ ထိုင်ကာ တတွတ်တွတ်နှင့် တစ်လမ်းလုံး သူအိပ်ချင်ပြေအောင်ပြောသွားတော့မည် ဖြစ်တော့သည်။ သူပြောပြလေ့ရှိသောသူတို့ကုန်သည်လောက၏ အတွေ့အကြုံများက အလွန်စိတ်ဝင်စားဖွယ်ရာကောင်းသလို အချို့ဇာတ်ကြောင်းများကလည်း သတိသံဝေဂရဖွယ်ကောင်းလှပါလေ၏။ သူပြောသမျှ နားထောင်ရင်း ညလမ်းကြောင်း၌ ကားမောင်းရသည်မှာ အိပ်ငိုက်ချင်စိတ်တို့ ဖျောက်ဖျက်ရသကဲ့သို့ ကားရပ်နားလျှင်လည်း မိတ်ဆွေနှင့်အတူ ချိုဆိမ့်လက်ဖက်ရည်ကိုသောက်ရသဖြင့် အပျင်းပြေမည်မှာ မုချပင်ဖြစ်ပါလေသည်။

ဤသို့ဖြင့် ညနေပိုင်း၌ ခရီးသည်တစ်ဦးချင်းအား လိုက်ကြိုချိန်ရောက်သောအခါ မန္တလေးမြို့တွင်းရှိ ရပ်ကွက်အသီးသီးသို့ ကိုဘစိန်လိုက်ကြိုရပါလေ၏။ ဂိတ်မှလိုက်ပါလာသောသူ၏လိပ်စာများအတိုင်း တစ်လမ်းဝင်တစ်လမ်းထွက် ကားကိုမောင်းကာ ခရီးသည်ကြိုရပါလေသည်။

ကိုဘစိန်တို့လို ကားငယ်မဟုတ်သော ယာဉ်ကြီးလေအိတ်ပါကားများကတော့ ဂိတ်များအထိသွား၍ စီးကြရမြဲ ဖြစ်သော်လည်း ကိုဘစိန်မောင်းနှင်သည့် (၁၃)ယောက်၊ (၁၄) ယောက်စီးဖြစ်သည့် ယာဉ်ငယ်တို့ကမူ ခရီးသည်တို့အဆင်ပြေကြစေရန်ရည်ရွယ်၍ လိပ်စာပေးထားသည့်အတိုင်း မြို့ပတ်၍ကြိုပေးသောထုံးစံရှိကြပါလေသည်။ ညနေ (၅) နာရီမှ စတင်ကြိုပေးပါမှ (၆) နာရီခွဲဝန်းကျင်၌ မန္တလေးမှ စတင်ထွက်ခွာလာနိုင်ကြသည်ကလည်း ထုံးစံလိုလိုပင် ဖြစ်ပါ၏။

မန္တလေးမြို့မှ တဖြည်းဖြည်းထွက်စပြုလာချိန်တွင်ပင် ကိုသန်းငွေ စကားတပြောပြောနှင့် လိုက်ပါလာခဲ့ပါလေသည်။

"ကျွန်တော် ဒီတစ်ခေါက် မန္တလေးလာတာ ရာသီဥတုကောင်းတယ် ပြောရမယ်ဗျ။ သိပ်မပူလွန်၊ မအေးလွန်းနဲ့ နေရတာအဆင်ပြေသား"

"ခင်ဗျားကလည်း၊ ခင်ဗျားလာတဲ့အချိန်ကလည်းကြည့်ပါဦးလား၊ တပို့တွဲလေဗျာ။ ဒီရာသီလောက်ကတော့ မန္တလေးမှာ ရှမ်းပြည်နယ်လောက်လည်း မအေးနေဘူး။ မြေပြန့်တွေလောက်လည်း အပူချိန်တက်မနေဘူး။ ဒါထုံးစံပဲလေ"

"အဲဒါ ခင်ဗျားလွဲနေတာ။ ခင်ဗျားမန္တလေး - တောင်ကြီးကားသာပြေးနေတာ။ အရိုးကွဲအောင်အေးတဲ့ မန်းတပို့တွဲကို မကြုံဘူးသေးလို့ပါ။ မန္တလေးက အပူကြမ်းတတ်သလို တစ်ချက်တစ်ချက် အအေးလည်းကြမ်းတတ်တာဗျ"

"ဘယ်လောက်ပဲ မန္တလေးအအေးကြမ်းစေဦးတော့ ရှမ်းပြည်နယ်ရဲ့အနုတ် ဒီဂရီ သုညအောက်ထိ မရောက်ပါဘူး ကိုသန်းငွေရာ။ ကျွန်တော်ဆို တောင်ပေါ်ကဆင်းလာရတိုင်း သုံးထပ်၊ လေးထပ် မနွေးနွေးအောင်ထပ်ဝတ်လာရပြီး မြေပြန့်နီးလာလေလေ တစ်ထပ်ချွတ်လေ နည်းနည်းပူလာလေလေ တစ်ထပ်ချွတ်ရလေလေနဲ့ တောင်ပေါ်နဲ့ တောင်အောက်ခုနစ်လွှာအကကနေရသလိုပဲ ဟော-မန္တလေးလည်းရောက်ရော ကိုယ်ပေါ်မှာ တစ်ထပ်ပဲကျန်နေရတော့တာ ဒါတောင် ရှင်ရှိသေလူရှိသေချန်ထားရတာနော်။ တကယ်နေချင်တာက ကျောပြောင်ကြီးနဲ့ဗျ ဟား. . . ဟား . . . ဟား. . ."

ကိုဘစိန် သူ့စကားကိုသူ သဘောကျစွာရယ်နေမိသည်ကို ကိုသန်းငွေပါ လိုက်ပါရယ်နေသဖြင့် ကျန်ခရီးသည်တို့ကပါ ဝိုင်း၍ပြုံးစိပြုံးစိဖြစ်ကုန်ကြသည်။ ကိုဘစိန်က သီချင်းစီဒီတစ်ချပ် ထည့်၍ဖွင့်လိုက်ရင်း ကားဆက်မောင်းလာခဲ့ပါ၏။

"ဒီတစ်ပတ် ခင်ဗျား မန္တလေး ရောက်ပြီး အလောင်းတော်ကဿပ ဆက်မသွားလိုက်ဘူးလား ကိုဘစိန်"

"မအားရပါဘူးဗျာ။ ရည်ရွယ်ချက် တော့ရှိတာပဲပေါ့။ မအောင်သေး



www.burmeseclassic.com

www.burmeseclassic.com

အလောင်းတော်ကဿပကျောက်တံခါးကြီးပွင့်တာကလည်း ခဏခဏပေမယ့် မရောက်နိုင်ဘူး။ ကိုယ့်ကားကို စင်းလုံးငှားတဲ့လူရှိပြီး သွားရရင်တော့ ရောက်ဖြစ်လိမ့်မယ်ထင်ပါရဲ့"

"ကျွန်တော်တော့ ဒီတစ်နှစ် ရောက်ဖြစ်ခဲ့ပြီ ကိုဘစိန်ရေ။ ပထမတော့ အဲဒီကျောက်တံခါးနားမှာပဲစောင့်ရင်းအိပ်မယ်ပေါ့ဗျာ။ ဘုရားဖူးတွေကလည်း များလိုက်တာမပြောပါနဲ့တော့။ ဂူတံခါးနေရာတစ်ဝိုက် ခပ်ကျဉ်းကျဉ်းလေးထဲမှာ ကိုယ့်သူလာတိုက်သူ့ကိုယ်သွားတိုက်နဲ့ ခြေလည်းမလွတ်လက်လည်းမလွတ်အနေအထားမျိုး ဖြစ်နေတော့ မအိပ်ဖြစ်တော့ဘဲ ပြန်လာခဲ့လိုက်တာ သူများတွေအတွက် နေရာဖယ်ပေးသလိုပေါ့ဗျာ။ လွဲဖြစ်ချင်ပုံများ ကျွန်တော်လှည့်ပြန်ခဲ့ပြီး နောက်ညမှာပဲ ဂူတံခါးပွင့်ပါလေရော"

"အဲဒါ အဟုတ်ကြီးပဲလားဗျ။ ကျွန်တော်လည်း ကြားလိုက်တယ်။ ဘယ်လိုကစပြီးပွင့်တာလဲ။ အထဲထဲထိ မြင်ကြရတယ်တဲ့လား"

"ကျွန်တော့်အယူအဆအရပြောရမယ်ဆိုရင် "အမှန်က သူတို့ပြောတဲ့ ကျောက်တံခါးဆိုတာ ကျောက်နံရံစာကြီးကြီးနားမှာ ဆက်ကြောင်းလေးတွေလို ပုံပေါ်နေတာမျိုးဗျ။ နို့ပေမယ့် ကျွန်တော်တို့ ဗုဒ္ဓဘာသာရဲ့ အံ့ဩစရာကောင်းတဲ့ အကြောင်းအရာတွေထဲမှာ အဲဒီလိုမျိုးထူးဆန်းတဲ့အချက်တွေက မြင်သာရှိသာရှိတတ်ကြတာကလား။ အဲဒီ ကျောက်နံရံအချပ်ကြီးပေါ်မှာ တံခါးချပ်တစ်ခုဟသလိုပွင့်သွားတာမျိုးဖြစ်သွားတာတဲ့ဗျ"

"အသံတွေဘာတွေကောကြားကြရတယ်တဲ့လား ကိုသန်းငွေ။ ပွင့်သွားမှန်း ဘယ်လိုစသိကြတာတဲ့လဲ"

"သူတို့တွေပြောပြကြတာကတော့ အစကဒီလိုပဲဖူးနေပူဇော်နေကြတာတဲ့။ တချို့ကလည်း ကျောက်တံခါးနေရာမှာရော ကျောက်နံရံတွေပေါ်မှာပါ ရွှေချနေခဲ့ကြတာဆိုပဲ။အဲဒီလိုနေရင်း တံခါးဝနားကျောက်ချပ်နေရာမှာ ထိုးထည့်ညှပ်ပြီးလှူထားတဲ့ပိုက်ဆံခေါက်လေးတွေ ပြုတ်ကျလာကြတာသတိထားမိကြတော့မှ ကျောက်တံခါးပွင့်တယ်ဆိုတာ သိကြရတော့တာတဲ့။ တချို့ကပြောတော့လည်း ဂျိမ်းဆိုတဲ့အသံလိုမျိုးလည်းကြားလိုက်ရတယ်ပြောတာပဲ"

"ဟုတ်လား၊ အဲဒီကျောက်တံခါးက အကြာကြီးပွင့်ပြီး အထဲကိုမြင်ရသတဲ့လားဗျာ"

"အဲသလောက်တော့ မဟုတ်ဘူးဗျ ခဏပဲ။ ဆယ့်ငါးမိနစ်အလွန်ဆုံးလောက်ပဲရှိမယ်ထင်တာပဲ။ အထဲကို မမြင်ရဘူးလို့ပြောကြသလို မြင်ရတယ်လို့လည်းပြောကြတာပဲ။ ပြီးရင် ထူးခြားတာက အမြဲ တပို့တွဲလပြည့်ညပဲ ဂူတံခါးပွင့်လေ့ရှိတာဗျ"

"ဟုတ်တယ်၊ အဲဒါကိုလည်းကြားဖူးနေတယ်။ အံ့ဩစရာတော့ကောင်းသားဗျာနော်"

"ပိုအံ့ဩစရာကောင်းတာက အဲဒီ အလောင်းတော် ရှင်ကဿပဟာ သူ့ရဲ့ ခန္ဓာဝန်ချတော်မူခဲ့တာကို နောင်လာမယ့် အရိမေတ္တယျဘုရားရှင်လက်ထက်တော်ကျမှ ပူဇော်မှုပြုနိုင်ဖို့ အဓိဋ္ဌာန်ပြုခဲ့တယ်ဆိုလားဗျာ။ အဓိဋ္ဌာန်က အရမ်းထူးခြားတာမို့ လူတွေကြည်ညိုပြီးရင်း ကြည်ညိုရင်းရှိကြလေတယ်ပေါ့ဗျာ"

"ဟုတ်တာပေါ့လေ၊ မုံရွာသားတွေပြောကြတာကတော့ အလောင်းတော်ကဿပကို သုံးခေါက်ပြည့်အောင် သွားနိုင်တဲ့လူဟာ ကိုယ့်မှာတင်ရှိသမျှဝဋ်ကြွေးတွေပြေတယ်ဆိုဗျ"

"ဟုတ်တယ်ပြောကြတာပဲ။ ဘယ်ခင်ဗျားနှယ် တစ်ခေါက်ဆိုတစ်ခေါက်တော့ အဲဆိမ့်နေတာပါပဲ ပင်ပန်းတယ်ဗျ"

သူတို့နှစ်ဦးစကားပြောလာကြရင်း ဆိုင်တစ်ဆိုင်ရှေ့တွင် ကားထိုးရပ်လိုက်သည်ကို ကိုသန်းငွေ တွေ့လိုက်ရ၏။ ပတ်ဝန်းကျင်ကို လေ့လာကြည့်သော အခါ ကျောက်ဆည်သို့ ဝင်လုနီးနီးဖြစ်လေသည်။

"ကိုဘစိန်၊ ဘာဆိုင်မို့လို့လဲဗျာ။ ဟုတ်တိပတ်တိရောင်းတာလည်းမရှိဘဲနဲ့"

"ဂျီး(ကြေး)မများနဲ့ ကိုသန်းငွေရေ။ ဟန်မြင့်မိုရ်လမ်းဘက်ကပြန်မယ်ဆိုရင် ဒီမယ့်ရှေ့အစားကောင်းကောင်းမရှိဘူး။ အနားကောင်းကောင်းမရှိဘူး။ တောရိပ်တောင်ရိပ်ကြားကဖြတ်ရမယ်။ ဟိုမှာဘက်လမ်းထက်တော့ လမ်းတာကိုတယ်။ ပိုမြန်တယ်။ မြန်မြန်ပြန်ရောက်ချင်တယ် မဟုတ်လား၊ ရှိတာစားဗျာ"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ"

ကိုသန်းငွေသည် စကားအတွန့် မတက်တော့ဘဲ ခေါင်းငုံ့ကာဆင်းလာခဲ့ပါ၏။ ကိုဘစိန်က နောက်ခန်းခရီးသည်များဆင်းနိုင်ကြရန် ကားတံခါးကို ဘေးတိုက်ဆွဲဖွင့်ပေးရင်း -

"ဗိုက်ဖြည့်ထားကြပါခင်ဗျာ။ ရှေ့ကျရင် စားစရာဆိုင်အလှမ်းဝေးပါဦးမယ်။ ကျန်းမာရေးအပေါ့အပါးလည်း ရှင်းထားကြပါ"

ခရီးသည်များ အလျှိုအလျှိုဆင်းကြလေပြီးကာ နားသူနား၊ စားသူစား တို့ဖြင့် လှုပ်လှုပ်ရှားရှားဖြစ်သွားကြပါသည်။ ဆိုင်မှာ ဆိုင်လတ်သာသာဖြစ်၍ များများစားစား စားဖွယ်ရာတို့မရှိသော ဆိုင်ဖြစ်သည်။ ကော်ဖီနှင့်မုန့်စားသူ၊ ထမင်းစားကြသူ၊ ထမင်းကြော်စားကြသူ တို့လောက်သာ အဆင်ပြေကြလေ၏။ အချို့ခရီးသည်တို့က အပြင်ဘက်တွင် ရောင်းနေကြသော ဆီးသီးများ၊ ရှောက်ယိုထုပ်များကို ဝယ်သည်လည်းရှိနေကြသည်။ ကိုဘစိန်က ထမင်းစားပြီး ကိုသန်းငွေကတော့ ခေါက်ဆွဲခြောက်ထုပ်ပြုတ်ခိုင်းကာ စားနေပါလေ၏။

နာရီဝက်ခန့် နားပြီးကြသောအခါ ခရီးသည်များလည်း ပြီးစီးကုန်ကြပြီဖြစ်၍ ကားဆက်ထွက်လာခဲ့ကြပါသည်။

"ကျွန်တော်က ဒီလမ်းကို ချစ်တယ်ဗျ၊ ကိုဘစိန်သိလား"

"ဘာကြောင့်လဲဗျာ"

"ဒီလမ်းလေးက ပတ်ဝန်းကျင် အရမ်းလှတယ်ဗျ"

"ခင်ဗျားကလည်း ရွာကြိုရွာကြား ဖြတ်သွားရတဲ့ဟာကိုများ"

"အဲဒါတော့ဟုတ်တယ်လေ။ ဒါပေမယ့် ဒီလမ်းကအကွေ့သိပ်မကြီးဘူးဗျာ။ အတက်လည်းသိပ်မမြင့်သွားသလို မျိုးဗျာ။ ကားလမ်းနံဘေးမှာရှိတဲ့ တောင်စဉ်တွေက သဘာဝအလှစစ်တွေပဲဗျ။ ပြီးရင် ကားအသွားအလာနည်းသေးတဲ့ လမ်းဖြစ်လို့ အေးအေးဆေးဆေးသွား နိုင်နေသေးတယ်။ ကဲ-မဟုတ်ဘူးလား"

"အဲဒါလည်း ဟုတ်တာပါပဲ။ ကျွန်တော်တို့ ကားသမားအတွေးကျ တော့တစ်မျိုးဗျ။ ကျွန်တော်တို့က ဒီလမ်းဟာ အန္တရာယ်ကင်းတဲ့လမ်း ဖြစ်တယ်။ အနှောင့်အယှက်မရှိဘူး အေးဆေးတယ်။ ပြီးရင် ခင်ဗျားပြော သလို အတက်၊ အဆင်းတအားမကြီး ဘူး။ ပြေပြစ်တယ်ပေါ့ဗျာ။ တစ်ခုပဲ ခရီး သည်တွေအတွက် နားစရာ၊ရပ်စရာသိပ် မရှိဘူးဆိုတော့ တစ်ဖက်ကတွေးရင် လည်း တောက်လျှောက်မောင်းနိုင်တယ် ပေါ့လေ"

"ဖွင့်စကာလတုန်းကတော့ လမ်း က ဘာကြမ်းသလဲမမေးနဲ့၊ စီးရတာ ညောင်းကိုက်နေအောင်ခံရတယ်"

"ဟုတ်တယ်၊ အဲဒီတုန်းကတော့ သဘာဝလမ်းပဲရှိနေခဲ့သေးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ ခင်ဗျားကား ဒီတစ်ခေါက် လူအပြည့်အရဘူးလား"

"ရပါတယ်၊ ဘာလို့လဲ"

"နောက်က ခုံသုံးခုလွတ်နေသလားလို့။ (၁)၊ (၂)၊ (၃) ခုံတွေလေ"

"မလွတ်ဘူးဗျ၊ မြို့ကြီးဒေါင်းမီးကျရင်တက်ကြမှာ"

"ဩော်"

ကိုသန်းငွေ ငြိမ်သွားပြန်ပါသည်။

ကားလေးသည် လေကိုခွဲ၍သွားနေသကဲ့သို့ တရိပ်ရိပ်ဖြစ်အောင်ပြေးလျက်ရှိနေပါလေသည်။ လူသူတို့ငြိမ်သက်သောအချိန် ကားအသွားအလာနည်းပါးသောလမ်းတာမျိုးကဲ့သို့ အနေအထားဖြစ်၍ ကိုဘစိန် စိတ်လက်ပေါ့ပါးစွာ မောင်းနှင်လာခဲ့မိပါလေ၏။ မှောင်ရီပျိုးစမှ လမ်းမီးတို့ တစ်တိုင်ပြီးတစ်တိုင်လင်းလာခဲ့သည့်တိုင် လကွယ်နှင့်မကွာလောက်တော့သောရက်ပိုင်းဖြစ်၍ အရိပ်များကတော့ မှောင်မည်းသိပ်သည်းနေသလို တွေ့မြင်နေရပါသည်။

လမ်းတာသည် တအားကျယ်ပြန့်ပြောသောလမ်းမျိုးမဟုတ်။ သာမန်မြို့ပြလမ်းမျိုးအနေအထားတို့ဖြင့် စတင်ထွက်ခွာလာခဲ့ခြင်း ဖြစ်ပါ၏။ ကျောက်ဆည်နှင့် ကူမဲကြားလမ်းများကမူ ကောင်းမွန်သည်သာ ဖြစ်ပါ၏။ ကူမဲကိုကျော်၍ အတန်ငယ်သွားကြပြီးသောအခါ ဟန်မြင့်မိုရ်ရွာလေးရှိရာသို့ ရောက်ကြပြီ ဖြစ်လေသည်။

"တကယ်ဆို ကိုဘစိန် ဒီနေရာကမှ တောင်ပေါ်စတက်ကြတာနော်"

"ဟုတ်တယ်၊ ဒီနေရာကစတာပေါ့"

"ကျွန်တော် ဒီလမ်းဖွင့်တယ်ကြားခါစက အဲဒီ ဟန်မြင့်မိုရ်ဆိုတဲ့ နာမည်လေးကို အရမ်းသဘောကျခဲ့တာဗျ။ ဘယ်လိုပြောရမလဲ နားထဲမှာကြားရတာဆန်းနေသလိုမျိုးခံစားရတယ်"

"ခင်ဗျားပြောမှ ကျွန်တော်လည်း တွေးမိတယ်။ ဟုတ်တယ်၊ ကြားခါစက ကျွန်တော်လည်း ခပ်ဆန်းဆန်းနာမည်မျိုးလို့ တွေးမိခဲ့တယ်။ ဘယ်လူမျိုးတို့ရဲ့ ဘယ်လိုဒေသနာမည်မျိုး ဖြစ်နေမလဲလို့လည်း စဉ်းစားမိသေးတယ်ဗျာ သိလား"

"ရွာနာမည်လှလှလေးပေးခဲ့တဲ့သူကို ချီးကျူးရမယ်နော်။ အဓိပ္ပာယ်တစ်ခုခုလည်းရှိနေမယ့်ပုံမျိုးပဲ"

"ရွာတွေမြို့တွေမှာ သူ့အဓိပ္ပာယ်နဲ့သူရှိနေကြမှာပါပဲ။ အဲဒါဟာ အဲဒီမြို့ရွာအတွက်တော့ ကိုယ်ပိုင်သင်္ကေတ ကိုယ်ပိုင်သဘောတရားတစ်ခုခုပဲလို့ဆိုရမှာပေါ့နော်"

"အင်း-အဲသလိုပဲပြောရမှာပေါ့။ ဥပမာဗျာ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ မိုင်းလီဆိုတဲ့မြို့ကို ပြောပြရရင် ရှမ်းလိုက မိုင်း ဆိုတာ မြို့ပြလို့၊ ပြည်လို့ အဓိပ္ပာယ်ရတယ်ဗျ။ လီဆိုတာက ကောင်းတာကိုပြောတာ။ မိုင်းလီဆိုတဲ့ အဓိပ္ပာယ်က နေတဲ့လူများကို ကောင်းစားစေသောမြို့လို့ အဓိပ္ပာယ်ရတယ်လို့ ကျွန်တော့် ရှမ်းမိတ်ဆွေတစ်ဦးက ပြောပြဖူးတယ်"

"မဆိုးပါဘူးနော်"

"နောက်တစ်ခုရှိသေးတယ်။ဟိုဗျာ စာရေးဆရာကြီး ဦးသန်းထွန်းရေးတဲ့ 'သမိုင်းရဲ့သမိုင်း' စာတွေထဲမှာ ဖော်ပြထားသလို မော်ဆိုတဲ့သဘော အဓိပ္ပာယ်က တွင်း (သို့) လျှိုဆိုတဲ့အနေကိုး။ အဲဒီတော့ သူတို့မြို့ရွာများရဲ့ အမည်က မော်လူး၊ မော်လိုက်၊ မော်တုံ၊ မော်ကယ်၊ မော်ဟန်ဆိုပြီးရှိကြတယ်မဟုတ်လား။ အဲဒီမှာ မော်လူးဆိုတာက သတ္တုတူးသော ကလိုဏ်တွင်း၊ မော်လိုက်ဆိုတာက သံတွင်း၊ မော်တုံဆိုတာက ကြေးတွင်း၊ မော်ကယ် ဆိုတာက ဆားတွင်း၊ မော်ဟန်ဆိုတာက အစမ်းတွင်းဆိုပြီး သူ့အဓိပ္ပာယ်တွေနဲ့သူရှိကြတယ်လို့ ဖတ်မှတ်ဖူးတယ်ဗျ"

"ခင်ဗျားပြောမှ ကျွန်တော်လည်း သတိရတာရှိတယ်ဗျ။ ကျွန်တော်တို့ ရွှေညောင်နားမှာ စဥ့်ဟယ်ဆိုတဲ့ရွာရှိပါကောလား။ အဲဒါ စဥ့် ဆိုတာက ဆင်၊ ဟိုင် ဆိုတာက ပျောက်နေသောလို့ အဓိပ္ပာယ်ရတော့ ဆင်ပျောက်သောရွာဆိုတာပေါ့လေ။ ကျွန်တော့် အဘိုးပြောပြခဲ့တာက ရှေးက ဘုရင်များ တိုင်းခန်းလှည့်လည်လာခဲ့ရာမှာ ဆင်တွေနားထားတုန်း ဆင်ပျောက်ခဲ့ဖူးလို့ အဲဒီအမည်တွင်သွားတာဆိုပဲ။ ဟိုင်ကနေကာလ ရွေ့လျောတော့ ဟယ်လို့ အသံထွက်သွားတာနေမှာ"

"အဟဲ- ခင်ဗျားပြောမှကျွန်တော်လည်း ကိုယ့်ဒေသနဲ့ကိုယ်သတိရတာပေါ်လာတယ်။ တကယ်ဆို အရင်တုန်းက တောင်ကြီး ဆိုတဲ့ မြို့ဖြစ်လာမယ့်နေရာမှာ သစ်တောရိုင်းလို့ ပြောရမယ့် ပေါက်တူးသီးပင်တွေ အရမ်းများတာတဲ့။ အဲဒီအပင်ကို အစွဲပြုပြီး ရှမ်းလို တွမ်တီးရွာလို့ခေါ်ရာကနေ တောင်ကြီးဖြစ်လာတယ်ဆိုဗျ။ ကြားခဲ့ဖူးတာပြောပါတယ်"

ဤသို့ဖြင့် သူတို့နှစ်ဦးမှာ စိတ်ရှိတိုင်း ရောက်တတ်ရာရာပြောဖြစ်နေမိခဲ့ကြပါလေသည်။

◆

ထိုညသည် မှတ်မှတ်ရရ အမှောင်သိပ်သည်းလှသောည ဖြစ်၏။ လဆုတ်ရက်ဖြစ်သည်ကတစ်ကြောင်း၊ တိမ်ညိုတို့ အုံ့ဆိုင်းနေသည်ကတစ်ကြောင်း ညဦးစ၌ ကြယ်ရောင်ပျပျအလင်းနှင့် လင်းသလိုလိုရှိနေခဲ့သော်လည်း ညလယ်ကာလသို့ရောက်ချိန်၌ အမှောင်ရိပ်တို့ ပိုကျလာပါတော့၏။ လမ်းဘေးဝဲ၊ ယာ ပတ်ဝန်းကျင်တို့ကို ကား၏ ရှေ့မီးရောင်ဖြစ်သာ လှမ်းတွေ့မြင်နေရပါလေသည်။ ကိုဘစိန်၏ကားမှာ ဆယ်ယောက်ကျော်စီးကားငယ်ဖြစ်သည့်အလျောက် လီဗာနင်းလိုက်တိုင်း အရှိန်နှင့်ပြေးနေလေရာ ကားပေါ်ပါ ခရီးသည်တို့မှာ ငိုက်မျဉ်းစပြုလာနေကြပြီ ဖြစ်လေသည်။

ကျောက်ဆည်မြို့ကို ဖြတ်လာ သော အခိုက်အတန့်က ကျောက်ဆည်ဒေသ၏ ရေအားလျှပ်စစ်ပါဝါကြောင့် တစ်မြို့လုံးမှာ နေ့အလား လင်းထိန်တောက်ပနေခဲ့ကြပါလေ၏။ မည်သို့ပင်ဖြစ်ပါစေ တိုးတက်မှုပြယုဂ်တို့သည် အချိန်နာရီ၊ ဒေသဌာနတို့ကိုလိုက်၍ အနည်းနှင့်အများကွာခြားမှုရှိတတ်သည်က လောကဓမ္မတာမျိုးသာပင် ဖြစ်ပါသည်။

ကားလေးသည် တောင်ပေါ်အ တက်လမ်းကို စတင်နေပြီဖြစ်လေ ကားလမ်းနံဘေးတစ်လျှောက်လုံးသည် ချုံနွယ်ပိတ်ပေါင်းများ၊ သစ်ပင်ကြီးငယ် များတို့သည် တစ်ခါတစ်ရံ ကားလမ်း ထက် မြင့်တက်သွားကြလိုက်၊ ကားလမ်း အောက်နိမ့်ကျသွားကြလိုက်ဖြင့် ဖြစ်လာ ကြပြီ ဖြစ်လေ၏။

ညဉ့်နက်လာခဲ့သည်နှင့်အမျှပင် အအေးဓာတ်သည်လည်း တစ်စထက် တစ်စ စိမ့်တက်လာခဲ့ပါသည်။ ကိုသန်း ငွေမှ ကားပြတင်းမှန်ကို အနည်းငယ် မြှင့်တင်လိုက်ကြောင်းတွေ့လိုက်ရသည်။ ကိုဘစိန်က ထုံးစံအတိုင်းမပိတ်ဘဲ ဆက်မောင်းဖြစ်နေပါ၏။ ဝါးထားသော ကွမ်းကြောင့်လည်းပါသကဲ့သို့ စိတ် ကားပြတင်းပိတ်ထားလျှင် ပိတ်လှော ကျပ်သလိုခံစားမိတတ်၍လည်းပါသ ပြတင်းအဖွင့်လျက်ပင် အမြဲမောင်း နေမိတတ်ပါလေ၏။

"အေးစိမ့်လာပြီဗျ ကိုဘစိန်"

"အင်း - ဟုတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

အငွေ့အသက်ကသိသာတာကိုး။ အထူးသဖြင့် ရှမ်းမြေရဲ့ ညလေအေးဟာ တောတောင်ရေမြေမှာတော်ဝင်နေသလို တကယ်စိမ့်အေးတတ်တာမျိုးဗျ"

"တော်သေးတယ်။ ကျွန်တော့်အထဲက ဆွယ်တာတစ်ထပ်၊ ဂျာကင်တစ်ထပ်ထပ်လာခဲ့လိုက်လို့"

"ခင်ဗျားကလည်း ရှမ်းမြေသားဟုတ်သလိုဘဲ၊ ဒီအအေးလောက်များဗျာ"

"ကျွန်တော်က ခင်ဗျားတို့လို အကြမ်းမခံနိုင်ဘူးဗျ။ ပြီးတော့ မှန်တာပြောရရင် ကျွန်တော်လေနှစ်ခါဖြန်းထားဖူးလို့ပါ"

"လေဖြန်းထားဖူးရင်တော့ မပေါ့နဲ့ ကိုသန်းငွေ။ ဆေးပူများများစားဗျာ။ ရေချိုးဆင်ခြင်။ ခင်ဗျားအနေအထားနဲ့ ခင်ဗျားသွားနေလာနေရတာတွေနဲ့က မလိုက်နေပါဘူးဗျာ"

"စီးပွားရေးကိုး ဆရာသမားရဲ့။ အာတဲ့ ကျွန်တော်တို့ ငယ်ငယ်ကသင်ရတဲ့ ကဗျာလိုပေါ့။ ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်၊ ဗျိုင်းနားလို့ ကိုင်းရတယ်။ ဗျိုင်းဘာကြောင့်နားရတယ်၊ ငါးပေါ်လို့နားရတယ်။ ငါးဘာကြောင့်ပေါ်ရတယ်၊ ရေကြီးလို့ပေါ်ရတယ်။ ရေဘာကြောင့်ကြီးရတယ်၊ မိုးရွာလို့ကြီးရတယ်။ မိုးဘာကြောင့်ရွာရတယ်၊ ဖားအော်လို့ရွာရတယ်။ ဖားဘာကြောင့်အော်ရတယ်၊ မြွေကိုက်လို့အော်ရတယ်။ မြွေဘာကြောင့်ကိုက်ရတယ်။ ငါ့ဝမ်းပူဆာမနေသာလို့ ကိုက်ရတယ် ဆိုသလိုပေါ့ဗျာ ဖြစ်ဖြစ်ရသမျှ လုပ်လုပ်ရသမျှတွေအားလုံးဟာ ကျွန်တော်တို့အတွက် ပေါက်ပင်ကိုင်းရတဲ့ အကြောင်းရင်းရှာတဲ့အခါ တွေ့ရတဲ့ ငါ့ဝမ်းပူဆာမနေသာလို့ဆိုတာမျိုးဘဲပေါ့ ကိုဘစိန်ရာ"

"ဟုတ်တာပေါ့လေ၊ အင်း- ပြောရင်းဆိုရင်း မြို့ကြီးဒေါင်းမီးရောက်တော့မယ်။ ဟိုရှေ့မှာ ကျွန်တော့်ခရီးသည်တွေစောင့်နေပြီ"

"ဟုတ်ပ့ါဗျာ၊ ညကမှောင်နေတော့ ဘယ်ရောက်လို့ဘယ်ပေါက်မှန်းတောင် မသိတော့ပါဘူး။ ဒါနဲ့ မြို့ကြီးဒေါင်းမီးနဲ့ ရေဦးကြားမှာ ရွာလေးနှစ်ရွာဖြတ်သွားရသေးတာနော်"

"ဟုတ်တာပေါ့ဗျာ၊ ပြီးတော့မှ ရှာငံ၊ မြိုင်၊ မြင်းကျဒိုး၊ အောင်ပန်းအစဉ်လိုက်ပေါ့"

"အဲဒီတစ်ပိုက် ဖြတ်ရတဲ့အချိန်တိုင်း တကယ်ပျင်းစရာကောင်းတယ်ဗျ။ ကြည့်စရာကလည်းမရှိ။ တောကြား တောင်ကြား ဘာမှလည်းမမြင်ရဘူး။ နေ့ခင်းလင်းလင်းလက်လက်ဆိုလည်း ခပ်လှမ်းလှမ်းရှုခင်းတွေကို မျှော်ရငေးရကောင်းလိုက်မယ့်ဖြစ်ခြင်း။ ညကြီးဖြစ်နေတော့ အဲသလိုလည်း မဖြစ်နိုင်ဘူး။ လမ်းမှာ ကားစီးရင်းအိပ်တတ်တဲ့လူတွေအဖို့ကတော့ ကောင်းပါတယ်။ ခရီးမပန်းဘူးပေါ့။ ကျွန်တော့်လိုမျိုး မအိပ်တတ်တဲ့လူတွေအတွက်တော့ ဘာလုပ်ရမယ်ကို မသိနေဘူး တကယ်ပါပဲ"

"အဲဒါကြောင့် အိပ်မပျော်တဲ့လူတွေအတွက်လမ်းတာရှည်တယ်ဆိုလား၊ ပြောကြတာရှိတယ်မလား"

"ခင်ဗျားကလည်း မဟုတ်ထာ၊ အိပ်မပျော်တဲ့လူအတွက် ညတာရှည်လို့ ပြောတာပါဗျ ဟား. . . ဟား. . ."

"မှားတဲ့အခါလည်း မှားပေမပေါ့ဗျာ ဟား. . . ဟား. . ."

"ပြောသာပြောရတာပါ၊ ဒီဟန်မြင့်မိုရ်လမ်းက လမ်းတာအတော်တိုတဲ့လမ်းလို့ ပြောရမှာဗျနော်"

"ဟုတ်တယ်၊ ဟိုဘက်ဝက်ဖြူရေအတက်ကြီးကိုက နည်းတာမှမဟုတ်တာ"

"ကျွန်တော့်အတွက်တော့ ဒီလိုလမ်းနဲ့ ဒီလိုကားမျိုးကို ပိုသဘောကျတယ်။ ဘာကြောင့်ဆို ကျွန်တော့်အကျင့်တလည်း ညဘက်ဆို ဘာကိုမှ မည်မည်ရရမစားတတ်ဘူး။ ဒါကြောင့် ကားရပ်ပြီး စားဖို့သောက်ဖို့က မလိုနေဘူး။ ကျန်းမာရေးကိစ္စပြီး ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ စားနေကြတဲ့လူတွေ စားပြီးသောက်ပြီးအောင် ကားပြန်ထွက်ချိန်ရောက်အောင် စောင့်ရတဲ့ဒုက္ခကလည်းမသေးဘူးဗျ"

"ဒါဆို ကိုသန်းငွေ၊ ဒီဟန်မြင့်မိုရ်လမ်းကြောနဲ့ ခင်ဗျားကတော့ အံကိုက်ပဲပေါ့။ ဒီလမ်းမှာက အစားအသောက်ကလည်း ထူးထူးခြားခြားမရှိ၊ ဒေသထွက် ဝယ်စရာကလည်း မည်မည်ရရမတွေ့။ ကိုယ့်ကားနဲ့ကိုယ်လာကြရင်တော့ ကြိုက်တဲ့နေရာရပ်၊ ဝယ်ချင်တာဝယ်ရရင်တော့ ဥပမာ ယုန်ပေါင်တို့၊ တောကြီးပျားရည်တို့၊ မိုးတွင်းဆို မှိုတွေတို့၊ တစ်ခါတလေ ချေသားတွဲတို့ပေါ့လေ ရတတ်တာမျိုးရှိပါတယ်"

"ကိုယ့်ကားနဲ့ကိုယ်တော့ ဟုတ်တာပေါ့လေဗျာ"

နှစ်ဦးသား ညမှောင်မှောင်၏ လမ်းမိုက်မိုက်ကြားတွင် စကားတပြောပြောနှင့် လိုက်ပါလာခဲ့မိကြလေသည်။ ကိုဘစိန်အနေနှင့်လည်း စကားပြောဖော်ကောင်းရခဲ့သည်ဖြစ်၍ အဆင်ပြေသောခရီးတာည ဖြစ်ပါ၏။ ရှေ့ကားမီးသီး၏ အလင်းရောင်ဖြန့်ကြက်ထိုးကျရာ အကွာအဝေးတစ်ပိုက်တို့မှတစ်ပါး ကျန်နေရာများသည် မီးရောင်မပြောနှင့် ပိုးစုန်းရောင်လောက်မျှပင် မလင်းလက်သော တောလမ်းကို ဖြတ်သန်းနေကြရပြီ ဖြစ်လေသည်။

ကိုဘစိန်သည် ကားကိုထိန်း၍ မောင်းနှင်နေရာမှ လမ်းညာဘက်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်မိပါသည်။ ဟိုမှာဘက်ဒေသမှ ပင့်ထိုးလာသော အရောင်ရှိန်တို့ကြောင့်ပင်လား၊ အပြာရင့်ရောင်ကောင်းကင်ရှိ ကြယ်လေးများတို့ကြောင့်ပင်လားမသိနိုင်ဘဲ အမြင်အာရုံထဲတွင် အလျားလိုက် တွန့်တွန့်ခေါက်ခေါက်ဖြစ်နေသော တောင်တန်းကြီးတစ်ခုကို လှမ်းတွေ့လိုက်ရပါလေ၏။ ထိုတောင်တန်းကြီး၏ တည်နေပုံမှာ မိန်းမပျိုလေးတစ်ဦး လှပစွာလဲလျောင်းနေသလိုမျိုးမြင်နေရသဖြင့် ယခင်အခါများကပင် ကိုဘစိန် မှတ်မှတ်ထင်ထင်သတိပြုနေခဲ့မိပါသည်။ နေ့ခင်းရှုကွက်ဆိုလျှင်မူ တောစိမ်းတောင်စိမ်းမြင်ကွင်းမျိုးစုံတို့ကြောင့် တောင်တန်းပုံသဏ္ဍာန်ကို သတိထားမိနိုင်ကြမည် မဟုတ်ဘဲ ယခုလို ညအမြင်အခါတွင်မှ ပုံသဏ္ဍာန်အနေအထားက ထိတိပပရှိလွန်းလှလေသည်။

ထိုအတောအတွင်း ကိုသန်းငွေလည်း နံဘေးဝဲယာတို့ကို ညအမြင်ဖြင့် လိုက်လံငေးကြည့်ရင်းလိုက်ပါနေခဲ့ဟန်ရှိပါ၏။ ထိုခဏ၌ပင်-

"ဟာ-ဟိုမှာကြည့်ပါဦး ကိုဘစိန်"

"ဟင် - ဟုတ်ပါရဲ့၊ လူတွေကလည်း များလိုက်တာ"

"ဟွန်းတီး ကိုဘစိန်၊ အရှိန်လည်းလျှော့ဗျ"

ကိုဘစိန် ဟွန်းနှစ်ချက်ဆင့်၍တီးလိုက်သောအခါ ထိုလူများ တဖြည်းဖြည်းနှင့် လမ်းတစ်ဖက်ဆီသို့စုသွားကြပါလေ၏။ ခပ်လှမ်းလှမ်းမှမြင်နေရသည်က ထိုလူတို့သည် သူတို့ရှိရာဘက်ဆီသို့ မျက်နှာချင်းဆိုင်အနေအထားများဖြင့်လာနေကြခြင်းဖြစ်ပါသည်။ ဤမှာဘက်၏ ရှေ့တစ်နေရာတွင် ရွာငယ်လေးတစ်ခုရှိနေသည်ကတော့ အမှန်ဖြစ်ပါ၏။

"ဟာ - ကိုသန်းငွေ၊ အသုဘချလာကြတာဗျ"

"အေးဗျာ ဘယ့်နှယ်၊ ဘာဒေသရဲ့ ဘယ်လိုဓလေ့မို့လို့ ညကြီးသန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

အသုဘချလာရတာလဲ ထူးဆန်းလိုက်တာ"

"ကြည့်ရတာ ကူးစက်ရောဂါဆိုးကြီးတစ်ခုခုကြောင့်များလား။ ထားမရတော့တဲ့အခြေအနေမျိုးကြောင့် ညတွင်းချင်း. . ."

"လူမျိုးခြားတွေလည်းဟုတ်ပုံမရဘူးဗျ။ မြန်မာတွေလို၊ ခနုတွေလိုမျိုးပဲ ဝတ်စားထားကြတာ"

"ဟုတ်တယ်၊ တချို့ကလေးအမေတွေက ကလေးတွေကို ခါးထစ်ခွင်ချီလို့နဲ့"

သူတို့ပြောနေကြဆဲ ကား၏အမြန်နှုန်းအရ ထိုလူစုအနားနီးသထက်နီး၍လာနေပြီ ဖြစ်ပါသည်။ ကားမီးရောင်စူးရှရှသည် ထိုလူစုတို့၏ မျက်နှာများကို ဆလိုက်ထိုးထားသလို မြင်နေရသည်ပဲ ဖြစ်သည်။ သို့သော် ထိုလူတို့သည် မျက်နှာများကိုငုံ့၍လျှောက်နေကြသည်ဖြစ်ရာ တစ်ဦးချင်း၏ မျက်နှာများကို သေသေချာချာမမြင်နိုင်ဘဲရှိနေပါတော့၏။

ထင်မိရသည်မှာ ထိုလူများသည် ရှေ့မျက်နှာချင်းဆိုင်မှ ကားမီးအလင်းရောင်ကို စူးရှလွန်း၍ ရှောင်သည့်အနေမျိုး လွှဲဖယ်ငုံ့လျှိုးနေကြခြင်းဖြစ်ဟန်တူပါသည်။ အချို့တို့က ပဝါပိုင်းကဲ့သို့ ပဝါများတွင်တင်၍ အလင်းရောင်ကို ကွယ်ကာသလိုရှိနေခဲ့ကြပြီး အချို့တို့က လက်ဝါးလေးများဖြင့် မျက်လုံးကို ကွယ်ကာသွားနေကြလေသည်။ အချို့တို့က လက်နှင့်ကာရုံသာမက ခေါင်းများကိုပင် တွင်တွင်ငုံ့၍လမ်းလျှောက်နေလေ၏။

ကိုဘစိန် မြင်ကွင်းကို အသေအချာကြည့်လို၍ ကျော်သွားချိန်အထိ တစိုက်မတ်မတ်ကြည့်နေမိရုံသာမက နောက်ပြန်လှည့်စောင်း၍ပင်ကြည့်နေမိလိုက်ပါသေးတော့၏။ သို့သော် ထိုဖျော့တော့ဖြူဖြူအဆင်းသဏ္ဌာန်နှင့် ထိုသူတို့သည် တစ်ဦးတစ်ယောက်ကမျှ သူ့ကားကိုလှမ်း၍ကြည့်ခြင်း၊ စောင်းငဲ့ကြည့်ခြင်း၊ မော်၍ကြည့်ခြင်း၊ စူးစူးရဲရဲကြည့်ခြင်း၊ ဖျတ်ခနဲကြည့်လာခြင်းတို့လုံးဝပင်မရှိ။ ဘာသိဘာသာ မသိသလို၊ မမြင်သလို၊ မထူးဆန်းကြသလို၊ ဂရုမစိုက်ကြသလို၊ အလေးတယူမလုပ်ကြသလို ခပ်မှုန်မှုန်သာလျှောက်နေကြလေသည်။

ကိုဘစိန်အသေအချာကြည့်မိရာ၌ ရှေ့ဆုံးမှ စားမြိန်စာထုပ်တင်ထားသော အသုဘအခေါင်းတလားကို ထမ်းသွားနေကြသူတို့သည် လည်းကောင်း၊ ထိုမှ အရှေ့ကြချီနေကြသော ယပ်ထမ်းဘုန်းတော်ကြီးတို့သည်လည်းကောင်း၊ ခေါင်းများ ကိုယ်စီငုံ့သယောင်၊ မျက်လွှာချထားကြသယောင်အနေအထားတို့ဖြင့် လျှောက်သွားနေကြခြင်းပင် ဖြစ်လေသည်။ ထမ်းထားကြသော အခေါင်းတလားမှာလည်း ဖြစ်သလိုရှိုးရှိုးပျဉ်ပြားနှင့် ရိုက်ထားခြင်းမျိုးမဟုတ်။ အခေါင်းဘေး၌ ရွှေရေးစက္ကူချပ်များနှင့် ကနုတ်ပန်းနွယ်များ ပုံဖော်ညှပ်ကာ ကပ်ထားသော အပြင်အဆင်များနှင့် ဖြစ်လေသည်။

"ရွာလုံးကျွတ်ထွက်လာကြတာများလားဗျာ"

ကိုသန်းငွေပြောလာမှ သူသတိပြုမိလိုက်ပါ၏။

"ဟုတ်ပါ့ဗျာ၊ အသုဘတစ်ခုကို ညကြီးမင်းကြီး တညီတညွတ်တည်းနဲ့ လိုက်ပို့နေကြတယ်ဆိုတာ ဘာကြောင့်လဲ"

"ကျွန်တော့်အထင်တော့ ရောဂါကြောင့် သေရတာကို တစ်ညလုံးမထားချင်တော့လို့၊ နံဘေးကလူတွေကို ကူးစက်မှာစိုးလို့များလားပဲ"

"ကိုသန်းငွေကလည်း၊ ကူးစက်ရောဂါနဲ့ သေရတယ်ဆိုရင် ဘယ်လိုလုပ် ဒီလောက်လူတွေ အများကြီးလိုက်နေစေတော့မှာလဲဗျာ။ မသကာ လေး၊ ငါးယောက်လောက်နဲ့ပဲပို့ကြတော့မှာပေါ့။ ဟုတ်တယ်မလား"

"အဲသလိုလည်း ဟုတ်နေတာပဲ။ ဒါမှမဟုတ် သိပ်ပြီးတော့မှကို အရေးပါအရာရောက်တဲ့ပုဂ္ဂိုလ်ကြီးမျိုး ဥပမာဗျာ ရွာလူကြီးတစ်ယောက်ယောက် ဒါမှ ဒါမှမဟုတ်လည်း ဆွေစဉ်မျိုးဆက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်မျိုး။ အဲဒီလိုလည်း ဖြစ်နိုင်မယ်ထင်တယ်"

"အဲဒါဆိုရင်လည်း ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ထားလို့ရရင်ထားကြပေါ့။ တစ်ညလောက်က ဘာဖြစ်မှာမို့လို့လဲ။ နေ့ခင်းလင်းကျင်းချိန်မှချကြပေါ့ ဟုတ်ဖူးလား။ ခုတော့ ထူးထူးဆန်းဆန်း ဘုန်းကြီးတွေရော၊ လူတွေရော၊ ကလေးတွေပါ ညကြီးသန်းခေါင်ဗျာ"

"အဲဒီရွာမှာ ကျွန်တော့်အသိ ကုန်သည်တစ်ယောက်ရှိတယ်ဗျ။ ဒီနားတစ်ဝိုက် သူ့အမျိုးတွေ၊ သူ့အသိတွေချည်းပဲလို့ ပြောတယ်။ သူက ဒီအနီးအနားက ထွက်တဲ့ ထွက်ကုန်မှန်သမျှ အကုန်သိမ်းဝယ်ပြီး တောင်ကြီးပွဲရုံတွေထိလာသွင်းလေ့ရှိတယ်။ တစ်လနှစ်ခေါက်လောက်တော့ တောင်ကြီးရောက်နေကျပဲ။ ဒီလူကို အသေအချာမေးကြည့်ဦးမယ်ဗျာ။ ဒီလူကတော့ သိကိုသိမယ်။ မှန်း-ဒီနေ့ရက်စွဲလေးကို မှတ်ထားလိုက်ပါဦးမယ်"

"မေးဗျာ - ကိုသန်းငွေ၊ ကျွန်တော်လည်း စိတ်ဝင်စားတယ်။ သိရရင် ဖုန်းဆက်ပြီးပြောပြပါဦး။ ဘာကြောင့်လဲ၊ ဘာရောဂါဖြစ်လို့လဲ၊ ထူးခြားတဲ့ပုဂ္ဂိုလ်မို့လား၊ တစ်ခုခုသိကြရတာပေါ့။ ကျွန်တော် တစ်ခါမှမကြုံဘူးတဲ့ အလေ့အထမျိုးဗျ။ ဆက်ဆက်နော် ကိုသန်းငွေ"

ဤသို့ဖြင့် သူတို့နှစ်ဦးသည် အိပ်ပျော်နေကြသော ခရီးသည်များကို ညကြီးသန်းခေါင်တင်ဆောင်လာကြရင်း ထိုည၊ ထိုအချိန်၊ ထိုဒေသကိုကျော်ဖြတ်ကာ တောင်ပေါ်ဒေသကို ဆက်လက်ဖြတ်သန်းလာခဲ့ကြပါလေသည်။

◆

တောင်ကြီးသို့ ပြန်ရောက်ပြီး ကိုသန်းငွေထံမှ ဆက်သွယ်လာမည့် ဖုန်းကို ကိုဘစိန် မျှော်နေမိပါလေ၏။ တစ်ရက်၊ နှစ်ရက်မှသည် သူ မန္တလေး နှစ်ခေါက်ဆင်းဖြစ်ပြီးသည့်အပတ်တွင်မှ ဖုန်းရရှိခဲ့လေသည်။ နံနက် (၇) နာရီတွင် ဖြစ်၏။

"xxx"

"ဟယ်လို - ကိုဘစိန်လား"

"ဟုတ်ပါတယ် ကိုသန်းငွေ၊ ကျွန်တော် ခင်ဗျားဖုန်းမျှော်နေတာကြာ... ပေါ့"

"ဟုတ်လား-အခုခင်ဗျားဘယ်မှာလဲ။ မန္တလေးမှာလား၊ တောင်ကြီးမှာလား"

"အခုလောလောဆယ် တောင်ကြီးမှာဗျ။ ပြန်ရောက်တာ တစ်ရက်... ရှိသေးတာ"

"ဒါဆို ကျွန်တော်တို့ တောင်... ချယ်ရီမှာ ဆုံကြရအောင်ဗျာ"

ဤသို့ဖြင့် သူတို့နှစ်ယောက်... တောင်ကြီးမြို့၏ နာမည်ကြီးလှသော 'တော်ဝင်ချယ်ရီ' လက်ဖက်ရည်ဆိုင်... ဆုံဖြစ်ခဲ့ကြပါလေသည်။ ထိုင်မိကြသည်... နှင့်ပင်-

"ဘယ်လိုလဲ ကိုသန်းငွေ၊ ဟို... က ခင်ဗျားမိတ်ဆွေကုန်သည်နဲ့ ... သေးလား"

ကိုဘစိန် မနေနိုင်တော့၍ ... မိလိုက်ပါလေသည်။

"ကျွန်တော်လည်း အဲဒါပြော... ဗျ"

"အင်း - ပြောပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ ကျွန်တော့်မိတ်ဆွေ ကုန်သည်ကပြောတယ်။ အဲဒီနေ့အဲဒီရက် အဲဒီညက သူတို့ရွာမှာ ဘာအသုဘမှ မရှိခဲ့ပါဘူးတဲ့ဗျ"

"ဟင် - ခင်ဗျားက မပြောပြဘူးလား။ ကျွန်တော်ရော ခင်ဗျားပါ အတူတူတွေ့ခဲ့ကြရတဲ့အကြောင်းလေ"

"ပြောတာပေါ့ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်တို့ပြောခဲ့ကြသလို ကူးစက်ရောဂါဖြစ်လို့ ညတွင်းချင်းချကြရတာလား၊ ရွာလူကြီးတစ်ယောက်ယောက်လား။ ဘာဖြစ်လို့ ကလေးတွေရော လူကြီးတွေပါလိုက်နေကြရတာလည်း အစုံပေါ့"

"အဲဒီတော့"

"အခုနကပြောသလိုပေါ့ဗျာ။အဲဒီနေ့၊ အဲဒီရက်၊ အဲဒီညက သူတို့ရွာမှာ ဘာအသုဘမှာမရှိခဲ့ဘူး၊ မချခဲ့ကြပါဘူးတဲ့ဗျာ"

"ဟာ - ဒါဆို ကျွန်တော်တို့တွေ့ခဲ့ကြတာ ဘာကြီးလဲဗျာ"

"အဲဒါပြောတာပေါ့။ ဘာကြီးဖြစ်နိုင်သလဲဗျာ"

ကိုဘစိန် နားထောင်နေရင်း ခြေများလက်ဖျားများအေးစက်ကာ ဆံပင်များပင်ထောင်လာကြသလို ဖြစ်လာ၏။

"ဒါ ဒါဆို ကိုသန်းငွေ၊ ကျွန်တော်တို့တွေ အဲဒီညက သရဲခြောက်ခံခဲ့ကြရတာလား"

"အင်း - ပြောရရင် ထစ်ခုခုတော့ဖြစ်မယ်ထင်တယ်။ သရဲလား၊ တစ္ဆေလား ဒါမှမဟုတ် တောတောင်ချောက်ချောက်ချားချားထဲက မှင်စာတို့၊ ကျတ်တို့တွေက လှည့်စားတာများလား"

"ဒီလိုလုပ်ဗျာ၊ ကျွန်တော်လည်း အဲဒီဘက်လမ်းကျွမ်းကျင်တဲ့လူတွေဆီ မေးကြည့်မြန်းကြည့်ပါဦးမယ်၊ ခင်ဗျားလည်း ဒေသခံတွေထဲက အသိတွေနားနည်းနည်းပါးပါး မေးမြန်းစုံစမ်းကြည့်ပါဦး"

တစ်ပတ်ခန့်အကြာတွင် ကိုဘစိန်နှင့် ကိုသန်းငွေတို့ ပြန်ဆုံဖြစ်မိကြပါသည်။

"ဘာသတင်းထူးသေးလဲ ကိုသန်းငွေ"

"မထူးဘူးဗျ။ ခင်ဗျားကား အဲဒီဘက်လမ်းက တောက်လျှောက်ပြန်နေတာ ဘာထပ်တွေ့ရသေးတုံး"

"မတွေ့ဘူးဗျ၊ အဲဒီတစ်ခါပဲ ချက်စိကိုမထွက်နိုင်သေးတာ"

"သရဲဆိုလည်း ခြောက်မှာပေါ့ဗျာ။ တစ္ဆေဆိုလည်း ရှုံးရှုံးတန်းတန်း လူတွေ လှန့်အောင်လောက်ပဲလုပ်မှာပေါ့ ဟုတ်ဖူးလား။ ခုတော့ဘာတွေလဲဆိုတာ တွေးမရပါဘူး"

"တစ်ခုပဲ၊ ကျွန်တော့် ရွာဘက်မှာ နေတဲ့ ဘကြီးတစ်ယောက်အိမ်လာတည်းလို့ မေးကြည့်မိတယ်ဗျ သိလား"

"ဟုတ်လား၊ ပြောပါဦးဗျာ"

"ဒီလိုဗျ"

◆

"အဲဒါ ကျတ်တွေနေရာပြောင်းတာကွ ဘစိန်ရဲ့"

"ဟင် - ကျတ်တွေ ဟုတ်လား ဘကြီး၊ ကျွန်တော် ကြားခဲ့ဖူးတာက ကျတ်တွေဆိုတာ သူတို့ဒေသနဲ့သူတို့နေကြတာဆို။ လူတွေကို ဆွဲဆောင်ချင်တဲ့အခါမှသာ သူတို့ကိုယ်သူတို့ လူတွေလိုဖန်ဆင်း၊ သူတို့နေရာကိုလည်း မီးထိန်ထိန်လင်းနေတဲ့ ရွာကြီးတစ်ခုလို လုပ်ထားတတ်ကြတာဆို"

"အေး - ဟုတ်တယ်။ တစ်ခါတလေ သူတို့ပျင်းရင် လူတွေကို အငြိမ့်တို့၊ ဇာတ်တို့လာငှားတဲ့သူတွေလိုမျိုး ဟန်ဆောင်လာပြီး လိုက်ဖိတ်တာမျိုး၊ ခေါ်တာမျိုးတွေ လုပ်တတ်လေ့ရှိတယ်လို့ ပြောကြတယ်ကွ"

"ကျွန်တော်လည်း စာအုပ်ထဲမှာ ဖတ်ထားဖူးတာရှိတယ် ဘကြီး။ ဘာတဲ့ ဆေးဆရာတစ်ယောက်ကို ဆေးကုချင်လို့ဆိုပြီး လာပင့်သွားတာတဲ့၊ ရွာရောက်တော့ ဆေးကုခပေးတဲ့ဟာ အိမ်ပြန်ရောက်ပြီး အိတ်ထဲကထုတ်လိုက်တာ သစ်ရွက်တွေဖြစ်နေဆိုလား။ မုန့်တွေ၊ ထမင်းတွေ ထည့်ပေးလိုက်တာကလည်း တီကောင်တွေ၊ ပိုးကောင်တွေ၊ သစ်ခွံခြောက်တွေ ဖြစ်သွားဆိုလား။ ကြောက်တော့ ကြောက်စရာကြီးဗျာ"

"ဒါဘာဟုတ်သေးလဲကွာ။ တစ်ခါတစ်ရံ ဆိုင်းဝိုင်းအဖွဲ့ကို ပွဲရှိလို့ဆိုပြီး လာငှားကြတာ ဆိုင်းဆရာတွေလည်း ပါသွားတာပေါ့လေ။ လှည်းနဲ့ အကျအန လာခေါ်ကြတာကိုး။ ဟိုရောက်တော့ တီးပါဦး ကောင်းလွန်းလို့ပါ၊ ကြိုက်လွန်းလို့ နောက်တစ်ခေါက်လုပ်ပါဦးဆိုပြီး ဆုတော်ငွေတွေချလိုက်၊ တီးခိုင်းလိုက်နဲ့ လုပ်ကြပါလေရောတဲ့။ နောက်တော့ ဆိုင်းတစ်ဖွဲ့လုံး မောမောနဲ့ ရွာလူကြီးအိမ်ပေါ်မှာ ခုတင်ကိုယ်စီနဲ့ ခြေပစ်လက်ပစ်အိပ်မောကျသွားကြပါလေရောဆိုပဲ။ ဘယ် - သူတို့နိုးလာကြတော့ သူတို့အိပ်နေကြတဲ့ ခုတင်တွေဟာ သင်္ချိုင်းကုန်းက အုတ်ဂူဟောင်းတွေဖြစ်ပြီး ဆုတော်ငွေဆိုတာကလည်း သစ်ရွက်ခြောက်တွေဖြစ်နေကြတာဆိုပဲကွာ။ တော်တော်လန့်သွားကြတာပေါ့လေ"

"ဒါဆို ဘကြီးရဲ့။ ဒီကျတ်ဇတွေဆိုတာ လူတွေကို သူတို့မကြောက်တတ်ကြဘူးဆိုပါတော့နော်"

"အင်း- ငါတူကြီးက ဘယ်လိုမြင်လို့တုံး"

"လူတွေကို သူတို့က မကြောက်လို့ဘဲ ရပ်ထဲရွာထဲထိလာခေါ်တာတို့၊ လာပင့်တာတို့ရှိနေကြတာပဲပေါ့။ ဒါကြောင့် ကျွန်တော်တို့ကို သိသိချည်းနဲ့ အဲဒီမြင်ကွင်းကို မမြင်မြင်အောင်ပြခဲ့ကြတာပဲပေါ့"

"အေး-တစ်ခုတော့ဖြစ်နိုင်တယ်"

"ဘာကိုလဲ ဘကြီး"

"တကယ်ဆို သူတို့က မင်းတို့ကို အသိပေးချင်တာပဲဖြစ်မှာ"

"ဘယ်လိုဘာကိုအသိပေးချင်ကြတာလဲ။ နဂိုက သိဟောင်းကျွမ်းဟောင်း မိတ်ဆွေဟောင်းတွေလည်းမှ မဟုတ်တာကို ဘကြီးကလည်း"

"ငါတူကလည်း ဗုဒ္ဓဘာသာ မဟုတ်တာကျနေတာဘဲ။ မင်းသေသေချာချာစဉ်းစားကြည့်စမ်း။ တို့ရွာကျောင်းက ဘဘုန်းတရားဟောတိုင်းလည်းပါနေကျပဲ။ သံသရာကြီးမှာကွာ တွေ့ရသမျှ၊ ကြုံရသမျှ၊ ပတ်သက်ရသမျှ လူတိုင်း အရာရာတိုင်းဟာ ရှေးရှေးဘဝတွေတုန်းက အဆွေအမျိုးမတော်စပ်ခဲ့ဖူးတာ မရှိဘူးတဲ့။ သံသရာကြီးတစ်လျှောက်လုံး အဖေဖြစ်လိုက်၊ အမေဖြစ်လိုက်၊ သားသမီးဖြစ်လိုက်၊ ဦးလေး၊ ဘထွေး၊ ဒေါ်ကြီး၊ ဒေါ်လေးဖြစ်ကြလိုက်နဲ့သာရှိရမယ်လို့ မိန့်တာလေကွာ။ အေး - ကံကုသိုလ်များ မှောက်မှားမိလို့ အကုသိုလ်များများဖြစ်သွားရင် လူ့ဘဝ မဟုတ်ဘဲ တိရစ္ဆာန်ဘဝတွေနဲ့လည်း လာပြီးပတ်သက်နေရမှာပဲတဲ့"

"အသေချာတွေးကြည့်ရင်တော့ ဟုတ်ပါတယ် ဘကြီးရာ"

"အခုလည်း ဘကြီးစိတ်ထဲထင်မိတာပေါ့လေ။ အဲဒီအုပ်စု၊ အဲဒီသရဲဖြစ်ဖြစ်၊ တစ္ဆေဖြစ်ဖြစ်၊ ကျတ်ဖြစ်ဖြစ်ပေါ့ကွာ။ သူတို့တွေထဲမှာ ငါ့တူကြီးနဲ့ပဲ ပတ်သက်နေတာလား။ ဟိုကုန်သည် မောင်ဘယ်သူ"

"သန်းငွေ၊ ကိုသန်းငွေပါ ဘကြီး"

"အေး - အဲဒီမောင်သန်းငွေနဲ့ ပတ်သက်နေတာလား။ တစ်ခုခုတော့ အကြောင်းရှိကြလို့ ကိုယ်ထင်ပြကြတာ နေမှာပေါ့"

"ဘာအကြောင်းများဖြစ်နိုင်မလဲ



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွန်ဆေး)

# သုယ်နာပန်းနာရင်ကျပ်ပျောက်

# ဆေးနည်းကောင်း

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်နေ့က မြန်အောင်မြို့ အနောက်တောင်ဘက် (၄) မိုင်ခန့်ကွာဝေးသည့် ပြည့်စင်ကွင်းရွာသို့ တစ်ခေါက်ရောက်ဖြစ်ခဲ့ပါသည်။ တပေါင်းလပြည့်နေ့ ရုံးပိတ်ရက်လည်း ဖြစ်သည်မို့ နေ့လယ်ပိုင်းကပင် ရောက်အောင်သွားခဲ့သည်။ ပြည့်စင်ကွင်းရွာ ထိပ်ရှိ ကိုအောင်ကျော်စိုးနေအိမ်ရောက်သည်တွင် မြင်သာ၊ ကိုးအင်း၊ သရက်ကုန်းနှင့် မြန်အောင်တို့မှ ဧည့်သည်များလည်း ရောက်နေကြသည်ကို တွေ့ရသည်။

ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ချင်းသုပ်တို့နှင့် စည်ကားနေသောစကားဝိုင်းအတွင်း စာရေးသူလည်း ဝင်နွဲဖြစ်ပါသည်။ စာရေးသူ အပါအဝင် ဧည့်သည်များမှာ ကိုအောင်ကျော်စိုး၏ ဖိတ်ကြားချက်အရ ရောက်ရှိနေကြတာဖြစ်ပါသည်။ ထောက်ကြန့်ကုန်းကျေးရွာ မြောက်ဘက် အုန်းကုန်းဆုတောင်းပြည့်ဘုရားကြီး၏ သာသနာ့နယ်မြေတွင် တည်ထား ပူဇော်သည့် ပဋ္ဌာန်းဆက် မမ္မစေတီတော်မြတ်ကြီး ရွှေထီးတော်တင်အောင်ပွဲသဘင် ပါဝင်ဆင်နွဲကြရန်ဖြစ်သည်။ ထီးတော်တင်လှူပွဲက ညပိုင်းမှကျင်းပမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်ရေး လုပ်အားကုသိုလ်ပေးရန် ဇ်စာရောက်နေကြတာလည်း ဖြစ်ပါသည်။

ကိုအောင်ကျော်စိုးက ပဋ္ဌာန်းဆက် မမ္မစေတီတော်တည်ထားပူဇော်ရေးတွင် အဓိက ဦးစီးဆောင်ရွက်သူ ဖြစ်ပါသည်။ ဒီနယ်တစ်ကြော၏ နာမည်ရ ဗိသိက်ဆရာတစ်ဦးလည်း ဖြစ်သည်။ ဘာသာရေး၊ သာသနာရေးနှင့် ရပ်ရွာလူမှုရေးတို့တွင် လှုပ်ရှားတက်ကြွသူ၊ ဦးဆောင်ပါဝင်သူလည်း ဖြစ်သည်။ စကားဝိုင်းတွင် သူနှင့် သူမ၏မိခင် ဒေါ်မြင့်ကြည်လည်း ပါသည်။ ဒေါ်မြင့်ကြည်က သားကြီး ကိုအောင်ကျော်စိုး ငယ်စဉ်ကလေးဘဝကအကြောင်းများပြောပြနေသည်။ အဆော့သန်ပုံ၊ ပန်းနာရင်ကျပ်ဖြစ်၍ စိတ်မောရပုံ၊ ဆေးမြီးတိုနည်းဖြင့် သက်သာပျောက်ကင်းသွားပုံတို့လည်း ပါဝင်သည်။

ဆရာမျိုးစုံ၊ ဆေးမျိုးစုံ၊ နည်းမျိုးစုံနှင့် ကုသော်လည်း သက်သာပျောက်ကင်းခြင်းမရှိခဲ့သော လေးနှစ်သားအရွယ် မောင်အောင်ကျော်စိုး၏ ပန်းနာရင်ကျပ်ရောဂါမှာ မိခင် စီမံပေးသော ဆေးမြီးတိုနှင့် လုံးဝပျောက်ကင်းခဲ့ပါပြီ။

ထမင်းဝိုင်း၌ အတို့အမြှုပ်အဖြစ် ပြုတ်တို့စားရသော ဆူးပုပ်၊ ငရုတ်ကြမ်းမှုန့်တို့နှင့် ရောနှောချက်စားရသော ဇရစ်ရိုး။ ထိုဇရစ်ရိုးမှ ဇရစ်ခေါင်း (အရိုးထိပ်တွင် အရွက်ချွန်ချွန်အလိပ်ကလေးပုံရှိပါသည်။) တို့ကို ဖြတ်ယူ၍ ကြက်သားနှင့် ရောနှောချက်ပါသည်။ ထိုဇရစ်ခေါင်းကြက်သားချက်ကို နှစ်ရက်ဆက်တိုက်ကျွေးပါသည်။

ထိုမှနောက်ပိုင်း မောင်အောင်ကျော်စိုးတွင် ကာလရှည်ကြာစွဲကပ်နေသော ပန်းနာရင်ကျပ်ရောဂါသည် လုံး ပျောက်ကင်းခဲ့ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)

နော် ဘကြီး"

"ဒီလိုပဲပေါ့ကွာ၊ ငါစိတ်ထင်တာကတော့ အဲဒီ သူတို့တစ်တွေက အဲဒီနေရာ၊ အဲဒီပတ်ဝန်းကျင်မှာမနေတော့ဘူး။ ပြောင်းကြပြီလို့ပြောချင်ပုံရတယ်"

"အဲသလိုပြောချင်တာပေါ့ဟုတ်လား"

"အေး - ကြည့်ရတာ သူတို့နေတဲ့ နေရာဒေသတစ်ဝိုက် ခရီးလမ်းကြောင်းကျလာကြပြီဖြစ်တော့ အရင်လို သူတို့ အေးအေးဆေးဆေးမနေနိုင်ကြတော့ဘူးပေါ့ကွာ။ တချို့ဆို ခရီးသွားရင်း ပရိတ်တော်တို့ သုတ္တန်တော်တို့ တောက်လျှောက်ရွက်ကြဖတ်ကြတာတွေရှိတယ် မဟုတ်လား။ ခမျာတွေလည်း အစွမ်းထက်တဲ့ ဘုရားနှုတ်ခပါဌ်တော်တွေများဆို ခံမှမခံနိုင်ကြတာဘဲဟာ"

"ဪ"

"ငါတူကြီးတို့ပြောပုံအရဆို သူတို့အထွက်အမြတ်စောင့်ရှောက်နေတဲ့အရာတွေကိုရော၊ မိန်းမတွေ၊ ကလေးတွေပါအကုန်နေရာရွှေ့ကြကုန်ပြီပေါ့"

"သူတို့က ဘယ်ထိရွှေ့ကြမှာလဲ ဘကြီး။ ဟို ဟို ဘယ်ထိပြောင်းတတ်ကြတာလဲလို့ပါ"

"လူသူဝေးတဲ့ တောတစ်နေရာရာပဲပေါ့ကွာ။ မင်းကော တွေ့လိုက်မိတဲ့အချိန် မေ့တ္တာပို့၊ အမျှဝေလုပ်မိလိုက်သေး လား"

"ကျွန်တော်တစ်ယောက်တည်းဆို သတိရရင်ရဦးမှာ ဘကြီး။ ခုတော့ အဲဒီညက နံဘေးက ကိုသန်းငွေနဲ့ တစ်လမ်းလုံးကို ရောက်တတ်ရာရာပြောလာခဲ့ကြတာ ရုတ်တရက်ကြီးတွေ့လိုက်ရတော့ အမျှအတန်းဝေဖို့ သတိကိုမရလိုက်ခဲ့တာ"

"ဆင်ခြေဆင်လက်ကတော့တော်တော်များတယ်နော်။ ကားသမားဖြစ်ပြီး သတိလေးနဲ့ ပတ်ဝန်းကျင်မလေ့လာတတ်သေးပါလား ဘစိန်ရယ်"

"ဟဲဟဲ-ဘကြီးကလည်း၊ လေ့လာဖို့မလိုတော့ပါဘူး။ သူတို့ပြောင်းပြေးကုန်ကြပြီပဲဟာ"

"ဟ-ဘယ်ပြောနိုင်မလဲ။ မင်းတို့ မိတ်ဆွေနှစ်ယောက်စလုံး မြင်လိုက်ရတုန်းက ကားလမ်းတိုင်းသွားနေကြတာဆို။ အဲဒီ ကားလမ်းအတိုင်းပဲသွားလိုက်ကြပြီး နောက်တစ်နေရာ ကားလမ်းဘေးမှာပဲ ရွာပြန်တည်ပြီး နေချင်နေနေ မှာပေါ့။ ဘယ်ပြောနိုင်မှာတုံး၊ ဟုတ် လား"

"ဟာ - ဘကြီးကလည်း"

"ဟား. . . ဟား. . . ဟား. . .

လူတို့ဘဝများ၌ ကိုယ်တိုင် အတန်းဝေနိုင်ခြင်း၊ ကိုယ်တိုင်ဆု နိုင်ခြင်း၊ ကိုယ်တိုင်ဆုယူနိုင်ခြင်း တိုင်အလှူအတန်းပြုနိုင်ခြင်း၊ ကိုယ် သာဓုခေါ်နိုင်ခြင်းတို့သည် အခြ ပါးသော ဘဝဘဝများတို့ထက် သ မြင့်မြတ်ကောင်းမွန်လှပါကြောင်း ပြုမိကြစေလိုရင်း ဖြစ်ပါသည်၊ ကြောင့် ရရှိထားသော လူ့ဘဝအ အတွင်းကာလများ၌ ကုသိုလ်နှင့် သိုလ်တို့ကို နှိုင်းချိန်ထောက်ရှု အောင်သာပြုလုပ်ကြရင်းဖြင့် လားရာကို မိမိကိုယ်တိုင် ရွေးချ ပါကြောင်း စေတနာဖြင့် ဖြစ် တစ်ခုအား တင်ပြလိုက်ရခြင်း သည်။ တစ်ခါတစ်ရံ ဖြစ်ရပ်မှန် ဖြေရှင်းရန်ခက်ခဲလှသည့် အံ့ဩ ပင် ဖြစ်ကြပါလေသည်။

ခင် (တော



www.burmeseclassic.com

www.burmeseclassic.com

# မင်းရှိန်အောင်

## ကောသလမင်းအိပ်မက်(၁၆)ချက်အဖွင့်

*ကောသလ စောလှတဲ့ရာဇာ*
*ဆယ့်ခြောက်ဖြာအိပ်မက်ခန်းကို*
*ကျမ်းထွက်သေချာ။*
*မိန့်ခွန်းဖျာ၊ လက်ာပြန်ပြူး၊*
*နောက်သားနောင်လာတို့*
*မှတ်စိမ့်ငှာ ရည်ရွယ်တွေးလို့၊*
*ရေးပြပိန့်ဦး။ ။*

**(ဝိသုဒ္ဓါရာမဆရာတော်၏**
**ကောသလမင်းကြီး**
**အိပ်မက်ခန်းအချီးလင်္ကာမှ)**

စာရေးသူ ကလေးဘဝတုန်းက အဘွားပြောပြသော အိပ်ရာဝင်ပုံပြင်များထဲတွင် ကောသလမင်းအိပ်မက်ခန်း (၁၆) ခန်းကို အလွန့်အလွန်နှစ်ခြိုက်ခဲ့သည်။ စာရေးဆရာ၊ ဗေဒင်ဆရာဖြစ်လာမည့်သူမို့လားမသိ ကောသလမင်းကြီးမြင်မက်သော အိပ်မက်ကြီး(၁၆)ချက်ကို မြတ်စွာဘုရားရှင်က တစ်ခုချင်းစီ အိပ်မက်နိမိတ်ဖတ်ကြားဖွင့်ဆိုဟောကြားပုံကို အကြီးအကျယ် စိတ်ဝင်စားမိလျက် အစိမ့်စိမ့်တသိမ့်သိမ့်အတွေးနယ်ချဲ့ခံစားမိသေးသည်။ စာရေးသူအနည်းငယ်ကြီးလာသောအခါတွင် စာအုပ်မြင်တိုင်းဖတ်ရှုလာခဲ့သည်။ မူလတန်းကျောင်းသားကြီးအရွယ်မှာ စာကြည့်တိုက်၌ပျော်မွေ့လာခဲ့သည်။ စာဖတ်နယ်ကျယ်လာသလောက် ကောသလမင်းအိပ်မက် (၁၆)ချက်နှင့်ပတ်သက်လျှင် ခံစားဉာဏ်ကွန့်ဖော်ပြကြသော စာရေးဆရာများ၊ စာပေပညာရှင်တို့က ကိုယ်သန်ရာသန်ရာ ရှုထောင့်များမှနေ၍ သုံးသပ်ဖွဲ့နွဲ့ကြပုံကိုလည်း တွေ့ရှိခဲ့ရသည်။ စာရေးသူလည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူတို့လိုခံစားဖွဲ့နွဲ့ကြည့်မည်ဟု တွေးကြံမိခဲ့သည်။ ယခုတော့ ထိုအခွင့်အရေးပေါ်ပေါက်ပြီဟု ထင်သည်။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားကာလ ဖြစ်လေသည်။ တစ်ခုသောသန်းခေါင်ယံတွင် ကာသိတိုင်း သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးသည် ထူးထွေဆန်းပြား ချောက်ချားစရာကောင်းသော အိပ်မက်များကို မြင်မက်ခဲ့သည်။ အိပ်မက်က တစ်ခု၊ နှစ်ခု မဟုတ်။ ဆယ့်ခြောက်ခုတောင် ဖြစ်သည်။ အိပ်မက်တို့က မရိုးစင်းလှ။ တွေးလေတွေးလေ ထိတ်လန့်စရာ၊ စိုးရွံ့စရာ၊ တုန်လှုပ်စရာ၊ ဇောချွေးပြန်စရာတွေက ပို၍ပို၍ပွားလာလေလေ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကောသလမင်းကြီးသည် ဆက်လက်၍ စက်တော်ခေါ်ရန် မဝံ့ရဲတော့သဖြင့် အိပ်စက်ရာညောင်းစောင်းပေါ်တွင် ထိုင်လျက်နှင့်ပင် မိုးလင်းအောင် တချောက်ချားချားနှင့်စောင့်စားနေခဲ့သည်။

တစ်မိုးလင်း၍ တစ်နံနက်ခင်းသို့ ရောက်လတ်သောအခါတွင် ကောသလမင်းကြီးသည် မာန်ကိုယ်ဖို့မာန်သူဖို့ပင် မလုပ်ဆောင်နိုင်တော့ဘဲ ပုဏ္ဏားတော်တို့အား ခေါ်တွေ့ပြီး သူမြင်မက်သော အိပ်မက် (၁၆) ချက်သည် သူ့ကို အန္တရာယ်ပေးနိုင်မလား၊ သူ့မိဖုရားကြီးကို အန္တရာယ်ပေးနိုင်မလား၊ သူ့တိုင်းပြည်ကို အန္တရာယ်ပေးနိုင်မလားဟု ပွင့်လင်းတဲ့တိုးစွာမေးတော်မူလေတော့သည်။

ထိုအခါ ပုဏ္ဏားတော်တို့သည် သူတို့အတွက် စားကွက်ပေါ်ပြီ ဟူသော အတွေးအပြုံးဖြင့် 'ကြောက်ပါတယ်ဆိုနေမှ ကြောင်ကလေးနှင့်တို့' ဆိုသလို ကောသလမင်းကြီးအား ခြောက်လုံးလှန့်လုံးများစွာပေးကြလေသည်။ ဖြီး အရှင်မင်းကြီး၏ အိပ်မက်တော် (၁၆) ချက်ကြောင့် ကျရောက်လာမည့် တိုင်းပြည်အတွင်း မင်းကြီးအတွက်၊ မိဖုရားကြီးအတွက် ကျရောက်လာမည့် ဘေးဥပဒ်အန္တရာယ်အသီးသီးတို့ နေထိနှင်းလို ပျောက်သွားစေရမည်ဟု ဆိုလျက် ခြေလေးချောင်းသတ္တဝါများ၊ ငှက်ကျေးသတ္တဝါအမြောက်အမြား ယဇ်ပူဇော်ရန်အတွက် ယဇ်တွင်းများ စတင်ပြုလုပ်ကြလေတော့သည်။

ဤသည်ဖြစ်အင် အကြောင်းစုံလင်ကို ကောသလမင်းကြီး၏ ပညာဉာဏ်အမြော်ကြီးမားသော မလ္လိကာမိဖုရားကြီးက သိရှိသွားသောအခါဝယ် စကားပရိယာယ်ဆင်လျက် ကောသလမင်းကြီးကို -

"အရှင်မင်းကြီး၊ အရှင်မင်းကြီးမြင်မက်တော်မူသော အိပ်မက်တော် (၁၆) ချက်နှင့် စပ်လျဉ်း၍ နန်းတွင်းပုဏ္ဏားတော်တို့ကိုသာ မေးမြန်းသည်။ အဘယ်ကြောင့် သုံးလူထွတ်ထား ပုဏ္ဏားတော်ကြီးထံကို သွားရောက်ပြီး မေးမြန်းလျှောက်ထားခြင်း မပြုပါသနည်း"

ဟု ဆိုလေလျှင် မင်းကြီးက -

"သုံးလူထွတ်ထား ပုဏ္ဏားတော်ကြီး ဟူသည်မှာ အဘယ်သူနည်း"

ဟု မေးတော်မူလေသော် မိဖုရားကြီးက -

"မင်းကြီး၊ သုံးလူထွတ်ထား ပုဏ္ဏားတော်ဆိုသည်မှာ တခြားမဟုတ်။ ဗုဒ္ဓမြတ်စွာဘုရားရှင်ပင် ဖြစ်သည်"

ဟု ဆိုလေသည်။

ဤနေရာမှာ လိုရင်းကို ပြောရလျှင် မိလ္လကာမိဖုရားကြီး၏ဦးဆောင်မှုဖြင့် ကောသလမင်းကြီးသည် အကျိုးအပြစ်များ ဘယ်သူတို့ ဘယ်သို့ခံစားရမည်ကို ရှင်းလင်းဖော်ထုတ် ဟောကြားပေးပါရန် ဖြစ်ကြောင်းရယ်ကုန်စင် လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်က -

"အသင်မင်းကြီး၏ အိပ်မက်တော်များအကျိုးအပြစ်သည် အသင်မင်းကြီးလက်ထက်တော်တွင်လည်းမဖြစ်။ ငါဘုရားရှင်၏ မျက်မှောက်တော်ကာလ၌လည်း မဖြစ်။ နောင်လာလတ္တံ့သော တရားမစောင့်သောမင်းများလက်ထက်၊ တရားမစောင့်သော လူသားများလက်ထက်များတွင်သာ ကုသိုလ်ဆုတ်ယုတ် အကုသိုလ်ပြန့်ပွားသော၊ ကပြောင်းကပြန်ခေတ်ကာလများမှာသာ မင်းကြီး အိပ်မက်တော်များ၏အကျိုးအပြစ်များသည် တထင်တရှားဖြစ်လတ္တံ့"

ဟု ဆိုပြီး ကောသလမင်းကြီး အိပ်မက် (၁၆) ချက်ကို တစ်ခုခုချင်း အိပ်မက်နိမိတ် ဖတ်ကြား ဖွင့်ဆို ဟောကြားတော်မူခဲ့လေသည်။

ဤသည်ကို ငါးရာငါးဆယ် နိပါတ်တော်၌ ဝရုဏဇာတ် မဟာသုပိန်ဇာတ်အဖြစ် တစ်ထည်တစ်ဝါ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ တခြားဗုဒ္ဓစာပေနှင့် မြန်မာစာပေ၌လည်း တခမ်းတနား တကျော်တစောရှိနေသည်ကို တွေ့ရှိရပေသည်။ ခေတ်အဆက်ဆက် စာပေပညာရှင် အသွယ်သွယ်တို့ကလည်း ပုံစံအဖုံဖုံ နည်းအမျိုးမျိုးဖြင့် စာပန်းချီခြယ်သဖော်ကျူးခဲ့ကြသည်ကို ခံစားဖတ်သိရပေသည်။

ဤနေရာမှာ တေရသကဏ်ဍီကာပါ ကောသလမင်းအိပ်မက် (၁၆) ချက် ရှစ်လုံးဘွဲ့ကဗျာကို ကိုးကားဖော်ပြချင်ပါသည်။

**❐ အိပ်မက် (၁).❐**

*နွားနက်လေးခု၊ ဝှေ့မှုဟန်ပြင်*
*မဝှေ့ကြဘဲ ရှောင်လွှဲသည်ပင်။*
*အရှေ့အနောက်၊ တောင်မြောက်*
*မိုးဆင်၊ ခြိမ်းသံပေး မိုးဝေး*
*လွင့်ပျောက်စင်။*

ကောသလမင်းကြီး၏ ပထမအိပ်မက်ထဲမှာ မည်းနက်ညိုမှောင်သော နွားလားဥသဘကြီးလေးကောင်တို့သည် အရပ်လေးမျက်နှာဖက်မှ တစ်ကောင်ချင်းစီ ကျယ်ပြန့်သော မင်းရင်ပြင်ထဲသို့ ကမူးရှူးထိုး တစ်ရှိန်ထိုး ဝင်ရောက်လျက် မီးကုန်ယမ်းကုန်ခတ်တော့မယောင်၊ဝှေ့တော့မယောင်၊တိုက်တော့မယောင်ခိုက်တော့မယောင် တွန်သံပေး၊ ခွာသံပေးလျက် အစွမ်းကုန် ဟန်ရေးပြနေပြီးမှ ဝေ့လည်လည်နှင့် ရှောင်ဖယ်သွားကြသည်ကို မြင်မက်ခြင်း ဖြစ်သည်။

ဤပထမအိပ်မက်၏အဖြေမှာ -

အရပ်လေးမျက်နှာမှ တစ်ခဲနက်လှိမ့်တက်လာသော ညိုမှောင်သည့် မိုးရိပ်မိုးသားတိမ်တို့သည် မိုးကြိုးသံ၊ မိုးခြိမ်းသံတညံညံ လျှပ်စီးလျှပ်ပန်းရောင် တဖျပ်ဖျပ်နှင့် ကောင်းကင်တစ်ခုလုံးကို ဖုံးလွှမ်းမတတ်ဖြစ်သွားလျက် မိုးကြီးရွာတော့မယောင်ဖြစ်သွားပြီးမှ ထိုမိုးတိမ် ထိုမိုးရေတို့မိုးလေတို့ လုံးဝကင်းစင်ပျောက်ပျက်သွားသည်ပင် ဖြစ်၏ဟု ဆိုသည်။

ဤနေရာမှာ အထူးတလည် ပြောချင်သည်က ကောသလမင်းကြီး၏ ဤပထမအိပ်မက်နှင့် ဆက်နွယ်လျက် ဝေဖန်စောကြောဖို့ရန်ကောင်းသည်က ကောသလမင်းကြီး၏ ဒသမမြောက် အိပ်မက်ပင် ဖြစ်သည်။

**❐ အိပ်မက် (၁၀) ❐**

*တစ်အိုးတည်းချက်၊ အကျက်မည်*
*ထမင်းမာဆတ်၊ ပျော့နပ်သုံးလီ*
*မင်းနှင့် လူများ၊ တရားမညီ*
*မိုးသုံးပါး၊ ကွက်ကျားရွာချမည်။*

ကောသလမင်း၏ ဒသမမြောက် အိပ်မက်ထဲတွင် အိုးကြီးတစ်အိုးနှင့်ချက်ထားသည့် ထမင်းများသည် မာဆတ်သည့်နေရာကမာဆတ်နေမည်၊ ပျော့ည သည်နေရာကပျော့ညံ့နေမည်၊ ကျက်န သည့်နေရာက ကျက်နပ်နေမည် စသည် ဖြင့် သုံးနေရာသုံးမျိုးဖြစ်နေသည်က မြင်မက်ခြင်းပင် ဖြစ်၏။

ဒသမမြောက်အိပ်မက်၏ အဖြေ မှာ -

တစ်နယ်တည်း၊ တစ်ဒေသတည်း တစ်ပြည်တည်းဖြစ်နေသော်လည်း မိုး သွန်းမှုသည် တညီတညွတ်တည်းမဟု ဘဲ မိုးနည်းသည့်နေရာကနည်းနေမည် သို့မဟုတ် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သည်လည်း များခြင်း၊ သင့်ခြင်း၊ န ခြင်းတို့ဖြင့် မိုးသုံးပါးမညီမညာဖြ



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်ဟု ဆို၏။

ဆိုခဲ့သော ကောသလမင်းကြီး၏ ပထမအိပ်မက်နှင့်ဒသမအိပ်မက်တို့အား ရေသမမွေ့လျက် ဝေဖန်စော်ကြော ကြည့်လျှင် ပထမအိပ်မက်အလိုအရ အခုချက်ချင်းပဲ မိုးကြီးရွာချတော့မယောင် မိုးရိပ်လေရိပ်မိုးသံလေသံပေး ပေမယ့် လက်တွေ့မှာ မိုးမရွာဘဲပြောက် ပြေခဲ့ရခြင်းသဘောသည် မိုးနောက်ကျခြင်း၊ မိုးနည်းခြင်း၊ မိုးခေါင်ခြင်းပြယုဂ်ပင် ဖြစ်သည်။

ဒသမမြောက် အိပ်မက်အလိုမှာ မိုးကွက်ကျားရွာတတ်ခြင်း၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း ဆိုသော မိုးသုံးပါး မညီညွတ်ခြင်းသဘောပင် ဖြစ်သည်။ အဓိပ္ပာယ်မှာ မိုးလေဝသမမှန်ကန်ခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်းသဘောပင် ဖြစ်သည်။

တစ်ခါ တိကနိပါတ်တော်လာ ဂါမဏိစန္ဒဇာတ်၊ စတုက္ကနိပါတ်တော်လာ ရာဇောဝါဒဇာတ်၊ ဂရုဓမ္မဇာတ်၊ စတ္တာလီသနိပါတ်တော်လာ တေသကုဏဇာတ်တို့၏အလိုတော်အရ မင်းနှင့် ပြည်သူတို့ ကိုယ်ကျင့်သီလကောင်း တရားစောင့်လျှင် ရာသီဥတုကောင်းမွန် မိုးလေဝသမှန်ကန်ပြီး မင်းနှင့် ပြည်သူတို့ ကိုယ်ကျင့်သီလမကောင်းတရားမစောင့်လျှင် ရာသီဥတုဖောက်ပြန် မိုးလေဝသမမှန်မကန်ဖြစ်တတ်သည်ဟု ဖော်ညွှန်းထားသည်ကို တွေ့ရှိရသည်။

ထို့ပြင်တစ်ဝ မြို့ထဲ၊ ရွာထဲ၊ တိုင်းထဲပြည်ထဲတွင် အားကြီးသူတို့က အားနည်းသူများကို တောကြီးဂနိုင်ဥပဒေသဖြင့် ဝိသမလောဘကြီးမားစွာ ကြီးနိုင်ငယ်ညှဉ်း ဝက်ထီးအားကောင်းပြမှုလျက် သူတို့၏ ပိုင်ဆိုင်မှုများကို အကြောင်းအမျိုးမျိုးပြ၍ မတရားသိမ်းပိုက်လျှင် ရပ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ နယ်စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်တို့က အလွန်တရာ စိတ်မကောင်းဖြစ်ရသလို တရားမစောင့်သော ဝိသမလောဘကြီးသူတို့၏ ပယောဂကြောင့် တောပြုန်းတောင်ပျောက်၊ မြေကြီးမြေပြင်ဟောက်ပက်ဖြစ်၊ ချိုင့်ချောက်ဖြစ်၊ မြစ်ချောင်းကြီးငယ်တို့ မြစ်ကောချောင်းကောဖြစ်၊ ကုန်းပြင်မှာ ရေပြင်ဖြစ်၊ ရေပြင်မှာ ကုန်းပြင်ဖြစ်လာတော့ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်တို့ဘုံဗိမာန်ပျောက်လျက် အလွန်အမင်းစိတ်ဆင်းရဲဖြစ်ရရုံသာမက ယင်းတို့နှင့်ဆက်နွယ်လျက် အာကာသစိုးနတ်တို့သည်လည်း အလွန်အကျူး စိတ်မချမ်းမမြေ့ဖြစ်ရသည်။ ထိုအခါ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်တာရာတို့ အသွားအလာမမှန်မကန်တော့ပေ။ သို့အတွက်ကြောင့် လေတို့သည် တိုက်ခတ်ချင်သလို တိုက်ခတ်လေတော့သည်။ ထိုတိုက်လေများကြောင့် နတ်တို့၏ဘုံဗိမာန်များ မတည်မငြိမ် ကထားကယားဖြစ်ရလေသည်။ ထို့ကြောင့် နတ်တို့အမျက်ထွက်ကြလျက် မိုးလေဝသရာသီဥတုတို့ကို မစီမံမစောင့်ရှောက်ချင်ကြတော့ပေ။ ဤသို့ဖြင့် မိုးလေဝသမမှန်မကန် ရာသီဥတုဖောက်ပြန်ကြတော့သည်ဟု ဆိုရိုးရှိကြပေသည် ဖြစ်၏။

ဤနေရာမှာ ဆက်လက်ပြီး ကောသလမင်း၏ ဒုတိယမြောက် အိပ်မက်ကိုသွားကြပါမည်။

**❐ အိပ်မက်အမှတ် (၂) ❐**

*မြေကမကြွ၊ ငယ်လှသစ်ပင်၊*
*ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေမြင်၊*
*အရွယ်မမျှ၊ ပျိုမလုံခင်*
*သမီးသား၊ လင်ထားအိမ်ထောင်*
*ဆင်။*

ဤဒုတိယမြောက်အိပ်မက်ထဲတွင် သစ်ပင်ငယ်၊ အပင်ငယ်၊ ချုံပင်ငယ်တို့သည် မြေကမလွတ်တလွတ် မြေကမကြွတကြွအရွယ်လေးလောက်မှာပင် အကိုင်းအခက်၊ အညွန့်၊ အရွက်တို့ စုံလင်လျက် အဖူး၊ အငုံ၊ အသီး၊ အပွင့်တို့ ဝေဆာစွာ ဖြစ်ထွန်းနေသည်ကို မြင်မက်ခြင်းပင် ဖြစ်၏။

၎င်း၏အဖြေမှာ -

လောက၏ ဆုတ်ယုတ်လာသော ကာလဝယ် လူတို့သက်တမ်းများတို့သည် ထက်တိုလာသည့်အခါတွင် မိန်းကလေးငယ်တို့သည် အရွယ်မတိုင်မီမှာပင် အိမ်ထောင်ပြုခြင်း၊ ကိုယ်ဝန်ဆောင်၊ ကလေးမွေးများပြုလာရတတ်သည်ဟု ဆိုထားသည်။

ဤသည်ကို အနည်းငယ် တိုးချဲ့ စိစစ်သုံးသပ်ကြည့်မည်ဆိုပါလျှင် 'ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်' ဆိုသော ပုံသေနည်းအတိုင်း ကိုယ်ပြုသော မကောင်းကံကြောင့် မကောင်းသောစိတ် ဖြစ်လာရသည်။ မကောင်းသောစိတ်ကြောင့် မကောင်းသောဥတု ဖြစ်ရသည်။ မကောင်းသောဥတုကြောင့် မကောင်းသော အာဟာရဖြစ်ရသည်။ မကောင်းသော အာဟာရကြောင့် သက်တမ်းတိုရသည်။ သက်တမ်းတိုမှုကြောင့် အကြံကောင်းဉာဏ်ကောင်းများမထွက်။ ထို့ကြောင့် ထင်ရာစိုင်းတော့သည်ဟု ဆိုရမည်ထင်သည်။

ထို့ကြောင့် တရားမစောင့်အစိုးရသူများလက်ထက်တွင် အရွယ်မရောက်သော မိန်းကလေးငယ်တို့ အိမ်ထောင်ပြုမှုများပိုဖြစ်လာသည်။ ယင်း၌ တရားမဝင် အိမ်ထောင်ပြုမှု၊ တရားဝင်အိမ်ထောင်ပြုမှုများ ဖြစ်လာသည်။ စင်စစ်ယင်းတို့သည် အတင်းဓမ္မကြောင့် ဖြစ်စေ၊ သွေးဆောင်ဖြားယောင်းမှုကြောင့် ဖြစ်စေ ပေါ်ပေါက်ရသည်ကများသည်။ တချို့သောတိုင်းပြည်များ၌ တချို့သော ဘာသာအယူဝါဒများ၌ (၁၂) နှစ်အောက်မိန်းကလေးများနှင့် အိမ်ထောင်ဖက်ပြုရန် တရားဝင်ဥပဒေပြုထားသည်။ နောက် ယခုအခါ၌ ကိုလေသာထူပြောအပျော်အပါးခုံမင်မှုကြောင့် ကလေးသူငယ်မိန်းကလေးငယ်လေးများအား လိင်အကြမ်းဖက်မှုများပင်ရှိလာသည်ဟု ချဲ့ကားတွေးကြံရန်ကောင်းလှပေသည်။

**❐ အိပ်မက်အမှတ် (၃) ❐**

*ယနေ့ဖွားစ၊ နွားမနို့သာ၊*
*မိခင်နွားကြီး၊ စို့ပြီးနေရှာ၊*
*သမီးနှင့်သား၊ စီးပွားပိုင်ရာ*
*မိနှင့်ဖ၊ ကျွေးမှစားရမှာ။*

ဤသည်ကား ကောသလမင်းကြီး၏ တတိယမြောက်အိပ်မက်ပင် ဖြစ်သည်။ ယင်းအိပ်မက်ထဲတွင် ယခုဖွားသစ်စ နွားမငယ်လေးထံတွင် မိခင်နွားမကြီးက အငမ်းမရနို့စို့နေသည်ဟု မြင်မက်ခြင်းပင် ဖြစ်သည်။

ဤအိပ်မက်၏အဖြေမှာ -

မိခင်၊ ဖခင်အပါအဝင် လူကြီးမိဘကျေးဇူးရှင်များသည် စီးပွားလက်လွတ်ဖြစ်ရပြီး သားသမီး အပါအဝင် လူငယ်လူရွယ်များသည် စီးပွားလက်ရှိဖြစ်သွားကာ ကြီးသူများသည် ငယ်သူများထံမှ ပေးစာကမ်းစာများကို မျှော်လင့်စောင့်စားသုံးစွဲရလိမ့်မည်ဟု ဖြစ်၏။

ဤသည်ကို အနည်းငယ်ချဲ့ကားပြောရလျှင် တရားမစောင့်သော အစိုးရသူများလက်ထက်တွင် လူငယ်လူရွယ်များ (ဝါ) အတွေ့၊ အသိ ပညာကျွမ်းကျင်မှု အားနည်းချွတ်ယွင်းသူများသည် အကြီးအမှူး ဦးစီးဦးဆောင်နေရာကို ရရှိလိမ့်မည်။ အသက်အရွယ်ကြီးရင့်သူ၊ တတ်သိပညာရှိသူ၊ ကျွမ်းကျင်မှုရှိသူတို့သည် ထိုသူတို့ထံ၌ လက်အောက်ငယ်သားခံရလိမ့်မည်။ ရှိသေခံထိုက်သလို



www.burmeseclassic.com

www.burmeseclassic.com

ရှိသေခံရမည်မဟုတ်။ တန်ဖိုးထားခံရသင့်သလောက်တန်ဖိုးထားခံရလိမ့်မည်မဟုတ်ဟု ယူ၍ရနိုင်မည် ထင်သည်။

**❐ အိပ်မက် အမှတ် (၄) ❐**

*နွားကြီးမကြိုက်၊ဝန်တိုက်နွားငယ်၊*
*မရုန်းနိုင်ဘဲ၊ ဝပ်လဲနေတယ်၊*
*ကြီးသူဖယ်ရှား၊မြောက်စားလူငယ်၊*
*တိုင်းရေးပြည်ရေး၊ ရှုပ်ထွေးပွေ*
*တော့မယ်။*

ကောသလမင်း၏စတုတ္ထမြောက် အိပ်မက် ဖြစ်သည်။ ၎င်း၌ အလုံးအရပ် ခွန်အားနှင့် ပြည့်စုံသော နွားထီးကြီး၊ နွားမကြီးများကို ဖယ်ရှားလျက် နို့စို့နွားလေး၊ နို့စားနွားလေးများကိုသာ ရွေးချယ်လျက် လေးလံသော ဝန်စလွယ်စများကို သယ်ယူစေ၊ ကဆွဲစေခိုင်းရာ ထိုနွားကလေးတို့က မဆွဲယူနိုင်၊ မသယ်ယူနိုင်သဖြင့် ဝပ်စင်းလဲပြိုရသည်ဟု မြင်မက်ခြင်း ဖြစ်သည်။

အဖြေမှာ -

တရားမစောင့်သောမင်းတို့သည် အတွေ့အကြုံရင့်ကျက်သော၊အသိပညာပြည့်စုံသော၊ကျွမ်းကျင်မှုရှိသောလူကြီးများကို ဖယ်ရှားလျက် အတွေ့အကြုံနုနယ်သော၊ အသိပညာမပြည့်စုံသော ကျွမ်းကျင်မှုအားနည်းသောလူငယ်များကို ရွေးချယ်၊ တိုင်းရေးပြည်ရေးတာဝန်များ ပေးအပ်လုပ်ဆောင်စေသဖြင့် မလိုလားအပ်သော အရှုပ်အထွေးများ ဖြစ်ပေါ်သည် ဟူ၍ ဖြစ်၏။

အနည်းငယ်အတွေးနယ်ချဲ့ကြည့်ရလျှင် တရားမစောင့်သော အစိုးရသူများ လက်ထက်တွင် မိမိတို့အလိုကိုမလိုက်ဆောင်ပေးနိုင်သော၊ မိမိတို့ဩဇာတိက္ကမလွှမ်းမိုးနိုင်သော အတွေ့အကြုံရှိ၊ ကျွမ်းကျင်မှုရှိ၊ အသိပညာရှိ ပုဂ္ဂိုလ်များကို တိုင်းပြည်တာဝန်မပေးဘဲ မိမိတို့အလိုကိုလိုက်ပေးနိုင်သော၊ မိမိတို့ဩဇာတိက္ကမကို ခံယူသော အတွေ့အကြုံမရှိ၊ ကျွမ်းကျင်မှုမရှိ၊ အသိပညာမရှိသောသူများကိုသာ တိုင်းပြည်တာဝန်ပေးသဖြင့် မလိုလားအပ်သော ပြဿနာအရှုပ်အထွေးများ ပေါ်ပေါက်တတ်သည်ဟုယူ၍ရမည်ထင်သည်။

**❐ အိပ်မက်အမှတ် (၅) ❐**

*ခံတွင်းနှစ်ခွ၊ မြင်းလှရာဇာ၊*
*ကျွေးမွေးသမျှ၊ မဝနိုင်ပါ၊*
*မှူးမတ်မင်းစိုး၊ လာဘ်ထိုးသူရှာ၊*
*နှစ်ဖက်စား၊ တရားစီရင်မှာ။*

ကောသလမင်းကြီး၏ပဉ္စမမြောက် အိပ်မက်ဖြစ်သည်။ ဤအိပ်မက်သည်ကား ပါးစပ်နှစ်ပေါက်ပါသော မြင်းလားကြီးသည် သူ့ပါးစပ်နှစ်ပေါက်မှ ကျွေးမွေးသမျှသော စားဖွယ်သောက်ဖွယ်ဟူသမျှကို ဗိုက်ပြည့်သည်ဟု မရှိ၊ ဝမ်းဝသည်ဟု မရှိ၊ ခွံ့ကျွေးနေသမျှ စားသောက်နေသည်ဟု မြင်မက်ခြင်း ဖြစ်သည်။

၎င်းအဖြေမှာ -

တရားမစောင့်သောမင်းများလက်ထက်တွင် တရားစီရင်သောအခါ၌ မှားသည်၊ မှန်သည်ကို အဓိကမထားဘဲ တရားလို၊ တရားခံနှစ်ဖက်စလုံးမှ ပေးသမျှသော တံစိုးလက်ဆောင်လာဘ်လာဘများကို မတွန့်မဆုတ်ယူငင်လျက် အများဆုံးပေးသည်ကို အနိုင်ပေးဆုံးဖြတ်လေ့ရှိသည်ဟု ဆို၏။

အနည်းငယ် အတွေးဝက်ပါလှည့်ကြည့်လျှင် တရားမစောင့်အစိုးရသူများ လက်ထက် တရားစီရင်ရာတွင် တရားဥပဒေမျက်နှာကို မထောက်ထားဘဲ တရားလို တရားခံ (ဝါ) တရားလို တရားပြိုင် နှစ်ဖက်စလုံးမှ လာဘ်လာဘများ ရနိုင်သလောက် ရယူကာ အများဆုံးပေးနိုင်သူကိုသာ အနိုင်ပေးဆုံးဖြတ်သကဲ့သို့ပင် တင်ဒါများ၊ လိုင်စင်များ၊ ကန်ထရိုက်များ အပါအဝင် အမျိုးမျိုးသော အခွင့်အရေးများ ပေးဝေရာတွင်လည်း သူ့ထက်ငါလျှင် လိုချင်သောသူများထံမှ တံစိုးလက်ဆောင်လာဘ်လာဘများ ရသလောက် ယူငင်သည့်အပြင် အများဆုံးပေးနိုင်သူကို ထိုအခွင့်အရေးအား ပေးဝေလေ့ရှိသည်ဟု ဆို၏။ ရနိုင်မည်ထင်သည်။

**❐ အိပ်မက် အမှတ် (၆) ❐**

*ခွေးအိုထံဆက်၊ ရွှေခွက်သိန်းတန်၊*
*ကျင်ငယ်အမြဲ၊ ခွက်ထဲစွန့်ပြန်၊*
*မျိုးမြတ်သမီး၊ ပစ္စည်းမက်မာန်၊*
*အမျိုးယုတ်၊ လင်လုပ်ပေါင်းဆက်*
*ဆံ။*

ကောသလမင်း၏ဆဋ္ဌမမြောက် အိပ်မက် ဖြစ်သည်။ ထိုအိပ်မက်ထဲ၌ အိုမင်းရင့်ရော် မွေးကျွတ်ဝဲစွဲနေသော မြေခွေးအိုကြီးတစ်ကောင်သည် အသပြာတစ်သိန်းတန် သိင်္ဂီရွှေစင်ခွက်ထဲသို့ ကျင်ငယ်စွန့်ထည့်နေဟန် မြင်မက်နေခြင်းပင် ဖြစ်သည်။

အဖြေမှာ -

အမျိုးကောင်းသမီးများတို့သည် ပစ္စည်းမျက်နှာကိုကြည့်၍၊ ဩဇာအာဏာအရှိန်အဝါမျက်နှာကိုကြည့်၍ အမျိုးယုတ်သူ၊ အမျိုးနိမ့်ကျသူတို့ကို အိမ်ထောင်ဖက်ပြု လင်အဖြစ်ယူအံ့ ဟူ၍ ဖြစ်၏။

အနည်းငယ်တိုးချဲ့တွေးကြံကြည့်လျှင် တရားမစောင့်သောအစိုးရသူများ လက်ထက်တွင် သူတို့အကျိုးကျေးဇူးကို မဖြစ်စေနိုင်ဟု ယုံကြည်သော သူကောင်းမျိုးနွယ်ကို (ဝါ) ဇာတ်တူမျိုးနွယ်တူကို နေရာမပေး၊ ဥစ္စာမပေး၊ အာဏာမပေးဘဲ သူတို့အကျိုးကျေးဇူးကို ဖြစ်စေနိုင်မည်ဟု ယုံကြည်သော သူယုတ်မျိုးနွယ်ကို (ဝါ) မျိုးမတူဇာတ်ခြားကို နေရာပေး၊ ဥစ္စာပေး၊ အာဏာပေးထားသဖြင့် သူကောင်းမျိုးနွယ်တို့သည် သူယုတ်မျိုးနွယ်တို့၏ နိုင်ထက်ကောင်းစားမှုတို့များပြားလာသည်ဟု ယူလျှင် ရနိုင်မည် ထင်သည်။

**❐ အိပ်မက်အမှတ် (၇) ❐**

*ရှေ့ကကျစ်ချ၊ လွန်စကြိုးကို*
*ခွေးမခီးစား၊ ကြိုတ်ဝါးကာမျို၊*
*လင်ကြီးပစ္စည်း၊ သိမ်းဆည်းမလို၊*
*လင်ငယ်အားမယားလောကွတ်ပို။*

ကောသလမင်း၏သတ္တမမြောက် အိပ်မက်ဖြစ်သည်။ ၎င်းအိပ်မက်မှာ အင်ပျဉ်(ကွပ်ပျစ်)ပေါ် ထိုင်၍ ယောကျ်ားကြီးတစ်ယောက်သည် လွန်ကြိုးကိုကျစ်ပြီးရင်းကျစ်နေရာ လွန်ကြိုးသည် တစ်ဖက်မှာပုံလျက် အောက်ဘက်တွင် လျှောကျနေသည်။ ထိုလျှောကျနေသော လွန်ကြိုးစကို ထိုအင်ပျဉ်အောက်၌ ခိုအောင်းနေသော မြေခွေးမတစ်ကောင်က အပေါ်မှ ယောကျ်ားကြီးမသိရအောင် အငမ်းမရ ခိုးဝှက်စားဝါးနေသည်ဟု မြင်မက်ခြင်းပင် ဖြစ်သည်။

အိပ်မက်အဖြေမှာ -

နောင်သောအခါ၌ မိန်းမတို့သည် အပျော်အပါး၊ အလော်အလည်၊ စိတ်သဘောမတည်ကြည်မှုများသဖြင့် လင်ကြီးငုတ်တုတ်နှင့် အခြောင်လင်ထား၍ လင်ကြီးရှာဖွေရရှိသမျှကို လင်ခြောက်နှင့် ပျော်ပါးဖြုန်းတီးပစ်အံ့ဟု ဆိုထားခြင်း ဖြစ်သည်။

ဤသည်ကို အတွေးကမ္ဘာ[illegible] ကြည့်လျှင် တရားမစောင့်အစိုးရသူများ လက်ထက်တွင် ကိလေသာထူပြော[illegible] အပျော်အပါးဆိုင်ရာများ၊ အာရုံ[illegible] ခံစားမှုဆိုင်ရာများ ပေါများလာ[illegible] အလျောက် အပျော်ကြူး၍ အိမ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရေးဖောက်ပြန်မှု၊ လူမှုရေးဖောက်ပြန်မှုများ များလာသကဲ့သို့ပင် မင်းဘဏ္ဍာများကို (ဝါ) အများပိုင်ဘဏ္ဍာများကို (ဝါ) သူတစ်ပါးဘဏ္ဍာများကို ခိုးစား ဝှက်စား၊ ဖြတ်စား ညှပ်စား၊ နှိုက်စား၊ ညှစ်စား၊ ဖောက်စား၊ ကောက်စားမှုတို့ များပြားလာသည်ဟုယူလျှင် ရနိုင်မည်ထင်သည်။

❒ အိပ်မက်အမှတ် (၇) ❒

*အိုးငယ်ချည်းနှီး၊ အိုးကြီးရေလျှံ*
*အိုးကြီးကိုပဲ၊ ရေဆွဲလောင်းပြန်၊*
*ဆင်းရဲသူများ၊ ဝတ်စားမကျန်၊*
*အခွန်တွက်၊ နှိပ်စက်ငွေကောက်ခံ။*

ကောသလမင်း၏ အဋ္ဌမမြောက် အိပ်မက်ထဲတွင် အိုးကလေးအိုးငယ် ဝတ်ပတ်လည် ဝိုင်းရံနေသော ရေပြည့်လျှံနေသော ဇရာမအိုးကြီးတစ်လုံးရှိနေပြီး ထိုအိုးကြီးထဲသို့ ရေများဖြည့်ပြီးရင်းဖြည့်နေကြသည်ဟု မြင်မက်ခြင်းပင် ဖြစ်သည်။

အိပ်မက်၏အဖြေမှာ -

တရားမစောင့်သောမင်းများလက်ထက်တွင် အခွန်အကောက်အမျိုးမျိုး၊ တံစိုးလက်ဆောင်အမျိုးမျိုး၊ လာဘ်လာဘအမျိုးမျိုးကို ကောက်ခံတောင်းခံနေသဖြင့် ချမ်းသာသူများက ချမ်းသာပြီးရင်းချမ်းသာနေပြီး ဆင်းရဲသူများက ဆင်းရဲပြီးရင်းဆင်းရဲနေသည်ဟု ဆို၏။

ဤနေရာမှာ အတွေးပိတ္တာရချဲ့ကြည့်လျှင် တရားမစောင့်သောအစိုးရသူတို့သည် လည်းကောင်း၊ သူတို့နှင့်အပြန်အလှန် ကျေးဇူးပြုနေကြသူတို့သည် လည်းကောင်း၊ သြဇာအရှိန်အဝါကြောင့် အခွင့်အရေးကြောင့် အခွန်အကောက်များ (ဝါ) တံစိုးလက်ဆောင်များ (ဝါ) လာဘ်လာဘများ (ဝါ) ဥစ္စာနေများ ရပြီးရင်းရ၊ ချမ်းသာပြီးရင်းချမ်းသာနေကြသလောက် သာမန်ပြည်သူပြည်သားတို့မှာ သူတောင်းစားခွက်ပျောက်သလို ပိုင်ဆိုင်မှုများ၊ ရပိုင်ခွင့်များ ဆုံးရှုံးပြီးရင်း ဆုံးရှုံးကာ ဆင်းရဲပြီးရင်းဆင်းရဲရသည်ဟု ယူ၍ရနိုင်မည် ဖြစ်သည်။

❒ အိပ်မက်အမှတ် (၉) ❒

*ကြာမျိုးငါးဝ၊ ပွင့်ကြရေကန်၊*
*ရေလယ်နောက်လျက်၊ကမ်းဘက်ကြည်ပြန်၊*
*မြို့တွင်ပွေရှုပ်၊ ခွန်တုပ်ကောက်ခံ၊*
*မြို့ပြင်ထွက်၊ ပြည့်နက်စည်ကားရန်။*

ကောသလမင်းကြီး၏နဝမမြောက် အိပ်မက်ထဲတွင် ကြာမျိုးငါးပါးတို့ပေါက်ရောက်ဝေဆာနေသော ဇရာမရေကန်ကြီး၏အလယ်ကောင်တွင် တန်ရေတို့သည် နောက်ကျိညစ်ညမ်းနေလောက်လေးဖက်လေးတန် ကမ်းနားဘက်တွင် ကန်ရေတို့သည် ကြည်လင်သန့်ပြန်နေသည်ဟု မြင်မက်ခြင်း ဖြစ်သည်။

အဖြေမှာ -

တရားမစောင့်မင်းတို့လက်ထက်တွင် အခွန်အတုပ်များ၊တံစိုးလက်ဆောင်များ၊ လာဘ်လာဘများအပေးရများသဖြင့် မြို့ကြီးပြကြီးတွင် (ဝါ) မြို့လယ်ပြလယ်တွင် မတည်မငြိမ် ပူလောင်မှုရှိနေသလောက် မြို့ငယ်ပြင်ငယ်၊ မြို့စွန်ပြစွန်၊နယ်စွန်နယ်ဖျားများတွင်သာ တည်ငြိမ်အေးချမ်းနေမည်ဟု ဖြစ် ၏။

ဤသည်ကို အတွေးဝက်ပါလှည့်ကြည့်လျှင် တရားမစောင့်သော အစိုးရသူများ လက်ထက်တွင် မတရားမှုများသာ လွှမ်းမိုးနေသဖြင့် မြို့ကြီးပြကြီးများ (ဝါ) မြို့လယ်ပြလယ်များ (ဝါ) နေရာကောင်း အချက်အချာကောင်းတို့တွင် အခွန်အကောက်များကြောင့် ဖြစ်စေ၊ တရားဥပဒေကို လက်တစ်လုံးခြားပြု၍ ဖြစ်စေ၊ ခြိမ်းခြောက်မှုကြောင့်ဖြစ်စေ၊ သွေးဆောင်ဖြားယောင်းမှုကြောင့် ဖြစ်စေ ဇာတိနေရင်း မျိုးတူဇာတ်တူများ ရှောင်ဖယ်ထွက်ခွာသွားရပြီး မတူကွဲပြားဝင်ရောက်နေထိုင်သူများ ပေါများလာသဖြင့်မတူကွဲပြားသောအယူဝါဒ၊ ဓလေ့ထုံးများကြောင့် အဆိုပါ နေရာတွင် နောက်ကျိညစ်ညမ်း ပူလောင်လာသလောက် မြို့ကြီးပြကြီး၊ မြို့လယ်ပြလယ်၊ နေရာကောင်းအချက်အချာကောင်းမှ ပြောင်းရွှေ့လာသူများကြောင့် မြို့စွန်မြို့ဖျား၊ နယ်စွန်နယ်ဖျားများတွင် ကြည်လင်သန့်ရှင်း အေးမြချမ်းငြိမ်းနေလိမ့်မည်ဟုယူ၍ရနိုင်မည်ထင်သည်။

❒ အိပ်မက်အမှတ် (၁၀) ❒

*မွှေးထုံနံ့ကြူ၊ စန္ဒကူးသိန်းတန်၊*
*ပုံးရည်နှင့်လဲ၊ သုံးစွဲစားပြန်၊*
*အလဇ္ဇီများ၊ တရားဖိုးတန်၊*
*ငွေနှင့်လဲ၊ အမြဲဟောမည်မှန်။*

ကောသလမင်း၏ (၁၀)ခုမြောက် အိပ်မက်ထဲတွင် တန်ဖိုးတစ်သိန်းတန် မွှေးရနံ့ကြိုင်လှိုင်နေသောစန္ဒကူးနှစ်တုံးကို အသပြာတစ်ဝက်ပင်မတန်သော ပုပ်ဟောင်နံစော်နေသည့်ရက်တက်ပုံးရည်ဖြင့် ဖလှယ်စားသောက်နေသည်ဟု မြင်မက်သည် ဖြစ်၏။

ဤအိပ်မက်၏အဖြေမှာ-

နောင်အနာဂတ်ကာလတွင် ဗုဒ္ဓဘုရားရှင်၏ အဖိုးအနဂ္ဃတန် တရားမွေများကို အလဇ္ဇီရဟန်းတို့က လာဘ်လာဘကို မျှော်ကိုးလျက် စီးပွားလုပ်စားဟောကြားကြအံ့ဟု ဆိုထားသည်ဖြစ်၏။

ဤသည်ကို အတွေးစကြဝဠာဖြန့်ကြည့်သော် တရားမစောင့်အစိုးရသူများလက်ထက်တွင် အလဇ္ဇီရဟန်းများက ဗုဒ္ဓဘုရားရှင်တရားတော်ကို ဥစ္စာဓနဂုဏ်ဖြပ်နှင့်ဖလှယ်၍ ဟောကြားသလို တရားမစောင့်အစိုးရသူတို့၏ ချောင်ထိုး ပေယျာလကန်ပြုခံရသော တတ်သိပညာရှင်အမျိုးမြတ်သူတို့သည် စားဝတ်နေရေး၊ လူမှုရေး လွန်စွာအကျပ်အတည်းဖြစ်၍ သူယုတ်မာထံ သိက္ခာကို ရိက္ခာနှင့်လဲကာ သက်သာမှုကို ရှာဖွေခဲ့ရသည်။ အမျိုးကောင်းသမီးတို့သည်လည်း ထိုသို့ အခြေအနေအမျိုးမျိုးကြောင့် သိက္ခာကို ရိက္ခာနှင့်ဖလှယ်ခဲ့ရသည်ယူ၍ ရမည်ထင်သည်။

❒ အိပ်မက် အမှတ် (၁၂) ❒

*သံကြေးမပေါင်း၊ဘူးတောင်းဘူးအုံ၊*
*ရေတွင်စုတ်စုတ်၊ နစ်မြုပ်လုံးစုံ၊*
*ပညာရှိများ၊ စကားဥသုံ၊*
*ပြောသမျှ၊ လောက မသုံးကုန်။*

ကောသလမင်း၏ (၁၂)ခုမြောက် ဤအိပ်မက်မှာ ပင်ကိုကပင် အလွန်တရာ ပေါ့ပါးသော ဘူးသီးခြောက်ကို ပြုလုပ်ထားသော ဘူးတောင်း၊ ဘူးအုံ၊ ဘူးခွဲတို့သည် အမှန်စင်စစ် ရေပြင်ပေါ်တွင် ပေါ်မျောရမည် ဖြစ်သော်လည်း ရေထဲသို့ ဂျွန်းဂျွန်းကျနစ်မြုပ်ခဲ့ရသည်ကို မြင်မက်သည်ပင် ဖြစ်၏။

ဤအိပ်မက် (၁၂) ကို သီးသန့်ဆန်းစစ်သုံးသပ်သည်ထက် ကောသလမင်း၏အိပ်မက်အမှတ် (၁၃) ကိုပါ ဆက်စပ်ပူးတွဲ သုံးသပ်စိစစ်ခြင်းသည် ပိုမိုပြည့်စုံကုံလုံလိမ့်မည်ဟု ထင်သည်။

❒ အိပ်မက်အမှတ် (၁၃) ❒

*အိမ်လုံးတောင်လုံး၊*
*ကျောက်တုံးကျောက်ဖျာ၊*
*ရေမှာဘွားဘွား၊*
*ထင်ရှားပေါ်လာ၊*
*ရဟန်းရှင်ဆိုး၊ လူဆိုးများသာ*
*ဂုဏ်ရောင်တိုး၊ တန်ခိုးပေါ်ထွက်မှာ။*



www.burmeseclassic.com

www.burmeseclassic.com

ဤအိပ်မက်သဘောမှာ တကယ့်တကယ်ဆိုရလျှင် ကျောက်တုံးကျောက်ဖျာတို့သည် ရေပြင်ထဲဝယ် လုံးဝဥဿုံ နစ်မြုပ်သွားရမည် ဖြစ်သော်လည်း၊ ရေပြင်ပေါ်မှာ ပေါ့ပါးစွာ မျောပါဖော်တတ်နေသည်ဟု မြင်မက်ခြင်း ဖြစ်၏။

ဤအိပ်မက်တို့အဖြေမှာ တရားမစောင့်မင်းများလက်ထက်တွင် အမျိုးမြတ်သူတို့ နေရာမရ စည်းစိမ်မရဘဲ ချောင်ခိုကုပ်လျှိုးနေရသလောက် အမျိုးယုတ်သူတို့ နေရာရ စည်းစိမ်ရလျက် မဏ္ဍပ်တိုင်တက် ဟန်ရေးပြနေလိမ့်မည်ဟူ၍ ဖြစ်၏။

ဤသည်ကို အတွေးကမ္ဘာ အနည်းငယ်ဖြန့်ကြက်ကြည့်လျှင် တရားမစောင့် အစိုးရသူများလက်ထက်တွင် သူတို့ကို ကျေးဇူးပြုမည်မထင်သော တန်ဖိုးထားထိုက်သူ၊ ချီးမြှောက်ထိုက်သူ၊ ရိုသေလေးစားထိုက်သူ သူကောင်းသားတို့ကို နေရာမပေး စည်းစိမ်မပေး ချောင်ထိုးနှိပ်ကွပ်ထားလျက် သူတို့ကို အကျိုးကျေးဇူးပြုမည်ထင်သော တန်ဖိုးမထားထိုက်သူ၊ မချီးမြှောက်ထိုက်သူ၊ မရိုမသေမလေးစားထိုက်သူတို့ဖြစ်သော သူယုတ်မာတို့ကို နေရာပေး စည်းစိမ်ပေးလျက် သံယာစင်ပေါ်မ, တင်ပေးထားသည်ဟု ဆိုရမည်ထင်သည်။

**❐ အိပ်မက်အမှတ် (၁၄) ❐**

*အဆိပ်ပြင်းထောက်၊ မြွေဟောက်ကြီးကို၊*
*ဖားငယ်မများ၊ ကိုက်ဝါးကာမျို၊*
*- ကညာယူထား၊ သက်ကြားဘိုးအို၊*
*မယားဆဲ၊ အမြဲအော်ငေါက်ဆို။*

ကောသလမင်း၏အိပ်မက်အမှတ် (၁၄)သည်ကား သစ်မည်စည်ပွင့်ပမာဏရှိသော ဖားငယ်မလေးတို့သည် အဆိပ်ပြင်းထန်လျက် အလွန်ကြီးမားသောမြွေဟောက်ကြီးကို ကိုက်ခဲစားသောက်ကြသည်ဟု မြင်မက်ခြင်း ဖြစ်သည်။

အိပ်မက်၏အဖြေမှာ -

တရားမစောင့်သောမင်းများလက်ထက်တွင် ကိလေသာထူပြောလျက် အပျော်အပါးကြူးကြသည့်အလျောက် ဥစ္စာရှိသက်ကြားရွယ်အိုတို့သည် မိန်းမချော၊ မိန်းမလှငယ်များကို မယားအဖြစ်ယူမိရာ သက်ကြီးလင်တို့သည် သက်ငယ်မယားတို့၏ ဥစ္စာဓနလှည့်ဖြားယူငင်ခံရမှု၊ သက်ငယ်မယားတို့၏ အိမ်ထောင်ရေး၊ လူမှုရေးဖောက်ပြန်ခံရမှု၊ ထိုမိန်းမငယ်တို့၏ အနိုင်ကျင့်ခံရမှုများ ရှိလိမ့်မည်ဟု ဆိုထားခြင်း ဖြစ်သည်။

၎င်းတို့ကို အနည်းငယ်တိုးချဲ့ခံစားကြည့်သော် တရားမစောင့်သော အစိုးရသူများလက်ထက်တွင် ကိလေသာထကြွစေသောအပျော်အပါးဆိုင်ရာများကို မြှောက်ပင့်ချီးမြှင့်ထားသဖြင့် မယားအငယ်လေးကိုယူမိသော သက်ကြီးလင်တို့ အတိဒုက္ခရောက်ရသည်ပင်။ တရားမစောင့်သောအစိုးရသူတို့သည် မိမိတို့တည်မြဲကြီးပွားခြင်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် သူတို့လက်ပါးစေသူယုတ်များကို ဩဇာပေး၊ အာဏာပေး၊ တန်ခိုးပေးလျက် သူတို့အားဒုက္ခပေးမည်ဟုထင်သော သူကောင်းသားများကို နှိပ်စက်ကလူညှဉ်းပန်းစေသည်ဟု ယူရမည် ထင်သည်။

**❐ အိပ်မက်အမှတ် (၁၅) ❐**

*အဆင်းမည်းနက်၊ ကျီးငှက်ထံမှာ*
*ရွှေဟင်္သာများ၊ ခစားနေရှာ၊*
*ပညာသီလ၊ ပြည့်ဝသူဟာ၊*
*သူယုတ်အား၊ ဝပ်တွားနေရရှာ။*

ကောသလမင်း၏ ဤအိပ်မက်ထဲတွင် ငှက်တကာတို့တွင် အယုတ်မာဆုံး၊ အဖျက်ဆီးတတ်ဆုံးဟု ဆိုသော အနက်ရောင် ကျီးငှက်တို့ကို ငှက်တကာတို့တွင် အမွန်မြတ်ဆုံး၊ အလှပဆုံးဟုဆိုသော ရွှေရောင်ဟင်္သာငှက်တို့က ဝိုင်းဝန်းခစားနေကြဟန်ကို မြင်မက်ခြင်း ဖြစ်သည်။

အိပ်မက်အဖြေမှာ -

တရားမစောင့်မင်းလက်ထက်တွင် သူယုတ်မာတို့အား နေရာပေး၊ ဥစ္စာပေးထား၊ အာဏာပေးထားသဖြင့် နေရာမရ၊ ဥစ္စာမရ၊ အာဏာမရသောသူမြတ်တို့က ဝိုင်းဝန်းခစားရလိမ့်မည်ဟု ဆို၏။

အနည်းငယ်တိုးချဲ့ဝေဖန်ဆန်းစစ်လျက် တရားမစောင့်အစိုးရသူတို့နှင့် အပြန်အလှန် ကျေးဇူးပြုနေသူ သူယုတ်မာများ (ဝါ) မျိုးမတူဇာတ်ခြားများကို နေရာပေး၊ ဥစ္စာပေး၊ အာဏာပေးထားသဖြင့် နေရာမရ၊ ဥစ္စာမရ၊ အာဏာမရသော သူမြတ်သူကောင်း မျိုးတူ၊ ဇာတ်တူတို့က ထိုသူတို့ထံတွင် လက်အောက်ငယ်သားအဖြစ် ခိုင်းရာလုပ်၊ စေရာသွားအဖြစ် ရောက်ရှိရလိမ့်မည်ဟုယူ၍ရနိုင်မည်ထင်သည်။

**❐ အိပ်မက်အမှတ် (၁၆) ❐**

*ဆိတ်ကိုမြင်ငြား၊ ကြောက်အားပြင်းထန်၊ ခြသေ့်သစ်ကျား၊ ခုန်*
*လွှားပြေးပြန်၊ သူယုတ်မာများ၊*
*ထောင်လွှားနိုင်ငံ သူတော်ကောင်း၊*
*ပုန်းအောင်းတောမြိုင်ယံ။*

ကောသလမင်း၏ (၁၆)ခုမြောက်အိပ်မက်တွင် သာမန်သားကောင်ဖြစ်သောဆိတ်တို့က ကြမ်းကြုတ်သည့်သားရဲကောင်များဖြစ်ကြသော ခြသေ့်၊ သစ်၊ ကျားတို့ကို ဖမ်းဆီးစားသောက်သဖြင့် ထိုခြသေ့်၊ သစ်၊ ကျားတို့က ဆိတ်ကိုမြင်တိုင်း သွေးရူးသွေးတန်းပြေးလွှားပြီး လုံခြုံရာ ရှာဖွေပုန်းအောင်းရသည်ဟု မြင်မက်သည် ဖြစ်၏။

အဖြေမှာ -

တရားမစောင့်သောမင်းများလက်ထက်တွင် သူတို့ကို ကျေးဇူးပြုသော သူယုတ်မာတို့အား ဩဇာ၊ အာဏာ၊ တန်ခိုးများ ပေးထားသောကြောင့် သူယုတ်မာတို့က ထိုလက်နက်တို့အား သုံး၍ သူကောင်းသားတို့အား ညှဉ်းပန်းနှိပ်စက်သဖြင့် သူကောင်းသားများအဖို့ လွတ်ရာကျွတ်ရာ၌ ရှောင်ရှားနေရသည်ဟု ဆို၏။

ယင်းကို အနည်းငယ် ဝိတ္ထာရချဲ့ကြည့်သော် တရားမစောင့်သောအစိုးရသူများလက်တော်တွင် သူတို့အား ကျေးဇူးပြုသော သူတို့လက်ပါးစေများ ဖြစ်သည့် သူယုတ်မာများကို အာဏာ ဩဇာ၊ တန်ခိုးများပေးထားရကား သူယုတ်မာတို့က ၎င်းတို့ကို လက်နက် အဖြစ်အသုံးပြုလျက် သူမြတ်ကောင်း ၏ စည်းစိမ်ဥစ္စာကို၊ အသက်ခန္ဓာ ဖျက်ဆီးညှဉ်းပန်းနှိပ်စက်ဖန်များသ သူမြတ်သူကောင်းတို့ လွတ်ရာကျွတ် တော်ရာသို့ ရှောင်ရှားခိုအောင်းနေသ ဟု ယူ၍ရနိုင်မည်ထင်သည်။

ဆိုခဲ့သမျှကို အနှစ်ချုပ်၍ လို ဆိုရလျှင် ဗုဒ္ဓဘုရားရှင်လက်ထက်တော် က , ကာသိတိုင်း သာဝတ္ထိပြည် ကောသလမင်းကြီး မြင်မက်ခဲ့သော အိပ်မက် (၁၆) ချက်သည် ဗုဒ္ဓဘုရား နိမိတ်ဖတ်ကြား ဟောကြားတော် သလိုပင် ဖြတ်ကျော်ခဲ့ပြီးသော၊ ဖြ ကျော်နေဆဲဖြစ်သော၊ ဖြတ်ကျော်လ သော ခေတ်အသီးအသီး၏ ကြေးမုံ ပေါ်တွင် တရားမစောင့်သော လော သားတို့၏ တရားနည်းလမ်းမကျသော လောကီထုပ္ပတ် လူတို့ဇာတ်၏ တ လှုပ်ရှားသော လောကခံပုံရိပ်များ ထ ဟပ်ပေါ်လွင်နေမည်ကတော့ အမှန်

မင်းရှိန်



www.burmeseclassic.com

www.burmeseclassic.com

# သရေဒယခရီးသည်

## သရေဒယခရီးသည်

လွန်ခဲ့တဲ့နှစ်ပေါင်း (၂၃၀)။ တိတိကျကျပြောရရင် မြန်မာနှစ် ၁၁၄၆ ခု ဘိုးတော်ဘုရားလက်ထက်မှာ သရေဒယခေါ် သရဒွေးဗေဒင်ကျမ်းကို ပေထက်အက္ခရာတင်ခဲ့ကြပါတယ်။

ဘိုးတော်ဘုရားခေတ်ဟာ ကုန်းဘောင်ခေတ်ကို ထက်ဝက်ဝက်လိုက်ရင် ရွှေရောင်တောက်ပခဲ့တဲ့ရွှေထက်ဝက်မှာပါပြီး သူ့နောက်ပိုင်းကတော့ ပုဂံမင်းတို့လို အရက်သမား၊ ကြက်သမား။ တိုင်းပြည်အတွက် လုပ်သင့်တာလုပ်တဲ့ ကနောင်မင်းသားဘက်က ဦးစားပေးရုပ်တည်ရကောင်းမှန်းမသိတဲ့ မင်းတုန်းဆုရင်။ မအူမလည်နဲ့ စိုင်းကော်လို့ ချုပေါ်ရောက်ပြီး မင်းဖြစ်လာတဲ့ သီပေါတို့လိုဘုရင်တွေအုပ်စိုးပြီး ထီးနန်းပျောက်ခဲ့ရပါတယ်။

ဘိုးတော်ဘုရားလက်ထက် အမရပူရဟာ ပညာရှိအမတ်ကြီး ဦးပေါ်ဦးတို့၊ အယူတော်မင်္ဂလာဦးနိုးတို့လို မတစ်ထောင်တစ်ကောင်ဘွားတွေပေါ်ခဲ့သလို သရေဒယဆိုတဲ့ ထူးခြားတဲ့ဗေဒင်ကျမ်းကြီးကိုလည်း မောင်းထောင်ဆရာတော်၊ ညောင်ကန်ဆရာတော် စသည့် ပညာရှိရဟန်းတွေက ပေစာတင်ခဲ့ကြပါတယ်။

မြန်မာပြည်မှာ အင်မတန်ဂုဏ်ယူဝင့်ကြွားဖို့ကောင်းတဲ့ အင်္ဂဝိဇ္ဇာလိုပညာရပ်ကြီးရဲ့ခရီးလမ်းကို နှစ်ပေါင်း (၂၀) လောက်လျှောက်ပြီး သူ့ရဲ့ချိုအီတဲ့ ဝတ်ရည်တွေ၊ မွှေးမြတဲ့ သစ်သီးတွေကို အထိုက်အလျောက် စားသုံးမိပြီးတဲ့နောက်မှာ မင်းကွန်းခေါင်းလောင်းတို့၊ ပုထိုးတော်ကြီးတို့တည်တဲ့ ဘိုးတော်ဘုရားခေတ်က သရေဒယကိုလည်း မြည်းစမ်းချင်စိတ် ပေါက်လာမိပါတယ်။


သရေဒယဟာ အင်္ဂဝိဇ္ဇာလိုပဲ မွေးသက္ကရာဇ်မသိလည်း ဟောလို့ရပါတယ်။ နာမည်တစ်လုံးသိရုံနဲ့ ဟောလို့ရတဲ့ပညာခန်းတွေ ကြီးစိုးနေပါတယ်။ နက္ခတ်တွေရယ်၊ ဘယ်ရာသီမှာ အခုဘယ်ဂြိုဟ်တွေ ရောက်နေတယ်ဆိုတာရယ်သိရင် စလို့ရပါပြီ။ ဒါကြောင့် စာရေးသူဟာ သရေဒယလမ်းကြောင်းကိုလျှောက်ကြည့်ချင်ပါတယ်။ လျှောက်နှင့်ပြီးတဲ့ ပညာရှင်ကြီးတွေကလည်း ဟိုယိမ်းသည်ယိုင်နဲ့ဖြစ်နေခဲ့ရင် စာရေးသူကို ဖေးမပေးစေလိုပါတယ်။

သရေဒယမှာ ဟောနည်းပေါင်းများစွာရှိတဲ့အနက်က တနင်္ဂနွေလောင်နက္ခတ်နဲ့၊ ဒေသကမ္ဘာစက်တို့တွဲပြီးသုံးသပ်မိတဲ့ တိုက်ဆိုင်မှုတစ်ခုကို ပရိသတ်ဆီ တင်ပြချင်ပါတယ်။ တိုက်ဆိုင်မှုလို့ဆိုတာက ပညာကိုစော်ကားတာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် သရေဒယ သရဒွေးပညာနဲ့ အတပ်ပြောနိုင်တယ်လို့ မဆိုလိုချင်တဲ့အတွက်ပါ။

တနင်္ဂနွေဟာ. တစ်ရာသီမှာ အကြမ်းဖျင်းအားဖြင့် တစ်လနေပြီး နက္ခတ်တစ်လုံးပေါ်မှာ (၁၃) ရက်နဲ့ (၈) နာရီ နေပါတယ်။ သူဟာ ဇွန် ၂၂ ရက်ကနေ ဇူလိုင်လ ၆ ရက်လောက်အထိ မေထုန်ရာသီ နက္ခတ်လုံးရေ ၆ အဒြနက္ခတ်ပေါ်စီးပြီး အဲဒီနက္ခတ်ကို လောင်ကျွမ်းနေပါတယ်။ အဒြနက္ခတ်ပိုင်တဲ့ သရအက္ခရာတွေကတော့ ကု ဆိုတဲ့ ကုသ၊ င ဆိုတဲ့ ငွေ၊ ဆ ဆိုတဲ့ ဆုတို့၊ ဆန်းတို့ကို လောင်ပါတယ်။

တနင်္ဂနွေဟာ သူလောင်တဲ့နက္ခတ်ကနေ ငါးလုံးမြောက်ဖြစ်တဲ့ နက္ခတ်လုံးရေ ၁၀ မာဃနက္ခတ်ကို ဝိဒြူမုခလို့ခေါ်တဲ့ နဂါးတစ်ကောင်ရဲ့ခံတွင်းထဲက မှုတ်ထုတ်လိုက်တဲ့ မီးတောက်မီးလျှံကို ပြင်းထန်တဲ့ဆိုးကျိုးက လောင်ကျွမ်းပြန်ပါတယ်။ မာဃနက္ခတ်ပိုင်တဲ့နာမည်တွေကတော့ 'မ၊ မိ၊ မိုး၊ မန်း၊ မေ၊ မျိုး၊ မင်း' စတာတွေပါ။

ဒီတော့ ခိုက်နေတဲ့ နာမည်အုပ်စုနှစ်ခုကို မှတ်ထားစေချင်ပါတယ်။ 'ကုသ၊ ယ၊ ဃ၊ ဆန်း၊ ဆု၊ ငွေ' စတဲ့ နာမည်တွေ




| | | | |
|---|---|---|---|
| နက္ခတ်လုံးရေ | ၆ | အဒြ | တနင်္ဂနွေလောင်ကျွမ်းခံရသောနက္ခတ် |
| | ၁၀ | မာဃ | ဝိဒြူမုခ |
| | ၁၃ | ဟဿတ | သုလ |
| | ၁၉ | မူလာ | သန္တိပါလ |
| | ၂၃ | ဓနသိဒ္ဓ | ကေတု |
| | ၂၆ | ဥတ္တရာဘဒြပိုဒ် | ဥက္ကလာ |
| | ၀ | ရေဝတီ | ဘူမိကမ္ပ |
| | ၁ | အဿဝိနီ | ဝဇီရာ |
| | ၂ | ဘရဏီ | နိယာတ |



www.burmeseclassic.com

www.burmeseclassic.com

မောင်ဗဟိန်း(အင်းတော်)

# မိုးအကြောင်းသိကောင်းစရာ

ဘုရားရှင်သည် မိုးကို အကြောင်းပြု၍ ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူခဲ့ပါသည်။

စာရေးသူသည် မိုးကို အကြောင်းပြု၍ မြန်မာ့ရိုးရာ လက်ဆန်းနည်းလေးတစ်ခုထဲက မိုးတွက်နည်းလင်္ကာလေးကို စာဖတ်ပရိသတ်အား ရေးသားတင်ပြသွားလိုပါသည်။ မိုးကိန်းတွက်နည်းမှာ အောက်ပါ လင်္ကာကလေးပင်ဖြစ်ပါသည်။

**မြစ်နားလေဆန် အုတ်ကန်ရွာသား**
ဖြစ်ပါသည်။

အဆိုပါ လင်္ကာလေးကို (၁၂) လဖြစ်၍ တစ်တန်းလျှင် (၁၂) လုံး ဖြစ်အောင် သုံးထပ်ကိန်းချရပါမည်။နှစ်ဆန်းတစ်ရက်နေ့ကျသောနေ့နံအရ စတင်ချရပါမည်။ ယခု မြန်မာနှစ်သည် ၁၃၇၆ခုဖြစ်ရာ နှစ်ဆန်းတစ်ရက်ကျသောနေ့မှာကြာသပတေးနေ့ဖြစ်သဖြင့် အထက်ပါလင်္ကာအတိုင်း ဇယား(၁)ဖြင့် သုံးထပ်ကိန်းချပြပါမည်။

ဇယား (၂) အရ လင်္ကာကိုကြည့်ပြီး မိုးရွာမည့်လကြည့်သော် ရာဟုသုံးထပ်ကိန်းကျသောလသည် လေ၊ မိုးများကျမည့်လ ဖြစ်ပါသည်။ ရာဟုသုံးထပ်ကိန်းကျသောလမှာ နယုန်၊ သီတင်းကျွတ်၊ တပေါင်းလများ ဖြစ်ပါသည်။

(၁၂) လရာသီအရ ရာဟုသုံးထပ်ကိန်းကျသောလသည် မိုးအများဆုံးရွာသွန်းနိုင်သည့်လဟုဆိုရမည် ဖြစ်သည်။ အကယ်၍ မြန်မာနှစ်ဆန်းတစ်ရက်သည် စနေဖြစ်ပါက **နားလေဆန် အုတ်ကန်ရွာသားမြစ်** ဟူ၍ ဆက်ချရပါမည်။

နေ့အလိုက် ရွာမည့် မိုးကာလအပိုင်းများကို ဆက်လက် တင်ပြလိုပါသည်။ နည်းစနစ်မှာ မြန်မာလဆန်းတစ်ရက်နေ့မှစပြီး ရက်ပေါင်း (၃၀) အရ သုံးထပ်ကိန်း ပြန်ချရပါသည်။ ဤနည်းစနစ်မှာ တစ်လ ရက်ပေါင်း (၃၀) တွင်

ကို တနင်္ဂနွေကလောင်တယ်။ 'မ၊ မိ၊ မိုး၊ မန်း၊ မေ၊ မျိုး၊ မင်း' စတာတွေက ခံတွင်းမီးနဲ့ အမှတ်ခံရတယ်။

ပြီးတော့ မြန်မာပြည်ဆိုတဲ့နာမည်ကိုက ၁၀ လုံး မာဃနက္ခတ်ပိုင်ပါတယ်။

မီးတောက်အမှတ်ခံရတဲ့ နက္ခတ်လုံးရေ (၁၀) ဖြစ်တဲ့ မာဃဟာ မြန်မာပြည်အလယ်ပိုင်းမှာ ကျနေပါတယ်။ မြန်မာပြည်အလယ်ပိုင်းက မာဃပိုင်တဲ့နာမည်တွေထဲမှာ 'မန်း' ဆိုတဲ့ မန္တလေးရှိနေပါတယ်။

တနင်္ဂနွေအလောင်ခံရတဲ့ နက္ခတ်လုံးရေ ၆ အဖြိုင်တဲ့ နာမည်တွေထဲမှာ 'ဆန်း' ဆိုတာ ပါနေပါတယ်။ ဟုတ်ကဲ့၊ မန္တလေးက ဆန်းကဖေးမှာ တနင်္ဂနွေဖြိုဟ်ရှိုလိုက်တာခံရတဲ့ ရက်ပိုင်းထဲက ဇူလိုင်(၁) ရက်၊ (၂) ရက်တွေမှာ အမိကရုဏ်းတွေဖြစ်သွားပါတယ်။

စာရေးသူအနေနဲ့ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာ ပြောလိုရင်းမဟုတ်ဘဲ သရောဒယ သရဒွေးပညာနဲ့လည်း ခိုက်နေတဲ့ အမည်တွေ၊ အရပ်ဒေသတွေကို ကြိုတင်ခန့်မှန်းနိုင်တယ်လို့ ပြောချင်တာပါ။ ပညာရှင်အစစ်ကြီးတွေကတော့ ခန့်မှန်းတာထက် အတပ်ပြောတာကို လုပ်ကြမှာပါ။

အင်္ဂလိဇ္ဇာပညာရှင်ဖြစ်တဲ့ အမတ်ကြီး ဦးနိုးကလည်း ဇော်တမော်လို့အမည်ရတဲ့ စိတ်ရောဂါသည်တစ်ဦးညာလက်က ပျိုးစည်း၊ ဘယ်လက်ကပြောင်းစည်းကိုင်လာတာကိုမြင်လို့ ငါးရာဖျားရွာကို ရေဘေးမြင်တဲ့အတွက် ပြောင်းခိုင်းလို့ ပြောင်းရွှေ့ကြသူတွေအသက်ဘေးလွတ်ခဲ့တဲ့ သာဓကရှိပါတယ်။ ဦးနိုးနိမိတ်ဟောပြီး (၁၆) ရက်မြောက်နေ့မှာ ရွှေလီ ကသာဘက်က မိုးကြီးပြီးရေလျှံလို့ ငါးရာဖျားရွာ ဧရာဝတီမြစ်ထဲမှာ ပျောက်ဆုံးခဲ့ရဖူးပါသည်။ ဦးနိုးလို နိမိတ်မြင်ရုံနဲ့ အင်္ဂလိဇ္ဇာအရချက်ချင်း ကောက်ဟောနိုင်ရင်လည်း တိုင်းပြည်၊ မြို့ရွာရဲ့ ရှေ့ဖြစ်တွေကို မတွက်မချက်ဘဲ သိနိုင်ပါတယ်။

တနင်္ဂနွေအလောင်ခံရတဲ့ နက္ခတ်တစ်လုံးအောက်မှာ ဥပါဒ်ကြီးမိတဲ့နက္ခတ် (၈) လုံးရှိပါတယ်။ အထက်မှာပြောခဲ့တဲ့ မာဃနက္ခတ်လိုနက္ခတ်မျိုးတွေပါ။ ဥပမာ ၈ လုံးမြောက်နက္ခတ်ဖြစ်တဲ့ လုံးရေ ၁၃ ဟဿတနက္ခတ်ပိုင်တဲ့ နာမည်ရှင်တွေဟာ အဲဒီကာလမှာ သွေးထွက်သံယိုတွေဖြစ်တတ်ပါတယ်။ (၂၃) လုံးမြောက်နက္ခတ်ဖြစ်တဲ့ အသဝနီကပိုင်တဲ့ နာမည်ရှင်တွေ လက်နက်ဘေးထိတတ်ပါတယ်။

တနင်္ဂနွေဟာ နက္ခတ်တစ်လုံးလုံးကို ကောဇာအရ လောင်ပြီဆိုတာနဲ့ ဖြစ်လာတတ်တဲ့ ဥပါဒ်ကြီးတွေလို ခုလိုအစဉ်လိုက်ချရေးကြည့်လို့ ရပါတယ်။

တနင်္ဂနွေအလောင်ခံရတဲ့ နက္ခတ်တစ်လုံးကို မူတည်ပြီး ကျန်တဲ့နက္ခတ်တွေကိုလည်း ကိုယ့်ဘာသာ တွက်ယူလို့ရပါတယ်။

အဲဒီကာလထဲမှာ နက္ခတ်(၂၆)လုံးဟာ ဥက္ကာပျံအကျခံရသလိုဖြစ်နေတယ်။ (၂၆) လုံးပိုင်တဲ့ သရအမည်တွေထဲမှာ ဒုံ၊ထ၊ဈ၊ ည ဆိုတာတွေပါတယ်။ ဝဇီရာဟာ လက်နက်ဘေးသင့်ခြင်း၊ ဥက္ကာလာက အန္တရာယ်ဆိုးကြုံရခြင်းဆိုတော့ အဲဒီအရေးအခင်းမှာ ထွန်းထွန်း ဆိုတဲ့အမည်ရှင် အန္တရာယ်ဆိုးကြုံပြီး ကွယ်လွန်ပါတယ်။ ဝဇီရာအမည်ရှင် စိုးစိုးခေါ် စိုးဝင်း (၂၉) လမ်း မျိုးသိန်း လျှပ်စစ်ဆိုင်ရှေ့မှာ လက်နက်ဘေးသင့်ပြီး ဆုံးပါတယ်။

ဒါပေမယ့် ပညာတွေ ဘယ်လောက်တတ်ထားထား တွက်မကြည့်မိရင်၊ ဆင်ခြင်မကြည့်မိရင်တော့ ကြိုမသိနိုင်ဘူးပေါ့ဗျာ။ သိနိုင်ရင်လည်း ဝိပါက်ပါလာခဲ့ရင် ရှောင်မရပေဘူးပေါ့။

ကြိုပြီးခန့်မှန်းရရင် စနေဂြိုဟ်ဟာ အောက်တိုဘာလကုန်အထိ နက္ခတ်လုံးရေ(၁၆)၊ (၁၇)စတဲ့ မြန်မာပြည်ရဲ့အရှေ့တောင်ဘက်ကိုမွှေနေတဲ့အတွက် အဲဒီဒေသတွေမှာ ရာသီဥတုဒဏ်၊ အင်းဆက်တိရစ္ဆာန်ဒဏ်နဲ့ မငြိမ်မသက်မှုတွေကြုံတွေ့နိုင်ပါကြောင်း။

သရောဒယခရီးသည်



www.burmeseclassic.com

www.burmeseclassic.com

[illegible]

| တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော် | သီတင်း | တန်ဆောင် | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| မြစ် | နား | လေ | ဆန် | အုတ် | ကန် | ရွာ | သား | မြစ် | နား | လေ | ဆန် |
| အုတ် | ကန် | ရွာ | သား | မြစ် | နား | လေ | ဆန် | အုတ် | ကန် | ရွာ | သား |
| မြစ် | နား | လေ | ဆန် | အုတ် | ကန် | ရွာ | သား | မြစ် | နား | လေ | ဆန် |

ဇယား(၁)

လက်ာအရ သုံးထပ်ကိန်းကို ဂဏန်းသွင်းချပုံ

| တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော် | သီတင်း | တန်ဆောင် | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၅ | ၀ | ၈ | ၃ | ၁ | ၂ | ၈ | ၆ | ၅ | ၀ | ၈ | ၃ |
| ၁ | ၂ | ၈ | ၆ | ၅ | ၀ | ၈ | ၃ | ၁ | ၂ | ၈ | ၆ |
| ၅ | ၀ | ၈ | ၃ | ၃ | ၂ | ၈ | ၆ | ၅ | ၀ | ၈ | ၃ |

ဇယား(၂)

မြန်မာလဆန်း(၁)ရက် နယုန်လ ကြာသပတေးနေ့ချပုံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |

ဇယား(၃)

မည်သည့်နေ့ရက်တွင် ရွာနိုင်သည်ကို ပြဆိုခြင်းပင် ဖြစ်ပါသည်။ (၁၂) လတွင် လစဉ် လအလိုက် လဆန်းတစ်ရက်နေ့ကိုပဲ သုံးထပ်ကိန်းချခြင်းဖြင့် သိရှိနိုင်သောနည်း ဖြစ်ပါသည်။

ဥပမာ နယုန်လတွင် နယုန်လဆန်း ၁ ရက်နေ့သည် ၂၉-၆-၂၀၁၄ ရက်၊ ကြာသပတေးနေ့ ဖြစ်ပါသည်။ ကြာသပတေးနေ့အရ အောက်တွင် ဖော်ပြထားသော ဇယား(၃) အတိုင်း နေ့ဂဏန်းအလိုက် သုံးထပ်ကိန်းချပြပါမည်။

၂၊ ၅၊ ၁ ကျသော သုံးထပ်ကိန်းမှာ ကြာပင်အိုင်၊

၆၊ ၂၊ ၅ ကျသော သုံးထပ်ကိန်းမှာ သူကောင်မျှော၊

၀၊ ၃၊ ၆ ကျသော သုံးထပ်ကိန်းမှာ တစ်စက်သွန်၊

၅၊ ၁၊ ၄ ကျသော သုံးထပ်ကိန်းမှာ ဖားအိုင်လူးတို့ ဖြစ်ပါသည်။

ဇယား (၃) အရ တနင်္လာနေ့မှ သောကြာနေ့ စနေနေ့နှင့် ကြာသပတေးနေ့များတွင် မိုးရွာသောနေ့များ ဖြစ်ပါသည်။ နယုန်လအရ မိုးရွာစေနိုင်သောနေ့ပေါင်းမှာ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္လာ၊ ကြာသပတေး၊ သောကြာနေ့နှင့် စနေ အပါအဝင် စုစုပေါင်း (၇) ရက် ရွာသွန်းနိုင်ပါသည်။ ကျန်မြန်မာလများ၏ လဆန်းတစ်ရက်မှစပြီး ဇယား (၃) ဥပမာအရ တစ်လအတွင်း မိုးရွာသွန်းမှုကို ရှာဖွေနိုင်ပါသည်။

နှစ်အလိုက် မိုးရွာသွန်းမှုတွင် နှစ်စဉ် နှစ်ဆန်းတစ်ရက်ကျရာနေ့ပေါ်မူတည်ပြီး မိုးရွာသွန်းမှု လအပိုင်းအခြားများကို ရှာဖွေနိုင်ပါသည်။ ဥပမာ - တနင်္ဂနွေနေ့ နှစ်ဆန်းတစ်ရက်ဖြစ်လျှင် **အုတ်၊ ကန်၊ ရွာ၊ သား၊ မြစ်၊ နား၊ လေ၊ ဆန်** ဆိုပြီး ဇယား (၁) ဥပမာအရ ရှာဖွေနိုင်ပါသည်။

ယခု မိုးလင်္ကာအရ မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစပြီး ရှာဖွေသော ဤလက်ဆန်းနည်းပညာရပ်ကို စာရေးသူ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က ရွှေလီမြစ်ကမ်းပါးဘေးက ဆိပ်သာမည်သောရွာမှ ဘကြီးကြူး၏လက်ရေးမူထဲကရရှိခဲ့ပါသည်။ စာဖတ်ပရိသတ်များ အလွယ်တကူ သိစေခြင်းအလို့ငှာ ရရှိသောလင်္ကာကို ဇယားပြု ရေးဆွဲပြီး တင်ပြလိုက်ရပါသည်။ သူတို့သူတို့ခေတ်အခါအရ မှန်ကန်ခဲ့ပါမည်။ ပြောင်းလဲခဲ့ပြီဖြစ်သော ယနေ့ တိုးတက်နေပြီဖြစ်သည့်ခေတ်၏ အနေအထားနှင့်မူ ပျော့ကွက်ဟာကွက်များရှိမည်အမှန် ဖြစ်ပါသည်။ ရှေးမြန်မာကြီးများ၏ပညာရပ်ကို မတိမ်ကောစေလို၍ ရေးသား တင်ပြလိုက်ရပါကြောင်း။

အာယုဝဍ္ဎနသုခံဗလံ

မောင်ဗဟိန်း(အင်းတော်)



www.burmeseclassic.com

www.burmeseclassic.com

### ကိုယ့်နာမည်ကိုယ်ပေးသည့် တိုက်လေယာဉ်မှူး

# လူဝင်စား မောင်အောင်မြတ်သူ

ရွှေချိုအောင်(ပေလီ)

စာရေးသူသည် သူရဋ္ဌမဂ္ဂဇင်းမှ ပေးပို့လိုက်သည့် မေတ္တာလက်ဆောင် စာအုပ်နှင့် စာမူခငွေထုတ်ယူရန် ပေလီ စာတိုက်သို့ အစဉ်အမြဲရောက်လေ့ရှိပါသည်။ ပေလီစာတိုက်ကို ဝင်ရောက်တိုင်း ပေလီလမ်းဆုံရှိ ကိုလှဝင်းနှင့် မခင်လေးကြူတို့အိမ်ရှေ့မှ အမြဲဖြတ်သန်းသွားရလေ့ရှိပါသည်။ ကိုလှဝင်းနှင့် ဇနီး မခင်လေးကြူတို့နှင့် စာရေးသူမှာ အလွန်ရင်းနှီးကြပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက စာရေးသူသည် ပေလီကမ်းခြေ မြပင်ရွာတောင်ပိုင်းရှိ ရွှေစင်ဖူး သင်္ကြန်အတာရေသဘင်အဖွဲ့ကို ဦးစီးခေါင်းဆောင်အနေဖြင့် ဆောင်ရွက်လုပ်ကိုင်ခဲ့ဖူးပါသည်။ ကာရာအိုကေ အသံချဲ့စက်နှင့်ဆောင်းဘောက်(စ်)များ ခေတ်စားလာသည့်အခါ ကိုလှဝင်းက ကိုယ်ပိုင်စက်ဝယ်၍ အလှူ မင်္ဂလာဆောင်ပွဲများကို အခစားစနစ်ဖြင့် လိုက်ပါ ဆောင်ရွက်လေ့ရှိပါသည်။ ကိုလှဝင်း၏ဇနီးမခင်လေးကြူက သတို့သမီးအလှဆင်ပညာရှင်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်တို့ သင်္ကြန်အဖွဲ့ကလည်း သင်္ကြန်ရက် ရေသဘင်ပွဲများတွင် ကိုလှဝင်း၏ အသံချဲ့စက်ကို နှစ်စဉ် ဦးအောင် ငှားရမ်းလေ့ရှိပါသည်။

ကျွန်တော်နှင့် မခင်လေးကြူတို့ ကြုံဆုံတိုင်း မခင်လေးကြူက သူ့သားငယ် လူဝင်စားကလေးအကြောင်း အမြဲ ပြောပြလေ့ရှိပါသည်။ ကိုလှဝင်းကို မေးကြည့်တော့လည်း ဟုတ်မှန်ကြောင်း ပြောပါသည်။ ကျွန်တော်တို့ လူကြီးများက သူ့အကြောင်းပြောဆိုနေသည့်အခါ လူဝင်စားကလေးက အမြဲစိတ်ဝင်စားစွာ နားထောင်နေလေ့ရှိပါသည်။ ထိုအကြောင်းအရာများကို သူကြားရပြီးနောက် မျက်နှာညှိုးငယ်သွားကာ သူ့မျက်နှာပေါ်တွင် အတိတ်ဆီမှ အရိပ်များ တရေးရေး ပြန်လည်မြင်ယောင်နေပုံနှင့် သူအလွန်ဝမ်းနည်းနေပုံရပါ



စာရေးသူနှင့် မောင်အောင်မြတ်သူ



မူလတန်းကျောင်းသားဘဝ ဆုယူနေစဉ်




အထက်တန်းဆင့်-ပန်းချီဆုရစဉ်



www.burmeseclassic.com

www.burmeseclassic.com



သတ္တမတန်းကျောင်းသား
မောင်အောင်မြတ်သူ




ဆိုင်ကယ်ပေါ်မှ အမှတ်တရပုံ



မွေးနေ့ပွဲအမှတ်တရ



ငယ်စဉ်က ဆိုင်ကယ်လေးစီးနေပုံ



ချစ်စရာအမူအရာဟန်ပန်နှင့်

သည်။ ကျွန်တော်က သူ့ဓာတ်ပုံများကို တောင်းတော့ မလိုလားသည့် အမူအရာများနှင့် ကျွန်တော့်ကို မယုံကြည်သလို အကြည့်များနှင့်ကြည့်ခြင်းကိုခံရလေ့ရှိပါသည်။ သူ့စိတ်မကောင်းဖြစ်မှာစိုး၍ စာရေးသူက မဂ္ဂဇင်းတွင် မတင်ပြဖြစ်ခဲ့ပါ။

၂၀၁၄ ခု၊ လွန်ခဲ့သည့် မတ်လ ၁၂ ရက်နေ့မှ ၂၂ ရက်နေ့ကာလများအတွင်း စာရေးသူ ပေလီအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ လက်ထောက် ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်ရပါသည်။ မတ်လ ၁၈ ရက်နေ့က ပေလီစာတိုက်မှအပြန်တွင် သူတို့အိမ်သို့ ခေတ္တဝင်ဖြစ်ပါသည်။ စာရေးသူက သူ့အကြောင်း သုရဿမဂ္ဂဇင်းတွင် ဆောင်းပါးရေးချင်သည်ဆိုတော့ သူက လိုလိုလားလား လက်ခံသည့်အပြင် စာရေးသူနှင့်ပါ ဓာတ်ပုံအတူရိုက်၍မှတ်တမ်းတင်ခဲ့ပါသည်။ မခင်လေးကြူက သူ့ငယ်ဘဝဓာတ်ပုံမှတ်တမ်းများကိုထုတ်ပေးပါသည်။ စာရေးသူကလည်း သုရဿမဂ္ဂဇင်းတွင် ရေးသားမည့်အကြောင်းကတိပေးခဲ့ပါသည်။

သားကလေးမှာ ဘဝဟောင်းက တိုက်လေယာဉ်မှူး ဗိုလ်မှူးတစ်ဦး ဖြစ်သည်ဟု သိရပါသည်။ တိုက်လေယာဉ်မှူးဟောင်း မောင်သက်စင်းနိုင် (ခ) မောင်အောင်မြတ်သူကလေးကို ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်၊ သောကြာနေ့တွင် မွေးဖွားခဲ့ခြင်း ဖြစ်သည်ဟု သိရှိရပါသည်။ မွေးဖွားစဉ်က မိဘများက မောင်သက်ဝင်းနိုင်ဟု အမည်မှည့်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း စကားကျေကျေလည်လည် ပြောတတ်သည့်အခါ သူ့အမည်မှာ မောင်သက်ဝင်းနိုင် မဟုတ်ကြောင်း၊ မောင်အောင်မြတ်သူသာ ဖြစ်ကြောင်း ပြောဆိုခဲ့လေသည်။ သူ့မိခင်က သူ့ကို မောင်သက်ဝင်းနိုင်လို့ အမည်ပေးထားသဖြင့် ဘာကြောင့် အောင်မြတ်သူ ဖြစ်ရမှာလဲဟု မေးသည့်အခါ -

“သားနာမည်က ဟိုတုန်းကပဲ မောင်အောင်မြတ်သူလို့ ပေးထားခဲ့တာပဲ”

ဟု ခိုင်ခိုင်မာမာ ပြောကြားခဲ့လေသည်။

(၅) နှစ်ပြည့်၍ ကျောင်းစထားသည့်အခါ၌လည်း မောင်သက်ဝင်းနိုင်နာမည်ကို လက်မခံဘဲ မောင်အောင်မြတ်သူ အမည်ဖြင့်သာ ကျောင်းအပ်ပေးခဲ့ရသည်ဟု မိခင်မခင်လေးကြူကပြောပြခဲ့ပါသည်။ လေယာဉ်မှူးဝင်စားသူလေးသည် အတိတ်ကနာမည်ကိုပင် မှတ်မိနေလေသည်။

မောင်သက်ဝင်းနိုင် (ခ) မောင်အောင်မြတ်သူလေးသည် အသက် (၄) နှစ်အရွယ်တွင် ထူးဆန်းသည့် သူ့ဘဝနောက်ကြောင်းများကို ပြောပြခဲ့လေသည်။ ထိုနေ့က ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ ဖြစ်ပါသည်။ မှတ်မှတ်ရရဆိုလျှင် အရှေ့တောင်အာရှတွင် ဆူနာမီရေလှိုင်းကြီးမတက်မီတစ်ရက်အလိုနေ့ ဖြစ်ပါသည်။

မောင်အောင်မြတ်သူလေးက သူ့အဖေ ကိုလှဝင်း အလုပ်မှ ပြန်လာချိန်ကို မျှော်နေသည့်အချိန် ဖြစ်ပါသည်။ ထိုအချိန်တွင် မောင်အောင်မြတ်သူကလေးက ကောင်းကင်ပေါ်သို့ အမှတ်တမဲ့ မော့ကြည့်လိုက်သည်။ အထက်ကောင်းကင်ယံတွင် မီးခိုးဖြူဖြူတန်းကြီးတန်းကာ ပေါ်ထွက်နေသည့် ဂျက်လေယာဉ်တစ်စီး ပျံသန်းလျက်ရှိလေသည်။ ထိုဂျက်လေယာဉ်ကို စိတ်ဝင်တစားကြည့်၍ မောင်အောင်မြတ်သူက သူ့မိခင်မခင်လေးကြူကို သူလည်း လေယာဉ်မောင်းတတ်ကြောင်း စပြောလာပါသည်။

သူ့မိခင်က -

“သား ဘယ်တုံးက မောင်းခဲ့တာလဲ”

ဟု မေးသည့်အခါ -

“ဟိုတုန်းကပေါ့။ သားက လေယာဉ်မှူး ဗိုလ်မှူးအောင်မြတ်သူလေ”

ဟု ပြောပြခဲ့ပါသည်။

သူ့မိခင် မခင်လေးကြူက ချော့မော့၍ မေးမြန်းသည့်အခါ စိတ်လိုလက်ရ သူ့ဘဝနောက်ကြောင်းကို ပြန်ပြောပြလေသည်။ သူပြောပြခဲ့သည်မှာ အရွယ်နှင့်မလိုက်အောင်ပင် အရာရာတတ်သိနားလည်စွာ တကယ့်လူကြီးဟန်ပန်နှင့် ယခင်အတိတ်ဘဝဟောင်းက ဇာတ်ကြောင်းကို လုံးစေ့ပတ်စေ့ပြန်ပြောနိုင်စွမ်းရှိသည်ကို အံ့ဩဖွယ် တွေ့ရှိရလေသည်။

မောင်အောင်မြတ်သူကလေးက သူ့အတိတ်ဘဝဟောင်းဇာတ်ကြောင်းကို ဤသို့ပြောပြလေ့ရှိသည်။

“သားတို့လေယာဉ်က စက်ခလုတ်ချွတ်ယွင်းပြီးပျက်ကျခဲ့ရတာ။ လေယာဉ်အောက်ကို ထိုးကျသွားတော့ နောက်က ပါလာတဲ့ သားရဲ့တပည့်က လေယာဉ်ထဲက သူ့အရင်ဆုံး လေယာဉ်အပြင်ဘက်ကို ထွက်ကျသွားတာ။ သားတပည့်က ကျောက်တုံးပေါ် ကျသွားပြီး ပွဲချင်းပြီးသေသွားခဲ့တာ။ လေယာဉ်ကလည်း ကျောက်ဆောင်နဲ့ရိုက်မိပြီး နှစ်ပိုင်းကျိုးသွားတာ။ နောက် သားလည်း စမ်းချောင်းရေထဲကို ထိုးကျသွားတာ။ သားက ခေါင်းမှာရတဲ့ဒဏ်ရာက သိပ်ပြင်းတာ။ အဲဒီဒဏ်ရာနဲ့ပဲ သားသေခဲ့ရတာ။ သား ဆေးရုံကိုရောက်တော့ ဆရာဝန်တွေက ရင်ဘတ်ကို အကြိမ်ကြိမ်ဖိပြီး အသက်ပြန်ရှူအောင် လုပ်ပေးကြတာ။ ဒါပေမယ့် သားက သေနေပြီဆိုတော့ ပါးစပ်ထဲကသွေးတွေပဲထွက်ကျလာတာ။ သားရဲ့မိန်းမနဲ့ သမီးတွေက သားရဲ့ရုပ်အလောင်းကိုကြည့်ပြီးတော့ ဝမ်းနည်းကြေကွဲစွာနဲ့ ငိုလိုက်ကြတာ”

မောင်အောင်မြတ်သူကလေးက ထိုသို့ပြန်လည်ပြောပြနေစဉ် သူ့မျက်နှာတွင် ဝမ်းနည်းကြေကွဲနေမှုများကို တွေ့မြင်နေရပြီး မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှံလာကာ မျက်ရည်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာသည်ဟု သူ့မိခင်က စာရေးသူကို ပြောပြပါသည်။ သနားစရာကောင်းသည့် ကလေးငယ်ပင် ဖြစ်သည်။

ထို့နောက် မေ့မေ့ပျောက်ပျောက်ရှိနေကြရာမှ မောင်အောင်မြတ်သူလေးမှာ မူလတန်းဆင့်အောင်မြင်ပြီးနောက် ပဥ္စမတန်းသို့ မရောက်မီ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလပိုင်းတွင် သူ့ဘဝဟောင်းအကြောင်းကို ပြန်ပြောပြပြန်လာလေသည်။ မိဘနှစ်ဦးစလုံး သူပြောပြသမျှကိုသာ စိတ်ဝင်စားစွာဖြင့် နားထောင်နေလေ့ရှိကြသည်။ မောင်အောင်မြတ်သူလေးက သူ့ဘဝ၊ သူ့မိသားစုအကြောင်းကို ဤသို့ ပြောပြခဲ့သည်ဟု သိရှိရပါသည်။

“သားကလေ ရန်ကုန်မြို့မှာနေတာ။ သားတို့အိမ်က ခုလိုအိမ်လေး မဟုတ်ဘူး။ တိုက်အိမ်ကြီးပေါ့။ သားတို့အိမ်နားမှာ မင်းအိမ်ကြီးရှိတယ်လေ။ သားမိန်းမက ရတနာကုန်သည်ပေါ့။ ကျောက်မျက်ရတနာတွေ အရောင်းအဝယ်လုပ်တယ်လေ။ သားမှာ သမီး(၂) ယောက်ရှိတယ်။ သမီးအငယ်မက မွေးရာပါ နှလုံးရောဂါအခံရှိတယ်။ သားရဲ့အရင်အဖေက သားထက် ရာထူးပိုကြီးတယ်။ ဖေဖေက သူလိုဖြစ်အောင် အမြဲကြိုးစားဖို့ သွန်သင်လေ့ရှိခဲ့တယ်။ ဒါပေမယ့် သားမှာ ဖေဖေ့လိုဖြစ်ခွင့်မရခဲ့ရှာဘူး။ လက်ရှိဘဝ ဖေဖေတို့အရွယ်လောက်မှာပဲ သားကသေဆုံးခဲ့ရတာ။ သားက သမီးအငယ်ဆုံးကိုသိပ်ချစ်တာ။ သူက နှလုံးရောဂါသမားလေ။ ဒါကြောင့် သားအလုပ်ကပြန်လာတိုင်း သူ့ဖို့ ကစားစရာအရုပ်လှလှလေးတွေဝယ်ပေးရလေ့ရှိတာ။ ရှေ့တန်းထွက်ခါနီး သားရဲ့ဇနီးကို လက်ဆောင်ပေးခဲ့တယ်။ သားရဲ့ တပည့်တွေကို သားမရှိတုန်း သားရဲ့ မိသားစုကို စောင့်ရှောက်ပေးဖို့ အမြဲမှာလေ့ရှိတာ။ သားသူငယ်ချင်းတစ်ယောက် ရဟတ်ယာဉ်လေယာဉ်ပျက်ကျလို့ဆုံးသွားတော့ သွားကြည့်ရသေးတယ်။ သမီးအကြီးက ဘွဲ့ရပြီးပြီ။ ကျောင်းပြီးတော့ သူ့အမေနဲ့ အတူတူ ရတနာရွှေဆိုင်မှာ ကူလုပ်ပေးနေတယ်။ သားလေယာဉ်ပျက်ကျတဲ့နှစ်မှာ သမီးအငယ်မက ကိုးတန်းကျောင်းသူပေါ့”

ဟု ပြောပြလေသည်။

မောင်အောင်မြတ်သူလေးသည် ငယ်စဉ်ကပင် ပန်းချီဝါသနာကို အထူးစိတ်ဝင်စားခဲ့သည်။ ကလေးတို့သဘာဝ သူပုံဆွဲသည့်အခါ တိုက်လေယာဉ်ပုံ၊ စစ်သားပုံ၊ သေနတ်ပုံ၊ တိုက်အိမ်လေးပုံနှင့် မန်းခြံထဲတွင် ဒန်းဆင်ထားပုံ၊ ကားထားသည့်ဂိုဒေါင်ပုံ စသည်တို့ကို အလေးထားရေးဆွဲလေ့ရှိသည်ဟု သိရပါသည်။ သူငယ်ချင်းများနှင့် ကစားလျှင်ပင် စစ်တိုက်တမ်း အမြဲကစားလေ့ရှိပါသည်။ ငယ်စဉ် စကားပြောတတ်စအရွယ်တွင် စောင်ကဲ့သို့သော ရှည်လျားသည့်အဝတ်အထည်များ အဝတ်တန်းများတွင် လှန်းထားစဉ် အဝတ်စများလေတိုက်၍ လွင့်



www.burmeseclassic.com

www.burmeseclassic.com

## ဥက္ကာမြင့်(တောင်တွင်းကြီး)
# အဖုအကျိတ်လွယ်လင့်တကူပျောက်ဆေး

သွေးစုနာ၊ ကိန္နရာနာ၊ မွေးကျွတ်နာ၊ အနာပေါက်နာ စသဖြင့် အဖုအကျိတ်တို့ကိုဖြစ်စေသော အနာအမျိုးမျိုးရှိပါသည်။ ကုသသည့် ဆေးမြီးတိုပေါင်းများစွာရှိကြသော်လည်း ရောဂါဖြစ်သူတိုင်း ပျောက်ကင်းသည်ဟူ၍ မရှိကြပါ။ အနာနှင့်ဆေးတိုက်ဆိုင်၍ ပျောက်ကင်းကြသူများလည်းရှိပါသည်။ ၎င်းအဖုအကျိတ်အနာများကို လွယ်ကူသက်သာစွာဖြင့် နုလျှင်ပိန်၊ ရင့်လျှင်ပေါက် လျင်မြန်စွာလက်တွေ့ ပျောက်စေသော ဆေးနည်းလေးကို မျှဝေတင်ပြပေးလိုက်ပါသည်။

စာရေးသူကိုယ်တိုင် ဘယ်ဘက်ချိုင်းအောက်၌ ကွမ်းသီးလုံးခန့် အကျိတ်အခဲဖြစ်လာပြီး လက်မောင်းမှာ အောက်ချမရတော့ဘဲ လက်ကိုမြှောက်ထား၊ ခါးထောက်၍ထားရပါသည်။ ကိန္နရာနာဖြစ်ပါသည်။ မိတ်ဆွေများက ဆေးနည်းအမျိုးမျိုးပေးကြပါသည်။ ၎င်းတို့ပေးသောဆေးနည်းအတိုင်း ဆေးအမည်များကိုရှာ၍ကုပေမယ့် ကျွန်တော်၏အကျိတ်အဖုကတော့ လျော့မသွားဘဲ နီပြီးပိုကြီးလာပါသည်။

အနာကြောင့် စိတ်ပျက်နေချိန်မှာ လက်ဖက်ရည်ဆိုင်အတူထိုင်ဖြစ်ကြတဲ့ မိတ်ဆွေကြီးက အနီးမှာရှိတဲ့ ဘယဆေးဆိုင်မှာ ပန်းဥ (ဂမုန်းပန်းဥ) တစ်လုံးနှင့် ရှိန်းခိုအနည်းငယ်ဝယ်ခိုင်းပါသည်။ ပြီးလျှင် အိမ်အနီးမှာရှိသော မြန်မာကုက္ကို (အပွင့်မှာ အဝါပွင့်၍ အသီးမှာ ပြားချပ်ချပ်ဖြစ်ပြီး အရွက်နုကို ပြုတ်၍သုပ်စားရပါသည်။) ပင်က အခေါက်ကို အနည်းငယ်ခွာယူရပါသည်။ ၎င်းကုက္ကိုခေါက်၊ ပန်းဥနှင့် ရှိန်းခိုကို ပျစ်ပျစ်သွေး၍ သုံးမျိုးပေါင်းစပ်ပြီး အဖုအကျိတ်ကို တစ်နေ့သုံး၊ လေးကြိမ်လိမ်းပေးလိုက်ရာ ချိုင်းအောက်က အနာအကျိတ်အဖုကြီးမှာ သုံးရက်အတွင်း လုံးဝပျောက်သွားပါသည်။

မွေးကျွတ်နာနှင့် သွေးစုနာများကတော့ နှစ်ရက်မျှ လိမ်းပေးရုံနှင့် နုပိန်ရင့်ပေါက်ပျောက်ပါသည်။ ငွေကုန်ကြေးကျသက်သာပြီး ဘယဆေးဆိုင်များတွင် လွယ်လင့်တကူ ဝယ်ယူ၍ရနိုင်တဲ့ဆေးအမည်များ ဖြစ်ပါသည်။ အမျိုးသမီးများ ပန်းဥကို သနပ်ခါးနှင့်ရောသွေးပြီး လိမ်းပေးလျှင် အသားအရေစိုပြည်လှပပြီး ဝက်ခြံ၊ တင်းတိပ်များကိုလည်း ပျောက်စေပါသည်။

ဆေးနည်းကိုပေးခဲ့သော ကျေးဇူးရှင် ဆရာကြီးဦးမြသောင်း (နတ်ခမ်းမွေးကြီး) အား ဤစာစုဖြင့် ဂါရဝပြုလိုက်ပါသည်။

ဥက္ကာမြင့်(တောင်တွင်း)

ပါနေသည်ကို မြင်တွေ့ပါက ငိုယို၍ အဝတ်စများကို အတင်းဆွဲချလေ့ရှိသည်။ လေယာဉ်အသံကိုကြားတိုင်း မောင်အောင်မြတ်သူကလေးမှာ အိမ်ရှေ့သို့အမြဲထွက်ကြည့်လေ့ရှိတတ်သည်။ အိမ်ရှေ့လမ်းဆုံတွင် ပါဂျဲရိုးကားတွေ ရပ်တန့်ထားတိုင်း -

"သားသားကို လာခေါ်တာနေကြမှာပါ"

ဟု အမြဲပြောလေ့ ရှိပါသည်။

သူ့မိခင် မခင်လေးကြူက -

"သားသားက မေမေတို့ဆီမှာ အဝေးကြီးကနေလာပြီး ဘယ်လိုဝင်စားတာလဲ"

ဟု မေးသည့်အခါ -

"သားက လေယာဉ်ပျက်ကျလို့သေတော့ ကိုယ့်ခန္ဓာကို ကိုယ်မြင်ရတာပေါ့။ သားတပည့်ရောသားပါ လေယာဉ်ပျက်ကျကတည်းက ဆောင့်တိုက်ခံရပြီး သေကြတာလေ။ လေယာဉ်က စမ်းချောင်းထဲကိုပျက်ကျတာ ကျောက်ဆောင်နဲ့တိုက်မိပြီးနှစ်ပိုင်းကျိုးသွားတာ။ ဆေးရုံရောက်လို့ ဆရာဝန်တွေက အသက်ပြန်ရှင်အောင်ကြိုးစားကြလည်း မရတော့ဘူးလေ။ သားဝိညာဉ်က သားရဲ့အလောင်းကိုကြည့်ပြီး ဖနီးနဲ့ သမီးတွေက ငိုနေတာမြင်ရတယ်လေ။ သားရဲ့မိသားစုတွေက အလှူလုပ်တော့ သားက ခြံဝကနေပြီးတော့ အမျှဝေတိုင်း သာဓုလိုက်ခေါ်နေခဲ့တာ။သားက အရင်ဘဝက အလှူအတန်းကို မပြတ်လုပ်ခဲ့တာ။ သားရောက်တဲ့နေရာက ဆင်းရဲသားရွာသားတွေကို အမြဲကူညီထောက်ပံ့လှူဒါန်းပေးခဲ့တာ။ အဲဒီအကျိုးဆက်ကြောင့် လူ့ဘဝကိုပြန်ရခဲ့တာလို့ သားထင်တယ်။ အလှူပြီးတဲ့နောက် အိမ်ထဲကို သားဝင်လို့မရဘူး။ ဒါကြောင့် ပန်းခြံထဲက ဒန်းကလေးပေါ်မှာ အမြဲနေခဲ့ရတာ။ သားက သူတို့တွေကို မြင်တွေ့နေရပေမယ့် သူတို့ကမှ သားကိုမမြင်နိုင်ကြတာ။ နောက်တော့ ခြေဦးတည့်ရာသွားရင်း အစွယ်ရှိတဲ့အကောင်ကြီးတွေရဲ့ အုပ်ချုပ်မှုအောက်မှာ နှစ်အတော်ကြာနေခဲ့ရတာ။ နောက်တော့ နေမကောင်းချင်သလိုလိုဖြစ်နေပြီးမေ့သွားတော့တာ။ သားသတိရတော့ ခရီးသည်လေယာဉ်တစ်စီးပေါ်ကို ရောက်နေတော့တယ်။ လေယာဉ်က ပင်လယ်နားကမ်းခြေက ကွင်းမှာဆင်းခဲ့တာ။ သားလည်း ယောင်လည်လည်ဖြစ်နေတုန်း မေမေတို့ ဖေဖေတို့က ကွင်းတစ်ဖက်က ဆိုင်ကယ်စီးပြီး လာကြတာ။ ဒီအဒေါ်ကြီးက စိတ်သဘောကောင်းမယ့်ပုံပဲလို့တွေးပြီး သားက လိုက်လာခဲ့တာပဲ"

မောင်အောင်မြတ်သူလေး ကိုယ်ဝန်ရှိသည့်အချိန်တွင် စီးပွားရေးလုပ်ငန်းအောင်မြင်တိုးတက်ခဲ့သည်ဟု မခင်လေးကြူက ဆိုပါသည်။ မခင်လေးကြူဆရာက ဒီကလေးကြောင့် စီးပွားတက်လာမည်။ မထိန်းနိုင်လျှင် ယိုင်သွားလိမ့်မည်ဟု မှာကြားခဲ့ဖူးသည်။

မောင်အောင်မြတ်သူ (၇)နှစ်သားအရွယ်တွင် ရန်ကုန်မြို့ ကျောက်တော်ကြီးဘုရားသို့ ဘုရားဖူးရောက်ခဲ့ကြသည်။ ဘုရားရင်ပြင်ပေါ်မှ တိုက်လေယာဉ်များ ပျံသန်းနေပုံကြည့်ပြီး သူတို့မောင်းခဲ့စဉ်ခေတ်က လေယာဉ်ကြီးတွေခုလို သေးသေးလေးတွေမဟုတ်ဘူးဟု ပြောပြပါသည်။ လိုင်းကားစီး၍ မင်္ဂလာဒုံဘက်ရောက်သည့်အခါ သူက -

"ဟိုတုန်းက ဒီနေရာတွေက သားတို့ ကင်းပုန်းချခဲ့တဲ့နေရာပေါ့။ ခုတော့ အဆောက်အအုံတွေနဲ့ ပြည့်ကုန်ကြပြီ"

ဟု ပြောလေသည်။

ရန်ကုန်ကို တစ်ခါမှမရောက်ဘူးသေးဘဲနှင့် တကယ့်ရန်ကုန်သားကြီးသဖွယ် ရန်ကုန်အကြောင်းကိုပြန်ပြောင်းပြောပြနိုင်သည့် မောင်အောင်မြတ်သူလေးကတော့ဖြင့် စာရေးသူတို့ သာမန်လူများထက်များစွာ သာလွန်ပေသည်ဟု ဆိုချင်ပါတော့သည်။

ရွှေချိုအောင် (ပေလီ)



www.burmeseclassic.com

www.burmeseclassic.com

# ဝေယံလင်းခေါင်

## နတ်လူပျိုလှည့်သွားတာ



နတ်လူပျိုလှည့်သွားခြင်းကို မဖော်ပြမီ ကျွန်တော်တို့ဆီက လူပျိုကာလသားတို့၏ လူပျိုလှည့်သွားခြင်းကို အရင်ဖော်ပြမှ ပြည့်စုံမည်ဟု ထင်၏။

ကျွန်တော်တို့အရပ်တွင် လူပျို၊ အပျိုများကို ဂါမပညတ်ချက်အရ အသိအမှတ်ပြုသောပွဲရှိ၏။ ထိုပွဲမှာ သင်္ကြန်မကျမီ သို့မဟုတ် သင်္ကြန်လွန်ပြီးရက်မကြာမီ အပျို၊ လူပျိုများစုပြီး ရွာရှိဘုန်းတော်ကြီးကို ကန်တော့ကြသော အစဉ်အလာရှိ၏။ ထိုပွဲတွင် ရွာမှမည်သူ့သား၊ မည်သူ့သမီးများ အပျို၊ လူပျိုဖြစ်ကြောင်း ကာလသားအကြီးအကဲက ဖော်ထုတ် ကြေညာရ၏။ သို့မှသာ ရွာရှိအရွယ်ရောက်သူ ကာလသား၊ ကာလသမီးများကို အပျို၊ လူပျိုအဖြစ် တစ်ရွာလုံးရှိလူများက အသိအမှတ်ပြုကြ၏။

အပျို၊ လူပျိုအဖြစ် အသိအမှတ်ပြုကြမည့်သူများကိုလည်း ထိုပွဲသို့ ဖိတ်ကြားထားသဖြင့် ထိုနေ့မှစ၍ သူတို့သူတို့သည် ငါအပျိုဖြစ်ပြီ၊ လူပျိုဖြစ်ပြီဟု ခံယူကြရ၏။ သူတို့သူတို့သည် နောက်၌ ဆရာကန်တော့ပွဲကို မဖြစ်မနေ တက်ရောက်ကြရမည်ဖြစ်သလို အပျိုစရိတ်၊ လူပျိုစရိတ်လည်းပေးဆောင်ကြရသည်။ ထိုလူပျို၊ အပျိုစရိတ်ငွေကြေးကို ဆရာကန်တော့ပွဲနှင့် ကျောင်းတွင် လိုအပ်သော ပန်းကန်ခွက်ယောက်များ၊ ရွာတစ်ရွာ၏ မရှိမဖြစ် ဗုံ၊ နှဲ၊ ကြေးနောင်၊ လင်းကွင်း၊ ပတ္တလား စသည့် တူရိယာပစ္စည်းများကိုလည်း လိုအပ်သည့်အခါ လိုအပ်သလို အပျို၊ လူပျိုတို့၏ကောက်ခံထားသောငွေနှင့် ဝယ်ရသည်။

ရွာတွင် ရှင်ပြု၊ ပဒ္ဒင်းခံရှိလျှင် အပျို၊ လူပျိုတို့၏ တာဝန်မှာ ထင်းခွေ၊ ရေခပ်တာဝန်ဖြစ်သည်။ အပျို၊ လူပျိုတို့မှာ သာရေးကိစ္စ၌သာ တာဝန်ရှိကြပြီး နာရေးနှင့်ပတ်သက်၍မူကား ရွာသူရွာသား အိမ်ထောင်သည်များ၏ တာဝန်သာ ဖြစ်သည်။

လူပျိုတို့အခွင့်အရေးမှာ အကာလညအချိန်တွင် အဒေါ်သားချင်းမောင်နှမတော်စပ်သူတွေကလွဲလျှင် မည်သည့်အပျိုအိမ်အောက်ကိုမဆို လူပျိုလှည့်ရန်သွားရောက်နိုင်၏။ အပျိုများကလည်း အပျိုအဖြစ် အသိအမှတ်ပြုခဲ့ရသောနေ့မှစ၍ မိဘနှင့်ခွဲအိပ်ရသည်။ သူ့ကိုကြိုက်နေသောလူပျိုသည် ညကျလျှင် သူ့အိမ်အောက်ကို ရောက်လာပြီး ကြမ်းခင်း (သို့) ထရံကိုပုတ်ပြီး အချက်ပေးနိုးသည်။ အချို့အိမ်ကြီးရခိုင် ခြေတံရှည်အိမ်၌ရှိသော အပျိုကိုမူ သူ့အိမ်အောက်တွင်ရှိသော လက်ထောင်းဆုံ (သို့) နောက်တစ်အိမ်အိမ်မှ ဆုံကိုသွားလိုမ့်လာပြီး ထိုဆုံပေါ်ကတက်ကာ သူကြိုက်နေသော အပျိုကို တိုးတိုးသာသာခေါ်နှိုးရ၏။

သူမကြိုက်မနှစ်သက်သော လူပျို မှန်းသိလျှင် အပျိုက အိပ်ပျော်ယောင်ဆောင်နေတတ်၏။ ထိုအခါ လူပျိုလှည့်လာသော လူပျိုကလည်း အထ

www.burmeseclassic.com

အခါခါ အပျိုကိုခေါ်နှိုးရသည်။ အိမ်ပေါ်ရှိ မိဘမောင်ဘွားတို့ကမူ သူတို့အိမ်အောက်ကို လူပျိုလှည့်ရန် (သို့) သူတို့၏ သမီး၊ အစ်မ၊ ညီမများကို ရည်းစားစကားပြောရန် လူပျိုတစ်ဦးတစ်ယောက်ရောက်နေသည်ကိုသိသော်လည်း ဂါမပညတ်အရ မသိကျိုးကျွန်ပြုနေကြရ၏။

ကိုလူပျိုက အပျိုမကို အကြိမ်ကြိမ်ခေါ်နှိုးသော်လည်း အိပ်ချင်ယောင်ဆောင်နေ၍ သူ့ကိုမကြိုက်မှန်းသိသော အခါ လက်လျှော့ပြန်သွားသူများရှိသလို အချို့ကလည်း ဇွဲကောင်းကောင်းနှင့် တစ်ရက်မက နှစ်ရက်မက သူ့ကိုကြိုက်၍ ညစဉ်လိုလို လူပျိုလာလှည့်နေသော လုလင်မျိုးအား 'ဩော် - သူ့ငါ့ကိုကြိုက်လို့ နေ့စဉ် ခြင်ကိုက်ခံ၊ မှတ်ကိုက်ခံကာ လာနေပါလား' ဆိုပြီး သနားကာ စကားပြောလက်ခံရာမှ ကြိုက်သွားကြသည်လည်းရှိ၏။

ထိုသို့ တစ်ဦးနှင့်တစ်ဦးချစ်ကြိုက်သွားကြပြီဆိုလျှင် လူပျိုက ထိုအပျို၏ အိပ်ရာအောက်တွင် လက်တစ်နိုက်ဝင်ဆံ့ရုံအပေါက်တစ်ပေါက်ဖောက်ရသည်။ တောရွာတို့၏ ထုံးစံအတိုင်း လူပျိုတိုင်းတွင် ခါး၌ ဓားမြှောင်တစ်လက်ပါတတ်လေရာ ထိုဓားမြှောင်နှင့် ကြမ်းခင်းဆိုလျှင် ကြမ်းကွပ်ကိုဖြတ်မည်။ ဖျဉ်ဆိုလျှင်လည်း ဖျဉ်ကို ဓားမြှောင်နှင့်လှီးထိုး၍ လက်နှိုက်ရန်အပေါက်တစ်ပေါက်ဖောက်တော့၏။ ထိုအပေါက်ဖောက်ပြီးသွားလျှင်တော့ နောက်နေ့နောက်နေ့တွေမှာ ထိုအပေါက်မှ လက်နှိုက်၍ ချစ်သူအပျိုကို ခေါ်နှိုးမည်။ လူပျိုက ထိုသို့အပေါက်မှ လက်နှိုက်၍ခေါ်သည်ကို အပေါက်နှိုက်သည်ဟု ခေါ်ကြ၏။

ထိုသို့ အပေါက်နှိုက်ရသူများကို လူပျိုအချင်းချင်းကလည်း 'မင်း အဲဒီကောင်မလေးကို အပေါက်နှိုက်ရပြီလား' ဟု မေးတတ်ကြသည်။ လူပျိုအချင်းချင်းကား မည်သူသည် မည်သည့်အပိုင်းက မည်သည့်ကောင်မလေးဆီ ညတိုင်းသွားနေသည်ကို သိကြ၏။ ထိုအပေါက်ကို မိန်းမပျိုလေးက မိဘမောင်ဘွားမသိအောင် နေ့ခင်းနေ့လယ်တွင် ဖျာ၊ ဆန်တောင်း၊ စည်တို့နှင့် ဖုံးထားတတ်ကြ၏။ ည ချစ်သူလာမှ ထိုအပေါက်ကိုဖွင့်ပေးတတ်သည်။ သူ့ရည်းစားချစ်သူကလည်း ဤသည်ကို အထာပေါက်၏။ သူ့ချစ်သူ အိမ် ခြေတံရှည်မြင့်နေ၍ ဆုံတစ်ဆုံကို တခြားအိမ်က သွားယူရလျှင် ချစ်သူနှင့် စကားပြောပြီးသည်နှင့် ထိုဆုံကို မူလအိမ်သို့ ပြန်ပို့ခဲ့ရ၏။ ထိုသို့မပို့လျှင် ညတဆုံပျောက်သွားသူ ဆုံရှင်က ဆုံလိုက်ရှာ၍ ထိုအိမ်အောက်တွင် သူတို့ဆုံကိုတွေ့၍ လာယူရလျှင် မိဘမောင်ဘွားများ အရှက်ရပြီး သမီး၊ အစ်မ၊ နှမများကို ဆဲဆိုရိုက်နှက်တတ်သည်။ ချစ်သူမည်သူဖြစ်သည်၊ မည်သူ့သားဖြစ်သည်ကိုလည်း အမေဖြစ်သူက ချော့မော့၍လည်းကောင်း၊ ခြိမ်းခြောက်၍ လည်းကောင်း သူတစ်ထူးဆီ စုံစမ်း၍ လည်းကောင်း မေးစစ်လေတော့၏။ မိဘကသဘောတူ၍ မပေးစားမီ ကျူးကျူးလွန်လွန်မဖြစ်ကြရန်ဆုံးမမည်။ နောက်တော့ ပေးစားကြမည်။

တချို့လူပျိုများမှာ အပေါက်နှိုက်ရပြီးမှ လမ်းခွဲသွားကြတာလည်း ရှိ၏။ မိဘကြောင့် လည်းကောင်း၊ မိမိတို့ချင်းသဘောထား မတိုက်ဆိုင်ကြ၍ လည်းကောင်း အကြောင်းတစ်ခုခုကြောင့်ထိုသို့ဖြစ်ကြလျှင် ထိုအခါမှ ထိုအပျိုဆီကိုနောက်ကြိုက်နေသူ လူပျိုတစ်ယောက်က လူပျိုသွားလှည့်မည်။ လူပျိုကာလသားအချင်းချင်းတို့ကလည်း သစ္စာရှိကြ၏။ အပေါက်နှိုက်ထားရသူ အပျိုတစ်ယောက်ဆီကို သူတို့နှစ်ယောက် လမ်းမခွဲမချင်း နောက်လူပျိုက ထိုအပျိုဆီကို မသွားပေ။

လူပျိုကာလသားများသည် ညဆိုလျှင် တစ်ရွာလုံးကို အစိုးရသူများ ဖြစ်သည်။ ကြက်ပျောက်၊ ငှက်ပျောက်ကာစ၍ သူခိုး၊ ဓားပြ စသည့် ရွာအန္တရာယ်ကိုလည်း သူတို့ကကာကွယ်ကြ၏။ အကာလညအချိန်တွင် ရွာထဲ၌ လူစိမ်းသူစိမ်းတစ်ယောက်ယောက်ကို တွေ့ရှိလျှင် လူပျိုကာလသားတို့က စစ်ဆေးမေးမြန်းရှင်





www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။

သူခိုး၊ ဓားပြများရန်ကိုသာ ကာကွယ်ကြရသည် မဟုတ်။ အိမ်ထောင်သည် သားမယားရှိသူတစ်ဦးဦးသည် နောက်အပျိုတစ်ယောက်အား အငယ်အနှောင်းထားချင်သဖြင့် အပျိုတစ်ယောက်ဆီကို ညညသွားလာနေသော ထိုသူကိုလည်း လူပျိုများက ဂါမပညတ်အရ လက်ပူးလက်ကြပ် ဝိုင်းဖမ်း၍ အပြစ်ပေးတတ်ကြ၏။ ထိုအဖြစ်အပျက်မျိုးကား ဖြစ်တောင့်ဖြစ်ခဲ၏။ အိမ်ထောင် (မင်းကျွန်) သာ မဟုတ်။ အချို့လူပျို၊ အပျိုများလည်း ကျူးကျူးလွန်လွန်ဖြစ်ကြပြီး အကြောင်းအမျိုးမျိုးကြောင့် ထိုအပျိုကို လက်ထပ်ယူရန် လူပျိုက ငြင်းဆန်နေပါက ထိုအပျိုတွင်ရှိသောကိုယ်ဝန်သည် ထိုလူပျိုနှင့်အမှန်ဖြစ်ကြောင်းကို လူပျိုတို့က အသိသက်သေခံကြရ၏။ အဘယ်ကြောင့်ဆိုသော် ယခု ငြင်းကွယ်နေသူမှာ ထိုအပျိုနှင့် အပေါက်နှိုက်ခဲ့ကြသည်အထိ လူပျိုများကသိနေကြခြင်းကြောင်း ဖြစ်သည်။ ထိုအခါ ထိုလူပျိုသည် သူနှင့်ကိုယ်ဝန်ရှိနေသော ထိုအပျိုကို မယူမနေရ ရွာလူကြီးတွက ဂါမပညတ်အရ လက်ထပ်ပေးကြရသည်။ ထိုသို့ လက်ထပ်ပေးသောအခါမှာလည်း မိမိ၏ ဇနီးဖြစ်သူကို မညှဉ်းပန်းမနှိပ်စက်ပါဟု ဝန်ခံကတိပြုရသည်။

ထို့ကြောင့်လည်း မိမိတို့အရပ်တွင် အပျို၊ လူပျိုချင်းသော် လည်းကောင်း၊ ဒေသအခေါ် မင်းကျွန် ဆိုသူများသည် လည်းကောင်း သူတစ်ပါးသားမယားနှင့် ဖောက်ပြန်ခြင်းမရှိသလောက်ရှားခြင်း ဖြစ်၏။ သူတို့၏ ဂါမပညတ်သည် အစဉ်အလာအရ ခိုင်မာပြီးသား ဖြစ်သည်။ ဤသည်မှာ ရပ်ရွာ၏ ဥပဒေပင်။

ယခု နတ်လူပျိုလှည့်ခြင်းကို ဆက်ရသော် -

◆

ကျွန်တော်တို့ ယာတောင်ရွာနှင့် အရှေ့ဘက်ရွာ နှစ်ရွာကြားတွင် ကုန်ပေါင်ကွင်းပြင်တစ်ပြင်ရှိသည်။ ထိုကွင်းပြင်၏ တောင်ဘက်တွင် ရွာဘုန်းကြီးကျောင်းရှိ၏။

ဘုန်းကြီးကျောင်းတပ်စည်းနှင့် ကပ်လျက်တွင် ဥပုသ်သည်မတို့၏ဇရပ်ရှိသည်။ ထိုဇရပ်တွင် လူပျိုများစုကြ၏။ ညကျလျှင် ချစ်သူရှိကြသူများသည် ထိုဇရပ်မှ မိမိတို့ချစ်သူများဆီ သီချင်းဆို၍၊ ပလွေကျူး၍ အသိပေး၊ အသံပေးတတ်ကြသည်။ ညသက်ကြီးခေါင်းချချိန်ရောက်လျှင် အပေါက်ရပြီးသူများက အပေါက်နှိုက်ရန်၊ ချစ်တင်းနှောကြရန်လာမည်ဟူသော သင်္ကေတ။ လူပျိုများသည် အပေါက်နှိုက်ရန်၊ လူပျိုလှည့်ရန် အလျှိုအလျှိုထွက်သွားကြသည်။

ယာတောင်ရွာသား မောင်စံညွန့်သည် ချစ်သူဆီသွားရန်အချိန်ကိုစောင့်ရင်း ဇရပ်ပေါ်တွင် အိပ်ပျော်သွား၏။ သူနိုးလာသောအခါ ဇရပ်ပေါ်တွင် လူပျိုဆို၍ တစ်ယောက်မှမရှိတော့။ အားလုံး အလျှိုလျှို အပျိုတွေအိမ်အောက်ကို ရောက်သွားကြပြီ။

မောင်စံညွန့်သည် ကမန်းကတန်းထ၏။ သူချစ်သူဆီသွားမည်ဟု ခြေတစ်လှမ်းပင်မလှမ်းရသေး။ သူ့နားထဲ ချူသံတလွင်လွင်ကို ကြားလိုက်မိ၏။ ထို့ကြောင့် ညညတစ်ခါမှမကြားဘူးသော ချူသံကို သူနားစွင့်နေ၏။ ကြားစကမူ ရွာသားတစ်ယောက်ယောက်၏နွားများ ညကြီးသန်းခေါင်လွတ်လာတာများလားဟု တွေး၏။ သို့သော် သူတို့ဆီတွင် နွားများကို ချူဆွဲလေ့မရှိကြ။ သူတို့လက်ဖြစ် သစ်သားခလောက်များကိုသာ ဆွဲကြလေ့ရှိ၏။ ပြီးတော့ နွားများကို ညဘက်ခလောက်ဆွဲထားလေ့မရှိကြ။

ထို့ကြောင့် မောင်စံညွန့် နားစွင့်နေသည်။ ချူသံသည် တဖြည်းဖြည်းနီးလာ၏။ မောင်စံညွန့်ကလည်း ချူသံကြားရာဘက် စိုက်ကြည့်နေသည်။ ချူသံမှာ အရှေ့ဘက် ရွာပြင်လမ်းအတိုင်း သူရှိနေသော ကျောင်းနားရှိ ဇရပ်ဘက်နီးလာသည်။ ဘယ်လိုပါလိမ့်ဟုသူဆက်ကြည့်နေစဉ် အဝတ်အဆင်ပြောင်ပြောင်ရောင်ရောင်နှင့် ပုဂ္ဂိုလ်တစ်ဦးသည် မြင်းဖြူကြီးစီးပြီး အရှေ့ဘက် ရွာပြင်လမ်းအတိုင်း သူရှိနေရာ ဇရပ်နားလမ်းပေါ် ရောက်လာ၏။

ထိုလမ်းမှာ ချောင်းဝရွာသူရွာသားများ မင်းပြင်ရွာဘက်ကိုသွားလာလေ့ရှိကြသောလမ်းပင် ဖြစ်သည်။ ဇရပ်ရှေ့လမ်းပေါ် ရောက်လာသော ထိုမြင်းဖြူရှင်သည် သူတို့ယာတောင်ရွာကိုလည်း မဝင်ဘဲ ပင်လယ်နားဆင်းသော လမ်းအတိုင်း ပင်လယ်နားဘက်ဆင်းသွားသည်။

မောင်စံညွန့်မှာ လူပျိုဖော်ဝင်ကတည်းက ဤဇရပ်တွင် ညတိုင်းအိပ်လာ၊ အပျိုလှည့်လာသည်မှာ ငါးနှစ်၊ ခြောက်နှစ်ရှိပြီ။ တစ်ညမှ ဤလိုမြင်းဖြူရှင်ကို မမြင်ဘူး၊ မတွေ့ဘူး။ ဤညမှ ထူးထူးဆန်းဆန်း တွေ့ရ၊ မြင်ရသည်ကို အံ့သြသွားပြီးလူပျိုလှည့်ရန်ပင်မသွားတော့ဘဲ မြင်းဖြူရှင်ကိုစဉ်းကိုသာ တွေးနေမိ၏။ သည်လိုနှင့် မိုးလင်းပိုင်းရောက်မှမှေးခနဲ အိပ်ပျော်သွားသည်။

သူအိပ်ပျော်နေသော ဇရပ်ရှေ့မှ ချူသံကြောင့် လန့်နိုးလာသည်။ ကမန်းကတမ်း ဇရပ်ရှေ့လှမ်းကြည့်လိုက်သော အခါ သန်းခေါင်လောက်က မြင်းဖြူကြီးစီးပြီး ပင်လယ်ဘက်ဆင်းလမ်းအတိုင်း ဆင်းသွားသော မြင်းဖြူရှင်သည် ယခု မိုးလင်းပိုင်းတွင် မြင်းဖြူကြီးစီးပြီး ပင်လယ်ဘက်က ပြန်တက်လာသည်ကို တွေ့ရ၏။ ဇရပ်ရှေ့ကလမ်းအတိုင်း၊ မင်းပြင်ရွာသွားလမ်းအတိုင်း အလာတုန်းကလိုပင် ပြန်သွားသည်။ ချူသံလည်း မကြာမီပျောက်သွား၏။

သူတို့အရပ်တွင် မြင်းလည်းမရှိ။ ဘယ်ကလူပါလိမ့်။ ညကြီးမင်းကြီး ဘယ်အရပ်ကလာပါလိမ့်။ သူတွေးမရ။ ပြီး ပင်လယ်နားဘက်ကို ဘာကိစ္စသွားပြီး ဘာကိစ္စနှင့် ပြန်လာပါလိမ့်။ တော်တော်ထူးဆန်းပါလားဟု တွေးနေစဉ် ရွာကျောင်းမှ မနက်လေးနာရီ တုံးမောင်းခေါက်သံကိုကြားလိုက်ရ၏။ ရွာကျောင်းများမှ မနက်လေးနာရီ တုံးမောင်းခေါက်သံကို ကြားရလျှင် အပျိုအိမ်အောက်ကိုရောက်နေကြသော လူပျိုကာလသားများသည် မိမိအိမ်မိမိပြန်အိပ်ကြရန်ဖြစ်၏။ မည်မျှချစ်ကြသည်ဖြစ်စေ မိုးလင်းအောင် ချစ်တင်းနှောနေကြ၍မဖြစ်။

အကြောင်းတစ်ခုခုကြောင့် မနက်စောစောခရီးသွားရန် သို့မဟုတ် လယ်တဲ၊ယာတဲဆင်းရန် တစ်ယောက်ယောက်က အပျိုအိမ်အောက်တွင် လူပျိုကိုတွေ့လျှင် ထိုလူပျိုနှင့် ထိုအပျိုမတို့ ရည်းစားဖြစ်နေကြသည်ကို သိသွားနိုင်သလို အပျိုမ၏ မိဘမောင်ဘွားများကိုလည်း မလေးစားရာကျမည်။ အပျိုမကိုလည်း အရှက်ရစေမည် ဖြစ်၏။ ထို့ကြောင့် ဘယ်ကာလသားမှ ရွာကျောင်းက တုံးမောင်းသံကြားလျှင်တော့ အလျှိုလျှို ကိုယ့်အိမ်ကိုပြန်အိပ်ကြရသည်သာ။

ထိုညက မောင်စံညွန့်လည်း ရွာကျောင်းက တုံးမောင်းခေါက်သံကြားသည်နှင့် မိုးမလင်းမီ ကိုယ့်အိမ်ကို ပြန်လာ၏။ သို့သော် တခြားကာလသားများလိုကား အိပ်မပျော်။ သူတို့ရွာတွင် တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးသော မြင်းဖြူရှင်အကြောင်းကိုသာ တစ်ညလုံးတွေး၊ တစ်နေ့လုံးတွေးရင်း နောက်တစ်ညသို့ ရောက်လာပြန်၏။

ထုံးစံအတိုင်းပင် ကျောင်းနားဇရပ်တွင် လူပျိုများစုကြပြန်၏။ ထိုအခါ ညတုန်းက တွေ့လိုက်ရသော မြင်းဖြူရှင်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို သူ့အစ်ကိုဝမ်းကွဲတော်သူ မောင်ထွန်းညိုကို ပြော၏။ မောင်စံညွှန့်မှာ အပြောင်အပြက်လည်း ကြံဖန်ပြောတတ်သူဖြစ်သဖြင့် မောင်ထွန်းညိုက -

"ဟုတ်လား၊ မင်းမြင်းဖြူရှင်ကို ဘယ်မှာမြင်လဲ"

"ဒီဇရပ်ရှေ့ကကိုဖြတ်ပြီးပင်လယ်နားဘက်လမ်းအတိုင်း ဆင်းသွားတာ။ မိုးလင်းပိုင်း လူပျိုပြန်ချိန်ကျတော့ မြင်းဖြူကြီးစီးပြီး ပင်လယ်နားဘက်ကပဲ ပြန်လာတာ"

"ဘယ်ကိုပြန်သွားလဲ"

"ကျွန်တော်တို့ မင်းပြင်ရွာသွားတဲ့ ရွာပြင်လမ်းအတိုင်း မင်းပြင်ရွာဘက်ပြန်သွားတယ်ထင်တာပဲဗျ"

"အေး - ဒါဆို မင်းကောင်မလေး ဝေခိုင်က ဂေါ်ဒူဘက်မှာဆိုတော့ အဆင်ပြေတာပေါ့ကွ"

"ဘယ်လိုအဆင်ပြေမှာလဲ"

"ဒီနေ့ညကျတော့ အဲဒီမြင်းဖြူရှင်ကို မင်းစောင့်ကြည့်။ မင်းပြောသလို ဇရပ်ရှေ့ရောက်ရင် ခင်ဗျားဘယ်ရွာကိုလူပျိုလှည့်သွားမလဲ။ ကျုပ်ရည်းစားက ဂေါ်ဒူအရွာမှာ။ ခင်ဗျားနဲ့လမ်းကြုံတာပဲ။ ကျုပ်လည်း မြင်းစီးဖူးတယ်ရှိအောင် အတူသွားရအောင်ပြောပေါ့ကွ။ ဟဲ ဟဲ တန်မကျဘူးလား"

သူ့အတည်ပြောသည်ကို မောင်ထွန်းညိုက နောက်သည်ထင်သဖြင့် ပြန်နောက်ပြီး ဇရပ်ပေါ်က လူပျိုလှည့်ရန် ဆင်းသွားသည်။

"အစ်ကိုခဏနေပါဦး၊ ကျွန်တော် တကယ်ပြောတာနော်"

ဟု တားသည်ကိုပင် လှည့်မကြည့်ခဲ့ဘဲ ရွာထဲဝင်သွားသည်။

သည်လိုနှင့် မောင်စံညွှန့်မှာ ထိုနေ့ညကလည်း လူပျိုလှည့်ရန်မသွားဖြစ်။ တစ်နေ့ညကလိုပင် တစ်ယောက်တည်း ဇရပ်ပေါ်တွင် မြင်းဖြူရှင်အလာကို စောင့်ကြည့်နေ၏။ တစ်နေ့ညက အတိုင်းပင် မြင်းဖြူရှင်လည်း ချူသံတလွင်လွင်နှင့် မြင်းဖြူကြီးစီးကာ သူရှိနေသောဇရပ်ရှေ့မှ မနေ့ညကအတိုင်းပင် မြင်းစီးပြီး ပင်လယ်နားနတ်မော်စွန်း ဆင်းသွား၏။

မောင်စံညွှန့်မှာ ကြောက်တတ်သူတော့မဟုတ်။ သူ့အစ်ကို ထွန်းညိုဦးကလည်း ပြော၍မယုံ။ ရွာတွင် သူက လူပျိုကြီး၊ လူပျိုခေါင်းဖြစ်သည်။ သူတို့၏ ဂါမပညတ်အရ ရွာတွင် အကာလည အချိန်၌ တစ်စုံတစ်ခုထူးခြားလျှင် ရွာသူကြီး၊ ရွာလူကြီးများအား ညတွင် တာဝန်ရှိသော လူပျိုကာလသားများက တိုင်ကြားရမည်ဆိုသဖြင့် မနက်မိုးလင်းသောအခါ သူကြီးဖြစ်သူ သူ့ဦးကြီး ဦးလှချမ်းကို မြင်းဖြူရှင်ကိစ္စ တိုင်တန်းပြောဆိုရ၏။

ထိုအခါ အသက်ခြောက်ဆယ်ကျော် သူ့ဦးကြီး သူကြီးက ရယ်ပြီး -

"မင်းက တို့ရွာရှင်မကို လူပျိုလာလှည့်တဲ့ အလယ်တိန်တောင်က တောင်ပိုင်မြင်းဖြူရှင်ကို အခုမှမြင်ဖူးတာကိုး။ ဘကြီးတို့ငယ်ငယ်တုန်းကလည်း လသာညတွေမှာ တစ်ညတလေ မြင်ဖူး၊ တွေ့ဖူးနေကျကွ။ မင်းကခုမှအဆန်းလုပ်လို့"

ဟု ပြော၏။

"ဟင်- ဘယ်လို၊ ဘယ်လို ဘကြီး။ ကျွန်တော်တို့ ရွာရှင်မကို အလယ်တိန်တောင်က မြင်းဖြူရှင် လူပျိုလာလှည့်တာ"

"ဟုတ်ပါတယ်ဆို၊ မင်းမြင်းဖြူရှင်က ပင်လယ်နားဆင်းတဲ့လမ်းအတိုင်း နတ်မော်စွန်းဘက်ဆင်းသွားတာမဟုတ်လား"

"ဟုတ်တယ် ဘကြီး၊ မြင်းဖြူကြီးစီးပြီး ပင်လယ်ဆင်းလမ်းအတိုင်း နတ်မော်စွန်းဘက်ဆင်းသွားတာပဲ။ မိုးလင်းပိုင်းမှာ ပြန်လာတော့လည်း အဲဒီလမ်းအတိုင်းပဲ ပြန်လာတာ"

"ဒါပေါ့၊ သူလည်း မင်းတို့လို တို့ရွာရှင်မကို လူပျိုလာလှည့်ပါတယ်ဆို။ မိုးမလင်းမီ မင်းတို့ပြန်သလို သူလည်း သူ့မင်းပြင်အလယ်တိန်တောင်ကို ပြန်မှာပေါ့"

"ဒါဆို ဘကြီးတို့လူပျိုတုန်းကပင် ကျွန်တော်တို့ရွာရှင်မကို လူပျိုလာလှည့်တဲ့ မြင်းဖြူရှင် တောင်ပိုင်ကြီးနဲ့ ကျွန်တော်တို့ ရွာရှင်မက ခုထိမညားကြသေးဘူးလား၊ ကြာမှပဲ"

"ငါတို့ရွာရှင်မက မိန်းမကြမ်းကြီးကွ။ မာနခဲကြီးဆိုတာလည်း မင်းတို့ကြားဖူးမှာပေါ့။ တော်တော်တန်တန် ဇွဲမျိုးနဲ့ သူ့ကိုလာပြီးကြိုက်ပါတယ်၊ ချစ်ပါတယ်ပြောမရသေးလို့နေမှာပေါ့။ အဲဒါကြောင့် အခုထိ ဇွဲကောင်းကောင်းနဲ့ အလယ်တိန်တောင်မင်းက ညတိုင်းလူပျိုလာလှည့်နေတာဖြစ်မှာပ။ ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်ဆို မဟုတ်လား"

ဘကြီးပြောသည်မှာလည်း ဟုတ်ကောင်းဟုတ်မည်။ ယခင်က မောင်စံညွှန့်တို့ရွာရှင်မသည် အလွန်ကြမ်း၏။ ပင်လယ်ဆင်းလမ်းနှင့် ဂေါ်ဒူရွာသွားလမ်းမှာ ရွာရှင်မနေသော ခရေပင်ကြီးနားက ဖြတ်သွားကြရ၏။ ထိုသို့ ဖြတ်သွားဖြတ်လာလုပ်ကြရာတွင် သူ့ရှေ့လမ်းကို ဖြတ်သွားသူတိုင်း သူ့ကို အရိုအသေပြုသည့်အနေနှင့် လမ်းဘေးက ကျောက်စရစ်ခဲတစ်လုံးကောက်ပြီး ခရေပင်အောက်တွင်တင်ကြရ၏။ ထိုသို့တင်မသွားလျှင် အိမ်ပြန်ရောက်သည်နှင့် ဗိုက်အောင့်တာ၊ ဆီးမသွားနိုင်ဖြစ်တာ၊ အဖျားကြီး၍ ကယောင်ကတမ်းပြောကာ သူ့အား မလေးစားကြောင်း ဝင်ပူးပြောသည်ကိုတော့ မောင်စံညွှန့်တို့လည်း မြင်ဖူးကြုံဖူးသည်။ အထူးသဖြင့် ဧည့်သည် အာဂန္တုတစ်ယောက် ပင်လယ်ဆင်းရာ၌ လည်းကောင်း၊ ကိစ္စကြီးငယ်ရှိ၍ ဂေါ်ဒူရွာသို့သွားရာ၌လည်းကောင်း ရွာရှင်မကို အထူးသတိထားပြီး ကျောက်စရစ်ခဲလုံးတစ်လုံးကိုတင်ကြရသည်မှာ အစဉ်အလာပင်။

"ဒါနဲ့ ဘကြီး၊ အလယ်တိန်တောင်နတ်က ရွာရှင်မနတ်ကို လူပျိုလာလှည့်နေတာ ဘကြီးတို့ငယ်ငယ်ကတည်းက မြင်ဖူး၊ တွေ့ဖူးကြတယ်ဆိုတော့ ခုသူလူပျိုလာလှည့်တာမြင်တဲ့ကျွန်တော့်ကိုများ အလယ်တိန်တောင်နတ်က. . ."

"အဲဒါလည်း မင်းကို ငါစောစောကပင်ပြောမလို့ပါ။ သူ တို့ရွာရှင်မကို လူပျိုလာလှည့်တာ မြင်လို့တွေ့လို့ သူ့ကို မနှောင့်ယှက်ရင် ဘာမှမဖြစ်ဘူး။ သွားရင်းလာရင်း မျက်နှာချင်းဆိုင်တွေ့ကြရင်လည်း အသာလေးလမ်းဖယ်ပေးလိုက်ရုံပဲ။ ဒါမှမဟုတ်ဘဲ ပါးစပ်ဆော့ပြီးတော့ သွားမနှောင့်ယှက်နဲ့။ ဘကြီးတို့ ကာလသားတုန်းက မောင်ထီးဆိုတဲ့ အထဲတွင်းရွာကကောင်တစ်ကောင် တို့ရွာလူပျိုလာလှည့်ရင်း မြင်းဖြူရှင်နဲ့ တွေ့တော့ သူလည်း ကြားဖူးနားဝနဲ့ 'ဟေ့- ခင်ဗျား ရွာရှင်မကို လူပျိုသွားလှည့်မလို့လား။ ရွာရှင်မကလည်း ခင်ဗျားကို မကြိုက်ဘဲနဲ့ ပြန်တော့' လို့ သွားပြီး ပါးစပ်ဆော့တာ ကြိမ်နဲ့အရိုက်ခံရလို့ တစ်သက်လုံးရူးသွားတာ။ ငထီးကို မင်းတို့လည်း တွေ့ဖူးလိုက်သားပဲ။ အဲဒါကြောင့် မင်းမြင်တာကြားတာ မင်းဘာသာမင်းနေ။ သွားပြီးစကားမချွန်းနဲ့။ ဒုက္ခရောက်တတ်တယ် ကြားလား"

"ဟုတ်ကဲ့ ဘကြီး"

သူ့ဘကြီးပြောသောအထဲတွင် ရွာသား ငထီးရူးကို သူလည်း ငယ်စဉ်က မြင်ဖူး၊ တွေ့ဖူးလိုက်သဖြင့် မောင်စံညွှန့် နောက်ရက်များတွင် လူပျိုများစုရာဇရပ်၌ပင်သွားမအိပ်ရဲတော့ဘဲ မိမိအိမ်၌သာ အိပ်ရင်း လူပျိုလှည့်ရလေတော့သည်။

ဝေယံထင်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ခင်မောင်လေး


# မွန်ဒင်္ဂါးနှင့်ပျူဒင်္ဂါးနှိုင်းယှဉ်ချက်

■ ဟန်လင်းဒင်္ဂါး ■

ဟန်လင်းမြို့ဟောင်းတူးဖော်သော အခါ ဒင်္ဂါး(၁၉)ပြားကို တူးဖော်ရရှိခဲ့၏။ အမျိုးအစားအားဖြင့် (၄) မျိုး ရှိ၏။ အမှတ် (၁) ဒင်္ဂါးသည် (၁) လက်မထက် အနည်းငယ်ကြီး၏။ မျက်နှာဘက်တွင် သီရိဝစ္ဆပါပုံရှိ၏။ သီရိဝစ္ဆအတွင်းတွင် ခရုသင်း၊ အောက်တွင် ဗိန္ဒုတစ်ခု၊ သီရိဝစ္ဆအထက်ပါတွင် ဗိန္ဒုသုံးခု၊ အလယ် ဗိန္ဒုအောက်တွင် မျဉ်းကွေးတစ်ခုပါရှိ၏။

ကျောဘက်၌ ဘဒ္ဒပီဌနှင့် ယင်းပေါ်တွင် ဗိန္ဒု(၃)၊ ယင်းဗိန္ဒု(၃)ခုအောက်တွင် မျဉ်းကွေး (၃)ခု ပါရှိ၏။ ယင်းတို့ကို ဗိန္ဒုနှင့်မျဉ်းကွေးဟု ဆိုသော်လည်း ဗိန္ဒုသည် လုံးဝန်းနေသောသဘောမရှိသည့် မီးလျှံဖြစ်နိုင်၏။ အောက်ကအရာသည်လည်း ဆီမီးခွက်ဖြစ်နိုင်၏။ ဆီမီးခွက်တွင် မီးတောက်နေသည့်သဘောဟု ယူဆရ၏။ ဘဒ္ဒပီဌအောက်တွင် မျဉ်းကွေးတစ်ခုရှိ၏။ ဒင်္ဂါး၏ အဝန်းတစ်လျှောက်တွင် ဗိန္ဒုပြောက်များ ဝန်းရံထား၏။ ဤဒင်္ဂါးနှင့် တစ်ထေရာတည်းဟူသောဒင်္ဂါးမှာ မိုင်းမောအမှတ်(၂)ဒင်္ဂါးဖြစ်၏။

ဟန်လင်း အမှတ် (၂) ဒင်္ဂါးသည် (၁) လက်မထက် အနည်းငယ်သေး၏။ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအတွင်းတွင် ဗိန္ဒု(၃)ခု၊ သီရိဝစ္ဆဘယ်ဘက်တွင် စကြာ၊ စကြာထဲတွင် ဗိန္ဒု (၃)ခု၊ ညာဘက်တွင် ဘဒ္ဒပီဌအသေးတစ်ခုပါရှိ၏။ ယင်းအပေါ်တွင် ဗိန္ဒုပြောက် (၃) ခု ရှိ၏။ သီရိဝစ္ဆ၏ထိပ်တွင် ဗိန္ဒု (၁) ခု၊ အောက်ဘက်တွင် (၃)ခုရှိ၏။ ကျောဘက်တွင် တက်နေဝန်းပုံပါရှိ၏။



အင်းလေးဒေသမှတွေ့ရှိရသောဒင်္ဂါးများ



မိုင်းမောမြို့ဟောင်းမှတွေ့ရှိရသောဒင်္ဂါးများ

ဟန်းလင်း အမှတ်(၃) ဒင်္ဂါးသည် အရွယ်အစားအားဖြင့် (၃)လက်မသာသာနှင့် (၁)လက်မကျော်နှစ်မျိုးရှိ၏။ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအတွင်းတွင် ဗိန္ဒုအစက် (၉) ခု၊ ဘယ်ဘက်တွင် ဝရဇိန်လက်နက်၊ ညာဘက်တွင် ခရုသင်း၊ အထက်လက်ဝဲဘက်တွင် လ၊ လက်ယာဘက်တွင် နေ၊ အောက်ဘက်တွင် ရေလှိုင်း (၅)ခု ပါရှိ၏။ ကျောဘက်တွင် ဘဒ္ဒပီဌ၊ ဘဒ္ဒပီဌအထက်တွင် ဗိန္ဒုအစက် (၅) ခု ရှိ၏။

ဟန်လင်းအမှတ်(၄) ဒင်္ဂါးမှာ ... ကား လက်မဝက်သာသာ ပါရှိ၏။ မျက်နှာဘက်တွင် ငါးထောင့်ကြယ်ပုံသဏ္ဍာန် ပါရှိ၏။ အပေါ်ပိုင်းတွင် တြိဂံပုံ ပါရှိ၏။ ကြယ်အတွင်းတွင် ဗိန္ဒုအစက် (၃)စက် ပါရှိ၏။ မျက်နှာဘက်ထိပ်မှ မျဉ်းဖြောင့် (၃)ကြောင်းသည် ဘယ်၊ ညာအောက်သို့ ဆွဲထား၍ မျဉ်းကွေးတစ်ခုကိုသွားထိနေ၏။ အလယ်မျဉ်းကွေးမှ မျဉ်း(၂)ကြောင်းသည် အောက်ရှိမျဉ်းကွေးကို သွားထိနေ၏။ သီရိဝစ္ဆကို မျဉ်းဖြောင့်ပုံဖော်ထားသည့်သဘော ဖြစ်၏။ ကျောဘက်တွင် တက်နေဝန်းပုံပါရှိ၏။ ဤဒင်္ဂါးသည် ဟန်လင်းဒင်္ဂါးများအနက် အစောဆုံး ထုတ်လုပ်သည့်ဒင်္ဂါးဖြစ်ဟန် ရှိ၏။

■ သရေခေတ္တရာဒင်္ဂါး ■

သရေခေတ္တရာတွင် ဒင်္ဂါး (၄)... တူးဖော်ရရှိခဲ့၏။ သရေခေတ္တရာ အမှတ်...



www.burmeseclassic.com

www.burmeseclassic.com

(၁)ဒင်္ဂါးသည် မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအတွင်းတွင် ခရုသင်းပုံပါရှိ၏။ ကျောဘက်တွင် ဘဒ္ဒပီဌပုံ ပါရှိ၏။ ဟန်လင်းအမှတ်(၁)ဒင်္ဂါးနှင့် တူ၏။ သို့သော် ခရုသင်းပုံမှာ ကွာခြား၏။ သီရိဝစ္ဆ၏ ဘေးတစ်ဖက်တစ်ချက်တွင် ဗိန္ဒုအစက်တစ်ခုစီပါရှိ၏။ ကျောဘက်တွင် ဘဒ္ဒပီဌ၊ ဘဒ္ဒပီဌအထက်တွင် ဗိန္ဒုအစက်(၅)ခု ရှိ၏။ ကျောဘက်အဝန်းတစ်လျှောက်တွင် ဗိန္ဒုအစက်များဖြင့် ဝန်းရံထား၏။

သရေခေတ္တရာအမှတ်(၂)ဒင်္ဂါး၏ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအတွင်းတွင် ဗိန္ဒုအစက် (၈) စက်ထက်ကျော်၍စီနေ၏။ ဗိန္ဒုအစက်များ၏ အလယ်တွင် စေတီပုံပါရှိ၏။ သီရိဝစ္ဆ၏ အပေါ်တွင် နေပုံနှင့် လပုံ၊ လက်ယာဘက်တွင် ခရုသင်း၊ လက်ဝဲဘက်တွင် ဝရဇိန်လက်နက်၊ အောက်တွင် ရေလှိုင်း (၃) ခု ပါရှိ၏။

သရေခေတ္တရာအမှတ် (၃) ဒင်္ဂါး၏ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအတွင်းတွင် ဗိန္ဒုအစက် (၉) ခု၊ အပေါ်တွင် နေနှင့်လ၊ လက်ယာဘက်တွင် ခရုသင်း၊ လက်ဝဲဘက်တွင် ဝရဇိန်လက်နက်ပါရှိ၏။ အောက်တွင်မူ ရေလှိုင်း (၃) ခုပါရှိ၏။ ဤဒင်္ဂါးသည် ဗိဿနိုးအမှတ်(၂)နှင့် ဟန်လင်းအမှတ်(၂)ဒင်္ဂါးများနှင့် တူ၏။


သရေခေတ္တရာအမှတ် (၄)ဒင်္ဂါး၏ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ အတွင်းတွင် ဗိန္ဒု (၃)ခု၊ မျဉ်းကွေး (၆)ခု၊ အထက်တွင်မူ နေနှင့်လ၊ ဘေးတစ်ဖက်တစ်ချက်တွင် စကြာနှင့် ဘဒ္ဒပီဌပုံများပါရှိ၏။ ဘဒ္ဒပီဌ (အသေး)ပေါ်တွင် ဗိန္ဒုအစက်(၃)ခု ပါရှိ၏။ သီရိဝစ္ဆအောက်တွင် ဗိန္ဒုအစက်(၃)စက်ပါရှိ၏။ ကျောဘက်တွင် တက်နေဝန်းပုံ ပါရှိ၏။ နေစွယ်ကြားတွင် ဗိန္ဒုအစက်နှင့် အဝန်းတစ်လျှောက်တွင် ဗိန္ဒုများ ဝန်းရံထား၏။

**■ မိုင်းမောဒင်္ဂါး ■**


မိုင်းမောဒင်္ဂါးအမှတ် (၁) ၏ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအလယ်တွင် မျဉ်းကွေး(၃)ခု ဆက်ထားသည့်ပုံစံနှင့် အောက်တွင်လည်း ယင်းထက်ငယ်သောပုံစံပါရှိ၏။ အထက်မျဉ်းကွေး(၃)ခု၏အလယ်တွင် ဗိန္ဒုအစက်(၁)ခု၊ ထက်အောက်မျဉ်းကွေးတို့၏အလယ်တွင် ဗိန္ဒု (၁)ခုစီ ပါရှိ၏။ သီရိဝစ္ဆ၏ အထက်တွင် နေပုံနှင့် လပုံ၊ ဘေးတစ်ဖက်တစ်ချက်တွင် ဘဒ္ဒပီဌပုံ၊ စကြာပုံနှင့် အောက်တွင်



သထုံမြို့ငါ့ရိုလေသာကျောင်းမှတွေ့ရှိရသောငွေဒင်္ဂါးများ



ဟန်လင်းမြို့ဟောင်းမှတွေ့ရှိရသောဒင်္ဂါးများ



သရေခေတ္တရာမြို့ဟောင်းမှတွေ့ရှိရသောဒင်္ဂါးများ

ဗိန္ဒုအစက်(၃)ခုပါရှိ၏။ ကျောဘက်တွင် နေစွယ်ပုံ၊ ယင်းပုံတွင် နေစွယ်(၁၄)ခု ပါရှိ၏။ နေစွယ်တစ်ခု နှင့် တစ်ခုကြားတွင် ဗိန္ဒုများရှိ၏။ ဒင်္ဂါး၏အဝန်းတစ်လျှောက်တွင် ဗိန္ဒုအစက်များ ဝန်းရံထား၏။

ဒင်္ဂါးအမှတ် (၂)၏ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆ၏အလယ်တွင် ခရုသင်း၊ သီရိဝစ္ဆအောက်တွင် ဗိန္ဒုအစက် (၃)ခု၊ အလယ်ဗိန္ဒု၏ အောက်တွင် မျဉ်းကွေးတစ်ခုပါရှိ၏။ ကျောဘက်တွင် ဘဒ္ဒပီဌပုံပါရှိ၏။ ဘဒ္ဒပီဌအထက်တွင် ဆီမီးခွက်(၃)ခု၊ လက်ယာဘက်တွင် ဗိန္ဒုအစက် (၁၁) ခု ပါရှိ၏။

မိုင်းမောအမှတ်(၃)ဒင်္ဂါး၏ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆ၏ လက်ယာဘက်တွင် စကြာပုံနှင့် လက်ဝဲဘက်တွင် ဘဒ္ဒပီဌပုံ ပါရှိ၏။ ကျောဘက်တွင် နေစွယ်ပုံပါရှိ၏။ နေစွယ် (၁၄) ခု ရှိ၏။ နေစွယ်တစ်ခုနှင့်တစ်ခုကြားတွင် ဗိန္ဒုအစက်(၁)ခုစီ ရှိ၏။ နေစွယ်၏ လက်ယာအောက်နားတွင် ဗိန္ဒုအစက်(၆)စက်ပါရှိ၏။ လက်ဝဲဘက်တွင်မူ ဗိန္ဒုအစက် (၅)စက် ပါရှိ၏။

မိုင်းမောအမှတ် (၄) ဒင်္ဂါးသည် အမှတ် (၁) ဒင်္ဂါးနှင့် အတူတူပင်ဖြစ်၏။ အမှတ် (၁)ဒင်္ဂါး၏ သီရိဝစ္ဆပုံတွင် မျဉ်းထူ၍ အမှတ် (၄)ဒင်္ဂါး၏ သီရိဝစ္ဆမျဉ်းတွင် မျဉ်းပါး၏။ ဤမျှသာကွာ၏။

**■ ဗိဿနိုး ■**

ဗိဿနိုးအမှတ် (၁) ဒင်္ဂါးသည် အချင်း (၀. ၈)လက်မရှိ၍ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ အတွင်းတွင် ဗိန္ဒုအစက် (၃)ခု၊ အပေါ်ဘယ်ညာတွင် လပုံနှင့် နေပုံ၊ အောက်ခြေတွင် မျဉ်း(၂)ကြောင်း၊ လက်ယာဘက်တွင် စကြာပုံ၊ လက်ဝဲဘက်တွင် ခရုသင်းပုံပါရှိပြီး ကျောဘက်တွင် တက်နေဝန်းပုံ ပါရှိ၏။

ဗိဿနိုးအမှတ် (၂) ဒင်္ဂါးသည် အချင်း(၀. ၇)လက်မရှိ၍ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအတွင်းတွင် ဗိန္ဒုအစက် (၉) ခု၊ အောက်တွင် ရေလှိုင်း (၂)ခု၊ ယာဘက်တွင် ခရုသင်း၊ ဝဲဘက်တွင် ဝရဇိန်လက်နက်၊ အပေါ်ယာဘက်တွင် နေ၊ ဝဲဘက်တွင် လပုံ ပါရှိ၏။ ကျောဘက်တွင် ဘဒ္ဒပီဌပုံ ပါရှိ၏။

ဗိဿနိုးအမှတ် (၃) ဒင်္ဂါးသည် အချင်း (၀. ၉)လက်မ ရှိ၏။ မျက်နှာဘက်တွင် ဘဒ္ဒပီဌ၊ ယင်းဘဒ္ဒပီဌသည် ငါးထောင့်ကြယ်သဏ္ဌာန် မျဉ်းကြောင်းငါးကြောင်းဖြင့် ဆက်ထား၏။ အတွင်းတွင် တြိဂံပုံနှစ်ခု ပါရှိ၏။ တြိဂံနှစ်ခုအ



www.burmeseclassic.com

www.burmeseclassic.com



တကောင်းဒေသမှတွေ့ရှိရသောဒင်္ဂါးများ

တွင်း ဗိန္ဓုတစ်ခုစီပါရှိ၏။ ယာဘက်တွင် ဘဒ္ဒပိဌပုံပါရှိ၏။ ဝဲဘက်ပုံသည် မထင်ရှားသဖြင့် မည့်သည်ပုံဖြစ်သည်ကို အတပ်မပြောနိုင်။

**■ အင်းလေးဒင်္ဂါး ■**

အင်းလေးဒေသတွင် သီရိဝစ္ဆ၊ နေစွယ်ဒင်္ဂါးများ တွေ့ရှိရ၏။ မျက်နှာဘက်တွင် နေစွယ်ပုံပါရှိ၏။ ကျောဘက်တွင် သီရိဝစ္ဆပုံ ပါရှိ၏။ သို့သော် အင်းလေးဒင်္ဂါး၏ သီရိဝစ္ဆသည် အခြားသီရိဝစ္ဆနှင့်မတူ စောက်နက်သော ပစောက်ပုံနှင့်တူနေ၏။ အလယ်တွင် လူရုပ်ပုံတစ်ခု ပါရှိ၏။ လူရုပ်ပုံ၏ ဘယ်၊ ညာနှစ်ဖက်တွင် ဆန့်ကျင်ဘက်သို့ လှည့်နေသည့် မျဉ်းကွေးတစ်ခုစီရှိ၏။ လူရုပ်၏ထိပ်တွင် ကြိုဂံပုံတစ်ခုပါရှိ၏။ ကြိုဂံပုံ၏ အလယ်တွင် ဗိန္ဓုအစက်ကြီးတစ်ခု ပါရှိ၏။

**■ ဝတီးဒင်္ဂါး ■**

ဝတီးတွင်လည်း ဒင်္ဂါးတစ်မျိုးတွေ့ရှိရ၏။ ဒင်္ဂါး၏မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆ၏ အောက်နားတွင် မျဉ်းကွေးအထူတစ်ခုပါရှိ၏။ ယင်းမျဉ်းကွေးအထူ၏ အောက်နားတွင် ဘယ်ဘက်၊ ညာဘက်သို့ လှည့်ထားသည့် မျဉ်းကွေးနှစ်ခုရှိ၏။ ယင်းမျဉ်းကွေးနှစ်ခုကြား၏ အောက်တွင် မျဉ်းကွေးအထူ(၃)ခုဆက်ထားသည့်ပုံတစ်ခု ပါရှိ၏။ ယင်းမျဉ်းကွေး(၃)ခု၏ အလယ်တွင် ဗိန္ဓုအစက်တစ်ခု ပါရှိ၏။ သီရိဝစ္ဆ၏ လက်ယာဘက်တွင် စကြာပုံနှင့် လက်ဝဲဘက်တွင် ဘဒ္ဒပိဌပုံ ပါရှိ၏။ သီရိဝစ္ဆ၏ အောက်ခြေတွင်မူ ရှည်မျောမျော ဗိန္ဓုအစက်တစ်ခု ပါရှိ၏။

ကျောဘက်တွင် နေစွယ်ပုံပါရှိ၏။ နေစွယ် (၁၄)ခု ပါရှိ၏။ နေစွယ်၏ တစ်ခုနှင့်တစ်ခုကြားတွင် ဗိန္ဓုအစက် (၁)စက်စီ ပါရှိ၏။ နေစွယ်၏ လက်ဝဲဘက်ဘေး အလယ် နေစွယ်၏အောက်နားမှာ အထက်တည့်တည့်အထိ ဗိန္ဓုအစက် (၁၀) ခု ပါရှိ၏။ နေစွယ်အဝန်း၏ အောက်နားတွင် ဗိန္ဓုအစက် (၇)စက် ပါရှိ၏။

**■ တောင်တွင်းကြီးဒင်္ဂါး ■**

တောင်တွင်းကြီးတွင် ဒင်္ဂါးတစ်မျိုးတွေ့ရှိရ၏။ မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆထိပ်မျဉ်းနှစ်ကြောင်း၏ အောက်တွင် မျဉ်းထူမျဉ်းကွေးတစ်ခုပါရှိ၏။ ထိုမျဉ်းကွေး (၃) ကြောင်းဆုံရာ အလယ်ဗဟိုတွင် မျဉ်းထူတစ်ကြောင်း ပါရှိ၏။ အထက်ပါမျဉ်းကွေး(၃)ကြောင်းဆုံရာ အောက်ဘက် ဘေးတစ်ဖက်တစ်ချက်တွင် ဆန့်ကျင်ရာလှည့်နေသော မျဉ်းကွေးထူ (၂) ကြောင်း ပါရှိ၏။ ယင်းမျဉ်းကွေးထူး (၂) ကြောင်းတွင် မျဉ်းဖြောင့်ထူတစ်ကြောင်းရှိ၏။ ထိုမျဉ်းဖြောင့်၏ အောက်တွင် အထက်ပါကဲ့သို့ မျဉ်းကွေးထူ (၃)ကြောင်းဆက်ထားသည့်ပုံစံ တစ်ခုရှိ၏။ ယင်း၏အလယ်တွင် ထူထဲသည့် မျဉ်းလဲတစ်ကြောင်း ပါရှိ၏။

သီရိဝစ္ဆ၏အောက်တွင် ဗိန္ဓုအစက်များ ပါရှိ၏။ သီရိဝစ္ဆလက်ဝဲဘက်တွင် စကြာပုံနှင့် လက်ဝဲဘက်တွင် ဘဒ္ဒပိဌပုံ ပါရှိ၏။

ကျောဘက်တွင် နေစွယ်ပုံပါရှိ၏။ နေစွယ် (၁၅)ခု ပါရှိ၏။ နေစွယ်ကို စက်ဝန်းခတ်ထားပြီး စက်ဝန်းလက်ယာ၊ လက်ဝဲထိပ်တွင်မူ ဗိန္ဓုအစက် (၃) စက် ပါရှိ၏။

**■ သဲကုန်းဒင်္ဂါး ■**

ယေဘုယျအားဖြင့် သဲကုန်းဒင်္ဂါး (၃)မျိုး တွေ့ရှိရ၏။ သဲကုန်းအမှတ် (၁) ဒင်္ဂါး၏မျက်နှာဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအလယ်တွင် လိင်္ဂသဏ္ဍာန်အရာ(၁)ခုပါရှိ၏။ ယင်းလိင်္ဂ၏ ဘေးတစ်ဖက်တစ်ချက်တွင် ထူထဲရှည်မျောသော အစက်(၅)စက်စီ ပါရှိ၏။ သီရိဝစ္ဆလက်ဝဲဘက်ထိပ်တွင် ဗိန္ဓုအစက် (၁) ခု ပါရှိ၏။ လက်ယာဘက်ထိပ်မှာ ပဲ့နေသဖြင့် မည့်သည့်ပုံပါရှိသည်ကို မပြောနိုင်ပေ။ သီရိဝစ္ဆ၏ လက်ယာဘက်ဘေးတွင် ခရုသင်းနှင့် လက်ဝဲဘက်ဘေးတွင် မိုးကြိုးသွားပါရှိ၏။ သီရိဝစ္ဆအောက်ခြေတွင် မျဉ်းထူကြီးတစ်ကြောင်းဖြင့် အပိတ်လုပ်ထားပြီး ယင်း၏အောက်တွင် ရေလှိုင်းပုံ (၂)ခု ပါရှိ၏။



ဗိဿနိုးမြို့ဟောင်းမှပျူခေတ်ငွေဒင်္ဂါးများ

ကျောဘက်တွင် ဘဒ္ဒပိဌပုံပါရှိ၏။ ဘဒ္ဒပိဌ၏အပြင်အဝန်းတစ်လျှောက်တွင် ဗိန္ဓုအစက်များ ဝန်းရံထား၏။ သဲကုန်းအမှတ်(၂)ဒင်္ဂါးနှင့် ပတ်သက်၍ အငြိမ်းစားသစ်တောမင်းကြီး ယခုမြန်မာ့သမိုင်းအဖွဲ့ဥက္ကဋ္ဌဦးအောင်မြင့် ရေးသားသည့် ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးမြို့တော်များစာအုပ် သဲကုန်းမြို့အကြောင်းရေးရာ၌ တပါရာမြို့တွင် ထူးခြားသော ဒင်္ဂါးတစ်ပြားတွေ့ရှိရ၏။ ဒင်္ဂါး၏မျက်နှာဘက်တွင် ဘုရင်နှင့်မိဖုရားဟု ယူဆရသော ရုပ်ပုံနှစ်ခုပါရှိ၏။ ကျောဘက်တွင် ထီးဖြူအောက်၌ ဘုရင်နှင့် မိဖုရားထိုင်နေပုံ ပါရှိ၏။ လက်ယာဘက် မှူးမတ် (၂) ဦးနှင့် လက်ဝဲဘက်တွင် မှူးမတ် (၁) ဦး ရံထား၏။ အချို့ကမူ မျက်နှာဘက်ပါပုံမှာ စူဠသမ္ဘဝနှင့် မဟာသမ္ဘဝပုံဖြစ်၏။ ကျောဘက်မှာ ရသေ့များပုံ ဖြစ်သည်ဟု ယူလို၏။ ဤအယူအဆသည် လုံးဝမှန်ကန်မှု မရှိနိုင်ပေ။ ယင်းဒင်္ဂါးမျိုး တစ်ပြားကို မွန်ပြည်နယ် တောင်ပိုမြို့ဟောင်းတွင်လည်း တွေ့ရှိရ၏။ ပျူဒင်္ဂါးနှင့် ဟုတ်ဟန်မတူ။ ယင်းဒင်္ဂါးကို တကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဒင်္ဂါး (ဝါ) ရာမလက္ခဏာဒင်္ဂါးဟု ခေါ်၏။

■ တကောင်းဒင်္ဂါး ■


၁၉၇၁ ခုနှစ်၏ အခြေပြုမြန်မာနိုင်ငံရေး သမိုင်းစာမျက်နှာ (၁၄၃) တွင် တကောင်းဒင်္ဂါးအကြောင်း ဖော်ပြထား၏။ ယင်းစာအုပ်တွင် ဖော်ပြထားသော တကောင်ဒင်္ဂါးသည် သက္ကတဘာသာကမ္ပည်းရေးထိုးထား၏။ ယင်းဒင်္ဂါးကို တကောင်းကြံညွှပ်မှရရှိ၏။ ထိုဒင်္ဂါးများကို မန္တလေးပြတိုက်တွင်ထားရှိခဲ့၏။ သို့သော် ယခုအခါ ယင်းဒင်္ဂါးများမရှိတော့။


ယခုအခါ တကောင်းမြို့ အရှေ့တောင်ဘက် (၁) မိုင်အကွာတွင် ဖုန်ကုန်းရွာရှိ၏။ ထိုဖုန်ကုန်းရွာမှ ဖုန်ကုန်းဆရာတော် ဒင်္ဂါး (၃) ပြား တွေ့ရှိရ၏။ ယင်းဒင်္ဂါး (၃)ပြားသည် အမျိုးအစားအားဖြင့် (၃)မျိုး ဖြစ်၏။ အများပြည်သူများ လေ့လာနိုင်ရန်အတွက် ဖုန်ကုန်းဆရာတော်က ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် တကောင်းပြတိုက်သို့ လှူဒါန်းခဲ့၏။

တကောင်းအမှတ် (၁) ဒင်္ဂါးသည် အချင်း (၀. ၇) လက်မ၊ (၄. ၃) စင်တီမီတာရှိ၏။ မျက်နှာနှစ်ဖက်စလုံး၏ အလယ်ဗဟိုတွင် ဗိန္ဒုအစက်များပါရှိပြီး စက်ဝိုင်းငယ်နှင့် ဝန်းရံထား၏။ ဘေးဘက်တွင် မျဉ်းဖြောင့်(၃)ကြောင်းပါရှိ၏။ အပေါ်တွင်မူ မျဉ်းကွေးများဖြင့် သက်တံရောင်ပြာ လက်တံလို အစင်းအကြောင်းများ ပြုလုပ်ထား၏။ ဒင်္ဂါး၏ ကျောဘက်နှင့် မျက်နှာဘက်မှာ ဆင်ဆင်တူ၏။

မျက်နှာပြင်နှစ်ဖက်စလုံးတွင် ဗိန္ဒုအပြောက်များ ခြယ်လှယ်ထား၏။ ကောက်ဘက်ဝဲယာတစ်ဖက်တစ်ချက်စီတွင် 'ယပက်လက်' ပုံ နှစ်ဖက်ကွေးချိတ်နေပုံများပါရှိ၏။ ယခုလို ဒင်္ဂါးလိုမျိုးကို ၂၀၀၂ ခုနှစ်တွင် တူးဖော်ရရှိ၏။ သို့သော် ထိုစဉ်က ရရှိသောဒင်္ဂါးပြင် မျက်နှာတစ်ဖက်မှာ ပျက်စီးနေသဖြင့် ပျူဒင်္ဂါးဟု မသတ်မှတ်နိုင်ခဲ့။

တကောင်းပျူဒင်္ဂါးအမှတ်(၂)သည် အချင်း (၁. ၂) လက်မ၊ (၃. ၂) စင်တီမီတာရှိ၏။ အမှတ်(၂)ဒင်္ဂါးသည် အမှတ်(၁)ဒင်္ဂါးနှင့် ဆင်တူသလောက်ရှိသော်လည်း အကန့်ငယ်(၃)ပြားပါ၏။ မျက်နှာဘက်၏ အလယ်ဗဟို၌ ဗိန္ဒုအစက် (၁) စက်ကို ဗဟိုပြု၍ အပြင်ဘက်မှ ဗိန္ဒုစက် (၈)စက်ဖြင့် ဝန်းရံထား၏။ အလယ်ဗဟို


မွန်ပြည်နယ်ကျိုက္ကသာမှတွေ့ရှိရသောဒင်္ဂါးများ


ပဲခူးဒေသမှတွေ့ရှိရသောဒင်္ဂါးများ


မွန်ပြည်နယ်ကျိုက္ကသာဒင်္ဂါးများ (ခရုသင်းနှင့်သီရိဝစ္ဆပုံများ)

၏ ထက်အောက်ရှိ မျဉ်းဖြောင့် (၂) ကြောင်းကြားတွင်လည်း ဗိန္ဒုအစက်များ ပါရှိ၏။ အပြင်ဘက်ဝိုင်းပတ်ပတ်လည်တွင် မျဉ်းကွေးများ တွေ့ရှိရ၏။ ပြင်ပစက်ဝိုင်း၏ပတ်ပတ်လည်တွင် ဗိန္ဒုအပြောက်များ အနားသတ်ဝန်းရံထား၏။ အနုတ်ပုံစံမျဉ်းဖြောင့် ဝဲ၊ ယာတို့တွင် ဗိန္ဒုအစက်(၃)စက်စီနှင့်အောက်တွင် ဗိန္ဒုအစက် (၅) စက် ပါရှိ၏။

ကျောဘက်အလယ်တည့်တည့်တွင် စပါးစေ့ဝုံပါရှိပြီး ဗိန္ဒုအစက် (၉) စက် ဝန်းရံထား၏။ ၎င်း၏ ဘေးပတ်ပတ်လည်တွင် လက်တဖြာအစင်းအကြောင်းများ ဗိန္ဒုစက်အတန်းတို့ကို တစ်လှည့်စီ ခြယ်လှယ်ထား၏။ အပေါ်ဘက် မျဉ်းဖြောင့်များကြားတွင် ဗိန္ဒုအစက်အတန်း (၃) တန်းရှိ၏။ မျက်နှာဘက်မှာလို မျဉ်းဖြောင့်ကြောင်းအကြား၌ ဗိန္ဒုပြောက် အနားသတ် ပြင်ပအနားသတ် စက်ဝိုင်းမျိုး မပါရှိပေ။ ဤဒင်္ဂါးမျိုးကိုလည်း အခြားပျူမြို့ဟောင်းများတွင် မတွေ့ရှိရပေ။

ဖုန်ကုန်းတကောင်း အမှတ် (၃) ဒင်္ဂါးသည် (၀. ၈)လက်မ၊ (၂) စင်တီမီတာ ရှိ၏။ မျက်နှာဘက်တွင် သီရိဝစ္ဆနှင့် ကျောဘက်အမှတ် (၃) ဒင်္ဂါးတွင် တွေ့ရှိရသည်။ သီရိဝစ္ဆပုံသည် အခြားပျူမြို့ဟောင်းများတွင် တွေ့ရှိရသော သီရိဝစ္ဆပုံများထက် ရှေးကျသည်ဟု ဆို၏။

■ ပင်လယ်ဒင်္ဂါး ■

ပင်လယ်မြို့ဟောင်းမှရသောဒင်္ဂါးနှင့် ဘိန္နကမြို့ဟောင်းမှရသော ဒင်္ဂါးတို့




www.burmeseclassic.com

www.burmeseclassic.com



ဝင်းကဗျာမှဦးတာပိုတွေ့ရှိရသောငွေဒင်္ဂါးပြား
(ခေါင်းဘက်တွင်ခရုသင်းပုံအပြည့်ပါရှိပြီးပန်းဘက်တွင်သီရိဝစ္ဆပုံဖြစ်သည်။



ဒရယ်သီရိဝစ္ဆဒင်္ဂါး

သည် အမှတ်အသားများ၏ ပုံသဏ္ဌာန် တူညီ၏။ မျက်နှာဘက်တွင် သီရိဝစ္ဆနှင့် ကျောဘက်တွင် နေဝန်းအပြည့် (မမွ စကြာ) ပုံများ ပါရှိ၏။ အခြားပျူမြို့ ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿ နိုး၊ သရေခေတ္တရာတို့တွင် ဤဒင်္ဂါးမျိုး မတွေ့ရ။ ပင်လယ်နှင့် ဘိန္နကမြို့၌သာ တွေ့ရှိရ၏။ ထို့အပြင် ညောင်ရမ်းမှရ သော အမိနတ်သမီးပုံမှာ မထင်ပေါ် သောအပိုင်းများဖြစ်ကြသည့် ရင်သား နှစ်ဖက် နှင့် ဝမ်းဗိုက်တို့ကို ဗိန္ဒုအစက် (၄) စက်ကို သီရိဝစ္ဆအတွင်း ထည့်သွင်း ထား၏။

အထက်ဖော်ပြပါဒင်္ဂါးများအနက် တကောင်ဒင်္ဂါးသည် သဲကုန်းဒင်္ဂါးနှင့် ထပ်တူညီပြီး အရွယ်အစားပို၍သေး၏။ ဒင်္ဂါးနှစ်ခုစလုံး၏ မျက်နှာဘက်တွင် သီရိဝစ္ဆပုံပါရှိ၏။ အလယ်မဏ္ဍိုင်ကို ဗဟို ပြု၍ တစ်ဖက်တစ်ချက်စီတွင် ဗိန္ဒု (၄) စက်စီ ပါဝင်ကြောင်း တွေ့ရှိရ၏။

လက်ယာဘက်တွင် ခရုသင်း၊ လက်ဝဲဘက်တွင် နှစ်ဖက်သွား ဝရဇိန် (မိုးကြိုးသွား) ပါရှိ၏။ အောက်ခြေတွင် ရေလှိုင်းပုံပါရှိ၏။ ဒင်္ဂါးများ၏ ကျော ဘက်တွင် ဘဒ္ဒပီဌပုံပါရှိပြီး သဲကုန်းဒင်္ဂါး အောက်ခြေ၌ ဗိန္ဒု (၈) စက် ကွေ့ပိုက်၍ တည်ရှိ၏။ တကောင်းဒင်္ဂါးအောက်ခြေ တွင်မူ မျဉ်းတိုမျဉ်းစက် (၅) ကြောင်းပါ ဝင်၏။ ဤသည်မှာ သဲကုန်းဒင်္ဂါးနှင့် တကောင်း ဒင်္ဂါးတို့၏ အဓိကကွဲလွဲချက် ဖြစ်၏။

အနားပတ်ပတ်လည်တွင် ဗိန္ဒုအ စက်ဝန်းရံထားရခြင်း တူညီ၏၊ သဲကုန်း ဒင်္ဂါးတွင် ဗိန္ဒုစက်များ တိတိကျကျ မရေ တွက်နိုင်တော့။

အချို့က ပျူဒင်္ဂါးပါ သီရိဝစ္ဆများ နှိုင်းယှဉ်ချက်များကို ဖော်ပြရာ၌ ကျိုက္က သာမွန်ဒင်္ဂါးနှင့် ပဲခူးမွန်ဒင်္ဂါးကို ပျူဒင်္ဂါး အဖြစ် ဖော်ပြထားကြောင်း တွေ့ရှိရ၏။

■ မွန်ဒင်္ဂါးများ ■

အေဒီ ၁ ရာစုမှ၊ ၁၃ ရာစုအထိ ယခုတိုင် နိုင်ငံပရုပတ်၊ နခုံပတ်၊ လော့ယူ ရီဒေသတို့တွင် ဒွါရာဝတီမွန်နိုင်ငံတစ်ခု ထွန်းကားခဲ့၏။ ယင်း (ဒွါရာဝတီ) မွန် များသည် ငွေကြေးအဖြစ် အသုံးပြုရန် ဒင်္ဂါး (၆) မျိုးကို ထုတ်လုပ်အသုံးပြုခဲ့၏။

ဒွါရာဝတီအမှတ်(၁)မွန်ဒင်္ဂါးသည် အဝန်း (၂၄)မီလီမီတာရှိ၏။ အလေးချိန် (၁၈. ၈)ဂရမ်၊ (၉. ၇၆)ဂရမ်၊ (၁၀. ၀၄) ဂရမ်၊ (၁၀. ၀၃)ဂရမ် စသဖြင့် ရှိကြ၏။ ယင်းဒင်္ဂါးသည် ထုထဲ၍ သိပ်သိပ်သည်း သည်းရှိ၏။ မျက်နှာဘက်တွင် ခရုသင်း၊ အနားတစ်လျှောက်တွင် ဗိန္ဒုအပြောက် များဝန်းရံထား၏။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆထဲတွင် လိင်္ဂသဏ္ဌာန် တစ်ခုပါရှိ၏။ အေဒီ ၄ ရာစု၊ ၅ ရာစု တွင် အသုံးပြုခဲ့သောဒင်္ဂါး ဖြစ်၏။

ဒွါရာဝတီ အမှတ် (၂) မွန်ဒင်္ဂါး လည်း အထက်ပါ အမှတ်(၁) ဒင်္ဂါးကဲ့သို့ ခရုသင်း၊ သီရိဝစ္ဆ၊ ဗိန္ဒုနှင့် လိင်္ဂပုံများ ပါရှိ၏။သီရိဝစ္ဆအောက်ခြေတွင် ငါးကြင်း ပုံတစ်ခုပါရှိခြင်းသည်သာ ခြားနား၏။ ဤဒင်္ဂါးပါပုံများသည် အမှတ် (၁) ဒင်္ဂါး ကဲ့သို့ ပီပီပြင်ပြင်မဟုတ် မပီမသဖြစ်နေ ၏။ အေဒီ ၆ ရာစု၊ ၇ ရာစုခန့်က အသုံး ပြုခဲ့၏။

ဒွါရာဝတီအမှတ် (၃) မွန်ဒင်္ဂါး သည် အဝန်း (၁၈)မှ (၂၀) မီလီမီတာ ရှိ၍ အလေးချိန် (၉. ၃၇)ဂရမ်၊ (၉. ၃၃) ဂရမ် စသည်ဖြင့် ရှိ၏။ မျက်နှာဘက် တွင် ဓမ္မစကြာအထိမ်းအမှတ် လှည်းဘီး ပုံပါရှိ၍ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိ ဝစ္ဆထဲတွင် လခြမ်းပုံပါရှိ၏။ လှည်းဘီး ထောင့်တိုင်များမှာ အချို့ဒင်္ဂါးတွင် (၁၂) ချောင်း၊ အချို့ဒင်္ဂါးတွင် (၁၄)ချောင်း ပါ ရှိ၏။ ဒေါက်တာမစ်ချနာက ခရုသင်း သီရိဝစ္ဆဒင်္ဂါးနှင့် လှည်းဘီးသီရိဝစ္ဆဒင်္ဂါး နှစ်မျိုးစလုံးသည် အေဒီ (၃) ရာစုခန့်က ထုတ်လုပ်သုံးစွဲခဲ့သည်ဟု ဆို၏။


ဒွါရာဝတီ အမှတ် (၄) မွန်ဒင်္ဂါး သည် အဝန်း (၂၅) မီလီမီတာရှည်၍ အလေးချိန် (၄၅) ဂရမ် ရှိ၏။ မျက်နှာ ဘက်တွင် စက်ဝိုင်းအတွင်း၌ ဒရယ်တစ် ကောင် လက်ယာဘက်သို့ခြေလှမ်းလှမ်း နေဟန်နှင့် အနားတစ်လျှောက်တွင် ဗိန္ဒု အပြောက်များ ပါရှိ၏။ ဒရယ်ပုံသည် တာရာဏသီပြည် မိဂဒါဝုန်တောတွင် မြတ်စွာဘုရား တရားဟောသည်ကို အကြောင်းပြု၍ ဖော်ပြထားခြင်း ဖြစ်၏။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆထဲ တွင် မိုးကြိုးသွားပါရှိ၏။ လှည်းဘီး သီရိဝစ္ဆဒင်္ဂါးကဲ့သို့ အေဒီ (၃)ရာစုခန့်က အသုံးပြုခဲ့ကြ၏။


ဒွါရာဝတီ အမှတ် (၅) မွန်ဒင်္ဂါး သည် အချင်း (၀. ၂) မီလီမီတာ ရှိ၏။ မျက်နှာဘက်တွင် နွားမက-နွားသားလေး ကို နို့ချိုတိုက်ကျွေးနေပုံ၊ ကျောဘက်တွင် အေဒီ ၇ ရာစု နှောင်းပိုင်း သို့မဟုတ် အေဒီ ၈ ရာစုဦးပိုင်း မွန်အက္ခရာအရေး အသားဖြင့် 'ရှရီဒွါရာဝတီကဝါသပုည' ဟူသောကမ္ပည်းစာပါရှိ၏။ တျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဒွါရာ



www.burmeseclassic.com

www.burmeseclassic.com





ဝတီပြည့်ရှင်၏ အလျှဒါနဟု အဓိပ္ပာယ်ရ၏။

ဒွါရာဝတီ အမှတ် (၆) မွန်ဒင်္ဂါးသည် အမှတ် (၅) မွန်ဒင်္ဂါးကဲ့သို့ အချင်း (၀. ၂) မီလီမီတာ ရှိ၏။ မျက်နှာဘက်တွင် ပန်းအိုးမှ ပန်းနွယ်ပန်းခက်များထိုးထွက်နေပုံ ပါရှိ၏။ ကျောဘက်တွင် အမှတ် (၅) ဒင်္ဂါးအတိုင်း မွန်စာဖြင့် ကမ္ပည်းထိုးထား၏။

■ ကျိုက္ကသာမွန်ဒင်္ဂါး ■

၁၉၈၅ ခုတွင် ရှေးဟောင်းသုတေသနတစ်စုက ကျိုက္ကသာမြို့ဟောင်းကို တူးဖော်ခဲ့၏။ အိုးတစ်ခုတွင် ငွေဒင်္ဂါး (၁၈၈၅) ပြား ရရှိခဲ့၏။ ယင်းဒင်္ဂါးများမှာ အမျိုးအစားအားဖြင့် (၂)မျိုး ရှိ၏။

ကျိုက္ကသာအမှတ် (၁) ဒင်္ဂါး၏ မျက်နှာဘက်တွင် စက်ဝန်းထဲ၌ခရုသင်း၊ အနားတစ်လျှောက် ဗိန္ဒုအပြောက်များ ဝန်းရံထား၏။ သီရိဝစ္ဆအလယ်တွင် လပုံ၊ သီရိဝစ္ဆအထက်တွင် လပုံနှင့် နေပုံ၊ အောက်ဘက်တွင် ငါးကြင်းပုံ ပါရှိ၏။ အေဒီ ၄ ရာစုနှင့် ၅ ရာစုသုံးဒင်္ဂါးဖြစ်၏။

ကျိုက္ကသာအမှတ်(၂) မွန်ဒင်္ဂါး၏ မျက်နှာဘက်တွင် စက်ဝိုင်းထဲ၌ ကာလသာအိုးပုံ၊ အနားတစ်လျှောက်တွင် ဗိန္ဒုအပြောက်များ ဝန်းရံထား၏။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအထက်တွင် နေနှင့် အောက်ဘက်တွင် ဗိန္ဒုအစက် (၃) ခု၊ လယ်ယာဘက်တွင် စကြာပုံ၊ လက်ဝဲဘက်တွင် ဘဒ္ဒပီဌပုံ ပါရှိ၏။

တွေ့ရှိရသည့် ဒွါရာဝတီဒင်္ဂါးတွင်လည်းကောင်း၊ ပျူဒင်္ဂါးတွင် လည်းကောင်း၊ ရခိုင်ဒင်္ဂါးတွင် လည်းကောင်း အိုးသီရိဝစ္ဆဒင်္ဂါးများ လုံးဝမတွေ့ရပေ။ သည့်ကြောင့် အိုးသီရိဝစ္ဆဒင်္ဂါးသည် ရာမညမှ မွန်တို့ သီးခြားသုံးစွဲထုတ်လုပ်ခဲ့သောဒင်္ဂါး ဖြစ်၏။

■ သထုံဒင်္ဂါး ■

သထုံဒင်္ဂါးအမှတ် (၁) မွန်ဒင်္ဂါး၏ မျက်နှာဘက်၏ အလယ်တွင် ခရုသင်းပုံနှင့် အနားတစ်လျှောက် ဗိန္ဒုအစက်အပြောက်များ ဝန်းရံထား၏။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအလယ်တွင် ဝရဇိန်လက်နက်ဟု ယူဆရသော အရာတစ်ခု ပါရှိ၏။ သီရိဝစ္ဆအောက်ဘယ်၊ ညာတစ်ဖက်တစ်ချက်တွင် ဗိန္ဒုအစက်တစ်စက်စီ ပါရှိ၏။


သထုံအမှတ် (၂) မွန်ဒင်္ဂါးသည် မျက်နှာဘက်တွင် သီရိဝစ္ဆအနားတစ်လျှောက်တွင် ဗိန္ဒုအစက်များ ဝန်းရံထား၏။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအလယ်တွင် ဝရဇိန်လက်နက်နှင့် သီရိဝစ္ဆ၏ ညာဘက်ဘေးနှင့် ဘယ်ဘက်ဘေးတွင် ဒင်္ဂါးနှင့်မတူဘဲ တစ်မူထူးခြားနေ၏။ သီရိဝစ္ဆအောက်တွင် ထူးထဲသောမျဉ်းကွေးတစ်ခု ပါရှိ၏။

■ ပဲခူးဒင်္ဂါး ■

ပဲခူးတွင် တွေ့ရှိရသော ဒင်္ဂါးမှာ ခရုသင်းသီရိဝစ္ဆဒင်္ဂါးများ ဖြစ်၏။အမှတ် (၁) ဒင်္ဂါး၏ သီရိဝစ္ဆအလယ်တွင် မီးတိုင်လိုလိုအရာတစ်ခု ပါရှိ၏။ ကျန်ဒင်္ဂါးများ၏အလယ်တွင်ဘာမှမပါရှိချေ။ မျက်နှာဘက်ရှိ ခရုသင်းများမှာလည်း အချို့က အရစ်ပါ၏။ အချို့ကား အရစ်မပါ။

■ ဝင်းကဒင်္ဂါး ■

ဝင်းကအမှတ် (၁) မွန်ဒင်္ဂါး၏ မျက်နှာဘက်တွင် ခရုသင်းနှင့် အနားတစ်လျှောက်တွင် ဗိန္ဒုအစက်များ ဝန်းရံထား၏။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအလယ်တွင် ဝရဇိန်လက်နက်၊ အထက်တွင် နေပုံနှင့် လပုံ၊ အောက်တွင် စက်ဝိုင်းပုံတစ်ခု ပါရှိ၏။



၁၉၈၉ တွင် ကျိုက္ကသာကို တူးဖော်ပြီးနောက် ကျိုက္ကသာဒင်္ဂါးကို ပျူဒင်္ဂါးဟုမပြော၊ ကျိုက္ကသာကိုလည်း ပျူမြို့ဟောင်းဟုလည်းမဆို၊ တူးဖော်သူကိုယ်တိုင်က ပျူနှင့် ခေတ်ပြိုင်ဟုသာ ပြော၏။ နောက်ပိုင်း ပျူမှပျူဖြစ်လာသော ပျူဆရာတို့က တစ်နိုင်ငံလုံးလိုလို တွေ့ရှိသမျှ ဒင်္ဂါးများ၊ လက်ရာအစင်းအကြောင်းပါအုတ်များ၊ ပုတီးစေ့များကို ပျူဒင်္ဂါး၊ ပျူအုတ်၊ ပျူပုတီးစေ့ဟု အတင်းအဓမ္မ သတ်မှတ်ခဲ့ကြ၏။ တွေ့ရှိသမျှ မြင်သမျှတို့ကို ဇွတ်အတင်း ပျူစာရင်း သွတ်သွင်းခဲ့ကြ၏။

အမှန်စင်စစ် ဒွါရာဝတီမှတွေ့ရှိရသော မွန်ဒင်္ဂါး၊ ရာမညဒေသတွင် တွေ့ရှိရသော မွန်ဒင်္ဂါးနှင့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဝတီး၊ မိုင်းမော စသည့် ပျူဒေသများတွင် တွေ့ရှိရသော ဒင်္ဂါးကို ပါ အမှတ်အသားသင်္ကေတများ လွန်စွာ ကွဲပြားခြားနား၏။ ဒွါရာဝတီ၊ မွန်နိုင်ငံနှင့် ရာမညဒေသတွင် တွေ့ရှိရသော ဒင်္ဂါးများသည် ဖော်ပြပါ ပျူဒေသတို့တွင် မတွေ့ရှိရချေ။ သည့်ကြောင့် မွန်ဒင်္ဂါးသည် မွန်ဒင်္ဂါး၊ ပျူဒင်္ဂါးနှင့် ပျူဒင်္ဂါး မွန်ဒင်္ဂါးနှင့် ပျူဒင်္ဂါး ကွဲပြားခြားနားကြောင်း တွေ့ရှိရ၏။

နိုင်ခင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမိန့်လှိုင်(ကျိုက်လတ်)

# ခုနစ်နေ့သားသမီးများအတွက် လာဘ်အချိန်များ

နေ့စဉ်နေ့တိုင်း နံနက်မိုးလင်းလာသည်နှင့် မည်သူမဆို မိမိတို့မိသားစုအတွက် စားဝတ်နေရေးအလို့ငှာ မိမိတို့၏ စီးပွားရေးလုပ်ငန်းဆောင်တာအလိုက် ခေါင်းရွက်ဗျပ်ထိုးမှသည် လုပ်ငန်းကြီးများ လုပ်ကိုင်ကြသူများအပါအဝင် လုပ်ငန်းများလုပ်ကိုင်ကြရာ၌ အဆင်ပြေ တိုးတက်လိုကြပါသည်။ ကြီးပွားလိုကြပါသည်။ ငွေကြေးအဆင်ပြေ၍ အခက်အခဲ အကျပ်အတည်းမရှိဘဲ လာဘ်လာဘရွှင်စေဝင်စေလိုကြပါသည်။ ငွေကြေးကိစ္စများနှင့် လုပ်ငန်းကိစ္စများအတွက် တွေ့ဆုံချိန်းချက်စကားများပြောဆိုကြရသည်။ ဆွေးနွေးညှိနှိုင်းကြရသည်။

ယခုဖော်ပြမည့် **လာဘ်အချိန်**များသည် ရှေးမြန်မာ့ပညာရပ်ဖြစ်သော အင်္ဂဝိဇ္ဇာပညာရပ်မှ လာဘအချိန်များကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုအချိန်အခါများသည် ခုနစ်ရက်သားသမီးများအဖို့ လာဘ်လာဘဝင်နိုင်သော လာဘအချိန်အခါများ ဖြစ်၏။ ထိုအချိန်အခါများတွင် မိမိတို့၏ငွေကြေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများကို အဆင်ပြေကောင်းမွန်ညီညွတ်စေရန် ရွေးချယ်ဆောင်ရွက်နိုင်ပေသည်။ ခုနစ်နေ့သားများအလိုက် လာဘအချိန်များကို အဆင်သင့်ရွေးချယ်ပေးထားပါသည်။ ဉာဏ်ရှိသလို အသုံးပြုကြစေလိုပါသည်။

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အဖျင်းရွာ နန္ဒဝန်ကျောင်းကြီးမှ ဆရာတော်၏ မြွက်ဟမိန့်မှာချက်မှာ-

အင်္ဂဝိဇ္ဇာ၊ နည်းကျယ်စွာကို၊ ဖွေရှာနက်နဲ ကောက်ယူစွဲလော့ ဟူသည်နှင့်အညီ အင်္ဂဝိဇ္ဇာပညာရပ်သည် ဆန်းကြယ်ခဲခက် နဲနက်မိပွာယ် အသွယ်သွယ်သောနည်းတို့နှင့် အကျိုးဝင်သောပညာဖြစ်၍ ဆရာက လက်ထပ်ပြမှသာလျှင် ကြံစရာစခန်းကို ဉာဏ်လမ်းပွင့်မည်ဖြစ်သောကြောင့် နောင်လာနောက်သား ပညာလိုလားကြသူများအား အောက်ဖော်ပြပါ 'သူရဇ္ဇ၊ သောကြ'ဟုဆိုအပ်သော 'ခရာစောက်ပညာ'သည် ဆရာ့ထံ ပညာခံသည့်ကာလ (၃) နှစ်လောက်သင်ရကြောင်းနှင့်တကွ စကြဝဠာတန်ခိုးထွက်မှ အဖိုးအနဂ္ဃ ထိုက်တန်လှပေသည်ဟူ၍ မိန့်တော်မူသည်ကို ထောက်ဆသဖြင့် ဝင်းပညာရှိသည် ကြံလေ့ရှိမှ ကြံအားရှိ၍ ပညာထွန်းကားလေတော့၏။

အင်္ဂဝိဇ္ဇာတွင် တနင်္ဂနွေကို ခရာစောက်တိုင်ထူသော် -

မင်း- ၅ ဇေယျံ (မင်းကုသ-ကိုဆောင်မှ အထက်ကို ထီး၊
ကု - ၂ သုခံ ကောင်းလင့်ရာ) ။ ဆေး၊ ဆောင်ပန်း
သ - ၆ လာဘံ ။ ဆောင်၊

၁ တနင်္ဂနွေ-နံတိုင် ←(ခရာစောက်တိုင်)

ယ - ၄ ဘေးဒဏ်
နှင်းကြမ်း
တိ - ၀ ဒုက္ခံ
စေ - ၃ မရဏံ (စေတီယ-ကိုရှောင်မှ ကြောင်းသင့်စွာ) အောက်ကို မီး၊ ဘေး၊ ရှောင်

အောက်တွင် ခုနစ်နေ့သားသမီးများအတွက် လာဘ်အချိန်များ ဖော်ပြထားပါသည်။

**(၁) တနင်္ဂနွေနေ့သားသမီးများအတွက် လာဘ်အချိန်များ**

တနင်္ဂနွေနေ့ - ညနေ (၃) နာရီမှ ညနေ (၄) နာရီခွဲအတွင်း။
တနင်္လာနေ့ - နံနက် (၁၀) နာရီခွဲမှ နေ့လယ် (၁၂) နာရီအတွင်း။
အင်္ဂါနေ့ - နံနက် (၆) နာရီမှ နံနက် (၇) နာရီခွဲအတွင်း။
ဗုဒ္ဓဟူးနေ့ - နေ့လယ် (၁၂) နာရီမှ နေ့ (၁) နာရီခွဲအတွင်း။
ကြာသပတေးနေ့ - နံနက် (၇) နာရီခွဲမှ နံနက် (၉) နာရီအတွင်း။
သောကြာနေ့ - နေ့လယ် (၁) နာရီခွဲမှ ညနေ (၃) နာရီအတွင်း။
စနေနေ့ - နံနက် (၉) နာရီမှ နံနက် (၁၀) နာရီခွဲအတွင်း ဖြစ်သည်။

**(၂) တနင်္လာနေ့သားသမီးများအတွက် လာဘ်အချိန်များ**

တနင်္ဂနွေနေ့ - နံနက် (၉) နာရီမှ (၁၀)နာရီခွဲအတွင်း။
တနင်္လာနေ့ - ညနေ (၃) နာရီမှ (၄)နာရီခွဲအတွင်း။
အင်္ဂါနေ့ - နံနက် (၁၀) နာရီခွဲမှ နေ့လယ် (၁၂) နာရီအတွင်း။
ဗုဒ္ဓဟူးနေ့ - နံနက် (၆) နာရီမှ နံနက် (၇) နာရီခွဲအတွင်း။
ကြာသပတေးနေ့ - နေ့လယ် (၁၂) နာရီမှ နေ့ (၁) နာရီခွဲအတွင်း။
သောကြာနေ့ - နံနက် (၇) နာရီခွဲမှ နံနက် (၉) နာရီအတွင်း။
စနေနေ့ - နေ့လယ် (၁) နာရီခွဲမှ ညနေ (၃) နာရီအတွင်း ဖြစ်သည်။

**(၃) အင်္ဂါနေ့သားသမီးများအတွက် လာဘ်အချိန်များ**

တနင်္ဂနွေနေ့ - မွန်းလွဲ နေ့(၁)နာရီခွဲမှ ညနေ(၃)နာရီအတွင်း။
တနင်္လာနေ့ - နံနက် (၉) နာရီမှ (၁၀)နာရီခွဲအတွင်း။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါနေ့ - ညနေ (၃) နာရီမှ ညနေ (၄) နာရီခွဲ အတွင်း။

ဗုဒ္ဓဟူးနေ့ - နံနက် (၁၀) နာရီခွဲ မှ နေ့လယ် (၁၂) နာရီအတွင်း။

ကြာသပတေးနေ့ - နံနက် (၆) နာရီမှ နံနက် (၇) နာရီခွဲ အတွင်း။

သောကြာနေ့ - နေ့လယ် (၁၂) နာရီ မှ နေ့ (၁) နာရီခွဲ အတွင်း။

စနေနေ့ - နံနက် (၇) နာရီခွဲမှ နံနက် (၉) နာရီ အတွင်း ဖြစ်သည်။

**(၄) ဗုဒ္ဓဟူးသားသမီးများအတွက် လာဘ်အချိန်များ**

တနင်္ဂနွေနေ့ - နံနက် (၇) နာရီခွဲမှ နံနက် (၉) နာရီအတွင်း။

တနင်္လာနေ့ - နေ့လယ် (၁) နာရီခွဲ မှ ညနေ (၃) နာရီ အတွင်း။

အင်္ဂါနေ့ - နံနက် (၉) နာရီမှ နံနက် (၁၀) နာရီခွဲ အတွင်း။

ဗုဒ္ဓဟူးနေ့ - ညနေ (၃) နာရီမှ ညနေ (၄) နာရီခွဲ အတွင်း။

ကြာသပတေးနေ့ - နံနက် (၁၀) နာရီခွဲ မှ နေ့လယ် (၁၂) နာရီအတွင်း။

သောကြာနေ့ - နံနက် (၆) နာရီမှ နံနက် (၇) နာရီခွဲ အတွင်း။

စနေနေ့ - နေ့လယ် (၁၂) နာရီ မှ နေ့ (၁) နာရီခွဲ အတွင်း ဖြစ်သည်။

**(၅) ကြာသပတေးသားသမီးများအတွက် လာဘ်အချိန်များ**

တနင်္ဂနွေနေ့ - နေ့လယ် (၁၂) နာရီ မှ နေ့ (၁) နာရီခွဲ အတွင်း။

တနင်္လာနေ့ - နံနက် (၇) နာရီခွဲမှ နံနက် (၉) နာရီ အတွင်း။

အင်္ဂါနေ့ - နေ့(၁)နာရီခွဲမှ ညနေ(၃)နာရီအတွင်း။

ဗုဒ္ဓဟူးနေ့ - နံနက် (၉) နာရီမှ နံနက် (၁၀) နာရီ အတွင်း။

ကြာသပတေးနေ့ - ညနေ (၃) နာရီမှ ညနေ (၄) နာရီခွဲ အတွင်း။

သောကြာနေ့ - နံနက်(၁၀)နာရီခွဲမှ နေ့လယ် (၁၂) နာရီ အတွင်း။

စနေနေ့ - နံနက် (၆) နာရီမှ နံနက် (၇) နာရီခွဲ အတွင်း ဖြစ်သည်။

**(၆) သောကြာနေ့သားသမီးများအတွက် လာဘ်အချိန်များ**

တနင်္ဂနွေနေ့ - နံနက် (၆) နာရီမှ နံနက် (၇) နာရီခွဲ အတွင်း။

တနင်္လာနေ့ - နေ့လယ် (၁၂) နာရီ မှ နေ့ (၁) နာရီခွဲ အတွင်း။

အင်္ဂါနေ့ - နံနက် (၇) နာရီခွဲမှ နံနက် (၉) နာရီအတွင်း။

ဗုဒ္ဓဟူးနေ့ - နေ့ (၁) နာရီခွဲမှ ညနေ (၃) နာရီအတွင်း။

ကြာသပတေးနေ့ - နံနက် (၉) နာရီမှ နံနက် (၁၀) နာရီခွဲ အတွင်း။

သောကြာနေ့ - ညနေ (၃) နာရီမှ ညနေ (၄) နာရီခွဲ အတွင်း။

စနေနေ့ - နံနက်(၁၀)နာရီခွဲမှ နေ့လယ် (၁၂) နာရီ အတွင်း ဖြစ်သည်။

**(၇) စနေသားသမီးများအတွက် လာဘ်အချိန်များ**

တနင်္ဂနွေနေ့ - နံနက် (၁၀) နာရီခွဲ မှ နေ့လယ် (၁၂) နာရီအတွင်း။

တနင်္လာနေ့ - နံနက် (၆) နာရီမှ နံနက် (၇) နာရီခွဲ အတွင်း။

အင်္ဂါနေ့ - နေ့လယ် (၁၂) နာရီ မှ နေ့ (၁) နာရီခွဲ အတွင်း။

ဗုဒ္ဓဟူးနေ့ - နံနက် (၇) နာရီခွဲမှ နံနက် (၉) နာရီ အတွင်း။

ကြာသပတေးနေ့ - နေ့ (၁) နာရီခွဲမှ ညနေ(၃)နာရီအတွင်း။

သောကြာနေ့ - နံနက် (၉) နာရီမှ နံနက် (၁၀) နာရီခွဲ အတွင်း။

စနေနေ့ - ညနေ (၃) နာရီမှ ညနေ (၄) နာရီခွဲ အတွင်း ဖြစ်သည်။

ခုနစ်နေ့သားသမီးများ 'လာဘ် အချိန်' ကို အသုံးချ၍ စီးပွားတိုးတက် ကြွယ်ဝချမ်းသာကြီးပွားကြပါစေ။

အင်္ဂဝိဇ္ဇာတိုင်၏ အထက်သုံးလုံး 'မင်း၊ ကု၊ သ ကို ဆောင်' မှ ကောင်းသင့်ရာ၊ အောက်သုံးလုံး 'စေ၊ တီ၊ ယ ကို ရှောင်မှ ကြောင်းသင့်စွာ' ဟူသည် တစ်ချက်။

အထက်-ထီး၊ အောက်-မီး ဟူသည် ကတစ်ချက်၊ အထက်-ဆေး၊ အောက်-ဘေး ဟူသည် တစ်ချက်၊ အထက်-ဆောင်ပန်း၊ အောက်-နင်းကြမ်း ဟူသည် တစ်ချက်။

တနင်္ဂနွေကို ပမာပြု၍ အင်္ဂဝိဇ္ဇာ ခရာစောက်တိုင်ထူသော် -

| | | | | | |
|---|---|---|---|---|---|
| ဆေး | ၅ | မင်း | → ဧယျံ | အထက်-ဆောင်ပန်း | ၅ → ပဥ္စပွတ် |
| | ၂ | ကု | → သုခံ | ဆောင်ရန် | ၂ → အညွန့် |
| | ၆ | သ | → လာဘံ | လာဘံ | ၆ → ဆပွတ် |
| | ၁ | **တနင်္ဂနွေတိုင်** | | မူလအချာဂြိုဟ် | ၁ **နံတိုင်** |
| ဘေး | ၄ | ယ | ဘေးဒဏ် | အောက်နင်းကြမ်း | ၄ → စတုရန်း |
| | ၀ | တီ | ဒုက္ခံ | ရှောင်ရန် | ၀ → အမြစ် |
| | ၃ | စေ | မရဏံ | | ၃ → တြိရန်း |

ညဏ်အစွမ်းဖြင့် လာဘ်ပန်းများ ပွင့်လန်းကြပါစေ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)




www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ ခရီးအသွားဆုံး ခရီးသည်များရှိကြပါသည်။ မရပ်တမ်း၊ မနားတမ်း၊ အဆက်မပြတ် လှည့်လည်သွားခြင်းမျိုး ဖြစ်ပေသည်။ ထိုခရီးကို သွားချင်သည်ဖြစ်စေ၊ မသွားချင်သည် ဖြစ်စေ၊ လှည့်ပတ်သွားလာနေကြရပါသည်။ မည်သည့်နည်းမျိုးစုံဖြင့် ရပ်နားခိုင်းလို့လည်း မဖြစ်နိုင်ပါ။ ပုံသဏ္ဌာန်အမျိုးမျိုး၊ ဘဝအမျိုးမျိုးတို့ဖြင့် သွားနေကြပါသည်။

မည်သို့သောသူများ ဖြစ်နိုင်ပါသနည်း။


ထိုမေးခွန်း၏ အဖြေမှာ ကျွန်မအပါအဝင် လူသတ္တဝါအပေါင်းတို့သည်





www.burmeseclassic.com

www.burmeseclassic.com



(ပေါင်းတည်)

တင်တင်ဦး

# ရေတံခွန်တောင်ပေါ်မှ ထူးဆန်းသောရေတစ်ခွက်

[illegible]သာရာခရီးရှည်ကြီးကို မရပ်မနားတမ်း [illegible]လှည့်လည်သွားလာနေကြသူများ ဖြစ် [illegible]ပြီး ဒုက္ခ၊ သုခအမျိုးမျိုးတို့ကို ရင်ဆိုင်ကြုံတွေ့နေရသူများ ဟူသော အဖြေဖြစ်ပါသည်။ ဝိပဿနာကျင့်စဉ်အရသာလျှင် သံသရာစက်ဝိုင်းမှ လွတ်ကင်းနိုင်ပေလိမ့်မည်။

ထိုသို့ ဘဝသံသရာခရီးကို လျှောက်လှမ်းနေကြရာတွင် ထူးဆန်းလှသည့် တိုက်ဆိုင်မှုများ၊ အံ့ဩစရာကောင်းလှသည့် ဖြစ်ရပ်ဆန်းများကို အချို့သူများ တွေ့ကြုံခံစားမိကြမည်ဟု ထင်ပါသည်။

အချို့သူများမှာ တစ်ခုခုကို စိတ်ထဲမှတောင့်တလိုက်သည်နှင့် တိုက်ဆိုင်စွာ ထိုတောင့်တချက်များ ပြည့်ဝသွားသည်ကို ကြုံဖူးသူများရှိကြပေလိမ့်မည်။ ဥပမာဆိုပါစို့ ခုနေခါများ ခေါက်ဆွဲကြော်လေးစားရလျှင် ကောင်းမှာပဲဟု စဉ်းစားလိုက်သည်နှင့် မရှေးမနှောင်းမှာ ခေါက်ဆွဲကြော်ကို ရရှိတတ်ပါသည်။ တစ်စုံတစ်ယောက်က ပေး၍ဖြစ်စေ၊ ဝယ်၍ဖြစ်စေ မိမိထံရောက်ခြင်းမျိုး ဖြစ်ပါသည်။

ထိုနည်းတူစွာ အခြားတိုက်ဆိုင်မှုများလည်းရှိတတ်ပါသည်။

တစ်ခုသော နွေရာသီမှာ ကျွန်မနှင့် သူငယ်ချင်းဖြစ်သူ ဒေါ်မြင့်မြင့်ကြည်တို့သည် တက္ကသိုလ်ဝင်တန်းအဖြေလွှာများ စစ်ဆေးပြီး အားလပ်ရက်တွင် သူငယ်ချင်း အလုပ်လုပ်ကိုင်ခဲ့ဖူးသော (နေပြည်တော်)တပ်ကုန်းမြို့သို့ မီးရထားဖြင့် သွားရောက် လည်ပတ်ခဲ့ပါသည်။

၁၉၉၄ ခုနှစ်၊ မေလလောက်ခန့်ဖြစ်၍ ရာသီဥတုပူပြင်းလှသော်လည်း (နေပြည်တော်) တပ်ကုန်းမြို့ကို ရောက်သွားသောအခါ သူငယ်ချင်း၏ တပည့်ဟောင်းများ၊ အသိမိတ်ဆွေများ၏ပျူငှာစွာ ကြိုဆိုညေ့ခံမှုကြောင့် စိတ်နှလုံးအေးချမ်းခဲ့ပါသည်။

ထိုမိတ်ဆွေများကိုလည်း ရထားလမ်းခရီးမှာ ကျွန်မတို့တွေ့ကြုံခဲ့ရသည့် ထူးဆန်းသော ဖြစ်ရပ်မှန်တစ်ခုကို ထပ်မံပြောဆိုမိပါသည်။

မီးရထားစီးလာ[illegible] နေ့လယ်ပိုင်းအချိန် ပါလာသည့် [illegible]င်းများ စားသောက်ပြီး မျက်နှာချင်းဆိုင်မှာထိုင်နေသူများနှင့် အပြန်အလှန်စကားပြောဖြစ်ကြပါသည်။ ထိုအခိုက်မှာ ကျွန်မက သူငယ်ချင်းဘက်လှည့်ပြီး ဖြစ်ချင်သောဆန္ဒတစ်ခုကို ပြောပြလိုက်မိပါသည်။

"အခုနေများ ပီတောက်ပန်းလေးတွေ ပန်ချင်လိုက်တာကွယ်။ လိုချင်လိုက်တာ"

သူငယ်ချင်းကလည်း -

"အေးလေ၊ ရရင်ကောင်းတာပေါ့"

ဟု ပြန်ဖြေရင်း နှစ်သိမ့်ပေးလိုက်ပါသည်။

သို့နှင့် နာရီဝက်ခန့်အကြာတွင် ကျွန်မမျက်နှာကို တစ်စုံတစ်ခုက ပြင်းထန်စွာ ရိုက်ပုတ်သလိုဖြစ်သွားပါတော့သည်။ ကျွန်မလည်း လမ်းဘေးက ပစ်လိုက်သည့်ခဲထိပြီဟု တွေးကာ မျက်နှာကို အုပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာကြီးပါလိမ့်"

ခဏအကြာမှာ ကျွန်မမျက်လုံးကို မရဲတရဲဖွင့်ကြည့်လိုက်ရာ အလွန်အံ့သြစရာကောင်းသောပစ္စည်းတစ်ခုကို ကျွန်မပေါင်ပေါ်မှာ အလိုက်သင့်တင်ထားသလို တွေ့လိုက်ရပါသည်။

အလွန် လှပမွှေးကြိုင်ပြီး လန်းဆန်းနေသည့် ပိတောက်ပန်းအခိုင်လိုက်အစည်းကြီးတစ်ခုဖြစ်နေပါသည်။

လက်တွေ့မှယုံတတ်သော ကျွန်မသည် ချက်ချင်းပင် ရထားပြတင်းပေါက်မှ ခေါင်းကိုထုတ်၍ နံဘေးပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်ပါသည်။

တစ်ဦးတစ်ယောက်ကများ ရထားတွဲထဲသို့ ပိတောက်ပန်းစည်းကို ပစ်သွင်းလိုက်လေသလား ဟူသော အတွေးဖြင့် ကြည့်လိုက်ရာတွင် လျှင်မြန်နေသည့် မီးရထားကြီးမှ လှမ်းကြည့်ရင်း စပါးရိတ်သိမ်းပြီးစအချိန်ဖြစ်၍ ရိုးပြတ်များထိုးထိုးထောင်ထောင်ရှိနေသည့် လယ်ကွင်းများကို မျက်စိတစ်ဆုံးတွေ့မြင်ရပါသည်။ သစ်ပင်လေးတစ်ပင်၊ နှစ်ပင်ကို လှမ်းမြင်လိုက်ရပါသည်။ မြင်ကွင်းက ရှင်းလင်းလှပါသည်။ လူတစ်ဦးတစ်ယောက်မှမတွေ့ရသဖြင့် ရထားလမ်းနံဘေးမှ ရထားတွဲထဲသို့ ပိတောက်ပန်းစည်းပစ်ပေးမည့်သူရှိလောက်မည်မထင်ပါ။

ဤသို့လျှင် ကျွန်မထံသို့ ပိတောက်ပန်းစည်းပေးသူမည်သူဖြစ်နိုင်ပါသနည်း။ ဒီလောက်လှပသည့်ပန်းများ အဘယ်ကြောင့်ရောက်ရပါသနည်း ဟူသော မေးခွန်းများက ကျွန်မစိတ်ထဲမှာ တစ်ခုစီပေါ်ပေါက်လာပါသည်။အဖြေရှာမတွေ့ပါ။ ထူးဆန်းသည့်ဖြစ်ရပ်ကြောင့် အံ့သြမိပါသည်။ ရှေ့ခုံတန်းမျက်နှာချင်းဆိုင်ထိုင်နေသည့် ခရီးသည်များလည်း အံ့သြစွာပင် ဤသို့မှတ်ချက်ချကြပါသည်။

"အံ့သြစရာကြီးပါလားဗျာ၊ အန်တီတို့ပြောလို့မှမကြာသေးဘူး၊ ဒီပန်းက လှလှပပလေးကို ရောက်လာတာပါပဲလား။ သူတော်ကောင်းတစ်ယောက်ပေးတယ်လို့ပဲ မှတ်ရတော့မယ်"

မည်သို့ပင်ဖြစ်စေကာမူ ကျွန်မမှာ ပိတောက်ပန်းလေးကို ပန်ဆင်နိုင်ခဲ့ပြီး နံဘေးမှ မိန်းကလေးများကိုပါ ဝေငှပေးနိုင်ခဲ့ပါသည်။

(နေပြည်တော်) တပ်ကုန်းမြို့သို့ ရောက်ပြီး သူငယ်ချင်းဖြစ်သူ၏ တပည့်တစ်ယောက်အိမ်၌ တည်းခိုကြပါသည်။ အလွန်ပျူငှာဖော်ရွေသောအိမ်သားများ ဖြစ်ပါသည်။

တစ်နေ့သောညနေစောင်း မိုးဖွဲဖွဲလေးရွာနေစဉ် အသိမိတ်ဆွေအိမ်သို့ သွားရောက် လည်ပတ်ခဲ့ပြီးအပြန်မှာ သူငယ်ချင်းက ယခင်နေခဲ့ဖူးသော အိမ်တစ်အိမ်ကို ညွှန်ပြပြီး -

"အဲဒီအိမ်က အဘွားကြီးပေါ့ကွာ။ ကိုယ်နေခဲ့စဉ်တုန်းက အတော်ကိုဇီဇာကြောင်တာကွ။ ကိုယ်လည်းအခြားအိမ်ကိုပြောင်းသွားရတာပေါ့"

ဟု ဆိုပါသည်။

ထိုအခါ ကျွန်မက ထိုအိမ်လေးကို လက်ညှိုးထိုးပြီး ရယ်မောစရာအနေဖြင့် -

"အဲဒီအိမ် မင်းကိုစိတ်ညစ်အောင်လုပ်ခဲ့တယ်ပေါ့။ ကြည့်နေပါ၊ အဲဒီအိမ် မီးလောင်လိမ့်မယ်"

လွန်ခဲ့သော အနှစ် (၂၀)ကျော်က ကိစ္စကို ရယ်စရာအဖြစ်ပြောမိပါသည်။ ညပိုင်းရောက်သောအချိန်၌ -

"မီး၊ မီး"

"လာကြပါဦး"

ဟု အော်သံကြားရပါသည်။

ဖြစ်ချင်တော့ တည်းခိုသောတိုက်အိမ်နှင့် ထိုအိမ်မှာ မျက်စောင်းထိုးဖြစ်နေပါသည်။

ကျွန်မတို့လည်း အိမ်ရှင်မိသားစုနှင့်အတူ အပေါ်ထပ်ဝရန်တာမှ လှမ်းကြည့်ရာ လူတစ်စုမီးငြိမ်းသတ်နေသည်ကို မြင်ရပါသည်။

ခဏကြာသော် မီးငြိမ်းသွားသည်ဟုသိရပြီး အိပ်ရာသို့ဝင်ကြပါသည်။

နံနက်ရောက်သော် ထိုအိမ်လေး၏ခြံစည်းရိုးအပေါ် မီးလောင်ထားသည့် မွေ့ရာနှင့် စောင်များလှန်းထားသည်ကို တွေ့ရပါသည်။

အိမ်ရှင်များ ပြောချက်အရ ထိုအိမ်လေးမှ အပျိုမလေးသည် ရည်းစားစာကို ဖယောင်းတိုင်ထွန်းရေးရာစဉ် သူအစ်ကိုမြင်သွားသဖြင့် ဖယောင်းတိုင်ကိုမီးမှုတ်ပြီး သေတ္တာထဲ ထိုးထည့်လိုက်သည်ဟု သိရပါသည်။ မီးပျက်သောကာလမို့ ဖယောင်းတိုင်ကို အားကိုးနေရချိန်ဖြစ်ပါသည်။

ဖယောင်းတိုင်မီးစာက မငြိမ်းဘဲ သေတ္တာထဲရှိ စောင်၊ ခေါင်းအုံး စသည်တို့ကို တငွေ့ငွေ့ဖြင့်မီးထလောင်ခြင်းဖြစ်ကြောင်း ကြားရပါသည်။

ထူးဆန်းသည့်တိုက်ဆိုင်မှုဟု ဆိုနိုင်ပါသည်။

တစ်နှစ်သော နွေရာသီကာလ သင်္ကြန်ရောက်ခါနီးအချိန်မှာ ကျွန်မ၏ သူငယ်ချင်းဖြစ်သူ မသန်းသန်းမြင့်က သူ့စိတ်ကူးကို ပြောလာပါသည်။

သူ့အစီအစဉ်မှာ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်နှင့် မလှမ်းမကမ်းရှိ ရေတံခွန်တောင်သို့ သွားပြီး ခင်ပွန်းနှင့် သားနှစ်ယောက်ကို ပဋ္ဌာန်းခံ၊ ကိုရင်ဝတ်စေလိုသည့် အစီအစဉ်ဖြစ်ပါသည်။

"ကိုယ်တို့ မန္တလေးကိုသွားမယ်။ ပြီးတော့ ရန်ကင်းတောင်ကိုသွားမယ်။ အဲဒီကမှ ရေတံခွန်တောင်ကို ကားငှားပြီးသွားတော့ပေါ့။

သူ့ဆွေမျိုးတွေလည်းပါမယ်လေ။ အဲဒီတော့ မင်းရော မိကြည်ပါ လိုက်ခဲ့ပါလား"

ဟု ဆိုပါသည်။

ဒေါ်မြင့်မြင့်ကြည်ကတော့ နေမကောင်းသဖြင့် မလိုက်နိုင်ခဲ့ပါ။ သို့နှင့် ကျွန်မနှင့် သူငယ်ချင်း မသန်းသန်းမြင့် မိသားစုတို့ မန္တလေးကို ရောက်ရှိခဲ့ပါသည်။ ထိုမှတစ်ဆင့် ရေတံခွန်တောင်သို့ ပထမဦးစွာ သွားရောက်ပြီး ဆရာတော်ကြီးကို ရဟန်းခံ၊ ရှင်ပြုခွင့်ပြုပါမည်အကြောင်း လျှောက်ထားရာ ဆရာတော်က ခွင့်ပြုပါသည်။

လိုအပ်သည့် ဆန်၊ ဆီ၊ ဆား၊ ဟင်းချက်စရာများကို လုံလောက်အောင် ဝယ်ယူစုဆောင်းပြီး ရေတံခွန်တောင်ပေါ်သို့ သီးသန့်တစ်ခေါက်ပို့ပေးပါသည်။ လူအုပ်စုက နောက်မှ လိုက်သွားပါသည်။ လူအင်အားမှာ နှစ်ဆယ်မျှရှိရာ ပျော်ရွှင်စရာကောင်းသည့် အလှူပွဲတစ်ခုဟု ဆိုနိုင်ပါသည်။

ထိုခရီးစဉ်တွင် ကျွန်မအတွက် အလွန်ထူးဆန်းသောအတွေ့အကြုံများ ဖြစ်ရပ်မှာဖြစ်လာမည်ဟု မသိခဲ့ပါ။

ရေတံခွန်တောင်ဆရာတော်ကြီးမှာ ဘဒ္ဒန္တ ခေမာစာရဖြစ်ပြီး ၎င်းအချိန်က သက်တော် (၇၀) ခန့်ရှိပါသည်။ ရန်ကုန်မြို့ရှိ မီးရထားဝန်ထမ်းများနှင့် အခြားဒကာများအိမ်သို့ ကြွရောက်တတ်ပါသည်။ အလှူ့ရှင် သူငယ်ချင်း၏ ထပ်ဆင့်ပြောပြချက်အရ ပယောဂနှောင့်ယှက်မှုကြောင့် ခေါင်းစောင်းနေသည့်လူနာကို အမြတမ်းကိုင်ဆောင်ထားသည့် တောင်ဝှေးဖြင့် အသာလေးရိုက်ကာ 'ပြန်ကောင်းတော့'ဟု ဆိုလိုက်ရုံဖြင့် အကောင်းဖြစ်သွားသည်ဟုသိရပါသည်။ ဝေဒနာရှင်မှာ ပယောဂဟု မသိဘဲ ဆေးရုံ၊ ဆေးခန်းသွားပြရာတွင် မသက်သာခဲ့ပါ။

ဆရာတော်၏ ထူးဆန်းသော ကုသမှုကြောင့် ရောဂါပျောက်ကင်းပြီး စောင်းနေသောခေါင်းမှာ နဂိုအတိုင်း ပြန်တည့်သွားပါသည်။

ရေတံခွန်သို့ရောက်ပြီး နောက် တစ်ရက်မနက်စောစောအချိန်မှာ ထမင်း



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်သောပစ္စည်းများဝယ်ယူရန် မန္တလေးသို့ကူးခဲ့ပါသည်။ ကျွန်မနှင့် သူငယ်ချင်းအပြင် သူ၏ မိတ်ဆွေအမျိုးသမီးသုံး၊ လေးယောက်တို့ မန္တလေးမှာပစ္စည်းဝယ်ပြီး ရန်ကင်းတောင်သို့ ကားငှားလာခဲ့ပါသည်။ တောင်ခြေမှတစ်ဆင့် ရေတံခွန်တောင်သို့ မြင်းလှည်းဖြင့်သွားရန် မြင်းလှည်းနှစ်စီးငှားပြီး လှည်းပေါ်ထိုင်နေစဉ် ရုတ်တရက် မြင်းလှည်းဘီးကကျွတ်သွားသဖြင့် ထိုင်နေသူ ကျွန်မတို့မှာ လှည်းပေါ်ပက်လက်နီးပါးလဲပြန်ပါတော့သည်။

ဘေးမှလူအများက စိုးရိမ်တကြီးပြေးလာပြီး မြင်းလှည်းကို ပြန်ထူလိုက်ကြသောကြောင့် ကျွန်မတို့ လှည်းပေါ်မှ ဆင်းလာနိုင်ပါသည်။

ထိုမြင်းလှည်း၏ လှည်းဘီးမှာ ကျွတ်လုနီးပါး လန်ထွက်နေရာ ဘေးတိုက်လဲမကျသည်ပင် ကံကောင်းလှပါသည်။ သို့နှင့် မြင်းလှည်းတစ်စီးထပ်ငှားပြီး တောင်ပေါ်သို့ ပြန်လာခဲ့ကြပါသည်။

သက်သတ်လွတ်နယ်မြေဖြစ်သည့်အတွက် ဟင်းသီးဟင်းရွက်၊ သီးနှံနှင့် ပဲအမျိုးမျိုးတို့ကို ချက်ပြုတ်ထားသည်မှာ ဟင်းချက်အလွန်ကောင်းသည့် ဒေါ်ရင်ဟူသော(အမည်ပြောင်း)အမျိုးသမီးကြီး၏ ဦးဆောင်ချက်ပြုတ်မှုကြောင့် စား၍ အလွန်ကောင်းပါသည်။ ပုဏ္ဏားလူမျိုးဟု ဘေးမှလူအများပြောသံကြားပါသည်။ ထိုအမျိုးသမီးသည် ကျွန်မတို့ရောက်ခဲ့သည့် လွန်ခဲ့သော အနှစ်၊ သုံးဆယ်လောက်က အသက်ငါးဆယ်ကျော်ရှိမည်ဟု ခန့်မှန်းရပါသည်။ ကျွန်မတို့ထက် အသက်ပါကြီးပါသည်။

ထိုအမျိုးသမီး၏ပယောဂဝေဒနာများကို ဆရာတော်က ကုသပေး၍ ပျောက်ကင်းသွားသောအခါ မန္တလေးရှိ ခင်ပွန်း၊ သားသမီးများထံမနေတော့ဘဲ ဆရာတော်ထံမှာ အလုပ်အကျွေးပြုနေသူဟုသိရပါသည်။ သူ့မိသားစုက သူ့ဆီကို လာလည်လေ့ရှိသည်ဟု ဆိုပါသည်။ အသားညိုညို၊ အရပ်ခပ်ပုပု၊ ခပ်ဝဝနှင့် ပြုံးရွှင်သော မျက်နှာပိုင်ရှင် ဒေါ်ရင်မှာ မည်မျှပင် အလုပ်များသော်လည်း တက်ကြွစွာ လုပ်ကိုင်နေတတ်သည်ကို တွေ့ရပါသည်။

ရေမှာ အလွန်ပေါများပြီး သန့်ရှင်းအေးမြလှပါသည်။ တောင်ပေါ်မှာ စီးဆင်းလာသည့်စမ်းရေများကို သံပိုက်လုံးများ၊ ဝါးလုံးကြီးများနှင့် သွယ်တန်းသယ်ဆောင်ကာ ဟင်းချက်စားဖိုဆောင်အနီးရှိ အုတ်ရေကန်ငယ်အတွင်းသို့ ရေများစီးဝင်စေပါသည်။ ရေကန်ငယ်အားအမြင့်နှစ်ပေမျှရှိပြီး ဆယ့်ငါးပေပတ်လည်ခန့် အုတ်နံရံကာထားပါသည်။ ထုံးမာတ်ရှိ၍ထင်ပါသည်။ ရေကန်ငယ်၏ အတွင်းဘက်နံရံတစ်လျှောက် ထုံးကျောက်ဖြူဖြူဖွေးဖွေးများ ကပ်နေပါသည်။ ရေကန်ငယ်ကို ပိုမိုခိုင်မာအောင် ပြုလုပ်ထားသကဲ့သို့ဖြစ်နေပါသည်။

ရေတံခွန်တောင်ပေါ်တွင် ဆရာတော်ကြီးတစ်ပါးသာ သီတင်းသုံးတော်မူသည့် နှစ်ထပ်ကျောင်းဆောင်ငယ်တစ်ခု ရှိပါသည်။ ထိုကျောင်းဆောင်အပေါ်ထပ်နှင့် တစ်ဆက်တည်း ပေ(၄၀)×ပေ(၆၀) ခန့်ကျယ်သော ဓမ္မရုံကြီးတစ်ခုရှိရာ ကြည်ညိုစရာကောင်းလှပါသည်။ ဘုရားကျောင်းဆောင်တစ်ခု ပူဇော်ထားရှိပါသည်။ ဘေးပတ်ဝန်းကျင်တွင် လှပစိမ်းစိုနေသောပန်းပင်များဖူးပွင့်လျက်ရှိရာ အလွန်စိတ်နှလုံးကြည်နူးဖွယ်ကောင်းလှသည့်နေရာတစ်ခုဖြစ်ပါသည်။ မလှမ်းမကမ်းနှင့် ထရံကာကျောင်းငယ်လေးများ၊ ခနိုမိုး-ထရံကာကျောင်းလေးများ (၁၀) ကျောင်းခန့် တွေ့ရပါသည်။ ဦးပဉ္စင်းများနှင့် ကိုရင်များ သီတင်းသုံးနေထိုင်ကြပါသည်။

တောင်ပေါ်အတက်လမ်းဝင်ပေါက်အနီး ငြိမ်းချမ်းသာယာသဖွယ်ဖြစ်နေသော တိုက်ကျောင်းတစ်ခုရှိသည်။ ထိုကျောင်းမှာ ခရီးသွားများ နားနေတည်းခိုရာဖြစ်ပြီး ခေါင်းရင်းရှိ စတိုခန်း၌ ဟင်းချက်စရာများ၊ ဆရာတော်ကြီးအတွက် ဟောလစ်၊ အိုဗာတင်း၊ မိုင်လို စသည့် လှူဒါန်းပစ္စည်းများကို စနစ်တကျ သိမ်းဆည်းထားသည်ကို တွေ့ရပါသည်။

တိုက်ကျောင်း၏ခေါင်းရင်းဘက် မြေနေရာလွတ်တွင် ခေတ်မီစေတီတစ်ဆူရှိပြီး ထိုစေတီလေး၏အနီးတွင်လိုဏ်ဂူရှိပါသည်။ ထိုလိုဏ်ဂူသည် ရေတံခွန်တောင်ဆရာတော် တစ်ပါးတည်းရှိစဉ်အချိန်က တရားကျင့်နေရာဖြစ်သည်ဟု သီတင်းသုံးလျက်ရှိသော ရဟန်းတစ်ပါးက ပြောပြပါသည်။

ဆရာတော် တရားကျင့်နေစဉ်မှာပင် မျက်နှာချင်းဆိုင် မြေသားမျက်နှာပြင်မှ ကြီးမားလှသည့်မီးလုံးကြီးတစ်လုံးတိုးထွက်လာပြီး အပြင်သို့တက်သွားပါသည်။ ဆရာတော်ကို မထိပါ။ ထိုမီးလုံးကြီးနောက်မှ ရေများပန်းထွက်လာသည်ဟု သိရပါသည်။ ထိုဂူ၏မြေသားများမှာ အလွန်နူးညံ့ဝါဝင်းနေပြီး အချို့က သနပ်ခါးအဖြစ် အနည်းငယ်လိမ်းသည်ဟု ဆိုပါသည်။

ရဟန်းခံအလှူပွဲပြီး နောက်နှစ်ရက်အကြာ၌ အလှူရှင် ဦးပဥ္စင်းက သူ၏ဒကာမနှင့် ကျွန်မတို့ကို သူကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်တစ်ခုကို ယခုကဲ့သို့ပြောပြခဲ့ပါသည်။

"ညတုန်းကပေါ့ဗျာ၊ လသာသာမှာ အိပ်မပျော်တာနဲ့ ဦးပဥ္စင်းတို့တဲကျောင်းကလေးရဲ့ ကဲလားကိုဖွင့်ပြီး အပြင်က တောတောင်ရှုခင်းကိုကြည့်လိုက်မိတာပေါ့။ ကျုပ်ရဲ့သားလည်း နိုးနေတော့ သူလည်း ပတ်ဝန်းကျင်ကို ကြည့်နေလိုက်ကြတယ်။ ဟိုဘက်ပိုင်း၊ ဒီဘက်ပိုင်းတွေမှာဗျာ ဘယ်နေရာကိုကြည့်ကြည့် တောင်တန်းကြီးတွေကိုပဲ မြင်ရတယ်။ အဲဒီတောင်တန်းတွေကို ကျော်သွားရင်တော့ ရှမ်းပြည်နယ်စပ်ကို ရောက်တယ်လို့ ကြားတယ်လေ။ အဲဒါနဲ့ လသာသာမှာ တောတောင်ရှုခင်းတွေကို ကြည့်နေတုန်း 'ရှဲ ရှဲ ရှဲ ရှဲ' ဆိုတဲ့ အသံကြီးကို ကြားလိုက်ရတယ်။ ကျုပ်တို့သားအဖလည်း ဘာပါလိမ့်ဆိုပြီး ဟိုဘက်ဒီဘက်ကို လိုက်ကြည့်မိတာပေါ့။

တွေ့ပါပြီ - မြွေကြီးတစ်ကောင်၊ အတော့်ကိုကြီးတယ်ဗျ။ ရှည်တာကလည်း ရှည်သေး၊ ဒီကောင်ကြီးက သစ်ပင်တွေကို တိုက်ချပြီး တောင်ကြောပေါ်ကဆင်းနေတာကိုး။ သူက တွေးကောက်ပြီး ဆင်းလာတော့ ကျုပ်တို့ဆီများ လာလေမလားဆိုပြီး ကြောက်လိုက်တာဗျာ။ သူ့မျက်လုံးကြီးတွေက ထူးဆန်းတယ်ဗျ၊ နီရဲနေတာပဲ။ သူက ကျုပ်တို့ကို ဂရုပြုမိမယ်မထင်ဘူးလေ။ သူ့ဘာသာသူလျှောဆင်းသွားပြီး ဟိုးဘက်တောင်ခြေဘက်ကို သွားလေရဲ့။ ကြောက်စရာကောင်းလိုက်တာဗျာ"

ထိုစကားကို ကြားလိုက်ရသော ကျွန်မတို့အုပ်စုမှာ မမြင်လိုက်ရသည့် မြွေကြီးကို စိတ်ကူးဖြင့်ပုံဖော်ပြီး ကြောက်မိပါသည်။

ရေတံခွန်တောင် ဆရာတော်ကြီးကို မြွေကြီးအကြောင်း လျှောက်ထားခဲ့ရာ ဆရာတော်ကြီးက -

"သူ့လမ်းသူသွားတာပါ။ မစိုးရိမ်ကြနဲ့"

ဟု မိန့်ပါသည်။

တောင်တော်ပေါ်တွင် ဓမ္မာရုံကြီးနှင့် မနီးမဝေးရှိ ကျောင်းဆောင်ပေါ်မှာ ရုပ်တုကြီးသုံးခုကို တစ်တန်းတည်းထားသည်ကို မြင်ခဲ့ရပါသည်။ အဘဘိုးဘိုးအောင်၊ ရေတံခွန်တောင်ဆရာတော်နှင့် အဘဘိုးမင်းခေါင်ရုပ်တုများ ဖြစ်ကြပါသည်။

မနက်စာစားပြီးချိန်၊ ဆရာတော်လည်း ဆွမ်းဘုဉ်းပေးပြီးချိန်မှာ ဆရာတော်ကြီးရှေ့မှောက်မှာ စုဝေးနေကြပြီး



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်၏ဆုံးမစကား၊ တရားစကားများကို မှတ်သားနာယူကြပါသည်။

ထိုအချိန်မှာ သူငယ်ချင်းဖြစ်သူ အလှူရှင်က ဆရာတော်ကြီးကို သူသိချင်သည့် အကြောင်းအရာတစ်ခုကို လျှောက်ထားပါသည်။

"အရှင်ဘုရား၊ တပည့်တော်ရဲ့ ဖခင်ဟာ လွန်ခဲ့တဲ့နှစ်အတော်ကြာက အိမ်ကထွက်သွားပြီးကတည်းက ပျောက်သွားခဲ့ပါတယ်။ အခုအထိ ဘာမှမသိရတော့ သေလား၊ ရှင်လား မသိတော့ပါဘူးဘုရား။ သေပြီလို့လည်း ယူဆမိပါတယ်"

ဟု လျှောက်လိုက်ပါသည်။

ထိုအခါ ဆရာတော်ကြီး ဘုရားခန်းအနီးရှိ နေရာတစ်ခုမှာ ပက်လက်ကုလားထိုင်ဖြင့် ထိုင်နေရာက ဒေါ်ရင်ကို အခေါ်ခိုင်းလိုက်ပါသည်။

ဒေါ်ရင် ပုဆစ်တုပ်ထိုင်လိုက်ပြီး ဆရာတော်ကို ရှိခိုးလျက်အနေအထားဖြင့် ဝတ်ပြုနေပါသည်။ ဆရာတော်က တောင်ဝှေးဖြင့် ကြမ်းကိုထောက်ကာ-

"ကဲ-ပျောက်ဆုံးသွားခဲ့တဲ့ဦး(--) အခုဘယ်ကိုရောက်နေသလဲ။ အခုလာခဲ့ပါ"

ဟု မိန့်ပါသည်။

အလွန်ထူးဆန်းလှသည့် ဖြစ်ရပ်ကို ကျွန်မ တွေ့မြင်လိုက်ရပါသည်။

ဆရာတော်ကြီးကို ရှိခိုးနေသော ဒေါ်ရင်သည် တဖြည်းဖြည်းယိမ်းယိုင်လှုပ်ရှားလာကာ တောင်ဝှေးကိုထောက်နေသည့် ပုဂ္ဂိုလ်တစ်ပါးအသွင်ကို တွေ့ရပါတော့သည်။

ဆရာတော်က -

"ရောက်ပြီလား၊ အခု ဘယ်ဘဝကို ရောက်နေသလဲ"

ဟု မေးရာ ထိုပုဂ္ဂိုလ်က -

"အခု တပည့်တော် ရုက္ခစိုးဖြစ်နေပါပြီဘုရား"

ဟု လျှောက်ပါသည်။ ဒေါ်ရင်နဂိုအသံမဟုတ်ဘဲ အဘိုးအိုတစ်ယောက်၏အသံမျိုးဖြစ်နေသည်ကို ကြားရပါသည်။ အံ့ဩစွာဖြင့် ထိုမြင်ကွင်းကိုကြည့်နေစဉ်မှာပင် ငိုကြွေးသံကြားရ၍ လှည့်ကြည့်လိုက်သောအခါ သူငယ်ချင်းဖြစ်သူ ငိုကြွေးနေကြောင်း တွေ့လိုက်ရပါသည်။

"မငိုပါနဲ့၊ မင်းနဲ့ငါတို့ဟာ ဘဝခြားသွားပါပြီ။ ကုသိုလ်ကောင်းမှုအလုပ်ကိုသာလုပ်ပါ"

ထိုအချိန်မှာ ဆရာတော်က အမျှပေးဝေခြင်း၊ မေတ္တာပို့ခြင်းများ ပြုလုပ်ပါသည်။

ဒေါ်ရင်ပကတိအသွင်ပြန်ရောက်သွားပါတော့သည်။

အလှူရှင် ဦးပဥ္စင်းက သူသိချင်သည့်အကြောင်းအရာတစ်ရပ်ကို ဆရာတော်ထံ လျှောက်ထားပြန်သည်။

"အရှင်ဘုရား၊ တပည့်တော်ရဲ့ ကွယ်လွန်သွားတဲ့အဒေါ် ဘယ်ရောက်နေသလဲဆိုတာ သိချင်ပါတယ် ဘုရား"

ဒေါ်ရင်ထံကွယ်လွန်သူဝင်ရောက်လာပြန်ပါသည်။

တစ်ကိုယ်လုံး တုန်ယင်နေရာမှ ကြမ်းပြင်ပေါ်သို့ ဝပ်ဆင်းသွားပြီး အွတ် အွတ် အွတ် ဟု အသံထွက်နေပါသည်။

"နင်ဘယ်ရောက်နေသလဲ"

ဆရာတော်က မေးလိုက်ပါသည်။

"တပည့်တော် မြေဖုတ်ဘီလူးဖြစ်နေပါတယ်ဘုရား၊ ကျန်ခဲ့တဲ့ပစ္စည်းတွေကို စွဲလမ်းနေလို့ ဘယ်ကိုမှမသွားနိုင်ပါဘူးဘုရား"

"ဟဲ့ - နင့်ကိုယ်နင်တောင် မပိုင်တာ၊ နိမ့်ကျတဲ့ဘဝကိုရောက်နေတာတောင် ပစ္စည်းတွေကိုစွဲလမ်းနေရသေးလား။ အဲဒီစိတ်ကိုဖြတ်လိုက်တော့။ ငါ အမျှပေးမယ်၊ သာဓုခေါ်ပါ"

ဟု မိန့်ကြားပါသည်။

ချက်ချင်း သာဓုမခေါ်ချင်သေးသဖြင့် ထပ်မံဆုံးမမိန့်ကြားတော်မူမှ သာဓုသုံးကြိမ်ခေါ်ပြီးထွက်သွားပါတော့သည်။

နောက်တစ်ဖန် သေဆုံးသွားသူတစ်ယောက်အကြောင်းကို မေးရာတွင် ဒေါ်ရင်တစ်ကိုယ်လုံး တုန်ယင်ကာ ဒက်၊ ဒက်၊ ဒက်၊ ဒက်၊ ဒိုင်း၊ ဒိုင်း ဟူသော အသံမျိုးထွက်ပြီး သေနတ်ပစ်သည့်ပုံစံမျိုး လုပ်ပြနေပါသည်။ 'မကျေနပ်ဘူး၊ မကျေနပ်ဘူး' ဟု နှုတ်မှ ရေရွတ်နေပါသည်။ဆရာတော်က အကျိုးအကြောင်းမေးရာ မန္တလေး-လားရှိုးမီးရထားပေါ်မှာ လုံခြုံရေးများ ရန်ဖြစ်စကားများကြရာမှ ကျည်ဆန်ထွက်သွားပြီး တွဲစောင့်ကို မှန်သွားသည်ဟု သိရပါသည်။ အခုဘယ်မှာရောက်နေသလဲဟု ဆရာတော်မေးသောအခါ ရထားပေါ်မှာပဲနေပါသည်ဟု ဖြေပါသည်။ ထို့နောက် အမျှပေးဝေလိုက်ပါသည်။

သို့နှင့် သူ့အကြောင်း၊ ကိုယ်အကြောင်းများကို အချင်းချင်းပြောဆိုနေပြီး ကိုယ့်နေရာကိုယ် ပြန်ကြပါတော့သည်။

နောက်တစ်နေ့ မနက်စောစော အဆာပြေ ထမင်းကြော်စားပြီးချိန်တွင် တောင်ပေါ်နေသူဦးပဥ္စင်းများက ကျွန်မတို့ကို လျှောက်လေ့လာကြည့်ရန် ပြောလာပါသည်။

ရေတံခွန်တောင်မှ လှမ်းကြည့်လိုက်လျှင် မြင်ရသည့်တောင်ကိုသွားရန် ပြောပါသည်။

"အဲဒီတောင်က ဆိတ်သဲတောင်လို့ခေါ်တယ်ဗျ။ ဒီတောင်ရဲ့ဟိုဘက်မှာ ရသေ့ကြီးတစ်ပါး သီတင်းသုံးနေတယ်။ ကြုံရင်ဖူးရတယ်။ တွေ့ဖို့မကြုံရင်တော့ သူ့ကျောင်းလေးကိုပဲတွေ့ရတယ်။ တစ်ခါတလေ ကျားတွေ အဲဒီရသေ့ကြီးအနားမှာထိုင်နေတတ်တယ်။

ဒကာကြီးတို့သွားချင်ရင် ဆရာတော်ကို လျှောက်ထားကြည့်ပေါ့။ ခွင့်ပြုရင်သွားရတယ်။ အန္တရာယ်မရှိဘူး။ ခွင့်မပြုရင်တော့ မသွားနဲ့တော့။ ပြဿနာဖြစ်ပြီပဲ"

သို့နှင့် ဆရာတော်ကို လျှောက်ထားကြရာ ခွင့်ပြုလိုက်သဖြင့် ဆိတ်သဲတောင်ဟုခေါ်သော တောင်ပေါ်ကို တက်ကြပါသည်။

လူသွားလမ်းမှာကျဉ်းလှပါသည်။ သစ်ခုတ်သူ၊ ဝါးခုတ်သူများသာ တစ်ခါတစ်ရံသွားတတ်သဖြင့် လူသွားလူလာပြတ်သလိုဖြစ်နေပါသည်။ ရှေ့မှဒေသခံကိုယ်တော်များ၏ ဦးဆောင်မှုဖြင့် လူနှစ်ဆယ်မျှရှိသော ကျွန်မတို့အဖွဲ့ တောင်ပေါ်သို့တက်လာခဲ့ကြပါသည်။

ဤသို့သွားနေရာမှ မြေပြန့်ကဲ့သို့ ပြန့်ပြူးနေသည့်နေရာတစ်ခုကို ရောက်လာကြပါသည်။

ခပ်ဖြည်းဖြည်းမှန်မှန်လျှောက်နေသော အလှူရှင်သူငယ်ချင်းမှာ တစ်စုံတစ်ယောက်က နောက်မှတွန်းလိုက်သကဲ့သို့ ရှေ့ကို ဟပ်ထိုးလဲကျသွားပါသည်။ ဒူးပြဲသွားသဖြင့် အတော်နာသွားဟန်တူပါသည်။

ထူးဆန်းလှပါသည်။

လမ်းလျှောက်နေစဉ် လဲကျခြင်းမှာ ယခုကဲ့သို့ ဒဏ်ရာအကြီးကြီးရလောက်အောင် မဖြစ်သင့်ပါ။

ပါလာသည့် သောက်ရေလေးများဖြင့် အနာမှသွေးကို ဆေးကြောပြီး ဆက်သွားကြရပါသည်။

တောင်ပေါ်မှ တစ်ဖက်တောင်အောက်သို့ဆင်းသောလမ်းမှာ အတော်မတ်စောက်လှသဖြင့် ထိုင်လျက်သားတရွေ့ရွေ့ဆင်းရပါသည်။

သို့နှင့် ရသေ့ကြီးရှိရာ ကျောင်းသို့ရောက်လာခဲ့ပါပြီ။

မြေစိုက်ကျောင်းလေးရှေ့ပတ်



www.burmeseclassic.com

www.burmeseclassic.com

လက်ကုလားထိုင်တစ်လုံးမှာ ထိုင်နေသည်ကို ဖူးရပါသည်။ လက်အုပ်ချီပြီး ပါလာသည့် ဝတ္ထုငွေများကို ကပ်လှူပါသည်။

ထို့နောက် လိုချင်သည့်ဆုများကို စိတ်ထဲမှတောင်းလိုက်ပါသည်။

ကျွန်မ၏ ဆုတောင်းများ ပြီးဆုံးသွားရာတွင် ရသေ့ကြီးက ကျွန်မစိတ်ထဲက ဆုတောင်းစကားများကို တစ်ခုချင်းစီ ပြန်လည်ပြောဆိုပြီး ပြည့်စေဟု မိန့်ပါသည်။

အလွန် အံ့ဩသွားပါသည်။ ဆုတောင်းစကားများကို တစ်ခုချင်းစီ ပြန်ပြောနိုင်အောင် မည်သည့်စိတ်စွမ်းအင်များရှိနေပါသနည်းဟူသော မေးခွန်းများက စိတ်ထဲမှာပေါ်လာပါသည်။

အနီးရှိ ထုံးကျောက်ဂူတစ်ခုရှိရာ ထိုဂူထဲသို့ ဝင်ရောက် လေ့လာခဲ့ပါသည်။ ပြုပြင်မှုသိပ်မရှိသေးသဖြင့် မူလဂူအတိုင်းကို တွေ့လိုက်ရ၏။ အထဲဝင်သွားသောအခါ အတော်နက်သည့်တွင်းနက်ကြီးကို မြင်ရပါသည်။ ဝါးလှေကားများ ဆင်ထားသောကြောင့် အချို့သူများက ထိုလှေကားမှ ဆင်းသွားကြပါသည်။

ကျွန်မတို့ကမူ အသက်ရှူကျပ်သည်ဟုထင်သဖြင့် ဂူအဝမှာစောင့်နေပြီး အထဲကိုလှမ်းကြည့်ခဲ့ပါသည်။

ရသေ့ကြီးဆီ ပြန်ရောက်သောအခါ အနီးအနားရှိ ရွာများမှ ရွာသားများ (၁၄) ယောက်၊ (၁၅) ယောက်ခန့် လူညီးများဖြင့် ဝင်ရောက်လာကြပြီး စုဝေးစကားပြောနေကြသည်ကို မြင်ရပါသည်။

အပြန်ခရီးမှာ အုပ်စုလိုက်ပြန်လာခဲ့ကြပါသည်။

"ဘယ်နားအထိ သွားရမှာလဲ ဘုရား။ ဝေးသလား၊ နီးသလား။ ဘာပဲဖြစ်ဖြစ်သွားချင်ပါတယ် ဘုရား"

"အဲဒီလိုဆိုရင် ဆရာတော်ကို ပန်ကြားပါ။ ခွင့်ပြုရင်သွား၊ ခွင့်မပြုရင် မသွားနဲ့ပေါ့။ ခွင့်မပြုဘဲသွားရင် ပြဿနာဖြစ်ပြီပဲ"

ဆရာတော်၏ ခွင့်ပြုချက်ရလျှင်ရချင်း ကျွန်မတို့အုပ်စုသည် ဦးပဉ္ဇင်းများ၏ဦးဆောင်မှုဖြင့် ဂူတစ်ခုကိုသွားရောက်လေ့လာရန် ခရီးထွက်ခဲ့ပါသည်။ ဂူ၏အမည်မှာ လိပ်ပြာဂူဟု အမည်တွင်ပြီး တောင်တန်းလေး၊ ငါးလုံးကို ဖြတ်ကျော်ရမည် ဖြစ်ပါသည်။ ညနေစောင်းမှ ကျောင်းသို့ပြန်ရောက်မည်ဟု သိရပါသည်။

ဦးပဉ္ဇင်းများက ထိုတောင်ခရီးကို ကောင်းစွာကျွမ်းကြပါသည်။ ထင်းခုတ်နေကျ၊ သွားနေကျမို့ လူသွားလမ်းဟူ၍ သီးသန့်မရှိသည့်တောလမ်းကို တပျော်တပါးသွားခဲ့ကြပါသည်။

ဦးပဉ္ဇင်းများ၏အကြံပေးချက်အရ သောက်ရေများကို ပလတ်စတစ်ပုံးငယ်များဖြင့် သယ်လာကြရာ ရေဆာတိုင်း သောက်နိုင်ကြပါသည်။ နောက်ထပ် လေး၊ငါးယောက်အုပ်စုက မလိုက်ဘူး၊ လိုက်မယ်ဟုပြောကာ နောက်မှ စိတ်ကူးပေါက်ပြီးလိုက်လာကြရာ သူတို့မှာ ရေဘူးမပါလာပါ။ ရေဆာတိုင်း ဝေငှသောက်ကြရင်း လမ်းတစ်ဝက်လောက်မှ ရေကုန်သွားပါတော့သည်။

"ဒကာကြီးတို့စိတ်မပူကြနဲ့။ ရှေ့မှာ ရေကန်ငယ်တစ်ခုရှိတယ်၊ သွားခပ်ရုံပဲ"

ထိုစကားကြောင့် ကျွန်မတို့မှာ စိတ်အေးချမ်းစွာ ဆက်လျှောက်ခဲ့ကြပါသည်။ တောမှာ အလွန်သာယာလှပါသည်။ တစ်ခါတစ်ရံ အလွန်မြင့်မားမတ်စောက်သည့် တောင်စောင်းကြီးများကို အောက်ခြေမှ လှမ်းမြင်ရသည်။ ထူးခြားမှုတစ်စုံတစ်ရာကို သတိပြုမိပါသည်။ လူသူမနီးလှသည့် တောကြီးဖြစ်သော်လည်း တောနေတိရစ္ဆာန်များကို မတွေ့ရပါ။

မြွေနှင့်အဆိပ်ပြင်းသောသတ္တဝါများကိုလည်း မတွေ့ပါ။ ဦးပဉ္ဇင်းများကို လျှောက်ထားသောအခါ ဦးပဉ္ဇင်းများက ဆရာတော်၏ခွင့်ပြုချက်ရပြီးလာတဲ့ခရီးမို့ အန္တရာယ်မရှိပါဟု ပြောပါသည်။

နေမြင့်လာသည်နှင့်အမျှ ရေအလွန်ငတ်လာကြပါသည်။ ဦးပဉ္ဇင်းများက-

"ဒကာကြီးတို့ ဒီအပင်အောက်မှာ ခဏနားနေကြ။ ကျုပ်တို့ခပ်လှမ်းလှမ်းက ရေကန်မှာရေသွားခပ်ပေးမယ်"

ဟု ဆိုကာ တောထဲသို့ဝင်ရောက်သွားကြပါသည်။

ကျွန်မတို့အုပ်စုမှာ ဦးပဉ္ဇင်းတို့ ခဏနားခိုင်းသော သစ်ပင်ကြီးကို ယခုမှ သေသေချာချာကြည့်လိုက်မိပါသည်။ မန်ကျည်းပင်ကြီးပါလား။ အတော့်ကို ကြီးသည့် မန်ကျည်းပင်ကြီးဖြစ်နေပါသည်။ ပင်စည်လုံးပတ်မှာ ကြီးမားလှပြီး ဆယ့်နှစ်ပေခန့် လုံးပတ်ရှိမည်ထင်ပါသည်။ မန်ကျည်းကိုင်းကြီးများမှာလည်း အရပ်လေးမျက်နှာသို့ ပြန့်ကားထွက်နေပြီး မန်ကျည်းသီးများ ပွင့်ထွက်နေအောင်သီးနေပါသည်။ ကြွေကျနေသည့် မန်ကျည်းသီးများလည်း မြေမှာပြန့်ကျဲလျက်ရှိပါသည်။ကောက်စားကြည့်လိုက်ရာ အရသာချိုနေပါသည်။

မန်ကျည်းပင်ပတ်လည်မှာ လူထိုင်စရာ ဝါးထိုင်ခုံကလေးတစ်ခုကို သေသပ်စွာတွေ့လိုက်ရသည်။ ဦးပဉ္ဇင်းတို့ ပြန်လာလျှင် ရေပါလာမည်ဟု ယုံကြည်နေကြသောကြောင့် ရေအလွန်ငတ်နေကြသော်လည်း စိတ်မပူကြသေးပါ။

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ ရေခပ်သွားသည့် ဦးပဉ္ဇင်းနှစ်ပါး ပြန်ရောက်လာကြသည်။

"ဒကာကြီးတို့၊ ဦးပဉ္ဇင်းတို့ ရေခပ်လို့မရဘူး။ ရေလည်းမသန့်ဘူး။ ရေညှိတွေ၊ အမှိုက်တွေနဲ့ ပြည့်နေတယ်"

ကျွန်မတို့အတော်စိတ်ညစ်သွားကြပါသည်။

"အဲဒီလိုဆိုရင် ဘာဆက်လုပ်ကြရမှာလဲ။ ရှေ့ဆက်ရမလား၊ ကျောင်းကို ပြန်ရမလား"

အုပ်စုထဲမှတစ်ယောက်က ပြောလိုက်ပါသည်။

"ရှေ့ကိုသွားရင် တောင်သုံးလုံးကို တက်ရမယ်။ ဆက်သွားတာက နီးတယ်လို့ဆိုနိုင်တာပေါ့။ ရေဆာတာလောက်ကတော့ လိပ်ပြာဂူကိုရောက်ရင် အဆင်ပြေနိုင်ပါတယ်"

"အဲဒီဂူမှာရေရှိလားဘုရား"

"မရှိဘူးလေ၊ ဒါပေမယ့် အဲဒီဂူမှာ ဥပုသ်ဝင်တတ်တဲ့လူတွေရှိတတ်တယ်။ ရေတောင်းသောက်နိုင်တာပေါ့ကွယ်"

သည်လိုနှင့် ရှေ့ဆက်သွားကြရပါတော့သည်။ နေပူပူမှာ သစ်ပင်ကြီးများ၊ အရိပ်လည်းမရှိသောကြောင့် ပို၍ ရေဆာလောင်မှုဝေဒနာကို ပြင်းထန်စွာ ခံစားနေကြရပါသည်။ ချွေးထွက်နေသည်မှာလည်း ရေချိုးထားသကဲ့သို့ ရွှဲရွှဲစိုစိုနေကြပါသည်။

တောင်ကြောတစ်ခုကိုတက်သောအခါ အလွန်ပူပြင်းလှသည့် နေရောင်ခြည်ဒဏ်ကြောင့် ရေပိုဆာလာသကဲ့သို့ အရိပ်ကောင်းသောသစ်ပင်ကြီးများ မရှိသောကြောင့် ပိုဒုက္ခရောက်ရပါသည်။

မခံမရပ်နိုင်လောက်အောင် ရေငတ်လွန်းသဖြင့် နီးစပ်ရာချုံငယ်သာသာခန့် သစ်ပင်လေးများခြေရင်းမှာ ထိုင်ချလိုက်ပါသည်။ ကျန်သောအုပ်စုများနှင့် ဦးပဉ္ဇင်းများမှာလည်း ကျွန်မလိုပင် ခံစားရမည်ထင်ပါသည်။ နီးစပ်ရာ ချုံပုတ်များခြေရင်းတွင် စိတ်ပျက်လက်ပျက် ထိုင်ပြီးနားနေသည်ကို တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အချင်းချင်းလည်း အားမပေးနိုင်ပါ။ နှစ်သိမ့်မပေးနိုင်လောက်အောင် အားပြတ်နေကြပါသည်။ ထိုအချိန်၌ တောင်စောင်းကလေးမှ အဝေးကိုမျှော်ကြည့်လိုက်ရာတွင် အလွန်ကြီးမားလှသည့် မန်ကျည်းပင်ကြီးကို လက်ညှိုးလုံးခန့်အရွယ်အစားအနေဖြင့်မြင်တွေ့လိုက်ရပါသည်။

ထိုအချိန်၌ ကျွန်မအနေဖြင့် မောပန်းနွမ်းနယ်နေသည့်အပြင် ရေဆာလွန်းသဖြင့် အားကိုးအားထားတစ်ခုကို ရှာမိပါသည်။

"ရတနာသုံးပါး ဦးထိပ်ထားပါသည် ဘုရား။ ရေတံခွန်တောင်ဆရာတော်ဘုရား၊ သမီးတို့ ယခု ရေအလွန်ဆာနေပါပြီ ဘုရား။ ကယ်တော်မူပါ။ တောပိုင်များ၊ တောင်ပိုင်များ၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်မင်းများအားလုံးလည်း ကယ်တော်မူပါဘုရား"

ဟူသော ဆုတောင်းစကားများကို စိတ်ထဲမှ တတွတ်တွတ်ရွတ်ဆိုပြီး မျက်လုံးကိုမှိတ်ထားလိုက်ပါသည်။ ချွေးများက မျက်လုံးထဲစီးဝင်လာသဖြင့် သုတ်လိုက်ရပါသေးသည်။

တစ်အောင့်ကြာသောအခါ မျက်လုံးကို ပြန်ဖွင့်လိုက်ပြီး ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်မိပါသည်။

မန်ကျည်းပင်ကြီးဆီသို့ ကျွန်မကြည့်လိုက်မိရာတွင် အလွန်ထူးဆန်းပြီး အံ့သြဖွယ်ကောင်းလှသည့်မြင်ကွင်းတစ်ခုကို တွေ့လိုက်ရပါသည်။ ဟုတ်မှဟုတ်ရဲ့လား၊ အကြည့်များမှားနေသလား ဟူသောစိတ်ဖြင့် သေသေချာချာပြန်ကြည့်မိပါသည်။

သေချာကြည့်မှ မြင်ကွင်းကထင်ရှားလာပါသည်။ ပုဆိုးကို ခပ်တိုတိုဝတ်ထားပြီး အပေါ်အင်္ကျီအဖြူရောင်လိုလိုဝတ်ဆင်ထားသော ယောကျာ်းကြီးတစ်ဦးမှာ ညာဘက်ပခုံးပေါ်တွင် ရေအိုးတစ်လုံးကို ထမ်းကာ မန်ကျည်းပင်အောက်သို့တရွေ့ရွေ့သွားနေသည်ကိုတွေ့လိုက်ရပါသည်။ မြင်ရသည်မှာ အလှမ်းဝေးသဖြင့် ပုံသဏ္ဌာန်မှာ သေးငယ်လှသော်လည်း ထင်ထင်ရှားရှားမြင်ရပါသည်။ ဝမ်းသာအားရစွာ အနီးရှိ ကိုယ်တော်တစ်ပါးကို ခပ်တိုးတိုးလှမ်းလျှောက်ထားလိုက်ပါသည်။

"အရှင်ဘုရား၊ ဟိုမှာ လူတစ်ယောက် ရေအိုးနဲ့ရွက်ပြီး မန်ကျည်းပင်ကြီးဆီကိုသွားနေတာ မြင်ပါသလား ဘုရား ကြည့်ပါဦး"

ကျွန်မစကားကိုကြားလိုက်ရသော ဦးပဉ္ဇင်းသည် မန်ကျည်းပင်ရှိရာသို့ ကြည့်လိုက်ပါသည်။

"ဟုတ်တယ် ဒကာမကြီး၊ ဦးပဉ္ဇင်းတို့ ရေသွားယူပေးမယ်။ ခဏစောင့်"

ဟု ပြောကာ ပလတ်စတစ်ရေဘူးကိုကိုင်ကာ မန်ကျည်းပင်ရှိသည့်နေရာသို့ တောလမ်းအတိုင်း တိုက်ရိုက်ဆင်းသွားကြပါသည်။

ထို့နောက် မန်ကျည်းပင်ကြီးအောက်မှာ ရေသယ်လာသည့်အမျိုးသားကြီးနှင့် စကားပြောနေသည်ကို လှမ်းမြင်ရပါသည်။

ထို့နောက် ကျွန်မတို့အုပ်စုသည် ရေကို ဝအောင်သောက်လိုက်ရသဖြင့် လန်းဆန်းတက်ကြွစွာ လိပ်ပြာဂူသို့ဆက်သွားနိုင်ခဲ့ပါသည်။

လိပ်ပြာဂူမှာ အတော်လှပသော လိုဏ်ဂူတစ်ခု ဖြစ်ပါသည်။ အထက်မြေကြီးမှ ပကတိအပေါက်တစ်ခုကို တွေ့ရပါသည်။ ထိုမြေသားအပေါက်မှ နေရောင်ခြည်သည် ဂူအတွင်းသို့ဝင်ရောက်ထွန်းလင်းလျက်ရှိရာ အောက်တည့်တည့်မှ အတွင်းဘက်လိုဏ်ဂူသည် မီးထွန်းထားသလို လင်းနေပါသည်။ ရှေ့ဘက်ကို ဆက်လျှောက်သွားသောအခါ အတွင်းဘက်လိုဏ်ဂူကြီးသည် အထဲကို မမြင်နိုင်အောင်မှောင်နေသဖြင့် သွားမကြည့်တော့ပါ။

ထို့နောက် ရေတံခွန်တောင်ကျောင်းဘက်သို့ပြန်လာကြရာ စောစောကမြင်ခဲ့ရသော မန်ကျည်းပင်ကြီးဆီကို ပြန်ရောက်ကြပါသည်။ ဝါးခုံတန်းလေးမှာထိုင်နေကြပြီး ရေအိုးလေးကိုကြည့်လိုက်ရာ ရေမှာတစ်ဝက်ခန့်ကျန်နေပြီး အဆင်သင့်တင်ထားသော ရေခွက်ဖြင့် ခပ်ကာ ထပ်မံရေသောက်ခဲ့ကြပါသည်။

သို့နှင့် ညနေဘက်တွင် ရေတံခွန်တောင်သို့ ကောင်းမွန်စွာ ပြန်ရောက်လာကြပြီး ဆရာတော်ကြီးကို ဖူးမြော်ကာ ညပိုင်း၌ အိပ်စက်အနားယူခဲ့ကြပါသည်။

နောက်တစ်နေ့မနက်ပိုင်း နံနက်စာ စားသောက်ပြီးချိန်တွင် လိပ်ပြာဂူကို လိုက်ပို့ခဲ့ပြီး မန်ကျည်းပင်ကြီးဆီ သွားရောက် ရေသယ်လာပေးသော ကိုယ်တော်က ကျွန်မတို့ကို ခေါ်ယူပြီး ထူးဆန်းသည့်စကားများ ပြောဆိုပါသည်။

"ဒကာမကြီးတို့၊ မနေ့က ရေအတော်သောက်လို့ကောင်းကြရဲ့လား"

"သောက်လို့ကောင်းပါတယ်။ ရင်ထဲကိုအေးသွားတာပါပဲ"

"အေး၊အေး - အဲဒီရေအကြောင်းပြောချင်လို့ ဒကာကြီးတွေ၊ ဒကာမကြီးတွေကို ခေါ်လိုက်ရတာ"

"တင်ပါဘုရား"

အဲဒီနေ့က မန်ကျည်းပင်အောက်မှာ ကိုယ်တော်နဲ့ အဲဒီပုဂ္ဂိုလ်စကားပြောဖြစ်ခဲ့ကြတယ်။ ဦးပဉ္ဇင်း ဒီကိစ္စကို မတင်မကျဖြစ်နေတာ။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ထင်းခွေတဲ့လူဆိုလို့ မရှိသလောက်ရှားတယ်။ ရေအိုးလာထားစရာမရှိဘူး။ ပြီးတော့လည်း ဒီလို အေးမြကြည်လင်လှတဲ့ရေမျိုးက ဒီနားတစ်ဝိုက်မှာမရှိဘူး။ ရှိတဲ့ရေကန်ကလည်း ရေညှိတွေပြည့်နေလို့ ဦးပဉ္ဇင်းတို့ ရေခပ်လို့မရခဲ့တာဘဲလေ။ ဒီတောင်ရဲ့ ဟိုးတစ်ဖက်မှာတော့ ရှမ်းရွာလေးတွေရှိတယ်။ အဲဒီမှာရေကောင်းရေသန့်ရှိတာပေါ့။

ဦးပဉ္ဇင်းက ရေလာပို့တဲ့ပုဂ္ဂိုလ်ကို မေးလိုက်တယ်။

'ဒကာကြီး၊ ရေအိုးလာပို့တာဘာအတွက်ပို့တာလဲ'

'တင်ပါ့ဘုရား၊ သူတော်ကောင်းတစ်ယောက် ဒုက္ခရောက်နေလို့ အကူအညီတောင်းတာကို တပည့်တော်တို့ကြားသိရပါတယ်ဘုရား။ အဲဒါကြောင့် မနေနိုင်လို့ အခုလိုရေအိုးလာပို့ရတာပါဘုရား' လို့ ပြန်ဖြေတယ်လေ။

ဦးပဉ္ဇင်းကတော့ ဒကာမကြီးတို့ ကြောက်မှာစိုးလို့ မနေ့ကမပြောခဲ့တာ အခုမှပြောရတာပေါ့"

ကျွန်မ အတော် အံ့သြသွားမိပါသည်။ စိတ်ထဲမှအကူအညီတောင်းမှုကို ပုဂ္ဂိုလ်ကြီးများက ကယ်တင်ပေးခဲ့သည်ဟု ယူဆမိပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်မသည်လည်း သံသရာစက်ဝန်းထဲမှ တဝဲလည်လည် အစုန်၊ အဆန်သွားလာလည်ပတ်နေသော သံသရာခရီးသွားတစ်ယောက်သာ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

အထက်ပါ အကြောင်းတရားတို့သည် ထူးဆန်းလှသည့်ဖြစ်ရပ်ဟု ဆိုလျှင် မှားမည်မထင်ပါ။ ကျွန်မနားလည်သဘောပေါက်လိုက်သည့်အချက်တစ်ခုမှာ သူတော်စင် ပုဂ္ဂိုလ်ထူးများသည် သတ္တဝါများကို ကယ်တင်ပေးလိုသည့်ဆန္ဒများရှိနေသည့်အပြင် အမြဲတမ်း ကယ်တင်ပေးလျက်ရှိကြောင်း နားလည်လိုက်ပါသည်။

မိမိဘက်က မှန်ကန်သည့်စိတ်ထားမျိုးသာရှိပါက ကံကောင်းမည်မှာ သေချာလှပါသည်။

ကျေးဇူးတင်လျက်

တင်တင်ဦး (ပေါင်းတည်)




www.burmeseclassic.com

www.burmeseclassic.com

# အလွယ်လေ့လာ လက္ခဏာပညာ

ဆရာမော်



**ဦးခေါင်းလက်ကြောင်းနှင့် အသက်လက်ကြောင်းတို့ မျဉ်းပြိုင်ပုံစံရှိနေပုံ**

**ဦးခေါင်းလက်ကြောင်းသည် အသက်လက်ကြောင်းအား မျဉ်းပြိုင်ပုံစံဖြစ်စေသည် အထိ ဇောက်နက်စွာ ကွေးညွှတ်နေပါသလား**

အထက်ပါပုံစံအတိုင်းဖြစ်နေပါက မသိစိတ်ဆိုင်ရာနယ်ပယ်၌ အားကောင်းသူဖြစ်ပြီး စိတ်ခံစားမှု၌ ထိခိုက်လွယ်သူဖြစ်ကြောင်း ဖော်ပြသည်။ အဆိုပါလက္ခဏာရှင်သည် အဖြစ်မှန်နှင့် စိတ်ကူးတို့အကြား ခေါင်းရှုပ်ရတတ်သူလည်း ဖြစ်သည်။

တစ်ခါတစ်ရံ အထက်ပါ ကြန်အင်လက္ခဏာရှိသူသည် -

က။ အနုပညာရပ်နယ်ပယ်တွင် ဖန်တီးနိုင်စွမ်းရှိသူ၊

ခ။ စိတ်ပိုင်းဆိုင်ရာပြဿနာအမျိုးမျိုး အမှန်တကယ်ရင်ဆိုင်ရနိုင်သူ၊

ဂ။ မသိစိတ်ပိုင်းဆိုင်ရာ အားကောင်းခြင်းကြောင့် အကြားအမြင်ပေါက်သူများအဖြစ် တွေ့ရတတ်သည်။


**နီသောအရောင်ရှိပါသလား**

ဦးခေါင်းလက်ကြောင်းတွင် နီသောအရောင်ရှိနေပါက အင်တိုက်အားတိုက်လုပ်ကိုင်ဆောင်ရွက်တတ်သူ၊ စိတ်ဓာတ်ခွန်အားကောင်းသူဖြစ်ကြောင်း ရည်ညွှန်းသည်။ အကယ်၍ အရောင်နီရဲလွန်းပါက စွမ်းအင်အဆမတန်ကြီးမားပြီး တစ်ခါတစ်ရံ အကြမ်းဖက်ရက်စက်တတ်သူအဖြစ် တွေ့ရတတ်သည်။

**ဖျော့သောအရောင်ရှိပါသလား**

အဆိုပါ ကြန်အင်လက္ခဏာသည် စိတ်ပင်ပန်းနွမ်းနယ်၍ ခွန်အားလျော့နည်းနေတတ်သူ၊ ခန္ဓာကိုယ်၌ မရှိမဖြစ်သော ဆားဓာတ်လျော့နည်းနေတတ်သူ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုအမျိုးမျိုးကြောင့် စိတ်ဖိစီးခံနေရသူအဖြစ် တွေ့ရတတ်သည်။

**ဦးခေါင်းလက်ကြောင်းသည် အသက်လက်ကြောင်းနှင့်ထိစပ်၍ အစပြုနေပါသလား**



**ဦးခေါင်းလက်ကြောင်းသည် အသက်လက်ကြောင်းမှစတင်နေပုံ**

အထက်ပါ ကြန်အင်လက္ခဏာအတိုင်းတွေ့ရှိရပါက ကလေးဘဝကပင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု သာမန်အဆင့်တွင်ရှိကြောင်း၊ ဘဝအားကောင်းမွန်စွာအစပြုနိုင်သူဖြစ်ကြောင်းရည်ညွှန်းသည်။

**ဦးခေါင်းလက်ကြောင်းသည် အသက်လက်ကြောင်းနှင့် ဝေးကွာသောနေရာ (သို့) လက်ဝါးပြင်အတွင်း၌အစပြုနေပါသလား**


အထက်ပါ ကြန်အင်လက္ခဏာအတိုင်း ဖြစ်ပေါ်နေပါက မိသားစုနှင့်



**ဦးခေါင်းလက်ကြောင်းသည် အသက်လက်ကြောင်းမှ သီးခြားစီဝေးကွာလျက် လက်ဝါးပြင်အတွင်းမှ စတင်နေပုံ**

ပတ်သက်၍ ဂုဏ်ယူဝံ့ကြွားမှုမရှိတတ်သူ (သို့) မိသားစုနှင့် မပတ်သက်ဘဲ သီးခြားနေတတ်သူ၊ ဖွံ့ဖြိုးမှုနောက်ကျသူ၊ ဓလေ့ထုံးတမ်းအရ တိုးတက်အောင်မြင်စေမည့်နည်းလမ်းများအား စိတ်မဝင်စားသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဦးခေါင်းလက်ကြောင်း ခက်ရင်းခွပုံစံ အဆုံးသတ်နေပါသလား**



**ကဗျာဆရာ (သို့) စာရေးဆရာတို့တွင် တွေ့ရတတ်သော ဦးခေါင်းလက်ကြောင်းက ခက်ရင်းခွပုံစံအဆုံးသတ်နေပုံ**

ဦးခေါင်းလက်ကြောင်းအဆုံးသတ်တွင် ခက်ရင်းခွပုံစံရှိနေပါက ကြီးကျယ်ခမ်းနားသော စိတ်ကူးစိတ်သန်းများအား သိစိတ်မှတစ်ဆင့် မသိစိတ်ဆီသို့ရောက်အောင် စွမ်းဆောင်နိုင်သူ၊ အနုပညာရပ်၌ အကောင်းဆုံး ဖန်တီးခြယ်မှုန်းနိုင်သူ ကဗျာဆရာ (သို့) စာရေးဆရာကောင်းများအဖြစ် တွေ့ရတတ်သည်။




www.burmeseclassic.com

www.burmeseclassic.com

၎င်းပြင် အထက်ပါ လက္ခဏာရှင်သည် အခြေအနေတစ်ရပ်အား အမြဲတစေ နှစ်ဖက်မြင်အောင်ကြည့်တတ်သူ၊ တစ်ဖက်သတ်ရှုမြင်သုံးသပ်မှုမရှိသူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်း အဆုံးသတ် ခက်ရင်းခွသည် အလွန်ရှည်လျားပြီး ဖောက်နက်နေပါက စိတ်ကူးထင်မြင်ချက်များလွန်ကဲတတ်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဦးခေါင်းလမ်းကြောင်း၏ ထိပ်ဖျားသည် အပေါ်ဘက်ကွေးတက်၍ အဆုံးသတ်နေပါသလား**



**ဦးခေါင်းလမ်းကြောင်းအဆုံးသတ်က အပေါ်တက် ကွေးတက်နေပုံ**

အထက်ပါ ကြန်အင်လက္ခဏာသည် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ တစ်စုံတစ်ဦးထံမှ ရုပ်ဝတ္ထုပစ္စည်းတစ်ခုခု ရရှိလိုသူဖြစ်ကြောင်း ဖော်ပြသည်။


**နှလုံးလမ်းကြောင်း (Heart Line)**

နှလုံးလမ်းကြောင်းသည် ခံစားမှုနှင့်ဆိုင်သော အတွေ့အကြုံ၊ အဆင့်အတန်းများကို ကိုယ်စားပြုထားသည်။

နှလုံးလမ်းကြောင်းသည် လက်ချောင်းများ၏ အောက်ခြေတည့်တည့်တွင် တည်ရှိသည်။ ၎င်းသည် လက်ဝါးပြင်၏ အနားစွန်းမှစတင်ကာ၊ ပထမလက်ချောင်း (လက်ညှိုး) နှင့် ဒုတိယလက်ချောင်း(လက်ခလယ်)တို့ အောက်ဘက် နယ်မြေတစ်ဝိုက် တစ်နေရာရာ၌ အဆုံးသတ်သည်။

**နှလုံးလမ်းကြောင်းတည်ဆောက်ပုံ ရှင်းလင်းထင်ရှားကောင်းမွန်ပြီး ရှည်လျားနေပါသလား**

(နှလုံးလမ်းကြောင်းသည် လက်ဝါးပြင်တစ်ဝက်ကျော်အထိရောက်ရှိနေ




**တည်ဆောက်ပုံကောင်းမွန်သော နှလုံးလမ်းကြောင်း**

ပါက ရှည်သော နှလုံးလမ်းကြောင်း ဖြစ်သည်။)

နှလုံးလမ်းကြောင်းရှည်လျားသည့် လက္ခဏာရှင်သည် ချစ်ခင်တွယ်တာမှု၌ နက်ရှိုင်းတတ်ပြီး မိမိကိုယ်မိမိ အများအတွက် စွန့်လွှတ်အနစ်နာခံရဲသူ၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိသူဖြစ်ကြောင်း ဖော်ပြသည်။


၎င်းပြင် အထက်ပါလက္ခဏာရှင်သည် ဘဝနေထိုင်မှုပုံစံ တည်ငြိမ်အေးဆေးပြီး တိုးတက်မှုရှာတတ်သူလည်း ဖြစ်သည်။

**နှလုံးလမ်းကြောင်းသည် တစ်နေရာ၌ (သို့) နေရာအတော်များများ၌ အပြတ်အတောက်များရှိနေပါသလား**



**ပြတ်တောက်နေသော နှလုံးလမ်းကြောင်းပုံစံ**

နှလုံးလမ်းကြောင်းပေါ်၌ အပြတ်အတောက်များနေပါက စိတ်ခံစားမှုများ၌ အပြောင်းအလဲရှိသူ၊ မေတ္တာရေးကိစ္စ၌ စိတ်ပျက်စရာများနှင့် ကြုံတွေ့ရသူ၊ အသည်းခွဲခံရသူဖြစ်ကြောင်း ဖော်ပြသည်။




**ကွင်းဆက်ကြိုးပုံစံ၊ လှေကားထစ်ပုံစံ၊ အနားဖွာနေသောကြိုးပုံစံဖြင့် အလွန်ပြတ်တောက်နေသော နှလုံးလမ်းကြောင်းပုံစံ**

**နှလုံးလမ်းကြောင်းတည်ဆောက်ပုံသည် ကွင်းဆက်ကြိုးပုံစံ၊ လှေကားထစ်ပုံစံ၊ အနားဖွာနေသောပုံစံဖြင့် ပြတ်တောက်နေပါသလား**

အထက်ပါပုံစံအတိုင်း တွေ့ရှိရပါက စိတ်ခံစားမှုများ၌ မရင့်ကျက်သူ၊ ချစ်သူ၏စွန့်ပစ်ခြင်းခံရသူဖြစ်ကြောင်း ရည်ညွှန်းနေသောကြောင့် အခြားစိတ်လှုပ်ရှားဖွယ် ဆွဲဆောင်မှုရှိသော အခြေအနေများ ကိုယ်တိုင်ဖန်တီးပေးရန် လိုအပ်သည်။

**နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းများရှိနေပါသလား**

နှလုံးလမ်းကြောင်းပေါ်တွင် ကျွန်းခံသည်နှင့် လက္ခဏာရှင်အတွက် လုံခြုံစိတ်ချမှုမရှိသည့်အခြေအနေ၊ ဆက်ဆံရေးနှင့်ပတ်သက်၍ စိတ်တိုင်းမကျသည့် အခြေအနေများကို ရည်ညွှန်းသည်။



**နှလုံးလမ်းကြောင်းပေါ်၌ကျွန်းများရှိနေပုံ**



www.burmeseclassic.com

www.burmeseclassic.com


နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းတစ်ခုခုရှိနေခြင်းသည် စွမ်းရည်များအား ခွဲထုတ်လိုက်သည့်အဓိပ္ပာယ်ကို ဖော်ပြသည်။

လက်ဝါးပြင်ပါ နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းသည် စွမ်းရည်များကျဆင်းစေသည့်နည်းတူ သစ္စာဖောက်ဖျက်မှုကိုပါခံရတတ်သည်။

အကယ်၍ နှလုံးလမ်းကြောင်းပေါ်တွင် ကျွန်းများစွာရှိနေပါက ကိစ္စများစွာရှိနေတတ်သူ၊ ဆန့်ကျင်ဘက်လိင်နှင့်ပြဿနာဖြစ်သူ၊ မိမိ၏အဖော်ဖြစ်သူထံမှ ယုံကြည်မှုရရန်ခက်ခဲသူဖြစ်ကြောင်း ရည်ညွှန်းသည်။

နှလုံးလမ်းကြောင်း၌ ကျွန်းများစွာပါရှိခြင်းသည် နှလုံးရောဂါရရှိလာနိုင်မည့် အခြေအနေတစ်ရပ်ကို ဖော်ပြသည်။

**နှလုံးလမ်းကြောင်းအား အခြားသေးငယ်တိုတောင်းသော လမ်းကြောင်းများက ကန့်လန့်ဖြတ်နေပါသလား**




**နှလုံးလမ်းကြောင်းအား ကန့်လန့်ဖြတ်နေသည့်တိုတောင်းသေးငယ်သော ဩဇာသက်ရောက်မှုဆိုင်ရာလမ်းကြောင်းများ**

အကယ်၍ အထက်မေးခွန်းပါအတိုင်းဖြစ်နေပါက အခြားသူများ၏ ဩဇာသက်ရောက်မှုခံရသူ (သို့) လက္ခဏာရှင်ကိုယ်တိုင်က ဩဇာအာဏာပေးနိုင်စွမ်းရှိသူဖြစ်ကြောင်း ဖော်ပြသည်။ နှလုံးလမ်းကြောင်းအား ကန့်လန့်ဖြတ်နေသော လမ်းကြောင်းများသည် ဩဇာသက်ရောက်မှုဆိုင်ရာလမ်းကြောင်းများပင်ဖြစ်သည်။

ဩဇာသက်ရောက်မှုဆိုင်ရာလမ်းကြောင်းတိုများသည် လက္ခဏာရှင်အားပြင်ပမှ မည်မျှဩဇာသက်ရောက်သည်နှင့် လက္ခဏာရှင်က အများအပေါ် မည်မျှဩဇာသက်ရောက်သည်ကို တိုင်းတာပေးနိုင်သည့်လမ်းကြောင်းများဖြစ်သည်။

**နှလုံးလမ်းကြောင်း လုံးဝ ဖြောင့်တန်းနေပါသလား**

ဖြောင့်တန်းနေသည့် နှလုံးလမ်းကြောင်းတိုတောင်းပါက မိမိစိတ်ခံစားမှုကို ထုတ်ဖော်မပြသောသူ၊ ကာမဂုဏ်လိုက်စားရာ၌ တစ်ကိုယ်ကောင်းဆန်သူ၊ အတွက်အချက်ကောင်းသူဖြစ်ကြောင်း ဖော်ပြသည်။




**တိုတောင်းဖြောင့်တန်းသောလမ်းကြောင်းတစ်ခုနှင့် ရှည်လျားဖြောင့်တန်းသောလမ်းကြောင်းတစ်ခုတို့ အထက်-အောက်ယှဉ်လျက်ပုံစံရှိနေသည့် နှလုံးလမ်းကြောင်းတည်ဆောက်ပုံ**

**ဖြောင့်တန်းသည့်နှလုံးလမ်းကြောင်း ရှည်လျားနေပါက (သို့) နှလုံးလမ်းကြောင်းသည် လက်ညှိုးအောက်ခြေထိရောက်အောင်ရှည်လျားနေပါသလား။**

စိတ်ကူးယဉ်တက်သူ၊ ခံစားချက်အမှန်အားထုတ်မပြောတတ်သူ၊ စိတ်ခံစားမှုထက် လက်တွေ့ဆုံးဖြတ်ရာ၌ ကျိုးကြောင်းဆီလျော်အောင်လုပ်နိုင်သူဖြစ်ကြောင်း ဖော်ပြသည်။


**ကွေးဝင်နေသောနှလုံးလမ်းကြောင်း(အထူးသဖြင့်အဆုံးသတ်၌ကွေးဝင်နေပါသလား) ဖြစ်ပါသလား**



**နှလုံးလမ်းကြောင်းအဆုံးသတ်ကွေးဝင်နေပုံ**

အဆုံးသတ်၌ ကွေးဝင်နေသော နှလုံးလမ်းကြောင်းသည် နွေးထွေးသည့်စိတ်ရှိသူ၊ ဒေါသဖြစ်ချိန်၌ စိတ်လိုက်မာန်ပါလုပ်တတ်သူ၊ ရုပ်ပိုင်းဆိုင်ရာအရ ပွင့်လင်းမှုရှိသူ၊ စီးပွားဥစ္စာများအား တစ်ဦးတည်း ပိုင်ဆိုင်လိုစိတ်ရှိသူ၊ မနာလိုဝန်တိုစိတ်ရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**နှလုံးလမ်းကြောင်း၏ ဦးတည်ချက်ရုတ်တရက် ပြောင်းသွားပါသလား**



**ဦးတည်ချက်ပြောင်းသွားသည့် နှလုံးလမ်းကြောင်းတည်ဆောက်ပုံ**

ဦးတည်ချက် ရုတ်တရက်ပြောင်းသွားသောနှလုံးလမ်းကြောင်းသည် စိတ်ခံစားမှုအခြေအနေများ ရုတ်တရက်ပြောင်းသွားတတ်ပြီး ပိုမိုအရေးပါသော စဉ်းစားစရာများနှင့် ခေါင်းရှုပ်နေတတ်သူ ဖြစ်သည်။

၎င်းပြင် အထက်ပါလက္ခဏာရှင်သည် တစ်ဖက်သားနားလည်ရန် ခက်ခဲသည့် စိတ်ခံစားမှု၊ တုံ့ပြန်မှုများရှိနေသူဖြစ်သည်။

**နှလုံးလမ်းကြောင်းအရောင်မှိန်ဖျော့နေပါသလား**

အရောင်မှိန်ဖျော့သော နှလုံးလမ်းကြောင်းသည် ခွန်အား (စွမ်းရည်များ) ကျဆင်းခြင်းကို ဖော်ပြသည်။ နှလုံးလမ်းကြောင်း၏ အရောင်သည် သဘာဝအရောင်အတိုင်းမဟုတ်ဘဲ ဖျော့တော့နေခြင်းကြောင့် ခန္ဓာကိုယ်အတွက် မရှိမဖြစ် လိုအပ်သည့် ဗီတာမင်နှင့် သတ္တုဓာတ်၊ ဆားဓာတ်များ ချို့တဲ့နေသူဖြစ်ကြောင်း ဖော်ပြနေပါသည်။

**နှလုံးလမ်းကြောင်း အနီရောင်သန်းနေပါသလား။**

စိတ်ခံစားမှု မြင့်တက်နေသည့် အခြေအနေအမြင့်ဆုံးကို ဖော်ပြသည်။




www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ လက္ခဏာရှင်သည် ချစ်လွယ်၊ မုန်းလွယ်တတ်သူ၊ တစ်ခါတစ်ရံ စိတ်ချုပ်တည်းနိုင်မှု လျော့နည်းသောကြောင့် အကြမ်းဖက်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။ ၎င်းပြင် နှလုံးလမ်းကြောင်း အရောင်နီမြန်းနေခြင်းကြောင့် နှလုံးရောဂါရခြင်း၊ သွေးတိုးခြင်းတို့လည်း ကြုံရတတ်သည်။

နှလုံးလမ်းကြောင်းသည် -

**လက်ဝါးပြင်အဆုံး အနားသတ်နေရာမှ စတင်နေပါသလား**



**လက်ဝါးပြင်အစွန်းအနားသတ်နေရာမှ စတင်နေသော နှလုံးလမ်းကြောင်း**

အထက်ပါ ကြန်အင်လက္ခဏာ အတိုင်းဖြစ်ပါက သာမန်စိတ်ခံစားမှုရှိသူ၊ အပြန်အလှန် အပေးအယူမျှတခြင်းကို လိုလားသူ၊ ချစ်ခြင်းမေတ္တာ၌ တစ်ဖက်စွန်းမရောက်သူဖြစ်ကြောင်း ရည်ညွှန်းသည်။


**လက်ဝါးပြင်အစွန်း အနားသတ်နေရာမှ စတင်ခြင်းမဟုတ်ဘဲ လက်ဝါးပြင်၏ အခြားနေရာတစ်ခုမှ စတင်သော နှလုံးလမ်းကြောင်းဖြစ်ပါသလား**



**လက်ဝါးပြင်အတွင်းမှစတင်နေသော နှလုံးလမ်းကြောင်းပုံစံ**

လက်ဝါးပြင်အစွန်းနေရာမှလွဲ၍ လက်ဝါးပြင်အတွင်းတစ်နေရာမှ စတင်သော နှလုံးလမ်းကြောင်းသည် စိတ်ခံစားမှုများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသူ၊ စိတ်ကူးယဉ်ကာလများကြာရှည်တတ်သူ၊ မိမိတစ်ကိုယ်တော်စိတ်ချမ်းသာမှုအား ရေရှည်ထိန်းသိမ်းလိုသူဖြစ်ကြောင်း ဖော်ပြသည်။

**နှလုံးလမ်းကြောင်း လက်ညှိုးအောက်ခြေ၌ အဆုံးသတ်ပါသလား။**




**လက်ညှိုးအောက်ခြေ၌အဆုံးသတ်သော ရှည်လျားသည့်နှလုံးလမ်းကြောင်း**

လက်ညှိုးအောက်ခြေထိရောက်ရှိသည့် ရှည်လျားသောနှလုံးလမ်းကြောင်းဖြစ်ခြင်းကြောင့် သစ္စာစောင့်သိသူ၊ အများက အားကိုးအားထားပြုနိုင်သည့် အရည်အချင်းရှိသူ၊ စိတ်ကူးအတွေးအခေါ်မြင့်မားသူဖြစ်ကြောင်း ဖော်ပြသည်။ သို့သော်လည်း မေတ္တာရေးတိုက်ပွဲ၌ အထက်ပါ ကြန်အင်လက္ခဏာရှင်များ အထိနာပြီး လက်မြှောက်အရှုံးပေးရတတ်သည်။ အဆိုပါ လက္ခဏာရှင်သည် အများအားဖြင့် ချစ်ခင်တွယ်တာတတ်သူ၊ နှစ်လိုဖွယ်ကောင်းသူ၊ နွေးထွေးစွာဆက်ဆံတတ်သူ၊ လွတ်လပ်ပေါ့ပါးစွာဖြင့် ပျော်ပျော်နေတတ်သူပင် ဖြစ်သည်။

**လက်ညှိုးနှင့် လက်ခလယ်ကြား အဆုံးသတ်သောလမ်းကြောင်း ဖြစ်ပါသလား**


လက်ညှိုး၊လက်ခလယ်ကြားအဆုံးသတ်သည့် နှလုံးလမ်းကြောင်းဖြစ်သောကြောင့်စိတ်ကူးယဉ်တတ်သူ၊ အကောင်းဆုံးများကိုသာ မျှော်လင့်တတ်သူ၊ နွေးထွေးစွာဆက်ဆံတတ်သူ၊ အပေးအကမ်းရက်ရောသူ၊ သနားကြင်နာစိတ်ရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

၎င်းပြင် အထက်ပါလက္ခဏာရှင်သည် ကျန်းမာရေးကောင်းပြီး၊ စိတ်ကူးနှင့်လက်တွေ့တို့အကြား မှန်ကန်မျှတစွာဆုံးဖြတ်နိုင်သူလည်း ဖြစ်သည်။ လက်ညှိုး၊ လက်ခလယ်ကြားအဆုံးသတ်သော နှလုံးလမ်းကြောင်း၏ ပင်ကိုသဘာဝအရ ရေရှည်ဆက်ဆံပေါင်းသင်းထိုက်သူ၊အိမ်ထောင်ရေးခိုင်မြဲသူ၊ကျန်းမာရေးအတော်အတန်ကောင်းသူ၊ အကြောင်းအကျိုးဖြစ်စဉ်ကို နားလည်လက်ခံသူဖြစ်ကြောင်း ရည်ညွှန်းသည်။



**လက်ညှိုးနှင့်လက်ခလယ်အကြား အဆုံးသတ်နေသည့် နှလုံးလမ်းကြောင်းပုံစံ**

**နှလုံးလမ်းကြောင်းသည် လက်ခလယ် အောက်ခြေ၌ အဆုံးသတ်ပါသလား။**



**လက်ခလယ်အောက်ခြေ၌ အဆုံးသတ်နေသည့် နှလုံးလမ်းကြောင်းပုံစံ**

ထိုသို့ အဆုံးသတ်နေပါက အစွဲအလမ်းမရှိတတ်သူ။ မိမိခံစားချက်အား ထုတ်မပြတတ်သူ။ အခြားသူများ၏ အကောင်း၊ အဆိုးကိစ္စများ၌ ခံစားချက်မပြင်းထန်တတ်သူ။ ဝမ်းနည်း၊ ဝမ်းသာမှုများစွာမရှိတတ်သူ။ ဖို၊ မဆက်ဆံမှု၌ တစ်ကိုယ်ကောင်းဆန်တတ်သူအဖြစ်နှင့် တွေ့ရတတ်သည်။

ဆရာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

၁၉၃၀ ပြည့်နှစ် သပိတ်ကျင်းမြို့နယ်ပိုင်တာဝန်ထမ်းဆောင်စဉ်က ကျွန်ုပ်အား အရေးပိုင်ရုံးမှ ပစ်စာတစ်စောင်နှင့် ပတ်သက်၍ စုံစမ်းစေသည်။ ဤနေရာ၌ ကျွန်ုပ်တို့မြို့အုပ်အချင်းချင်း အတန်းအစား ခွဲခြားပုံမှာ အလုပ်သင်မြို့ပိုင် (Asst. Township Officer)၊ ဆပ်မောင်တိန်းမြို့အုပ် (Sub mountain Township officer)၊ မြို့အုပ်(Township Officer)၊ သပြွတ်သီးမြို့အုပ် (Deputpy Township Officer) ဟူ၍ရှိရာ မြို့အုပ်အလုပ်သင်စဉ် လက်ထောက်မြို့ပိုင်ဟု ခေါ်၍ အမှုထမ်းရသည်။

ဆပ် မောင်တိန်းမြို့အုပ် ဆိုသည်မှာ တောင်တန်းဒေသများတွင် တာဝန်ယူရသော မြို့အုပ်များကို ခေါ်သည်။

မြို့အုပ်ဖြစ်ပြီးလျှင်လည်း မိမိအုပ်ချုပ်ရသောမြို့တွင် မိမိထက်ကြီးသောသူမရှိလျှင် သီးခြားအုပ်ချုပ်တာဝန်ယူရသည့်အတွက် လစာ၊ အုပ်ချုပ်ခ၊ အပိုဆောင်းငွေရကြသည်။ ထိုသို့သောမြို့အုပ်ကြီးများကို မြို့ပိုင်ဟု ခေါ်သည်။

သပြွတ်သီးမြို့အုပ် ဆိုသည်မှာ မိုးကျရွှေကိုယ်ဟုခေါ်သည့်အိုင်စီအက်စ် (Indian Civil Service) များ မြို့အုပ်လုပ်ငန်းသင်စဉ်ခေါ်သည့်အခေါ် ဖြစ်၏။

ကျွန်ုပ်သည် သပိတ်ကျင်းမြို့တွင် မြို့ပိုင်ဖြစ်သောကြောင့် အလုပ်စိုးသောတာဝန်သည် မျှဝေခံမည့်သူမရှိ။ ကျွန်ုပ်သည်သာလျှင် တာဝန်ယူရမည် ဖြစ်၏။ ထို့ကြောင့် အရပ်ခေါ်အားဖြင့် သပိတ်ကျင်းမြို့ပိုင်ကြီး ဟူသတည်း။

တိုင်စာ/ပစ်စာမှန်သမျှသည် မြို့ပိုင်နှင့်ဆိုင်၏။ လက်မှတ်, နေရပ်လိပ်စာပါလျှင် တိုင်ကြားစာ၊ လက်မှတ်အစားနတ်ကလေး, ကောင်းစေလိုသူ, အမည်မဖော်လိုသူတစ်ဦး စသည်တို့ကို ပစ်စာဟူ၍ အစိုးရသတ်မှတ်ထားသည့်အတိုင်း ယခုပစ်စာမှာ သပိတ်ကျင်းမြို့နယ်နှင့် မိုးမိတ်နယ်စပ်တွင် ဆင်များကို ပစ်သတ်၍ ဆင်စွယ်ကုန်ကူးနေကြောင်း ပစ်စာဖြစ်၏။

ထိုပစ်စာအရ ပင်ဝယ်ရွာမှ ရွာခေါင်းလည်း ပါဝင်ကြောင်း တိုင်ကြားရာ ကျွန်ုပ်သည် တောလိုက်စာရေးနှင့်ကျောက်လှည်းဘီးရွာမှ မက်ဆိုပိုတေးမီးယားပြန် ဟာဗဒါအဆင့်ရရှိသူ မုဆိုးကျော် ဦးပြားကို ခေါ်၍ တပည့်ကျော် [illegible] တောင်ကျန်သား မောင်လှဝ၊ [illegible] [illegible] ရသည်။

မုဆိုးကျော်ဦးပြားမှာ ပထမစကစ်မှာ စစ်တွင် မက်ဆိုပိုတေးမီးယားစစ်မျက်နှာ၌တိုက်ပွဲဝင်ရာ ဟာဗဒါခေါ် တပ်ကြပ်ရာထူးနှင့် စစ်ပြီးသော် ရွာနေ [illegible] [illegible] တာ မုဆိုး [illegible] သူဘဝတို

သမီးဖြစ်သူ မအုန်းကြည်အား စောင့်ရှောက်နေသူ ဖြစ်၏။

ကျွန်ုပ်တွင် ရမ်မင်တန်မောင်းဖုန်း (၁၂) ဗို့ နှစ်လုံးပြူးတစ်လက်၊ ဝင်ချက်စတာ (၄၀၆) ဆင်ပစ်ရိုင်ဖယ်တစ်လက် ပါရှိပြီး ဦးပြား၏ စိုင်ဘောင်နှစ်လုံးပြူးတစ်လက်နှင့်ဆိုလျှင် ဤခရီးအတွက် လုံလောက်ပြီ။ နယ်ခံဖြစ်သော ကြာညွှပ်ရွာသူကြီး ဦးအုန်းညွှန့်အားခေါ်၍ တိုင်ပင်ရာ ဝါးရုံကုန်းရွာသူကြီးကား အသက်အားဖြင့်လည်းကြီးသည်။ဩဇာအာဏာနှင့်ပြည့်စုံသည်။ ရွှေဦးတောင်တော်၏ အနီးအနားရှိ ရွာသားတို့နှင့် အကျွမ်းတဝင်ရှိလှသည်။ ဝါးရုံကုန်းသူကြီးအား ခရီးစဉ်တွင်ခေါ်ခဲ့ရန် အကြံပြုသဖြင့် ဝါးရုံကုန်းသူကြီးအိုအားခေါ်လျက် လှည်း (၂) စီးဖြင့် ပင်ဝယ်ရွာသို့ မောင်းထွားသွားရတော့သည်။

ပထမလှည်းတွင် လှည်းသမားလှကြည်၊ ကြာညွှပ်သူကြီး၊ ဝါးရုံကုန်းသူကြီးနှင့် ကျွန်ုပ်လိုက်ပါလာ၍ ဒုတိယလှည်းတွင် လှည်းသမား၊ တောလိုက်စာရေး မောင်ဘခင်၊ တပည့်ကျော်မောင်လှဝနှင့် အမှုတွဲသေတ္တာ၊ တော





www.burmeseclassic.com

www.burmeseclassic.com

တွင်းရိုက္ခာသေတ္တာ (Tour box)နှင့် အိပ်ရာလိပ် စသည့်ပစ္စည်းများ ပါ၏။

ရုံးအမှုတွဲသေတ္တာထဲတွင် အမှုတွဲများ၊ ရောက်လေရာရွာများတွင် သူကြီးများမှတစ်ဆင့် ပြည်သူများလက်ဝယ်ရောက ်ဝေငှရန် ကွီနိုင်ခေါ် ငှက်ဖျားဆေးတို့လည်း ပါဝင်သည်။ ကျွဲ၊ နွား ဖွား/သေ မှတ်ပုံတင်စာအုပ်၊ လူဖွား/သေ စာရင်းမှတ်ပုံတင်စာအုပ်တို့မှာ ပါမြဲဖြစ်၏။

ဝါးရုံကုန်းရွာ၏ အရှေ့ဘက်ကို လှည်းမောင်းလေတိုင်း ဝါးတောကြီးများ သစ်တောကြီးများ၊ အင်းတိုင်တောတို့ကို ဖြတ်သန်းမောင်းရ၏။ တစ်ခါတစ်ရံ ရွာဆိုးကြီးများကိုလည်း ဖြတ်သန်းရသည်။ ရွာဆိုးနှင့်အတူ လယ်ယာအဟောင်းများ၊ သရက်၊ မာလကာ စသော လူတို့စားသုံးသောအပင်များလည်း တွေ့ရလေသည်။ လယ်တွင်းတစ်ခုမှာကား တိုင်းပင်များအတော်ထူ၍ အခြားအနီးအနားရှိ အပင်များကိုပင် မမြင်နိုင်ချေ။ လှည်းလမ်းလောက်သာမြင်ရလေသည်။ ပေါက်ပင်၊ မန်ကျည်းပင်အချို့ကိုလည်း တွေ့ရ၏။ နွေအခါဖြစ်သဖြင့် အချို့နေရာတွင် တောမီးလောင်လျက်တွေ့ရလေသည်။

သို့နှင့် ကျွန်ုပ်တို့ရည်မှန်းချက်ဖြစ်သော ပင်ဝယ်ဗိုလ်တဲသို့ရောက်ပါတော့သည်။ ဗိုလ်တဲရောက်သော် ပင်ဝယ်ရွာခေါင်းကိုခေါ်၍စုံစမ်းရာ ဆင်ပစ်သူများမှာ အခြားမဟုတ်။ ဘုရင်ခံ၏ ကိုယ်ရံတော်နှင့် သူခေါ်လာသော ရှမ်းနှစ်ဦးတို့ လာရောက်၍ တောဆင်နှစ်ကောင်ပစ်ကာ အစွယ်များယူဆောင်သွားကြခြင်း ဖြစ်သည်။ ဆင်ပစ်ရန်ပါမစ်အမိန့်ပါကြောင်း သိရသည်။ ဆင်စွယ်ယူပြီးပြန်ကြောင်း သိရသည်။ သို့ဖြင့် ပစ်စာစုံစမ်းမှုမှာ ပြီးဆုံးလေသည်။

အချိန်လည်းရှိသေး၍ ဝါးရုံကုန်းရွာသို့မပြန်၊ ကြာညှပ်ရွာသို့ ဖြတ်လမ်းမှပြန်ရန်သင့်ပါကြောင်း ကြာညှပ်သူကြီးဦးအုန်းညွန့်က ပြောဆိုရာ ပင်ဝယ်ရွာဗိုလ်တဲမှ အနောက်တည့်တည့် ဦးတည်လျက် ကျွန်ုပ်တို့လှည်း (၂) စီးထွက်လာကြရာ ထုံးစံအတိုင်း ရှေ့ဆုံးလှည်းတွင် ကျွန်ုပ်၊ ကြာညှပ်ရွာမြို့သူကြီး၊ ဝါးရုံရွာသူကြီးအိုတို့ပါသည်။ နောက်လှည်းတွင် မုဆိုးကျော် ဦးပြား အပါအဝင် လူငယ်များလိုက်ပါလျက် သွားရင်းလာရင်း အမဲပစ်ရန် ဖြည်းညင်းစွာ လိုက်လာလေသည်။

ညနေ (၃) နာရီလောက်တွင်မူ ကျွန်ုပ်တို့စီးသောလှည်းသည် ရှေ့သို့ကောင်းစွာမသွား။ မန်ကျည်းပင်ကလေးတစ်ပင်အနားသို့ ကွေ့ပတ်ကာသွားနေသည်ကို သတိမူမိပါသည်။ ကျွန်ုပ်နောက်မှလိုက်သော မုဆိုးကျော် ဦးပြားစီးသည့်လှည်းပင် ကျွန်ုပ်တို့လှည်းကို ကျော်တက်၍ လမ်းအတိုင်းမောင်းသွားလေပြီ။ ကျွန်ုပ်တို့လှည်းမှ နွားများမှာ မန်ကျည်းပင်ငယ်ဆီသို့ (၂) ခါမျှ ဆွဲသွားပြီးသည့်နောက် မန်ကျည်းပင်နားအရောက်တွင် နွားသည် ရှေ့သို့မသွားနိုင်။ တဘူးဘူးအော်လျက် ဒူးများတုန်ခါနေတော့၏။ နွားနှင်ကလည်း နွားကိုရိုက်မည်တကဲကဲဖြစ်ရာ

"မျင်းပြီးဖင်ကြပ်ဆွဲနှင့်မနေကြပါနဲ့ဗျာ။ တစ်ခုခုတော့ဖြစ်ပြီ။ နွားတွေကိုရိုက်မနေပါနဲ့"


ဟု ပြောသောအခါ သူကြီးဦးအုန်းညွန့်က -

"သူကြီးအိုရေ ရောမမြွေကြီးဗျ။ ကုန်းပြီး ပါးစပ်ဖြဲနေတာ နွားခေါင်းနဲ့ တစ်တောင်ကျော်လောက်ပဲ လိုတော့

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

## ပြောမယုံ ကြုံဖူးမှသိတယ်





www.burmeseclassic.com

www.burmeseclassic.com

တယ်"

ဟု ထိတ်လန့်တကြားအော်တော့သည်။

ကျွန်ုပ်သည် ဦးအုန်းညွှန့်၏အော်သံနှင့်အတူ သူညွှန်ပြရာသို့ ကြည့်လိုက်ရာ အင်မတန်ကြီးသောမြွေကြီးအပြင် အခြား ပေါင်လုံးခန့်ရှိသောမြွေတို့သည် မန်ကျည်းပင်အောက်အရိပ်၌ တစုတဝေး မြွေအစည်းအဝေးလုပ်နေသည့်ပမာလှုပ်ရှားလျက်ရှိကြကုန်၏။

"သူကြီးတို့ရေ၊ ခင်ဗျားတို့လည်း ပစ်ကြ၊ တွေ့သရွေ့ပစ်တော့"

ဆိုပြီး ကျွန်ုပ်၏ဆင်ပစ်သေနတ်နှင့်ပစ်လိုက်ရာ မြွေကြီး၏ဦးခေါင်းမှာ ပွင့်ထွက်သွားတော့သည်။ ဦးနှောက်များထွက်၍ တစ်ကိုယ်လုံးလူးလိမ့်ခါနေစဉ် အခြားမြွေများကိုလည်း သူကြီးတို့က ပစ်ရာ အလျှိုလျှိုပြေးကြ၏။ မုဆိုးကျော် ဦးပြားလည်း သေနတ်ဆွဲ၍လာရာ သေနေသောမြွေကြီးသာ သူတွေ့ရတော့၏။ နွားထမ်းပိုးကြီးကိုယူ၍ ဦးပြားတို့လှည်းဖြင့်ဆွဲလာရာ ကြာညပ်ဗိုလ်တဲသို့ ည (၈) နာရီခန့်တွင် ရောက်သည်။

စပါးကြီးမြွေဟုသတ်မှတ်ကြသော်လည်း စပါးကြီးမြွေအစစ်မဟုတ်ဟုပြောကြ၏။ ဝမ်းဗိုက်ကိုခွဲရာ ပြန်စေ့သဖြင့် တစ်ဖက်စီ သပ်ဖြင့်ရိုက်၊ ဝမ်းဗိုက်ခွဲပြီး သားကို ဒေါက်ဖြင့်ခံ၍ သည်းခြေကိုယူရာ ဦးခေါင်းရှိညောင်ရွက်မှာ လက်ဖဝါးတစ်ခုစာမျှရှိသည်။ ဥပေါင်း(၄၅)ဥ တွေ့ရသည်။ ကိုယ်လုံးက လူတစ်ဖက်စာမျှရှိသည်။ (မြွေအရေကိုဆန့်ရာ အနံမှာ တစ်ယောက်အိပ်ဖျာတစ်ခုစာရှိ၏။ မန္တလေးမြို့ရှိ ကုမ်းကုမ္ပဏီတွင် သားရေကြက်ရာ ဖျာလေးချပ်စာရသည်။) ဥနှင့် အသားများကို ရွာသားများအားပေး၍ သည်းခြေနှင့်အရေကို ယူဆောင်ခဲ့သည်။ နောက်တစ်နေ့မနက်တွင် ရေယဉ်ရွာမှ အသက် (၇၀) နီးပါးရှိ အဘိုးအိုတစ်ဦးသည် ဗိုလ်တဲသို့ရောက်လာတော့သည်။

"အမောင်တို့၊ အလကား ဒီမြွေကိုသတ်ကြတယ်။ သူတို့ရှိလို့ အခြားမြွေဆိုးတွေ ရွာနား၊လူနားကိုမလာကြဘူး။ သည်နေရာမှာ တစ်ခါတလေ မြွေဆိုးတွေ၊ နဂါးစပ်တွေလာတယ်။ ဘကြီးက မြွေကိုက်ရင် လိုက်ပြီးကုနေတာပါ။ အသက်ကလည်းကြီးပါပြီ။ မြွေဆေးအကြောင်းကို ဝါသနာပါတဲ့ သားသမီးကလည်းမရှိ၊ တပည့်တွေကလည်း ခပ်တေတေတွေဖြစ်တော့ ဘသေရင် ဘပညာတွေ အလကားဖြစ်တော့မယ်။



မြို့အုပ်ကြီး ဦးကြာစို၊ တောင်ကန်ရွာသား ကိုလူဝ၊ ခွေးစာတတ်ကာနှင့် ကြက်ရွှေနီတို့အား ခရစ်နှစ် ၁၉၃၀ တွင် သပိတ်ကျင်းမြို့ပိုင်ကြီးအဝ၌ ရိုက်ကူးထားပုံ

ဝါသနာပါသူတွေ့ရင် ဘကြီးကရွတ်ပြောလိုပါတယ်"

ဟု ဆိုပါသည်။

ကြာညပ်သူကြီး ဦးအုန်းညွှန့်က ရေယဉ်ရွာမှ မြွေဆေးဆရာ ဦးနိုးဖြစ်ကြောင်း မိတ်ဆက်ပေးသဖြင့် ကျွန်ုပ်နှင့် စာရေးမောင်ဘခင်တို့က တတ်အားသမျှ သူပြောသရွေ့ကို လိုက်မှတ်တမ်းတင်ရတော့သည်။

"အောင်စံမြတ်သူ၊ အဖိုယူ၊ ကျော်လှံ့ရဲတွတ်၊ အမမှတ်။ ဥဒေါင်းညိုပြာ၊ လက်ယာကခဲပြာ၊ စန္ဒြနှင့်၊ ဗုဒ္ဓရက်သောကြာ၊ မှတ်ပါတော့ လက်ဝဲ၊ သည်ကလွဲမူ၊ ကြမ္မာယူ သေသူဆိုရမြဲ။

မောင်မြို့အုပ်ရေ သည်လိုစကားမှတ်တမ်းကလေးနဲ့ အကျိုးကျေးဇူးရှိမှာမဟုတ်ဘူး။ မြွေခဲကျမ်းအလာကို သိမှတော်မယ်ဗျ"

ဟု ဆိုလျက် မှတ်တမ်းရေးရန် မြွေခဲကျမ်းကို ပြောပြရာ လိုက်ရေးရ[illegible]၏။

"လဆန်း၁ရက်နေ့၌ ယောက်[illegible]ကို လက်ဝဲကခဲမူကား သေအံ့။ မြွေအ[illegible]တည်း။ လက်ယာကခဲမူ မသေ။ အ[illegible]တည်း။

လဆန်း ၂ ရက်တွင် ယောက်[illegible]ကို လက်ဝဲကခဲမူကား မသေ။ အ[illegible]တည်း။ လက်ယာကခဲမူကား သေအံ့[illegible] အဖိုတည်း။

လဆန်း ၃ ရက်၊ ၅ ရက်၊ ၇ ရက်၊ ၉ ရက်၊ ၁၁ ရက်၊ ၁၃ ရက်၊ ၁၅ ရက် နေ့များအတွက်မှာ လဆန်း ၁ ရက်နေ့ကဲ့သို့မှတ်ယူပါလေ။

**နေ့/အချိန်အရမူ**

၁ - တနင်္ဂနွေနေ့ နံနက်အခါ[illegible] မြွေခဲသော် သေအံ့။ ဆဗ္ဗာမုတ္တရ[illegible]သော မြွေပွေးတည်း။



www.burmeseclassic.com

www.burmeseclassic.com

နေလွဲ၌ခဲမူ ရေမြေပြောက်သား သားတည်း။

ညရီတရော၌ ခဲမူ သေအံ့။ မြွေပြဒါး၏သားတည်း။

သူငယ်အိပ်ဆိတ်၌ခဲမူ သေအံ့။ ငန်းတော်ကျားသားတည်း။

၂ - တနင်္လာနေ့ နံနက်အခါခဲမူ မသေ။ အဆိပ်မရှိသောမြွေ၏ သားတည်း။ ပရန်စအခါခဲမူ သေအံ့။ မြွေဟောက်တည်း။ မွန်းလွဲခဲမူ မြွေပွေး၊ စပါးကြီးသားတည်း။ ညဦးသူငယ်အိပ်ဆိတ်တိုင်ခဲမူ သေအံ့။ မြွေပွေးတည်း။

၃ - အင်္ဂါနေ့ နေမထွက်မီအခါ ခဲမူ သေအံ့။ အမိမြွေပွေး၊ အဘမြွေဟောက်သားတည်း။ မျက်လှည်းစည်မှ မွန်းတည့်ချိန်အတွင်းခဲမူ သေအံ့။ အမိမြွေဟောက်၊ အဘ ဆင်ပစ်မြွေတည်း။ မွန်းလွဲမှနေဝင်ချိန်အတွင်းခဲမူ အမိမြွေပွေး၊ အဘမြွေစိမ်းဦးခေါင်းကြီး၏သားတည်း။ သူငယ်အိပ်ဆိတ်ချိန်တွင်ခဲမူ သေအံ့။ မြွေပွေးလည်ကုပ်တို့၏ သားတည်း။

၄ - ဗုဒ္ဓဟူးနေ့ သန်းခေါင်ယံအလွဲ၊ ဗုဒ္ဓဟူးနေ့အဝင်ခဲမူ သေအံ့။ မြွေငန်းတည်း။ ဗုဒ္ဓဟူးနေ့ ပန်းရန်စအခါကို ခဲမူ မသေ။ အမိမြွေဟောက်၊ အဘ မြွေစိမ်းခေါင်းကြီးသားတည်း။ (၃) ချက်တီးမှ နေဝင်ချိန်အတွင်းခဲမူ သေအံ့။ သူငယ်အိပ်ဆိတ်အတွင်းခဲမူ သေအံ့။ မြွေပြဒါးတည်း။

၅ - ကြာသပတေးနေ့ ကြာသပတေးနေအဝင် သန်းခေါင်အလွန်တွင် ခဲမူကား သေအံ့။ နဂါးမျိုးတည်း။ ကြာသပတေးနေ့ နေထွက်မှ နေဝင်ခဲမူကား သေအံ့။ ဆင်ပစ်မြွေသားတည်း။

၆ - သောကြာနေ့သို့ဝင်စည့်၌ ခဲမူကား သေအံ့။ မြွေပွေး၊ ဆင်ပစ်မြွေသားတည်း။ သောကြာနံနက်မှ နေဝင်ချိန်အတွင်းခဲမူကား သေအံ့။ အဘဆင်ပစ်မြွေ၊ အမိငန်းပုပ်သားတည်း။

၇ - စနေနေ့သန်းခေါင်မှသည် စနေနေ့အဝင်ခဲမူ မြွေဟောက်သားတည်း။ မွန်းတည့်အတွင်း ခဲမူကား သေအံ့။ မြွေဟောက်တည်း။ မွန်းလွဲမှ သုံးပဟိုရ်အတွင်းခဲမူ မသေ။ ငန်းတော်ကျားတည်း။ သုံးပဟိုရ်မှစ၍ ညတစ်ချက်တီးအတွင်းခဲမူ သေအံ့။ ငန်းနက်တည်း။

ဤကား ဆေးမကုဘဲ သဘောအားဖြင့်သေမည်၊ ရှင်မည်ကိုဟောသော စကားတည်း။ ဆေးကုမူ လွတ်တတ်သည်ဟု ဆရာနိုးက ပြောခဲ့၏။

ဆက်လက်၍ အမောင်မြို့အုပ်၊ ရသေ့ရှစ်သောင်း ဆရာကောင်းတို့ ပေါင်းရှိစုခြုံ အနှာရှိက ဆေးရှိရမည်၊ ကုထုံးကားရှိချေသည်။ သို့ရာတွင် သတ္တဝါတစ်ခု၏အသက်သည် သူ၏ ကံတွင်တည်သဖြင့် လူတိုင်းလိုပင် ထိုဆေးများနှင့်တွေ့က အသက်ဘေးမှ ချမ်းသာရာရမည်ဟူ၍ တထစ်ချလည်း အဘက မပြောနိုင်ပါ။ ရှေးဆရာကြီးများ ကုထုံးကို ပြောပါမည်ဟုဆိုလျက် သူပြောသည့်အတိုင်း ရေးမှတ်ရတော့သည်။

တနင်္ဂနွေနေ့တွင်ခဲသောမြွေကား အနန္တာမည်၏။ အဆိပ်ကား ဖမိုးထက်ရှိ၏။ အရှေ့ကို မျက်နှာမူ၍ မန္တန်နှင့်ချေလေ၊ ကျအံ့။

မန္တန်ကား -

ဉ် - အာနန္တာဟိလိ၊ ခဲယျခဲရယျသွားဟ။

(၃၇) အုပ်မန်း၍ချ။ ကိုက်ရာမှ အဆိပ်ရည်စီးကျမည်။

တနင်္လာနေ့တွင်ခဲသောမြွေကား ဇေသုကံမည်၏။ အဆိပ်ကား ပုဆစ်ဦး၌ရှိ၏။ အနောက်မျက်နှာသို့ မျက်နှာပြုလျက် မန်းရမည့်မန္တန်ကား -

ဉ် - ဇေသုတံ၊ ဟိလိ ဟိလိ၊ ခဲယျခဲယျသွားဟ။

(၃၇) အုပ်မန်း၍ အဆိပ်ချ။

အင်္ဂါနေ့ခဲသောမြွေကား တသရက်မည်၏။ အဆိပ်ကား လက်ယာနား၌ရှိ၏။ မြောက်သို့မျက်နှာမူ၍ မန်းရမည့်မန္တန်ကား -

ဉ် - ဇေသုတံ၊ ဉ်တက္ကသံဟိလိ ဟိလိ၊ ခဲယျခဲယျသွားဟ။

(၃၇) အုပ်မန်းပါလေ။

ဗုဒ္ဓဟူးနေ့တွင်ခဲသော မြွေကား တလုသကံဖြစ်၏။ အဆိပ်ကား နှုတ်ခမ်းထိပ်၌ရှိ၏။ တောင်အရပ်သို့ မျက်နှာမူ၍ -

ဉ် - တလုသကံ၊ ဟိလိ ဟိလိ၊ ခဲယျခဲယျသွားဟ။

(၃၇) အုပ်မန်းပါလေ။

ကြာသပတေးနေ့ခဲသောမြွေကား ဝိသကမည်၏။ အဆိပ်ကား အသည်းဖျား၌ရှိ၏။ မြောက်အရပ်သို့ မျက်နှာပြု၍ -

ဉ် - ဝိသကံ၊ ဟိလိ ဟိလိ၊ ခဲယျခဲယျသွားဟ။

(၃၇) အုပ်မန်းချလေ။

သောကြာနေ့တွင်ခဲသောမြွေကား မဟာပန္နတိမည်၏။ အဆိပ်မှာ လက်ဝဲမျက်စိတွင်ရှိ၏။ တောင်အရပ်သို့ မျက်နှာပြု၍ချပါလေ။

မန္တန်မှာ -

ဉ် - မဟာပန္နတိ၊ ဟိလိ ဟိလိ၊ ခဲယျခဲယျသွားဟ။

(၃၇) အုပ်မန်းပါလေ။

စနေနေ့တွင်ခဲသော မြွေကား သံသမမည်၏။ အဆိပ်ကား လက်ယာမျက်စိ၌နေ၏။ အရှေ့သို့မျက်နှာပြု၍ ရွတ်ဆိုရမည့်မန္တန်ကား -

ဉ် - သံသမ၊ ဟိလိ ဟိလိ၊ ခဲယျခဲယျ။

(၃၇) အုပ်မန်း၍ အဆိပ်ချပါဟုဆို၍ သူ၏ အဆိပ်ချမန္တန်နည်းကို ဆရာနိုးက အဆုံးသတ်လေသည်။

ဤကဲ့သို့ အဆိပ်ချမန္တန်များကို ပေးပြီးနောက် အမောင် မြို့အုပ်မင်း၊ တောတောင်များကိုက်ခဲခံရသူများမှာ မည်မျှပင် သတ္တိရှိသူဖြစ်သော်လည်း လိပ်ပြာကတော့ ခေတ္တလွင့်ပါသည်။ သည်တော့ အနီးအနားရှိ မကောင်းဆိုးဝါးများက အပင်းထည့်တတ်ပါသည်။ ထိုသို့သောအကြောင်းကိစ္စကို တောဖြီသည်ဟု ခေါ်ကြသည်။ တောဖြီ၊ အပယောဂဝင်သော် ရွတ်ဆိုရန်မန္တန်ကား -

ဉ် - ဝိဝိ၊ နှင့်အဆိပ်ထက်၊ ငါ့အဆိပ်တက်ခဲ့၊ သက်လည်းဆရာသက်ခဲ့၊ ပျက်လည်းဆရာပျက်၊ ဉ် - ကြောသော် ကြောမ၊ ကုန်အောင်တွသည်၊ ကြောကမနေ၊ ကြောတွင်ဖြေသည်၊ ပြေလေလော့၊ လွန်ထုံးလျော့သို့လျော့လော့၊ စုန်းပင်း၊ နတ်ပင်း၊ ဆရာပင်းက မကြွင်းသေလေ၊ ခြေသို့ရောက်၊ သက်ထွက်လည်း ဆရာထွက်၊ ပျက်လည်းဆရာပျက်။ မန္တန်ရွတ်ရန်မှာ ထိပ်ဆံကိုခွဲပြီး ဆန်ကိုစား၍မန်း၊ အဆိပ်ကျနေကျ။ ၎င်းဂါထာနှင့် ထုံးကို မန်းပြီးလျှင် ခဲရာအထက်ကထုံးနှင့်တို့။ အဆိပ်မတက်နိုင်။ တစ်ပါးကခေါ်လာမူ ခေါ်လာသူ၏ထိပ်ဆံကိုခွဲ၍မန်း။ အကိုက်ခံရသူမှာ ရောဂါမတတ်ပြီဟု ဆိုလေသည်။

ဆရာနိုးပေးသောဆေးနည်းကား -

ငန်းတော် ရေမြွေ အသေကောင် ဝမ်းထဲ နန်းလုံးကြိုင်မြစ်ကို ပြည့်အောင်သွင်း၊ အခြောက်လှန်း၊ မီးသော်လည်းကင်၍ခြောက်စေ၊ ခြောက်သော် ညက်စွာ အမှုန့်ကြိတ်၊ မြွေခဲ၍ ဆေးမန္တန်တို့နှင့် မပျောက်လျှင် ၎င်းဆေးကို တစ်ဝသားခန့်ဖျော်၍ ဦးခေါင်းငယ်ထိပ်တစ၍ အဆက်တိုင်းစုတ်နှင့်ထိုးလေ၊ အဆိပ်ရည်တို့ကိုက်ရာမှစီး၍ ဆင်း၏၊ ချမ်းသာရသည့်ဆေးတည်းဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် -

"အမောင်တို့၊ အခြားနည်းတွေလည်း အများကြီးရှိပါတယ်။ နေသာဒမှော်ဂိုဏ်း၊ နဂါးပတ်အင်းဂိုဏ်းတို့လည်း ရှိပါသေးတယ်"

ဟု ဆို၏။ သူ၏ စကားအဆုံးတွင်-

"အကောင်းဆုံးကတော့ မေတ္တာသတ္တော အနန္တာတဲ့ မောင်တို့။ သူတို့ကို မေတ္တာပို့ပါ၊ မသတ်ချင်ပါနဲ့"

ဟု ဆိုပြီး သူ့ပါလာသော လက်ဖက်ကို စားကာ မောပြီဆိုပြီး အိပ်တော့သည်။ သူနိုးသောအခါ ကျွန်ုပ်က ဥဏ်ပူဇော်ခ (၁၀) ပေးလိုက်ပါသည်။

ရသေ့ရှစ်သောင်းဆရာကောင်းတို့သည် ကျင့်ကြံအားထုတ်ရာ၌ နည်းစုံလမ်းစုံဖြစ်ကြသည်။ သူတို့၏ကျင့်စဉ်တွင် တူညီသောအချက်ကား သစ္စာကတိတည်ခြင်း၊ မေတ္တာ၊ စေတနာတို့သည် အဓိကဖြစ်၏။

ယုံသော်ရှိ မယုံသော်ရှိ တောသူတောင်သားတို့၏ ကျန်းမာရေးအခြေအနေမှာ ဓာတ်ဆရာ၊ ပယောဂဆရာတို့ကုသမှုတွင် ကျေးလက်များ၌ ခံစားရပုံကို နောင်လာနောက်သားများသိစေချင်သည်။ သိပ္ပံပညာသည် ထွန်းကားလာသည်။ အိန္ဒိယမှ မြွေဆိပ်ဖြေဆေးများ နေဆေးရုံများတွင်သာသုံးသည်ဟု ကြားသိရသည်။ သို့ရာတွင် ဆေးရုံတိုင်းမရှိပါ။

မြန်မာဆရာကြီးများက သူတို့ကျင့်စဉ်အရ အာဏာတည်သည်။ မေတ္တာပို့သည်။ မေတ္တာနှင့် သစ္စာပေါင်းစပ်သောအခါ သူတို့ပေးသမျှဆေးတို့သည် အစွမ်းထက်ပါသည်။ ဆရာနိုးသည်လည်း ထိုသို့ပင်ဖြစ်ပါလိမ့်သည်။ ဗြိတိသျှအစိုးရက ကျေးရွာလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုမှာ ကျွန်ုပ်မှ တစ်ဆင့် ကွီနိုင်ငှက်ဖျားဆေးလောက်ပင်ရှိ၏။

ကျွန်ုပ်သည် ကြာညပ်ဗိုလ်တဲ၌ (၂) ရက်နေပြီးနောက် ပတီးဖြူရွာသို့သွား၍ အမတော်ကြေးကိစ္စများ ဆောင်ရွက်ရသည်။ ပတီးဖြူမှတစ်ဆင့် ဟသာမော်ရွာသို့ ခရီးဆက်မည်ဖြစ်သတည်း။

မှတ်ချက် - သပိတ်ကျင်းမှရခဲ့သော မြေသားရေဖျာ(၃)ချပ်မှာ ဒုတိယကမ္ဘာစစ်အတွင်းမီးထဲပါသွားပါသည်။

အနောက်တံခါးမှူးမောင်မှူး

# ဆီး၊ဝမ်း၊လေအတွက် အနေခက်သော်

၂၀-၂-၂၀၁၄၊ ကြာသပတေးနေ့က အလှူပွဲတစ်ခုမှာ အလှူရှင်က ချင်းသုပ်တစ်ပွဲ၊ လက်ဖက်ပဲကြော်တစ်ပွဲ၊ တစ်ပွဲစီ သီးသန့်အနေနှင့် လက်ဖက်ရည်ကြမ်းဝိုင်းနှင့်ဧည့်ခံပါသည်။ ကျွန်ုပ်ရှေ့မှာထိုင်နေတဲ့ ပညာရေးအငြိမ်းစားဆရာကြီး ဦးတင့်ဆွေက -

"ဆရာချင်းသုပ်သုံးဆောင်ပါဦး"

ဟု ပြောဆိုပြီး ချင်းသုပ်ပန်းကန်ကို ကျွန်ုပ်၏ရှေ့နားသို့ တိုးပေးလိုက်၏။

ထိုအခါ ကျွန်ုပ်က -

"အခုတစ်လော ငရုတ်သီးနဲ့ချင်း အပူအစပ်စားလို့ ဆီးကိုဒုက္ခပေးနေတယ် ဆရာ။ ကျွန်တော်မစားရဲဘူးဗျာ"

ဟု ငြင်းချက်ထုတ်လိုက်ရာ ဆရာကြီးက -

"ဘုရားဟောတဲ့ အာရောဂျ ပရမာလာဘာ၊ အာရောဂျံ ပရမံ လာဘံ- ကျန်းမာခြင်းဟာ လာဘ်တစ်ပါး ဆိုတာကို ဆရာတို့ ပိုသိပါတယ်။ ခန္ဓာကိုယ်မှာဘယ်နေရာမှာပဲဖြစ်ဖြစ် ရောဂါဖြစ်လာပြီဆိုရင် တော်တော်လေး စိတ်ဆင်းရဲရတယ်နော်။ ကျွန်တော့်မှာလည်း ဆီးနဲ့ပတ်သက်တဲ့ရောဂါတစ်ခု ပြင်းပြင်းထန်ထန် ခံစားရဖူးတယ်။ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ဖြစ်ပြီး မင်းတုန်းကဆရာဝန်ကြီးဆီ သွားပြတယ်။ အဆီပိတ်တဲ့ရောဂါလို့ ပြောတယ်။ ခွဲစိတ်ရမယ်လို့လည်း ပြောတယ်။ ပြည်မြို့ကို လွှတ်တယ်ဗျ။ ဒါနဲ့ ကျွန်တော်လည်း အိမ်ပြန်လာခဲ့တယ်။ အဲ - မကြာခင်မှာပဲ ဆရာကိုကိုမောင်ရောက်လာပြီးတော့ ဆရာကြီး၊ ကျွန်တော်ပြောတဲ့ဆေးမီးတိုကိုသုံးကြည့်ပါဦးခင်ဗျာ၊ သိပ်ကိုကောင်းတာ။ လက်တွေ့လည်းဖြစ်တယ်လို့ပြောတာနဲ့ သူပြောတဲ့နည်းအတိုင်း သုံးကြည့်တာ သက်သာပျောက်ကင်းသွားတာပဲဆရာ"

ဖြစ်ကြောင်းကုန်စင်ပြောပြသောအခါ -

"ဒါဖြင့် အဲဒီနည်းကို အမိန့်ရှိပါဦး ဆရာ"

ဟု ကျွန်ုပ်က သိလိုဇောဖြင့် မေးလိုက်မိ၏။

ဆရာကြီးက အောက်ပါအတိုင်း လက်တွေ့ပျောက်ကင်းချမ်းသာရပုံကို စိတ်ရှည်လက်ရှည်ဖြင့် ပြောပြလေတော့၏။

"ရေမရောတဲ့ ထန်းရည်စစ်စစ် တစ်ပုလင်းထဲ ကျွန်တော်တို့ မင်းတုန်းဒေသထွက် ကြက်သွန်အမြွှာငါးတက်ကို ထည့်လိုက်ရတယ်။ အဲ - ထန်းရည်ကလည်း မနက်ပိုင်းချတဲ့ထန်းရည်မှ ဖြစ်သဗျ။ ညနေပိုင်းချတဲ့ ထန်းရည်ဆိုရင် ဆေးမဝင်ဘူး။ အဲဒီ ကြက်သွန်အမြွှာငါးတက်ကိုလည်း တစ်တက်ကို ခုနစ်စိတ်စီစိတ်ရမယ်။ ဖန်ခွက်ထဲကိုထည့်ရမယ်။ ထန်းရည်ပုလင်းထဲကို မထည့်ရဘူး။ ကြက်သွန်ထည့်ထားတဲ့ ဖန်ခွက်ထဲကို ထန်းရည်ထည့်ပြီး မနက်ပိုင်းမွန်းမတည့်မီအတွင်း တစ်ပုလင်းကို မကုန်မချင်း နားပြီးသောက်ရတယ်။ ကြက်သွန်ကို ဝါးစားရတယ်။ ငါးရက်လောက်သောက် လိုက်တော့ ဆီး၊ ဝမ်း၊ လေအကုန်လုံးချုပ်တာတွေ ရှင်းရှင်းလင်းလင်းပျောက်သွားတယ်။ ထန်းရည်ခါးမှဖြစ်တယ်ဗျို့။ အဲ - တစ်ခုတော့ရှိတယ်ဗျ။ သွေးတိုးသမားနဲ့တော့ မတည့်ဘူး။ ကျွန်တော်လည်း တစ်ပတ်လောက်ကြာတော့ ဆရာဝန်ဆီ ရောဂါရှိ မရှိ ထပ်ပြီးသွားပြတယ်။ ဆရာဝန်စမ်းသပ်တော့ ရောဂါလုံးလုံးရှာမရတော့ဘူး။ ဆရာဝန် အတော့်ကို အံ့ဩသွားတယ်။ ဘာဆေးသောက်သလဲ၊ ဘာလုပ်သလဲနဲ့မေးလိုက်တာစုံလို့ဗျာ။ ကျွန်တော်လည်း အမှန်အတိုင်း ပြောလိုက်တယ်"

ကျွန်ုပ်လည်း ထိုနည်းကို စာဖြင့်ရေးမှတ်ခဲ့ပြီး သုရဇ္ဇမဂ္ဂဇင်း စာတော်ဖတ်တို့အတွက် အကျိုးရှိတန်ကောင်းရဲ့ဟု ယူဆကာ ဆီး၊ ဝမ်း၊ လေချုပ်ပြီး နေမရထိုင်မရ ခံစားနေရသော ရောဂါဝေဒနာရှင်များ ဆရာကြီးဦးတင့်ဆွေကဲ့သို့ရှိခဲ့ပါသော် မခွဲမစိတ်ရဘဲ ပျောက်ကင်းချမ်းသာနိုင်ပါစေ ဟူသော ကောင်းမြတ်သော စိတ်စေတနာဖြင့် ဤကဲ့သို့ ရေးသား တင်ပြလိုက်ရပါသတည်း။

ကောင်းစံသာ(မင်းတုန်း)



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမိန်လှိုင်(ကျိုက်လတ်)

# ခုနစ်နေ့သားများနှင့်ဆိုင်ရာ အရပ်ရှစ်မျက်နှာ

ရှေးရှေးယခင် မြန်မာပညာရှိ ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်ကြီးများသည် အရပ်ရှစ်မျက်နှာကို အခြေခံလျက် လူမှုကိစ္စအဝဝတို့ကို မည်သည့်အရပ်မှာ မည်သည့်အလုပ်မျိုးကို လုပ်သင့်သည်၊ မည်သည့်အရပ်မှာဖြင့် မည်သည့် အဆောက်အအုံမျိုးကို ဆောက်လုပ်သင့်၏။ မည်သည့်ပစ္စည်းမျိုးကိုထားသင့်သည်ဟူသောပညာရပ်များကို အရပ်ရှစ်မျက်နှာအလိုက်နှင့် နေ့နံသားသမီးများအလိုက် 'ပရိဝါရ၊ အာယု၊ နာဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သိရီ' စသည်ဖြင့် ပိုင်းခြားသတ်မှတ် စီစဉ်၍ နေရာဌာနအလိုက် ဆောင်ရန်နှင့်ရှောင်ရန်များကို သူ့နေ့နံနှင့်သူ လုပ်ဆောင်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ စနစ်တကျ ပြုလုပ်ခဲ့ကြသော ရှေးပညာရပ်တစ်ခုကို အလိုရှိသူများ သုံးနိုင်စေရန်နှင့် အဖိုးတန်မြန်မာ့ပညာရပ်တစ်ခု မပျောက်ကွယ်စိမ့်သောငှာ ဖော်ပြရေးသားလိုက်ပါသည်။

**မိမိမွေးနံမှစ၍ လက်ယာရစ်အစဉ်အတိုင်းချပါ။**

လက်ယာရစ်

အစ ၁ → ၂ → ၃

| | | |
|---|---|---|
| ပရိဝါရ * | အာယု | နာဂရ |
| သိရီ | တနင်္ဂနွေ | ဘုမ္မိ |
| ဌာန | တေဇ | ဂဟပတိ |

၈ ၇ ၆ ၅ ၄

**တနင်္ဂနွေသားသမီးအတွက်**

၈ လက်ယာရစ်

| | | |
|---|---|---|
| ဌာန | သိရီ | ပရိဝါရ * |
| တေဇ | အင်္ဂါ | အာယု |
| ဂဟပတိ | ဘုမ္မိ | နာဂရ |

အစ ၁ ၂ ၃ ၄ ၅ ၆ ၇

**အင်္ဂါသားသမီးအတွက်**

လက်ယာရစ်အစ ၁ → ၂

| | | |
|---|---|---|
| သိရီ | ပရိဝါရ * | အာယု |
| ဌာန | တနင်္လာ | နာဂရ |
| တေဇ | ဂဟပတိ | ဘုမ္မိ |

၈ ၇ ၆ ၅ ၄ ၃

**တနင်္လာသားသမီးအတွက်**

၇ → ၈

| | | |
|---|---|---|
| တေဇ | ဌာန | သိရီ |
| ဂဟပတိ | ဗုဒ္ဓဟူး | ပရိဝါရ * |
| ဘုမ္မိ | နာဂရ | အာယု |

အစ ၁ ၂ ၃ ၄ ၅ ၆

**ဗုဒ္ဓဟူးသားသမီးအတွက်**

**တနင်္ဂနွေသားအတွက်**

၁။ ပရိဝါရအရပ် = အရှေ့မြောက်၊
၂။ အာယုအရပ် = အရှေ့၊
၃။ နာဂရအရပ် = အရှေ့တောင်၊
၄။ ဘုမ္မိအရပ် = တောင်အရပ်၊
၅။ ဂဟပတိအရပ် = အနောက်တောင်၊
၆။ တေဇအရပ် = အနောက်အရပ်၊
၇။ ဌာနအရပ် = အနောက်မြောက်၊
၈။ သိရီအရပ် = မြောက်အရပ် ဖြစ်၏။

**တနင်္လာသားအတွက်**


၁။ ပရိဝါရအရပ် = အရှေ့အရပ်၊
၂။ အာယုအရပ် = အရှေ့တောင်၊
၃။ နာဂရအရပ် = တောင်အရပ်၊
၄။ ဘုမ္မိအရပ် = အနောက်တောင်၊
၅။ ဂဟပတိအရပ် = အနောက်အရပ်၊
၆။ တေဇအရပ် = အနောက်မြောက်၊
၇။ ဌာနအရပ် = မြောက်အရပ်၊






www.burmeseclassic.com


www.burmeseclassic.com




**ကြာသပတေးသားသမီးအတွက်**




**သောကြာသားသမီးအတွက်**




**စနေသားသမီးအတွက်**

၈။ သိရီအရပ် = အရှေ့မြောက် ဖြစ်၏။

**အင်္ဂါသားအတွက်**

၁။ ပရိဝါရအရပ် = အရှေ့တောင်၊
၂။ အာယုအရပ် = တောင်အရပ်၊
၃။ နဂရအရပ် = အနောက်တောင်၊
၄။ ဘုမ္မိအရပ် = အနောက်အရပ်၊
၅။ ဂဟပတိအရပ် = အနောက်မြောက်၊
၆။ တေဇအရပ် = မြောက်အရပ်၊
၇။ ဌာနအရပ် = အရှေ့မြောက်၊
၈။ သိရီအရပ် = အရှေ့အရပ် ဖြစ်၏။

**ဗုဒ္ဓဟူးသားအတွက်**

၁။ ပရိဝါရအရပ် = တောင်အရပ်၊
၂။ အာယုအရပ် = အနောက်တောင်၊
၃။ နဂရအရပ် = အနောက်အရပ်၊
၄။ ဘုမ္မိအရပ် = အနောက်မြောက်၊
၅။ ဂဟပတိအရပ် = မြောက်အရပ်၊
၆။ တေဇအရပ် = အရှေ့မြောက်၊
၇။ ဌာနအရပ် = အရှေ့အရပ်၊
၈။ သိရီအရပ် = အရှေ့တောင် ဖြစ်၏။

**ကြာသပတေးသားအတွက်**

၁။ ပရိဝါရအရပ် = အနောက်အရပ်၊
၂။ အာယုအရပ် = အနောက်မြောက်၊
၃။ နဂရအရပ် = မြောက်အရပ်၊
၄။ ဘုမ္မိအရပ် = အရှေ့မြောက်
၅။ ဂဟပတိအရပ် = အရှေ့အရပ်၊
၆။ တေဇအရပ် = အရှေ့တောင်၊
၇။ ဌာနအရပ် = တောင်အရပ်၊
၈။ သိရီအရပ် = အနောက်တောင် ဖြစ်၏။

**သောကြာသားအတွက်**

၁။ ပရိဝါရအရပ် = မြောက်အရပ်၊
၂။ အာယုအရပ် = အရှေ့မြောက်၊
၃။ နဂရအရပ် = အရှေ့အရပ်၊
၄။ ဘုမ္မိအရပ် = အရှေ့တောင်၊
၅။ ဂဟပတိအရပ် = တောင်အရပ်၊
၆။ တေဇအရပ် = အနောက်တောင်၊
၇။ ဌာနအရပ် = အနောက်အရပ်၊
၈။ သိရီအရပ် = အနောက်မြောက် ဖြစ်၏။

**စနေသားအတွက်**

၁။ ပရိဝါရအရပ် = အနောက်တောင်
၂။ အာယုအရပ် = အနောက်အရပ်၊
၃။ နဂရအရပ် = အနောက်မြောက်၊
၄။ ဘုမ္မိအရပ် = မြောက်အရပ်၊
၅။ ဂဟပတိအရပ် = အရှေ့မြောက်၊
၆။ တေဇအရပ် = အရှေ့အရပ်၊
၇။ ဌာနအရပ် = အရှေ့တောင်၊
၈။ သိရီအရပ် = တောင်အရပ် ဖြစ်၏။

**အရပ်ဌာနအလိုက် အကျိုးပေးမှုနှင့် ဆောင်ရန်၊ ရှောင်ရန်များ**

**ပရိဝါရအရပ်**

အခြံအရံ အစောင့်အရှောက်၊ အကာအကွယ်၊ မိမိအမြဲနေထိုင်သင့်သောအရပ်ဌာန ဖြစ်၏။ ဘုရားဆောင် ဖြစ်စေ၊ ဧည့်ခန်းဖြစ်စေ ရှိသင့်သော နေရာ ဖြစ်သည်။ ရှောင်ရန် - ၎င်းအရပ်မှာ ခေါင်းမလျှော်ရ၊ ရေတွင်းရေကန် မတူးရ၊ လက်မှုလုပ်ငန်းများမလုပ်ရ။

**အာယုအရပ်**

အသက်ရှည်အောင်၊ ကျန်းမာအောင် ဆောင်ရွက်နေထိုင်ရမည့်နေရာ ဖြစ်၏။ အာယုအရပ်သည် အသက်နှင့် ဆိုင်၍ အရေးကြီးသည်။ ထိုအရပ်၌ ဘုရား၊ ဂူကျောင်း၊ ဇရပ်၊ ပြဿဒ်၊ ရေတွင်းရေကန်၊ လယ်ယာချောင်းမြောင်းမလုပ်ရ။

**နဂရအရပ်**

ဥယျာဉ်ခြံမြေများတည်ရသည်။ (သို့သော် နေအိမ်၌ နဂရအရပ်မှာ ငှက်ပျောပင်မစိုက်ရ။) နဂရမှာ မြို့ပြ ပြည်ရွာ အစိုးပွာယ်ရသည်။ မိမိအိမ်ထိက နဂရဌာနမှာ သောက်ရေအိုးမထားရ၊ ရေခဲသေတ္တာမထားရ။ နဂရအရပ်မှာ ရေမရှိပါစေနှင့်။

**ဘုမ္မိအရပ်**

အညစ်အကြေးစွန့်ပစ်ရန်အရပ်၊ အမှိုက်ပုံ၊ အိမ်သာထားရန် ဖြစ်၏။ မင်္ဂလာကျက်သရေရှိသော ကိစ္စများ ၎င်းအရပ်တွင် မလုပ်ရ ခေါင်းမလျှော်ရ။

**ဂဟပတိအရပ်**

စပါးကျီ၊ ဘဏ္ဍာပစ္စည်းထားသိုရာဌာန ဖြစ်၏။ လယ်ယာ၊ ဥယျာဉ် မစိုက်ပျိုးရ၊ အပုပ်အသိုး၊ အဟောင်း အမြင်းပစ္စည်းများ မထားရ။

**တေဇအရပ်**

ဘုန်းတန်ခိုး၊ အာဏာအရှိန်အဝါ တေဇအရပ်မှာ ဘုရား၊ တန်ဆောင်းကျောင်း၊ ဂူ၊ ပုထိုး တည်ဆောက်ပါ။ အပြိုင်အဆိုင်ဟူသမျှ တေဇအရပ်မှ နေ၍ ဆောင်ရွက်ပါ။ ထိုအရပ်မှာ သစ်ပင်မစိုက်ပါနှင့်။ မသန့်မပြန့်မဖြစ်စေရ။ မကောင်းတာဟူသမျှ မလုပ်ရ။

**ဌာနအရပ်**

ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စက်ကိရိယာ တင်းကုပ်များ၊ ရေတွင်း၊ ရေကန်များ တည်ထားရန် ဖြစ်၏။

**သိရီအရပ်**

ဂုဏ်သိက္ခာ ကျက်သရေမင်္ဂလာ ရှိစေသောကိစ္စများကို ဆောင်ရွက်ရန် နေရာဌာန ဖြစ်၏။ ရေတွင်းရေကန် ထားနိုင်၏။ လျှော၍မရပါ။ မွှေးကြိုင်သော ပန်းပင်၊ ဆူးပါသောအပင်များ မစိုက်ရပါ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - [illegible] (ကြော်ငြာခွင့်ပြုချက်အမှတ် - [illegible])




"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည်"ဟော့ ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ။ ရှည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး စားမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး။ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ပင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး။ ငှက်ပျောသီး၊ သခေါ်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး။ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲလေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ဆုလာဒ်ကို မကျန်းမမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။ "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွတ် နေတတ်ကြတာကိုး" "ဆရာကြီး တို့ ကြည့်ရတာ ကျွန်တော် တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ, ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်းအိမ် ပြရှုပ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေ့ပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာ ပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ။ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါပဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး. အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြော ထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော့ မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီးညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ။ အဲဒါကြောင့် ဆရာကြီးကို လာဂါန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . .သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်း၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် ဘုန်းကြီးဝင်စား လူဝင်စား၊ နွားဝင်စားဆောင်းပါးတွေ ရေးသားလာတာ လုံးချင်းတစ်အုပ်စာ လောက်ရှိနေပြီ ဖြစ်သည်။ သို့သော် နောက်ပိုင်း လူဝင်စားများအကြောင်း လာပြောသူတွေရှိသော်လည်း မရေးဖြစ် ခဲ့ပါ။ ယခုရေးမည့်လူဝင်စားအကြောင်း ကတော့ မိမိနှင့်မဝေးကွာလှသော အကြောင်းတရားတွေထဲကပါ။ စိတ် ဝင်စားစရာကောင်းပေမယ့် အကြောင်း ကြောင်းတွေကြောင့် လက်တွန့်လျက် မရေးဖြစ်ခဲ့ပါ။ သည်လိုနှင့် ဆယ်စုနှစ် တစ်ခုလောက် ကြာသွားလေသည်။

အသိမိတ်ဆွေတချို့က ကာယကံ ရှင်တွေ မရှိတော့တာက တစ်ကြောင်း၊ စာဖတ်သူတွေ ဆုတောင်းမများကြစေ ရန် သတိသံဝေဂရစေချင်သည်ကတစ် ကြောင်း၊ ရေးပါ၊ မရေးဘဲမနေပါနှင့်ဟု အကြိမ်ကြိမ်အခါခါ တိုက်တွန်းနေသည် ကတစ်ကြောင်းတို့ကြောင့် ရေးသား လိုက်ရပါသည်။ သို့တိုင်အောင် အရေးခံ ပုဂ္ဂိုလ်များကိုတော့ သူတို့တစ်တွေမရှိ တော့သော်လည်း နာမည်တွေ၊ နေရပ် တွေ မဖော်ပြတော့ပါ။ တိုက်တွန်းသူများ ပြောသလို စာဖတ်သူများ ဆုတောင်း မမှားအောင်၊ သတိသံဝေဂဖြစ်မိအောင် သာ ရည်ရွယ်ပါသည်။

အတိတ်ကိုဆောင်သည်ရှိသော် - မြို့တစ်မြို့၏ လူကုံထံတိုက်ကြီး ရှေ့သို့ တစ်နေ့သော နံနက်စောစောတွင် လှည်းယဉ်လေးတစ်စီးဆိုက်ရောက်လာ ၏။ ထိုလှည်းယဉ်လေးပေါ်တွင် ဖခင် ဖြစ်သူ သျှောင်ထုံးနှင့် အသက် (၄၀) ကျော်လူတစ်ယောက်နှင့် ရုပ်ရည်လှပ ချောမောသော (၈) တန်းကျောင်းသူ သမီးလေးတစ်ယောက်၊ သေတ္တာတစ် လုံးနှင့် ဒန်အိုးတစ်လုံး ပါလာသည်။ လှည်းယဉ်လေးချွတ်ပြီး တိုက်ကြီးထဲ တောကရောက်လာသည့် သားအဖနှစ် ယောက် ခပ်ကုပ်ကုပ်ဝင်သွားသည်။ တိုက်ထဲသို့ ရောက်သွားသည်နှင့် တိုက် ပိုင်ရှင်တွေကလည်း ဖော်ဖော်ရွေရွေ နှုတ်ဆက်လက်ခံလေသည်။ ဧည့်ခန်းမှာ (၁၅) မိနစ်လောက် စကားပြောနေရင်း လက်ဖက်ရည်၊ ကိတ်မုန့်၊ လက်ဖက်သုပ်၊ ရေနွေးပွဲများ ရောက်လာသည်။

"လက်ဖက်ရည်ပူပူလေးသော လိုက်ပါ။ ဆောင်းတွင်းဆိုတော့ လမ်း တော်တော်အေးမှာပဲနော်"

"ဟုတ်ကဲ့ - အေးပါတယ်"

တောရွာမှလူသည် စကား တုံးတိုဖြတ်လျက် သူတို့ပါလာသေ ကောက်ညှင်းပေါင်းဒန်အိုးတွင် ထားသည့်စောင်များကို အထပ်ထပ် ပြီး ကောက်ညှင်းပေါင်းများကို အိမ် အား လက်ဆောင်ပေးလိုက်သည်။

"ဟယ်-အများကြီးအားနာစ ဟု အိမ်ရှင်အမျိုးသမီးကြီး ပြောလိုက်သည်။


"အားနာစရာမဟုတ်ပါဘူးဗျ ဒါက ကျုပ်တို့လယ်ထွက်ပဲဟာ"

လူကြီးချင်းပြောနေကြသော် သမီးလေးကတော့ ဘာတစ်ခွန်းမှ မပြော။ တိုက်ကြီး၏ခမ်းနားပုံတွေ ကြည့်ပြီး ခေါင်းကိုသာငုံ့ပြီး ငြိမ်သ နေပါတော့သည်။ ပြန်ခါနီးတွင် ဖြစ်သူ (၈) တန်းကျောင်းသူကို အိမ် များအား မလိမ္မာတာရှိလျှင် ဆုံး အိမ်အလုပ်များကိုလည်း ကျောင်း ရက်များမှာခိုင်းဖို့မှာပြီး ပြန်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါဗျာ၊ မိတ်ဆွေရင်းချာတွေပဲဟာ။ စောင့်ရှောက်ရမှာပေါ့။ ပြောထားတဲ့အတိုင်း ဆန်၊ ဆီဘာမှမပို့ပါနဲ့နော်"

မိဘနှင့်ခွဲနေစမရှိသော (၈)တန်းကျောင်းသူလေးသည် အစပိုင်းတွင် မိဘတွေလွမ်းတိုင်း တိတ်တိတ်လေးငိုကြွေးရှာ၏။ သူစိမ်းအိမ်မို့ ပျော်လည်းမပျော်ပါ။ အိမ်ရှင်က မျက်နှာသာပေးသော်လည်း အနေအထိုင်ကျဉ်းကျပ်လှသည်။ နောက်တော့ ကျောင်းတွင် သူငယ်ချင်းအဖော်တွေတိုးလာပြီးပျော်လာပါသည်။ အိမ်မှာလည်း အားသည့်အချိန် ပန်းပင်ရေလောင်း၊ အိမ်ရှင်အမျိုးသမီး မီးဖိုချောင်ဝင်ကူ၊စာကျက်ချိန်ကျက်၊ကျောင်းသွားချိန်သွားနှင့်နေသားကျသွားပါတော့သည်။

အိမ်ရှင်အမျိုးသားက အသက်(၄၀)ကျော်ပြီဖြစ်သော်လည်း အမျိုးသမီးမှာ အသက် (၃၀)ပင် မပြည့်သေး။ သူတို့မှာ သားသမီးလည်း မထွန်းကားသေး၍ (၈)တန်းကျောင်းသူလေးကို သမီးအရင်းတမျှ ချစ်ခင်နေကြသည်။ (၈)တန်းကျောင်းသူလေးသည် ရုပ်ရည်လှပသလောက် ဉာဏ်လည်းကောင်း၏။ စာလည်း ကြိုးစားသူဖြစ်၍ တစ်နှစ်တစ်တန်းမှန်မှန်အောင်ပြီး ဆယ်တန်းရောက်သွားလေသည်။

ဤသို့တောက်လျှောက် အဆင်ပြေချောမွေ့သော်လည်း ဆယ်တန်းနှစ်ဝက်လောက်တွင် ကံဆိုးမိုးမှောင်ကျခဲ့လေသည်။ အိမ်ရှင်အမျိုးသားနှင့် ငြိစွန်းရာက ကိုယ်ဝန်ဖုံးမရဖိမရဖြစ်လာခဲ့ခြင်းပင် ဖြစ်သည်။ ကောင်မလေးမှာ အိမ်ရှင်အမျိုးသမီး၏အနှိပ်အစက်ခံ၊ အမျိုးသားကလည်း သူ့ဘက်ကမရပ်တည် တာဝန်မယူ။ အဖေ၊ အမေရှိတဲ့ တောရွာကိုလည်း မပြန်ရဲနှင့် အရှက်ကြီးရှက်ပြီး အဓိဋ္ဌာန်ပြည့်သော ဆုတောင်းပြည့်ဘုရားမှာ -

"ဘုရားတပည့်တော်မသည် ယခုကိုယ်ဝန်နှင့်ပတ်သက်ပြီး ကိုယ်ကစ၍ဖြားယောင်းသွေးဆောင်ခြင်း၊ မှားယွင်းသောကြံစည်မှု မပြုလုပ်မကြံစည်ခဲ့ပါ။ ဤသို့ သူတစ်ပါးအနိုင်ကျင့်ခံရလို့သာ ဒီလိုပြဿနာကြုံရခြင်း ဖြစ်ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် အနိုင်ကျင့်ခဲ့သော အိမ်ရှင်တို့အပေါ် ဘဝဆက်တိုင်း အနိုင်ဖြင့်ကလဲ့စားချေနိုင်ရပါလို၏ ဘုရား"

ဟု ဆုတောင်းပြီး မြို့အစွန်ကဇရပ်တစ်ခုပေါ်မှာ အဆိပ်သောက်ပြီး သေဆုံးခဲ့လေသည်။

ထို့နောက် ခြောက်လလောက်ရှိသောအခါ ထူးထူးခြားခြား ဘယ်တုံးကမှ ကိုယ်ဝန်မရှိခဲ့သော အိမ်ရှင်အမျိုးသမီးတွင် ကိုယ်ဝန်ရလာခဲ့သည်။ သားသမီးရတော့မှာမို့ နှစ်ယောက်စလုံး ဝမ်းသာနေကြသည်။ နောက်ဆုံး သူတို့လိုချင်သည့် သားယောကျ်ားလေးမွေးဖွားခဲ့လေသည်။

သို့သော် သူတို့တစ်တွေ အပြည့်အဝမပျော်နိုင်ကြပါ။ အဘယ်ကြောင့်ဆိုသော် သားလေးကိုယ်ဝန်မရှိခင် သုံးပတ်လောက်အလိုမှာ အဆိပ်သောက်သေသွားခဲ့သော ကောင်မလေးက သူတို့အိမ်မှာလာနေဖို့ အိပ်မက်ထဲတွင် ခွင့်တောင်းရာ အမျိုးသမီးက လက်မခံခါးခါးသီးသီး ဖွတ်ငြင်းသော်လည်း မရလာမှာပဲဟု ဖွတ်ပြောနေရာက အိပ်ရာမှ လန့်နိုးလာခြင်းကြောင့် ဖြစ်သည်။ သို့သော် သူ့အိပ်မက်ကို ဘယ်သူမှမပြောခဲ့ပါ။ သူ့စိတ်သက်သာရာရနေသည်က ယခု မွေးဖွားသူမှာ မိန်းကလေးမဟုတ်ဘဲ ယောကျ်ားလေးဖြစ်နေခြင်းကြောင့် ဖြစ်သည်။

ကလေးက ကံကောင်းချင်တော့ မိခင်မှာ သားသမီးနောက်ထပ်မထွန်းကားတော့ပါ။ ထိုကံကောင်းခြင်းကပင် သူတို့တစ်တွေ ကံဆိုးခြင်းများနှင့် ရင်ဆိုင်ကြရလေသတည်း။ တစ်ဦးတည်းသောသားမို့ အစွမ်းကုန် အလိုလိုက်ကြသည်။ ပိုက်ဆံချမ်းသာသလောက် ကလေးကလည်း အရွယ်နှင့်မလိုက်အောင် သုံးဖြုန်းသည်။

ဉာဏ်ကောင်းသော်လည်း စာမကြိုးစား၊ ကျောင်းလစ်သည်၊ လောင်းကစားဝါသနာပါသည်။ အိမ်မကပ်၊ မိဘစကားအမြဲဆန့်ကျင်သည်။ ကျောင်းလစ်လို့၊ ရန်ဖြစ်လို့၊ အပြစ်ရှိလို့ မိဘများမှာ မကြာခဏ လိုက်လံ ဖြေရှင်းရသည်။ အတန်းတစ်တန်း (၂) နှစ်လောက်နေသည်။ (၆) တန်းမှာ (၃) နှစ်ကျပြီး ကျောင်းထွက်သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် လောင်းကစားလွန်လွန်ကြူးကြူးလုပ်သည်။အသောက်အစားကို ခုံမင်သည်။ မကောင်းသည့်မိန်းမများနှင့်ပျော်ပါးသည်။ နောက်ပိုင်း မိဘဆီ လက်ဖြန့်တောင်းရုံတင် အားမရဘဲ အိမ်က စိန်၊ ရွှေ စသော အတွင်းပစ္စည်းများပါ ခိုးသည်ထိအောင်ပင်။

ထိုမျှ အားမရသေးဘဲ မိဘကိုနှုတ်ဖြင့် စော်ကားပြီး ရိုက်မည်ပုတ်မည်သတ်မည်ဟု ကြုံးဝါးသည်။ မိဘများမှာ တစ်နေ့မှ စိတ်မချမ်းသာရပါ။ ဘယ်နေ့ဆေးရုံရောက်မလဲ။ ဘယ်နေ့အချုပ်ထောင်ရောက်မလဲဆိုပြီး သားအတွက် ရတက်မအေးရ။ ညအချိန်မရှိမှချည်း ပြန်တော့ မိဘများမှာ အိပ်ကောင်းခြင်း မအိပ်ရ။

သားစိတ်နှင့် ဖခင်မှာ ဆုံးပါးသွားတော့သည်။ မိခင်ကတော့ သားဝဋ်ကြွေး မကျေကျေအောင်ဆပ်နေဆဲပင်။ တစ်ခါတစ်ခါတော့လည်း ငါ့သားဟိုကောင်မလေးဝင်စားတာ ဟုတ်များနေသလား။ ငါကလည်းနှိပ်စက်ခဲ့ဖူးတာကိုးဆိုသည့် သံသယများလည်း မကြာခဏဝင်လေ့ရှိပြန်ပါသည်။

သားဖြစ်သူကို ခြေငြိမ်အောင်ဆိုပြီး အိမ်ထောင်ချပေးပြန်တော့လည်း အချိုးကမပြင်။ မိခင်ဖြစ်သူမှာ နှလုံးရောဂါရပြီး အိပ်ရာထဲပုန်းဗုန်းလဲသွားတော့သည်။ သို့တိုင်အောင် ဘယ်သူမှ လှည့်မကြည့်ပါ။ သားဖြစ်သူက နောက်ဆုံးပေါ် ရောဂါနှင့် အရင်ဆုံးပါးခဲ့သည်၊ မိခင်သည်လည်း အိပ်ရာထဲအနာတွေပြည်တွေနှင့် လောက်ကောင်တွေအဖွေးသားဖြင့် သေဆုံးခဲ့လေသည်။ ပုပ်စော်နံလွန်း၍ သေသည်နှင့် တန်းသဂြိုဟ်လိုက်ကြသည်။ ပို့မည့်သူမရှိ၍ ရပ်ကွက်ထဲက အရက်သမားတွေကို အရက်တိုက်ပြီး အပို့ခိုင်းရသည်။

ရပ်ကွက်ထဲကတော့ သူတို့သားအမိကိုကြည့်ပြီး ဝဋ်ကြီးလိုက်ကြတာဟု ပြောဆိုသည်။ သူတို့သားသမီးသည် ကျိုကျိုတက်ချမ်းသာကြွယ်ဝကြသော်ငြား လူရာမဝင်ပါ။အလှူအတန်းမရှိပါ။ အဓိတန် စိန်၊ ရွှေ ပတ္တမြားတွေ ဝတ်ဆင်နိုင်သော်ငြား နောက်ဆုံးပေါ် ဇိမ်ခံကားစီးနိုင်သော် လူရာမဝင်ကြပါ။ သေတော့အသုဘပို့မည့်သူ မရှိပါ။

မိမိကတော့ ဝဋ်၊ ဆုတောင်းမှားပုံ၊ အတ္တကြီးပုံ၊ သေသည့်အခါ ဘာမှယူမသွားနိုင်ကြပုံ၊ ရွှေ ငွေ ချမ်းသာသော်လည်း လူရာမဝင်ပုံတွေကြည့်ပြီး -

◆ *ရွှေကောငွေကော၊*
*ဘယ်လိုပေါလည်း၊*
*နှမြောစုံမက်၊ မလှူရက်က*
*တစ်သက်လျှာ၊ လူဖြစ်နာ၏။*

ဆိုသောကဗျာလေးကိုသာ သတိရနေပါတော့သည်။

ဦးစန္ဒိမ(ဓမ္မသင်)



www.burmeseclassic.com

www.burmeseclassic.com

နိစ်-ပြုနဲ့ ပတ်သက်ပြီး -

တော်တော်များများအတွေ့အကြုံတွေများလာပြီးတဲ့နောက်ပိုင်း သူငယ်ချင်း ထွန်းလွင်နဲ့ စကားပြောဖြစ်ကြပြန်ပါတယ်။

ထူးဆန်းတာလေးတွေကိုပေါ့။


သူကလည်း ဒီပညာနဲ့ ပတ်သက်ပြီး စိတ်ဝင်စားလို့ ခဏခဏပြောဖူးတယ်လေ။ အမြဲတမ်းလိုလိုလည်း လာလာပြီး သူကမေးတတ်တယ်။

သူပြောတာက သူ့အသက်ကိုတွက်လိုက်ရင်း ရနေနဲ့ ဗုဒ္ဓဟူးဟာ နိစ်-ပြုဖြစ်နေပြီ။

ဒီတော့ သူက ထွန်းလွင် ကြောက်တယ်ပေါ့။

ဒါပေမယ့် ကျွန်တော်သိထားတာက ဝင်းဌေး ဆိုတဲ့ သူဦးလေးကြီးတစ်ယောက် ဒီနှစ်ထဲမှာ လေဖြတ်ထားတာကို သူငယ်ချင်း ထွန်းလွင်က ပြုစုပေးနေပြီလေ။ ဘာလဲ၊ မင်းကဖြစ်ချင်သေးလို့လား"

လို့ မေးလိုက်တော့ သူရယ်တယ်။




ဒါက ထွန်းလွင်ရောက်နေတဲ့ အသက်နဲ့ သူ့ရဲ့ သက်ရောက်တိုင်းအဲဒီမှာ နိစ်-ပြုက ထွန်းလွင်၊ ပြု-နိစ်က ဝင်းဌေး။

ဒီတော့ ဦးဝင်းဌေးကြီးရဲ့မကျန်းမာမှုတွေနဲ့ လုံးလားထွေးလားဖြစ်နေရရှာတဲ့ ထွန်းလွင်ဟာ ဘာဖြစ်တော့မှာလဲ။ ဘာမှမဖြစ်တော့ဘူး။ သူ့ကိုပဲပြောကြည့်။ ငါ့မျက်လုံးတွေနဲ့ နောက်စေ့နဲ့ကပ်ဖို့ လက်လေးလုံးလောက်ပဲလိုတော့တယ်"

ဆိုပြီး နောက်သေးတယ်။

ဒါလောက် ပင်ပန်းနေတာတောင် နောက်နိုင်သေးတယ် ထွန်းလွင်။

သိသားပဲ သူပိန်သွားတာ၊ ပထမတော့ သူဟာသူပိန်တယ်ထင်ပြီး -

'အင်း - ဒီလို နာမည် နိစ်-ပြုမိတဲ့နှစ်မှာ ထွန်းလွင် ပိန်သွားတာကောင်းတယ်။ ငါ့သူငယ်ချင်း ဒီနှစ်ဝနေရင် တော်ကြာချူချာနေဦးမယ်'

ဆိုပြီး တွေးတုန်း သူက ဦးလေးကိုဝင်းဌေးကြီးအကြောင်း တန်းပြောတာ။

ပိုကောင်းသွားတာပေါ့ ထွန်းလွင်ရယ်။

ထွန်းလွင်လိုမျိုးတွေ့သေးတယ်၊

သူကတော့ အသက် (၆၀) ရှိပြီဒေါ်တင်ယဉ်။

သူလည်း ဒီလိုပဲ။ သူ့ကိုဘယ်သူကဆိုလဲ ဒီနှစ်ထဲမှာ အရမ်းညံ့နေပြီ ဘာလုပ်လုပ်မရတော့ဘူး။ လာဘ်တွေလည်းပိတ်မယ်။ လူလည်းချူချာမယ်ဆိုပြီးပြောတာ သူလည်းကြောက်တာပေါ့။

တွေ့တော့ သူကြောက်တဲ့အကြောင်းတွေကိုပြောပြီး ဘယ်လောက်တောင် အရမ်းညံ့မှာလဲပေါ့။ ဘာမှမလုပ်ရတော့ရင် ဘာနဲ့ထမင်းစားမလဲ

# မင်းပြည့်

## နိစ်-ပြုရေးမှုအကကာများ

ရတာ သိတယ်။ သူ့ဦးလေးကို သူတွဲရတယ်။ ဆေးရုံ၊ ဆေးခန်းလိုက်ပို့ပေးရတယ်။ သူ့ဦးလေး အကျႌ၊ ပုဆိုးတွေကိုလည်း သူလျှော်ပေးနေရတဲ့အခါရှိတယ်။

သူငယ်ချင်းကိုပြောလိုက်ပါတယ်။

"ထွန်းလွင်၊ မင်းဘာမှမပူနဲ့ သူငယ်ချင်း၊ မင်းဘာမှမဖြစ်ဘူး။ မင်းစနေ၊ ဗုဒ္ဓဟူး နိစ်-ပြုမိတဲ့နှစ်မှာ မင်းရဲ့ နိစ် - ပြုထဲက ပြု - နိစ် နာမည် ဦးလေးဝင်းဌေးကြီးကို မင်းလုပ်ပေးနေရတာနဲ့ တင်ပြီးနေပြီ။ မင်းလည်း သူ့ကြောင့် ဆေးရုံရောက်ရ၊ ဆေးခန်းရောက်ရ၊ ကောင်းကောင်းမအိပ်ရနဲ့ဖြစ်နေပြီ။ ပြီးလိုက်ရတယ်။

"မင်းဦးလေးခိုင်းသမျှသာ အကုန်လုပ်ကွာ။ သူ့အတွက်လုပ်ပေးရလို့ မင်းမအိပ်ရရင်လည်းနေ၊ လု...
လိုက်" လို့။

သူကလည်း -

"ဟာ - သူငယ်ချင်း၊ လူကိုသာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ သူပြောတယ်လေ။ သူ့ကိုတွက်ကြည့်တော့ ဟုတ်ပါရဲ့။ နာမည်က နှိစ်-ပြ ထွန်းလွင်လိုပဲ။

၅ ၄
ယဉ် → ၄ ၃ — ပြ
၃ ၂
စိတ်တော့မကြောင်းဘူး။
၁ ၀
တင် — ၀ ၆ — နှိစ်
၆ ၅

ဒါပေမယ့် သူ့ကို အရမ်းမပြောရဲဘူး။ သူက မနက်တိုင်း (၄) နာရီ (၅) နာရီဆို ထပြီးအရုဏ်ဆွမ်းခံကြွတော်မူတဲ့ သံဃာတော် အရှင်သူမြတ်တွေကို အရုဏ်ဆွမ်း အမြဲလောင်းတဲ့ အဒေါ်။ ဒီကုသိုလ်ကြီးရှိနေတဲ့သူမျိုးဟာ ဘယ်လောက်ပဲညံ့ညံ့ အရမ်းမပြောရဘူး။ ပြောရင်လွဲတတ်တယ်လို့ အဖေ ခဏခဏပြောဖူးတယ်။ ဒေါ်ကြီးတင်ယဉ်က အဖေ့ဆီလည်းလာမမေးရဲဘူး။ သူက ဒီလိုညံ့တာကို ကြောက်တယ်လို့ အဖေ့ကိုပြောရင် အဖေဆူမှာစိုးလို့ဆိုပဲ။

ရပါတယ်၊ အဖေ့ဆီမမေးရဲလည်း ပြောရတာပေါ့။

ဒါပေမယ့် သူ့မှာ ကောင်းတဲ့ကုသိုလ်ကြီးတွေရှိနေတော့ မပြောရဲဘူးလေ။ ဟိုလှည့်မေးဒီလှည့်မေးမေးကြည့်တော့ နယ်မှာနေတဲ့ သူ့အစ်မဆီသွားတုန်းက သူ့အစ်မနေတဲ့ အိမ်ခြံတစ်ကွက်တည်း ဟိုဘက်ဘေးအိမ်မှာ နာရေးဖြစ်တယ်တဲ့။ သူကတော့ ဘာရယ်မဟုတ်ဘူး။ သွားဝိုင်းလုပ်ပေးလိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com

အံ့မယ် - ဟိုကလူတွေက သူ့ကိုခင်လို့ သူ့လက်သူ့ခြေပဲ။

ရန်ကုန်ပြန်လာတော့ ဒူးနည်းနည်းရောင်တယ်။ လမ်းမလျှောက်နိုင်ဘူး နှစ်ရက်လောက်။ ပြီးတော့ ကောင်းသွားတယ်။ ဒါလောက်ပဲ ဘာမှလဲမဖြစ်ဘူး။ ဒူးရောင်တဲ့နှစ်ရက်မှာ ဆွမ်းထမလောင်းရလို့ဆိုပြီးပြောလို့ကိုမဆုံးဘူး။ ဒီလိုလူမျိုးဘယ်လိုလုပ်ထိပါတော့မလဲ။ ဒါလောက် ကုသိုလ်ကြီးတွေနဲ့ပြည့်နေတဲ့သူမျိုး။

ဒါကြောင့် -

"ဒေါ်ကြီး မကြောက်နဲ့၊ ဘယ်လောက်မှလဲ မညွှဲတော့ဘူး။ ပြီးပြီ"

လို့ ပြောလိုက်တယ်။

သူလည်း အဲဒီနှစ်ကိုကျော်တော့မယ်။ တစ်လကျော်ပဲလိုတော့တယ်။ တကယ်လည်း ဘာမှမဖြစ်ဘူး ပြီးပြီ။

ဒါတွေဟာ ထူးဆန်းတဲ့ကံတွေလို့ ပြောရင်ရမလား။ တကယ်ဖြစ်သွားကြတဲ့။ တကယ်ထိသွားကြတဲ့သူတွေရှိပါတယ်။ ဒါပေမယ့် အဲဒီလူတွေနဲ့မတူတဲ့လူတွေပေါ့။ ဘယ်လိုပြောရမှန်းတောင်မသိလောက်အောင်ကံအလှည့်အပြောင်းဖြစ်သွားသူတွေပေါ့။

ဟိုးဘက်နှစ်ကလည်း တစ်ယောက်တွေ့တယ်။

သူ့ကို အဖေက -

"ခင်ဗျားဘာမှမဖြစ်ဘူး မပူနဲ့"

လို့ ပြောလိုက်တုန်းက အံ့သြခဲ့ရသေးတယ်။ တကယ်လည်း ဘာမှဖြစ်မလာတော့ ပိုပြီးအံ့သြခဲ့ရလို့ အဖေ့ကိုမေးကြည့်ရပါတော့တယ်။

ဘာမှမဖြစ်ဘူးလို့ အဖေပြောလိုက်တဲ့ သူ့နာမည်က အောင်ရဲ။

ဖြစ်ပုံက သူ့မှာ အစ်ကိုတစ်ယောက်ရှိတယ်။ လွန်ခဲ့တဲ့ (၁၅) နှစ်လောက်ကတည်းက ယဉ်ယဉ်လေးနဲ့ ရူးနေတာ။ လူက ကြည့်ရင် အကောင်း၊ သူ့ကိုတွေ့လို့ နေကောင်းလား မေးရင် မေးတဲ့သူကို သူက -

"ဘာလဲ၊ မင်းကငါ့ကိုဆေးရောင်းမလို့လား"

ဆိုပြီး အတင်းပြန်မေးတယ်။


စားပြီးလား မေးရင်လည်း -

"မင်းက ငါ့ကို ကျွေးနိုင်လို့မေးတာလား"

ဆိုပြီး အတင်းဒေါသတကြီးနဲ့ ပြန်ပြောတယ်။ သူ့ဟာသူနေရင် တစ်ယောက်တည်း စကားတွေပြောလို့ တစ်ယောက်ယောက်ကတွေ့ရင် ပြုံးပြီးရပ်သွားရော ဒီလိုလူမျိုး။

အဲဒီလို အစ်ကိုကို သူက ထမင်းခူးကျွေး၊ မုန့်ဝယ်ကျွေး၊ အဝတ်အစားဝယ်ပေး၊ လျှော်ဖွပ်ပေးနဲ့။ ကျွေးတော့လည်း သူ့လုပ်စာ သူ့ချွေးနဲ့စာ။

အဖေက ပြောတယ်။ သူက စိတ်မနှံ့တဲ့သူကို ပြုစုစောင့်ရှောက်နေတဲ့သူတဲ့။ လွယ်လွယ်ပြောကြတာက အရူးတဲ့။ ဒါဟာ သက်ရောက်နေတဲ့ သက်ရောက်ရဲ့နိစ်-ပြုပဲ။ ပြီးတော့ သူ့နာမည်တည့်တည့်။




ဒီတော့ သူဟာ ဘာမှမဖြစ်တော့ဘူးလို့ ပြောတယ်။

ကြည့်ရတာ ဦးအောင်ရဲကို တစ်ယောက်ယောက်ကပြောလိုက်ပါလိမ့်မယ်။ ဒါကို သူက အဖေ့ဆီရောက်တော့ မျက်စိပျက်မျက်နှာပျက်နဲ့ ကြောက်ကြောက်နဲ့ ပြောနေတာ။

အဖေက အေးဆေးပဲ။

"ခင်ဗျားဘာမှမဖြစ်ဘူး"

ဒါပဲ ပြောလိုက်တယ်။ တကယ်လည်း ဦးအောင်ရဲကြီး ဘာမှမဖြစ်ခဲ့ဘူး၊ ချူလည်း ချူချာဘူး။ သူ အဖေ့ဆီလာလာနေတာ တွေ့နေတာပဲ။

အဖေကပြောတယ်။


"ဦးအောင်ရဲဘာမှမဖြစ်ဘူးဆိုတာ သူ့မှာမဖြစ်နိုင်လောက်တဲ့ အကြောင်းတွေရှိတယ် သားရဲ့တဲ့။ ဒီပြင်လူဆိုရင်တော့ ဘယ်ရလိမ့်မလဲတဲ့။ အနည်းဆုံးရင်တွေအောင့်တာ၊လေတွေအောင့်တာ၊ခေါင်းမကောင်းတာတွေဖြစ်ကန်မှာတဲ့။ ဒီလိုမှမဟုတ်ရင် အိမ်ထောင်ရေးတွေ ကြောက်ရတယ်တဲ့"

ဒါကြောင့် နိစ်-ပြုနဲ့ ပတ်သက်ပြီး- သြော် - ဒီလိုအများကောင်းကျိုးပြုနေတဲ့သူတွေ သူတို့နာမည် နိစ်-ပြုမိပေမယ့် ဘာမှမဖြစ်တာပါလားဆိုပြီး ပညာတွေရပြီးရင်းရရင်းဖြစ်နေရပါတယ်။

ဒီလိုတွေ လက်တွေ့ဟောရင်း သင်ရင်းနဲ့ သိလာပြီးတဲ့နောက်ပိုင်း သူငယ်ချင်းတစ်ယောက်လာမေးလို့ပြောခဲ့တာ မှတ်မိပါသေးတယ်။

သူ့နာမည်က ဟန်ကိုကို။

သူ့အသက်အရ သူရောက်နေတာက အင်္ဂါသက်ရောက်။




သူက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတာ။ သူနဲ့ သူ့သူငယ်ချင်းတစ်ယောက်နဲ့ အိမ်ခန်းငှားနေကြတာ။ ကုမ္ပဏီက ငှားပေးတာ။

သူက သူ့အမေက တွက်တတ်တယ်။ နည်းနည်းပါးပါးပါ။ စာအုပ်တွေဘာတွေဖတ်တော့ နည်းနည်းပါးပါးရတာ။

"သူ ဒီနှစ်ထဲမှာစကားတောင်ရဲရဲမပြောနဲ့၊ ပြဿနာတွေ ဆင့်ကဲဆင့်ကဲဖြစ်တတ်တယ် သတိထား"

ဆိုပြီး ခဏခဏပြောတယ်တဲ့။

"တော်ရုံလည်းဘယ်မှမသွားနဲ့"

လို့ ပြောနေတယ်တဲ့။ စိုးရိမ်လို့တဲ့။

သူရောက်လာတော့ သူ့အကြောင်းပြောတာကို နားထောင်ရင်းကနေ ဟိုရောက်ဒီရောက်စကားတွေပြောကြရင်းက သူတို့ငှားနေတဲ့အိမ်မှာ သူခိုးခိုးခံရတဲ့အကြောင်းရောက်သွားရော။ ပထမခိုးခံရတာ အိမ်ရှင်နေတဲ့အခန်းကပစ္စည်းတွေတဲ့။ မနည်းဘူးပါသွားတာ။ နောက်တစ်ခါ အခိုးခံရတာက သူနဲ့အတူနေတဲ့ သူ့သူငယ်ချင်းရဲ့ ဂျင်းဘောင်းဘီတွေ။

"ဒါဆိုလည်းပြီးပြီပေါ့ကွာ"

ဆိုတော့ -

"ဘာကြီးလဲတဲ့"

"ဘာကြီးမှမလဲဘူး၊ မင်းဘယ်လိုလုပ်ပြီးညွှဲတော့မလဲ။ မင်းနေတဲ့အိမ်မှာ ဒါလောက် သူခိုးခိုးခံနေရတာ နှစ်ခါရှိနေမှတော့" လို့။

သူက ကြောင်တောင်တောင်။ ဘာပြောလို့ပြောမှန်းမသိဘူး။ သူ့နာမည်အောင်လည်း ဘယ်လိုရှင်းပြရမှန်းမသိဘူး။

"ဘာလဲ၊ ကျိန်းကျေသွားလို့လား" တဲ့။

သူ့ကို နိစ်-ပြုရှင်းပြရအောင်ကလည်း သူက ထွန်းလွင်လို နားမလည်တော့ ပြောမနေတော့ပါဘူး။



www.burmeseclassic.com

တင်နိုင်ဝင်း(ထမင်းချေးမြို့)

# သန်ကောင်၊ တုတ်ကောင်ကျစေရန်

ကလေးတိုင်းလိုလို ဖြစ်လေ့ဖြစ်ထရှိသောရောဂါမှာ သန်ကောင်၊ တုတ်ကောင်ရောဂါ ဖြစ်သည်။ မသန့်ရှင်းသော အစားအစာများကြောင့် ဝမ်းတွင်း၌ သန်ကောင်၊ တုတ်ကောင်များ ပေါက်ပွားကာ ကလေးများ၏ ဗိုက်ထဲတွင် ရစ်၍နာနေတတ်သည်။ ကလေးများ မအီမလည်ဖြစ်လာလျှင် သန်ကောင်၊ တုတ်ကောင်များကြောင့်ဟု ယူဆနိုင်သည်။ ကလေး၏ ဝမ်းထဲတွင် သန်ကောင်၊ တုတ်ကောင်များ များပြားလာလျှင် ကလေးများ မကြာခဏ ဝမ်းပျက်တတ်ပါသည်။ ၎င်းရောဂါကို မြန်မာတိုင်းရင်းဆေးမြီးတိုများဖြင့် အလွယ်တကူ ကုသနိုင်ပါသည်။

ဆေးနည်းမှာ ရှိန်းခိုနှင့် လင်းနေကို ရော၍ထောင်းပါ။ ၎င်းနောက် နှမ်းနက်ဆီနှင့် မီးနွေးနွေးတွင် ကျိုချက်ပါ။ ၎င်းဆေးရည်ကို ကလေး၏ ဝမ်းဗိုက်အပေါ်ပိုင်းကို လိမ်းပေးပါ။ သန်ကောင်၊ တုတ်ကောင်များကျစေပါသည်။

နောက်တစ်နည်းမှာ ကွမ်းစားဆေးရွက်ကြီးကို ရေအနည်းငယ်ဆွတ်၍ အိပ်ရာဝင်ချိန် ကလေး၏ ဝမ်းဗိုက်ပေါ် ကပ်ထားပေးပါ။

တိုင်းရင်းဆေးနည်းအဖြစ် အိပ်မွေ့သီးအမှုန့်၊ စင်ရွှေဖြူဆန်အမှုန့်၊ ပေါက်စေ့အမှုန့်၊ အခိုးသတ်ထားသော ကနခိုအမှုန့်၊ ဇရုတ်ကောင်းမှုန့်များကို ဆတူရောစပ်ပြီး ကြိတ်ပေးပါ။ ရွှေစေ့ခန့်လုံးထားပြီး ခြောက်သွေ့သောပုလင်းထဲတွင်ထည့်ထားပါ။ ညအိပ်ရာဝင်တိုင်း ဆေးတစ်လုံးခန့် ကလေးကို တိုက်ကျွေးပါ။

နောက်ဆေးနည်းတစ်ခုမှာ မဲဇလီအရွက်မနုမရင့်ကို အရည်ညှစ်ပါ။ ၎င်းနောက် သံပရာသီးခပ်မှည့်မှည့်တစ်လုံးကို အရည်ညှစ်၍ ၎င်းအရည်နှစ်မျိုးသင့်သလို ရောစပ်၍ ကလေးကို ညအိပ်ရာဝင်တိုင်း လက်ဖက်ရည်ဇွန်းတစ်ဇွန်း ကျတိုက်ပါ။

ထို့အပြင် ကျောက်ဖရုံသီးအစေ့များကို အနည်းငယ်ကြိတ်၍ နှမ်းနက်ဆီနှင့် ရောစပ်တိုက်ကျွေးနိုင်ပါသည်။ ညအိပ်ရာဝင်ချိန်တွင် ကြက်ဆူဆီအနည်းငယ် တိုက်ကျွေးပေးပါက သန်ကောင်၊ တုတ်ကောင် ပိုမိုကျဆင်းစေပါသည်။

အလွယ်ကူဆုံး ဆေးနည်းမှာ နာနတ်သီးစိမ်းကို ပျားရည်စစ်စစ်နှင့် တို့စားစေခြင်းဖြင့်လည်း ကလေးများ စားဝင်အိပ်ပျော်စေ၍ သန်ကောင်၊တုတ်ကောင်များကျစေပါသည်။

လူကြီးများအတွက်မူ အထက်ပါ ဆေးနည်းများအတိုင်း ဆေးချိန်ပိုမိုစားသုံးရပါမည်။ ထိုဆေးများစား၍ သန်မကျပါက သံသတ်ရွက်ကို ကြက်သွန်စသည်တို့နှင့်သုပ်စားပါ။ သံသတ်ရွက်မှာ မူးဝေအော့အန်တတ်သဖြင့် ကလေးများနှင့်မသင့်ပါ။

ကလေးရော လူကြီးအတွက်ပါ သုံးစွဲနိုင်သော ဆေးနည်းမှာ ငရုတ်ကောင်း၊ ပေါက်စေ့၊ အိပ်မွေ့သီး၊ စင်ရွှေဖြူ ဤလေးမျိုး တစ်ကျပ်သားစီကို ကနခို လေးပဲသားနှင့်ရော၍ကြိတ်ပါ။ လူကြီးရွှေကြီးခန့်၊ ကလေး ရွှေလေးခန့်တိုက်ကျွေးပါ။ ဆေးအလွန်စွမ်းသဖြင့် သန်ကောင်၊ တုတ်ကောင်များ အထက်လှန်တက်တတ်သည်။ သို့အတွက် ဆေးဒန်းနှင့် မြင်း၏ခွာကိုသွေး၍ ဆေးစားပြီး ခဏနေလျှင်တိုက်ပေးပါ။

တင်နိုင်ဝင်း(ထမင်းချေးမြို့)

---

အေး

လို့ပဲ ပြောလိုက်ပါတယ်။

အမှန်တော့ ကျိန်းကျေတာထက် သူမှာကြုံတဲ့ကံအတိုင်း သူ့ပတ်ဝန်းကျင်မှာ ဖြစ်ကုန်တဲ့သဘောပါ။ သူခိုးကိန်းတော့ သူခိုးကိန်းပါပဲ။ တန်ကိုကို့ကို မထိတဲ့ သူခိုးကိန်းဖြစ်သွားတာပေါ့။

"ကောင်းပါတယ် ဟန်ကိုကို"

သူလည်း ဘာမှမဖြစ်တော့ပါဘူး။ ကြောင်တောင်တောင်နဲ့ မေးပါသေးတယ်။

"ငါဘာယတြာချေရမလဲ"တဲ့။

မလိုပါဘူး။ ယတြာမလိုလောက်အောင် သူ့ပတ်ဝန်းကျင်မှာဖြစ်သွားပြီးပြီ။ ပြီးပြီ ဟန်ကိုကို။ ဘာမှမဖြစ်တော့ပါဘူး။

| | |
|---|---|
| | ၈ ဝ |
| | ၆ ၆ |
| သူ | ၅ ၅ |
| | ၄ ၄ |
| | ၃ ၃ |
| ခိုး | ၂ ၂ |
| | ၁ ၁ |

ဒါတွေဟာ နိစ်-ပြနာမည်တည့်တည့်မိနေပြီဆိုတဲ့သူတွေထဲက လူတချို့ပါ။ တချို့ဟာ ကိုယ့်နာမည် နိစ်-ပြမိနေရင် အရမ်းကြောက်ကြပါရဲ့။ စကားတောင် ရဲရဲမပြောရဲတော့ဘူးဆိုတဲ့သူတွေ၊ စီးပွားဘယ်လိုရှာရမှန်းမသိတော့ဘူးဆိုတဲ့သူတွေ၊ လာလာမေးကြတဲ့ မိတ်ဆွေတွေထဲမှာ အများကြီး။

များသောအားဖြင့်တော့ တစ်ယောက်ယောက်က အဲဒီနိစ်-ပြအဆိုးကြီးကိုပြောလိုက်ရင် နေစရာအောင်မရှိကြတော့ပါဘူး။

အဖေလည်း အမြဲသင်ပါတယ်။

"ဟုတ်တယ် သား၊ နိစ်-ပြဟာ တကယ်ကို ကြောက်စရာကောင်းတဲ့ကိန်း။ ဒီကိန်းမိရင် တော်တော်များများ စီးပွားရေး ကျန်းမာရေး လူမှုရေးထိသွားကြတာများတယ်။ ဒါပေမယ့် ကုသိုလ်တစ်ခုလို သဘောထားတဲ့စိတ်မနောဖြူဖြူနဲ့ ကိုယ့်ကိုယ်ကိုယ်အပင်ပန်းခံပြီး သူများအကျိုးကို ဆောင်ရွက်နေကြသူတွေ ဘယ်လောက်ပဲ နိစ်- ပြမိမိ သူတို့ဘာမှဖြစ်လေ့မရှိကြဘူး။ ပညာကမမှားဘူးနော်။

ဖြစ်တာကတော့ဖြစ်တာပဲ။ မဖြစ်ဘူးဆိုတာမရှိဘူး။ ဒါပေမယ့် သူတို့ရဲ့ ပတ်ဝန်းကျင်မှာပဲဖြစ်သွားတာများတယ်"

ဆိုတဲ့ အဖေ့စကားနဲ့ လက်တွေ့မြင်ရ၊ တွေ့ရတဲ့ နာမည်နိစ်-ပြမိကြပုံတွေကို တအံ့တဩ တင်ဆက်လိုက်ရတာဖြစ်ပါတယ်။

နာမည် နိစ်-ပြမိတိုင်း မစိုးရိမ်ပါနဲ့ ဆိုတဲ့အကြောင်း ဒီဆောင်းပါးလေးနဲ့ ပြောပြလိုက်တာပါ။

ဘယ်လို ရှောင်ရမယ်ဆိုတာ သိသွားလောက်ပါပြီ။

ဒီပြင်၊ နိစ်-ပြနာမည်မိကြသူတွေဆိုရင်လည်း ဒီလိုသဘောပါပဲလို့ နေ့တိုင်း တွေ့နေ၊ မြင်နေ၊ ကြားနေရတဲ့အထဲက ထုတ်နုတ်ပြီး တင်ပြရင်းနဲ့ ဆက်ပြီးကြိုးစားသွားပါဦးမယ်။

မင်းပြည့်

www.burmeseclassic.com



# ချောင်းဆုံအုန်းသွင်

## ကွမ်းယာ၊ ဆေးလိပ် (၁)

ကွမ်း

"မောင်အုန်းသွင် - ကွမ်းစားတယ်၊ ဆေးလိပ်သောက်တယ် ဆိုတာ တို့ဘိုးစဉ်ဘောင်ဆက်လက်ထက်ကစပြီး ထမင်းစားရေသောက်တာနဲ့အတူ ဆင်းသက်ခဲ့တဲ့ဓလေ့တစ်ရပ်ပဲ မဟုတ်လား။ အခုမှဘယ်လိုဖြစ်လာတာလဲ။

ပြီးတော့ ဒီဓလေ့ထုံးစံဟာ အိမ်ရှင်လား၊ ဧည့်သည်လား ဆိုတာကို ငါသိချင်လာတယ်။ ငါလည်း အခုတစ်လောဘယ်လိုဖြစ်နေတယ်မသိဘူး၊ တစ်ခါတစ်ရံ တောင်တောင်ဤဤစဉ်းစားမိတယ်။ သိချင်တဲ့ အကြောင်းအရာတစ်ခုခု စဉ်းစားမိပြီး မသိရရင်မနေနိုင်မထိုင်နိုင်ဖြစ်တယ်။ သိချင်တာကို မရမကမေးတတ်လို့ အိမ်သားတွေနဲ့လည်း ခဏခဏရန်ဖြစ်ရတယ်။ မင်းကတော့ စာရေးဆရာဖြစ်လို့ ငါ့ထက်ပိုသိမှာပဲ။ အဲဒီတော့ ကွမ်းနဲ့ ဆေးရွက်ကြီးရဲ့ ရာဇဝင်ကို သိသလောက် ပြန်ပြောပြစမ်းပါ"

တစ်နေ့တွင် ကျွန်တော့်အစ်ကိုဝမ်းကွဲတစ်ယောက် ကျွန်တော့်ကို နေကောင်းရဲ့လားဆိုပြီး လာကြည့်ရင်းက အထက်ပါအတိုင်း မေးပါသည်။ သူက ကျွန်တော့်ထက် (၄) နှစ်ကြီးပါသည်။ အသက် (၈၈) နှစ်ရှိပါပြီ။ ကျန်းမာရေးကတော့ ကျွန်တော့်ထက် (၄) ဆလောက် ပိုကောင်းပါသည်။

ကျွန်တော်က -

"ကျွန်တော်လည်း ပြည့်ပြည့်စုံစုံတော့ မသိပါဘူး။ ဒါပေမယ့် အစ်ကိုသိချင်ရင် ကျွန်တော်သိသလောက်ပြောပြပါ့မယ်။ ဆေးရွက်ကြီးကို မသိပေမယ့် ကွမ်းကိုတော့ ဧည့်သည်လို့ကြားဖူးပါတယ်။ ကွမ်းဟာ ငရုတ်ကောင်းပင်မျိုးထဲပါပါတယ်။ ဒါကြောင့် ဆေးဝါးအဖြစ်အသုံးဝင်ပါတယ်။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကို အလွန်နိုင်ပါတယ်။ ကွမ်းရွက်ကို မျက်လုံးဘေးမှာကပ်ရင် မှုန်နေတဲ့ မျက်လုံးတောင် ကြည်လင်တယ်။ ဒါကို စာရေးဆရာတွေ မကြာခဏရေးနေကြတာပဲ။ လေထိုးလေအောင့်ဖြစ်ရင် ကွမ်းရွက်ပြုတ်ရည်ပူပူသောက်ရတယ်။ အအေးမိ အပူရှပ်ရင်လည်း ဒီအတိုင်းပဲ။ ဒါအစ်ကိုလည်းသိပါတယ်။ ချောင်းဆိုးရင်ကျပ်ရင် ကွမ်းရွက်ဆေးရည်ကို ဆားနည်းနည်းထည့်သောက်ပျောက်တယ်။ အပူကိုနိုင်တယ်။ အပူလွန်ကဲတဲ့ရောဂါကိုလည်းပျောက်စေတယ်။ တိုင်းရင်းဆေးအတော်များများဟာ ကွမ်းရွက်ရည်နဲ့တွဲသောက်ရတယ်။ မူလဆေးရဲ့အာနိသင်ကိုတိုးစေတယ်လို့ဆိုပါတယ်။

ကွမ်းပင်နှစ်မျိုးရှိတယ်။ သစ်ပင်မှာ နွယ်တက်နေတဲ့ ကွမ်းပင်မျိုးနဲ့ တိုင်ထောင်စိုက်ရတဲ့ ကွမ်းပင်မျိုးပဲ။ အစ်ကိုတို့ ကျွန်တော်တို့ရဲ့ မိဘဘိုးဘွားအစဉ်အဆက်က တိုင်ထောင်စိုက်ရတဲ့ ကွမ်းကိုစိုက်ပြီး ခြံဥယျာဉ်အလုပ်နဲ့ အသက်မွေးခဲ့ကြတာပဲ မဟုတ်လား။

ကွမ်းစားတဲ့ဓလေ့ကို အိန္ဒိယက စခဲ့တယ်လို့ ယူဆကြတယ်။ ကျွန်တော်တို့ဟာ စောစောပိုင်းက အိန္ဒိယနဲ့ အဆက်အဆံများခဲ့လို့ ဓလေ့အတော်တော်များများမှာ အိန္ဒိယမှာ မြတ်စွာဘုရားမပွင့်ခင်ကတည်းက ကွမ်းစားတဲ့ဓလေ့ရှိခဲ့တယ်လို့ဆိုတယ်။ ဘုရားဟောနိပါတ်အတော်များများမှာလည်း ကွမ်းအကြောင်းပါတယ်။ မြန်မာနိုင်ငံကိုတော့ တကောင်းခေတ်လောက်စပြီး အိန္ဒိယက ကွမ်းစားတဲ့ဓလေ့ ဝင်ရောက်လာတယ်လို့ ယူဆကြတယ်။ ကွမ်းစားတဲ့ဓလေ့နဲ့ အတူ ကွမ်းမျိုးပင်တွေလည်း ပါလာမှာပေါ့။ တကောင်းမင်းများရဲ့ အဆောင်အယောင်စာရင်းထဲမှာ 'ကွမ်းလောင်းကြီး'၊ 'ကွမ်းလောင်းငယ်'ဆိုပြီး ပါတယ်။ ကွမ်းလောင်းဆိုတာ ကွမ်းအစ်ကို ပြောတာ။ ပုဂံခေတ်မှာ ကွမ်းစားတဲ့ဓလေ့ အတော်တွင်ကျယ်နေပြီ။

ကွမ်းအစ် ဆိုတာ ကွမ်းနဲ့တွဲဖက်စားရတဲ့အရာတွေကိုထည့်တဲ့ အုပ်ကိုခေါ်တာ။ ရွှေ၊ ငွေ၊ သစ်သား၊ နီး စတာတွေနဲ့ ကွမ်းအစ်လုပ်ပြီး အဆင့်အတန်းအလိုက်အသုံးပြုကြတယ်။ ကွမ်းနဲ့တွဲပြီး စားတာတွေက ကွမ်းသီး၊ ထုံး၊ ဆေး၊ ရှားစေး၊ ဖာလာ၊ လေးညှင်း၊ စမုန်စပါး စတာတွေ ဖြစ်တယ်။ 'တံတားဦးက ကွမ်းနုဝါ၊ ငမြာကဆေး၊ ကွမ်းသီးတောင်ငူနဲ့' ဆိုတဲ့ စာဆိုရှိတယ် မဟုတ်လား။ ရှေးမြန်မာတိုင်းရင်းသားတို့ရဲ့အိမ်ဦးခန်းမှာ ကွမ်းအစ်ဆိုတာ ခံ့ခံ့ညားညားနေရာယူထားတယ်။ ဧည့်သည်ရောက်ရင် စတင် ဧည့်ခံတဲ့စားစရာက ကွမ်းပဲ။

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ မင်္ဂလာ (၁၂) ခန်းမှာ ကလေးမျက်နှာမြင်ပြီးနောက် (၃၅)ရက်အရမှာ ကလေးကို တခမ်းတနားပြုလုပ်တဲ့ ကွမ်းခွံ့မင်္ဂလာဆိုတာပါတယ်။ မြန်မာရာဇဝင်မှာ ကွမ်းနဲ့ပတ်သက်ပြီး ထူးခြားတဲ့အဖြစ်အပျက်တွေရှိခဲ့တယ်။ ပုဂံခေတ်က ရာဇသင်္ကြန်ဆိုတဲ့ အမတ်ကြီးကို သီဟသူ ဆိုတဲ့ မင်းသားက သူလာတာကို အင်္ကျီလက်မသိမ်းရကောင်းလားဆိုပြီး အင်္ကျီလက်ကို ကွမ်းတံတွေးနဲ့ထွေးတယ်။ အမတ်ကြီးက အဲဒီအင်္ကျီကို ခေါက်သိမ်းထားလိုက်တယ်။ ကျစွာမင်း နတ်ရွာစံတော့ နန်းမွေဆက်ခံဖို့ သီဟသူနဲ့ နရသီဟပတော့တို့အနက် ရွေးကြရာ အမတ်ကြီးက သီဟသူရဲ့ရိုင်းပျပုံကို ကွမ်းတံတွေးပေနေတဲ့အင်္ကျီကို ထုတ်ပြီးပြတယ်။ ဒါနဲ့ နရသီဟပတော့ကို ရွေးလိုက်ကြတယ်။

နရသီဟပတော့မင်းဖြစ်တော့ ရာဇသင်္ကြန်ကို ချီးမြှောက်ဖို့ မေ့နေတယ်။ အမတ်ကြီးက စိတ်နာပြီး ပန်းကပ်ပွဲ (ကွမ်းအစ်အပွဲ) နဲ့ ညီလာခံဝင်တယ်။ မင်းကြီးကမေးတော့ အမတ်ကြီးက -

'ပန်းပွတ်သည်မျိုးတွေ ကောင်းစားကုန်လို့ ပန်းပွတ်သူ (ကွမ်းအစ်လုပ်သူ) မရှိတဲ့အတွက် ပန်းကပ်ပွဲသုံးရပါတယ်'

လို့ လျှောက်တယ်။

နရသီဟတော့ရဲ့အမေက ပန်းပွတ်သည်မျိုးဖြစ်တော့ မင်းကြီးက သူ့ကိုမျိုးနဲ့ချိုးပြီးနှိမ်တယ်ဆိုပြီး -

'အမတ်ကြီး၊ ဘုရားထီးတင်တော့ ဘာနဲ့တင်ရသလဲ'

လို့မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ အမတ်ကြီးက -

'ငြမ်းနဲ့တင်ရပါတယ်'

လို့ ပြန်လျှောက်တယ်။

ဒီတော့ မင်းကြီးက -

'ဘုရားပြီးတော့ ငြမ်းကိုဘာလုပ်ရသလဲ'

လို့မေးပြန်တယ်။

အမတ်ကြီးက -

'ဖျက်ရပါတယ်'

လို့ ပြန်ဖြေတယ်။

ဒီတော့ မင်းကြီးက အမတ်ကြီးကို -

'အဆောင်အယောင်တွေရုပ်သိမ်းပြီး ဒလကိုပို့စေ'

လို့ အမိန့်ချတယ်။ နယ်နှင်ဒဏ်ပေးလိုက်တာပေါ့။ အဲဒီအချိန်ကစပြီး 'ဘုရားပြီးငြမ်းဖျက်' ဆိုတဲ့စကားပေါ်လာတယ်။

ကွမ်းဖိုးတင်သည် ဆိုတဲ့ မြန်မာစကားရှိတယ်။ အမှုကြီးအမှုငယ်တစ်စုံတစ်ရာပေါ်လာရင် ဆုံးဖြတ်နိုင်တဲ့သူကြီး၊ ဆယ်အိမ်ခေါင်း စတာများကိုပေးရတဲ့ အဖိုးအခကို ကွမ်းဖိုးတင်တယ်လို့ခေါ်တယ်။ ဒီအစဉ်အလာဟာ ရှေးမြန်မာမင်းများလက်ထက်တစတင်ခဲ့တဲ့ အစဉ်အလာပဲ။ ဘုရင်က သတ်မှတ်ပေးထားတဲ့ တရားသူကြီးများ တရားမမှုကို ဆုံးဖြတ်ပေးရတဲ့အခါ ပစ္စည်းတန်ဖိုးရဲ့ ဆယ်ပုံတစ်ပုံကို ကွမ်းဖိုးအဖြစ် ကောက်ပြီး အခွန်သွင်းရတယ်။ ဒဏ်ရိုက်တဲ့ ဒဏ်ကြေးကိုလည်း ကွမ်းဖိုးလို့ ခေါ်တယ်။

အစ်ကိုက အပြည့်အစုံပြောပြဆိုလို့ပြောရတာ။ သိပြီးသားတွေဖြစ်နေမှာပဲ"

ဟု ကျွန်တော်ကပြောရာ သူက-

"သိပြီးတာကနည်းပါတယ်။ မသိတာတွေအများကြီးပဲ"

ဟု ပြန်ပြောပါသည်။

ကျွန်တော်ကဆက်ပြီး -

"ကျွန်တော်ငယ်ငယ်က ကျွန်တော်တို့နေတဲ့ခြံမှာ ကွမ်းတိုင် (၅၀၀) ကျော်စိုက်ထားတယ်။ ကွမ်းသီးပင်က (၁၈၀) ကျော်လောက်ရှိတယ်။ အစ်ကိုတို့ခြံလည်း ဒီထက်မနည်းဘူး။ ကျွန်တော့်အဖေဟာ ပါးစပ်ထဲမှာ ကွမ်းမပြတ်ဘူး။ ကွမ်းသီးနဲ့ ကွမ်းက အလကားရနေတာပဲ။ အဲဒီတော့ ခြံသမားတွေအားလုံး ကွမ်းစားတတ်ကြတာပဲ။ ကွမ်းကိုညအိပ်ရာဝင်မှာ ယာထားပြီး မနက်အိပ်ရာကထတာနဲ့ ကွမ်းယာကို ကောက်ဝါးလိုက်တယ်။ ပြီးတော့မှ မျက်နှာသစ်တယ်။ ကွမ်းယာဝါးလိုက်တဲ့အတွက် ခံတွင်းရှင်းသွားတယ်။ အပုပ်စင်သွားတယ်။ တကယ်လို့ အရေးတကြီးကိစ္စပေါ်လာလို့ မျက်နှာမသစ်၊ သွားမတိုက်ရဘဲ ထွက်သွားလို့ရတယ်။ သူတစ်ပါးနဲ့ စကားပြောတဲ့အခါ ပါးစပ်မနံတော့ဘူး။

ဒီဓလေ့ကို ရှေးအခါက နန်းတွင်းသူများ ကျင့်သုံးကြတယ်လို့ ဆိုတယ်။ ဘုရင့်သမီးတော်လေးတာ မနက်စောစောအိပ်ရာကထပြီး မျက်နှာမသစ်ခင် ကွမ်းကလေးဝါးပြီး ပြတင်းပေါက်ဖွင့်လိုက်တဲ့အခါ မင်းသားလေးက မြင်တော့ အဲဒီကွမ်းစားထားတဲ့ပုံကို အသည်းစွဲသွားတယ်လို့ စာဖွဲ့ထားတာရှိတယ်။ ကျွန်တော် ဆိုလိုတာက ကျွန်တော်တို့နိုင်ငံမှာ ကွမ်းစားတဲ့ဓလေ့ဟာ အလွန်တွင်ကျယ်ခဲ့တယ်ဆိုတာပါပဲ။ ရှေးအခါက ခုလို နှုတ်ခမ်းနီဆိုးဆေးမရှိတော့ မိန်းကလေးတွေ နှုတ်ခမ်းနီချင်ရင် ကွမ်းစားရတယ်။ ယောကျ်ားလေးတွေလည်း စားကြတာပဲ။ နောက်ပိုင်းကျတော့ မိန်းကလေးတွေက တရုတ်စက္ကူနဲ့ဆိုးကြတယ်။ ပတာနီစေ့နဲ့ဆိုးကြတယ်။

ဒီတော့ ကွမ်းစားလို့ သွားရုပ်မဆိုးအောင် သွားတိုက်ရတဲ့အလုပ်သက်သာသွားတယ်။ ယောကျ်ားလေးတွေကတော့ ဆက်စားကြတယ်။ နောက်ပိုင်းမှာ ကွမ်းယာရောင်းတဲ့ဆိုင်တွေ ပေါ်လာတယ်။ အဲဒီတုန်းက ကွမ်းယာဟာ အချိုနဲ့ အဆိမ့်နှစ်မျိုးပဲရှိတယ်။ လူငယ်တွေက အချိုစားကြတယ်။ ချိုတာကလည်း အုန်းယိုထည့်ထားတာပဲ။ များသောအားဖြင့် လူငယ်တွေက နှုတ်ခမ်းလှအောင်နဲ့ အပျော်စားကြတာပဲ။

တကယ် ကွမ်းစားတတ်သူတွေကတော့ ဆိုင်ကကွမ်းယာကို မစားကြပါဘူး။ အိမ်မှာပဲယာစားကြတယ်။ ကွမ်းသီးရယ်၊ ကွမ်းရယ်၊ ထုံးရယ်၊ ဆေးရယ် ဒါပဲပါတယ်။ အခုခေတ်လို ထွေထွေထူးထူးဘာမှမပါဘူး။ တချို့တော့ စမုန်စပါးနဲ့ လေးညှင်းထည့်တတ်တယ်။

ဒီနေရာမှာ ကွမ်းနဲ့ ကွမ်းယာဆိုပြီး နှစ်မျိုးဖြစ်လာတာ သတိထားရမယ်။ ကွမ်းချည်းသက်သက်မှာ အကျိုးချည်းသက်သက်ဖြစ်ပြီး ကွမ်းယာမှာတော့ အကျိုးရော အဆိုးပါ ရောနေတာကို တွေ့ရမယ်။ အဲဒီမှာ စကားတစ်ခုကို သွားသတိရမိတယ်။

ကြက်သွန်က ပြောတယ်။ ငါ့တစ်ယောက်တည်းနေခဲ့တာ တစ်ခါမှ ဆုံထဲထည့်ပြီး အထောင်းမခံရဖူးဘူး။ ငရုတ်သီး ဆိုတဲ့ မင်းနဲ့ပေါင်းမိမှ ဆုံထဲထည့်ပြီးအထောင်းခံရတယ်ဆိုတာပဲ။

ကွမ်းက အနည်းဆုံး ကွမ်းသီး၊ ထုံး၊ ဆေးတို့နဲ့ ပေါင်းရတယ်။ ကွမ်းသီးက ချုပ်တယ်၊ ထုံးက ကျောက်တည်စေတယ်။ ဆေးကအဆိပ်ပဲ။ ဆေးပြင်းမီးခိုးကို ပါးစပ်ထဲငုံပြီး လက်မလက်သည်းခွံပေါ် ကပ်မှုတ်ကြည့်။ ကတ္တရာစေးလို အဆီဖြစ်လာတာတွေ့ရမယ်။ သူကပ်နေတဲ့နေရာကြာရင် အစားခံရ ဒုက္ခရောက်တာပေါ့။ ကွမ်း၊ ကွမ်းသီး၊ ထုံး၊ ဆေး (အနည်းဆုံး)လေးမျိုးရောစားတဲ့အနက် ကွမ်းသီးစားတယ်၊ ထုံးစားတယ်၊ ဆေးစားတယ်မပြောဘဲ 'ကွမ်းစားတယ်' လို့ပဲ အပြောခံရတယ်။ ဒီတော့ ကွမ်းသီး၊ ထုံး၊ ဆေးတို့က ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးမှန်သမျှကို ကွမ်းက ခေါင်းခံရတယ်။

ကွမ်းစားတဲ့အတွက် အရင်ကလူတွေလည်း သက်ဆိုင်ရာ ရောဂါရကြတာပဲ။ အခုလည်း ရကြတာပဲ။ အရင်ကလည်း လူတိုင်းမရဘူး။ ကျွန်တော့်အဖေ ပါးစပ်နဲ့ ကွမ်းမပြတ်ဘဲ အသက် (၈၁) နှစ်နေသွားတယ်။ သူ့မှာ ကွမ်းစားလို့ရတဲ့ရောဂါဘာမှမရှိဘူး။ အခုလည်း လူတိုင်းရတာမဟုတ်ဘူး။ လုံးဝမရဘူးတော့မဟုတ်ဘူး။ မသိသာလို့မရဘူးလို့ပြောတာ။

အခုကြားသိရသလောက် ကွမ်းစားလို့ အများဆုံးရတဲ့ ရောဂါဟာ ခံတွင်းနဲ့ လည်ချောင်း၊ လျှာကင်ဆာပဲ။ ကင်ဆာဆိုရင် သေတာများတာပဲ။ ကွမ်းစားတိုင်း ကင်ဆာဖြစ်ရင် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စတဲ့ နိုင်ငံတွေမှာ လူဦးရေထိန်းချုပ်ပြီးသား ဖြစ်သွားမယ်။

ဒါပေမယ့် အရင်ကထက် အခုဆယ်ဆမကပိုဖြစ်တယ်။ အဲဒါဘာကြောင့်လဲ စဉ်းစားကြတာပေါ့"

"ဟော့ကောင်၊ ကွမ်းနဲ့တင်အချိန်အတော်ကုန်သွားပြီ၊ ဆေးအကြောင်းလုံးဝမစရသေးဘူး။ ဒီတော့ ငါမနက်ဖြန်ဆက်ဆက်လာခဲ့မယ်။ မနက်ဖြန်ဆက်ပြောပါဦး။ ငါအတော်စိတ်ဝင်စားတယ်။ အခု ငါ့မှာကိစ္စရှိသေးလို့ ပြန်လိုက်ဦးမယ်"

အစ်ကိုက အထက်ပါအတိုင်း ပြောတာ နှုတ်ဆက်ပြီး ပြန်သွားပါသည်။

ဆက်လက် တင်ပြပါဦးမည်။

*ကျန်းမာကြပါစေ*

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ကပ်ရောဂါနဲ့ဆက်နွှယ်နေသောဂေါက်ရောဂါ

ရီရီဌေး

ဂေါက်ရောဂါဟာ အမျိုးသမီးများထက် အမျိုးသားများတွင် အဖြစ်များတဲ့ရောဂါဖြစ်ပြီး အဆစ်ရောင်ရောဂါအမျိုးအစားမှာ ပါဝင်ပါတယ်။ အရပ်အခေါ်အရ ဒူလာရောဂါဟုခေါ်ဆိုပြီး ဆေးပညာအခေါ်အဝေါ်အရ (Gout) ဂေါက်လို့ ခေါ်ပါတယ်။ ဒီရောဂါဟာ ယူရစ်အက်စစ်ဓာတ်လွန်ကဲခြင်းကြောင့် ဖြစ်တဲ့ရောဂါပဲ ဖြစ်ပါတယ်။ ယူရစ်အက်စစ်ဟာ ပရိုတင်းခြေဖျက်ရာတွင် ထွက်ပေါ်လာတဲ့ပစ္စည်းဖြစ်ပြီး ဇီဝကမ္မဖြစ်စဉ်အရ ခန္ဓာကိုယ်၌ ဖြစ်ပေါ်နေတဲ့ ယူရစ်အက်စစ်များကို ခန္ဓာကိုယ်အပြင်ဘက်သို့ရောက်အောင် ကျောက်ကပ်မှတစ်ဆင့် စွန့်ထုတ်ပေးပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် သွေးထဲ၌ ယူရစ်အက်စစ်များလာပြီး ထိုမှတစ်ဆင့် ပုံဆောင်ခဲအသွင်သို့ ပြောင်းသွားကာ အရိုးအဆစ်များတွင် စုပုံလာခြင်းကြောင့် ဂေါက်ရောဂါ ဖြစ်လာပါတယ်။ ထိုရောဂါဟာ အမျိုးသားလူလတ်ပိုင်းအရွယ်တွင် အဖြစ်များပြီး အမျိုးသမီးလူလတ်ပိုင်းအရွယ်တွင် ရှားရှားပါးပါးဖြစ်ခဲ့ပါတယ်။

**ဆေးသုတေသီများရဲ့ လေ့လာတွေ့ရှိချက်**

ကမ္ဘာပေါ်ရှိ အသက် (၄၀)၊ (၅၀) အရွယ် အမျိုးသားများတွင် (၂၅) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းခန့် ဖြစ်ပွားတတ်ပြီး သွေးဆုံးပြီးသော အမျိုးသမီးများ၏ (၁၀) ရာခိုင်နှုန်းခန့်မှာ ဂေါက်ရောဂါဖြစ်ပွားကြောင်း တွေ့ရှိရပါတယ်။ အမေရိကန်နိုင်ငံရှိ ဆေးသုတေသီအဖွဲ့၏ရှာဖွေတွေ့ရှိချက်အရ ကျောက်ကပ်ရောဂါရှိသူများရဲ့ (၃၀) ရာခိုင်နှုန်းဟာ ဂေါက်ရောဂါဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

အထူးသဖြင့် ဂေါက်ရောဂါဟာ ကျောက်ကပ်ရောဂါနဲ့ ဆက်နွှယ်နေပြီး ကျောက်ကပ်ရောဂါဖြစ်နေတဲ့အတွက် ကျောက်ကပ်မှ ယူရစ်အက်စစ်ကို ကောင်းစွာ စွန့်ထုတ်မှုမပြုနိုင်ပေ။ ထိုအတွက် ယူရစ်အက်စစ်များဟာ ခန္ဓာကိုယ်သို့ရောက်ရှိပြီး ပုံဆောင်ခဲအသွင်ပြောင်းကာ အရိုးအဆစ်များ၌ စုပုံခြင်းဖြင့် ဂေါက်ရောဂါဖြစ်စေပါတယ်။

**ဂေါက်ရောဂါဖြစ်ပေါ်လာခြင်းအကြောင်းရင်းများ**

ယူရစ်အက်စစ်ဟာ ခန္ဓာကိုယ်အတွင်း များပြားစွာ ရောက်ရှိရန် အကြောင်း (၂) မျိုး ရှိပါတယ်။

၁။ ခန္ဓာကိုယ်မှယူရစ်အက်စစ်ဓာတ်ထုတ်လုပ်မှုများခြင်း။

၂။ ကျောက်ကပ်မှ ယူရစ်အက်စစ်စွန့်ထုတ်မှုနည်းခြင်း။

ခန္ဓာကိုယ်မှယူရစ်အက်စစ်ဓာတ်ထုတ်လုပ်မှုများရခြင်း အကြောင်းမှာ ကင်ဆာရောဂါခံစားနေရသော လူနာများနဲ့ ဆက်နွှယ်နေပါတယ်။ ကင်ဆာရောဂါရှင်များဟာ ရောဂါအခြေအနေကြောင့် ကလာပ်စည်းများ အဆမတန်ကွဲကာ ဆဲလ်ပွားခြင်းများ ဖြစ်ပါတယ်။ ဒါ့အပြင် ဓာတ်ရောင်ခြည်ကင်ခြင်း၊ ကင်ဆာဆေးထိုးခြင်းကြောင့် လည်းကောင်း ဆဲလ်များစွာကွဲထွက်သဖြင့် ယူရစ်အက်စစ် ထုတ်လုပ်မှုများရခြင်း ဖြစ်ပါတယ်။ သို့သော်လည်း ကင်ဆာရောဂါရှင်များထဲတွင် အမျိုးသားကင်ဆာရောဂါများသာ အဖြစ်များပါတယ်။

**ကျောက်ကပ်မှ ယူရစ်အက်စစ်စွန့်ထုတ်မှုနည်းခြင်း**

ကျောက်ကပ်ရောဂါရှိသူများဟာ ကျောက်ကပ်မကောင်းတဲ့အတွက် ယူရစ်အက်စစ်ကို ကောင်းစွာ မစွန့်ထုတ်နိုင်ခြင်းကြောင့် ခန္ဓာကိုယ်၌ ယူရစ်အက်စစ်များရခြင်း ဖြစ်ပါတယ်။

**ရောဂါလက္ခဏာများ**

- သွေးထဲတွင် ယူရစ်အက်စစ်များလာပြီး ပုံဆောင်ခဲများဟာ အရိုးအဆစ်နေရာများတွင် စုပုံလာပါတယ်။
- အထူးသဖြင့် ခြေမအဆစ်၊ ခြေချင်းဝတ်အဆစ်၊ ဒူးခေါင်းအဆစ်နဲ့ တံတောင်ဆစ်များတွင် ဖြစ်လေ့ရှိပါတယ်။ တံတောင်ဆစ်မှာ အဖြစ်နည်းပြီး ခန္ဓာကိုယ်အောက်ပိုင်းရှိ အဆစ်များမှာ အဖြစ်များပါတယ်။
- ထိုရောဂါဟာ အဆစ်တစ်ခု (သို့) နှစ်ခုမှာ ဖြစ်တတ်ပါတယ်။
- အကယ်၍ အဆစ်တစ်ခုတည်း၌သာဖြစ်ရင် ပိုးကြောင့်ဖြစ်သောအဆစ်နာနဲ့ မှားနိုင်တဲ့အတွက် ဓာတ်ခွဲခန်းမှာ သွေးစစ်ဆေးဖို့ လိုအပ်ပါတယ်။
- အဆစ်ထဲကအရည်ကို စုတ်ယူစစ်ဆေးကြည့်လျှင် ပုံဆောင်ခဲများကို တွေ့ရှိပါက ဂေါက်ရောဂါဖြစ်ကြောင်း သိနိုင်ပါတယ်။
- ရောဂါစဖြစ်ရင် အရိုးအဆစ်နေရာမှ ရုတ်တရက်အလွန်အမင်းနာကျင်လာတတ်ပါတယ်။
- ရောဂါဖြစ်နေတဲ့ အရိုးအဆစ်နေရာဟာ ဖောင်းမို့ပြီးရောင်ရမ်းလာတဲ့အတွက် လှုပ်ရှားရရင် အလွန်နာကျင်ပါတယ်။
- ရောဂါဖြစ်နေတဲ့ အရိုးအဆစ်များကြားမှာ ပုံဆောင်ခဲများရှိနေတဲ့အတွက် မာတောင့်ပြီး အချိုးအဆက် မမှန်တန်ခြင်းဖြစ်တတ်ပါတယ်။
- သတိထားရမယ့် အချက်ကတော့ ရောဂါဖြစ်ခါစတွင် ကုသမှုခံယူပါက သက်သာ ပျောက်ကင်းနိုင်ပါတယ်။ ဒါပေမယ့် ကြာရှည်စွာကုသမှု မခံယူပါက ပုံဆောင်ခဲများက အဆစ်ဝန်းကျင်ရှိ တစ်သျှူးများနဲ့ ကျောက်ကပ်ထဲသို့ ဝင်ရောက်ကာ ခဲသွားတတ်သဖြင့် ကုသရန်မလွယ်တဲ့အခြေအနေရောက်ရှိလာနိုင်ပါတယ်။

**ဂေါက်ရောဂါရဲ့အသွင်သဏ္ဌာန်များ**

- ဂေါက်ရောဂါဖြစ်ခါစမှာ အဆစ်နေရာ၌ ရောင်ရမ်းပြီး နံနက်စောစောတွင် ထိုနေရာမှ တစစ်စစ်နာကျင်ကိုက်ခဲလာပါတယ်။
- ခြေမ၊ ခြေဆစ်၊ တံတောင်ဆစ်၊ နားရွက် စသည်တို့တွင် ပုံဆောင်ခဲစုပြီးဖုထွက်လာခြင်း။
- ကျောက်ကပ်၌ ကျောက်တည်ခြင်း။
- ကျောက်ကပ်ပျက်စီး၍ ဆီးနည်းလာခြင်း။

အထက်ပါ အသွင်သဏ္ဌာန်များ ဖြစ်ပေါ်ပါက သွေးစစ်ကြည့်ပါ။ သွေးထဲတွင် ယူရစ်အက်စစ်ဓာတ်များ ရှိ၊မရှိ



www.burmeseclassic.com

www.burmeseclassic.com

ထာထက် ပိုမိုများနေကြောင်း တွေ့ရှိပါလိမ့်မယ်။

**ဂေါက်ရောဂါ ရှိ မရှိ စမ်းသပ်စစ်ဆေးခြင်း**

**(၁) သွေးစစ်ဆေးခြင်း**

သွေးစစ်ဆေးရာတွင် Blood for Uric Acid test ခေါ် သွေးထဲတွင် ယူရစ်အက်စစ်ပမာဏကို စစ်ဆေးရပါမယ်။ ဂေါက်ရောဂါရှိပါက သွေးထဲ သာမန်ရှိရမယ့် ယူရစ်အက်စစ်ပမာဏထက်များပြားနေပါမယ်။

**(၂) အဆစ်ထဲမှ အရည်ကိုစုပ်ယူပြီး စစ်ဆေးခြင်း**

လူနာ၏ အဆစ်ထဲမှ အရည်ကို တစ်ခါသုံးအပ်ဖြင့် စုပ်ယူပြီး ထိုအရည်ကို စစ်ဆေးရပါမယ်။ ထိုအရည်ထဲတွင် ယူရစ်အက်စစ်ပုံဆောင်ခဲ ရှိ မရှိကို စစ်ဆေးပါ။ ဒီလိုစစ်ဆေးခြင်းဖြင့် အဆစ်ထဲရှိအရည်ထဲတွင် ပုံဆောင်ခဲတွေ့ရှိရင် ဂေါက်ရောဂါဖြစ်ကြောင်း သိနိုင်ပါတယ်။

**ထိုရောဂါအတွက်ကုသချက်**

- အထက်ပါ ဂေါက်ရောဂါလက္ခဏာများ ခံစားနေရပါက ဆရာဝန်ကြီးနဲ့ပြသကာ စစ်ဆေးခြင်း၊ ကုသမှုခံယူခြင်းတို့ ပြုလုပ်ရပါမယ်။
- ဆရာဝန်ကြီးမှ အကိုက်အခဲနဲ့ ရောင်ရမ်းနာပျောက်ဆေးများ၊ စတီးရွိုက်ဆေးများဖြင့် ကုသပေးပါမယ်။
- အထူးသဖြင့် ဂေါက်ရောဂါအတွက် ကာကွယ်ဆေးအဖြစ် 'အေလိုပျူရီနော'ဆေးကို ပေးပါမယ်။
- အေလိုပျူရီနောဟာ ယူရစ်အက်စစ်ပုံဆောင်ခဲများကို စားသွားပြီး ရေထဲမှာ ပျော်ဝင်သွားတဲ့အတွက် ဆီးနဲ့အတူ အပြင်သို့စွန့်ထုတ်ပါတယ်။
- အေလိုပျူရီနောဆေးကို သောက်ရာတွင် -

  ဆရာဝန်ညွှန်ကြားချက် ဆေးပမာဏအတိုင်း အပိုအလိုမရှိ သောက်သုံးရပါမယ်။

  ထိုဆေးမှာ ဆရာဝန်ရဲ့ ညွှန်ကြားချက်အရ သောက်ရမယ့်ဆေးဖြစ်လို့ ဆရာဝန်က မညွှန်ကြားပါက သောက်သုံးခြင်းမှ ရှောင်ကြဉ်ရပါမယ်။

**စားသောက်သင့်တဲ့အစားအစာ**

- ရေ (သို့) သစ်သီးဖျော်ရည်များများ သောက်ပါ။
- အဘယ်ကြောင့်ဆိုသော် ဂေါက်ရောဂါဟာ ရေဓာတ်ခန်းခြောက်ပါက ပိုမိုဆိုးဝါးစေပါတယ်။
- ဖျော်ရည်သောက်သုံးရာတွင် သစ်သီးစစ်စစ်ဖြင့်ဖျော်ထားတဲ့ ဖျော်ရည်သာ အကောင်းဆုံးဖြစ်ပါတယ်။
- အသင့်သောက်သုံးရန် ပြုလုပ်ထားတဲ့ ကိုကာအချိုရည်များ မသောက်သင့်ပါ။

ရေသောက်သုံးမှုနဲ့ ပတ်သက်ပြီး ကမ္ဘာ့အစားအသောက်အဖွဲ့မှ အကြံပြုချက်မှာ ဂေါက်ရောဂါရှိသူများဟာ တစ်နေ့လျှင် သောက်ရေသန့် (၂) ပုလင်း၊ (၃) ပုလင်းအထိ သောက်သင့်ကြောင်း အကြံပြုထားပါတယ်။

ဒါ့အပြင် -

- ဟင်းနုနယ်၊ ဂေါ်ဖီထုပ်၊ ဟင်းသီးဟင်းရွက်။
- တိုဟူး၊ နို့၊ ကြက်ဥနဲ့ ငါးများစားသင့်ပါတယ်။
- ဗီတာမင်စီဓာတ်နဲ့ ဖောလစ်အက်ဆစ်ဓာတ်ပါဝင်တဲ့ အစားအစာများကို စားသုံးသင့်ပါတယ်။
- ဗီတာမင်စီဓာတ်ဟာ သွေးကြောထဲမှာရှိတဲ့ ယူရစ်အက်စစ်များကို ဆီးထဲရောက်စေပြီး အပြင်သို့စွန့်ထုတ်ခြင်းကို အားပေးပါတယ်။ ဗီတာမင်စီဓာတ်ပါဝင်တဲ့ အသီးများကတော့ သံပရာသီး၊ ရှောက်သီး၊ လိမ္မော်သီး၊ ကမ္ဘလာသီးတို့ဖြစ်ပြီး ထိုအသီးများကို အရည်ညှစ်ပြီး ဖျော်ရည်အဖြစ် သောက်သင့်ပါတယ်။
- ဖောလစ်အက်ဆစ်ဓာတ်ဟာ သွေးထဲရှိ ယူရစ်အက်စစ်ပမာဏကို ထိန်းချုပ်ပေးနိုင်ပါတယ်။ ဖောလစ်အက်ဆစ်ဓာတ် ပြည့်ဝစွာပါဝင်တဲ့ အစိမ်းရောင် ဟင်းသီးဟင်းရွက်များ၊ ဖောလစ်အက်ဆစ်ဆေးပြားများ။
- မပြည့်ဝဆီဖြစ်တဲ့ သံလွင်ဆီ၊ နေကြာဆီ၊ ပဲပိစပ်ဆီ၊ ဟင်းရွက်ဆီ၊
- ကန်စွန်းရွက်၊ တရုတ်နံနံ၊ ဂရိတ်ဖူ၊ မုန်လာဥနီ၊ နာနတ်သီး၊ စပျစ်သီး၊ ချယ်ရီသီးများဟာ စားသုံးသင့်တဲ့ အစားအစာများ ဖြစ်ပါတယ်။

**မသင့်တင့်သောအစားအစာများ**

- မြေတွင်းအောင်းသောသတ္တဝါများ၏အသား၊ ပုရစ်ကြော်၊ ဖားသား၊ မြွေသား။
- ပြူရင်း (Purine) ဓာတ် ပါဝင်တဲ့ အသည်း၊ အမြစ်၊ ကျောက်ကပ်၊ ဦးနှောက်နဲ့ ဝမ်းတွင်းသားကလီစာများ။
- ငါးသေတ္တာငါး၊ ခုံး၊ ခရု အစရှိတဲ့ ပင်လယ်စာများ။
- ကဏန်း၊ ရေခူနဲ့ အဆီပါသော အမဲသား၊ ဝက်သား။
- တိရစ္ဆာန်မှရတဲ့အဆီများနဲ့ ထောပတ်၊ စားအုန်းဆီ။
- ခဲအဆိပ်ဟာ ကျောက်ကပ်မှ ယူရစ်အက်စစ်စွန့်ထုတ်မှုကို ဟန့်တားစေနိုင်တဲ့အတွက် ခဲပတ်ထားတဲ့ ပုစွန်ခြောက်၊ ငါးခြောက်၊ ခဲဆိပ်ပါတဲ့ ဝိုင်အရက်သောက်ခြင်းများ ရှောင်ကြဉ်ပါ။
- အရက်နှင့် ဆေးလိပ်သောက်ခြင်း ရှောင်ကြဉ်ပါ။
- ယူရစ်အက်စစ်ဓာတ်များစွာ ပါဝင်တဲ့ ပုစွန်ကို ရှောင်ကြဉ်ပါ။
- အဆီအဆိမ့်အလွန်အမင်းစားသုံးခြင်း ရှောင်ကြဉ်ပါ။
- အထူးသဖြင့် သွေးဆုံးပြီးသော အမျိုးသမီးများဟာ ယူရစ်အက်စစ်များတဲ့အစားအစာကိုမစားသင့်ပေ။ သွေးဆုံးပြီးသောအမျိုးသမီးများတွင် အီစထရိုဂျင်ဟော်မုန်း အားနည်းသွားခြင်းကြောင့် ယူရစ်အက်စစ်စွန့်ထုတ်မှုအားနည်းသွားခြင်း ဖြစ်ပါတယ်။
- သွေးတိုးရောဂါရှိသူတို့ဟာ ကျောက်ကပ်အားနည်းလာပါက ယူရစ်အက်စစ်များလာတတ်သဖြင့် ကြိုတင်တားဆီးပါ။
- ဆီးချိုရောဂါရှိသူများ၊ အဝလွန်ရောဂါရှိသူများလည်း ဒီရောဂါဖြစ်စေနိုင်ပါတယ်။

အချုပ်ဆိုရသော် ဂေါက်ရောဂါဟာ ကျောက်ကပ်ရောဂါနဲ့ ဆက်နွယ်နေတဲ့အတွက် ကျောက်ကပ်ရောဂါရှိသူများဟာ ကြိုတင်ပြီး ဂေါက်ရောဂါ မဖြစ်ပွားအောင် ဂရုပြုသင့်ပါတယ်။ ဒီရောဂါဟာ အလွန်အမင်း နာကျင်ကိုက်ခဲပြီး လမ်းမလျှောက်နိုင်အောင် အန္တရာယ်ကြီးမားပါတယ်။ အဝလွန်ခြင်း၊ ယူရစ်အက်စစ်ဓာတ်များတဲ့အစားအစာစားသုံးခြင်းမှ ရှောင်ကြဉ်ခြင်းအပြင် ရောဂါနုခါစမှာ ဆရာဝန်ကြီးများနဲ့ စနစ်တကျ ကုသမှုများ ခံယူသင့်ပါတယ်။ ပုံဆောင်ခဲများ ကျောက်ကပ်ထဲမှာခဲသွားရင် အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ခိုင်ခိုင်ဌေး

Ref;

Gout from Internet.



www.burmeseclassic.com

www.burmeseclassic.com

မောင်ပွင့်ဘုဏ်(မောရ)

# လိပ်ခေါင်းရောဂါနှင့် ဆင်စွယ်ဂမုန်း

◆ ကျန်းမာစေကြောင်းနည်းလမ်းကောင်းပေးခြင်း၊ ရောဂါပျောက်ကြောင်းဆေးနည်းညွှန်ပြခြင်းတို့ဟာ အသက်ကယ်ခြင်း (ဇီဝိတဒါန) ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ဒီဆောင်းပါးဖတ်ရသူများဟာ -

အတွင်းလိပ်၊ အပြင်လိပ်၊ လိပ်ခေါင်းရောဂါ မှန်သမျှ အမြစ်ပျောက်ကင်းစေနိုင်တဲ့ ဒီဆေးနည်းကို မိမိနဲ့ နီးစပ်ရာများထံ ထပ်ဆင့်ဝေငှပေးစေလိုပါတယ်။

ကျွန်တော် ဒီဆေးနည်းကို ရခဲ့ပုံက -

တစ်နေ့ နေ့လယ် မိုးတဖွဲဖွဲရွာနေတုန်း ကျွန်တော့်အိမ်ရှေ့မှာ ဆလွန်းကားတစ်စီးဆိုက်လာပါတယ်။ ရောက်လာလိမ့်မယ်လို့ မထင်မှတ်ထားတဲ့ အဘိုးအိုတစ်ဦး ကားတံခါးဖွင့်ပြီး ဆင်းလာပါတယ်။ ကျွန်တော်လည်း ကမန်းကတန်းထီးတစ်ချောင်းပြေးယူပြီး အဘိုးအိုကို ဆင်းကြိုလိုက်ပါတယ်။ အဘိုးအိုဟာ ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ပြီး အိမ်အတက် လှေကား (၅) ထစ်ကို ခပ်မှန်မှန်ပဲလှမ်းတက်လာပါတယ်။

သူကတော့ အသက် (၉၁) နှစ်ရှိပြီဖြစ်တဲ့ အဘဦးကင်းရှိန်ပဲ ဖြစ်ပါတယ်။ အဘ ဦးကင်းရှိန်ဟာ မော်လမြိုင်မြို့ ဂိလာန သံဃာ့ဆေးရုံ စောင့်ရှောက်ရေးအဖွဲ့မှာ အမှုဆောင်တစ်ဦးအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပြီး အသက်အရွယ်အရ နာယကကြီးအဖြစ်မှ နုတ်ထွက်ထားသူ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ လက်ရှိအမှုဆောင်တစ်ဦးဖြစ်နေတုန်းမို့ အစည်းအဝေးတွေမှာ မဆုံဖြစ်တော့တဲ့ အဘ အခုလိုမမျှော်လင့်ဘဲ ရောက်လာတော့ ဝမ်းသာမိပါတယ်။

"အဘနေကောင်းတယ်နော်၊ ဘာကိစ္စကလှည့်လာတာလဲ"

"ကောင်းပါတယ်၊ ကိုပွင့်ဘုဏ်ဆီပဲ တမင်လာတာ"

ဧည့်ခန်းမှာထိုင်မိတော့မှ အဘက အခုလို စပြောပါတယ်။

"အဘက တောင်ဝိုင်းကလေး မဟာရိပ်သာမှာ ဥက္ကဋ္ဌဆိုတော့ ရိပ်သာကိုသွားနေရတယ်။ မကြာမကြာလည်း တရားဝင်ဖြစ်တယ်။ အခုကိုပွင့်ဘုဏ်က မင်းကွတ်သီးနဲ့ ကင်ဆာအကြောင်း စာအုပ်ငယ်ကို ကုသိုလ်ဖြစ် ဝေငှပေးနေတယ်ကြားလို့ အဲဒီစာအုပ် ရနိုင်သလောက် ရိပ်သာကိုယူသွားချင်လို့ဝင်လာတာ"

"ဒါလေးများ အဘရယ်၊ တစ်ယောက်ယောက်နဲ့တောင်းခိုင်းလိုက်ရင်လည်းရသားနဲ့ ကိုယ်တိုင်လာနေရတယ်"

"ကိုပွင့်ဘုဏ်နဲ့လည်းတွေ့ချင်လို့။ ဆေးနည်းလေးတစ်ခုလည်း ပေးချင်လို့"


"ဘာဆေးနည်းလဲ အဘ၊ ဆေးနည်းဆိုရင် ကျွန်တော် စိတ်ဝင်စားပါတယ်"

"လိပ်ခေါင်းပျောက်တဲ့ဆေးနည်းပါ။ အဘကိုယ်တိုင်ရော နီးစပ်ရာတွေပါ ဒီဆေးနည်းနဲ့ အတွင်းလိပ်၊ အပြင်လိပ်၊ လိပ်ခေါင်းရောဂါအားလုံး လက်တွေ့ပျောက်ကင်းခဲ့တယ်။ အဘဒီရောဂါခံစားခဲ့ရတာကို အရင်ပြောပြမယ်။

အရွယ်ကောင်းတုန်းက အဘက မော်လမြိုင်ဈေးကြီးထဲမှာ ဈေးရောင်းခဲ့တယ်။ ဆိုင်ခုံပေါ်မှာ တစ်နေကုန်ထိုင်ပြီး ဈေးရောင်းခဲ့တာ ကြာလာတော့ လိပ်ခေါင်းရောဂါဖြစ်လာတယ်။ တစ်နေ့ ရေတက်နေတုန်း ကမ်းနားအိမ်သာမှာ အိမ်သာတက်တော့ အိမ်သာအောက်က ရေတွေဟာ ရဲရဲနီနေပြီး ငါးတွေတရှုန်းရှုန်းဖြစ်နေတာတွေ့ရတော့ အံ့သြပြီး ဘာကြောင့်ပါလိမ့်လို့ တွေးမိတယ်။ လက်စသတ်တော့ အဘစအိုကကျတဲ့ သွေးတွေဖြစ်နေတာသိလိုက်ရတဲ့အခါ အဘလည်း တအားကြောက်သွားမိတယ်။

ရန်ကုန် တရုတ်တန်းမှာ တရုတ်ပြည်ကလာတဲ့ ဆရာတစ်ယောက် လိပ်ခေါင်းကုတာ တော်တယ်ဆိုလို့ သွားကုတာ ဟိုခေတ်က ပိုက်ဆံတစ်သိန်းခွဲ ကုန်သွားတယ်။ ရောဂါကမပျောက်ဘူး။ ဒီလိုနဲ့ မသက်မသာဖြစ်နေရတုန်း ဘာသာရေးစာစောင်တစ်ခုမှာ ဒီဆေးနည်းကို သွားတွေ့လိုက်တာပဲ။ နှစ်တွေကြာပြီဆိုတော့ စာစောင်နာမည်တော့ မမှတ်မိတော့ဘူး။ ဆေးနည်းကိုတော့ ကိုယ်တိုင်ပျောက်ခဲ့တာဆိုတော့ အသေအချာမှတ်မိနေတယ်။

ဆေးညွှန်းအတိုင်း ဆင်စွယ်ဂမုန်းရှာပြီး (၃) ရက်ဖော်စားလိုက်တာ လိပ်ခေါင်း လုံးဝပျောက်သွားပြီး အခုထိ ပြန်မပေါ်လာတော့ဘူး။ အစားအသောက်





www.burmeseclassic.com

www.burmeseclassic.com

အနေအထိုင်တော့ ဆင်ခြင်ရတာပေါ့။ ဒါနဲ့ အဘလည်း ဆင်စွယ်ဂမုန်းတွေ အိမ်မှာကိုယ်တိုင်စိုက်။ လိပ်ခေါင်းရောဂါ ပျောက်ဆေးနည်း အခမဲ့လှူဒါန်းသည် ဆိုပြီး အိမ်ရှေ့မှာ စာလည်းကပ်ထားပြီး လာတောင်းတဲ့လူတိုင်းကို ဆေးနည်းတွေရော ဆင်စွယ်ဂမုန်းပါပေးနေတာ ဒီကနေ့အထိပဲ။ အတော်များများလည်း ပျောက်ကင်းကြတယ်။ အနီးစပ်ဆုံးပြောရရင် ကိုဟွေ့ညဏ်တို့ လမ်းထိပ်က ဦးစိုးဝင်းကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ် အဘ၊ အခွန်ဦးစီးရုံးမှာလုပ်တယ်လေ။ အခုတော့ ပင်စင်ယူသွားပါပြီ"

"ဟုတ်တယ်၊ သူပင်စင်မယူခင် တစ်နေ့ အဘ သူ့အိမ်ရောက်သွားတော့ သူ့မိန်းမနဲ့ သူ့ကို အထုပ်အပိုးတွေ၊ ဆွဲခြင်းတွေနဲ့တွေ့လိုက်ရတယ်။ ဘယ်သွားမလို့လဲမေးတော့ ဘယ်မှမသွားပါဘူးတဲ့။ ဆေးရုံတက်ပြီး လိပ်ခေါင်းဖြတ်ရမယ်ပြောတယ်။ ဒါနဲ့ အဘလည်း ဒါလေးများ ဆေးရုံသွားမနေပါနဲ့ကွာလို့ ပြောပြီး သူ့ကို အဘအိမ်ခေါ်သွားပြီး ဆင်စွယ်ဂမုန်းလည်းပေးရင်း ဆေးနည်းပါပြောပြပေးလိုက်တယ်။ အဲဒီကစည်းက သူလည်း လိပ်ခေါင်းပျောက်သွားတော့တာပဲ။ ကဲ - ကိုဟွေ့ညဏ် အဘကို စာရွက်တစ်ရွက်ပေး။ အဘ ဆေးနည်းရေးပေးမယ်"

အဘဟာ အသက် (၉၁) နှစ်ရှိနေတာတောင် မျက်မှန်မလို၊ လက်မတုန်ဘဲ ရေးဆန်ပြီး ညီညာတဲ့ လက်ရေးနဲ့ အဘရေးပေးတဲ့အတိုင်း ဖော်ပြလိုက်ပါတယ်။

**လိပ်ခေါင်းရောဂါပျောက်ဆေးနည်း**

၁။ ဆင်စွယ်ဂမုန်းပင် ငါးကျပ်သား
၂။ မြေပဲဆီ(သို့)နှမ်းဆီ ငါးကျပ်သား၊
၃။ ကြက်သွန်နီ နှစ်ကျပ်သား၊
၄။ ကြက်သွန်ဖြူ နှစ်ကျပ်သား၊
၅။ ချင်း နှစ်ကျပ်သား၊
၆။ ဝက်သားအသားသက်သက် ဆယ့်ငါးကျပ်သား။

ကြက်သွန်ဖြူ နီ၊ ချင်းတို့နဲ့ ဆီသတ်ပါ။ ဆင်စွယ်ဂမုန်းပင်ကို ရေစင်အောင်ဆေးပြီး အကွင်းလိုက် ခပ်ပါးပါးလှီးပြီး ရောချက်ပါ။ နောက်ဆုံးမှာ ခပ်သေးသေး တုံးလှီးထားတဲ့ ဝက်သားကို ရောထည့်ပြီး ကျက်အောင် ချက်ပါ။ ထမင်းနဲ့ရောမစားပါနဲ့။ အထက်ပါတိုင်း သုံးရက်ဆက်စားရပါမယ်။ ဝမ်းချုပ်မခံပါနဲ့။ ရေများများသောက်ပါ။အသားလျှော့စားပါ။ ဟင်းသီးဟင်းရွက်၊ ဖီးကြမ်းငှက်ပျောသီး၊ ပိန္နဲသီး၊ သဘော်သီး၊ လိမ္မော်သီး၊ သရက်သီး၊ ရှောက်သီးလက်သုပ်များစားပေးပါ။ (၃) ရက်နဲ့မပျောက်ရင် နောက် (၃) ရက်ဆက်စားရပါမယ်။ ဆင်စွယ်ဂမုန်း ဆိုတာ ဒန့်ဒလွန်သီးအရွယ်၊ အစိမ်းရောင်၊ အရွက်မရှိ အဖျားချွန်းသွားတယ်။ ဘုန်းကြီးကျောင်းတွေမှာ တွေ့နိုင်ပါတယ်။ (ပျောက်ပါမည်)

"(၅) ကျပ်သား၊ (၂) ကျပ်သားချိန်တဲ့အခါ ရိုးရိုးအလေးနဲ့မဟုတ်ဘဲ ရွှေချိန်တဲ့အလေးနဲ့ချိန်ပါ။ ကိုဟွေ့ညဏ် ဆင်စွယ်ဂမုန်းရဲ့မျိုးလိုချင်ရင် လမ်းကြုံတဲ့အခါ အိမ်မှာဝင်ယူနော်"

လို့ပြောပြီး မင်းကွတ်သီးနှင့်ကင်ဆာရောဂါအကြောင်းစာအုပ်တွေပါယူပြီး အဘလည်း ပြန်သွားပါတယ်။

ကျွန်တော်တောင်သွားမယူလိုက်ရပါတယ်။ နောက်တစ်နေ့မှာပဲ အဘဦးကင်းရှိန်ဟာ အိမ်ကကားနဲ့ ပန်းအိုးတစ်အိုးစာအပြည့် ဆင်စွယ်ဂမုန်းတွေကိုယ်တိုင်ယူလာပါတယ်။ စိုက်ရလွယ်ပြီး ပွားတာလည်းမြန်တယ်ဆိုလို့ ကျွန်တော်လည်း သုံးအိုးခွဲပြီးစိုက်ထားလိုက်ပါတယ်။ မော်လမြိုင်မြို့နဲ့ အနီးပတ်ဝန်းကျင်နေသူများအလိုရှိပါက ကျွန်တော့်အိမ် အမှတ်-၁၂၊ ပုလဲလမ်း၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့မှာ လာယူနိုင်ပါတယ်။

ဆင်စွယ်ဂမုန်းအပြင် အဘက သပိတ်အိုင်ဆရာတော်ဟောကြားတော်မူတဲ့ နိဗ္ဗာန်အကြောင်းတရားခွေစီဒီတစ်ချပ်နဲ့ သက်ရှည်ကျန်းမာ နည်းဗျူဟာစာရွက်တစ်ရွက်ပါ ဓမ္မဒါနပြုသွားခဲ့ပါတယ်။ (၉၁) နှစ်ဆိုတဲ့ အသက်နဲ့မလိုက်အောင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာ သာသနာ့အကျိုး၊လူမှုရေးအကျိုးဆောင်နေသူ အဘဦးကင်းရှိန်ရဲ့ သက်ရှည်ကျန်းမာနည်းဗျူဟာလည်း လူတိုင်းအတွက် အကျိုးများမယ်ဆိုတာ သေချာလို့ ဆင်စွယ်ဂမုန်းဓာတ်ပုံနဲ့အတူ ကူးယူဖော်ပြလိုက်ပါတယ်။

*စာဖတ်သူများ သက်ရှည်၊ ကျန်းမာဘေးရန်ကွာ၍ မိမိအကျိုး အများအကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ကြပါစေ။*

မောင်ပွင့်ဉာဏ် (မောရ)

◆ သက်ရှည်ကျန်းမာနည်းဗျူဟာ ◆

- မလိုချင်လျက် မတပ်မက် သတ်လျက်လောဘကို၊
- ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကာ ကျန်းမာစေကြောင်းပို၊
- စိတ်မဆိုးလျက် အမျက်မထွက်၊ ပယ်ဖျက်ဒေါသကို၊
- နုနယ်ရုပ်ဆင်း တင့်တယ်ခြင်း ထင်လင်းရွယ်တင်ပျို၊
- မတွေဝေလျက် မိန်းမောမဖက် မစွက်မောဟကို၊
- သက်ရှည်မယွင်း မှီခိုကင်း တောင်းခြင်းဖြာဖြာပို၊
- အလိုနည်းပါး မေတ္တာထား တရားပြည့်သူကို၊
- ကျန်းမာပျိုမျစ် သက်ရှည်ဖြင့် စင်စစ်ကဲမောက်ပို၊
- သောကမနှောင် ဝအောင်မစား လှုပ်ရှားကိုယ်လက် ဤသုံးချက်က အသက်ရှည်ရာအကြောင်းတည်း။
- ဝမ်းချုပ်မခံ အအေးမခံ ဖျားရန်မရှိ ဘေးမထိ၊
- ဦးခေါင်း၊ ရင်ဘတ် ခြေထောက်မှတ် လုံးဝအအေးမမိ ဘေးမထိ၊
- ဆေးလိပ်၊ အရက်၊ ကွမ်းစားဖက် အသက်တိုရာအကြောင်းတည်း။
- ဆေးဝါးရေစစ် ကျောင်းသစ်ကျောင်းဟောင်း ကျင့်ကောင်းသီလ ဤငါးဝ မုချအသက်ရှည်၊
- မိမိနှင့်တည့်တာ အချိန်မှန်မှန်စား၊ အချိန်မှန်မှန်အိပ်၊ ရေများများသောက်၊ စောစောထ၊ လမ်းလျှောက်၊ အသားလျှော့စား၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ ကြက်ဥ၊ နွားနို့၊ ဒိန်ချဉ် စသည်ဖြင့်။

-ဓမ္မဒါန-ဦးကင်းရှိန်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ

# ကောင်းကျိုးပေးပြ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝင်းချို (B.Sc)



**အောက်တိုဘာလ ၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါ၊ နို့သာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သားမှာ ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၃ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်း၊ ပေဒါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၄ ရက်၊ စနေနေ့** လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း(၁၊၆၊၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၅ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၈၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၆ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၆၊၀)။လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၇ ရက်၊ အင်္ဂါနေ့** လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း(၆၊၇၊၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညို၊ နို့သာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉)ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၈ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၉ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၀၊ ၅၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံယာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၀ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၀၊ ၂၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်း၊ ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉)ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၁ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၂ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အဝါ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သားမှာ အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၃ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အနက်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၄ ရက်၊ အင်္ဂါနေ့** လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၁၊...



www.burmeseclassic.com

www.burmeseclassic.com

လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဖြူ၊ အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉)ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၉၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သားမှာ တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၆ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် ခရမ်း၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာ ၁၇ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညို၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော(၉)ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၈ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အစိမ်း၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်မြောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၀ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၇)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် မီးခိုး၊ ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၁ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က လိမ္မော်၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၇၊ ၈၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အဖြူ၊ နှံသာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၃ ရက်၊ ကြာသပတေး** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၆)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၄ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉)ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၅ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်း၊ အဖြူ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၆ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် ခရမ်းရောင်၊ နီညိုရောင်။ အကျိုးပေးနေ့သား စနေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၇ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သားမှာ တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၈ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်းက (၇)။ စိုးမိုးဂဏန်းက (၀၊ ၃၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်း၊အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၃၀ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊စနေ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၃၁ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူ၊ အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (P.Sc)



www.burmeseclassic.com

www.burmeseclassic.com

တချို့ -

သိသိနဲ့ ငြိမ်နေပြီး ခံစားသွားတဲ့ သူတွေရှိသလို -

တချို့ -

သိသိနဲ့ ငြိမ်နေပြီး ခံစားနေရတဲ့ သူတွေရှိနေပါတယ်။

တချို့ကျတော့ -

ဘာမှန်းညာမှန်းမသိဘဲ ခံစား သွားရတဲ့သူတွေရှိခဲ့သလို -

တချို့ ၂-

ဘာမှန်းညာမှန်းမသိဘဲ ခံစားနေ ရသူတွေရှိနေပြန်ပါသည်။

ဘာကြောင့်ဆိုတာ အဖြေမရှိပါ ဘူး။

အခုလ ပေးချင်တဲ့ သူရဲ့ လက်ဆောင်ဟာ အဲဒီလို ဘာမှန်းညာ မှန်းမသိဘဲ ခံစားနေရတဲ့သူတွေအတွက် ကို ရည်ညွှန်းပါတယ်။

ဟုတ်ပါတယ်။

တချို့ တကယ်ကို ဘာမှန်းမသိပါ ဘူး။

ဘာလဲဆိုတော့ ခပ်လွယ်လွယ် ပြောရရင် အပူလို့ပဲပြောချင်ပါတယ်။

အပူဆိုတာ မျက်လုံးနဲ့ကြည့်လို့ မြင်ရတဲ့ မီးအပူရှိသလို -

မျက်လုံးနဲ့ ကြည့်လို့မမြင်နိုင်တဲ့ အပူကို မသိချင်ယောင်ဆောင်နေလို့ မရပါဘူး။ မေ့ဖျောက်ထားလို့မရပါဘူး။ ဇွတ်တိုးလို့လည်းမရပါဘူး။

ဘာလို့လဲဆိုတော့ အပူဟာ အင်အားကြီးပါတယ်။


ကူးစက်တာလည်းမြန်ပါတယ်။

ဒါကို လက်ခံခြင်း၊ လက်မခံခြင်း ဆိုတာ ထိုင်ငြိမ်းနေရုံနဲ့ အချိန်ကုန်မခံ စေချင်ပါဘူး။ လက်တွေ့တွေ့လေ့လာ တာက အကောင်းဆုံးပါပဲ။ အမှန် တကယ် အပူကူးသွားသူတွေရှိနေပါ တယ်။ အများကြီးပါ။

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

## အပူကူးခြင်းကင်းဝေးရအောင် သူရဲ့လက်ဆောင်





www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် စောစောကပြောခဲ့သလို သိသိနဲ့ငြိမ်နေတဲ့သူတွေရှိသလို မသိလို့ ငြိမ်နေလိုက်ရသူတွေလည်း မနည်းပါဘူး။

အခု သူရဋ္ဌလက်ဆောင်ကတော့ အမှန်တကယ်မသိလို့ အပူကူးခံခဲ့ရသူတွေအတွက်သာ ဖြစ်ပါတယ်။

လူတိုင်းအတွက်မဟုတ်ပါဘူး။

မသိလို့ အပူကူးခံခဲ့ရရှာသူတွေအတွက် ဗဟုသုတပေးတဲ့ လက်ဆောင်ပါ။

ဘာဖြစ်လဲကွာ၊ ဒါများဆန်းတာမှတ်လို့ဆိုတဲ့သူတွေအတွက် မဟုတ်ပါဘူး။

ပူပါစေကွာ၊ ဂရုမစိုက်ဘူးဆိုတဲ့လူတွေအတွက်လည်း မရည်ရွယ်ပါဘူးဆိုတာ ဦးဆုံးပြောလိုက်ပါရစေ။

'အပူ' ။

ခပ်လွယ်လွယ်သုံးလိုက်တာပါ။

နောက်တစ်မျိုးသုံးရရင် အရှိန်ဟပ်ခြင်းပါ။

ရှေးရှေးက လူကြီးသူမတွေပြောတဲ့စကားသံကြားဖူးကြပါလိမ့်မယ်။

'ဟယ် - နင်တို့ကလည်း ရန်ပဲဖြစ်နေတာပဲ၊ အိမ်ပူလိုက်တာ'

'နင်တို့အိမ်ကဘာယ်လိုလုပ်လာဘ်ရှိမလဲ။ အိမ်ကြီးကိုကအိမ်ပူကြီး။ မိုးလင်းတာနဲ့ ဒါလောက်ပူနေမှတော့'

'မင်းတို့အိမ်ကလည်းကွာ၊ စားရလည်းပူ၊ မစားရလည်းပူနဲ့ ဘယ်လိုတွေဖြစ်နေတာလဲ'

'မင်းမိန်းမကလည်းကွာ တဖျစ်



www.burmeseclassic.com

တောက်တောက်နဲ့၊ မင်းတို့အိမ်ဟာပူနေတာပဲ။ ဘယ်လာကောင်းနိုင်ပါတော့မလဲ'

'နင့်ယောက်ျားကလည်း အိမ်ပူမှုပူ။ မတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ သူ့ပါးစပ်က မီးလိုပဲ၊ ဟိုပြောဒီပြောနဲ့'

'ဟယ် - နင့်ကလေးကလည်း မိုးလင်းငို၊ မိုးချုပ်ငို တအီအီနဲ့။ နင်တို့အိမ်ဒါလောက်ပူနေမှတော့ ဘယ်လိုလုပ်စီးပွားဖြစ်တော့မလဲ'

'နင့်အိမ်ကြီးကလည်းဟယ် - ဟိုဆွေမျိုးအပူ၊ ဒီဆွေမျိုးအပူတွေနဲ့ နင်တို့ဒီလိုကွဲကုန်တာလည်း မပြောနဲ့'

'နင့်သူငယ်ချင်းတွေကလည်း၊ နင့်ဆီလာလည်ရင် သူတို့အပူတွေသယ်သယ်လာလိုက်ကြတာ အရမ်းပဲ။ ဒါကြောင့်လည်း နင်တို့လာဘ်တွေပိတ်နေတာ'

ဒါ -

အပူရဲ့သဘောတွေထဲက တချို့ပဲရှိပါသေးတယ်။

ရှေးရှေးက လူကြီးသူမတွေဟာ အပူကို အင်မတန် ကြောက်ကြတယ်။ အိမ်မှာ မနက်မိုးလင်းရင် မင်္ဂလာကျက်သရေမရှိတဲ့စကားတွေကိုတောင်အပြောမခံပါဘူး။ မနက်လင်းတာနဲ့ မင်္ဂလာယူကြပါတယ်။

စောစောထ၊ အရုဏ်ဆွမ်းချက်ကပ်၊ ဘုရားဝတ်ပြုပြီး နေ့သစ်ကို မင်္ဂလာရှိရှိနဲ့ စတင်ကြတာများပါတယ်။

ဒါကြောင့်လည်း ရှေးရှေးက အဘိုးအဘွားတွေ သက်ရှည်နာကင်းပြီး အဆင်းလှကြပါတယ်။ ထူးဆန်းတဲ့ရောဂါတွေလည်း မကြားဖူးခဲ့ကြပါဘူး။

သူတို့ဟာ အပူကို ကြောက်ကြပါတယ်။

လူဆိုတာ မလွဲမသွေကြုံရမယ့် အိုခြင်းဒုက္ခအပူ၊ နာခြင်းဒုက္ခအပူ၊ သေခြင်းဒုက္ခအပူတွေရှိပါတယ်။ ဒါတွေက ရှောင်လွှဲလို့ရတာမှမဟုတ်တာ။

ခုပြောတဲ့အပူက အဲဒီအပူတွေကို မဆိုလိုပါဘူး။

ကိုယ်တိုင် မစောင့်ထိန်းနိုင်လို့ပူနေတဲ့အပူ၊ အပြောမထိန်းနိုင်လို့ပူရတဲ့အပူ၊ ကိုယ်မထိန်းနိုင်လို့ သူများကိုကူးစက်ပူရတဲ့အပူ၊ သူများကမထိန်းနိုင်လို့ ကိုယ့်ကိုလာကူးစက်ရတဲ့အပူ။

ဒီလိုအပူတွေကိုပဲ ဆိုလိုတာပါ။

တစ်ခါက -

လင်မယားနှစ်ယောက်ရှိပါတယ်။ ဘာမှမပူမပင်ရလောက်အောင် ပြည့်ပြည့်စုံစုံလေးနေကြပေမယ့် အရမ်းချမ်းသာကြီးတော့ မဟုတ်ပါဘူး။ သူတို့ဘဝလေးဟာ အေးအေးလေးပါ။

ဒီလိုနဲ့ တစ်နေ့ အိမ်ထောင်ဦးစီးရဲ့အစ်မဖြစ်သူဟာ သူ့ယောက်ျားနဲ့ကွဲပြီး အိမ်ကိုရောက်လာပါတယ်။

ရောက်လာတော့ မိန်းမဖြစ်သူက ပြောပါတယ်။

'မောင်ရယ်၊ သူတို့လင်မယားဟာ တကျက်ကျက်နဲ့ တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်းရန်ဖြစ်ကြ၊ သတ်ကြပုတ်ကြနဲ့ မရှက်ကြဘူး။ ခုလို သူတို့ဖြစ်သွားတော့လည်း ဟိုလူ့ဒုက္ခပေးဒီလူ့ဒုက္ခပေးနဲ့ရောက်လာပြန်ရော။ ကျွန်မတို့လင်မယားဟာ ဘာအပူမှရှိတာမဟုတ်ဘူး။ သူတို့ကအပူနဲ့တက်လာတာ။ ကျွန်မကတော့ ညအိပ်လက်မခံချင်ဘူး။ ကျွေးစရာရှိတာကျွေးလိုက်၊ မောင်ပေးချင်သလောက်ပေးလိုက်'

ဆိုပြီးပြောတော့ ယောက်ျားက -

'အို - မင်းကလည်းကွာ၊ တို့က မောင်နှမကွ။ ငါမှမကြည့်ရင်ဘယ်လိုလုပ်မလဲ။ သူ့မှာအခက်အခဲဖြစ်နေတဲ့အခါ ကူညီသင့်ပါတယ်'

ဆိုပြီး ပြန်ပြောပါလေရော။

အဲဒီအချိန်ကစပြီး အဲဒီကိစ္စနဲ့ပတ်သက်လို့ ကျိတ်ဖြစ်ရင်း စကားများရင်းကနေ ခွန်းကြီးခွန်းငယ်ကနေ လက်တွေ့ပါပါလာတော့ အေးချမ်းနေတဲ့လင်မယားဟာ ကွဲတဲ့ဘဝရောက်သွားပါလေရော။

ဟော - သူတို့လင်မယားကသာကွဲသွားတာ။ ဟိုတစ်ယောက်ကတော့ နှစ်နှစ်လောက်အကြာမှာ သူ့ယောက်ျားနဲ့သူပြန်ပေါင်းသွားတော့တာပါပဲ။

နောက်တစ်ခါ -

ဒီလိုပဲ မိသားစု အေးအေးလေးနေကြတာ။

သူတို့ကတော့ လူငယ်။ ကောင်လေးကအယုံအကြည်ရှိတယ်။ ကောင်မလေးက အယုံအကြည်မရှိဘူး။ ဒီလိုပဲ ပျော်ပျော်ရွှင်ရွှင်နဲ့နေကြတာပေါ့။ ဘာမှလဲ ပူစရာမရှိဘူးလေ။ နှစ်ဖက်ကလည်း ပြည့်စုံ။

ဟော - တစ်ရက်ကျတော့ သူတို့အိမ်ကို ကောင်လေးရဲ့သူငယ်ချင်းရောက်လာပါလေရော။ ကောင်လေးက သူငယ်ချင်းဆိုတော့ ခင်ခင်မင်မင်ပေါ့။ ရောက်လာတဲ့ကောင်လေးက သူများငွေတွေချေးလောင်းကစားလုပ်။ ကြာတော့ ပြန်မဆပ်နိုင်ဖြစ်။ ဒီမှာတင် သူ့မိန်းမရဲ့ပစ္စည်းတွေကို ရသလောက် ထိုးဆပ်။ ကျန်တာမဆပ်နိုင်တော့ ကောင်မလေးနဲ့အကြီးအကျယ်ရန်တွေဖြစ်၊ ကွဲရော။ အဲဒီတော့ ခုအိမ်ကိုရောက်လာရော။ ရောက်လာတော့ ကောင်မလေးက သတိပေးတယ်။

'အစ်ကိုရယ်၊ ဒါအပူသည်နော်၊ ညီမလို အယုံအကြည်မရှိတဲ့သူတောင် သူ့ကိုလက်မခံချင်ဘူး။ အစ်ကိုက အယုံအကြည်ရှိပြီး ဘာလို့လက်ခံမှာလဲ' တဲ့။

ကောင်လေးက -

'မရဘူး ညီမရယ်။ ဒါလောက်ခင်တဲ့သူငယ်ချင်းတွေ၊ လူမှုရေးဆိုတာရှိတယ်။ ကိုယ်မကူညီလို့ ဘယ်လိုလုပ်မလဲ' တဲ့။

ဟော - အဲဒီသူငယ်ချင်း တစ်လနီးပါးကြာသွားတယ်။ ရက် (၂၀) ကျော်ပေါ့။ သူကပြန်တော့မယ်လုပ်တော့ ကောင်မလေးက -

'ဘာလဲ ကိုညိုကြီး၊ ကျွန်မတို့အိမ်မှာ စားရသောက်ရတာ အဆင်မပြေတော့လို့လား'

လို့ မေးလိုက်တယ်။ ရိုးရိုးပါ။ ဒီစကားဟာ ဘာမှဖြစ်တဲ့စကားမဟုတ်ပါဘူး။ ညိုကြီးက ရုပ်ကလေးရှိတော့ တစ်ဖက်က ကောင်လေးစိတ်ထဲမှာ တစ်မျိုးဖြစ်သွားပါလိမ့်မယ်။ ညိုကြီးရှေ့တင်တော့ ဘာမှမဖြစ်ဘူးပေါ့။ ညိုကြီးလည်းပြန်သွားရော ကောင်မလေးပြောတဲ့စကားကို အထအနကောက်ပြီး မအိပ်နိုင်မစားနိုင်၊ စကားမပြောနိုင်နဲ့ နောက်ဆုံး ရန်တွေဖြစ်ပြီး လမ်းခွဲသွားကြရတဲ့ဘဝရောက်သွားရော။

ပြောစရာတော့ရှိတာပေါ့။

သူတို့ဟာသူတို့ကွဲတာပဲလေ။ သူတို့သံသယနဲ့သူတို့ကွဲတာလို့ပြောရင်ပြောကြမှာပေါ့။

ဒါက မြင်ရသူတိုင်း ပြောတဲ့စကား။

မျက်လုံးနဲ့ကြည့်လို့ ဘယ်လိုမှမမြင်နိုင်တဲ့ အရှိန်ဟပ်မှုတွေကျတော့ ဘယ်လိုပြောမလဲ။

ဒါမသိချင်ယောင်ဆောင်လို့ရတဲ့ကိစ္စမဟုတ်ဘူးလေ။

ပေါ့ပေါ့လေးတွေးလို့မရဘူး။

သူ့အချိန်တန်လို့ သူဖြစ်တာပါလို့ ဇွတ်ပြောကြစတမ်းဆိုရင် သူ့အချိန်က ဘာလို့ကောင်လေးရဲ့သူငယ်ချင်းရောက်လာပြီးမှမြန်မြန်ဆန်ဆန်တန်သွားရသလဲ။ အရင်ကဖြစ်ကြလေ သံသယ။

ဒါကြောင့် မသိရင် မရှိပါဘူးလို့



www.burmeseclassic.com

www.burmeseclassic.com

ပြောလို့မရတဲ့ အကြောင်းတရားတွေ လောကမှာ အများကြီးရှိနေပါတယ်။

ဒါတွေဟာ သာမန်အပေါ်ယံ ကြည့်ရုံနဲ့ မမြင်နိုင်ပါဘူး။

စူးစူးစိုက်စိုက်နဲ့ကြည့်ပြီး ထဲထဲဝင်ဝင်လေ့လာမှ အပူရှိန်ဆိုတာကို သဘောပေါက်လာတာပါ။

တချို့ပြောကြပါတယ်။ ဘာမှမဖြစ်ပါဘူး။ သူညလာအိပ်တာလေးနဲ့ များဖြစ်ရမလားလို့။ ကြားဖူးကောင်းကြားဖူးကြပါလိမ့်မယ်။

မဖြစ်သေးခင်သာ အယုံအကြည်မရှိဘူးတို့ဘာတို့လုပ်တာပါ။

ဖြစ်လာရင် ဘာလုပ်ရဘာကိုင်ရမှန်းမသိတော့ပါဘူး။

သိပ်မကြာသေးခင်က -

မိသားစုတစ်စုမှာ လင်မယားကွဲလာရုံမကဘူး၊ အမှုပါဖြစ်နေတဲ့သူ ညအိပ်ရောက်လာပါလေရော။ သူတို့ကလည်း အဲဒီသူငယ်ဟာ တူလိုသားလိုနေတယ်ဆိုပြီး ဝမ်းသာအားရနဲ့ပေါ့။

ဟော - ဘာကြာလဲ၊ အဲဒီသူငယ်မြန်သွားပြီး တစ်လတောင်မကြာဘူး။ သူတို့အိမ်က ကလေးက သူများကားကိုနောက်ကဝင်တိုက်လိုက်မိရော၊ အဲဒီမှာဖြစ်လာလိုက်တဲ့ပြဿနာတွေက မီးခိုးကြွက်လျှောက်။ ကားအဲသလိုဖြစ်တော့ အိမ်ရှင်ရဲ့ အမျိုးသမီးက စိတ်ထိခိုက်။ ငွေတွေမနည်းဘူးကုန်သွားတော့ မအိပ်နိုင်မစားနိုင်ဖြစ်ပြီး သွေးတွေတိုး၊ ဆီးချိုတွေတက်လို့ ဆေးရုံတင်လိုက်ရပါလေရော။ ကံကောင်းလို့ အပြီးမထွက်သွားတာ။

ဒါကို လေ့လာကြည့်လိုက်ရင် ဟိုသူငယ် လာညမအိပ်ခင်က သူတို့မိသားစုဟာ အေးချမ်းလိုက်တာမှ -

ခုမှဘာလို့ဖြစ်လဲ။

ဒါတွေက မမြင်နိုင်တဲ့ အရှိန်ဟပ်ခြင်းသဘောတွေရှိနေပါတယ်လို့ပြောရင်ငြင်းလို့ ဖြစ်ပါ့မလား။ စဉ်းစားပေးဖို့တော့လိုတာပေါ့။

အများကြီးမြင်ခဲ့ဖူးသလိုမြင်လည်းမြင်နေရတုန်းပါပဲ။

နေ့စဉ် ပရိသတ်ပေါင်းများစွာနဲ့တွေ့ဆုံစကားပြောနေရသူမို့ အဲဒီအပူရှိန်ဟပ်မှုတွေက မကြားချင်မှအဆုံးပါဘဲ။

တချို့ကပြောတယ်။

သူကအပူသည်တော့ဟုတ်တယ်။ သူလာစကားပြောတာတော့ဟုတ်တယ်။ ဒါပေမယ့် ကိုယ်ကမခံစားဘူးလေ။ နားထောင်ပေးရုံနားထောင်ပေးတာပဲ၊ မရဘူးလားလို့ မေးဖူးသူတွေလည်းရှိပါတယ်။

ရပါတယ်၊ ဟုတ်ပါတယ်။ ဘာမှမဖြစ်သေးရင် ဘာမှမဖြစ်သေးပါဘူး။

အပူကို နားထောင်ပေးခြင်းဟာ သောတအာရုံကနေ ခန္ဓာကိုယ်ထဲကို စိမ့်ဝင်သွားတာ၊ နှလုံးသားထိရောက်သွားတာ၊ မသိစိတ်ထိရောက်သွားတာကိုယ်မှမသိဘဲ။တဖြည်းဖြည်းနားထောင်နေရာကနေ ကိုယ့်မှာအပူဟပ်နေပြီဆိုတာ သတိထားကြည့်လိုက်ပါ။

ခင်ပွန်းကို နေရင်းထိုင်ရင်း အပြစ်မြင်လာတာတွေ -

ဇနီးကို နေရင်းထိုင်ရင်း အပြစ်မြင်လာတာတွေ -

သက်ပြင်းတွေခဏခဏချလာမိတာတွေ -

အကောင်းသားနေရင်းကနေ မကောင်းစိတ်တွေ ချက်ချင်းဝင်လာပြီး စကားကောင်းပြောနေရာကနေ တစ်ဖက်သားကို အကောင်းမပြောချင်တော့တာတွေဖြစ်လာပါတော့တယ်။ ဒါအရှိန်ဟပ်သွားတာပါပဲ။

ရန်လိုနေပြီ ဆိုကတည်းက မကောင်းတဲ့အရှိန်ဟပ်နေလို့ပါဘဲ။

စဉ်းစားကြည့်ပါ။

သုသာန်နားက ဖြတ်သွားတဲ့အခါ သုသာန်ထဲက ဆွဲဆွဲငင်ငင်အော်ဟစ်ငိုကြွေးလိုက်တဲ့အသံကြီးကိုကြားရင် ရင်ထဲမှာ ဘယ်လိုဖြစ်သွားလဲ။

'ဟယ်-စိတ်မချမ်းသာလိုက်တာ'

'ဟယ်-စိတ်မကောင်းလိုက်တာ'

ဆိုတာတွေဟာ ကူးစက်သွားတဲ့သဘောတွေပါပဲ။ ကိုယ့်ရင်ထဲမှာလည်း ကောင်းမှာမဟုတ်တော့ပါဘူး။

တချို့ တုတ်တပြက်ဓားတပြက်ဖြစ်နေတာကိုကြည့်ပြီး လန့်ပြီးအသက်ထွက်သွားသူတွေ ကြားဖူးမှာပါ။

သူ့ကိုလာခုတ်တာမဟုတ်ဘူးလေ။ သူဘာလို့သေရလဲ။

တစ်ခါက အစ်ကိုတစ်ယောက်လိုခင်တဲ့သူတစ်ယောက် ရထားနဲ့ကားနဲ့ တိုက်တာကို သွားကြည့်ပြီး ညကျတော့ မူးတယ်၊ မူးတယ်ဆိုပြီး ဆုံးသွားခဲ့ဖူးပါတယ်။

သူဟာ အကောင်းကြီးလေ၊ သူ မသိစိတ်ထဲကို ဘာတွေအရှိန်ဟပ်သွားလဲ။ ဒါစဉ်းစားရပါလိမ့်မယ်။

ဒါတွေဟာ အရှိန်ဟပ်လာတာတွေပါ။

လူငယ်လေးတစ်ယောက်ရဲ့ မိဘတွေနဲ့ စကားပြောဖူးပါတယ်။

ဒီလူငယ်လေးဟာ အင်မတန်မှ လိမ်မာရေးခြားရှိတဲ့ကလေးပါ။

(၁၀) တန်းကျောင်းသားလေး။

သူတို့အိမ်ကို သူ့အမေရဲ့တူတစ်ယောက်လာနေတယ်။ နှစ်လလောက်ကြာသွားတယ်။ သူ့အမေရဲ့တူက ဆေးလိပ်သောက်တယ်၊အရက်သောက်တယ်။ စကားပြောရင် သောက်၊ သောက် ဆိုတာ မပါရင်မပြီးဘူး။ စကားပြောရင် ပုဆိုးကြီးဆွဲမကြီး အော်ကြီးဟစ်ကျယ်နဲ့။

ဟော - အဲဒီသူငယ်လည်းပြန်သွားရော လိမ္မာရေးခြားရှိတဲ့ ကလေးဟာ သူ့လိုဖြစ်သွားပါလေရော။ စကားပြောရင် တိုင်းထွာပြောတတ်လာတယ်၊ မိဘကိုပြန်အော်လာတတ်တယ် ဖြစ်ကရော။

ဒါ အရှိန်ဟပ်တဲ့ သဘောပါပဲ။ ကူးစက်ခြင်းသဘောပါပဲ။

ဒါကြောင့် -

တော်တော်များများ မြင်ဖူးနေပါတယ်။

လင်ကွဲ၊ မယားကွဲအပူသည်တွေ အလာများပြီး ဒီအပူတွေကို လက်ခံနေရပြီဆိုရင် ဘယ်လောက်အေးချမ်းတဲ့ ဇနီးမောင်နှံဖြစ်ဖြစ် ပြဿနာတစ်မျိုးပြီး တစ်မျိုးတက်ကုန်တာတွေ၊ နောက်ဆုံးလာဘ်ပိတ်ကုန်တာတွေ၊ ကွဲကုန်တဲ့အထိဖြစ်ကုန်တာတွေအများကြီးရှိနေပါတယ်။

အားနာတတ်သူတွေမှာ ပိုဖြစ်ပါတယ်။

ဒီအားနာတတ်သူတွေကို ကြည့်လိုက်ရင် ကလေးအဖေ၊ ကလေးအမေတွေများပါတယ်။ အိမ်ထောင်သည်တွေများပါတယ်။ ထိစရာရှိရင် သူတို့ချည်းထိကုန်တာပါပဲ။

သူတို့ကိုစဉ်းစားကြည့်ပါတယ်။

ဪ-သူတို့ဟာ သူတို့မွေးထားတဲ့ သားသမီးလေးတွေကို တကယ်မချစ်လို့ဘဲလို့။ သူတို့ဟာမချစ်တတ်ပါဘူး။

ဘာလို့လဲဆိုတော့ သူများအပူတိုကျေကျေနပ်နပ်ခံယူနေကြရင်းနဲ့ အပူရှိန်တွေဟပ်ပြီး တစ်စုံတစ်ခုဖြစ်သွားရင် ဒီကလေးတွေဟာဘယ်သူ့မျက်နှာကြည့်ရတော့မလဲ။ ဘယ်သူ့အဖေခေါ် ရတော့မလဲ။ ဘယ်သူ့အမေခေါ် ရတော့မလဲ။ စဉ်းစားကြည့်ပါ။ ကိုယ့်သားသမီးလေးတွေရဲ့ရှေ့ရေးထက် ဘယ်ဟာက အရေးကြီးလဲလို့။



www.burmeseclassic.com

www.burmeseclassic.com

အပူတွေနင်းကန်ဟပ်ပြီး ကိုယ့်သားသမီးလေးတွေကို အပူရှိန်ဟပ်ကုန်တာ ကြည့်ရက်သလားလို့ စဉ်းစားကြည့်ပါ။

အိမ်ထောင်ပျက်သွားရုံမက တချို့သေကွဲကွဲကုန်တဲ့ထိ၊ သားသမီးလေးတွေနဲ့ ခွဲသွားရတဲ့ထိဖြစ်ကုန်တာတွေ၊ လက်တွေ့တွေ့ရှိနေပါတယ်။

မယုံလို့ မရသလို ခပ်ပေါ့ပေါ့ပြက်ပြက်တွေးနေလို့မရပါဘူး။

လွန်ခဲ့တဲ့ (၁၀) နှစ်လောက်က -

အသိတစ်ယောက်ဆိုရင် သမီးလေးတစ်ယောက်ရှိပါတယ်။ သူ့သမီးလေးဟာ ဝဝတုတ်တုတ်နဲ့ ချစ်စရာလေး။ (၄) နှစ်သာသာပဲရှိတဲ့နှစ်မှာ သူအလုပ်သွားတဲ့အချိန်ဆိုရင် သူ့မိန်းမရဲ့အသံ ငိုငိုပြီးတက်လာတယ်။ သူ့သောကအပူတွေလာလာပြောတယ်။ သူ့သားသမီးအပူတွေလာလာပြောတယ်။ သူ့မိန်းမ လက်ဖက်တို့၊ ချင်းသုပ်တို့၊ ရေနွေးကြမ်းတို့နဲ့ ဧည့်ခံပြီး အဲဒီအမျိုးသမီးနဲ့အကြာကြီးစကားပြောတယ်။

ဘာကြာလဲ၊ တစ်လကျော်ကျော်လောက်လည်းကြာရော သူတို့ရဲ့ကလေးလေးအပျင်းဖျားပြီး (၅) ရက်နီးပါးပဲခံတယ်။ လူ့လောကကြီးကနေ ထွက်ခွာသွားတော့တာပဲ။

ဒါကို တိုက်ဆိုင်တယ်လို့ ပြောမလား။

ဒါကြောင့် ကိုယ့်ကလေးကို ကိုယ်မချစ်တတ်လိုက်တာလို့ပြောရင် စကားလုံးရိုင်းသွားသလိုဖြစ်မှာစိုးလို့ မပြောတော့ပါဘူး။

ကိုယ့်ကလေးကို ကိုယ်ချစ်တတ်ဖို့ပဲလိုပါတယ်။

ဒီလိုတွေကြားလာရပါများတော့ သိတဲ့မိတ်ဆွေတွေကို ပြောရပါတယ်။ အကြံပေးရပါတယ်။

ရိုးရိုးလာတဲ့ဧည့်သည်၊ မိတ်ဆွေဘယ်လောက်လာလာဘာမှမဖြစ်ပါဘူး။ ဒါတောင် တချို့ပညာရပ်တွေမှာ လူဝင်၊ လူထွက်မကောင်းတာတွေ ရှိပါတယ်။ အရမ်းမှန်တာပါပဲ။ တကယ်လည်း လက်တွေ့စမ်းကြည့်ခဲ့ဖူးလို့ တကယ်လည်းထိသွားခဲ့ဖူးပါတယ်။

မသိချင်ယောင်ဆောင်ခဲ့ဖူးပေမယ့်လည်း ထိခိုက်ခဲ့ဖူးပါတယ်။

အများကြီးလက်တည့်စမ်းခဲ့ဖူးပါတယ်။

လူဝင်၊ လူထွက်သတိထားရမယ့်နှစ်မှာ လူဝင်၊ လူထွက်ကို တမင်လက်ခံကြည့်ခဲ့ဖူးပါတယ်။ တစ်ခါထိ၊ နှစ်ခါထိ၊ သုံးခါထိပြီး လက်ထဲမှာ တစ်ပြားမှမရှိတော့မှ ငြိမ်သွားတာပါ။ ဆက်မလုပ်တော့ပါ။

ပညာကိုမယုံလို့မဟုတ်ပါဘူး။

လက်တွေ့သိချင်လို့ပါ။

အပူသည်ကိုလည်း တမင်လက်ခံကြည့်ခဲ့ဖူးပါတယ်။ နေ့တိုင်းလိုလို စကားလက်ဆုံကျပြီး သတိထားကြည့်နေခဲ့ပါတယ်။ လုံးဝထိသွားတော့မှ နောက်မလုပ်ရဲတော့တာပါ။

တချို့ပြောကြပါတယ်။

ကိုယ်မကူညီရင် ဘယ်လိုလုပ်မလဲလို့။

မှန်တာပေါ့။

ကူညီရမယ်။

အပူသောကဖြစ်နေတဲ့သူကို ကူညီရမယ်။ ဒါအမှန်တရား။

ဒါပေမယ့် သင်ပေးရပါတယ်။

ကိုယ့်အိမ်ကို အပူတွေသည်လာသူဟာ ကိုယ်ဘယ်လိုမှငြင်းဆန်လို့မရတဲ့ ညီအစ်ကိုမောင်နှမရင်းခြာဖြစ်နေပြီဆိုရင် -

'တဲ - ညီလေး၊ ဒီအပူတွေပြောမနေနဲ့တော့။ မင်းလည်းအကျိုးမရှိဘူး။ ငါလည်း နားထောင်ရတာ အကျိုးမရှိဘူး။ ဒီတော့ စိတ်ချမ်းသာသလိုလာလည်၊ စားချင်တာစားသွား။ အစ်ကို့ဆီလာရင် ပျော်ပျော်ရွှင်ရွှင်နဲ့သာလာခဲ့'

ဆိုပြီး ပြောဆိုပြီး ပြောခိုင်းရပါတယ်။

ငြင်းလို့မရတော့တဲ့အတူတူ သူ့ကိုကိုယ်ကအအေးပေးရတော့မယ်။ မေတ္တာနဲ့ ငြိမ်းအေးပေးရတော့မယ်။ ကိုယ်ချင်းစာပေးပြီး သူ့ကိုကူညီရတော့မယ်။ ဒါကြောင့် သူ့အပူတွေခဏခဏနားထောင်ပေးနေစရာမလိုတော့ဘူး။ လိုတာသာ ကူညီလိုက်တော့။

တစ်မ်းကျတော့ အပူတွေမပြောဖို့တားပါ။ မေတ္တာရပ်ခံပါ။

တကယ်လို့ ကိုယ်ကကိုယ့်ခင်ပွန်းရဲ့မိတ်ဆွေတွေကိုတားမရလွန်းတဲ့အဆုံး၊ ကိုယ့်လင်မယားချင်းလည်း အကြံပေးလို့မရတဲ့အဆုံး -

◆ ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ။

ဆိုတဲ့ဂါထာကို ပုတီး (၂) ပတ်၊ (၃) ပတ်၊ (၅) ပတ်ရသလို စိပ်ပါ။ နှုတ်ကလည်း အမြဲရွတ်နေပါ။

မင်္ဂလသုတ်တော်ထဲကပါ။

ဘုရားသောက်တော်ရေကို တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ် ကပ်လှူပါ။

ကလေးလေးတွေကို ရွှေရင်အေးခဏခဏဒါနပြုပါ။

ဒါဆို -

အပူရှိန်ဟာ တဖြည်းဖြည်း အရှိန်လျော့ပြီး ပျက်ပြယ်သွားပါလိမ့်မယ်။ လက်တွေ့က အကောင်းဆုံးပါ။

ရှေ့ပိုင်းကပြောခဲ့သလို -

ဘာကြောင့်ဆိုတာ အဖြေမရှိဘဲ ဘာမှန်းညာမှန်းမသိ ခံစားနေရတဲ့သူတွေကို မေတ္တာစကားဆိုချင်ပါတယ်။

ကိုယ့်ကိုယ်ကိုယ်သတိထားကြည့်ပါ။

ကိုယ့်မိသားစုကို သတိထားကြည့်ပါ။

အပူရှိန်တစ်ခုခုရဲ့ဟပ်ခြင်းခံရတာကို သိပြီဆိုတာနဲ့ အခုအကြံပေးတဲ့အတိုင်း ပြုလုပ်ပါ။

အရေးကြီးတာက ကိုယ်ကသူများကို ကူညီချင်ရင် ကိုယ်လာဘ်မပိတ်ဖို့၊ ကိုယ်ကျန်းမာနေဖို့ပါပဲ။

ကိုယ်ကျန်းမာနေရင်၊ ကိုယ့်မှာလာဘ်လာဘတွေရွှင်နေရင် ကိုယ်ကူညီချင်တဲ့သူကို ကူညီလို့ရပါပြီ။

ကိုယ်ဟာ လာဘ်တွေလည်းပိတ်၊ မကျန်းမာလည်းဖြစ်နေပြီဆိုရင် ကိုယ့်မိသားစုက ဘယ်သူ့ကို သွားအားကိုးမလဲ။ ဘယ်သူ့ကိုဘယ်လိုကူညီမလဲ။

ဒါလေးတွေကို ထဲထဲဝင်ဝင်စဉ်းစားပေးလိုက်ရင် -

သဘာဝကျကျ စဉ်းစားပေးလိုက်ရင် -

အပူရှိန်လည်းမဟပ်၊ သူများကိုလည်း ကူညီလို့ရပါပြီ။

သူရဇ္ဇရဲ့ထုံးစံအတိုင်း -

ဖြစ်နိုင်တာတွေကိုပဲ လက်ဆောင်ပေးလိုက်ပါပြီ။

ဒီလက်ဆောင်လေးအတိုင်း သတိထားစရာတွေကို သတိထားရင်း၊ ရှောင်သင့်တာရှောင်ရင်း၊ ဆောင်သင့်တာဆောင်ရင်း။

အပူအပင်ကင်းတဲ့ နေ့သစ်လေးတွေကို အမြဲတမ်း ပိုင်ဆိုင်နိုင်ကြပါစေ။

ဆရာဦးမောင်မောင်သန့်
(ရေင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ့အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မကြာမကြာကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို နေ့စဉ်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၃) ဆူလှည့်၍ အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုဓာတ်မရိုက်ပါနှင့်။ တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံ့ဘွဲ့အမည်ရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း၊ ပန်းခြောက်စွန့်ပေးခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကို ပဲကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဋ္ဌသဂါထာရွတ်ရင်း (၁၅) မိနစ် လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - တနင်္လာနံ့ထီဆိုင် (၂) ဆိုင် ပြည့်အောင် ထိုးပါ။ (၂) ဂဏန်းနှင့်စသောနှစ်စောင်တွဲလေးများနှင့် ကံစပ်နေပါသည်။

တနင်္လာ

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ့ အသီးအညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃)ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်ဖြင့်မကြာမကြာထိပြီး ဒိဝါတပတိဂါထာ ရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္ဂနွေနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ငြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများနေသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များသို့ရောက်တိုင်း တံမြက်စည်းလှည်းခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့် အနိုင်မယူပါနှင့်။ ကိုယ့်ဘက်ကလျှော့ပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ (၇)ခေါက် ရွတ်မန်းပြီးမှ စားပါ။
**ထီကံကောင်းလိုသူများ** - စနေနံ့ထီဆိုင်တွင် (၇)အစ (၇)အဆုံး ဂဏန်းများနှင့် ကံစပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး၊ ဒိဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဗြိဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်အင်္ကျီလေးများ မဝတ်ပါနှင့်။
**ကျန်းမာရေး** - သံဃာတော်များ၊ သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၇) မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီး တဟီး အစချီသောဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်နေ့စဉ်ရွတ်ပါ။ ဘုရားစေတီများသို့ရောက်တိုင်း တံမြက်စည်းလှည်းခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်း၊ အိတ်စသည်တို့ကို လက်ဆောင်မပေးပါနှင့်။ စိတ်ညစ်ရတတ်ပါသည်။
**ကျန်းမာရေး** - နေ့စဉ် ရေကို ဖုဋ္ဌသဂါထာရွတ်မန်းပြီးသောက်ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် (၇)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွှန့်များဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီတွင် ရွှေသင်္ကန်းကပ်လှူပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - တံမြက်စည်းလှူပါ။ ဘုရားဆောင်တွင် ဖုန်များရှင်းလင်းပြီး မဆိုင်သောပစ္စည်းများ ဖယ်ရှားပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်လေးများ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာရွတ်မန်းပြီးမှစားပါ။ (၇)ခေါက်ရွတ်မန်းပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနာမည်ရှင်များနှင့် စပ်တူထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ သူကြိုက်တာထိုးပါစေ။ ထီပေါက်တတ်ပါသည်။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့် ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး၊ ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ရှေ့အဝင်ဝတွင် ဆီးညွန့် (၈) ညွန့်ကို ကြိုးနှင့်ချည်ထားပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် မကြာမကြာစတီပက်ဖျန်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အားပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်၊ တန်ဆောင်း၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကို ပဲကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသူများ၊ သက်ကြီးရွယ်အိုများကို ငွေ၊ ဆေး၊ အာဟာရ ကူညီပံ့ပိုးပေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာထီဆိုင်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

BURMESE CLASSIC

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃)ပတ် စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၅) ဆူလှည့်၍ ပဋ္ဌာန်းရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျီးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ သစ်တိုသစ်စ၊ သစ်အဟောင်းအဆွေးများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို ကြုံသည့်နေရာတွင် ကြုံသလို အစားကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း မာရဏပရိတ်ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - ထီလှည့်လေးများ အိမ်ရှေ့နားရောက်လာပါက (၄) အစ (၄) အဆုံးဂဏန်းလေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင် -
ဗုဒ္ဓဟူး၊ စ အင်္ဂါပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာ ရယူပါ။
ဥပမာ - ဝေစံ၊ လှဇော်၊ လူစိမ်း

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ။*

ပြည့်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ တနင်္လာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ (၄)ဂဏန်း၊ (၈)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေမကြာမကြာဝင်လာတတ်ပါသည်။ ကားအသစ်ဝင်မည်။ ကားရှိပြီးသူများ တစ်စီးကနှစ်စီးဖြစ်လာမည်။ လူမျိုးကွဲနှင့် အကျိုးမပေးပါ။ ရန်များတတ်သောသူများနှင့် တပူးတွဲတွဲမနေပါနှင့်။ အလုပ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်းလုပ်ရသူများ လုပ်ငန်းမပြီးဘဲ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေတတ်ပါသည်။ ခရီးယာယီမကြာခဏထွက်ရတတ်သည်။ ရပ်ဝေးမှာရှိသော စက်ရုံလုပ်ငန်းများ အကျိုးပေးမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိမည်။ မိတ်ဆွေများထံမှာ အကူအညီတောင်းလျှင် တချို့တစ်ဝက်သာရတတ်ပါသည်။ ကျန်းမာရေးကောင်းနေစေရန် ရေချိုးဆင်ခြင်ပါ။ လေအောင့်စေတတ်သောအစာများ လွန်ကဲစွာမစားပါနှင့်။ ပညာရေးကံများကောင်းနေသော်လည်း စာကို အထပ်ထပ်အခါခါ လေ့ကျင့်ကျက်မှတ်ရန်လိုပါသည်။ လက်ဝတ်ရတနာမမြဲဘဲဖြစ်နေမည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ အဆင်ပြေမည်။ မင်္ဂလာကိစ္စများစီစဉ်ဆောင်ရွက်ရတတ်ပါသည်။ အလှူဒါနများ မကြာမကြာလှူဖြစ်မည်။ ထီထိုးရန်အတွက် ကားနှင့်ရောင်းသောထီကားများ နှစ်စီးဆက်တိုက် အိမ်ရှေ့လာရောင်းပါက နှစ်စီးလုံးထီထိုးလိုက်ပါ။ ထီကံကောင်းပါလိမ့်မည်။

ယတြာ ။ ။ *ဒီပါတပတီဂါထာကို နေ့စဉ် သွားရင်းလာရင်း အခေါက် ၃၀၀ ရအောင်ရွတ်ပါ။*

## ခုနှစ်ရက်သားသမီး ၄ ဟောစာတမ်း

### ဆရာဦးမောင်မောင်သန်း

### ၂၀၁၄ ခုနှစ် ၊ အောက်တိုဘာလ





www.burmeseclassic.com

www.burmeseclassic.com

### တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူမှာ စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ (၆) ဂဏန်း၊ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေကြေးကိစ္စများ ထစ်ငေါ့နေတတ်၍ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ဆောင်ရွက်ပါ။ စပ်တူရှယ်ယာလုပ်ငန်းများကောင်းမည်။ လူမျိုးကွဲအကျိုးပေးသောကာလ ဖြစ်သည်။ ထိကံကောင်းတတ်၍ ထီထိုးရန် သတိရပါ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများ စိတ်ချမ်းသာမှုရှိလာမည်။ မိတ်ဟောင်း၊ ဆွေဟောင်းများထံမှ မမျှော်လင့်ဘဲ ကူညီပံ့ပိုးမှုရရှိမည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သော အစားအသောက်များ သတိထားပြီး ရှောင်လိုက်ပါ။ ပညာရေးကောင်းစေရန် အချိန်မှန်စာလုပ်ပါ။ ဇွဲရှိဖို့လိုပါသည်။ အောင်မြင်မှုပန်းတိုင်ရောက်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် စကားပြောဆင်ခြင်ရပါမည်။ ချစ်သူကို စကားဖြင့် အနိုင်မယူပါနှင့်။ ထီထိုးရန်အတွက် လှည်းနှင့်ရောင်းသော ထီသည်များ၊ ဗုဒ္ဓဟူးနံထီဆိုင်များတွင် (၇)ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ နိုင်သလောက်ကစမ်းထားလိုက်ပါ။ ထီကံကောင်းနေပါသည်။

**ယတြာ ။ ။ နမော (၅) ချက်ဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။**

### အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံး ကူညီနိုင်မည့်သူများမှာ တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ (၇) ဂဏန်း၊ (၄) ဂဏန်း၊ (၈)ဂဏန်း ရှောင်ပြီးအလုပ်လုပ်ပါ။ စပ်တူရှယ်ယာလုပ်ငန်းများ ထင်သလောက်အကျိုးအမြတ်မရရှိတတ်ပါ။ ခရီးသွားယီပေါ်မည်။ အဘက်ဘက်မှ ငွေဝင်လာတတ်ပါသည်။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ငွေဝင်လာတိုင်း တစ်နိုင်အလှူလေးတစ်ခု ပြုလုပ်ပေးပါ။ လက်ဝတ်ရတနာမဝယ်ပါနှင့်။ စိတ်ကသိကအောက်ဖြစ်စရာကိစ္စများကြုံရတတ်ပါသည်။ စက်ပစ္စည်းနှင့် အကျိုးမပေးသေးပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရရှိနေမည်။ မိတ်ဆွေအချို့ထံမှ မမျှော်လင့်ဘဲ ကူညီပံ့ပိုးမှုရရှိပါလိမ့်မည်။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာအအေးမခံပါနှင့်။ လေချုပ်၊ လေအောင့်စေတတ်သော အစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ရေသတ္တဝါလေးများကို အစာကျွေးပါ။ ပညာရေးများကောင်းနေပါသည်။ မထင်မှတ်ဘဲ အမှတ်ကောင်းပြီး ထူးချွန်ဆုများရတတ်သည်။ မွေးနေ့တွင် အသားစားရှောင်ပြီး ဘာသာရေးကိစ္စများ မမေ့မလျော့ ကျင့်ကြံအားထုတ်ပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ ပျော်ရွှင်စရာနေ့ရက်များ ဖြစ်သည်။ မျက်နှာပွင့်လွန်း၍ ကိုယ့်ချစ်သူအပေါ် သစ္စာရှိရန် အရေးကြီးပါသည်။ ထီထိုးမည်ဆိုပါက ကားနှင့်ရောင်းသော ထီကားလေးများ အိမ်ရှေ့လာရပ်ပါက ချက်ချင်း သွားထိုးလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

***ယတြာ ။ ။ ၂၄-ပစ္စည်းကို နေ့စဉ် (၂၄)ခေါက် ရွတ်ပါ။***

### ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးအကူအညီပေးမည့်သူများမှာ စနေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၅)ဂဏန်း၊ (၁)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စပ်တူရှယ်ယာလုပ်ငန်းများ အကျိုးမပေးပါ။ စိတ်ညစ်ရတတ်ပါသည်။ ခရီးသွားရန်စီစဉ်ပြီးမှ မသွားဖြစ်ဘဲပျက်သွားတတ်သည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ အကျိုးပေးမည်။ ထီကံကောင်းမည်။ လာဘ်လာဘအတွက် ငွေဝင်စေသော ဒိဝါတပတိဂါထာ၊ ရှင်သီဝလိ-၁၀ဂါထာ၊ မဟာဝေဒဗ္ဗမန္တန်များကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ လက်ဝတ်ရတနာအဟောင်းဝင်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ မိတ်ဆွေသစ်များ အားကိုး၍မရဘဲ မိတ်ဟောင်းဆွေဟောင်းများထံမှ အကူအညီများရတတ်သည်။ ကျန်းမာရေးကောင်းနေစေရန် အာရုံကြောများ အနားပေးပါ။ ရင်၊ ဝမ်းနှင့်ဆိုင်သောကျန်းမာရေး ဂရုစိုက်ပေးပါ။ ပညာရေးကံများကောင်းနေသော်လည်း ဆွဲ လုံ့လ၊ ဝီရိယဖြင့် ပို၍ပို၍ ကြိုးစားပါ။ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိစေရန် ငှက်ကလေးများ၊ လမ်းခွေးလေးများကို ကြင်နာစွာ အစာကျွေးပါ။ ရပ်ဝေးမှာရှိသောစက်ရုံများအောင်မြင်မှုရရှိမည်။ စက်ပစ္စည်းကောင်းရရှိမည်။ ထီထိုးရန်အတွက် စနေနံထီဆိုင်၊ စက်ဘီးနှင့်လှည့်ရောင်းသောထီသည်တို့ထံတွင် ၄အစ ၄အဆုံး ထီလက်မှတ်လေးများ နိုင်သလောက်ထိုးထားပါ။ ထီကံကောင်းနေပါသည်။

**ယတြာ ။ ။ ဆေးအလှူပေးပါ။**



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အဘက်ဘက်မှ ငွေဝင်လာတတ်ပါသည်။ အလုပ်လျှောက်ထားသူ၊ အင်တာဗျူးဖြေဆိုထားသူများ ရွေးချယ်ခြင်းခံရမည်။ ခရီးထွက်ရန်အကြောင်းကိစ္စပေါ်မည်။ ရပ်ဝေးမှာရှိသော စက်ပစ္စည်း၊ စက်ရုံများအတွက် စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ ကွဲကွာနေသော ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများနှင့် မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ရမည်။ လူမျိုးကွဲကြောင့် စိတ်ကသိကအောက်ဖြစ်မည်။ လောင်းကစားကိစ္စများ၊ ဥပဒေနှင့်မလွတ်ကင်းသောကိစ္စများ ရှောင်လိုက်ပါ။ မိတ်ဆွေသစ်များရရှိမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာနေစေရန် ကိုယ့်ဘက်က စကားပြောလျှော့ပေးပါ။ နားလည်မှုများရအောင် ကြိုးစားပါ။ စကားပြောဆင်ခြင်ရမည့်ကာလ ဖြစ်ပါသည်။ ကျန်းမာရေးကောင်းနေပါသည်။ သို့သော် ကိုယ်နှင့်မတည့်သော အစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ပညာရေးကံများကောင်းပါသည်။ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာရမည်။ အလှူ မင်္ဂလာကိစ္စများပြုလုပ်ဖြစ်မည်။ ထီထိုးမည်ဆိုပါက ကားနှင့်လှည့်ရောင်းသော ထီကားလေးများနှင့်ဆုံပါက (၂)အစ (၂)အဆုံး ထီလက်မှတ်လေးများကို ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *ဂုဏ်တော်ကွန်ချာကို အမြဲဆွဲဆွာန်ပုတီးစိပ်ပါ။***

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ။ အကြံပေးနိုင်သူများမှာ စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေကြေးကိစ္စများ ထစ်ငေါ့နေတတ်၍ လာဘ်ရွှင်စေသော၊ ငွေဝင်စေသော ဂါထာ၊ မန္တန်များကို နေ့စဉ်အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပါလေ။ ထီကံကောင်းနေပါသည်။ ရှင်သီဝလိ-၁၀ဂါထာကိုလည်း အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ လူမျိုးကွဲအကျိုးပေးပါသည်။ နိုင်ငံရပ်ခြားသို့ စီးပွားရှာသွားမည့်သူများထွက်ခွာဖြစ်ပါမည်။ အလုပ်များလွန်းသဖြင့် ကိုယ်ရောစိတ်ပါ ပင်ပန်းတတ်ပါသည်။ အာရုံကြောများအနားပေးပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ မိတ်ဆွေကောင်းများရှိနေ၍ ဘာမဆိုအကူအညီများရရှိပြီး အဆင်ပြေသွားပါလိမ့်မည်။ အိမ်တွင်းရေးများပူညံပူညံဖြစ်တတ်ပါသည်။ တစ်ဦးနှင့်တစ်ဦးနားလည်မှုရအောင် ညှိယူပါ။ ကိုယ့်ဘက်ကလျှော့ပေးပါ။ ကိုယ့်ထက်ကြီးသူများကလည်း ကိုယ့်ကိုနှိမ်ထားသည်။ ကိုယ်ထက်ငယ်သူများကလည်း ပြောရဆိုရမလွယ်နှင့် စိတ်ညစ်ရတတ်သောကာလဖြစ်ပါသည်။ သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ရွတ်ခြင်း၊ မေတ္တာသုတ်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများဖြင့် ပြန်လည်အဆင်ပြေသွားပါလိမ့်မည်။ ပညာရေးအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အောင်မြင်မှုရယူပါ။ နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိမည်။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာတွေ့သော ထီဆိုင်လေးများတွင် နိုင်သလောက် ကံစမ်းလိုက်ပါ။ ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

**ယတြာ ။ ။ *ဘုရားရင်ပြင်တော်တွင် ခဏခဏသွားပြီး တံမြက်စည်းလှည်းပါ။***

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးအကြံပေးမည့်သူ၊ ကူညီမည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်၊ စနေနာမည်ရှင်များ ဖြစ်ပါသည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို ရွတ်ဖတ်ပူဇော်ပါ။ အများနှင့်စုပေါင်းဆောင်ရွက်သော လုပ်ငန်းများ နာမည်ကောင်းရရှိမည်။ လုပ်ငန်းအစပြုမည့်သူများ၊ လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုသူများ အောင်မြင်မှုရရှိလာပါလိမ့်မည်။ စကားကို နူးညံ့သိမ်မွေ့စွာပြောဆိုပါ။ စကားပြောမလောပါနှင့်။ အမှားပါသွားတတ်ပါသည်။ မိတ်ဟောင်းဆွေဟောင်းများနှင့် မမျှော်လင့်ဘဲ ပြန်လည် တွေ့ဆုံရတတ်သည်။ လက်ဝတ်ရတနာအဟောင်းပြန်ဝင်လာမည်။ စက်ပစ္စည်းအတွက် စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ အိမ်တွင်းရေးများစိတ်ချမ်းသာမှုရရှိလာပါလိမ့်မည်။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ ကိုယ်နှင့်မတည့်သော အစားအသောက်များကို သတိထားရှောင်လိုက်ပါ။ ရင်၊ ဝမ်းနှင့်ဆိုင်သော ကျန်းမာရေး၊ သွားကျန်းမာရေး သတိထားပေးရပါမည်။ စိုးရိမ်စရာတော့မရှိပါ။ ပညာရေးကောင်းနေသော်လည်း အချိန်မဖြုန်းပါနှင့်။ စာမေးပွဲနားနီးမှ စာကပ်ပြီးကြည့်တာမျိုးမဖြစ်သင့်ပါ။ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ငှက်ကလေးများကို အစာကျွေးပါ။ ထီကံကောင်းနေ၍ ထီထိုးရန် မမေ့ပါနှင့်။ တနင်္ဂနွေနေ့တွင် (၁) ဂဏန်းနှင့် စသော ထီလက်မှတ်လေးများနိုင်သလောက် ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *နေ့စဉ် (၁၀) မိနစ် မေတ္တာဘာဝနာပွားများပါ။***

ရ င် ကို ေ အ း မြ ေ စ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂) ၊ ကုန်းဘောင်(၁၀)လမ်း ၊ (၆)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



## သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား

ကိုရဲ



တိုင်းရင်းဆေးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ . . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေ အတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရခဲ့ပါပြီ။ ဒ့ါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com